အဂ္ဂမဟာ ပဏ္ဍိတ

ညောင်လေးပင်ဘုရား တောရဆရာတော်ဘုရားကြီးသည်

ပါဠိလျှောက် ပြန်ဆို ရေးသား အပ်သော

သုဓမ္မဝတီ

ဓမ္မပဒတ္ထဒီပနီ။။

တတိယတွဲ



သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ်-၅၅ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။
၁၃၂၈-ခု

B:143

နိဒါန်း

လူနတ်ဦးခိုက် သုံးတိုက်သခင် ဘုရားရှင်သည် ကောင်းစွာဟောကြား ဆုံးမ တော်မူအပ်သော တရားရတနာတို့၏ တည်ရာဖြစ်၍ တရားဘဏ်တိုက်သဘွယ် ဖြစ်သော ဓမ္မပဒပါဠိတော်နှင့် ၎င်းအဋ္ဌကထာကျမ်း၏ မြန်မာဘာသာ စကား ပြေဖြစ်သော ဤဓမ္မပဒဝတ္ထုတော်ကြီးနှင့် စပ်လျဉ်း၍ ဆိုသင့် ဆိုထိုက်သော အကြောင်းအရာများကို ပဌမတွဲ နိဒါန်း၌ ထင်ရှားစွာ ယုတ်ဆိုအပ်လေပြီး ဖြစ်၍ ဤ၌ အကျယ်ရေးသား ဖေါ်ပြရန် လိုတော့မည်မဟုတ်ချေ။

အထူးအားဖြင့်ကား ဤတတိယတွဲကိုလည်း မြန်မာနိုင်ငံတော်၌ နေတဆူ လတပါး ထင်ရှား ကျော်စော တော်မူကြပေကုန်သော ဆရာတော်ဘုရားကြီး အများထံတော်မှ အသီး အသီး ပေးသနား မစတော်မူအပ်သော မိန့်ခွန်းတော် များအရ နှိုးနှောပေါင်းစပ် အထပ်ထပ် သုတ်သင် ပြင်ဆင်ပြီးမှ စက်တင်ပုံနှိပ် ရပါကြောင်း။

ယင်းသို့ ပုံနှိပ်ရာ၌လည်း ကျမ်းစာအုပ် ဖြစ်ဆန်းကာမျှ မဟုတ်ဘဲ တပုဒ်နှင့် တပုဒ် ရှုတ်ထွေးခြင်း မရှိရအောင် ခဲခြား ထားရကား ဝါကျ အသွားအလာ သန့်ရှင်းခြင်း ဝတ္ထုသွားအဓိပ္ပါယ်ကို လွယ်ကူစွာ သိရှိနိုင်ရန် ဆိုင်ရာ ဆိုင်ရာတို့၌ ခေါင်းစဉ်တပ်၍ ပြိဆိုထားခြင်း ဝတ္ထုသွားနှင့် အဋ္ဌကထာဆရာ၏ မှတ်ချက်များ ကို ခဲခြား၍ ပြထားခြင်း အဋ္ဌကထာ၌ ကိုးကားထားသော ဂါထာ ဇာတ်နိပါတ် စသည့် အရပ်ရပ်ကို အထပ်ထပ် ဖေ့ရှာပြီးလျှင် အသေအချာ ညွှန်းပြထားရှိခြင်း ဤသို့ စသည်ဖြင့် ဤတတိယတွဲကိုလည်း ပဌမ-ဒုတိယတွဲများကဲ့သို့ပင် အထူး ဂရုစိုက်၍ သုတ်သင် ပြင်ဆင်ရပါကြောင်း။

(၀) ၁၄၃-၈၅

ဤသို့လျှင် သာသနာတော်မြတ်ကြီး၏ ကြီးပွားရာကြီးပွားကြောင်း အမျိုဘာသာ၏ ကြီးပွားရာကြီးပွားကြောင်းဖြစ်သော ဤဓမ္မပဒဝတ္ထုတော်ကြီးသည် ရဟန်း ရှင် လူအပေါင်းတို့၏ စိတ်နှလုံးကို ရှင်ပြုံးအေးမြစေလျက် အကျိုးစီးပွား မျှားပြားစေနိုင်ရန် ရည်သန်ရိုးရင်း နှလုံးသွင်းရွေသွား ပြုပြီးလျှင် ရန်ကုန်မြို့ သုဓမ္မဝတီပိဋကတ်စာပုံနှိပ်တိုက် ၌ သိုက်မြိုက် သေသပ်စွာ စက်တင်ပုံရိုက် ထုတ်ဝေလိုက်ပါသတည်း။

မာတိကာ

မာတိကာ	စာမျက်နှာ
၉—ပါပဝဂ်	
၁—စူဋ္ဌကေသာဋ္ဌကပုဏ္ဏားဝတ္ထု	၁
၁ သဒ္ဓါနှင့် မစ္ဆေရ စစ်တိုက်ခြင်း	၁
၂ ပုဏ္ဏားကြီး ဘုရင်ထံက ဆုရခြင်း	၃
၃ မျက်နှာကြက်လှူသဖြင့် စတုက္ကဆုရခြင်း	၄
၄ ဒေသနာတော်	၅
၅ ဒေသနာတော်၌မှတ်ဘွယ်	၅
၆ ဒေသနာတော်၏အကျိုး	၆
၂—သေယျသကမထေရ်ဝတ္ထု	၆
၇ ဆရာတိုက်တွန်း၍ မကောင်းမှုပြုခြင်း	၆
၈ ဒေသနာတော်	၇
၉ ဒေသနာတော်၏အကျိုး	၇
၃—လာဇာနတ်သီးဝတ္ထု	၇
၁၀ ပေါက်ပေါက်လှူသော လယ်တောသူ နတ်စည်းစိမ်ရခြင်း	၇
၁၁ နတ်စည်းစိမ် အမြဲတည်အောင်ပြုခြင်း	၉
၁၂ ဓမ္မကထိကတို ပြောဆိုမည်ကို စိုးရိမ်တော်မူခြင်း	၁၀
၁၃ ဘုရားရှင် တာဝန် ခွဲပေးခြင်း	၁၁
၁၄ ဒေသနာတော်	၁၁
၁၅ ဒေသနာတော်၏အကျိုး	၁၁
၄—အနာထပိဏ်သူဌေးကြီးဝတ္ထု	၁၁
၁၆ အနာထပိဏ်သူဌေးကြီး မွဲသွားခြင်း	၁၂
၁၇ အကျိုးလိုလားယောင်နတ်ကို နှင်ထုတ်ခြင်း	၁၃
၁၈ နတ်ဖျင်းအား သိကြားမင်း ဒဏ်ပေးခြင်း	၁၄

မာတိကာ		စာမျက်နှာ
၁၉	သူဌေးကြီးအား နတ်က တောင်းပန်ကန်တော့ခြင်း	၁၅
၂၀	ဒေသနာတော်	၁၆
၂၁	ဒေသနာတော်၏အကျိုး....	၁၇
၅—အသညတပရိကွာရရဟန်းဝတ္ထု	....	၁၇
၂၂	မကောင်းမှုကို အနည်းငယ်ဟု မမှတ်သင့်ခြင်း	၁၇
၂၃	ဒေသနာတော်	၁၈
၂၄	ဒေသနာတော်၏အကျိုး....	၁၉
၆—ဗိဋ္ဌာလပဒကသူဌေးဝတ္ထု	....	၁၉
၂၅	စည်းစိမ်နှင့် အခြံအရံ အလိုရှိသောသူ	၁၉
၂၆	သူဌေးကြီး ဗိဋ္ဌာလပဒက၏ စိတ်ရိုင်း	၂၀
၂၇	နိဗ္ဗာန်ဆော် စိတ်ကောင်းထားပုံ	၂၁
၂၈	ဒေသနာတော်	၂၃
၂၉	ဒေသနာတော်၏အကျိုး....	၂၃
၇—မဟာဓနကုန်သည်ကြီးဝတ္ထု	....	၂၃
၃၀	ကုန်သည်ကြီးကို ခိုးသူငါးရာ ကြံစည်ပုံ	၂၄
၃၁	ကုန်သည်လိမ္မာ အတင့်မရဲခြင်း	၂၅
၃၂	ဒေသနာတော်	၂၆
၃၃	ဒေသနာတော်၏အကျိုး....	၂၆
၈—ကုက္ကုဋ္ဌမိတ္တမူဆိုးဝတ္ထု	....	၂၇
၃၄	သူဌေးသွီးနှင့်မူဆိုး သားခုနစ်ယောက်ရခြင်း	၂၇
၃၅	မူဆိုးရှစ်ယောက် ဘုရားကို လေးဖြင့်ချိန်နေပုံ	၂၈
၃၆	ကုက္ကုဋ္ဌမိတ္တမူဆိုးနှင့် သားသွီးဟစု သောတာပန်တည်ခြင်း	၂၉
၃၇	သောတာပန်တည်ရာ သူဌေးသွီးမပါခြင်း	၃၀
၃၈	ဒေသနာတော်	၃၂

မာတိကာ					စာမျက်နှာ
၃၉	ဒေသနာတော်၏အကျိုး....	....	....	....	၃၂
၄၀	မူဆိုးမိသားတစုတို့၏ ရှေးအတိတ်	....	....	....	၃၂
၄၁	စေတီဧကါပကလူကြီး ရွှေးကောက်ခြင်း		....	....	၃၃
၉—ကောက္ခေးမူဆိုးဝတ္ထု		....	....	....	၃၅
၄၂	ရဟန်းကို သူယုတ်ဟု မူဆိုးညှဉ်းဆဲခြင်း		....	....	၃၅
၄၃	မူဆိုးအသားကို မူဆိုးခွေးစားခြင်း	....	....	....	၃၆
၄၄	ဆေးသမားဖြစ်စဉ် အတိတ်၌ ယုတ်မာပုံ		....	....	၃၇
၄၅	ဒေသနာတော်	....	....	....	၃၈
၄၆	ဒေသနာတော်၏အကျိုး....	....	....	....	၃၈
၁၀—မဏိကာရ ကုလူပကတိဿမထေရ်ဝတ္ထု			....	....	၃၈
၄၇	ဆွမ်းစားသူဘုရင်း ပတ္တမြားခိုးဟု အရိုက်ခံရခြင်း			....	၃၉
၄၈	ကြိုးကြာဝမ်း၌ ပတ္တမြားရ၍ တောင်းပန်ခြင်း		....	....	၄၀
၄၉	မထေရ်မြတ် ပရိနိဗ္ဗာန် စံတော်မူခြင်း		....	....	၄၁
၅၀	ဒေသနာတော်	....	....	....	....	၄၂
၅၁	ဒေသနာတော်၏အကျိုး....		....	....	....	၄၂
၁၁—တယောဇနဝတ္ထု		....	....	....	....	၄၂
၅၂	ကောင်းကင်၌ မီးခွေနှင့်ကျီး ဆုံစည်းခြင်း		....	....	၄၂
၅၃	သမုဒ္ဒရာ၌ သဲအိုးဖြင့် လှေသူကြီးကတော် ပစ်ချရခြင်း			....	၄၃
၅၄	ရဟန်းခုနစ်ပါး လိုဏ်ခေါင်း၌ ပိတ်မိခြင်း		....	....	၄၄
၅၅	နွားမီးရှို့သတ်သော ကျီးအတိတ်	....	....	....	၄၅
၅၆	ခွေးလည်ပင်း သဲအိုးဆွဲသတ်သော မိန်းမအတိတ်			....	၄၅
၅၇	လိုဏ်ခေါင်းပိတ်မိသော ရဟန်းတို့အတိတ်		....	....	၄၆
၅၈	ဒေသနာတော်	....	....	....	....	၄၈
၅၉	ဒေသနာတော်၏အကျိုး....		....	....	....	၄၉

မာတိကာ				စာမျက်နှာ
၁၂—သုပ္ပဗုဒ္ဓ သဘကိုဝင်မင်းကြီးဝတ္ထု	....	....	....	၄၉
၆၀ သုပ္ပဗုဒ္ဓမင်းကြီး ဘုရားရှင်အား ပြစ်မှားခြင်း	....	....		၄၉
၆၁ မြေမျိုလိမ့်မည်ဟု မိန့်တော်မူခြင်း	....	....	....	၅၀
၆၂ မြေမမျိုနိုင်အောင် ဇနထိုင်ခြင်း	....	....	....	၅၁
၆၃ ဒေဿနာတော်	....	....	....	၅၂
၆၄ ဒေဿနာဂတော်၏အကျိုး....		....	....	၅၂
၆၅ ခုနစ်ရက်မြောက်၌ မြေမျိုခြင်း	....	....	....	၅၂

၁၀—ဒဏ္ဍဝဂ်

၁—ဆဗ္ဗဂ္ဂိရဟန်းတို့ဝတ္ထု	....	....	....	....
၆၆ ကျောင်းလူရာမှ ရိုက်မှုဖြစ်ခြင်း	....	....	....	၅၄
၆၇ ဒေဿနာတော်	....	....	....	၅၅
၆၈ ဒေဿနာတော်၌ မှတ်ဘွယ်	....	....	....	၅၅
၆၉ ဒေဿနာတော်၏အကျိုး	....	....	....	၅၆
၂—ဆဗ္ဗဂ္ဂိရဟန်းတို့ဝတ္ထု (ဒုတိယ)	....	....	....	၅၆
၇၀ ကျောင်းလူရာမှ လက်ဖြင့် ရွယ်မှုဖြစ်ခြင်း	....	....		၅၆
၇၁ ဒေဿနာတော်	....	....	....	၅၇
၇၂ ဒေဿနာတော်၏အကျိုး....		....	....	၅၇
၃—များစွာသော သတ္တိသားငယ်တို့ဝတ္ထု	....	....	....	၅၇
၇၃ မြေရိုက်သောသူငယ်တို့ကို ဆုံးမခြင်း	....	....		၅၇
၇၄ ဒေဿနာတော်	....	....	....	၅၈
၇၅ ဒေဿနာတော်၏အကျိုး....		....	....	၅၉
၄—ကောဇ္ဈဓဇနှမထေရ်ဝတ္ထု	....	....	....	၅၉
၇၆ မထေရ်နှင့်အတူ မိန်းမပါသည်ဟု ထင်ရခြင်း	....	....		၅၉
၇၇ နတ်ကဲ့ မိန်းမယောင်ဆောင်၍ နှောက်ရှက်ခြင်း အတိတ်	....			၅၉

မာတိကာ					စာမျက်နှာ
၇၈	ရဟန်းနှစ်ပါး ကဲ့ပြားရခြင်း	....	....	....	၆၀
၇၉	ရဟန်းဖြစ်သောနေ့မှစ၍ ဝဋ်လိုက်ပုံ	....	....	....	၆၁
၈၀	ကောသလမင်းကြီး သာသနာသုတ်သင်ခြင်း	....	....		၆၂
၈၁	ကောဏ္ဍဓာနမထေရ်အား ဘုရားရှင်ဆုံးမပုံ	....	....		၆၄
၈၂	ဒေသနာတော်	....	....	....	၆၅
၈၃	ဒေသနာတော်၏အကျိုး	....	....	....	၆၆
၅—ဝိသာခါစသော ဥပါသိကာမတို့၏ ဥပုသ်သုံးသောဝတ္ထု				....	၆၆
၈၄	ဥဗုသ်သည်တို့၏ ရည်ရွယ်ပုံတမျိုးစီ	....	....	....	၆၆
၈၅	ဒေသနာတော်	....	....	....	၆၇
၈၆	ဒေသနာတော်၏အကျိုး	....	....	....	၆၈
၆—စပါးကြီးမြေပြိတ္တာဝတ္ထု		....	....	....	၆၈
၈၇	မြေပြိတ္တာ၏ ဆင်းရဲပုံ	....	....	....	၆၈
၈၈	ကျောင်းမီးလောင်၍ ကျောင်းဒါယကာ လက်ပန်းပေါက် ခတ်ခြင်း	....	....	....	၆၉
၈၉	လက်ပန်းပေါက် ခတ်နိုင်လောက်အောင် ဝမ်းသာပုံ	....			၇၀
၉၀	ရန်သူအား ရှေးဦးစွာအမျှဝေခြင်း	....	....	....	၇၁
၉၁	ခိုးသူယောကျ်ားပြန်ပြောင်း၍ တောင်းပန်ခြင်း			....	၇၁
၉၂	ဒေသနာတော်	....	....	....	၇၂
၉၃	ဒေသနာတော်၏အကျိုး	....	....	....	၇၃
၇—ရှင်မဟာမောဂ္ဂလာန်မထေရ်ဝတ္ထု		....	....	....	၇၃
၉၄	တိတ္ထိတို့ စည်းဝေးဆုံးဖြတ် ပြုလုပ်ပုံ	....	....	....	၇၃
၉၅	ရှင်မဟာမောဂ္ဂလာန် ပရိနိဗ္ဗာန်စံခြင်း	....	....	....	၇၄
၉၆	ခိုးသူနှင့် တိတ္ထိဘုံမီးလောင်တိုက်သွင်းခြင်း	....	....	....	၇၅
၉၇	မိဘလုပ်ကျွေးသော အမျိုးကောင်းသားအတိတ်			....	၇၇
၉၈	မယားစကားကြောင့် မိဘကို နှိပ်စက်ခြင်း	....	....	....	၇၈

မာတိကာ					စာမျက်နှာ
၉၉	ဒေသနာတော်	....	....	....	၇၉
၁၀၀	ဒေသနာတော်၏အကျိုး....		....	....	၈၀
၈—ဗဟုဘဏ္ဍိကရဟန်းဝတ္ထု		....	....	....	၈၀
၁၀၁	သူကြွယ်ရဟန်း ကိုယ်ရုံစွန့်၍ အရဲ့တိုက်နေပုံ		....	....	၈၀
၁၀၂	မင်းသားသုံးယောက် ကိုင်းပြည်မှ ထွက်သွားရခြင်း			....	၈၂
၁၀၃	မင်းသားတို့ကို ရေစောင့်ဘီလူးဖမ်းခြင်း			....	၈၃
၁၀၄	ဘုရားလောင်း ဒေဝဓမ်တရားဟော၍ ပြန်ပေးခြင်း			....	၈၄
၁၀၅	မင်းဖြစ်သောအခါ ဘီလူးအား ချီးမြှောက်ခြင်း			....	၈၆
၁၀၆	ဒေသနာတော်	....	....	....	၈၆
၁၀၇	ဒေသနာတော်၏အကျိုး....		....	....	၈၇
၉—သန္ထတိအမတ်ကြီးဝတ္ထု		....	....	....	၈၇
၁၀၈	အရက်မူးနေသူကို ရဟန္တာဖြစ်အံ့ဟု မိန့်ခြင်း		....	....	၈၇
၁၀၉	မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိတို့၏ အကြံ	....	....	....	၈၈
၁၁၀	သန္ထတိအမတ်ကြီး ဒုက္ခတွေ့ပုံ	....	....	....	၈၈
၁၁၁	သန္ထတိ အမတ်ကြီး ရဟန္တာဖြစ်၍ တန်ခိုးပြခြင်း			....	၈၉
၁၁၂	အတိတ်ကောင်းမှု ပြန်လျှောက်ခဏ်း			....	၉၀
၁၁၃	သန္ထတိအမတ်ကြီး နိဗ္ဗာန်ဝင်ခဏ်း	....	....	....	၉၂
၁၁၄	ဒေသနာတော်	....	....	....	၉၃
၁၁၅	ဒေသနာတော်၏အကျိုး....		....	....	၉၃
၁၀—ပိလောတိကတိဿမထေရ်ဝတ္ထု		....	....	....	၉၃
၁၁၆	အဝတ်ဟောင်းပိုင်းကို ဆရာပြုခြင်း		....	....	၉၄
၁၁၇	ဒေသနာတော်	....	...	....	၉၅
၁၁၈	ဒေသနာတော်၏အကျိုး....		....	..	၉၆
၁၁—သုခသာမဏေဇတ္ထု		....	....	....	၉၇
၁၁၉	ဂန္ဓသ္ဆူဌေးသည်တသိန်းတန်အစာကို တခမ်းတနားစားခြင်း			....	၉၇
၁၂၀	သူဌေးထမင်းစားလို၍ ကျွန်ခံခြင်း	....	....	....	၉၈

မာတိကာ					စာမျက်နှာ
၁၂၁	သုံးနှစ်ကျွန်ခံ၍ ထမင်းခွက်ရခြင်း	....	....	....	၁၀၀
၁၂၂	စားခါနီး ပစ္စေကဗုဒ္ဓါ ကြွလာခြင်း	....	..:.	....	၁၀၁
၁၂၃	လူဒါန်းပြီးဆုတောင်း၍ သာခုခေါ်ကြခြင်း	....		....	၁၀၂
၁၂၄	ဂန္ဓသူဌေးဝမ်းမြောက်၍ စည်းစိမ်ထက်ဝက်ပေးခြင်း	....		....	၁၀၄
၁၂၅	သမ္ဗဒါလေးပါးနှင့်သူဌေးကြီးဖြစ်ခြင်း	....		....	၁၀၄
၁၂၆	ယခုဘုရားလက်ထက် သုခသတို့သားဖြစ်လာခြင်း	....		....	၁၀၅
၁၂၇	ဘတ္တာဘတိက တဖြစ်လဲ မောင်သုခ ရှာင်ပြုခြင်း	....		....	၁၀၆
၁၂၈	ကိုရင်သုခ အောက်ဗိုလ်သုံးပါးရခြင်း	....		....	၁၀၇
၁၂၉	ကိုရင်သုခ ရဟန္တာဖြစ်ခြင်း	....	....	....	၁၀၈
၁၃၀	နေလဲမှ ဆုမ်းစားသည်ဟု ကဲ့ရဲ့ကြခြင်း	....		....	၁၁၀
၁၃၁	ဒေသနာတော်	....	....	....	၁၁၁
၁၃၂	ဒေသနာတော်၏အကျိုး....	....	....	....	၁၁၁

၁၁—ဓရုဝဂ်

၁–ဝိသာခါ၏ အဖေါ်မိန်းမတို့ဝတ္ထု		....	....	....	၁၁၂
၁၃၃	အရက်ခိုးသောက်လေ့ရှိသော မိန်းမများ	....		....	၁၁၂
၁၃၄	ဘုရားရှေ့ အရက်မူး၍ နတ်ပူးသော မိန်းမများ	....		....	၁၁၃
၁၃၅	ထိတ်လန့်စေပြီးမှ ဆုံးမခြင်း	....	....	....	၁၁၄
၁၃၆	ဒေသနာတော်	....	....	....	၁၁၅
၁၃၇	ဒေသနာတော်၏အကျိုး....	....	....	....	၁၁၅
၁၃၈	အရက်အတွေ့ပွတ်တိုအမြွက်....	....	....	....	၁၁၅
၂–သိရိမာဝတ္ထု		....	....	....	၁၁၆
၁၃၉	လူဘွယ်ထက်အဆင်းလွန်ကဲသည်ဟုဆိုခြင်း	....		....	၁၁၆
၁၄၀	ဆုမ်းခံသွားရာ ဌက်သင့်သကဲ့သို့ ဖြစ်ခြင်း	....		....	၁၁၈
၁၄၁	သိရိမာအလောင်းကောင် ဖြစ်နေပုံ	....		....	၁၁၉
၁၄၂	သိရိမာကို လာမကြည့်လျှင် ဒဏ်ငွေရှစ်ကျပ်	....		....	၁၂၀

မာတိကာ					စာမျက်နှာ
၁၄၃	သိရိမာလျှော့စေျး ယူသူမရှိ	....	....	....	၁၂၁
၁၄၄	ဒေသနာတော်	....	....	....	၁၂၂
၁၄၅	ဒေသနာတော်၏အကျိုး	...	....	....	၁၂၂
၃—ဥတ္တရာထေရိမဝတ္ထု		....	....	....	၁၂၃
၁၄၆	ဆွမ်းခံသွားစဉ် အားပြုတ်၍ လည်းခြင်း		....	....	၁၂၃
၁၄၇	ဒေသနာတော်	....	....	....	၁၂၃
၁၄၈	ဒေသနာတော်၏အကျိုး		....	....	၁၂၄
၄—များစွာသောအဓိမာနိကရဟန်းတို့ဝတ္ထု			....	....	၁၂၄
၁၄၉	သုသာန်၏ကျေးဇူး	....	....	....	၁၂၅
၁၅၀	ဒေသနာတော်	....	....	....	၁၂၅
၁၅၁	ဒေသနာတော်၏အကျိုး	....	....	....	၁၂၆
၅—ဇနပဒကလျာဏီ ရူပနန္ဒာထေရိမဝတ္ထု		....	....	....	၁၂၆
၁၅၂	ရူပနန္ဒာသည် ရုပ်အဆင်း၌ တွယ်တာမက်မောနေပုံ		....		၁၂၆
၁၅၃	ဆူးစူးသည်ကို ဆူးဖြင့်ထုင်သလို ဖန်ဆင်းပြခြင်း....		....		၁၂၇
၁၅၄	ရုပ်အဆင်းတို့၏ အိုနာသေရေး ဒုက္ခဘေးတို့ကိုပြခြင်း		....		၁၃၀
၁၅၅	ရူပနန္ဒာသောတာပန်တည်ခြင်း	....	....	....	၁၃၁
၁၅၆	ဒေသနာတော်	....	....	....	၁၃၂
၁၅၇	ဒေသနာတော်၌မှတ်ဘွယ်	....	....	....	၁၃၃
၁၅၈	ဒေသနာတော်၏အကျိုး	....	....	....	၁၃၃
၆—မလ္လိကာမိဖုယားဝတ္ထု		....	....	....	၁၃၄
၁၅၉	မလ္လိကာမိဖုယား၏ မကောင်းမှု	....	....	....	၁၃၄
၁၆၀	မလ္လိကာမိဖုယား ငရဲခံရခြင်း	....	....	....	၁၃၅
၁၆၁	ငရဲမှလွတ်၍ တုသိတာ၌ဖြစ်ခြင်း	....	....	....	၁၃၆
၁၆၂	ကောသလမင်းကြီး ဝမ်းသာ ဂမ်းနည်းခြင်း		....	....	၁၃၇
၁၆၃	ဒေသနာတော်	....	....	....	၁၃၈
၁၆၄	ဒေသနာတော်၏အကျိုး	....	....	....	၁၃၉

မာတိကာ					စာမျက်နှာ
၇—လာဋ္ဌဒါယိမထေရ်ဝတ္ထု	....	....	....	....	၁၃၉
၁၆၅ မဆိုင်သောတရား ဟောကြားခြင်း	....	....	....	....	၁၃၉
၁၆၆ နွားတောင်းဂါထာ သင်ယူခြင်း	....	....	....	....	၁၄၀
၁၆၇ နွားတောင်းသောအခါ ရွတ်ဆိုမိပုံ	....	....	....		၁၄၁
၁၆၈ သားလျှောက်ပုံကောင်းသဖြင့် နွားတို့ကိုရခြင်း	....	....	....		၁၄၂
၁၆၉ ဒေသနာတော်	....	....	....	....	၁၄၂
၁၇၀ ဒေသနာတော်၏အကျိုး	....	....	....	....	၁၄၃
၈—အာနန္ဒာမထေရ်၏ ဥဒါန်းဂါထာဝတ္ထု	....	....	....		၁၄၄
၁၇၁ ဘုရားရှင်တိုင်း ဥဒါန်းကျူးတော်မူခြင်း	....	....	....		၁၄၄
၁၇၂ ဒေသနာတော်	....	....	....	....	၁၄၄
၉—မဟာဓနသူဋ္ဌေးသားဝတ္ထု	....	....	....	....	၁၄၅
၁၇၃ ပညာကင်းမဲ့ အမြောက်ကျိုက်သော သူဋ္ဌေးသား			....		၁၄၅
၁၇၄ အရက်သမားဖြစ်၍ ကုဋေရာဇကျော်ကုန်ခြင်း		...	....		၁၄၆
၁၇၅ အထွတ်အထိပ်ဖြစ်သင့်လျက် စားကြွင်းစားဖြစ်ခြင်း			....		၁၄၇
၁၇၆ ဒေသနာတော်		...	....	....	၁၄၈
၁၇၇ ဒေသနာတော်၏အကျိုး		....	....	....	၁၅၀
၁၂—အတ္ထဝဂ်			....	....	
၁—ဗောဓိမင်းသားဝတ္ထု		....	....	....	၁၅၁
၁၇၈ ဗောဓိမင်းသား သဘောထားနုခြင်း		....	....		၁၅၁
၁၇၉ ကောင်းကင်ပျံ ငှက်ရုပ်ဖြင့်လက်သွားမင်းဖြစ်ခြင်း			....		၁၅၂
၁၈၀ ပုဆိုးအခင်း ဘုရားရှင် နင်းတော်မမူခြင်း		....	....		၁၅၃
၁၈၁ ဗောဓိမင်းသား သားသမီးမရကြောင်းအတိတ်		....	....		၁၅၄
၁၈၂ ဒေသနာတော်	....	....	....	....	၁၅၅
၁၈၃ ဒေသနာတော်၌မှတ်ဘွယ်		....	....	....	၁၅၆
၁၈၄ ဒေသနာတော်၏အကျိုး		....	....	....	၁၅၇

မာတိကာ					စာမျက်နှာ
၂—သာကီဝင်မင်းသား ဥပနန္ဒမထေရ်ဝတ္ထု			....	....	၁၅၇
၁၀၅	တရားဟောကောင်းလျက် လောဘကြီးခြင်း		....	....	၁၅၇
၁၀၆	မြေခွေးတရားသူကြီးနှင့် ဖျံနှစ်ကောင်အတိတ်		....	....	၁၅၉
၁၀၇	ဒေသနာတော်	....	....	....	....	၁၆၀
၁၀၈	ဒေသနာတော်၏အကျိုး....		....	....	....	၁၆၁
၃—ပဓာနိကတိဿမထေရ်ဝတ္ထု			....	....	....	၁၆၁
၁၀၉	ကိုယ်ချင်းမစာ တိုက်တွန်းနှိုးဆော်တတ်သောဆရာ			....	၁၆၁
၁၉၀	အခါမဲ့တွန်သောကြက်ဖ အကြောင်းအမြွက်			....	....	၁၆၂
၁၉၁	ဒေသနာဟော်	....	....	....	....	၁၆၃
၁၉၂	ဒေသနာတော်၏အကျိုး....		....	....	....	၁၆၄
၄—ကုမာရကဿပ မယ်တော်ထေရီမဝတ္ထု			....	....	....	၁၆၄
၁၉၃	သန္ဓေရှိသောဘိက္ခုနီမနှင့် ဒေဝဒတ်၏ဖြတ်ထုံး			....	....	၁၆၄
၁၉၄	ရှင်ဥပါလိ၏ဖြတ်ထုံး	....	....	....	....	၁၆၅
၁၉၅	ဘိက္ခုနီမ၏သားငယ်ကို ရှင်ဘုရင် မွေးမြူခြင်း			....	....	၁၆၆
၁၉၆	ရဟန်းပြု၍ မယ်တော်နှင့် တွေ့ခြင်း			....	....	၁၆၇
၁၉၇	ရှေသမင်ဇာတ်အမြွက် အတိတ်			....	....	၁၆၈
၁၉၈	ဒေသနာတော်	....	....	....	....	၁၆၉
၁၉၉	ဒေသနာတော်၏အကျိုး....		....	....	....	၁၇၀
၅—မဟာကာလ ဥပါသကာဝတ္ထု			....	....	....	၁၇၀
၂၀၀	ဥပုသ်သည်ကို သူခိုးဟု သတ်သွားခြင်း			....	...	၁၇၀
၂၀၁	မဟာကာလ ဥပါသကာ၏ အတိတ်မကောင်းမှု			....	....	၁၇၁
၂၀၂	ပြစ်မှုဆင်၍ လင်အား ရိုက်သင်္ဂြိုဟ်ခြင်း			....	....	၁၇၂
၂၀၃	ဒေသနာတော်	....	....	....	....	၁၇၃
၂၀၄	ဒေသနာတော်၏အကျိုး....		....	....	....	၁၇၃

မာတိကာ					စာမျက်နှာ
၆—အရှင်ဒေဝဒတ်ဝတ္ထု	....	....	....	....	၁၇၃
၂၀၅ တဏှာသည် မာလောနွယ်နှင့်တူခြင်း			....	....	၁၇၄
၂၀၆ ဒေသနာတော်	....	....	....	....	၁၇၄
၂၀၇ ဒေသနာတော်၏အကျိုး....		....	....	....	၁၇၅
၇—သံဃဘေဒပရိသက္ကနဝတ္ထု		....	....	....	၁၇၅
၂၀၈ သင်းခွဲရန် အလိုကို ပြောကြားခြင်း		....	....	....	၁၇၅
၂၀၉ ဒေသနာတော်	....	....	....	....	၁၇၆
၂၁၀ ဒေသနာတော်၏အကျိုး....		....	....	....	၁၇၇
၈—ကာလမထေရ်ဝတ္ထု	....	....	....	....	၁၇၇
၂၁၁ ဘုရားရှင်ထံသို့ပင် သွားခွင့်မပြုနိုင်ခြင်း			....	....	၁၇၇
၂၁၂ ဒေသနာတော်	....	....	....	....	၁၇၈
၂၁၃ ဒေသနာတော်၌မှတ်ဘွယ်		....	....	....	၁၇၉
၂၁၄ ဒေသနာတော်၏အကျိုး....		....	....	....	၁၇၉
၉—စူဠကာလ ဥပါသကာဝတ္ထု	....	....	....	....	၁၈၀
၂၁၅ ဥပုသ်သည်ကို သူခိုးဟု ရိုက်နှက်ခြင်း			....	....	၁၈၀
၂၁၆ ဒေသနာတော်	....	....	....	....	၁၈၁
၂၁၇ ဒေသနာတော်၏အကျိုး....		....	....	....	၁၈၁
၁၀—အတ္တဒတ္ထမထေရ်ဝတ္ထု	....	....	....	....	၁၈၁
၂၁၈ မြတ်စွာဘုရားနှစ်သက်တော်မူသော ပူဇော်နည်း			....	....	၁၈၁
၂၁၉ ဒေသနာတော်	....	....	....	....	၁၈၂
၂၂၀ ဒေသနာတော်၌ မှတ်ဘွယ်		....	....	....	၁၈၃
၂၂၁ ဒေသနာတော်၏အကျိုး....		....	....	....	၁၈၃

မာတိကာ					စာမျက်နှာ
၁၃–လောကဝဏ်					
၁–မထင်ရှားသော ရဟန်းငယ်ဝတ္ထု	....	....	....		၁၈၄
၂၂၂ ရဟန်းငယ်နှင့် ဝိသာခါ၏မြေးမ	....	....	....		၁၈၄
၂၂၃ ဘုရားရှင်၏ ဩဝါဒ	....	....	....	....	၁၈၅
၂၂၄ ဒေသနာတော်	...	....	....	....	၁၈၆
၂၂၅ ဒေသနာတော်၏အကျိုး....		....	....	....	၁၈၆
၂–သုဒ္ဓါဒနမင်းကြီးဝတ္ထု	....	....	....	....	၁၈၆
၂၂၆ ကပိလဝတ်ပြည်၌ ဥဒိုးစ္စာ ဆွမ်းခံကြွခြင်း			....	....	၁၈၇
၂၂၇ ဒေသနာတော်	....	....	....	....	၁၈၈
၂၂၈ ဒေသနာတော်၏အကျိုး....		....	....	....	၁၈၉
၃–ငါးရာကုန်သော ဝိပဿက် ရဟန်းတို့ဝတ္ထု			....	....	၁၈၉
၂၂၉ ခေပ္ပက်ပမာ ကိုယ်ခန္ဓာရှုခြင်း		....	....	....	၁၈၉
၂၃၀ ဒေသနာတော်	....	....	....	....	၁၉၀
၂၃၁ ဒေသနာတော်၏အကျိုး....		....	....	....	၁၉၀
၄–အဘယမင်းသားဝတ္ထု	....	....	....	....	၁၉၀
၂၃၂ ကချေသည်မကြောင့် မင်းသား စိုးရိမ်ခြင်း			....	....	၁၉၁
၂၃၃ ဒေသနာတော်	....	.. .	....	....	၁၉၁
၂၃၄ ဒေသနာတော်၏အကျိုး....		....	....	....	၁၉၂
၅–သမ္မဇ္ဇနမထေရ်ဝတ္ထု	....	....	....	....	၁၉၂
၂၃၅ တရားအားမထုတ်ဘဲ တံမြက်လှည်းလေ့ရှိခြင်း			....	....	၁၉၂
၂၃၆ ဒေသနာတော်	....	....	....	....	၁၉၃
၂၃၇ ဒေသနာတော်၏အကျိုး....		....	....	....	၁၉၄

မာတိကာ					စာမျက်နှာ
၆–အင်္ဂုလိမာလမထေရ်ဝတ္ထု	....	....	....	....	၁၉၄
၂၄၈ အင်္ဂုလိမာလမထေရ် နိဗ္ဗာန်ဝင်ခဏ်း	....	....	....		၁၉၄
၂၄၉ ဒေသနာတော်	....	....	....	....	၁၉၅
၂၅၀ ဒေသနာတော်၏အကျိုး	....	....	....	....	၁၉၅
၇–ရက္ကန်းဆည်သိမ်းဝတ္ထု	....	....	....	....	၁၉၆
၂၅၁ သုံးနှစ် တရားအားထုတ်သော ရက္ကန်းသည် သတို့သိမ်း				....	၁၉၆
၂၅၂ သတို့သိမ်းအတွက် ဘုရားရှင်ကြွသွားခြင်း				....	၁၉၇
၂၅၃ သတို့သိမ်းစကားကို လူတို့ကဲ့ရဲ့ခြင်း	....	....	....	....	၁၉၉
၂၅၄ အဓိပ္ပါယ်အကျယ် ရှင်းလင်းခြင်း	....	....	....	....	၂၀၀
၂၅၅ ဒေသနာတော်	....	....	....	....	၂၀၂
၂၅၆ ဒေသနာတော်၏အကျိုး	....	....	....	....	၂၀၂
၂၅၇ သတို့သိမ်းသေ၍ ဘခင်ရဟန်းပြုခြင်း	....	....	....	....	၂၀၂
၈–သုံးကျိပ်သော ရဟန်းတို့ဝတ္ထု	....	....	....	....	၂၀၃
၂၅၈ မြေပြင်ဖြင့်လာ၍ ကောင်းကင်ဖြင့် ပြန်သွားခြင်း				....	၂၀၃
၂၅၉ ဒေသနာတော်	....	....	....	....	၂၀၄
၂၆၀ ဒေသနာတော်၏အကျိုး	....	....	....	....	၂၀၅
၉–စိဉ္ဆမာဏဝိကာမိန်းမဝတ္ထု	....	....	....	....	၂၀၅
၂၆၁ တိတ္ထိတို့၏မိန်ခွန်း	....	..	....	....	၂၀၅
၂၆၂ စိဉ္ဆမာဏ စွပ်စွဲပုံ	....	....	....	....	၂၀၆
၂၆၃ စိဉ္ဆမာဏ မြေမျိုခြင်း	....	....	....	....	၂၀၈
၂၆၄ မဟာပဒုမဇာတ်အမြွက်	....	....	....	....	၂၀၉
၂၆၅ ဒေသနာတော်	....	....	....	....	၂၁၁
၂၆၆ ဒေသနာတော်၏အကျိုး	....	....	....	....	၂၁၁
၁၀–အသဒိသဒါနဝတ္ထု	....	....	....	....	၂၁၂
၂၆၇ အလှူပြိုင်ပွဲကြီး	....	....	....	....	၂၁၂
၂၆၈ မ့လွိကာမိဖုယား အစီအမံ ကျမ်းကျင်ခြင်း			....	....	၂၁၃

မာတိကာ — စာမျက်နှာ

၂၅၉ ဆင်ဆိုးနှင့် အဂုံလိမာလမထေရ် ၂၁၄
၂၆၀ အလ္လုကြီးဌ် လေးပါဒမျှဟောခြင်း ၂၁၄
၂၆၁ ဆင်ဆိုးကို မကြောက်သော အဂုံလိမာလမထေရ် ၂၁၆
၂၆၂ ကာလနှင့် ဇုက္ကတို့ ဒိဋ္ဌမမှ အကျိုးတမျိုးစီပေးပုံ.... .... ၂၁၇
၂၆၃ ဒေသနာတော် ၂၁၈
၂၆၄ ဒေသနာတော်၏အကျိုး.... .... ၂၁၉

၁၁—အနာထပိဏ်သူဌေး၏သားဝတ္ထု ၂၁၉
၂၆၅ အသပြာရ်လိုမှုဖြင့် ဥပုသ်အတုစောင့်ခြင်း ၂၁၉
၂၆၆ ဥပုသ်သည်အတုမှ အစစ်ဖြစ်ခြင်း ၂၂၁
၂၆၇ ဒေသနာတော် ၂၂၂
၂၆၈ ဒေသနာတော်၏အကျိုး.... .... ၂၂၃

၁၄—ဗုဒ္ဓဝဂ်

၁—မာဂဏ္ဍိယပုဏ္ဏားကြီးဝတ္ထု ၂၂၄
၂၆၉ သမီးနှင့်တန်သူ တွေ့ပြီဆိုခြင်း ၂၂၄
၂၇၀ မာဂဏ္ဍိပုဏ္ဏားမကြီးဗေဒင်ကျမ်းကျင်ပုံ ၂၂၅
၂၇၁ မာရ်နတ် နှလုံးမသက်သာပုံ ၂၂၇
၂၇၂ မာရ်နတ် သမီးသုံးယောက် ဖြားယောင်းပုံ ၂၂၈
၂၇၃ ဒေသနာတော် ၂၃၀
၂၇၄ ဒေသနာတော်၏အကျိုး.... .... ၂၃၁
၂၇၅ မာဂဏ္ဍိတို့အနာဂါမ်တည်ကြောင်းတရားတော် ၂၃၁

၂—နတ်ပြည်မှ သက်ဆင်းတော်မူသောဝတ္ထု ၂၃၂
၂၇၆ ရာဇဂြိုဟ်သူဌေး စန္ဒကူးသပိတ်ဆဲ့ထားခြင်း ၂၃၂
၂၇၇ စန္ဒကူးသပိတ်နှင့် တိတ္ထိဆရာကြီးတို့အဇ်ကြောင်း ၂၃၄
၂၇၈ ရှင်ပိဏ္ဍောလ၏ တန်ခိုးတော် ၂၃၅
၂၇၉ သိက္ခာပုဒ်ပညတ်ခြင်းဇကြောင့် တိတ္ထိတို့ထကြခြင်း ၂၃၇

မာတိကာ					စာမျက်နှာ
၂၈၀	တန်ခိုးပြအံ့ဟု ပမာပြ၍ မိန့်တော်မူခြင်း	....	....		၂၃၈
၂၈၁	တန်ခိုးပြပဲ့အတွက် တိတ္ထိတို့လှုံလပြုခြင်း	....	....		၂၄၀
၂၈၂	ကဏ္ဍ၏ သရက်ပင်အကြောင်း	....	....	....	၂၄၁
၂၈၃	တိတ္ထိတို့ မဏ္ဍပ်လေပြမှုခြင်း	....	....	....	၂၄၃
၂၈၄	ပူရဏကဿပရဟန္တာ ဆင်းရဲ့သေခြင်း	....	....	....	၂၄၄
၂၈၅	ဃရဏီဒါယိကာမ၏တန်ခိုး	....	....	....	၂၄၄
၂၈၆	စူဠအနာထပိဏ်၏တန်ခိုး	....	....	....	၂၄၆
၂၈၇	စီရမည်သော သာမဏေရီမ၏ တန်ခိုး	....	....		၂၄၇
၂၈၈	စုန္ဒသာမဏေ၏ တန်ခိုး	....	....	....	၂၄၇
၂၈၉	ဥပဂုတ်ထေရီမ၏တန်ခိုး	....	....	....	၂၄၈
၂၉၀	ရှင်မောဂ္ဂလာန်၏ တန်ခိုး	....	....	....	၂၄၈
၂၉၁	ဘုရားရှင်၏ ဝန်ကိုအခြားသူမဆောင်နိုင်ခြင်း	....	....		၂၄၉
၂၉၂	ရေမီးအစုံဖြစ်သော တန်ခိုးတော်ပြခြင်း	....	....		၂၅၁
၂၉၃	တရားသီခြင်းနှင့် နိမ္မိတဘုရား	....	....	....	၂၅၃
၂၉၄	တာဝတိံသာနတ်ပြည်သို့ ကြွခြင်း	....	....	....	၂၅၄
၂၉၅	လူအမျှားငိုကြွေးကြခြင်း	....	....	....	၂၅၅
၂၉၆	ဘုရားကို ဖူးတွေ့လိုသောလူအပေါင်း	....	....	....	၂၅၆
၂၉၇	ဘုရားအနီး နတ်တို့စည်းဝေးလာပုံ	....	....	....	၂၅၈
၂၉၈	အက်ိုရနတ်သားအကြောင်း	....	....	....	၂၅၉
၂၉၉	ဣန္ဒကနတ်သားအကြောင်း	....	....	....	၂၆၀
၃၀၀	ရွှေချယ်၍ လှူသင့်ကြောင်းတရားတော်	....	....		၂၆၂
၃၀၁	လင်းနို့သားရဟန်းငါးရာအကြောင်း	....	....	....	၂၆၄
၃၀၂	ရှင်မောဂ္ဂလာန် ဘုရားထံ တက်သွားပုံ	....	....	....	၂၆၆
၃၀၃	စောင်းတန်းသုံးသွယ်ဖြင့် သက်ဆင်းပုံ	....	....	....	၂၆၇
၃၀၄	နတ်စုံပူဇော်ပုံ အမျိုးမျိုး	....	....	....	၂၆၈
၃၀၅	ဒေသနာတော်	....	...	....	၂၇၀
၃၀၆	ဒေသနာတော်၏အကျိုး	....	....	....	၂၇၀

မာတိကာ		စာမျက်နှာ
၃၀၇	သက်ဿနဂိုရ်ပြည် အစလစေတီ၌ ပုစ္ဆာမေးခြင်း	၂၇၀
၃၀၈	ရှင်သာရိပုတြာ သီဟနာဒကြုံးဝါးခြင်း	၂၇၂
၃၀၉	ပရောသဟဿဇာတ်အမြွက်	၂၇၃
၃—ဧကရပတ္တနဂါးမင်းဝတ္ထု		၂၇၄
၃၁၀	ဘုရားပွင့်ခြင်းကို ရှာဖွေသောသီချင်း	၂၇၅
၃၁၁	ဘုရားရှင်နှင့် ဥတ္တရလုလင်	၂၇၆
၃၁၂	ဘုရားရှင် သင်ပေးသော သီချင်းအဖြေများ	၂၇၇
၃၁၃	နဂါးမင်း ဝမ်းမြောက်၍ လူအများရေနစ်ခြင်း	၂၈၀
၃၁၄	ဘုရားထံ၌ နဂါးမင်း ဝမ်းနည်းခြင်း	၂၈၁
၃၁၅	ဒေသနာတော်	၂၈၂
၃၁၆	ဒေသနာတော်၏အကျိုး....	၂၈၂
၄—အာနန္ဒာမထေရ်၏ ဥပုသ်ပြဿနာဝတ္ထု....		၂၈၂
၃၁၇	ဘုရားရှင်ခုနစ်ဆူတို့၏ဥပုသ်	၂၈၃
၃၁၈	ဒေသနာတော်	၂၈၄
၃၁၉	ဒေသနာတော်၏အကျိုး....	၂၈၅
၅—မမ္ဒေ့လျော်သောရဟန်းဝတ္ထု		၂၈၅
၃၂၀	ငွေကရာဖြင့်လူထွက်လိုသောရဟန်း	၂၈၅
၃၂၁	ဝေပုံချခြင်းနှင့် မန္ဓာတုဇာတ်အမြွက်	၂၈၇
၃၂၂	ဒေသနာတော်	၂၈၈
၃၂၃	ဒေသနာတော်၏အကျိုး....	၂၈၉
၆—အဂ္ဂိဒတ္တပုဏ္ဏားဝတ္ထု		၂၈၉
၃၂၄	ကိုးကွယ်ရာ အလွဲအဆုံးအမပေးသောပုဏ္ဏား	၂၈၉
၃၂၅	အရှင်မောဂ္ဂလာန်ကို မခန့်လေးစားပြောခြင်း	၂၉၀
၃၂၆	အရှင်မောဂ္ဂလာန်၏တန်ခိုး	၂၉၂
၃၂၇	မြတ်စွာဘုရားကြွသွားတော်မူခြင်း	၂၉၃

မာတိကာ					စာမျက်နှာ
၃၂၀	ဒေသနာတော်	....	....	....	၂၉၄
၃၂၉	ဒေသနာတော်၏အကျိုး....	....	....	....	၂၉၆
၃၃၀	အဂ်ိဒတ္တမထေရ် တန်ခိုးပြခြင်း	....	....	....	၂၉၆
၇—အာနန္ဒာမထေရ်၏ ပြဿနာဝတ္ထု		....	....	....	၂၉၇
၃၃၁	ယောကျ်ားအာဇာနည်ဖြစ်ရာအရပ်	....	....	....	၂၉၇
၃၃၂	ဒေသနာတော်	....	....	....	၂၉၈
၃၃၃	ဒေသနာတော်၏အကျိုး....	....	....	....	၂၉၈
၈—များစွာကုန်သောရဟန်းတို့ဝတ္ထု		....	....	....	၂၉၈
၃၃၄	ချမ်းသာသုခရွေးချယ်ကြခြင်း	....	....	....	၂၉၈
၃၃၅	ဒေသနာတော်	....	....	....	၂၉၉
၃၃၆	ဒေသနာတော်၏အကျိုး....	....	....	....	၃၀၀
၉—ကဿပဒသဗလဿသုဝဏ္ဏစေတိယဝတ္ထု		....	....		၃၀၀
၉—ကဿပဘုရား၏ရွှေစေတီဝတ္ထု		....	....	....	၃၀၂
၃၃၇	ရွှေစေတီပေါ်တော်မူခြင်း	....	....	....	၃၀၂
၃၃၈	ဒေသနာတော်	....	....	....	၃၀၄
၃၃၉	ဒေသနာတော်၏အကျိုး....	....	....	....	၃၀၅
၃၄၀	ရွှေစေတီဝတ္ထုကိုးနှင်းခါနှစ်ရာပြုခြင်း	....	....	....	၃၀၅

၁၅—သုခဝဂ်

၁—ဥာတိကာလဟဝူပသမနဝတ္ထု		....	....	....	၃၀၇
၃၄၁	ဆွေတော်မျိုးတော်တို့ ရေလှုရာ၌ ရန်ပွဲဖြစ်ခြင်း	....	....	....	၃၀၇
၃၄၂	မြတ်စွာဘုရားကြွသွားဆုံးမခြင်း	....	....	....	၃၀၈
၃၄၃	ဒေသနာတော်	....	....	....	၃၀၉
၃၄၄	ဒေသနာတော်၏အကျိုး....	....	....	....	၃၁၁

မာတိကာ စာမျက်နှာ

၂—မာရ်နတ်ဝတ္ထု ၃၁၁

၃၄၅ မြတ်စွာဘုရား ဆွမ်းမဘုဉ်းပေးရသောနေ့ ၃၁၁

၃၄၆ ဒေဿနာတော် ၃၁၂

၃၄၇ ဒေဿနာတော်၏အကျိုး.... .... ၃၁၂

၃—ကောသလမင်းစစ်ရှုံးဝတ္ထု ၃၁၃

၃၄၈ ကောသလမင်းအစာဖြတ်၍ သေရန်ကြံရွယ်ခြင်း ၃၁၃

၃၄၉ ဒေဿနာတော် ၃၁၃

၃၅၀ ဒေဿနာတော်၏အကျိုး.... .... ၃၁၄

၄—အညတရကုလဒါရိကာဝတ္ထု ၃၁၄

၃၅၁ မင်္ဂလာနေ့သံဃာအားလုပ်ကျွေးခြင်း ၃၁၄

၃၅၂ ဒေဿနာတော် ၃၁၅

၃၅၃ ဒေဿနာတော်၏အကျိုး.... .... ၃၁၅

၅—နွားပျောက်သော ဥပါသကာဝတ္ထု ၃၁၅

၃၅၄ လူဆင်းရဲ၌ ဘုရားရှင်၏ ကရုဏာတော် ၃၁၆

၃၅၅ ဘုရားရှင်က ထမင်းကျွေးခိုင်းခြင်း ၃၁၆

၃၅၆ ဒေဿနာတော် ၃၁၇

၃၅၇ ဒေဿနာတော်၏အကျိုး.... .... ၃၁၇

၆—ပဿေနဒီကောသလမင်းဝတ္ထု ၃၁၇

၃၅၈ အစားကြီးခြင်းသည် ဆင်းရဲခြင်း၏အကြောင်း ၃၁၉

၃၅၉ အတိုင်းအရှည်ဖြင့်စားခြင်းသည် ချမ်းသာခြင်း၏အကြောင်း ၃၂၀

၃၆၀ ဒေဿနာဇာတ် ၃၂၂

၃၆၁ ဒေဿနာတော်၏အကျိုး.... .... ၃၂၂

၇—တိဿမဏ္ဍဝတ္ထု ၃၂၂

၃၆၂ ဘုရားအလိုတော်ကျ ပူဇော်နည်း ၃၂၃

၃၆၃ ဒေဿနာတော် ၃၂၄

၃၆၄ ဒေဿနာတော်၏အကျိုး.... .... ၃၂၄

မာတ်ကာ					စာမျက်နှာ
၈—သိကြားမင်းလုပ်ကျွေးသောဝတ္ထု		....	....	....	၃၂၄
၃၆၅	ဘုရားရှင်၏ အညစ်အကြေး သိကြားမင်း ရှုက်ဆောင်ခြင်း....				၃၂၅
၃၆၆	သောတာပန်တည်၍ သိကြားပျိုဖြစ်ခြင်း		....	....	၃၂၆
၃၆၇	ဒေသနာတော်	....	....	....	.... ၃၂၇
၃၆၈	ဒေသနာတော်၏အကျိုး....		....	....	.... ၃၂၈

၁၆—ဒိယဝဂ်

၁—တယောပဗ္ဗဇိတာဝတ္ထု		....	....	....	၃၂၉
၃၆၉	မခဲ့နိုင်ကြသောသူသုံးယောက်		....	....	.... ၃၂၉
၃၇၀	ဒေသနာတော်	....	....	....	.... ၃၃၁
၃၇၁	ဒေသနာတော်၏အကျိုး....		....	....	.... ၃၃၂
၂—မထင်ရှားသော သူကြွယ်ဝတ္ထု		....	....	....	၃၃၂
၃၇၂	သားသေသော ဒါယကာအား ဆုံးမခြင်း		....	....	.... ၃၃၂
၃၇၃	ဥရဂဇာတ်အမြွက်	....	....	....	.... ၃၃၄
၃၇၄	ဒေသနာတော်	....	....	....	.... ၃၃၅
၃၇၅	ဒေသနာတော်၏အကျိုး....		....	....	.... ၃၃၅
၃—ဝိသာခါဝတ္ထု		....	....	....	.... ၃၃၅
၃၇၆	မြေးသေသော ဝိသာခါအား ဆုံးမခြင်း		....	....	၃၃၆
၃၇၇	ဒေသနာတော်	....	....	....	.... ၃၃၇
၃၇၈	ဒေသနာတော်၏အကျိုး....		....	....	.... ၃၃၇
၄—လိစ္ဆဝီ မင်းသားတို့ဝတ္ထု		....	....	....	၃၃၇
၃၇၉	မိန်းမကြောင့် ရိုက်ပွဲဖြစ်ခြင်း		....	....	.... ၃၃၇
၃၈၀	ဒေသနာတော်	....	....	....	.... ၃၃၈
၃၈၁	ဒေသနာတော်၏အကျိုး....		....	....	.... ၃၃၉

မာတိကာ စာမျက်နှာ

၅—အနိတ္ထိဂန္ဓ သတ္တိသားဝတ္ထု ၃၃၉

၃၈၂ ရွှေရုပ်လိုလှသော မိန်းမကိုရှာစေခြင်း ၃၃၉

၃၈၃ ရွှေရုပ်ထက်သာသောမိန်းကို တွေ့ရှိခြင်း ၃၄၀

၃၈၄ သတ္တိသွေးသောဆုံးခြင်းနှင့် သတ္တိသား ဒုက္ခရောက်ခြင်း ၃၄၁

၃၈၅ သတ္တိသား ဘုရားကြောင့် သက်သာရာရခြင်း ၃၄၂

၃၈၆ ဒေသနာတော် ၃၄၂

၃၈၇ ဒေသနာတော်၏အကျိုး.... .... ၃၄၃

၆—မထင်ရှားသောပုဏ္ဏားဝတ္ထု.... .... ၃၄၃

၃၈၈ လယ်ထွန်ရာသို့ ဘုရားရှင် နေ့စဉ်ကြွခြင်း ၃၄၃

၃၈၉ စိတ်ဆင်းရဲသော ပုဏ္ဏားအား စောင်မတော်မူခြင်း ၃၄၄

၃၉၀ ဒေသနာတော် ၃၄၅

၃၉၁ ဒေသနာတော်၏အကျိုး.... .... ၃၄၆

၇—သူငယ်ငါးရာတို့ဝတ္ထု ၃၄၆

၃၉၂ အရှင်မဟာကဿပ၏ ဘုန်းတော်ကံတော် ၃၄၆

၃၉၃ ဒေသနာတော် ၃၄၈

၄၉၄ ဒေသနာတော်၏အကျိုး.... .... ၃၄၈

၈—အနာဂါမ်မထေရ်တပါးဝတ္ထု ၃၄၈

၃၉၅ အနာဂါမ်ပုဂ္ဂိုလ်နှင့် သုဒ္ဓါဝါသဘုံ ၃၄၉

၃၉၆ ဒေသနာတော် ၃၅၀

၃၉၇ ဒေသနာတော်၏အကျိုး.... .... ၃၅၀

၉—နန္ဒိယဝတ္ထု ၃၅၁

၃၉၈ အသွင်တူမှ အိမ်သူဖြစ်ခြင်း ၃၅၁

၃၉၉ ကောင်းမှုရှင်မသေမီ နတ်ဗိမာန်ပေါ် ပေါက်ခြင်း ၃၅၂

၄၀၀ ကောင်းမှုရှင်ဆံ နတ်သွေးတို့မှာကြွားပုံ ၃၅၃

၄၀၁ ဒေသနာတော် ၃၅၄

၄၀၂ ဒေသနာတော်၏အကျိုး.... .... ၃၅၅

မာတိကာ	စာမျက်နှာ
၁၇—ကောဝဝဂ်	
၁—ရောဟိနီမင်းသီးဝတ္ထု	၃၅၆
၄၀၃ ရောဟိနီ၏ နူနာရောဂါနှင့် ဆွမ်းစားကျောင်းအလှူ	၃၅၆
၄၀၄ ကုသိုလ်ပြုခြင်းကြောင့် ဝေဒနာသက်သာခြင်း	၃၅၇
၄၀၅ ရောဟိနီ၏ ရှေးအတိတ်မကောင်းမှု	၃၅၈
၄၀၆ ဒေသနာတော်	၃၅၉
၄၀၇ ဒေသနာတော်၏အကျိုး....	၃၅၉
၄၀၈ ရောဟိနီကို နတ်သားလေးဦးလုခြင်းနှင့် သိကြားမင်းဆုံးဖြတ်ပုံ	၃၆၀
၂—မထင်ရှားသောရဟန်းဝတ္ထု....	၃၆၁
၄၀၉ သစ်ပင်စောင့်နတ် စိတ်ချုပ်တည်းပုံ....	၃၆၁
၄၁၀ ဒေသနာတော်	၃၆၃
၄၁၁ ဒေသနာတော်၏အကျိုး	၃၆၃
၄၁၂ ဘုရားသခင်သည် နတ်အား သစ်ပင်ကို ညွှန်ပြတော်မူခြင်း	၃၆၃
၃—ဥတ္တရာ ဥပါသိကာမဝတ္ထု	၃၆၄
၄၁၃ ဆင်းရဲသားမောင်ပုဏ္ဏ လယ်ထွန်သွားခြင်း	၃၆၄
၄၁၄ ရှင်သာရိပုတြာအား ရေဒန်ပူလှူခြင်း	၃၆၅
၄၁၅ မောင်ပုဏ္ဏ၏မယား ဆွမ်းလှူခြင်း	၃၆၆
၄၁၆ မောင်ပုဏ္ဏ၏မယား ကုသိုလ်ပွားအောင်ပြောပြပုံ	၃၆၇
၄၁၇ ရွှံမှ ရွှေဖြစ်ခြင်း	၃၆၈
၄၁၈ မောင်ပုဏ္ဏ သူဌေးရာထူးရရှိခြင်း	၃၆၉
၄၁၉ ရွှေအိုးများစွာရခြင်းနှင့် သောတာပန်တည်ခြင်း	၃၇၀
၄၂၀ သီးဥတ္တရာ မိစ္ဆာဒိဋ္ဌိအိမ်၌ စိတ်ဆင်းရဲရခြင်း	၃၇၁
၄၂၁ ဥတ္တရာခွင့်ပန်၍ ကုသိုလ်ရေးအားထုတ်ခြင်း	၃၇၂
၄၂၂ သိရိမာ၏ ဒေါသနှင့် ဥတ္တရာ၏ မေတ္တာဓာတ်	၃၇၃
၄၂၃ သိရိမာအား ဝိုင်းရိုက်ကြခြင်း	၃၇၄
၄၂၄ ဘုရားရှင်ကို ကန်တော့ရမည်ဆိုခြင်း....	၃၇၅

မာတိကာ		စာမျက်နှာ
၄၂၅	ဥတ္တရာ၏မေတ္တာ	၃၇၅
၄၂၆	ဒေသနာတော်	၃၇၆
၄၂၇	ဒေသနာတော်၏အကျိုး	၃၇၇
၄—မဟာမောဂ္ဂလာနတ္ထေရပဥ္ဉာဝတ္ထု	....	၃၇၇
၄၂၈	မှန်သောစကားမျှဖြင့် နတ်ပြည်ရောက်ခြင်း	၃၇၇
၄၂၉	လင်ဆိုး၏ မယားလိမ္မာ နတ်ပြည်ရောက်ခြင်း	၃၇၈
၄၃၀	အနည်းငယ် ကုသိုလ်မျှဖြင့် နတ်ပြည်ရောက်ခြင်း....	၃၇၈
၄၃၁	ဒေသနာတော်	၃၇၉
၄၃၂	ဒေသနာတော်၏အကျိုး....	၃၈၀
၅—ဘုရားခမည်းတော်ပုဏ္ဏားဝတ္ထု	....	၃၈၀
၄၃၃	ဘုရားရှင် မိဟောင်းဘဟောင်းနှင့် တွေ့ခြင်း	၃၈၀
၄၃၄	အတိတ်အကြောင်း ပြန်ပြောင်း၍ ဟောခြင်း	၃၈၂
၄၃၅	မိဟောင်း ဘဟောင်း သင်္ဂြိုဟ်ရာ၌ ဇရာသုတ်ဟောခြင်း	၃၈၃
၄၃၆	ဒေသနာတော်	၃၈၅
၄၃၇	ဒေသနာတော်၏အကျိုး....	၃၈၅
၆—ပုဏ္ဏာမည်သောအိမ်ကျွန်ဝတ္ထု	....	၃၈၅
၄၃၈	အိမ်ကျွန်မပုဏ္ဏာ ဆန်ကွဲမုံလှူဒါန်းခြင်း	၃၈၅
၄၃၉	အလှူ့ရှင်မျက်မှောက်ဘုရားရှင် ဘုဉ်းပေးတော်မူခြင်း	၃၈၇
၄၄၀	ဒေသနာတော်	၃၈၈
၄၄၁	ဒေသနာတော်၏အကျိုး....	၃၈၈
၄၄၂	ဆန်ကွဲစားသိန္ဓောမြင်းငယ်ဇာတ်အမြွက်	၃၈၈
၇—အတုလျဥပါကာသဝတ္ထု	....	၃၉၀
၄၄၃	စိတ်တိုင်းကျတရားမနာရသဖြင့် ကဲ့ရဲ့ခြင်း	၃၉၀
၄၄၄	ကဲ့ရဲ့အပ်သူခိုးမွမ်းအပ်သူ အစုစ်မရှိ	၃၉၂
၄၄၅	ဒေသနာတော်	၃၉၃
၄၄၆	ဒေသနာတော်၏အကျိုး....	၃၉၅

မာတိကာ စာမျက်နှာ

၈—ဆဗ္ဗဂ္ဂိရဟန်းတို့ဝတ္ထု ၃၉၅

၄၄၇ ခုံဘိနပ်စီးသော ရဟန်းများအကြောင်း ၃၉၅

၄၄၈ ဒေဿနာတော် ၃၉၆

၄၄၉ ဒေဿနာတော်၏အကျိုး.... .... ၃၉၇

၁၈—မလဝဂ်

၁—နွားသတ်သမားဝတ္ထု ၃၉၈

၄၅၀ အသားဗပါမစားနိုင်ဟုဆိုခြင်း ၃၉၈

၄၅၁ နွားရှင်လျှာ ဖြတ်စား၍ ချက်ခြင်းမကောင်းကျိုးရပုံ ၃၉၉

၄၅၂ သားဖြစ်သူသည် တက္ကသိုလ်သို့ ရောက်၍ ကြီးပွားခြင်း ၄၀၀

၄၅၃ သာဝတ္ထိသို့ပြန်ရောက်၍ ဘုရားနှင့်တွေ့ခြင်း ၄၀၀

၄၅၄ ပဌမနွေ့ ဒေဿနာတော် ၄၀၁

၄၅၅ ဒေဿနာတော်၏အကျိုး.... .... ၄၀၂

၄၅၆ သောတာပန်တည်ပြီး နောက်တနွေ့ တရားနာရခြင်း ၄၀၂

၄၅၇ ဒုတိယနွေ့ ဒေဿနာတော် ၄၀၃

၄၅၈ နွားသတ်သမား၏သားအနာဂါမ်တည်ခြင်း ၄၀၄

၂—မထင်ရှားသောပုဏ္ဏားဝတ္ထု.... .... ၄၀၄

၄၅၉ မြက်ပေါက်ရာမှ စရပ်တကာဖြစ်ခြင်း.... .... ၄၀၅

၄၆၀ ဒေဿနာတော် ၄၀၆

၄၆၁ ဒေဿနာတော်၏အကျိုး.... .... ၄၀၇

၃—တိဿမထေရ်ဝတ္ထု ၄၀၇

၄၆၂ သင်္ဃန်းဥ စဲလမ်းသောကြောင့် သန်းဖြစ်ခြင်း ၄၀၇

၄၆၃ သန်းဘဝမှ တုသိတာဘုံဥဖြစ်ခြင်း ၄၀၈

၄၆၄ ဒေဿနာတော် ၄၀၉

၄၆၅ .ဒေဿနာတော်၏အကျိုး.... .... ၄၁၀

မာတိကာ					စာမျက်နှာ
၄—လာဋုဒါယီမထေရ်ဝတ္ထု	....	....	....	....	၄၁၀
၄၆၆ တရားမဟောတတ်ဘဲ ဝါကြွားမိခြင်း			....	....	၄၁၀
၄၆၇ အကြွားလွန်၍ မစင်တွင်းလိမ့်ကျခြင်း			....	....	၄၁၁
၄၆၈ ခြသေ့ကိုပြုင်သောဝက် ဇာတ်အမြွက်			....	....	၄၁၃
၄၆၉ ဒေသနာတော်	....	....	....	....	၄၁၄
၄၇၀ ဒေသနာတော်၏အကျိုး....			....	....	၄၁၅
၅—မထင်ရှားသောအမျိုးသားဝတ္ထု		....	....	....	၄၁၅
၄၇၁ မိန်းမတို့၏ အညစ်အကြေး			....	....	၄၁၅
၄၇၂ ဒေသနာတော်	....	....	....	....	၄၁၇
၄၇၃ ဒေသနာတော်၏အကျိုး....			....	....	၄၁၈
၆—စူဠသာရိမည်သောရဟန်းဝတ္ထု		....	....	....	၄၁၈
၄၇၄ ဆေးကုခြင်း အားထားသောရဟန်း			....	....	၄၁၈
၄၇၅ ဒေသနာတော်	...	....	....	....	၄၁၉
၄၇၆ ဒေသနာတော်၌မှတ်ဘွယ်			....	....	၄၁၉
၄၇၇ ဒေသနာတော်၏အကျိုး....			....	....	၄၂၂
၇—ငါးရာသောသီတင်းသည်တို့ဝတ္ထု		....	....	....	၄၂၂
၄၇၈ သီလအငြင်းအခုံ အကြောင်း			....	....	၄၂၂
၄၇၉ ဒေသနာတော်	....	....	....	....	၄၂၃
၄၈၀ ဒေသနာတော်၏အကျိုး....			....	....	၄၂၄
၈—တိဿရဟန်းငယ်ဝတ္ထု	....	....	....	....	၄၂၄
၄၈၁ အလှူရှင်တို့ကို ကဲ့ရဲ့သော ရဟန်း			....	....	၄၂၄
၄၈၂ ကဲ့ရဲ့သောရဟန်း၏မျိုးရိုးဇာတိကို စုံစမ်းကြခြင်း				....	၄၂၅
၄၈၃ ကဋ္ဌာဟကဇာတ် အမြွက်		....	....	....	၄၂၆

မာတိကာ					စာမျက်နှာ
၄၀၄	ဒေဿနာတော်	....	....	....	၄၂၇
၄၀၅	ဒေဿနာတော်၏အကျိုး....		....	....	၄၂၇
၉—ဥပါသကာငါးယောက်ဝတ္ထု		....	....	....	၄၂၇
၄၀၆	တံရှားနာစဉ် အိပ်ပျော်ခြင်းစသည် အကြောင်း....		....		၄၂၈
၄၀၇	တရားနာငါးဦးတို့၏ အတိတ်အကြောင်း		....	....	၄၂၈
၄၀၈	တရားနာရန် လွယ်သလော ခက်သလော		....	....	၄၃၀
၄၀၉	ဒေဿနာတော်	....	....	....	၄၃၁
၄၁၀	ဒေဿနာတော်၏အကျိုး....		....	....	၄၃၂
၁၀—မေဏ္ဍက သူဋ္ဌေးကြီးဝတ္ထု		....	....	....	၄၃၂
၄၁၁	မေဏ္ဍကသူဋ္ဌေးကြီး အမည်တွင်ကြောင်း		....	....	၄၃၂
၄၁၂	မေဏ္ဍကသူဋ္ဌေးကြီး၏ အတိတ်အကြောင်း		....	....	၄၃၃
၄၁၃	ငတ်မွတ်သောဘေးကြီး တွေ့ကြုံရပုံ		....	....	၄၃၄
၄၁၄	စားခါနီး ပစ္စေကဗုဒ္ဓါ ကြွလာခြင်း		....	....	၄၃၆
၄၁၅	မေဏ္ဍကသူဋ္ဌေးကြီးအလောင်း ဆုတောင်းပုံ		....	....	၄၃၇
၄၁၆	သူဋ္ဌေးကတော်စသည်တို့၏ ဆုတောင်းပုံ		...	....	၄၃၈
၄၁၇	ပစ္စေကဗုဒ္ဓါ ဆုပေး၍ ပြန်ကြွခြင်း		....	....	၄၄၀
၄၁၈	ဆေးပြီးသောအိုး ထမင်းပြည့်နေခြင်း		....	....	၄၄၁
၄၁၉	မေဏ္ဍကသူဋ္ဌေးကြီး၏ ဘုန်းကံ	....	....	....	၄၄၂
၅၀၀	စန္ဒပဒုမာ သူဋ္ဌေးကတော်ကြီး၏ ဘုန်းကံ		....	....	၄၄၂
၅၀၁	သား ချွေးမနှင့် ကျွန်တို့၏ ဘုန်းကံ		....	....	၄၄၃
၅၀၂	ဘုရားထံတော်၌ မင်္ဂိုလ်ရကြခြင်း	....	....	....	၄၄၄
၅၀၃	ဒေဿနာတော်	....	....	....	၄၄၅
၅၀၄	ဒေဿနာတော်၏အကျိုး....		....	....	၄၄၆

မာတိကာ စာမျက်နှာ

၁၁—ဥဋ္ဌာနသညီမထေရ်ဝတ္ထု ၄၄၆

၅၀၅ ကဲ့ရဲ့ရန် အပေါက်ရှာလေ့ရှိခြင်း ၄၄၆

၅၀၆ ဒေဿနာတော် ၄၄၆

၅၀၇ ဒေဿနာတော်၏အကျိုး.... .... ၄၄၇

၁၂—သုဘဒ္ဒပရိဗိုဇ်ဝတ္ထု ၄၄၇

၅၀၈ ကုသိုလ်ပြုနောက်ကျ၍ နောက်ဆုံးမှ ဘုရားနှင့်တွေ့ရခြင်း ၄၄၇

၅၀၉ ဒေဿနာတော် ၄၄၈

၅၁၀ ဒေဿနာတော်၏အကျိုး.... .... ၄၄၉

၅၁၁ တတိယတဲ့နိဂုံး ၄၅၁

ဓမ္မပဒဝတ္ထုတော်ကြီး တတိယတဲ့ မာတိကာပြီး၏။



သုမေ္မဝတီ

မေ္မပဒဝတ္ထုတော်ကြီး။

တတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္မုဒ္ဓဿ

၉-ပါပဝဂ်

၁—စူဋ္ဌကေသာဋကပုဏ္ဏားဝတ္ထု

အဘိတ္ထရေထကလျာဏေ-အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ၁စူဋ္ဌကေသာဋက ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူလေ၏။

သဒ္ဓါနှင့် မစ္ဆေရ စစ်တိုက်ခြင်း

ဝိပဿီ မြတ်စွာဘုရား၏ လက်ထက်တော်အခါ၌ မဟာ ကေသာဋကပုဏ္ဏားမည်သည် ဖြစ်ဘူး၏ ဤပုဏ္ဏားသည်ကား ယခုဘုရားရှင်လက်ထက်တော် အခါ၌ သာဝတ္ထိပြည်ကြီးဝယ် စူဋ္ဌ ကေသာဋကပုဏ္ဏားမည်၏။ ကေသာဋက မည်ကြောင်းကား ထိုပုဏ္ဏားအား ခါး၌ဝတ်ရန် ပုဆိုးမည်သည် တထည်ရှိ၏ ပုဏ္ဏေးမအား

၁ စူဋ္ဌကသာဋကဟု ရှိသော်လည်း ခေါ်သွယ်စိမ့်သောဌာ စူဋ္ဌကေသာဋက ဟု ပုဒ်ခွဲ၍ အသုံးပြုခြင်းဖြစ်သည်။

လည်း တထည်ရှိ၏။ နှစ်ယောက်စလုံးသော သူတို့အား အပေါ်ရုံ ပုဆိုးမှာ တထည်တည်းသာ ရှိလေ၏။ အိမ်ပြင်ပသို့ သွားသောအခါ ပုဏ္ဏားကြီးသည်၎င်း ပုဏ္ဏေးမသည်၎င်း ထိုအပေါ်ရုံ ပုဆိုးကို ခြုံရုံရလေ၏။ ထိုအခါ တနေ့သ၌ ကျောင်းတော်ကြီးဝယ် တရားနာခြင်းကို ကြွေးကြော်လတ်သည်ရှိသော် ပုဏ္ဏားကြီးသည် အိုရှင်မ.... တရားနာခြင်းကို ကြွေးကြော်၏ အသို့နည်း.... နေ့အခါ၌ တရားနာခြင်းသို့ သွားအံ့လော ထိုသို့မဟုတ်မူကား ညဉ့်အခါ၌သွားအံ့လော အပေါ်ရုံ ပုဆိုး မရှိခြင်းကြောင့် ငါတို့သည် တပြိုင်နက် အတူသွားခြင်းငှါ မတတ်ကောင်းဟုဆိုလေ၏ ပုဏ္ဏေးမသည် အရှင် ကျွန်မသည် နေ့၌သွားပါအံ့ဟု ဆို၍ အပေါ်ရုံပုဆိုးကို ခြုံလျက် သွားလေ၏ ပုဏ္ဏားကြီးသည် နေ့အဘို့ကို အိမ်၌ လွန်စေ၍ ညဉ့်အခါ၌ သွားပြီးလျှင် ဘုရားရှင်၏ ရှေတော်၌နေလျက်သာ တရားနာလေ၏။

ထိုအခါ ပုဏ္ဏား၏ ကိုယ်အလုံးကို ပျံ့နှံ့လျက် ငါးပါးသောအပြားရှိသော ၁ပီတိသည် ဖြစ်လေ၏ ထိုပုဏ္ဏားကြီးသည် မြတ်စွာဘုရားကို ပူဇော်ခြင်းငှါ အလိုရှိသည်ဖြစ်၍ ဤအပေါ်ရုံ ပုဆိုးကို အကယ်၍ လှူချေငြားအံ့ ပုဏ္ဏေးမအား၎င်း ငါ့အား၎င်း ခြုံရုံခြင်းသည် မဖြစ်တော့လတ္တံ့ဟု ကြံစည်လေ၏ ထိုအခါ ပုဏ္ဏားကြီးအား ဝန်တိုသော စိတ်တို့၏ တထောင်သည် ဖြစ်လေ၏ တဖန် တကြိမ်သော ကြည်ညိုသော စိတ်သည် ဖြစ်ပြန်၏ ထိုသဒ္ဓါစိတ်ကို နှိပ်စက်လျက် တဖန်ဝန်တိုခြင်း တထောင် ဖြစ်ပြန်လေ၏ ဤသို့လျှင် ထိုပုဏ္ဏားကြီး၏ အားကြီးသော ဝန်တိုခြင်းသည် နှောင်ဖွဲ့ကာ ဖမ်းယူသကဲ့သို့ ကြည်ညိုသော စိတ်ကို တားမြစ်သည် သာလျှင်တည်း။ ပုဏ္ဏားကြီးသည် လှူအံ့ မလှူအံ့ဟု ကြံဆစဉ်ပင်လျှင် ပဌမယာမ် လွန်သွားလေ၏ မဇျိမယာမ်သို့ ရောက်လတ်သော် ထိုအခါ၌လည်း လှူခြင်းငှါ မတတ်နိုင် ပစ္ဆိမယာမ်သို့ ရောက်သည်ရှိသော် ထိုပုဏ္ဏားသည် ငါသည် သဒ္ဓါစိတ်နှင့်၎င်း ဝန်တိုစိတ်နှင့်၎င်း အတူတကွ စစ်ထိုးစဉ်ပင်လျှင် နှစ်ယာမ် လွန်ကုန်ပြီ ငါ့အား ဤမျှသော ဤဝန်တိုစိတ်သည် တိုးတက် ပွားများလတ်သည်ရှိသော် အပါယ်လေးပါးတို့မှ ဦးခေါင်းကို ကြွချီမြှောက်ပင့်ခြင်းငှါ မပေးလတ္တံ့ ထိုအပေါ်ရုံပုဆိုးကို လှူဒါန်းပေတော့အံ့ဟု ကြံ၍ ပုဏ္ဏားကြီးသည် ဝန်တိုသော

---

၁ ခုဒ္ဒကာ ခဏိကာ ဩက္ကန္တိကာ ဥဗ္ဗေဂါ ဖရဏာပီတိ ဟု ၅-ဗါလဝဂ် ၉-သုမန ပန်းသည် ဝတ္ထုဌ် အဓိပ္ပါယ်နှင့်တကွ ဖော်ပြထားပြီ။

စိတ် တထောင်ကို နှိပ်စက် ဖျက်ဆီးသဖြင့် သဒ္ဓါစိတ်ကို ရှေသွားပြု၍ ပုဆိုးကို ယူပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ထားလျက် ငါအောင်ပြီ ငါအောင်ပြီ ဟု သုံးကြိမ် သည်းစွာသောအသံကို ပြုလေ၏။

ပုဏ္ဏားကြီး ဘုရင်ထံက ဆုရခြင်း

ပဿေနဒီ ကောသလ မင်းတရားကြီးသည် တရားနာစဉ် ထိုအသံကို ကြားရသဖြင့် ထိုပုဏ္ဏားကို မေးကြကုန်လော့ ထိုပုဏ္ဏားကား အဘယ်အရာ တစုံတခုကို အောင်သတဲ့နည်းဟု မိန့်ဆိုလေ၏ ထိုပုဏ္ဏားကို မင်းချင်းယောကျ်ားတို့သည် မေးအပ်သည်ရှိသော် ထိုအကြောင်းကို လျှောက်ကြားလေ၏ ထိုစကားကို ကြားရလျှင် မင်းကြီးသည် ဤပုဏ္ဏားကား ပြုနိုင်ခဲသောအမှုကို ပြုဘိ၏ ထိုပုဏ္ဏားအား ချီးမြှောက်ခြင်းကို ပြုပေအံ့ဟု ပုဆိုးတစုံကို ဆုချစေ၏ ပုဏ္ဏားကြီးသည် ထိုပုဆိုးတစုံကိုလည်း မြတ်စွာဘုရားအားသာလျှင် လှူဒါန်းလေ၏ တဖန် မင်းကြီးသည် နှစ်စုံ လေးစုံ ရှစ်စုံ တဆဲ့ခြောက်စုံ ဤသို့ နှစ်ဆတက်ပြု၍ ဆုချစေတော်မူလေ၏ ပုဏ္ဏားကြီးသည် ထိုပုဆိုးစုံတို့ကိုလည်း မြတ်စွာဘုရားအားသာလျှင် လှူဒါန်းလေ၏ ထိုအခါ ပုဏ္ဏားကြီးအား မင်းတရားကြီးသည် သုံးဆဲ့နှစ်စုံသော ပုဆိုးတို့ကို ဆုချစေတော်မူပြန်လေ၏ ပုဏ္ဏားကြီးသည် မိမိအားပေးသည်ကို ယူ၍ ရတိုင်းရတိုင်းကို စွန့်သည်သာလျှင်တည်းဟု ပြောဆိုခြင်းမှ လွှတ်စိမ့်သောငှါ ထိုသုံးဆဲ့နှစ်စုံသော ပုဆိုးမှ မိမိအကျိုးငှါ တစုံ ပုဏ္ဏေးမအကျိုးငှါ တစုံ ဤနှစ်စုံတို့ကို ယူ၍ အစုံသုံးဆယ်တို့ကို မြတ်စွာဘုရားအားသာလျှင် လှူဒါန်းလေ၏ မင်းကြီးသည် ထိုပုဏ္ဏားကြီးအား အကြိမ်တရာပင် ဆုချပြီးသော်လည်း တဖန်ဆုချလိုသေးသည်သာလျှင် ဖြစ်ခဲ့လေ၏။

[ရှေး၌ မဟာ ဧကသာဋ္ဌက ပုဏ္ဏားကြီးသည် ခြောက်ဆဲ့လေးစုံသော ပုဆိုးတို့တွင် နှစ်စုံတို့ကို ယူလေ၏ ဤ စူဋ္ဌကေသာဋ္ဌက ပုဏ္ဏားသည်ကား သုံးဆဲ့နှစ်စုံကို ရသောအခါ နှစ်စုံတို့ကို ယူလေ၏]။

မင်းကြီးသည် မင်းလုလင်တို့ကို အချင်းတို့ ပုဏ္ဏားကြီးသည် ပြုနိုင်ခဲသောအမှုကို ပြုဘိ၏ နန်းတော်တွင်း၌ ငါ၏ကမ္ဗလာနှစ်ထည်တို့ကို ဆောင်ယူစေကြကုန်လော့ဟု မိန့်ဆိုသဖြင့် ထိုမင်းလုလင်တို့လည်း မင်းကြီး မိန့်ဆိုတော်မူတိုင်း

ပြုကြလေကုန်၏ မင်းကြီးသည် အဘိုးတသိန်း ထိုက်ကုန်သော ကမ္မလာနှစ်ထည်တို့ကို ဆုချစေပြန်၏ ပုဏ္ဏားကြီးသည် ဤကမ္မလာတို့သည် ငါ၏ကိုယ်၌ တင်ခြင်းငှါ မထိုက်တန်ကုန် ဤကမ္မလာတို့သည် ဘုရားရှင်၏ သာသနာတော်အားသာ လျော်ကန်သင့်မြတ်ကုန်၏ဟု ကမ္မလာတထည်ကို ဂန္ဓကုဋီတိုက်တွင်း ဘုရားရှင်၏ ကိန်းစက်တော်မူရာ အိပ်ရာအထက် ဗိတာန်ပြု၍ ဖွဲ့ကြက်လေ၏ တထည်ကို မိမိ၏အိမ်၌ မပြတ်ဆွမ်းဘဉ်းပေးသော ရဟန်း၏ ဆွမ်းဘဉ်းပေးရာအရပ်၌ ဗိတာန်ပြု၍ ဖွဲ့ကြက်လေ၏။

မျက်နှာကြက်လှူသဖြင့် စုတုက္ကဆု ရပြန်ခြင်း

ပဿေနဒီ ကောသလမင်းတရားကြီးသည် ညချမ်းသောအခါ မြတ်စွာဘုရား၏ အထံတော်သို့ သွားသည်ရှိသော် ထိုကမ္မလာကို မှတ်သားမိသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်သူပူဇော်ခြင်းကို ပြုပါသနည်းဘုရားဟု မေးလျှောက်ခြင်းကြောင့် ကောသဋ္ဌကပုဏ္ဏား ပူဇော်၏ဟု မိန့်တော်မူလျှင် ဤပုဏ္ဏားသည် ငါကြည်ညိုရာ၌သာ ကြည်ညိုဘိ၏ဟု ဆိုပြီးလျှင် ဆင်လေးစီး မြင်းလေးစီး အသပြာလေးထောင် မိန်းမလေးယောက် ကျွန်မိန်းမ လေးယောက် မင်းချင်းယောကျ်ား လေးယောက် ရွာကြီးလေးရွာ ဤသို့ ခုနစ်ခုမြောက်တိုင်အောင် လေးခု လေးခုပြု၍ သပ္ပစတုက္ကမည်သော ဆုတော်ကို ပုဏ္ဏားကြီးအား ဆုချစေတော်မူလေ၏။

ရဟန်းတို့သည် တရားသဘင်၌ စုဝေးကောသဋ္ဌကပုဏ္ဏား ပြုအပ်သောကောင်းမှုသည် အံ့ဘွယ်ရှိပေစွ ကခဏခြင်းသာလျှင် အလုံးစုံသော လေးခုအပေါင်းကို ရလေ၏ ယခုအခါ၌ ပြုအပ်သော ကောင်းမှုကုသိုလ်ကံသည် ယခုနေ့ပင်လျှင် ကောင်းကျိုးကို ပေးဘိ၏တကားဟု စကားကို ပြောဆိုကြလေကုန်၏ ဘုရားရှင်သည် ကြွလာ၍ဘော်မူ၍ ချစ်သားရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့်စည်းဝေးကြကုန်သနည်းဟု မေးတော်မူခြင်းကြောင့် ဤမည်သောစကားဖြင့် စည်းဝေးကြပါသည်ဘုရားဟု နားတော်လျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ ဤကောသဋ္ဌကပုဏ္ဏားသည် ပဌမယာမ်၌ ငါဘုရားအား လှူခြင်းငှါ အကယ်၍ တတ်နိုင်သည်ဖြစ်အံ့ အလုံးစုံ ဟဆဲ့ခြောက်ခုစီရှိသော သပ္ပသောဋ္ဌသကဆုကို ရလေရာ၏။ မဇ္ဈိမယာမ်၌ တတ်နိုင်သည်ဖြစ်အံ့ အလုံးစုံရှစ်ခုစီရှိသော သပ္ပဋ္ဌကဆုကို

ရလေရာ၏ အားကြီးသော [1] ပစ္ဆိမယာမ်၌ လှူခြင်းကြောင့် ဤပုဏ္ဏားသည် အလုံးစုံလေးခုစီရှိသော သဗ္ဗစတုက္ကဆုကို ရလေ၏ ကောင်းမှု ကုသိုလ်ကို ပြုလို သောသူသည်ကား ဖြစ်သောစိတ်ကို မယုတ်စေမူ၍ ထိုခဏခြင်းသာပြုအပ်၏ နှေးနှေးပြုသော ကုသိုလ်သည် စည်းစိမ်ချမ်းသာကို ပေးသည်ရှိသော် နှေးစွာ သာလျှင် အကျိုးပေး၏ ထို့ကြောင့် စိတ်ဥပါဒ်သည် အခြားမဲ့၌သာလျှင် ကောင်း မှုကံကို ပြုအပ်၏ဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားဟောကြားတော် မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၁၆ အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ။
ဒန္ဓံ ဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတိ မနော။

ပုညံ၊ ကုသိုလ်ကောင်းမှုကို။ ဒန္ဓံ၊ နုန့်နုန့်နှေးနှေး။ ကရောတော၊ ပြုတတ် သောသူသည်။ မနော၊ စိတ်သည်။ ပါပသ္မိံ၊ မကောင်းမှု၌။ ဟိယသ္မာ၊ အကြင် ကြောင့်။ ရမတိ၊ မွေ့လျော်တတ်၏။တသ္မာ၊ ထို့ကြောင့်။ ကလျာဏေ၊ကုသိုလ် ကောင်းမှုတို့ကို။အဘိတ္ထရေထ၊ လျင်မြန်ဆောစွာပြုလုပ်ရာ၏။ ပါပါ၊ မကောင်း မှုမှ။ စိတ္တံ၊ စိတ်ကို။ နိဝါရယေ၊ တားမြစ်ရာ၏။

ဒေသနာတော်၌ မှတ်ဘွယ်

[အကြင်သူသည် ကုသိုလ်ကိုကား ပြုချင်ပါ၏ သို့ရာတွင် ပြည့်စုံမှ ပြည့်စုံ ပါမည်လားဟု ညွှန်ပျောင်း ခရီးသွားသောသူကဲ့သို့ နုန့်နှေးစွာ ပြုသည်ဖြစ် အံ့ ထိုသူအား ဧကသာဋ္ဌက ပုဏ္ဏားကြီးကဲ့သို့ မကောင်းမှု မစ္ဆေရတထောင် ဖြစ်တတ်သဖြင့် မကောင်းမှု၌သာ စိတ်ပျော်တတ်၏ ကုသိုလ်ပြုခိုက်သာ ကုသိုလ်၌ စိတ်ပျော်၍ ကုသိုလ်မှလွတ်သောအခါ မကောင်းမှုသို့ညွတ်၏ ထို့ကြောင့် လျင်မြန်စွာသာပြုသင့်၏ အိမ်၌နေသူ လူဖြစ်အံ့ ဆွမ်းလုပ်ကျွေး ခြင်းစသော ကုသိုလ်ပြုအံ့ဟု စိတ်ဖြစ်လာလျှင် သူတပါး ပြုခွင့်မရအောင် ငါလက်ဦးဟု နှလုံးပြု၍ လျင်မြန်စွာပြုအပ်၏ ရဟန်း သာမဏေဖြစ်အံ့ ဥပဇ္ဈာယဝတ် စသည်ကိုပြုလျှင် သူတပါးအား အခွင့်မပေးမူ၍ ငါလက်ဦး

---

[1] ပစ္ဆိမယာမ်အတွင်း၌ အချိန်များစွာ ကုန်လွန်ပြီးမှ လှူသောဟူ၏၊

ဟု နှလုံးပြု၍ လျင်မြန်စွာ ပြုအပ်၏ ကာယဒုစ္စရိုက် စသော မကောင်းမှု အကုသိုလ်မှ အမြဲမပြတ် စိတ်ကို တားမြစ်ရာ၏ ဟူလို]။

ဒေသနာတော်၏ အကျိုး

ဂါထာ၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

စူဋ္ဌကေသာဌကပုဏ္ဏားဝတ္ထုပြီး၏။

၂—သေယျသက မထေရ်ဝတ္ထု

ပါပဉ္ဇေပုရိသော- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရား သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အရှင်သေယျသက မထေရ်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ဆရာတိုက်တွန်း၍ မကောင်းမှုပြုခြင်း

ထိုသေယျသက သည်ကား ၁လာဋ္ဌုဒါယီမထေရ်၏ အတူနေ သဒ္ဓိဝိဟာရိက တပည့်ဖြစ်၏ မိမိ၏ မမ္ဟေလျော်ခြင်းကို ထိုလာဋ္ဌုဒါယီအား ပြောကြားလျှောက် ထားသဖြင့် ထိုလာဋ္ဌုဒါယီသည် ပဌမသံဃာဒိသိသ်အာပတ် သင့်လောက်သော အမှု၌ ဆောက်တည် စေအပ်သည်ဖြစ်ရကား မမ္ဟေလျော် မပျော်ပိုက်ခြင်း ဖြစ်တိုင်း ဖြစ်တိုင်း ထိုပဌမသံဃာဒိသိသ်အာပတ် သင့်လောက်သော အမှုကို ပြုပေ၏။ မြတ်စွာဘုရားသည် ထိုသေယျသကရဟန်း၏ ထိုအပြုအမူအရာကို ကြားရလျှင် သေယျသက ရဟန်းကို ခေါ်တော်မူစေ၍ သင်သည် ဤသို့ပြုလေ့ ရှိ၏ဟူသည် မှန်သလောဟု မေးတော်မူခြင်းကြောင့် ဘုန်းတော်ကြီးတော်မူ သော မြတ်စွာဘုရား မှန်ပါသည်ဘုရားဟု လျှောက်ကြားသည်ရှိသော် အဘယ့် ကြောင့် ဝန်လေးသော အမှုကို ပြုဘိသနည်းဟု မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား မလျောက်ပတ် ဤသို့စသည်ဖြင့် အထူးထူးအပြားပြား ကဲ့ရဲ့ပြီး လျှင် သိက္ခာပုဒ်ကို ပညတ်တော်မူ၍ ဤသို့သဘောရှိသော မကောင်းမှုသည် လည်း မျက်မှောက်၌ရင်း တမလွန်၌ရင်း ဆင်းရဲသော အကျိုးကို ဖြစ်စေတတ်

---

၁ လာဋ္ဌ-ဥဒါယီ=လျှပ်ပေါ်လော်လည်ဘတ်သော ဥဒါယီမည်သောရဟန်း။

သည်သာလျှင် ဖြစ်၏ဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားဟောကြား တော် မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၁၇ ပါပဥ္ဆေ ပုရိသော ကယိရာ၊ နံ ကယိရာ ပုနပ္ပုနံ။
နံ တမ္မိ ဆန္ဒံ ကယိရာထ၊ ဒုက္ခော ပါပဿ ဥစ္စယော။

ပုရိသော၊ ယောကျွဲးသည်။ ပါပံ၊ မကောင်းမှုကို။ စေကယိရာ၊ အကယ်၍ တကြိမ်တခါ ပြုမိငြားအံ့။ နံ၊ ထိုမကောင်းမှုကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ နကယိရာ၊ မပြုရာ။ တမ္မိ၊ ထိုမကောင်းမှု၌။ ဆန္ဒံ၊ ပြုလိုခြင်းကို။ ဝိနောဒေတ္ဝာ၊ ပယ်ဖျောက်၍။ နကယိရာထ၊ မပြုရာ။ ကိံ ကာရဏာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ပါပဿ၊ မကောင်းမှု၏။ ဥစ္စယော၊ တိုးပွားခြင်းသည်။ ဒုက္ခော၊ ဆင်းရဲသို့ရောက်အောင် ဆောင်တတ်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

သေယျသကမထေရ်ဝတ္ထုပြီး၏။

၃-လာဇာနတ်သို့ဝတ္ထု

ပုညဥ္ဆေ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် လာဇာနတ်သို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏ (ဤဝတ္ထုကား ရာဇဂြိုဟ်ပြည်၌ဖြစ်၏)။

ပေါက်ပေါက်လှူသော လယ်တောသူ နတ်စည်းစိမ်ရခြင်း

အရှင်မဟာကဿပသည် ပိပ္ပလိလိုဏ်ဂူ၌ နေတော်မူလျက် စျာန်ဝင်စား သဖြင့် ခုနစ်ရက်မြောက်သော နေ့၌ စျာန်မှ ထတော်မူပြီးလျှင် ဒီဗ္ဗစက္ခု အဘိညာဉ်ဖြင့် ဆွမ်းခံရာ အရပ်ကို ကြည့်လတ်သည်ရှိသော် သလေး ကောက် ကြီးခင်း စောင့်သော မိန်းမတယောက်သည် သလေးနှံတို့ကိုယူ၍ ပေါက်ပေါက်

လျော်သည်ကိုမြင်ရလျှင် သဒ္ဓါတရားရှိသလော သဒ္ဓါတရားမရှိသလောဟု စူးစမ်းဆင်ခြင်လတ်သည်ရှိသော် သဒ္ဓါတရားရှိ၏ဟု သိတော်မူသဖြင့် ငါ့အားထောက်ပံ့ခြင်းငှါ တတ်နိုင်အံ့လော မတတ်နိုင်အံ့လောဟု စူးစမ်းဆင်ခြင်ပြန်သည်ရှိသော် သတို့သမီးသည် ကြောက်ရွံ့ခြင်းကင်းလျက် ရဲရဲရင့်ရင့် ငါ့ကို ထောက်ပံ့ခြင်းပြုလတ္တံ့ ပြုပြီးလတ်သော်ကား စည်းစိမ်ကြီးကို ရပေလတ္တံ့ဟု သိတော်မူ၍ သင်္ကန်းရုံသဖြင့် သပိတ်ကိုကိုင်ယူလျက် သလေးစပါးခင်း အနီး၌သာ ရပ်တော်မူလေ၏ အမျိုးသမီးသည်လည်း၊ မထေရ်ကို မြင်လျှင် မြင်ခြင်း ကြည်လင်သော စိတ်ရှိရကား ငါးပါးအပြားရှိသော ပီတိ နှံ့ထိသောကိုယ်ရှိသဖြင့် အရှင်ဘုရား ရပ်တော်မူပါဦး ဘုရားဟု လျှောက်ဆို၍ ပေါက်ပေါက်တို့ကိုယူလျက် လျင်မြန်စွာ သွားပြီးမှ မထေရ်၏သပိတ်၌ လောင်းထည့်၍ ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးပြီးလျှင် အရှင်ဘုရား အရှင်ဘုရားတို့ သိမြင်အပ်သော တရားတော်သို့ကပ်ရောက်နိုင်သောသူ ဖြစ်ရပါလို၏ဘုရားဟု ဆုတောင်းလေ၏ ရှင်မဟာကဿပသည်လည်း တောင်းသည့် ဆုအတိုင်း ပြည့်စုံစေဟု ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုတော်မူလေ၏။

ထိုသတို့သမီးသည်လည်း မထေရ်ကို ရှိခိုး၍ မိမိပေးလှူအပ်သော အလှူကို ဆင်ခြင်လျက် ပြန်လည်ခဲ့လေ၏ ထိုလယ်ကံသင်း၏ သွားရာလမ်းခရီး၌ တခုသော တွင်းဝယ် အဆိပ်ထန်သော မြွေသည် အိပ်နေလေ၏ ထိုမြွေသည် အရှင်မဟာကဿပမထေရ်၏ သင်္ကန်းဖြင့် ဖုံးလွှမ်းအပ်သော သလုံးမြင်းခေါင်းကို ကိုက်ခြင်းငှါ မတတ်နိုင် သတို့သမီးသည် အလှူကို ဆင်ခြင်အောက်မေ့လျက် ပြန်လည်ခဲ့သည်ရှိသော် ထိုအရပ်သို့ ရောက်လေ၏ မြွေသဲ့သည် တွင်းမှ ထွက်သဖြင့် သတို့သမီးကို ကိုက်၍ ထိုအရပ် လယ်ကံသင်း၌ပင် တိမ်းလည်းစေလေ၏ ထိုလယ်စောင့်သတို့သမီးသည် ကြည်ညိုသောစိတ်ဖြင့်သော်လျှင် တာဝတိံသာ နတ်ပြည်ဝယ် ယူဇနာ သုံးဆယ်ရှိသော ရွှေဗိမာန်၌ အိပ်ရာမှ နိုးလာသကဲ့သို့ အလုံးစုံတန်းဆာဖြင့် ဆင်ယင်အပ်သော ကိုယ်ရှိသော သုံးဂါဝုတ်မျှသော အတ္တဘောဖြင့် ဖြစ်လေ၏။ တဆဲ့နှစ်ယူဇနာရှိသော နှတ်ပုဆိုးကိုဝတ်လျက် တထည်ကိုရုံလျက် နှတ်သီးတွထောင် ခြံရံအပ်သဖြင့် ရွေးကောင်းမှုကို ထင်ရှားပြခြင်းငှါ ရွှေပေါက်ပေါက်ဖြင့် ပြည့်သော တံခွန်ဆဲ့သော ရွှေခွက်ဖြင့် တန်းဆာဆင်အပ်သော

ဗိမာန်တံခါးဦ၌ ရပ်လျက် မိမိ၏ စည်းစိမ်ကို ကြည့်ရှုပြီးလျှင် ငါသည် အဘယ်ကောင်းမှုကိုပြု၍ ဤစည်းစိမ်ကို ရဘိသနည်းဟု နတ်မျက်စိဖြင့် စူးစမ်းဆင်ခြင်လတ်သည်ရှိသော် ငါ့အရှင်ကောင်းဖြစ်သော ရှင်မဟာကဿပမထေရ်မြတ်အား လှူအပ်သော ပေါက်ပေါက်၏ အကျိုးဆက်ကြောင့် ရ၏ဟုသိလေ၏။

နတ်စည်းစိမ် အမြဲတည်အောင်ပြုခြင်း

ထိုနတ်သမီးသည် ဤသို့ အနည်းငယ်သော ကောင်းမှုဖြင့် ဤသို့သဘော ရှိသော စည်းစိမ်ကို ရပြီးလျှင် ယခုအခါ ငါသည် မေ့လျော့ခြင်းငှါမသင့် ထို့ကြောင့် အရှင်ကောင်းအား ဝတ်ကြီးဝတ်ငယ်ကိုပြု၍ ဤစည်းစိမ်ကို အမြဲတည်အောင် ပြုအံ့ဟုကြံလျက် နံနက်စောစောကပင်လျှင် ရှေဖြင့်ပြီးသော တံမြက်စည်းနှင့် တံမြက်ခြေး စွန့်စရာတောင်းကို ယူသွား၍ အရှင်မဟာကဿပမထေရ်မြတ်၏ ပရိဝုဏ်ကျောင်းကို တံမြက်လှည်းပြီးလျှင် သောက်ရေသုံးဆောင်ရေကို တည်ထားလေ၏။ မထေရ်သည် ထိုအခြင်းအရာကိုမြင်ရလျှင် တစုံတယောက်သော ပဉ္စင်းငယ်သည်၎င်း သာမဏေသည်၎င်း ဝတ်ကိုပြုသည် ဖြစ်လတ္တံ့ဟု မှတ်သားကာနေလေ၏။ နတ်သမီးသည် နှစ်ရက်မြောက်သော နေ့၌လည်း ထိုရှေးအတူသာလျှင် ပြုပြန်လေ၏။ မထေရ်သည်လည်း ထို့အတူသာ မှတ်သားလေ၏။

သုံးရက်မြောက်သော နေ့၌ကား မထေရ်မြတ်သည် ထိုနတ်သမီး၏ တံမြက်လှည်းသံကိုကြားရသဖြင့်၎င်း သံကောက်ပေါက်တို့ဖြင့် ဝင်လာသော ကိုယ်ရောင်ကို မြင်ရသဖြင့်၎င်း တံခါးကိုဖွင့်တော်မူပြီးလျှင် ဤတံမြက်လှည်းသူကား အဘယ်သူနည်းဟု မေးတော်မူလေ၏။ အရှင်ဘုရား တပည့်တော်မသည် အရှင်ဘုရားတို့၏ အလုပ်အကျွေးဖြစ်သော လာဇာနတ်သမီးပါဘုရားဟု လျှောက်ကြားလျှင် ငါ့အား ဤသို့အမည်ရှိသော အလုပ်အကျွေး ဒါယိကာမ မည်သည် မရှိသည် မဟုတ်ပါလောဟု မိန့်တော်မူ၏။ အရှင်ဘုရား တပည့်တော်မသည် သလေးခင်း လယ်တောကို စောင့်ရှောက်လျက် ပေါက်ပေါက်တို့ကိုလှူ၍ ကြည်ညိုသော စိတ်ရှိသဖြင့် ပြန်လည်လာသည်ရှိသော် မြေကိုက်၍ သေခြင်းကြောင့် တာဝတိံသာနတ်ပြည်၌ ဖြစ်ရပါသည်။ တပည့်တော်မသည် အရှင်မြတ်ကိုမှီ၍

ဤစည်းစိမ်ကိုရပါသည် ယခုအခါ၌လည်း အရှင်ဘုရားတို့အား ဝတ်ကြီး ဝတ်ငယ်ကိုပြု၍ စည်းစိမ်ကို အမြဲတည်အောင်ပြုအံ့ဟု နှလုံးပြုသဖြင့် လာပါသည်ဘုရားဟု လျှောက်ကြားလေသော် ယမန်နေ့၌ငင်း တဖန် ယမန်နေ့ (တမြန်မနေ့) ၌ငင်း သင်သည် သာလျှင် ဤအရပ်ကို တံမြက်လှည်းသလော။ သင်သည်သာလျှင် သောက်ရေ သုံးဆောင်ရေ တည်ထားသလောဟု မေးပြန်လေ၏။ အရှင်ဘုရား ဟုတ်မှန်လှပါသည်ဘုရားဟု လျှောက်လတ်သော် နတ်သမီး ဖဲလော့ ဆုတ်လေလော့ သင်ပြုသောဝတ်သည် ပြုပြီးတိုင်းပင်ဖြစ်စေတော့။ဤအခါမှစ၍ ဤအရပ်သို့ မလာလေနှင့်တော့ဟု မိန့်ဆိုတော် မူလေ၏။

ဓမ္မကထိကတို့ ပြောဆိုမည်ကို စိုးရိမ်တော်မူခြင်း

နတ်သမီးက အရှင်ဘုရား တပည့်တော်မ ကုသိုလ်ကို ဖျက်ဆီးတော်မမူပါနှင့် အရှင်ဘုရားတို့အား ဝတ်ပြု၍ တပည့်တော်မ၏ စည်းစိမ်ကို မြဲမြံစွာတည်အောင် ပြုခြင်းငှါ အခွင့်ပေးသနားတော်မူကြပါဘုရားဟု လျှောက်ပြန်ရှာလေ၏။ နတ်သမီး ဖဲလော့ ငါ့အား နောင်သောအခါ ဆန်းကြယ်သောယပ်ကို ကိုင်လျက် နေထိုင်ကုန်သော တရားဟော ဓမ္မကထိက ပုဂ္ဂိုလ်တို့သည် အရှင်မဟာကဿပ မထေရ်ကြီးအား နတ်သမီးတယောက် လာရောက်၍ ဝတ်ကြီး ဝတ်ငယ်ပြုလျက် သောက်ရေ သုံးဆောင်ရေ တည်ထားသတတ်ဟု ပြောဆိုစရာ မပြုလာနှင့်၊ ဤနေ့မှစ၍ ဤအရပ်သို့ မလာလေနှင့်တော့ ဆုတ်ခွါ ဖဲသွားလေလော့ဟု မိန့်ဆိုလတ်သော် နတ်သမီးသည် အရှင်ဘုရား တပည့်တော်မ ကုသိုလ်ကို ဖျက်ဆီးတော်မမူပါနှင့်ဘုရားဟု အဖန်တလဲလဲ တောင်းပန်ရှာသည်သာတည်း။ မထေရ်သည် ဤနတ်သမီးကား ငါ့စကားကို မနာယူဟုကြံ၍ သင်နတ်သမီးသည် အတိုင်းအရှည်ကို မသိဟု [1] လက်ဖျစ် တီးလေ၏။ ထိုနတ်သမီးသည် ထိုအရပ်၌ တည်တံ့စွာနေခြင်းငှါ မဂ္ဂင်္ဂတ်နိုင်ရကား ကောင်းကင်သို့ ပျံတက်၍ လက်အုပ်ချီလျက် အရှင်ဘုရား တပည့်တော်မ ရအပ်သောစည်းစိမ်ကို မဖျက်ဆီးပါလင့် အမြဲတည်အောင်ပြုခြင်းငှါ အခွင့်ပေးတော် မူကြပါဘုရားဟု ငိုကြွေးမြည်တမ်းလျက် ကောင်းကင်၌ တည်နေရှာလေ၏။

---

၁ နှုတ်ဖြင့်ပြော၍ မရသောအခါ လက်ဖျစ်တီးလေ့ ရှိကြသည် ရဟန္တာတို့ လက်ဖျစ်တီး လိုက်လျှင် မည်သည်နှင့်မဆို မနေနိုင်ကြ ပြန်သွားကြရသတတ်။

ဘုရားရှင် တာဝန် ခဲ့ပေးခြင်း

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်၌ သီတင်းသုံးတော်မူလျက်သာလျှင် ထိုနတ်သမီး၏ ငိုကြွေးသံကိုကြားတော်မူသဖြင့် ရောင်ခြည်တော်ကို ပျံ့နှံ့စေတော်မူလျက် နတ်သမီး၏မျက်မှောက်၌ခနဲ၍ တရားဟောတော်မူဘိသကဲ့သို့ နတ်သမီး စောင့်စည်းတားမြစ်ခြင်းကို ပြုခြင်းသာလျှင် ငါ့သား ကဿပ၏ တာဝန်တည်း။ ဤကောင်းမှုသည် ငါတို့အား အကျိုးရှိ၏ဟု မှတ်သားသဖြင့် ကောင်းမှုကို ပြုခြင်းသည်ကား ကောင်းမှုကုသိုလ်ဖြင့် အလိုရှိသော သူတို့၏တာဝန်တည်း။ ကုသိုလ်ကောင်းမှုပြုခြင်းသည် ပစ္စုပ္ပန်ဘဝ၌ရင်း တမန္လွန်ဘဝ၌ရင်း ချမ်းသာခြင်း၏ အကြောင်းသာ ဖြစ်၏ဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားတော်ကို ဟောကြားတော်မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၁၈ ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာ နံ ပုနပ္ပုနံ။
တမ္မိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော။

ပုရိသော၊ ယောကျိုးသည်။ ပုညံ၊ ကောင်းမှုကို။ စေကယိရာ၊ အကယ်၍ ပြုငြားအံ့။ နံ၊ထိုကောင်းမှုကို။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ကယိရာ၊ ပြုရာ၏။တမ္မိ၊ ထိုကောင်းမှု၌။ ဆန္ဒံ၊နှစ်သက်ခြင်း အားထုတ်ခြင်းကို။ ကယိရာထ၊ပြုလေရာ၏။ ကိံ ကာရဏာ၊ အဘဲ့ကြောင့်နည်း ဟူမူကား။ ပုညဿ၊ ကောင်းမှု၏။ ဥစ္စယော၊ တိုးပွားခြင်းသည်။ သုခေါ၊ ချမ်းသာသို့ ရောက်အောင်ဆောင်တတ်၏။

ဒေသနာတော်၏ အကျိုး

ဒေသနာတော်၏ အဆုံး၌ နတ်သမီးသည် လေးဆဲ့ငါးယူဇနာရှိသော ကောင်းကင်ထက်၌တည်လျက်သာလျှင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

လာဇာနတ်သမီးဝတ္ထုပြီး၏

၄—အနာထပိဏ် သူဌေးကြီးဝတ္ထု

ပါပေါပိ ပဿတိ ဘဒြံ - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အနာထပိဏ် သူဌေးကြီးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

အနာထပိဏ်သူဌေးကြီး မွဲသွားခြင်း

အနာထပိဏ် သူဌေးကြီးသည် ဇေတဝန်ကျောင်းတော်ကြီးကို ရည်မှန်းသဖြင့် ငါးဆဲ့လေးကုဋေသော ဥစ္စာကို ဘုရားရှင် သာသနာတော်၌ စွန့်ကြဲ၍ မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ နေတော်မူလတ်သည်ရှိသော် နေ့တိုင်းသုံးကြိမ်သော ကြီးစွာသော ဆည်းကပ် ခစားခြင်းတို့သို့ သွားရောက်လေ၏။ သွားလေတိုင်းပင် အဘယ်ဝတ္ထုကိုယူ၍လာလေသနည်းဟု သာမဏေတို့သည်ငှင်း ပဉ္စင်းငယ်တို့သည်ငှင်း ငါ၏လက်ကိုသော်လည်း ကြည့်ရှုကုန်ရာ၏ဟု အချည်းနှီးသော လက်ရှိလျက် သွားဘူးသည် မည်ဘည် မရှိစဘူး—

၁ နံနက်စောစောက သွားသည်ရှိသော် ယာဂုကို ယူစေ၍သာသွား၏။

၂ နံနက်စာ-စားပြီးလတ်သော် ထောပတ်ဆီဦး အစရှိသော ဆေးတို့ကို။

၃ ညချမ်းအခါ ပန်းနံ့သာ နံ့သာပျောင်း အဝတ်ပုဆိုး စသည်တို့ကို ယူစေ၍ ကျောင်းသို့သွား၏။

ဤသို့လျှင် နေ့တိုင်းနေ့တိုင်း အမြဲ ကာလပတ်လုံးသာ အလှူ လှူ၍ သီလကို စောင့်ရှောက်၏။ နောက်အဘို့၌ ဥစ္စာကုန်ဆုံး ပျက်စီးပြုန်းတီးခြင်းသို့ ရောက်လေ၏။ကုန်သွယ်ခြင်းကိုမှီ၍ အသက်မွေးသောသူတို့သည်လည်း ထိုအနာထပိဏ်သူဌေးကြီး၏လက်မှ ဥစ္စာတဆဲ့ရှစ်ကုဋေဖြစ်သော ကြွေးမြီကို ချေးယူကြကုန်၏။ ထိုသူဌေးကြီး၏ အမျိုးအနွယ်မှ ရသောဥစ္စာ သို့မဟုတ် ပေါင်းစုထားသော ဥစ္စာ ငွေ တဆဲ့ရှစ်ကုဋေ တို့ကိုလည်း မြစ်ကမ်းနား၌ မြှုပ်၍ ထားလေရာ ရေကြောင့် ကမ်းပြိုလတ်သော် ထိုဥစ္စာအားလုံး သမုဒ္ဒရာသို့ ပါဝင်သွားကြကုန်၏။

ဤသို့ ဤအနာထပိဏ်သူဌေးကြီးအား အစဉ်အားဖြင့် ပစ္စည်းဥစ္စာကုန်ခြင်းသို့ ရောက်လေ၏။ ထိုသူဌေးကြီးသည် ဤသို့ပင်ဖြစ်သော်လည်း သံဃာတော်အပေါင်းအား အလှူလှူမြဲ လှူသည်သာတည်း မွန်မွန် မြတ်မြတ် ပြု၍ကား လှူခြင်းငှါ မစွမ်းနိုင်ရှာလေ။ ထိုသူဌေးကြီးသည် တနေ့သ၌ ဘုရားရှင်က ဒါယကာသူဌေးကြီး ဒါယကာကြီး၏အိမ်၌ အလှူလှူရ၏လောဟု မိန့်တော်မူလတ်သော်

---

၁ ပစ္စည်းရှိလျှင် တပုံစား တပုံလှူ တပုံကုန်သွယ် တပုံလိုလိုမယ်မယ်မြှုပ်ထား ဟူသည်နှင့် အညီ မြှုပ်နှံသိုမှီးလျက် စုပေါင်းထားသော ပစ္စည်းဥစ္စာလည်း ဖြစ်နိုင်သည် ကုလသန္တက ဟူရကား-ကုလသဒ္ဒါဂေါတ္တမှတပါး ရာသိအနက်ကိုလည်းဟော၏။

မြတ်စွာဘုရား လှူရပါ၏ လှူရပါသော်လည်း ထိုအလှူသည် ပုန်းရည်ဟင်းလျှင် နှစ်ခုမြောက်ရှိသော ဆန်ကွဲဆွမ်း ဖြစ်ပါသည်ဘုရားဟု လျှောက်ကြားလေ၏။ ထိုအခါ သူဌေးကြီးကို ဘုရားရှင်သည် ဒါယကာကြီး ခေါင်းပါးသောအလှူကို လှူရ၏တကားဟု မကြံလင့် စိတ်မွန်မြတ်သည်ရှိသော် ဘုရား စသည်တို့အား လှူသောအလှူသည် ခေါင်းပါးသောမည်သည်မရှိ စင်စစ်မူကား သင်ဒါယကာကြီးသည် ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့အား အလှူကို ပေးလှူရလေပြီ။ ငါဘုရားသည် ဝေလာမပုဏ္ဏားဖြစ်သောအခါ ဇမ္ဗူဒိပ်တကျွန်းလုံးကို ၁ထွန်တုံးကင်းအောင်ပြု၍ ကြီးစွာသော အလှူကို ဖြစ်စေလတ်သည်ရှိသော် သရဏဂုံတည်သော တစုံတယောက်သော သူကိုမျှလည်း မရခဲ့ မြတ်သော အလှူခံပုဂ္ဂိုလ်တို့မည်သည် ဤသို့လျှင် ရခဲကြကုန်၏။ တို့ကြောင့် ငါ၏အလှူသည် ခေါင်းပါးလှ၏တကားဟူ၍ မကြံလင့်ဟု မိန့်တော်မူ၍ ဝေလာမသုတ်ကို ထိုသူဌေးကြီးအား ဟောကြားတော်မူလေ၏။

အကျိုးလိုလားယောင်နတ်ကို နှင်ထုတ်ခြင်း

ထိုအခါ သူဌေးကြီး၏ တံခါးမုခ်ဦး၌ စောင့်သောနတ်သည် မြတ်စွာဘုရားသည်၎င်း မြတ်စွာဘုရား၏ တပည့်သားတို့သည်၎င်း အိမ်သို့ဝင်ကြွလာကြကုန်သည်ရှိသော် ထိုဘုရားနှင့် သာဝကတို့၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် တည်တံ့စွာနေခြင်းငှါ မတတ်နိုင်ရကား ဤသူတို့သည် ဤအိမ်သို့ မဝင်လာနိုင်ကြရအောင် သူဌေးကြီးကို ကွဲပြားပျက်စီးစေအံ့ဟုကြံ၍ သူဌေးကြီးကိုပြောဆိုလိုသော်လည်း အစိုးတရ စည်းစိမ်ရှင်ဖြစ်သော ကာလ၌ တစုံတခုသောစကားကို ဆိုခြင်းငှါ မတတ်နိုင်။ ယခုအခါ၌ကား ဤသူဌေးကြီးသည် ဆင်းရဲခဲ့လေပြီ ငါ့စကားကို နာယူပေလတ္တံ့ဟု နှလုံးပြုလျက် ညဉ့်အဘို့၌ သူဌေးကြီး၏ ကြက်သရေရှိသော တိုက်ခန်းသို့ဝင်၍ ကောင်းကင်၌ ရပ်တည်နေလေ၏။

ထိုအခါ နတ်ကိုမြင်လျှင် သင်အသူနည်းဟု မေးလေ၏။ အိုအရှင်သူဌေးကြီး အကျွန်ုပ်ကား သင်သူဌေးကြီး၏ လေးခုမြောက်ဖြစ်သော တံခါးမုခ်၌စောင့်သောနတ်ဖြစ်သည် အသင့်အား ဆုံးမခြင်းငှါ လာခဲ့ပေ၏ဟု ဆိုလတ်သော် ထိုသို့

---

၁ ဝေလာမပုဏ္ဏား အလှူလှူရာ၌သာ လူတိုင်းသွားစားနိုင်ကြသဖြင့် လယ်ထွန်ဘွယ်ကိစ္စမရှိလောက်အောင် ဟူလို။

ဖြစ်မူ မိန့်ဆိုပါနတ်မင်းဟု တောင်းပန်လေ၏ သူဌေးကြီး သင်သည် နောက်ကာလကို မကြည့်မူ၍သာလျှင် ရဟန်းဂေါတမ၏ သာသနာ၌ ဥစ္စာမျှားကို ဖရိုဖရဲ ဖြန့်ကြဲလေဘိ၏။ ယခုအခါ ဆင်းရဲသောသူ ဖြစ်၍သော်လည်း ထိုဖြန့်ကြဲခြင်းကို မလွှတ်ဘဲနေသေးသည်သာတည်း။ ဤသို့ဖြစ်လျှင် နှစ်ရက်သုံးရက်ချည်းဖြင့် သာလျှင် စားစရာ ဝတ်စရာမျှကိုလည်း သင်မရတော့လတ္တံ့။ သင့်အား ရဟန်းဂေါတမဖြင့် အဘယ်အကျိုးရှိအံ့နည်း။ လွန်စွာစွန့်ကြဲခြင်းမှ ရှောင်ကြဉ်၍ ကုန်သွယ် လယ်လုပ် စသောအမှုတို့ကို အားထုတ်လျက် စည်းစိမ်ဥစ္စာကို ကောင်းစွာ တည်စေဦးလော့ဟု ဆုံးမစကား ပြောကြားလေ၏။ ဤသည်ကား အသင်နတ်မင်းသည် အံ့ကျွန်ုပ်အား ပေးအပ်သော အဆုံးအမလောဟု ပြန်မေးလတ်သော် သူဌေးကြီး ဟုတ်မှန်ပေ၏ဟုဆိုလေ၏။ သူ့းချေလော့ ငါကား သင်နတ်ကဲ့သို့ သဘောရှိကုန်သောသူတို့၏ အရာသည်၎င်း အထောင်သည်၎င်း အသိန်းသည်၎င်း တုန်လှုပ် ချောက်ချား စိမ့်သောဌါ မတတ်ကောင်းသောသူဖြစ်၏။ သင်သည် မသင့်လျော်သောစကားကို ဆိုဘိ၏။ ငါ့အိမ်၌ သင်နေခြင်းဖြင့်လည်း အကျိုးမရှိ လျှင်မြန်သည်ထက် လျှင်မြန်စွာ ငါ၏နေအိမ်မှ ထွက်ခွါသွားလေလော့ဟု နှင်ထုတ်လေ၏။

နတ်ဖျင်းအား သိကြားမင်း ဒဏ်ပေးခြင်း

ထိုနတ်သည် သောတာပန်ဖြစ်သော ဘုရားရှင်၏ တပည့်အရိယာသာဝက၏ စကားကို ကြားရလျှင် တည်နေခြင်းငှါ မတတ်နိုင်ရကား သားငယ်သမီးငယ်တို့ကို ခေါ်ငင်လျက် ထွက်သွားရရှာလေ၏။ ထွက်သွားပြီးသော်ငြားလည်း တပါးသောအရပ်၌ နေရာအရပ်ကိုမရသဖြင့် သူဌေးကြီးကို သည်းခံစေပြီးလျှင် ထို သူဌေးကြီးအိမ်၌သာ ပြန်နေပေအံ့ဟုကြံ၍ မြို့ကိုစောင့်ရှောက်သော နတ်သားသို့ ချဉ်းကပ်၍ မိန့်ပြုအပ်သော ပြစ်မှားခြင်းကိုပြောကြားပြီးလျှင် လာလှည့်ဖျားလော့ အကျွန်ုပ်ကို သူဌေးကြီး၏အထံသို့ ဆောင်ကာ သည်းခံစေ၍ နေရာအရပ်ကို ပေးစေပါလော့ (ပြန်ပေးအောင်ပြုပေးပါ) ဟုဆိုရှာလေ၏။ ထိုမြို့စောင့်နတ်သားသည် သင်ကား မလျှောက်ပတ်သောစကားကို ဆိုခဲ့၏။ ငါသည် ထိုသူဌေးကြီး၏အိမ်သို့ သွားခြင်းငှါ မဝံဟုဆို၍ ထိုနတ်ဆိုသော စကားကို ပယ်လေ၏။

ထိုနတ်သည် နတ်မင်းကြီးလေးယောက်တို့၏ အထံသို့သွားသဖြင့် ထိုနတ်မင်းကြီးတို့သည် ပယ်အပ်ပြန်လတ်သော် သိကြားနတ်မင်းသို့ ချဉ်းကပ်ပြန်သဖြင့် ထိုအကြောင်းကို ပြောကြား လျှောက်ထားပြီးလျှင် အရှင်မင်းကြီး အကျွန်ုပ်သည် နေစရာနေရာမရပါသဖြင့် သားငယ် သမီးငယ်တို့ကို လက်ဖြင့်ယူလျက် ခိုကိုးရာမဲ့ လှည့်လည်နေရပါသည် အကျွန်ုပ်အား နေစရာနေရာကို ပြန်ပေးစေပါလော့ ဟု အထူးကျောင်းမှန်စွာ တောင်းပန်လေ၏။ ထိုအခါ ထိုနတ်ကို သိကြားမင်းသည် ငါသည်လည်း သင်၏အကြောင်းကြောင့် သူဌေးကြီးကို ပြောဆိုခြင်းငှါ မစွမ်းဆောင်နိုင် တခုသောအကြောင်းကိုကား သင့်အားပြောပြလို၏ဟု ဆိုလေသော် ထိုနတ်သည် ကောင်းပါပြီ မိန့်တော်မူပါဟု အသနားခံ လျှောက်လေ၏ သွားချေ သူဌေးကြီး၏စာရင်းကိုင် ဘဏ္ဍာစိုးအသွင်ကိုဖန်ဆင်း၍ သူဌေးကြီး၏ လက်မှ ကမ္ပည်းစာရင်းသို့ တင်ထား မှတ်သား၍ ထိုကုန်သွယ်ခြင်းကိုမှီ၍ အသက်မွေးသောသူတို့ ယူသွားသော တဆဲ့ရှစ်ကုဋေသောဥစ္စာကို မိမိ၏အာနုဘော်ဖြင့် သုတ်သင်တောင်းခံ၍ အချည်းနှီးသော တိုက်ခန်းတို့ကို ပြည့်စေပြီးလျှင် မဟာသမုဒ္ဒရာ၌ ပါဝင်သွားလေသော တဆဲ့ရှစ်ကုဋေသော ဥစ္စာလည်းရှိ၏။ ဤမှတပါးဖြစ်သော ဤမည်သောအရပ်၌ ဥစ္စာရှင်မရှိသော တဆဲ့ရှစ်ကုဋေသော ဥစ္စာလည်းရှိသေး၏။ ထိုအလုံးစုံကို ဆောင်ယူသဖြင့် သူဌေးကြီး၏ အချည်းနှီးသော တိုက်ခန်းတို့ကို ပြည့်စေလျက် ဒဏ်အမှုပြု၍ သည်းခံကန်တော့ချေလော့ဟု မိန့်ဆိုလိုက်လေ၏။

သူဌေးကြီးအား နတ်က တောင်းပန် ကန်တော့ရခြင်း

ထိုနတ်သည် ကောင်းပါပြီ အရှင်သိကြားမင်းဟု ဝန်ခံ၍ ဆိုအပ်ပြီးသော နည်းအားဖြင့် အလုံးစုံကိုပြုပြီးလျှင် တဖန် သူဌေးကြီး၏ ကြက်သရေရှိသော တိုက်ခန်းကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေလျက် ကောင်းကင်၌ ရပ်တည်၍ ဤသူကား အသူနည်းဟုမေးလျှင် အကျွန်ုပ်ကား အသင်သူဌေးကြီး၏ လေးခုမြောက်သော တံခါးမုခ်၌စောင့်သော အလွန်မိုက်မဲတွေဝေသော နတ်ဖြစ်ပါသည် အကျွန်ုပ်သည် အလွန်မိုက်မဲ တွေဝေခြင်းကြောင့် အရှင်သူဌေးကြီးတို့၏အထံ၌ အကြင်အပြစ်ကို ပြုမိပါချေပြီ ထိုအပြစ်ကို သည်းခံတော်မူပါ အကျွန်ုပ်သည် သိကြားမင်း၏စကားဖြင့် ငါးဆဲ့လေးကုဋေသော ဥစ္စာကို စုရုံးဆောင်ယူ၍

အချည်းနှီးသောတိုက်ခန်း ပြည့်အောင်ဒဏ်အမှုကိုပြုပြီးပါပြီ နေစရာနေရာကို မရခြင်းကြောင့် ပင်ပန်းလှပါ၏ဟု ဆိုလေ၏။ အနာထပိဏ်သူဌေးကြီးလည်း ဤနတ်ကား ဒဏ်အမှုကိုလည်း အကျွန်ုပ်ပြုပြီးပါပြီဟုဆို၏ မိမိ၏အပြစ်ကိုလည်း ဝန်ခံ၏ ဘုရားသဗ္ဗညုအား ထိုနတ်ကို ပြဦးအံ့ဟု ကြံပြီးလျှင် အနာထပိဏ်သူဌေးကြီးသည် ထိုနတ်ကို ဘုရားရှင်၏အထံသို့ ခေါ်ဆောင်သွား၍ ထိုနတ်ပြုအပ်သောအမှုကို လျှောက်ကြားလေ၏။

နတ်သည် ဘုရားရှင်၏ ခြေတော်ရင်း၌ ဦးခေါင်းဖြင့်ဝပ်လျက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဘုရားတပည့်တော်သည် အလွန်မိုက်မဲ တွေဝေခြင်းကြောင့် ရှင်တော်မြတ်ဘုရားတို့၏ ဂုဏ်ကျေးဇူးတို့ကို မသိသဖြင့် ယုတ်မာသောအမှုဖြစ်သော စကားကို ဆိုမိပါခဲ့ပြီ ထိုအပြစ်ကို တပည့်တော်အားသည်းခံတော်မူကြပါဘုရားဟု ဘုရားသဗ္ဗညုကို ကန်တော့ပြီးလျှင် သူဌေးကြီးကို ကန်တော့လေ၏။ မြတ်စွာဘုရားသည် ကောင်းမှု မကောင်းမှုဖြစ်သော ကံတို့၏ အကျိုးအစွမ်းဖြင့် သူဌေးကြီးကိုလည်း နတ်ကိုလည်း ဆုံးမလိုသဖြင့် အနာထပိဏ်သူဌေးကြီး ဤလောက၌ ယုတ်မာသော ပုဂ္ဂိုလ်သည်လည်း အကြင်ရွှေလောက် မကောင်းမှုသည် အကျိုးကိုမဖြစ်စေသေး ထိုရွှေလောက်ကောင်းသောအကျိုးကို မြင်ရသေး၏။ အကြင်အခါ ထိုသူအား မကောင်းမှုသည်အကျိုးကိုဖြစ်စေ၏။ ထိုအခါ မကောင်းသောအကျိုးကိုသာလျှင် မြင်ရခြေ၏ ကောင်းမှုနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်လည်း အကြင်ရွှေလောက်ကောင်းမှုသည် အကျိုးမပေးသေး။ ထိုရွှေလောက် မကောင်းကျိုးကို မြင်ရသေး၏။ အကြင်အခါ ကောင်းမှုသည် အကျိုးကိုပေး၏။ ထိုအခါ ကောင်းကျိုးကိုသာလျှင် မြင်ရ၏ဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားဟောကြားတော်မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၁၉ ပါပေါပိ ပဿတိ ဘဒ္ဒံ၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။

၁၂၀ ဘဒ္ဒောပိ ပဿတိ ပါပံ၊ ယာဝ ဘဒ္ဒံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ဘဒ္ဒံ၊ အထ ဘဒ္ဒော ဘဒ္ဒါနိ ပဿတိ။

ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ပါပံ၊ မကောင်းမှုကံအသစ်သည်။ နပစ္စတိ၊ အကျိုးကိုမပေးသေး။ တာဝ၊ ထိုမျှလောက်။ ပါပေါပိ၊ မကောင်းမှုနှင့်ယှဉ်သောသူသည်လည်း။ ဘဒ္ဒံ၊ကောင်းသောအကျိုးကို။ ပဿတိ၊ မြင်ရသေး၏။ ယဒါစ၊ အကြင်အခါ၌ကား။ ပါပံ၊ မကောင်းမှုကံသည်။ ပစ္စတိ၊ အကျိုးကိုပေး၏။ အထ၊ ထိုအခါ၌။ ပါပေါ၊ ယုတ်မာသောသူသည်။ ပါပါနိ၊ မကောင်းကျိုးတို့ကို။ ပဿတိ၊ မြင်ရ၏။

ယာဝ၊ အကြင်ရွေ့လောက်။ ဘဒ္ဒံ၊ ကောင်းမှုကံ အသစ်သည်။ နပစ္စတိ၊ အကျိုးကိုမပေးသေး။ တာဝ၊ ထိုမျှလောက်။ ဘဒ္ဒောပိ၊ ကောင်းမှုရှိသောသူသည်လည်း။ ပါပံ၊ မကောင်းကျိုးကို။ ပဿတိ၊ မြင်ရသေး၏။ ယဒါစ၊ အကြင်အခါ၌ကား၊ ဘဒ္ဒံ၊ ကောင်းမှုကံသစ်သည်။ ပစ္စတိ၊ အကျိုးကိုပေး၏။ အထ၊ ထိုအခါ၌။ ဘဒ္ဒောပိ၊ ကောင်းမှုရှိသောသူသည်။ ဘဒ္ဒာနိ၊ ကောင်းကျိုးတို့ကို။ ပဿတိ၊ မြင်ရ၏။

ဒေသနာတော်၏ အကျိုး

ဒေသနာတော်၏ အဆုံး၌ ထို ံနတ်သည် သောတာပတ္တိဖိုလ်၌တည်လေ၏။ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်တော်မူလေ၏။

အနာထပိဏ် သူဌေးကြီး ဝတ္ထုပြီး၏။

၅—အသညတ ပရိက္ခာရ ရဟန်းဝတ္ထု

မာဝမညေထ ပါပဿ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အမှတ်မဲ့ မစောင့်စည်းသော ပရိက္ခာရရှိသော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မကောင်းမှုကို အနည်းငယ်ဟု မမှတ်သင့်ခြင်း

ထိုရဟန်းသည် အမှတ်မရှိသော ညောင်စောင်း အင်းပျဉ် အစရှိသော ပရိက္ခာရကို အပဋ္ဌသုံးဆောင်ပြီးလျှင် ထိုအပဋ္ဌပင်လျှင်စွန့်ပစ်ထားလေ့ရှိသတတ်။

---

၁ ပါဠိဋ္ဌ ဒေဝတာဟု သာမန် ဆိုခြင်းကြောင့် နတ်သား နတ်သမီး အထိုးအမ နှစ်မျိုးလုံးဖြင့် ဤနတ်ကိုဝတ္ထုတောဘွယ်ရာရှိ၏။

(ခ) ၁၄၃–၃

ပရိက္ခရာသည် မိုးယံးရေ ကြောင့်ရင်း နေပူခြင်းကြောင့်ရင်း ခြ စသည်တို့ကြောင့် ရင်း၊ပျက်စီး၏။ ထိုရဟန်းကို ရဟန်းအများတို့သည် ငါ့ရှင် ပရိက္ခရာမည်သည်ကို သိမှီးအပ်သည်မဟုတ် လောဟု ဆိုဆုံးမအပ်သည်ရှိသော် ငါ့ရှင်တို့ ငါပြုအပ်သော အမှုသည် အနည်းငယ်သာတည်း။ ထိုပရိက္ခရာအတွက် ပျက်လိုပျက်စီး မသိမှီး လိုသောစိတ်လည်း မရှိ အမှတ်အသားလည်း မရှိဟုဆို၍ ထိုရှေးနည်းအတူ ပြုသည်သာလျှင်တည်း။ ရဟန်းတို့လည်း ထိုရဟန်း၏ အပြုအမူအရာကို မြတ်စွာဘုရားအား လျှောက်ကြားကြလေကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်စေတော်မူ၍ ချစ်သားရဟန်း သင်ဤသို့ ပြုသတတ်ဟူသည် မှန်သလောဟု မေးတော်မူလေ၏။ ထိုရဟန်းသည် မြတ်စွာဘုရားမေးအပ်သော်လည်း ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား ဤအမှုကား အဘယ်ပါနည်း တပည့်တော် အနည်းငယ်မျှကို ပြုမိပါသည်။ ထိုပရိက္ခရာအတွက် ပျက်လိုပျက်စီး မသိမှီးလိုသောစိတ် မရှိပါ အမှတ်လည်းမရှိပါဟု ရှေးအတူသာလျှင် မထီမဲ့မြင်ပြုလျက် လျှောက်ကြားလေ၏။ ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်းတို့ မည်သည်ကား ဤသို့ပြုခြင်းငှါမသင့် မကောင်းမှုမည်သည်ကို အနည်းငယ်ဟူ၍ မထီမဲ့မြင် မအောက်မေ့အပ် လွှင်တီးခေါင်ဒဋ္ဌ ထားအပ်သော ဟင်းလင်းပွင့်သော အဝရှိသော အိုး ခွက် သည် မိုးယံးရွာသောအခါ တပေါက်မျှဖြင့် အကယ်၍ကား မပြည့်ငြားသော်လည်း အဖန်တလဲလဲ ရွာသည်ရှိသော် ပြည့်လျှံသည်သာလျှင်တည်း ဤအတူ မကောင်းမှုကို ပြုသောပုဂ္ဂိုလ်သည် အစဉ်သဖြင့် များစွာသော မကောင်းမှု အစုကြီးကို ပြုသည် မည်၏ဟုမိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားဟောကြားတော် မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၂၁ မာဝ မညေထ ပါပဿ၊ န မန္ဒံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ပူရတိ ဗာလော ပါပဿ၊ ထောကံ ထောကံပိ အာစိနံ။

မန္ဒံ၊ အနည်းငယ် ပြုအပ်သော အကုသိုလ်ကံသည်။ နအာဂမိဿတိ၊ အကျိုးပေးသောအားဖြင့် မရောက်လာလတ္တံ့။ ဤတိ၊ ဤသို့။ ပါပဿ၊ မကောင်းမှုကို။ မာဝမညေထ၊ မထီမဲ့မြင် မမှတ်ထင်ရာ။ ဥဒဗိန္ဒုနိပါတေန၊ ရေတပေါက်

တပေါက်မျှ ကျခြင်းဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးကြီးသည်လည်း။ ပုရတိယထာ၊ အစဉ်သဖြင့် ပြည့်သကဲ့သို့။ ဗာလော၊ မလိမ္မာသောသူသည်။ထောကံထောကံပိ၊ အနည်းငယ် အနည်းငယ်မျှလည်းဖြစ်သော အကုသိုလ်ကို။အာစိနံ-အာစိနန္တော၊ ပွဲးများစေမူ လုံလုပြုသည်ရှိသော်။ ပါပဿ၊ မကောင်းမှုဖြင့်။ ပုရတိ၊ ပြည့်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံးဌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည် တို့သို့ ရောက်ကြလေကုန်၏။

ဘုရားရှင်သည်လည်း လွှင်တီးခေါင်ဌ အိပ်ရာနေရာကိုခင်း၍ ထားမြဲတိုင်းကို ပြန်မပြုသော ရဟန်းအား ဤမည်သော အာပတ်သို့ရောက်၏ဟူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

အသည်တ ပရိက္ခာရ ရဟန်း ဝတ္ထုပြီး၏။

၆–ဗိဠာလပဒကသုဠေး ဝတ္ထု

မာဝ မညေထ ပုညဿ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဗိဠာလပဒက သူဠေးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

စည်းစိမ်နှင့် အခြံအရံ အလိုရှိသောသူ

တပါးသောအခါကာလ၌ သာဝတ္ထိ မြို့သူ မြို့သားတို့သည် အပေါင်းအစု ဖွဲ့သဖြင့် ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကို ပေးလှူကြကုန်၏။ ထိုအခါ တနေ့သ၌ ဘုရားရှင်သည် တရားအနုမောဒနာ ပြုတော်သည်ရှိသော် ဒါယကာတို့ ဤသာသနာ၌ အချို့သောသူသည် မိမိသာလျှင် အလှူကို လှူ၏ သူတပါးကို မတိုက်တွန်းမနှိုးဆော်၊ ထိုသူသည် ဖြစ်လေရာ ဖြစ်လေရာသော ဘဝ၌ စည်းစိမ် ပြည့်စုံခြင်းကိုရ၏၊ အခြံအရံ ပြည့်စုံခြင်းကိုမရ။ အချို့သော သူသည် မိမိကား အလှူကို မပေးလှူ သူတပါးကိုကား တိုက်တွန်းနှိုးဆော်၏၊ ထိုသူသည် ဖြစ်လေရာ ဖြစ်လေရာဘဝ၌ အခြံအရံ ပြည့်စုံခြင်းကိုရ၏၊ စည်းစိမ်

ပြည့်စုံခြင်းကိုမရ။ အချို့သောသူသည် မိမိလည်းမပေးမလှူ သူတပါးကိုလည်း မတိုက်တွန်း မနှိုးဆော်၊ ထိုသူသည် ဖြစ်လေရာ ဖြစ်လေရာ ဘဝ၌ စည်းစိမ်ပြည့်စုံခြင်းကိုလည်းမရ အခြံအရံပြည့်စုံခြင်းကိုလည်းမရ စားကြွင်းစား လူဆင်းရဲဖြစ်၍ လှည့်လည်ရ၏။ အချို့သောသူသည် မိမိလည်းပေးလှူ၏ သူတပါးကိုလည်း တိုက်တွန်း နှိုးဆော်၏၊ ထိုသူသည် ဖြစ်လေရာ ဖြစ်လေရာ ဘဝ၌ စည်းစိမ်ပြည့်စုံခြင်းကို လည်းရ၏ အခြံအရံ ပြည့်စုံခြင်းကိုလည်းရ၏ဟု ဟောတော်မူလေ၏။

ထိုအခါ၌ ပညာရှိသော ယောကျ်ားတယောက်သည် ထိုတရားဒေသနာကို ကြားနာရသဖြင့်၊ ဤအကြောင်းကား သြော်အံ့ဘုယ်ရှိပေစွတကား။ ငါသည် ယခုအခါ နှစ်ပါးစုံပြည့်စုံခြင်းကို ဖြစ်စေတတ်သော ကုသိုလ်ကံကိုပြုအံ့ဟုကြံလျက်ထ၍ ကြွသွားတော်မူသောအခါ မြတ်စွာဘုရားကို ဘုန်းတော်ကြီးသော မြတ်စွာဘုရား နက်ဖြန် တပည့်တော်တို့၏ ဆွမ်းကို ခံယူတော်မူကြပါဘုရားဟု လျှောက်ကြားလေ၏။ အဘယ်မျှလောက်ကုန်သော ရဟန်းတို့ဖြင့် သင့်အား အလိုရှိသနည်းဟု မိန့်တော်မူလျှင် မြတ်စွာဘုရား အလုံးစုံသော ရဟန်းတို့ဖြင့် အလိုရှိပါသည်ဘုရားဟု လျှောက်ကြားသဖြင့် ဘုရားရှင်သည် သည်းခံတော်မူလေ၏။ထိုပညာရှိ ယောကျ်ားသည်လည်း ရှာသို့ဝင်၍ အိုမိခင် ဘခင်တို့ ကျွန်တော်သည်နက်ဖြန် ကောင်းမှုအကျိုးငှါ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဘိတ်အပ်ပြီ။အကြင်သူသည် အကြင်မျှလောက်သော ရဟန်းတို့အား လှူခြင်းငှါ စွမ်းနိုင်၏။ ထိုသူသည် ထိုမျှလောက်သော ရဟန်းတို့အတွက် ယာဂုစသည်တို့၏ အကျိုးငှါ ဆန် အစရှိသည်တို့ကို ပေးလှူကြပါလော့ တခုတည်းသော အရပ်၌ ချက်စေ၍ အလှူကို လှူကြပါကုန်အံ့ဟု ကြွေးကြော်ကာ လှည့်လည်လေ၏။

သူဌေးကြီးဗိဋဌာလပဒက၏ စိတ်ရိုင်း

ထိုအခါ နိဗ္ဗာန်ဆော်ယောကျ်ားကို သူဌေးတဦးသည် မိမိ၏စျေးဆိုင်တံခါးသို့ ရောက်လာသည်ကိုမြင်ရလျှင် ဤသူသည် မိမိစွမ်းနိုင်သမျှ ရဟန်းတို့ကိုသာ မပင့်ဘိတ်မူ၍ တရွာလုံးကို နှိုးဆော်လျက် လှည့်လည်လာဘိ၏ဟုဆို၍ အမျက်ထွက်လျက် သင်ယူခဲ့သောခွက်ကို ဆောင်ခဲ့ဟု ဆိုပြီးလျှင် လက်သုံးချောင်းတို့ဖြင့်ယူ၍ အနည်းငယ်သောဆန်တို့ကို ပေးလေ၏။ ပဲနောက် ပဲလွန်းတို့ကိုလည်း

ထို့အတူ ပေးလေ၏။ ထိုနေ့မှစ၍ ထိုသူဌေးသည် ' ဗိဋ္ဌာလပဒက သူဌေးဟူသော အမည်ရှိသည်ဖြစ်လေ၏။ထောပတ် တင်လဲစသည်တို့ကို ပေးသော်လည်း ပချုပ်ဖုံးအထွဋ္ဌ၌ထည့်၍ တခုသောအထောင့်ကို ပြုလုပ် စောင်းငဲ့ပြီးလျှင် အပေါက် အပေါက် ယိုကျစေလျက် အနည်းငယ်မျှကိုသာလျှင် ပေးလေ၏။ နိဗ္ဗာန်ဆော် ဒါယကာသည် ကြွင်းသောသူတို့ ပေးလှူအပ်သော လှူဘွယ်ဝတ္ထုကို တပေါင်း တည်းပြု၍ ဤဗိဋ္ဌာလပဒကသူဌေး ပေးလှူအပ်သော လှူဘွယ်ဝတ္ထုကိုကား အသီး အခြားသာလျှင် ယူခဲ့လေ၏။

ထိုဗိဋ္ဌာလပဒကသူဌေးသည် ထိုနိဗ္ဗာန်ဆော်ပညာရှိ၏ အမူအရာကို မြင်ရ လျှင် ဤသူသည် ငါပေးအပ်သော အလှူဝတ္ထုကို အသီးအခြား အဘယ့်ကြောင့် ယူဘိသနည်းဟုကြံ၍ ထိုနိဗ္ဗာန်ဆော် ဥပါသကာ၏ သွားလေရာ နောက်၌ တယောက်သော ကျွန်ယုံ အလုပ်အကျွေးငယ်ကို သွားတဲ့ချေ ဤနိဗ္ဗာန်ဆော် သည် အကြင်အမှုကိုပြု၏ ထိုအမှုကို သိလေလော့ဟု စေလွှတ်လိုက်၏။ ထိုနိဗ္ဗာန် ဆော်လည်း သွားပြီးလျှင် သူဌေးအား များမြတ်သောအကျိုးသည် ဖြစ်ပါစေ ဟု နှလုံးပြုလျက် ယာဂု ဆွမ်း မုံတို့၏ အကျိုးငှါ ဆန်တစေ့ နှစ်စေ့တို့ကို အနှံ့ ထည့်၍ ပဲနောက် ပဲလွန်းစေ့တို့ကိုဌင်း ဆီ တင်လဲစသော အပေါက် အစက်တို့ကို ဌင်း အလုံးစုံသော ဘောဇဉ်တို့၌ထည့်လေ၏။ ကျွန်ယုံ အလုပ်အကျွေးငယ်သည် ပြန်သွား၍ သူဌေးအား ပြောကြားလေ၏။ ထိုစကားကိုကြားရလျှင် သူဌေး သည် ထိုနိဗ္ဗာန်ဆော်သည် ပရိသတ်အလယ်၌ ငါ၏ကျေးဇူးမဲ့ကို အကယ်၍ ဆိုသည်ဖြစ်အံ့ ငါ့အမည်ကို ဆိုကာမျှ၌သာလျှင် ထိုနိဗ္ဗာန်ဆော်ကို ပုတ်ခတ် ကာ သတ်ပစ်အံ့ဟု ပုဆိုးအဝတ်ကြား၌ ဓားကိုဖွဲ့ချည်၍ တဖန်မိုးသောက်သော နေ့၌ သွားပြီးလျှင် ဆွမ်းလုပ်ကျွေးရာအရပ်၌ နေလေ၏။

နိဗ္ဗာန်ဆော် စိတ်ကောင်းထားပုံ

ထိုနိဗ္ဗာန်ဆော် ပညာရှိယောကျ်ားသည် ဘုရားအမှူးရှိသော ရဟန်းသံဃာ အပေါင်းကို ဆွမ်းလုပ်ကျွေးပြီးလျှင်•ဘုရားရှင်ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် လူအများကိုတိုက်တွန်းနှိုးဆော်သဖြင့် ဤအလှူ

၁ ဗိဋ္ဌာလ+ပဒက=ကြောင်+ခြေရာသူဌေး။ လက်သုံးချောင်းဖြင့် ဆန်ကိုယူရာ ကြောင်ခြေ ရာလောက်သဏ္ဌာန်ထင်သားသဖြင့် သူဌေး ဦးကြောင်လက်သည်းမည်၏ ဟူလို။

ကမ္ဘာ့ဗုဒ္ဓကက္ကသိုလ်
၂၃ စာကြည့်တိုက်



ကိုလှူဒါန်းအပ်ပါသည်ဘုရား ထိုအလှူ၌ တိုက်တွန်းနှိုးဆော်အပ်သော လူတို့သည် မိမိ၏အားအစွမ်းဖြင့် အများလည်းဖြစ် အနည်းလည်းဖြစ်ကုန်သော ဆန်စသည်တို့ကို လှူဒါန်းကြပါသည်ဘုရား ထိုအလုံးစုံသော သူတို့အား အကျိုးထူး အကျိုးမြတ်သည် ဖြစ်ပါစေဘုရားဟု လျှောက်ကြားလေ၏။ ထိုစကားကိုကြားရလျှင် ဗိဋ္ဌာလပဒက သူဌေးသည် ငါကား ဤအမည်ရှိသောသူသည် ၁ လက်ဖျစ်ဖြင့်ယူ၍ ဆန် စသည်တို့ကို ပေးလှူအပ်ကုန်၏ဟူ၍ ငါ့အမည်ကို ဆိုကာမျှဖြစ်သော အခါ၌ ဤသူကို သတ်ပစ်အံ့ဟု နှလုံးပြု၍လာခဲ့ပေ၏။ ဤနိဗ္ဗာန်ဆော်သည်ကား အလုံးစုံသော သူတို့အား ချီးမြှောက်ခြင်းကို ပြုလျက် အကြင်သူတို့သည် ပြည်တောင်း စသည်တို့ဖြင့်ခြင်၍ ပေးလှူ၏ အကြင်သူတို့သည်လည်း ၂ လက်ဖျစ်ဖြင့်ယူ၍ ပေးလှူ၏ ခပ်သိမ်းသောထိုသူတို့အား အကျိုးထူး အကျိုးမြတ်သည် ဖြစ်ပါစေဘုရားဟု ဆိုဘိ၏တကား ငါသည် ဤသို့သဘောရှိသော သူတော်ကောင်းကို အကယ်၍ မကန်တော့ချေသည်ဖြစ်အံ့ နတ်ဒဏ်မည်သည် ငါ၏ ထိပ်ထက်၌ ကျလတ္တံ့ဟု ပူပန်ကြံစည်လျက် သူဌေးသည် နိဗ္ဗာန်ဆော်၏ ခြေရင်း၌ဝပ်၍ အရှင် ငါ့အား သည်းခံပါဟု ဆိုလေ၏။ နိဗ္ဗာန်ဆော်ဥပါသကာက ဤအကြောင်းကား အဘယ်အကြောင်းပါနည်းဟု ဆိုလတ်သော် အလုံးစုံသော ထိုအကြောင်းကို ပြောကြားလေ၏။

ထိုအမူအရာကို မြင်တော်မူလျှင် မြတ်စွာဘုရားသည် ဤအကြောင်းကား အဘယ်နည်းဟုအလှူ၌ အမှုကြီးငယ်ပြုသော နိဗ္ဗာန်ဆော်ကို မေးတော်မူလေ၏။ ထိုနိဗ္ဗာန်ဆော်သည် လွန်လေပြီးသောနေ့မှစ၍ အလုံးစုံသော ထိုအကြောင်းကို လျှောက်ကြားလေ၏။ ထိုအခါ သူဌေးကို မြတ်စွာဘုရားသည် ဒါယကာသူဌေး ဤသို့ဆိုသောအတိုင်း ဟုတ်မှန်သလောဟု မေးတော်မူသဖြင့် မြတ်စွာဘုရား ဟုတ်မှန်လှပါသည်ဘုရားဟု လျှောက်ကြားလတ်သော် ဒါယကာသူဌေး ကောင်းမှုမည်သည်ကို အနည်းငယ်မျှတကားဟု မအောက်မေ့သင့် ပညာရှိသောလူတို့သည် ကောင်းမှုကို ပြုကြကုန်လျက် ဟင်းလင်းပွင့်သောအိုးကို ရေဖြင့်ပြည့်စေ

လက်သုံးချောင်းဖြင့် စုပေါင်း ဖျစ်ညှစ်ကာ ဆန် လှူလေရကား လက်နှစ်ချောင်း ဆုံးချောင်းဖြင့် ယူခြင်းကို လက်ဖျစ်ဖြင့်ယူခြင်းဟု ဆိုသည်။ ကိသာဂေါတမီ ဝတ္ထု၌ ဘလက်ဖျစ်မျှ မုံညင်းစေ့ရှာရာ၌လည်း ၎င်းလက်ဖျစ်မျိုးပင်တည်း။ အသုံးအစွဲ အခေါ် အဝေါ်နည်းပါးသော နေရာဖြစ်သည်။

သက္ခဲသို့ အစဉ်အတိုင်းအားဖြင့် ကောင်းမှုဖြင့် ပြည့်စေကြကုန်သည်သာလျှင် တည်းဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားဟောကြားတော် မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော

၁၂၂ မာဝ မညေထ ပုညဿ၊ န မန္ဒံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ပူရတိ ဓီရော ပုညဿ၊ ထောကံ ထောကံပိ အာစိနံ။

မန္ဒံ၊ အနည်းငယ်ပြုအပ်သော ကုသိုလ်ကံသည်။ နအာဂမိဿတိ၊ အကျိုး ပေးသောအားဖြင့် မရောက်လာလတ္တံ့။ ဤတိ၊ ဤသို့။ ပုညဿ၊ ကောင်းမှုကို။ မာဝမညေထ၊ မထေမဲ့မြင် မမှတ်ထင်ရာ။ ဥဒဗိန္ဒုနိပါတေန၊ ရေတပေါက် တပေါက်မျှ ကျခြင်းဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးကြီးသည်လည်း။ ပူရတိယထာ၊ ပြည့်သကဲ့သို့။ ဓီရော၊ ပညာရှိသည်။ ထောကံ ထောကံပိ၊ အနည်း အနည်းမျှ လည်းဖြစ်သော ကုသိုလ်ကို။ အာစိနံ-အာစိနန္တော၊ ပုံးများစေမူ လုံလပြုသည် ရှိသော်။ ပုညဿ၊ ကောင်းမှုဖြင့်။ ပူရတိ၊ ပြည့်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ဗိဠာလပဒက သူဌေးသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရား ဒေသနာ ဖြစ်တော်မူလေ၏။

ဗိဠာလပဒကသူဌေးဝတ္ထုပြီး၏။

၇—မဟာဓန ကုန်သည်ကြီးဝတ္ထု၊

ဝါဏိဇော - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မဟာဓနမည်သော ကုန်သည်ကြီးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ကုန်သည်ကြီးကို ခိုးသူငါးရာ ကြံစည်ပုံ

ထိုကုန်သည်ကြီး၏ အိမ်၌ ခိုးသူငါးရာတို့သည် အခွင့်ကိုရှာကုန်သည်ရှိသော် အခွင့်ကိုမရကြလေကုန် တပါးသောအခါ၌ ကုန်သည်ကြီးသည် လှည်းငါးရာတို့ကို ဥစ္စာဘဏ္ဍာဖြင့် ပြည့်စေ၍ ရဟန်းတို့အား ဘုရားတပည့်တော်သည် ဤမည်သော အရပ်သို့ ကုန်သွယ်ခြင်းငှါသွားပါအံ့ ထိုအရပ်သို့ ကြွသွားလိုသော အရှင်ကောင်းတို့သည် ထွက်ကြွတော် မူကြပါဘုရား လမ်းခရီး၌ ဆွမ်းဖြင့် မပင်ပန်းကြရပါကုန်လတ္တံ့ဟု လျှောက်ကြားစေလေ၏။ ထိုစကားကို ကြားရလျှင် ငါးရာသော ရဟန်းတို့သည် ထိုကုန်သည်ကြီးနှင့် အတူတကွ ခရီးသွားကြကုန်၏။ ခိုးသူတို့သည်လည်း ထိုကုန်သည်ကြီး ထွက်သွားသတတ်ဟုသွား၍ တောအုပ်၌ နေနှင့်ကြလေကုန်၏။ ကုန်သည်ကြီးသည်လည်းသွား၍ တောအုပ်အဝ တခုသောရွာ၌ နေခြင်းကိုပြုလျက် နှစ်ရက် သုံးရက်တို့ ပတ်လုံး နွားလှည်းစသည်တို့ကို ပြုပြင်စီရင်လေ၏။ ထိုရဟန်းတို့အားကား မပြတ်ဆွမ်းကို လှူသည်သာလျှင်တည်း။ ခိုးသူတို့သည် ထိုကုန်သည်ကြီး ကြာမြင့်လွန်းသည်ရှိသော် သွားချေ ထိုကုန်သည်ကြီး ထွက်လာအံ့သောနေ့ကို သိပြီးမှ လာခဲ့လော့ဟု ခိုးသူတယောက်ကို စေလွှတ်ကြကုန်၏။

ထိုခိုးသူသည် ထိုရွာသို့ ရောက်လျှင် တယောက်သော အဆွေခင်ပွန်းကို အဘယ်အခါ ကုန်သည်ကြီး ထွက်လတ္တံ့နည်းဟု မေးလေ၏။ ထိုအဆွေခင်ပွန်းသည် နှစ်ရက် သုံးရက် လွန်သောအခါ ထွက်လတ္တံ့ဟု ပြောပြ၍ အဘယ်အကျိုးငှါ မေးသနည်းဟု ပြန်၍ မေးလေ၏။ ထိုအခါ ထိုအဆွေခင်ပွန်းအား ခိုးသူယောကျ်ားက ငါတို့သည် ငါးရာကုန်သော ခိုးသူတို့ဖြစ်၍ ထိုကုန်သည်ကြီး၏ အကျိုးငှါ တောအုပ်၌ နေကြကုန်၏ဟု ပြောကြားလေ၏။ ရွာသား အဆွေခင်ပွန်းသည် ထိုသို့ဖြစ်မူ လျင်မြန်စွာသွားချေလော့ ထွက်လာလတ္တံ့ဟု ပြောဆိုကာ လွှတ်လိုက်ပြီးလျှင် ခိုးသူတို့ကို တားမြစ်ရအံ့လော ထိုသို့မဟုတ် ကုန်သည်ကြီးကို တားမြစ်ရအံ့လောဟုကြံ၍ ငါ့အား ခိုးသူတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း ကုန်သည်ကြီးကိုမှီ၍ ငါးရာသော ရဟန်းတို့သည့် အသက် ရှင်ကြကုန်၏။ ကုန်သည်ကြီးအား အမှတ်သညာကို ပေးအံ့ဟု နှလုံးပြုလျက် ရွာနေ အဆွေခင်ပွန်းသည် ထိုကုန်သည်ကြီး၏ အထံသို့သွား၍ အဘယ်နေ့၌ သွားကြပါကုန်

အံ့နည်းဟု မေးလတ်သော် သုံးရက်မြောက်ဆောနေ့၌ သင်္ဘောကြပါကုန်အံ့ဟု ဆိုလျှင် အကျွန်ုပ်၏စကားကို လိုက်နာကြပါကုန်လော့ တောအုပ်၌ အသင်တို့၏ အကျိုးငှါ ခိုးသူ ငါးရာတို့သည် နေနှင့်ကြကုန်၏ အဆောတလျင် မသင်္ဘောကြပါလင့်ဟု တားမြစ်လေ၏။

ကုန်သည်လိမ္မာ အတင့်မရဲခြင်း

အသင်သည် အဘယ်အကြောင်းဖြင့် သိသနည်းဟု မေးသဖြင့် ထိုခိုးသူငါးရာတို့အတွင်း၌ အကျွန်ုပ်၏ အဆွေခင်ပွန်းရှိ၏။ ထိုအဆွေခင်ပွန်းခိုးသူ၏ ပြောဆိုသောစကားဖြင့် အကျွန်ုပ်သိအပ်၏ဟု ဆိုလေလျှင် ထိုသို့ဖြစ်မူ ငါ့အား ဤအရပ်သို့ သင်္ဘောခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း ပြန်လည်၍ အိမ်သို့သာလျှင် သင်္ဘောတော့အံ့ဟု ဆိုလေ၏။ ထိုကုန်သည်ကြီး ကြာမြင့်လတ်သည်ရှိသော် တဖန် ထိုခိုးသူတို့ စေခိုင်းအပ်သော ယောကျ်ားသည် လာပြီးလျှင် ထိုရွာနေ အဆွေခင်ပွန်းကို မေးပြန်သဖြင့် ထိုအကြောင်းကို ကြားရခြင်းကြောင့် ပြန်လည်၍ အိမ်သို့သာလျှင် သင်္ဘောလိမ်သတတ်ဟု ပြောဆိုလေသော် ပြန်သွား၍ ခိုးသူတို့အား ပြောကြားလေ၏။ ထိုစကားကို ကြားရလျှင် ခိုးသူတို့သည် ထိုတောအုပ်မှ ထွက်ခဲ့၍ တပါးလမ်းခရီး၌ နေကြကုန်၏။ ကုန်သည်ကြီး ကြာမြင့်ပြန်သဲ့သည်ရှိသော် တဖန်လည်း ထိုငါးရာသော ခိုးသူတို့သည် ထိုအဆွေခင်ပွန်း၏ အထံသို့ စေလွှတ်ကြပြန်ကုန်၏။ ထိုအဆွေခင်ပွန်းသည် ထိုခိုးသူတို့ ထိုလမ်းခရီး၌ နေသည့်အဖြစ်ကိုသိပြန်လျှင် တဖန်ကုန်သည်ကြီးအား ပြောကြား သိစေပြန်လေ၏ ကုန်သည်ကြီးသည် ဤရွာ၌လည်း ငါ့အား ချို့တဲ့ခြင်းမရှိ ဤသို့မချို့တဲ့သည်ရှိသော် ဤအရပ်သို့လည်း မသင်္ဘောတော့အံ့ ထိုအရပ်သို့လည်း မသင်္ဘောတော့အံ့။ ဤအရပ်၌သာလျှင် နေတော့အံ့ဟုကြံ၍ ရဟန်းတို့၏အထံသို့ သင်္ဘောပြီးလျှင် အရှင်ဘုရားတို့ ခိုးသူတို့သည် လုယက်တိုက်ခိုက်လိုကုန်သည် ဖြစ်၍ လမ်းခရီး၌ နေကြကုန်သတတ်။ တဖန်ပြန်လည်လတ္တံ့ဟု ကြားပြန်၍ ဤမှတပါးသော လမ်းခရီး၌ နေကြပြန်သတတ်။ တပည့်တော်သည် ထိုအရပ်သို့ဌင်း ဤအရပ်သို့ဌင်း မသင်္ဘောသေးမူ၍ အတန်ငယ်ကာလပတ်လုံး ဤအရပ်၌သာလျှင် နေဦးအံ့။ အရှင်ကောင်းတို့သည် ဤအရပ်၌နေလိုကုန်သည်ဖြစ်အံ့ နေတော်မူကြပါ ဤလိုကုန်သည်ဖြစ်အံ့ မိမိ၏အလိုကို ပြုတော်မူကြပါဘုရားဟု လျှောက်ကြားလေ၏။

(ခ) ၁၄၃-၄

ရဟန်းတို့သည်လည်း ဤသို့ဖြစ်လတ်သော် ငါတို့သည် ပြန်လည်ကုန်အုံဟု ကုန်သည်ကြီးကို ပန်ကြား၍ တဖန် သဘဝတ္ထိပြည်သို့သာ ပြန်သွား၍ ဘုရားရှင်ကို ရှိခိုးကာနေကြကုန်၏။ ဘုရားရှင်သည် ချစ်သားရဟန်းတို့ ကုန်သည်ကြီးနှင့် အတူ တကွ မသွားကြကုန်ပြီလော်ဟု မေးတော်မူခြင်းကြောင့် မြတ်စွာဘုရား မသွား ကြသည်မှန်ပါ၏ မဟာဓန ကုန်သည်ကြီးအား လုယက်တိုက်ခိုက်ခြင်းငှါလမ်းခရီး နှစ်သွယ်တို့၌ ခိုးသူတို့သည် နှောင့်ရှက်ပိတ်ပင်ကြပါကုန်၏။ ထို့ကြောင့် ကုန်သည် ကြီးသည် ထိုအရပ်၌သာလျှင် နေရခြင်းကြောင့် တပည့်တော်တို့သည် တဖန် ပြန်လာကြပါသည်ဘုရားဟု လျှောက်လတ်သော် ချစ်သားရဟန်းတို့ မဟာဓန ကုန်သည်ကြီးသည် ခိုးသူတို့ရှိသည်၏အဖြစ်ကြောင့် လမ်းခရီးကို ကြဉ်ရှောင်ခဲ့ ၏။ အသက်ရှင်ခြင်းငှါ အလိုရှိသော ယောကျ်ားသည် လတ်တလော သေစေ တတ်သော အဆိပ်ကို ကြဉ်ရှောင်သကဲ့သို့ ရဟန်းသည်လည်း ဘဝသုံးပါးတို့သည် ခိုးသူတို့လုယက် တိုက်ခိုက်ရန် ထင်ကြသော လမ်းခရီးနှင့် တူကုန်၏ဟု သိသဖြင့် မကောင်းမှုကို ကြဉ်ရှောင်ခြင်းငှါသင့်၏ဟု မိန့်တော်မူ၍ အနုသန္ဓေကိုစပ်လျက် တရားဟောကြားတော် မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၂၃ ဝါဏိဇော ဘယံ မဂ္ဂံ၊ အပ္ပသတ္ထော မဟဒ္ဓနော။
ဝိသံ ဇီဝိတုကာမော ဝ၊ ပါပါနိ ပရိဝဇ္ဇယေ။

အပ္ပသတ္ထော၊နည်းသောကုန်သည်အပေါင်းအဖေါ်ရှိသော။မဟဒ္ဓနော၊များသောဥစ္စာရှိသော။ ဝါဏိဇော၊ ကုန်သည်သည်။ ဘယံ၊ဘေးဘျမ်းရှိသော။မဂ္ဂံ၊ လမ်းခရီးကို။ပရိဝဇ္ဇတိဣဝ၊ ကြဉ်ရှောင်သကဲ့သို့ဌင်း။ ဇီဝိတုကာမော၊ အသက်ရှင်လိုသောသူသည်။ဝိသံ၊လတ်တလောသေစေတတ်သောအဆိပ်ကို။ပရိဝဇ္ဇတိဣဝ၊ကြဉ်ရှောင်သကဲ့သို့ဌင်း။ပဏ္ဍိတောဘိက္ခု၊ပညာရှိသောရဟန်းသည်။ပါပါနိ၊ အနည်းငယ်ဖြစ်သော မကောင်းမှုတို့ကိုလည်း။ ပရိဝဇ္ဇယေ၊ ကြဉ်ရှောင်ရာ၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ထိုရဟန်းတို့သည် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကြလေကုန်၏။ ရောက်လာသော လူမျိုးအပေါင်း အားလည်း အကျိုးရှိသော တရားဒေသနာဖြစ်တော်မူလေ၏။

မဟာဓနကုန်သည်ကြီးဝတ္ထု ပြီး၏။

ဂ—ကုက္ကုဋမိတ္တမူဆိုးဝတ္ထု

ပါဏိမိုစေ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် ကုက္ကုဋမိတ္တ အမည်ရှိသော မူဆိုးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

သူဌေးသမီးနှင့်မူဆိုး သားခုနစ်ယောက်ရခြင်း

ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးတယောက်သည် အရွယ်သို့ ရောက်လတ်သည် ရှိသော် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏အထက် ကြက်သရေရှိသော တိုက်ခန်း၌ စောင့်ရှောက်ခြင်းငှါ အလုပ်အကျွေး ကျွန်မငယ်တယောက်ကိုပေး၍ ကျွေးမွေးပြုစုအပ်သည်ဖြစ်လျက် တနေ့သ၌ ညချမ်းသောအခါ လေသာတံခါးဖြင့် လမ်းမအလယ်ကို ကြည့်ရှုနေစဉ် ကျောက်ဆင်းငါးရာ ခြောင့်တံစို ငါးရာတို့ကိုယူလျက် သား သမင်တို့ကို သတ်ဖြတ်၍ အသက်မွေးသော တယောက်သော ကုက္ကုဋမိတ္တ အမည်ရှိသော မူဆိုးကြီးကို ငါးရာသောသမင်တို့ကိုသတ်၍ ထိုသမင်တို့၏အသား ဖြင့် လှည်းကြီးကို ပြည့်စေလျက် လှည်းဦး၌ထိုင်ပြီးလျှင် အမဲသားကိုရောင်း ခြင်းငှါ မြို့သို့ဝင်လာသည်ကိုမြင်ရလျှင် ထိုမူဆိုး၌ တပ်သောစိတ်ရှိသည်ဖြစ်၍ အလုပ်အကျွေး ကျွန်မငယ်၏လက်၌ စာလွှာကို ပေးသဖြင့် သွားခေါ် ထိုမူဆိုးကြီး၏ ပြန်သွားအံ့သော အခါနိ်ကာလကို သိပြီးမှ လာခဲ့ခေါ်လော့ဟု စေလွှတ်လိုက်လေသတတ်။ ထိုကျွန်မငယ်သည် သွား၍ မူဆိုးကြီးအား စာလွှာကိုပေးပြီးလျှင် မေးမြန်းလေ၏။ ယနေ့ အမဲသားဟင်းမျိုးကိုရောင်း၍ နံနက်စောစော ကြမှ ဤမည်သောတံခါးဖြင့် ထွက်၍ ပြန်သွားအံ့ဟု ဆိုလတ်သော် ကျွန်မငယ်သည့် ထိုမူဆိုးကြီးဆိုအပ်သောစကားကို ကြားရ၍ ပြန်သွားပြီးလျှင် သူဌေးသမီးအား ပြောကြားလေ၏။

သူဌေးသမီးသည် မိမိယူအပ်သည်နှင့် ယှဉ်သော အဝတ်တန်းဆာ အပေါင်းကို စီရင်ခန့်ရမ်းပြီးမှ နံနက်စောစောပင်လျှင် ညစ်နွမ်းသော ထမီအဝတ်ကိုဝတ်၍ ရေအိုးကိုရွက်လျက် ကျွန်မတို့နှင့် အတူတကွ ရေဆိပ်သို့ သွားလေဟန်ကဲ့သို့ ထွက်၍ ထိုအရပ်သို့သွားပြီးလျှင် မူဆိုးကြီး၏လာခြင်းကို ကြည့်ရှုမြော်လင့်လျက် နေနှင့်လေ၏။ ထိုမူဆိုးကြီးသည်လည်း စောစောကပင်လျှင် လှည်းကိုနှင်လျက် ထွက်လာလေ၏။ သူဌေးသမီးသည် မူဆိုးကြီး၏နောက်သို့ လိုက်သွား

လေ၏။ မူဆိုးကြီးသည် သူဌေးသမီးကိုမြင်လျှင် ချစ်နှမ သင်ကား အဘယ်သူ၏ သမီးဖြစ်သနည်းဟု မေးပြီးလျှင် ငါကား သင့်ကို ဤမည်သောသူ၏သမီးဟု မသိ ငါ၏နောက်သို့ မလိုက်လာပါလင့်ဟု ဆိုလေ၏။အရှင်သည် ကျွန်မကိုခေါ်ဆောင် သည်မဟုတ်ပါ ကျွန်မသည် မိမိ၏သဘောအားဖြင့် လာခဲ့ပါသည် အရှင်ဆိတ် ဆိတ်နေ၍ မိမိ၏လှည်းကိုသာ မောင်းနှင်ပါလော့ဟု ဆိုလတ်သော် ထိုမူဆိုးကြီး သည်လည်း အဖန်တလဲလဲ သူဌေးသမီးကို တားမြစ်သည်သာတည်း။ထိုအခါမူဆိုး ကြီးကို သူဌေးသမီးသည် အရှင့်သား ကြက်သရေမင်္ဂလာမည်သည် မိမိအထံသို့ လာသည်ရှိသော် တားမြစ်ခြင်းငှါ မသင့်ဟု ဆိုလေ၏။ မူဆိုးကြီးသည် ထိုသူဌေး သမီးအပေါ်၌ ယုံမှားကင်းသဖြင့် လာခြင်းအကြောင်းကို သိရလျှင် သူဌေးသမီးကို လှည်းထက်သို့ တင်လျက် သွားလေ၏။ ထိုသူဌေးသမီး၏ မိခင်ဘခင်တို့သည် ထိုမှဤမှ ရှာဖွေ၍ မမြင်ကုန်သည်ရှိသော် သေသည်ဖြစ်လတ္တံ့ဟု သေသူအလို့ငှါ ဆွမ်းကျွေးခြင်း မတကဘတ်အလှူကို ပြုလုပ်ကြရလေကုန်၏။ သူဌေးသမီးသည် လည်း ထိုမူဆိုးကြီးနှင့် အတူတကွ ပေါင်းသင်းနေထိုင်ခြင်းကို အစဲပြု၍ အစဉ် အတိုင်း သားခုနစ်ယောက်တို့ကို ဖွားမြင်ပြီးလျှင် ထိုသားတို့ကို အရွယ်သို့ ရောက်လတ်သည်ရှိသော် အိမ်ရာထောင်ခြင်းဖြင့် နှောင်ဖွဲ့လေ၏။

မူဆိုးရှစ်ယောက် ဘုရားကို လေးဖြင့်ချိန်နေပုံ

ထိုအခါ တနေ့သ၌ ဘုရားရှင်သည် နံနက်စောစော မိုးသောက်သောအခါ လောကကို ကြည့်ရှုသည်ရှိသော် ကုက္ကုဠမိတ္တကို သားခုနစ်ယောက်နှင့်တကွ ကိုယ်တော်မြတ်၏ ဉာဏ်တော်ကွန်ယက်အတွင်းသို့ ဝင်လာသည်ကို မြင်တော်မူရ လျှင် ဤအကြောင်းကား အဘယ်နည်းဟု စူးစမ်းဆင်ခြင်တော်မူသဖြင့် တကျိပ် ငါးယောက်ကုန်သော ထိုသူတို့၏ သောတာပတ္တိမဂ်ရကြောင်း ဥပနိဿယကို မြင်တော်မူခြင်းကြောင့် နံနက်စောစောကသာလျှင် သပိတ် သင်္ကန်းကို လွယ်ယူ ကာ မူဆိုးကြီး၏ ကျောက်ဥင်းထောင်ရာအရပ်သို့ ကြွသွားတော်မူလေ၏။ ထိုနေ့ ၌ကား ကျောက်ဥင်းတွင်မိသော တကောင်သော သမင်မျှလည်းမရှိ။ ဘုရားရှင် သည် ထိုမူဆိုးကြီး၏ ကျောက်ဥင်းအနီး၌ ခြေတော်ရာ[၁]ရွှေစက်ကို ပြထားပြီး

---

၁ မြတ်စွာဘုရားသည် ဆဋ္ဌဉာဏ်ဆင်ဆယ်စီးအားဖြင့် ကြီးသောအားရှိ၍ ပေါ့ပါးလျင်မြန် ယောကြောင့် ဖြစ်ခြေရာမထင်မီ ခြေတော်ကို ကွန့်၏ ခြေတော်ရာ ထင်စေလိုသော အခါမှသာလျှင် ထင်ရှားလေသည်။ ၎င်းခြေတော်ရာတို့ကား ကြာဖြင့်စွင်မတည်ကြကုန်။

လျှင် ရွှေမှချုံတခု၏ အရိပ်အောက်၌ နေတော်မူလင့်၏။ ကုက္ကုဋ္ဌမိတ္တသည် နံနက်စောစောကသာလျှင် လေးကိုယူ၍ ကျောက်ဝင်းထောင်ရာသို့ သွားသဖြင့် အစမှစ၍ ကျောက်ဝင်းတို့ကို ကြည့်ရှုလတ်သော် ကျောက်ဝင်း၌မိသော သမင်တကောင်ကိုမျှလည်း မမြင်ရမူ၍ ဘုရားရှင်၏ ခြေတော်ရာ ရွှေစက်ကိုမြင်လေ၏။

ထိုအခါ မူဆိုးကြီးအား အဘယ်သူသည် ငါထောင်အပ်သော သမင်တို့ကို လှတ်ပစ်၍ သွားလေဘိသနည်းဟု ဤသို့သော အကြံ ဖြစ်ပေါ်လာ၏။ မူဆိုးကြီးသည် ခြေတော်ရာရှင်ဖြစ်သော မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၍ သွားလေသော် ချုံအောက်၌ သီတင်းသုံးနေတော်မူသော ဘုရားရှင်ကို မြင်တွဲ့လျှင် ဤသူသည် ငါ၏သမင်တို့ကို လှတ်ပစ်အပ်သည် ဖြစ်ကုန်လတ္တံ့။ ထိုသူကိုသတ်တော့အံ့ဟု လေးကိုတင်လေ၏။ ဘုရားသဗ္ဗညုသည် လေးကိုတင်နိုင်စိမ့်သောငှါ ပေး၍ လှတ်စိမ့်သောငှါ မပေးဘဲထားလေ၏။ ထိုမူဆိုးကြီးသည် မြားကိုလှတ်ခြင်းငှါ သော်လည်း မတတ်နိုင်ရကား နံရိုးတို့မှ· ကျိုးပဲ့ကဲ့အက်လေသကဲ့သို့ ခံတွင်းမှ တံတွေး တစိစိ ယိုထွက်သဖြင့် ပင်ပန်းသော သဘောရှိလျက် နေရရှာလေ၏။ ထိုအခါ မူဆိုးကြီး၏သားတို့သည် အိမ်သို့သွားကြကုန်သဖြင့် ငါတို့၏ဘခင်သည် ကြာမြင့်လှ၏။ ဤသို့ ကြာမြင့်ရခြင်းကား အဘယ့်ကြောင့်နည်းဟု ဆိုလတ်သော် ချစ်သားတို့ ဘခင်၏အထံသို့ လိုက်သွားကြကုန်ဦးဟု မိခင်စေခိုင်းအပ်သောကြောင့် သားခုနစ်ယောက်တို့သည် လေးတို့ကို ကိုယ်စီယူကာ သွားကြသဖြင့် နံရိုးကျိုးလုမတတ် လေးကိုင်လျက် တံတွေးယိုဆင်းသော အခြင်းအရာဖြင့် ရပ်နေသော ဘခင်ကိုမြင်ရလျှင် ဤသူကား ငါတို့ဘခင်၏ ရန်သူဖြစ်လတ္တံ့ဟု နှလုံးပြုလျက် သားခုနစ်ယောက်စလုံးတို့ကလည်း လေးတို့ကိုတင်ကြပြီးလျှင် ဘုရားရှင်၏ တန်ခိုးအာနုဘော်တော်အားဖြင့် မူဆိုးသားတို့၏ ဘခင် ရပ်တည်နေသကဲ့သို့ ထိုအတူသာလျှင် ရပ်တည်နေကြရလေကုန်၏။

ကုက္ကုဋ္ဌမိတ္တမူဆိုးနှင့် သားသိမ်းတစု သောတာပန်တည်ခြင်း

ထိုအခါ သားတို့၏ မိခင်သည် ငါ့သားတို့ကားကြာမြင့်လှကုန်၏ အကြောင်းအသို့နည်းဟု ချွေးမခုနစ်ယောက်တို့နှင့် အတူတကွ လိုက်သွား၍ ထိုအခြင်းအရာဖြင့် ရပ်နေကြကုန်သော ထိုရှစ်ယောက်သောသူတို့ကို မြင်သဖြင့် အဘယ်သူအား ပစ်ရန် ဤသူတို့သည် လေးတို့ကိုတင်၍ ရပ်နေကြကုန်ဘိသနည်းဟု

ကြည့်ရှုလတ်သည်ရှိသော် ဘုရားသဗ္ဗညုကိုမြင်ရလျှင် လက်တို့ကိုမြှောက်ချီလျက် ငါ့ဘခင်ကို မသတ်ကြပါနှင့်ဟု သည်းစွာသောအသံကိုပြုလေ၏။ ကုက္ကုဋ္ဌမိတ္တာ မူဆိုးကြီးသည် ထိုအသံကိုကြားရလျှင် ဩော်.... ငါကား ချွတ်ချော် ပျက်စီး မှားယွင်းကြီး မှားယွင်းလေစွတကား ဤသူကား ငါ၏ယောကျ့ာမဖြစ်လေသတတ် ငါသည် အလွန်ဝန်လေးသော အမှုကို ပြုမိရလေခြင်းဟု ကြံစည်မိလေ၏။ ထိုမူဆိုးကြီး၏ သားတို့သည်လည်း ဤသူကား ငါတို့၏ အဘိုးဖြစ်လေသတတ် အလွန်ဝန်လေးသော် အမှုကိုပြုမိရလေခြင်းဟု ကြံစည်မိကြလေကုန်၏။ကုက္ကုဋ္ဌမိတ္တာ မူဆိုးကြီးသည် ဤသူကား ငါ၏ယောကျ့ာမ ပါတကားဟု ချစ်ခင်မြတ်နိုးသော စိတ်ကို ဖြစ်စေလေ၏။ ထိုမူဆိုးကြီး၏ သားတို့သည်လည်း ငါတို့၏ အဘိုးပါတကားဟု ချစ်ခင်မြတ်နိုးသောစိတ်ကိုဖြစ်စေကြလေကုန်၏။ ထိုအခါ ထိုသူတို့၏မိခင်ဖြစ်သော သူဌေးသမီးသည် လေးတို့ကို မြန်မြန်စွန့်ပစ်၍ ငါ့ဘခင်ကို ကန်တော့ကြဟု ပြောဆိုလေ၏။ဘုရားရှင်သည် ထိုသူတို့၏ နှုးညံ့သောစိတ်ကိုသိတော်မူသဖြင့် လေးကို ချနိုင်စိမ့်သောဥ ပေးလေ၏။ ထိုအလုံးစုံကုန်သော သူတို့သည် ဘုရားရှင်ကို ရှိခိုး၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့အား သည်းခံတော်မူကြပါဘုရားဟု တောင်းပန် ကန်တော့ပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌ နေကြလေကုန်၏။ ထိုအခါ ထိုသူတို့အား ဘုရားရှင်သည် အစဉ်အတိုင်းဖြစ်သော တရားစကားကို ဟောကြားတော်မူလေ၏။ ဒေသနာတော်၏အဆုံး၌ ကုက္ကုဋ္ဌမိတ္တာမူဆိုးကြီးသည် သားခုနစ်ယောက် ချွေးမခုနစ်ယောက်တို့နှင့် အတူတကွ မိမိလျှင် တဆဲ့ငါးယောက်မြောက် ဖြစ်၍ သောတာပတ္တိဖိုလ်၌တည်လေ၏။

သောတာပန်တည်ရာ သူဌေးသမီး မပါခြင်း

ဘုရားရှင်သည်လည်း ဆွမ်းအလို့ငှါ လှည့်လည်တော်မူပြီးလျှင် ဆွမ်းစားချိန်မှ နောက်အချိန်တွင် ကျောင်းတော်သို့ ကြွသွားတော်မူလေ၏။ ထိုအခါ ဘုရားသဗ္ဗညုကို ရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရား အဘယ်အရပ်သို့ ကြွသွားတော်မူပါသနည်းဘုရားဟု မေးလျှောက်လေ၏။ ချစ်သားအာနန္ဒာ ကုက္ကုဋ္ဌမိတ္တာမည်သော မူဆိုးကြီး၏အထံသို့ ကြွသွား၏ဟု မိန့်တော်မူလျှင် မြတ်စွာဘုရားရှင်တော်မြတ်ဘုရားတို့သည် သူ့အသက်သတ်ခြင်းအမှုကို မပြုအောင် ပြုအပ်ပါ

ပြီလောဘုရားဟု မေးလျှောက်လေ၏။ ချစ်သားအာနန္ဒာ သြော် မှန်ပေ၏။ ထိုကုက္ကုဋ္ဌမိတ္တသည် မိမိလျှင် တဆဲ့ငါးယောက်မြောက်ရှိသည်ဖြစ်၍ မတုန်မလှုပ်သော ကြည်ညိုခြင်းဌာ တည်သဖြင့် ရတနာသုံးပါးတို့ဌာ ယုံမှားခြင်း မရှိဘဲ သူ့အသက်သတ်ခြင်းအမှုကို မပြုသောသူ ဖြစ်ပြီဟု မိန့်တော်မူလျှင် ထိုရဟန်းတို့သည် မြတ်စွာဘုရား ထိုမူဆိုးအား မယားရှိသည်မဟုတ်ပါလော ဘုရားဟု လျှောက်ကြကုန်၏။ ချစ်သားရဟန်းတို့ ရှိသည်မှန်၏။ထိုမယားကား မိဘအိမ်ဌာ သတို့သမီးငယ်ဖြစ်စဉ် သောတာပတ္တိဖိုလ်သို့ရောက်လေပြီဟု မိန့်လတ်သော် ရဟန်းတို့သည် ကုက္ကုဋ္ဌမိတ္တမူဆိုးကြီး၏ မယားသည် သတို့သမီးငယ်ဖြစ်စဉ် ကလေးပင်လျှင် သောတာပတ္တိဖိုလ်သို့ ရောက်လျက် ထိုမူဆိုးအိမ်သို့ ရောက်သွားဌာ သားခုနစ်ယောက်တို့ကို ရသတတ် ထိုသတို့သမီးသည် ဤမျှကာလပတ်လုံး လင်မူဆိုးကြီးက လေးကိုဆောင်ခဲ့လော့ မြားတို့ကိုယူခဲ့လော့ လုံကိုယူခဲ့လော့ ပိုက်ကွန်ကိုယူခဲ့လော့ဟု ဆိုအပ်သည်ရှိသော် ထိုလေး မြား စသည်တို့ကို ပေးရလေ၏။

ထိုမူဆိုးကြီးသည် မယားပေးအပ်သော လေး မြား စသည်တို့ကို ယူသွားဌာ သူ့အသက်သတ်ခြင်းကို ပြုပေ၏။ အသို့နည်း သောတာပန်တို့ သည်လည်း သူ့အသက်သတ်ခြင်းကို ပြုကြကုန်သလောဟု စကားကို ဖြစ်စေကြလေကုန်၏။ ဘုရားရှင်သည် ကြွလာတော်မူ၍ ချစ်သားရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူခြင်းကြောင့် ဤမည်သော စကားဖြင့် စည်းဝေးကြပါသည်ဘုရားဟု နားတော်လျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ သောတာပန်တို့မည်သည် သူ့အသက်သတ်ခြင်းကိုမပြုကြကုန်။ထိုမိန်းမသည်ကား လင်ယောကျ်ား၏စကားကို လိုက်နာအံ့ဟု လင်ကဆိုတိုင်းပြုဘိ၏။ ဤလေး မြား စသည်ကိုယူ၍ ဤမူဆိုးကြီးသွားပြီးလျှင် သူ့အသက်သတ်ခြင်းကို ပြုနိုင်ပါစေသတည်း ဟူသော စိတ်သည် ထိုမိန်းမအား မရှိ လော်ဝါးပြင်၌ အနာမရှိသော် အဆိပ်ကို ကိုင်ယူသောသူအား ထိုအဆိပ်သည် လောင်ခြင်းငှါ မတတ်နိုင် ဤအတူသာလျှင် အကုသိုလ်စေတနာမရှိခြင်းကြောင့် မကောင်းမှုကိုမပြုလိုသောသူအား လေးစသည်တို့ကို ထုတ်၍ ပေးသော်လည်း မကောင်းမှုမည်သည် မဖြစ်ဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားဟောကြားတော်မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေဿနာတော်

၁၂၄ ပါဏိမှိ စေ ဝဏ္ဏော နာဿ၊ ဟရေယျ့ ပါဏိနာ ဝိသံ။
နာဗ္ဘဏံ ဝိသ မန္ဒေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။

ပါဏိမှိ၊ လက်ဝါးပြင်၌။ ဝဏ္ဏော၊ အနာဿည်။ စေနာဿ၊ အကယ်၍မဖြစ်ငြားအံ့။ ပါဏိနာ၊ လက်ဖြင့်။ ဝိသံ၊ အဆိပ်ကို။ ဟရေယျ၊ ကိုင်ယူနိုင်ရာ၏။ အဗ္ဘဏံ၊ အနာမရှိသောလက်ကို။ ဝိသံ၊ အဆိပ်သည်။ နအန္ဒေတိ၊ အစဉ်မလိုက်နိုင်။ အကုဗ္ဗတော၊ စေတနာမရှိခြင်းကြောင့် ပြုသော်လည်း မပြုသည်မည်သော သူအား။ ပါပံ၊မကောင်းမှုသည်။နတ္ထိ၊မရှိ။

ဒေဿနာတော်၏အကျိုး

ဒေဿနာတော်၏အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

မူဆိုးမိသားစုတို့၏ ရှေးအတိတ်

တပါးသောအခါ၌ ရဟန်းတို့သည် ကုက္ကုဋ္ဌမိတ္တမူဆိုးကြီး၏ သား ချွေးမတို့နှင့်တကွ သောတာပတ္တိမဂ် ရခြင်း၏အကြောင်း ဥပနိဿယသည် အဘယ်နည်း အဘယ်အကြောင်းကြောင့် မူဆိုးအမျိုး၌ ဖြစ်ရှာလေဘိသနည်းဟု စကားကို ပြောကြားကြလေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ချစ်သားရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူခြင်းကြောင့် ဤမည်သော စကားဖြင့် စည်းဝေးကြပါသည့်ဘုရားဟု နားတော်လျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ကဿပဘုရားရှင်၏ ဓာတ်တော်စေတီကို စီရင်ပြုစုကြကုန်သည်ရှိသော် ဤသို့ပြောဆိုကြကုန်၏။ ဤစေတီအလို့ငှါ မြေညက်သည် အဘယ်ဝတ္ထုဖြစ်လတ္တံ့နည်း ရေသည် အဘယ်ဝတ္ထုဖြစ်လတ္တံ့နည်းဟူ ပြောဆိုသောအခါ ထိုသူတို့အား ဤသို့သော အကြံ ဖြစ်ပေါ်လေ၏။ ဆေးဒန်းမြင်းသိလာသည် မြေညက်ဖြစ်လတ္တံ့ နှမ်းဆီသည် ရေဖြစ်လတ္တံ့ဟု အကြံဖြစ်၍ ထိုသူတို့သည် ဆေးဒန်း မြင်းသိလာကို ထောင်းကြိတ်၍ နှမ်းဆီဖြင့် နယ်၍ အုဋ္ဌန့်စပ်လျက် ရွှဲဖြင့် ချယ်စီပြီးလျှင် အတုင်း၌ စီကြကုန်၏။ အပြင်ပ မျက်နှာ၌ကား တခဲနက်ရွှေအုဋ္ဌတို့သည်သာလျှင် ဖြစ်ကြကုန်၏။ အုဋ္ဌတချပ် တချပ်သည် အဘိုးတသိန်းထိုက်တန်၏။ ထိုလူတို့သည်

ဓာတ်တော် ဌာပနာသည် တိုင်အောင် စေတီပြီးလတ်သည်ရှိသော် ဓာတ်တော် ဌာပနာသောအခါ၌ များစွာသောဥစ္စာဖြင့် အလိုရှိ၍ အဘယ်သူကို အကြီးအမှူး ပြုကြရကုန်အံ့နည်းဟု ကြံစည်ကြကုန်၏။ ထိုအခါ တောရွာနေ သူဌေးတဦးသည် ငါကား အကြီးအမှူးဖြစ်အံ့ဟု ဓာတ်တော်ဌာပနာရာ၌ငွေတကုဋ္ဌေကို ထည့်လေ၏။ ထိုအခြင်းအရာကိုမြင်လျှင် ပြည်သူပြည်သားတို့သည် ဤမြို့နေ သူဌေးကား ဥစ္စာကိုသာလျှင် စုဆောင်းတတ်၏။ ဤသို့သဘောရှိသော စေတီ၌ အကြီး အမှူးဖြစ်ခြင်းငှါ မတတ်နိုင်။ တောရွာနေ သူဌေးသည်ကား တကုဋ္ဌေသော ဥစ္စာကိုထည့်၍ အကြီးအမှူးဖြစ်လေ၏ဟု ကဲ့ရဲ့ကြကုန်၏။ မြို့နေသူဌေးသည် ထိုသူတို့စကားကိုကြားရလျှင် ငါကား နှစ်ကုဋ္ဌေသောဥစ္စာတို့ကိုပေး၍ အကြီး အမှူးဖြစ်အံ့ဟု နှစ်ကုဋ္ဌေသောဥစ္စာတို့ကို ပေးလေ၏။ တောရွာနေ သူဌေးသည် ငါသည်သာလျှင် အကြီးအမှူးဖြစ်အံ့ဟု သုံးကုဋ္ဌေသောဥစ္စာတို့ကို ပေးလေ၏။ ဤသို့ပွားစေသဖြင့် မြို့နေသူဌေးသည် ရှစ်ကုဋ္ဌေတို့ကို ပေးလေ၏။ တောရွာနေ သူဌေးအား အိမ်၌ ကိုးကုဋ္ဌေသော ဥစ္စာသည်သာလျှင်ရှိ၏။ မြို့နေသူဌေးအား ကုဋ္ဌေလေးဆယ်ရှိ၏။ ထို့ကြောင့် တောရွာနေ သူဌေးသည် ငါကား ကိုးကုဋ္ဌေ သောဥစ္စာကိုပေးအံ့ဟု အကယ်၍ ဆိုချေသည်ဖြစ်အံ့။ ထိုအခါငါ့အား ဥစ္စာမရှိ သောအဖြစ်သည် ထင်ရှားလတ္တံ့ဟု ကြံစည်မိလေ၏။ ထို့ကြောင့် ထိုတောရွာ နေ သူဌေးသည် ဤသို့ဆိုလေ၏။ ငါကား ဤမျှလောက်သောဥစ္စာကိုပေးအံ့။ သားမယားနှင့်တကွလည်း စေတီ၏ကျွန်ဖြစ်အံ့ဟု ဆို၍ သားခုနစ်ယောက်တို့ကို ၎င်း ချွေးမခုနစ်ယောက်တို့ကို၎င်း မယားကို၎င်း ခေါ်၍ မိမိနှင့်တကွ စေတီအား ဆောင်နှင်းလေ၏။

စေတီဂေါပကလူကြီး ရွှေးကောက်ခြင်း

ပြည်သူပြည်သားတို့သည် ဥစ္စာမည်သည်ကား ဖြစ်စေခြင်းငှါ တတ်နိုင် ကောင်း၏။ သားမယားနှင့်တကွလည်းဖြစ်သော ဤတောရွာနေ သူဌေးသည် ကား မိမိကိုယ်ကိုဆောင်နှင်းပေ၏။ ဤသူသည်သာလျှင် အကြီးအမှူး ဖြစ်စေ သတည်းဟုဆို၍ ထိုတောရွာနေ သူဌေးကို အကြီးအမှူး ပြုကြလေကုန်၏။ ဤသို့လျှင် ထိုတကျိပ်ခြောက်ယောက်စလုံးလည်းဖြစ်သော သူတို့သည် စေတီ၏ ကျွန်ဖြစ်ကြကုန်၏။ ပြည်သူပြည်သားတို့သည်ကား ထိုသူတို့ကို တော်လှန်သည်

တို့ကို ပြုကြလေကုန်၏။ ဤသို့ တော်လှန်သော်လည်း စေတီကိုသာလျှင် သုတ်သင်ပြုစုလျက် အသက်ထက်ဆုံးနေ၍ ထိုကိုယ်အဖြစ်မှ စုတေကြကုန်သည် ရှိသော် နတ်ပြည်၌ဖြစ်ကြလေကုန်၏။ ထိုသူတို့သည် ဘုရားရှင်နှစ်ဆူတို့၏ တခုသောအကြား ကာလပတ်လုံး နတ်ပြည်တို့၌ နေကြကုန်လျက် ဤငါတို့မြတ်စွာဘုရား ထင်ရှား ပွင့်တော်မူသောအခါ မယားသည် ထိုနတ်ပြည်မှစုတေ၍ ရာဇဂြိုဟ်ပြည်ဝယ် သူဌေးသမီးအဖြစ်ဖြင့် ဖြစ်လာ၏။ထိုသူဌေးသမီးသည် သတို့သမီး ငယ်ဖြစ်လျက်ပင်လျှင် သောထာပတ္တိဖိုလ်သို့ ရောက်လေ၏။ သစ္စာလေးပါးကို မသိမမြင်ရသေးသောသူ၏ ပဋိသန္ဓေနေခြင်းမည်သည် ဝန်လေးလှ၏။ထို့ကြောင့် ထိုသတို့သမီး၏ လင်ယောကျ်ားသည် တပြောင်းပြန်ပြန် ကျင်လည်ကာသွား၍ မူဆိုးအမျိုး၌ ဖြစ်ရရှာလေ၏။ ထိုမူဆိုးအား မြင်သည်နှင့်တပြိုင်နက်သာလျှင် သူဌေးသမီးကို ရှေး၌ဖြစ်သော ချစ်ခင်ခြင်းသည် လွှမ်းမိုး ဘိစီးလေ၏။ ထိုစကား မှန်၏ ထို့ကြောင့် ဤဂါထာကိုဟောတော်မူအပ်သည်သာတည်း။

ပုဗ္ဗေ သန္နိဝါသေန၊ ပစ္စုပ္ပန္န ဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

ဥပ္ပလံဝါ၊ ဥပ္ပလကြာမျိုးသည်ဂုင်း။ သေသံဝါ၊ ကြွင်းသောပဒုမာကြာမျိုးသည်ဂုင်း။ ဥဒကေ၊ ရေ၌။ဇာယမာနံ၊ ဖြစ်လတ်သည်ရှိသော်။ဥဘောဟိ၊ ရေနှင့် ညွှန်ပျောင်း အကြောင်းနှစ်ပါးတို့ကြောင့်။ ဇာယတေယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ တံပေမံ၊ ထိုချစ်ခင်ခြင်းသည်။ ဇာယမာနံ၊ ဖြစ်လတ်သည်ရှိသော်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ သန္နိဝါသေနဝါ၊ ကောင်းစွာပေါင်းသင်း နေဘူးခြင်းကြောင့်ဂုင်း။ ပစ္စုပ္ပန္နဟိတေနဝါ၊ မျက်မှောက်စီးပွားအကျိုး များမြောင် ရွက်ဆောင်ဘူးခြင်းကြောင့်ဂုင်း။ ဧဝံ၊ ဤအကြောင်းနှစ်ပါးတို့ကြောင့်။ ဇာယတေ၊ဖြစ်၏။

ထိုသူဌေးသမီးသည် ရှေး၌ဖြစ်သော ချစ်ခင်ခြင်းအားဖြင့်သာလျှင် မူဆိုးအိမ်သို့ ရောက်သွားရလေ၏။ သူဌေးသမီး၏သားတို့သည်ကား နတ်ပြည်မှ စုတေခဲ့ကြ၍ ထိုသူဌေးသမီးဝမ်း၌သာလျှင် ပဋိသန္ဓေ စွဲယူနေကြကုန်၏။ ထိုသူဌေးသမီး

---

၁ ဒုကနိပါတ် သာဇကဘဇာတ်လာ ဤဂါထာကို ဤခမ္မပဒ ၂-အပွမာဒဝဂ် သာမာဝတီဝတ္ထုဒ္ဒလည်း မိန့်ဆိုလေပြီ။ အရိုး၌ ဆူးမရှိလျှင် ဥပ္ပလကြာမည်၏။ဆူးရှိလျှင် ပဒုမာကြာမည်၏။

၏ ချွေးမတို့သည်လည်း ထိုထိုအရပ်၌ ဖြစ်ခဲ့ကြပြီးလျှင် အရွယ်သို့ရောက်ကုန်သည်ရှိသော် ထိုသူတို့၏အိမ်သို့သာလျှင် ရောက်သွားကြလေကုန်၏။ ဤသို့လျှင် ထိုအလုံးစုံသော သူတို့သည်လည်း ထိုအခါ ကဿပဘုရားရှင် စေတီတော်ကို သုတ်သင်ပြုစုကြခြင်းကြောင့် ထိုကောင်းမှု၏အာနုဘော်အားဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်ကြလေကုန်၏။

ကုက္ကုဋမိတ္တမူဆိုးဝတ္ထု ပြီး၏။

၉—ကောကခွေးမူဆိုးဝတ္ထု

ယောအပ္ပဒုဋ္ဌဿ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ကောကအမည်ရှိသော ခွေးမူဆိုးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ရဟန်းကို သူယုတ်ဟု မူဆိုးညှင်းဆဲခြင်း

ထိုမူဆိုးသည် တနေ့သ၌ နံနက်အခါ လေးကိုထမ်း၍ ခွေးအပေါင်းခြံရုံလျက် တောသို့ထွက်သွားလတ်သည်ရှိသော် လမ်းခရီးအကြား၌ ဆွမ်းအလိုငှါ ကြွဝင်လာသော ရဟန်းတော်တပါးကိုမြင်ရလျှင် အမျက်ထွက်လှသဖြင့် ငါကားသူယုတ်ကို မြင်အပ်၏။ ယနေ့တစုံတခု ရခြင်း မဖြစ်တော့လတ္တံ့ဟု ကြံလျက် ဖဲသွားလေသတတ်။မထေရ်သည်လည်း ရှာ၌ ဆွမ်းအလိုငှါ လှည့်လည်ပြီးလျှင်ဆွမ်းစားခြင်းကိစ္စ ပြုပြီးလတ်သော် တဖန်ကျောင်းသို့ ပြန်သွားလေ၏။ မူဆိုးသည်လည်း တောသို့ သွားလာလှည့်လည်၍ တစုံတခုကိုမရဘဲ ပြန်လာသည်ရှိသော် တဖန် မထေရ်ကိုမြင်ပြန်လျှင် ယနေ့ငါသည် ဤသူယုတ်ကိုမြင်ရသဖြင့် တောသို့သွားရာ တစုံတခုကိုမျှမရ ယခုတဖန်လည်း ငါ၏ရှေးရှုမျက်မှောက်ဖြစ်ပြန်ပြီ ထိုရဟန်းကို ခွေးတို့ဖြင့် ကိုက်ခဲစေတော့အံ့ဟု အချက်ပေး၍ ခွေးတို့ကို လွှတ်လေ၏။မထေရ်သည် ဒါယကာ ဤသို့မပြုပါလင့်ဟု တောင်းပန်လေ၏။ ယနေ့ ငါကား သင်၏ မျက်မှောက် ရှေးရှု၌ဖြစ်ခြင်းကြောင့် တစုံတခုကိုမျှမရ တဖန်လည်းငါ၏ မျက်မှောက် ရှေးရှု၌အဖြစ်သို့ ရောက်လာပြန်သည် သင့်ကို ကိုက်ခဲစေအံ့ဟုဆို၍ ခွေးတို့ကို လွှတ်လိုက်သည် သာလျှင်တည်း။ မထေရ်မြတ်သည် သစ်ပင်တခုသို့

လျင်မြန်စွာ တက်ပြီးလျှင် ဘုတသူအတိုင်း အရှည်ရှိသောအရပ်၌ နေတော်မူရလေ၏။ ခွေးတို့လည်း သစ်ပင်ကို ခြံရံလျက် နေကြလေကုန်၏။ မူဆိုးသည် လိုက်သွားတဲ့၍ သစ်ပင်ကို တက်သော်လည်း အသင့်အား သေဘေးမှ လွတ်ခြင်းသည် မရှိဟုဆိုလျက် ထိုရဟန်းကို မြွားဦးချွန်ဖြင့် ခြောဝါးအပြင်၌ ထိုးလေ၏။ မထေရ်သည် ဤသို့မပြုပါလင့်ဟု မူဆိုးကို တောင်းပန်လေသည် သာတည်း။ မူဆိုးသည် ထိုရဟန်းတောင်းပန်ခြင်းကို နားမထောင် မနာယူမူ၍ အဖန်တလဲလဲ ထိုးသည်သာလျှင်တည်း။

မူဆိုးအသားကို မူဆိုးခွေးစားခြင်း

မထေရ်သည် တဘက်သော ခြောဝါးအပြင်ကို ထိုးသည်ရှိသော် ထိုခြေကို ကြွ၍ နှစ်ခုမြောက်သောခြေကို အောက်သို့ တဲ့လျှားချသဖြင့် ထိုချသောခြေကို ထိုးပြန်သည်ရှိသော် ထိုခြေကိုလည်း ကြွ၍ထားရ၏။ ဤသို့မူဆိုးသည် ရဟန်း၏ တောင်းပန်ခြင်းကို နားမထောင် မနာယူမူ၍သာလျှင် ခြောဝါးပြင်နှစ်ဘက်တို့ကို ထိုးလေ၏။ မထေရ်၏ ကိုယ်အလုံးသည် မီးရှူးတို့ဖြင့် ရှို့မြှိုက်သကဲ့သို့ ဖြစ်ရှာလေ၏။ ထိုမထေရ်သည် ဆင်းရဲခြင်းဝေဒနာသို့ အစဉ်ရောက်သည် ဖြစ်ရကား သတိကို ရှေးရှုထင်စေခြင်းငှါ မတတ်နိုင်သဖြင့် ရုံသောသက်နှံးလျှာကျသည်ကိုမျှလည်း မမှတ်သားနိုင် လျှောကျသော ထိုသက်နှံးသည် ကောကမည်သော မူဆိုးကို ဦးခေါင်းမှစ၍ ခြုံရုံရစ်ပတ်လျက်သာ ကျလာလေ၏။ ခွေးတို့သည် မထေရ်ကြီး ကျလာပြီဟူသော အမှတ်ဖြင့် သက်နှံးကြားသို့ ဝင်ပြီးလျှင် မိမိသခင်ဖြစ်သော မူဆိုးကို ဆွဲထုတ်နုတ်ယူလျက် ခဲဝါးစားကြကုန်လျက် အရိုးမျှလောက်သာ ကြွင်းကျန်အောင် ပြုကြလေကုန်၏။ ခွေးတို့သည်သက်နှံးကြားမှ ထွက်၍ အပဋ္ဌ နေကြကုန်၏။ ထိုအခါ မထေရ်သည် ခွေးတို့အား သစ်ကိုင်းခြောက်တခုကို ချိုး၍ ပစ်လေ၏။ ခွေးတို့သည် မထေရ်ကိုမြင်လျှင် ငါတို့ကား သခင်ကိုသာလျှင်ကိုက်၍ စားမိခဲ့ချေပြီဟု သိသဖြင့် တောသို့ဝင်ပြေးလေကုန်၏။ မထေရ်သည်လည်း ငါ၏ သက်နှံးကြားသို့ဝင်၍ ဤမူဆိုးသည် သေကြေ ပျက်စီးရလေ၏။ ငါ၏သီလသည် အဖြစ်အနာ ကင်းပါ၏ လောဟု အလို့လို ပုပန်ခြင်းကို ဖြစ်စေလေ၏။ ထိုမထေရ်သည် သစ်ပင်ထက်မှ ဆင်းသက်၍ ဘုရားရှင်၏ အထံ

---

၁ ရဟန်းတို့သည် သစ်ပင်တက်လျှင် ဒုက္ကဋ်အာပတ်ဟု ပညတ်ထားသော်လည်း ဘေးရန်ရှိလျှင် တသူမျှ-ဓါ-လက်ခုပ်တဖေါင်မျှ တက်ခြင်းငှါကား ခွင့်ပြုထားလေ၏။

တော်သို့ သွားပြီးလျှင် အစမှစ၍ ထိုအကြောင်းကို လျှောက်ကြားလေ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ သင်္ကန်းကိုမှီ၍ ထိုဒါယကာသည် ပျက်စီးရရှာလေ၏။ ထို့ကြောင့် တပည့်တော်အား ရဟန်း၏ အဖြစ်သည်မရှိပါပြီလော ဘုရားဟူ၍လည်း မေးလျှောက်လေ၏။ ဘုရားရှင်သည် ထိုရဟန်း၏စကားကိုကြားရလျှင် ချစ်သားရဟန်း သင်၏သီလသည် အပြစ်အနာမရှိ သင့်အား ရဟန်း၏ အဖြစ်သည်ရှိ၏ ထိုမူဆိုးကား မပြစ်မှားအပ်သောသူကို ပြစ်မှားမိခြင်းကြောင့် ပျက်စီးခြင်းသို့ရောက်ရလေ၏။ ထိုမူဆိုးသည်ယခုသာလျှင် သက်သက် မဟုတ်သေး ရှေးလွန်လေပြီးသောအခါ၌လည်း မပြစ်မှားအပ်သော သူတို့ကို ပြစ်မှားခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ဘူးသည်ဖြစ်သော်လျှင်တည်းဟု မိန့်တော်မူ၍ ထိုအကြောင်းကို ထင်ရှားပြလိုရကား အတိတ်ကို ဆောင်တော်မူလေ၏။

ဆေးသမားဖြစ်စဉ် အတိတ်၌ယုတ်မာပုံ

လွန်လေပြီးသောအခါ ဆေးသမားတယောက်သည် ဆေးကုခြင်းဌာ ရှာသို့လှည့်လည်လတ်သော် တစုံတခုသော ဆေးကုဘွယ် အမှုကို မရခြင်းကြောင့် မွတ်သိပ်ဆာလောင်သော သဘောရှိသဖြင့် ထွက်လာခဲ့ပြီးလျှင် ရှာတံခါး၌ များစွာသောသူငယ်တို့ ကစားနေကြသည်တို့ကို မြင်ရလျှင် ဤသူငယ်တို့ကို မြေဖြင့်ကိုက်စေ၍ ဆေးကုရသည်ရှိသော် ထမင်းအာဟာရကို ရပေလတ္တံ့ဟု တခုသော သစ်ပင်၌ သစ်ခေါင်းဝတွင် ဦးခေါင်းကိုထုတ်၍ အိပ်နေသော မြွေကို ပြုပြီးလျှင် အိုသတို့သားငယ်တို့ ဤငှက်သည် [1]သာဋ္ဌိကာငယ်တည်း။ ထိုသာဋ္ဌိကာကို ဖမ်းကြ ကုန်လော့ဟုဆိုလေသတတ်။ ထိုအခါသတို့သားငယ် တယောက်သည် မြွေကို လည်ပင်း၌ မြဲစွာဆုပ်ကိုင်သဖြင့် ထိုသတ္တဝါ၏ မြွေဖြစ်ခြင်းကို သိရလျှင် ဟစ်ကြွေးမြည်တမ်းလျက် မနီးမဝေးသော အရပ်၌ ရပ်နေသော ဆေးသမား၏ ဦးထိပ်ထက်၌ ပစ်မိလေ၏။ မြွေသည် ဆေးသမား၏ ပခုံးရိုးကို ရစ်ပတ်လျက် ပြင်းစွာကိုက်ခဲခြင်းကြောင့် ထိုအရပ်၌ပင် အသက်ကုန်ခြင်းသို့ ရောက်စေလေ၏။ ဤသို့လျှင် ကောကမည်သော ဤခွေးမူဆိုးသည် ရှေး၌လည်း မပြစ်မှားအပ်သော သူကို ပြစ်မှားခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ဘူးသည်

---

၁ ဆက်ယက်ငယ်ဟူ၍လည်း ပြန်ဆိုရေးသားသင့်ပါ၏။

သာလျှင်တည်း ဟုမြတ်စွာဘုရားသည် လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၍ အနုသန္ဓေကိုစပ်လျက် တရားဟောကြားတော် မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၂၅ ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊ သုဒ္ဓဿ ပေါသဿ အနင်္ဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊ သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။

ယော၊ အကြင်မလိမ္မာသောသူသည်။ အပ္ပဒုဋ္ဌဿ၊ ဘယ်သူအားမျှ မပြစ်မှားတတ်သော။ သုဒ္ဓဿ၊ ပြစ်မှုလွတ်ကင်း စင်ကြယ်ခြင်း ရှိသော။ အနင်္ဏဿ၊ ညစ်ကျုကိလေ ကင်းကွေပြီးသော။ ပေါသဿ၊ မွေးမြူပုဇော်ထိုက်သော။ နရဿ၊သတ္တဝါအား။ဒုဿတိ၊ပုတ်ခတ်ခြင်း စသည်ဖြင့်ပြစ်မှား၏။တမေဝဗာလံ၊ ထိုမလိမ္မာသောသူ၏ အထံသို့သာလျှင်။ပါပံ၊ပြစ်မှားသော ထိုမကောင်းမှုသည်။ ပဋိဝါတံ၊ လေညာသို့။ ခိတ္တော၊ ပစ်အပ်သော။ သုခုမော၊ သိမ်မွေ့သော။ ရဇောဇ္ဇဝ၊ မြူကဲ့သို့။ ပစ္စေတိ-ပတိတော်၊ မကောင်းကျိုး အဖြစ်ဖြင့် ရှေးရှုလှည့်ကာ ပြန်၍လာ၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ထိုရဟန်းသည် အရဟာတ္တဖိုလ်၌ တည်လေ၏။ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်တော်မူလေ၏။

ကောကဒွေးမူဆိုးဝတ္ထုပြီး၏

၁၀—မဏိကာရကုလူပကတိဿ မထေရဝတ္ထု

ဂဗ္ဘမေကေ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် [1]ရှိုထွင်း သမား၏ ဆရာဖြစ်သော တိဿမထေရ်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

---

၁ ရွှဲထွင်းသမားဟူသည် ဤနေရာ၌ ကျောက်သွေးသမားပင်တည်း။

ဆွမ်းစားသွားရင်း ပတ္တမြားခိုးဟု အရိုက်ခံရခြင်း

ထိုတိဿမထေရ်သည် ရွဲထွင်းသမား တယောက်၏ အိမ်၌တဆဲ့နှစ်နှစ်တိုပတ်လုံး ဆွမ်းဘဉ်းပေးသတတ်။ ထိုအိမ်၌ ဇနီး ခင်ပွန်းတို့သည် မိဘအရာ၌တည်၍ မထေရ်ကို လုပ်ကျွေးသမှု ပြုစုကြလေကုန်၏။ ထိုအခါတနေ့သ၌ ထိုရွဲထွင်းသမား သည် မထေရ်၏ရှေ့၌ ဟင်းမျိုးအမဲသားကို စင်းခုတ်ဖြတ်လှီးလျက် နေလေ၏။ ထိုခဏ၌ ပဓေယ်သနဒီကောသလ မင်းကြီးသည် တခုသော ပတ္တမြားရတနာကို ဤပတ္တမြားကိုသွေး၍ ထွင်းပြီးလျှင် ပို့လိုက်ရမည်ဟု စေလိုက်လေ၏။ ရွဲထွင်း သမားလည်း သွေးရှိသောလက်ဖြင့်သာလျှင် ထိုပတ္တမြားကို ခံယူ၍ ပအုပ်၏ အထက်၌ တင်ထား၍ လက်ဆေးခြင်းငှါ အတွင်းသို့ဝင်သွားလေ၏။ ထိုအိမ်တွင်ကား မွေးစားထားသော ကြိုးကြာငှက်သည်ရှိ၏ ထိုကြိုးကြာငှက်သည်သွေးအနံ့ကြောင့် သားတစ် ဟူသော အမှတ်ဖြင့် ထိုပတ္တမြား ရတနာကို မထေရ်မြင်စဉ်သာလျှင် မျိုလေ၏။ ရွဲထွင်းသမားသည် ပြန်သာ၍ ပတ္တမြားကို မမြင်လေလျှင် ပတ္တမြားကို အဘယ်သူ ယူသနည်းဟုမယားကိုဂင်း သားတို့ကိုဂင်း အစဉ်အတိုင်းမေး၍ ထိုသားမယားတို့သည် မယူကြရကုန်ဟုဆိုသော် မထေရ်ယူသည်ဖြစ်လတ္တံ့ဟု ကြံ၍ မထေရ်ယူလိမ့်မည်ဟု မယားနှင့် တိုင်ပင်လေ၏။

အရှင် ဤသို့မဆိုပါလင့် ဤမျှလောက် ကာလပတ်လုံး မထေရ်၏ တစုံတခုသော အပြစ်ကို ကျွန်မ မမြင်ရစဘူးပါ ထိုမထေရ်သည် ပတ္တမြားကိုယူသည် မဟုတ်နိုင်ဟုဆိုလျှင် ရွဲထွင်းသမားသည်လည်း မထေရ်ကို အရှင်ဘုရားဤအရပ်၌ ထားသောပတ္တမြားရတနာကိုအရှင်ဘုရားတို့ ယူသလော်ဟုမေးလေ၏။ ဒါယကာ ငါမယူဟုဆိုလျှင် အရှင်ဘုရား ဤအရပ်၌ တပါးသော သူမရှိ အရှင်ဘုရားတို့သည်သာလျှင် ယူသည်ဖြစ်လတ္တံ့။ တပည့်တော်အား ပတ္တမြားရတနာကို ပေးကုန်လော့ဟု စုပ်စဲ့တောင်းဆိုလေ၏။ ထိုရွဲထွင်းသမားလည်း ဆရာမထေရ်ဝန်မခံသည်ရှိသော် တဖန်မထေရ်သည် ပတ္တမြားကိုယူ၏။ နှိပ်စက်ညှဉ်းပန်း၍ မထေရ်ကို မေးအံ့ဟု မယားကိုဆိုပြန်လေ၏။ အရှင် ကျွန်မတို့ကို မဖျက်ဆီးပါလင့် ကျွန်မတို့သည် ကျွန်အဖြစ်သို့ ရောက်ရခြင်းကား သင့်မြတ်သေး၏။ ဤသို့သဘောရှိသော မထေရ်ကို ပြစ်မှားပြောဆိုခြင်းကား မသင့်မြတ်ဟုဆိုလျှင် ရွဲထွင်းသမားသည် အလုံးစုံသာဖြစ်သော ငါတို့သည် ကျွန်အဖြစ်သို့ရောက်ရကုန်

သော်လည်း ပတ္တမြားအဘိုးကို မမှီနိုင်ကြကုန်ဟုဆိုလျက် ကြိုးကိုယူ၍ မထေရ်၏ ဦးခေါင်းတော်ကို ရစ်ပတ်ပြီးလျှင် တုတ်ဖြင့် ရိုက်နှက် ပုတ်ခတ်လေ၏။

ကြိုးကြာဝမ်းဌ ပတ္တမြားရ၍ တောင်းပန်ခြင်း

မထေရ်မြတ်၏ ဦးခေါင်းတော်မှဌင်း နားရွက် နှာခေါင်းတို့မှဌင်း သွေးသည် ယိုစီးလေ၏။ မျက်စိတို့သည် ပြုတ်ထွက်အံ့လုမတတ် ဖြစ်သော အခြင်းအရာသို့ ရောက်ကုန်၏။ ထိုမထေရ်သည် ဆင်းရဲခြင်းဝေဒနာ ခံစားရသောအခြင်းအရာသို့ ရောက်သဖြင့် မြေဌိလဲလေ၏။ ကြိုးကြာဌက်သည် သွေးအနံ့ဖြင့် လာလတ်၍ သွေးကိုသောက်လေ၏။ ထိုအခါဌ ကြိုးကြာဌက်ကို ရွဲထွင်းသမားသည် မထေရ်အပေါ်ဌဖြစ်သော အမျက်ဒေါသ၏အစွမ်းအားဖြင့် နင်ဌက်မိုက်သည် အဘယ်ကို ပြုလာဘိသနည်းဟု ဆိုလျက် ခြေဖြင့် ကန်ကျောက်၍ ပစ်လိုက်လေ၏။ ကြိုးကြာဌက်သည် တချက်တည်းဖြင့်သာလျှင် သေ၍ ပက်လက်ဖြစ်နေလေ၏။ မထေရ်သည် ထိုပက်လက်ဖြစ်နေသော ကြိုးကြာဌက်ကိုမြင်လျှင် ဒါယကာ ဦးခေါင်းဌရစ်၍ ချည်သောကြိုးကို ရှေးဦးစွာ ငါ့အား လျော့ခြင်းကိုပြု၍ ဤကြိုးကြာဌက်ကို သေသလော မသေသလောဟု ကြည့်ရှုပါဦးလော့ဟု ဆိုလေ၏။ ထိုအခါ မထေရ်ကို ရွဲထွင်းသမားသည် ဤကြိုးကြာဌက်ကဲ့သို့ အရှင်သည်လည်း သေရလတ္တံ့ဟု ဆိုလေ၏။ ဒါယကာ ဤကြိုးကြာဌက်သည် ထိုပတ္တမြားကို မျိုအပ်၏။ ထို့ကြောင့် ဤကြိုးကြာဌက်သည် အကယ်၍ မသေသည်ဖြစ်အံ့ ငါသည် သေသော်လည်း သင့်အား ပတ္တမြားကို မပြောကြားလတ္တံ့ဟုဆိုလျှင် ရွဲထွင်းသမားသည် ထိုကြိုးကြာဌက်သေကောင်၏ဝမ်းကို ဖေါက်ခဲ့၍ ပတ္တမြားကိုမြင်ရလျှင် တုန်တုန်လှုပ်လှုပ် ထိတ်လန့်သော စိတ်ရှိသည်ဖြစ်၍ မထေရ်၏ခြေရင်းဌဝပ်လျက် အရှင်ဘုရား တပည့်တော်အား သည်းခံတော်မူပါ မသိခြင်းကြောင့် တပည့်တော်ပြုမိပါသည်ဘုရားဟု လျှောက်လေ၏။ ဒါယကာ သင့်အားလည်း အပြစ်မရှိ ငါ့အားလည်း အပြစ်မရှိ သံသရာဝဋ်အားသာလျှင် အပြစ်ရှိ၏။ သင့်အား ငါသည် သည်းခံ၏ဟု ဆိုလျှင် အရှင်ဘုရား တပည့်တော်အား အကယ်၍ သည်းခံသည် ဖြစ်ပါအံ့ ပြကတော့ ရှေးနည်း အားဖြင့်သာလျှင် တပည့်တော်၏ အိမ်ဌဲ နေထိုင်လျက် ဆွမ်းကို ခံယူတော်မူကြပါ ဘုရားဟု လျှောက်လေ၏။

မထေရ်မြတ် ပရိနိဗ္ဗာန်စံတော်မူခြင်း

ဒါယကာ ယခုအခါ ငါကား ဤနေ့မှစ၍ သူတပါးအိမ် အမိုးတွင်းသို့ မဝင် တော့အံ့ဟု ဆိုပြီးလျှင် အိမ်တွင်းသို့ ဝင်သောသူအားသာလျှင် ဤအပြစ်သည် ဖြစ်ရပေ၏။ ဤနေ့မှစ၍ ခြေတို့သည် မသယ်ပိုးမဆောင်ရွက်နိုင်ကုန်သည်ရှိသော် အိမ်တံခါးဦးရပ်လျက်သာလျှင် ဆွမ်းကိုခံယူတော့အံ့ဟု မိန့်တော်မူပြီး၍ ပိဏ္ဍပါတ် ခုတင် ဆောက်တည်လျက် ဤဂါထာကို မိန့်ဆိုလေ၏။

ပစ္စတိ မုနိနော ဘတ္တံ၊ ထောကံ ထောကံ ကုလေ ကုလေ။
ပိဏ္ဍိကာယ စရိဿာမိ၊ အတ္ထိ ဇဃ်ံ ဗလံ မမံ။

မုနိနော၊ ရဟန်း၏အကျိုးငှါ။ ထောကံ ထောကံ၊ အနည်းငယ် အနည်းငယ် သော။ ဘတ္တံ၊ ဆွမ်းသည်။ ကုလေ ကုလေ၊အိမ်တိုင်း အိမ်တိုင်း၌။ ပစ္စတိ၊အဆင် သင့် ကျက်လျက်ရှိ၏။ ပိဏ္ဍိကာယ၊ ဆွမ်းအလိုငှါ။ စရိဿာမိ၊ ငါ သွားလာ လှည့်လည်တော့အံ့။မမံ၊ငါ့အား။ဇဃ်ံဗလံ၊ သလုံးမြင်းခေါင်း အားအစွမ်းသည်။ အတ္ထိ၊ရှိ၏။

ဤစကားကိုသာလျှင် မိန့်ဆိုတော်မူ၍ မထေရ်သည် ထိုအနာဖြင့်သာ မကြာ မြင့်မီ ပရိနိဗ္ဗာန်စံဝင်တော်မူလေ၏။ ကြိုးကြာငှက်သည် ရဲထွင်းသမား၏ မယားဝမ်း၌ ပဋိသန္ဓေတည်နေ စဲယူလေ၏။ ရဲထွင်းသမားသည် စုတေမနေ သေလွန်လေသော် ငရဲ၌ ဖြစ်ရရှာလေ၏။ ရဲထွင်းသမားမယားသည် မထေရ်၌ ကြည်နူး သိမ်မွေ့သောစိတ်ရှိခြင်းကြောင့် သေ၍ နတ်ပြည်၌ ဖြစ်လေ၏။ ရဟန်းတို့သည် မြတ်စွာဘုရားကို ထိုသူတို့၏ တမလွန်ဘဝ လားရာဂတိကို မေးလျှောက်ကြလေ ကုန်၏။ ဘုရားရှင်သည် ချစ်သားရဟန်းတို့ ဤလောက၌ အခွံ့ကျိုသောသူတို့ သည် အမိဝမ်း၌ဖြစ်ကုန်၏။ အခွံ့ကျိုသောသူတို့သည် မကောင်းမှုကို ပြုလေ့ရှိကုန် သည်ဖြစ်၍ ငရဲ၌ဖြစ်ကြကုန်၏။ အခွံ့ကျိုသောသူတို့သည်ပြုအပ်သော ကောင်းမှု ရှိကုန်သည်ဖြစ်၍ နတ်ပြည်၌ဖြစ်ကြကုန်၏။ အာသဝေါကင်းကွာ ရဟန္တာတို့ သည်ကား ပရိနိဗ္ဗာန် စံလွန်တော်မူကြကုန်၏ဟု မိန့်တော်မူ၍ အနုသန္ဓေ စပ်လျက် တရားဟောကြားတော်မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

(ခ) ၁၄၃–၆

ဒေသနာတော်

၁၂၆ ဂဗ္ဘမေကေ ဥပ္ပဇ္ဇန္တိ၊ နိရယံ ပါပကမ္မိနော။
သဂ္ဂံ သုဂတိနော ယန္တိ၊ ပရိနိဗ္ဗန္တိ အနာသဝါ။

ဧကေ၊ အချိုသောသူတို့သည်။ ဂဗ္ဘံ၊ လူဖြစ်သောမိခင်၏ဝမ်း၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြကုန်၏။ ပါပကမ္မိနော၊ မကောင်းမှုကို ပြုကုန်သော။ ဧကေ၊ အချိုသော သူတို့သည်။ နိရယံ၊ ငရဲ၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကြကုန်၏။ သုဂတိနော၊ ကောင်းသော သဘောရှိကုန်သော သူတို့သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ယန္တိ၊ သွားကြကုန်၏။ အနာသဝါ၊ ရဟန္တာတို့သည်။ ပရိနိဗ္ဗန္တိ၊ ပရိနိဗ္ဗာန် ပြုတော်မူကြကုန်၏။

ဒေသနာတော်၏ အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏၊

မဏိကာရကုလူပဂတိဿမထေရ်ဝတ္ထု ပြီး၏။

၁၁–တယောဇန ဝတ္ထု

န အန္တလိက္ခေ- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် သုံးယောက်သောသူတို့ကို အကြောင်း ပြု၍ ဟောတော်မူလေ၏။

ကောင်းကင်၌ မီးခွေနှင့် ကျီး ဆုံစည်းခြင်း

ဘုရားသဗ္ဗညုသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် များစွာသော ရဟန်းတို့သည် ဘုရားအား ဖူးမြင်ခြင်းငှါ လာကြကုန်လျက် ရွာတခုသို့ ဆွမ်းအလို့ငှါ ဝင်ကြလေကုန်သတတ်၊ ရွာနေသူတို့သည် ထိုရဟန်းတို့၏ သပိတ်တို့ကိုယူ၍ ဆွမ်းစားစရပ်၌ နေစေပြီးလျှင် ယာဂုခဲဘွယ်ကို လှူသဖြင့် ဆွမ်းအချိန်ကို ဆိုင်းငံ့ကုန်လျက် တရားနာကာ နေကြလေကုန်၏၊ ထိုခဏ၌ ဆွမ်းကိုချက်ပြီး၍ ဟင်းလျာကိုချက်သော တယောက်သော မိန်း၏အိုးမှ မီးလျှံ ထလတ်၍ အမိုးကို စွဲလောင်လေ၏၊ ထိုမီးလျှံထရာမှ တခုသော မြက်ဆုပ်ကရွတ် ခွေသည် တက်၍ တောက်လောင်လျက် ကောင်းကင်သို့ လွင့်ပျံသွားလေ၏၊

ထိုခဏ၌ ကျီးတကောင်သည် ကောင်းကင်ခရီးဖြင့် ပျံသွားစဉ် ထိုမီးလှဳ ကရွတ်ခွေ၌ လည်ပင်းကို စုပ်သွင်းမိသဖြင့် မြက်နွယ်ရစ်ပတ်လျက် မီးလောင်ကာ ရွာလယ်၌ ကျလေ၏၊ ရဟန်းတို့သည် ထိုကျီးကို မြင်ရလျှင် သြော်.... အလွန်ဝန်လေးသောအမှုပါတကား၊ငါ့သျှင်တို့ ကျီးသည် ရအပ်သော ဖေါက်ပြန်ခြင်းကို ကြည့်ရှုကြကုန်လော့၊ ဤကျီး၏ ပြုအပ်သော ကံကို ဘုရားသဗ္ဗညုကို ထား၍ အဘယ်သူ သိနိုင်အံ့နည်း၊ မြတ်စွာဘုရားကို ဤ ကျီး၏ ရှေးမဇကောင်းမှုကံကို မေးလျှောက်ကြကုန်အံ့ဟု ကြံ၍ ဖဲသွားကြလေကုန်၏။

သမုဒ္ဒရာ၌ သဲအိုးဖြင့် လှေသူကြီးကတော် ပစ်ချရခြင်း

တပါးသော ရဟန်းတို့သည်လည်း ဘုရားရှင်အား ဖူးမြင်ခြင်းငှါ လှေစီး၍ သွားကြကုန်စဉ် လှေသည် သမုဒ္ဒရာ အလယ်၌ မတုန်မလှုပ် ရပ်တည်လေ၏၊ ဤလှေစီးသူတို့တွင် လူယုတ်ရှိသည် ဖြစ်ရာ၏ဟု စာရေးတံကို စီရင်ကြကုန်၏၊ လှေသူကြီး၏ ဇနီးမယားသည် ပဌမအရွယ်၌တည်သဖြင့် ရှုချင်စဘွယ် ကြည့်လင်သန့်ရှင်းသော ကိုယ်ရှိ၏၊ စာရေးတံသည် ထိုလှေသူကြီးကတော်အား ရောက်လေ၏၊ စာရေးတံကို တဖန်ပြန်၍ စီရင်ကြကုန်ဦးလော့ဟု ဆိုခြင်းကြောင့် သုံးကြိမ်တိုင်အောင် စီရင်ကြကုန်၏၊ သုံးကြိမ်တိုင်အောင်လည်း ထိုမိန်းမအား သာလျှင် ရောက်လေ၏၊ လူတို့သည် အရှင်လှေသူကြီး အသို့ပြုမည်နည်းဟု လှေသူကြီးမျက်နှာကို ကြည့်ရှုကြကုန်၏၊ လှေသူကြီးသည် ဤမိန်းမ၏အတွက် လူအများ သေကြေပျက်စီးစိမ့်သောငှါ မတတ်ကောင်း၊ ရေ၌ ထိုမိန်းမကို ပစ်ချကြကုန်လော့ဟု ဆိုလေ၏၊ ထိုမိန်းမကို ဆွဲယူ၍ ရေ၌ ပစ်ချအံ့ဟု ပြုအပ်သည် ရှိသော် သေဘေးမှ ကြောက်လန့်လှုသောကြောင့် သည်းစွာ မြည်တမ်းဟစ်အော်ခြင်းကိုပြုလေ၏၊ထိုမြည်တမ်းဟစ်အော်သံကို ကြားရလျှင် လှေသူကြီးသည် ဤမိန်းမအား ဆင်ယင်သောတန်ဆာတို့ပျက်စီးကြသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အလုံးစုံသော တန်ဆာတို့ကို ချွတ်ယူပြီးလျှင် အဝတ်နှမ်း တထည်ကို ဝတ်စေ၍ ထိုမိန်းမကို စွန့်ပစ်ကြကုန်လော့၊ ငါသည်ကား ဤမိန်းမ ရေပြင်၌ ပေါလော မျောပေါ်သည်ကို မြင်ရခြင်းငှါ မတတ်နိုင်၊ ထို့ကြောင့် ထိုမိန်းမကို ငါမမြင်ရအောင် သဲအိုးတလုံးကို လည်ပင်း၌ ချည်ဖွဲ့၍ သမုဒ္ဒရာ၌ ပစ်ချကြကုန်လော့ဟုဆိုလျှင် လူတို့သည် လှေသူကြီးဆိုတိုင်းပြုလုပ်ကြရလေကုန်၏၊ ထိုမိန်း

ကိုလည်း ကျရာ အရပ်၌သာလျှင် ငါးလိပ်တို့သည် လုယက် စားသောက်ကြလေကုန်၏၊ ရဟန်းတို့သည် ထိုအကြောင်းကို သိမြင်ကြရကုန်လျှင် မြတ်စွာဘုရားကို ထားရှု ဘုရားမှတပါး အဘယ်သူသည် ဤမိန်းမ၏ ကံကို သိနိုင်လတ္တံ့နည်း၊ မြတ်စွာဘုရားကို ထိုမိန်းမ၏ ကံကို မေးမြန်း လျှောက်ထားကြကုန်အံ့ဟု ကြံ၍ လိုရာလိုရာ အရပ်သို့ ရောက်လျှင် လေ့မှဆင်းသက်၍ ဖဲကြလေကုန်၏။

ရဟန်းခုနစ်ပါး လိုဏ်ခေါင်း၌ ပိတ်မိခြင်း

ထိုမှတပါး ခုနစ်ပါးသော ရဟန်းတို့သည်လည်း ဘုရားရှင်အား ဖူးမြင်ခြင်းငှါ သွားကြကုန်စဉ် ညချမ်းသောအခါ၌ ကျောင်းတခုသို့ဝင်၍နေထိုင်ရန် အရပ်ကို မေးမြန်းကြကုန်၏၊ တခုသော ဥမင်လိုဏ်ခေါင်း၌လည်း ညောင်စောင်း ခုနစ်ခု တို့သည် ရှိကုန်၏၊ ထိုရဟန်းတို့သည် ထိုနေရာကိုသာလျှင်ရ၍ ထိုလိုဏ်ခေါင်း၌ ကျိန်းစက်ကြကုန်စဉ် ညဉ့်အဘို့၌ အထွဋ်တပ်သော အိမ်မျှ အတိုင်းအရှည်ရှိသော ကျောက်တုံးကြီးသည် လိမ့်လာ၍ လိုဏ် တံခါးကို ပိတ်မိလေ၏၊ ကျောင်းနေရဟန်းတို့သည် ငါတို့ကား ဤလိုဏ်ကို အာဂန္တုရဟန်းတို့အား ရောက်စေကြလေကုန်ပြီ၊ (နေရာပေးထားအပ်ကုန်ပြီ) ဤကျောက်တုံးကြီးသည်လည်း လိုဏ်တံခါးကို ပိတ်လျက် တည်လေပြီ၊ ထိုကျောက်တုံးကြီးကို ပယ်ရှားကြကုန်စို့အံ့ဟု ထက်ဝန်းကျင် ခုနစ်ရွာတို့မှ လူတို့ကိုစည်းဝေးစေ၍ လုံ့လပြုကြကုန်သော်လည်း တည်ရာမှ မရွှေ့စေခြင်းငှါမတတ်နိုင်ကြကုန်၊ လိုဏ်တွင်း၌ဝင်ရောက်နေကုန်သော ရဟန်းတို့သည်လည်း လုံ့လပြုကြကုန်သည် သာတည်း၊ ဤသို့ ပြုကြကုန်သော်လည်း ခုနစ်ရက်ပတ်လုံး ကျောက်တုံးကြီးကို ရွှေ့စေခြင်းငှါ မတတ်နိုင်ကြလေကုန်၊ ထိုအာဂန္တုရဟန်းတို့သည် ခုနစ်ရက်ပတ်လုံး ဆာလောင် ငတ်မွတ်ခြင်းသို့ ရောက်ကြရကုန်လျက် ကြီးစွာသော ဆင်းရဲကို ခံစားကြရလေကုန်၏၊ ခုနစ်ရက်မြောက်ကျသော နေ့၌ကား ကျောက်တုံးကြီးသည် အလိုလိုသာလျှင် လိမ့်၍ ဖဲသွားလေ၏၊ ရဟန်းတို့လည်း ထွက်ခဲ့ကြ၍ ငါတို့၏ ဤမကောင်းမှုကို ဘုရားသဗ္ဗညုမှတပါး အဘယ်သူသိနိုင်အံ့နည်း၊ ဘုရားရှင်ကို မေးမြန်းလျှောက်ထားကြကုန်အံ့ဟုကြံ၍ ဖဲသွားကြလေကုန်၏၊ ထိုခုနစ်ပါးသော ရဟန်းတို့သည်လည်း ရှေးရဟန်းတို့နှင့် အတူတကွ လမ်းခရီးဒုက္ခကြား၌ ပေါင်းဆုံမိကြသဖြင့် ခပ်သိမ်းသော ရဟန်းတို့သည် တပေါင်းတည်းသာလျှင် မြတ်စွာဘုရားသို့ ချဉ်းကပ်ကာ ရှိခိုး၍ တင့်အပ်

လျောက်ပတ်သောအရပ်၌ နေကြကုန်လျက် မြတ်စွာဘုရားသည် ပဋိသန္ဓေရအစေ့အစပ်စကား ပြောကြားအပ်ကုန်ရကား မိမိတို့ကိုယ်တိုင် မြင်ရသော အကြောင်း,ခံစားရသော အကြောင်းတို့ကို အစဉ်အတိုင်း မေးမြန်း လျှောက်ထားကြလေကုန်၏၊ ဘုရားရှင်သည်လည်း တို့ရဟန်းတို့အား လျှောက်သည့် အစဉ်အတိုင်း ဤသို့ မိန့်ကြားတော်မူလေ၏။

နှေးမီး ရှို့သတ်သော ကျီး အတိတ်

ချစ်သားရဟန်းများတို့ ရှေးဦးစွာထိုကျီးသည် မိမိပြုအပ်သောကံအကျိုးကို သာလျှင် ခံစားရပေ၏၊ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ လယ်ထွန်ယောကျွဲး တယောက်သည် မိမိနွားကို ဆုံးမသည်ရှိသော် ဆုံးမခြင်းငှါ မတတ်နိုင်၊ ထိုလယ်ထွန်ယောကျွဲး၏ ထိုနွားသည် အတန်ငယ် သွားပြီးလျှင် အိပ်လေ၏၊ (ဝပ်လေ၏၊) ပုတ်ခတ်ရိုက်နှက်၍ ထစေအပ်သော်လည်း အတန်ငယ်သာ သွားပြီးလျှင် တဖန် အိပ်မြဲ အိပ်ပြန်လေ၏၊ ထိုလယ်ထွန်ယောကျွဲး သည် လုံ့လပြု၍ ထိုနွားကို ဆုံးမခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ အမျက်ဒေါသ ပြင်းစွာထွက်ခြင်းဖြင့် နှိပ်စက်အပ်သောကြောင့် ဤအခါမှစ၍ ချမ်းသာစွာ အိပ်စက်ရပေတော့အံ့ဟု ဆို၍ ကောက်ရိုး အပေါင်းအစုကိုကဲ့သို့ ပြုလျက် ကောက်ရိုးဖြင့် ထိုနွား၏လည်ကို ရစ်ပတ်ပြီးလျှင် မီးတိုက်လေ၏၊ နွားသည် ထိုနေရာ၌ပင်လျှင် မီးလောင်၍ သေရှာလေ၏၊ ချစ်သားရဟန်းတို့ ထိုအခါ ထိုလယ်ထွန်ယောကျွဲးသည် ထိုအကြောင်းကြောင့် ထိုမကောင်းမှုကို ပြုမိလေ၏၊ ထိုလယ်ထွန်ယောကျွဲးသည် ထိုအကုသိုလ်ကံ၏ အကျိုးအားဖြင့် ရှည်ကြာစွာသော နှေးညှဉ်ပတ်လုံး ငရဲ၌ကျက်ပြီး ခံရပြီးမှ အကျိုးကြွင်း၏အစွမ်းဖြင့် ခုနစ်ကြိမ် ကျီးမျိုး၌ဖြစ်၍ ဤအတူ ကောင်းကင်၌ မီးလောင်သဖြင့်သာလျှင် သေရဘူးလေပြီ၊ ဤသို့ မိမိပြုအပ်သော ကံအကျိုးကို ခံစားရလေ၏။

ခွေးလည်ပင်း သဲအိုးဆွဲသတ်သော မိန်းမ အတိတ်

ချစ်သားရဟန်းတို့ ထိုမိန်းမသည်လည်း မိမိပြုအပ်သော ကံ အကျိုးကိုသာလျှင် ခံစားရပေ၏၊ ထိုမိန်းမသည် လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သူကြွယ်တဦး၏မယားဖြစ်၍ ရေခပ်ခြင်း ဆန်ဖွပ် မောင်းထောင်းခြင်း ထမင်း

ချက်ခြင်း အစရှိသော ခပ်သိမ်းသောအမှုကိစ္စတို့ကို မိမိလက်ဖြင့်သာလျှင် ပြုလေ၏။ ထိုမိန်းမ၏ခွေးတကောင်သည် အိမ်၌ အမှုခပ်သိမ်းတို့ကိုပြုသော ထိုမိန်းမကို ကြည့်လျက်သာနေလေ၏။ လယ်သို့ ထမင်းပို့ဆောင်သော်ငင်း ထင်း ဟင်းရွက် စသည်အကျိုးငှါ တောသို့သွားသော်ငင်း ထိုမိန်းမနှင့် အတူတကွသာလျှင် သွားလေ၏။ ထိုသို့အတူသွားသော အခြင်းအရာကိုမြင်လျှင် လူငယ်တို့သည် အချင်းတို့ ခွေးမူဆိုး ထွက်သွားလေပြီ ယနေ့ ငါတို့သည် အမဲဟင်းဖြင့်စားကြရကုန်လတ္တံ့ဟု ပြက်ရယ်ပြုကြကုန်၏။ ထိုမိန်းမသည် ထိုလူငယ်တို့၏ ပြက်ရယ်စကားကြောင့် မျက်နှာမသာဖြစ်သဖြင့် ခွေးကို ခဲလုံတံ စသည်တို့ဖြင့် ပုတ်ခတ်၍ ထွက်ပြေးစေလေ၏။ ခွေးသည် ပြန်လည်၍ တဖန် အမှီလိုက်ပြန်လေ၏။

[ထိုခွေးသည်ကား သုံးခုမြောက်သော ကိုယ်အဖြစ်၌ ထိုမိန်းမ၏လင်ယောကျ်ားဖြစ်ဘူးသတတ်။ထို့ကြောင့် ချစ်ခင်ခြင်းကို ဖြတ်တောက်ခြင်းငှါ မတတ်နိုင် ထိုစကားမှန်၏။အစမထင်သော အနမတဂ္ဂသံသရာကြီး ၌မယားသည်ရင်း လင်ယောကျ်ားသည်ရင်း မဖြစ်စဘူးကြသော သူတို့မည်သည် အကယ်၍ကား မရှိကြကုန်။ ယင်းသို့မရှိကြကုန်သော်လည်း နီးကပ်သော အတ္တဘော၌ဖြစ်သော ဆွေမျိုးတို့အပေါ်၌ အတိုင်းအရှည်ထက်လွန်သော ချစ်ခင်ခြင်းသည် ဖြစ်တတ်၏။ ထို့ကြောင့် ထိုခွေးသည် ထိုမိန်းမအပေါ်၌ ဖြစ်သော ချစ်ခင်ခြင်းကို စွန့်ပစ်ခြင်းငှါ မတတ်နိုင်ရှာ]။

ထိုမိန်းမသည် ခွေးအား အမျက် ထွက်လှသဖြင့် လယ်ထွန်ရာ၌ လင်ယောကျ်း၏အဘို့ ယာဂု ပို့ဆောင်လတ်သည်ရှိသော် ကြိုးကို ရင်ခွင်၌ထား၍ သွားလေ၏။ ခွေးသည်လည်း ထိုမိန်းမနှင့်သာလျှင် အတူတကွ လိုက်သွား၏။ ထိုမိန်းမသည် လင်အား ယာဂုကို ပေးပြီးလျှင် အချည်းနှီးသောအိုးကို ယူလျက် တခုသော ရေရှိရာအရပ်သို့သွားသဖြင့် အိုးကို သဲဖြင့်ပြည့်စေ၍ အနီး၌ကြည့်လျက်နေလေသောခွေးအား အသံကိုပြုလေ၏။ ခွေးသည် ငါ့အား ကြာမြင့်လှလေပြီတကား ယနေ့မှ ချိုသာသောစကားကို ရအပ်ဘိ၏ဟု အမြီးလှုပ်လျက် (နှုံ့လျက်) ထိုမိန်းမထံသို့ ချဉ်းကပ်လေ၏။ ထိုမိန်းမသည် ထိုခွေးကို လည်ပင်း၌ မြဲစွာကိုင်လျက် တခုသောကြိုးစွန်းဖြင့် အိုးကိုဖွဲ့ချည်၍ တခုသောကြိုးစွန်းကို ခွေး၏ လည်ပင်း၌ဖွဲ့ချည်၍ အိုးကိုရေသို့ ရွေးရွှဲလိမ့်စေလေ၏။ ခွေးသည်

အိုးနောက်သို့ အစဉ်လိုက်ပါလျက် ရေဒ္ဓကျ၍ ထိုရေဒ္ဓပင် သေရရှာလေ၏။ ထိုမိန်းမသည် ထိုအကုသိုလ်ကံ၏အကျိုးဖြင့် ရှည်ကြာစွာသော နေ့ညဉ့်ပတ်လုံး ငရဲ၌ ကျက်ပြီးမှ အကျိုးကြွင်း၏ အစွမ်းဖြင့် ၁တရာသော ကိုယ်အဖြစ်၌ သဲအိုးကို လည်ပင်း၌ဖွဲ့ချည်သဖြင့် ရေဒ္ဓပစ်ချခြင်းကြောင့် သေရဘူးလှလေပြီ ဤသို့ မိမိ ပြုအပ်သောကံ၏အကျိုးကို ခံစားရလေ၏။

လိုဏ်ခေါင်းပိတ်မိသော ရဟန်းတို့အတိတ်

ချစ်သားရဟန်းတို့ ခုနစ်ပါးသော သင်တို့သည်လည်း မိမိပြုအပ်သောကံ၏ အကျိုးကိုသာလျှင် ခံစားရလေ၏။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ နေကုန်သော နွားကျောင်းသားသူငယ် ခုနစ်ယောက်တို့သည် တခုသော တောအုပ်အရပ်၌ ခုနစ်ရက်စီအလှည့်အားဖြင့် နွားတို့ကိုလှည့်လည်စေကြ ထိန်းကျောင်းကြကုန်သည်ရှိသော် တနေ့သ၌ နွားတို့ကို စီစစ်ရေတွက်၍ ပြန်လာကြစဉ် ဖွတ်ကြီးတကောင်ကိုမြင်၍ အစဉ်လိုက်ကြလေကုန်၏ ဖွတ်ကြီးသည် ထွက်ပြေး၍ တောင်ပို့တခုသို့ ဝင်လေ၏ ထိုတောင်ပို့ကြီးအားကား အပေါက်ခုနစ်ခု တို့ရှိကုန်၏ သူငယ်တို့သည် ငါတို့ကား ယခုနေ့ ဖမ်းယူခြင်းငှါ မတတ်နိုင်ကြကုန်နက်ဖြန်လာ၍ ဖမ်းယူကြကုန်အံ့ဟုဆိုလျက် တယောက်တယောက်သော ဆူငယ်သည် တခုတခုသောသစ်ခက်ချိုးအဆုပ်ကို ချိုးယူ၍ ခုနစ်ယောက်စလုံးဖြစ်သော နွားကျောင်းသားတို့သည် ခုနစ်ခုသော အပေါက်တို့ကို ဆိုပိတ်ကာ ဖဲသွားကြလေကုန်၏။

ထိုနွားကျောင်းသားတို့သည် တဖန် မိုးသောက်သော နေ၌ ထိုဖွတ်ကို မအောက်မေ့မိသဖြင့် တပါးသောအရပ်၌ နွားတို့ကိုထိန်းကျောင်းပြီးလျှင် ခုနစ်ရက်မြောက်သောနေ့၌ နွားတို့ကိုယူ၍ သွားကြကုန်သည်ရှိသော် ထိုတောင်ပို့ကို မြင်လျှင် သတိတဖန်ရပြန်သဖြင့် ထိုဖွတ်ကြီး၏ ဖြစ်ပျက်ပုံ အကြောင်းကား အဘယ်သို့နည်းဟု နှလုံးပြုလျက် မိမိ မိမိတို့ကိုယ်တိုင် ပိတ်အပ်ကုန်သော အပေါက်တို့ကို ဖွင့်လှစ်ကြလေကုန်၏ ဖွတ်သည့် မိမိ၏ အသက်ရှင်ခြင်း၌ တွယ်တာကပ်ငြို မြှောလင့်ဘွယ် မရှိသည်ဖြစ်၍ အရိုးနှင့် အရေမျှသာကြွင်းကုန်လျက်

---

၁ တရောတိတိမဂ္ဂတ်ယူဘဲ တရာမျှလောက် များသည်ဟူသော အနေကသင်္ချာယူလဟု ဘုရားကြီး ဆရာတော်ဘုရား မိန့်တော်မူသတတ်။

တုန်တုန် လှုပ်လှုပ် ထွက်လာလေ၏ နွားကျောင်းသားတို့သည် ထိုဖွတ်ကြီးကို မြင်ရလျှင် အစဉ်သနားခြင်းကိုပြု၍ ထိုဖွတ်ကြီးကို မသတ်ကြပါကုန်လင့်။ ခုနစ်ရက်ပတ်လုံး အစာပြတ်သည်ဖြစ်ခဲ့၏ဟု ထိုဖွတ်ကြီး၏ ကျောက်ကုန်းကို ဆုပ်နယ်သုံးသပ်ပြီးလျှင် ချမ်းသာစွာ သွားပါလေတော့ဟုဆိုကာ လွှတ်လိုက်ကြလေကုန်၏ ထိုနွားကျောင်းသား ခုနစ်ယောက်တို့သည် ဖွတ်ကို မသတ်ခြင်းကြောင့် ငရဲ၌ မခံကြရကုန်သေး သို့ရာတွင် ထိုနွားကျောင်းသား သူငယ် ခုနစ်ယောက်တို့သည် တပေါင်းတည်းဖြစ်၍ တဆဲ့လေးခုသော ဘဝတို့၌ ခုနစ်ရက် ခုနစ်ရက်တို့ပတ်လုံး ထမင်း အစာပြတ်သော သူတို့ဖြစ်ကြရဘူးကုန်၏။ ချစ်သား ရဟန်းတို့ ထိုအခါ သင်တို့သည် နွားကျောင်းသား ခုနစ်ယောက် ဖြစ်ကြ၍ ထိုအကုသိုလ်ကံကိုပြုဘူးပြီ။ ဤသို့မိမိပြုအပ်သော ကံအကျိုးကို ခံစားရလေ၏ဟု မြတ်စွာဘုရားသည် ထိုရဟန်းတို့မေးအပ်သော ပြဿနာကို ဖြေကြားတော်မူလေ၏။

ထိုအခါ ရဟန်း တပါးသည် မြတ်စွာဘုရားကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အသို့ပါနည်း မကောင်းမှုကံကို ပြုပြီးလျှင် ကောင်းကင်၌ ပျံသန်းသွားသောသူ အားဌင်း သမုဒြာသို့သွားသောသူအားဌင်း တောင်ကြား လိုဏ်ခေါင်းသို့ သက်ဝင်သောသူအားဌင်း လွှတ်မြောက်ခြင်း မည်သည် မရှိပါတကား ဘုရားဟု လျှောက်ကြားလေ၏ ဘုရားရှင်သည် ချစ်သားရဟန်းတို့ ဤရဟန်း လျှောက်ကြားသည့်အတိုင်း ဟုတ်မှန်ပေ၏ ကောင်းကင် စသည်တို့တွင်လည်း အကြင်အရပ်၌ တည်သောသူသည် မကောင်းမှုကံ အကျိုးမှ လွှတ်ကင်းနိုင်ရာ၏ ထိုအရပ်သည် တခုမျှလည်း မရှိဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားဟောကြားတော်မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၂၇ န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊ န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတိ သော ဇဂတိပ္ပဒေသော၊ ယတ္ထဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။

အန္တလိက္ခေ၊ ကောင်းကင်၌။ ဥပ္ပတိတဿပိ၊ ပျံသန်းသွားသောသူအားလည်း။ န၊ မကောင်းကျိုးမှမလွှတ်။သမုဒ္ဒမဇ္ဈေ၊ သမုဒြာအလယ်၌။ ဝါ၊ သမုဒြာအလယ်သို့။ ပက္ခန္ဒဿပိ၊ သွားသော သူအားလည်း။ န၊မကောင်းကျိုးမှမလွှတ်။ ပဗ္ဗတာနံ၊ တောင်တို့၏။ ဝိဝရံ၊ အကြားလိုဏ်ခေါင်းသို့။ ပဝိဿ-ပဝိဋ္ဌဿပိ၊

သက်ဝင် ကိန်းအောင်းသော သူအားလည်း။ နှ၊ မကောင်းကျိုးမှုမလုတ်။ ယတ္ထဇဂတိပ္ပဒေသေ၊ အကြင်အရွေအရပ်စသော မြေအဘို့၌။ ဌိတော၊ တည်သောသူသည်။ ပါပကမ္မာ၊ မကောင်းမှုကံအကျိုးမှ။ မုစ္စေယျ၊ လွတ်ရာ၏။ သောဇဂတိပ္ပဒေသော၊ ထိုအရွေအရပ်စသော မြေအဘို့သည်။ နဝိဇ္ဇတိ၊မရှိ။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းတို့သည် ဖသာတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။ ရောက်လာသော လူမျှားအပေါင်းအားလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်တော်မူလေ၏။

တယောဇနဝတ္ထုပြီး၏။

၁၂—သုပ္ပဗုဒ္ဓ သဘကိဝင်မင်းကြီးဝတ္ထု

နအန္ဓလိင်္ဂေ- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် နိဂြောဓာရုံကျောင်းတော်၌ နေတော်မူစဉ် ဒေဝဒဟပြည်ကြီးရှင် သုပ္ပဗုဒ္ဓအမည်ရှိသော သဘကိဝင်မင်းကြီးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

သုပ္ပဗုဒ္ဓမင်းကြီး ဘုရားရှင်အား ပြစ်မှားခြင်း

ထို ၁သုပ္ပဗုဒ္ဓသဘကိဝင်မင်းကြီးသည် ဤသိဒ္ဓတ္ထမင်းသား ဂေါတမဘုရားသည် ငါ၏သမီးတော် ယသောဓိမ္မာကို စွန့်ပစ်လျက် တောထွက်၏ဟူ၍၎င်း ငါ၏သားတော် ဒေဝဒတ်ကို ရဟန်းပြုပေးပြီးလျက် ငါ့သားတော်၏ ရန်သူအရာ၌ တည်၏ဟူ၍၎င်း ဤသို့ အကြောင်းနှစ်ပါးတို့ကြောင့် မြတ်စွာဘုရားအပေါ်၌ ရန်ငြိုးဖွဲ့ထားသဖြင့် တနေ့သ၌ ထိုဘုရားသဗ္ဗညုအား ဆွမ်းပင့်ဘိတ်ရာအံ့ရပ်သို့ သွား၍

---

၁ ဇယသေနမင်း၏သားတော် သီဟဟနုမင်းကို ဒေဝဒဟမင်း သမီးတော်ကဋ္ဌနာနှင့် စုံဘက်ရာတွင် သုဒ္ဓေါဒန၊ ဓောတောဒန၊ သက္ကောဒန၊ သုက္ကောဒန၊ အမိတောဒန၊ နှမတော် အမိတာ၊ ပါလိတာ၊သားတော်ငါးပါး၊သမီးတော်နှစ်ပါး ပေါင်းခုနစ်ပါး မြင်သည်။ ဇယသေနမင်း သမီးတော် ယသောဓရာနှင့် ဒေဝဒဟမင်းသားတော် အဇ္ဇနမင်းသား စုံဘက်ရာတွင် မဟာမာယာ၊ ပဇာပတိဂေါတမီ၊မောင်တော်ဒဏ္ဍပါဏိ၊ သုပ္ပဗုဒ္ဓ၊ သမီးတော်နှစ်ပါး၊ သားတော်နှစ်ပါးပေါင်းလေးပါးမြင်သည်။ ၎င်းတို့တွင် သုပ္ပဗုဒ္ဓနှင့် အမိတာတို့မှ ဘဒ္ဒကဋ္ဌနာခေါ်ယသောဓရာနှင့် ဒေဝဒတ် မောင်နှမ နှစ်ပါးမြင်သည်။

(ခ) ၁၄၃–၇

ဘုဉ်းပေးစိမ့်သောငှါ မပေးအံ့ဟု သွားရာ လမ်းခရီးကို ပိတ်လျက် ခရီးမ၌ သေသောက်ကာနေလင့်၏။ ထိုအခါ၌ ဘုရားရှင်သည် ရဟန်း သံဃာအပေါင်း ခြံရံလျက် ထိုသုပ္ပဗုဒ္ဓမင်းကြီးရှိရာအရပ်သို့ ရောက်လာသည်ရှိသော် မြတ်စွာ ဘုရားကြွလာပြီဟု သုပ္ပဗုဒ္ဓမင်းကြီးအား ကြားလျှောက်ကြကုန်၏။ ထိုစကားကို ကြားလျှင် ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် ရှေ့မှသွားကြချေ ထိုဂေါတမအား ဆိုကြကုန်လော့ ဤဂေါတမသည် ငါ့ထက်ကြီးသောသူမဟုတ် ထို့ကြောင့် ထိုဂေါတမအား လမ်းခရီးကို မပေးနိုင်ဟုံ ဆိုလေ၏။ အဖန်တလဲလဲ လျှောက်ဆိုအပ်သော်လည်း ထိုရှေးအတူသာလျှင် နေလေ၏။ ဘုရားရှင်သည် ဦးရီးအထံမှ လမ်းခရီးကိုမရသဖြင့် ထိုအရပ်မှ ဆုတ်နစ်ပြန်ကြွတော်မူခဲ့ရလေ၏။

မြေမျိုလိမ့်မည်ဟု မိန့်တော်မူခြင်း

ထိုသုပ္ပဗုဒ္ဓသည်လည်း သူလျှိယောကျ်ားတယောက်ကို သွားချေ ထိုဂေါတမ၏စကားကို နားထောင်ပြီးမှ လာလှည့်ဟု စေလွှတ်လေ၏။ ဘုရားရှင်သည်လည်း ပြန်လည်ခဲ့သည်ရှိသော် ပြုံးတော်မူခြင်းကို ပြုခြင်းကြောင့် ရှင်အာနန္ဒာမထေရ်က မြတ်ဘုရား ပြုံးခြင်းကို ထင်ရှားစွာပြုခြင်း၏အကြောင်းကား အဘယ်ပါနည်း ဘုရားဟု မေးအပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ချစ်သား ၁အာနန္ဒာ သုပ္ပဗုဒ္ဓကိုမြင်၏လောဟုမိန့်တော်မူလေ၏။မြတ်စွာဘုရား မြင်ပါသည်ဘုရားဟု လျှောက်လေသော် ငါကဲ့သို့သော ဘုရားရှင်အား ကြွရာလမ်းခရီးကို မပေးခြင်းအားဖြင့် ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် ဝန်လေးသောအမှု ပြုဘိ၏တကား ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ပြာသာဒ်အောက် စောင်းတန်းခြေရင်း၌ မြေသို့သက်ဝင်ရရှာလတ္တံ့ (မြေမျိုလတ္တံ့) ဟု မိန့်တော်မူလေ၏။ သူလျှိယောကျ်ားသည် ထိုမိန့်တော်မူသောစကားကို ကြားရပြီးလျှင် သုပ္ပဗုဒ္ဓမင်းကြီးအထံသို့ သွားရောက်

---

၁ နောက်မှလိုက်သော ရှင်အာနန္ဒာသည် ဘုရားရှင်ပြုံးခြင်းကို အဘယ်သို့သိသနည်းဟူမူ။ ဘုရားရှင်ရှေ့တော်သို့ ထွက်သန်းသွားသော ဖြူဖွေးသောရောင်ခြည်တော်ကို မြင်ရသဖြင့် ရိပ်မိလေ၏။ ဤဖြူဖွေးသော ရောင်ခြည်တော်ကား ဖြူဖွေးသော သွားတော်မှထွက်၏။ စေ့စပ်စွာဖုံးထားသော နှုတ်ခမ်းတော်တို့ကို ရောင်ခြည်တော်ဘိုး၍ ထွက်နိုင်ခြင်းကား နှုတ်ခမ်းတော် လျှော့လျှော့ဖြစ်ခြင်းကြောင့်တည်း။ နှုတ်ခမ်းတော်လျှော့လျှော့ ဖြစ်ခြင်းကား အနည်းငယ်ပြုံးခြင်းကြောင့်တည်းဟု ထောက်ဆ၍ ရိပ်မိ၏ဟူလို၊ ၎င်းကား အမိတောဒနမှ ဖွားမြင်သည်။

သဖြင့် ငါ့တူဂေါတမသည် အဘယ်စကားကို ဆိုသနည်းဟု မေးအပ်သည်ရှိသော် ကြားခဲ့တိုင်းသောစကားကို ကြားလျှောက်လေ၏။

မြေမမျိုနိုင်အောင် နေထိုင်ခြင်း

သုပ္ပဗုဒ္ဓမင်းကြီးသည် ထိုသူလျှို၏ လျှောက်ချက်စကားကို ကြားရလျှင် ယခုအခါ ငါ့တူဂေါတမဘုရား ဆိုသော စကား၌ အပြစ်မရှိသေး အကြင်စကားကို ထိုဂေါတမဘုရားသည်ဆို၏ ထိုစကားသည် ထိုသို့ဆိုတိုင်း မချွတ်ကေန် ဖြစ်တန်စေ ဤသို့ပင် ဖြစ်စေကာမူ ထိုရှင်ဂေါတမကို ယခုအခါ မုသာဝါဒဖြင့် နှိပ်ကွပ် ပြောဆိုမည်ဟူ၍၎င်း ထိုဂေါတမသည် ငါ့ကို ခုနစ်ရက်မြောက်သောနေ့၌ မြေသို့ဝင်ရလတ္တံ့ဟု အမှတ်မရှိ သာမန်အားဖြင့် မဆိုမူ၍ ပြာသာဒ်အောက် စောင်းတန်းခြေရင်း၌ မြေသို့ ဝင်ရလတ္တံ့ဟု နေရာအမှတ်အသားပြု၍ ဆိုဘိ၏။ ယခုအခါ ထိုငါသည် ဤနေ့မှစ၍ ထိုအရပ်သို့ မသွားဘဲ နေပေအုံဟူ၍၎င်း ထိုသို့ မသွားဘဲ နေသည်ရှိသော် ထိုစောင်းတန်းခြေရင်းနေရာ၌ မြေသို့မဝင်ရခြင်း ကြောင့် ထိုဂေါတမဘုရားကို မုသာဝါဒဖြင့် နှိပ်စက်ရပေတော့အုံဟူ၍၎င်း ပြောဆိုပြီးလျှင် ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် မိမိ၏ အသုံးအဆောင်အပေါင်း အာဘ လုံးကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်သို့တင်၍ စောင်းတန်းလှေခါးကို ဖယ်ရှားဖြုတ်ထားစေပြီးလျှင် တံခါးကိုပိတ်စေသဖြင့် တံခါးတခုတခု၌နှစ်ယောက် နှစ်ယောက်သော လက်ဝှေ့ လက်ပန်းသည်တို့ကိုထား၍ ငါကား မေ့လျော့သဖြင့် အောက်သို့ သက်ဆင်းလိုသည် အကယ်၍ ဖြစ်ခဲ့ငြားအံ့ ငါ့ကိုတားမြစ်ကြကုန် လော့ဟုဆို၍ ခုနစ်ဆင့်မြောက်သော ပြာသာဒ်၏ အပြင်ဝယ် ကြက်သရေရှိသော တိုက်ခန်း၌ နေလေ၏။ ဘုရားသဗ္ဗညုသည် ထိုအကြောင်းကို ကြားတော်မူလျှင် ချစ်သားရဟန်းတို့ သုပ္ပဗုဒ္ဓမင်းကြီးသည် သက်သက် ပြာသာဒ် အပြင်၌ရှင်း ကောင်းကင်သို့ပျံတက်၍ ကောင်းကင်၌ရှင်း နေသည်မူလည်းဖြစ်စေ လှေဖြင့် သမုဒ္ဒြာသို့ ကူးဝင်သည်မူလည်းဖြစ်စေ တောင်ကြားဥမင်လိုဏ်ခေါင်းသို့ ဝင်သည် မူလည်းဖြစ်စေ ဘုရားရှင်တို့ မိန့်မြွက်အပ်သော စကားတော်၏ နှစ်ဘို့ဖြစ်သော မည်သည်မရှိ ငါဘုရား မိန့်ဆိုအပ်သော အရပ်၌သာလျှင် သုပ္ပဗုဒ္ဓ မင်းကြီးသည် မြေသို့ဝင်ရလတ္တံ့ဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားဟောကြားကော် မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၂၈ နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ၊ နပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
နဝိဇ္ဇတိ သော ဇဂတိပွဒေသော၊ ယတ္ထဋ္ဌိတံ နပွသဟေယျ မစ္စု။

အန္တလိက္ခေ၊ ကောင်းကင်၌။ နိသီဒတု၊ နေသည်ဖြစ်စေ။ န၊ သေခြင်းမှ မလွတ်။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒြာအလယ်၌။ ဝါ၊ သမုဒ္ဒြာ အလယ်သို့။ ပဗ္ဗန္ဒတု၊ ကူးဝင်သွားသည်ဖြစ်စေ။ န၊ သေခြင်းမှမလွတ်။ ပဗ္ဗတာနံ၊တောင်တို့၏။ ဝိဝရံ၊ အကြားလိုဏ်ခေါင်းသို့။ ပဝိဿ-ပဝိသတု၊ ဝင်၍ နေသည်ဖြစ်စေ။ န၊ သေခြင်းမှမလွတ်။ ယတ္ထဇဂတိပွဒေသော၊ အကြင်အရွေအရပ်စသော မြေအဘို့၌။ ဌိတံ၊ တည်သောသူကို။ မစ္စု၊ သေမင်းသည်။ နပွသဟေယျ၊ မနှိပ်စက်မညှဉ်းဆဲနိုင်ရာ။ သောဇဂတိပွဒေသော၊ ထိုအရွေအရပ်စသော မြေအဘို့သည်။ နဝိဇ္ဇတိ၊မရှိ။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ ပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

ခုနစ်ရက်မြောက်၌ မြေမျိုခြင်း

ခုနစ်ရက်မြောက်သောနေ့၌ ဆွမ်းအလို့ငှါ ကြွရာလမ်းခရီးကို ပိတ်ဆီးတားမြစ်သော အခါန်အခါတွင် ပြာသာဒ်အောက်၌ သုပ္ပဗုဒ္ဓမင်းကြီး၏ မင်္ဂလာစီးတော်မြင်းသည် ထိတ်ထိတ် လန့်လန့် ဖြစ်လျက် ထိုထို နံရံကို ကန်ကျောက်လေ၏။ သုပ္ပဗုဒ္ဓမင်းကြီးသည် ပြာသာဒ်အထက်၌ နေလျက်သာလျှင် ၁မြည်း၏ ဟီသံကိုကြားရလျှင် ဤအသံကား အဘယ် အသံနည်းဟု မေးလေ၏ မင်္ဂလာမြင်းတော် ထိတ်ထိတ် လန့်လန့်ဖြစ်ကြောင်းကို သံတော်ဦးတင်ကြလေကုန်၏။

[ထိုမြင်းသည်ကား သုပ္ပဗုဒ္ဓမင်းကြီးကို မြင်ရမှသာလျှင် ငြိမ်သက်စွာ နေတတ်၏]။

ထိုအခါ မြင်းကို သုပ္ပဗုဒ္ဓမင်းကြီးသည် ကိုင်လိုသည် သုံးသပ်လိုသည်ဖြစ်၍ နေရာအရပ်မှ ထသဖြင့် တံခါးဆို ရွေးရှု့ဖြစ်လေ၏။ တံခါးတို့သည် အလိုလို သာ့လျှင် ဟင်းလင်းပွင့်ကုန်၏။ ဖယ်ရှားဖွုတ်ထားသော စောင်းတန်းလျှေခါး

---

၁ မြင်းကောင်း မြင်းမြတ်ဟူသည် မြည်းမမှပေါက်ဖွားရကား မြည်းဟူ၍လည်းဆိုနိုင်၏။

သည်လည်း မိမိတည်မြဲတိုင်း အရပ်၌သာလျှင် တည်လာ၏။ တံခါး၌ နေကြကုန်သော လက်ဝှေ့လက်ပန်းသည်တို့သည် ထိုသုပ္ပဗုဒ္ဓမင်းကြီးကို လည်ပင်း၌ကိုင်၍ အောက်သို့ရှေးရှု ပစ်ချလိုက်ကြလေကုန်၏။ ဤသို့သောနည်းအားဖြင့် ခုနစ်ဆင့်သော ပြာသာဒ်အပြင်တို့၌လည်း တံခါးတို့သည် အလိုလိုသာလျှင် ပွင့်ကြကုန်၏။ စောင်းတန်းလှေခါးတို့သည်လည်း တည်မြဲတိုင်းသော အရပ်၌ တည်ကြကုန်၏ ထိုထိုအရပ်၌နေကြကုန်သော လက်ဝှေ့ လက်ပန်းသည်တို့သည်လည်း ထိုသုပ္ပဗုဒ္ဓမင်းကြီးကို လည်ပင်း၌သာလျှင်ကိုင်၍ အောက်သို့ရှေးရှုပစ်ချလိုက်ကြလေကုန်၏။ ထိုအခါ ပြာသာဒ်၏အောက် စောင်းတန်းခြေရင်း၌ ရောက်လာသည်သာလျှင်ဖြစ်သော ထိုသုပ္ပဗုဒ္ဓသာကီဝင်မင်းကြီးကို မဟာပထဝီမြေကြီးသည် ဟင်းလင်းပွင့်ကာ ကဲ့အက်လျက် ခံယူလေ၏။ ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် ဝင်သွား၍ အဝီစိငရဲ၌ ဖြစ်ရရှာလေ၏။

သုပ္ပဗုဒ္ဓသာကီဝင်မင်းကြီးဝတ္ထုပြီး၏။

ဤတွင်ရွှေကား ကိုးခုမြောက်သော ပါပဝဂ်အဖွင့်ပြီး၏။

၁၀-ဒဏ္ဍာဝဂ်

၁–ဆဗ္ဗဂ္ဂီရဟန်းတို့ဝတ္ထု

သဗ္ဗေတသန္တိ- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ၁ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ကျောင်းလုရာမှ ရိုက်မှုဖြစ်ခြင်း

တပါးသောအခါ၌ သတ္တရသဝဂ္ဂီရဟန်းတို့သည် အိပ်ရာနေရာကျောင်းတို့ကို သုတ်သင်ပြုပြင်သည်ရှိသော် ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ငါတို့ကား သင်တို့ထက် သိက္ခာဝါ ကြီးကြဲကုန်၏။ ငါတို့အား ဤကျောင်းသည် ၂ရောက်၏ဟုဆိုလျှင် ထိုသတ္တရသဝဂ္ဂီရဟန်းတို့သည် ငါတို့ကား မပေးနိုင်ကြကုန်။ ငါတို့သည် ရှေးဦးစွာပြုပြင်သုတ်သင်အပ်၏ဟု ဆိုလတ်သော် ထိုဆဗ္ဗဂ္ဂီရဟန်းတို့သည် ရိုက်နှက်ပုတ်ခတ်ကြလေကုန်၏။ သတ္တရသဝဂ္ဂီရဟန်းတို့သည် သေဘေးမှ ကြောက်လန့်ကြကုန်သောကြောင့် သည်းစွာသော မြည်တမ်းခြင်းကို မြည်တမ်းကြကုန်၏။ ဘုရားရှင်သည် ထိုသတ္တရသဝဂ္ဂီရဟန်းတို့၏အသံကို ကြားတော်မူလျှင် ဤအသံသည် အဘယ်အသံနည်းဟု မေးတော်မူခြင်းကြောင့် ဤမည်သောအသံဖြစ်ပါသည်ဘုရားဟု လျှောက်ကြားအပ်သည်ရှိသော် ချစ်သားရဟန်းတို့ ဤအခါမှစ၍ ရဟန်းမည်သည် ဤသို့မပြုအပ် အကြင်ရဟန်းသည်ပြု၏ ထိုရဟန်းသည် ဤမည်သောအာပတ်သို့ ရောက်၏ဟု ရိုက်နှက်ပုတ်ခတ်ခြင်းကြောင့် ပါစိတ်အာပတ်သင့်စေဟူသော ပဟာရဒါန သိက္ခာပုဒ်ကို ပညတ်တော်မူပြီးလျှင် ချစ်သားရဟန်းတို့ ရဟန်းမည်သည် ငါကဲ့သို့ တပါးသောသူတို့သည်လည်း ဒဏ်မှ ကြောက်လန့်ကြကုန်၏။ သေခြင်းမှ ကြောက်လန့်ကြကုန်၏ဟု အသိအလိမ္မာညဏ်ရှိသည်ဖြစ်၍ သူတပါးကို မပုတ်ခတ်အပ် မသတ် မညှဉ်းဆဲအပ်ဟု မိန့်တော်မူ၍ အနု

---

၁ ဆ + ဝဂ္ဂိယ–ခြောက်ပါး + အစရှိသော ရဟန်းအပေါင်း သာဝတ္ထိမြို့သား ပဏ္ဍုက၊ လောဟိတက၊ မေတ္တိယ၊ ဘုမ္မဇက၊ အဿဇိ၊ ပုနဗ္ဗသုက- ဟူသော ရဟန်းကြီးခြောက်ပါးတို့၏ တပည့်များဟူလို။

၂ သံဃိကကျောင်းဖြစ်၍ သိက္ခာဝါကြီးသူသာ ရထိုက်သည်ဟူလို။

သန္ဓေကိုစပ်လျက် တရားဟောကြားတော်မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၂၉ သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော။
အတ္တာန ဥပမံ ကတ္ဝာ၊ န ဟနေယ္ယ န ဃာတယေ။

သဗ္ဗေ၊ အလုံးစုံသော သတ္တဝါတို့သည်။ ဒဏ္ဍဿ၊ ဒဏ်မှ။ တသန္တိ၊ထိတ်လန့်ကြကုန်၏။ သဗ္ဗေ၊ အလုံးစုံသော သတ္တဝါတို့သည်။ မစ္စုနော၊ သေခြင်းမှ။ ဘာယန္တိ၊ကြောက်ရွံ့ကြကုန်၏။အတ္တာနံ၊မိမိကိုယ်ကို။ဥပမံကတ္ဝာ၊ ကိုယ်ချင်းစာနာ ဥပမာပြု၍။ နဟနေယျ၊ မညှဉ်းဆဲရာ။ နဃာတယေ၊ မသတ်ပုတ်ရာ။

ဒေသနာတော်၌ မှတ်ဘွယ်

[သတ္တဝါအားလုံးတို့သည် မိမိ၌ အပြစ်ဒဏ် ကျရောက်လျှင် ထိုဒဏ်မှ ကြောက်လန့်ကြကုန်၏ သေခြင်းမှလည်း ကြောက်လန့်ကုန်သည်သာတည်း ဤဒေသနာ၌ သဒ္ဒါကား အကြွင်းမရှိ အနက်ကား အကြွင်းရှိ၏ အကြွင်းရှိပုံ ဥပမာကား လူအားလုံး စည်းဝေးကြရမည်ဟု ဘုရင်မင်း အမိန့်ထုတ်ပြန်သောအခါ မင်းအမတ်ကြီးတို့ကိုဖယ်ထား၍ ကြွင်းသော သူတို့သာစည်းဝေးကြကုန်၏ ထို့အတူ အားလုံးကြောက်လန့်ကြကုန်၏ဟူဆိုသော်လည်း—

၁ ဆင်အာဇာနည်။
၂ မြင်းအာဇာနည်။
၃ နွားလားဥသဘအာဇာနည်။
၄ ရဟန္တာ။

ဤလေးဦးတို့ကို ချန်ထား၍ ကြွင်းသောသူတို့သာ ကြောက်လန့်ကြကုန်၏ဟု မှတ်အပ်၏ ထိုလေးဦးတို့တွင် ရဟန္တာတို့ကား သက္ကာယဒိဋ္ဌိ ပယ်ပြီးဖြစ်၍ မသေကောင်းသော သတ္တဝါကို မမြင်ရသောကြောင့် မကြောက်ကုန် ကျန်သုံးဦးတို့ကား သက္ကာယဒိဋ္ဌိ အလွန်အားကြီးလှသည်ဖြစ်၍ မိမိအား ဆန့်ကျင် အံတု ရန်ခုခံဝံ့သော သတ္တဝါကို မမြင်ရသောကြောင့် မကြောက်ကြကုန်]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံးဌ် များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ဆဗ္ဗဂ္ဂိရဟန်းတို့ဝတ္ထုပြီး၏။

၂–ဆဗ္ဗဂ္ဂိရဟန်းတို့ဝတ္ထု (ဒုတိယ)

သဗ္ဗေတသန္တိ- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ၁ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ကျောင်းလုရာမှ လက်ဖြင့်ရွယ်မှုဖြစ်ခြင်း

တပါးသောအခါ ဆဗ္ဗဂ္ဂိရဟန်းတို့သည် ထိုကျောင်းဟူသော အကြောင်း ကြောင့်သာလျှင် ရှေးသိက္ခာပုဒ်၌ ၂သတ္တရသဝဂ္ဂိရဟန်းတို့ကို ရိုက်နှက် ပုတ်ခတ် ကြလေကုန်၏ ထိုကျောင်းဟူသောအကြောင်းကြောင့်သာလျှင် ထိုသတ္တရသဝဂ္ဂိ ရဟန်းတို့အား လက်ဝါးပြင်ကို ချိမိုးကြကုန်၏ (ရွယ်ကုန်၏) ဤအရာ၌လည်း မြတ်စွာဘုရားသည် ထိုသတ္တရသဝဂ္ဂိရဟန်းတို့၏ အသံကို ကြားတော်မူရလျှင် ဤအသံသည် အဘယ်အသံနည်းဟု မေးတော်မူသောကြောင့် ဤမည်သော အသံ ဖြစ်ပါသည် ဘုရားဟု လျှောက်ကြားသည်ရှိသော် ချစ်သားရဟန်းတို့ ဤအခါမှစ၍ ရဟန်းမည်သည် ဤသို့မပြုအပ် အကြင်ရဟန်းပြု၏ ထိုရဟန်းအား

---

၁ ပဏ္ဍုကလောဟိတကတို့ကား တပည့်ပရိသတ်နှင့်တကွ သီလရှိကုန်၏ ဘုရားရှင်နှင့် အာဂူဒေသစာရီ လှည့်လည်ကြရ၏ မပညတ်သေးသော အမှုမျိုးကို ဖြစ်ပေါ်စေတတ်သော အလေ့ရှိကုန်၏ ပညတ်ပြီးသော သိက္ခာပုဒ်ကိုကား လွန်ကြူးလေ့မရှိကြ သာဝတ္ထိပြည်၌ အဖြဲနေကြ၏။ (မေတ္တိယ၊ ဘူမဇကတို့ကား ရာဇဂြိဟ်ပြည်၌ အဖြဲနေကြ၏။ အသုဇိ၊ ပုနဗ္ဗသုကတို့ကား၊ ကိဉ္စဂိရိဒနပုဒ်၌ အဖြဲနေကြ၏ မဒကာင်းကြကုန်)။

၂ ဥပါလိသူငယ်စသော တဆဲ့ခုနစ်ယောက်သော သတ္တိသားတို့သည် ရဟန်းပြုကြသော အခါ သတ္တရသဝဂ္ဂိရဟန်းတို့ဟူ ခေါ်ဝေါ်ကြရကုန်၏။ကလေးသူငယ်တို့ကို ရဟန်းပြုပေး ကြသဖြင့် နံနက်စောစောထ၍ စားစရာပေးကြပါဟု ငိုကြ၏ အိပ်ရာ၌လည်း အလေး အပေါ် သွားကြကုန်၏။ ထိုအခါမှစ၍ အသက်နှစ်ဆယ်မပြည့်ဘဲ ရဟန်းပြုမပေးရဟု သိက္ခာပုဒ်ပညတ် တော်မူသည် ပြုပေးပြီးသော ထိုတဆဲ့ခုနစ်ပါးကိုကား ရဟန်းအဖြစ်မှ ပယ်ဖျက်တော်မူ။

ဤမည်သော အာပတ်သို့ ရောက်၏ဟု လက်ဝါးပြင် မိုးခြင်းကြောင့် ပါစိတ် အာပတ် သင့်စေဟူသော တလသတ္တိက သိက္ခာပုဒ်ကို ပညတ်တော်မူပြီးလျှင် ချစ်သားရဟန်းတို့ ရဟန်းမည်သည် ငါကဲ့သို့ ထို့အတူ တပါးသောသူတို့သည် လည်း ဒဏ်မှထိတ်လန့်ကြကုန်၏ ငါ့အသက်ကဲ့သို့ ထို့အတူ ထိုသူတို့၏အသက် ကို ချစ်မြတ်နိုးအပ်၏ဟု အသိအလိမ္မာညဏ် ရှိသည်ဖြစ်၍သူတပါးကို မပုတ်ခတ် အပ် မညှဉ်းဆဲအပ်ဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားဟောကြားတော် မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၃၀ သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေသံ ဇီဝိတံ ပိယံ။
အတ္တာနံ ဥပမံ ကတ္ဝာ၊ နဟနေယျ နဃာတယေ။

သဗ္ဗေ၊ ရဟန္တာတို့မှတပါး အလုံးစုံသော သတ္တဝါတို့သည်။ ဒဏ္ဍဿ၊ ဒဏ်မှ။ တသန္တိ၊ ထိတ်လန့်ကြကုန်၏။ သဗ္ဗေသံ၊ ရဟန္တာတို့မှတပါး အလုံးစုံသော သတ္တဝါတို့သည်။ ဇီဝိတံ၊ အသက်ကို။ ပိယံ၊ ချစ်မြတ်နိုးအပ်၏။ အတ္တာနံ၊ မိမိ ကိုယ်ကို။ ဥပမံကတ္ဝာ၊ ကိုယ်ချင်းစာနာ ဥပမာပြု၍။ နဟနေယျ၊ မညှဉ်းဆဲရာ။ နဃာတယေ၊ မသတ်ပုတ်ရာ။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ဆဗ္ဗဂ္ဂီရဟန်းတို့ဝတ္ထု ဒုတိယ ပြီး၏။

---

၃ – များစွာသောသတ္ဂိသားငယ်တို့ဝတ္ထု

သုခကာမာနိ ဘူတာနိ- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာ ဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် များစွာကုန်သော သတ္ဂိ သားငယ်တို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မြွေရိုက်သော သူငယ်တို့ကို ဆုံးမခြင်း

တပါးသောအခါ၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဆွမ်းအလို့ငှါ ကြွဝင် တော်မူသည်ရှိသော် လမ်းခရီးအကြား၌ များစွာကုန်သော သတ္ဂိသားငယ်တို့

(ခ) ၁၄၃–၈

သည် အဆိပ်မရှိသော အိမ်မြွေမျိုးဖြစ်သော မြွေတကောင်ကို လုံတံဖြင့်ပုတ်ခတ်နေကြသည်တို့ကို မြင်တော်မူရလျှင် သတို့သားငယ်တို့ အဘယ်အမှုကို ပြုကြကုန်သနည်းဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မြွေကို လုံတံဖြင့် ပုတ်ခတ်ကြပါသည်ဘုရားဟု လျှောက်သည်ရှိသော် အဘယ့်ကြောင့် နည်းဟု မေးတော်မူပြန်လျှင် မြတ်စွာဘုရား ကိုက်အံ့သည်မှ ကြောက်လန့်သော ကြောင့်ပါဘုရားဟု လျှောက်ပြန်သည်ရှိသော် သင်တို့သည် မိမိ၏ ချမ်းသာခြင်းကို ပြုကြကုန်အံ့ဟု ဤမြွေကို ပုတ်ခတ်သည်ရှိသော် ဖြစ်ရာဌာန ဘုံဘဝတို့၌ ချမ်းသာခြင်းရကုန်သည် မဖြစ်ကြရကုန်လတ္တံ့။ မိမိ၏ချမ်းသာခြင်းကို တောင့်တသဖြင့် သူတပါးကိုပုတ်ခတ်ခြင်းငှါ မသင့်ဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားဟောကြားတော်မူလိုရကား ဤဂါထာတို့ကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၃၁ သုခကာမာနံ ဘူတာနံ၊ ယော ဒဏ္ဍေန ဝိဟံသတိ။
အတ္တနော သုခမေသာနော၊ ပေစ္စ သော န လဘတေ သုခံ။

၁၃၂ သုခကာမာနိံ ဘူတာနိံ၊ ယော ဒဏ္ဍေန န ဟိံသတိ။
အတ္တနော သုခမေသာနော၊ ပေစ္စ သော လဘတေ သုခံ။

ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။အတ္တနောသုခံ၊မိမိ၏ချမ်းသာခြင်းကို။ သောနော၊ ရှာမှီးလျက်။ သုခကာမာနံ၊ မိမိကဲ့သို့ ချမ်းသာခြင်းကို အလိုရှိကုန်သော။ ဘူတာနံ၊ သတ္တဝါတို့ကို။ ဒဏ္ဍေန၊ တုတ်လုံတံဖြင့်။ ဝိဟိံသတိ၊ ညှဉ်းဆဲပုတ်ခတ် ရိုက်ကာသတ်၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ပေစ္စ၊ တမလွန်ဘဝ၌။ သုခံ၊ ချမ်းသာခြင်းကို။ နလဘတေ၊မရနိုင်။

ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အတ္တနောသုခံ၊ မိမိချမ်းသာခြင်းကို။ သောနော၊ ရှာမှီးလျက်။ သုခကာမာနံ၊ မိမိကဲ့သို့ ချမ်းသာခြင်းကို အလိုရှိကုန်သော။ ဘူတာနံ၊ သတ္တဝါတို့ကို။ ဒဏ္ဍေန၊ တုတ်လုံတံဖြင့်။နဝိဟိံသတိ၊မညှဉ်းဆဲမပုတ်ခတ် မရိုက်သတ်။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ပေစ္စ၊ တမလွန်ဘဝ၌။ သုခံ၊ ချမ်းသာခြင်းကို။ လဘတေ၊ ရနိုင်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ငါးရာမျှ အတိုင်းအရှည် ရှိသည်လည်း ဖြစ်ကုန်သော ထိုသတ္ဂိသားငယ်တို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

များစွာသော သတ္ဂိသားငယ်တို့ဝတ္ထု ပြီး၏။

၄–ကောဏ္ဍဓာန မထေရ်ဝတ္ထု

မာဝေါစ ဖရုသံကိဉ္စိ- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အရှင်ကောဏ္ဍဓာနအမည်ရှိသော မထေရ်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မထေရ်နှင့်အတူ မိန်းမပါသည်ဟု ထင်ရခြင်း

အရှင်ကောဏ္ဍဓာန မထေရ်၏ ရဟန်းပြုသောနေ့မှစ၍ တခုသောမိန်းမအရုပ်သည် မထေရ်နှင့် အတူတကွ သွားလာလှည့်လည်လျက် ရှိလေ၏။ထိုမိန်းမအရုပ်ကို မထေရ်သည် မမြင် လူများအပေါင်းသည်ကား မြင်၏။ ရွာတွင်းသို့ ဆွမ်းအလို့ငှါ ကြွသွားသည်ရှိသော်လည်း ထိုမထေရ်အား လူတို့သည် ဆွမ်းတဇွန်းကို ပေးလှူ၍ အရှင်ဘုရား ဤဆွမ်းသည် အရှင်ဘုရားတို့အလို့ငှါ ဖြစ်ပါစေ။ ဤဆွမ်းသည်ကား အရှင်ဘုရားတို့၏ အပေါင်းအဖော်မအလို့ငှါ ဖြစ်ပါစေဘုရားဟု ဆိုလျက် နှစ်ခုမြောက်သော ဆွမ်းတဇွန်းကိုလည်း ပေးကမ်း လှူဒါန်းကြကုန်သတည်း။

နတ်က မိန်းမယောင်ဆောင်၍ နှောင့်ရှက်ခြင်းအတိတ်

ထိုရဟန်း၏ ရှေးမကောင်းမှုကံ အကြောင်းသည် အဘယ်နည်းဟူမူကား။ ကဿပမြတ်စွာဘုရား၏ လက်ထက်တော်အခါ၌ အဆွေခင်ပွန်းဖြစ်သော နှစ်ဦးသော ရဟန်းတို့သည် တမိဝမ်းတွင်းမှ သက်ဆင်းသောသူတို့နှင့်တူစွာ အလွန်တရာညီညွတ်ကြလေကုန်၏။ သက်တော်ရှည် ဘုရားရှင်တို့၏ လက်ထက်တော်တို့၌လည်း နှစ်တိုင်း တနှစ်တကြိမ်သော်၎င်း ခြောက်လတကြိမ်သော်၎င်း ရဟန်း

တို့သည် ဥပုသ်ပြုခြင်းအကျိုးငှါ စည်းဝေးကြကုန်၏။ ထို့ကြောင့် ထိုနှစ်ဦးသော ရဟန်းတို့သည်လည်း ဥပုသ်အိမ်သို့ သွားကြကုန်အံ့ဟု နေရာအရပ်မှ ထွက်ခဲ့ကြလေ၏။ ထိုနှစ်ဦးသော ရဟန်းတို့ကို ၁တာဝတိံသာ နတ်ပြည်၌ဖြစ်သော နတ်သားတယောက်သည် မြင်ရလျှင် ဤရဟန်းတို့သည် အလွန်တရာ ညီညွတ်ကြကုန်၏။ဤရဟန်းတို့ကို ကဲ့ပြားစိမ့်သောငှါ တတ်နိုင်ကောင်းအံ့လောဟု ကြံစည်ပြီးလျှင် မိမိ၏ မိုက်မဲတွေဝေသည့် အဖြစ်ကြောင့် ကြံစည်ပြီးသည့်အခြားမဲ့၌သာလျှင် ရောက်လာသဖြင့် ထိုနှစ်ဦးသော ရဟန်းတို့တွင် တဦးသောရဟန်းသည် ငါ့ရှင် တခဏမျှ ဆိုင်းငံ့ပါဦးလော့ ကိုယ်လက်သုတ်သင်ခြင်းကိစ္စဖြင့် အလိုရှိပါသည်ဟုဆိုလတ်သော် ထိုနတ်သည် တယောက်သော လူမိန်းမရုပ်အဆင်းကို ဖန်ဆင်းတဲ့၍ မထေရ် ချုံတခုအတွင်းသို့ဝင်၍ ပြန်ထွက်သွားသော ကာလ၌ လက်တဘက်ဖြင့်.ဆံပင်အပေါင်းကို လက်တဘက်ဖြင့် ထမီရင်ဝတ်ကို တည်မြဲတည်အောင် ကောင်းစွာ ဖေးဖေးမမပြုပြင်လျက် ထိုမထေရ်၏ နောက်နားမှ ထွက်လာခဲ့လေ၏။ ထိုကိုယ်လက်သုတ်သင်သော ရဟန်းသည် ထိုမိန်းမကိုမမြင် ထိုရဟန်းကို ဆိုင်းငံ့လျက် ရှေ့၌နေသောရဟန်းသည် ပြန်လည်၍ကြည့်လတ်သည် ရှိသော် ထိုဆိုခဲ့ပြီးသော အခြင်းအရာဖြင့် ပြုပြင်လျက် ထွက်လိုက်လာသောမိန်းမကို မြင်ရလေ၏။ထိုမိန်းမသည် ထိုရဟန်းမြင်သောအဖြစ်ကိုသိလျှင်ကွယ်ပျောက်လေ၏။

ရဟန်းနှစ်ပါး ကဲ့ပြားရခြင်း

ဆိုင်းငံ့နေသောရဟန်းသည် ထိုကိုယ်လက်သုတ်သင်သောရဟန်းကို မိမိထံသို့ ရောက်လာသောအခါ ငါ့ရှင် သင်၏သီလ ပျက်ခဲ့ပြီဟုဆိုလေ၏။ ငါ့ရှင် ငါ့အား ဤသို့သဘောရှိသော သီလပျက်ခြင်းဟူသည် မရှိရပါတကားဟု ဆိုလတ်သော် ယခုပင်လျှင် ငါသည် သင်၏နောက်မှ ထွက်လိုက်လာသော ဤမည်သောအမှုကို ပြုလျက်ရှိသော မိန်းမပျိုကိုမြင်ရ၏။သင်သည် ငါ့အား ဤသို့သဘောရှိသော သီလပျက်ခြင်းဟူသည် မရှိရပါတကားဟူ၍ အဘယ့်ကြောင့် ဆိုလေဘိသနည်းဟု မေးလေ၏။ ထိုရဟန်းသည် ဆိပ်ထက်၌ မိုးကြိုးလွှမ်းမိုးပစ်ချဘိသကဲ့သို့ ငါ့ရှင် ငါ့ကို မဖျက်ဆီးလင့် ငါ့အား ဤသို့သဘောရှိသော သီလပျက်ခြင်းဟူသည် မရှိ

---

၁ ဘုမ္မဒေဝတာဟု အင်္ဂတ္တိရ် အဋ္ဌကထာ၌လာ၏။

ဟု ဆိုပြန်သည်ရှိသော် ဆိုင်းငံ့နေသော ရဟန်းကလည်း ငါသည် ကိုယ်တိုင် မျက်စိတို့ဖြင့် မြင်အပ်၏။ သင့်အား အဘယ့်ကြောင့် ယုံကြည်နိုင်ပါအံ့နည်းဟု ဆိုပြီးလျှင် တုတ်လှံတံကျိုးသကဲ့သို့ တခြားစီ ကွဲ၍ ဖဲသွားလေ၏။

ဥပုသ်အိမ်၌လည်း ငါသည် ဤရဟန်းနှင့်အတူတကွ ဥပုသ်မပြုအံ့ဟု နှလုံးသွင်းလျက်နေလေ၏။ အစွပ်စွဲခံရသောရဟန်းသည် အရှင်ဘုရား တပည့်တော်၏ သီလ၌ အဏုမြူမျှလည်းဖြစ်သော မည်းနက်ခြင်းသည် မရှိပါဘုရားဟု ရဟန်းတို့အား လျှောက်ကြားလေ၏။ ထိုရဟန်းသည်လည်း ငါကိုယ်တိုင် မြင်အပ်၏ဟု ဆိုလေ၏။ နတ်သားသည် ဆိုင်းငံ့သောရဟန်းကို ထိုကိုယ်လက်သုတ်သင်သော ရဟန်းနှင့် အတူတကွ ဥပုသ်ပြုခြင်းငှါ အလိုမရှိသည်ကိုမြင်ရလျှင် ငါပြုအပ်သော အမှုသည် ဝန်လေးလှ၏တကားဟု ကြံစည်၍ အရှင်ဘုရား တပည့်တော်၏ အရှင်မြတ်အား သီလပျက်စီးခြင်းမရှိပါ တပည့်တော်သည်ကား စူးစံမ်းခြင်း၏အစွမ်းဖြင့် ဤအမှုကိုပြုမိပါသည် ထိုရဟန်းနှင့်အတူတကွ ဥပုသ်ပြုတော်မူကြပါဘုရားဟု လျှောက်လေ၏။ထိုဆိုင်းငံ့နေသောရဟန်းသည် ကောင်းကင်၌ရပ်လျက် ပြောဆိုသော ထိုနတ်၏စကားကို ယုံကြည်သောကြောင့် ဥပုသ်ပြုလေ၏။ ထိုသို့ပင်ပြုသော်လည်း မထေရ်အပေါ်၌ ရှေးကကဲ့သို့ နူးညံ့သောစိတ်ရှိသည်မဖြစ်။ နတ်၏ ရှေးမကောင်းမှုကံကား ဤမျှသာလျှင်တည်း။ အသက်ကုန်ဆုံးသောအခါ၌ကား မထေရ်တို့သည် အကြင်အကြင်ချမ်းသာခြင်းဖြင့် ဖြစ်ကြလေကုန်၏။

ရဟန်းဖြစ်သော နေ့မှစ၍ ဝဋ်လိုက်ပုံ

နတ်သားသည် အဝီစိငရဲ၌ ဖြစ်ရရှာ၍ နှစ်ဆူသော ဘုရားရှင်တို့၏ တခုသော အကြားကာလပတ်လုံး ထိုအဝီစိ၌ကျက်ပြီးမှ ဤဂေါတမဘုရား ထင်ရှား ပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ဖြစ်၍ ကြီးပွားခြင်းကို အစွဲပြုလျက် သာသနာတော်၌ ရှင်ပြုသဖြင့် ရဟန်းပဉ္စင်းအဖြစ်ကို ရလေ၏ ထိုသူ၏ ရှင်ရဟန်းပြုသော နေ့မှစ၍ ထိုမိန်းမ၏အရပ်သည် ထို့အတူသာလျှင် ထင်ရှားလာလေ၏ ထို့ကြောင့် ထိုမထေရ်အား ၁ကောဏ္ဍဓာနမထေရ်ဟူသော အမည်ကို မှည့်ခေါ်ကြကုန်၏ ထိုကောဏ္ဍဓာန မထေရ်သည် ထိုအခြင်းအရာဖြင့် သွားလာလှည့်လည်သည်ကို

၁ ကောဏ္ဍ+ဓာန–လူစတုံးသော+ဓာနမထေရ်ဟူလို။ ငယ်မည်ရင်းကား ဓာနဒုဇာန်းပြုမှ ကောဏ္ဍတိုး၍ ကောဏ္ဍဓာနတွင်သည်။အင်္ဂတ္တိုရ်အဋ္ဌကထာ၌ ကုဏ္ဍဓာနဟုရှိ၏။

မြင်ရလျှင် ရဟန်းတို့သည် အနာထပိဏ် သူဌေးကြီးကို သူဌေးကြီး ဤသီလ မရှိသော ရဟန်းကို သင်၏ကျောင်းမှ နှင်ထုတ်လော့ ဤသီလမရှိသော ခဟန်းကို မှီ၍ ကြွင်းသော ရဟန်းတို့အား အကျော်အစောမဲ့ဖြစ်၏ဟု ဆိုကြကုန်၏ အရှင် ဘုရားတို့ ကျောင်းတော်၌ မြတ်စွာဘုရား ရှိပါသလောဘုရားဟု လျှောက်ထား သဖြင့် ဒါယကာကြီး ရှိ၏ဟုဆိုလျှင် အရှင်ဘုရားတို့ ထိုသို့ဖြစ်မူ မြတ်စွာဘုရား သည်သာလျှင် သိတော်မူပါလိမ့် မည်ဘုရားဟု လျှောက်ဆိုလေ၏ ရဟန်းတို့သည် သွား၍ ဝိသာခါအားလည်း ပြောကြား ကြပြန်ကုန်၏ ဝိသာခါသည်လည်း ထိုရဟန်းတို့အား ထိုရှေးအတူသာလျှင် စကားတုံပေးလေ၏။

ကောသလမင်းကြီး သာသနာ သုတ်သင်ခြင်း

ရဟန်းတို့သည်လည်း ထိုအနာထပိဏ် ဝိသာခါတို့သည် စကားကို ဝန်မခံကြ သောကြောင့် ကောသလမင်းကြီးအား ပြောကြားကြကုန်၏ မြတ်သောမင်းကြီး ကောင်္ကာခန အမည်ရှိသော မထေရ်သည် မိန်းမတယောက်ကို ယူ၍ သွားလာ လှည့်လည်လျက် အလုံးစုံသော ရဟန်းတို့၏ အကျော်အစောမဲ့ကို ဖြစ်စေလေ၏။ ထိုမထေရ်ကို သင်မင်းကြီးတို့၏နိုင်ငံမှ နှင်ထုတ်ကြကုန်လော့ဟု ပြောကြားကြ လေကုန်၏ အရှင်ဘုရား ထိုမထေရ်သည် အဘယ်အရပ်၌ နေပါသနည်းဘုရားဟု မေးလတ်သော် မြတ်သောမင်းကြီး ကျောင်းတိုက်တော်ကြီး၌ နေ၏ဟု ဆိုကြ ကုန်၏ အဘယ်ကျောင်း၌ နေပါသနည်း ဘုရားဟု မေးပြန်သော် ဤမည်သော ကျောင်း၌နေ၏ဟု ဆိုကြကုန်၏ ထိုသို့ဖြစ်မူ ကြွနှင့်တော်မူကြပါ တကာတော် သည် ထိုရဟန်းကို ဖမ်းယူပါမည်ဘုရားဟု လျှောက်ကြားပြီးလျှင် ကောသလ မင်းကြီးသည် ညချမ်းသောအခါ ကျောင်းတိုက်တော်ကြီးသို့သွား၍ ထိုကျောင်း ကို ယောကျ်ားတို့ဖြင့် ဝန်းရံစေလျက် မထေရ်၏ နေရာအရပ်သို့ ရှေးရှု သွားလေ၏။

မထေရ်သည် လူသံအမျှားကို ကြားရလျှင် ကျောင်းမှထွက်၍ ကျောင်းဦး၌ ရပ်နေလေ၏ ထိုမထေရ်၏ နောက်နံပါး၌ တည်သော ထိုမိန်းမ အရုပ်ကို ကောသလမင်းကြီး မြင်ရလေ၏။ မထေရ်သည် ကောသလမင်း လာခြင်းကို သိသဖြင့် ကျောင်းပေါ်သို့ တက်လျက်နေလေ၏ ကောသလမင်းကြီးသည် မထေရ်ကိုရှိမခိုး ထိုမိန်းမကိုလည်းမမြင် မင်းကြီးသည် တံခါးအကြား၌ငုင်း

ညောင်စောင်းအောက်၌ထင်း ကြည့်သည်ရှိသော်. မမြင်ရ၍သာလျှင် မထေရ်ကို အရှင်ဘုရား ဤအရပ်၌ မိန်းမတယောက်ကိုမြင်ရ၏ ထိုမိန်းမသည် အဘယ်မှာနည်းဟု မေးလေ၏ မြတ်သောမင်းကြီး ငါမမြင်ဟုဆိုလျှင် ယခုပင်တကာတော်သည် အရှင်ဘုရားတို့၏ နောက်နံပါး၌ တည်နေသည်ကို မြင်ရပါသေး၏ဟူ၍ ဆိုသော်လည်း မြတ်သောမင်းကြီး ငါမမြင်ဟူ၍ ဆိုပြန်သဖြင့် ဤအကြောင်း အရာကား အဘယ်နည်းဟု ကြံပြီးလျှင် အရှင်ဘုရား ဤအရပ်မှ ရှေးဦးစွာထွက် တော်မူကြပါဦးလော့ဟု ဆိုသောကြောင့် မထေရ်သည် ထွက်၍ ကျောင်းဦး၌ ရပ်သည်ရှိသော် တဖန် မိန်းမသည် မထေရ်၏ နောက်နံပါး၌ ရပ်လာလေ၏ ကောသလမင်းကြီးသည် ထိုမိန်းမကိုမြင်၍ တဖန် အထက်အပြင်သို့ တက်လေ၏ မင်းကြီးလာသော အဖြစ်ကိုသိလျှင် မထေရ်သည် ထိုင်နေလေ၏ တဖန်မင်းကြီးသည် ထိုမိန်းမကို အလုံးစုံသော အရပ်တို့၌ ကြည့်ရှုပြန်သော်လည်း မမြင်ရသောကြောင့် အရှင်ဘုရားထိုမိန်းမ အဘယ်မှာနည်းဟုတဖန်မထေရ်ကိုမေးပြန်လေ၏။

မြတ်သောမင်းကြီး ငါမမြင်ဟု ဆိုသည်ရှိသော် အရှင်ဘုရား အသို့ဆိုဘိသနည်း တကာတော် ယခုပင်လျှင် အရှင်ဘုရားတို့၏ နောက်နံပါး၌ မြင်အပ်၏ဟု ဆိုလေ၏ မြတ်သောမင်းကြီး လူမျှားအပေါင်းသည်လည်း ငါ၏နောက်မှ နောက်မှ မိန်းမလိုက်၏ဟုဆိုဘိ၏။ ငါသည်ကား မမြင်ဟုဆိုလျှင် ကောသလမင်းတရားကြီးသည် အတုအပ အရုပ်ဖြစ်တန်ရာ၏ဟု မှတ်သားလေ၏ တဖန် မထေရ်ကို အရှင်ဘုရား ဤအရပ်မှ ရှေးဦးစွာထတော်မူကြပါဦးလော့ဟု ဆိုပြန်သောကြောင့် မထေရ်သည် ဆင်းသက်၍ ကျောင်းဦး၌ ရပ်ပြန်သည်ရှိသော် တဖန် ထိုရဟန်း၏ နောက်နံပါး၌တည်သော မိန်းမကို မြင်ပြန်သဖြင့် အထက်အပြင်သို့ တက်ပြန်လေ၏။တဖန် မမြင်ပြန်လေ။ ကောသလမင်းကြီးသည် တဖန် မထေရ်ကိုမေးပြန်သဖြင့် ထိုမထေရ်သည် မင်းကြီး ငါမမြင်ဟု ဆိုလတ်သော် ထိုမိန်းမကား အတုအပအရုပ်သာလျှင်တည်းဟု ဆုံးဖြတ်ခြင်းကိုပြု၍ မထေရ်ကို ဤသို့လျှောက်ကြားလေ၏။ အရှင်ဘုရား ဤသို့သဘောရှိသော သာသနာတော်၏ အငြစ်အကြေးသည် အရှင်ဘုရားတို့၏နောက်မှ လိုက်နေသည်ရှိသော် တပါးသော တစုံတယောက်သောသူသည် အရှင်ဘုရားတို့အား ဆုံမ်းကို မမျှဒါန်းလတ္တံ့။ အမြဲမပြတ် တပည့်တော်၏နန်းတော်သို့ ဝင်တော်မူကြပါဘုရား တကာ

တော်သည်သာလျှင် ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပါမည် ဘုရားဟု ဆို၍ မထေရ်ကို ပင့်ဘိတ်ပြီးလျှင် ဖဲသွားလေ၏။

ကောဇ္ဈာဓာနမထေရ်အား ဘုရားရှင် ဆုံးမပုံ

ရဟန်းတို့သည် ငါရှင်တို့ ယုတ်မာသောမင်း၏ အမှုအရာကို ကြည့်ကြကုန် လော့ ဤကောဇ္ဈာဓာန ရဟန်းကို ကျောင်းတော်မှ နှင်ထုတ်ပါဟု ဆို၍အပ်ပါလျက် ရောက်လာ၍ ပစ္စည်းလေးပါးတို့ဖြင့် ဘိတ်ကြားကာ သွားလေဘိ၏ဟု ကဲ့ရဲ့ကြလေကုန်၏။ ထိုမထေရ်ကိုလည်း အိုသီလမရှိသောရဟန်း ယခုအခါ၌ ကောသလမင်းကြီးသည် လူစတုံးသောသူ ဖြစ်ပြီဟု ဆိုကြကုန်၏။ ထိုကောဇ္ဈာဓာနမထေရ်သည်လည်း ရှေးကာလ၌ ရဟန်းတို့ကို တစုံတခုသောစကားကိုဆိုခြင်းငှါ မတတ်နိုင်သည်ဖြစ်ရကား အရှင်ဘုရားတို့သာ သိလမရှိကုန်။ အရှင်ဘုရားတို့သာ လူစတုံးကြကုန်၏။ အရှင်ဘုရားတို့သာ မိန်းမကိုခေါ်၍ လှည့်လည် သွားလာကြကုန်၏ဟု ဆိုလေ၏။ ထိုအဆိုခံရသော ရဟန်းတို့သည် သွား၍ မြတ်စွာဘုရားအား လျှောက်ကြားကြကုန်၏။ မြတ်စွာဘုရား ကောဇ္ဈာဓာန မထေရ်သည် တပည့်တော်တို့ ပြောဆိုအပ်သည်ရှိသော် ဒုဿီလ အစရှိသော စကားတို့ကိုဆို၍ ဆဲရေးပါသည်ဘုရားဟု လျှောက်ကြားကြလေကုန်၏။ မြတ်စွာဘုရားသည် ထိုကောဇ္ဈာဓာနမထေရ်ကို ခေါ်တော်မူစေ၍ ချစ်သားရဟန်း သင်သည် ရဟန်းတို့ကို ဤသို့ဆိုသည်ဟု ငါကြားတော်မူရသည်မှန်သလောဟု မေးတော်မူလေ၏။ မြတ်စွာဘုရား မှန်ပါသည်ဘုရားဟု နားတော်လျှောက်လတ်သော် အဘယ့်ကြောင့်ဆိုသနည်းဟု မေးတော်မူ၏။ တပည့်တော်နှင့် အတူတကွ စကားပြောဆိုခြင်းကြောင့် ဆိုပါသည်ဘုရားဟု လျှောက်လတ်သော် ချစ်သားရဟန်းတို့ သင်တို့သည် ဤကောဇ္ဈာဓာနနှင့် အတူတကွ အဘယ့်ကြောင့်ပြောဆိုကြကုန်ဘိသနည်းဟု မေးတော်မူလေ၏။

မြတ်စွာဘုရား ဤကောဇ္ဈာဓာန မထေရ်၏နောက်မှ မိန်းမလိုက်နေသည်ကို မြင်ရသောကြောင့် ပြောဆိုကြပါသည်ဘုရားဟု နားတော် လျှောက်လတ်သော် ဤရဟန်းတို့သည် သင်နှင့်အတူတကွ မိန်းမလိုက်နေသည်ကို မြင်သောကြောင့် ဆိုကုန်သတတ်။ သင်သည် သူတို့မြင်သကဲ့သို့ မမြင်ဘဲလျက်သာလျှင် ဤရဟန်းတို့နှင့် အတူတကွ အဘယ့်ကြောင့် ပြောဆိုဘိသနည်း။ ရှေးဘဝ၌ သင်၏

ယုဘ်မာသောအယ္ဟကိုမှီ၍ ဤသို့သော သဘောသည် ဖြစ်ရသည် မဟုတ်လော ယခုအခါ အဘယ့်ကြောင့် ယုတ်မာသောအယ္ဟကို ယူပြန်ဘိသနည်းဟု မိန့်တော်မူလေ၏ ရဟန်းတို့သည် မြတ်စွာဘုရား ဤရဟန်းသည် ရှေးဘဝ၌ ပြုအပ်သော မကောင်းမှုကံကား အဘယ်ပါနည်းဘုရားဟု မေးလျှောက်ကြလေကုန်၏ ထိုအခါ ရဟန်းတို့အား မြတ်စွာဘုရားသည် ကောဏ္ဍဓာနမထေရ်၏ ရှေးမကောင်းမှုကံကို ဟောတော်မူပြီးလျှင် ချစ်သားရဟန်း ဤမကောင်းမှုကံကိုအမှီပြု၍ သင်သည် ဤဖေါက်ပြန်သော အခြင်းအရာသို့ ရောက်ရ၏။ ယခုအခါ သင့်အား တဖန် ထိုသို့သဘောရှိသော ယုတ်မာသောအယ္ဟကို ယူခြင်းငှါ မသင့် တဖန် ရဟန်းတို့နှင့် အတူတကွ တစုံတခုသောစကားကို မဆိုလင့် အနားရေး၌ပြတ်သော ကြေးခွက်နှင့်တူစွာ အသံမရှိသည် ဖြစ်ဘိလော့ ဤသို့ပြုသည်ရှိသော် နိဗ္ဗာန်သို့ရောက်သောသူမည်သည်ဖြစ်လတ္တံ့ဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားဟော ကြားတော်မူလိုရကား ထိုရဟန်းကို ဆုံးမတော်မူလျက် ဤဂါထာတို့ကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၃၃ မာဝေါစ ဖရုသံ ကိဉ္စိ၊ ဝုတ္တာ ပဋိဝဒေယျုံ တံ။
ဒုက္ခာ ဟိ သာရမ္ဘကထာ၊ ပဋိဒဏ္ဍာ ဖုသေယျုံ တံ။

၁၃၄ သစေ နေရေသိ အတ္တာနံ၊ ကံသော ဥပဟတော ယထာ။
သေ ပတ္တောသိ နိဗ္ဗာနံ၊ သာရမ္ဘော တေ န ဝိဇ္ဇတိ။

ကိဉ္စိ၊ တစုံတယောက်သော သူကိုမျှ။ ဖရုသံ၊ ကြမ်းကြုတ်သော စကားကို။ မာအဝေါစ၊ မဆိုလင့်။ ဝုတ္တာ၊ အဆိုခံရသော သူတို့သည်။ တံ၊ သင့်ကို။ ပဋိဝဒေယျုံ၊ ဆိုတုံ့ဆိုကုန်ရာ၏။ ဟိ၊ ထိုစကားသင့်စွ။ သာရမ္ဘကထာ၊ ချုတ်ချယ်လျက် အင်တူပြု၍ ဆိုသောစကားသည်။ဒုက္ခာ၊ဆင်းရဲကြောင်းဖြစ်၏။ပဋိဒဏ္ဍာ၊ ရန်တုံ့ရန်လှည့်ဖြစ်သော ဒဏ်ပြန်တို့သည်။ တံ၊ သင့်ကို။ ဖုသေယျုံ၊ ရောက်ကုန်ရာ၏။

ဥပဟတော၊ အနားရေး၌ ဖြတ်၍ထားအပ်သော။ ကံသောယထာ၊ ကြေးခွက်ကဲ့သို့ (ကြေးခွက် အသံမထွက်အံ့သို့ ဟူလို) အတ္တာနံ၊ မိမိကိုယ်ကို။ သစေ နေရေသိ- နှ ဤမရေသိ၊ အကယ်၍ မတုန်မလှုပ်အောင် ပြုခြင်းငှါ တတ်နိုင်သည်

ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့တတ်နိုင်သည်ရှိသော်။ သေတွံ၊ ဤသို့ တတ်နိုင်သော သင်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပတ္တော၊ မရောက်သေးသော်လည်း ရောက်သော သူမည်သည်။ အသိ၊ဖြစ်၏။ တေ၊သင့်အား။ သာရမ္ဘော၊ ချုတ်ချယ်ခြင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ ဝါ၊ မဖြစ်လတ္တံ့။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြကုန်၏။ ကောဏ္ဍဓာန မထေရ်သည်လည်း မြတ်စွာဘုရားပေးသနာတော်မူအပ်သော အဆုံးအမသြဝါဒ၌တည်၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။ မကြာမြင့်မီသာလျှင် ကောင်းကင်သို့ ပျံတက်၍ ရှေးဦးစွာ စာရေးတံကို ခံယူလေ၏။

ကောဏ္ဍဓာနမထေရ်ဝတ္ထုပြီး၏။

၅–ဝိသာခါစသောဥပါသိကာမတို့၏ ဥပုသ်သုံးသောဝတ္ထု

ယထာ ဒဏ္ဍေန - အစရှိသော ဤတရားဒေသနာတော်ကိုမြတ်စွာဘုရားသည် ပုဗ္ဗာရုံ ကျောင်းတော်၌ နေတော်မူစဉ် ဝိသာခါ အစရှိကုန်သော ဥပါသိကာမတို့၏ ဥပုသ်ကျင့်သုံးသော အမှုကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ဥပုသ်သည်တို့ ရည်ရွယ်ပုံတမျိုးစီ

သာဝတ္ထိပြည်ဝယ် တခုသော ဥပုသ်နေ့ကြီး၌ ငါးရာမျှ အတိုင်းအရှည်ရှိကုန်သော မိန်းမတို့သည် ဥပုသ်ဆောက်တည် ကျင့်သုံးလိုကြကုန်သည်ဖြစ်၍ ကျောင်းတော်သို့ သွားကြကုန်သတတ် ဝိသာခါ ဒါယိယာမကြီးသည် ထိုငါးရာသော မိန်းမတို့တွင် အသက်အရွယ် ကြီးရင့်ကြကုန်သော မိန်းမကြီးတို့သို့ ချဉ်းကပ်၍ အမယ်အိုကြီးတို့ ဘယ်အကျိုးငှါ ဥပုသ်ကျင့်သုံးကြပါကုန်သနည်းဟု မေးမြန်းလေ၏။ ထိုမိန်းမကြီးတို့သည် နတ်တို့၏ စည်းစိမ်ချမ်းသာကို လိုလားတောင့်တ

---

၁ ဥဂ္ဂမြို့ မဟာသုဘဒ္ဒါပင့်ရာသို့ အရိယာပုဂ္ဂိုလ်ချည်းသာ သွားအံ့ဟု စာရေးတံပေးစဉ် အရှင်အာနန္ဒာက မပေးဘဲထား၏။ နောက်မှ ယူသူအားပေးဟု ဘုရားရှင် မိန့်သော အခါ ကောင်းကင်၌တည်လျက် စာရေးတံ ယူလေ၏။ ရှေးဦးစွာ စာရေးတံယူသူတို့တွင် အတော်ဆုံးဟု ဘုရားရှင်က ဘောဒဂ်ပေး၏။ အဂ်ုတ္တိုရ်။

ကြသဖြင့် ဥပုသ်ကျင့်သုံးကြပါကုန်၏ဟု ဆိုလတ်သည်ရှိသော် အသက်အရွယ် အလယ် အလတ်ဖြစ်သော မိန်းမတို့ကို မေးပြန်လေ၏ ထိုမိန်းမလတ်တို့သည် လင်တူ မိန်းမတည်းဟူသော ရန်သူမတို့နှင့် အတူနေရခြင်းမှ လွတ်ကင်းပါ စိမ့်သော အကျိုးငှါ ဥပုသ်ကျင့်သုံးကြပါကုန်၏ဟု ဆိုလတ်သည်ရှိသော်၊အသက် အရွယ် ငယ်ရွယ်နုပျိုသော မိန်းမတို့ကို မေးပြန်လေ၏ ထိုမိန်းမငယ်တို့သည် ရှေးဦးစွာသော ကိုယ်ဝန်၌ သားယောကျ်ားကို ရပါစိမ့်သောအကျိုးငှါ ဥပုသ် ကျင့်သုံးကြပါကုန်၏ဟု ဆိုလတ်သည်ရှိသော်၊ သတို့သမီးပျို တို့ကို မေးပြန် လေ၏။ ထိုသတို့သမီးပျိုတို့သည် ငယ်ရွယ်နုပျိုစဉ်သာလျှင် အမျိုးကောင်းသား လင်ယောကျ်ား၏ အိမ်သို့ လိုက်သွားရပါစိမ့်သော အကျိုးငှါ ဥပုသ်ကျင့်သုံး ကြပါကုန်၏ဟု ဆိုလတ်သည်ရှိသော် ထိုငါးရာသောမိန်းမတို့၏ အလုံးစုံသော ထိုစကားကို ကြားရပြီးလျှင် ထိုမိန်းမတို့ကို ခေါ်သဖြင့် ဘုရားရှင်၏အထံတော်သို့ သွား၍ အစဉ်အတိုင်းအားဖြင့် နှားတော်လျှောက်ကြားလေသတည်း။ထိုစကား ကိုကြားတော်မူရလျှင် မြတ်စွာဘုရားသည် ဝိသာခါ ဤသတ္တဝါတို့၏ကိုယ်တွင်း၌ ဇာတိအစရှိသော တရားတို့ မည်သည်ကား လုံတံ လက်စဲ့သော နှားကျောင်း သားနှင့်တူကုန်၏ ပဋိသန္ဓေ နေခြင်းသည် အိုခြင်းအထံသို့ အိုခြင်းသည် နာခြင်း အထံသို့ နာခြင်းသည် သေခြင်းအထံသို့ ပို့လွှတ်ပြီးလျှင် ဓားမဖြင့် ဖြတ်ပိုင်းကြ ကုန်သကဲ့သို့ အသက်ကို ဖြတ်ပိုင်းကြ၏ ဤသို့ပင်ဖြစ်သော်လည်း ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တသော သူတို့မည်သည်မရှိကြကုန် သံသရာဝဋ်ကိုသာလျှင် တောင့်တကြကုန်၏ဟု မိန့်တော်မူ၍ အနုသန္ဓေကိုစပ်လျက် တရားဟောကြား တော် မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

၄

ဒေသနာတော

၁၃၅ ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာ စ မစ္စု၊ စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။

ဂေါပါလော၊ နှားကျောင်းသားသည်။ ဒဏ္ဍေန၊ လုံတံဖြင့်။ ဂါဝေါ၊ နှား တို့ကို။ ဂေါစရံ၊ ကျက်စားရာအရပ်သို့။ ပါဇေတိယထာ၊ မောင်းနှင်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဇရာစ၊ အိုခြင်းသည်၎င်း။ မစ္စုစ၊ သေခြင်းသည်၎င်း။ ပါဏိနံ၊ သတ္တဝါတို့၏။ အာယုံ၊ အသက်ကို။ ပါဇေန္တိ၊ မောင်းနှင်ကြကုန်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံးဌ် များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ဝိသာခါစသော ဥပါသိကာမတို့၏ ဥပုသ်သုံးသောဝတ္ထုပြီး၏။

၆-စပါးကြီးမြေ ပြိတ္တာဝတ္ထု

အထ ပါပါနိ ကမ္မာနိ- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရား သည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် စပါးကြီးမြေပြိတ္တာကို အကြောင်း ပြု၍ ဟောတော်မူလေ၏။

မြေပြိတ္တာ၏ ဆင်းရဲပုံ

တပါးသောအခါ ရှင်မောဂ္ဂလာန်မထေရ်သည် လက္ခဏမထေရ်နှင့်အတူတကွ ဂိဇ္ဈကူဋ်တောင်မှ သက်ဆင်းလတ်သည်ရှိသော် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် နှစ်ဆဲ့ ငါးယူဇနာ အတိုင်းအရှည်ရှိသော စပါးကြီးမြေ ပြိတ္တာကို မြင်တော်မူလေ၏ ထိုစပါးကြီးမြေ ပြိတ္တာ၏ ဦးခေါင်းမှ မီးလျှံတို့သည်ထ၍ အဆုံး အမြီးဖျားသို့ သွားကုန်၏ အဆုံးမှထ၍ ဦးခေါင်းသို့သွားကုန်၏ ဦးခေါင်းအမြီးဖျား နှစ်ပါး သော နေရာတို့မှထ၍ အလယ်၌ သက်ဝင် စုဝေးကြကုန်၏ ရှင်မောဂ္ဂလာန်မထေရ် သည် ထိုစပါးကြီးမြေ ပြိတ္တာကိုမြင်ရလျှင် ပြုံးရယ်ခြင်းကို ထင်ရှားစွာပြုတော် မူလေ၏ လက္ခဏမထေရ်သည် ပြုံးတော်မူခြင်း အကြောင်းကို မေးအပ်သည် ရှိသော် ငါ့ရှင်လက္ခဏ ဤပြဿနာကို ဖြေဆိုခြင်းငှါ အခါမဟုတ်သေး မြတ်စွာ ဘုရား၏ အထံတော်၌ ငါ့ကို မေးလော့ဟုဆို၍ ရာဇဂြိုဟ်ပြည်၌ ဆွမ်းအလို့ငှါ လှည့်လည်ပြီးလျှင် မြတ်စွာဘုရား၏ အထံတော်သို့ ရောက်သောအခါ ရှင်လက္ခဏ မထေရ် မေးအပ်သည်ဖြစ်၍ ဖြေဆိုဟန်ကား ငါ့ရှင် လက္ခဏ ငါကား ထိုဂိဇ္ဈကူဋ် တောင်၌ တကောင်သော မြေပြိတ္တာကို မြင်ရ၏ ထိုပြိတ္တာ၏ အတ္တဘောသည် ဤသို့သဘောရှိသည်မည်၏ ငါသည်ထိုပြိတ္တာကိုမြင်ရလျှင် ဤသို့သဘောရှိသော အတ္တဘောကို ငါမမြင်စဘူး ပါတကားဟု ပြုံးရယ်ခြင်းကို ထင်ရှားစွာပြု၏ဟု

ဆိုလေ၏ မြတ်စွာဘုရားသည်လည်း ချစ်သား ရဟန်းတို့ ငါဘုရား၏ တပည့် သာဝကတို့သည် မျက်စိအမြင်ရှိကြသည်ဖြစ်၍ နေကုန်စွတကားဟု ဤသို့အစရှိ သောစကားဖြင့် မိန့်ဆိုတော်မူလျက် ရှင်မောဂ္ဂလာန်မထေရ်၏ စကားကို တန့်ရပ် စေပြီးလျှင် ချစ်သားရဟန်းတို့ ငါဘုရားသည်လည်း ထိုပြိတ္တာကို ဗေဒမိမဏ္ဍိုင်၌ ခနတော်မူစဉ်သာလျှင် အကယ်၍ကား မြင်အပ်၏ ထိုသို့မြင်သော်လည်း အကြင် သူတို့သည် ငါ့စကားကိုမယုံကြည်ကုန်ရာ ထိုမယုံကြည်သောသူတို့အား စီးပွား မရှိခြင်းဖြစ်ရာ၏ဟူ ဟောတော်မမူ၊ ယခုအခါ၌ကား မောဂ္ဂလာန်ကို သက်သေ ရ၍ ဟောတော်မူရ၏ဟူ မိန့်တော်မူ၏ ရဟန်းတို့သည် ထိုစပါးကြီးမြေပြိုတ္တာ၏ ရှေးကပြုအပ်သော မကောင်းမှုကံကို မေးအပ်သည်ရှိသော် ဟောကြားတော်မူလေ၏။

ကျောင်းမီးလောင်၍ ကျောင်းဒါယကာ လက်ပန်းပေါက်ခတ်ခြင်း

ကဿပမြတ်စွာဘုရား၏ လက်ထက်တော်အခါ၌ သုမင်္ဂလ အမည်ရှိသော သူဌေးကြီးသည် ရွှေအုဋ်တို့ဖြင့် မြေကို ခင်း၍ ဉသဘန္နစ်ဆယ် အတိုင်းအရှည်ရှိ သောအရပ်၌ ထိုမျလောက် အတိုင်းအရှည်ရှိသောဥစ္စာဖြင့် ကျောင်းကိုဆောက် လုပ်စေပြီးလျှင် ထိုမျလောက် အတိုင်းရှည်ရှိသောဥစ္စာဖြင့် ကျောင်းပူဇော်ခြင်း ကိုလည်း ပြုစေလေ၏။ ထိုသုမင်္ဂလ သူဌေးကြီးသည် တနေ့သ၌ နံနက်စောစော၌သာလျှင် ကဿပ မြတ်စွာဘုရား၏ အထံတော်သို့ သွားလတ်သည်ရှိသော် မြို့တံခါးအနီး တခုသောစရပ်၌ ဖန်ရည်စွန်းသော အဝတ်ကို ဦးခေါင်းနှင့်တကွ ခြုံလျက် ရုံညွှန်အလိမ်းလိမ်း ကပ်ကုန်သော ခြေတို့ဖြင့် အိပ်နေသော ခိုးသူ တယောက်ကို မြင်ရလျှင် ဤသူကား ရုံညွှန်အလိမ်းလိမ်းကပ်သော ခြေရှိ၏။ ညဉ့်၌ သွားလာ လှည့်လည်၍အိပ်သောသူဖြစ်လတ္တံ့ဟု ဆိုလိုက်မိလေ၏။ ခိုးသူသည် မျက်နှာကိုဖုံ့သဖြင့် သူဌေးကြီးကို မြင်လေလျှင် ဆိုတိုင်း ဟုတ်ပါစေသင့်အား ပြုအပ်သောအမှုကို ငါသိရပေတော့အံ့ဟု ရန်ငြိုးဖွဲ့ပြီးလျှင် ခုနစ်ကြိမ် တိုင်တိုင် လယ်ကိုမီးတိုက်၏။ ခုနစ်ကြိမ်တိုင်တိုင် နွားခြံ၌ နွားတို့၏ ခြေတို့ကို ခုတ်ဖြတ်၏။ ခုနစ်ကြိမ်တိုင်တိုင် အိမ်ကို မီးတိုက်၏။ ထိုခိုးသူသည် ဤမျှဖြင့်

---

၁ ဉသဘန္နစ်ဆယ်အတိုင်းအရှည်ရှိသော မြေကွက်ကို ရွှေအုဋ်အပြည့်ခင်း၍ ဝယ်မှုသည် ဟူလို။

လည်း အမျက်ဒေါသကို ငြိမ်းအေးစေခြင်းငှါ မတတ်နိုင်ရကား ထိုသူဌေးကြီး၏ အလုပ်အကျွေးငယ်နှင့်အတူတကွ အဆွေခင်ပွန်းဖွဲ့၍ သင်၏ သူဌေးကြီး နှစ်သက် မြတ်နိုးအပ်သော အရာကား အဘယ်နည်းဟု မေးအပ်သည်ရှိသော် ဂန္ဓကုဋ္ဌိမှ တပါး ထိုသူဌေးကြီး လွန်စွာနှစ်သက် မြတ်နိုးအပ်သော အရာမရှိဟု ဆိုလေ၏။ ထိုစကားကိုကြားရလျှင် ထိုအတိုင်း ဟုတ်ပါစေ ဂန္ဓကုဋ္ဌိကို မီးတိုက်ပြီးမှ အမျက်ဒေါသကို ငြိမ်းအေးရစေတော့အံ့ဟုကြံ၍ မြတ်စွာဘုရား ဆွမ်းအလို့ငှါ ဝင်လတ်သည်ရှိသော် သောက်ရေ သုံးဆောင်ရေ အိုးတို့ကိုခွဲ၍ ဂန္ဓကုဋ္ဌိ ကျောင်းတော်ကြီး၌ မီးတိုက်လေ၏။ သူဌေးကြီးသည် ဂန္ဓကုဋ္ဌိ မီးလောင်သတတ်ဟု ကြားရလျှင် လာလတ်သည်ရှိသော် မီးကျွမ်းသောအခါမှ ရောက်လာသဖြင့် ဂန္ဓကုဋ္ဌိ မီးလောင်ကျွမ်းသည်ကို ကြည့်ရှုလျက် ၁ဆံချည်တပင်ဖျားမျှလည်း နှလုံးမသာယာခြင်းကို မပြုမူ၍ လက်ဝဲ လက်ရုံးကို ခွေပြီးလျှင် လက်ျာလက်ဖြင့် ကြီးစွာသော လက်ပန်းပေါက်ခတ်ခြင်းကို ခတ်လေ၏။

လက်ပန်းပေါက် ခတ်နိုင်လောက်အောင် ဝမ်းသာပုံ

ထိုအခါ သူဌေးကြီးကို အနီး၌နေသောသူတို့သည် အရှင်သူဌေးမင်း အဘယ့်ကြောင့် ဤမျှလောက်သောဥစ္စာကို စွန့်လွှတ်၍ ဆောက်လုပ်အပ်သော ဂန္ဓကုဋ္ဌိကြီး မီးလောင်ကျွမ်းသောအခါ လက်ပန်းပေါက်ခတ်လေဘိသနည်းဟု မေးမြန်းကြလေကုန်၏။ သူဌေးကြီးသည် အမောင်တို့ ငါသည် ဤမျှလောက်သော ကောင်းမှုကံကိုပြု၍ မီးအစရှိသည်တို့နှင့် မဆက်ဆံသော ဘုရားရှင်၏ သာသနာတော်၌ ဥစ္စာကိုမြှုပ်နှံ သိုမှီး သိမ်းဆည်းရအပ်ပေပြီ တဖန် ဤမျှလောက်သော ဥစ္စာကိုစွန့်၍ မြတ်စွာဘုရား၏အလို့ငှါ ဂန္ဓကုဋ္ဌိကို ဆောက်လုပ်ခြင်းငှါ ရပေတော့လတ္တံ့ဟု နှစ်သက် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ လက်ပန်းပေါက်ခတ်ရပေသည် အမောင်တို့ဟု ပြောဆိုလေ၏။ ထိုသုမင်္ဂလ သူဌေးကြီးသည် တဖန် ထိုမျှလောက်သောဥစ္စာကို စွန့်လွှတ်သဖြင့် ဂန္ဓကုဋ္ဌိကို ဆောက်လုပ်စေပြီးလျှင် နှစ်သောင်းမျှသော ရဟန်းအပေါင်း အခြံအရံရှိသော ကဿပမြတ်စွာဘုရားအား အလှူ လှူဒါန်းပြန်လေ၏။

---

၁ ကောသောတု ကုန္တလောဝါလောတ္တမင်္ဂုဟမုဒ္ဓဇာ။ ဟု အဘိခာန်ဆိုသောကြောင့် ဝါလသဒ္ဒါ ဆံပင်ဖြင့် ပြန်ဆိုရေးသားခြင်းဖြစ်သည်။

ရန်သူအား ရှေးဦးစွာ အမျှဝေခြင်း

သူ့ဌေးကြီး ထိုသို့ ပြုလုပ်ပုံကို မြင်ရလျှင် ခိုးသူသည် ဤသို့ကြံစည်လေ၏။ ငါကား ဤသူ့ဌေးကြီးကို မသတ်မူ၍ မျက်နှာပျက်အောင်ပြုခြင်းငှါ မတတ်နိုင်သေးပါတကား ထိုသို့မတတ်နိုင်သေးသည် ရှိပါစေ ထိုသူ့ဌေးကြီးကို သတ်တော့အံ့ဟု ကြံစည်လျက် ဝတ်သော ပုဆိုးအကြားဌ ဓားငယ်ကို ဖွဲ့ချည်လျက် ခုနစ်ရက်ပတ်လုံး•ကျောင်းဌ သွားလာလှည့်လည်သော်လည်း အခွင့်ကို မရခဲ့လေ။ သူ့ဌေးကြီးသည်လည်း ခုနစ်ရက်တို့ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကြီးကို ပေးလှူ၍ မြတ်စွာဘုရားကို ရှိခိုးလျက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ယောကျ်းတယောက်သည် ခုနစ်ကြိမ်တိုင်တိုင် တပည့်တော်၏ လယ်ကို မီးတိုက်အပ်ပါပြီ။ ခုနစ်ကြိမ်တိုင်တိုင် နှားခြံဌ နှားတို့၏ ခြေတို့ကို ခုတ်ဖြတ်ပါပြီ ခုနစ်ကြိမ်တိုင်တိုင် အိမ်ကို မီးတိုက်အပ်ပါပြီ။ ယခုအခါ ဂန္ဓကုဋိကိုလည်း ထိုသူသာလျှင် မီးတိုက်သည် ဖြစ်ပါလိမ့်မည်ဘုရား တပည့်တော်သည် ဤအလှူဌ ရှေးဦးစွာ အလှူအဘို့ အမျှကို ထိုယောကျ်းအား ပေးဝေပါ၏ဘုရားဟု လျှောက်ဆိုလေ၏။

ခိုးသူယောကျ်း ပြန်ပြောင်း၍ တောင်းပန်ခြင်း

ထိုခိုးသူသည် သူ့ဌေးကြီးလျှောက်ဆိုသော ထိုစကားကို ကြားရလျှင် ငါပြုအပ်သောအမှုသည် စင်စစ် ဝန်လေးလေစွတကား ဤသို့အပြစ်ပြုသော ငါ့အပေါ်ဌ ဤသူ့ဌေးကြီးအား အနည်းငယ်သော အမျက်ထွက်ခြင်းမျှလည်းမရှိ ဤအလှူဌလည်း ငါ့အားသာလျှင် ရှေးဦးစွာ အလှူအဘို့ကို ပေးဝေဘိ၏။ ငါသည် ဤသူ့ဌေးကြီးအပေါ်ဌ ပြစ်မှားမိ၏။ ဤသို့သဘောရှိသော ယောကျ်းကို ငါမကန်တော့သည်ရှိသော် နတ်တို့လက်နက် မိုးကြိုးစက် ဟူသော နတ်ဒဏ်သည်လည်း ငါ၏ထိပ်ထက်ဌ ကျရာ၏ဟုဆိုပြီးလျှင် သူ့ဌေးကြီး၏ ခြေရင်းဌဝပ်လျက် အရှင်သူ့ဌေးမင်း ကျွန်တော်အား သည်းခံတော်မူပါဟု ဆိုသဖြင့် ဤအမှုကား အဘယ်နည်းဟု ဆိုလတ်သော် အရှင်သူ့ဌေးမင်း ဤသို့ ဤမျှလောက်သောအမှုကို ကျွန်တော်ပြုလုပ်မိပါသည် ထို့ကြောင့် ကျွန်တော်အား သည်းခံတော်မူပါဟု ဆိုလေ၏။ ထိုအခါ ခိုးသူကို သူ့ဌေးကြီးသည် ငါ့အား ဤမည် ဤမည်သော အမှုကို ဤမျှလောက် သင်ပြုသလောဟု အလုံးစုံကို မေးမြန်းသည်ရှိသော်

ကျွန်တော် ပြုမိသည် မှန်ပါသည်ဟု ပြောဆိုလျှင် သင့်ကို ငါမမြင်အပ်စဘူးပါ တကား အဘယ့်ကြောင့် ငါ့အား အမျက်ထွက်၍ ဤသို့ပြုဘိသနည်းဟု မေးပြန်လေ၏။ ထိုခိုးသူသည် တနေ့သ၌ မြို့မှထွက်လာသော ထိုသူဌေးကြီးဆိုအပ်သော စကားကို အောက်မေ့စေပြီးလျှင် ဤသို့သော အကြောင်းကြောင့် ကျွန်တော်အား အမျက်ဒေါသကို ဖြစ်စေအပ်ပါသည်ဟု ဆိုလေ၏။ သူဌေးကြီးသည် မိမိဆိုအပ်သောစကားကို အောက်မေ့၍ အမောင် သြော်.... ဟုတ်ပေ၏ ငါသည် ဆိုမိ၏ ထိုအပြစ်ကို ငါ့အား သည်းခံပါလော့ဟု ခိုးသူကို သည်းခံစေပြီးလျှင် အမောင်ထလော့ သင့်အား သည်းခံပါ၏။ သွားလေတော့အမောင်ဟု ဆိုလေ၏ အရှင်သူဌေးမင်း ကျွန်တော်အား အကယ်၍ သည်းခံတော်မူသည်ဖြစ်ပါအံ့ သားမယားနှင့်တကွ ကျွန်တော်ကို အိမ်၌ ကျွန်ပြုတော်မူပါဟု ဆိုလတ်သော် အမောင် ငါ ဤမျှလောက်သောစကားကို ဆိုသည်ရှိသော် သင်သည် ဤသို့သဘောရှိသော ဖျက်ဆီးခြင်းကို ပြုဘိ၏ အိမ်၌ နေသဖြင့်ကား အတူတကွ တစုံတခုကို ပြောဆိုခြင်းငှါ မတတ်ကောင်း အိမ်၌သင်နေသဖြင့် ငါ့အား ပြုဘွယ်ကိစ္စမရှိ။ သင့်အား သည်းခံပါ၏ သွားလေတော့ အမောင်ဟု ဆိုလေ၏။ ခိုးသူသည် ထိုအမှုကို ပြုမိခြင်းကြောင့် အသက်သေဆုံးသောအခါ အဝီစိငရဲ၌ ဖြစ်ရရှာလေ၏။ရှည်မြင့်စွာသော ကာလပတ်လုံး ထိုအဝီစိငရဲ၌ ကျက်ပြီးမှကြွင်းသော အကျိုးအားဖြင့် ယခုအခါ ဂိဇ္ဈကုဋ္ဌတောင်၌ မီးဖြင့်ကျက်လျက် ဆင်းရဲကိုခံစားရလေ၏။ ဤသို့လျှင် မြတ်စွာဘုရားသည် ထိုစပါးကြီးမြေပြိတ္တာ၏ ၁ရှေး၌ပြုအပ်သော မကောင်းမှုကံကို မိန့်တော်မူပြီးလျှင် ချစ်သားရဟန်းတို့ သူမိုက်တို့မည်သည်ကား ယုတ်မာသောအမှုတို့ကို ပြုကုန်စဉ် မသိတတ်ကြကုန် နောက်အခါ၌ ကား မိမိသည် ပြုအပ်သောကံတို့ဖြင့် လောင်ကျွမ်းကုန်လျက် မိမိသည်ပင်လျှင် မိမိ၏တောမီးနှင့်အတူ ဖြစ်ကြကုန်၏ဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားဟောကြားတော်မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၃၆ အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော နဗုဇ္ဈတိ။
သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိ ဒဇ္ဇောဝ တပ္ပတိ။

---

၁ ၅-ဗာလဝဂ်။ ၁၂-မြေပြိတ္တာကား ပခွေကဗုဒ္ဓါ၏ကျောင်းကို မီးရှို့၏။

ဗာလေ၁၊ မလိမ္မာသော သူမိုက်သည်။ ပါပါနို၊ ယုတ်မာကုန်သော။ ကမ္မာနို၊ မကောင်းမှုတို့ကို။ ကရုံ ကရောန္တော၁၊ ပြုလုပ်နိုင်၏။ အထ၊ ထို့သို့ပြုလုပ်နိုင်သော်လည်း။ နဗုဇ္ဈတိ၊ ၁မသိ။ သေဟိ၊မိမိဥစ္စာဖြစ်ကုန်သော။ ကမ္မေဟိ၊မကောင်းမှုတို့ကြောင့်။ ဒုမ္မေဓော၊ ပညာကင်းသူ လူမိုက်သည်။ အဂ္ဂိဒဒှော၀၊ ၂မီးလောင်လျက် သာလျှင်။ နိရယေ၊ ငရဲ၌။တပ္ပတိ၊ပူပန်ရ၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

စပါးကြီးမြေပြိတ္တာဝတ္ထုပြီး၏။

၇–ရှင်မဟာမောဂ္ဂလာန်မထေရ်ဝတ္ထု

ယော ဒဇ္ဈေန - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် ရှင်မဟာ မောဂ္ဂလာန် မထေရ်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

တိတ္ထိတို့ စည်းဝေးဆုံးဖြတ် ပြုလုပ်ပုံ

တပါးသောအခါ၌ တိတ္ထိတို့သည် စည်းဝေးကြကုန်လျက် ငါ့ရှင်တို့ အဘယ်အကြောင်းကြောင့် ရဟန်းကြီးဂေါတမအား လာဘ်ပူဇော် သက္ကာရများစွာ ဖြစ်ဘိသနည်း သိကြကုန်၏လော၀ဟု မေးမြန်းပြောဆိုသဖြင့် ငါတို့ကား မသိကုန်ဆင်တို့ကား သိကြပါသလား၀ဟု ပြန်၍ မေးလတ်သော် သြော် သိကြပါကုန်၏ ရှင်မဟာ မောဂ္ဂလာန်မည်သော မထေရ်တပါးကို မှီ၍ဖြစ်၏ ထို့ရှင်မဟာမောဂ္ဂလာန်သည် နတ်ပြည်သို့သွား၍ နတ်တို့ပြုအပ်သော ကုသိုလ်ကံကို မေးပြီးလျှင် ပြန်လာ၍ လူတို့အား ဤမည်သော ကုသိုလ်ကံကို ပြုခြင်းကြောင့် ဤသို့သဘောရှိသော စည်းစိမ်ချမ်းသာကို ခံစားကြရကုန်၏ဟု ပြောဟောလေ၏ ငရဲပြည်၌ဖြစ်သော သူတို့၏လည်း အကုသိုလ်ကံကို မေးပြီးလျှင် ပြန်လာ၍

---

၁ မကောင်းမှုပြုစဉ် ငါမကောင်းမှုပြု၏ ဟူ၍လေးက် သိနိုင်သော်လည်း ဤကံ၏အကျိုးကား ဤသို့သဘောရှိ၏ဟူ၍ကား မသိနိုင်ရာလေဟူလို။

(၁) ၁၄၃–၁၆

လူတို့အား ဤမည်သော အကုသိုလ်ကံကို ပြုခြင်းကြောင့် ဤသို့ သဘောရှိသော ဆင်းရဲကို ခံစားကြရကုန်၏ဟု ပြောဟောလေ၏ လူတို့သည် ထိုရှင်မဟာမောဂ္ဂလာန်၏ စကားကို ကြားရလျှင် မျှားစွာသော လာဘ် ပူဇော်သက္ကာရကို ရွေးရှု။ ဆောင်ကြကုန်၏ ထိုရှင်မဟာမောဂ္ဂလာန်ကို သတ်အံ့သောငှါ အကယ်၍ ငါတို့ တတ်နိုင်ကုန်သည်ဖြစ်အံ့ ထိုလာဘ် ပူဇော် သက္ကာရသည် ငါတို့အား ဖြစ်လတ္တံ့ဟု ကြံစည်တိုင်ပင်ကြလေကုန်၏ ထိုတိတ္ထိတို့သည် ဤအကြောင်းကား ရှိ၏ဟု အလုံးစုံတူသော ဆန္ဒရှိကြကုန်သည်ဖြစ်၍ အမှတ်မရှိ တခုခုကိုပြုလျက် ထိုရှင် မဟာမောဂ္ဂလာန်ကို သတ်ကြ ကုန်စို့အံ့ဟု မိမိ၏အလုပ်အကျွေးဖြစ်သော သူတို့ကို တိုက်တွန်း နှိုးဆော်သဖြင့် အသပြာတထောင်ကိုရသည်ရှိသော် လူသတ်အမှုကိုပြု၍ လှည့်လည်သွားလာကုန်သော ခိုးသူတို့ကိုခေါ်စေ၍ အရှင်မဟာမောဂ္ဂလာန်မည်သော မထေရ်သည် ၁ကာလသိလာမည်သောအရပ်၌ နေ၏။ ထိုအရပ်သို့သွား၍ ထိုမထေရ်ကို သတ်ကြကုန်လော့ဟု ခိုးသူတို့အား အသပြာတို့ကို ပေးကြလေကုန်၏။

ရှင်မဟာမောဂ္ဂလာန် ပရိနိဗ္ဗာန်စံခြင်း

ခိုးသူတို့သည် ဥစ္စာ၌ တပ်မက်မောသဖြင့် ဝန်ခံပြီးလျှင် မထေရ်ကို သတ်ကုန်အံ့ဟုသွား၍ ထိုမထေရ်၏ နေရာအရပ်ကို ဝန်းရံကြကုန်၏ မထေရ်လည်း ခိုးသူတို့ ဝန်းရံသည့်အဖြစ်ကို သိတော်မူလျှင် သံကောက်ပေါက်ဖြင့် ထုတ်၍ ဖဲသွားလေ၏ ထိုခိုးသူတို့သည် ထိုနေ့၌ မထေရ်ကို မမြင်ရခြင်းကြောင့် တဖန်နောက်တနေ့၌ သွား၍ဝန်းရံကြပြန်၏။ မထေရ်လည်း သိတော်မူသဖြင့် အထွတ်ချက်ဝန်းကို ဖေါက်ခဲ့၍ ကောင်းကင်သို့ ပျံတက် ကြွသွားတော်မူလေ၏ ဤသို့လျှင် ခိုးသူတို့သည် ရွေးဦးစွာသော လဋ္ဌဝင်း အလယ်ဖြစ်သောလဋ္ဌဝင်း ရှင်မဟာမောဂ္ဂလာန် မထေရ်ကို ဖမ်းယူအံ့သောငှါ မတတ်နိုင်ကြကုန် နောက်ဆုံးဖြစ်သော လသည် ရောက်လတ်သည်ရှိသော် မထေရ်မြတ်သည် မိမိပြုအပ်သော မကောင်းမှုကံ၏ ဆဲငင်သောအဖြစ်ကို သိတော်မူ၍ ဖဲကြွတော်မမူဘဲ နေလေ၏ ခိုးသူတို့သည် သွား၍ ရှင်မဟာမောဂ္ဂလာန်မထေရ်ကို ဖမ်းပြီးလျှင် ဆန်ကဲ့တို့မျှလောက်ကဲ့သို့ အရိုးတို့ကို ပြုကုန်လျက် ချိုးဖဲ့ကြလေကုန်၏ ထိုအခါ မထေရ်ကို သေပြီဟူသော

---

၁ ရာဇဂြိုဟ်ပြည်အနီး ဇုသိဂိလိတောင်၏ နံပါး ကာလမည်သော ကျောက်ဖျားဖြစ်၏ဟူလို။

အမှတ်ဖြင့် တခုသော ချုံနောက်ဖေး၌ ပစ်ထား၍ ဖဲသွားကြလေကုန်၏ မထေရ် မြတ်သည်လည်း မြတ်စွာဘုရားကို ဖူးမြင်ပြီးမှသာလျှင် ပရိနိဗ္ဗာန်ပြုပေအံ့ဟု အတ္တဘောကို စျာန်၏ ရစ်ပတ်ခြင်းဖြင့် ရစ်ပတ်၍ မြဲမြံခိုင်ခံ့အောင် ပြုပြီးလျှင် ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရား အထံတော်သို့သွား၍ ဘုရားရှင်ကိုရှိခိုးလျက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော် ပရိနိဗ္ဗာန် ပြုပါတော့ မည်ဘုရားဟု လျှောက်ကြားလေ၏ ချစ်သားမောဂ္ဂလာန် သင်ပရိနိဗ္ဗာန်ပြုတော့ မည်လောဟု မေးတော်မူလျှင် မြတ်စွာဘုရား ပြုပါတော့မည်ဘုရားဟု လျှောက် ကြားလေ၏ အဘယ်အရပ်သို့သွား၍ ပရိနိဗ္ဗာန်ပြုမည်နည်းဟု မေးတော်မူပြန် လျှင် မြတ်စွာဘုရား ကာလသိလာမည်သော အရပ်သို့သွား၍ ပြုပါမည်ဘုရားဟု လျှောက်ကြားလေ၏ ချစ်သား မောဂ္ဂလာန် ထိုသို့ဖြစ်မူ ငါဘုရားအား [၁]တရား ဟောပြီးမှ သွားလော့ သင်ကဲ့သို့ သဘောရှိသော ငါဘုရား၏ တပည့်သာဝကကို ယခုအခါ မြင်တွေ့ဘွယ်ရာ မရှိပြီဟု မိန့်တော်မူလျှင် ထိုရှင်မဟာ မောဂ္ဂလာန် မထေရ်သည် မြတ်စွာဘုရား ဤသို့မိန့်တော်မူတိုင်း ပြုပါမည်ဘုရားဟု မြတ်စွာ ဘုရားကို ရှိခိုးလျက် ကောင်းကင်သို့ ပျံတက်ပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူအံ့ သောနေ့၌ ရှင်သာရိပုတြာ မထေရ်ပြုသကဲ့သို့ ထိုရှင်မဟာ မောဂ္ဂလာန် မထေရ် သည် အထူးထူး အပြားပြား ရှိကုန်သော တန်ခိုးတို့ကို ပြုသဖြင့် တရားဟော ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ ကာလသိလာအရပ်၏ တောအုပ်သို့ကြွသွား၍ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

ခိုးသူနှင့် တိတ္ထိတို့ မီးလောင်တိုက်သွင်းခြင်း

ရှင်မဟာ မောဂ္ဂလာန် မထေရ်ကို ခိုးသူတို့သည် သတ်ကုန်သတတ်ဟူသော ဤစကားသည်လည်း ဇမ္ဗူဒိပ်ကျွန်း တကျွန်းလုံး ပြန့်နှံ့လေ၏ အဇာတသတ် မင်းသည် ခိုးသူတို့ကို ရှာဖွေအံ့သောအကျိုးငှါ သူလျှိယောကျ်ားတို့ကို စေလွှတ် လေ၏ ထိုခိုးသူတို့သည်လည်း သေတင်းကုပ်၌ သေသောက်ကြကုန်သည်ရှိသော် တယောက်သော သူသည် တယောက်သောသူ၏ ကျောက်ကုန်းကို ရိုက်နှက်ကာ ပုတ်ခတ်လေ၏ ထိုပုတ်ခတ်ခံရသော ယောကျ်ားသည် ပုတ်ခတ်သောယောကျ်ား

---

၁ ဘုရားရှင်တို့သည် ကိုယ်တော်ဘိုင်လည်း တရားအလေးပြုတော်မူကြကုန်၏။ သူတပါးကို လည်း အလေးပြုစေလိုကြကုန်၏။

ကို ကြိမ်းမောင်းလျက် ဟယ် ဆုံးမခက်သော သူယုတ်မာ နှင်အာဘဲ့ကြောင့် ငါ့ကျောက်ကုန်းကို ပုတ်ခတ်ဘိသနည်းဟု ဆိုလေ၏ ဟယ်ခိုးသူပျက် အသို့နည်း နှင်သည် ရှင်မဟာမောဂ္ဂလာန် မထေရ်ကို ရှေးဦးစွာ ပုတ်ခတ်ဘိ၏လော်ဟု မေးလျှင် အသို့နည်း ငါပုတ်ခတ်သော အဖြစ်ကို နှင်မသိလေသလောဟု ဆိုလေ၏ ဤသို့လျှင် ငါပုတ်ခတ်သည် ငါပုတ်ခတ်သည်ဟုဆိုကုန်သော ခိုးသူတို့၏စကားကို ကြားရလျှင် ထိုသူလျှို ယောကျ်ားတို့သည် အလုံးစုံသော ထိုခိုးသူတို့ကိုဖမ်း၍ အဇာတသတ်မင်းကြီးအား လျှောက်ကြားကြလေကုန်၏ အဇာတသတ်မင်းကြီး သည်လည်း ခိုးသူတို့ကို ခေါ်စေပြီးလျှင် သင်တို့သည် ရှင်မဟာ မောဂ္ဂလာန် မထေရ်ကို သတ်မိလေသလောဟု မေးစစ်တော်မူလေ၏ အရှင်မင်းကြီး သတ်မိ သည်မှန်လှပါ၏ဟု လျှောက်တင်လေသော် အဘယ်သူသည် သင်တို့ကို တိုက်တွန်း စေခိုင်း အပ်ကုန်သနည်းဟု မေးစစ်ပြန်လေ၏ အရှင်မင်းကြီး အဝတ်မဆီးသော ၁ရဟန်းတို့သည် တိုက်တွန်းစေခိုင်း အပ်ပါကုန်၏ဟု လျှောက်တင်လတ်သော် အဇာတသတ်မင်းသည် အဝတ်မဆီးသော ရဟန်းငါးရာတို့ကို ဖမ်းစေ၍ ခိုးသူ ငါးရာတို့နှင့် အတူတကွ မင်းယင်ပြင်၌ ချက် အတိုင်းအရှည်ရှိကုန်သော တွင်းတို့၌ စိုက်ထောင် မတ်တတ် မြှုပ်နှံစေပြီးလျှင် ကောက်ရိုးတို့ဖြင့် ဖုံးလွှမ်းစေသဖြင့် မီးတိုက်စေလေ၏ ထို့အခါ ထိုတိတ္ထိတို့နှင့် ခိုးသူတို့၏ မီးလောင်သော အဖြစ်ကို သိလျှင် သံထွန်ဖြင့် ထွန်စေလျက် အားလုံးတို့ကို အပိုင်းပိုင်း ပြုစေလေ၏ ရဟန်း တို့သည်လည်း တရားသဘင်၌ ရှင်မဟာမောဂ္ဂလာန် မထေရ်သည် မိမိအား မလျောက်ပတ်သည်သာလျှင် ဖြစ်သော သေခြင်းသို့ ရောက်တော်မူရ၏ဟု စကားကို ဖြစ်စေကြလေကုန်၏ မြတ်စွာဘုရားသည် ကွလာတော်မူလတ်၍ ချစ်သား ရဟန်းတို့ ယခုငါဘုရား လာတော်မူသော အခါ၌ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူခြင်းကြောင့် ဤမည်သော စကားဖြင့် စည်းဝေးကြပါသည်ဘုရားဟု နှားတော်လျှောက်ကြားသည်ရှိသော် ချစ်သားရဟန်းတို့ မောဂ္ဂလာန်သည် ဤအတ္တဘော အားသာလျှင် မိမိနှင့် မလျောက်ပတ်သော သေခြင်းသို့ ရောက်ရ၏ ရှေးဘဝ၌ ထိုမောဂ္ဂလာန် ပြုအပ်သော မကောင်းမှုကံနှင့်သော်ကား လျောက်ပတ်သော သေခြင်းကိုရ လေ၏ဟု မိန့်တော်မူလျှင် မြတ်စွာဘုရား ထိုရှင်မောဂ္ဂလာန်၏ ရှေး၌ပြုအပ်သော

---

၁ အစေလက တိတ္ထိတက္ကတွန်း ရဟန်းတို့ဟူလို။ ထိုသို့နှုန်းပါမှ အရဟန္တာဖြစ်သေးဟူလို။

မကောင်းမှုကံသည်ကား အဘယ်ပါနည်းဘုရားဟု မေးလျှောက်အပ်သည်ဖြစ်ရကား အကျယ်ခဲ့၍ ဟောကြားတော်မူလေ၏။။

မိဘလုပ်ကျွေးသော အမျိုးကောင်းသားအတိတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌နေသော တယောက်သော အမျိုးကောင်းသားသည် ကိုယ်တိုင်သာလျှင် မောင်းထောင်းခြင်း ထမင်းချက်ခြင်း အစရှိသော အမှုတို့ကိုပြုလျက် မိခင်ဘခင်တို့ကို လုပ်ကျွေးမွေးမြူသတတ်။ ထိုအခါ ထိုအမျိုးကောင်းသား၏ မိခင်ဘခင်တို့သည် ထိုအမျိုးကောင်းသားကို ချစ်သား သင်သည် တယောက်ထည်းသာလျှင် အိမ်၌ဌင်း တော၌ဌင်း အမှုကို ပြုရသဖြင့် ပင်ပန်းလှ၏။ သင့်အား တယောက်သော သတို့သမီးကို ဆောင်ယူကြကုန်အံ့ဟု ဆိုလေလျှင် အမျိုးကောင်းသားသည် မိခင်ဘခင်တို့ကျွန်တော်အား ဤသို့ အိမ်ရာထောင်ခြင်း သဘောဖြင့် အလိုမရှိသေးပါ။ ကျွန်တော်သည် သင် မခင်ဘခင်တို့ အသက်ရှည်သမျှကာလပတ်လုံး သင်မခင်ဘခင်တို့အား မိမိလက်ဖြင့် လုပ်ကျွေးပါမည်ဟုဆို၍ အမျိုးကောင်းသားပယ်ရှားအပ်ကုန်ရကား အဖန်တလဲလဲ ထိုအမျိုးကောင်းသားကို တောင်းပန်၍ သတို့သမီးကို ဆောင်ယူ ထိမ်းမြားကြကုန်၏။။ ထိုသတို့သမီးသည် နှစ်ရက် သုံးရက်မျှပတ်လုံးသာလျှင် ထိုမိခင်ဘခင်တို့ကို ကောင်းစွာလုပ်ကျွေးသဖြင့် နောက်အဘို့၌ ထိုမိခင်ဘခင်တို့အား မြင်ခြင်းကိုမျှလည်း အလိုမရှိလတ်သည်ဖြစ်၍ သင်၏ မိခင်ဘခင်တို့နှင့်အတူတကွ တခုတည်းသောအရပ်၌ နေခြင်းငှါ မတတ်နိုင်ဟု စောင်းမြောင်းပြောဆိုလေရာ ထိုအမျိုးကောင်းသားသည် မိမိ၏စကားကို မယူသည်ရှိသော် ထိုအမျိုးကောင်းသား ပြင်ပသို့သွားသောအခါ၌ သင်ပေါင်းလျှင် အပိုင်း အမှိုက် တို့ကိုဌင်း ယာဂုမြုပ်ကိုဌင်း ယူ၍ ထိုထိုအရပ်၌ ကြဲလျက် ထိုအမျိုးကောင်းသား ပြန်ရောက်လာသဖြင့် ဤအမှုကား အဘယ်အမှုနည်းဟု မေးအပ်သည်ရှိသော် ထိုအမှုသည် ဤမျက်မမြင် အသက်ကြီးတို့၏ အမှုတည်း အလုံးစုံသောအိမ်ကို ညစ်နွမ်းသည်ကိုပြုလျက် လှည့်လည်ကြကုန်၏။။ ဤသက်ကြီး မျက်မမြင်တို့နှင့် အတူတကွ တခုတည်းသောအရပ်၌နေခြင်းငှါ မတတ်နိုင်ဟု ထိုမယားသည် အမျိုးကောင်းသားကို အဖန်တလဲလဲ ဆိုလေသည်ရှိသော် ဤသို့သဘောရှိသော ဖြည့်ဆည်းပူးအပ်ပြီးသော အဂ္ဂသာဝက ပါရမီရှိသော

အမျိုးကောင်းသားသော်မှလည်း မိခင်ဘခင်တို့နှင့် အတူတက္ခ ချစ်ခင်မြတ်နိုးသော မိတ်၏အဖြစ်သည် ပျက်စီးခဲ့လေသတည်း။

မယားစကားကြောင့် မိဘကိုနှိပ်စက်ခြင်း

ထိုအမျိုးကောင်းသားသည် ဤအတိုင်းဖြစ်ပါစေ ထိုသက်ကြီး မျက်မမြင်တို့အား ပြုအပ်သောအမှုကို သိရပေတော့လတ္တံ့ဟု ဆို၍ မိခင်ဘခင်တို့ကို ထမင်းကျွေးမွေးပြီးလျှင် မိခင်ဘခင်တို့ ဤမည်သောအရပ်၌ သင် မိခင်ဘခင်တို့၏ အဆွေအမျိုးတို့သည် လာရောက်ခြင်းကို တောင့်တကြပါကုန်၏။ ထိုအရပ်သို့ သွားကြကုန်စို့အံ့ဟုဆို၍ မိဘတို့ကို ယာဉ်ထက်၌တင်ကာ ဆောင်ယူသွားသည်ရှိသော် တောအုပ်အလယ်သို့ ရောက်သောကာလ ဘခင်ကြီးတို့ကို ကိုင်ထားကြပါနှားတို့သည် လုံတံအမှတ်ဖြင့် သွားကုန်လတ္တံ့။ ဤအရပ်၌ ခိုးသူတို့သည် နေကုန်၏။ ကျန်တော် သက်ဆင်းဦးအံ့ဟု ဆို၍ ဘခင်၏ လက်၌ ကြိုးတို့ကို ပေးသဖြင့် သက်ဆင်းကာသွားလျက် အသံကို ပြောင်းလဲပြီးလျှင် ခိုးသူတို့ထသောအသံကို ပြုလေ၏။ သက်ရွယ်ကြီးပြင်း အလင်းမရ မိန္ဒင့်ဘတို့သည် အသံကို ကြားရလျှင် ခိုးသူတို့ထပြီဟူသော အမှတ်ဖြင့် ငါတို့သားချစ် ငါတို့ကား အိုမင်းပြီ သင်သည် မိမိကိုယ်ကိုသာလျှင် စောင့်ရှောက်လေလော့ဟု ဆိုကြလေကုန်၏။ ထိုအမျိုးကောင်းသားသည် မိခင်ဘခင်တို့ ထိုသို့သော အခြင်းအရာဖြင့် မြည်တမ်းကြကုန်သော်လည်း ခိုးသူသံကိုပြုလျက် ထောင်းထု ရိုက်နှက်၍ သတ်ဖြတ်ပြီးလျှင် တောအုပ်၌ စွန့်ပစ်ပြီးမှ ပြန်လာခဲ့လေ၏။ မြတ်စွာဘုရားသည် ထိုရှင်မောဂ္ဂလာန်၏ ရှေး၌ ပြုအပ်သော မကောင်းမှုကံကို ဟောတော်မူပြီးလျှင် ချစ်သားရဟန်းတို့ မောဂ္ဂလာန်သည် ဤမျှလောက်သော အကုသိုလ်ကံကို ပြုသောကြောင့် အသိန်းမက မျှားပြားလှစွာသော နှစ်တို့ပတ်လုံး ငရဲ၌ ကျက်ပြီးမှ အကျိုးကြွင်းအားဖြင့် အရာသော ကိုယ်၏အဖြစ်၌ ဤအတူသာလျှင် ထောင်းထု ရိုက်နှက်ခြင်းကြောင့် မှုန်မှုန်ညက်ညက်ကြေလျက် သေခြင်းကိုရလေပြီ။ ဤသို့လျှင် မောဂ္ဂလာန်သည် မိမိကံအားလျော်စွာ သာလျှင် ဖြစ်သော သေခြင်းကို ရအပ်ပြီ ငါးရာသော် ခိုးသူတို့နှင့်တက္ခ ငါးရာသော တိတ္ထိတို့သည် မပြစ်မှားအပ်သော ဂါသားတော် မောဂ္ဂလာန်၌ ပြစ်မှားမိခြင်းကြောင့် လျော်စွာသာလျှင်ဖြစ်သော သေခြင်းကို ရကြလေကုန်၏ မပြစ်မှားအပ်သော။ ဝါ။

ပြစ်မှားခြင်း မရှိသောသူအား ပြစ်မှားသောသူသည် ဆယ်ပါးသော အကြောင်းတို့ဖြင့် အကျိုးမရှိသောပျက်စီးခြင်းသို့ ရောက်ရသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် တရားဟောကြားတော် မူလိုရကား ဤဂါထာတို့ကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၃၇ ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နံ မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။

၁၃၈ ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ စ ဘေဒနံ။
ဂရုကံဝါပိ အာဗာဓံ၊ စိတ္တက္ခေပဉ္စ ပါပုဏေ။

၁၃၉ ရာဇတော ဝါ ဥပဿဂ္ဂံ၊ အဗ္ဘက္ခာနဉ္စ ဒါရုဏံ။
ပရိက္ခယဉ္စ ဉာတီနံ၊ ဘောဂါနဉ္စ ပဘင်္ဂုနံ။

၁၄၀ အထဝဿ အဂါရာနံ၊ အဂ္ဂိ ဒဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။

ယော၊ အကြင်သူသည်။ အဒဏ္ဍေသု၊ ကာယဒဏ္ဍ စသည်မှ ကင်းကြကုန်သော။ အပ္ပဒုဋ္ဌေသု၊ ဘယ်သူအားမျှ ပြစ်မှားခြင်း မပြုသော ပုဂ္ဂိုလ်တို့၌။ ဒဏ္ဍေန၊ ကိုယ်ဒဏ်စသည် ပေးခြင်းဖြင့်။ ဒုဿတိ၊ ပြစ်မှား၏။သော၊ထိုသူသည်။ ဒသန္နံ ဌာနာနံ၊ ဆယ်ပါးသော ဒုက္ခရောက်ကြောင်း ဒဏ်သင့်ခြင်းတို့တွင်။ အညတရံ၊ တပါးပါးသော။ ဌာနံ၊ ဒဏ်သင့်ခြင်းသို့။ ခိပ္ပမေဝ၊လျင်စွာသာလျှင်။ နိဂစ္ဆတိ၊ ရောက်တတ်၏။

ဖရုသံ၊ ကြမ်းကြုတ်သော။ ဝေဒနံ၊ ဦးခေါင်းနာ စသော ဆင်းရဲ ဝေဒနာသို့ဌင်း။ ဇာနိံ၊ ငြိုငြင်စွာ ရအောပ်သော ဥစ္စာ၏ ဆုံးရှုံးခြင်းသို့ဌင်း။ သရီရဿ၊ လက်ခြေစသောကိုယ်၏။ ဘေဒနဉ္စ၊ပျက်စီးခြင်းသို့ဌင်း။ ဂရုကံ၊ကြီးလေးသော။ အာဗာဓံ ဝါပိ၊ခြေလက် ကွေးခြင်း ဆုံ့ခြင်း စသော အနာနှိပ်စက်ခြင်းသို့ဌင်း။ စိတ္တက္ခေပဉ္စ၊ စိတ်ပျံ့လွင့်၍ ရူးသွပ်ခြင်းသို့ဌင်း။ ပါပုဏေ၊ ရောက်ရာ၏။

ရာဇတော၊ မင်းမှ။ ဥပဿဂ္ဂံဝါ၊ စည်းစိမ်ပျက်ချော ရာထူးလျော့ခြင်းစသော ဘေးသို့ဌင်း။ ဒါရုဏံ၊ ကြမ်းကြုတ်သော။ အဗ္ဘက္ခာနဉ္စ၊ သမုတ်တလဲ့စုပ်စဲ့ခံရ

ခြင်းသို့ဌင်း။ ညာတီနံ၊ အားထားလောက်သော ဆေးမျိုးတို့၏။ ပရိက္ခယ်ဥ၊ ကုန်ပျောက် ပြုန်းတီးပျက်စီးခြင်းသို့ဌင်း။ ဘောဂါနံ၊ပစ္စည်းဥစ္စာတို့၏။ပဘင်္ဂုနဥ၊ ပုပ်ဆွေးခြင်း ပျက်စီးခြင်းသို့ဌင်း။ ပါပုဏော၊ ရောက်ရာ၏။

အထ၊ ထိုမှတပါး။ အဿ၊ ထိုသူ၏။ အဂါရာနိ၊ အိမ်တို့ကို။ အဂ္ဂိ၊ ပကတိမီး မိုဃ်းကြိုးမီးသည်ဌင်း။ပါဝကော၊ အလိုလို ထလောင်သော မီးသည်ဌင်း။ဥယ္ယုတိ၊ လောင်၏။ ဒုပ္ပညော၊ ပညာမရှိသော။ သော၊ ထိုဒဏ်ဆယ်ပါး တပါးပါး သင့်ပြီးသောသူသည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်သည်မှ။ ပရံ၊ နောက်၌။ နိရယံ၊ ငရဲသို့။ ဝါ၊ ငရဲ၌။ ဥပပဇ္ဇတိ၊ ကျရောက်တတ် ဖြစ်တတ်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ရှင်မဟာမောဂ္ဂလာန်မထေရ်ဝတ္ထုပြီး၏။

၈–မဟုဘဏ္ဍိက ရဟန်းဝတ္ထု

နနဂ္ဂစရိယာ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် များသော အသုံးအဆောင် ဘဏ္ဍာ ရှိသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူလေ၏။

သူကြွယ်ရဟန်း ကိုယ်ရုံစွန့်၍ အရဲ့တိုက်နေပုံ

သာဝတ္ထိပြည်၌နေသော တယောက်သောသူကြွယ်သည်မယားသေလွန်သည့် အဖြစ်ကြောင့် ရဟန်းပြုသတတ် ထိုသူကြွယ်သည် ရဟန်းပြုလိုလတ်သည်ရှိသော် မိမိ၏နေစရာ ကျောင်းပရိဝုဏ်ကိုဌင်း မီးတင်းကုပ်ကိုဌင်း ဘဏ္ဍာတိုက်ကိုဌင်း ပြုစေပြီးလျှင် ဘဏ္ဍာတိုက်တခုလုံးကိုလည်း ဆီ ထောပတ် အစရှိသည်တို့ဖြင့်

---

၁ ၁ ပစ္စည်းဥစ္စာ ပုပ်ဆွေးခြင်းဟူသည်ကား။ စပါး-ဆန်ငါးမွှေခြင်း။ ရွှေ-မီးသွေးဖြစ်ခြင်း။ ပုလဲ-ဝါဆေးဖြစ်ခြင်း။ အဆင်ပြာဒင်္ဂါး-အိုးခြမ်းကဲ့ ဖြစ်ခြင်း။ ကျေးကျွန် ကျွဲနွားတို့ ကျိုးခြင်း-ကန်းခြင်း ဟူလို။

ပြည့်စေပြီးမှ ရဟန်းပြုလေ၏။ ရဟန်းပြုပြီးသော်ကား မိမိ၏ကျေးကျွန်တို့ကို ခေါ်စေပြီးလျှင် အလိုရှိတိုင်း အစာအာဟာရကို ချက်စေ၍ သုံးဆောင်လေ၏။ များသော အသုံးအဆောင် ဘဏ္ဍာလည်းရှိ၏။ များသော ပရိက္ခရာလည်းရှိ၏။ ညဉ့်၌ ဝတ်ရုံသောသင်္ကန်း တခြားဖြစ်၏။ နေ့၌ ဝတ်ရုံသောသင်္ကန်း တခြားဖြစ်၏။ နေ့အခါ အသိုးအခြား အစုန်အဖျားဖြစ်သော ကျောင်း၌ နေ၏။တနေ့သ၌ ထို ဗဟုဘဏ္ဍိကရဟန်း၏ သင်္ကန်း အိပ်ရာခင်းတို့ကို နေပူလှမ်းစဉ် ကျောင်းစဉ် ဒေသစာရီ လှည့်လည်ကြကုန်သော ရဟန်းတို့သည် မြင်ရလျှင် ငါ့ရှင်တို့ ဤသင်္ကန်း အိပ်ရာခင်းတို့ကား အဘယ်သူ၏ သင်္ကန်း အိပ်ရာခင်းတို့နည်းဟု မေးသောကြောင့် တပည့်တော်၏ သင်္ကန်း အိပ်ရာခင်းတို့ပါတည်းဟု ဆိုသည်ရှိသော် ငါ့ရှင် မြတ်စွာဘုရားသည် သင်္ကန်းသုံးထည်တို့ကို ခွင့်ပြုတော်မူအပ်ကုန်၏။ သင်သည် အလိုနည်းသော ဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြုလျက် ဤသို့များသော ပရိက္ခရာရှိသည် ဖြစ်ဘိ၏ဟု ဆို၍ ထိုဗဟုဘဏ္ဍိက ရဟန်းကို မြတ်စွာဘုရား၏ အထံတော်သို့ ခေါ်ဆောင်၍ မြတ်စွာဘုရား ဤရဟန်းသည် အလွန်များသော ဘဏ္ဍာရှိပါသည်ဘုရားဟု လျှောက်ကြားကြ လေကုန်၏။ မြတ်စွာဘုရားသည်လည်း ချစ်သားရဟန်း သင်သည် ပရိက္ခရာဘဏ္ဍာ များစွာရှိ၏ဟူသည် မှန်သလောဟု မေးတော်မူ၍ မြတ်စွာဘုရား မှန်ပါသည်ဘုရဲ့းဟု နားတော် လျှောက်သည်ရှိသော် ချစ်သားရဟန်း သင်သည် အဘယ့်ကြောင့် ငါဘုရား အလိုနည်းစေခြင်းငှါ တရားဟောအပ်လျက် ဤသို့ များသောဘဏ္ဍာရှိသည်ဖြစ်ဘိသနည်းဟု မိန့်တော်မူလေ၏။ ထိုဗဟုဘဏ္ဍိက ရဟန်းသည် ထိုမျှလောက်ဖြင့်သာလျှင် အမျက်ထွက်သည်ဖြစ်၍ ယခုအခါ ဤသို့သောနည်းဖြင့် ကျင့်ပါတော့မည်ဘုရားဟုဆိုလျက် ကိုယ်ရုံသင်္ကန်းကိုစွန့်၍ ပရိသတ် အလယ်၌ တထည်သောသင်္ကန်းသာ ရှိသဖြင့် ရပ်နေလေ၏။ထိုအခါ ဗဟုဘဏ္ဍိကရဟန်းကို မြတ်စွာဘုရားသည် ထောက်ပံ့တော်မူလျက် ချစ်သားရဟန်း သင်သည် ရှေးအခါ၌ ဟိရိဩတ္တပ္ပကို ရှာမှီးဘူး၏။ ရေစောင့်ဘီလူးဖြစ်သော ကာလဉ္ဇသော်လည်း ဟိရိဩတ္တပ္ပကို ရှာမှီးလျက် တဆဲ့နှစ်နှစ်တို့ကာလပတ်လုံး နေဘူး၏။ အဘယ့်ကြောင့် ယခုအခါ အလေးအမြတ် ပြုအပ်သော ဘုရားရှင် သာသနာတော်၌ ရဟန်းပြုလျက် ပရိသတ်လေးပါး အလယ်၌ ကိုယ်ရုံသင်္ကန်းကို စွန့်ပစ်သဖြင့်

---

၁ ဗဟု+ဘဏ္ဍိက-များသော+အသုံးအဆောင် ပရိက္ခရာဘဏ္ဍာရှိသောရဟန်း ဟူလို။

(ခ) ၁၄၃-၁၁၈

ဟိရိသြတ္တပ္ပကို ပယ်စွန့်လျက် ရပ်နေဘိသနည်းဟု မိန့်တော်မူလေ၏။ ထိုဗဟု ဘဏ္ဍိကရဟန်းသည် မြတ်စွာဘုရား၏ စကားတော်ကိုကြားရလျှင် ရှက်ကြောက်ခြင်း ဟိရိသြတ္တပ္ပကို ဖြစ်စေသဖြင့် ထိုသက်န်းကိုရုံ၍ မြတ်စွာဘုရားကို ရှိခိုးလျက် တင့်အပ်လျောက်ပတ်သောအရပ်၌ နေလေ၏။ရဟန်းတို့သည် ထိုအကြောင်းကို ထင်ရှားစွာ ဖြစ်စိမ့်သောငှါ မြတ်စွာဘုရားကို လျှောက်ထားတောင်းပန်ကြကုန်၏။ ဘုရားရှင်သည် လွန်လေပြီးသော အတိတ်ကိုဆောင်၍ ဟောကြားတော်မူလေ၏။

မင်းသားသုံးယောက် တိုင်းပြည်မှ ထွက်သွားရခြင်း

လွန်လေပြီးသောအခါ ဗာရာဏသီမင်းကြီး၏ အဂ္ဂမဟေသီ မိဖုယားကြီး ဝမ်းတိုက်၌ ဘုရားအလောင်း ပဋိသန္ဓေတည်နေ စဲ့ယူလေသတတ် ထိုဘုရားလောင်းကို အမည်မှည့်အံ့သောနေ့၌ မဟိသမင်းသားဟူသောအမည်ကို မှည့်ကြလေကုန်၏။ထိုမဟိသ မင်းသား၏ ညီတော်သည် စန္ဒမင်းသား အမည်ရှိလေ၏။ ထိုမင်းသားတို့၏မယ်တော် နတ်ရွာလားသည်ရှိသော် မင်းကြီးသည် တပါးသော မိဖုယားငယ်ကို မိဖုယားကြီးအရာ၌ ထားလေ၏။ ထိုမိဖုယား သည်လည်း သား်းတော်ကို ဖွားမြင်သန့်စင်လေ၏။ သူရိယမင်းသားဟု ထိုမင်းသား၏အမည်ကို မှည့်ကြလေကုန်၏။ထိုသူရိယမင်းသားကိုမြင်ရလျှင် မင်းကြီးသည် ကြည်လင်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ သင်၏ သားတော်အလို့ငှါ ဆုတော်ကို ငါပေးမည်ဟု ဆိုလေ၏။ မိဖုယားကြီးသည်လည်း အရှင်မင်းကြီး အလိုရှိသောကာလ၌ ယူပါမည်ဘုရားဟု လျှောက်တင်၍ အရှယ်သို့ရောက်သောကာလ၌ မင်းကြီးကို အရှင်မင်းကြီး ဘုရားနှမ၏ သားတော် ဖွားသန့်စင်သောကာလ၌ ဆုတော်ကို ပေးပါသည် ယခုအခါ ဘုရားနှမ၏သားတော်အား ပြည်စည်းစိမ်ကို ပေးတော်မူပါဘုရားဟုလျှောက်ကြား သံတော်ဦးတင်လေ၏။မင်းကြီးသည် ငါ၏သားတော်နှစ်ယောက်တို့ကား မီးပုံကြီးကဲ့သို့ တောက်ပကုန်လျက် သွားလာလှုပ်လှည့်ကြကုန်၏ ထိုသူရိယ မင်းသားငယ်အား ပြည်စည်းစိမ်ကို ပေးခြင်းငှါ မတတ်နိုင်ဟုဆို၍ ပယ်သော်လည်း ထိုမိဖုယားသည် အဖန်တလဲလဲ တောင်းသည်ကို သာလျှင် မြင်ရ၍ ဤမိဖုယားသည် ငါ့သားတော်ကြီးတို့၏ အကျိုးမရှိခြင်းကိုလည်း ပြုရာ၏ဟု သားတော်တို့ကို ခေါ်စေ၍ ချစ်သားတို့ ငါကား သူရိယ

မင်းသား ဖွားမြင်သော ကာလ၌ ဆုတောင်းကို ပေးမိ၏ ယခုအခါ ထိုသူရိယ မင်းသား၏ မယ်တော်သည် ပြည်စည်းစိမ်ကို တောင်း၏ ငါကား ထိုသူရိယ မင်းသားအား ပေးခြင်းငှါ အလိုမရှိ ထိုသူရိယမင်းသား၏ မယ်တော်သည် သင်ချစ်သားတို့၏ အကျိုးမရှိခြင်းကိုလည်းပြု၍ သွားလေကုန် သင်တို့သည် တောင်၌နေ၍ ငါလွန်သောအခါမှ ပြန်လာသဖြင့် ပြည်စည်းစိမ်ကို ယူရစ်ကြ ကုန်လော့ဟု ဆို၍ လွှတ်လိုက်လေ၏ ထိုမင်းသားတို့သည်လည်း ဘခမည်းတော်ကို ရှိခိုး၍ ပြာသာဒ်မှ ဆင်းသက်သည်ရှိသော် မင်းယင်ပြင်၌ ကစားလျက်နေသော သူရိယမင်းသားသည် မြင်လတ်၍ ထိုအကြောင်းကိုသိလျှင် နောင်တော်တို့နှင့် အတူတကသာလျှင် ထွက်လိုက်လေ၏ ထိုမင်းသားတို့ ဟိမဝန္တာသို့ ဝင်သော အခါ ကာလ၌ ဘုရားလောင်းသည် ခရီးမှဖဲ့၍ အမှတ်မရှိသော သစ်ပင်ရင်း၌ နေပြီးလျှင် သူရိယမင်းသားကို အမောင်ညီတော်ချစ် ဤအိုင်သို့သွားသဖြင့် ရေချိုး၍ရင်း သောက်၍ရင်း ငါတို့အလို့ငှါလည်း ပဒုမာကြာဖက်တို့ဖြင့် ရေကို ဆောင်ခဲ့ချေလော့ဟု ဆိုလေ၏။

မင်းသားတို့ကို ရေစောင့်ဘီလူးဖမ်းခြင်း

ထိုအိုင်သည်ကား ဝေဿဝဏ်နတ်မင်း၏ အထံမှ ရေစောင့် ဘီလူးတယောက် အပိုင်စား ရအပ်သောအိုင်ဖြစ်၏ ဝေဿဝဏ် နတ်မင်းသည်လည်း ထိုဘီလူးကို ဒေဝဓမ္မ တရားသိကုန်သော သူတို့ကိုသာလျှင် ဖယ်ထား၍ မသိကုန်သော သူတို့သည် ဤရေအိုင်သို့ ဆင်းသက်ကြကုန်သည်ဖြစ်အံ့ ထိုသူတို့ကို စားခြင်းငှါ သင်ရ၏ဟုဆိုလေ၏ ထိုအခါမှစ၍ ဘီလူးသည် ထိုအိုင်သို့ ဆင်းကုန်ဆင်းကုန်သော သူတို့ကို ဒေဝဓမ္မတရားတို့ကို မေးသဖြင့် မသိသောသူတို့ကိုစား၏ သူရိယမင်းသားသည်လည်း ထိုအိုင်သို့ မစူးစမ်း မဆင်ခြင် မူ၍သာလျှင် ဆင်းသက်မိလေ၏ ဘီလူးသည် ဒေဝဓမ္မတရားတို့ကို သင်သိသလောဟု မေးအပ်သည်ရှိသော် ဒေဝဓမ္မတရားမည်သည်ကား လန့်ခ် နေတည်းဟု ဖြေဆိုလေ၏ ထိုအခါ ထိုသူရိယမင်းသားကို သင်သည် ဒေဝဓမ္မတရားတို့ကိုမသိဟု ရေထဲသို့သွင်း၍ မိမိ၏ဗိမာန်၌ ထားလေ၏ ဘုရားလောင်း မဟိ ံသမင်းသားသည်လည်း ထိုသူရိယမင်းသား ကြာမြင့်သည်ကို မြင်သိရလျှင် ညီတော် စန္ဒမင်းသားကို စေပြန်လေ၏ ထိုစန္ဒမင်းသားကိုလည်း ဘီလူးသည် ဒေဝဓမ္မတရားတို့ကို သိ၏လောဟု မေးပြန်သည်

ရှိသော် ဒေဝဓမ္မတရား မည်သည်ကား အရပ်လေးမျက်နှာတည်းဟု ဖြေဆိုလေ၏ ရဲစောင့်ဘီလူးသည်လည်း ထိုစန္ဒမင်းသားကို ရထဲသို့သွင်း၍ ထိုအတူသာလျှင် ထားလေ၏ ဘုရားလောင်းသည်လည်း ထိုစန္ဒမင်းသား ကြာမြင့်လတ်သည် ရှိသော် အန္တရာယ်ဖြစ်တန်ရာ၏ဟုကိုယ်တိုင်သွား၍ နှစ်ယောက်သော ညီတော်တို့ ၏လည်း သက်ဆင်းသော ခြေရာကိုသာမြင်ရလျှင် ဤအိုင်ကို ဘီလူးသိမ်းဆည်း အပ်၏ဟု သိသဖြင့် သန်လျက်ကိုဖွဲ့လျက် ရပ်လေ၏ ဘီလူးသည် ထိုမဟိသ မင်းသား မသက်ဆင်းသည်ကို မြင်ရလျှင် တောအမှုလုပ် ယောကျ်ားအသွင်ဖြင့် လာလတ်၍ အိုယောကျ်ားသင်သည် ခရီးပင်ပန်းလျက် အဘယ့်ကြောင့် ဤအိုင် သို့သက်ဆင်းကာ ရေချိုး၍ငင်း သောက်၍ငင်း ကြာစ့ယ် ကြာရင်းကို စားလျက် ပန်းတို့ကို ပန်ဆင်လျက် မသွားဘိ သနည်းဟု ဆိုလေ၏ ဘုရားလောင်းသည် ထိုယောကျ်ားကို မြင်ကတည်းကလျှင် ဤသူကား ထိုဘီလူးတည်းဟု သိသဖြင့် သင်သည် ငါ၏ညီတော်တို့ကို ဖမ်းယူအပ်သလောဟု မေးလေ၏ ငါသည် ဖမ်းယူ သည်မှန်၏ဟုဆိုလတ်သော် အဘယ့်ကြောင့် ဖမ်းယူသနည်းဟုမေးပြန်၏ ငါကား ဤအိုင်သို့ဆင်းကုန်သော ဆင်းကုန်သောသူတို့ကိုရ၏ဟုဆိုလတ်သော် အသို့နည်း အလုံးစုံသော သူတို့ကိုပင် သင်ရလေသလောဟု မေးပြန်လေ၏ ဒေဝဓမ္မ တရား တို့ကို သိကုန်သော သူတို့ကို ဖယ်ထား၍ ကြင်းကုန်သော သူတို့ကိုရ၏ဟု ဆိုလတ် သော် သင့်အား ဒေဝဓမ္မတရားတို့ဖြင့် အလိုရှိသလောဟု မေးလေ၏ အလိုရှိ သည် မှန်၏ဟု ဆိုလတ်သော် ငါဟောကြားပေအံ့ဟု ဆိုလေ၏ ထိုသို့ဖြစ်မူ ဟောပါလော့ဟု ဆိုလတ်သော် ညစ်နွမ်းသော ကိုယ်ရှိသဖြင့် ဟောခြင်းငှါ မတတ်နိုင်ဟုဆိုလေ၏။

ဘုရားလောင်း ဒေဝဓမ် တရားဟော၍ ပြန်ပေးခြင်း

ဘီလူးသည် ဘုရားလောင်းကို ရေချိုးစေ၍ ရေကိုသောက်စေပြီးမှ တန်ဆာ ဆင်စေ၍ တန်ဆာဆင်အပ်သော မဏ္ဍပ်အလယ်၌ ပလ္လင်သို့ တင်ပြီးလျှင် မိမိ သည် ထိုဘုရားလောင်း၏ခြေရင်း၌ နေလေ၏။ထိုအခါ ဘီလူးကို ဘုရားလောင်း သည် ရိုသေစွာ နာလေလော့ဟုဆို၍ ဤဂါထာကို ဟောလေ၏။

ဟိရိသြတ္တပ္ပ သမ္ပန္နာ၊ သုက္ကဓမ္မ သမာဟိတာ။
သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မာတိ ဝုစ္စရေ။

ဟိရိသြတ္တပ္ပသမ္ပန္နာ၊ အရှက်အကြောက်နှင့် ပြည့်စုံကြကုန်သော။ သုက္ကဓမ္မသမာဟိတာ၊ ဖြူစင်သော တရားကို ဆောက်တည်ကြကုန်သော။ သန္တော၊ ကာယကံမှုစသည် ငြိမ်သက်ကြကုန်သော။ သပ္ပုရိသာ၊ သူတော်ကောင်းတို့ကို။ လောကေ၊ လောကသုံးပါး၌။ ဒေဝဓမ္မာတိ၊ 'ဒေဝဓမ္မတို့ဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။

ဘီလူးသည် ဤတရားဒေသနာကို ကြားနာရလျှင် ကြည်ညိုလှသည်ဖြစ်၍ ဘုရားလောင်းကို ပညာရှိသုခမိန် အကျွန်ုပ်သည် သင်သုခမိန်အား နှစ်သက်ကြည်ညိုလှပါ၏။ ညီတော်တယောက်ကိုပေးပါမည် အဘယ်ညီတော်ကိုဆောင်ခဲ့ရပါအံ့နည်းဟု မေးလေ၏။ ညီငယ်ဖြစ်သော သူရိယမင်းသားကို ဆောင်ခဲ့ပါ၊ လော့ဟု ဆိုလျှင် ပညာရှိသုခမိန် သင်ကား သက်သက် ဒေဝဓမ္မတရားတို့ကို သိရှုသာသိဘိ၏။ ထိုသို့သိသော်လည်း သင်သည် ဒေဝဓမ္မတရားတို့၌ မကျင့်လတ္တံ့ဟု ဆိုလေ၏။ အကြောင်းကား အဘယ်နည်းဟု ဆိုသည်ရှိသော် ညီတော်အကြီးကိုထား၍ ညီတော်အငယ်ကို ဆောင်ယူစေသော သင်သည် ကြီးသောသူအား အလေးအမြတ်ပြုအပ်သော အမှုကို မပြုဘိ၏ဟု ဆိုလေ၏။ ဒကရက္ခိုသ်ဘီလူး အကျွန်ုပ်သည် ဒေဝဓမ္မတရားတို့ကို သိပါသည် ထိုဒေဝဓမ္မ တရားတို့၌လည်း ကျင့်ပါသည်ဟုဆို၍ အကျွန်ုပ်တို့သည် ထိုညီတော်အငယ်ကိုမှီ၍ ဤတော်သို့ ဝင်လာကြရပါသည် ထိုမင်းသား၏အကျိုးငှါ အကျွန်ုပ်တို့၏ ဘခမည်းတော်ကို မင်းသားငယ်၏ မယ်တော်သည် ပြည်စည်းစိမ်ကို တောင်းပါသည် အကျွန်ုပ်တို့ အားလည်း ထိုဆုတောင်ကိုမပေးမူ၍ အကျွန်ုပ်တို့ကို စောင့်ရှောက်ခြင်းငှါ တာ၌နေခြင်းကို ခွင့်ပြုတော်မူပါသည်။ထိုမင်းသားငယ်သည် မပြန်လည်မူ၍ အကျွန်ုပ်တို့နှင့်အတူတကွ လိုက်ပါလာသည် ထိုမင်းသားငယ်ကို တာ၌ ဘီလူးတယောက် စားပြီဟု ဆိုသော်လည်း တစုံတယောက်သောသူသည် မယုံကြည်ပါလတ္တံ့။ ထို့ကြောင့် အကျွန်ုပ်သည် ကဲ့ရဲ့ခြင်းဘေးမှ ကြောက်လှ သောကြောင့် ထိုမင်းသားငယ်ကိုသာလျှင် ဆောင်ယူစေပါ၏ ဟု ဆိုလေ၏။ ဘီလူးသည် ဘုရားလောင်းအား ကြည်ညိုပြန်၍ ပညာရှိသုခမိန် ကောင်းလှ ပါပေ၏။

---

၁ ဒေဝ+ဓမ္မ–ရှင်ဘုရင် နတ် ဘုရားရဟန္တာဟူသော နတ် ဒေဝကြီးတို့၏+အကျင့်တရား၊ ဟိရိသြတ္တပ္ပ သဘောတရား နှစ်ပါးသားလျှင် ဒေဝဓမ္မမည်သော်လည်း ဤနရာ၌ ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာတော်ဖြင့် တရားနှစ်ပါးရှိသူကိုလည်း ဒေဝဓမ္မမည်၏ဟု ဟောတော်မူ၏။

သင်သည်သာလျှင် ဒေဝဓမ္မ တရားတို့ကို သိပေ၏ဟု ဆိုပြီးလျှင် ညီတော် နှစ်ယောက်တို့ကိုဆောင်၍ ပေးလေ၏။ ထိုအခါ ဘီလူးကို ဘုရားလောင်းသည် ဘီလူး၏ အဖြစ်၌အပြစ်ကိုဟောကြားပြောဆို၍ငါးပါးသီလတို့၌တည်စေလေ၏။

မင်းဖြစ်သောအခါ ဘလူးအား ချီးမြှောက်ခြင်း

မဟိံသမင်းသားသည် ထိုရက္ခိုဿ်ဘီလူး စီရင်အပ်သော စောင့်ရှောက်ခြင်း ရှိသည်ဖြစ်၍ ထိုတောင်သာလျှင်နေလျက် ဘခမည်းတော် နတ်ရွာလားသည်ရှိသော် ဘီလူးကိုခေါ်၍ ဗာရာဏသီပြည်သို့ သွားသဖြင့်ပြည်စည်းစိမ်ကို သိမ်းပိုက်လျက် စန္ဒမင်းသားအား အိမ်ရှေမင်းအဖြစ်ကို သူရိယမင်းသားအား စစ်သူကြီးအရာကို ပေးပြီးလျှင် ဘီလူးအား မွေ့လျော်ဘွယ်ဖြစ်သော အရပ်၌ နေရာနတ်ကွန်းကို ဆောက်လုပ်စေ၍ အကြင်အခြင်းအရာဖြင့် ထိုလာဘ်သပ်ပကာပြန့်ပြောခြင်းသို့ ရောက်သည်ဖြစ်၏ ထိုအခြင်းအရာဖြင့် ပြုလေ၏။ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် ထိုအခါ ရေစောင့်ဘီလူးသည် ပရိက္ခရာများသော ရဟန်းဖြစ်လာ၏။ သူရိယမင်းသားသည် အာနန္ဒာဖြစ်လာ၏။ စန္ဒမင်းသားသည် သာရိပုတြာဖြစ်လာ၏။ မဟိံသမင်းသည်ကား ငါဘုရားသာလျှင် ဖြစ်တော်မူလာ၏ဟု ဇာတ်ကိုပေါင်းတော်မူလေ၏။ဤသို့လျှင် ဘုရားရှင်သည် ဇာတ်တော်ကို ဟောကြားတော်မူ၍ ချစ်သားရဟန်း ဤသို့လျှင် သင်သည် ရှေးအခါ၌ ဒေဝဓမ္မတို့ကို ရှာမှီးလျက် အရှက်အကြောက်နှင့် ပြည့်စုံစွာ သွားလာလှည့်လည်ပြီးလျှင် ယခုအခါ ပရိသတ်လေးပါးအလယ်၌ ဤသက်နှံတထည်ကို ဆောင်သောနည်းဖြင့် ရပ်လျက် ငါဘုရား၏ ရှေတော်၌ အလိုနည်းသောသူ ဖြစ်ပါတော့မည်ဟုဆိုသော သင်ချစ်သားသည် မသင့်သော အမှုကို ပြုဘိ၏ အဝတ်သက်နှံကိုပယ်စွန့်ခြင်း အစရှိသည်မျှဖြင့် ရဟန်းမည်သည် မဖြစ်သေးဟု မိန့်တော်မူ၍ အသနုန္နေစပ်လျက် တရားဟောကြားတော် မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၄၁ နနုဂ္ဂစရိယာ နဇ္ဇာ နပက်ဝါ၊ နာနာသကာ တဏ္ဍိလသာယိကာဝါ။
ရဇောဇလ္လံ ဥက္ကုဋိကပ္ပဓာနံ၊ သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ ။

---

၁ ဇကနိပါတ် ၁-အပဏ္ဏကဝဂ်။ ၆-ဒေဝဓမ္မဇာတ် ဟူလို။

သင်သည်သာလျှင် ဒေဝဓမ္မ တရားတို့ကို သိပေ၏ဟု ဆိုပြီးလျှင် ညီတော် နှစ်ယောက်တို့ကိုဆောင်၍ ပေးလေ၏။ ထိုအခါ ဘီလူးကို ဘုရားလောင်းသည် ဘီလူး၏ အဖြစ်၌အပြစ်ကိုဟောကြားပြောဆို၍ငါးပါးသီလတို့၌တည်စေလေ၏။

မင်းဖြစ်သောအခါ ဘလူးအား ချီးမြှောက်ခြင်း

မဟိံသမင်းသားသည် ထိုရက္ခိုသ်ဘီလူး စီရင်အပ်သော စောင့်ရှောက်ခြင်း ရှိသည်ဖြစ်၍ ထိုတောင်၌သာလျှင်နေလျက် ဘခမည်းတော် နတ်ရွာလားသည်ရှိသော် ဘီလူးကိုခေါ်၍ ဗာရာဏသီပြည်သို့ သွားသဖြင့်ပြည်စည်းစိမ်ကို သိမ်းပိုက်လျက် စန္ဒမင်းသားအား အိမ်ရှေမင်းအဖြစ်ကို သူရိယမင်းသားအား စစ်သူကြီးအရာကို ပေးပြီးလျှင် ဘီလူးအား မွေ့လျော်ဘွယ်ဖြစ်သော အရပ်၌ နေရာနတ်ကွန်းကို ဆောက်လုပ်စေ၍ အကြင်အခြင်းအရာဖြင့် ထိုလာဘ်သပ်ပကာပြန့်ပြောခြင်းသို့ ရောက်သည်ဖြစ်၏ ထိုအခြင်းအရာဖြင့် ပြုလေ၏။ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် ထိုအခါ ရေစောင့်ဘီလူးသည် ပရိက္ခရာများသော ရဟန်းဖြစ်လာ၏။ သူရိယမင်းသားသည် အာနန္ဒာဖြစ်လာ၏။ စန္ဒမင်းသားသည် သာရိပုတြာဖြစ်လာ၏။ မဟိံသမင်းသည်ကား ငါဘုရားသာလျှင် ဖြစ်တော်မူလာ၏ဟု ဇာတ်ကိုပေါင်းတော်မူလေ၏။ဤသို့လျှင် ဘုရားရှင်သည် ဇာတ်တော်ကို ဟောကြားတော်မူ၍ ချစ်သားရဟန်း ဤသို့လျှင် သင်သည် ရှေးအခါ၌ ဒေဝဓမ္မတို့ကို ရှာမှီးလျက် အရှက်အကြောက်နှင့် ပြည့်စုံစွာ သွားလာလှည့်လည်ပြီးလျှင် ယခုအခါ ပရိသတ်လေးပါးအလယ်၌ ဤသက်နှံတထည်ကို ဆောင်သောနည်းဖြင့် ရပ်လျက် ငါဘုရား၏ ရှေတော်၌ အလိုနည်းသောသူ ဖြစ်ပါတော့မည်ဟုဆိုသော သင်ချစ်သားသည် မသင့်သော အမှုကို ပြုဘိ၏ အဝတ်သက်နှံကို ပယ်စွန့်ခြင်း အစရှိသည်မျှဖြင့် ရဟန်းမည်သည် မဖြစ်သေးဟု မိန့်တော်မူ၍ အသနုန္ဓေစပ်လျက် တရားဟောကြားတော် မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၄၁ နနဂ္ဂစရိယာ နဇဋာ နပင်္ကာ၊ နာနာသကာ တဏ္ဍိလသာယိကာဝါ။
ရဇောဇလ္လံ ဥက္ကုဋိကပ္ပဓာနံ၊ သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ ။

---

၁ ဇကေနိမါတ် ၁-အပဏ္ဏကဝဂ်။ ၆-ဒေဝဓမ္မဇာတ် ဟူလို။

သည်ဖြစ်၍ ခုနစ်ရက်မြောက်သောနေ့၌ အလုံးစုံသော တန်ဆာဖြင့် တန်ဆာဆင်သဖြင့် မြတ်သောဆင်ကျောက်ကုန်း၌နေလျက် ရေချိုးဆိပ်သို့ သွားသည်ရှိသော် ဆုမ်းအလို့ငှါ ကြွဝင်လာသော မြတ်စွာဘုရားကို တံခါးအကြား၌ မြင်ရလျှင် မြတ်သော ဆင်ကျောက်ကုန်းထက်၌ တည်လျက် ဦးခေါင်းကိုလှုပ်၍ ရှိခိုးလေ၏ မြတ်စွာဘုရားလည်း ပြုံးခြင်းကို ပြုတော်မူသောကြောင့် မြတ်စွာဘုရား ပြုံးတော်မူခြင်းကို ပြုရာ၌ အကြောင်းကား အဘယ်ပါနည်းဘုရားဟု အာနန္ဒာမထေရ် မေးအပ်သည်ရှိသော် ပြုံးတော်မူသော အကြောင်းကို ကြားတော်မူလိုသော မြတ်စွာဘုရားသည် ချစ်သားအာနန္ဒာ သန္ဓတိအမတ်ကြီးကို ကြည့်ရှုလော့ ယနေ့ပင်လျှင် အလုံးစုံသော တန်ဆာဖြင့် တန်ဆာဆင်လျက် ငါဘုရား၏ အထံတော်သို့ လာလတ်၍ လေးပုဒ်ရှိသော ဂါထာ၏ အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်ပြီးလျှင် ထန်းခုနစ်ဆင့် ပမာဏ မြင့်သော ကောင်းကင်၌ နေထိုင်လျက် ပရိနိဗ္ဗာန် ပြုရပေလတ္တံ့ဟု မိန့်တော်မူလေ၏။

မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိတို့၏အကြံ

လူမျှားအပေါင်းသည် ရှင်အာနန္ဒာမထေရ်နှင့်တကွ စကားဆိုသော မြတ်စွာဘုရား၏ စကားတော်ကို ကြားရလေ၏ ထိုလူမျှားအပေါင်းတို့တွင် မှားသော အယူအမြင်ရှိကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် ရဟန်းဂေါတမ၏ အမှုအရာကို ကြည့်ရှုကြကုန်လော့ ပါးစပ်ဖျားမျှဖြင့်သာလျှင် ပြောဆိုလေ့ရှိ၏။ ယနေ့ ဤသန္ဓတိအမတ်သည် သေရည်ယစ်မူးလျက် တန်ဆာ ဆင်မြဲတိုင်းသာလျှင် ထိုရဟန်းဂေါတမ၏အထံတော်၌ဘရားကိုကြားနာရ၍ ပရိနိဗ္ဗာန်ပြုရပေလတ္တံ့ဟုမိန့်တော်မူ၏။ ယနေ့ပင်လျှင် ထိုရဟန်းဂေါတမကို မုသာဝါဒဖြင့် စွပ်စွဲနှိပ်စက်ကြကုန်စို့အံ့ဟု ကြံစည်ကြကုန်၏။ ကောင်းသောအယူ အမြင်ရှိကုန်သော သမ္မာဒိဋ္ဌိတို့သည် မြတ်စွာဘုရားတို့၏ မြတ်သော အာနုဘော်သည် အံ့ဩဘွယ်ရှိပေစွ ယနေ့ မြတ်စွာဘုရား၏ တင့်တယ်ခြင်းကိုဂုဏ်း သန္ဓတိ အမတ်ကြီး၏ တင့်တယ်ခြင်းကိုဂုဏ်း ရှုမြင်အံ့သောငှါ ရကြပေကုန်လတ္တံ့ဟု ကြံစည်မိကြကုန်၏။

သန္ဓတိအမတ်ကြီး ဒုက္ခတွေ့ပုံ

သန္ဓတိအမတ်ကြီးသည်လည်း ရေချိုးဆိပ်၌ နေ့အဘို့ပတ်လုံးရေကစားခြင်းကို ကစား၍ ဥယျာဉ်သို့ သွားပြီးလျှင် သေသောက်ရာ မြေအပြင်၌ နေလေ၏။

ထိုကချေသည် မိန်းမသည်လည်းသဘင်အလယ်သို့ သက်ဝင်၍ ကခြင်း သီခြင်းကို ပြအံ့သောငှါ အားထုတ်လေ၏။ ထိုမိန်းမသည် ကိုယ်၏တင့်တယ်ခြင်းကို ပြခြင်းငှါ ခုနစ်ရက်ပတ်လုံး နည်းသောအစာရှိသည်၏အဖြစ်ကြောင့် ထိုနေ့၌ ကခြင်း သီခြင်းကိုပြစဉ် ဝမ်းတွင်း၌ ဓားငယ်နှင့်တူသော လေသင်ဓုန်းတို့သည် ထ၍ နှလုံးသားကို ခဲဖြတ်လျက် သွားလေ၏။ ထိုကချေသည်မသည် ထိုခဏ၌ပင်လျှင် ခံတွင်းသည်၎င်း မျက်စိတို့သည်၎င်း ဟင်းလင်းပွင့်လျက် သေရွာခဲ့လေ၏။ သန္ထတိအမတ်ကြီးသည် ထိုမိန်းမကို စုံစမ်းကြပါကုန်ဦးလော့ဟု ဆိုလတ်သဖြင့် အရှင် ချုပ်လေပြီဟု ဆိုကာမျှ၌သာလျှင် ကြီးစွာသော စိုးရိမ်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်ရကား ထိုခဏ၌သာလျှင် အမတ်ကြီးအား ခုနစ်ရက်ပတ်လုံး သောက်အပ်သော သေအရက်တို့သည် အိုးကင်းပူ၌ကျသော ရေပေါက်ကဲ့သို့ ခန်းခြောက် ကုန်ပျောက်ခြင်းသို့ရောက်လေ၏။ ထိုအမတ်ကြီးသည် ငါ၏စိုးရိမ်ခြင်းကို မြတ်စွာဘုရားကိုထား၍ တပါးသောသူတို့သည် ငြိမ်းစေခြင်းငှါ မတတ်နိုင်ကြကုန်လတ္တံ့ဟု ဗိုလ်ပါ အပေါင်းခြံရံလျက် ညချမ်းသောအခါ မြတ်စွာဘုရား အထံတော်သို့ သွားပြီးလျှင် ရှိခိုးလျက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်အား ဤသို့သဘောရှိသော စိုးရိမ်ခြင်းသည် ဖြစ်ပါသည် ဘုရား တပည့်တော်၏ ထိုစိုးရိမ်ခြင်းကို ရှင်တော်မြတ်ဘုရားတို့သည် ငြိမ်းစေခြင်းငှါ တတ်နိုင်ကြပါလိမ့်မည်ဟု အားထားလာခဲ့ပါသည်ဘုရား တပည့်တော်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါဘုရားဟု လျှောက်ကြားလေ၏။

သန္ထတိအမတ်ကြီး ရဟန္တာဖြစ်၍ တန်ခိုးပြခြင်း

ထိုအခါ အမတ်ကြီးကို မြတ်စွာဘုရားသည် စိုးရိမ်ခြင်းကို ငြိမ်းစေခြင်းငှါ စွမ်းနိုင်သောသူ၏ အထံသို့သာလျှင် သင်ရောက်လာခဲ့ပေ၏။ ဤသို့သော အခြင်းအရာဖြင့်သာလျှင် ဤကချေသည်မိန်းမ၏ သေသောကာလ၌ ငိုသော သင်၏ ယိုစိမ့်သော မျက်ရည်တို့သည် လေးစင်းသော မဟာသမုဒ္ဒြာတို့၏ရေထက် အလွန်များပြားလှကုန်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူလေ၏။

ယံ ပုဗ္ဗေ တံ ဝိသောဧဟိ၊ ပစ္ဆာ တေ မာဟု ကိဉ္စနံ။
မဇ္ဈေ စေ နော ဂဟိဿသိ၊ ဥပသန္တော စရိဿသိ။

ပုဗ္ဗေ၊ ရှေးအခါ၌။ ယံကိဉ္စနံ၊ အကြင်စိုးရိမ် ကြောင့်ကြခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံကိဉ္စနံ၊ ထိုစိုးရိမ် ကြောင့်ကြခြင်းကို။ ဝိသောဧဟိ၊ သုတ်သင်

ဖြတ်တောက်လေလော့။ တေ။ သင့်အား။ ပစ္စာ၊ နောက်အခါ၌။ ကိုဠနံ၊စိုးရိမ်ကြောင့်ကြခြင်းသည်။ မာအဟု၊ မဖြစ်စေလင့်။မဇ္ဈေ၊ အလယ်ဖြစ်သော ပစ္စုပ္ပန်၌။ နောစေ ဂဟိဿသိ၊အကယ်၍ မယူသည်ဖြစ်အံ့။ ဥပသန္တော၊ ငြိမ်းလျက်။ စရိဿသိ၊ သွားရလတ္တံ့။

ဂါထာ၏အဆုံး၌ သန္တတိ အမတ်ကြီးသည် အရဟာတ္တဖိုလ်သို့ရောက်၍ မိမိ၏ အာယုသင်္ခါရ အသက်အပိုင်းအခြားကို ကြည့်လတ်သည်ရှိသော် ထိုအသက်၏ နည်းပါးခြင်းကို။ဝါ၊ မဖြစ်တော့လတ္တံ့သော အဖြစ်ကို သိရလျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခြင်းကို ခွင့်ပြုတော်မူပါဘုရားဟု မြတ်စွာဘုရားကို လျှောက်ကြားလေ၏။ မြတ်စွာဘုရားသည် ထိုအမတ်ကြီး ပြုအပ်သော ကောင်းမှုကံကို သိတော်မူသော်လည်း မုသာဝါဒဖြင့် နှိပ်စက်အံ့သောငှါ စည်းဝေးရောက်လာကြကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် အခွင့်ကို မရကုန်လတ္တံ့ ဟူ၍ငင်း ဘုရားရှင်၏ တင့်တယ်ခြင်းကိုငင်း သန္တတိအမတ်ကြီး၏ တင့်တယ်ခြင်းကိုငင်း မြင်ကြရကုန်အံ့ဟု စည်းဝေးရောက်လာကြကုန်သော သမ္မာဒိဋ္ဌိတို့သည် ဤအမတ်ကြီး ပြုအပ်သော ကောင်းမှုကံကို ကြားနာရ၍ ကောင်းမှုတို့၌ ရိုသေစွာပြုကုန်လတ္တံ့ ဟူ၍ငင်း မှတ်သားတော်မူသဖြင့် ထိုသို့ဖြစ်မူ သင်ပြုအပ်သော ကောင်းမှုကံကို ငါ့အား ဟောပြောဦးလော့ဟု မိန့်တော်မူ၍ ဟောပြောသော်လည်း မြေ၌ တည်လျက် မဟောတဲ့မူ၍ ထန်းခုနစ်ဆင့်မျှဖြင့် အတိုင်းအရှည်ရှိသော ကောင်းကင်၌ တည်လျက် ဟောပြောရမည်ဟု မိန့်တော်မူ၏ ထိုအမတ်ကြီးသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကောင်းလှပါပြီ ဘုရားဟု မြတ်စွာဘုရားကို ရှိခိုး၍ ထန်းတဆင့်ပမာဏ ရှိသော အရပ်သို့ တက်သဖြင့် သက်ဆင်းပြီးလျှင် တဖန် မြတ်စွာဘုရားကို ရှိခိုး၍ တက်ပြန်သည်ရှိသော် အစဉ်အတိုင်း ထန်းခုနစ်ဆင့် ပမာဏ မြင့်သော ကောင်းကင်၌ ထက်ဝယ် ဖွဲ့ခွေနေခြင်းဖြင့် ထိုင်နေလျက် မြတ်စွာဘုရား တပည့်တော်၏ ရှေးပြုအပ်သော ကောင်းမှုကံကို နာကော် မူကြပါဘုရားဟု လျှောက်ထားလေ၏။

အတိတ်ကောင်းမှု ပြန်လျှောက်ခန်း

ဤဘဒ္ဒကမ္ဘာမှ ကိုးဆဲ့တကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသောအခါ ဘုရားတပည့်တော်သည် ဗန္ဓုမတီ မည်သော မြို့၌ တခုသော

အမျိုးအိမ်၌ဖြစ်၍ သူတပါးတို့အား ဖြတ်ခြင်းကိုဎင်း နှိပ်စက်ခြင်းကိုဎင်း မပြုကြောင်းဖြစ်သော အမှုသည် အဘယ်အမှုပါနည်းဟု ကြံစည်မိပါသည် ဘုရား ဤသို့ကြံစည်ပြီးလျှင် စူးစမ်းဆင်ခြင်သည်ရှိသော် တရားနာစိမ့်သောဌါ ကြွေးကြော်သောအမှုကို မြင်ရပါသဖြင့် ထိုအခါမှစ၍ ထိုအမှုကိုပြုလျက် လူမျှား အပေါင်းကို ကောင်းစွာဆောက်တည်စေသဖြင့်၊ကောင်းမှုတို့ကိုပြုခဲ့ပါသည်ဘုရား ဥပုသ်နေ့တို့၌လည်း ဥပုသ်ဆောက်တည်ကြပါကုန်ခလော့အလူပေးကြပါကုန်လော့ တရားနာကြပါကုန်လော့ ဘုရားရတနာ အစရှိသည်တို့နှင့်တူသော တပါးသော ရတနာမည်သည်မရှိ ရတနာသုံးပါးတို့အား ပူဇော်သက္ကာရ ပြုကြပါကုန်လော့ဟု ကြွေးကြော်ကာ သွားလာလှည့်လည်ပါသည်ဘုရား ထိုတပည့်တော်၏ အသံကို ကြားရလျှင် ဘုရားရှင်၏ ခမည်းတော်ဖြစ်သော ဗန္ဓုမတီမင်းကြီးသည် တပည့်တော်ကို ခေါ်စေ၍ အမောင် အဘယ်အမှုကိုပြုလျက် သွားလာလှည့်လည်သနည်းဟု မေးသောကြောင့် အရှင်မင်းကြီး ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို ထင်ရှားစွာပြလျက် လူမျှားအပေါင်းကို ကုသိုလ်ကောင်းမှုတို့၌ ဆောက်တည်စေသဖြင့် သွားလာလှည့်လည်ပါသည်ဟု လျှောက်တင်သည်ရှိသော် အဘယ်၌နေလျက် သွားလာဘိသနည်းဟု တပည့်တော်ကို မေးပြန်သောကြောင့် အရှင်မင်းကြီးခြေဖြင့်သာလျှင် သွားလာရပါသည်ဟု တပည့်တော် လျှောက်တင်သည်ရှိသော် အမောင် သင်ကား ဤသို့သွားလာခြင်းဌါမထိုက် ဤပန်းဆိုင်းကို ဆင်မြန်း၍ မြင်းကျောက်ကုန်းထက်၌ နေလျက်သာ သွားလာလှည့်လည်ချေလော့ဟု တပည့်တော်အား ပုလဲကုံး ပုလဲဆိုင်းနှင့်တူသော ပန်းဆိုင်းကိုပေး၍ ယဉ်ကျေးသောမြင်းကို ပေးပါသည်ဘုရား ထိုအခါ မင်းကြီးသည် ပေးအပ်သော အဆောင်အရှက်ဖြင့် ထို့အတူသာလျှင် ကြွေးကြော်လျက် သွားလာလှည့်လည်သော တပည့်တော်ကို တဖန်မင်းကြီးသည် ခေါ်ခစေတော်မူပြန်သဖြင့် အမောင် အဘယ်ကိုပြုလျက် လှည့်လည်ဘိသနည်းဟု မေးပြန်သောကြောင့် အရှင်မင်းကြီး ထို့အမှုကိုသာလျှင် ပြုလျက် လှည့်လည်ပါသည်ဟု လျှောက်တင်သည်ရှိသော် မြင်းသည်လည်း သင့်အား မလျှောက်ပတ်သေး ဤရထား၌ ထိုင်လျက် လှည့်လည်ချေလော့ဟု သိန္ဓောမြင်းလေးစီး ကသော်ရထားကို ပေးပါသည်ဘုရား သုံးကြိမ်မြောက် တိုင်အောင်လည်း တပည့်တော်ကို အသံကြားရလျှင် မင်းကြီးခေါ်စေသဖြင့် အမောင် အဘယ်ကိုပြုလျက် လှည့်လည်ဘိသနည်းဟု မေးပြန်

သောကြောင့် အရှင်မင်းကြီး ထိုအမှုကိုသာလျှင်ပြုလျက် လှည့်လည်ပါသည်ဟု လျှောက်တင်ပြန်သည်ရှိသော် အမောင် ရထားသည်လည်း သင့်အား မလျောက်ပတ်သေးဟုဆို၍တပည့်တော်အား များစွာသောစည်းစိမ်ဥစ္စာကိုဌင်း မြတ်သောတန်ဆာကိုဌင်းပေး၍ ဆင်တစီးကိုလည်း ပေးပြန်ပါသည်ဘုရား ထိုတပည့်တော်သည် အလုံးစုံသော တန်ဆာဖြင့် တန်ဆာဆင်လျက် ဆင်ကျောက်ကုန်းထက်၌ နေထိုင်သဖြင့် အနှစ်ရှစ်သောင်းတို့ပတ်လုံးတရားနာစိမ့်သောငှါ ကြေးကြော်ခြင်း အမှုကို ပြုပါသည်ဘုရား ထိုတပည့်တော်၏ကိုယ်မှ ဤမျှလောက်သောကာလ ပတ်လုံး စန္ဒကူးနံ့သည် လှိုင်ပါ၏ ခံတွင်းမှ ကြာညိုနံ့သည် လှိုင်ပါ၏။ တပည့်တော်သည် ဤကောင်းမှုကို ပြုအပ်ပါသည်ဘုရားဟု လျှောက်ထားလေ၏။

သန္တတိအမတ်ကြီး နိဗ္ဗာန်ဝင်ခဏ်း

ဤသို့လျှင် ထိုသန္တတိ အမတ်ကြီးသည် မိမိရှေး၌ပြုအပ်သော ကောင်းမှုကံကို ဟောပြောပြီးလျှင် ကောင်းကင်၌ နေလျက်သာလျှင် [၁]တေဇောကသိုဏ်း စျာန်ကိုဝင်စား၍ ပရိနိဗ္ဗာန်ပြုလေ၏။ ကိုယ်မှမီးလျံတို့သည် ထလတ်၍ အသားအသွေးကို လောင်ကျွမ်းစေ၏။ [၂]ရွှေဖြင့်ပြီးသော ပန်းတို့ကဲ့သို့သော ဓာတ်တော်တို့သည် ကြွင်းကျန်လေကုန်၏ မြတ်စွာဘုရားသည် စင်ကြယ်သောအဝတ်တို့ကို ဖြန့်လေ၏။ ထိုအဝတ်၌ ဓာတ်တော်တို့သည် ကျလာကုန်၏။ ထိုဓာတ်တော်တို့ကို သပိတ်၌ထည့်၍ လူအများရှိခိုးရလျှင် ကောင်းမှုအဘို့ရှိသည်ဖြစ်လတ္တံ့ဟု ခရီးမ လေးဆုံ၌ စေတီတည်စေလေ၏ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့သန္တတိ အမတ်ကြီးသည် ဂါထာ၏အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်သဖြင့် တန်ဆာဆင်ခြင်းနှင့်စပ်သည်ဖြစ်၍သာလျှင် ကောင်းကင်၌နေလျက် ပရိနိဗ္ဗာန်ပြု၏။ အသို့နည်း ထိုသန္တတိအမတ်ကြီးကို သမဏဟူ၍လည်းဆိုခြင်းငှါ သင့်မည်လော ထိုသို့မဟုတ် ဗြဟ္မဏဟူ၍လည်း ဆိုခြင်းငှါ သင့်မည်လောဟု စကားကို ဖြစ်စေကြလေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ချစ်သားရဟန်းတို့ ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူခြင်းကြောင့် ဤမည်သောစကားဖြင့် စည်းဝေးကြပါသည်ဘုရားဟု နားတော်

---

၁ တေဇောကသိုဏ်း=ချာန်-မီး+အံလုံးစုံကို အာရုံပြု၍ ရှုခြင်း။ ပဋ္ဌမချာန်၏ သတ္တိထူး။

၂ မုလေးပန်းတို့ကဲ့သို့ ဟူ၍လည်း မူကွဲရှိသည်။

လျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ ငါ့သားတော်ကို သမဏဟူ၍ ဆိုခြင်း ၌လည်းသင့်၏။ ဗြာဟ္မဏဟူ၍ ဆိုခြင်း၌လည်း သင့်သည်သာတည်းဟု မိန့်တော် မူ၍ တရားဟောကြားတော်မူလိုရကား ဤဂါထာကိုမိန့်တော်မူလေ၏။

ဒေသနာတော်

၁၄၂ အလက်ံတော စေပိ သမံ စရေယျ၊
သန္တော ဒန္တော နိယတောဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
သော ဗြာဟ္မဏော သော သမဏော သဘိက္ခု။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အလက်ံတောပိ၊ တန်ဆာဆင်ယင်လျက်ဖြစ် သော်လည်း။သမံ၊ ကိုယ်နှုတ်စိတ်ညီညွတ်စွာ။စေ စရေယျ၊ အကယ်၍ ကျင့်ငြား အုံ့။ သန္တော၊ ရာဂစသည် ငြိမ်းခြင်းဖြင့် ငြိမ်း၏။ ဒန္တော၊ ဣန္ဒြေကို ဆုံးမတတ် ၏။ နိယတော၊ လေးပါးသော မဂ္ဂနိယာမဖြင့်မြဲ၏။ ဗြဟ္မစာရီ၊ မြတ်သော အကျင့်ကို ကျင့်လေ့ရှိ၏။ သဗ္ဗေသု ဘူတေသု၊အလုံးစုံသော သတ္တဝါတို့၌။ ဒဏ္ဍံ၊ ကာယဒဏ္ဍ အစရှိသည်ကို။ နိဓာယ၊ ချထားခြင်းကြောင့်။ သော၊ ထိုပုဂ္ဂိုလ် ကို။ ဗြာဟ္မဏော၊မကောင်းမှုကို အပပြုသောကြောင့် ဗြာဟ္မဏမည်၏ဟူ၍ဋ္ဌင်း။ သော၊ ထိုပုဂ္ဂိုလ်ကို။ သမဏော၊ မကောင်းမှုကို ငြိမ်းစေတတ်သောကြောင့် သမဏဟူ၍ဋ္ဌင်း။ သ သော၊ ထိုပုဂ္ဂိုလ်ကို။ဘိက္ခု၊ ကိလေသာစု ကွဲပျက်မှုကြောင့် ဘိက္ခုဟူ၍ဋ္ဌင်း။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် ဗသည်တို့သို့ ရောက်ကြလေကုန်၏။

သန္တတိအမတ်ကြီးဝတ္ထုပြီး၏။

၁၀–ပိလောတိကတိဿမထေရ်ဝတ္ထု

ဟိရီ နိသေဓော - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရား သည်ဇေတဝန်ကျောင်းတော်၌နေတော်မူစဉ် ပိလောတိကမထေရ်ကို အကြောင်း ပြု၍ ဟောတော်မူလေ၏။

အဝတ်ဟောင်းပိုင်းကို ဆရာပြုခြင်း

တပါးသောအခါ၌ ရှင်အာနန္ဒာမထေရ်သည် တယောက်သော ပုဆိုးနွမ်း တပိုင်းကိုဝတ်လျက် ခွက်လက်စွဲသဖြင့် ထမင်းအလိုငှါ လှည့်လည်သော သူငယ်ကို မြင်ရလျှင် အသို့နည်း သင်အား ဤသို့လှည့်လည်ကာ အသက်မွေးရသောထက် ရှင်သာမဏေ ပြုရခြင်းသည် အလွန်မြတ်သည် မဟုတ်လောဟုဆိုလျှင် အရှင်ဘုရား တပည့်တော်ကို အဘယ်သူသည် ရှင်သာမဏေပြုပေးပါအံ့နည်း ဘုရားဟု လျှောက်သည်ရှိသော် ငါသည် ရှင်သာမဏေပြုပေးအံ့ဟု ထိုသူငယ်ကို ခေါ်သွား သဖြင့် မိမိလက်ဖြင့် ရေချိုးပေးပြီးလျှင် ကမ္မဋ္ဌာန်းကိုပေး၍ ရှင်သာမဏေ ပြုပေးလေ၏ ဝတ်အပ်သော ထိုပုဆိုးနွမ်းပိုင်းကို ဖြန့်၍ ကြည့်ရှုသည်ရှိသော် ရေစစ် ကြက်စရာ ပြုလောက်ရုံကိုမျှ ယူစရာ တစုံတခုသော အရပ်ကို မမြင် ရသော်လည်း ခွက်နှင့် အတူတကွ တခုသော သစ်ကိုင်းထက်၌ ထားလေ၏ ထိုသူငယ်သည်လည်း ရှင်ပြုပြီး၍ ပဉ္စင်းအဖြစ်ကို ရလတ်သည်ဖြစ်ရကား မြတ်စွာ ဘုရားရှင်တို့အား ဖြစ်သော လာဘ်ပူဇော် သက္ကာရကို ဘုဉ်းပေးသုံးဆောင်လျက် အဘိုးများစွာဆိုက်ကုန်သော သင်္ကန်းတို့ကို ဝတ်ဆင်ကာ လှည့်လည်လျက် ဆူပြိုးသော ကိုယ်ရှိလတ်သော် သာသနာတော်၌ ပျင်းရိ ဆန့်ကျင်ခြင်းကြောင့် ငါ့အား လူများအပေါင်းသည် သဒ္ဓါကြည်ဖြူပေးလှူအပ်သော သင်္ကန်းကို ဝတ် ဆင်ကာ လှည့်လည်ခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း မိမိ၏ ပုဆိုးနွမ်းကိုသာ လျှင် ဝတ်ဆင်ပေတော့အံ့ဟု ထိုအရပ်သို့သွား၍ ပုဆိုးနွမ်းကို ယူပြီးလျှင် မရှက် တတ်၍ အရှက်ကင်းမဲ့သောသူ ဤသို့သဘောရှိသော အဝတ်တို့ ဝတ်ဆင်ရာ ဌာနကို စွန့်ပစ်၍ ဤပုဆိုးနွမ်းပိုင်းကို ဝတ်ဆင်သဖြင့် ခွက်လက်စွဲလျက် ထမင်း အလိုငှါ လှည့်လည်ရခြင်းသို့ သွားရောက်လိုဘိသလောဟု ထိုပုဆိုးနွမ်းကို အာရုံ ပြု၍ မိမိသည်ပင်လျှင် မိမိကိုယ်ကို ဆုံးမလေ၏ ဆုံးမစဉ်သာလျှင် စိတ်ငြိမ်သက် လေ၏ ထိုမထေရ်သည် ထိုပုဆိုးနွမ်းကို ထိုအရပ်၌သာလျှင် သို့မှီးကာ ပြန်နှစ်၍ ကျောင်းသို့သာလျှင် သွားလေ၏ ထိုရဟန်းသည် နှစ်ရက် သုံးရက် လွန်ပြန်သော အခါ တဖန် ပျင်းရိ ဆန့်ကျင်ပြန်ခြင်းကြောင့် တို့အတူပင် ဆို၍ပြန်နှစ်ခဲ့ပြန်၏ တဖန်လည်း ထိုအတူသာလျှင်တည်း ဤသို့လျှင် ထိုပိလောတိကမထေရ် လူးလာ တုံ့ခေါက် အဖန်ဖန် လမ်းလျှောက်သည်ကို မြင်ရလျှင် ရဟန်းတို့သည် ငါ့ရှင် အဘယ်အရပ်သို့ သွားဘသနည်းဟု မေးမြန်းကြကုန်၏ ထိုမထေရ်သည် ငါ့ရှင်တို့

ဆရာ၏အထံသို့ သွားပါသည်ဟုဆို၍ ဤသို့သော နည်းဖြင့်သာလျှင် မိမိ၏ ပုဆိုးနှမ်းအိုင်းကိုသာ အာရုံပြု၍ မိမိကိုယ်ကို တားမြစ်ခြင်းကြောင့် နှစ်ရက် သုံးရက်ဖြင့်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏ ရဟန်းတို့သည် ငါ့ရှင် အသို့ နည်း ဤယခုအခါ ဆရာ၏အထံသို့ အဘယ့်ကြောင့် မသွားဘိသနည်း ဤခရီး သည် သင်၏သွားရာ လမ်းခရီးမဟုတ်လော ဟု ဆိုကြကုန်၏ ငါ့ရှင်တို့ ဆရာနှင့် အတူတကွ ရှောနှောဆက်ဆံခြင်း ရှိလတ်သော် သွား၏ ယုတ်မာကား ရောနှော ဆက်ဆံခြင်းကို တပည့်တော် ဖြတ်အပ်ပြီ ထို့ကြောင့် ဆရာ၏ အထံသို့ မသွားနိုင်ဟု ဆိုသဖြင့် ထိုရဟန်းတို့သည် မြတ်စွာဘုရားအား မြတ်စွာဘုရား ပိလောတိက မထေရ်သည် အရဟတ္တဖိုလ်ကို ပြောကြားပါသည်ဘုရားဟု လျှောက်ကြားကြလေကုန်၏ ရဟန်းတို့ အဘယ်စကားကို ဆိုလေဘိသနည်းဟု မေးလျှင် မြတ်စွာဘုရား ဤမည်သောစကားကို ဆိုပါသည်ဘုရားဟု လျှောက်ကြားကြကုန်၏ ထိုစကားကို ကြားတော်မူရလျှင် ဘုရားရှင်သည်ချစ်သားရဟန်းတို့ သြော် ဟုတ်ပေ၏ ငါ့သားတော်သည် ရောနှောဆက်ဆံခြင်း ရှိလတ်သော် ဆရာ၏အထံသို့ သွားရပေ၏ ယခုမူကား ထိုငါ့သားတော်သည် ရောနှောဆက်ဆံခြင်းကို ဖြတ်အပ်ပြီ မိမိသည်ပင်လျှင် မိမိကိုယ်ကို တားမြစ်ခြင်းကြောင့် အရဟတ္တဖိုလ်သို့ ရောက်လေပြီဟု မိန့်တော်မူ၍ ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၄၃ ဟိရိုနိသေဓော ပုရိသော၊ ကောစိ လောကသ္မိံ ဝိဇ္ဇတိ။
ယော နိဒ္ဒံ အပဗောဓေတိ၊ အဿော ဘဒြော ကသာမိဝ။

၁၄၄ အဿောယထာ ဘဒြော ကသာနိဝိဋ္ဌော၊
အာတာပိနော သံဝေဂိနော ဘဝသ။
သဒ္ဓါယ သီလေန ဝိရိယေန စ၊
သမာဓိနာ ဓမ္မဝိနိစ္ဆယေန စ။
သမ္ပန္နာဝိဇ္ဇာစရဏာ ပတိဿတာ၊
ဇဟိဿထ ဒုက္ခမိဒံ အနပ္ပကံ။

ဘဒြော၊ ကောင်းသော။ အဿော၊မြင်းသည်။ ကသာ၊ ကိုယ်ပေါ်ကျလတ္တံ့ သောကြိမ်လုံးမှ။ ဝါ၊ ကြိမ်လုံးကို။ အပဟာရတိက္ခဝ၊ပယ်သကဲ့သို့။ယောပုရိသော၊

အကြင်ယောကျ်ားသည်။နိဒ္ဒံ၊အိပ်ခြင်းကို။ အပ္ပဗောဓေတိ၊ ပယ်သောအားဖြင့် ကြားစေ၏။ ဟိရိနိသေဓော၊ အကြံဆိုးကို အရှက်ဖြင့် တားမြစ်တတ်သော။ သောပုရိသော၊ထိုယောကျ်ားသည်။လောကသ္မိံ၊လောက၌။ကောစိ၊တယောက် တလေသာ။ ဝိဇ္ဇတိ၊ရှိ၏။ ဝါ၊ တနည်းကား။ ကောစိဝိဇ္ဇတိ၊ ရခဲ၏။

ဘဒ္ဒြော၊ကောင်းသော။ အသော၊ မြင်းသည်။ ကသာနိဝဋ္ဌော၊ကြိမ်လုံးဖြင့် ပုတ်ခတ်အပ်သည်ရှိသော်။ အာတာပီယထာ၊ လုံ့လရှိသကဲ့သို့။ သံဝေဂီယထာ၊ ထိတ်လန့်သကဲ့သို့။ တုမ္ဟေ၊ သင်ချစ်သားတို့သည်။ အာတာပိနော၊ ကိလေသာ ကို ပူပန်စေတတ်သော လုံ့လရှိကြကုန်သည်။သံဝေဂိနော၊ထိတ်လန့်ခြင်း သံဝေဂ ရှိကြကုန်သည်။ ဘဝထ၊ ဖြစ်ကြကုန်လော့။ သဒ္ဓါယစ၊ လောကီ လောကုတ္တရာ သဒ္ဓါတရားနှင့်ငင်း။ သီလေနစ၊ စတုပါရိသုဒ္ဓိသီလနှင့်ငင်း။ ဝီရိယေနစ၊ ဝီရိယ နှင့်ငင်း။ သမာဓိနာစ၊ သမာဓိနှင့်ငင်း။ ဓမ္မဝိနိစ္ဆယေနစ၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိခြင်းလက္ခဏာရှိသော ဆုံးဖြတ်ခြင်းဉာဏ်နှင့်ငင်း။ သမ္ပန္နော၊ ပြည့်စုံကြကုန်သည်ဖြစ်၍။ ဝိဇ္ဇာစရဏာ၊ ဝိဇ္ဇာစရဏ ရှိကြကုန်သည်ဖြစ်၍။ ပတိဿတာ၊ ထင်သောသတိရှိကြကုန်သည်ဖြစ်၍။အနုပုဂ္ဂံ၊ အတိုင်းမသိသော။ ဣဒံဒုက္ခံ၊ ဤသံသရာဆင်းရဲကို။ ဇဟိဿထ၊ စွန့်ကြရကုန်လတ္တံ့။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ပိလောတိကတိဿမထေရ်ဝတ္ထုပြီး၏။

---

၁ ဒိဋ္ဌဓမ္မဝေဒနီယကမ္မ၌ ဘဝတိဉ္စာဉ်၊ ဒိဋ္ဌဓမ္မဝေဒနီယကမ္မ၌ ဘဝတိဉ္စာဉ်၊ အာသန္နကမ္မယ အဘိဉ္စာဉ်။
ဒိဋ္ဌဓမ္မဝေဒနီယကမ္မ-ငါပသနာဉာဏ်၊ မနောမယိဒ္ဓိ၊ ဇာတိဒ္ဓိဝိဓ၊ ဒိဗ္ဗသောတ၊ ဧစေတ၁ ပရိယ၊ ပုဗ္ဗနိဝါသ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယအဘိညာဉ်။
ဓရကာတဆဲ့ငါးပါး-သီလဧစေဒ်ခြင်း၊ ဇာန်ဖြိုလုံခြင်း၊ ဘောဇဉ် အတိုင်းအရှာသိခြင်း၊ နိုးကြားခြင်း၊ သဒ္ဓါ၊ဟိရိ၊ဩတ္တပ္ပ၊ ဗဟုသစ္စ၊ ဝီရိယ၊သတိ၊ ပညာ၊ ပဌမဈာန်၊ ဒုတိယ ဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်။ (စတုက္ကနည်း)။

၁၁–သုခသာမဏေဝတ္ထု

ဥဒကဦး အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် သုခသာမဏေကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ဂန္ဓသူဌေးသည် တသိန်းတန်အစာကို တခမ်းတနား စားခြင်း

လွန်လေပြီးသောအခါ ဗာရာဏသီ သူဌေးကြီးအား ဂန္ဓသတ္ဂိသား အမည်ရှိသော သားတယောက်သည် ရှိသည်ဖြစ်လေ၏။ ဗာရာဏသီမင်းကြီးသည် ဂန္ဓသတ္ဂိသား၏ ဘခင်သူဌေးကြီး ကွယ်လွန်လတ်သည်ရှိသော် ဂန္ဓ သတ္ဂိသားကို ခေါ်စေ၍ များစွာသော ပူဇော်သက္ကာရဖြင့် ထိုသတ္ဂိသားအားသာလျှင် သူဌေးကြီးအရာကို ပေးလေ၏။ ထိုသတ္ဂိသားသည် ထိုနေ့မှစ၍ ဂန္ဓသူဌေးဟုထင်ရှားခဲ့လေ၏။ ထိုအခါ ဂန္ဓသူဌေး၏ ဘဏ္ဍာစိုးသည် ဥစ္စာထားရာ တိုက်ခန်းတံခါးကို ဖွင့်လှစ်၍ အရှင်သူဌေး ဤမျှလောက်သော ဤဥစ္စာသည် သင်၏ အဘ၏ ဥစ္စာတည်း။ ဤမျှလောက်သောဥစ္စာသည် အဘိုး၏ဥစ္စာတည်းဟု ထုတ်၍ပြလေ၏။ ထိုဂန္ဓသူဌေးသည် ဥစ္စာစုကိုကြည့်ရှုပြီးလျှင် ထိုအဘ အဘိုးတို့သည် ဤဥစ္စာကို အဘယ့်ကြောင့်ယူ၍ မသွားကြကုန်သနည်းဟု ဆိုလေ၏။ အရှင်သူဌေး ဥစ္စာကို ယူ၍သွားကြသော မည်သည်မရှိ မိမိပြုအပ်သော ကုသိုလ်ကံ အကုသိုလ်ကံကို သာယူ၍ သတ္တဝါတို့သွားကြရကုန်၏ဟုဆိုလျှင် ထိုဂန္ဓသူဌေးသည် အဘ အဘိုးတို့ကား မလိမ္မာသည်အဖြစ်ကြောင့် ဥစ္စာကိုကောင်းစွာစုဆောင်းပြီးလျှင် စွန့်ပစ်၍သွားကြလေကုန်၏။ ငါသည်ကား ထိုဥစ္စာကိုယူ၍ သွားပေအံ့ဟုကြံစည်လေ၏။ ဤသို့ကြံစည်ပြီးလျှင် အလှူကိုမူလည်းလှူအံ့ ပူဇော်ခြင်းကိုမူလည်း ပြုအံ့ဟု မကြံစည်မူ၍ ဤအလုံးစုံကိုစား၍သွားပေအံ့ဟု ကြံစည်လေသတည်း။ ထိုဂန္ဓသူဌေးသည် တသိန်းသောဥစ္စာကိုစွန့်၍ ဖလ်ဖြင့်ပြီးသောရေချိုးရုံကို ပြုလုပ်စေ၏။ တသိန်းသောဥစ္စာကိုပေး၍ ဖလ်ဖြင့်ပြီးသည်သာလျှင်ဖြစ်သော ရေချိုးပျဉ်ကို ပြုစေ၏။ တသိန်းသောဥစ္စာကိုပေး၍ နေရာပလ္လင်ကိုပြုစေ၏။ တသိန်းသောဥစ္စာကိုပေး၍ ဘောဇဉ်စားခွက်ကို ပြုစေ၏။ တသိန်းသော ဥစ္စာကိုသာလျှင်ပေး၍ ဘောဇဉ်စားရာ၌ မဏ္ဍပ်ကိုပြုစေ၏။တသိန်းသောဥစ္စာကိုပေး၍ စားခွက်ထည့်စရာအုပ်ကိုပြုစေ၏။ တသိန်းသောဥစ္စာဖြင့်သာလျှင် အိမ်၌ ခြသေ့်ခံသော

(၁) ၁၄၃–၁၃

လေသာပြူတင်းကို ကောင်းစွာထား၏။ မိမိ၏နံနက်စာအလို၌ တထောင်ပေး၏ ညဉ့်စာအလို၌လည်း တထောင်ပေး၏။ လပြည့်သောနေ့၌ကား ဘောဇဉ်အလို၌ တသိန်းပေးစေ၏။ ထိုတသိန်းတန်ထမင်းကို သုံးဆောင်အံ့သောနေ့၌ကား တသိန်းသောဥစ္စာကိုစွန့်၍ မြို့ကို တန်ဆာဆင်ပြီးလျှင် ဂန္ဓသူဌေး ထမင်းသုံးဆောင်သောအခြင်းအရာကို လာရောက်ကြည့်ရှုနိုင်ပါသတတ်ဟု ၁စည်လည်စေလေ၏။

လူများအပေါင်းသည် ညောင်စောင်း အဆင့်ဆင့်ကိုဖွဲ့၍ စည်းဝေးလေ၏။ ထိုဂန္ဓသူဌေးသည်လည်း တသိန်းအဘိုးထိုက်သော ဖလ်ရေချိုးရုံဝယ် အဘိုးတသိန်းထိုက်သော ဖလ်ပျဉ်ထက်၌နေလျက် တဆဲ့ခြောက်လုံးသောနံ့သာရေအိုးတို့ဖြင့် ရေချိုးပြီးလျှင် ထိုတသိန်းတန် ခြေသံ့ခံသော လေသာပြူတင်းကိုလည်း ဖွင့်လှစ်၍ ထိုတသိန်းကုန် ပလ္လင်ထက်၌နေလေ၏။ ထိုအခါ ဂန္ဓသူဌေး၏ တသိန်းတန် စားခွက်ထည့်စရာအုပ်၌ ထိုတသိန်းတန် ဘောဇဉ် စားခွက်ကို ထည့်ထားပြီးလျှင် တသိန်းအဘိုးထိုက်တန်သော ဘောဇဉ်ကို ခူးခပ်ကြရလေ၏။ ထိုဂန္ဓသူဌေးသည် ကချေသည်အပေါင်းခြံရုံလျက် ဤသို့သဘောရှိသော စည်းစိမ်၏ပြည့်စုံခြင်းဖြင့် ထိုတသိန်းတန် ဘောဇဉ်ကို သုံးဆောင်လေ၏။

သူဌေးထမင်းစားလို၍ ကျန်ခံခြင်း

တပါးသောအခါ တောရွာသားတယောက်သည် မိမိ၏ရိက္ခာဆောင်ယူခြင်းအကျိုးငှါ ထင်းစသည်တို့ကို လှည်းဖြင့်ထည့်သွင်းတင်ဆောင်၍ မြို့သို့ရောက်သွားသဖြင့် အဆွေခင်ပွန်း၏အိမ်၌ နေရာယူလေ၏။ (တည်းခိုနေထိုင်၏) ထိုအခါ၌ကား လပြည့်နေ့ဖြစ်၏။ ဂန္ဓသူဌေး၏ စားသောက်သုံးဆောင်ခြင်း၏ တင့်တယ်ခြင်းကိုကြည့်ရှုစေသတည်းဟု မြို့၌စည်လည်စေကြလေကုန်၏။ ထိုအခါ တောရွာသားကို မြို့နေအဆွေခင်ပွန်းသည် သင်သည် ဂန္ဓသူဌေးစားခြင်း၏ တင့်တယ်ခြင်းကိုမြင်ဘူး၏လောဟု မေးလေ၏။ အဆွေ မမြင်စဘူးဟု ဆိုလျှင် ထိုသို့ဖြစ်မူ လာလှည့်သွားကြကုန်စို့ ဂန္ဓသူဌေးသည် မြို့၌စည်လည်စေ၏။ ကြီးစွာသော စည်းစိမ်ချမ်းသာကို ကြည့်ရှုကြကုန်စို့ဟု မြို့နေအဆွေခင်ပွန်းသည် ဇနပုဒ်နေ

---

၁ ကြည့်လိုသူ လာကြည့်ကြပါဟု စည်ကြီးတီးလျက် မြို့လှည့်၏ဟူလို။

တောရွာသား အဆွေခင်ပွန်းကိုခေါ်၍ သွားလေ၏။ လူမျိုးအပေါင်းသည်လည်း ညောင်စောင်းအဆင့်ဆင့်တို့သို့ တက်၍ ကြည့်ရှုလေ၏။ တောရွာသားသည် ထမင်းနှံကိုနှံ၍သာလျှင် မြို့နေအဆွေခင်ပွန်းကို ငါ့အား ထိုထမင်းခွက်၌ရှိသော ထမင်းအစုဌ် စားလိုသော အာသာဖြစ်၏ဟု ဆိုလေ၏။ အဆွေ ထိုထမင်းကို မတောင့်တလင့် ရခြင်းငှါ မတတ်ကောင်းဟုဆိုသော် အဆွေ မရသည်ရှိသော် အသက်မရှည်တော့အံ့ဟု ဆိုလေ၏။ မြို့နေ အဆွေခင်ပွန်းသည် တောရွာသား အဆွေခင်ပွန်းကို တားမြစ်ခြင်းငှါ မတတ်နိုင်ခကား ပရိသတ်အစုန်၌ရပ်လျက် အရှင်သူဋ္ဌေး အရှင်သူဋ္ဌေးအား ဦးညွတ်ပါ၏ဟု သုံးကြိမ် သည်းစွာသောအသံကို မြွက်ဆိုသဖြင့် ဤသူအဘယ်သူနည်းဟုဆိုအပ်သည်ရှိသော် အရှင်သား အကျွန်ုပ် ပါတည်းဟု ဆိုလေ၏။ ထိုသို့ သည်းစွာသောအသံ မြွက်ဆိုခြင်းကား အကြောင်း အသို့နည်းဟုမေးလျှင် တယောက်သော ဤတောရွာသားသည် ရှင်သူဋ္ဌေးမင်း တို့၏ခွက်၌ရှိသော ထမင်းအစုဌ် စားလိုသောအာသာကိုဖြစ်စေပါ၏။ တခုသော ထမင်းဆုပ်ကို ကယ်မ ပေးသနားစေတော်မူကြပါကုန်လော့ဟု ဆိုလေ၏။ ရခြင်းငှါ မတတ်ကောင်းဟု ဆိုလတ်သော် အဆွေ သင်သည် သူဋ္ဌေးစကားကို ကြား၏လောဟု မေးလေ၏။ ငါသည် ကြားရပေပြီ ထိုသို့ကြားရသော်လည်း ရလျှင် ငါအသက်ရှည်အံ့ မရလျှင် ငါ့အား သေရခြင်းသည် ဖြစ်ပေတော့အံ့ဟု ဆိုခြင်း ကြောင့် တဖန်လည်း မြို့သားအဆွေခင်ပွန်းသည် အရှင်သူဋ္ဌေး ဤသူသည် မရသည်ရှိသော် သေရပါလိမ့်မည် ထိုသူအား အသက်ကို ပေးတော်မူကြပါကုန်ဟု ဆိုပြန်လေ၏။ အိုအချင်း ထမင်းတဆုပ်မည်သည်ကား တရာလည်းထိုက်၏။ နှစ်ရာလည်းထိုက်၏။ အကြင်အကြင်သူသည် တောင်း၏ ထိုထိုသူအား ပေးရသည်ရှိသော် အကျွန်ုပ် အဘယ်ကိုစားရပါတော့အံ့နည်းဟုဆိုလျှင် အရှင်သူဋ္ဌေး ဤသူသည် မရချေသည်ရှိသော် သေရရှာလတ္တံ့။ ထိုသူအား အသက်ကို ပေးတော်မူကြပါကုန်ဟု ဆိုပြန်လေ၏။ အချည်းနှီး အဘိုးအခမဲ့ရခြင်းငှါ မတတ်ကောင်း မရလျှင် အကယ်၍ အသက်မရှည်နိုင်သည်ဖြစ်အံ့ ဤအတိုင်းမှန်ခဲ့လျှင် သုံးနှစ်တို့ပတ်လုံး ငါသူဋ္ဌေး၏ အိမ်၌ အခစားအမှု ပြုလုပ်စေသတည်း ဤသို့ပြုနိုင်လျှင် ထိုသူအား ထမင်းခွက်ကို ငံ့ပေးစေပေအံ့ဟု ဆိုလတ်သော် တောရွာသားသည် ထိုသူဋ္ဌေးစကားကို ကြားရသဖြင့် အဆွေ ဤအတိုင်းပင် ဖြစ်ပါစေတော့ဟု အဆွေခင်ပွန်းကို ပြောဆိုပြီးလျှင် သားမယားကိုစွန့်၍ ထမင်း

ခွက်အလို၌ သုံးနှစ်တိုပတ်လုံး အခစားအမှုငါပြုလုပ်ပေတော့အုံဟု သူဌေး၏အိမ်သို့ ဝင်လေ၏ ထိုတောရွာသားသည် အခစားအမှု ပြုလုပ်သည်ရှိသော် အလုံးစုံသော ကိစ္စတို့ကို ရှိသေစွာပြုလုပ်လေ၏ အိမ်၌ဖြင်း တော၌ဖြင်း ညဉ့်၌ဖြင်း နေ့၌ဖြင်း အလုံးစုံပြုအပ်သော အမှုတို့ကို ပြုလုပ်ခြင်းတို့သည်သာလျှင် ထင်ရှားလေကုန်၏ ၁ဘတ္တာဘတိက ဟူ၍သာလျှင် တမြိုလုံး၌လည်းကျော်စောထင်ရှားလေသတည်း။

သုံးနှစ်ကျန်ခံ၍ ထမင်းခွက်ရခြင်း

ထိုအခါ ဘတ္တာဘတိကအား အမှုလုပ်သော နေ့ သုံးနှစ် ပြည့်သည်ရှိသော် ထမင်းစီရင်သော အိုးသူကြီးသည် အရှင်သူဌေး ဘတ္တာဘတိကအား အမှုလုပ်သောနေ့ သုံးနှစ်ပြည့်ပြီ သုံးနှစ်တိုပတ်လုံး အခစားအမှု ပြုသဖြင့် ထိုဘတ္တာဘတိကသည် ပြုနိုင်ခဲသော အမှုကို ပြုအပ်ပေ၏ တခုသော အမှုမျှ ပျက်စီးချို့ယွင်းဘူးသော မည်သည်မရှိဟုဆို၏ ထိုအခါ အိုးသူကြီးအား သူဌေးသည် မိမိအတွက် ညဉ့်နံနက်စာ အလို၌ နှစ်ထောင်တို့ကိုဖြင်း ထိုဘတ္တာဘတိကအတွက် နံနက်စာအလို၌ တထောင်ဖြင်း ဤသို့လျှင် သုံးထောင်တို့ကို ပေးစေပြီးလျှင် ယနေ့ငါ့အား ပြုအပ်သော အဆောင်အရွက်ကို ထိုဘတ္တာဘတိကအား သာလျှင် ပြုကြကုန်လော့ဟု ဆိုလေ၏ ဆိုပြီးသော်လည်း စိန္တာမဏိမည်သော ချစ်မယားတဒယောက်ကိုချန်ထား၍ ကြွင်းသောလူအပေါင်းကိုလည်း ယနေ့ထိုဘတ္တာဘတိကကိုသာလျှင် ခြံရုံကြကုန်လော့ဟုဆို၍ အလုံးစုံသော စည်းစိမ် ချမ်းသာကို ဆောင်နှင်းလေ၏ ထိုဘတ္တာဘတိကသည် သူဌေး၏ချိုးရေဖြင့် သူဌေး၏သာလျှင် ရေချိုးရုံဝယ် တသိန်းတန် ပျဉ်ချပ်ထက်၌ နေထိုင်ကာ ရေချိုး၍ ထိုသူဌေး၏ အဝတ်ပုဆိုးတို့ကို ဝတ်ဆင်ပြီးလျှင် သူဌေး၏သာလျှင် တသိန်းတန်ပလ္လင်၌ နေလေ၏ သူဌေးသည်လည်း မြို၌ ဘတ္တာဘတိကသည် ဂန္ဓသူဌေးအိမ်၌ သုံးနှစ်တိုပတ်လုံး အခစားအမှု ပြုလုပ်၍ ထမင်းခွက်ကို ရလေပြီ ထိုဘတ္တာဘတိ၁၏ စားသောက် သုံးဆောင်ခြင်း၏ ပြည့်စုံခြင်းကို ကြည့်ရှုကြစေကုန်သတည်းဟု စည်လည်စေလေ၏ များစွာသော လူအပေါင်းသည် ညောင်စောင်း အဆင့်ဆင့်တို့သို့တက်၍ ကြည့်ရှုရ၏ ကြည့်ရာကြည့်ရာ အရပ်သည် တုန်လှုပ်သော အခြင်း

---

၁ ဘတ္တာ+ဘတိက–ထမင်းကြွင်း+အခစားအမှုပြုလုပ်သူ။ ထမင်းခွေးကျွန်ခံ ဟူလို။

အရာသို့ ရောက်လေ၏ ကချေသည်တို့သည် ခြံရံ၍ ရပ်တည်ကြလေကုန်၏ ဘတ္တဘတိကရှေ၌ ထမင်းခွက်ကို ခူးခပ်စေ၍ ထားကြလေ၏။

စားခါနီး ပစ္စေကဗုဒ္ဓါ ကြွလာခြင်း

ဘတ္တဘတိက လက်ဆေးသောအခါ ဂန္ဓမာဒနတောင်ဝယ် အရှင်ပစ္စေကဗုဒ္ဓါ တဆူသည် ခုနစ်ရက်မြောက်သောနေ့တွင် သမာပတ်မှထ၍ ယနေ့ဘယ်အရပ်သို့ ဆွမ်းခံလှည့်လည်ခြင်းငှါ သွားရအံ့နည်းဟု စူးစမ်းဆင်ခြင်လတ်သည်ရှိသော်ဘတ္တ ဘတိကကို မြင်တော်မူလေ၏ ထိုအခါ ရှင်ပစ္စေကဗုဒ္ဓါအား ဤဘတ္တဘတိကကား သုံးနှစ်တို့ပတ်လုံး အခစားအမှုပြုလုပ်သဖြင့် ထမင်းခွက်ကိုရ၏ ထိုဘတ္တဘတိက အား သဒ္ဓါတရား ရှိလေသလော မရှိလေသလောဟု စူးစမ်းဆင်ခြင်ပြန်သည် ရှိသော် ရှိ၏ဟူ၍သာလျှင် သိတော်မူရသဖြင့် သဒ္ဓါတရားရှိသောသူ ဖြစ်သော် ငြားလည်း အချိုသော သူတို့သည် ချီးမြောက်ထောက်ပံ့ခြင်းကို ပြုခြင်းငှါ မတတ်နိုင်ကုန် ငါ့အား ချီးမြောက် ထောက်ပံ့ခြင်းကို ပြုခြင်းငှါ တတ်နိုင်လတ္တံ့ လောဟု စူးစမ်းဆင်ခြင်တော်မူပြန်၏ ထိုအခါ ဘတ္တဘတိကကို တတ်နိုင်လိမ့်မည် သာလျှင်တည်း ငါ့အားလည်း ချီးမြောက်ထောက်ပံ့ခြင်းဟူသော အကြောင်းကို မှီ၍ ကြီးစွာသော စည်းစိမ်ချမ်းသာကို ရပေလတ္တံ့ဟု သိတော်မူပြီးလျှင် သက်နး ကို ရုံတော်မူ၍ သပိတ်ကိုယူလျက် ကောင်းကင်ခရီးသို့ ပျံတက်သဖြင့် ပရိသတ် အကြားဖြင့် ကြွလာတော်မူပြီးလျှင် ဘတ္တဘတိကရှေ၌ ရပ်လျက်သာလျှင် ဖြစ် သော ကိုယ်တော်ကို ပြတော်မူလေ၏ ထိုဘတ္တဘတိကသည် ရှင်ပစ္စေကဗုဒ္ဓါကို မြင်ရလျှင် ငါကား ရှေး၌မလှူဘူးသည်၏ အဖြစ်ကြောင့် တခုသော ထမင်းခွက် အကျိုးငှါ သုံးနှစ်တို့ပတ်လုံး သူတပါးအိမ်၌ အခစားအမှုပြုလုပ်ရ၏ ယခုအခါ ငါ့အား ဤထမင်းသည် တည၌နှင့် တနေ့မျှသာ စောင့်ရှောက်ရာ၏ ထိုထမင်းကို အရှင်မြတ်အား အကယ်၍ လှူငြားအံ့ မျှားစွာကုန်သော ကမ္ဘာကုဋေ အထောင် တို့ပတ်လုံး စောင့်ရှောက်လတ္တံ့ ထို့ကြောင့် ဤအရှင်မြတ်အား သာလျှင် ထိုထမင်းခွက်ကို လှူတော့အံ့ဟု ကြံမိလေ၏ ထိုဘတ္တဘတိကသည် သုံးနှစ်တို့ ပတ်လုံး အခစားအမှု ပြုလုပ်သဖြင့် ရအပ်သော ထမင်းခွက်မှ တဆုပ်သော ထမင်းကိုမျှလည်း ခံတွင်း၌ မထည့်မသွင်းမူ၍ စားလိုသောတပ်ခြင်းကို ပယ် ဖျောက်ပြီးလျှင် ကိုယ်တိုင်သာလျှင် ထမင်းခွက်ကိုချီလျက် ရှင်ပစ္စေကဗုဒ္ဓါ၏

အထံတော်သို့ သွားသဖြင့် ထမင်းခွက်ကို တပါးသူ၏လက်၌ပေး၍ ငါးပါးသောတည်ခြင်းဖြင့် ရှိခိုးပြီးလျှင် ထမင်းခွက်ကို လက်ဝဲလက်ဖြင့်ကိုင်လျက် လက်ျာလက်ဖြင့် ရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ ဆွမ်းကို လောင်းထည့်လေ၏ ရှင်ပစ္စေကဗုဒ္ဓါသည် ဆွမ်းထက်ဝက် ကြွင်းကျန်သောကာလ သပိတ်ကို လက်တော်ဖြင့် ပိတ်ဆီးလေ၏ ထိုအခါ ရှင်ပစ္စေကဗုဒ္ဓါကို အရှင်မြတ်ဘုရား တခုသာလျှင်ဖြစ်သော တယောက်စာအဘို့ကို နှစ်ဘို့ နှစ်ဖြာ ပြုခြင်းငှါ မတတ်ကောင်းပါဘုရား တပည့်တော်ကို ကျေပစ်ပြုန်ဘဝ၌ ချီးမြှောက်တော်မမူပါလင့် တမလွန်ဘဝ၌ ချီးမြှောက်ခြင်းကိုသာလျှင် ပြုတော်မူကြပါဘုရား အကြင်းမပြုဘဲ အကြင်းမဲ့ကိုသာလျှင် လှူပါမည်ဘုရားဟု ဧလျာက်ကြားလေ၏။

[မိမိအလိုငှါ အနည်းငယ်မျှကိုလည်း အကြင်း မထားမူ၍ လှူသော အကြင်းမဲ့ အလှူမည်သည် အကျိုးကြီးလှ၏]။

လှူဒါန်းပြီးဆုတောင်း၍ သာဓုခေါ်ကြခြင်း

ထိုဘတ္တာဘတိကသည် ထိုအခြင်းအရာဖြင့်ပြုလျက် အလုံးစုံကို လှူဒါန်းပြီးလျှင်တဖန်ရှိခိုး၍ အရှင်မြတ်ဘုရား တခုသောထမင်းခွက်ကိုမှီ၍ သုံးနှစ်တိုပတ်လုံး တပည့်တော်သည် သူတပါးအိမ်၌ အခစားအမှု ပြုလုပ်ရသဖြင့် ဆင်းရဲကိုခံစားရပါပြီ ယခုအခါ ဖြစ်လေရာ ဖြစ်လေရာဘဝ၌ ချမ်းသာခြင်းသည်သာလျှင် ဖြစ်ပါစေသတည်း အရှင်မြတ်ဘုရားတို့ သိတော်မူအပ်သော တရား၏သာလျှင် အာဘို့ရှိသည် ၁ဖြစ်ရပါလို၏ဘုရားဟု ဆုတောင်းပတ္ထနာ လျှောက်ကြားလေ၏ရှင်ပစ္စေကဗုဒ္ဓါသည် ကျေသို့ဆုတောင်းသည့်အတိုင်း ပြည့်စုံစေသတည်းဟု မိန့်တော်မူပြီးလျှင် သင်ဘတ္တာဘတိကအား အကြံအစည်တို့သည် အလုံးစုံသော အလိုကို ပေးစွမ်းနိုင်သော စိန္တာမဏိ ပတ္တမြားကျောက်ကဲ့သို့ဌင်း လပြည့်ဝန်းကဲ့သို့ဌင်း ပြည့်စုံစေကုန်သတည်းဟု အနုမောဒနာ ပြုတော်မူလိုရကား—

၂ ဣဋ္ဌံ ကတံ ပတ္ထိတံ တုယ္ဟံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒေါ ပန္နရသော ယထာ။

---

၁ အရှင်မြတ်ဘုရားတို့ သိသောဒိဗ္ဗာန်ကို တပည့်တော် မျက်မှောက် ပြုရပါလို၏ ဟူလို။

၂ သုတ်မဟာဒါအဋ္ဌကထာ မဟာနိဒါနသုတ်၊ သံယုတ်အဋ္ဌကထာ စသည်တို့၌ လာသော ဂါထာတို့တည်း။

ဣစ္ဆိတံ ပတ္ထိတံ တုယ္ဟံ၊ ခိပ္ပမေဝ . သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ။

ဣစ္ဆိတံ၊ အလိုရှိအပ်သော။ ပတ္ထိတံ၊ တောင့်တအပ်သော ဆုမြတ်အပေါင်း သည်။ တုယ္ဟံ၊ သင့်အား။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံစေ သတည်း။ စန္ဒောပန္နရသော ယထာ၊ တဆဲ့ငါးရက် တက်ထွန်းသော လပြည့်ဝန်း ကဲ့သို့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သင်္ကပ္ပါ၊ အကြံကောင်းတို့သည်။ ပူရေန္တု၊ ပြည့်စုံစေကုန်သတည်း။

ဣစ္ဆိတံ၊ အလိုရှိအပ်သော။ ပတ္ထိတံ၊ တောင့်တအပ်သော ဆုမြတ်အပေါင်း သည်။ တုယ္ဟံ၊ သင့်အား။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံစေ သတည်း။ မဏိဇောတိရသောယထာ၊ ခပ်သိမ်းသော အလိုကို ပြီးစေနိုင်သော မဏိဇောတိရသ အမည်ရှိသော ပတ္တမြားကျောက်ကဲ့သို့။ သဗ္ဗေ၊ အလုံးစုံကုန် သော။ သင်္ကပ္ပါ၊ အကြံကောင်းတို့သည်။ ပူရေန္တု၊ ပြည့်စုံစေကုန်သတည်း။

ဤသို့မိန့်ဆို ဆုပေးတော်မူပြီးလျှင် ဤလူအပေါင်းသည် ဂန္ဓမာဒနတောင်သို့ ကြွရောက်သည် တိုင့်အောင် ငါ့ကိုမြင်လျက် တည်ရစ်စေသတည်းဟု မိဋ္ဌာန်တော် မူ၍ ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူလေ၏ လူမျှား အပေါင်းသည်လည်း ထိုရှင်ပစ္စေကဗုဒ္ဓါကို ဖူးမြင်လျက်သာလျှင် တည်ရစ်လေ၏ ထိုရှင်ပစ္စေကဗုဒ္ဓါသည် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူ၍ ထိုဆွမ်းကို ငါးရာ သော ပစ္စေကဗုဒ္ဓါတို့အား ဝေဘန်၍ပေးလှူလေ၏ အလုံးစုံသော အရှင်ပစ္စေက ဗုဒ္ဓါတို့သည် မိမိအား မျှတလောက်ရုံ ခံယူကြကုန်၏။

[အနည်းငယ်သောဆွမ်းသည် အဘယ်သို့လျှင် လောက်နိုင်အုံနည်းဟု မကြံစည်အပ်။ ထိုစကားမှန်၏ မကြံစည်အပ်သော အကြောင်းတရားလေး ပါးတို့ကို ဟောတော်မူအပ်ပြီ ထိုအားလုံး မျှတခြင်း၌ ဤအရာကား ရှင်ပစ္စေကဗုဒ္ဓါတို့၏ အရာသာတည်း]။

မျှားစွာသော လူအပေါင်းသည် အရှင်ပစ္စေကဗုဒ္ဓါတို့၏ဆွမ်းကို ဝေဘန်၍ လှူသည်ကို မြင်ရလျှင် ကောင်းချီးအထောင်တို့ကို ဖြစ်စေလေ၏။ မိုဃ်းကြိုးကျ သဖြင့် ဖြစ်သော အသံကဲ့သို့ ဖြစ်လေ၏။

ဂန္ဓသူဌေး ဝမ်းမြောက်၍ စည်းစိမ်ထက်ဝက်ပေးခြင်း

ထိုကောင်းချီးပေးသောအသံကို ကြားရလျှင် ဂန္ဓသူဌေးသည် ဘတ္တာဘတိက ကား ငါပေးသောစည်းစိမ်ကို ဆောင်ခြင်းငှါ မတတ်နိုင်ရှာလေ။ ထို့ကြောင့် ဤလူများအပေါင်းသည် ပြက်ရယ်မှုကိုပြုလျက် စည်းဝေးကာ အော်ဟစ်ကြ ယောင်တကားဟု ကြံစည်မိလေ၏။ ထိုဂန္ဓသူဌေးသည် အကြောင်းကို သိခြင်းငှါ လူတို့ကို စေလွှတ်လေ၏။ ထိုစေလွှတ်သောလူတို့ လာလတ်၍ အရှင်သူဌေး မင်း စည်းစိမ်ချမ်းသာကို ဆောင်ကုန်သောသူတို့မည်သည်ကား ဤသို့သဘော ရှိကြသည်သာလျှင် ဖြစ်ကြပါစေသတည်းဟုဆို၍ ထိုအကြောင်းကို ပြောကြား ကြလေကုန်၏။ ဂန္ဓသူဌေးသည် ထိုအကြောင်းကို ကြားရလျှင် ကြားရခြင်း ငါးပါးအပြားရှိသော နှစ်သက်ခြင်း ပီတိဖြင့် နှံ့ထိသော ကိုယ်ရှိသည်ဖြစ်၍ အံ့ဘွယ်ရှိပေစ့ ထိုဘတ္တာဘတိကသည် ပြုနိုင်ခဲသောအမှုကို ပြုပေ၏။ ငါကား ဤမျှလောက်သော ကာလပတ်လုံး ဤသို့သဘောရှိသော စည်းစိမ် ချမ်းသာ ပြည့်စုံခြင်းဌာနသည်လျက် တစုံတခုကို ပေးလှူခြင်းငါ မတတ်နိုင်ဟု ထိုဘတ္တာဘတိက ကို ခေါ်စေသဖြင့် သင်သည် ဤမည်သောအမှုကို ပြု၏ဟု ငါကြားရသည် မှန်သလောဟုမေးလျှင် အရှင်သူဌေးကြီး မှန်လှပါ၏ဟု ဆိုသည်ရှိသော် ယခု အသပြာတထောင်ယူ၍ သင့်အလှူအဘို့၌ ငါ့အားလည်း အဘို့အမျှပေးဝေဦး လော့ဟု ဆိုလေ၏။ ဘတ္တာဘတိကလည်း သူဌေးဆိုတိုင်းပြုလေ၏။ သူဌေးသည် လည်း ဘတ္တာဘတိကအား အလုံးစုံသော မိမိဥစ္စာကို အလယ်၌ ထက်ဝက်ခွဲ၍ပေး လေ၏။

သမ္ဗဒါလေးပါးနှင့် သူဌေးကြီးဖြစ်ခြင်း

[ပြည့်စုံခြင်းမည်သည်ကား လေးပါး အပြားရှိကုန်၏—

၁ ဝတ္ထု၏ ပြည့်စုံခြင်း။

၂ ပစ္စည်း၏ ပြည့်စုံခြင်း။

၃ စေတနာ၏ ပြည့်စုံခြင်း။

၄ ဂုဏ်လွန်ကဲခြင်း၏ ပြည့်စုံခြင်း။

ဤလေးပါးတို့တည်း။ ထိုလေးပါးတို့တွင် နိရောဓသမာပတ်မှ ထကာမျှ ဖြစ်သော ရဟန္တာသည်ရင်း အနာဂါမ်ပုဂ္ဂိုလ်သည်ရင်း ဝတ္ထု၏ပြည့်စုံခြင်း

မည်၏ ပစ္စည်းတို့၏ တရားနှင့်အညီ ဖြစ်ပေါ်ခြင်းသည် ပစ္စည်း၏ပြည့်စုံခြင်း မည်၏။ လူသည်မှ ရှေးဦးဌင်း လူဆဲကာလဦးဌင်း လူပြီးသည်မှနောက်အဘို့ ဦးဌင်း ဤသို့ သုံးပါးသောကာလတို့ဦး စေတနာ၏ ဝမ်းမြောက်ဝမ်းသာ ညာဏ်နှင့်ယှဉ်သော သောမနဿ သဟဂုတ် ညာဏသမ္ပယုတ်အဖြစ်သည် စေတနာ၏ ပြည့်စုံခြင်းမည်၏။ အလူခံပုဂ္ဂိုလ် သမာပတ်မှ ထခသောအဖြစ်သည် ဂုဏ်လွန်ကဲခြင်း၏ပြည့်စုံခြင်းမည်၏]။

ဤဘတ္တဘတိကအားလည်း အာသဝေါကုန်ပြီးသော ရှင်ပစ္စေကဗုဒ္ဓါသည် မြတ်သော အလူခံပုဂ္ဂိုလ်ဖြစ်၏။အခစားအမူပြုလုပ်၍ ရအပ်သောပစ္စည်းအဖြစ်ဖြင့် ပစ္စည်းသည် တရားသဖြင့်ဖြစ်၏။ သုံးပါးသောကာလတို့ဦး စေတနာ၏ဖြစ်ခြင်းသည် စေတနာ၏ပြည့်စုံခြင်းဖြစ်၏။ သမာပတ်မှ ထကာမျှဖြစ်သော အရှင်ပစ္စေကဗုဒ္ဓါသည် ဂုဏ်လွန်ကဲ၏။ ဤသို့ လေးပါးကုန်သော ပြည့်စုံခြင်းတို့သည်လည်း ပြည့်ပြည့်စုံစုံ ဖြစ်လေ၏။ ထိုပြည့်စုံခြင်းတို့၏ အာနုဘော်အားဖြင့် မျက်မှောက်ဖြစ်သော ကိုယ်အဖြစ်ဦး ကြီးစွာသောစည်းစိမ်ချမ်းသာသို့ ရောက်လေ၏။ ထို့ကြောင့် ထိုဘတ္တဘတိကသည် ဂန္ဓသူဌေးအထံမှ စည်းစိမ်ချမ်းသာကို ရပေ၏။

နောက်အဘို့ဦးကား ပြည့်ရှင်မင်းကြီးသည် ဘတ္တဘတိကပြုအပ်သောအမှုကို ကြားသိတော်မူရလျှင် ဘတ္တဘတိကကို ခေါ်စေသဖြင့် အသပြာတထောင်ပေး၍ အလူအဘို့ကိုယူလျက် နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ ကြီးစွာသော စည်းစိမ်ချမ်းသာကို ချီးမြှင့်မစဖြီးလျှင် သူဌေးအရာကိုပေးလေ၏။ ဘတ္တဘတိကသူဌေးကြီးဟူ၍ ထိုသူအား အမည်ကို မှည့်ကြလေကုန်၏။

ယခုဘုရားလက်ထက် သုခသတို့သား ဖြစ်လာခြင်း

ထိုဘတ္တဘတိက သူဌေးသည် ဂန္ဓသူဌေးနှင့်အတူတကွ အဆွေခင်ပွန်းဖြစ်၍ အတူတကွသာလျှင်စားလျက် သောက်လျက် အသက်အတိုင်းတည်၍ ထိုကိုယ်၏ အဖြစ်မှ စုတေမနေ သေလွန်သည်ရှိသော် နတ်ပြည်၌ဖြစ်သဖြင့် နှစ်ဆူသော ဘုရားရှင်တို့၏ တခုသောအကြား ကာလပတ်လုံး နတ်စည်းစိမ်ချမ်းသာကို အစဉ်ခံစားပြီးလျှင် ဤဂေါတမမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသောအခါ ကာလ၌ သာဝတ္ထိပြည်ဝယ် ရှင်သာရိပုတြာမထေရ်၏ အလုပ်အကျွေး ဒါယကာ

အိမ်၌ ပဋိသန္ဓေ တည်နေစဲယူလေ၏။ ထိုအခါ ဘတ္တာဘတိကသူဌေးဖြစ်ဘူးသော သတ္တိသား၏မိခင်သည် ရအပ်သော ကိုယ်ဝန်အစောင့်အရှောက် ရှိသည်ဖြစ်၍ နှစ်ရက်သုံးရက်လွန်သောအခါ ငါသည် ငါးရာသော ရဟန်းတို့နှင့်တကွ ရှင်သာရိပုတြာမထေရ်အား အရာမက များသောအရသာရှိသော ဘောဇဉ်ကိုလှူ၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ဆင်လျက် ရွှေခွက်ကိုယူပြီးလျှင် နေရာအစွန်၌ ထိုင်နေသဖြင့် ထိုရဟန်းတို့၏ စားကြွင်းကို စားခမူကား ကောင်းလေစွဟု ချင်ခြင်းဖြစ်သောကြောင့် ထိုအတိုင်းသာလျှင် ပြုသဖြင့် ချင်ခြင်းကိုပယ်ဖျောက်လေ၏။ ထိုမိခင်သည် ကြင်းသောမင်္ဂလာတို့၌လည်း ထိုသို့သဘောရှိသည်သာလျှင်ဖြစ်သော အလှူကိုပေးလှူ၍ သားကိုဖွားမြင်ပြီးလျှင် အမည်မှည့်အံ့သောနေ့၌ အရှင်ဘုရား တပည့်တော်မ၏သားအား သိက္ခာပုဒ်တို့ကို ပေးသနားတော်မူကြပါဘုရားဟု မထေရ်ကို လျှောက်လေ၏။ မထေရ်သည် ထိုသတ္တိသား၏အမည်ကား အဘယ်နည်းဟု မေးလေ၏။ အရှင်ဘုရား တပည့်တော်မ၏သား ပဋိသန္ဓေတည်နေ စဲယူသည်မှစ၍ ဤအိမ်၌ တစုံတယောက်သော သူအား ဆင်းရဲခြင်းမည်သည် မဖြစ်စဘူးပါဘုရား ထို့ကြောင့်သာလျှင် ထိုသတ္တိသားအား သုခကုမာရဟူသော အမည်သည် ဖြစ်လတ္တံ့ဘုရားဟု လျှောက်သည်ရှိသော် ထိုသတ္တိသားအား ထိုသုခကုမာရ ဟူသောအမည်ကိုသာယူ၍ သိက္ခာပုဒ်တို့ကို ပေးလေ၏။ ထိုအခါ သတ္တိသား၏မိခင်သည် ငါသည် ငါ့သား၏အလိုကိုမဖျက် အံ့ဟု စိတ်ကိုဖြစ်စေလေ၏။ထိုမိခင်သည် သတ္တိသား၏ နားထင်းမင်္ဂလာ စသည် တို့၌လည်း ထိုအတူ အလှူကို ပေးလှူလေ၏။

ဘတ္တာဘတိက တဖြစ်လဲ မောင်သုခ ရှင်ပြုခြင်း

သတ္တိသားသည်လည်း ခုနစ်နှစ်မြောက် အရွယ်ရောက်သောကာလ မိခင်ကျွန်တော်သည် ရှင်သာရိပုတြာမထေရ်၏အထံတော်၌ ရှင်သာမဏေပြုခြင်းငှါ အလိုရှိပါသည်ဟု ပြောဆိုလေ၏။ မိခင်သည် ချစ်သား ကောင်းပြီ ငါသည် သင့်အလိုကို မဖျက်ဆီးအံ့ဟုဆို၍ ရှင်သာရိပုတြာမထေရ်ကို ပင့်ဘိတ်သဖြင့် ဆွမ်းကျွေးပြီးလျှင် အရှင်ဘုရား တပည့်တော်မ၏သားသည် ရှင်သာမဏေပြုခြင်းငှါ အလိုရှိပါသည် တပည့်တော်မသည် ဤသတ္တိသားကို ညချမ်းသောအခါ! ကျောင်းတော်သို့ ဆောင်ပို့ပါမည်ဘုရားဟု ရှင်သာရိပုတြာမထေရ်ကို လှတ်လိုက်

၍ အဆွေအမျိုးတို့ကို စည်းဝေးစေပြီးလျှင် ငါ့သားအား လူဖြစ်သောကာလ ပြုအပ်သောကိစ္စကို ယနေ့ပင်လျှင် ပြုပေတော့အံ့ဟုဆို၍ သားကို တန်ဆာဆင်လျက် ကြီးစွာသော အသရေတင့်တယ်ခြင်းအစုဖြင့် ကျောင်းတော်သို့ ဆောင်ပို၍ ရှင်သာရိပုတြာမထေရ်အား အပ်နှင်းလေ၏။ ရှင်သာရိပုတြာမထေရ်သည်လည်း ထိုသတို့သားကို ချစ်သား ရှင်သာမဏေအဖြစ်မည်သည်ကား ပြုနိုင်ခဲ၏။ အလွန်မွေ့လျော်ခြင်းငှါ တတ်နိုင်ကောင်းအံ့လောဟု မိန့်တော်မူသောကြောင့် အရှင်ဘုရား အရှင်ဘုရားတို့၏ အဆုံးအမကို လိုက်နာပြုပါမည်ဘုရားဟု ဆိုသည်ရှိသော် ကမ္မဋ္ဌာန်းကိုဆပ်၍ ရှင်သာမဏေပြုပေးလေ၏။မိခင်ဘခင်တို့သည်လည်း ထိုသတို့သား၏ ရှင်သာမဏေ ပြုခြင်းအားဖြင့် ပူဇော်သက္ကာရအမှု ပြုလိုသည်ဖြစ်၍ ကျောင်းတွင်း၌သာလျှင် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းအား အရာမကမျှားသော အရသာရှိသော ဘောဇဉ်ကို လှူဒါန်း၍ ညချမ်းသောအခါ မိမိအိမ်သို့ ပြန်သွားကြလေကုန်၏။ ရှစ်ရက်မြောက်သောနေ့၌ ရှင်သာရိပုတြာမထေရ်သည် ရဟန်း သံဃာအပေါင်း ရှာသို့ ကြွဝင်သည်ရှိသော် ကျောင်း၌ပြုအပ်သောကိစ္စကိုပြု၍ သာမဏေကို သပိတ်သင်္ကန်းကို ယူစေလျက် ရှာသို့ဆွမ်းအလို့ငှါ ဝင်တော်မူလေ၏။သာမဏေသည် လမ်းခရီး အကြား၌ ရေမြောင်း စသည်တို့ကိုမြင်ရ၍ ပဏ္ဍိတသာမဏေကဲ့သို့ မေးလေ၏ ရှင်သံဝရိပုတြာ မထေရ်သည်လည်း ထိုသုခသာမဏေအား ပဏ္ဍိတသာမဏေ အတူသာလျှင် ဖြေကြားတော်မူလေ၏။

ကိုရင်သုခ အောက်ဖိုလ်သုံးပါး ရခြင်း

သုခ သာမဏေသည် ထိုအကြောင်းတို့ကို ကြားရလျှင် အရှင်ဘုရားတို့သည် မိမိ၏ သပိတ်သင်္ကန်းကို အကယ်၍ ယူကြပါကုန်သည်ဖြစ်အံ့ တပည့်တော် ပြန်လည်ချင်ပါသည့် ဘုရားဟု ဆိုသောကြောင့် ရှင်သာရိပုတြာမထေရ်သည် ထိုသုခသာမဏေ၏ အလိုကို မဖျက်မူ၍ သာမဏေ ငါ၏ သပိတ်သင်္ကန်းကို ပေးလော့ဟု ဆို၍ သပိတ်သင်္ကန်းကို ယူအပ်သည်ရှိသော် ရှင်သာရိပုတြာမထေရ်ကို ရှိခိုး၍ ပြန်စဉ် အရှင်ဘုရား တပည့်တော်အလို့ငှါ အာဟာရကို ဆောင်ယူလာခဲ့သည်ရှိသော် အရာမက များသော အရသာရှိသော ဘောဇဉ်ကို ဆောင်ယူတော်မူခဲ့ကြပါဘုရားဟု လျှောက်လေ၏၊ အဘယ်အရပ်မှ ထိုဘောဇဉ်ကို ရနိုင်ပါအံ့

ဆောင်ယူလာ၏။ ထိုအခါ ရှင်သာရိပုတြာကို ၁အောက်၌ ဆိုအပ်ခဲ့ပြီးသောနည်း အားဖြင့်သာလျှင် ပြဿနာလေးပါးကို မေးတော်မူ၏။ ပြဿနာဖြေဆိုခြင်း၏ အဆုံး၌ သာမဏေသည် အရဟာတ္တဖိုလ်သို့ ရောက်တော်မူလေ၏။

နေလွဲမှ ဆွမ်းစားသည်ဟု ကဲ့ရဲ့ကြခြင်း

မြတ်စွာဘုရားသည် အရှင်သာရိပုတြာမထေရ်ကိုခေါ်တော်မူ၍ သာရိပုတြာ သွားချေလော့ သင်သည် သာမဏေအား ဆွမ်းကိုပေးချေလော့ဟု မိန့်တော်မူလေ၏။ မထေရ်သည် ကြွလာတော်မူ၍ တံခါးကိုခေါက်လေ၏။ သာမဏေသည် လည်း ထွက်၍ ဆရာဥပဇ္ဈာယ်အား ဝတ်ကြီးဝတ်ငယ်ကိုပြုသဖြင့် ဆွမ်းစားခြင်း ကိစ္စကို ပြုချေလော့ဟု ဆိုအပ်သည်ရှိသော် ရှင်သာရိပုတြာမထေရ်မြတ်အား ဆွမ်းဖြင့် အလိုမရှိသောအဖြစ်ကိုသိရ၍ ခုနစ်နှစ်အရွယ်ရှိသော သတို့သား သည် ထိုခဏ၌ပင်လျှင် အရဟာတ္တဖိုလ်သို့ရောက်လျက် ငြိမ်းအေးရာ နိဗ္ဗာန်အရပ်ကို ဆင်ခြင်သုံးသပ်တော်မူလျက် ဆွမ်းစားခြင်းကိစ္စကို ပြုတော်မူပြီးလျှင် သပိတ်ကို ဆေးကြောလေ၏။ ထိုကာလ၌ နတ်မင်းကြီး လေးယောက်တို့သည် အစောင့် အရှောက်ကို လွှတ်ကြလေကုန်၏။ လနတ်သား နေနတ်သားတို့သည်လည်း ဗိမာန်တို့ကို လွှတ်ကြလေကုန်၏။ သိကြားမင်းသည်လည်း တံခါးသံကောက်ကြိုး ဆဲငင်ရာ၌ အစောင့်အရှောက်ကိုလွှတ်လေ၏။ နေသည် ကောင်းကင်အလယ်ကို လွန်သည်ဖြစ်၍သာလျှင် ထင်ရှားလေ၏။ ရဟန်းတို့သည် ညချမ်းအခါထင်၏။ သာမဏေသည်လည်း ယခုပင်လျှင် ဆွမ်းစားခြင်းကိစ္စကိုပြုဘိ၏။ အသို့နည်း ယနေ့နံနက်အခါသည် အားကြီးစွာ (အချိန်များစွာ)ဖြစ်၏။ ညချမ်းအခါသည် အချိန်နည်း၏ဟု ဆိုကြလေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ချစ်သားရဟန်းတို့ ယခု ငါလာတော်မူဆဲသောအခါ၌ အဘယ်မည်သောစကား ဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူသောကြောင့် ဤမည်သောစကား ဖြင့် စည်းဝေးကြပါသည်ဘုရားဟု နားတော်လျှောက်ပြီးသော် ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား ယနေ့နံနက်အခါအားကြီးစွာဖြစ်ပါ၏။ ညချမ်းအခါ နည်းပါ၏။ သာမဏေသည်လည်း ယခုပင် ဆွမ်းစားခြင်းကိစ္စကိုပြုဘိ၏။ စင်စစ် သော်ကား နေသည် မှန်းတည့်ခြင်းကို လွန်လျက်သာလျှင် ထင်ရှားပါသည်ဘုရား

---

၁ ၆-ပဏ္ဏိတဝဂ်။ ၅-ပဏ္ဏိတသာမဏေဝတ္ထု၌ ဆိုခဲ့ပြီးသောနည်းအားဟု ဟူလို။

ဟု နားတော်လျှောက်လတ်သည်ရှိသော် ချစ်သားရဟန်းတို့ ဘုန်းရှိသောသူတို့၏ ရဟန်းတရားကို အားထုတ်သောကာလ၌ ဤ သင်တို့လျှောက်ကြားခြင်းသည် လျှောက်ကြားတိုင်း ဟုတ်မှန်ပေ၏။ ယနေ့ နတ်မင်းကြီး လေးယောက်တို့သည် ထက်ဝန်းကျင်မှ အစောင့်အရှောက်ကို ယူကြလေကုန်၏။ လနတ်သား နေနတ်သားတို့သည် ဗိမာန်တို့ကိုဆဲ့ငင်လျက် ရပ်တည်နေကြလေကုန်၏။ သိကြားမင်းသည် တံခါး သံကောက်ကြိုး ဆဲ့ငင်ရာ၌ အစောင့်အရှောက်ကို ယူလေ၏။ ဒါဘုရားသည်လည်း တံခါးမုခ်ဦး၌ အစောင့်အရှောက်ကို ယူတော်မူရလေ၏။ ယနေ့ သုခသာမဏေသည် ရေမြောင်း၌ ရေကိုဆောင်ယူကုန်သော သူတို့ကိုဌင်း မြွားကိုဖြောင့်စွာပြုကုန်သော မြွားသမားတို့ကိုဌင်း လှည်းဘီး အစရှိသည်တို့ကို ပြုကုန်သော တစည်းရွေသမား တို့ကိုဌင်း မြင်ရသဖြင့် မိမိကိုယ်ကို ဆုံးမ၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏ဟုမိန့်တော်မူ၍ ဤဂါထာကိုဟောတော်မူလေ၏။

ဒေသနာတော်

၁၄၅ ဥဒကဉ္စိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ ဒမယန္တိ တေဇနံ။
ဒါရုံ ဒမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ သုဗ္ဗတာ။

နေတ္တိကာ၊ ရေကို ဆောင်ယူတတ်ကုန်သော သူတို့သည်။ ဥဒကံ၊ ရေကို။ နယန္တိ၊ မိမိလိုရာသို့ ဆောင်ကြကုန်၏။ ဥသုကာရာ၊ လေးသမားတို့သည်။ တေဇနံ၊ မြွားကို။ ဒမယန္တိ၊ဖြောင့်အောင် ပြုလုပ်ကြကုန်၏။ တစ္ဆကာ၊တစည်းသမားတို့သည်။ ဒါရုံ၊ သစ်တုံးကို။ ဒမယန္တိ၊ မိမိတို့အလိုရှိတိုင်း အဖြောင့်အကောက် ပြုလုပ်ကြကုန်၏။သုဗ္ဗတာ၊ဆိုလွယ်သော စကားရှိသောသူတို့သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဒမယန္တိ၊ မင်္ဂိုလ်ရအောင် ဆုံးမကြကုန်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

သုခသာမဏေဝတ္ထုပြီး၏။

ဤတွင်ရွှေကား ဆယ်ခုမြောက်သော ဒဏ္ဍာဝဂ်အဖွင့်ပြီး၏။

၁၁—ဇရာဝဂ်

၁—ဝိသာခါ၏ အဖေါ်မိန်းမတို့ဝတ္ထု

ကောနုဟာသော ကိမာနန္ဒော- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဝိသာခါ၏ အဆွေခင်ပွန်းမ ဖြစ်ကုန်သော မိန်းမတို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

အရက်ခိုးသောက်လေ့ရှိသော မိန်းမများ

သာဝတ္ထိပြည်၌ ငါးရာသော အမျိုးကောင်းသားတို့သည် ဤသို့ပြုသည်ရှိသော် ဤမိန်းမတို့သည် မမေ့မလျော့နေခြင်းရှိသည် ဖြစ်ကြကုန်လတ္တံ့ဟု နှလုံးပြု၍ မိမိ မိမိ၏မယားတို့ကို ဝိသာခါအမည်ရှိသော ဒါယိကာမကြီးအား လက်ခံသိမ်းပိုက်စေကြလေကုန်၏ အပ်နှင်းကြ၏ ထိုငါးရာသော မိန်းမတို့သည် ဥယျာဉ်သို့ ၎င်း ကျောင်းသို့၎င်း သွားကြကုန်သည်ရှိသော် ဝိသာခါနှင့် အတူတကွသာလျှင် သွားကြကုန်၏ ထိုငါးရာသော မိန်းမတို့သည် တပါးသောအခါ ခုနစ်ရက်ပတ်လုံး သေသောက်ပဲ့သဘင် ဖြစ်လတ္တံ့ဟု သဘင်အရေး ကြွေးကြော်အပ်သည်ရှိသော် မိမိ၏လင်ယောကျ်ားတို့အလို့ငှါ သေအရက်ကို စီရင်ကြလေကုန်၏ ထိုယောကျ်ားတို့သည် ခုနစ်ရက်ပတ်လုံး သေသောက်သဘင်ကို ကစားကြ၍ ရှစ်ရက်မြောက်သောနေ့၌ သဘင်အမှု ပြီးဆုံးခြင်းကြောင့် ကြင်ရာသက်ထား ချစ်မယားနှင့် ထွက်ခွါကာ ပြန်လာကြလေကုန်၏။

ထိုမိန်းမတို့သည်လည်း ငါတို့သည် လင်ယောကျ်ားတို့၏ မျက်မှောက်၌ သေသောက်ခြင်းငှါ မရကြကုန် ကြွင်းကျန်သော သေတို့သည်လည်း ရှိကုန်သေး၏ ဤသေကို ထိုလင်ယောကျ်ားတို့မသိအောင် သောက်ကြကုန်အံ့ဟု ကြံ၍ ဝိသာခါ၏ အထံသို့သွားပြီးလျှင် ရှင်မဝိသာခါ ဥယျာဉ်ကြည့်ရှုခြင်းငှါ အလိုရှိကြပါကုန်၏ဟု ဆိုလတ်သည်ရှိသော် အမိတို့ကောင်းပါပြီ ထိုသို့ဖြစ်မူ ပြုလုပ်ဘွယ်အမှုကိစ္စ ဟူသမျှတို့ကိုပြု၍ ထွက်ကြကုန်လော့ဟု ဆိုလေသောကြောင့် ဝိသာခါနှင့် အတူတကွ သွားကြ၍ ဖုံးလွှမ်းသော အခြင်းအရာဖြင့် သေကို ဆောင်ယူစေကြလျက် ဥယျာဉ်၌ သေကိုသောက်၍ မေ့လျော့ပြီးလျှင်

မူးမူးယစ်ယစ်ဖြစ်၍ သွားလာ လှည့်လည်ကြလေကုန်၏။ ဝိသာခါသည်လည်း ဤမိန်းမတို့သည် မသင့်လျော်သောအမှုကိုပြုအပ်၏။ ယခုအခါ ရဟန်းဂေါတမ၏ အလုပ်အကျေး တပည့်မဖြစ်သော ဝိသာခါသည် သေကိုသောက်လျက် လှည့်လည်၏ဟူ၍ တိတ္ထိတို့သည်လည်း ကဲ့ရဲ့ကြကုန်လတ္တံ့ဟုကြံပြီးလျှင် ထိုမိန်းမတို့ကို အမိတို့ အမိတို့သည် မသင့်လျော်သောအမှုကို ပြုဘိ၏။ ငါ့အားလည်း အကျော်အစောမဲ့ကို ဖြစ်စေအပ်၏။ လင်ယောကျ်ားတို့သည်လည်း သင်တို့ကို အမျက်ထွက်ကြကုန်လတ္တံ့။ ယခုအခါ အဘယ်သို့ပြုကြကုန်အံ့နည်းဟုဆိုလေ၏။ ရှင်မ ဝိသာခါ မကျန်းမာသော လူနာအသွင်အပြင်ကို ပြကြကုန်အံ့ (မမာချင်ယောင် ဆောင်ကုန်အံ့ ဟု ဆိုလတ်သော် ထိုသို့ဖြစ်မူ မိမိအမှုဖြင့် ထင်ရှားကြကုန်လတ္တံ့ဟု ဆိုလေ၏။ထိုမိန်းမတို့သည် အိမ်သို့ရောက်သွားကြလျှင် မကျန်းမာလေဟန်ပြုကြကုန်၏။ ထိုအခါ ထိုမိန်းမတို့၏ လင်ယောကျ်ားတို့သည် ဤမည်သောမိန်းမ ဤမည်သော မိန်းမတို့သည် အဘယ်မှာနည်းဟု မေးလတ်သော် မကျန်းမာကြကုန်ဟု ကြားရလျှင် မချတ်လျှင် ထိုမိန်းမတို့သည် ကြွင်းကုန်သော သေတို့ကို သောက်သည်ဖြစ်ကုန်လတ္တံ့ဟု မှတ်သား၍ ထိုမိန်းမတို့ကို ရိုက်နှက်ပုတ်ခတ်သဖြင့် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်စေကြလေကုန်၏။

ဘုရားရှေ အရက်မူး၍ နတ်ပူးသော မိန်းမများ

ထိုမိန်းမတို့သည် ထိုမှတပါးသော သေသောက်ပွဲကြိမ်သော အခါ၌လည်း ထို့အတူသာလျှင် သောက်လိုပြန်သောကြောင့် ဝိသာခါသို့ချဉ်းကပ်၍ ရှင်မဝိသာခါ အကျွန်ုပ်တို့ကို ဥယျာဉ်သို့ ဆောင်ပါဦးလော့ဟု ဆိုပြန်သဖြင့် ရှေး၌လည်း သင်တို့သည် ငါ၏ အကျော်အစောမဲ့ကို ဖြစ်စေအပ်ဘူးပြီ သွားကြလေကုန်။ သင်တို့ကို ငါမဆောင်တော့အံ့ဟု ဝိသာခါ ပယ်လိုက်အပ်ကုန်သည်ရှိသော် ယခုအခါ ဤသို့မပြုကြပါတော့အံ့ဟု နှစ်သိမ့်စေပြီးလျှင် တဖန် ဝိသာခါသို့ ချဉ်းကပ်လျက် ရှင်မ ဝိသာခါ ဘုရားအား ပူဇော်ခြင်းကို ပြုခြင်းငှါ အလိုရှိကြပါကုန်၏။ အကျွန်ုပ်တို့ကို ကျောင်းသို့ ဆောင်ပါလော့ဟု ဆိုကြလေကုန်၏။ အမိတို့ ယခုအခါ သင့်လျော်ပေ၏ သွားကြကုန်လော့ ပူဇော်အံ့သော အစီအရင်ကို ပြုကြကုန်လော့ဟုဆိုလျှင် ထိုမိန်းမတို့သည် ပန်းတောင်း၌ နံ့သာပန်း စသည်တို့ကို

---

၁ ပန်းဆွတ်ခူး သီကုံးကြကုန်လေဟု မူကွဲရှိသည်။

(ခ) ၁၄၃-၁၉

ယူစေ၍ သေဖြင့်ပြည့်သောလက်ဆုပ်ဗူးငယ်တို့ကို လက်တို့ဖြင့်ဆွဲလျက် ကြီးသော အပေါ်ရုံအဝတ်တို့ကိုခြုံပြီးလျှင် ဝိသာခါသို့ ချဉ်းကပ်၍ ဝိသာခါနှင့် အတူတကွ ကျောင်းတော်သို့ ဝင်သဖြင့် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်ကာ လက်ဆုပ်ဗူးငယ်တို့မှ သေကိုသောက်ကြပြီးလျှင် ထိုသေဗူးတို့ကို စွန့်ပစ်၍ တရား သဘင်ဝယ် မြတ်စွာဘုရား၏ ရှေ့တော်၌ နေကြလေကုန်၏။ ဝိသာခါသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤမိန်းမတို့အား တရားဟောကြား တော်မူကြပါဘုရားဟု လျှောက်လေ၏။ ထိုမိန်းမတို့သည်လည်း ယစ်မူးခြင်း အဟုန်ကြောင့် တုန်လှုပ်သော ကိုယ်ရှိကုန်လျက် ကခုန်ကြကုန်အံ့ သီဆိုကြကုန် အံ့ ဟူသောစိတ်ကို ဖြစ်စေကြလေကုန်၏။ ထိုအခါ မာရ်နတ်၏ အပင်းအသင်း ဖြစ်သော တယောက်သောနတ်သည် ဤမိန်းမတို့၏ ကိုယ်တို့၌ ပူးဝင်ပြီးလျှင် ရဟန်းဂေါတမ၏ရှေ့၌ ဖေါက်ပြန်သောအခြင်းအရာကို ပြဦးအံ့ဟုကြံ၍ ထိုမိန်းမ တို့၏ကိုယ်တို့၌ ပူးဝင်လေ၏။ ထိုမိန်းမတို့တွင် အချို့သော မိန်းမတို့သည် မြတ်စွာ ဘုရား၏ ရှေ့တော်၌ လက်ခုပ်တီး၍ ရယ်ရှင်ကြကုန်၏။အချို့သောမိန်းမတို့သည် ကခုန်ခြင်းငှါ အားထုတ်ကြလေကုန်၏။

ထိတ်လန့်စေပြီးမှ ဆုံးမခြင်း

မြတ်စွာဘုရားသည် ဤအမှုကား အဘယ်နည်းဟု ဆင်ခြင်တော်မူလတ်သည် ရှိသော် ထိုအကြောင်းကို သိတော်မူလျှင် ယခုအခါ မာရ်နတ်၏ အပင်းအသင်း ဖြစ်သော သူတို့အား အခွင့်ကိုရစေခြင်းငှါ မပေးအံ့။ ဤမျှလောက်သော ကာလ ပတ်လုံး ပါရမီတို့ကို ဖြည့်ဆည်းပူးသော ငါသည် မာရ်နတ်၏ အပင်းအသင်းဖြစ် သောသူတို့အား အခွင့်ကို ရစေခြင်းငှါ ဖြည့်ဆည်းပူးအပ်သည်မဟုတ်။ထို့ကြောင့် ထိုမိန်းမတို့ကို ထိတ်လန့်စေခြင်းငှါ မျက်မှောင်တော်မွေးအောက်မှ ညိုသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူလေ၏။ထိုခဏချင်း မှောင်ကြီးအတိ ဖြစ်လေ ၏။ထိုမိန်းမတို့သည် ထိတ်လန့်ကြကုန်၏။သေအံ့သောဘေးဖြင့်ကြောက်လန့်ကြ ကုန်၏။ထို့ကြောင့် ထိုမိန်းမတို့၏ဝမ်း၌ ရှိသောသေသည် ၁ကုန်ခန်း သွေ့ခြောက် ပျောက်ပျက်လေ၏။ မြတ်စွာဘုရားသည်ထိုင်နေတော်မူရာ ပလ္လင်တော်မှ ကွယ်

---

၁ အဋ္ဌကထာပါဋ္ဌ၌ ဇီယိ ဖြစ်သင့်သည်။ ဇေ–ခဃေ။ဇီယဘိ။ ကောရဿ ဤယာဒေသော သာသနာနု ရူးပန။ ခေတုမာလာ သဒ္ဒနီတိ။ (အတွေ့နည်း၏)။

ပျောက်လျက် မြင်းမိုရ်တောင်၌ ရပ်တော်မူ၍ ဥဏ္ဏာလုံ မွေးရှင်တော်မှ ဖြူသော ရောင်ခြည်တော်ကို လွှတ်တော်မူပြန်လေ၏။ ထိုခဏ၌သာလျှင် လမင်းတထောင် တက်လာဘိသကဲ့သို့ ဖြစ်လေ၏။ ထိုအခါ ထိုမိန်းမတို့ကိုခေါ်တော်မူ၍ ငါဘုရား၏အထံသို့ လာကြကုန်သော သင်တို့သည် မေ့မေ့လျော့လျော့ ဖြစ်ကုန်လျက် လာခြင်းငှါမသင့် သင်တို့၏မေ့လျော့ခြင်းကြောင့်သာလျှင် မာရ်နတ်၏ အပင်းအသင်းဖြစ်သော နတ်သည် အခွင့်ကိုရ၍ သင်တို့သည် ရယ်ရွှင်ခြင်း စသည်တို့ ပြုရာမဟုတ်သောအရပ်၌ ရယ်ခြင်း စသည်တို့ကို ပြုစေဘိ၏။ ယခုအခါ သင်တို့သည် ရာဂအစရှိသော မီးတို့ကို ငြိမ်းစိမ့်သောငှါ အားထုတ်သည်ကို ပြုသင့်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၄၆ ကောနု ဟာသော ကိမာနန္ဒေ၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန သြနဒ္ဓါ၊ ပဒီပံ နဂဝေသထ။

နိစ္စံ၊ အမြဲ။ ပဇ္ဇလိတေ၊ ရာဂအစရှိသော တဆဲ့တပါးသောမီးတို့ဖြင့် တောက်လောင်ခြင်းသည်။ဝါ၊တောက်လောင်သော လူအပေါင်းသည်။သတိ၊ဖြစ်လျက်။ ဟာသော၊ ရယ်ရွှင်နေခြင်းသည်။ ကောနု၊ အဘယ်သဘောနည်း။ အာနန္ဒေ၊ နှစ်သက်နေခြင်းသည်။ ကိံ၊ အဘယ်သဘောနည်း။(မပြုသင့်သောသဘောသာ မဟုတ်လော ဟူလို) အန္ဓကာရေန၊ အဝိဇ္ဇာမှောင်ကြီးသည်။ သြနဒ္ဓါ၊ မှေးရှက် အပ်ကုန်လျက်။ တုမှေ၊သင်တို့သည်။ ပဒီပံ၊ပညာဟူသော ဆီမီးကို။ကိံ၊အဘယ့်ကြောင့်။ နဂဝေသထ၊ မရှာကြ မပြုကြကုန်ဘိသနည်း။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ ငါးရာသောမိန်းမ သူတို့သည် သောတာပတ္တိဖိုလ်၌တည်ကြလေကုန်၏။

အရက် အတ္ထုပ္ပတ္တိ အမြက်

မြတ်စွာဘုရားသည် ထိုမိန်းမတို့၏မတုန်မလှုပ်သောအစလသဒ္ဓါ၌ တည့်သည်အဖြစ်ကို သိတော်မူလျှင် မြင်းမိုရ်တောင်ထိပ်မှ သက်ဆင်း၍ ဘုရားနေရာ၌

---

၁ ဥဏ္ဏာ+လောမ-ဥဏ္ဏာမည်ခသာ+အမွေး။ မျက်မှောင်တော် နှစ်ခုအကြား နုပျိုးလယ်၌ လက်ျာရစ်သည်လျက် အထက်သို့ ကောင်းကင်သာ အဖျားရှိသော နူးညံ့ဖြူစင်သော မွေးညှင်းဖြစ်သည်၊အရှည်အားဖြင့် တလံခွရှိ၏။

နေတော်မူလေ၏။ ထိုအခါ ဘုရားရှင်ကို ဝိသာခါသည် မြတ်စွာဘုရား ဤသေမည်သည်ကား ယုတ်ညံ့လှပါ၏။ ဤသို့သဘောရှိသည်မည်သော ဤမိန်းမတို့သည် ရှင်တော်မြတ်ဘုရားကဲ့သို့သော ဘုရားရှင်၏ ရှေတော်၌နေလျက် ဣရိယာပုထ်မျှကိုလည်း တည်တံ့စေခြင်းငှါ မတတ်နိုင်ကြကုန်သဖြင့် ထ၍ လက်ခုပ်တီးကာ ရယ်ရှင်ခြင်း သီဆိုခြင်း ကခုန်ခြင်း စသည်တို့ကို အားထုတ် ပြုလုပ်ကြပါသည် ဘုရားဟု လျှောက်ကြားလေ၏။ မြတ်စွာဘုရားသည် ဝိသာခါ ဒါယိကာမဟုတ်မှန်ပေ၏။ ဤသေမည်သည်ကား ယုတ်ညံ့သောသဘောရှိသည်သာတည်း။ ထိုသေကိုမှီ၍ မျှားစွာသော သတ္တဝါတို့သည် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ဘူးကြလေကုန်ပြီဟု မိန့်တော်မူသဖြင့် မြတ်စွာဘုရား ဤသေသည် အဘယ်ကာလ၌စ၍ ဖြစ်ပါသနည်းဘုရားဟု မေးလျှောက်သည်ရှိသော် ထိုသေဖြစ်ပုံကို အကျယ်အားဖြင့် ဟောတော်မူခြင်းငှါ လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၍ [၁]ကုမ္ဘဇာတ်ကို ဟောကြားတော်မူလေ၏။

ဝိသာခါ၏ အဖေါ်မိန်းမတို့ဝတ္ထုပြီး၏။

၂–သိရိမာဝတ္ထု

ပဿစိတ္တကတံ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် သိရိမာကို အကြောင်းပြု၍ ဟောတော်မူလေ၏။

လူဘွယ်ထက် အဆင်းလွန်ကဲသည်ဟုဆိုခြင်း

ထိုသိရိမာသည် ရာဇဂြိုဟ်ပြည်၌ အလွန်အဆင်းလှသော ပြည့်တန်ဆာမဖြစ်သတတ်။ ထိုသိရိမာသည် တခုသော ဝါတွင်းကာလ၌ သုမနသူဌေးကြီး၏ သား၏ မယားဖြစ်သော ပုဏ္ဏကသူဌေး၏ သမီးဖြစ်သော ဥတ္တရာအမည်ရှိသော ဒါယိကာမအား ပြစ်မှားမိသဖြင့် ထိုဒါယိကာမကို ကြည်လင်နှစ်သက် စေလိုသောကြောင့် ထိုဥတ္တရာအမည်ရှိသော ဒါယိကာမအိမ်၌ ရဟန်းသံဃာအပေါင်းနှင့်တကွ ပြုအပ်ပြီးသော ဆွမ်းဘဉ်းပေးခြင်းကိစ္စရှိသော ဘုရားရှင်ကို တောင်းပန်ကန်တော့ပြီး

---

၁ ဤကုမ္ဘဇာတ်သည် တိ သနိပါဒ် ဇာတ်ဝတ္ထုဖြစ်လေသည်။

သျှင် ထိုနှဲ့၌ မြတ်စွာဘုရား၏ ဆွမ်းအနုမောဒနာ တရား ဒေသနာတော်ကို ကြားနာရ၍။

အကောဓေန ဇိနေကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။

အကောဓေန၊ အမျက်မထွက်သည်ဖြစ်၍။ ကောဓံ၊ အမျက်ထွက်သောသူကို့။ ဇိနေ-ဇိနာတိ၊ အောင်မြင်၏။ အသာဓုံ၊ မကောင်းသောသူကို့။ သာဓုနာ၊ ကောင်းသော သဘောရှိသည်ဖြစ်၍။ ဇိနေ၊ အောင်မြင်၏။ ကဒရိယံ၊ ဝန်တို သောသူကို့။ ဒါနေန၊ မိမိဥစ္စာ ပေးကမ်းခြင်းဖြင့်။ ဇိနေ၊ အောင်မြင်၏။ အလိက ဝါဒိနံ၊ မမှန်ချုတ်ယွင်း ပြောဆိုခြင်းရှိသောသူကို့။ သစ္စေန၊ မှန်သောစကား ပြောကြားခြင်းဖြင့်။ ဇိနေ၊ အောင်မြင်၏။

ဟူသောဂါထာ၏အဆုံးဌ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

[ဤဆိုအပ်ခဲ့ပြီးသည်ကား ဤဝတ္ထုဌ အကျဉ်းတည်း။ အကျယ် စကား သည်ကား ကောဓဝဂ်၌ အနုမောဒနာဂါထာ အဖွင့်၌သာလျှင် ထင်စွာ ဖြစ်လတ္တံ့]။

ဤသို့လျှင်သိရိမာသည် သောတာပတ္တိဖိုလ်သို့ ရောက်ပြီးသည်ရှိသော် ရဟန်း သံဃာအပေါင်းကို ပင့်ဘိတ်၍ တဖန်မိုးသောက်သော နေ့၌ ကြီးစွာသောအလှူ ကြီးကို ပေးလှူပြီးလျှင် သံဃာအား ၁အဋ္ဌကဘတ်ကို မပြတ် ပေးလှူစေလေ၏ အစမှစ၍ မပြတ် ရှစ်ပါးသော ရဟန်းတို့သည် အိမ်သို့ ကြွသွားကြကုန်၏ ထောပတ်ကို ခံယူတော်မူကြပါဘုရား နို့ရည်ကို ခံယူတော်မူကြပါဘုရား ဤသို့ အစရှိသော စကားတို့ကိုဆို၍ ထိုရဟန်းတို့၏ သပိတ်တို့ကို ပြည့်စေကြကုန်၏ ရဟန်းတပါးရသောဆွမ်းသည်ပင် သုံးပါးလေးပါးသော ရဟန်းတို့အား လောက်၏ နေ့တိုင်းနေ့တိုင်း တဆဲ့ခြောက်သပြာ ကုန်စေသဖြင့် ဆွမ်းကိုလှူဒါန်းအပ်၏ ထိုအခါ တနေ့သ၌ ရဟန်းတပါးသည် သိရိမာ၏အိမ်၌ ရှစ်ပါးသောရဟန်းတို့ကို ရည်၍လှူအပ်သော အဋ္ဌကဘတ်ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ပြီးလျှင် သုံးယူဇနာ အထက်၌ တခုသောကျောင်းသို့ ရောက်သွားလေ၏ ထိုနောက် ထိုရဟန်းကို ဉာဏ်နှေချမ်းအခါ ဤသို့သဘောရှိသောအရပ်၌ နေ့စဉ် ငါ့ရှင်အဘယ်အရပ်၌ ဆွမ်း

၁ အဋ္ဌက ဘတ်–ရဟန်းရှစ်ပါး အပေါင်းအား+လှူသောဆွမ်း။

ကို သုံးဆောင်၍ လာခဲ့သနည်းဟု မေးကြလေကုန်၏ သိရိမာ၏ အဋ္ဌကဘတ်ကို တပည့်တော် သုံးဆောင်ခဲ့ပါသည်ဘုရားဟု ဆိုလတ်သော် ငါ့ရှင်နှစ်လိုဘွယ်ကို ပြု၍ လူဒါန်းပါသလောဟု မေးကြပြန်ကုန်၏ ထိုသိရိမာ၏ဆွမ်းကို ချီးမွမ်းခြင်း ငှါ မတတ်နိုင် အလွန်လျှင် မွန်မွန် မြတ်မြတ်ပြု၍ လူဒါန်းပါသည် ရဟန်းတပါး ရသောဆွမ်းသည် သုံးပါးတို့အားဇင်း လေးပါးတို့အားဇင်း လောက်၏ ထိုသိရိမာ၏ လူဘွယ်ဝတ္ထု ပစ္စည်းထက်လည်း အမြင်ရုပ်ပုံ အဆင်းသည်သာလျှင်သာ၍ လွန်ကဲပေ၏ ထိုမိန်းမသည် ဤသို့ ဤသို့သဘောရှိ၏ဟုဆိုလျက် သိရိမာ၏ ဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းပြောဆိုလေ၏။

ဆွမ်းခံသွားရာ ငှက်သင့်သကဲ့သို့ ဖြစ်ခြင်း

ထိုအခါ ရဟန်းတပါးသည် သိရိမာ၏ ဂုဏ်ကျေးဇူးနှင့်စပ်သော စကားကို ကြားတဲ့၍ မမြင်ရသေးဘဲသာလျှင် ချစ်ခြင်းကို ဖြစ်စေသဖြင့် ငါသည်သွား၍ ထိုသိရိမာကို ရှုမြင်ခြင်းငှါ သင့်၏ဟု မိမိသိက္ခာဝါအရေအတွက်ကို ပြောပြ၍ ထိုရဟန်းကို ၁အစဉ်ကို မေးမြန်းလျှင် ငါ့ရှင် နက်ဖြန် ထိုသိရိမာအိမ်၌သင်သည် သံဃာ့ထေရ်ဖြစ်၍ အဋ္ဌကဘတ်ကို ရနိုင်ပေလတ္တံ့ဟု ဆိုလတ်သည်ရှိသော် ထိုစကားကိုကြားရလျှင် ထိုခဏချက်ခြင်းပင် သပိတ် သင်္ကန်းကိုယူ၍ ဖဲသွားလေရာ နံနက် စောစော အရဏ်တက်လတ်သည်ရှိသော် စာရေးတံပေးရာအရပ်သို့ ဝင်သဖြင့် ရပ်လေရကား သံဃာ့ထေရ်ဖြစ်၍ ထိုသိရိမာ၏အိမ်၌ အဋ္ဌကဘတ်ကို ရလေ၏ အကြင်ရဟန်းသည် ယမန်နေ့၌ ဆွမ်းဘုဉ်းပေးပြီး၍ ဖဲသွားလေ၏ ထိုရဟန်း၏ ဖဲသွားသော အခါ၌ပင်လျှင် သိရိမာ၏ ကိုယ်၌လည်း အနာရောဂါ ဖြစ်ပေါ်လေ၏ ထို့ကြောင့် ဆင်ယင်သော တန်ဆာတို့ကိုချွတ်၍ အိပ်လေ၏ ထိုအခါ သိရိမာ၏ ကျွန်မတို့သည် အဋ္ဌကဘတ်ကိုရ၍ ကြွလာကြကုန်သော ရဟန်းတို့ကိုမြင်လျှင် ပြောကြားကြလေကုန်၏ ထိုသိရိမာသည် မိမိလက်ဖြင့် သပိတ်တို့ကို လှမ်းယူ၍ ထိုင်နေစေခြင်းငှါရင်း လုပ်ကျွေးခြင်းငှါရင်း မတတ်နိုင်ရကား ကျွန်မတို့ကိုအမိတို့ သပိတ်တို့ကိုလှမ်းယူ၍ အရှင်ကောင်းတို့ကို ထိုင်နေ

---

၁ သိက္ခာဝါအစဉ်အားဖြင့် ဘုန့်လျှင်ရှစ်ပါးစီသာ ဆွမ်းစားကြွသွားရလေသောကြောင့် ယခုအခါ သိရိမာအိမ်၌ အဘယ်မျှ သိက္ခာဝါရှိသောရဟန်းတို့ သွားလျှင်ကျနေသနည်းဟု အစဉ်ကိုးမေးတို့ဟူလို။

စေလျက် ယာဂုသောက်စေပြီးမှ ခဲဘွယ်ကိုလှူ၍ ဆွမ်းစားချိန်တန်သောအခါ သပိတ်တို့ကိုပြည့်စေလျက် လူကြပါကုန်လော့ဟု စေခိုင်းလေ၏ ကျွန်မတို့သည် လည်း ကောင်းပါပြီအရှင်မဟု ရဟန်းတို့ကို ကြွဝင်စေပြီးလျှင် ယာဂုကို သောက် စေပြီးမှ ခဲဘွယ်ကိုလှူ၍ ဆွမ်းစားချိန်တန်သောအခါ ဆွမ်းဖြင့်သပိတ်တို့ကို ပြည့် စေပြီးလျှင် ထိုသိရိမာအား ပြောကြားကြကုန်၏ သိရိမာသည် ငါ့ကိုချီပွေ့၍ ဆောင်ကြပါကုန်ဦးလော့ဟု အရှင်ကောင်းတို့ကို ရှိခိုးပါဦးအံ့ဟုဆိုသဖြင့် ထို ကျွန်မတို့ချီပွေ့လျက် ရဟန်းတို့၏အထံတော်သို့ ဆောင်အပ်သည်ရှိသော် တုန်တုန် လှုပ်လှုပ်ဖြစ်သောကိုယ်ဖြင့် ရဟန်းတို့ကို ရှိခိုးရှာလေ၏ ထိုရဟန်းသည် သိရိမာကို ကြည့်ရှုလျက် မကျန်းမမာဖြစ်နေသော်လည်း ဤမိန်းမ၏ အဆင်းတင့်တယ် ခြင်းသည် ဤသို့သဘော ရှိဘိသေး၏ ကျန်းမာသောအခါ အလုံးစုံသော တန်ဆာဖြင့် တန်ဆာဆင်အပ်သည်ရှိသော် ဤသိရိမာ၏ အဆင်းပြည့်စုံခြင်းကား အဘယ်မှာဆိုဘွယ်ရာရှိအံ့နည်းဟု ကြံစည်စိတ်ကူးမိလေ၏ ထိုအခါ ထိုရဟန်း အား များစွာသော နှစ်အကုဋ္ဌေပတ်လုံး ကိုယ်တွင်း၌ ကိန်းအောင်းစုဝေးတည် နေသော ကိလေသာသည် လှုပ်ရှား ဖြစ်ပေါ်လာလေ၏ ထိုရဟန်းသည် ပညာ အဆင်ခြင် ကင်းသည်ဖြစ်၍ ဆွမ်းကိုစားခြင်းငှါ မတတ်နိုင်ခြင်းကြောင့် သပိတ် ကို ယူကာ ကျောင်းသို့သွားပြီးလျှင် သပိတ်ကို ပိတ်လျက် တခုသော အရပ်၌ ထား၍ သင်္ကန်းထောင့်စွန်းကို ဖြန့်ခင်းကာ အိပ်ရှာလေ၏ ထိုအခါ ထိုရဟန်းကို အဆွေခင်ပွန်းဖြစ်သော ရဟန်းတပါးသည် တောင်းပန်သော်လည်း ဆွမ်းဘုဉ်း ပေးခြင်းငှါ မတတ်နိုင် ထိုရဟန်းသည် ပြတ်ကင်းသော ဆွမ်းအာဟာရ ရှိသည် ဖြစ်ရှာလေ၏။

သိရိမာ အလောင်းကောင် ဖြစ်နေပုံ

ထိုနေ့၌သာလျှင် ညချမ်းအခါ သိရိမာသည် စုတေမနေ သေရှာလေ၏ ဗိမ္မိသံရမင်းကြီးသည် မြတ်စွာဘုရားအား ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား ဇီဝက၏ နှမငယ်ဖြစ်သော သိရိမာသည် စုတေမနေ သေလွန်ရှာပါပြီ ဘုရားဟု သတင်းစကား စေလွှတ်လျှောက်ကြားလေ၏ မြတ်စွာဘုရားသည် လည်း ထိုစကားကို ကြားတော်မူရလျှင် မင်းကြီး၏အထံသို့ သိရိမာအလောင်းကို သင်္ဂြိဟ်ဘွယ်ကိစ္စမရှိ လူသေပစ်စွန့်ရာ သုသာန်တစပြင်၌ သိရိမာအလောင်းကို

ကျိုးတို့သည် မစားနိုင်သော အခြင်းအရာဖြင့် တုံးလုံးအိပ်ထားစေ၍ စောင့်ရှောက်စေကြ ကုန်ဦးလော့ဟု သတင်းစကား ပြန်ကြားစေလွှတ်လိုက်လေ၏ မင်းကြီးသည်လည်း ဘုရားမိန့်တော်မူတိုင်း ပြုလေ၏ အစဉ်အတိုင်း သုံးရက်တို့သည် လွန်ကုန်သည်ဖြစ်၍ လေးရက်မြောက်သောနေ့၌ ကိုယ်သည် ဖူးဖူးရောင်လေ၏ ကိုးပေါက်သော ဒွါရအမာဝတို့မှ ပိုးလောက်တို့သည် ယိုထွက်လေကုန်၏ ကိုယ်အလုံးသည် ကဲ့ပျက်သဖြင့် သလေးထမင်းချက်အိုး ဆူဝေခြင်းကဲ့သို့ ဖြစ်လေ၏။

သိရိမာကို လာမကြည့်လျှင် ဒဏ်ငွေရှစ်ကျပ်

ဗိမ္မိသာရ မင်းကြီးသည်လည်း ရာဇဂြိုဟ်မြို့ကြီး၌ အိမ်စောင့် သူငယ်တို့ကို ချန်ထား၍ သိရိမာကို ကြည့်ရှုခြင်းငှါ မလာကုန်သောသူတို့အား ရှစ်သပြာ မင်းဒဏ် သင့်စေရမည်ဟု စည်လည်စေလေ၏ ဘုရားရှင်၏ အထံတော်သို့လည်း မြတ်စွာဘုရားအမှူးရှိသောရဟန်းသံဃာအပေါင်းသည် သိရိမာကိုကြည့်ရှုခြင်းငှါ ကြွတော်မူ၏ဟု ပြောဆိုလေ၏ ထိုရဟန်းငယ်သည် ထိုသို့သောအခြင်းအရာဖြင့် မှတ်သိပ်ဆာလောင်ခြင်း သဘောရှိသော်လည်း သိရိမာဟု ဆိုအပ်သောစကားအပိုဒ်၌သာလျှင် အဆောတလျင် ထတဲ့၍ အဘယ်စကားကို ဆိုလေဘိသနည်းဟုမေးလေ၏ မြတ်စွာဘုရားသည် သိရိမာကို ကြည့်ရှုခြင်းငှါ ကြွသွားတော်မူ၏။ သင်သည်လည်း လိုက်ပါ သွားအံ့လောဟု မေးသည်ရှိသော် လိုက်ပါဦးမည်ဟု ဆို၍ ဆွမ်းကိုစွန့်သဖြင့် သပိတ်ကို ဆေးပြီးလျှင် သပိတ်အိတ်၌ ထည့်သွင်းပြီးမှ ရဟန်းသံဃာတော် အပေါင်းနှင့် အတူတကွ လိုက်လာလေ၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်းခြံရုံတော်မူလျက် နံပါးတဘက်၌ ရပ်တော်မူ၏။ ရဟန်းသံဃာအပေါင်း

သည်ရင်း မင်းပရိသတ်သည်ရင်း ဒါယကာ ပရိသတ်သည်ရင်း နံပါးတဘက် တဘက်၌ ရပ်တည်ကြလေကုန်၏။

သိရိမာ လျှော့စျေး ယူသူမရှိ

မြတ်စွာဘုရားသည် မင်းကြီးကို မြတ်သောမင်းကြီး ဤမိန်းမကား အဘယ်သူနည်းဟု မေးမြန်းတော်မူလေ၏။ မြတ်စွာဘုရား ဇီဝက၏နှမ သိရိမာ အမည်ရှိသော မိန်းမပါဘုရားဟု လျှောက်ကြားလေသော် ဤမိန်းမကား သိရိမာလောဟု မေးတော်မူပြန်၏။ မြတ်စွာဘုရား သိရိမာ ဟုတ်မှန်ပါသည်ဘုရားဟုလျှောက်ဆိုပြန်လေသော် ထိုသို့ဖြစ်မူ တထောင်သောဥစ္စာကိုပေး၍ သိရိမာကို ယူကြကုန်လော့ဟု မြို့တော်၌ စည်လည်စေလော့ဟု မိန့်တော်မူလေ၏။ မင်းကြီးသည် ထိုဘုရားရှင် မိန့်တော်မူတိုင်း ပြုလုပ်လေ၏။ တစုံတယောက်သော သူမျှလည်း ၁ဟန် ဟူ၍ရင်း ၂ဟောန် ဟူ၍ရင်း နှစ်သက်စွာပြောဆိုသောသူမည်သည် မရှိလေပြီ။ မင်းကြီးသည် မြတ်စွာဘုရားအား မြတ်စွာဘုရား မယူကြပါဘုရားဟု လျှောက်ကြားလေ၏။ ထိုသို့ဖြစ်မူ မြတ်သောမင်းကြီး အဘိုးကို လျှော့ချဦးလော့ဟု မိန့်တော်မူပြန်လေ၏။ မင်းကြီးသည် အသပြာငါးရာပေး၍ ယူကြကုန်လော့ဟု စည်လည်စေပြန်သော်လည်း ယူလိုသောသူ တစုံတယောက်ကိုမျှ မမြင်ရသဖြင့် နှစ်ရာ့ငါးဆယ်, နှစ်ရာ, တရာ, ငါးဆယ်, နှစ်ဆဲ့ငါးသပြာ, ဆယ်သပြာ, ငါးသပြာ,တသပြာ,ငါးမူး,တမတ်,တပဲ,တချင်ရွေးပေး၍ သိရိမာကို ယူကြစေကုန်သတည်းဟု စည်လည်စေပြန်သော်လည်း တစုံတယောက်သောသူမျှ ထိုသိရိမာကို အလိုမရှိ အဘိုးအခမရှိ အချည်းနှီး ယူကြစေကုန်သတည်းဟု စည်လည်စေပြန်လေ၏။ 'ဟန်'ဟူ၍ရင်း 'ဟောန်'ဟူ၍ရင်း နှစ်သက်စွာပြောဆိုသောသူမည်သည် မရှိလေပြီ။ မင်းကြီးသည် မြတ်စွာဘုရား အချည်းနှီး အလကားဖြင့်သော်လည်း ယူလိုသူမရှိပါဘုရားဟု လျှောက်ကြားလေ၏။ မြတ်စွာဘုရားသည် ချစ်သားရဟန်းတို့ ကြည့်ရှုကြစမ်းလော့ များစွာသော လူအပေါင်းသည် ချစ်ခင်စုံမက်အပ်သော မာတုဂါမကို ဤရာဇဂြိုဟ်မြို့၌သာလျှင့် တထောင်ပေးမှ ရှေးအခါ၌

---

၁ ဟန် ဟူသည်ကား ငါယူပါမည် ဟူ၍ရင်း။

၂ ဟောန် ဟူသည်ကား ငါတို့သာ ဖြစ်ပါစေဟူ၍ရင်း နှစ်သက်စွာ သဘောတူ၍ ဆိုသော စကားဟု ဤနေရာ၌ မှတ်ထိုက်၏။

တနေ့သာရကြလေကုန်၏။ ယ့ခုအခါ အချည်းနှီး အဘိုးအခ မရှိခြင်းအားဖြင့် ယူလိုသောသူမျှလည်းမရှိ ချစ်သားရဟန်းတို့ ဤသို့သဘောရှိသည်မည်သော ရုပ်အဆင်းသည် ကုန်ခြင်း ပျက်ခြင်းသို့ ရောက်ဘိသေး၏။အခါခပ်သိမ်း နာကျင်လျက်ရှိသော အတ္တဘောကို ကြည့်ရှုကြကုန်လော့ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၄၇ ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

စိတ္တကတံ၊ အဝတ်တန်ဆာ ပန်း နှံ့သာ စသည်တို့ဖြင့် ဆန်းကြယ်စွာ ပြုအပ်သော။ ဗိမ္ဗံ၊ ရှည်သင့် တိုသင့်သော အင်္ဂါကြီးငယ်တို့ဖြင့် တင့်တယ် လှပသော အရုပ်နှင့်တူသော။ သမုဿိတံ၊ ဿုံးရာသော အရိုးတို့ဖြင့် စိုက်ဆောက်အပ်ထသော။ အာတုရံ၊ အမြဲ နာကျင်လျက်ရှိသော။ ဗဟုသင်္ကပ္ပံ၊ များစွာသော လူအပေါင်းသည် များစွာသော အကြောင်းဖြင့် ကြံစည်စိတ်ကူးအပ်သော။ အရုကာယံ၊အနာမာဝ ကိုးပေါက်တို့ဖြင့် အနာအတိဖြစ်သော ကိုယ်ကောင်ကို။ ပဿ၊ ကြည့်ရှုလေလော့။ ယဿ၊ယင်းကိုယ်ကောင်အား။ဓုဝံ၊ မြဲခြင်းသည်ရင်း။ ဌိတိ၊ တည်တံ့ခြင်းသည်ရင်း။ နတ္ထိ၊ မရှိလေစွတကား။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့အား သစ္စာလေးပါး တရားကို ထိုးထွင်း၍သိခြင်းသည် ဖြစ်လေ၏ ထိုရဟန်းသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

သိရိမာဝတ္ထုပြီး၏

---

၁ သွား ၃၂-ချောင်းကို ဖယ်ထား၍ လက်ရိုး ၆၄။ ခြေရိုး ၆၄။အသားမြီသောအရိုးနှီ ၆၄။ ဖနောင့်ရိုး ၂။ ဖမျက်ရိုး ၄။ မြင်းခေါင်းရိုး ၄။ ဒူးရိုး ၂။ ပေါင်ရိုး ၂။ ခါးရိုး ၂။ ကျောက်ဆူးရိုး ၁၈။ နံရိုး ၂၄။ ရင်ရိုး ၁၄။ နှလုံးရိုး ၁။ ညှင်ရိုး ၂။ လက်ပြင်ရိုး ၂။ လက်မောင်းရိုး ၂။ လက်မောင်းဖျားရိုး ၄။ လည်ပင်းရိုး ၇။ မေးရိုး ၂။ နှာခေါင်းရိုး ၁။ မျက်ကွင်းရိုး ၂။ နားရိုး ၂။ နဖူးရိုး ၁။ ဦးထိပ်ရိုး ၁။ ဦးခေါင်းခွံရိုး ၉။ ပေါင်း အရိုး သုံးရာဖြစ်၏။ တင်ပါးရိုးတို့ ကြွင်းကျန်သေးသည်။

၃-ဥတ္တရာထေရီမ ဝတ္ထု

ပရိဇိဏ္ဏမိဒံ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဥတ္တရာမည်သော ထေရီမကိုအကြောင်းပြု၍ ဟောတော်မူလေ၏။

ဆွမ်းခံသွားစဉ် အားပြတ်၍ လည်းခြင်း

ဥတ္တရာထေရီမသည် ဖွားမြင်သည်မှစ၍ အရွယ်အားဖြင့် အသက်တရာ့နှစ်ဆယ် ရှိသည်ဖြစ်၍ ဆွမ်းအလိုငှါ သွားလာလှည့်လည်သဖြင့် ရသော ဆွမ်းရှိလေရကား လမ်းခရီးအကြား၌ ရဟန်းတပါးကိုမြင်ရလျှင် ဆွမ်းဖြင့် ပန်ကြား၍ မြစ်ပယ်တော် မမူဘဲယူသော ထိုရဟန်းအား အလုံးစုံသောဆွမ်းကို လှူဒါန်းလေသောကြောင့် ပြတ်ကင်းသော အာဟာရရှိသည် ဖြစ်လေသတတ်၊ ဤသို့နှစ်ရက်မြောက်သော နေ့၌၎င်း သုံးရက်မြောက်သောနေ့၌၎င်း ထိုရဟန်းအားသာလျှင် ထိုအရပ်၌ပင် ဆွမ်းကိုလှူပြန်လေသောကြောင့် ပြတ်ကင်းသော အာဟာရရှိသည် ဖြစ်လေ၏၊ လေးရက်မြောက်သောနေ့၌ကား ဆွမ်းအလိုငှါ သွားလတ်သည်ရှိသော် တခုသော ကျဉ်းမြောင်းရာ အရပ်၌ မြတ်စွာဘုရားကို ဖူးမြင်ရသဖြင့် နောက်သို့ဆုတ်ခွါစဉ် တွဲလျားကျသော မိမိသင်္ကန်းစွန်းကို နင်းမိရာ ကောင်းစွာဆောင်ခြင်းငှါမတတ်နိုင် မဟန်နိုင်ရကား ဦးစောက် ပြောင်းပြန်ဖြစ်၍ တိမ်းလည်းသွားလေ၏ မြတ်စွာဘုရားသည် ထိုဥတ္တရာထေရီမ၏ အထံသို့ကြွသွားတော်မူ၍ နှမ သင်၏ အတ္တဘောသည် ဆွေးမြည့် အိုမင်း ယိုယွင်းခဲ့လေပြီမကြာမြင့်မီသာလျှင် ပျက်စီးရပေလတ္တံ့ဟု မိန့်တော်မူ၍ ဤဂါထာကိုဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၄၈ ပရိဇိဏ္ဏမိဒံ ရူပံ၊ ရောဂနိဋ္ဌံ ပဘင်္ဂုနံ။
ဘိဇ္ဇတိ ပူတိ သန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။

ဘဂိနိ၊ နှမ။ တဝ၊ သင်၏။ ဣဒံရူပံ၊ ဤကိုယ်ကောင် ဟူသော ရုပ်သည်။ ပရိဇိဏ္ဏံ၊ဆွေးမြည့်ယိုယွင်း အိုမင်းခဲ့လေ၏။ ရောဂနိဋ္ဌံ၊ အနာရောဂါအားလုံးတို့၏ နေရာလည်းဖြစ်၏။ပဘင်္ဂုနံ၊ အမြဲစိမ့်ထွက် ပုပ်အက်လျက်ရှိ၏။

[နုပျိုသော မြေခွေးငယ်ကိုလည်း မြေခွေးအိုဟု ဆိုသကဲ့သို့ဌင်း နုသေးသော ဆင်သမန္ဒယ်ကိုလည်း နွယ်ပုပ်ဟု ဆိုသကဲ့သို့ဌင်း ထို့အတူ ယနေ့ဖွားမြင်စဖြစ်၍ ရွှေရုပ်လိုတင့်တယ်သော်သည်း အမြဲ ယိုထွက်သော သဘောအားဖြင့် အပုပ်ဟု ဆိုအပ်၏ဟူလို]။

ပူတိ၊ ပုပ်သည်။ သံ သန္တော၊ ဖြစ်၍။ ဒေဟော၊ သင့်ကိုယ်သည်။ ဘိဇ္ဇတိ၊ မကြာမီ ပျက်စီးတတ်၏။ ဟိ၊ ထိုစကားသင့်စွ။ ဇီဝိတံ၊ အသက်သည်။ မရဏန္တံ၊ သေခြင်းအဆုံးရှိ၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ ၁ဥတ္တရာထေရီမသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏ လူများအပေါင်းအားလည်း အကျိုးရှိသော တရားဒေသနာဖြစ်တော်မူလေ၏။

ဥတ္တရာထေရီမ ဝတ္ထုပြီး၏။

၄—များစွာသောအဓိမာနိကရဟန်းတို့ ဝတ္ထု

ယာနိမာနိ-အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အရဟတ္တဖိုလ်ကို ၂ရနိုးခြင်းရှိကုန်သော များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

---

၁ ဤဘိက္ခုနီမသည် သာရဏီယခမ္မကို ဖြည့်ကျင့်လေသတတ်။ ၁-မေတ္တာဖြင့်ကာယကံမှုပြုခြင်း။ ၂-မေတ္တာဖြင့် ဝစီကံမှုပြောခြင်း။ ၃-မေတ္တာဖြင့် မနောကံမှုကြံခြင်း။ ၄-ရသောပစ္စည်းကို သီတင်းသုံးဘော်တို့အား လှူလေ့ရှိသဖြင့် ကြွင်းကျန်မှ မိမိသုံးဆောင်ခြင်း။ ၅-ကျိုးပေါက် ကြားဟျောက်ခြင်း မရှိအောင် သီလစောင့်ထိန်းခြင်း။ ၆-သမ္မာအယူဖြူစင်ခြင်း။ ဤသို့တသက်လုံး အောက်မေ့အပ်သော ခြောက်ပါးတို့ကို တဆဲ့နှစ်နှစ်ကျင့်လျှင် သာရဏီယခမ္မပြည့်၏။ အကျိုးကား လွန်စွာများ၏။

၂ မဂ်ဖိုလ်ရပြီဟု အထင်ကြီးခြင်းကို ရနိုးခြင်းဟုဆိုသည်။ ဤတရားမျိုးသည် အရိယာပုဂ္ဂိုလ်တို့အားဌင်း သီလမရှိသူတို့အားဌင်း တရားအားမထုတ်သော သူတို့အားဌင်း မဖြစ်။မဖြစ်မနေရဟု လုံ့လသည်းစွာဖြင့် တရားအားထုတ်သော ပုဂ္ဂိုလ်တို့အားသာလျှင် ဖြစ်တတ်လေ၏။

သုသာန်၏ကျေးဇူး

ငါးရာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းကို ယူ၍ တောသို့ သက်ဝင်သဖြင့် မဆုတ်မနစ် လုံ့လကြိုးကုတ် အားထုတ်ကြ ကုန်သည်ရှိသော် စျာန်ကိုဖြစ်စေပြီးလျှင် ကိလေသာတို့၏ ဖြစ်ပေါ်လာခြင်း မရှိသဖြင့် ငါတို့အား ရဟန်းကိစ္စပြည့်စုံပြီ(တုံးပြီ)မိမိရအပ်သော ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားအား လျှောက်ကြားကြ ကုန်စို့အုံဟု တိုင်ပင်ကာ ပြန်ကြွလာကြ ကုန်သတတ် မြတ်စွာဘုရားသခင်သည် ထိုရဟန်းတို့ အပတံခါးမုခ်ဦးသို့ ရောက် သောကာလ၌သာလျှင် အရှင်အာနန္ဒာကို ချစ်သားအာနန္ဒာ ထိုရဟန်းတို့ဝင်လာ၍ ငါဘုရားကို ဖူးမြင်ခြင်းဖြင့် ပူဘွယ်အမှုမရှိသေး သူကောင်စွန့်ပစ်ရာ သုသာန် သို့သွား၍ ထိုသုသာန်မှ ပြန်လာပြီး၍ ငါဘုရားကို ဖူးမြင်ကြစေကုန်လော့ဟု မိန့်တော်မူလေ၏ အရှင်အာနန္ဒာ မထေရ်သည် သွား၍ ထိုရဟန်းတို့အား ထိုအကြောင်းကို ပြောကြားလေ၏ ငါးရာသော ရဟန်းတို့သည် ငါတို့အား သူကောင်စွန့်ပစ်ရာသုသာန်ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု မဆိုကြမူ၍သာလျှင် အရှည်ကို မြင်တော်မူလေ့ရှိသော ဘုရားသဗ္ဗညုသည် အကြောင်း တစုံတရာကို မြင်တော်မူအပ်သည် ဖြစ်လတ္တံ့ဟု နှလုံးပြုလျက် သူကောင်စွန့်ပစ်ရာသုသာန်သို့ သွားကြပြီးလျှင် ထိုသုသာန်၌ အကောင်ပုပ်တို့ကို ကြည့်ရှုတွေ့မြင်ကြရ ကုန်သည် ရှိသော် တရက် နှစ်ရက် ခန့်လောက်က ပစ်ထားအပ်ကုန်သော အကောင်ပုပ် တို့၌ အရိုးစုဟု အဋ္ဌိကသညာကိုရ၍ ထိုဈာန်၌ ပစ်ထားအပ်ကုန်သော လတ်ဆတ် သောကိုယ်တို့၌ တပ်နှစ်သက်ခြင်းရာဂကို ဖြစ်စေမိကြလေကုန်၏ ထိုဈာန်၌ မိမိ တို့၏ညစ်နွမ်းခြင်း ကိလေသာရှိသည်အဖြစ်ကို သိကြရလေကုန်၏ ဘုရားရှင်သည် ဂန္ဓကုဋီတိုက်တော်၌ သီတင်း သုံးနေတော်မူလျက်သာလျှင် ရောင်ခြည်တော်ကို နှံ့စေတော်မူသဖြင့် ထိုရဟန်းတို့၏ မျက်မှောက်၌ စကားပြောဟောတော် မူဘိ သကဲ့သို့ ချစ်သားရဟန်းတို့ သင်တို့အား ဤသို့သဘောရှိသောအရိုးစုအပေါင်းကို မြင်ရ၍ ရာဂဖြင့် နှစ်သက်ခြင်းကို ဖြစ်စေခြင်းငှါ သင့်တော် လျော်ကန်ကောင်း အံ့လောဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၄၉ ယာနိမာနိ အပတ္ထာနိ၊ အလာပူနေဝ သာရဒေ။
ကာပေါတကာနိ အဋ္ဌီနိ၊ တာနိ ဒိသ္ဝာန ကာ ရတိ။

ယာနိမာနိအဌီနိ၊ အကြင်အရိုးစုတို့ကို။ အပတ္တာနိ၊ စွန့်ပစ်အပ်ကုန်၏။ သာရဒေ-သာရဒါနိ၊ တန်ဆောင်မုန်းလ ၁သာရဒကာလ၌ လေနေပူဖြင့် ထိခိုက်အပ်ကုန်သော။ အလာဗူနေဝ၊ ထိုထိုအရပ်၌ ဖရိုဖရဲဖြန့်ကြဲသော ဗူးတောင်းတို့ကဲ့သို့ ဖြစ်ကုန်သော။ ကာပေါတကာနိ၊ ခိုဏ် အဆင်းနှင့်တူသော အဆင်းရှိကုန်သော။ တာနိ အဌီနိ၊ ထိုအရိုးစုတို့ကို။ ဒိသွာ၊ မြင်ရ၍။ တုမှာကံ၊ သင်တို့အား။ ရတိ၊ မွေ့လျော်ခြင်းသည်။ ကာ၊ ဘယ်အကျိုးရှိနိုင်အံ့နည်း။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ထိုရဟန်းတို့သည် တည်မြဲတိုင်းသာလျှင် အရဟတ္တဖိုလ်သို့ ရောက်သဖြင့် မြတ်စွာဘုရားကို လွန်စွာချီးမွမ်းကုန်လျက် လာလတ်၍ ရှိခိုးကြလေကုန်၏။

များစွာသော အဓိမာနိကရဟန်းတို့ ဝတ္ထုပြီး၏။

၅—ဇနပဒကလျာဏီရူပနန္ဒာထေရီမ ဝတ္ထု

အဌီနံ နဂရံ ကတံ-အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဇနပဒကလျာဏီ အမည်ရှိသော ရူပနန္ဒာထေရီမကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ရူပနန္ဒာသည် ရုပ်အဆင်း၌ တွယ်တာ မက်မောနေပုံ

ထိုဇနပဒကလျာဏီ မည်သော ရူပနန္ဒာမင်းသွီးသည် တနေ့သ၌ ဤသို့ကြံစည်လေ၏။ ငါ၏ မောင်တော်အကြီး သိဒ္ဓတ္ထမင်းသည် ပြည်စည်းစိမ်ကိုစွန့်၍ ရဟန်းပြုပြီးလျှင် လောက၌ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သော မြတ်စွာဘုရားဖြစ်တော်မူပြီ၊ ထိုဘုရားရှင်၏ သားတော်ဖြစ်သော ရာဟုလာမင်းသားသည်လည်း ရဟန်းပြုပြီ ငါ၏ချစ်လင် နန္ဒမင်းသားသည်လည်း ရဟန်းပြုပြီ ငါ၏မယ်တော် မိထွေး

---

၁ ဆောင်းဥတု၌နှစ်လစီ ဟေမန္တဥတု၊ သိသိရဥတုနှစ်ပါး။ ထို့အတူ နွေဥတု၌ ဝသန္တဥတု၊ ဂိမှဥတုနှစ်ပါး။ မိုဃ်းဥတု၌ ဝဿာနဥတု၊ သာရဒဥတုနှစ်ပါး။ ပေါင်းဥတုငယ်ခြောက်ပါးရှိသဖြင့် တော်သလင်း လဆုတ်တရက်မှ တန်ဆောင်မုန်းလပြည့် တိုင်အောင်သော ကာလသည် သာရဒကာလမည်၏။

တော်ဂေါတမီ သည်လည်း ရဟန်းပြုခဲ့ပြီ။ ၁ဤမျှလောက်သော ဆွေတော်မျိုးတော်အပေါင်းသည် ရဟန်းပြုသည်ရှိသော် ငါသည် အိမ်တော်၌နေသဖြင့် အဘယ်အမှု ပြုစရာရှိအံ့နည်း ရဟန်းပြုပါတော့အံ့ဟု ကြံစည်၍ ရဟန်းမိန်းမတို့၏ ကျောင်းသို့ သွားသဖြင့် ရဟန်းပြုလေ၏။

ထိုမင်းသမီးသည် ဆွေတော်မျိုးတော်တို့ကို ချစ်ခင်သဖြင့်သာလျှင် ရဟန်းပြု၏။ သဒ္ဓါသံဖြင့် ရဟန်းပြုသည်မဟုတ်။ အလွန် အဆင်းလှသည်အဖြစ်ကြောင့် ရူပနန္ဒာဟူ၍ ကျော်စောထင်ရှားလေ၏။ မြတ်စွာဘုရားသည် ရုပ်သည် အမြဲမရှိဆင်းရဲ၏ ကိုယ်မဟုတ် ဝေဒနာသည် သညာသည် သင်္ခါရသည် ဝိညာဉ်သည် အမြဲမရှိ ဆင်းရဲ၏ ကိုယ်မဟုတ်ဟူ၍ ဟောတော်မူသတတ်ဟု ကြားရ၍ ရူပနန္ဒာသည် ဤသို့ရူချင်စဘွယ် ကြည်လင်နှစ်သက်ဘွယ်ရှိသော ငါ၏ရုပ်၌လည်း အပြစ်ကို ဟောကြားတော်မူရာ၏ဟု နှလုံးပြု၍ မြတ်စွာဘုရား၏ မျက်မှောက်တော် အဖြစ်သို့ မသွားရောက်ဘဲ နေလေ၏။ သာဝတ္ထိပြည်၌နေသော မြို့သူမြို့သားတို့သည် နံနက်စောစော၌ပင်လျှင် အလှူကိုပေးလှူ၍ ကောင်းစွာ ဆောက်တည်အပ်သော ဥပုသ်ကျင့်သုံးခြင်းရှိကုန်သဖြင့် စင်ကြယ်သော ကိုယ်ရုံတင်လွှမ်းကုန်လျက် နှံသာ ပန်း စသည် လက်စဲ့ကြကုန်သည်ဖြစ်၍ ညချမ်းသောအခါ ဇေတဝန်ကျောင်းတော်၌ စည်းဝေးပြီးလျှင် တရားတော်ကို နာယူကြလေကုန်၏။ ရဟန်းမိန်းမ သံဃာအပေါင်းသည်လည်း ဘုရားရှင်၏ တရားဒေသနာတော်၌ဖြစ်သော ကုသိုလ်ဆန္ဒရှိလှသဖြင့် ကျောင်းတော်သို့သွား၍ တရားနာလေ၏။ တရားနာပြီး၍ မြို့သို့ဝင်လာကြကုန်သော သူတို့သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးနှင့်စပ်သော စကားကို ပြောဆိုကြကုန်လျက်သာ ဝင်လာကြကုန်၏။

[ထိုစကားသည်မှန်၏ ၂လေးပါးသော ပမာဏ အတိုင်းအရှည်ရှိသော •လူအပေါင်း၌ အကြင်သတ္တဝါတို့အား ဘုရားရှင်ကို ဖူးမျှော်ကြရကုန်လျက် ကြည်ညိုခြင်းမဖြစ် ထိုသတ္တဝါတို့ကား အနည်းငယ်သာ ရှိကုန်၏။ ခဲ့ပြီးအံ့

---

၁ ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကား နန်းစတော်ထက် ထီးဖြူအောက်၌ ရဟန္တာဖြစ်၍၊ ပရိနိဗ္ဗာန်စံးမူပြီးဖြစ်၍ ဘဒ္ဒိယမင်း နန်းစံသောအခါ ဖြစ်သောဟူ၏။

၂ ရုပ်ပမာဏရှိသူ သုံးပုံနှစ်ပုံရှိ၏။ အသံပမာဏရှိသူ ငါးပုံလေးပုံရှိ၏။ ခေါင်းပါးခြင်း ပမာဏရှိသူ ဆယ်ပုံကိုးပုံရှိ၏။တရားပမာဏရှိသူဘသိန်းလျှင် ဝေယောက်မျှရှိသောဟူလို။

ရုပ်လျှင် ပမာဏရှိသော သတ္တဝါတို့သည် မြတ်စွာဘုရား၏ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်ကို ဖူးမျှော်ရလျှင် ကြည်ညိုနိုင်ကြကုန်၏။ အသံလျှင် ပမာဏရှိသော သတ္တဝါတို့သည်လည်း အရာမက များစွာသော ဇာတ်တော်တို့ကို အမှီပြု၍ ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဂုဏ်တော် ကျော်စောသံကိုငင်း အင်္ဂါရုစ်ပါးနှင့်ပြည့်စုံသော တရားဟောတော်မူသော အသံတော်ကိုငင်း ကြားနာရလျှင် ကြည်ညိုနိုင်ကြကုန်၏။ ခေါင်းပါးခြင်းလျှင် ပမာဏရှိသော သတ္တဝါတို့သည်လည်း ထိုမြတ်စွာဘုရား၏သင်္ကန်းစသည်တို့၏ ခေါင်းပါးခြင်းကိုစဲ့၍ ကြည်ညိုနိုင်ကြကုန်၏။ တရားလျှင် ပမာဏရှိသော သတ္တဝါတို့သည်လည်း မြတ်စွာဘုရား၏ သီလသည် ဤသို့သဘောရှိ၏။ သမာဓိသည် ဤသို့သဘောရှိ၏။ ပညာသည် ဤသို့သဘောရှိ၏။ မြတ်စွာဘုရားသည် သီလအစရှိသော ဂုဏ်တို့ဖြင့် အတုမရှိ။ တူပြိုင်ဘက်ကင်းသော ပုဂ္ဂိုလ်ဖြစ်တော်မူ၏ဟု ကြည်ညိုနိုင်ကြကုန်၏။ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ပြောဆိုကြကုန်သော ထိုသူတို့၏ ခံတွင်းသည် မဆန့်နိုင်အောင် ဖြစ်လေ၏]။

ဆူးစူးသည်ကို ဆူးဖြင့်ထွင်သလို ဖန်ဆင်းပြခြင်း

ရူပနန္ဒာသည် ရဟန်းမိန်းမတို့၏ငင်း ဒါယိကာမတို့၏ငင်း အထံမှ ဘုရားရှင်၏ ဂုဏ်ကျေးဇူးနှင့်စပ်သော စကားကို ကြားလျှင် ငါ့မောင်တော်ဘုရား၏ ဂုဏ်ကျေးဇူးကို အလွန်အကြူး ချီးမွမ်း ပြောဆိုကြကုန်သည်သာတည်း။ တနေ့ပတ်လုံး ငါ၏ရုပ်၌ အပြစ်ကိုပြောဆိုသော်လည်း အဘယ်မျှလောက် ပြောဆိုနိုင်လတ္တံ့နည်း။ ငါသည် ရဟန်းမိန်းမတို့နှင့်အတူတကွသွား၍ မိမိကိုယ်ကို မပြမူ၍ သာလျှင် ဘုရားရှင်ကိုဖူးမြင်၍ ထိုဘုရားရှင်၏ တရားတော်ကို နာပြီးမှလာရမူကား ကောင်းလေစွဟု ကြံစည်လေ၏။ ထိုရူပနန္ဒာသည် ငါကား ယနေ့တရားနာရာသို့ သွားပါအံ့ (လိုက်ပါအုံ့) ဟု ရဟန်းမိန်းမတို့အား ပြောကြားလေ၏။ ရဟန်းမိန်းမတို့သည် ရူပနန္ဒာအား ဘုရားရှင်၏ အထံတော်သို့ ဆည်းကပ် ခစားခြင်းငှါ သွားရောက်လိုသော ဆန္ဒဖြစ်သည်မှာ ကြာမြင့်လေစွတကား ယနေ့ဘုရားရှင်သည် ရူပနန္ဒာကို အမှီပြု၍ အထူးထူးသော နည်းရှိသော ဆန်းကြယ်

သော ဒေသနာကို ဟောကြားတော်မူလတ္တံ့ဟု နှစ်သက်သောစိတ်ရှိကြကုန်သည်ဖြစ်၍ ထိုရူပနန္ဒာကို ခေါ်လျက် ထုတ်သွားကြလေကုန်၏။ ရူပနန္ဒာသည် ထုတ်သွားသောအခါမှစ၍ ငါကား မိမိကိုယ်ကိုမပြုပေအံ့ဟု ကြံစည်လေ၏။

မြတ်စွာဘုရားသည် ယနေ့ ရူပနန္ဒာသည် ငါဘုရားထံ ဆည်းကပ် ခစားခြင်းငှါ ရောက်လာ့လတ္တံ့ ထိုရူပနန္ဒာအား အဘယ်သို့သဘောရှိသော တရားဒေသနာသည် လျောက်ပတ်အံ့နည်းဟု ကြံဆင်ခြင်တော်မူလတ်သည်ရှိသော် ဤရူပနန္ဒာသည် ရုပ်အဆင်း၌ အလေးပြု၏။ အတ္တဘောဌ် အားကြီးသော မြတ်နိုးခြင်းရှိ၏။ ဆူးဖြင့် ဆူးကို နုတ်ထုတ်ဘိသကဲ့သို့ ထိုရူပနန္ဒာအား ရုပ်ဖြင့်သာလျှင် ရုပ်၌ မာန်မူခြင်းမရှိအောင် ပြုခြင်းသည် လျောက်ပတ်အံ့ဟု ဆုံးဖြတ်ခြင်း ပြုတော်မူ၍ ထိုရူပနန္ဒာ၏ ကျောင်းတော်သို့ ဝင်လာသောအခါ၌ အလှန်အဆင်းလှပသဖြင့် တဆဲ့ခြောက်နှစ်အရွယ်ရှိသော မိန်းမငယ်တယောက်ကို နီမြန်းသောအဝတ်ကို ဝတ်ဆင်လျက် အလုံးစုံသော တန်ဆာဖြင့် တန်ဆာဆင်အပ်သဖြင့် ယပ်ကို ကိုင်ကာ ကိုယ်တော်မြတ် အထံတော်၌တည်လျက် ယပ်ခပ်နေဟန်ကို တန်ခိုးအာနုဘော် အစွမ်းဖြင့် ဖန်ဆင်းတော်မူအပ်၏။ ထိုဖန်ဆင်းအပ်သော မိန်းမကို ဘုရားရှင်သည်ငင်း မြင်တော်မူ၏။ ရူပနန္ဒာသည်လည်း မြင်ရလေ၏။ ကြွင်းသော သူတို့ကား မမြင် ရူပနန္ဒာသည် ရဟန်းမိန်းမတို့နှင့် အတူတကွ ကျောင်းတော်သို့ ဝင်လာ၍ ရဟန်းမိန်းမတို့၏ နောက်နံပါး၌ တည်လျက် ငါးပါးသော တည်ခြင်းဖြင့် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ရဟန်းမိန်းမတို့အကြား၌ နေသဖြင့် ခြေတော်ဖျားမှစ၍ ဘုရားရှင်ကို ကြည့်ရှု ဖူးမျှော်လတ်သည်ရှိသော် လက္ခဏာတော်ကြီး သုံးဆဲ့နှစ်ပါးတို့ဖြင့် ဆန်းကြယ်သော လက္ခဏာတော်ငယ် ရှစ်ဆယ်တို့ဖြင့် ထွန်းတောက်ပခြင်းရှိသော တလံမျှသော ရောင်ခြည်တော်ဖြင့် ဝန်းရံအပ်သော မြတ်စွာဘုရား၏ ကိုယ်တော်ကို မြင်ရသဖြင့် လပြည့်ဝန်းကဲ့သို့ တင့်တယ်ခြင်း အသရေရှိသော မျက်နှာတော်ကို ကြည့်ရှုဖူးမျှော်နေစဉ် အနီးဌ်တည်သော မိန်းမငယ် ရုပ်အဆင်းကို မြင်ရလေ၏။ ထိုရူပနန္ဒာသည် မိန်းမငယ် ရုပ်အဆင်းကို ကြည့်၍ မိမိကိုယ်ကို ကြည့်လိုက်သည်ရှိသော် ရှေဟသ်ာမင်း၏ရှေ့၌ ကျိုးမနှင့် တူစွာ မိမိကိုယ်ကို အောက်မေ့မှတ်ထင်မိလေ၏။ တန်ခိုးဖြင့်ပြီးသော ရုပ်အဆင်းကို မြင်ရသောအခါမှစ၍ သာလျှင် ထိုရူပနန္ဒာ၏မျက်စိတို့သည် ချာချာလည်

(၈) ၁၄၃–၁၇.

သကဲ့သို့ ဖြစ်ကုန်၏။ ထိုရူပနန္ဒာသည် ဤမိန်းမငယ်၏ ဆံပင်တို့သည် အလွန်တင့်တယ်လေစွ နဖူးပြင်သည် အလွန်တင့်တယ်လေစွ ဤသို့အလုံးစုံသောကိုယ်အစိတ်တို့၏ ရုပ်အဆင်းတင့်တယ်ခြင်းအသရေသည် ဆဲဒင်အပ်သောစိတ်ရှိရကား ထိုမိန်းမငယ်၏ ရုပ်အဆင်း၌အားကြီးစွာသောချစ်မြတ်နိုးခြင်းလည်းဖြစ်လေ၏။

ရုပ်အဆင်းတို့၏ အို နာ သေရေး ဒုက္ခဘေးတို့ကို ပြခြင်း

မြတ်စွာဘုရားသည် ထိုရုပ်အဆင်း၌ ရူပနန္ဒာ၏ အလွန်နှစ်ခြိုက် မွေ့လျော်သည်ကို သိတော်မူသဖြင့် တရားဟောတော်မူလျက်သာလျှင် ထိုရုပ်အဆင်းကို တဆဲ့ခြောက်နှစ်အရွယ်ရှိသော အဖြစ်ကို လွန်မြောက်စေတော်မူ၍ အသက်နှစ်ဆယ်အရွယ်ရှိသည်ကို ပြုလုပ်ကာ ပြတော်မူလေ၏။ ရူပနန္ဒာသည် ကြည့်ရှုလျက် ဤရုပ်အဆင်းကား ရှေးနှင့် မတူတော့ပါတကားဟု အတန်ငယ် တပ်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်လေ၏။မြတ်စွာဘုရားသည် အစဉ်အားဖြင့်သာလျှင် မိန်းမငယ်၏အဆင်းကို တကြိမ် သားဖွားသောမိန်းမအဆင်း အလယ်အလတ်ဖြစ်သော မိန်းမ၏ အဆင်း အိုမင်း ရွတ်တတ်သော မိန်းမအို့ကြီး၏ အဆင်း ဤသို့စသော အဆင်းရှိသည်ကို ပြုလုပ်ကာ ပြတော်မူလေ၏။ ထိုရူပနန္ဒာဘိက္ခုနီမသည်လည်း အစဉ်အားဖြင့်သာလျှင် ဤအရွယ် အဆင်းသည်လည်း ကွယ်ပျောက်ခဲ့လေပြီ တကား။ ဤအရွယ်အဆင်းသည်လည်း ကွယ်ပျောက်ခဲ့လေပြီ တကားဟု အတန်ငယ် အတန်ငယ် တပ်ခြင်း ကင်းသောစိတ် ရှိလေ၏။ အိုမင်းရွတ်တတ်သော အဆင်းရှိသည်ကို ပြဇသောကာလ၌ တပ်ခြင်းကင်းသည်ဖြစ်၍ သွားကြိုးသောမိန်းမအသွင် ခေါင်းဖြူသောမိန်းမအသွင် ခါးကိုင်းသောမိန်းမအသွင် နံရိုးကဲ့တဲ့ ကုန်းကွသောမိန်းမအသွင် တောင်ဝှေးလျှင် အားထားစရာရှိသော မိန်းမအသွင် တုန်တုန်ခိုက်ခိုက်ဖြစ်သော မိန်းမအသွင်ကို မြင်ရလျှင် အလွန်အလွန် တပ်ခြင်းကင်းလေသတည်း။ထိုအခါရူပနန္ဒာဘိက္ခုနီမအား ဘုရားရှင်သည် ထိုတန်ခိုးဖြင့် ဖန်ဆင်းသောမိန်းမကို အနာဖြင့် ပြင်းစွာနှိပ်စက်ဟန် ပြု၍ ပြတော်မူပြန်လေ၏။ ထိုဖန်ဆင်းအပ်သော မိန်းမသည် ထိုခဏ၌သာလျှင် တောင်ဝှေးနှင့် ထန်းရွက်ယပ်ဝန်းကို စွန့်ပစ်၍ သည်းစွာသော ငိုကြွေးမြည်တမ်းခြင်းကို မြည်တမ်းလျက် မြေ၌တိမ်းလဲစေပြီးလျှင် မိမိ၏ ကျင်ကြီးကျင်ငယ်၌ နစ်ကာ ထိုမှဤမှ အပြန်ပြန် လူးလှိမ့်ကာ နေရှာလေ၏။

ရူပနန္ဒာဘိက္ခုနီမသည် ထိုအခြင်းအရာကိုလည်း မြင်ရသဖြင့် အလွန်အလွန် သာလျှင် တပ်ခြင်း ကင်းလေသတည်း။ မြတ်စွာဘုရားသည်လည်း ထိုဖန်ဆင်း အပ်သော မိန်းမ၏ သေသော အခြင်းအရာကို ပြတော်မူပြန်လေ၏။ ထို သေသော မိန်းမသည် ထိုခဏခြင်း၌သာလျှင် ဖူးဖူးရောင်သည့်အဖြစ်သို့ ရောက် လေ၏။ ကိုးပါးသော အမာဝတ္ထုမှ ပြည့်ပုပ်အလုံးလိုက် အတောင့်လိုက်တို့သည် ၎င်း ပိုးလောက်တို့သည်၎င်း ယိုထွက်လာကြလေကုန်၏။ ကျီးစသည် တို့သည် စည်းဝေးကုန်လျက် လုယက် ဆွဲငင်ကြ လေကုန်၏။ ထိုရူပနန္ဒာဘိက္ခုနီမသည် လည်း ထိုအခြင်းအရာကို ကြည့်ရှုလျက် ဤမိန်းမငယ်သည် ဤနေရာ၌သာလျှင် အိုခြင်းသို့ရောက်၏။ နာခြင်းသို့ရောက်၏။ သေခြင်းသို့ ရောက်၏။ ဤငါ၏ အတ္တဘောတို့လည်း ဤအတ္တ သာလျှင် အိုခြင်း နာခြင်း သေခြင်း တို့သည် ရောက်လာကြကုန်လတ္တံ့ဟု ခန္ဓာကိုယ် အတ္တဘောကို အမြဲမရှိသောအားဖြင့် မြင်ရလေ၏။ အမြဲမရှိသောအားဖြင့် မြင်ရသောကြောင့်သာလျှင် ဆင်းရဲသော အားဖြင့်၎င်း ကိုယ်မဟုတ်သော အားဖြင့်၎င်း မြင်ရသည်သာလျှင်တည်း။

ရူပနန္ဒာ သောတာပန်တည်ခြင်း

ထိုအခါ၌ ရူပနန္ဒာ ဘိက္ခုနီမအား သုံးပါးသော ဘုံဘဝတို့သည် ထိန်ထိန် တောက်လောင်ကုန်ဘိသကဲ့သို့၎င်း လည်ပင်း၌ ဖွဲ့အပ်ဆွဲငင်အပ်သော အကောင် ပုပ်ကဲ့သို့၎င်း ထင်လာကုန်၏။ ကမ္မဋ္ဌာန်းသို့ ရှေးရှုစိတ်သည် ပြေးဝင်လေ၏။ ဘုရားရှင်သည်လည်း ထိုရူပနန္ဒာ၏ အမြဲမရှိသော အားဖြင့် မြင်သည့် အဖြစ်ကို သိတော်မူ၍ အလိုလိုသာလျှင် မိမိ၏ ထောက်ရာတည်ရာကို ပြုခြင်းငှါ တတ်နိုင် ကောင်းအံ့လောဟု ကြည့်ရှုတော် မူလတ်သည်ရှိသော် မတတ်နိုင်ပေလတ္တံ့။ အပမှ အကြောင်းကိုရခြင်းငှါ သင့်၏ဟု ကြံတော်မူ၍ ထိုရူပနန္ဒာအား လျောက် ပတ်သော အစွမ်းဖြင့် တရားစကား ဟောကြားမြွက်ဟ ပြတော် မူလိုရကား ဤဂါထာတို့ကို မိန့်တော်မူလေ၏။

အာတုရံ အသုစိ ပူတိ၊ ပဿ နန္ဒေ သမုဿယံ။
ဥဿဂရန်္တံ ပဿဂရန်္တံ၊ ဗာလာနံ အဘိပတ္ထိတံ။
ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
ဓာတုတော သုညတော ပဿ၊ မာ လောကံ ပုနရာ ဂမိ။
ဘဝေ ဆန္ဒံ ဝိရာဇေတ္ဝာ၊ ဥပသန္တော စရိဿတိ။

နန္ဒေ၊ ရူပနန္ဒာ။ အာဘုရံ၊ အမြဲအစဉ် နာကျင်လေ့ ရှိသော။ အသုစိ၊ မစင်ကြယ်သော။ ပူတိ၊ အပုပ်အတိဖြစ်သော။ဥဿရန္တံ၊ အထက်ဒွါရတို့မှ ဖိတ်ဝေလျံတက် အန်ထွက်လျက်ရှိသော။ပဿရန္တံ၊ အောက်ဒွါရတို့မှ ယိုစီးကျဆင်းလျက်ရှိသော။ ဗာလာနံ၊ ပညာမျက်စိ မရှိစုံကန်း လူသရမ်းတို့သည်။ အဘိပတ္ထိတံ၊ တောင့်တမပျက် အလွန် နှစ်သက်အပ်သော။ သမုဿယံ၊ ရုံဘွယ်အပေါင်း စုဆောင်းလျောင်သို ကိုယ်ခန္ဓာကြီးကို။ ပဿ၊ ကြည့်ရှုလေ့လော့။

ဣဒံ၊ ဤအတ္တဘောကို။ ဓာတုတော၊ ဓာတ်အားဖြင့်။ သုညတော၊ ဆိတ်သောအားဖြင့်။ ပဿေယျထာ၊ ရှုရာသကဲ့သို့။ တထာ၊ ထို့အတူ။ ဧတံ၊ ထို့အတ္တဘောကို။ ပဿ၊ ရှုလော့။ ဧတံ၊ ထို့အတ္တဘောကို။ ဓာတုတော၊ ဓာတ်အားဖြင့်။ သုညတော၊ ဆိတ်သောအားဖြင့်။ ပဿေယျထာ၊ ရှုရာသကဲ့သို့။ တထာ၊ ထို့အတူ။ ဣဒံ၊ ဤအတ္တဘောကို။ပဿ၊ရှုလော့။ ပုန၊တဖန်။ လောကံ၊ လောကသို့။ မာအာဂမိ၊ မရောက်လာစေလင့်။ ဘဝေ၊ ဘဝသုံးပါး၌။ ဆန္ဒံ၊ နှစ်သက်ခြင်းဆန္ဒကို။ ဝိရာဇေတ္ဝာ၊ တပ်ခြင်းကင်းစေ၍။ဥပသန္တော၊ငြိမ်းလျက်။ စရိဿတိ၊ ကျင့်ရလတ္တံ့။ ဝါ၊ နိဗ္ဗာန်ထုတ်ချောက် ရောက်ရလတ္တံ့။

ဘုရားရှင်သည် နန္ဒာမည်သော ရဟန်းမိန်းမကို အကြောင်းပြု၍ ဤသုတ္တန်ကို (ဤဂါထာတို့ကို) ဟောတော်မူလေပြီ ဤသို့လျှင် နန္ဒာမည်သော ဘိက္ခုနီမသည် ဒေသနာတော်သို့ အစဉ်လျှောက်၍ ဉာဏ်ကိုစေလွှတ်သဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထို့မှ နောက်၌ ရူပနန္ဒာအား အထက်၌ဖြစ်သော သုံးပါးသော မဂ်ဖိုလ်တို့အတွက် ဝိပဿနာ သုံးသပ်ပွားထုံခြင်းအကျိုးဌါ သုညတကမ္မဋ္ဌာန်းကို ဟောကြားတော်မူလို၍ နန္ဒာ ဤကိုယ်၌ အနှစ်ရှိ၏ဟု အမှတ်ကို မပြုလင့် ဤကိုယ်၌ အနည်းငယ်မျှလည်းဖြစ်သော အနှစ်သည်မရှိပေ ဤခန္ဓာကိုယ်သည် သုံးရာသောအရိုးတို့ကို စုံကထောင်၍ ပြုအပ်သော အရိုးစုမြို့ကြီးဖြစ်ပေ၏ဟု ဟောကြားတော်မူလို၍ ဤဂါထာကို မိန့်တော်မူလေ၏။

ဒေသနာတော်

၁၅၀ အဋ္ဌိနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။
ယတ္ထ ဇရာစ မစ္စုစ၊ မာနော မက္ခောစ ဩဟိတော။

အဋ္ဌိနံ၊ စိုက်ထောင်အပ်သော အရိုးတို့ကို။ (နှာရုဝိနဒ္ဓံ၊ အကြောတို့ဖြင့် ချည်တုပ်လျက်) မံသလောဟိတလေပနံ၊ အသားအသွေးတို့ဖြင့် လိမ်းကျံခြင်းရှိသော။ နဂရံ၊ ခန္ဓာအိမ်ကို။ကတံ၊ဆောက်လုပ်အပ်၏။ ယတ္ထ၊ ယင်းခန္ဓာအိမ်၌။ ဇရာစ၊ အိုခြင်းသည်ရင်း။ မစ္စုစ၊ သေခြင်းသည်ရင်း။ မာနောစ၊ မာန်ထောင်လွှားခြင်းသည်ရင်း။ မက္ခောစ၊ ကျေးဇူး ခြေဖျက်ခြင်းသည်ရင်း။ ဩဟိတော၊ သက်ဝင်အရှည့် ပေါင်းစုတည်၏။

ဒေသနာတော်၌မှတ်ဘွယ်

[ကောက်ပဲ စသည်တို့ကို လှောင်ထားရန် သစ်သားတိုင်စိုက်၍ နွယ်တို့ဖြင့် ချည်တုပ်သဖြင့် မြေညက်ဖြင့် လိမ်းကျံပြီးလျှင် ကျီကျဟူသော အပ အိမ်ကို ဆောက်လုပ်ကြသကဲ့သို့ ထို့အတူ ကိုယ်တွင်းဋ္ဌိလည်း အရိုးပေါင်းသုံးရာတို့ကို တိုင်ထူစိုက်၍ အကြောကိုးရာတို့ဖြင့် တုပ်နှောင်ချည်ဖဲ့သဖြင့် အသားတစ်ကိုးရာနှင့်တကွသော သွေးရဲရဲတို့ဖြင့် လိမ်းကျံပြီးလျှင် အပေါ် အရေပါးဖြင့် ဖုံးလွှမ်းအပ်သော ခန္ဓာကိုယ် အတွင်ဘောအိမ်ကိုလည်း ယိုယွင်းဆွေးမြည့်ခြင်းလက္ခဏာရှိသော ဇရာကိုဌင်း အသက်စွန့်ပစ်ရခြင်းလက္ခဏာရှိသော မစ္စု(မရဏ) ကိုဌင်း ပြည့်စုံခြင်း စသည်ကိုစဲ့၍ မူးယစ် ထောင်လွှားခြင်းလက္ခဏာရှိသော မာနကိုဌင်း ကောင်းစွာပြုစုဘူးသော သူတပါး၏ ကျေးဇူးကို ချေဖျက်ခြင်းလက္ခဏာရှိသော မက္ခဟူသော တရားဆိုးကိုဌင်း သိုလှောင် သိမ်းဆည်းထားဘို့ရန် ဆောက်လုပ်ရလေ၏။ ထိုစကားမှန်၏ ဤခန္ဓာအိမ်၌ ဤသို့သဘောရှိသော ကိုယ်အနာ စိတ်အနာသည်သာလျှင် စုပေါင်းကာ တည်နေလေ၏ သည်ထက်အလွန် ယူစရာ ရစရာ တစုံတရာ ဘာမျှမရှိ ဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ရူပနန္ဒာ ထေရီမသည် အရဟာတ္တဖိုလ်သို့ ရောက်လေ၏။ လူများအပေါင်းအား‌လည်း အကျိုးရှိသော တရားဒေသနာဖြစ်တော်မူလေ၏။

ဇနပဒကလျာဏီရူပနန္ဒာထေရီမဝတ္ထုပြီး၏။

၆-မလ္လိကာမိဖုယားဝတ္ထု

ဇီရန္တိဝေ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မလ္လိကာမိဖုယားကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မလ္လိကာမိဖုယား၏ မကောင်းမှု

မလ္လိကာမိဖုယားသည် တနေ့သ၌ ရေချိုးအိမ်သို့ ဝင်၍ မျက်နှာသစ်ပြီးလျှင် အောက်သို့ ညွှတ်ကိုင်းသောကိုယ်ရှိသဖြင့် သလုံးမြင်းခေါင်းကို ရေဆေးခြင်းငှါ အားထုတ် လေ၏။ ထိုမလ္လိကာ မိဖုယား နှင့်လည်း အတူတကွ သာလျှင် ဝင်လိုက်လာသော အကျမ်းဝင်သော ခွေးတစ်ကောင်သည် ရှိ၏ ထိုခွေးသည် မိဖုယားကို ထိုအခြင်းအရာဖြင့် အောက်သို့ညွှတ်ကိုင်းသည်ကိုမြင်ရလျှင် မသူတော်တို့၏ ပေါင်းသင်းဆက်ဆံခြင်းကို ပြုခြင်းငှါ အားထုတ်လေ၏။ မလ္လိကာမိဖုယားသည် အတွေ့ကို သာယာလျက် တည်နေလေ၏။ ကောသလမင်းကြီးသည်လည်း ပြာသာဒ်အထက်၌ တည်နေလျက် လေသာနန်းပြူတင်းဖြင့် ကြည့်ရှုသည်ရှိသော် ထိုအခြင်းအရာကို တွေ့မြင်ရခြင်းကြောင့် ရေချိုးအိမ်မှ ပြန်တက်လာသော်အခါ အယုတ်တမာမ၊ ပျက်စီးလေတော့လော့၊ အဘဲ့ကြောင့် ဤသို့သဘောရှိသောအမှုကို ပြုဘိသနည်းဟု ဆိုလေ၏။ အရှင်မင်းကြီး အကျန်ုပ်သည် အဘယ်အမှုကို ပြုရပါသနည်းဟု ဆိုလတ်သော် သင်သည် ခွေးနှင့်တကွ ရောယှက်ဘိ၏ဟု ဆိုလေ၏။ အရှင်မင်းကြီး ဤအမှုပြုခြင်းသည် မရှိရပါဟု ဆိုသော် ငါသည် ကိုယ်တိုင်မြင်အပ်၏၊ သင်၏စကားကို ငါမယုံနိုင်၊ အယုတ်တမာမ ပျက်စီးလေတော့လော့ဟု ဆိုပြန်လေ၏။

မြတ်သောမင်းကြီး အမှတ်မရှိ တယောက်ယောက်သောသူသည် ဤရေချိုးအိမ်သို့ ဝင်သည်ရှိသော် ဤလေသာ ပြူတင်းပေါက်ဖြင့် ကြည့်ရှုသောသူအားတယောက်ထည်းပင်လျှင် နှစ်ယောက်အားဖြင့် ထင်တတ်၏ဟု မဟုတ်မမှန်သောစကားကို ပြောကြားလေ၏၊ အရှင်မင်းကြီး အကျန်ုပ်၏စကားကို အကယ်၍မယုံသည်ဖြစ်အံ့ ဤရေချိုးအိမ်သို့ဝင်လော့ အကျန်ုပ်သည် ရှင်မင်းကြီးကို ဤလေသာပြူတင်းဖြင့် ကြည့်ရှုပါအံ့ဟု ဆိုသည်ရှိသော် မင်းကြီးသည် တွေ့ဝေသောသဘောရှိသည်ဖြစ်၍ ထိုမလ္လိကာ၏စကားကို ယုံကြည်သဖြင့် ရေချိုးအိမ်သို့ဝင်

လေ၏၊ထိုမလွိကာမိဖုယားသည်လည်း လေသာနန်းပြူတင်း၌ ရပ်၍ကြည့်ရှုလျက် လှန်စွာ မိုက်လှသော မင်းကြီး အဘဲ့ကြောင့် ဆိတ်မနှင့် အတူတကွ ဤသို့ ပေါင်းသင်းဆက်ဆံခြင်းကို ပြုလုပ်ဘိသနည်းဟု ဆိုလေ၏၊ မင်းကြီးသည်လည်း မလွိကာမိဖုယား ငါကား ဤသို့သဘောရှိသောအမှုကို မပြုရပါဟုဆိုလတ်သော်လည်း ငါသည် ကိုယ်တိုင်မြင်ရ၏၊ သင့်စကားကိုငါမယုံနိုင်ဟုဆိုလေ၏၊ ထိုစကားကိုကြားလျှင် မင်းကြီးသည် မချတ်ကေန် ဤရေချိုးအိမ်သို့ ဝင်သည်ရှိသော် တယောက်ထည်း ပင်လျှင် နှစ်ယောက်အားဖြင့် ထင်တတ်၏ဟု ယုံကြည်မိလေ၏၊ မလွိကာမိဖုယားသည် ဤမင်းကြီးကား အလှန် မိုက်မဲ တွေဝေသောကြောင့် ငါလှည့်စားသည်ကို ခံရရှာလေ၏၊ ငါသည် မကောင်းမှုကို ပြုမိချေပြီ၊ ဤမင်းကြီးကိုလည်း မဟုတ်မမှန်သော အားဖြင့် စွပ်စွဲမိချေပြီ ငါ၏ အမှုကို မြတ်စွာဘုရားသည်လည်း သိတော်မူလတ္တံ့ နှစ်ပါးသော အဂ္ဂသာဝကတို့သည်ဌင်း ရှစ်ကျိပ်သော မဟာသာဝကတို့သည်ဌင်း သိတော်မူကြကုန်လတ္တံ့ ငါသည် အလှန်တရာ ဝန်လေးစွာသောအမှုကို ပြုမိလစ္တတကားဟု နောင်တပူပန် ကြံအောက်မေ့ရ ရှာလေသတည်း။

မလွိကာ မိဖုယား ငရဲခံရခြင်း

ဤမလွိကာမိဖုယားကြီးသည် ပဿေနဒီကောသလမင်းကြီး၏အတုမရှိသော အသဒိသ အလှူကြီးကိုပေးလှူရာ၌ အဘော်ဖြစ်ဘူးလေ၏၊ ထိုအသဒိသဒါနအလှူကြီး၌လည်း တနေ့တည်း၌ ပြုအပ်သော စွန့်ကြဲခြင်းသည် ဥစ္စာတဆဲ့လေးကုဋေထိုက်တန်လေ၏၊မြတ်စွာဘုရားအလို့ငှါ လှူဒါန်းသော ထီးဖြူ ထိုင်တော်မူရာပလ္လင်သပိတ်ခြေ ခြေဆေးအင်းပျဉ် ဤလေးပါးသော အလှူဝတ္ထုတို့သည်လည်း အဘိုးမံပြတ်နိုင်အောင် ထိုက်တန်ကုန်သည်သာလျှင် ဖြစ်ကုန်၏၊ ထိုမလွိကာမိဖုယားကြီးသည် သေခါနီးသောကာလ ဤသို့သဘောရှိသော မျှားစွာသော စွန့်ကြဲလှူဒါန်းခြင်းကို မအောက်မေ့မိနိုင်ရှာသဖြင့် ထိုမကောင်းမှုကံကိုသာ အောက်မေ့လျက် စုတေ့မနေ ကွယ်လွန်လေသော် အဝီစိငရဲ၌ ဖြစ်ရရှာလေ၏၊ ပဿေနဒီကောသလမင်းကြီးသည်ကား ထိုမလွိကာမိဖုယားကြီးအပေါ် ၌ အလွန်လျှင် ချစ်မြတ်နိုးလေ၏၊ ထိုမင်းကြီးသည် ကြီးစွာသောစိုးရိမ်ခြင်း နှိပ်စက်အပ်သည်ဖြစ်၍ မလွိကာမိဖုယား၏ အလောင်းကောင်သင်္ဂြိုဟ်ခြင်းကိစ္စကိုပြုစေပြီးလျှင် မလွိကာ

မိဖုယား၏ ဖြစ်ရာအရပ်ကို မေးမြန်း လျှောက်ထားဦးအံ့ဟု ဘုရားရှင်၏ အထံတော်သို့ သွားလေ၏၊ ဘုရားရှင်သည် အကြင် အခြင်းအရာဖြင့် ပြုသည်ရှိသော် ကောသလမင်းကြီးသည် လာခြင်းအကြောင်းကို သတိမရ ထိုအခြင်းအရာဖြင့် ပြုတော်မူလေ၏၊ ကောသလ မင်းကြီးသည် မြတ်စွာဘုရား၏ အထံတော်၌ မှတ်သား အောက်မေ့ထိုက်သော တရားစကားကို ကြားနာပြီးလျှင် နန်းတော်သို့ ဝင်သောကာလ၌ အောက်မေ့မိ၍ အချင်းလုလင်တို့ ငါသည် မလ္လိကာမိဖုယား၏ ဖြစ်ရာအရပ်ကို မေးမြန်းအံ့ဟု ဘုရားရှင်၏ အထံတော်သို့သွားလေရာ မေ့လျော့ခဲ့လေ၏။ နက်ဖြန်မူကား မေးဖြစ်အောင်မေးအံ့ဟုဆို၍ တဖန် မိုးသောက်သော နေ့၌လည်း သွားပြန်လေ၏။ ဘုရားရှင်သည်လည်း အစဉ်အတိုင်း အားဖြင့် ခုနစ်ရက်တို့ပတ်လုံး ကောသလမင်းကြီး သတိမရအောင် ပြုတော်မူလေ၏။

ငရဲမှလွတ်၍ တုသိတာ၌ဖြစ်ခြင်း

မလ္လိကာမိဖုယားသည်လည်း ခုနစ်ရက်ပတ်လုံးသာလျှင် ငရဲ၌ ကျက်ရခံရ၍ ရှစ်ရက်မြောက်သောနေ့၌ ထိုအဝီစိငရဲမှ စုတေလတ်သည်ရှိသော် တုသိတာ နတ်ပြည်၌ ဖြစ်လေ၏။

[အဘယ့်ကြောင့် ကောသလမင်းကြီးအား ဘုရားရှင်သည် သတိမရသည့်အဖြစ်ကို ပြုတော်မူဘိသနည်း ဟူမူကား ထိုကောသလမင်းကြီးသည် မလ္လိကာမိဖုယားအား အလွန်လျှင် ချစ်ခင်မြတ်နိုးခြင်းနှလုံးကို ပွားစေခြင်း ဖြစ်လေသတတ်။ ထို့ကြောင့် မလ္လိကာမိဖုယား၏ ငရဲ၌ ဖြစ်ရသည့် အဖြစ်ကို ကြားသိရလျှင် ဤသို့သဘောရှိသော ကြည်ညိုခြင်းနှင့်ပြည့်စုံသော မလ္လိကာသည် အဝီစိငရဲ၌ အကယ်၍ဖြစ်ခဲ့ငြားအံ့ အလှူကိုပေးလှူ၍ အဘယ်ကိုပြုလုပ်ရတော့အံ့နည်းဟု ၁မှားသောအယူကိုယူသဖြင့် ငါးရာသော ရဟန်းတို့အား အိမ်တော်၌ဖြစ်သော အမြဲ နိစ္စဘတ် ဆွမ်းဝတ်ကို ယုတ်စေပြီးလျှင် ငရဲ၌ ဖြစ်လေရာ၏]။

ထို့ကြောင့် ကောသလမင်းကြီးအား ဘုရားရှင်သည် ခုနစ်ရက်ပတ်လုံး သတိမရသည့် အဖြစ်ကို ပြုတော်မူ၍ ရှစ်ရက်မြောက်သော နေ့၌ ဆွမ်းအလို့ငှါ

---

၁ အလှူလှူခြင်းသည်၊ အကျိုးမရှိဟု နတ္ထိကဒိစ္ဆာဒိဋ္ဌိအယူ ယူမည်ကို စိုးရိမ်ရ၏ ဟူလို။

လှည့်လည်တော် မူလတ်သည်ရှိသော် ကိုယ်တော်တိုင်သာလျှင် မင်းအိမ်တံခါးသို့ ကြွသွားတော်မူလေ၏။ ကောသလမင်းကြီးသည် ဘုရားရှင် ကြွလာကျော်မူ၏ဟု ကြားရလျှင် သပိတ်ကိုယူ၍ ပြာသာဒ်သို့ တက်စိမ့်သောငှါ အားထုတ်လေ၏။ ဘုရားရှင်သည် ရထားတင်းကုပ်၌ နေထိုင်ခြင်းငှါ အခြင်းအရာကို ပြတော်မူ၏။ ကောသလမင်းကြီးသည် ဘုရားရှင်ကို ထိုရထားတင်းကုပ်၌သာ နေစေပြီးလျှင် ယာဂု ခဲဘွယ်ဖြင့် အမြတ်တနိုးပြု၍ လှူဒါန်း ဆက်ကပ်၍ ရှိခိုးကာနေလျက် သာလျှင် မြတ်စွာဘုရား တကာတော်သည် မလ္လိကာမိဖုယား၏ ဖြစ်ရာအရပ်ကို မေးမြန်း လျှောက်ထားအံ့ဟု လာပါသော်လည်း မေ့လျော့ခဲ့ပါသည်။ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုမလ္လိကာသည် အဘယ်အရပ်၌ ဖြစ်ရပါသနည်းဘုရားဟု မေးမြန်းလတ်သော် မြတ်သောမင်းကြီး တုသိတာနတ်ပြည်၌ ဖြစ်လေပြီဟု မိန့်တော်မူလေ၏။

ကောသလမင်းကြီး ဝမ်းသာဝမ်းနည်းခြင်း

ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား မလ္လိကာ မိဖုယားသည် တုသိတာနတ်ပြည်၌ မဖြစ်သည်ရှိသော် တပါးသော အဘယ်သူသည် ဖြစ်နိုင်ပါအံ့နည်းဘုရား မြတ်စွာဘုရား မလ္လိကာနှင့်တူသော မိန်းမသည် မရှိပါဘုရံး။ ထိုမလ္လိကာအား ထိုင်ရာ ထရာ စသည်တို့၌ နက်ဖြန် မြတ်စွာဘုရားအား ဤအလှူဒါန်းအံ့ ဤကောင်းမှုကို ပြုလုပ်အံ့ဟု ဤလှူဒါန်းရန် စီရင်ခြင်းကို ဖယ်ထား၍ အခြားသောကိစ္စပင် မရှိပါဘုရား။ မြတ်စွာဘုရား ထိုမလ္လိကာ၏ ဘဝတပါး ပြောင်းသွားလေသောအခါကာလမှစ၍ တပည့်တော်၏ ခန္ဓာကိုယ်ကြီးသည် ဘာကိုမျှ မရွက်ဆောင်တတ် မပြုလုပ်တတ်တော့ပါဘုရားဟု လျှောက်ထားရှာလေ၏။ ထိုအခါ ကောသလမင်းကြီးကို ဘုရားရှင်သည် မြတ်သောမင်းကြီး ထွေထွေရာရာ မကြံစည်လေလင့် ဤသေခြင်းသဘောသည် အလုံးစုံသော သတ္တဝါတို့အား မြဲသောသဘော ဖြစ်ပေ၏ဟု မိန့်တော်မူ၍ မြတ်သောမင်းကြီး ဤရထားသည် အဘယ်သူ၏ရထား ဖြစ်သနည်းဟု မေးတော်မူလေ၏ ထိုစကားကိုကြားရလျှင် ကောသလမင်းကြီးသည် ဦးခေါင်းထက်၌ လက်အုပ်ကို ဘင်ချီလျက် မြတ်စွာဘုရား တပည့်တော်၏ ဘိုးတော် မင်းတရားကြီး၏ ရထား ဖြစ်ပါသည်ဘုရားဟု လျှောက်လေ၏။ ဤရထားကား အဘယ်သူ၏ ရထားနည်း

ဟု မေးပြန်လျှင် မြတ်စွာဘုရား တပည့်တော်၏ အဘာခမည်းတော် မင်းတရား၏ ရထားပါဘုရားဟု လျှောက်ပြန်လေ၏။ ဤရထားကား အဘယ်သူ၏ရထားနည်း ဟု မေးပြန်လျှင် မြတ်စွာဘုရား ဤရထားကား တပည့်တော်၏ ရထားပါဘုရား ဟု လျှောက်ကြားလေ၏၊ ဤသို့လျှောက်ကြားလတ်သည်ရှိသော် ဘုရားရှင်သည် မြတ်သောမင်းကြီး သင့် ဘိုးတော်၏ရထားသည် အဘယ်အကြောင်းကြောင့် သင့်ခမည်းတော်၏ ရထားသို့မရောက်လေဘိသနည်း သင့်ခမည်းတော်၏ ရထားသည် အဘယ်အကြောင်းကြောင့် သင်၏ရထားသို့ ၁မရောက်လေဘိသနည်းဟု မိန့်တော်မူပြီးလျှင် ဤသို့သဘောရှိသည်မည်သော သစ်သားတုံး၏ သော်လည်း ဆွဲမြည့်ခြင်းသို့ ရောက်ရာဘိသေး၏၊ ထို့ခန္ဓာကိုယ်အတွင်ဘောကား အဘယ်မှာ ဆိုဘွယ်ရာရှိတော့အံ့နည်း၊ မြတ်သောမင်းကြီး သူတော်ကောင်းတရား တခုအား သာလျှင် အိုမင်းဆွေးမြည့်ခြင်းမရှိ သတ္တဝါတို့အားကား မအိုမင်း မဆွေးမြည့်ခြင်း သဘောမည်သည် မရှိဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၅၁ ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊ အထော သရီရံပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော နဇရံ ဥပေတိ၊ သန္တော ဟဝေ သဒ္ဓိ ပဝေဒယန္တိ။

သုစိတ္တာ၊ ရတနာခုနစ်ပါး စသည်တို့ဖြင့် အလှန်ဆန်းကြယ်ကုန်သော။ ရာဇရထာ၊ မင်းစီးရထားတို့သည်။ ဝေ၊ စင်စစ်။ ဇီရန္တိ၊ ဆွေးမြည့်ကုန်၏။ အထော၊ ထို့မှတပါး။ သရီရံပိ၊ ခန္ဓာကိုယ်သည်လည်း။ ဇရံ၊ ဆွေးမြည့်ခြင်းသို့။ ဥပေတိ၊ ရောက်၏။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မော၀၊ ကိုးပါးသော လောကုတ္တရာတရားသည်ကား။ ဇရံ၊ ဆွေးမြည့်ခြင်းသို့။ နဥပေတိ၊ မရောက်။

[ချမ်းသာကိုသာ သန်သန် မာမာ ပျိုနုလျက် ဆောင်ရွက် တက်၏၊ ဖေါက်ပြန် အိုမင်း ညှဉ်းပန်းခြင်းကို မပြုတတ် ဟူလို]။

ဇဝံ၊ ဤသို့။ သန္တော၁၊ သူတော်ကောင်းတို့သည်။ သဒ္ဓိ၊ သူတော်ကောင်းတို့နှင့်။ ဟဝေ၊ စင်စစ်။ ပဝေဒယန္တိ၊ ပြောဟောကြကုန်၏။

---

၁ သင်၏ဧထားလောက် ခိုင်ခံ့ခြင်းမရှိ ဆွေးမြည့်ချတ်ယွင်းခဲ့လေပြီ ဟူလို။

ဒေသနာတော်၏ အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ စသည်တို့သို့ ရောက်ကြလေကုန်၏။

မလ္လိကာမိဖုယားဝတ္ထု ပြီး၏။

၇–လာဋ္ဌုဒါယီမထေရ်ဝတ္ထု

အပ္ပဿုတာယံ- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ၁လာဋ္ဌုဒါယီမထေရ်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မဆိုင်သောတရား ဟောကြားခြင်း

ထိုလာဋ္ဌုဒါယီမထေရ်ကား မင်္ဂလာပြုကုန်သောသူတို့၏အိမ်သို့ ရောက်သွားလျှင် "တိရောကုဋ္ဌေသု တိဋ္ဌန္တိ" အစရှိသောနည်းဖြင့် မင်္ဂလာမရှိသော ပေတဝတ္ထု တရားစသည်တို့ကို ဟောကြားလေ၏၊ မင်္ဂလာမရှိသည်ကို ပြုကုန်သော သူတို့၏ အိမ်သို့ ရောက်သွားလျှင် တိရောကုဋ္ဌသုတ် စသည်တို့ကို ဟောအပ်ကုန်လျက် "ဒါနဥ္စ ဓမ္မစရိယာစ" အစရှိသောနည်းဖြင့် မင်္ဂလာစကားကိုဌင်း၊ "ယံကိဥ္စိ ဝိတ္တံ ဣဓဝါဟုရံဝါ" အစရှိသော ရတနသုတ်ကိုဌင်း ဟောကြားလေ၏၊ ဤသို့လျှင် ထိုထိုသောနေရာတို့၌ တပါးသော တရားစကားကို ဟောကြားအံ့ဟုကြံ၍ တပါးသောတရားစကားကို ဟောကြားမိသော်လည်း ငါသည် မစပ်မဆိုင် ဟောကြားမိ၏ဟု မသိတတ် ရဟန်းတို့သည် ထိုလာဋ္ဌုဒါယီ၏ တရားစကားကို ကြားရလျှင် မြတ်စွာဘုရားအား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အသို့ပါနည်း မင်္ဂလာရှိသောနေရာ မင်္ဂလာမရှိသော နေရာတို့၌ လာဋ္ဌုဒါယီမထေရ် ရောက်သွားသည်ရှိသော် တပါးသောတရားကို ဟောအပ်လျက် တပါးသောတရားကို ဟောပါသည် ဘုရားဟု နားတော်လျှောက်ကြ လေကုန်၏၊ ဘုရားရှင်သည် ချစ်သားရဟန်းတို့ ထိုလာဋ္ဌုဒါယီ မထေရ်ကား ယခုသာလျှင် ဤသို့ဟောသည်မဟုတ်သေး။ ရှေး၌လည်း တပါးသောစကားကို ဆိုအပ်လျက်

---

၁ လာဋ္ဌ+ဥဒါယီ - လျှပ်ပေါ် လော်လည်လေ့ရှိသော ဥဒါယီမည်သော ဖေါ်နေး။

တပါးသောစကားကို ဆိုဘူးပြီဟု မိန့်တော်မူ၍ လွန်လေပြီးသော အတိတ်ကို ဆောင်တော်မူလေ၏။

နွားတောင်းဂါထာ သင်ယူခြင်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် အဂ်ိဒတ္တအမည်ရှိသော ပုဏ္ဏား၏ သားဖြစ်သော သောမဒတ္တအမည်ရှိသော သတို့သားသည် မင်းကြီးကို ခစားလေသတတ်။ ထိုသောမဒတ္တကို မင်းကြီးသည် ချစ်မြတ်နိုးအပ်၏ နှလုံးကိုပုံးစေအပ်၏ အဂ်ိဒတ္တပုဏ္ဏားကြီးသည်ကား လယ်ထွန်ခြင်းအမှုကို အမှီပြု၍ အသက်မွေး၏။ ထိုပုဏ္ဏားကြီးအား နွားနှစ်ကောင်တို့သည် ရှိကုန်၏။ ထိုနွားနှစ်ကောင်တို့တွင် နွားတကောင်သည် သေရှာလေ၏။ ပုဏ္ဏားကြီးသည် သားကို ချစ်သားသောမဒတ္တ မင်းကြီးကို ငါ့အဘို့တောင်း၍ နွားတကောင် ဆောင်ခဲ့ချေလော့ဟု ဆိုလေ၏။ သောမဒတ္တသည် ငါကား မင်းကြီးကို အကယ်၍ တောင်းသည်ဖြစ်အံ့ ငါ၏ပေါ့လျော့သောအဖြစ်သည် ထင်ရှားလတ္တံ့ဟုကြံ၍ ဘခင် ဘခင်တို့သည် သာလျှင် မင်းကြီးကို တောင်းကြပါကုန်လော့ဟုဆိုသဖြင့် ထိုသို့ဖြစ်မူ ငါ့သား ငါ့ကိုခေါ်ယူ၍ သွားချေလော့ဟု ဆိုသည်ရှိသော် ဤသို့ကြံလေ၏။ ဤပုဏ္ဏားကြီးကား နှုန့်သောပညာရှိ၏။ ရွှေသို့တက်လော့ နောက်သို့ဆုတ်လော့ ဟူသောစကားမျှကိုလည်းမသိ တပါးသောစကားကို ပြောဆိုအပ်လျက် တပါးသောစကားကိုသာ ယောင်မှား ပြောဆိုတတ်၏။ ထိုဘခင်ပုဏ္ဏားကြီးကို သင်ပေးပြီးမှသာ ဆောင်ပေအံ့ဟုကြံပြီးလျှင် သောမဒတ္တသည် ဘခင်ပုဏ္ဏားကြီးကိုခေါ်၍ ဗီရဏတ္ထမ္ဘက အမည်ရှိသော သုသာန်သို့သွား၍ မြက်စည်းတို့ကို ဖွဲ့စည်းပြီးလျှင် ဤမြက်စည်းကား မင်းကြီး ဤမြက်စည်းကား အိမ်ရှေမင်း ဤမြက်စည်းကား စစ်သူကြီးဟု ပြုလုပ်သဖြင့် အစဉ်အတိုင်း ဘခင်ပုဏ္ဏားကြီးအား ပြပြီးသည်ရှိသော် သင်ဘခင်တို့သည် မင်းအိမ် နန်းတော်သို့ ရောက်လျှင် ဤသို့ ရွှေသို့တက်အပ်၏။ ဤသို့ နောက်သို့ ဆုတ်အပ်၏။ မင်းကြီးကို ဤသို့မည်သည် သံတော်ဦးတင်အပ်၏။ အိမ်ရှေမင်းကို ဤသို့လျှောက်တင်အပ်၏။ မင်းကြီးသို့ ချဉ်းကပ်မိလျှင် ဇယတု မဟာရာဇ မြတ်သောမင်းကြီး အောင်တော်မူပါစေသတည်းဟုဆို၍ ဤဂါထာကို ရွတ်ဆိုသဖြင့် နွားကို တောင်းကြပါကုန်လော့ဟု သင်ပေးပြီးမှ ဂါထာကို သင်ယူစေလေ၏။

ဒ္ဒေ မေ ဂေါဏာ မဟာရာဇ၊ ယေဟိ ခေတ္တံ ကာသာမသေ။
တေသု ဧကော မတော ဒေဝ၊ ဒုတိယံ ဒေဟိ ခတ္တ်ိယ။
မဟာရာဇ၊ မြတ်သောမင်းကြီး။ မေ၊ အကျွန်ုပ်အား။ ဒ္ဒေဂေါဏာ၊ နွားနှစ်ကောင်တို့သည်။ သန္တိ၊ ရှိပါကုန်၏။ ယေဟိ၊ အကြင် နွားနှစ်ကောင်တို့ဖြင့်။ ခေတ္တံ၊ လယ်ကို။ကာသာမသေ၊ ထွန်ကြရပါကုန်၏။ဒေဝ၊ အရှင်မင်းကြီး။တေသု၊ ထိုနွားနှစ်ကောင်တို့တွင်။ဧကော၊ နွားတကောင်သည်။ မတော၊ သေခဲ့လေ၏။ ခတ္တိယ၊ ရေမြေကို အစိုးရသော အရှင်မင်းကြီး။ဒုတိယံ၊ အခြောင်နွားကို။ ဒေဟိ၊ သနား ကယ်မတော်မူပါလော့။

နွားတောင်းသောအခါ ရှုတ်ဆိုမိပုံ

ထိုအဂ္ဂိဒတ္တာပုဏ္ဏားကြီးသည် တနှစ်မျှဖြင့် ထိုဂါထာကို လေ့လာခြင်းရှိအောင်ပြု၍ လေ့လာခြင်း ရှိသည့်အဖြစ်ကို သားအား ပြောကြားလေသဖြင့် ထိုသို့ဖြစ်မူ ဘခင် တစုံတခုသာလျှင်ဖြစ်သော လက်ဆောင်ကိုယူ၍ လာကြပါကုန်လော့ ကျွန်တော်ကား ရှေးဦးစွာသွား၍ မင်းကြီး၏ အထံ၌ နေနှင့်ပါမည်ဟု ဆိုသည်ရှိသော် ချစ်သား ကောင်းပြီဟုဆို၍လက်ဆောင်ကိုယူလျက် မင်းကြီး၏အထံ၌ သောမဒတ္တ နေသောအခါ အားထုတ်ခြင်းသို့ ရောက်သည်ဖြစ်၍ မင်းအိမ်တော်သို့ သွားသည်ရှိသော် မင်းကြီးသည် နှစ်သက်သော စိတ်ရှိသဖြင့် ဝမ်းမြောက်ဝမ်းသာ စကားပြောကြားအပ်သည်ဖြစ်၍ ဘခင်ပုဏ္ဏားကြီးကြာမြင့်သောကာလမှ ရောက်လာပေစွတကား ဤနေရာ၌ နေထိုင်၍ အလိုရှိရာဝတ္ထုဖြင့် ဆိုဘိလော့ဟု မိန့်ဆိုလတ်သည်ရှိသော် ဤဂါထာကိုဆိုလေ၏။

ဒ္ဒေ မေ ဂေါဏာ မဟာရာဇ၊ ယေဟိ ခေတ္တံ ကာသာမသေ။
တေသု ဧကော မတော ဒေဝ၊ ဒုတိယံ ဂဏှ ခတ္တ်ိယ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ မေ၊ အကျွန်ုပ်အား။ ဒ္ဒေဂေါဏာ၊ နွားနှစ်ကောင်တို့သည်။ သန္တိ၊ ရှိပါကုန်၏။ယေဟိ၊ အကြင် နွားနှစ်ကောင်တို့ဖြင့်။ ခေတ္တံ၊ လယ်ကို။ကာသာမသေ၊ ထွန်ကြရပါကုန်၏။ ဒေဝ၊အရှင်မင်းကြီး။တေသု၊ ထိုနွား နှစ်ကောင်တို့တွင်။ဧကော၊နွားတကောင်သည်။ မတော၊ သေခဲ့လေ၏။ ခတ္တိယ၊ ရေမြေကိုအစိုးရသော အရှင်မင်းကြီး။ ဒုတိယံ၊ အခြောင်နွားကို။ ဂဏှ၊ ယူငင်သိမ်းပိုက်တော်မူပါလော့။

မင်းကြီးသည် ဘခင်ပုဏ္ဏားကြီး အဘယ်ကိုဆိုသနည်း၊ တဖန်ဆိုဦးလော့ဟု အမိန့်ရှိပြန်သော်လည်း ထိုနှားပေး ဂါထာကိုသာလျှင် ဆိုပြန်လေ၏။

သားလျှောက်ပုံကောင်းသဖြင့် နွားတို့ကို ရရှိခြင်း

မင်းကြီးသည် ထိုပုဏ္ဏားကြီး ချွတ်ယွင်းချို့ဆိုသည့်အဖြစ်ကို သိတော်မူရလျှင် ပြုံးခြင်းကို ပြုတော်မူလျက် ချစ်သား သောမဒတ္တ သင်တို့၏အိမ်၌ နွားတို့ကား ပေါများလှယောင်တကားဟု အမိန့်တော် ရှိလတ်သော် အရှင်မင်းကြီး အရှင်မင်းကြီးတို့ ပေးသနားတော် မူအပ်ကုန်သည်ရှိသော် ပေါများလှသည် ဖြစ်ကြပါလိမ့်မည်ဘုရားဟု လျှောက်တင်ခြင်းကြောင့် ဘုရားလောင်း သောမဒတ္တအား နှစ်သက်သဖြင့် ပုဏ္ဏားကြီးအား တဆဲ့ ခြောက်ကောင်သော နွားတို့ကိုဌင်း၊ တန်ဆာဆင်ရန်ဘဏ္ဍာကိုဌင်း၊နေထိုင်စရာရွာကိုဌင်း ပုဏ္ဏားကြီးအား မြတ်သော ဆုလာဘ်တော်ကို ပေးသနားတော်မူ၍ များသော အခြံအရံနှင့်တကွ ပုဏ္ဏားကြီးကို လွှတ်လိုက်လေ၏၊ မြတ်စွာဘုရားသည် ဤတရား ဒေသနာတော်ကို မဆောင်တော်မူ၍ ထိုအခါ ဗာရာဏသီမင်းသည် ယခုအခါ အာနန္ဒာ ဖြစ်လာလေ၏၊ ပုဏ္ဏားကြီးသည် လာဠုဒါယီဖြစ်လာလေ၏၊ သောမဒတ္တသည်ကား ငါ့ဘုရားသာလျှင် ဖြစ်လာလေ၏ဟု ဇာတ်ကိုပေါင်းတော်မူ၍ ချစ်သားရဟန်းတို့ ယခုအခါ၌သာလျှင် မဟုတ်သေး ရှေးအခါ၌လည်း ဤလာဠုဒါယီသည် မိမိ၏ နည်းသော အကြားအမြင်ရှိသည် အဖြစ်ကြောင့် တပါးသော စကားကို ဆို အပ်လျက် တပါးသောစကားကို ဆိုဘိ၏၊ နည်းသော အကြားအမြင်ရှိသော ယောကျ်ားသည် ဒုန်းလားနှင့် တူသည်မည်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော် မူလေ၏။

ဒေသနာတော်

၁၅၂ အပ္ပဿုတာယံ ပုရိသော၊ ဗလိဗဒ္ဓါဝ ဇီရတိ။
မံသာနိ တဿ ဝဍ္ဎန္တိ၊ ပညာ တဿ န ဝဍ္ဎတိ။

အပ္ပဿုတော၊ နည်းသော အကြားအမြင် ရှိသော။ အယံပုရိသော၊ ဤယောကျ်ားသည်။

---

၁ နွားလားဟူသည် နွားသိုးဖြစ်၏။ သို့ရာဘွင် အကြားအမြင်မရှိသော သဘောအားဖြင့် ကား နွားထီး နွားမ အကြီးအငယ် အားလုံးကိုပင် မှာ်ယူသင့်၏။

[တကျမ်း နှစ်ကျမ်း တဝဂ် နှစ်ဝဂ် အယုတ်ဆုံး တသုတ် နှစ်သုတ်မျှ သင်ယူဘူးခြင်း မရှိသောကြောင့် အပ္ပဿုတမည်၏၊ ကမ္မဋ္ဌာန်း တခုခုကို သင်ယူ၍ အားထုတ်သော ပုဂ္ဂိုလ်ကား ဗဟုဿုတ မည်သည်သာတည်း]။ ဗလိဗဒ္ဒါဝ၊ နွားလားကဲ့သို့။ ဝါ၊ နွားကဲ့သို့။ ဇီရတိ၊ ကြီးပြင်း၏။

[နွားသည် ကြီးလတ်သော် မိဘ ဆွေမျိုးစသော သူတို့အား အကျိုး များစိမ့်သောငှါ ကြီးသည်မဟုတ် အကျိုးမပြီး အချည်းနှီးကြီးခြင်းသာ ဖြစ်သကဲ့သို့ အပ္ပဿုတ ပုဂ္ဂိုလ် သည်လည်း ဥပဇ္ဈာယ်ဝတ် ဆရာဝတ် အာဂန္တုကဝတ် စသည်တို့ကို မပြုတတ် ဘာဝနာမျှမပွားများတတ် အကျိုးမပြီး အချည်းနှီး ကြီးခြင်းသာဖြစ်၏ ဟူလို]။

တဿ၊ ထိုအကြားအမြင် နည်းပါးသောယောကျ်ားအား။ မံသာနိ၊ အသားတို့သည်သာလျှင်။ ဝဏ္ဏိ၊ တိုးပွားကုန်၏။

[နွားသိုးအား ထမ်းပိုး ထုန်တုံး စသည်ကို မရုံးနိုင်ဟု တောဋ္ဌ လှတ် ထားရသည်ရှိသော် လှည်းလည် စားသောက်ကာ အသားတို့သာ တိုးပွားသကဲ့သို့ အပ္ပဿုတပုဂ္ဂိုလ်အားလည်း ဥပဇ္ဈာယ်ဆရာစသည်တို့က လှတ်ထား အပ်သည်ရှိသော် သလုံးမြင်းခေါင်း အားထား၍ ပစ္စည်းလေးပါး ရပြီးလျှင် ဆေးကောင်းဝါးကောင်း မှီဝဲလျက် ခန္ဓာကိုယ်ကိုမွေးမြူကာ အသားတို့သာ တိုးပွားသဖြင့် ဆူဖြိုးသောကိုယ်ရှိလျက် လှည်းလည်နေ၏ဟု ထင်ရှားလေ၏ ဟူလို]။

တဿ၊ ထိုယောကျ်ားအား။ ပညာ၊ ပညာသည်။ န ဝဏ္ဏိတိ၊ မတိုးပွား။

[ထိုအပ္ပဿုတယောကျ်ား လူ့ဝန္ဒနားအား လောကီပညာ လောကုတ္တရာ ပညာသည် လက်တသစ်မျှလည်း မတိုးပွား တောအုပ်၌ ချုံနွယ် စသည်တို့ အလား ခြောက်ပါးသော ဒွါရတို့ကိုမှီ၍ တဏှာ မာနစသော ယုတ်မာသော တရားသာလျှင် တိုးပွားလေ၏ ဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသော လူအပေါင်းသည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေ၏။

လာဋုဒါယိ မထေရ်ဝတ္ထုပြီး၏။

၈—အာနန္ဒာမထေရ်၏ ဥဒါန်းဂါထာဝတ္ထု

အနေကဇာတိသံသာရံ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ နေတော်မူစဉ် နှစ်သက် ဝမ်းမြောက်စွာ ဥဒါန်းကျူးခြင်း၏အစွမ်းဖြင့် ဥဒါန်း ကျူးတော်မူသဖြင့် နောက်အဘို့၌ အာနန္ဒာမထေရ် မေးလျှောက်အပ်သည်ဖြစ်၍ ဟောကြားတော်မူလေ၏။

ဘုရားရှင်တိုင်း ဥဒါန်း ကျူးတော်မူခြင်း

ထိုသုံးလှုံ့ထွင်ထား သဗ္ဗညုမြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ နေတော်မူစဉ် နေမဝင်မီသာလျှင် မာရ်စစ်သည်အပေါင်းကို အောင်မြင် ဖျက်ဆီးတော်မူ၍ ပဌမယာမ်၌ ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာမှောင်တိုက်ကို ဖေါက်ခဲ့တော်မူသဖြင့်ရင်း မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်တော်ကို သုမ်သင်တော်မူသဖြင့်ရင်း ပစ္ဆိမယာမ်၌ သတ္တဝါတို့အား သနားခြင်းရှိသည့် အဖြစ်ကိုစဲ၍ ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်တော်ကို ချသွင်းသက်ဝင် စေတော်မူသဖြင့်ရင်း ထိုပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို အနုလုံ ပဋိလုံအစွမ်းဖြင့် သုံးသပ်တော်မူလျက် အရဏ်တက်သောအခါ၌ အရဟတ္တမဂ်ဉာဏ် အရင်းခံရှိသော သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူပြီးလျှင် သိန်းပေါင်းများစွာသော ဘုရားရှင်တို့သည် မစွန့်အပ်သော ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးခြင်းကို ဥဒါန်းကျူးလိုရကား ဤဂါထာတို့ကို ကျူးရင့် ရွတ်ဆိုတော်မူလေ၏။

ဒေသနာတော်

၁၅၃ အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၁၅၄ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ နကာဟသိ။
သဗ္ဗာ တေ ဖါသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ အို နာသေမြဲ ရောယှက်တဲ့သောကြောင့် ဆင်းရဲလှပေ၏။ တသ္မာ၊ ထို့ကြောင့်။ ဂဟကာရ ဂဝေသန္တော၊ ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော တဏှာ တည်းဟူသော

လက်သမားကို ဒီပင်္ကရာဘုရား ခြေတော်ရင်း၌ ဆုတောင်းကာ ရှာဖွေလာသော ငါသည်။ အနေကဇာတိသံသာရံ၊ ပဋိသန္ဓေမျှားစွာ သံသရာ ကာလပတ်လုံး။ အနိုပ္ပိသံ အဝိန္ဒန္တော၊ ညာဏ်မရလေသောကြောင့်။သန္ဓဝိသံ သံသရိံ၊ အတည် မကျ ကျင်လည်ရလေပြီ။

ဂဟ ကာရက၊ ခန္ဓာအိမ် ဆောက်လုပ်စားတတ်သော တဏှာလက်သမား။ ဘုံ၊ သင့်ကို။ မယာ၊ သဗ္ဗညုခေါ် ညာဏ်တော်ပိုင်သား ငါဘုရားသည်။ ဒိဋ္ဌော၊ မြင်ရသည်။ အသိ၊ ဖြစ်ပြီ။ ပုန၊ တဖန်။ ဂေဟံ၊ ငါ့အတွက် ခန္ဓာအိမ်ကို။နကာ ဘသိ၊ သင်မဆောက်လုပ် ရတော့လတ္တံ့။ တေ၊ သင်၏။ သဗ္ဗာ၊ အလုံးစုံကုန် သော။ ဖါသုကာ၊ ကိလေသာဟူသော အခြင်တို့ကို။ မယာ၊ ငါဘုရားသည်။ ဘဂ္ဂါ၊ ချိုးဖဲ့အပ်ကုန်ပြီ။ ဂဟကူဋံ၊ သင်ဆောက်လုပ်သော ခန္ဓာအိမ်၏ အဝိဇ္ဇာ ဟူသော အထွတ်ကို။ ဝိသင်္ခတံ၊ငါဖျက်ဆီးအပ်ပြီ။စိတ္တံ၊ ငါ၏စိတ်သည်။ဝိသင်္ခါရ ဂတံ၊ နိဗ္ဗာန်သို့ အာရုံပြုခြင်းအစွမ်းဖြင့် သက်ဝင်လေပြီ။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်ကို။ အဇ္ဈဂါ၊ ငါရလေပြီ။

[1]အာနန္ဒာမထေရ်၏ ဥဒါန်းဂါထာဝတ္ထုပြီး၏။

၉–မဟာဓန သူဋ္ဌေးသားဝတ္ထု

အစရိတ္ဝာ- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝနမည်သော [2]မိဂဒါဝုန်တော၌ နေတော်မူစဉ် မဟာဓန သူဋ္ဌေး၏သား ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပညာကင်း၍ အမြောက်ကြိုက်သော သူဋ္ဌေးသား

ထိုသူဋ္ဌေးသားသည် ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် စည်းစိမ်ကြွယ်ဝသော အမျိုး၌ ဖြစ်သတတ်။ ထိုအခါ သူဋ္ဌေးသား၏ မိခင်ဘခင်တို့သည် ဤသို့ကြံကြ ကုန်၏။ ငါတို့၏အိမ်၌ များစွာသော ဥစ္စာအစုရှိ၏။ ထိုဥစ္စာအစုကို ငါတို့၏

---

၁ ဒေသနာတော်၏အကျိုးကို ဤနေရာ၌ အဋ္ဌကထာဆရာ ပြတော်မမူ။
၂ ဣသိ+ပတန–ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါတို့၏+သက်ဆင်းရာအရပ်။
၃ ဓိဂ+ဒါယ-သားသမီးအပေါင်းတို့အား+ဘေးမဲ့ပေးသောတေးအုပ်။ ဓိဂဒါယကို ဓိဂ ဒါဝုန်ဟု ခေါ်ဝေါ် ခြင်းဖြစ်သည်။

(ခ) ၁၄၃–၁၆

သား လက်၌ထား၍ ချမ်းသာသည်အလျောက် အလိုရှိတိုင်း သုံးဆောင်ခြင်းကို ပြုအံ့။ တပါးသောအမှုဖြင့် ပြုဘွယ်ကိစ္စမရှိဟု ကြံပြီးလျှင် ကခြင်း သီခြင်း တီးမှုတ်ခြင်းမျှကိုသာ သင်စေကြလေကုန်၏။ ထိုဗာရာဏသီပြည်၌ပင် ကုဋ္ဌေ ရှစ်ဆယ် စည်းစိမ်ကြွယ်ဝသော အမျိုးတဦးဝယ် တယောက်သောသမီးသည်လည်း ရှိသည်ဖြစ်လေ၏။ ထိုသမီး၏ မိခင်ဘခင်တို့သည်လည်း ထိုအတူသာလျှင်ကြံ၍ သမီးကို ကခြင်း သီခြင်း တီးမှုတ်ခြင်းမျှကိုသာ သင်စေကြလေကုန်၏။ ထိုသူဌေး သားနှင့် သူဌေးသမီးတို့သည် အရွယ်သို့ရောက်ကြသော အခါကာလ၌ ထိမ်းမြား ခြင်း မင်္ဂလာသည် ဖြစ်လေ၏။ ထိုမှ နောက်အဘို့၌ ထိုသူတို့၏ မိဘတို့သည် ကွယ်လွန်ကြလေကုန်၏။ကုဋ္ဌေရှစ်ဆယ့်နှစ်လီဖြစ်သော ဥစ္စာသည် တအိမ်တည်း ၌သာလျှင် ဖြစ်လေ၏။ သူဌေးသားသည် တနေ့သုံးကြိမ် မင်းအား ခစားခြင်း သို့ သွားရောက်၏။ ထိုအခါ ထိုဗာရာဏသီမြို့၌ သေသောက်ကြူးတို့သည် ဤသူဌေးသားကား သေသောက်သမားသည် အကယ်၍ဖြစ်ငြားအံ့ ငါတို့အား ချမ်းသာခြင်းသည် ဖြစ်ပေလတ္တံ့။ ထိုသူဌေးသားကို သေသောက်သမားအဖြစ် ကို ယူစေကြကုန်အံ့ဟု ကြံကြလေကုန်၏။ ထိုသေသောက်ကြူးတို့သည် သေကို ယူ၍ ခဲဘွယ် အမဲတို့ကိုဌင်း ဆားခဲတို့ကိုဌင်း ပုဆိုးစွန်၌ ဖွဲ့ထုပ်သဖြင့် ၁အမြစ်အဖု တို့ကိုယူလျက် မင်းအိမ်မှ ပြန်လာသော သူဌေးသား၏ လာရာ လမ်းခရီးကို ကြည့်ရှုကာ နေကြသည်ရှိသော် လာသော သူဌေးသားကို မြင်ရလျှင် သေကို သောက်၍ ဆားခဲကို ခံတွင်း၌ ပစ်ထည့်သဖြင့် အမြစ်အဖု ကိုက်ခဲလျက် အရှင် သူဌေးသား အနှစ်တရာကာလပတ်လုံး အသက်ရှည်ပါလေလော့ အရှင်သူဌေး သားကိုမှီ၍ အကျွန်ုပ်တို့သည် စားနိုင်သောက်နိုင်သောသူတို့ ဖြစ်လိုကြပါကုန်၏ ဟု ဆိုကြလေကုန်၏။

အရက်သမားဖြစ်၍ ကုဋ္ဌေရာကျော်ကုန်ခြင်း

သူဌေးသားသည် ထိုသေသောက်ကြူးတို့ စကားကိုကြားရလျှင် နောက်မှ လိုက်လာသော အလုပ်အကျွေးငယ်ကို ဤသူတို့သည် အဘယ်ကို သောက်ကြ ကုန်သနည်းဟု မေးလေ၏။ သခင့်သား တခုသော သောက်ဘွယ် အရည်ကို သောက်ကြပါကုန်၏ဟု ဆိုသော် ဤသောက်ဘွယ်အရည်သည် နှစ်သက်ဘွယ်

၁ ခဲဘွယ် တဆွဲနှစ်ပါးတို့တွင် အမြစ်ခဲဘွယ်၌ မုံလာဥ စသည်ကိုဌင်း။ အဖုခဲဘွယ်၌ ကြာစွယ် ပေါက်ဥ ငက်မြေဥ စသည်ကိုဌင်း ဝိနည်းအဋ္ဌကထာတို့၌ပြ၏။

ကောင်းသော သဘောရှိသလောဟု မေးမြန်းလေ၏ အရှင့်သား အာသက်ရှည်သော ကျိလူ့ပြည်၌ ကျိသောက်ဘွယ်နှင့်တူသော သောက်အပ်သည်နှင့်ယှဉ်သော အရည်မည်သည် မရှိဟု ဆိုလတ်သော် ထိုသူဋ္ဌေးသားသည် ကျိသို့ဖြစ်သည်ရှိသော် ငါသည်လည်းသောက်ခြင်းငှါ သင့်၏ဟု ကြံသဖြင့် အတန်ငယ် ဆောင်ယူစေ၍သောက်၏။ထို့နောက် များမကြာမီသာလျှင် ထိုသေသောက်ကြူးတို့သည် သူဋ္ဌေးသား၏သေသောက်သည့် အဖြစ်ကိုသိကြလျှင် သူဋ္ဌေးသားကို ခြံရံကြလေကုန်၏။နောက်နောက်သောကာလ ရောက်လတ်သော် အခြံအရံများစွာဖြစ်လေ၏။ထိုသူဋ္ဌေးသားသည် တရာသောဥစ္စာဖြင့်ငင်း နှစ်ရာသောဥစ္စာဖြင့်ငင်းသေကို ဆောင်စေ၍ သောက်လေ၏။ အစဉ်အားဖြင့်သာလျှင် နေထိုင်ရာအရပ် စသည်တို့၌ အသပြာ အစုအပုံကိုထား၍ သေကိုသောက်လျက် ကျိအသပြာဖြင့် ပန်းကိုဆောင်ယူခဲ့ချေလော့ ကျိအသပြာဖြင့် နံ့သာကို ဆောင်ယူခဲ့ချေလော့ ကျိသူသည် သိဆိုခြင်း၌လိမ္မာ၏။ကျိသူသည် ကခုန်ခြင်း၌လိမ္မာ၏။ကျိသူသည် တီးမှုတ်ခြင်း၌ လိမ္မာ၏။ ကျိသူအား တထောင်ပေးလော့ ကျိသူအား နှစ်ထောင်ပေးလော့ဟု ဆိုလေ၏၊ ကျိသို့လျှင် ဖရိုဖရဲ ဖြန့်ကြဲလတ်သော် မကြာမြင့်မီပင်လျှင် မိမိ၏အပိုင်ဖြစ်သော ကုဋေရှစ်ဆယ်သော ဥစ္စာကို ကုန်ခန်းစေလေသောကြောင့် အရှင့်သား အရှင့်သား၏ဥစ္စာကုန်ပါပြီဟု ဆိုသည်ရှိသော် ငါ့မယားပိုင်သော ဥစ္စာသည် မရှိလေတော့ပြီလောဟုမေးလေ၏၊အရှင့်သား ရှိပါ၏ဟုဆိုလတ်သော် ထိုသို့ရှိလျှင် ထိုဥစ္စာကို ဆောင်ယူခဲ့ချေလော့ဟု ဆိုလေ၏၊ ထိုမယားပိုင် ဥစ္စာကိုလည်း မိမိဥစ္စာ အတူသာလျှင် ကုန်ခန်းစေ၍ အစဉ်သဖြင့် လယ် အာရာမ် ဥယျာဉ် လှည်း စသည်ကိုငင်း အယုတ်သဖြင့် အိုးခွက်ဖြစ်သော ဘဏ္ဍာကိုငင်း အခင်းအရံ နေရာထိုင်ရာကိုငင်း မိမိ၏ အလုံးစုံသောဥစ္စာကို ရောင်းချကာ စားရလေ၏၊ ထို့နောက် သူဋ္ဌေးသား အိုမင်းသောအခါ အကြင်သူတို့သည် ထိုသူဋ္ဌေးသား၏ မိဘဆွေမျိုး ဥစ္စာဖြစ်သော နေအိမ်ကိုဝယ်၍ယူအပ်၏၊ထို့ကြောင့် ထိုသူတို့သည်သူဋ္ဌေးသားလင်မယားတို့ကိုနေအိမ်မှ နှင်ထုတ်လိုက်ကြလေကုန်၏။

အထွတ်အထိပ်ဖြစ်သင့်လျက် စားကြွင်းစားဖြစ်ခြင်း

ထိုသူဋ္ဌေးသားသည် မယားကို ခေါ်ဆောင်သဖြင့် သူတပါး၏အိမ် နံရံကို အမှီပြုကာနေလျက် အိုးခွက်ပိုင်းကို လက်စွဲပြီးလျှင် ထမင်းအလို့ငှါ လှည့်လည်၍

လူအပေါင်း၏ စားကြွင်းကိုစားခြင်းငှါ အားထုတ်ရရှာလေ၏၊ ထိုအခါ သူဌေး သားကို တနေ့သ၌ ဆွမ်းစားရာစရပ် တံခါး၌ရပ်လျက် ရဟန်းငယ်သာမဏေတို့ ပေးအပ်သော စားကြွင်းဖြစ်သော ဘောဇဉ်ကို ခံယူနေသည်ကို မြင်တော်မူ ရလျှင် ဘုရားရှင်သည် ပြုံးခြင်းကို ထင်စွာ ပြုတော်မူ၏၊ ထိုအခါ ဘုရားရှင်ကို ရှင်အာနန္ဒာ မထေရ်သည်လည်း ပြုံးခြင်းအကြောင်းကို မေးလျှောက်လေ၏၊ မြတ်စွာဘုရားသည် ပြုံးတော်မူခြင်းအကြောင်းကို ပြောကြားတော် မူလိုသည် ဖြစ်၍ ချစ်သားအာနန္ဒာ ဤဗာရာဏသီ မြို့၌သာလျှင် ကုဋေ ရှစ်ဆယ်သော ဥစ္စာကို ကုန်စေပြီးလျှင် မယားကိုခေါ်ဆောင်၍ ထမင်းအလို့ငှါ လှည့်လည်ရ ရှာသော မဟာဓန သူဌေးကြီး၏ သားဖြစ်သော ဤသူကို ကြည့်ရှုစမ်းလော့ ဤသူဌေးသားသည် ပဌမအရွယ်၌ စည်းစိမ်ဥစ္စာတို့ကို မကုန်စေမူ၍ စီးပွားမူ တို့ကို အကယ်၍ ယှဉ်စေငြားအံ့၊ (ပြုလုပ်ငြားအံ့) ဤမြို့၌ သာလျှင် ပဌမ သူဌေးကြီး ဖြစ်လေရာ၏၊ အိမ်မှထွက်၍ အကယ်၍ရဟန်းပြုသည် ဖြစ်ငြားအံ့၊ အရဟတ္တဖိုလ်သို့ ရောက်လေရာ၏၊ ထိုသူဌေးသား၏ မယားသည်လည်း အနာဂါမိဖိုလ်၌ တည်လေရာ၏၊ မဇ္ဈိမ အရွယ်၌ စည်းစိမ်ဥစ္စာတို့ကို မကုန်စေမူ၍ စီးပွားမူတို့ကို အကယ်၍ ယှဉ်စေငြားအံ့၊ ဒုတိယသူဌေး ဖြစ်လေရာ၏၊ ထွက်၍ ရဟန်းပြုလတ်သည်ရှိသော် အနာဂါမ် ဖြစ်လေရာ၏၊ ထိုသူဌေးသား၏ မယား သည်လည်း သကဒါဂါမိဖိုလ်၌ တည်လေရာ၏၊ ပစ္ဆိမအရွယ်၌ စည်းစိမ်ဥစ္စာတို့ကို မကုန်စေမူ၍ စီးပွားမူတို့ကို အကယ်၍ယှဉ်စေငြားအံ့၊ တတိယသူဌေး ဖြစ်လေ ရာ၏၊ ထွက်၍ ရဟန်းပြုလတ်သည်ရှိသော် သကဒါဂါမ် ဖြစ်လေရာ၏၊ ထိုသူဌေး သား၏ မယားသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေရာ၏၊ ယခုအခါ၌ကား ဤသူဌေးသားသည် လူ့စည်းစိမ်မှ ဆုတ်ယုတ်သည်ဖြစ်၍ ရဟန်းအဖြစ်ဟူသော မဂ် ဖိုလ် ဂုဏ်ကျေးဇူးမှလည်း ဆုတ်ယုတ်ခြင်းကြောင့် သာလျှင် ရေခြောက် သွေ့သော ညွန်အိုင်၌ ကြိုးကြာငှက်ကဲ့သို့ ဖြစ်ရရှာလေ၏ဟု မိန့်တော်မူ၍ ဤ ဂါထာတို့ကို ဟောကြားတော် မူလေ၏။

ဒေသနာတော်

၁၅၅ အစရိတ္ဝာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
ဇိဏ္ဏကောဉ္စာဝ စျာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ။

၁၅၆ အစရိတ္ဝာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
သေန္တိ စာပါ တိဓိဏာဝ၊ ပူရာဏာနိ အနုတ္ထုနံ။

ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ အစရိတ္ဝာ၊ မကျင့်သုံးမိခြင်းကြောင့်။ ယောဗ္ဗနေ၊ စွမ်းနိုင်သော အခါ၌။ ဓနံ၊ ပစ္စည်းဥစ္စာကို။ အလဒ္ဓါ၊ မရလိုက်ခြင်းကြောင့်။ ဝါ၊ မရလိုက်သော လူမိုက်တို့သည်။ ဓိဏမစ္ဆဝ၊ ငါးကုန်သည်သာလျှင်ဖြစ်သော။ ပလ္လလေ၊ ညွှန်ပျောင်း၌။ ဇိဏ္ဏကောဋ္ဌာဝ၊ တောင်ပန်ယုင်းယို ကြိုးကြာအိုကဲ့သို့။ စျာယန္တိ၊ ကြံမိုင်ကြရကုန်၏။

[မဖြစ်သေးသောစည်းစိမ်ကို ဖြစ်စေခြင်းငှါရင်း ဖြစ်ပြီးသောစည်းစိမ်ကို စောင့်ရှောက်ခြင်းငှါရင်း စွမ်းနိုင်သောအခါက ပစ္စည်းဥစ္စာ မရလိုက်ကုန်သော လူမိုက်တို့အား ညွှန်ပျောင်း၌ ရေမရှိသကဲ့သို့ နေစရာမရှိခြင်း, ငါးကုန်သကဲ့သို့ ပစ္စည်း ဥစ္စာ မရှိခြင်း, တောင်ပန်ယုင်းယို ကြိုးကြာအိုတို့ ပုံသန်း သွားလာ မပြုနိုင်ရှာသကဲ့သို့ရေကြောင်းခရီး ကုန်းကြောင်းခရီး စသည်တို့ဖြင့် စည်းစိမ်ရအောင် မစွမ်းနိုင်ရှာခြင်း တို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ကြိုးကြာအို အတောင်ကျိုးတမျှ ကြံမိုင်ကြရကုန်၏ဟူလို]။

ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ အစရိတ္ဝာ၊ မကျင့်သုံးမိခြင်းကြောင့်။ ယောဗ္ဗနေ၊ စွမ်းနိုင်သောအခါ၌။ ဓနံ၊ ပစ္စည်းဥစ္စာကို။ အလဒ္ဓါ၊ မရလိုက်ခြင်းကြောင့်။ ဝါ၊ မရလိုက်သော လူမိုက်တို့သည်။ ပုရာဏာနိ၊ ရှေးကသုခ ခံစားရဘူးသည်တို့ကို။ အနုတ္ထုနံ အနုတ္ထုနန္တာ၊ ငြိုးတွား စိုးရိမ်ကြကုန်လျက်။ စာပါ၊ လေးညှိုမှ။ အတိဓိဏာ-ဝိနိမုတ္တာ၊ လွတ်ကုန်သော။ သရာဣဝ၊ မြွားတို့ကဲ့သို့။ သေန္တိ၊ သေခြင်းသို့ ကပ်ရောက်ကြရကုန်လတ္တံ့။

[လေးညှိုမှ လွတ်သော မြွားတို့သည် အဟုန်အားလျော်စွာ သွား၍ ကျရာအရပ်မှ ကောက်ယူထားခြင်း မရှိခြင်းကြောင့် ချတို့အစာ ဖြစ်ကြရကုန်သကဲ့သို့ အချိန်ရှိခိုက် ပစ္စည်း မရလိုက်သော လူမိုက်တို့သည်လည်း အရွယ်သုံးပါး လွန်သွားခြင်းကြောင့် မိမိကိုယ်ကို ထုတ်ဆောင်ခြင်းငှါမတတ်နိုင်ရှာဘဲ သေခြင်းသို့သာ ချဉ်းကပ်ကြရကုန်လတ္တံ့ ဤအာရုံမျိုးကို ဤသို့

ငါတို့ ခံစားဘူး၏ စသည်ဖြင့် ရဘူးသော ခံစားခြင်းတို့ကိုသာ ငြီးတွားစိုးရိမ်ကာ နေကြရရှာကုန်၏ ဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံးဌ် များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

မဟာဓနသူဌေးသားဝတ္ထုပြီး၏။

ဤတွင်ရွှေကား တဆဲ့တခုမြောက်သော ဇရာဝဂ်အဖွင့်ပြီး၏။

၁၂—အတ္တာဝက်

၁—ဗောဓိမင်းသားဝတ္ထု

အတ္တာနဥ္ဇေ- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဘေသကဋ္ဌ မည်သော ပဲစင်းခုန်တော၌ နေတော်မူစဉ် ဗောဓိမင်းသားကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ဗောဓိမင်းသား သဘောထားနုခြင်း

ထိုဗောဓိမင်းသားသည် မြေအပြင်၌ တပါးသော ပြာသာဒ်တို့နှင့်မတူသော သဘောရှိသော ကောင်းကင်၌ ပျံတက်အံ့သကဲ့သို့သော ကောကနုဒအမည်ရှိသော ပြာဒ်သာဒ်ကို ဆောက်လုပ်စေ၍ လက်သမားကို သင်သည် တပါးသော အရပ်၌လည်း ဤသို့သဘောရှိသော ပြာသာဒ်ကို ဆောက်လုပ်ဘူးသလော။ ထိုသို့မဟုတ် သင် ဤသို့ဆောက်လုပ်ခြင်းသည် ရှေးဦးစွာပြုအပ်သော လက်မှုအတတ်သာလျှင်လောဟု မေးမြန်းလေသတတ်။ အရှင်မင်းသား ရှေးဦးစွာပြုအပ်သော လက်မှုအတတ်သာလျှင် ဖြစ်ပါသည်ဟု လျှောက်တင်လတ်သည်ရှိသော် ဗောဓိမင်းသားသည် ဤလက်သမားကား သူတပါးအလို့ငှါလည်း ဤသို့သဘောရှိသော ပြာသာဒ်ကို အကယ်၍ ဆောက်လုပ်သည်ဖြစ်အံ့ ဤပြာသာဒ်သည် အံ့ဩဘွယ် မရှိသည်ဖြစ်လတ္တံ့။ ဤလက်သမားကို ငါသည် သတ်ခြင်းငှါရင်း လက်သမား၏ လက် ခြေတို့ကို ဖြတ်ခြင်းငှါရင်း မျက်စိတို့ကို ထုတ်ပစ်ခြင်းငှါရင်း သင့်၏။ ဤသို့ ပြုသည်ရှိသော် သူတပါးအလို့ငှါ ပြာသာဒ်ကို မဆောက်လုပ်နိုင်လတ္တံ့ဟု ကြံလေ၏။ ထိုဗောဓိမင်းသားသည် ထိုအကြောင်းကို မိမိ၏ ချစ်လှစွာသော အဆွေခင်ပွန်း သဦ္ဇဝကပုတ္တအမည်ရှိသော လုလင်အား ပြောကြားလေ၏။ ထိုလုလင်သည် ဤဗောဓိမင်းသားကား လက်သမားကို ယုံမှားမရှိ ဖျက်ဆီးလတ္တံ့ အဘိုးများစွာ ထိုက်သော အတတ်ရှိသူသည် ငါမြင်သိလျက် မပျက်စီးပါစေလင့်။ ထိုလက်သမားအား အမှတ်သညာကိုပေးအံ့ဟု ကြံလေ၏။ ထိုသဦ္ဇဝကပုတ္တ လုလင်သည် လက်သမားထံ ချဉ်းကပ်၍ ပြာသာဒ်၌ သင်ပြုဘွယ်ကိစ္စ ပြီးပြီလော မပြီးသေးလောဟုမေးသဖြင့် ပြီးပါပြီဟု ဆိုလတ်သော် မင်းသားသည် သင့်ကိုဖျက်ဆီးလို၏။ မိမိကိုယ်ကို စောင့်ရှောက်

လော့ဟု ဆိုလေ၏။ လက်သမားသည်လည်း အရှင်သဉ္ဇီဝကပုတ္တာ၊ အသင်သည် အကျွန်ုပ်အား ပြောကြားသဖြင့်ကောင်းသောအမှုကို ပြုအပ်ပေ၏၊ အကျွန်ုပ် သည် ဤအရာ၌ ပြုစရာအမှုကိုသိရပေအံ့ဟု ပြောဆိုပြီးလျှင် အချင်းလက်သွား၊ ငါတို့၏ပြာသာဒ်၌ ပြုအပ်သောအမှုသည် ပြီးပြီလောဟု မင်းသားမေးအပ်သည်ရှိသော် အရှင်မင်းသား၊မပြီးသေးပါ မျှားစွာ ကြွင်းကျန်ပါသေးသည်ဟု လျှောက်ဆိုလေ၏၊ အဘယ်မည်သောအမှုသည် ကြွင်းကျန်သေးသနည်းဟု မေးလတ်သည် ရှိသော် အရှင်မင်းသား၊ နောက်မှ ပြောကြားပါမည် သစ်တို့ကိုသာ ရှေးဦးစွာ ဆောင်စေပါဦးလော့ဟု ဆိုလေ၏၊ အဘယ်မည်သော သစ်တို့ကို ဆောင်စေရအံ့ နည်းဟု မေးလတ်သော် အရှင်မင်းသား၊ အနှစ်မရှိကုန်သော ခြောက်သော သစ်တို့ကိုဆောင်ယူစေတော်မူပါဟု ဆိုလေ၏၊ ထိုဗာဓိမင်းသားလည်း ဆောင် စေ၍ ပေး၏။

ကောင်းကင်ပျံဋ္ဌက်ရုပ်ဖြင့် လက်သမား မင်းဖြစ်ခြင်း

ထိုအခါ ဗောဓိမင်းသားကို အရှင်မင်းသား၊ ဤနေ့မှစ၍ အကျွန်ုပ်၏အထံသို့ မလာသင့်ပါ၊ အဘဲကြောင့်နည်း ဟူမူကား၊ သိမ်မွေ့နူးညံ့သော (ပန်းခြူးနွယ် စသော) အမှုကို ပြုလုပ်စဉ် သူတပါးတို့နှင့်တကွ စကား ပြောရသည်ရှိသော် ပြုဘွယ်အမှုကိစ္စ ပျံလွှင့်တတ်ပါသည်၊ ထမင်းစားရန် အခါဌ်ကား အကျွန်ုပ်၏ မယားသည်သာလျှင် ထမင်းကို ဆောင်ပို့လာပါလိမ့်မည်ဟု လျှောက်ဆိုလေ၏၊ မင်းသားလည်း ကောင်းပြီဟုဝန်ခံလေ၏၊ ထိုလက်သမားသည်လည်း တခုသော တိုက်ခန်းတွင်း၌ နေလျက် ထိုသစ်တို့ကို ရွေသဖြင့် မိမိသားမယား အတွင်း၌ နေခြင်းငှါလောက်သော ဂဠုန်ဌက်ရုပ်ကို ပြုလုပ်ပြီးလျှင် ထမင်းစားရန်အချိန်၌ မယားကိုအိမ်၌ ထင်ရှားရှိသော အလုံးစုံသော ဥစ္စာကိုရောင်းချ၍ ရွှေ ငွေကို ယူခဲ့ဟု မှာကြားပြောဆိုလေ၏ မင်းသားသည်လည်း လက်သမားထွက်မသွား နှင် စိမ့်သောအကျိုးငှါ အိမ်ကိုဝန်းရံစေ၍ အစောင့်အရှောက်ကို ထားလေ၏ လက်သမားသည်လည်း ဌက်ရုပ် ပြီးသောကာလ ယနေ့အလုံးစုံသော သားငယ် သမီးငယ်တို့ကိုလည်းခေါ်၍ လာလောဟု မယားကိုဆိုလျှင် နံနက်စာစားပြီးလတ် သည်ရှိသော် သားမယားကိုဌက်ရုပ်၏ ဝမ်းတွင်း၌ နေစေလျက် လေသာပြူတင်း ပေါက်ဖြင့် ထွက်၍ ပြေးလေ၏ အစောင့် အရှောက်တို့က အရှင်မင်းသား

သမား ထွက်ပြေးပါပြီဟု ကြွေးကြော်ကြကုန်စဉ်သာလျှင် ထိုလက်သမားသည် သွား၍ ဟိမဝန္တာ၌ သက်ဆင်းသဖြင့် မြို့တခုဖန်ဆင်း တည်ထောင်ခြင်းကြောင့် ကဋ္ဌဝါဟန အမည်ရှိသောမင်းသည် ဖြစ်လေ၏။

ပုဆိုးအခင်း ဘုရားရှင်နင်းတော်မမူခြင်း

ဗောဓိမင်းသားသည်လည်း ပြာသာဒ်ပူဇော်ခြင်းကို ပြုလုပ်ဦးအံ့ဟု မြတ်စွာဘုရားကို ပင့်ဘိတ်၍ ပြာသာဒ်၌ ၁လေးပါးသော နံ့သာမျိုးတို့ဖြင့် လိမ်းကျံသည်ကို ပြုပြီးလျှင် ရှေးဦးစွာ တံခါးခုံမှစ၍ ပုဆိုးအခင်းကို ဖြန့်ခင်းလေ၏ ဗောဓိမင်းသားကား သားသွီးမရှိသတတ် ထို့ကြောင့်ငါသည် သားကိုရင်း သွီးကိုရင်း အကယ်၍ ရမည်ဖြစ်ခဲ့အံ့ မြတ်စွာဘုရားသည် ဤပုဆိုးအခင်းကို နင်းတော်မူလတ္တံ့ဟုကြံ၍ ဖြန့်ခင်းလေ၏ ထိုမင်းသားသည် မြတ်စွာဘုရားကြွလာသည်ရှိသော် ဘုရားရှင်ကို ငါးပါးသောတည်ခြင်းဖြင့် ရှိခိုး၍ သပိတ်ကို ယူပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဝင်တော်မူပါဘုရားဟု လျှောက်ကြားလေ၏ဘုရားရှင်သည်ဝင်တော်မမူ ထိုဗောဓိမင်းသားသည်နှစ်ကြိမ်မြောက်ရင်း သုံးကြိမ်မြောက်ရင်း တောင်းပန်ပြန်လေ၏ ဘုရားရှင်သည်ဝင်တော်မမူဘဲသာလျှင် ရှင်အာနန္ဒာကို ကြည့်ရှုတော်မူလေ၏ ရှင်အာနန္ဒာမထေရ်လည်း ကြည့်တော်မူသော အမှတ်ဖြင့်သာလျှင် မြတ်စွာဘုရားနင်းတော်မမူလိုသည့်အဖြစ်ကို သိရသဖြင့် ဗောဓိမင်းသားကို တကာတော်မင်းသား ပုဆိုးတို့ကို ယုတ်သိမ်းလော့ မြတ်စွာဘုရားသည် ပုဆိုးအခင်းကို နင်းတော်မမူလတ္တံ့ နောင်လာသူအပေါင်းကို ဘုရားရှင်သည် ကြည့်ရှုတော်မူ၏ဟုဆို၍ ပုဆိုးတို့ကို ယုတ်သိမ်းစေတော်မူလေ၏ ဗောဓိမင်းသားလည်း ပုဆိုးတို့ကို ယုတ်သိမ်းစေပြီးလျှင် ဘုရားရှင်ကို အိမ်တွင်းသို့ ပင့်သွားသဖြင့် ယာဂု ခဲဘွယ်ဖြင့် ကောင်းစွာ အမြတ်

---

၁ နံ့သာမျိုးလေးပါးကား။ ကုက်မံ၊ လေးညှင်းပွင့်၊ တောင်ဇလပ်၊ ကမျည်း ဤကား အဘိခာန်အလို။ ။တောင်ဇလပ်၊ ကုက်မံ၊ လေးညှင်းပွင့်၊ ပန်းညိုရွက်၊ မဟာပရိနိဗ္ဗာနသုတ်ဋီကာ၊ မဇ္ဈိမပဏ္ဏာသသေခသုတ်ဋီကာအလို။ ။ကုက်မံ၊ တောင်ဇလပ်၊ လေးညှင်း၊ ကမျည်း မဟာသုဒဿနသုတ်ဋီကာ၊ ဥပရိပဏ္ဏာသ ဗာလပဏ္ဍိဘသုတ် ဋီကာအလို။ ၎င်းဋီကာ အပရေအလိုအားဖြင့် ပန်းညို၊ တောင်ဇလပ်၊ ကမျည်း၊ လေးညှင်း တို့တည်း။ ကုက်မံ၊ ကမျည်း၊ လေးညှင်း၊ ပန်းညို ဤကားသံယုတ်အာသိဝိသဝဂ် ဋီကာအလို။ အမျိုးမျိုးဆိုကြ၏။

(ခ) ၁၄၃–၂၀

တနိုးပြု၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေလျက် ရှိခိုးပြီးလျှင် မြတ်စွာဘုရား တပည့်တော်သည် ရှင်တော်မြတ်ဘုရားတို့အား ကျေးဇူးများသော ဒါယကာဖြစ်ပါသည်ဘုရား ကိုးကွယ်ဆည်းကပ်ခြင်းသို့ သုံးကြိမ်ရောက်သောသူ ဖြစ်ပါသည်ဘုရား အမိဝမ်း၌ တည်လျက်သော်လည်း ကိုးကွယ်ဆည်းကပ်ခြင်းသို့ တကြိမ်ရောက်သူ ဖြစ်ဘူးပါသတတ်၊ငယ်ရွယ်သော သတို့သားဖြစ်သောကာလ၌ နှစ်ကြိမ်မြောက် သိကြားလိမ္မာသည့်အဖြစ်သို့ ရောက်သောကာလ၌ သုံးကြိမ်မြောက် ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ပါသည်ဘုရား။ ထိုတပည့်တော်၏ ပုဆိုးအခင်းကို အဘယ့်ကြောင့် နင်းတော်မမူပါသနည်းဘုရားဟု လျှောက်ကြားလေ၏။။မင်းသား သင်သည် အဘယ်သို့ကြံစည်၍ ပုဆိုးတို့ကို ခင်းလေဘိသနည်းဟု မေးလတ်သော် မြတ်စွာဘုရား သားကိုငင်း သမီးကိုငင်း အကယ်၍ ရမည်ဖြစ်ပါအံ့ ဘုရားရှင်သည် ငါ၏ပုဆိုးအခင်းကို နင်းတော်မူလတ္တံ့ဟူ၍ ကြံစည်ပြီးခင်းပါသည်ဘုရားဟု လျှောက်ကြားလေ၏။ ထို့ကြောင့်သာလျှင် ငါဘုရားသည် နင်းတော်မမူလေသတည်းဟု မိန့်တော်မူလတ်သော် မြတ်စွာဘုရား အသို့ပါနည်း တပည့်တော်သည် သားကိုငင်း သမီးကိုငင်း မရနိုင်ကောင်းပါသလော ဘုရားဟု လျှောက်ကြားလေ၏။ မင်းသား မရနိုင်ကောင်းလတ္တံ့ဟု မိန့်တော်မူလတ်သော် အဘယ့်ကြောင့်ပါနည်း ဘုရားဟု မေးလျှောက် ပြန်လေ၏။ ရှေးဖြစ်သော ကိုယ်အဖြစ်၌ မယားနှင့်အတူတက္ခ မေ့လျော့ခြင်းသို့ ရောက်သောကြောင့်တည်းဟု မိန့်တော်မူလတ်သော် မြတ်စွာဘုရား အဘယ်သောကာလ၌ မေ့လျော့ခြင်းသို့ ရောက်ခဲ့ပါသနည်းဘုရားဟု လျှောက်ပြန်လေ၏။ ထိုအခါ ဗောဓိမင်းသားအား ဘုရားရှင်သည် လွန်လေပြီးသော အကြောင်းကိုဆောင်၍ ဟောကြားတော်မူလေ၏။။

ဗောဓိမင်းသား သားသမီးမရကြောင်း အတိတ်

လွန်လေပြီးသောအခါ အရာမက များစွာကုန်သော လူတို့သည် ကြီးစွာသော လှေ သင်္ဘောဖြင့် သမုဒ္ဒရာသို့ လွှင့်ကြလေကုန်၏။ လှေ သင်္ဘောသည် သမုဒ္ဒရာအလယ်၌ ပျက်ခဲ့လေ၏။ နှစ်ဦးကုန်သော လင်မယားဖြစ်သော သူတို့သည် တခုသောပျဉ်ချပ်ကို ယူပြီးလျှင် သမုဒ္ဒရာရေလယ်ကျွန်းသို့ သက်ဝင်ကြလေကုန်၏။ ကြင်းသော အလုံးစုံသောသူတို့သည် ထိုသင်္ဘောပျက်ရာ သမုဒ္ဒရာ၌

သာလျှင် သေရှာကြရလေကုန်၏။ ထိုကျွန်း၌ကား များစွာသောငှက်အပေါင်း (ငှက်အုပ်) သည် နေလေ၏။ ထိုလင်မယား နှစ်ယောက်တို့သည် တပါးသော စားစရာကို .မမြင်မတွေ့ရသဖြင့် ဆာလောင်သော သဘောရှိသောကြောင့် ငှက်ဥတို့ကို မီးကျီးခဲတို့၌ ဖုတ်ကင်ကာ စားကြကုန်၏။ ထိုငှက်ဥတို့ မလောက်ကုန်သည်ရှိသော် ငှက်ငယ်တို့ကိုဖမ်း၍ စားကြလေကုန်၏။ ဤသို့လျှင် ပဌမအရွယ်၌ရင်း မဇ္ဈိမအရွယ်၌ရင်း ပစ္ဆိမအရွယ်၌ရင်း စားကြကုန်သည်သာလျှင်တည်း။ တခုသောအရွယ်၌လည်း မမေ့မလျော့ခြင်းသို့ မရောက်ကြလေကုန်။ ထိုသူနှစ်ယောက်တို့တွင် တယောက်မျှလည်း မမေ့မလျော့ခြင်းသို့ မရောက်ရှာလေသတည်း။ မြတ်စွာဘုရားသည် ထိုဗောဓိမင်းသား၏ ဤသို့သော ရှေးမကောင်းမှုကို ဟောပြပြီးလျှင် မင်းသား သင်သည် ထိုအခါ၌ တခုသောအရွယ်၌ပင် မယားနှင့်တကွ မမေ့မလျော့ခြင်းသို့ အကယ်၍ ရောက်သည်ဖြစ်အံ့။ တခုသောအရွယ်၌ပင် သားသည်ရင်း သမီးသည်ရင်း ဖြစ်ထွန်းလေရာ၏။ သင်တို့တွင် တယောက်သောသူသည်လည်း မမေ့မလျော့ အကယ်၍ ဖြစ်ငြားအံ့။ ထိုမမေ့မလျော့သော သူကိုစွဲ၍ သားသည်ရင်း သမီးသည်ရင်း ဖြစ်ထွန်းလေရာ၏။ မင်းသား မိမိကိုယ်ကို ချစ်မြတ်နိုးအပ်၏ဟု အောက်မေ့ မှတ်ထင်သောသူသည် သုံးပါးသောအရွယ်တို့၌ပင် မမေ့မလျော့ခြင်းဖြင့် ကိုယ်ကို စောင့်ရှောက်အပ်၏။ ဤသို့ အရွယ်သုံးပါးလုံး၌ စောင့်ရှောက်ခြင်းငှါ မတတ်နိုင်သောသူသည် တခုသောအရွယ်၌လည်း စောင့်ရှောက်အပ်သည်သာလျှင်တည်းဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၅၇ အတ္တာနဉ္ဇေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

အတ္တာနံ၊ မိမိကိုယ်ကို။ ပိယံ၊ ချစ်ခင်မြတ်နိုးအပ်၏ဟူ၍။ စေဇညာ၊အကယ်၍ သိငြားအံ့။ ဧဝံသတိ၊ ဤသို့ သိသည်ရှိသော်။ နံ၊ ထိုကိုယ်ကို။ သုရက္ခိတံ၊ ကောင်းစွာ စောင့်ရှောက်ရာကျအောင်။ ရက္ခေယျ၊ အရွယ်သုံးပါးလုံး စောင့်ရှောက်ရာ၏။ အသက္ကောန္တော၊ မတတ်နိုင်သည် ရှိသော်။ တိဏ္ဏံအညတရံယာမံ၊

ညဉ့်သုံးယာမ်တို့တွင် ၁တယာမ်ယာမ်၌။ (ဤကားတင်စား၍ ဆိုအပ်သော အလိုမရှိအပ်သော အနက်တည်း) တိဏ္ဍံ အညတရံ ယာမံ.အရွယ်သုံးပါးတို့တွင် တပါးပါးသောအရွယ်၌။ (ဤကားအလိုရှိအပ်သော အနက်တည်း), ပဏ္ဍိတော၊ ပညာရှိသည်။ အတ္ထာနံ၊ မိမိကိုယ်ကို။ ပဋိဇဂ္ဃေယျ၊ သုတ်သင်ရာ၏။

ဒေသနာတော်၌ မှတ်ဘွယ်

[မိမိကိုယ်ကို ချစ်ခင်မြတ်နိုးအပ်၏ဟုသိလျှင် ကောင်းစွာစောင့်ရှောက်ရမည် ဟူရာ၌လူဖြစ်သောသူသည် မိမိကိုယ်ကို စောင့်ရှောက်အံ့ဟု ပြာသာဒ်အထက်၌ လုံခြုံသောတိုက်ခန်းတွင်းသို့ ဝင်သဖြင့် အစောင့် အရှောက် အပြည့်အစုံထား၍ နေသော်ငင်း ရဟန်းဖြစ်သောသူသည် လုံခြုံစွာ ပိတ်ဆို့အပ်သော တံခါးပြူတင်းရှိသော လိုဏ်ဂူ၌နေသော်ငင်း မိမိကိုယ်ကို စောင့်ရှောက်သည်သာတည်း။ စောင့်ရှောက်ပုံ တမျိုးကား လူဖြစ်သောသူသည် စွမ်းအားရှိသလောက် ဒါနသီလစသော ကောင်းမှုတို့ကို ပြုသော်ငင်း ရဟန်းဖြစ်သော သူသည် ဝတ်ကြီးဝတ်ငယ် ပရိယတ် ပဋိပတ် အားထုတ်ခြင်းကို ပြုသော်ငင်း မိမိကိုယ်ကို စောင့်ရှောက်သည်မည်၏။

ဤသို့ အရွယ်သုံးပါးလုံး၌ စောင့်ရှောက်ခြင်းငှါ မတတ်နိုင်သည်ရှိသော် တပါးပါးသောအရွယ်၌ ရှင်းလင်းအောင်သုတ်သင်ရမည်လူဖြစ်သောသူသည် ပဌမအရွယ်၌ မြူးတူးပျော်ပါးလေ့ ရှိခြင်းကြောင့် ကုသိုလ်မပြုနိုင်ခဲ့မူ မဇ္ဈိမအရွယ်၌ မမေ့မလျော့ပြုအပ်၏ မဇ္ဈိမအရွယ်၌ သားမယား ကျေးမွေးရေးကြောင့် မပြုနိုင်ခဲ့မူ ပစ္ဆိမအရွယ်၌ ပြုရမည်သာတည်း၊ ဤသို့လျှင် လူဖြစ်သောသူသည် ကိုယ်ကိုရှင်းလင်းအောင်သုတ်သင်အပ်၏ ထိုသို့မပြုနိုင်သူအား မိမိကိုယ်ကို ချစ်မြတ်နိုးသည်မမည် အပါယ်ရောက်အောင် ပြုလုပ်ခြင်းသာဖြစ်၏။

ရဟန်းဖြစ်သောသူသည် ပဌမအရွယ်၌ စာပေသင်ကြား သရဇ္ဈာယ်ရခြင်းကြောင့် ဝတ်အကျင့် မေ့လျော့ခဲ့အံ့ မဇ္ဈိမ အရွယ်၌ မမေ့မလျော့

---

၁ မြတ်စွာဘုရားသည် တရားသဖြင့် အစိုးရခြင်းငှာဟူ၍ ပေဒကြားရှေး၌ ကျွမ်းကျင်ခြင်းကြောင့်ဟူ၍ ဤဒေသနာတော်တွင် အရွယ်သုံးပါးကို ညဉ့်သုံးယာမ်ဟု တင်စားခြင်း၊ ပြု၍ ဟောတော်မူလေသည်။

ရဟန်းတရား အားထုတ်အပ်၏ ပဌမ အရှယ်၌ သင်ယူခဲ့သော ပရိယတ်၏ အနက်အဓိပ္ပါယ်၏ အဆုံး အဖြတ် အကြောင်းဟုတ် မဟုတ်တို့ကို မေးမြန်း ရပြန်သဖြင့် မစ္ဆိမအရှယ်၌ မေ့လျော့ခဲ့အံ့ ပစ္ဆိမအရှယ်၌ မမေ့မလျော့ ရဟန်းတရား အားထုတ်ရမည်သာတည်း။ ဤသို့လျှင် ရဟန်းဖြစ်သော သူသည် ကိုယ်ကို ရှင်းလင်းအောင် သုတ်သင်အပ်၏ ထိုသို့မပြုနိုင်သော ရဟန်းအား မိမိကိုယ်ကို ချစ်ခင်မြတ်နိုးသည်မမည် နောင်အခါ ပူပန်ခြင်း ဖြင့်သာလျှင် မိမိကိုယ်ကို ပူလောင်စေသည်မည်၏ဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ဗေဒင်းသားသည် သောတာပတ္တိဖိုလ်၌ တည် လေ၏ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်တော်မူလေ၏။

ဗေဒင်းသား ဝတ္ထုပြီး၏။

၂–သာကီဝင်မင်းသား ဥပနန္ဒမထေရ် ဝတ္ထု

အတ္တာနမေဝပဌမံ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရား သည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် သာကီဝင်မင်းသားဖြစ်သော ရှင်ဥပနန္ဒကို အကြောင်းပြု၍ ဟောတော်မူလေ၏။

တရားဟောကောင်းလျက် လောဘကြီးခြင်း

ထိုဥပနန္ဒမထေရ်သည် တရားစကားကို ဟောပြောခြင်းငှါ လိမ္မာလှပေသ 'တတ်၊ ထိုမထေရ်၏ အလိုနည်းခြင်း အစရှိသည်နှင့် ယှဉ်သော တရားစကားကို ကြားနာရသဖြင့် များစွာကုန်သော ရဟန်းတို့သည် ရှင်ဥပနန္ဒကို သက်နှံးတို့ဖြင့် ပူဇော်၍ ခုတင်တို့ကို ဆောက်တည်ကြလေကုန်၏ ထိုရဟန်းတို့ စွန့်အပ်သော ပရိက္ခရာတို့ကို ရှင်ဥပနန္ဒသည်သာလျှင် ယူလေ၏။ ထိုရှင်ဥပနန္ဒသည် တခုသော ဝါတွင်းကာလ နီးကပ်လတ်သော် ဇနပုဒ်သို့ သွားလေ၏။ ထိုအခါ ထိုရှင်ဥပနန္ဒ ကို တခုသောကျောင်း၌ ရဟန်းငယ်နှင့် သာမဏေတို့သည် တရားဟောပုဂ္ဂိုလ်ဟု ချစ်ကြည်မြတ်နိုးသဖြင့် အရှင်ဘုရား ဤကျောင်း၌ ဝါကပ်တော်မူကြပါဘုရား

ဟု လျှောက်ကြားကြလျှင် ဤကျောင်း၌ အဘယ်မျှလောက် ဝါဆိုသက်နှံး ရအပ်သနည်းဟု မေးလေ၏။ ထိုရဟန်းငယ်နှင့် သာမဏေတို့လည်း တပါးတထည် စီသော အဝတ်ကို ရအပ်ပါသည်ဘုရားဟု လျှောက်သည်ရှိသော် ထိုကျောင်း၌ ဘိနပ်ကိုထားခဲ့၍ တပါးသောကျောင်းသို့ သွားပြန်၏။ နှစ်ခုမြောက်သော ကျောင်းသို့ရောက်၍ ဤကျောင်း၌ အဘယ်မျှ ရအပ်သနည်းဟု မေးသဖြင့် နှစ်ထည်သော အဝတ်တို့ကို ရအပ်၏ဟု ဆိုသည်ရှိသော် ထိုကျောင်း၌ . တောင် ဝှေးကို ထားခဲ့လေ၏။ သုံးခုမြောက်သောကျောင်းသို့ရောက်၍ ဤကျောင်း၌ အဘယ်မျှ ရအပ်သနည်းဟု မေးပြန်လေ၏။ သုံးထည်သောအဝတ်တို့ကို ရအပ် ကုန်၏ဟု ဆိုသည်ရှိသော် ထိုကျောင်း၌ ရေဗူးကို ထားခဲ့လေ၏။ လေးခုမြောက် သောကျောင်းသို့ရောက်၍ ဤကျောင်း၌ အဘယ်မျှ ရအပ်သနည်းဟု မေးသဖြင့် လေးထည်သော အဝတ်တို့ကို ရအပ်ကုန်၏ဟု ဆိုသည်ရှိသော် ကောင်းပြီ ဤကျောင်း၌ နေတော့အံ့ဟု ဝန်ခံသဖြင့် ထိုကျောင်း၌ ဝါကပ်၍ လူတို့အားထင်း ရဟန်းတို့အားထင်း တရားစကားကို ဟောကြားတော်မူလေ၏။ ထိုလူရှင်ရဟန်း တို့သည် ရှင်ဥပနန္ဒကို မျှားစွာကုန်သော အဝတ်တို့ဖြင့်ထင်း သင်္ကန်းတို့ဖြင့်ထင်း ပူဇော်ကြလေကုန်၏။

ထိုဥပနန္ဒသည် ဝါကျွတ်လတ်သည်ရှိသော် ဤမှ တပါးသော ကျောင်းတို့သို့ လည်း ငါသည် ပရိက္ခရာကိုထားအပ်သည်အဖြစ်ကြောင့် ဝါဆိုသက်နှံးကို ရထိုက် ၏။ သင်တို့ ပို့လာကြကုန်လော့ဟု သတင်းစကားစေလွှတ်သဖြင့် အလုံးစုံ ဝါဆို သင်္ကန်းကို ဆောင်ယူစေပြီးလျှင် လှည်းကို အပြည့်တင်၍ ထွက်ခွါသွားလေ၏။ ထိုအခါ တခုသောကျောင်း၌ ရဟန်းငယ် နှစ်ပါးတို့သည် ပုဆိုးအဝတ်နှစ်ထည် တို့ကိုလည်း ကမ္မလာတထည်ကိုလည်း ရကြ၍ အရှင့်အတွက် အဝတ်နှစ်ထည်တို့ သည် ဖြစ်စေကုန်သတည်း။ တပည့်တော်အတွက်ကား ကမ္မလာ တထည်သာ ဖြစ်ပါစေဟု တသံတည်း ဆိုကြသဖြင့် ဝေဘန်ခြင်းငှါ မတတ်နိုင်ကုန်ရကား လမ်းခရီးအနှီး၌ နေထိုင်လျက် ငြင်းခုံကြကုန်၏။ ထိုရဟန်းငယ် နှစ်ပါးတို့သည် ထိုရှင်ဥပနန္ဒမထေရ် ကြွလာသည်ကိုမြင်ရလျှင် အရှင်ဘုရား အရှင်ဘုရားတို့သည် တပည့်တော်တို့အား ဝေဘန်၍ မပေးတော်မူကြပါဘုရားဟု လျှောက်ဆိုကြလေ ကုန်၏ သင်တို့သည်သာလျှင် ဝေဘန်ကြကုန်လော့ဟု ဆိုလတ်သော် အရှင်ဘုရား

မတတ်နိုင်ကြပါ အရှင်ဘုရားတို့သည် တပည့်တော်တို့အား ဝေဘန်၍ ပေးတော်မူကြပါဘုရားဟု ဆိုကြလေကုန်၏ ထိုသို့ဖြစ်မူ ငါ၏စကားဌ် တည်နိုင်ကြကုန်အံ့ လောဟုဆိုဆေသော် တည်ကြပါမည်ဘုရားဟု ဝန်ခံကြကုန်၏ ထိုသို့ဖြစ်မူ ကောင်းပြီဟုဆိုသဖြင့် ထိုရဟန်းနှစ်ဦးတို့အား ပုဆိုးအဝတ်နှစ်ထည်ကို ဝေပေးပြီးလျှင် ဤကမ္မလာသည်ကား တရားစကား ပြောကြား ဆုံးဖြတ်ကြကုန်သောငါတို့အား ရုံခြင်းငှါ ထိုက်၏ဟု ဆိုတဲ့၍ အဘိုးများစွာထိုက်သော ကမ္မလာကိုယူကာ ဖဲသွားလေ၏ ရဟန်းငယ်တို့သည် နှလုံးမသာမယာရှိကြကုန်သည်ဖြစ်၍ ဘုရားရှင်၏ အထံတော်သို့ သွားပြီးလျှင် ထိုအကြောင်းကို လျှောက်ကြားကြလေကုန်၏ ဘုရားရှင်သည် ချစ်သားရဟန်းတို့ ယခုသာလျှင် သင်တို့၏ဥစ္စာကိုယူ၍ သင်တို့ကို နှလုံးမသာခြင်းရှိအောင် ပြုသည်မဟုတ်သေး ရှေးဌ်လည်း ပြုဘူးသည်သာ လျှင်တည်းဟု မိန့်တော်မူ၍ လွှန်လေပြီးသောအတိတ်ကို ဆောင်တော်မူလေ၏။

မြေခွေးတရားသူကြီးနှင့် ဖျံနှစ်ကောင်အတိတ်

လွှန်လေပြီးသောအခါ ရေတိမ်ရာ မြစ်ကမ်းနားဌ် ကျက်စားခြင်းကြောင့် အနုတီရစာရီမည်သော ဖျံငှက်ရာဌ် ကျက်စားခြင်းကြောင့် ဂမ္ဘီရစာရီမည်သော ဖျံငှက် ဤသို့ နှစ်ကောင်သော ဖျံတို့သည် ကြီးစွာသော ငါးကြင်းကို ရကြ၍ ငါ့အတွက် ခေါင်းပိုင်းဖြစ်ပါစေလော့ သင့်အတွက် အမြီးပိုင်း ဖြစ်ပါစေလော့ဟု ငြင်းခုံခြင်းသို့ ရောက်ကြကုန်လျက် ဝေဘန်ခြင်းငှါ မတတ်နိုင်ကုန်ရကား မြေခွေးတကောင်ကိုမြင်ရလျှင် ဦးရီး ဤငါးကြင်းကို အကျွန်ုပ်တို့အား ဝေဘန်၍ ပေးပါဟု ပြောဆိုလေ၏ ပြည့်ရှင်မင်းကြီးသည် ငါ့ကို တရားဆုံးဖြတ်ရာဌာနဌ်ထားအပ်၏ ထိုဌာနဌ် ကြာမြင့်စွာ နေထိုင်ရခြင်းကြောင့် သလုံးမြင်းခေါင်းဖြင့်နေရစိမ့်သောငှါ။ ဝါ။ ကောင်းစွာ ဆောင်ရွက်စိမ့်သောငှါ လာသည်ဖြစ်ခဲ့၏ ယခုအခါ ငါ့အား အားလပ်ခွင့်မရှိဟု ဆိုလတ်သော် ဦးရီး မြေခွေးမင်း ဤသို့ မပြုကြပါလင့် ဝေဘန်၍သာ ပေးသနားတော်မူကြပါဟု တောင်းတောင်း ပန်ပန် ပြောဆိုကြလေကုန်၏ ငါ၏စကားဌ် တည်နိုင်ကြကုန်အံ့လောဟု မေးလတ်သော် ဦးရီး တည်ကြပါမည်ဟု ဝန်ခံပြောဆို ကြလေကုန်၏ ထိုသို့ဖြစ်မူ ကောင်းပြီဟု

---

၁ အနုတီရ+စာရီ-ကမ်းနားအရင်ဌ်+လွှဉ့်လည်ကျက်စားသောဖုံ။

၂ ဂမ္ဘီရ+စာရီ-ရေနက်ရာဌ်+လွှဉ့်လည်ကျက်စားသောဖုံ။

ဆို၍ မြေခွေးသည် ငါးခေါင်းကိုဖြတ်၍ တခုသော အရပ်၌ထား၏ ငါးအမြီးကို တခုသောအရပ်၌ ထားလေ၏ ထားပြီးလတ်သည်ရှိသော်ကား အမောင်တို့ အကြင်ဖျံသည် မြစ်ကမ်းနား၌ ကျက်စား၏ ထိုဖျံသည် အမြီးကို ယူစေသတည်း အကြင်ဖျံသည် ရေနက်ရာ၌ ကျက်စား၏ ထိုဖျံအား ငါးခေါင်းသည် ဖြစ်စေသတည်း ဤအလယ်ပိုင်းသည်ကား တရားအဆုံးအဖြတ်၌ တည်သော ငါ၏ အတွက် ဖြစ်ပေလတ္တံ့ဟုဆို၍ ထိုဖျံနှစ်ကောင်တို့ကို သိသာစေလိုသည်ဖြစ်၍—

အနုတီရစာရိ နဂုံဌ၊ သိသံ ဂမ္ဘီရစာရိနော။
အထာယံ မဇ္ဈိမော ခဏ္ဍော၊ ဓမ္မဋ္ဌဿ ဘဝိဿတိ။

အနုတီရစာရိ၊ အနုတီရစာရိမည်သော ဖျံသည်။ နဂုံဌ၊ ငါးကြင်းမြီးကို။ ဂဏှတု၊ ယူစေသတည်း။ ဂမ္ဘီရစာရိနော၊ ဂမ္ဘီရစာရိမည်သော ဖျံအား။ သိသံ၊ ငါးကြင်း ဦးခေါင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ အထ၊ ထိုမှတပါး။ အယံ မဇ္ဈိမောခဏ္ဍော၊ ဤအလယ်ပိုင်းသည်။ ဓမ္မဋ္ဌဿ၊ တရား၌ တည်သောသူ၏ အလိုဠ္ဂါ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဟူသော ဤဂါထာကိုရွတ်ဆိုပြီးလျှင် အလယ်ပိုင်းကို ကိုက်ချီလျက် ဖဲသွားလေ၏ ထိုဖျံတို့သည်လည်း နှလုံးမသာယာခြင်း ရှိကုန်သည်ဖြစ်၍ ထိုမြေခွေးကို မျော်ကြည့်လျက် ရပ်တည်နေကြရ ရှာကုန်၏။

မြတ်စွာဘုရားသည် လွန်လေပြီးသော အကြောင်းကိုပြတော်မူ၍ ဤသို့လျှင် ဤဥပနန္ဒသည် လွန်လေပြီးသောအခါ၌လည်း သင်တို့ကို နှလုံးမသာယာခြင်းရှိအောင် ပြုဘူးသည်သာလျှင်တည်းဟု ထိုရဟန်းတို့ကိုသိစေတော်မူပြီးလျှင် ဥပနန္ဒကိုကဲ့ရဲ့တော် မူလိုသဖြင့် ချစ်သား ရဟန်းတို့ သူတပါးကို ဆုံးမသောသူမည်သည်ကား ရှေးဦးစွာသာလျှင် မိမိကိုယ်ကို သင့်တင့်လျောက်ပတ်ရာ၌ တည်စေအပ်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၅၈ အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။

အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ပတိရူပေ၊ သင့်တင့်သော ဂုဏ်သဘော၌။ နိဝေသယေ၊ သွင်းထားရာ၏။ အထ၊ ထို့နောက်မှ။ အညံ၊ သူတပါးကို။ အနုသာသေယျ၊ ဆုံးမရာ၏။ ပဏ္ဍိတော၊ ပညာရှိသော သူသည်။ နကိလိဿေယျ၊ မညစ်နွမ်းစေရာ။

[မိမိကိုယ်တိုင်ကျင့်လျက်သူတပါးကိုဆုံးမလျှင် ချီးမွမ်းဘွယ်ဖြစ်၍ မညစ်နွမ်းနိုင်ဟူလို]။

ဒေဿနာတော်၏အကျိုး

ဒေဿနာတော်၏အဆုံး၌ ထိုနှစ်ပါးသောရဟန်းတို့သည် ဧသာတာပတ္တိဖိုလ်၌ ဘည်ကြွလေကုန်၏ မျှားစွာသော လူအပေါင်းအား‌လည်း အကျိုးရှိသော တရား ဒေသနာ ဖြစ်တော်မူလေ၏။

သာကီဝင်မင်းသားဥပနန္ဒမထေရ် ဝတ္ထုပြီး၏။

၃–ပဓာနိကတိဿမထေရ် ဝတ္ထု

အတ္တာနဉ္စေ-အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ပဓာနိကတိဿမထေရ်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ကိုယ်ချင်းမစာ တိုက်တွန်းနှိုးဆော်တတ်သောဆရာ

ထိုပဓာနိကတိဿ မထေရ်သည် ဘုရားရှင်၏ အထံတော်၌ ကမ္မဋ္ဌာန်းကိုယူ၍ ဝါးရာသောရဟန်းတို့ကိုခေါ်လျက် တော၌ဝါကပ်ပြီးလျှင် ငါရှင်တို့သင်တို့သည် သက်တော်ထင်ရှားရှိသော ဘုရားရှင်၏ အထံတော်၌ ကမ္မဋ္ဌာန်းကိုယူအပ်ခဲ့ပေ၏ မေ့မလျော့မူ၍သာလျှင် ရဟန်းတရားကိုအားထုတ်ကြကုန်လော့ဟုဆုံးမသဖြင့်

---

၁ ပဓာနိက+တိဿ+မထေရ်–ကမ္မဋ္ဌာန်းစီးဖြန်းသော။ ငါ၊ စီးဖြန်းသူဟု အဓိပ္ပာယ်ရသော်။ တိဿ အဓိပ္ပာယ်ရှိသော+ရဟန်း။

မိမိမူကားသွား၍ တုံးလုံးလှည်းကာ အိပ်စက်လေ၏ ထိုရဟန်းတို့သည် ပဌမယာမ်၌ စင်္ကြံသွား၍ မဇ္ဈိမယာမ်၌ ကျောင်းသို့သွား၍ ဝင်ကြကုန်၏ ထိုတိဿမထေရ်သည်ကား အိပ်ပျော်ပြီးမှ နိုးလာသောအခါ ထိုရဟန်းတို့၏ အထံသို့သွား၍ သင်တို့သည် တုံးလုံးလှည်းကာ အိပ်စက်ကုန်အံ့ဟု နှုတ်ဆုံးပြု၍ လာကြကုန်သလော လျင်မြန်စွာထွက်၍ ရဟန်းတရားကို အားထုတ်ကြကုန်လော့ဟု ပြောဆိုပြီးလျှင် မိမိကိုယ်တိုင်ကား သွား၍ ရှေးနည်း အတူသာ အိပ်ပြန်၏ တပါးသော ရဟန်းတို့သည် မဇ္ဈိမယာမ်တွင် ကျောင်းအပြင်၌ စင်္ကြံသွား၍ ပစ္ဆိမယာမ်၌ ကျောင်းတွင်းသို့ ဝင်ကြကုန်၏ ထိုတိဿမထေရ်သည် တဖန်လည်း နိုးပြန်သဖြင့် ရဟန်းတို့၏ အထံတော်သို့သွား၍ ရဟန်းတို့ကို ကျောင်းတွင်းမှ ထုတ်ပြီးလျှင် မိမိကိုယ်တိုင်ကား တဖန်သွား၍ ထိုအတူသာလျှင် အိပ်ပြန်၏ ထိုမထေရ်သည် အခါခပ်သိမ်း ဤသို့ပြုလတ်သည်ရှိသော် ရဟန်းတို့သည် သရဇ္ဈာယ်ခြင်းကိုဌင်း ကမ္မဋ္ဌာန်းကိုဌင်း နှုတ်သွင်းခြင်းငှါ မဘတ်နိုင်ကြကုန် စိတ်သည် ချုတ်ယှင်းဖေါက်ပြန်ခြင်းသို့ ရောက်ရလေ၏ ထိုရဟန်းတို့သည် ငါတို့၏ ဆရာတော်ကား အလွန်လျှင် အားထုတ်အပ်သော လုံ့လရှိ၏ ထိုဆရာကို စူးစမ်းကြကုန်ဦးအံ့ဟု စူးစမ်းကြသည်ရှိသော် ထိုဆရာ၏ အမှုအရာကို မြင်ရလျှင် ငါ့ရှင်တို့ ငါတို့ကား ပျက်စီးကြလေကုန်ပြီ ငါတို့၏ဆရာသည်အချည်းနှီးသော မြည်တွန်ခြင်းဖြင့် မြည်တွန်ဘိသည်ဟုပြောဆိုကြလေကုန်၏ အလွန်လျှင် ငိုက်မျည်းခြင်းဖြင့် ပင်ပန်းကြကုန်သော ထိုတပည့်ရဟန်းတို့တွင် ရဟန်းတပါးမျှလည်း မင်္ဂုလ် တရားထူးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်။

အခါမဲ့တွန်သော ကြက်ဖအကြောင်း အမြွက်

ထိုရဟန်းတို့သည် ဝါကျွတ်လတ် ကုန်သည်ရှိသော် ဘုရားရှင်၏အထံတော်သို့သွားကြသဖြင့် ပြုအပ်သော ပဋိသန္ဓာရ အစေ့အစပ် စကားရှိကုန်သည်ဖြစ်၍ ချစ်သား ရဟန်းတို့ အသို့နည်း မမေ့မလျော့ ရဟန်းတရားကို အားထုတ်နိုင်ကြကုန်၏လောဟု မေးတော်မူလျှင် ထိုရဟန်းတို့သည် ထိုအကြောင်းအရာကို လျှောက်ကြားကြလေကုန်၏ မြတ်စွာဘုရားသည် ချစ်သားရဟန်းတို့ ယခုသာလျှင် မဟုတ်သေး ရှေးဦးလည်း ဤရဟန်းသည် သင်တို့၏အန္တရာယ်ကို ပြုဘူးသည်သာလျှင်တည်းဟု မိန့်တော်မူခြင်းကြောင့် ထိုရဟန်းတို့ တောင်းပန်အပ်ရကား။

အမာတာပိတုသံဝဿော၊ [1]အနာစရိယကုလေ ဝသံ။
နာယံကာလမကာလံဝါ၊ အဘိဇာနာတိ ကုက္ကုဋ္ဌော။

အမာတာ့ပိတု သံဝဿော၊မိဘတို့ကိုမှီလျက် အဆုံးအမယူကာ ကြီးပွားရသည် မဟုတ်ရှာသော။ အနာစရိယ ကုလေဝသံ၊ ဆရာသမားအိမ်၌ မနေဘူးသော။ အယံကုက္ကုဋ္ဌော၊ ဤကြက်ဖသည်။ ကာလံ၊ တွန်ခြိန်ကာလ ဟုတ်သည်ကိုငင်း။ အကာလံဝါ၊ တွန်ခြိန်ကာလမဟုတ်သည်ကိုငင်း။ နာဘိဇာနာတိ၊ မသိတတ်ရှာ။

ဟူသော ဤ [1]အကာလရဝိကြက်ဇာတ်ကို အကျယ်ခဲ့၍ ဟောတော်မူလေ၏ ထိုအခါ အခါမဟုတ်သည်၌ တွန်လှဲရှိသော ထိုကြက်ဖသည် ဤပဓာနိကတိဿမထေရ်ဖြစ်လာ၏ ဤငါးရာသော ရဟန်းတို့သည် ထိုလုလင်တို့ ဖြစ်ဘူးလေကုန်ပြီ အရပ်မျက်နှာ၏ အကြီးဖြစ်သော ဒိသာပါမောက္ခဆရာသည် ငါဘုရားသာလျှင် ဖြစ်တော်မူလာ၏ဟု ဇာတ်ကိုပေါင်းတော်မူလေ၏ မြတ်စွာဘုရားသည် ဤဇာတ်ကို ခဲ့ထုတ်၍ ဟောကြားတော်မူပြီးလျှင် ချစ်သားရဟန်းတို့ သူတပါးကို ဆုံးမလိုသော သူမည်သည်ကား မိမိကိုယ်ကို ကောင်းစွာယဉ်ကျေးအောင် ပြုအပ်၏ ဤသို့ဆုံးမသော သူသည်သာလျှင် မိမိကိုယ် မိမိကောင်းစွာ ယဉ်ကျေးပြီးသည် ဖြစ်၍ ဆုံးမသည်မည်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်

၁၅၉ အတ္တာနဉ္ဧေ တထာ ကယိရာ၊ ယထာညမနုသာသတိ။
သုဒန္တော ဝတ ဒမေထ၊ အတ္တာဟိ ကိရ ဒုဒ္ဒမော။

ယထာ၊ အကြင်အခြင်းအရာဖြင့်။ အညံ၊ သူတပါးကို။ အနုသာသတိ၊ဆုံးမ၏။ တထာ၊ ထိုအခြင်းအရာဖြင့်။ အတ္တာနဉ္ဧ-အတ္တာနဉ္ဧဝ၊ မိမိကိုယ်ကိုသာလျှင်လည်း။ ကယိရာ၊ ထိုနည်းတူစွာ ပြုကျင့်ရာ၏။ သုဒန္တော ဝတ၊ မိမိကိုယ်ကို ပင် ယဉ်ကျေးပြီးသည်ဖြစ်၍သာလျှင်။ ဒမေထ၊ ဆုံးမရာ၏။ ဟိ၊သင့်စွာ။ အတ္တာ၊ မိမိကိုယ်သည်။ ဒုဒ္ဒမော ကိရ၊ ဆုံးမခြင်းငှါ [2]ခဲယဉ်းသတတ်။

---

၁ အနာစေရကုလေဝသံ၊ ဟူ၍လည်း ပါဠိတွင်ရှိတတ်၏။ 'အသင့်ပေတာည်း။ စရိယသဒ္ဒါ စသည်ယှဉ်ရာ အက္ခရာပိုးသက်လည်း ဂါထာဒဋ္ဌ အပြစ်မရှိဟု သဒ္ဒနီတိ ဆိုခြင်းကြောင့် အနာစရိယကုလေဝသံ-လည်းအသင့်ပေတာည်း။

၂ ကေနိပါတ် ၁၂-ဟံသဝဂ်။ ၉-အကာလရဝိဇာတ်ဖြစ်သည်။

၃ မိမိအသံကို မိမိမကြားရဘဲသကဲ့သို့ ဖြစ်ရကား "ဧစင်းသဖား နားထိုင်းပုံနှင့်နှိုင်း ရိုင်းလိုက်ခလက္ခဲ ကိုယ့်ဖြစ်ချက်" ဟူသောစကားပုံသည် သက်ဝင်လျော်ညီလှပေ၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ငါးရာစလုံးလည်း ဖြစ်ကုန်သော ထိုရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

ပခာနိကတိဿမထေရ်ဝတ္ထုပြီး၏။

၄—ကုမာရကဿပ မယ်တော် ထေရီမဝတ္ထု

အတ္တာဟိ အတ္တနော နာထော- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေတော်မူစဉ်အရှင်ကုမာရကဿပ၏မယ်တော်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

သန္ဓေရှိသော ဘိက္ခုနီမနှင့် ဒေဝဒတ်၏ ဖြတ်ထုံး

ထိုမထေရ်၏ မယ်တော်သည် ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးဖြစ်၍ သိကြားလိမ္မာသည့်အဖြစ်သို့ ရောက်သောအခါမှစ၍ မိဘတို့ထံ ရဟန်းအဖြစ်ကိုတောင်းပန်လေသတတ် အဖန်တလဲလဲ တောင်းပန်သော်လည်း မိခင်ဘခင်တို့၏ အထံမှ ရဟန်းအဖြစ်ကို မရရှာသောကြောင့် အရွယ်သို့ ရောက်လတ်သည်ရှိသော် လင်ယောကျ်ားအိမ်သို့ လိုက်ပါသွားရသဖြင့် လင်ကို အိမ်ဦးနတ်ကဲ့သို့ ရိုသေစွာ လုပ်ကျွေးခြင်းရှိသည်ဖြစ်၍ အိမ်ကိုအုပ်ချုပ်ကာ နေရလေ၏။ ထိုအခါ မကြာမြင့်မီ ထိုသူဌေးသမီး၏ဝမ်း၌ သားငယ် ကိုယ်ဝန်တည်လာလေ၏။ သူဌေးသမီးသည် ကိုယ်ဝန်တည်သည့်အဖြစ်ကို မသိမူ၍သာလျှင် အရှင်လင်ယောကျ်ားကို နှစ်သိမ့်စေလျက် ရဟန်းအဖြစ်ကို တောင်းပန်ပြန်လေ၏ ထိုအခါ သူဌေးသမီးကို လင်ယောကျ်ားသည် ကြီးစွာသော ပူဇော်သက္ကာရဖြင့် ရဟန်းမိန်းမတို့၏ ကျောင်းသို့ ဆောင်ပြီးလျှင် အကြောင်းခြင်းရာ မသိခြင်းကြောင့် ဒေဝဒတ်၏ အပင်းအသင်းဖြစ်သော ရဟန်းမိန်းမတို့၏ အထံ၌ ရဟန်းပြုစေလေ၏ နောက် အဘို့ဖြစ်သောအခါ၌ ရဟန်းမိန်းမတို့သည် ထိုသူဌေးသမီး ဘိက္ခုနီမ၏ ကိုယ်ဝန်ရှိသောအဖြစ်ကို သိရလျှင် ထိုရဟန်းမိန်းမတို့သည် ဤအမှုအရာကား အဘယ်နည်းဟု မေးသည်ရှိသော် ရှင်မတို့ တပည့်တော်မ မသိရပါ အသို့ပါနည်း တပည့်တော်မ၏ ထိုရဟန်းသီလသည် စင်စစ် အပြစ်အနာကင်းသည်သာလျှင် ဖြစ်နိုင်

ကောင်းပါအုံ့လေဗဟု လျှောက်ကြားလေ၏ ရဟန်းမိန်းမတို့သည် ထိုဘိက္ခုနီမကလေးကို ဒေဝဒတ်၏အထံသို့ ခေါ်ဆောင်၍ ဤရဟန်းမိန်းမကား သာသနာကို ကြည်ညို၍ ရဟန်းပြုပါ၏ ဤရဟန်းမိန်းမ၏ ကိုယ်ဝန်တည်သောကာလကို တပည့်တော်မတို့ မသိကြရပါ ယခု အဘယ်သို့သောလျှင် ပြုရပါမည်နည်းဘုရား ဟု မေးလျှောက်ကြလေကုန်၏ ဒေဝဒတ်သည် ငါ့အဆုံးအမကို လိုက်နာလေ့ရှိကုန်သော ရဟန်းမိန်းမတို့အား အကျော်အစောမဲ့ မဖြစ်ပါစေလင့်ဟု ဤမျှကိုသာ ကြံစည်ပြီးလျှင် ထိုရဟန်းမိန်းမငယ်ကို လူထွက်စေကြရမည်ဟု ဆုံးဖြတ်မိန့်ဆိုလေ၏။။

ရှင်ဥပါလိ၏ ဖြတ်ထုံး

ထိုစကားကို ကြားရလျှင် ဘိက္ခုနီမကလေးသည် ရှင်မတို့ တပည့်တော်မကို မဖျက်ဆီးကြပါကုန်လင့် တပည့်တော်မသည် ရှင်ဒေဝဒတ်ကို ရည်မှန်း၍ ရဟန်းပြုသည်မဟုတ်ပါ ကွလောကြပါ တပည့်တော်မကို မြတ်စွာဘုရား၏ အထံတော်ဝန်ကျောင်းတော်သို့ ဆောင်ပို့ကြပါ ကုန်လေ့ဟု ဆိုသောကြောင့် ထိုရဟန်းမိန်းမတို့သည် ရဟန်းမိန်းမငယ်ကိုခေါ်၍ တော်ဝန်ကျောင်းတော်သို့ မြတ်စွာဘုရားအား လျှောက်ကြားကြလေကုန်၏ မြတ်စွာဘုရားသည် လူဖြစ်စဉ်အခါ၌ တည်သော သန္ဓေကိုယ်ဝန်ဖြစ်၏ဟု သိတော်မူသော်လည်း သူတပါးတို့ကဲ့ရဲ့ပြောဆိုခြင်းမှ လွတ်စေခြင်းငှါ ပဿေနဒိကောသလ မင်းကြီးကိုရင်း မဟာအနာထပိဏ် သူဌေးကြီးကိုရင်း စူဠအနာထပိဏ် သူဌေးကြီးကိုရင်း ဝိသာခါဒါယိကာမကြီးကိုရင်း ထိုမှတပါး ထင်ရှားကုန်သော အမျိုးကြီးတို့ကိုရင်း ခေါ်စေပြီးလျှင် [1]ဥပါလိမထေရ်ကို ချစ်သားဥပါလိ သွားချေ ဤရဟန်းမိန်းမငယ်၏ အမှုကို ပရိသတ်လေးပါး အလယ်၌ ရှင်းလင်း သုတ်သင်ချေလော့ဟု စေခိုင်းတော်မူလေ၏ ရှင်ဥပါလိမထေရ်သည် ပဿေနဒိကောသလ မင်းကြီး၏ ရှေ့သို့ ဝိသာခါဒါယိကာမကိုခေါ်စေ၍ ထိုသူတို့အား ထိုအဓိကရဏ်းကို လက်ခံစေတော်မူ၏ ဝိသာခါသည် တင်းတိမ် ကန့်လန့်ကာကို ထက်ဝန်းကျင် ကာရံစေ၍ တင်းတိမ် ကန့်လန့်ကာ၏ အတွင်း၌ ထိုရဟန်းမိန်းမငယ်၏ လက် ခြေ ချက်

---

၁ စွမ်းနိုင်သော တပါးသော မထေရ်တို့ ရှိသော်သည်း ဝိနည်း ဆုံးဖြတ်ရန် ကိစ္စ၌ ဝိနည်း ဆောင် ဘာဒဂ်ရ ဥပါလိမထေရ်ကို ဧစခိုင်းရခြင်းဖြစ်သည်။

ဝမ်းပိုက် အဆုံးနေရာတို့ကို ကြည့်ရှုပြီးလျှင် လ ရက်နေ့တို့ကို စိစစ် တွက်ချက်သဖြင့် လူ့အဖြစ်၌ ဤရဟန်းမိန်းငယ် ကိုယ်ဝန်ကိုရ၏ဟု သိရ၍ အရှင်ဥပါလိမထေရ်အား ထိုအကြောင်းကို လျှောက်ကြားလေ၏ ထိုနောင်မှ ရှင်ဥပါလိမထေရ်သည် ပရိသတ်လေးပါး အလယ်၌ ထိုရဟန်းမိန်းမငယ်၏ စင်ကြယ်သည့် အဖြစ်ကို တည်စေတော်မူလေ၏။

ဘိက္ခုနီမ၏ သားငယ်ကို ရှင်ဘုရင် မွေးမြူခြင်း

ထိုရဟန်းမိန်းမငယ်သည် ထို့နောင်မှ အခါတပါး၌ ပဒုမုတ္တရမြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဆုတောင်းခြင်းရှိ၍ ကြီးသော အာနုဘော်ရှိသောသားကို ဖွားမြင်လေ၏ ထို့နောက် တနေ့သ၌ ကောသလမင်းကြီးသည် ရဟန်းမိန်းမတို့၏ ကျောင်းအနီးဖြစ်သော လမ်းခရီး၌ ဖြန့်မြန်းလတ်သည်ရှိသော် သူငယ်သံကို ကြားရလျှင် ဤအသံကား အဘယ်အသံ ဖြစ်သနည်းဟု မေးသောကြောင့် ဘဝရှင်မင်းကြီး ရဟန်းမိန်းမ တယောက်အား သားဖွားမြင်ပါသည် ဤအသံသည် ထိုသားငယ်၏ အသံ ဖြစ်ပါသည်ဟု သံတော်ဦး တင်လတ်သည်ရှိသော် ထိုသတို့သားကို မိမိ၏နန်းတော်အိမ်သို့ ဆောင်ယူ၍ နို့ထိန်းတို့အား ပေးလေ၏ အမည် မှည့်အံ့သောနေ့၌ကား ကဿပဟူ၍ သူငယ်၏ အမည်ကို မှည့်ပြီးလျှင် မင်းသားတို့၏ အဆောင်အရွက်ဖြင့် ကြီးပွားရသောကြောင့် ကုမာရပဿပဟူ၍ ကောင်းစွာ သိကြလေကုန်၏ ထိုကုမာရကဿပ သတို့သားသည် ကစားရာ[1]ရုံအဝန်း၌ သူငယ်တို့ကို ပုတ်ခတ်ခြင်းကြောင့် အမိမဲ့သား အဘမဲ့သားကငါတို့ကိုပုတ်ခတ်ဘိသည်ဟု ဆဲရေးပြောဆိုလတ်သော် မင်းကြီးသို့ ချဉ်းကပ်၍ ခမည်းတော်ဘုရား သားတော်ကို အမိမဲ့သား အဘမဲ့သားဟူ၍ ဆိုကြပါသည် သားတော်အား မယ်တော်ကို မိန့်ကြားတော်မူပါဟု မေးလျှောက်သောကြောင့် ကောသလမင်းကြီးသည် နို့ထိန်းတို့ကို ပြ၍ ဤနို့ထိမ်းမောင်းမတို့သည် သင်ချစ်သား၏ မယ်တော်တို့ ဖြစ်ကုန်၏ဟု မိန့်တော်မူသည်ရှိသော် သားတော်၏ မယ်တော်တို့သည် ဤမျှလောက် များပြားသည် မဖြစ်တန်ရာ သားတော်၏ မယ်တော်သည် တယောက်ထည်းသာ ဖြစ်တန်ရာ၏ သားတော်အား ထိုမယ်တော်ရင်းကိုသာ မိန့်ကြားတော်မူပါဟု လျှောက်တင်လေ၏။

---

၁ မင်းသားငယ်တို့ ကစားစရာ ရုံကို အဝန်းအဝိုင်း သဏ္ဌာန် ဆောက်လုပ်ထားသောဟူ၏။

ရဟန်းပြု၍ မယ်တော်နှင့် တွေ့ခြင်း

ထိုကောဿလမင်းကြီးသည် ဤသတို့သားကို လှည့်ဖြားခြင်းငှါ မတတ်နိုင်ရာ ဟုကြံ၍ ချစ်သား သင်၏မယ်တော်ကား ဘိက္ခုနီမဖြစ်သည် သင်ချစ်သားကို ငါသည်ဘိက္ခုနီမကျောင်းမှ ဆောင်ယူခဲ့၏ဟုမိန့်ဆိုလတ်သော် ထိုသတို့သားသည် ထိုမျှလောက်သော စကားဖြင့် ကောင်းစွာဖြစ်သော ထိတ်လန့်ခြင်းရှိသည်ဖြစ်၍ ခမည်းတော်ဘုရား သားတော်ကို ရှင်ရဟန်းပြုတော်မူပါလော့ဟု လျှောက်တင်လေ၏ ကောဿလမင်းကြီးသည် ချစ်သား ကောင်းပြီဟုဆို၍ သတို့သားကို ကြီးစွာသော ပူဇော်သက္ကာရဖြင့် မြတ်စွာဘုရားထံတော်၌ရှင်ရဟန်းပြုပေးလေ၏ ထိုသတို့သားသည် ပဉ္စင်းအဖြစ် ရလတ်သည်ရှိသော် ကုမာရကဿပမထေရ်ဟူ၍ ထင်ရှား၏ ထိုကုမာရကဿပမထေရ်သည် ဘုရားရှင်၏ အထံတော်၌ ကမ္မဋ္ဌာန်းကိုယူ၍ တောသို့ ဝင်ပြီးလျှင် လုံ့လပြုသဖြင့် စျာန်မဂ်ဖိုလ် အထူးကို ဖြစ်စေခြင်းငှါ မတတ်နိုင်ရကား တဖန် ကမ္မဋ္ဌာန်းကို အထူးပြု၍ ယူဦးအံ့ဟု ဘုရားရှင်အထံတော်သို့ သွားရောက်ပြီးလျှင် ၁မိုက်တော၌ နေတော်မူလေ၏ ထိုအခါ ထိုကုမာရကဿပမထေရ်ကို ကဿပမြတ်စွာဘုရား လက်ထက်တော်၌ အတူတကွ ရဟန်းတရားကို အားထုတ်၍ အနာဂါမိဖိုလ်သို့ ရောက်သဖြင့် ငြဟ္မာ့ပြည်၌ဖြစ်သော ရဟန်း ငြဟ္မာသည် ငြဟ္မာ့ပြည်မှ လာခဲ့၍ ၂တဆဲငါးပါးသော ပြဿနာတို့ကို မေးပြီးလျှင် ဤပြဿနာတို့ကို ဘုရားရှင်ကိုထား၍ တပါးသော ဖြေစွမ်းနိုင်သော သူမည်သည်မရှိ၊ သွားချေဘုရားရှင်၏ အထံတော်၌ ဤပြဿနာတို့၏ အနက်ကို သင်ယူချေလော့ဟု စေလွှတ်လိုက်လေ၏ ထိုကုမာရ ကဿပမထေရ်သည် ထိုအနာဂါမ်ငြဟ္မာဆိုတိုင်းပြုသဖြင့် ပြဿနာကိုဖြေသည်၏အဆုံး၌ အရဟတ္တာဖိုလ်သို့ ရောက်လေ၏။ ထိုကုမာရ ကဿပမထေရ် တောထွက်သော နေ့မှစ၍ တဆဲနှစ်နှစ်တို့ပတ်လုံး မယ်တော်ဖြစ်သော ဘိက္ခုနီမ၏ မျက်စိတို့မှ မျက်ရည်တို့သည် မပြတ်ဖြစ်ကုန်၏။

ထိုဘိက္ခုနီမသည်သားနှင့် ကွဲကွင်းခြင်းကြောင့် ဆင်းရဲခြင်းသို့ ရောက်သည်ဖြစ်၍ မျက်ရည်စိုစွတ်သော မျက်နှာဖြင့်သာလျှင် ဆွမ်းအလို့ငှါ လှည့်လည်စဉ်

---

၁ သူတော်ကောင်းတဦးကို ပြစ်မှားသေးလူဆိုးတို့ မျက်စိကွယ်၍နေရာ တောအုပ်ဖြစ်သောကြောင့် မိုက်တောဟုခေါ်သည်။ ယင်းတိုက်တောဟူ၍လည်း ခေါ်ဆိုသေး၏။

၂ ၎င်းပြဿနာများ မူလပဏ္ဏာသပါဠိတော် ဝမ္မိကသုတ်၌လာ၏။

လမ်းခရီးအကြားဌ မထေရ်ကိုမြင်ရလျှင် မြင်ရခြင်း ချစ်သား ချစ်သားဟု မြည်တမ်းလျက် မထေရ်ကို အမှီရောက်စိမ့်သောငှါ ပြေးလိုက်သည် ရှိသော် ပြန်လည်၍ တိမ်းလည်းလေ၏ ထိုရဟန်းမိန်းမသည် သားမြတ်တို့မှ နှုံရည်ထွက်ကုန်သဖြင့် ထပြီးလျှင် စိုသော သင်္ကန်းရှိလျက် သွား၍ မထေရ်ကို ဆွဲကိုင်လေ၏ မထေရ်သည် ဤငါ့မယ်တော်ကား ငါ့အထံမှ အသာအယာ ဆိုသောစကားကို အကယ်၍ ရသည်ဖြစ်အံ့ ပျက်စီးရာလတ္တံ့ ခက်ထန် တင်းမာသောစကားကို သာပြု၍ ဤမယ်တော် ဘိက္ခုနီမနှင့်တကွ ပြောဆိုဦးအံ့ဟု ကြံလေ၏ ထို့နောင်မှ ထိုမယ်တော်ထေရီမကို အဘယ်အမှုပြုလျက် လှည့်လည်နေဘိသနည်း ချစ်ခင်ခြင်းမျက်ိုလည်း ဖြတ်ခြင်းငှါ မတတ်နိုင်ဘိတကားဟု ဆိုလိုက်လေ၏ ထိုထေရီမသည် မထေရ်၏စကားကား အလွန် ခက်ထန်စွ တင်းမာလေစွတကားဟု ကြံ၍ ချစ်သား အသို့ဆိုဘိသနည်းဟုဆိုလျှင် တဖန်လည်းရှေးနည်း အတူသာလျှင် ဆိုပြန်အပ်သည်ရှိသော် ဤသို့ကြံလေ၏ ငါကား ဤသား၏အကြောင်းကြောင့် တဆဲနှစ်နှစ်တို့ပတ်လုံး မျက်ရည်တို့ကို ဆည်းခြင်းငှါ မတတ်နိုင် ဤသားသည်ကား ဤသို့ ခက်ထန် တင်းမာသော စိတ်နှလုံးရှိဘိ၏ ငါ့အား ဤသားဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟုကြံ၍ သားဌဖြစ်သော ချစ်ခင်ခြင်းကိုဖြတ်လိုက်သည်ရှိသော် ထိုနေ့ဌပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ရွှေသမင်ဇာတ်အမြွက် အတိတ်

တပါးသောအခါ တရားသဘင်ဌ ငါရှင်တို့ ဒေဝဒတ်သည် ဤသို့ ဥပနိဿယအကြောင်းနှင့် ပြည့်စုံသော ကုမာရကဿပကိုဂုင်း ထေရီမကိုဂုင်း ဖျက်ဆီးဘိ၏ မြတ်စွာဘုရားသည်ကား ထိုသူတို့၏ ကိုးကွယ်ရာဖြစ်တော်မူ၏ ဘုရားရှင်တို့မည်သည်ကား အလွန်တရာ လူအပေါင်းကို အစဉ်မပြတ် သနားတော်မူကုန်စွတကားဟု စကားကို ဖြစ်စေကြလေကုန်၏ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ချစ်သားရဟန်းတို့ ယခု ငါလာဆဲအခါဌ အဘယ်မည်သော စကားဖြင့် ပြောကြား စည်းဝေးနေကြကုန်သနည်းဟု မေးတော်မူသောကြောင့် ဤမည်သောစကားဖြင့် ပြောကြားစည်းဝေးနေကြပါသည်ဘုရားဟု နားတော်လျှောက်သည်ရှိသော် ချစ်သား ရဟန်းတို့ ယခုသာလျှင် ငါဘုရားသည် ဤသူတို့၏

အထောက်အပံ့ ထောက်တည်ရာ ဖြစ်သည်မဟုတ်သေး ရှေးဦလည်း ငါဘုရားသည် ထိုသူတို့၏ ထောက်တည်ရာဖြစ်ဘူးသည်သာတည်းဟု မိန့်တော်မူ၍—

နိဂြောဓမေဝ သေဝေယျ၊ နသာခ မုပသံဝသေ။
နိဂြောဓသ္မိံ မတံ သေယျော၊ ယံ ဝေ သာခသ္မိံ ဇီဝိတံ။

နိဂြောဓမေဝ၊ နိဂြောဓမည်သော ရွှေသမင်ကိုသာလျှင်။ သေဝေယျ၊ မှီဝဲဆည်းကပ်ရာ၏။ သာခံ၊ သာခမည်သော ရွှေသမင်ကို။ နဥပသံဝသေ၊မမှီဝဲရာ။ နိဂြောဓသ္မိံ၊ နိဂြောဓမည်သော ရွှေသမင်၏ ခြေရင်းဦ။ မတံ၊ သေရခြင်းသည်။ သေယျော၊ မြတ်သေး၏။ သာခသ္မိံ၊ သာခမည်သော ရွှေသမင်ထံဦ။ ဝေ၊ စင်စစ်။ ယံဇီဝိတံ၊ အကြင်အသက်ရှည်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံဇီဝိတံ၊ ထိုအသက်ရှည်ခြင်းသည်။ နသေယျော၊ မမြတ်။

ဟူသော ၁ ဤနိဂြောဓဇာတ်ကို အကျယ်အားဖြင့် ဟောတော်မူ၍ ထိုအခါ သာခမည်သော သမင်သည် ဒေဝဒတ်ဖြစ်လာ၏ အခြံအရံ ပရိသတ်သည်လည်း ဒေဝဒတ်၏ အခြံအရံပရိသတ်ဖြစ်လာ၏ သတ်ရန်အလှည့်သို့ရောက်သော သမင်မသည် ထေရီမဖြစ်လာ၏ သားသည် ကုမာရကဿပဖြစ်လာ၏ ကိုယ်ဝန်ဆောင်သော သမင်မအတွက် အသက်ကိုစွန့်၍သွားသော နိဂြောဓ မည်သော သမင်မင်းသည်ကား ငါဘုရားသာလျှင် ဖြစ်လာ၏ဟုဇာတ်ကို ပေါင်းတော်မူ၍ သားဦဖြစ်သောချစ်ခင်ခြင်းကို ဖြတ်သဖြင့် ထေရီမသည် မိမိသည်သာ မိမိ၏ကိုးကွယ်ရာပြုအပ်သည် အဖြစ်ကို ထင်ရှားစွာ ပြတော်မူလျက် ချစ်သားရဟန်းတို့ အကြင်ကြောင့် မိမိဦတည်ရှိပြည့်စုံသော နတ်ပြည်လားခြင်းသည်၎င်း မဂ်ရခြင်းသည်၎င်း သူတပါးအလို့ငှါ ဖြစ်ခြင်းငှါ မတတ်ကောင်း ထို့ကြောင့် မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်၏ သူတပါးသည် အဘယ်အမှုကို ပြုနိုင်အံ့နည်းဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၆၀ အတ္တာဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ။
အတ္တနာဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။

---

၁ ကေနိပါတ် ၂-သီလဝဂ် ၂-နိဂြောဓဇာတ်တော်ဖြစ်သည်။

(ခ) ၁၄၃-၂၂

အတ္တာဟိ၊ မိမိသည်သာလျှင်။ အတ္တနော၊ မိမိ၏။ နာထော၊ ကိုးကွယ်ရာ ဖြစ်၏။ ဟိ၊ ထိုစကားသင့်စ္ဒ။ ပရော၊ မိမိမှတပါးဖြစ်သော။ ကော၊ အဘယ် မည်သောသူသည်။ နာထော၊ အဘယ်သူ၏ ကိုးကွယ်ရာသည်။ သိယာ၊ ဖြစ်နိုင် ချိမ့်အံ့နည်း။ အတ္တာနာဟိ၊ မိမိသည်သာလျှင်။ ဝါ၊ မိမိကိုယ်တိုင်သာလျှင်။ သုဒန္တေန၊ ကောင်းစွာကွန်ဒြေကို ဆုံးမခြင်းဖြင့်။ ဒုလ္လဘံ၊ ရခဲသော။ နာထံ၊ အရဟတ္တဖိုလ် တည်းဟူသော မှီခိုရာကို။ လဘတိ၊ ရနိုင်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ကုမာရကဿပ မယ်တော်ကဲရိမ ဝတ္ထုပြီး၏။

၅–မဟာကာလ ဥပါသကာဝတ္ထု

အတ္တနာဟိကတံပါပံ-အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရား သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မဟာကာလ အမည်ရှိသော သော်တာပန် ဥပါသကာ တယောက်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ဥပုသ်သည်ကို သူခိုးဟု သတ်သွားခြင်း

ထိုမဟာကာလ ဥပါသကာသည် [1]လ၏ ရှစ်ရက်မြောက်သောနေ့၌ ဥပုသ် စောင့်သုံးလျက် ကျောင်းတော်၌ ညဉ့်သုံးယာမ် ပတ်လုံး တရားစကားကို နာကြားနေသတတ် ထိုအခါ ညဉ့်၌ ခိုးသူတို့သည် တခုသောအိမ်၌ ခြံစပ်ကို ဖေါက်၍ ဥစ္စာထုပ်ကိုယူပြီးလျှင် ကြေးအိုး ကြေးခွက်တို့၏ အသံကြောင့် နိုးသော အိမ်ရှင်တို့သည် အစဉ်လိုက်ကြခြင်းကြောင့် ယူအပ်သော ဘဏ္ဍာကို စွန့်ပစ်ကာ ပြေးကြလေကုန်၏ ဥစ္စာရှင်တို့လည်း ခိုးသူတို့ကို လိုက်မြဲ လိုက်ကြ ကုန်သည်သာတည်း ခိုးသူတို့သည် အရပ်လေးမျက်နှာတို့သို့ကစင့်ကရဲ ပြေးဝင် ကြကုန်ပြီးလျှင် တယောက်သော ခိုးသူသည်ကား ကျောင်းသို့သွားရာ လမ်းခရီး ကိုယူသဖြင့် မဟာကာလ ဥပါသကာသည် ဥဉ့်၌တရားစကားကို နာကြား၍

---

[1] တလလျှင် ရှစ်ကြိမ်ဥပုသ် ၈ ခေါင့်သုံးသည်ဟု မူကွဲရှိသည်။

နံနက်စောစော ရေကန်ကမ်းနားဌ် မျက်နှာသစ်စဉ် ရှေဌ်ဥစ္စာထုပ်ကို စွန့်ချထား ခဲ့၍ ပြေးလေ၏ ခိုးသူတို့ကို အစဉ်လိုက်လာသောလူတို့သည် ဥစ္စာထုပ်ကိုမြင်လျှင် သင်္ဘသည် ငါ့ကို့၏ အိမ်ဌ် ခြံစပ်ကိုဖေါက်၍ဥစ္စာထုပ်ကို ခိုးယူလာပြီးမှ တရားနာ နေသောသူအလား သွားလာ လှည့်လည်ဘိ၏ဟု ဆို၍ မဟာကာလ သီတင်း သည်ကို ဆဲငင် ဖမ်းဆီးသဖြင့် ထောင်းထု ပုတ်ခတ်ရိုက်သတ်ကာ ပစ်ထားပြီးမှ သွားကြလေကုန်၏ ထိုအခါ မဟာကာလ သီတင်းသည် အလောင်းကောင်ကို နံနက်စောစောကလျှင် ရေအိုးကိုယူ၍ သွားကြကုန်သော ရဟန်းငယ်နှင့် သာမဏေတို့ မြင်ကြရလျှင် ကျောင်းတော်ဌ တရားစကားကိုနာကြားကာ အိပ်သော ဒါယကာသည် မလျောက်ပတ်သော သေခြင်းကို ရရှာဘိ၏ဟုဆို၍ မြတ်စွာဘုရားကို လျှောက်ကြားကြလေ၏ မြတ်စွာဘုရားသည် ချစ်သားရဟန်းတို့ ဤအတ္တဘောဌ် ကာလမည်သော ဒါယကာသည် မလျောက်ပတ်သော သေခြင်းကို ရသောဟူသည် မှန်ပေ၏ ရှေးဌ် ပြုအပ်သော ကံအားသော်ကား ထိုဒါယကာသည် လျောက်ပတ်သော သေခြင်းကိုသာလျှင် ရအပ်ပေ၏ဟု မိန့်တော်မူသဖြင့် ထိုရဟန်းတို့ တောင်းပန်ခြင်းကြောင့် ထိုမဟာကာလဥပါသကာ၏ ရှေးမကောင်း မှုကံကို ဟောကြားတော်မူလေ၏။

မဟာကာလ ဥပါသကာ၏ အတိတ်မကောင်းမှု

လွန်လေပြီးသောအခါ ဗာရာဏသီမင်း၏နိုင်ငံတွင် တခုသော ပစ္စန္တရစ်ရွာ၏ တောအုပ်ဝဌ် ခိုးသား ထားပြတို့သည် ခရီးသွားသူတို့ကို ပုတ်ခတ် သတ်ဖြတ်ကြကုန်၏ ဗာရာဏသီမင်းကြီးသည် တောအုပ်ဝဌ် မင်းခယောကျ်ားတယောက်ကို သားလေ၏ ထိုမင်းခယောကျ်ားသည် အခယူ၍ လူတို့ကို ဤမှာဘက်တောစခန်းမှ ထိုမှာဘက် တောစခန်းသို့ ပို့ဆောင်ရ၏ ထိုမှာဘက် တောစခန်းမှ ဤမှာဘက် တောစခန်းသို့ ပို့ဆောင်ရ၏ ထိုအခါ လူတယောက်သည် အလွန် အဆင်းသ့သော မိမိ၏မယားကို လှည်းငယ်ထက်သို့တင်လျက် ထိုတောအုပ်ဝသို့ ရောက် သွားလေ၏ မင်းခယောကျ်ားသည် ထိုမိန်းမကို မြင်လျှင် မြင်ခြင်း ချစ်ကြိုက် စုံမက် နှစ်သက်ခြင်း ဖြစ်ရကား ထိုခရီးသွားသော ယောကျ်ားက အရှင် ဘျန်တော်တို့အား တောအုပ်ကို လွန်မြောက်ပါစေလော့ လွန်မြောက်အောင် သိုက်ပို့ပါလော့ ဟု ပြောဆိုသော်လည်း ယခု အချိန်အခါ မဟုတ်ပြီ မိုးချုပ်ပြီ

နံနက်စောစောကျမှ သာလျှင် လွန်မြောက်စေအံ့ဟု ဆိုလေ၏ ထိုခရီးသွားယောကျ်ားသည် အရှင် အချိန်အခါ ရှိပါသေးသည် ယခုပင်လျှင် ကျွန်တော်တို့ကို ပို့ဆောင်ပါဦးဟု ဆိုလတ်သော် အိုအချင်းယောကျ်ား ဆုတ်နစ် ရပ်ဆိုင်းပါဦးလော့ အကျွန်ုပ်တို့၏ အိမ်၌သာလျှင် ထမင်း အာဟာရသည်ရှင်း နေစရာ နေရာသည်ရှင်း ဖြစ်ပါလတ္တံ့ဟု ဆိုလေ၏ ထိုခရီးသွား ယောကျ်ားသည် ဆုတ်နစ် ရပ်ဆိုင်းခြင်းငှါ အလိုမရှိသည်သာတည်း မင်းခယောကျ်ားသည် ငယ်သား ယောကျ်ားတို့အား အမှတ်သညာပေး၍ လှည်းကို ဆုတ်နစ်စေပြီးလျှင် အလိုမရှိသည်သာဖြစ်သော ခရီးသွားယောကျ်ားအား တံခါးမုခ်၌ နေရာပေးသဖြင့် ထမင်း အာဟာရကို စီရင် ချက်ပြုတ်စေလေ၏။

ပြစ်မှုဆင်၍ လင်အား ရိုက်သတ်ခြင်း

ထိုမင်းချင်းယောကျ်း၏ အိမ်၌ကား တခုသော ပတ္တမြားရတနာသည် ရှိ၏ ထိုမင်းချင်းယောကျ်းသည် ပတ္တမြားရတနာကို လှည်းအတွင်း၌ ထည့်ထား စေ၍ နံနက်စောစောအချိန်ကာလ၌ ခိုးသူတို့ဝင်လာသောအသံကို ပြုစေလေ၏ ထိုမင်းချင်းယောကျ်း၏ ငယ်သားယောကျ်းတို့သည် အရှင် ပတ္တမြားရတနာကို ခိုးသူတို့ ခိုးယူသွားပါပြီဟု ပြောကြားကြလေကုန်၏ မင်းခယောကျ်းသည် ရှာတံခါးတို့၌ အစောင့်အရှောက် ထားလျက် ရှာတွင်းမှ ထွက်ကုန်သော သူတို့ကို စူးစမ်း ရှာဖွေကြကုန်လော့ဟု ဆိုလေ၏ ခရီးသွားယောကျ်းသည်လည်း စောစောကသာလျှင် လှည်းယာဉ်ကို ကျ၍ ထွက်သွားလေ၏ ထိုအခါ ခရီးသွားယောကျ်း၏လှည်းကို သုတ်သင် ရှာဖွေကြသော သူတို့သည် မိမိတို့ကိုယ်တိုင် ထည့်ထားသော ပတ္တမြား ရတနာကို မြင်ရလျှင် ခြိမ်းချောက် မောင်းမဲကုန်လျက် သင်ကား ပတ္တမြားကို ခိုးယူ၍ ထွက်ပြေးဘိ၏ဟု ပုတ်ခတ်၍ အရှင်အကျွန်ုပ်တို့သည် ခိုးသူကို ဖမ်းမိပါပြီဟုဆို၍ ရှာစားအား ပြကြလေကုန်၏ ရှာစားသည်လည်း ငါ၏လက်အောက် အခစားယောကျ်း၏အိမ်၌ ရှေးဦးစွာ နေရာကိုပေး၍ ထမင်း ပေးအပ် ကျွေးအပ်လျက် ပတ္တမြားကို ခိုးယူ၍ သွားဘိ၏ ထိုယုတ်မာသော ယောကျ်းကို ဖမ်းယူခဲ့ကြကုန်လော့ဟု ဆို၍ ရိုက်နှက်ပုတ်ခတ် ကာသတ်ပြီးလျှင် စွန့်ပစ်စေလေ၏ ဤသည်လျှင် မဟာကာလသီတင်းသည်၏ ရှေးမကောင်းမှုကံတည်း ထိုမင်းချင်းယောကျ်းသည် ထိုဘဝမှ စုတေမနေ

သေလွန်သည်ရှိသော် အဝီစိငရဲ၌ဖြစ်၍ ထိုငရဲ၌ ရှည်လျားစွာသော နေ့ညဉ့် ပတ်လုံး ကျက်ပြီးမှ အကျိုး အကြွင်းအကျန်ဖြင့် အရာမျှသော ကိုယ်အဖြစ်၌ ထိုအတူသာလျှင်.ပုတ်ခတ် ရိုက်နှက်အပ်သည်ဖြစ်၍ သေခြင်းသို့ ရောက်ရဘူးလေပြီ ဤသို့လျှင် ဘုရားရှင်သည် မဟာကာလ၏ ရှေးမကောင်းမှုကံကို ဟောပြတော်မူပြီးလျှင် ချစ်သားရဟန်းတို့ ဤသို့လျှင် ဤသတ္တဝါတို့ကို မိမိပြုသောမကောင်းမှုအကုသိုလ်ကံသည်သာလျှင် အပါယ်လေးပါးတို့၌ နှိပ်စက် ဖျက်ဆီးဘိ၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၆၁ အတ္တနာဟိ ကတံ ပါပံ၊ အတ္တဇံ အတ္တသမ္ဘဝံ။
အဘိမတ္ထတိ ဒုမ္မေဓံ၊ ဝဇိရံ ဝသ္မမယံ မဏိံ ။

အသ္မမယံ၊ ကျောက်မှဖြစ်ပေါ်သော။ ဝဇိရံ၊ ဝဇိရစိန်သည်။ မဏိံ၊ ဖြစ်ပေါ်ရာဖြစ်သော ထိုကျောက်ကို။ အဘိမတ္ထတိ၀၊ စား၍အပေါက်ပေါက် အပိုင်းပိုင်း ပြုသကဲ့သို့။ တထာ၊ ထို့အတူ။ အတ္တနာ၊ မိမိကိုယ်တိုင်။ ကတံ၊ ပြုအပ်သည် ဖြစ်၍။အတ္တဇံ၊ မိမိကိုယ်၌ဖြစ်သော။ အတ္တသမ္ဘဝံ၊ မိမိကြောင့်ဖြစ်သော။ ပါပံ၊ မကောင်းမှု အကုသိုလ်ကံသည်။ ဒုမ္မေဓံ၊ မကောင်းမှုဖြစ်ရာ ထိုပညာမရှိသော သူကို။ အဘိမတ္ထတိ၊ နှိပ်စက်ဖျက်ဆီး၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ရောက်လာကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

မဟာကာလဥပါသကာဝတ္ထုပြီး၏။

၆—အရှင်ဒေဝဒတ်ဝတ္ထု

ယဿအစ္ဆန္တဒုဿီလျံ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

တဏှာသည် မာလောန္ဓယ်နှင့် တူခြင်း

တနေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် ငါ့ရှင်တို့ ဒေဝဒတ်သည် သီလ မရှိ ယုတ်မာသောအကျင့်ရှိ၏ သီလမရှိသည့် အဖြစ်ဟု ဆိုအပ်သော် တဏှာကို ပြုတတ်သောကြောင့်သာလျှင် တိုးပွားလာသော တဏှာဖြင့် အဇာတသတ် မင်းသားကို ချီးမြှောက်၍ များစွာသောလာဘ် ပူဇော်သက္ကာရကိုဖြစ်စေလျက် အဇာတသတ်မင်းသားကို ခမည်းတော်ကို သတ်ခြင်း၌ ဆောက်တည်စေပြီးလျှင် ထိုအဇာတသတ်နှင့်အတူတကွ တပေါင်းတည်းဖြစ်၍ အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့် မြတ်စွာဘုရားအား လည်း သတ်ခြင်းငှါ လုံ့လပြုဘိ၏ဟု စကားကို ဖြစ်စေကြလေကုန်၏ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ချစ်သား ရဟန်းတို့ ယခု ငါလာဆဲအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူခြင်းကြောင့် ဤမည်သောစကားဖြင့် စည်းဝေးကြပါသည် ဘုရားဟု နားတော်လျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ ယခုသာလျှင် မဟုတ်သေးရှေး၌လည်း ဒေဝဒတ်သည် အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့် ငါ့အား သတ်ခြင်းငှါ လုံ့လပြုဘူး၏ဟုမိန့်တော်မူ၍ [1]ကုရုဂ်မိဂဇာတ် စသည်တို့ကို ဟောကြားတော်မူပြီးလျှင် ချစ်သားရဟန်းတို့ စင်စစ် သီလ မရှိသောပုဂ္ဂိုလ်မည်သည်ကို သီလမရှိသည့် အဖြစ်ဟု ဆိုအပ်သော တဏှာကို ပြုတတ်သောကြောင့် ဖြစ်ပေါ်သောတဏှာသည် မာလောန္ဓယ်သည့် အင်ကြင်းပင်မင်းကို မြွေးရှက် ဖျက်ဆီးဘိသကဲ့သို့ မြွေးရှက်ဖျက်ဆီးလျက် ငရဲစသည်တို့၌ ပစ်ချ၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏

ဒေသနာတော်

၁၆၂ ယဿ အစ္စန္တဒုဿီလျံ၊ မာလုဝါ သာလမိဝေါတ္ထတံ။
ကရောတိ သော တထတ္တာနံ၊ ယထာ နံ ဣစ္ဆတီ ဒိသော။

မာလုဝါ၊ မာလောန္ဓယ်သည်။ သာလံ၊ အင်ကြင်းပင်မင်းကို။ ဩတ္ထတံဣဝ၊ ထက်ဝန်းကျင် မြွေးရှက်ဖျက်ဆီး လွှမ်းမိုးဘိသကဲ့သို့။ ဧဝံ၊ ဤအတူ။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ အစ္စန္တ ဒုဿီလျံ၊ နှစ်ဘဝသုံးဘဝဆက်၍ လာသော သီလမရှိ

---

၁ ၎ကနိပါတ် ၃-ကုရုဂ်ဝဂ် ၁-ကုရုဂ်မိဂဇာတ် ဖြစ်၏။ ဆက်မင်းခွေ၌ ယမနေသီး ပစ်ချပေး၍ လှံချက်ခြောက်သွားသော မူဆိုးဝတ္ထုဟူလို။

သောသူ၏ အဖြစ်တည်းဟူသော တဏှာသည်။ နံ၊ ထိုပုဂ္ဂိုလ်ကို။ ဩတ္တပ်၊ ငရဲစသည်တို့၌ ကျစေလျက် မြေးရှက်ဘိစီး၏။ ဒိသော၊အကျိုးမဲ့ကို လိုလားသော ရန်သူသည်။ ယထာ၊ အကြင် အခြင်းအရာဖြင့်။ နံ၊ ထိုသူကို။ ဣစ္ဆတိ၊ အလိုရှိ၏။ တထာ၊ ထိုအခြင်းအရာဖြင့်။ သော၊ ထိုဒုဿီလပုဂ္ဂိုလ်သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ကရောတိ၊ ပြု၏။

ဒေဿနာတော်၏အကျိုး

ဒေဿနာတော်၏ အဆုံးဌ် များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

အရှင်ဒေဝဒတ်ဝတ္ထုပြီး၏။

၇—သံဃဘေဒ ပရိသက္ကနဝတ္ထု

သုကရာနိ- အစရှိသော ဤတရားဒေဿနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် သံဃာကဲ့ပြားစေခြင်းငှါ လုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူလေ၏။

သင်းခွဲရန် အလိုကို ပြောကြားခြင်း

တနေ့သ၌ ဒေဝဒတ်သည် သံဃာကဲ့ပြားစေခြင်းငှါ လုံ့လပြုသည်ဖြစ်၍ ဆွမ်းအလိုငှါ လှည့်လည်သော အရှင်အာနန္ဒာကို မြင်လျှင် မိမိ၏အလိုကိုပြောကြားလေ၏ ထိုစကားကိုကြားရလျှင် အရှင်အာနန္ဒာမထေရ်သည် ဘုရားရှင်၏ အထံတော်သို့သွား၍ မြတ်စွာဘုရားကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် ဤရာဇဂြိုဟ်ပြည်၌ နံနက်အခါ သင်းပိုင်ကို ပြင်ဝတ်ပြီးလျှင် သပိတ်သင်္ကန်းကိုယူလျက် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းအလိုငှါ ဝင်ပါသည်ဘုရား မြတ်စွာဘုရား တပည့်တော်ကို ဒေဝဒတ်သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းအလိုငှါ လှည့်လည်သည်ကို မြင်လေလျှင် တပည့်တော် ရှိရာအရပ်သို့ ချဉ်းကပ်၍ တပည့်တော်ကို ဤစကားကို ဆိုပါသည်ဘုရား ငါ့ရှင်အာနန္ဒာ ငါသည် ယနေ့ကို အစပြု၍ ယခုအခါ မြတ်စွာဘုရားကို ကြဉ်ဖယ်၍သာလျှင် ရဟန်းသံဃာအပေါင်းကို ကြဉ်ဖယ်၍သာလျှင် ဥပုသ်ကိုငင်း သံဃကံကိုငင်း ပြုပေတော့အံ့ဟူ၍ ဆိုပါ

သည်ဘုရား ၊မြတ်စွာဘုရား ယနေ့ ဒေဝဒတ်သည် သံဃာကို သင်းခွဲပါလိမ့်မည် ဥပုသ်ကိုဂင်း သံဃကံကိုဂင်း ပြုပါလိမ့်မည်ဘုရားဟု ဤသို့သော စကားကို လျှောက်ကြားလေ၏ ဤသို့ လျှောက်ကြားလတ်သည်ရှိသော် မြတ်စွာဘုရား သည် ဤဥဒါန်းကို မြွက်ဆို ကျူးရင့်တော်မူလေ၏။

ဲသုကရံ သာဓုနာ သာဓုံ၊ သာဓုံ ပါပေန ဒုက္ကရံ။
ပါပံ ပါပေန သုကရံ၊ ပါပမရိယေဟိ ဒုက္ကရံ။

သာဓုနာ၊ သူတော်ကောင်းသည်။ သာဓုံ၊ ကောင်းသောအမှုကို။ သုကရံ၊ ပြုလွယ်၏။ ပါပေန၊ ယုတ်မာသောသူသည်။ သာဓုံ၊ ကောင်းသောအမှုကို။ ဒုက္ကရံ၊ ပြုခြင်းငှါ ခဲယဉ်း၏။ ပါပေန၊ ယုတ်မာသောသူသည်။ ပါပံ၊ မကောင်းသောအမှုကို။ သုကရံ၊ ပြုလွယ်၏။ အရိယေဟိ၊ မြတ်သော သူတော်ကောင်းတို့သည်။ ပါပံ၊ မကောင်းသောအမှုကို။ ဒုက္ကရံ၊ ပြုခြင်းငှါ ခဲယဉ်း၏။

ဟူသော ဤဥဒါန်းစကားကို ကျူးရင့်တော်မူပြီးလျှင် ချစ်သားအာနန္ဒာမိမိ၏ အစီးအပွားမရှိသော အမှုမည်သည်ကား ပြုခြင်းငှါလွယ်၏ အစီးအပွားရှိသောအမှုသာလျှင် ပြုခြင်းငှါ ခဲယဉ်း၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၆၃ သုကရာနိ အသာဓူနိ၊ အတ္ထာနေ၁ အဟိတာနိ စ။
ယံ ဝေ ဟိတဉ္စ သာဓုံစ၊ တံ ဝေ ပရမ ဒုက္ကရံ။

ယာနိ၊ အကြင်အမှုတို့သည်။ အသာဓူနိ၊ အပြစ်ရှိ၍ အပါယ်လားကြောင်း မကောင်းကြကုန်။ အတ္ထာနေ၁၊ မိမိ၏။ အဟိတာနိစ၊ အစီးအပွားမဲ့လည်းဖြစ်ကုန်၏။ တာနိ၊ ထိုအမှုတို့သည်။ သုကရာနိ၊ ပြုလွယ်ကြကုန်၏။ ယံ၊ အကြင်အမှုသည်။ ဝေ၊ စင်စစ်။ ဟိတဉ္စ၊ အစီးအပွားလည်းရှိ၏။ သာဓုဉ္စ၊ အပြစ်ကင်း၍ သုဂတိနိဗ္ဗာန်ရောက်ကြောင်း ကောင်းလည်းကောင်း၏။ တံ၊ ထိုအမှုသည်။ဝေ၊ စင်စစ်။ ပရမဒုက္ကရံ၊ လွန်စွာပြုနိုင်ခဲ၏။

---

၁ ဥဒါန်းပါဠိတော်၌လာသော ဂါထာဘည်း။ (စမ္မပဒ ဒေသနာတော် ဂ၊ထောမဟုတ်)။

ဒေသနာတော်၏ အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

သံဃဘေဒ ပရိသက္ကန ဝတ္ထုပြီး၏။

၈–ကာလ မထေရ် ဝတ္ထု

ယောသာသနံ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌နေတော်မူစဉ် ကာလမည်သော မထေရ်ကိုအကြောင်းပြု၍ ဟောကြားတော်မူလေ၏။

ဘုရားရှင်ထံသို့ပင် သွားခွင့်မပြုနိုင်ခြင်း

သာဝတ္ထိပြည်၌ တယောက်သော မိန်းမသည် မိခင်အရာ၌တည်၍ ထိုကာလ မထေရ်ကိုလုပ်ကျွေးသတတ် ထိုမိန်းမ၏အိမ်နီးချင်းနေသူ လူတို့သည် ဘုရားရှင်၏ အထံတော်၌ တရားနာပြီးလျှင် ပြန်လာ၍ ဘုရားရှင်တို့ မည်သည်ကား အလွန်အံ့ဘွယ်ရှိပေကုန်စွ တရားဟောခြင်းသည် အလွန်သာယာနာပျော်ဘွယ်ရှိပေစွဟု ချီးမွမ်းကြကုန်၏ ထိုမိန်းမသည်အိမ်နီးချင်းနေသူ လူတို့၏စကားကို ကြားရလျှင် အရှင်ဘုရား တပည့်တော်မသည်လည်း ဘုရားရှင်၏ တရားဒေသနာတော်ကို နာလိုပါသည်ဘုရားဟု ထိုကာလ မထေရ်အား လျှောက်ထားလေ၏ ထိုကာလ မထေရ်သည် ထိုဘုရားအထံသို့ မသွားလင့်ဟု ဒါယိကာမကို တားမြစ်လေ၏ ထိုဒါယိကာမသည် တဖန်မိုးသောက်သောနေ့၌လည်း တောင်းပန်လေ၏ သုံးကြိမ်တိုင်အောင် ထိုကာလမထေရ် တားမြစ်သော်လည်း တရားတော်ကို နာလိုသည်သာလျှင် ဖြစ်ခဲ့လေ၏။

[အဘယ့်ကြောင့် ထိုကာလ မထေရ်သည် ထိုဒါယိကာမကို တားမြစ်ဘိသနည်း ဟူမူကား ဘုရားရှင်၏ အထံတော်၌ တရားနာရသည်ရှိသော့ ငါ့အပေါ်၌ သဒ္ဓါပျက်ချေအံ့ဟု ထိုကာလ မထေရ်အား ဤသို့အကြံဖြစ်သတတ်]။

(၁) ၁၄၃–၂၃

ထိုအလုပ်အကျေး ဒါယိကာမသည် တနေ့သ၌ နံနက်စောစော၌သာလျှင် နံနက်စာထမင်းစားပြီးသည်ရှိသော် ဥပုသ်ဆောက်တည်၍ ချစ်သို့ အရှင်ကောင်းကို ကိုး ကောင်းမှန်စွာ ဆွမ်းလုပ်ကျေး ရစ်လော့ဟု ဆို၍ သို့ကိုစေခိုင်းပြီးလျှင် ကျောင်းတော်သို့ သွားလေ၏ ထိုဒါယိကာမ၏ သို့သည်လည်း ထိုရဟန်းကို ကြွလာသောအခါ ဆွမ်းလုပ်ကျေး၏ ဒါယိကာမကြီးကား အဘယ်သို့ သွားသနည်းဟု မေးသည်ရှိသော် တရားနာခြင်းငှါ ကျောင်းတော်သို့ သွားပါသည်ဘုရားဟု လျှောက်ကြားလေ၏ ထိုကာလမထေရ်သည် ထိုစကားကိုကြား လျှင် ကြားခြင်း ဝမ်း၌ဖြစ်သော ဒေါသဖြင့် ပူလောင်လတ်သည် ဖြစ်ရကား ယခုအခါ ဒါယိကာမကြီးသည် ငါ့အပေါ်၌ သဒ္ဓါပျက်ချေပြီဟု လျှင်စွာသွားတဲ့၍ ဘုရားရှင် အထံတော်၌ တရားနာနေသော ဒါယိကာမကိုမြင်လျှင် ဘုရားရှင်ကို မြတ်စွာဘုရား ဤမိန်းမသည် နှုန့်နှေး ထိုင်းမှိုင်းလှပါသည် သိမ်မွေ့သော တရားစကားကို မသိနိုင်ပါ ဤမိန်းမအား ခန္ဓာ စသည်နှင့် စပ်သော သိမ်မွေ့သော တရားစကားကို မဟောမူ၍ ဒါနကထာကိုဂျင်း သီလကထာကိုဂျင်း ဟောခြင်းငှါ သင့်ပါသည်ဘုရားဟု လျှောက်လေ၏ မြတ်စွာဘုရားသည် ထိုကာလ မထေရ်၏ ယုတ်မာသော အလို အဇ္ဈာသယကို သိတော်မူသဖြင့် သင်သည် ပညာမရှိသည် ဖြစ်၍ ယုတ်မာသော အယူကိုမှီလျက် ဘုရားရှင်တို့၏ အဆုံးအမကို တားမြစ် ကန့်ကွက်ဘိ၏ မိမိကိုယ်ကို သတ်ခြင်းငှါသာလျှင် လုံ့လပြုဘိ၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၆၄ ယော သာသနံ အရဟတံ၊ အရိယာနံ ဓမ္မဇီဝိနံ။
ပဋိက္ကောသတိ ဒုမ္မေဓော၊ ဒိဋ္ဌိ နိဿာယ ပါပိကံ။
ဖလာနိ ကဋ္ဌကဿေဝ၊ အတ္တဃာတာယ ဖလ္လတိ။

ဒုမ္မေဓော၊ ပညာမရှိသော။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ပါပိကံ၊ ယုတ်မာသော။ ဒိဋ္ဌိ၊ အယူကို။ နိဿာယ၊ မှီ၍။ ဓမ္မဇီဝိနံ၊ တရားနှင့်အညီ အသက်မွေးခြင်း ရှိကုန်ထသော့။ အရဟတံ၊ ပူဇော်အထူးကို ခံတော်မူထိုက် ကုန်သော။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ သာသနံ၊ အဆုံးအမတော်ကို။ ပဋိက္ကောသတိ၊ တားမြစ်၏။ တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ သာဒိဋ္ဌိ၊ ထိုယုတ်မာသောအယူသည်။ ကဋ္ဌကဿ၊ ဝါးဟု ဆိုအပ်သော သစ်ပင်၏။ ဖလာနိဣဝ၊

အသီးတို့ကဲ့သို့။ အတ္တဃာတာယ၊မိမိကိုယ်ကို သတ်ခြင်းအလို့ငှါ။ ဖလ္လတိ၊သီး၏။ ဝါ၊ ဖြစ်၏။

ဒေသနာတော်၌ မှတ်ဘွယ်

[ပညာမရှိသောပုဂ္ဂိုလ်သည် မိမိ ပူဇော်သက္ကာရ ဆုတ်ယုတ်အံ့သည်မှ ကြောက်လန့်သဖြင့် ယုတ်မာသောအယူကိုမှီ၍ တရားနာအံ့ အလှူလှူအံ့ဟု ပြောဆိုသောသူတို့ကို တားမြစ် ပိတ်ပင်လျက် ဘုရားရှင်တို့၏ သာသနာ အဆုံးအမတော်ကို တားမြစ်ပိတ်ပင်လေ့ရှိ၏။ ထိုပုဂ္ဂိုလ်၏ တားမြစ်ပိတ်ပင် ခြင်းသည်၎င်း ယုတ်မာသောအယူသည်၎င်း ဝါးသီးနှင့် တူလေ၏၊ တူပုံကား ဝါးပင်သည် အသီး သီးသည်ရှိသော် မိမိကိုယ်ကို သတ်ခြင်းအကျိုးငှါ သီးသ ကဲ့သို့ ထို့အတူ ထိုပုဂ္ဂိုလ်သည်လည်း မိမိကိုယ်ကို သတ်ခြင်း အကျိုးငှါသာ လျှင် ယုတ်မာသောအယူ ဖြစ်လေ၏ ထို့ကြောင့် ဤဂါထာကို မိန့်ဆိုအပ် သည်သာလျှင်တည်း]။

ဖလံ ဝေ ကဒလိံ ဟန္တိ၊ ဖလံ ဝေဋ္ဌုံ ဖလံ နဋ္ဌံ။
သက္ကာရော ကာပုရိသံ ဟန္တိ၊ ဂဗ္ဘော အဿတရိံ ယထာ။

ဖလံ၊ ငှက်ပျောသီးသည်။ ဝေ၊ စင်စစ်။ ကဒလိံ၊ ငှက်ပျောပင်ကို။ ၁ဟန္တိ ယထာ၊ သတ်သကဲ့သို့၎င်း။ ဖလံ၊ ဝါးသီးသည်။ ဝေဋ္ဌုံ၊ ဝါးပင်ကို။ ဟန္တိယထာ၊ သတ်သကဲ့သို့၎င်း။ ဖလံ၊ ကျူသီးသည်။ နဋ္ဌံ၊ကျူပင်ကို။ဟန္တိယထာ၊သတ်သကဲ့ သို့၎င်း။ ဂဗ္ဘော၊ အဿတိုရ်မြင်းငယ် ကိုယ်ဝန်သည်။ အဿတရိံ၊ အမိအဿတိုရ် မြင်းမကို။ ဟန္တိယထာ၊သတ်သကဲ့သို့၎င်း။ တထာ၊ ထို့အတူ။ သက္ကာရော၊မိမိကို မှီ၍ဖြစ်သော လာဘ် ပူဇော်သက္ကာရသည်ကား။ ကာပုရိသံ၊ ပညာမရှိသော ပုဂ္ဂိုလ်ကို။ ဟန္တိ၊သတ်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ဒါယိကာမသည် သောကာပတ္တိဖိုလ်၌တည်လေ၏။ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်တော် မူလေ၏။

ကာလမထေရ်ဝတ္ထုပြီး၏။

---

၁ ဟနတိ-ဝုဒ်ရင်း နဒ္ဒ သရရေ၍ တ်၌ကပ် ဟန္တိ ဟု ဖြစ်၏။

၉-ဈာနကာလ ဥပါသကာဝတ္ထု

အတ္တနာဟိ ကတံ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် စူဠကာလအမည်ရှိသော ဥပါသကာကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ဥပုသ်သည်ကို သူခိုးဟု ရိုက်နှက်ခြင်း

တနေ့သ၌ မဟာကာလဝတ္ထု၌ ဆိုအပ်ပြီးသောနည်းဖြင့် သာလျှင် ဥမင်ဖြင့် ဖေါက်၍ ခိုးကုန်သော သူခိုးတို့သည် ဥစ္စာရှင်တို့ အစဉ် လိုက်အပ်ကုန်သည် ရှိသော် တည့်ဝပတ်လုံး ကျောင်းတော်၌ တရားစကားကို နာကြားသဖြင့် နံနက်စောစော ကျောင်းမှထွက်၍ သာဝတ္ထိပြည်သို့ ပြန်လာသော ထိုစူဠကာလဒါယကာ၏ရှေ့၌ ဥစ္စာထုပ်ကို စွန့်၍ ပြေးကြကုန်၏ လူတို့သည် ထိုစူဠကာလကို မြင်ရလျှင် ဤသူသည် ညဉ့်၌ ခိုးမှုကိုပြုလျက် တရားနာလေဟန်ကဲ့သို့ သွားလာလှည့်လည်ဘိ၏ ထိုသူကို ဖမ်းဆီးကြကုန်လော့ဟုဆို၍ စူဠကာလ ဥပါသကာကို ပုတ်ခတ် ရိုက်နှက်ကြလေကုန်၏ ရေခပ်သော ကျွန်မတို့သည် ရေဆိပ်သို့သွားကြကုန်သည်ရှိသော် ထိုပုတ်ခတ် ရိုက်နှက်သော အခြင်းအရာကိုမြင်ကြ၍ အရှင်တို့ ဖဲကြကုန်လော့ ဤစူဠကာလသည် ဤသို့သဘောရှိသောအမှုကို မပြုတတ်ပါဟု ပြောဆို၍ စူဠကာလကို လွှတ်စေကြကုန်၏ ထိုစူဠကာလသည် ကျောင်းတော်သို့ သွား၍ အရှင်ဘုရားတို့ တပည့်တော်ကို လူတို့ရိုက်နှက် ဖျက်ဆီးအပ်ပါသည်ဘုရား ရေခပ်သော ကျွန်မတို့ကို မှီ၍ တပည့်တော်သည် အသက်ကို ရအပ်ပါသည်ဘုရားဟု ဆို၍ ရဟန်းတို့အား လျှောက်ကြားလေ၏ ရဟန်းတို့လည်း ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားကြလေကုန်၏ ဘုရားရှင်သည် ထိုရဟန်းတို့၏ စကားကို ကြားတော်မူရလျှင် ချစ်သားရဟန်းတို့ စူဠကာဇဒါယကာသည် ရေခပ်သော ကျွန်မတို့ကိုမှီ၍ငင်း မိမိ၏ခိုးမှုပြုခြင်း မရှိသည်အဖြစ်ကြောင့်ငင်း အသက်ကိုရပေ၏ ဤသတ္တဝါတို့မည်သည်ကား မိမိကိုယ်တိုင် မကောင်းမှုကံကိုပြု၍ ငရဲ စသည်တို့၌ မိမိကိုယ်တိုင်သာလျှင် ညစ်နွမ်းကြရကုန်၏ ကုသိုလ်ကို ပြု၍မူကား နတ်ပြည်သို့ငင်း နိဗ္ဗာန်သို့ငင်း ရောက်ကြရကုန်၏ မိမိကိုယ်တိုင်သာလျှင် စင်ကြယ်ကြကုန်၏ဟု မိန့်တော်မူ၍ ဤဂါထာကိုဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၆၅ အတ္တနာဟိ ကတံ ပါပံ၊ အတ္တနာ သံကိလိဿတိ။
အတ္တနာ အကတံ ပါပံ၊ အတ္တနာဝ ဝိသုဇ္ဈတိ။
သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ၊ နာညော အညံ ဝိသောဓယေ။

အတ္တနာဟိ၊ မိမိသည်လျှင်။ ပါပံ၊ မကောင်းမှုကို။ စေကတံ၊ အကယ်၍ ပြုအပ်သည်ဖြစ်အံ့။ အတ္တနာဝ၊ မိမိသည်သာလျှင်။ သံကိလိဿတိ၊ ညစ်နွမ်းပူပန်ရ၏။ အတ္တနာ၊ မိမိသည်။ ပါပံ၊ မကောင်းမှုကို။ စေအကတံ၊ အကယ်၍ မပြုအပ်သည်ဖြစ်အံ့။ အတ္တနာဝ၊ မိမိသည်သာလျှင်။ ဝိသုဇ္ဈတိ၊ စင်ကြယ်ရ၏။ သုဒ္ဓိ၊ ကုသိုလ်သည်ၵင်း။ အသုဒ္ဓိ၊ အကုသိုလ်သည်ၵင်း။ ပစ္စတ္တံ၊ အသီးအခြား မိမိ၌သာအကျိုးပေး၏။အညော၊ တပါးသောသူသည်။အညံ၊တပါးသောသူကို။ နဝိသောဓယေ၊မသုတ်သင်နိုင်။ (နကိလိဿတိ၊ ညစ်နွမ်းပူပန်ရအောင်မပြုနိုင်)။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ စူဠကာလသည် သောတာပတ္တိဖိုလ်၌ တည်လေ၏ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်တော်မူလေ၏။

စူဠကာလဥပါသကာဝတ္ထုပြီး၏။

---

၁၀ – အတ္တဒတ္ထမထေရ်ဝတ္ထု

အတ္တဒတ္ထံ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အတ္တဒတ္ထမထေရ်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မြတ်စွာဘုရား နှစ်သက်တော်မူသော ပူဇော်နည်း

ဘုရားရှင်သည် ပရိနိဗ္ဗာန် စံယူတော်မူအံ့သောအခါ၌ ချစ်သား ရဟန်းတို့ ငါဘုရားသည် ဤလမှ လေးလ လွန်သောအခါ ပရိနိဗ္ဗာန် စံယူတော်မူအံ့ဟု မိန့်တော်မူလတ်သည်ရှိသော် ထိတ်လန့်ခြင်း သံဝေဂဖြစ်ကြကုန်သော ခုနစ်ရာသော ပုထုဇဉ် ရဟန်းတို့သည် မြတ်စွာဘုရား၏ အထံတော်ကို မစွန့်မူ၍ ငါ့ရှင်တို့ အဘယ်သို့ ပြုရပါကုန်အံ့နည်းဟု တိုင်ပင် ပြောဆိုကာ သွားလာလှည့်လံည့်ကြ

ကုန်၏ အတ္တဒတ္ထမထေရ်သည်ကား ဤသို့ကြံစည်လေ၏ ငါတို့ဆရာ ဘုရားမြတ်စွာသည် လေးလလွန်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့ ငါသည်လည်း ရာဂမကင်းသေး ဖြစ်ခဲ့၏ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်စိမ့်သောငှါ လုံ့လပြုအံ့ဟု ကြံစည်၍ ထိုအတ္တဒတ္ထမထေရ်သည် ရဟန်းတို့၏အထံသို့ မသွားဘဲနေလေ၏ ထိုအခါ အတ္တဒတ္ထမထေရ်ကို ရဟန်းတို့သည် ငါ့ရှင် အဘယ့်ကြောင့် သင်သည် ငါတို့၏အထံသို့မလာဘိသနည်းတစုံတခုသောစကားကို မတိုင်ပင်ဘဲနေဘိသနည်းဟုဆို၍ ဘုရားရှင်၏ အထံတော်သို့ ခေါ်ဆောင်သဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအတ္တဒတ္ထမထေရ်သည်ဤသို့သဘောရှိသည်ကိုပြုပါသည်ဘုရားဟုလျှောက်ကြားကြလေကုန်၏။။

ထိုအတ္တဒတ္ထမထေရ်ကို မြတ်စွာဘုရားသည် အဘယ့်ကြောင့် ဤသို့ ပြုဘိသနည်းဟု မေးမြန်းအပ်သည်ရှိသော် မြတ်စွာဘုရား ရှင်တော်မြတ်ဘုရားတို့သည် လေးလလွန်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူကြပါလိမ့်သတတ် တပည့်တော်သည် ရှင်တော်မြတ်ဘုရားတို့ သက်တော်ထင်ရှား ရှိစဉ်သာလျှင် ရဟန္တာအဖြစ်သို့ ရောက်စိမ့်သောငှါ လုံ့လပြုအံ့ဟူ၍ ကြံစည်အားထုတ်ကာ နေပါသည်ဘုရားဟု လျှောက်ကြားလေ၏ ဘုရားရှင်သည် ထိုအတ္တဒတ္ထမထေရ်အား ကောင်းချီးပေးတော်မူပြီးလျှင် ချစ်သားရဟန်းတို့ အကြင်ရဟန်းအား ငါ၌ချစ်မြတ်နိုးခြင်းသည်ရှိ၏ ထိုရဟန်းသည် အတ္တဒတ္ထမထေရ်ကဲ့သို့ ဖြစ်ခြင်းငှါ သင့်ပေ၏ နံ့သာစသည်တို့ဖြင့် ပူဇော်ကြကုန်သော သူတို့သည် ငါဘုရားကို ပူဇော်ကြသည်မမည် ကုန် လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်မြတ်ဖြင့်သာလျှင် ငါဘုရားကို ပူဇော်ကြသည်မည်ကုန်၏ ထို့ကြောင့် အတ္တဒတ္ထမထေရ်မှ တပါးသော ရဟန်းသည်လည်း အတ္တဒတ္ထ ရဟန်းနှင့် တူသည်သာလျှင် ဖြစ်ထိုက်ပေ၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။။

ဒေသနာတော်

၁၆၆ အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ နဟာပယေ။
အတ္တဒတ္ထ မဘိညာယ၊ သဒတ္ထပသုတော သိယာ။

အတ္တဒတ္ထံ၊ အနည်းငယ်မျှသော မိမိ၏ အကျိုးစီးပွားကို။ဗဟုနာပိ၊ များစွာလည်းဖြစ်သော။ ပရတ္ထေန၊ သူတပါး၏အကျိုးစီးပွားဖြင့်။ နဟာပယေ၊ မဆုတ်

ယုတ်စေရာ။ အတ္တဒတ္ထံ၊ မိမိ၏ အကျိုးစီးပွားကို။ အဘိညာယ၊ သိ၍။ သဒတ္ထပ-
သုတော၊ မိမိအကျိုးစီးပွား၌ လုံ့လပြုသည်။ သိယာ၊ ဖြစ်ရာ၏။

ဒေသနာတော်၌ မှတ်ဘွယ်

[လူဖြစ်သောသူသည် အနည်းငယ်တချင်ရှေးမျှလည်း ဖြစ်သော မိမိ၏ အကျိုးစီးပွားကို အထောင်မျှလည်း ဖြစ်သော သူတပါး၏အကျိုးစီးပွားဖြင့် မဆုတ်ယုတ်စေရ တချင်ရှေးမျှဖြစ်စေကာမူ မိမိ၏အကျိုးစီးပွားသည် ခဲဘွယ် ဘောဇဉ်ကို ဖြစ်စေနိုင်သည် သူတပါး၏ အကျိုးစီးပွားသည် မဖြစ်စေနိုင် ဤနေရာ၌ကား ကမ္မဋ္ဌာန်းကို အဦးပြု၍ ဟောတော်မူခြင်းကြောင့် ရဟန်း မည်သည် သံဃာအားဖြစ်ပေါ်သော စေတီပြုပြင်ခြင်းစသော ကိစ္စကိုဂုဏ်း ဥပဇ္ဈာယ်စသည်တို့၌ ကျင့်ဝတ်ကိုဂုဏ်း မဆုတ်မယုတ်စေရ အဘိသမာစာရိက မည်သော ကျင့်ဝတ်ကို ဖြည့်ကျင့်မှသာလျှင် မဂ်ဖိုလ်တို့ကို မျက်မှောက်ပြု နိုင်ရသည် ထို့ကြောင့် ဤသို့ပြုသော ရဟန်းသည်လည်း မိမိအကျိုးစီးပွားကို ပြုသည်မည်သည်သာတည်း အကြင်ရဟန်းသည်ကား လွန်စွာအားထုတ်အပ် သော ဝိပဿနာရှိသည်ဖြစ်၍ ယနေ့၌ဌင်း နက်ဖန်၌ဌင်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရလိမ့်မည်ဟု တောင့်တကာ လှည့်လည်၏ ထိုရဟန်းသည် ဥပဇ္ဈာယဝတ် စသည်တို့ကိုသော်လည်း ဆုတ်ယုတ်စေလျက် မိမိကိစ္စကိုသာ ပြုအပ်၏ ဤသို့ သဘောရှိသော မိမိအကျိုးစီးပွားကို သိသဖြင့် ဤကား ငါ၏အကျိုးစီးပွား ဟု မှတ်သားလျက် မိမိ၏ ဥစ္စာဖြစ်သောအကျိုးစီးပွား၌ လွန်စွာအားထုတ် သင့်၏ဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ အတ္တဒတ္ထမထေရ်သည် ရဟန္တာအဖြစ်၌တည်လေ၏ ဓရောက်လာသောရဟန်းတို့အားလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်တော် ၏လေ၏။

အတ္တဒတ္ထမထေရ် ဝတ္ထုပြီး၏။

ဤတွင်ရှေးကား တဆဲ့နှစ်ခုမြောက်သောအတ္တဝဂ် အဖွင့်ပြီး၏။

၁၃-လောကဝဂ်

၁-မထင်ရှားသော ရဟန်းငယ်ဝတ္ထု

ဟီနံဓမ္မံ - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌နေတော်မူစဉ် အမှတ်မရှိသော ရဟန်းငယ်တပါး၏ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ရဟန်းငယ်နှင့် ဝိသာခါ၏ မြေးမ

အမှတ်မရှိသော မထေရ်တပါးသည် ရဟန်းငယ်နှင့် အတူတကွ စောစော ကပင်လျှင် ဝိသာခါ ဒါယိကာမ၏ အိမ်သို့ကြွသွားတော်မူသတတ် ဝိသာခါ၏ အိမ်၌ ငါးရာကုန်သော ရဟန်းတို့အလို့ငှါ မုံ့ ယာဂုကို အမြဲမပြတ် ဝတ်တည်အပ်၏ မထေရ်သည် ထိုဝိသာခါအိမ်၌ ယာဂုသောက်ပြီးလျှင် ရဟန်းငယ်ကို နေခဲ့စေ၍ မိမိကား တပါးသောအိမ်သို့ ကြွသွားလေ၏ ထိုအခါ၌လည်း ဝိသာခါ၏ သား၏ သမီး မြေးမသည် အဘွား၏အရာ၌တည်၍ ရဟန်းတို့အတွက် အမှုကြီးငယ်ကိုပြု၏ ထိုရဟန်းငယ်၏အလို့ငှါ ရေစစ်စဉ် ရေအိုးစရည်း၌ မိမိ၏မျက်နှာရိပ်ကိုမြင်၍ ရယ်လေ၏ ရဟန်းငယ်သည်လည်း ထိုသတို့သမီးငယ်ကိုကြည့်၍ ရယ်မိလေ၏ သတို့သမီးသည် ရဟန်းငယ် ရယ်သည်ကို မြင်ရလျှင် ဦးခေါင်းပြတ်က ရယ်ဘိ၏ဟု ဆိုလိုက်လေ၏ ထိုအခါ သတို့သမီးကို ရဟန်းငယ်သည် နင်သာ ဦးခေါင်းပြတ် နင့်အမေ နင့်အဖေတို့လည်း ဦးခေါင်းပြတ်တော့ဟုဆို၍ ဆဲရေးလေ၏ ထိုသတို့သမီးငယ်သည် ငိုယိုလျက် စဖို့အိမ်၌ အဘွားမ ဝိသာခါ၏ အထံသို့သွားလေရကား ချစ်မြေး ဤငိုခြင်းကား အကြောင်းအဘယ်နည်းဟု မေးလတ်သော် သတို့သမီးငယ်သည် ထိုအကြောင်းကို ပြောကြားလေ၏ ဝိသာခါသည် ရဟန်းငယ်၏အထံသို့ လာ၍ အရှင်ဘုရား အမျက်ထွက်တော်မမူပါလင့် ဤသို့အမျက်ထွက်ခြင်းဟူသည် ပြတ်သောဆံပင် ပြတ်သော ခြေသည်း လက်သည်း ရှိသဖြင့် ဖြတ်အပ်သော အဝတ်အရုံကို ဝတ်ရုံလျက် အလယ်၌ပြတ်သော အိုးနားတို့

---

၁ ဤသို့အမျက်ထွက်ခြင်းသည် မကောင်းပါ ပြတ်သေးဆံပင် ခြေသည်း လက်သည်းရှိသည် ဖြစ်၍ ပြတ်သော အဝတ်အရုံရှိလျက် အလယ်၌ပြတ်သော ခွက်ကိုယူဆောင်ကာ ဆွမ်းခံလှည့်လည်နေကုဖြစ်သော အရှင်ဖြတ်အား အလွန်ဝန်လေးလှပါသည်ဘုရားဟူ၍တဲ့ရှိ၏။

ခွက်လက်စွဲဆောင်ယူကာ ဆွမ်းအလိုငှါ လှည့်လည်နေကျဖြစ်သော အရှင်မြတ် ဘုရားအား အလွန်တရာဝန်လေးလှသော အပြစ်မဟုတ်ပါ ဘုရားဟု လျှောက် ကြားလေ၏ ·ရဟန်းငယ်သည် ဒါယိကာမကြီး သြဇ် ဟုတ်ပေပြီ သင်သည် ငါ၏ ပြတ်သောဆံပင်စသည် ရှိသည့်အဖြစ်ကို သိဘိ၏ ဤသတ္တိသွီးငယ်သည် ငါ့ကို ဦးခေါင်းပြတ်ပြုလုပ်၍ ဆဲရေးခြင်းငှါ သင့်လေတော့ သလောဟု ပြောဆိုလတ် သော် ဝိသာခါသည် ရဟန်းငယ်ကို သိစေခြင်းငှါလည်း မတတ်နိုင် သတ္တိသွီး ငယ်ကို သိစေခြင်းငှါလည်း မတတ်နိုင်။

ဘုရားရှင်၏ သြဝါဒ

ထိုခဏတွင် မထေရ်ကြီးသည် လာလတ်၍ ဒါယိကာမကြီး ဤအမှုကား အဘယ်ပုံ ဖြစ်သနည်းဟု မေးတော်မူပြီးလျှင် ထိုအကြောင်းကို ကြားရသဖြင့် ရဟန်းငယ်ကို ဆုံးမလျက် ငါ့ရှင်ဖဲလော့ ဤသတ္တိသွီးငယ်သည် ပြတ်သောဆံပင် ပြတ်သော ခြေသည်း လက်သည်း ပြတ်သော အဝတ်ရှိသော ပြတ်သော အိုးနား တို့ ခွက်လက်စွဲဆောင်ယူကာ ဆွမ်းအလိုငှါ သွားသော သင့်အား ဆဲရေးသည် မဟုတ် ထို့ကြောင့် ဆိတ်ဆိတ်နေပါ လေလော့ဟု မိန့်ဆိုလေ၏ အရှင်ဘုရား ဟုတ်မှန်လှပါ၏ပေ၏ အရှင်ဘုရားတို့သည် မိမိတို့၏ အလုပ်အကျွေး ဒါယိကာမ်ကို မခြိမ်းခြောက်မူ၍ အဘယ့်ကြောင့် တပည့်တော်ကို ခြိမ်းခြောက်တော်မူကြပါဘိသနည်း တပည့်တော်ကို ဦးခေါင်းပြတ်ဟူ၍ ဆဲရေးခြင်းငှါ သင့်ပါသလောဟု ပြန်၍ဆိုလေ၏ ထိုခဏ၌ဘုရားရှင်သည် ကြွလာတော်မူ၍ ဤအမှုသည် အဘယ်ပုံ ဖြစ်သနည်းဟု မေးတော်မူလေ၏ ဝိသာခါသည် အစမှစ၍ ထိုအကြောင်းကို လျှောက်ကြားလေ၏ ဘုရားရှင်သည် ထိုရဟန်းငယ်၏ သောတာပတ္တိဖိုလ်၏ ဥပနိဿယ အကြောင်းကို မြင်တော်မူသဖြင့် ငါဘုရားသည် ဤရဟန်းကို အလိုသို့ လိုက်စိမ့်သောငှါ သင့်ပေ၏ဟု ကြံတော်မူပြီးလျှင် ဝိသာခါ အသို့နည်း သင်၏ သတ္တိသွီးငယ်သည် ပြတ်သော ဆံပင်ရှိခြင်း စသည်မျှဖြင့်သာလျှင် ငါ၏တပည့် သာဝကတို့ကို ဦးခေါင်းပြတ်ပြု၍ ဆဲရေးခြင်းငှါ သင့်သလောဟုမိန့်တော်မူလေ၏ ပဉ္စင်းငယ်သည် ထိုခဏ၌ပင်လျှင် ထတဲ့၍ လက်အုပ်ချီပြီးလျှင် ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား ဤပြဿနာကို ရှင်တော်မြတ် ဘုရားတို့သည်သာ လျှင် ကောင်းစွာသိတော်မူကြပါကုန်၏ တပည့်တော်တို့၏ ဥပဇ္ဈာယ်ဆရာသည်

ၦင်း ဝိသာခါ ဒါယိကာမကြီးသည်ၦင်း မသိကြပါ ဘုရားဟု လျှောက်ဆိုလေ၏ ဘုရားရှင်သည် ပဥ္စင်းငယ်၏ မိမိအားလျော်စွာ ဖြစ်ခြင်းကို သိတော်မူရသဖြင့် ကာမဂုဏ်ကို အကြောင်းပြု၍ ရယ်သောအဖြစ်မည်သည် ယုတ်ဒသာသဘော တရားပေတည်း ယုတ်သောသဘောတရားမည်သည်ကို မှီဝဲခြင်းငှါၦင်း မေ့လျော့ခြင်းနှင့်အတူတက္ခ နေခြင်းငှါၦင်း မသင့်ဟုမိန့်တော်မူ၍ ဤဂါထာကိုဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၆၇ ဟီနံဓမ္မံ နသေဝေယျ၊ ပမာဒေန နသံဝသေ။
မိစ္ဆာဒိဋ္ဌိံ နသေဝေယျ၊ နသိယာ လောကဝဍ္ဎနော။

ဟီနံဓမ္မံ၊ ယုတ်သော ငါးပါးအာရုံ ကာမဂုဏ်တရားကို။ နသေဝေယျ၊ မမှီဝဲရာ။

[ထိုကာမဂုဏ်သည် ယုတ်ညံ့သောကြောင့် အယုတ်ဆုံး ကုလားအုပ်နှံးစသော သတ္တဝါတို့သော်လည်း မှီဝဲ၏ ယုတ်ညံ့သော ငရဲ စသည်တို့၌ ဖြစ်စေတတ်သောကြောင့် ယုတ်သည်မည်၏ ထိုကာမဂုဏ်ကို မမှီဝဲရာဟူလို]။

ပမာဒေန၊ သတိလွတ်ကင်း မေ့လျော့ခြင်းနှင့်။ နသံဝသေ၊ မပေါင်းသင်းရာ။ မိစ္ဆာဒိဋ္ဌိံ၊ မှားသောအယူကို။ နသေဝေယျ၊ မယူရာ။ လောကဝဍ္ဎနော၊ လောက၏ ကျယ်ပြန့် ပွားခြင်းသည်။ နသိယာ၊ မဖြစ်ရာ။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ရဟန်းငယ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏ ရောက်လာကုန်သော ပရိသတ်တို့အားလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်တော်မူလေ၏။

မထင်ရှားသော ရဟန်းငယ်ဝတ္ထုပြီး၏။

၂–သုဒ္ဓေါဒနမင်းကြီးဝတ္ထု

ဥတ္တိဋ္ဌေ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည်နိဂြောဓ်ဝံရုံ ကျောင်းတော်၌ နေတော်မူစဉ် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ကပိလဝတ်ပြည်၌ ဦးစွာ ဆွမ်းခံကြွခြင်း

တပါးသောအခါ မြတ်စွာဘုရားသည် ရှေးဦးစွာသော ကြွသွားတော်မူခြင်းဖြင့် ကပိလဝတ်ပြည်သို့ ကြွသွားတော်မူသဖြင့် ဆွေတော် မျိုးတော် တို့သည် ပြုအပ်သော ခရီးဦးကြိုဆိုခြင်း ရှိတော်မူလျက် နိဂြောဓာရုံ ကျောင်းတော်သို့ ရောက်တော်မူပြီးလျှင် ဆွေတော်မျိုးတော်တို့၏ မာန်မာနကို ချိုးဖျက်အံ့သော ဌါကောင်းကင်၌ ရတနာစင်္ကြံကို ဖန်ဆင်းတော်မူ၍ ထိုစင်္ကြံ၌ စင်္ကြံကြွတော်မူသျှက် တရားဟောတော်မူလေ၏ ဆွေတော် မျိုးတော်တို့သည် ကြည်ညိုသောဝိတ် ရှိကုန်သည်ဖြစ်၍ သုဒ္ဓါဒနမင်းကြီးကို အစပြု၍ ရှိခိုးကြလေကုန်၏။ ထိုဆွေတော် မျိုးတော်တို့၏ အစည်းအဝေး၌ ကြာတော၌ ရှာသော မိုဃ်းနှင့်တူသော ပေါက္ခရဝဿမည်သော မိုဃ်းကိုရှာစေတော်မူလေ၏ ထိုမိုဃ်းရှာခြင်းကို အကြောင်းပြု၍ လူမျှားအပေါင်းသည် စကားကို ဖြစ်စေအပ်သည်ရှိသော် ၃၂စ်သားရဟန်းတို့ ယခုသာလျှင် မဟုတ်သေး ရှေး၌လည်း ငါသည် ဆွေတော် မျိုးတော်တို့၏ အစည်းအဝေး၌ ပေါက္ခရဝဿမည်သော မိုဃ်းကို ရှာစေဘူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ ဝေဿန္တရာဇာတ်ကို ဟောကြားတော်မူလေ၏ တရားဒေသနာကို ကြားနာရပြီးလျှင် ဆွေတော်မျိုးတော်တို့သည် ဖဲသွားကြကုန်သည်ရှိသော် တယောက်သောသူမျှလည်း မြတ်စွာဘုရားကို မပင့်ဘိတ်လေမင်းကြီးသည်လည်း ငါ့သားသည် ငါ၏နန်းတော်သို့ မလာမူ၍ အဘယ်အရပ်သို့သွားလတ္တံ့နည်းဟုနှလုံးပြု၍ မပင့်ဘိတ်ဘဲသာသွားလေ၏ သွားပြီး၍သော်ကား အိမ်၌နှစ်သောင်းသော ရဟန်းတို့အလို့ငှါ ယာဂု စသည်တို့ကို စီရင်စေ၍ နေရာဘို့ကို ခင်းစေလေ၏။

တဖန် မိုးသောက်သောနေ့၌ မြတ်စွာဘုရား သည်လည်း ဆွမ်းအလို့ငှါ ၁၄တော်မူလျက် အသို့နည်း ရှေးလွန်လေပြီးသော ဘုရားရှင်တို့သည် ခမည်းတော်၏မြို့သို့ ရောက်လျှင် ဖြောင့်ဖြောင့်တန်းတန်း ဆွေတော်မျိုးတော်တို့၏ အိမ်သို့ ဝင်ကြကုန်သလော သို့တည်းမဟုတ် အစဉ်သဖြင့် ဆွမ်းအလို့ငှါ ကြွချီသည့်လည်းကြကုန်သလောဟု ဆင်ခြင်တော်မူလတ်သည် ရှိသော် အစဉ်သဖြင့် ကြွချီ လှည့်လည်တော်မူကြလေကုန်၏ဟု မြင်တော်မူ၍ ရှေးဦးစွာသော အိမ်မှစ၍ ဆွမ်းအလို့ငှါ ကြွချီ၍ ဝင်တော်မူလေ၏ ရာဟုလာ၏မယ်တော် ယသောဓရာ

မိဖုယားသည် ပြာသာဒ်အပြင်၌ နေလျက်သာလျှင် မြင်ရသဖြင့် ထိုအကြောင်းကို မင်းကြီးအား ပြောကြား သံတော်ဦးတင်လေ၏ သုဒ္ဓါဒန မင်းကြီးသည် ဝတ်လဲတော်ပုဆိုးကို ကောင်းစွာ မဝတ်ဆင်နိုင်မူ၍ လျင်မြန်စွာ ထွက်လာခဲ့၍ မြတ်စွာဘုရားကို ရှိခိုးလျက် သားတော်ဘုရား အဘယ့်ကြောင့် ဒါယကာကြီးကို ဖျက်ဆီး နှိပ်စက်တိသနည်း ဆွမ်းအလို၌ လှည့်လည်ခြင်းဖြင့် အလွန်လျှင် ရှက်ဘွယ်ကို ဖြစ်စေအပ်၏ ရှင်တော်ဘုရားတို့သည် ရွှေထမ်းစင် စသည်တို့ဖြင့် ဤပြည်တွင်း၌သာလျှင် လှည့်လည် သွားလာပြီးလျက် ဆွမ်းအလို၌ သွားခြင်းငှါ သင့်သည်မမည်ပါ အဘယ့်ကြောင့် ဒါယကာကြီးကို ရှက်စေတိသနည်းဟု လျှောက်ဆိုလေ၏ မြတ်သောခမည်းတော်မင်းကြီး ငါဘုရားသည် ဒါယကာကြီးကို ရှက်စေသည်မဟုတ် မိမိ၏အမျိုးအနွယ်သို့သာ အစဉ်လိုက်၍ ကျင့်ရပေ၏ဟု မိန့်တော်မူလတ်သော် သားတော်ဘုရား ဆွမ်းအလို၌ လှည့်လည်သွားလာ၍ အသက်မွေးသော အနွယ်ဟူသည် အသို့ဖြစ်နိုင်ပါအံ့နည်းဟု လျှောက်ဆိုလေ၏ မြတ်သောမင်းကြီး ဤဆွမ်းခံ၍ အသက်မွေးသောအနွယ်သည် သင်ဒါယကာကြီး၏အနွယ်မဟုတ် ဤအနွယ်သည် ငါဘုရား၏အနွယ်ဖြစ်၏ ထောင်ပေါင်းများစွာကုန်သော ဘုရားရှင်တို့သည် ဆွမ်းအလို၌ လှည့်လည်၍ သာလျှင် အသက်မွေးတော်မူကြကုန်၏ဟု မိန့်တော်မူ၍ တရားဟောလိုရကား ဤဂါထာတို့ကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၆၈ ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အာသ္မိံ လောကေ ပရမ္ပိစ။

၁၆၉ ဓမ္မဉ္စရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အာသ္မိံ လောကေ ပရမ္ပိစ။

ဥတ္တိဋ္ဌေ၊ သူ့အိမ်တံခါး ရပ်နားကြည်ဖြူ ခံယူအပ်သောဆွမ်း၌။နပ္ပမဇ္ဇေယျ၊ မမေ့မလျော့ရာ။

[ဆွမ်းခံသွားသောကျင့်ဝတ်ကို ဆုတ်ယုတ်စေ၍ ဆွမ်းကောင်းရှာလျှင် မေ့လျော့သည်မည်၏ အိမ်စဉ်မပြတ် ဆွမ်းခံလှည့်လည်လျှင် မမေ့မလျော့သည်မည်၏ ဟူလို]။

သုစရိတံ၊ ကောင်းစွာ ကျင့်အပ်သော။ ဓမ္မံ၊ ဆွမ်းခံခြင်းဟူသော အကျင့်ကို။ စရေ၊ ကျင့်ရာ၏။ ဓမ္မစာရီ၊ ဆွမ်းခံသဖြင့် ဝတ်အကျင့်ကို ဖြည့်ကျင့်လေ့ရှိသောပုဂ္ဂိုလ်သည်။ အသ္မိံလောကေစ၊ ဤလောက၌ဌင်း။ ပရမှိစ၊ တမလွန်လောက၌ဌင်း။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။

သုစရိတံ၊ ကောင်းစွာ ကျင့်အပ်သော။ ဓမ္မံ၊ ဆွမ်းခံသွားခြင်း ဟူသော အကျင့်ကို။ စရေ၊ ကျင့်ရာ၏။ ဒုစ္စရိတံ၊ ၁မကောင်းသဖြင့် ကျင့်အပ်သော။ နံ၊ ထိုဆွမ်းခံအကျင့်ကို။ နစရေ၊ မကျင့်ရာ။ ဓမ္မစာရီ၊ တရားသဖြင့် ဆွမ်းခံအကျင့်ကို ကျင့်လေ့ရှိသောပုဂ္ဂိုလ်သည်။အသ္မိံလောကေစ၊ ဤလောက၌ဌင်း။ ပရမှိစ၊ တမလွန်လောက၌ဌင်း။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏ ရောက်လာသောပရိသတ်တို့အားလည်း အကျိုးရှိသော တရားဒေသနာဖြစ်တော်မူလေ၏။

သုဒ္ဓေါဒနမင်းကြီးဝတ္ထုပြီး၏။

၃–ငါးရာကုန်သော ဝိပဿကရဟန်းတို့ဝတ္ထု

ယထာဗုဗ္ဗုဋ္ဌကံ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းကုန်သော ငါးရာသောရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ရေပွက်ပမာ ကိုယ်ခန္ဓာရှုခြင်း

ငါးရာသော ရဟန်းတို့သည် မြတ်စွာဘုရား၏အထံတော်၌ ကမ္မဋ္ဌာန်းကိုယူ၍ တော့သို့ဝင်ပြီးလျှင် လုံလကြိုးကုတ် အားထုတ်ကြရာ အရဟတ္တဖိုလ်သို့ မရောက်ကြလေသောကြောင့် အထူးပြု၍ ကမ္မဋ္ဌာန်းကို ယူကြကုန်ဦးအံ့ဟု ဘုရားရှင်၏ အထံတော်သို့ ပြန်လာကြကုန်သည်ရှိသော် လမ်းခရီးအကြား၌ တံလျှပ်ပမာ ကမ္မဋ္ဌာန်းကို ပွားများလျက်သာလျှင် ကြွလာကြကုန်သတတ် ထိုရဟန်းတို့

---

၁ သေတင်းကုပ်၊ပဏ္ဍုက်အိမ်၊ဘိက္ခုနီမကျောင်း၊အပျိုကြီးအိမ်၊ မုဆိုးမအိမ်၊ပြည့်တန်းဆာမအိမ်၊ ဤခြောက်အိမ်၌ အကျွမ်းဝင်လျက် ဆွမ်းခံသွားခြင်းသည် ဒုစ္စရိတမည်၏ဟူလို။

ကျောင်းသို့ဝင်သောခဏ၌ပင်လျှင် မိုဃ်းရွာသွန်းလေ၏ ရဟန်းတို့သည် ထိုထို သို့သောကျောင်းဦးမုခ်တို့၌ ရပ်လျက် လေအဟုန်ဖြင့်တက်၍ ပျက်ကွဲကုန်သော ရေပွက် ရေမြှုပ်တို့ကို မြင်ကြရလျှင် ဤကိုယ်သည်လည်း ဖြစ်ပြီးလျှင် ပျက်စီးတတ်သော အနက်သဘောကြောင့် ရေပွက်နှင့်တူသည်သာလျှင်တည်းဟု အာရုံကို ယူကြလေကုန်၏ မြတ်စွာဘုရားသည် ဂန္ဓကုဋီ၌ နေတော်မူလျက်သာလျှင် ထိုရဟန်းတို့ကို ကြည့်ရှုတော်မူ၍ ထိုရဟန်းတို့နှင့်အတူတကွ စကားပြောကြားဘိသကဲ့သို့ ရောင်ခြည်တော်ကို ပို့နှံ့စေလျက် ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၇၀ ယထာပုဗ္ဗုဋ္ဌကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ပုဗ္ဗုဋ္ဌကံ၊ ရေပွက်ကို။ ပဿေယထာ၊ ဖြစ်ပြီးလျှင်ပျက်တတ်သည်ဟု ရှုရာသကဲ့သို့။ လောကံ၊ ခန္ဓာစသောလောကကို။ ပဿေ၊ ဖြစ်ပြီးလျှင် ပျက်တတ်ပါတကားဟု ရှုရာ၏။ မရီစိကံ၊ မျက်လှည့်ကို။ ဝါ၊ တံလျှပ်ကို။ ပဿေယထာ၊ ထင်တိုင်းမဟုတ်ဟု ရှုရာသကဲ့သို့။ လောကံ၊ ခန္ဓာစသော လောကကို။ ပဿေ၊ ထင်တိုင်း မဟုတ်ပါတကားဟု ရှုရာ၏။ ဧဝံ ၊ဤသို့။ လောကံ၊ ခန္ဓာအစရှိသော လောကကို။ အဝေက္ခန္တံ၊ ရှုသောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်နိုင်။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ထိုငါးရာသော ရဟန်းတို့သည် ရပ်တည်မြဲတိုင်း နေရာ၌ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

ငါးရာကုန်သော ဝိပဿက ရဟန်းတို့ ဝတ္ထုပြီး၏။

၄–အဘယမင်းသား ဝတ္ထု

ထေပဿထိမံလောကံ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရား သည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် အဘယမင်းသားကို အခြောင်းပြု၍ ဟောတော်မူလေ၏။

ကချေသည်မကြောင့် မင်းသား စိုးရိမ်ခြင်း

ထိုအဘယမင်းသားသည် ပုန်ကန်သောင်းကျန်းသော ပစ္စန္တရစ်မှ ငြိမ်းစေပြီး၍ ပြန်လာသည်ရှိသော် ခမည်းတော် ဗိမ္မိသာရမင်းကြီးသည် နှစ်သက်လှသဖြင့် ကခြင်း သီခြင်း၌ လိမ္မာသော တယောက်သော ကချေသည်မကို ပေးပြီးလျှင် ထိုအဘယမင်းသားအား ခုနစ်ရက်ပတ်လုံး မင်းစည်းစိမ်ကို ပေးလေ၏ ထိုအဘယမင်းသားသည် ခုနစ်ရက်ပတ်လုံး အိမ်တော်မှ အပသို့မထွက်မူ၍သာ မင်းစည်းစိမ်ကို ခံစား၍ ရှစ်ရက်မြောက်သောနေ့၌ မြစ်ဆိပ်သို့သွားသဖြင့် ရေချိုးပြီးမှ ဥယျာဉ်သို့ဝင်၍ သန္တတိ အမတ်ကြီးကဲ့သို့ ထိုမိန်းမ၏ ကခြင်း သီခြင်းကို ကြည့်ရှုကာနေလေ၏ ကချေသည်မ သည်လည်း ထိုခဏ၌ပင်လျှင် သန္တတိ အမတ်ကြီး၏ ကချေသည်မကဲ့သို့ ဓားငယ်ကဲ့သို့ ဖြတ်တတ်သော လေသင်ဓုန်းတို့၏ အစွမ်းဖြင့် စုတေခြင်းကိုပြုလေ၏ အဘယ မင်းသားသည် ထိုကချေသည်မ၏ သေခြင်းကြောင့် ဖြစ်သောစိုးရိမ်ခြင်းရှိရကား ငါ၏ ဤစိုးရိမ်ခြင်းကို မြတ်စွာဘုရားကို ဖယ်ထား၍ တပါးသောသူသည် ငြိမ်းစေခြင်းငှါ မတတ်နိုင်လတ္တံ့ဟု မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ စိုးရိမ်ခြင်းကို ငြိမ်းစေတော် မူကြပါဘုရားဟု လျှောက်ကြားလေ၏ မြတ်စွာဘုရားသည် ထိုအဘယမင်းသားကို နှစ်သိမ့်စေ၍ အဘယမင်းသား အစမထင်သော သံသရာ၌ သင်မင်းသားသည် ဤမိန်းမ၏ ဤနည်းအတူသာလျှင် သေလွန်သော ကာလ၌ ငိုကြွေးရသဖြင့် ဖြစ်စေအပ်ကုန်သော မျက်ရည်တို့၏ အတိုင်းအရှည် ပမာဏသည် မရှိလေပြီဟု မိန့်တော်မူ၍ ထိုတရားဒေသနာဟောကြားခြင်းဖြင့် စိုးရိမ်ခြင်းခေါင်းပါးသည့်အဖြစ်ကို သိတော်မူလျှင် အဘယမင်းသားမစိုးရိမ်လင့် ဤခန္ဓာကိုယ်မည်သည် မသိကုန်သောလူမိုက် တို့၏ နစ်မြုပ်ရာအရပ်ဖြစ်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၇၁ ဇထေ ပဿထိမံ လောကံ၊ စိတ္တံ ရာဇ ရထူပမံ။
ယတ္ထ ဗာလာ ဝိသီဒန္တိ၊ နတ္ထိ သင်္ဂေါ ဝိဇာနတံ။

ဇထေ၊ လာလှည့်ကြကုန်လော။ ရာဇရထူပမံ၊ ရတနာခုနစ်ပါး စသည်ဖြင့် ဆန်းကြယ်သော မင်း၏ ရထားကဲ့သို့။ စိတ္တံ၊ အဝတ် တန်ဆာစသည်ဖြင့် ဆန်း

ကြယ်သော။ ဤမံလောကံ၊ ဤခန္ဓာလောကစသော အတ္တဘောကို။ ပဿထ၊ ကြည့်ရှုကြကုန်လော့။ ယတ္ထ၊ ယင်း အတ္တဘော၌။ ဗာလာ။ မသိကုန်သော လူမိုက်တို့သည်။ ဝိသီဒန္တိ၊ နစ်မြုပ်ကြကုန်၏။ ဝိဇာနတံ-ဝိဇာနန္တာနံ၊ ပညာရှိကုန်သော သူတို့အား။ သင်္ဂေါ၊ ရာဂစသော ကပ်ငြိခြင်းသည်။ နတ္ထိ၊ မရှိ။

ဒေဿနာတော်၏အကျိုး

ဒေဿနာတော်၏အဆုံး၌ အဘယ မင်းသားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏ ရောက်လာသော ပရိသတ်တို့အားလည်း အကျိုးရှိသော တရားဒေဿနာဖြစ်တော်မူလေ၏။

အဘယမင်းသားဝတ္ထုပြီး၏။

၅—သမ္မဇ္ဇနမထေရ်ဝတ္ထု

ယောပုဗ္ဗေ - အစရှိသော ဤတရားဒေဿနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် တံမြက်လှည်းလေ့ ရှိသောကြောင့် သမ္မဇ္ဇနမည်သော မထေရ်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

တရားအားမထုတ်ဘဲ တံမြက်လှည်းလေ့ရှိခြင်း

ထိုသမ္မဇ္ဇန မထေရ်သည် နံနက်၌သော်၎င်း ညချမ်း၌သော်၎င်း ကာလကိုဂုဏ်း အတိုင်းအရှည်ကိုဂုဏ်း မပြုမူ၍ အစဉ်မပြတ် တံမြက်လှည်းလျက်သာလျှင် လှည့်လည်သတတ် ထိုသမ္မဇ္ဇန မထေရ်သည် တနေ့သ၌ တံမြက်ဆုပ်ကိုကိုင်ယူလျက် နေ့သန့်ရာအရပ်၌နေသော ရေဝတမထေရ်၏ အထံသို့သွား၍ ဤမထေရ်ကား အလွန်ပျင်းရိဘိ၏ လူအပေါင်း၏ သဒ္ဓါ၍ လူအပ်သော ဆွမ်းကိုစား၍ လာပြီးလျှင် ထိုင်နေဘို့၏ ထိုမထေရ်အား တံမြက်ဆုပ်ကို ကိုင်ယူလျက် တခုသောအရပ်ကို တံမြက်လှည်းခြင်းငှါ မသင့်သလောဟု ဆိုလေ၏ ရေဝတ မထေရ်သည် သမ္မဇ္ဇန မထေရ်အား အဆုံးအမကို ပေးဦးအံ့ဟုကြံ၍ ငါ့ရှင် လာလှည့်ပါဦးလော့ ဟု ဆိုလတ်သော် အရှင်ဘုရား အဘယ်ပါနည်း ဘုရားဟု မေးလေ၏ ငါ့ရှင် သွားဇလဦး ရေချိုးပြီးမှ လာလှည့်ပါဦးလော့ဟု ဆိုလတ်သော် ထိုသမ္မဇ္ဇန မထေရ်သည် ရေဝတမထေရ် ဆိုတိုင်းပြုလေ၏ ထိုအခါ သမ္မဇ္ဇနမထေရ်ကို ရေဝတ

မထေရ်သည် တင့်အပ်လျောက်ပတ်သော အရပ်၌ နေစေပြီးလျှင် ဆုံးမလိုရကား ငါ့ရှင်ရဟန်းမည်သည်ကား အခါခပ်သိမ်း တံမြက်လှည်းသဖြင့် လှည့်လည်ခြင်းငှါ မသင့် နံနက်ဧစာစောဘ်သာလျှင် တံမြက်လှည်း၍ ဆွမ်းအလိုငှါ လှည့်လည်ပြီးလျှင် ဆွမ်းခံရှာမှ ဖဲသဖြင့် ပြန်လာ၍ ညဉ့်သန့်ရာ အရပ်၌ဌင်း နေ့သန့်ရာ အရပ်၌ဌင်း နေလျက် သုံးဆဲ့နှစ်ပါးသော အခြင်းအရာရှိသော ဒုတ္တိုသာကာရကမ္မဋ္ဌာန်းကို သရဇ္ဈာယ်သဖြင့် အတ္တဘောဘ်ကုန်ခြင်း ပျက်ခြင်းကို ထင်ထင်ရှားရှား ဖြစ်စေပြီးမှ ညချမ်းသောအခါ ထ၍ တံမြက်လှည်းခြင်းငှါ သင့်လျော်ပေ၏ အခါခပ်သိမ်း တံမြက် မလှည်းတဲ့မူ၍ မိမိစီးဖြန်းခြင်း အခွင့်မည်သည်ကို လည်း ပြုအပ်၏ဟု ဆုံးမစကား မိန့်ကြားတော်မူလေ၏။

ထိုသမ္မဇ္ဇန မထေရ်သည် ထိုအရှင်ရေဝတ မထေရ်၏ အဆုံးအမဘ်၌တည်၍ မကြာမြင့်မီသာလျှင် အရဟတ္တဖိုလ်သို့ရောက်လေ၏ ထိုထိုအရပ်သည် အမှိုက်များခဲ့လေ၏ ထိုအခါ သမ္မဇ္ဇနမထေရ်ကို ရဟန်းတို့သည် ငါ့ရှင်သမ္မဇ္ဇန မထေရ် ထိုဆိုအရပ်သည် အမှိုက်များခဲ့၏ အဘယ့်ကြောင့် တံမြက်မလှည်းသနည်းဟု ဆိုကြလေကုန်၏ အရှင်ဘုရားတို့ တပည့်တော်သည် မေ့လျော့သောကာလဘ်၌ ဤသို့တံမြက်လှည်းခြင်း အမှုကို ပြုမိ၏ ယခုအခါ မမေ့မလျော့သောသူ ဖြစ်ပါပြီဟု ဆိုလတ်သော် ရဟန်းတို့သည် ဤမထေရ်ကား အရဟတ္တဖိုလ်ကို ပြောကြားဘိ၏ဟု မြတ်စွာဘုရားအား လျှောက်ကြားကြလေကုန်၏ မြတ်စွာဘုရားသည် ချစ်သားရဟန်းတို့ ငါ့သားသမ္မဇ္ဇန မထေရ်သည် ရှေးအခါ မေ့လျော့သောကာလဘ်၌ တံမြက်လှည်းလျက် လှည့်လည်သည် မှန်ပေ၏ ယခုအခါဘ်၌ကား အရဟတ္တမဂ် အရဟတ္တဖိုလ်ချမ်းသာဖြင့် ကာလကိုလွန်စေသောကြောင့် တံမြက်မလှည်းပေဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၇၂ ယော ပုဗ္ဗေ ပမဇ္ဇိတ္ဝာ၊ ပစ္ဆာ သော နပမဇ္ဇတိ။
သော ဣမံလောကံ ပဘာသေတိ၊ အဗ္ဘာမုတ္တောဝ စန္ဒိမာ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ပုဗ္ဗေဝ၊ ရှေးဘ်သာလျှင်။ ပမဇ္ဇိတ္ဝာ၊ ဝတ်ပြုကခ သရဇ္ဈာယ်ကာဖြင့် မေ့လျော့၍။ ပစ္ဆာ၊ နောက်မှ။ သော၊ ထိုပုဂ္ဂိုလ်သည်။ နပမဇ္ဇတိ၊ မဂ်ဖိုလ် ချမ်းသာဖြင့် အချိန်လွန်စေလျက် မမေ့မလျော့။ သော၊

ထိုပုဂ္ဂိုလ်သည်။ အဗ္ဘာ၊ တိမ်တိုက်မှ။ မုတ္တော၊ လွတ်သော။ စန္ဒိမာဝ၊ သြကာသ လောကကို ထွန်းလင်းစေသော လမင်းကဲ့သို့။ ဣမံလောကံ၊ ဤခန္ဓာစသော လောကကို။ ပဘာသေတိ၊ ထွန်းလင်းစေ၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသော ရဟန်းတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

သမ္မဇ္ဇနမထေရ်ဝတ္ထုပြီး၏။

၆–အင်္ဂုလိမာလမထေရ်ဝတ္ထု

ယဿပါပံ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် အရှင်အင်္ဂုလိမာလ မထေရ်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

အင်္ဂုလိမာလမထေရ် နိဗ္ဗာန်ဝင်ခဏ်း

အင်္ဂုလိမာလ မထေရ်၏ဝတ္ထုကို ၁အင်္ဂုလိမာလ သုတ္တန်၏ အစွမ်းအားဖြင့် သိအပ်၏ အင်္ဂုလိမာလမထေရ်သည်ကား ဘုရားရှင်၏ အထံတော်၌ ရဟန်းပြု၍ အရဟာတ္တဖိုလ်သို့ ရောက်တော်မူလေ၏ ထိုအခါ အရှင် အင်္ဂုလိမာလမထေရ်သည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်သည် ဖြစ်၍ တပါးတည်း ကိန်းအောင်းတော်မူလျက် အရဟာတ္တဖိုလ်ချမ်းသာကိုခံစားကာ နေတော်မူလေ၏ ထိုအခါ ဤဥဒါန်းစကားကို မြွက်ဆို ကျူးရင့်တော်မူလေ၏။

ယော ပုဗ္ဗေ ပမဇ္ဇိတ္ဝာ၊ ပစ္ဆာ သော နပမဇ္ဇတိ။
သော ဣမံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

[အနက်ကား ရှေးသမ္မဇ္ဇန မထေရ်ဝတ္ထု၌ ပါလေပြီ]။

ဤသို့ စသောနည်းဖြင့် ဥဒါန်း မြွက်ဆို ကျူးရင့်တော်မူပြီးလျှင် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလေ၏ ရဟန်းတို့

---

၁ အင်္ဂုလိမာလသုတ်ကား မဇ္ဈိမပဏ္ဏာသပါဠိတော်၌ ပါရှိ၏။

သည် ငါ့ရှင်တို့ အဂ်ုလိမာလမထေရ်သည် အဘယ်ဘုံဘဝ၌ ဖြစ်လေဘိသနည်းဟု တရားသဘင်၌ စကားကို ဖြစ်စေကြလေကုန်၏ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ချစ်သား ရဟန်းတို့ ယခုငါလာတော် မူဆဲကာလ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူသောကြောင့် မြတ်စွာဘုရား အဂ်ုလိမာလမထေရ်၏ ဖြစ်ရာဌာန ဘုံဘဝနှင့် စပ်သောစကားဖြင့် စည်းဝေးကြပါသည် ဘုရားဟု နားတော်လျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ ငါ့သားတော်သည် ပရိနိဗ္ဗာန် ပြုသည်သာတည်းဟု မိန့်တော်မူလေ၏ မြတ်စွာဘုရား ဤမျှ အတိုင်း အရှည်ရှိသောလူတို့ကို သတ်ဖြတ်လျက်ပရိနိဗ္ဗာန်ပြုပါသလောဘုရားဟု လျှောက် ပြန်သည်ရှိသော် ချစ်သားရဟန်းတို့ ပရိနိဗ္ဗာန်ပြုသည်ကားမှန်၏ ထိုအဂ်ုလိမာလ မထေရ်သည် ရှေးဦး တယောက်သော အဆွေခင်ပွန်းကောင်းကိုမျှ မရသော ကြောင့် ဤမျှလောက်သော မကောင်းမှုတို့ကို ပြုမိရလေ၏ နောက်ဦးကား အဆွေခင်ပွန်းကောင်း အထောက်အပံ့ကိုရသောကြောင့် မမေ့မလျော့သောသူ ဖြစ်လေ၏ ထို့ကြောင့် အဂ်ုလိမာလ၏ ထိုမကောင်းမှုကံကို ကုသိုလ်ကံသည် ပိတ်ပင်အပ်ပြီဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားခဲ့တော်မူလေ၏။

ဒေသနာတော်

၁၇၃ ယဿ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပဟီယျတိ။
သော ဣမံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ ကတံ၊ ပြုအပ်ပြီးသော။ ပါပံ၊ မကောင်းမှုကံကို။ ကုသလေန၊ အရဟတ္တမဂ်ကုသိုလ်ဖြင့်။ ဝါ၊ ကုသိုလ်သည်။ ပဟီယျတိ၊ ပယ်အပ်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ အဗ္ဘာ၊တိမ်တိုက်မှ။ မုတ္တော၊လွတ်သော။စန္ဒိမာဝ၊ သမင်းကဲ့သို့။ ဣမံ လောကံ၊ ဤခန္ဓာ စသောလောကကို။ ပဘာသေတိ၊ ဆွန်းလင်းစေ၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသော ရဟန်းတို့သည် သောတာပတ္တိဖိုလ်သည်တို့သို့ ရောက်ကြလေကုန်၏။

အဂ်ုလိမာလမထေရ်ဝတ္ထုပြီး၏။

၇–ရက္ကန်းသည်သမီးဝတ္ထု

အနွိဘူတော - အစရှိသောဣတိရား ဒေသနာတော်ကို မြတ်စွာဘုရားသည် အဂ္ဂါဠဝစေတီအရပ်၌ နေတော်မူစဉ် တယောက်သော ရက်ကန်းသည်၏သမီးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

သုံးနှစ်တရားအားထုတ်သော ရက္ကန်းသည် သတို့သမီး

တနေ့သ၌ အာဠဝီပြည်သူပြည်သားတို့သည် မြတ်စွာဘုရား အာဠဝီပြည်သို့ ရောက်လာတော်မူသည်ရှိသော် ပင့်ဘိတ်၍ အလှူဒါနကို ပေးလှူကြလေကုန်၏ မြတ်စွာဘုရားသည် ဆွမ်းစားခြင်း ကိစ္စအပြီးအဆုံး၌ အနုမောဒနာ တရားဟော ကြားတော်မူလိုသည်ဖြစ်၍–

၁ အဓုံ မေ ဇီဝိတံ။ မေ၊ ငါ၏။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ အဓုံ၊ မမြဲလေစွတကား။

၂ ဓုဝံ မေ မရဏံ။မေ၊ငါ၏။ မရဏံ၊သေရခြင်းသည်။ ဓုဝံ၊မြဲလေစွတကား။

၃ အဝဿံ မယာ မရိတဗ္ဗမေဝ။ မယာ၊ ငါသည်။ အဝဿံ၊ မချွတ်မယွင်း။ မရိတဗ္ဗမေဝ၊ သေရမည်သာတည်း။

၄ မရဏပရိယောသာနံ မေ ဇီဝိတံ။ မေ၊ ငါ၏။ ဇီဝိတံ၊ အသက် ရှင်ခြင်းသည်။ မရဏပရိယောသာနံ၊ သေရခြင်းသာလျှင် အဆုံးသတ် ရှိချေ၏ တကား။

၅ ဇီဝိတမေဝ အနိယတံ။ ဇီဝိတမေဝ၊ အသက်ရှင်ခြင်းသည် သာလျှင်။ အနိယတံ၊ မမြဲလေစွတကား။

၆ မရဏံ နိယတံ။ မရဏံ၊ သေရခြင်းကား။ နိယတံ၊ မြဲလေစွတကား။

ဤသို့ ၁မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားများကြကုန်လော့ အကြင်သူတို့သည်သေခြင်း မရဏာနုဿတိကို မပွားများ ထိုသူတို့သည် နောင်သောအခါ လျင်သော အဆိပ်ရှိသောမြွေကို မြင်ရ၍ ကြောက်လန့်လျက် တုတ် လုံတံ လက်နက်ကင်းသော ယောကျ်ားကဲ့သို့ ထိတ်လန့်ခြင်းသို့ ရောက်ကုန်သည်ဖြစ်၍

---

၁ မရဏ+အနု+သတိ=သေရခြင်းကို+အဖန်ဖန်+အောက်မေ့သောကမ္မဋ္ဌာန်းဟူလို။

ဒကြောက်လန့်ဘွယ်သောအသံကို ယောင်ယမ်း မြည်တမ်းကုန်လျက် သေလွန်ခြင်း ကို ပြုကြရရှာကုန်၏ အကြင်သူတို့သည် သေခြင်းကို ပွားများအပ်၏ ထိုသူတို့ သည် ဝေးသော အရပ်မှသာလျှင် လျင်မြန်သော အဆိပ်ရှိသောမြွေကို မြင်ရ၍ လုံ့တံဖြင့် ဖမ်းယူကာ စွန့်ပစ်ပြီးလျှင် တည်သော ယောကျ်ားကဲ့သို့ နောက်ကာ လဋ္ဌ မထိတ် မလန့်ကြရကုန် ထို့ကြောင့် မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားများ အပ်၏ဟု ဟောတော်မူလေ၏ ထိုတရားဒေသနာကို ကြားနာပြီး၍လည်း ကြင်း သောလူတို့သည် မိမိ မိမိကိစ္စကိုသာ လေ့လာ အားထုတ်ကြလေကုန်၏ တဆဲ့ ခြောက်နှစ် အရွယ်ရှိသော ရက်ကန်းသည်သတို့သမီးငယ် တယောက်သည် မြတ်စွာ ဘုရားတို့၏ စကားတော်သည်ကား အံ့ဩဘွယ် ရှိပေစွတကား ငါသည် မရဏာ နုဿတိ ကမ္မဋ္ဌာန်းကို ပွားများခြင်းငှါ သင့်၏ဟု ညွှန်ကြား နေ့ပါ မရဏာနုဿတိ ကမ္မဋ္ဌာန်းကိုသာလျှင် ပွားများ၏ မြတ်စွာဘုရားသည်လည်း ထိုအာဠဝီပြည်မှ ထွက်ခဲ့၍ ဇေတဝန်ကျောင်းတော်သို့ ကြွသွားတော်မူလေ၏ ထိုသတို့သမီးငယ် သည်လည်း သုံးနှစ်တို့ပတ်လုံး မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားများသည် သာလျှင်တည်း။

သတို့သမီးအတွက် ဘုရားရှင် ကြွသွားခြင်း

ထိုအခါတနေ့သ၌ မြတ်စွာဘုရားသည် နံနက်စောစောမိုးသောက်သောအခါ လောကကို ကြည့်ရှုတော်မူလတ်သည်ရှိသော် ထိုသတို့သမီးငယ်ကို ကိုယ်တော်၏ သဗ္ဗညုတ ဉာဏ်တော်ဟူသော ကွန်ရက်အတွင်း၌ ဝင်ရောက်နေသည်ကို မြင်တော် မူလျှင် အသို့ဖြစ်လတ္တံ့နည်းဟု စူးစမ်းဆင်ခြင်တော်မူပြန်လတ်သော် ဤသတို့သမီး ငယ်သည် ငါဘုရား၏ တရားဒေသနာကို ကြားနာရသောနေ့မှစ၍ သုံးနှစ်ပတ်လုံး မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများအပ်၏ ယခုအခါ ငါဘုရားသည် အာဠဝီပြည်သို့ ကြွသွား၍ ဤသတို့သမီးငယ်ကို ပြဿနာလေးပါး မေးသဖြင့် ထို့သတို့သမီးငယ် ဖြေသည်ရှိသော် လေးပါးသော အဖြေနေရာတို့၌ ကောင်းချီး ပေးပြီးလျှင် ဤဂါထာကို ဟောပေအံ့ သတို့သမီးငယ်သည် ဂါထာ၏ အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်လတ္တံ့ ထိုသတို့သမီးငယ်ကို မှီ၍ လူများအပေါင်းအား လည်း အကျိုးရှိသောတရား ဟောကြားခြင်းဖြစ်လတ္တံ့ဟု သိတော်မူ၍ ငါးရာ သော ရဟန်းတို့ဖြင့် ခြံရံတော်မူလျက် ဇေတဝန်ကျောင်းတော်မှ ထွက်ခဲ့ရာ

အစဉ်သဖြင့် အဂ္ဂါဠဝကျောင်းတော်သို့ ရောက်တော်မူလေ၏ အာဠဝီ ပြည်သူ ပြည်သားတို့သည် မြတ်စွာဘုရား ကြွလာတော်မူပြီ ဟူသောစကားကို ကြားရ လျှင် ကျောင်းတော်သို့သွား၍ ပင့်ဘိတ်ကြလေကုန်၏။

ထိုအခါ ထိုသတ္တိသွီးငယ်သည် မြတ်စွာဘုရား၏ ကြွလာတော် မူခြင်းကို ကြားရ၍ ငါ့ဘခင် ငါ့သခင် ငါ့ဆရာ ဖြစ်တော်မူသော လပြည့်ဝန်းနှင့်တူသော မျက်နှာ ရှိတော်မူသော မြတ်သော ဂေါတမအနွယ်၌ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ကြွလာတော်မူပေသတတ်ဟု နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ ဤနေ့ မှငါသည် သုံးနှစ်တို့၏အထက်၌ ရှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်စွာဘုရားကို မြင်ဘူး၏ ယခုအခါ ထိုမြတ်စွာဘုရား၏ ရှေ အဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်ကို ဖူးမြင်ရခြင်းငှါငင်း ချီမြိန်သော အရသာ သြဇာ ရှိသော သြဝါဒ တရားတော်ကို နာကြားရခြင်းငှါငင်း ရပေတော့အံ့ဟု ကြံစည် လေ၏ ထိုသတ္တိသွီး၏ ဘခင်သည်ကား ရက္ကန်းရက်ရာ တင်းကုပ်သို့ သွားသည်ရှိ သော် ချစ်သွီး သူတပါးဥစ္စာဖြစ်သော ပုဆိုးကို ရက္ကန်းစင်သို့ ဘခင် တင်ထား အပ်၏ ထိုပုဆိုးအား တထွာမျှလောက်သာလျှင် မပြီးဆုံးသေး ကြွင်းကျန်သေး ၏ ထိုပုဆိုးကို ယနေ့ပြီးစေအံ့ ထို့ကြောင့် လျှင်မြန်စွာရက်ဖေါက်ကိုလုံး၍ ငါ့အထံ ဆောင်ယူခဲ့လော့ဟု မှာသွားလေ၏။

သတ္တိသွီးငယ်သည် ငါကား မြတ်စွာဘုရား၏ တရားတော်ကို နာလို၏ ဘခင် သည်လည်း ငါ့ကို ဤသို့ မှာသွားခဲ့၏ အသို့နည်း မြတ်စွာဘုရား တရားတော်ကို နာရအံ့လော ထိုသို့မဟုတ် ဘခင်ထံ ရက်ဖေါက်ကိုရောက်၍ လုံး၍ ဆောင်ယူရအံ့ လောဟု ကြံစည်လေ၏ ထို့နောင်မှ ဘခင်သည် ရက်ဖေါက်ကို မဆောင်ခဲ့သည် ရှိသော် ငါ့ကိုရိုက်မူလည်း ရိုက်ရာ၏ ပုတ်ခတ်မူလည်း ပုတ်ခတ်ရာ၏ ထို့ကြောင့် ရက်ဖေါက်ကို လုံး၍ ထိုဘခင်အား ပေးပြီးလျှင် နောက်မှ တရားနာတော့အံ့ဟု သတ္တိသွီးအား ဤသို့သောအကြံ ဖြစ်လေ၏ ဤသို့ကြံ၍ အင်းပျဉ်ထက်၌ထိုင်နေ လျက် ရက်ဖေါက်ကို လုံးလေ၏ အာဠဝီပြည်သားတို့သည်လည်း မြတ်စွာဘုရား ကို ဆွမ်းလုပ်ကျွေးပြီးလျှင် သပိတ်ကိုယူ၍ တရားနာခြင်းငှါ ရပ်တည်ကြလေ ကုန်၏။

သတ္တိသီးစကားကို လူတို့ ကဲ့ရဲ့ခြင်း

မြတ်စွာဘုရားသည် ငါကဲ့း အကြောင် သတ္တိသီးကို အကြောင်းပြု၍ ယူဇနာသုံးဆယ်ရှိသော လမ်းခရီးကို လာခဲ့၏ ထိုသတ္တိသီးသည် ယခုလည်း အခွင့်မရသေး ထိုသတ္တိသီး အခွင့်ရသည်ရှိသော် တရားဟောကြားခြင်းပြုအံ့ဟု ဆိတ်ဆိတ်နေတော်မူလေ၏ ထိုသို့ ဆိတ်ဆိတ် နေတော်မူသော မြတ်စွာဘုရားကိုလည်း နတ်နှင့်တကွသော လောကၠ၌ တစုံတယောက်သောသူသည်တစုံတခုသောစကားကို ဆိုခြင်းငှါမဝံ့ ထိုသတ္တိသီးငယ်သည်လည်း ရက်ဖေါက်ကို လုံး၍ တောင်း၌ ထည့်သဖြင့် ဘခင်၏အထံသို့သွားစဉ် ပရိသတ်၏အစွန်၌ရပ်၍ မြတ်စွာဘုရားကို ကြည့်ရှု ဖူးမျှော်လျက်သာလျှင် တည်နေလေ၏ မြတ်စွာဘုရား သည်လည်း လည်တော်ကိုချိ၍ ထိုသတ္တိသီးကို ကြည့်ရှုတော် မူလေ၏ သတ္တိသီးငယ်သည် ကြည့်ရှုတော် မူသော အကြောင်း အရာဖြင့် မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ပရိသတ်အလယ်၌ နေတော်မူ၍ ငါ့ကို ကြည့်ရှုတော်မူပေ၏ ငါ၏လာခြင်းကို တောင့်တတော်မူ၏ ကိုယ်တော်မြတ်၏အထံတော်သို့ လာခြင်းကိုသာလျှင် တောင့်တတော်မူဘိ၏ဟု သိလေ၏ သတ္တိသီးငယ်သည် ရက်ဖေါက်တောင်းကိုချထား၍ မြတ်စွာဘုရား၏ အထံတော်သို့ သွားလေ၏။

[အဘယ်ကြောင့် သတ္တိသီးငယ်ကို မြတ်စွာဘုရားကြည့်ရှုတော်မူသနည်း ဟူမူကား မြတ်စွာဘုရားအား ဤသို့သော အကဲ့ ဖြစ်တော်မူ သတတ် ဤသတ္တိသီးငယ်သည် ဤအရပ်မှသာလျှင် သွားသည်ရှိသော် ပုထုဇဉ်အဖြစ်ဖြင့် သေခြင်းကိုပြု၍ မမြဲသော လားရာဂတိ ရှိသည်ဖြစ်လတ္တံ့ ငါဘုရား၏ အထံသို့လာ၍ သွားသည်ရှိသော် သောတာပတ္တိဖိုလ်သို့ ရောက်သဖြင့် မြဲသော လားရာဂတိ ရှိသည်ဖြစ်၍ တုသိတာနတ်ပြည်၌ ဖြစ်လတ္တံ့ဟု အကဲ့ဖြစ်တော်မူ၏ ထို့ကြောင့် ကြည့်ရှုတော်မူ၏ ထိုသတ္တိသီးငယ်အားလည်း ထို့နေ့၌ သေခြင်းမှ လွတ်ခြင်းမည်သည် မရှိလေသတတ်]။

ထိုသတ္တိသီးငယ်သည် ကြည့်ရှုတော်မူသော, အမှတ်ဖြင့်သာလျှင် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ခြောက်သွယ်သော အဆင်းရှိသော ရောင်ခြည်တော်တို့၏ အကြားသို့ ဝင်ပြီးလျှင် ရှိခိုးလျက် တင့်အပ်လျောက်ပတ်သော အရပ်၌ တည်နေလေ၏ ဤသို့သဘောရှိသော ပရိသတ်အလယ်၌နေ၍ ဆိတ်ဆိတ်နေသော

မြတ်စွာဘုရားကို ရှိခိုးလျက် တည်သော ခဏ္ဍပင်လျင် မြတ်စွာဘုရားသည် သတ္တိသမ္မိုးငယ်ကို ဤသို့မေးခွန်း ပြဿနာ မိန့်ဆိုတော်မူလေ၏။

၁ သတ္တိသမ္မိုး သင်သည် အဘယ်အရပ်မှ လာခဲ့လေသနည်းဟု မေးလျှင် မြတ်စွာဘုရား မသိပါဘုရားဟု ဖြေ၏။

၂ အဘယ် အရပ်သို့ သွားလတ္တံ့နည်းဟုမေးလျှင် မြတ်စွာဘုရား မသိပါဘုရားဟု ဖြေ၏။

၃ မသိလေသလောဟု မေးလျှင် မြတ်စွာဘုရား သိပါသည်ဘုရားဟု ဖြေ၏။

၄ သိ၏လောဟုမေးလျှင် မြတ်စွာဘုရား မသိပါဘုရားဟု ဖြေ၏။

ဤသို့လျှင် ထိုသတ္တိသမ္မိုးငယ်ကို မြတ်စွာဘုရားသည် လေးပါးသော မေးခွန်း ပြဿနာကို မေးတော်မူလေ၏ မျှားစွာသော လူအပေါင်းသည် ကဲ့ရဲ့သည်မှာ အိုအချင်းတို့ ကြည့်ရှုကြကုန်လော့ ဤရက်ကန်းသည် သမ္မိုးငယ်သည် မြတ်စွာဘုရားနှင့်တကွ အလိုရှိတိုင်းအလိုရှိတိုင်းသောစကားကို ပြောဆိုဘိ၏ ဤသတ္တိသမ္မိုးငယ်သည်အဘယ်အရပ်မှ လာခဲ့လေသနည်းဟု မေးတော်မူသည်ရှိသော်ရက်ကန်း သည်အိမ်မှ လာခဲ့ပါသည်ဘုရားဟု ဆိုအပ်သည် မဟုတ်ပါလော အဘယ်အရပ်သို့ သွားအံ့နည်းဟု မေးတော်မူသည်ရှိသော် ရက်ကန်း ရက်ရာတင်းကုပ်သို့ သွားပါမည်ဘုရားဟု ဆိုအပ်သည် မဟုတ်ပါလောဟု ကဲ့ရဲ့လေ၏။

အဓိပ္ပါယ်အကျယ် ရှင်းလင်းခြင်း

မြတ်စွာဘုရားသည် မျှားစွာသော လူအပေါင်းကို အသံတိတ်ဆိတ်အောင် ပြုတော်မူ၍—

၁ သတ္တိသမ္မိုး သင်သည် အဘယ်အရပ်မှ လာခဲ့လေသနည်းဟု မေးအပ်သည် ရှိသော် အဘယ့်ကြောင့်မသိပါဘုရားဟူ၍ ဖြေဆိုဘိသနည်းဟု မေးတော်မူလေ၏ မြတ်စွာဘုရား ရှင်တော်မြတ်ဘုရားတို့သည် တပည့်တော်မ၏ ရက်ကန်းသည် အိမ်မှလာသည့်အဖြစ်ကို သိတော်မူကြပါသည်ဘုရား အဘယ်အရပ်မှ လာခဲ့သနည်းဟု မေးတော်မူကြပါသော်လည်း အဘယ်သို့သော ဘဝမှလာ၍ ဤဘဝ၌ ဖြစ်လေသနည်းဟု မေးခြင်းကိုသာ ပြုတော်မူကြပါသည် ဘုရားတပည့်တော်မသည်ကား အဘယ်သို့သော ဘဝမှ လာ၍ ဤဘဝ၌ ဖြစ်၏ဟူသည်ကို မသိပါ

ထို့ကြောင့် ဤသို့ ဖြေဆိုပါသည် ဘုရားဟု လျှောက်လေ၏ ထို့နောင်မှ သတို့သမီး ငယ်အား မြတ်စွာ ဘုရားသည် သတို့သမီး "သာဓု သာဓု" ကောင်းပေ၏ ကောင်းပေ၏ ငါဘုရား မေးလိုရင်းဖြစ်သော ပြဿနာကို ကျေနပ်အောင် သင်သည်ဖြေဆို နိုင်ပေ၏ဟု ရှေးဦးစွာကောင်းချီးပေး၍ ထို့ထက်အလွန်လည်းမေးတော်မူပြန်၏။

၂ အဘယ်အရပ်သို့ သွားလတ္တံ့နည်းဟု တဖန်မေးအပ်သည်ရှိသော် အဘယ့်ကြောင့် မသိပါဘုရားဟူ၍ ဖြေဆိုဘိသနည်းဟု မေးပြန်လေ၏ မြတ်စွာဘုရား ရှင်တော်မြတ်ဘုရားတို့သည် တပည့်တော်မကို ရက်ဖေါက်တောင်းကို ယူလျက် ရက်ကန်းရက်ရာ တင်းကုပ်သို့ သွားလတ္တံ့ဟု သိတော်မူကြပါသည် ဤဘဝမှ သွား၍ အဘယ်ဘဝ၌ ဖြစ်လတ္တံ့နည်းဟု မေးခြင်းကိုသာ ပြုတော်မူကြပါသည် ဘုရား တပည့်တော်မ သည်လည်း ဤဘဝမှ စုတေသည်ရှိသော် အဘယ် ဘဝသို့ သွား၍ ဖြစ်လိမ့်မည်ဟူသည်ကို မသိပါ ထို့ကြောင့် ဤသို့ဖြေဆိုပါသည်ဘုရားဟု လျှောက်လေ၏ ထို့နောင်မှ သတို့သမီးငယ်အား မြတ်စွာဘုရားသည် ငါဘုရား မေးလိုရင်းသာဖြစ်သော ပြဿနာကို သင်သည်ဖြေဆိုနိုင်ဘိ၏ဟု နှစ်ကြိမ်မြောက် ကောင်းချီးပေးတော်မူ၍ ထို့ထက်အလွန်လည်း မေးတော်မူပြန်၏။

၃ ထို့နောင်မှ မသိလေသလောဟု မေးအပ်သည်ရှိသော် အဘယ့်ကြောင့် သိပါသည်ဘုရားဟူ၍ ဖြေဆိုဘိသနည်းဟု မေးပြန်လေ၏ မြတ်စွာဘုရား တပည့်တော်မသည် သေရအံ့သည်အဖြစ်ကို သိပါသည် ထို့ကြောင့် ဤသို့ ဖြေဆိုပါသည်ဘုရားဟု လျှောက်လေ၏ ထို့နောင်မှ ထိုသတို့သမီးငယ်အား မြတ်စွာဘုရားသည် ငါဘုရား မေးလိုရင်းဖြစ်သော ပြဿနာကို သင်သည် ဖြေဆိုနိုင်ဘိ၏ဟု သုံးကြိမ်မြောက် ကောင်းချီးပေးတော်မူ၍ ထို့ထက် အလွန်လည်း မေးတော်မူပြန်၏။

၄ ထို့နောင်မှ သိ၏လောဟု မေးအပ်သည်ရှိသော် အဘယ့်ကြောင့် မသိပါဟူ၍ ဖြေဆိုဘိသနည်းဟု မေးပြန်၏ မြတ်စွာဘုရား သေရအံ့သည့် အဖြစ်ကိုသာလျှင် တပည့်တော်မ သိပါသည် တပည့်တော်မသည် ညဉ့်အခါ နေ့အခါ နံနက်အခါ စသည်တို့တွင်ကား ဤမည်သောအခါ၌ သေရအံ့ဟု မသိပါ ထို့ကြောင့် ဤသို့ဖြေဆိုပါသည် ဘုရားဟု လျှောက်လေ၏ ထို့နောင်မှ သတို့သမီးငယ်အား မြတ်စွာဘုရားသည် ငါဘုရား မေးလိုရင်းဖြစ်သော ပြဿနာကို သင်သည် ဖြေဆို နိုင်ဘိ၏ ဟု လေးကြိမ်မြောက် ကောင်းချီးပေးတော်မူ၍ ပရိသတ်ကို ခေါ်တော်

မူပြီးလျှင် သင်တို့သည် ဤသတို့သမီးငယ်ဆိုအပ်သော ဤမျှလောက်သော စကား ကိုမျှ မသိကြကုန် သင်တို့သည် သက်သက် ကဲ့ရဲ့ကြကုန်သည် သာလျှင်တည်း အကြင်သူတို့အား ပညာမျက်စိသည် မရှိ ထိုသူတို့သည် ကန်းကုန်သည်သာလျှင် တည်း အကြင်သူတို့အား ပညာမျက်စိသည် ရှိ၏ ထိုသူတို့သည်သာလျှင် မျက်စိ အမြင်ရှိသူတို့ ဖြစ်ကုန်၏ဟူမိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၇၄ အန္ဓီဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

အယံလောကော၊ ဤလူမျှားအပေါင်းသည်။ အန္ဓီဘူတော၊ ပညာမျက်စိ စုံမရှိ၍ အကန်းအတိသာ ဖြစ်လေ၏။ တတ္ထ၊ ဤလောက၌။ တနုကော၊အနည်း ငယ်မျှသောသူသည်။ဝိပဿတိ၊ အနိစ္စစသောအားဖြင့် ရှုမြင်၏။ ဇာလမုတ္တော၊ မှူဆိုးကွန်ရက်မှ လွတ်ထွက်သော။သကုဏော၊ငှက်သည်။ အပ္ပေါဣဝ၊ နည်းသကဲ့ သို့။ မရန္ဓေသု၊ သေသောသူတို့တွင်။ သဂ္ဂါယ၊ နတ်ပြည်သို့။ဂစ္ဆတိ၊ သွားသော သူသည်။ အပ္ပေါ၊ နည်းလှ၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ သတို့သမီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏ မျှားစွာသော လူအပေါင်းအားလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်တော် မူလေ၏။

သတို့သမီးသေ၍ ဘခင် ရဟန်းပြုခြင်း

ထိုသတို့သမီးငယ်သည်လည်း ရက်ဖေါက်တောင်းကိုယူလျက် ဘခင်၏အထံ သို့သွားလေ၏ ထိုဘခင်ဖြစ်သော ရဂ္ဂန်းသည်သည် ထိုင်လျက်သာလျှင် အိပ်ပျော်နေခိုက် ဖြစ်သောကြောင့် ထိုသတို့သမီးငယ်သည် မမှတ်မသား သတိ မထားမိသဖြင့်သာလျှင် ရက်ဖေါက်တောင်းကို တွန်းလှဲလိုက်စဉ် ထိုရက်ဖေါက် တောင်းသည် လွန်းအစွန်း၌ ထိခိုက်မိသောကြောင့် အသံကိုပြုလျက် ကျသွား လေ၏ ဘခင် ရဂ္ဂန်းသည်သည် နိုးလျှင် နိုးခြင်း ကိုင်ယူအပ်သော အမှတ်ဖြင့် သာလျှင် လွန်းကို ဆွဲငင်လိုက်လေ၏ လွန်းဖျားသည် သွား၍ ထိုသတို့သမီးငယ်ကို

ရင်ဘတ်၌ ထိုးမိ၏ သတို့သမီးငယ်သည်လည်း ထိုနေရာ၌ပင်လျှင် သေလွန်ခြင်းကို ပြုရှာ၍ တုသိတာနတ်ပြည်၌ ဖြစ်လေ၏ ထိုအခါ သတို့သမီးငယ်၏ဘခင် ရက္ကန်းသည်သည် သတို့သမီးငယ်ကို ကြည့်ရှုလတ်သည်ရှိသော် တကိုယ်လုံး သွေးအလိမ်းလိမ်း ကပ်ငြိသဖြင့် လည်း၍သေနေသည်ကို မြင်ရရှာလေ၏ ထိုအခါ ဘခင် ရက္ကန်းသည်အား ကြီးစွာသော စိုးရိမ်ခြင်း ဖြစ်လေ၏ ထိုရက္ကန်းသည်သည် ငါ၏ စိုးရိမ်ခြင်းကို တပါးသောသူသည် ငြိမ်းအေးစေခြင်းငှါ မတတ်နိုင်ပေလတ္တံ့ဟု ငိုကြွေးလျက် ဘုရားရှင်၏ အထံဘော်သို့သွား၍ ထိုအကြောင်းကိုလျှောက်ကြား ပြီးလျှင် မြတ်စွာဘုရား တပည့်တော်၏ စိုးရိမ်ခြင်းကို ငြိမ်းအေးစေတော်မူကြပါဘုရားဟု လျှောက်လေ၏ မြတ်စွာဘုရားသည် ထိုရက္ကန်းသည် ဒါယကာကို ကောင်းစွာ နှစ်သိမ့်စေ၍ ဒါယကာ မစိုးရိမ်လင့် မသိအပ်သော အစရှိသော သံသရာ၌ ဤအတူသာလျှင် သမီးသေသောကာလ၌ သင်၏ ယိုစီးကျသော မျက်ရည်သည် လေးစင်းသော မဟာသမုဒြာရေထက်ပင် အလွန့်အလွန် များလှပြီဟု မိန့်တော်မူ၍ အနမတဂ္ဂ သုတ္တန်စကားကို ဟောကြားတော်မူလေ၏ ရက္ကန်းသည်သည် နည်းသော စိုးရိမ်ခြင်းရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ရဟန်းအဖြစ် တောင်းပန်သဖြင့် ရဟန်းအဖြစ်ကို ရလတ်သည်ရှိသော် မကြာမြင့်မီသာလျှင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ရက္ကန်းသည်သမီးဝတ္ထုပြီး၏။

၈—သုံးကျိပ်သော ရဟန်းတို့ဝတ္ထု

ဟံသာဒိစ္စပထေ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် သုံးကျိပ်သော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မြေပြင်ဖြင့်လာ၍ ကောင်းကင်ဖြင့် ပြန်သွားခြင်း

တနေ့သ၌ သုံးကျိပ်မျှလောက်ကုန်သော အရပ်လေးမျက်နှာ၌ နေကြကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားသို့ ဆည်းကပ်ကြလေကုန်၏ ရှင်အာနန္ဒာ မထေရ်သည် မြတ်စွာဘုရားအား ဝတ်ကြီးဝတ်ငယ် ပြုအပ်သော အချိန်၌

လာလတ်၍ ထိုရဟန်းတို့ကိုမြင်လျှင် ဘုရားရှင်သည် ဤရဟန်းတို့နှင့်တကွ အစေ့အစပ် ပြောဆိုသော ပဋိသန္ဓာရကထာကိုပြုပြီးမှ ဝတ်ကိုပြုပေအံ့ဟု နှုလုံးသွင်း၍ တံခါးမုခ်၌ ရပ်တည် စောင့်ဆိုင်းကာ နေလေ၏ မြတ်စွာဘုရားသည်လည်း ထိုရဟန်းတို့နှင့် အတူတကွ ပဋိသန္ဓာရကထာကို ပြုပြီးလျှင် ထိုရဟန်းတို့အား အသက်ထက်ဆုံး နှုလုံးသွင်းအပ်အောက်မေ့အပ်သော သာရဏီယ တရားစကား ကို ဟောကြား မိန့်မြွက်တော်မူလေ၏ တရားစကား ကြားနာရသောကြောင့် ထိုအလုံးစုံသော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ရောက်၍ ကောင်းကင်ခရီးဖြင့် ပျံတက်ကာ သွားကြလေကုန်၏ ရှင်အာနန္ဒာမထေရ်သည် ထိုရဟန်းတို့ ကြာမြင့်လတ်ကုန်သည်ရှိသော် ဘုရားရှင်သို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရား ယခုပင်လျှင် သုံးကျိပ်မျှလောက်ရှိသော ရဟန်းတို့သည် ကြွလာကြပါကုန်၏ ထိုရဟန်းတို့သည် အဘယ်မှာပါနည်း ဘုရားဟု မေးလျှောက်လေ၏ ချစ်သား အာနန္ဒာ သွားကြကုန်ပြီဟု မိန့်တော်မူလျှင် မြတ်စွာဘုရား အဘယ်ခရီးဖြင့် ကြသွားကြပါသနည်းဘုရားဟု မေးလျှောက်ပြန်လေ၏ ချစ်သား အာနန္ဒာ ကောင်းကင်ခရီးဖြင့် သွားကြကုန်၏ဟု မိန့်တော်မူလျှင် မြတ်စွာဘုရား အသို့ပါနည်း ရဟန္တာတို့ဖြစ်ပါသလောဘုရားဟု မေးလျှောက်ပြန်လေ၏ ချစ်သား အာနန္ဒာ ဟုတ်မှန်ပေ၏ ငါဘုရားအထံ၌ တရားနာရသောကြောင့် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏ဟု မိန့်တော်မူလေ၏ ထိုခဏ၌ ကောင်းကင်ဖြင့် ဟသ်ာတို့သည် ပျံသန်းလာကြလေကုန်၏ ဘုရားရှင်သည် ချစ်သား အာနန္ဒာ အကြင်ပုဂ္ဂိုလ်သည် လေးပါးသော ဈာန်ပါဒ်တို့ကို ကောင်းစွာ လေ့လာပွားများအပ်ကုန်၏ ထိုပုဂ္ဂိုလ်သည် ဟသ်ာကဲ့သို့ ကောင်းကင်ခရီးဖြင့် သွားနိုင်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၇၅ ဟံသာဒိစ္စပထေ ယန္တိ၊ အာကာသေ ယန္တိ ဣဒ္ဓိယာ။
နိယန္တိ ဓီရာ လောကမ္ဟာ၊ ဇေတ္ဝာ မာရံ သဝါဟနံ။

ဟံသာ၊ ဟသ်ာငှက်တို့သည်။ အာဒိစ္စပထေ၊ နေ၏ သွားရာ ဖြစ်သော ကောင်းကင် ခရီး၌။ ယန္တိ၊ သွားကြကုန်၏။ ဣဒ္ဓိမန္တာ၊ ဣဒ္ဓိပါဒ် လေးပါး

---

၁ ဣဒ္ဓိ+ပါဒ-တန်ခိုး ၏+ အဓိဋ္ဌာန်။ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသဟု ဣဒ္ဓိပါဒ်လေးပါး ပြား၏။

ခကောင်းစွာပွားကုန်သော ပုဂ္ဂိုလ်တို့သည်။ ဣဒ္ဓိယာဒိတန်ခိုးဖြင့်။ အာကာသေ၊ ခကောင်းကင်ခရီး၌။ ယန္တိ၊ သွားကြကုန်၏။ ဓီရာ၊ ပညာရှိတို့သည်။ သဓါဟာနံ၊ စစ်သည် ဗိုလ်ပါနှင့်တကွသော။ မာရံ၊ မာရ်မင်းကို။ ဇေတ္ဝာ၊ အောင်တော်မူ၍။ ခလောကမှာ၊ လောကမှ။ နိယန္တိ၊ နိဗ္ဗာန်အရောက် ထွက်ခမြောက်ကြကုန်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

သုံးကျိပ်သောရဟန်းတို့ဝတ္ထုပြီး၏။

၉–စိဉ္ဆမာဏဝိကာမိန်းမဝတ္ထု

ကံဓမ္မံ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် စိဉ္ဆမာဏဝိကာကို အကြောင်းပြု၍ ဟောတော်မူလေ၏။

တိတ္ထိတို့၏ မိန်ခွန်း

ဘုပဌမဗောဓိ၌ မြတ်စွာဘုရားအား များစွာဖြစ်၍ ဖြစ်ကုန်သော သာဝကတို့သည်၎င်း အတိုင်းအရှည် မရှိကုန်သော နတ်လူတို့သည်၎င်း အရိယာဘုံအရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်လတ်ကုန်သည်ရှိသော် ပို့နှုံသော ဂုဏ်ကျေးဇူးအပေါင်းကြောင့် များစွာသော လာဘ်ပူဇော်သက္ကာရသည် ထင်ရှားဖြစ်လေ၏ တိတ္ထိတို့သည် နေထွက်သောအခါ ပိုးစုန်းကြူးနှင့် တူစွာ ဖြစ်ကြလေကုန်၏ ထိုတိတ္ထိတို့သည် ပျက်စီးသော လာဘ်ပူဇော်သက္ကာရ ရှိကုန်ရကား လမ်းခရီးအကြား၌ ရပ်တည်၍ ရဟန်းဂေါတမသည်သာ ဘုရားဖြစ်သလော ငါတို့သည်လည်း ဘုရားတို့တည်း ထိုရဟန်း ဂေါတမအားသာလျှင် လူသောအလူသည် အကျိုးကြီးသလော ငါတို့အားလည်း လူသောအလူသည် အကျိုးကြီးသည် သာလျှင်တည်း ငါတို့အားလည်း ပေးလူကြကုန်လော့ ပူဇော်သက္ကာရကို ပြုကြကုန်လော့ဟု လူတို့ကို သိအောင် တောင်းရမ်းသော်လည်း လာဘ် ပူဇော်သက္ကာ

---

၁ ဘုရားရှင်၏ ဝါဝေးဝင်နှစ်ဆယ် အတွင်းသည် ပဌမဗောဓိ မည်၏။

ရကို မရသောကြောင့် ဆိတ်ကွယ်ရာအရပ်၌ စည်းဝေး၍ အဘယ်သို့သော အကြောင်းဖြင့် ရဟန်း ဂေါတမ၏ ကျေးဇူးမဲ့ကို လူတို့အလယ်၌ ဖြစ်စေပြီးလျှင် လာဘ် ပူဇော်သက္ကာရကို ဖျက်ဆီးကြရကုန်အံ့နည်းဟု ကြံစည်ကြလေကုန်၏။

ထိုအခါ သာဝတ္ထိပြည်၌ 'စဉ္စမာဏဝိကာ အမည်ရှိသော ပရိဗိုဇ်မ တယောက်သည် မြတ်သော လှပသော အဆင်းကို ဆောင်ယူ၏ တင့်တယ်ခြင်း အစုသို့ ရောက်၏ နတ်သမီးကဲ့သို့ ထိုစဉ္စမာဏဝိကာ၏ ကိုယ်မှ အရောင်တို့သည် ထွက်ကုန်၏ ထိုအခါ ကြမ်းကြမ်းတမ်းတမ်း တိုင်ပင်လေ့ရှိသော တိတ္ထိတဉီးသည် ဤသို့ဆို၏ စဉ္စမာဏဝိကာကိုစဲ့၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကို ဖြစ်စေပြီးလျှင် လာဘ် ပူဇော်သက္ကာရကို ဖျက်ဆီးကြကုန်စို့အံ့ဟု ဆိုလတ်သော် ထိုတိတ္ထိတို့သည် ဤသို့သောအကြောင်းသည် ရှိ၏ဟု ဝန်ခံကြလေကုန်၏ ထိုအခါ စဉ္စမာဏဝိကာသည် တိတ္ထိကျောင်းအာရာမ်သို့ သွား၍ ရှိခိုးလျက် တည်လေ၏ တိတ္ထိတို့သည် ထိုစဉ္စမာဏဝိကာနှင့်တကွ စကားမဆိုကြကုန် ထိုစဉ္စမာဏဝိကာသည် ငါ့အား အဘယ် အပြစ်ရှိသနည်းဟု နှလုံးသွင်း၍ သုံးကြိမ်တိုင်အောင် အရှင်ကောင်းတို့ ရှိခိုးပါ၏ ဘုရားဟု ဆို၍ အရှင်ကောင်းတို့ အကျွန်ုပ်အား အဘယ်အပြစ် ရှိသနည်း အကျွန်ုပ်နှင့် အတူတကွ အဘယ့်ကြောင့် စကား မဆိုကြပါကုန်သနည်းဟု မေးလျှောက်လေ၏ နှမ အသို့နည်း ရဟန်းဂေါတမသည် ငါတို့ကို ညှဉ်းဆဲဘိ၏ လာဘ်ပူဇော်သက္ကာရကို ပျက်စီးအောင်ပြုလျက် သွားလာ လှည့်လည်နေသည်ကို သင် မသိလေသလောဟု မေးလျှင် အရှင်ကောင်းတို့ မသိရပါဟု ဆိုပြီးလျှင် ဤအရာ၌ တပည့်တော်မသည် အဘယ်အမှုကို ပြုရပါမည်နည်းဟု မေးလေသဖြင့် နှမ သင်သည် ငါတို့ချမ်းသာခြင်းကို အကယ်၍ အလိုရှိသည်ဖြစ်အံ့ မိမိကိုယ်ကိုစဲ့၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကို ဖြစ်စေပြီးလျှင် လာဘ် ပူဇော်သက္ကာရကို ဖျက်ဆီးရမည်ဟု မိန့်ဆိုလေ၏။

စဉ္စမာဏ စုံပစုံပုံ

ထိုစဉ္စမာဏဝိကာသည် အဲ့ရှင်ကောင်းတို့ ကောင်းလှပါပြီ ဤတာဝန်သည် အံ့ကျွန်ုပ်၏ တာဝန်ပါတည်း မကြံစည် မစိုးရိမ်ကြပါကုန်လင့်ဟု ဆို၍ ဖဲသွား

---

၁ စဉ္စ+မာဏဝိကာ–မနိကျည်းပင်၌+သန္ဓေတည်နေသောဓိန်းမ။

ပြီးလျှင် မိန်းမတို့မာယာ၌ လိမ္မာသည်အဖြစ်ကြောင့် ထိုနေ့မှစ၍ သာဝတ္ထိပြည်သူ ပြည်သားတို့ တရားနာ၍ ဇေတဝန်ကျောင်းတော်မှ ထွက်လာသောအခါ ပိုးပရံ အဆင်းနှင့် တူသော အဝတ်ကို ရုံသဖြင့် နံ့သာပန်း စသည်ကို လက်စွဲလျက် ဇေတဝန်ကျောင်းတော်သို့ ရှေးရှုပြုကာ သွား၏ ဤအခါန်အခါ၌ အဘယ်အရပ်သို့ သွားအံ့နည်းဟု မေးအပ်သည်ရှိသော် သင်တို့အား ငါသွားရာ အရပ်ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ဆိုပြီးလျှင် ဇေတဝန်ကျောင်းတော်၏အနီး တိတ္ထိတို့ အာရာမ်၌ နေသဖြင့် နံနက်စောစောကလျှင် ဦးဦးဖျားဖျား ရှိခိုးခြင်းကို ရှိခိုးကြကုန်စို့အံ့ဟု မြို့မှ ထွက်လာကုန်သော ဒါယကာ အပေါင်းသည် ဇေတဝန်ကျောင်းတော်တွင်း၌ နေခဲ့လေဟန်ဖြစ်၍ မြို့သို့ ပြန်ဝင်လာသော စိဉ္ဇမာဏဝိကာကို အဘယ်အရပ်၌ နေသနည်းဟု မေးလတ်သည်ရှိသော် သင်တို့အား ငါ့နေရာ အရပ်ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ဆိုပြီးလျှင် လခွဲလွန်သောအခါ မေးအပ်သည်ရှိသော် ဇေတဝန်ကျောင်းတော်၌ ရဟန်းဂေါတမနှင့် အတူတကွ ဂန္ဓကုဋ္ဌိ တခုတည်း၌ နေ၏ဟု ဆိုလေ၏ ပုထုဇဉ်ဖြစ်သော လူတို့အား ဤစိဉ္ဇမာဏဝိကာ ပြောသော စကားသည် ဟုတ်မှန်လေသလော မမှန်လေသလောဟု ယုံမှားခြင်းကို ဖြစ်စေ၍ဂုင်း သုံးလ လေးလ လွန်သောအခါ ပုဆိုးကြမ်း တို့ဖြင့် ဝမ်းကို ရစ်ပတ်သဖြင့် ကိုယ်ဝန်ဆောင်သော အသွင်ကိုပြ၍ဂုင်း အထက်၌ နီသော အဝတ် ပုဆိုးကို ခြုံရုံလျက် ရဟန်းဂေါတမကိုစွဲ၍ ကိုယ်ဝန် တည်လေသည်ဟု သူမိုက်တို့ကို ယုံကြည်စေ၍ဂုင်း ရှစ်လ ကိုးလ လွန်သောအခါ ဝမ်း၌ ဝန်းဝိုင်းသော သစ်သားကို ဖွဲ့သဖြင့် အထက်၌ အဝတ်ပုဆိုးကို ခြုံရုံလျက် လက်ဖမိုး ခြေဖမိုးတို့ကို နွားမေးရိုးဖြင့် ထုနှက်စေပြီးလျှင် ၁အသားမို့မို့ တက်သည်တို့ကို ပြ၍ဂုင်း ပင်ပန်းနွမ်းနယ်သော ဣန္ဒေရှိသည်ဖြစ်၍ဂုင်း ညချမ်းသောအခါ မြတ်စွာဘုရားသည် တန်ဆာဆင်အပ်သော တရားဟောပလ္လင်၌ နေတော်မူလျက် တရားဟောကြားတော်မူစဉ် တရားသဘင်သို့ သွားပြီးလျှင် မြတ်စွာဘုရားရှေ့၌ ရပ်လျက် ရဟန်းကြီး လူအပေါင်းအား ရှေးဦးစွာ တရားဟောဘိ၏ သင်၏အသံသည် ချိုမြိန် သာယာလှပေ၏ နှုတ်ခမ်းသည် ကောင်းစွာစေ့စပ်ပေ၏ အကျွန်ုပ်သည်ကား သင့်ကိုစွဲ၍ ကိုယ်ဝန်ကို ရပြီးလျှင် ပြည့်စုံသော ကိုယ်ဝန်ရှိခဲ့လေပြီ အကျွန်ုပ်အတွက် သားဖွားရာအိမ်ကို သင်မသိ ထောပတ် ဆီ စသည်

၁ ရှင်တို့ကို ပြသည်ဟု မူကွဲရှိသည်။ သင့်နိုင်အံ့သော အကြောင်းမမြင်။

တို့ကိုလည်းမသိ ကိုယ်တိုင်မပြုနိုင်သည်ရှိသော် အလုပ်အကျေးတို့တွင် တယောက်ယောက်ကို ကောသလ မင်းကြီးကိုဖြစ်စေ အနာထပိဏ် သူဌေးကြီ ကို ဖြစ်စေ ဝိသာခါ ဒါယိကာမကြီးကိုဖြစ်စေ ဤစိဉ္ဆမာဏဝိကာအား ပြုအပ်သည်နှင့် ယှဉ်သော အမှုကို ပြုပါလော့ဟု သင်မဆို မွေ့လျော်ငြင်းငှါ တခုသာလျှင် သိ၏ ကိုယ်ဝန်၏ အစောင့်အရှောက်ကို မသိဟုဆိုလျက် မစင်ကုံးကို ကိုင်ယူ၍ လဝန်းကို ဖျက်ဆီးအံ့သောငှါ လုံလပြုဘီသကဲ့သို့ ပရိသတ်လေးပါး အလယ်၌ မြတ်စွာဘုရားကိုစွပ်စဲ့ ဆဲရေးလေ၏။

စိဉ္ဆမာဏ မြေမျိုခြင်း

မြတ်စွာဘုရားသည်လည်း တရားစကားကို ရပ်တုံထားတော်မူပြီးလျှင် ခြင်္သေ့မင်းကဲ့သို့ မကြောက်မရွံ့သော အသံတော်ကိုပြုလျက် နှုမ သင်ဆိုသောစကား၏ မှန်သောအဖြစ်ကိုငင်း မမှန်သောအဖြစ်ကိုငင်း ငါသည်ငင်း သင်သည်ငင်း ငါနှင့် သင်သာ သိ၏ဟု မိန့်တော်မူလေ၏ ရဟန်းကြီး သြော်....ဟုတ်မှန်လှပေ၏ သင်သည်ငင်း အကျန်ပ်သည်ငင်း ထိုသိသော အဖြစ်ကို အဘယ်သူတို့သည် သိနိုင်ကြကုန်အံ့နည်းဟု ဆိုလေ၏ ထိုခဏ၌ သိကြားမင်း၏ နေရာဖြစ်သော ပဏ္ဍုကမ္ဗလာကျောက်ဖျာသည် ပူလောင်သော အခြင်းအရာကိုပြ၏ သိကြားမင်းသည် ဆင်ခြင်လတ်သည်ရှိသော် စိဉ္ဆမာဏဝိကာ အမည်ရှိသောမိန်းမသည် မြတ်စွာဘုရားကို မဟုတ် မမှန်သောအားဖြင့် ဆဲရေး၏ဟုသိရသဖြင့် ဤဝတ္ထုအမှုကိုသုတ်သင်အံ့ဟု လေးယောက်သော နတ်သားတို့နှင့် အတူတကွ သွားလေ၏ နတ်သားတို့သည် ကြွက်ငယ်ယောင် ဆောင်ကြသည်ဖြစ်၍ သစ်သားဝန်း၏ ဖွဲ့ချည်သောကြိုးတို့ကို တပြိုင်တည်းသာလျှင် ကိုက်ဖြတ်ကြလေကုန်၏ ခြုံရုံသော အဝတ် ပုဆိုးကို လေသည်မြောက်ပင့်လေ၏သစ်သားဝန်းသည်ပြုတ်ကျလတ်သည်ရှိသော် ထိုစိဉ္ဆမာဏဝိကာ၏ ခြေဖမိုးဦးကျလေ၏ နှစ်ဘက်သော ခြေဖျားတို့သည် ကျိုးကုန်၏ လူတို့သည်လည်း ဟယ်....သူယုတ်မ ဘုရားရှင်ကို စွပ်စဲ့ ဆဲရေးဘိ၏ဟု ဦးခေါင်းဦးတံတွေးကို ကျစေ၍ ထွေးစွန့်၍ အုံ့ခဲ့ လုံတံ အစရှိသည်တို့ လက်စဲ့ကုန်လျက် ဇေတဝန်ကျောင်းတော်မှ နှင်ထုတ်ကြလေကုန်၏ ထိုအခါ မြတ်စွာဘုရား၏ မျက်စိတော် မြင်လောက်ရာ အရပ်ကို လွန်သောကာလ စိဉ္ဆမာဏဝိကာအား မဟာပထဝီ မြေကြီးသည် ကွဲ၍ အကြားအပေါက်ကို ပေးလေ၏ အဝီစိမှ မီးလျှံ

တို့သည် ထလာကုန်၏ ထိုစိဉ္ဆမာဏဝိကာသည် ချစ်လှစွာသော မိဘဆွေမျိုးတို့ ပေးအပ်သောကမ္မလာကို ခြုံရုံသည် အလား သွား၍ အဝီစိဌ် ဖြစ်ရရှာလေ၏ သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့အား လာဘ် ပူဇော် သက္ကာရသည် ဆုတ်ယုတ် ရှာလေ၏ မြတ်စွာဘုရားအား အတိုင်းထက်အလွန် တိုးပွားလေ၏ တဖန် မိုးသောက်သောနေ့၌ တရားသဘင်ဝယ် ရဟန်းတို့သည် ငါ့ရှင်တို့ စိဉ္ဆမာဏဝိကာသည် ဤသို့ ပြန့်ပြောသော ဂုဏ်ကျေးဇူးရှိသည်ဖြစ်၍ မြတ်သော အလှူကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲ ဆဲရေးခြင်းကြောင့် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရရှာလေ၏ဟု စကားကိုဖြစ်စေကြလေကုန်၏။

မဟာပဒုမဇာတ် အမြွက်

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ချစ်သားရဟန်းတို့ ယခုငါလာတော်မူဆဲအခါ အဘယ်စကားဖြင့် စည်းဝေး ကြကုန်သနည်းဟု မေးတော်မူသောကြောင့် ဤမည်သော စကားဖြင့် စည်းဝေးကြပါသည် ဘုရားဟု နားတော်လျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ ယခုသာလျှင်မဟုတ်သေး ရှေးဦးလည်း ဤစိဉ္ဆမာဏဝိကာသည် ငါ့ကို မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲ ဆဲရေးခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ဘူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍—

နာဒိဋ္ဌာပရတော ဒေါသံ၊ အဏ္ဏံ ထူလာနိ သဗ္ဗသော။
ဣဿရော ပဏယေ ဒဏ္ဍံ၊ သာမံ အပ္ပဋိဝေက္ခိယ။

ဣဿရော၊ ရေ ဧမြသေဋ္ဌနင်းပြည့်ရှင်မင်းသည်။ ပရတော-ပရဿ၊သူတပါး၏။ ဒေါသံ၊ အပြစ်ကို။ အဒိဋ္ဌာ၊ မမြင်မူ၍။ သဗ္ဗသော-သဗ္ဗာနိ၊ အလုံးစုံကုန်သော။ အဏ္ဏံထူလာနိ၊ ငယ်သောအပြစ် ကြီးသောအပြစ်တို့ကို။ သာမံ၊ ကိုယ်တိုင်။ အပ္ပဋိဝေက္ခိယ၊ မျက်မှောက်ထင်ထင် မဆင်ခြင်မူ၍။ ဒဏ္ဍံ၊ ဒဏ်ကို။ နပဏယေ၊ မဖြစ်စေရာ မထားရာ။

---

၁ မဟာသမ္မတမင်းလက်ထက်၌ တရောထက်လွန်သော ဒဏ်မရှိ။ နှင်ထုတ်ခြင်းထက် အလွန်လက်ဖြာ ခြေဖြာ သတ်ခြင်းမည်သည် မရှိ။ နောက်မင်းကြီးတို့သက်ထက်၌ ထိုအလုံးစုံဖြစ်လေ၏။ ထိုဒဏ်ကို ရည်ရွယ်၍ အမတ်တို့ ဆိုကြသည်ဟု ဒွါဒသနိပါတ်ဇာတ် အဋ္ဌကထာ၌ ဆိုသည်။

(၁) ၁၄၃–၂၇

ဟူသော ဒဠိဒသနိပါတ်၌ ဤမဟာပဒုမဇာတ်ကို အကျယ်ခဲ့၍ ဟောတော်မူလေ၏ ထိုအခါ၌ ဤစိဉ္ဆမာဏဝိကာသည် ဘုရားလောင်း မဟာပဒုမမင်းသား၏ မယ်တော်၏ရန်သူ။ ဝါးလင်တူမင်းကြီး၏ နောက် မိဖုယားကြီးဖြစ်၍ ဘုရားလောင်းကို မသူတော်တို့၏ တရားဖြင့် ဘိတ်ကြား ဖြားယောင်းသဖြင့် ထိုမင်းသား၏ စိတ်ကို မရလေသောကြောင့် မိမိကိုယ်တိုင်သာလျှင် မိမိကိုယ်၌ ဖေါက်ပြန်သော အခြင်းအရာကို ပြုပြီးလျှင် လူနာအသွင်ကို ပြလျက် သင်မင်းကြီး၏ သားတော်သည် အလိုမပါသော ဘုရားနှမတော်ကို ဤသို့သော ဖေါက်ပြန်ပျက်စီးခြင်းသို့ ရောက်စေပါသည်ဘုရားဟု မင်းကြီးအား သံတော်ဦးစကား လျှောက်ကြားလေ၏ မင်းကြီးသည် အမျက်တော်ရှိ၍ ဘုရားလောင်းကို ခိုးသူတို့ ပစ်ချရာ ချောက်၌ ပစ်ချလေ၏ ထိုအခါ ဘုရားလောင်းကို တောင်ဝှမ်း၌ စောင့်သောနတ်သည် ခံယူ၍ နဂါးမင်း၏ ပါးပျဉ်းဟူသော တိုက်ခန်း၌ ထားလေ၏ နဂါးမင်းသည် ထိုပဒုမမင်းသားကို နဂါးပြည်သို့ဆောင်၍ ထက်ဝက်သော ပြည်စည်းစိမ်ဖြင့် ကောင်းစွာ ဆောင်နှင်းလေ၏။

ထိုဘုရားလောင်းသည် နဂါးပြည်၌ တနှစ်ပတ်လုံး နေပြီးလျှင် ရသေ့ ရဟန်းပြုလိုရကား ဟိမဝန္တာတောအရပ်သို့ ရောက်သွား၍ ရသေ့ ရဟန်းပြုလျက် စျာန်အဘိညာဉ်တို့ကို ဖြစ်စေတော် မူလေ၏ ထိုအခါ ဘုရားလောင်း ရသေ့ကို တောသွားမူဆိုး တယောက်သည် မြင်၍ မင်းကြီးအား လျှောက်ကြားလေ၏ မင်းကြီးသည် ထိုဘုရားလောင်း ရသေ့ထံသို့ သွားသဖြင့် ပြုအပ်သော အစေ့အစပ်ရှိသည်ဖြစ်၍ အလုံးစုံသော ထိုအကြောင်းအရာကို ပြန်ပြောင်း၍ သိတော်မူရလျှင် ဘုရားလောင်းကို ပြည်စည်းစိမ်ဖြင့် ဘိတ်၍ ဘုရားလောင်း ရသေ့က အကျွန်ုပ်အား ပြည်စည်းစိမ်ဖြင့် ပြုဘွယ်ကိစ္စမရှိ သင်မင်းကြီးသာ မင်းကျင့်တရား ဆယ်ပါးတို့ကို မပျက်စေမူ၍ မလားအပ်သည်သို့ ၁လားခြင်းကို ပယ်စွန့်လျက် တရားသဖြင့် မင်းပြုပါလော့ဟု ဆုံးမလေရကား မင်းကြီးသည် နေရာမှ ထ၍ ငိုကြွေး မြည်တမ်းလျက် မြို့တော်သို့ ပြန်သွားစဉ် လမ်းခရီး အကြား၌ အမတ်တို့ကို ငါဘုရင်မင်းမြတ်သည် အဘယ်သူကိုမှီ၍ ဤသို့ အကျင့်အာစာရနှင့်

---

၁ ၎လားအပ်သော အဂတိသို့ ချစ်ခြင်း၊ ဖုန်းခြင်း၊ ဝေဒေခြင်း၊ ကြောက်ရွံ့ခြင်း ဟူသော အကြောင်းလေးပါးကြောင့် လားခြင်းသည် အဂတိလိုက်စားသည်မည်၏။

ပြည့်စုံသော သားကောင်းရတနာနှင့် ကွေကွင်းခြင်းသို့ ရောက်ရာဘိ သနည်းဟု မေးလေ၏။

အရှင်မင်းကြီး မိဖုယားကြီးကြောင့် ကွေကွင်းရပါသည်ဘုရားဟု လျှောက်တင်ကြလေကုန်သော် မင်းကြီးသည် မိဖုယားကို ဦးခေါင်းစောက်ထိုး ခြေမိုဃ်းမျှော်ကိုင်လျက် ခိုးသူတို့ကို ပစ်ချရာ ချောက်၌ ပစ်ချစေပြီးမှ မြို့တော်သို့ ဝင်ပြီးလျှင် တရားသဖြင့် မင်းပြုစေလေ၏ ထိုအခါ မဟာပဒုမ မင်းသားကား ဘုရားလောင်းဖြစ်လေ၏ မယ်တော်၏ရန်သူ။ ဝါ၊လင်တူဖြစ်သော မိဖုယားကား စိဉ္ဆမာဏဝိကာ ဖြစ်လေ၏ဟု မြတ်စွာဘုရားသည် ဤအကြောင်းကို ဟောတော်မူပြီးလျှင် ချစ်သားရဟန်းတို့ တခုသောတရားဟု ဆိုအပ်သော မှန်သောစကားကို စွန့်၍ မမှန်သော စကား၌ တည်လျက် စွန့်လွှတ်အပ်သော တမလွန်လောက၌ ရှိသော သူတို့အား မပြုနိုင်သော မကောင်းမှုမည်သည် မရှိဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၇၆ ဧကံဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။
ဝိတ္ထိဏ္ဏ ပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။

ဧကံဓမ္မံ၊ တခုသောသစ္စာတရားကို။ အတီတဿ၊ လွန်သော။ မုသာဝါဒိဿ၊ (ဆယ်ခွန်းတခွန်းမျှမမှန်) မဟုတ်မမှန်သောစကားကို ဆိုလေ့ရှိသော။ ဝိတ္ထိဏ္ဏပရလောကဿ၊ စွန့်လွှတ်အပ်သော တမလွန်လောကရှိသော။ ဇန္တုနော၊ သတ္တဝါအား။

[ဤသို့သော သူသည် လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဟူသော ချမ်းသာသုံးပါးကို မမြင်တတ်ရာ]။

အကာရိယံ၊ မပြုအပ်သည် မည်သော။ ပါပံ၊ မကောင်းမှုကံသည်။ နတ္ထိ၊မရှိ။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ မျှားစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

စိဉ္ဆမာဏဝိကာမိန်းမ ဝတ္ထုပြီး၏။

၁၀—အသဒိသဒါနဝတ္ထု

နဝေကဒရိယာ - အစရှိသော ဂျ်ါတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အတုမရှိသော အလှူကြီးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

အလှူပြုံင်ပွဲကြီး

တပါးသောအခါ မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူပြီးလျှင် ငါးရာသောရဟန်းတို့ ခြံရံလျက် ဇေတဝန်ကျောင်းတော်သို့ ဝင်တော်မူလေ၏ ကောသလမင်းကြီးသည် ဇေတဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားကို ပင့်ဘိတ်သဖြင့် နောက်နေ့၌ [1]အာဂန္တုက ဒါနကို စီရင်ပြီးလျှင် ငါ၏အလှူကို ကြည့်ရှုကြစမ်းလော့ဟု ပြည်သူပြည်သားတို့ကို ခေါ်လေ၏ ပြည်သူပြည်သားတို့သည် လာလတ်၍ မင်း၏အလှူကို မြင်ကြရသဖြင့် နောက်တနေ့၌လည်း ပြည်သူပြည်သားတို့သည် မြတ်စွာဘုရားကို ပင့်ဘိတ်၍ အလှူကို စီရင်ပြီးလျှင် အရှင်မင်းကြီး အရှင့်ကျွန်တော်မျိုးတို့၏ အလှူကိုလည်း ရှုစားတော်မူပါဦးဟု မင်းကြီးအထံ စေလွှတ်ကြပြန်ကုန်၏ မင်းကြီးသည် ထိုပြည်သူပြည်သားတို့၏ အလှူကို မြင်တော်မူရလျှင် ဤပြည်သူပြည်သားတို့ကား ငါ့အလှူထက် အလွန်အလွန် ပိုလွန်အောင်ပြုဘိ၏ တဖန်အလှူကို ပြုဦးအံ့ဟု နောက်တနေ့၌လည်း အလှူကိုစီရင်ပြန်လေ၏ ပြည်သူပြည်သားတို့ သည်လည်း ထိုမင်းကြီး၏အလှူကို မြင်ပြန်လျှင် နောက်တနေ့၌ စီရင်ကြပြန်ကုန်၏ ဤသို့လျှင် မင်းကြီးသည် ပြည်သူ ပြည်သားတို့ကို ရှုံးစေခြင်းငှါ မတတ်နိုင် ပြည်သူပြည်သားတို့သည်လည်း မင်းကြီးကို ရှုံးစေခြင်းငှါ မတတ်နိုင်ကြကုန် ထိုအခါ ခြောက်ကြိမ်မြောက်လှူရာ၌ ပြည်သူပြည်သားတို့သည် အဆအရာ အထောင် တိုးပွားစေ၍ အကြင်အခြင်းအရာနှင့် စီရင်သည်ရှိသော် ဤမည်သောအလှူဝတ္ထုသည် ဤသူတို့၏ အလှူ၌ မရှိဟူ၍ ဆိုခြင်းငှါ မတတ်ကောင်း ထိုအခြင်းအရာဖြင့် အလှူကို စီရင်ကြကုန်၏ မင်းကြီးသည် ထိုပြည်သူ ပြည်သားတို့၏ အလှူကိုမြင်လျှင် ငါကား ဤပြည်သူပြည်သားတို့၏အလှူထက် လွန်အောင်ပြုခြင်းငှါ အကယ်၍ မတတ်နိုင်သည်ဖြစ်အံ့

---

၁ အာဂန္တုက+ဒါန—ဧည့်သည်၊ ဧည့်သည်နှင့် အလားတူသော ရဟန်းတို့အား+လှူဒါန်းခြင်း။

ငါ့အား အသက်ရှည်နေသဖြင့် အဘယ် အကျိုးရှိတော့အံ့နည်းဟု အကြောင်း ဥပါယ်ကို ကြံစည်လျက် စက်တော်ခေါ်လေ၏။

မလ္လိကာမိဖုယား အစီအမံ ကျွမ်းကျင်ခြင်း

ထိုအခါ မင်းကြီးသို့ မလ္လိကာမိဖုယားသည် ချဉ်းကပ်၍ မြတ်သောမင်းကြီး အဘယ့်ကြောင့် ဤသို့စက်တော်ခေါ်ဘိသနည်း အဘယ့်ကြောင့် သင်မင်းကြီး၏ ဣန္ဒေတို့သည် ပင်ပန်းသကဲ့သို့ ဖြစ်ဘိသနည်းဟု မေးလေ၏ မင်းကြီးသည် မိဖုယား ယခုသင်မသိလေသလောဟု ဆိုလေ၏ အရှင်မင်းကြီး မသိရသေးပါဟု လျှောက်တင်လတ်သော် မင်းကြီးသည် မလ္လိကာမိဖုယားအား ထိုအကြောင်းကို ပြောကြားလေ၏ ထိုအခါ မင်းကြီးကို မလ္လိကာမိဖုယားသည် အရှင်မင်းကြီး မကြံစည်ပါလင့် စိတ်မပူပါလင့် အသို့ပါနည်း မြေကိုအစိုးရသော မင်းကြီးကို ပြည်သူပြည်သားတို့က ရှုံးစေအပ်သည်ကို အရှင်မင်းကြီး မြင်ဘူးပါသလော ကြားဘူးပါသလော အကျွန်ုပ်သည် အရှင်မင်းကြီး၏ အလှူကို ကောင်းစွာစီရင် ပေးပါမည်ဟု ဆိုလေ၏ မလ္လိကာမိဖုယားသည် အတုမရှိသော အသဒိသအလှူကို စီရင်လိုသောကြောင့် ဤသို့ဆိုပြီးလျှင် မြတ်သောမင်းကြီး သာလကလျာဏီ မည်သော ကြောင်လျှာသား နံပဲသားပျဉ်ချပ်တို့ဖြင့် ငါးရာကုန်သော ရဟန်း တို့၏အလိုငှါ အကွေ့အတွင်း၌ နေရာမဏ္ဍပ်ကို ပြုစေပါလော့ ကြွင်းကုန်သော ရဟန်းတို့သည် အကွေ့ အပ၌ နေကြပါကုန်လတ္တံ့ ထီးဖြူငါးရာတို့ကို ပြုစေပါ လော့ ထိုထီးဖြူတို့ကိုကိုင်လျက် ငါးရာသော ဆင်တို့သည် ငါးရာသောရဟန်းတို့ ၏ ဦးထိပ်တော်ထက်၌ ဆောင်းကုန် မိုးကုန်လျက် တည်ကြရကုန်လတ္တံ့ ရှစ်စင်း ဖြစ်စေ ဆယ်စင်းဖြစ်စေ ရွှေနီပုဇွန်ခွံအုပ်သော လှေတော်တို့ကို ပြုစေပါလော ထိုလှေတော်တို့သည် မဏ္ဍပ်အလယ်၌ဖြစ်ကုန်လတ္တံ့ နှစ်ပါး နှစ်ပါးသော ရဟန်း တော်တို့၏အကြား၌ တယောက်တယောက်သော မင်းသို့းတို့သည် နေကုန် လျက် နံ့သာကို ကြိတ်ကုန် သွေးကုန်ရလတ္တံ့ တယောက် တယောက်သော မင်းသို့းတို့သည် ယပ်ကိုကိုင်လျက် နှစ်ပါး နှစ်ပါးသော ရဟန်းတို့ကို ယပ်ခပ်ကာ တည်နေကြရကုန်လတ္တံ့ ကြွင်းသော မင်းသို့းတို့သည် သွေးတိုင်း သွေးတိုင်းကုန် သော နံ့သာတို့ကို ဆောင်ယူ၍ ရွှေလှေတို့၌ ထည့်ကြရကုန်လတ္တံ့ ထိုမင်းသို့း တို့တွင် အချိုသော မင်းသို့းတို့သည် ကြာညိုစည်းတို့ကို ကိုင်ယူ၍ ရွှေလှေတို့၌

ထည့်အပ်သော နံ့သာတို့ကို မွေ့နှောက်သဖြင့် အထုံအနံ့ကို ယူစေကြရကုန်လတ္တံ့ ပြည်သူပြည်သား တို့အား မင်းသမီးတို့ သည်လည်း မရှိကုန် ထီးဖြူတို့သည်၎င်း ဆင်တို့သည်၎င်း မရှိကုန် ဤအကြောင်းတို့ဖြင့် ပြည်သူပြည်သားတို့ ရှုံးကြရကုန် လတ္တံ့ မြတ်သောမင်းကြီး ဤသို့ပြုတော်မူပါလေ့ဟု လျှောက်တင်လေ၏။

ဆင်ဆိုးနှင့် အဂ်ုလိမာလမထေရ်

မင်းကြီးသည် မိဖုယားကြီး ကောင်းလှပေစ့ သင့်စကားသည် သင့်လျော်သော သဘောရှိ၏ဟုဆို၍ မိဖုယားဆိုသောနည်းအားဖြင့် အလုံးစုံကိုပြုစေလေ၏ တပါးသော ရဟန်းအလို့ငှါ ဆင်တစီး မလောက်ဘဲရှိလေ၏ ထိုအခါ မင်းကြီးသည် မလွိကာမိဖုယားကို အဘယ်မိဖုယား တပါးသော ရဟန်းအလို့ငှါ ဆင်တစီး မလောက် လိုနေသည် အဘယ်သို့ ပြုကြရကုန်အံ့နည်းဟု ဆိုလေ၏ အရှင်မင်းကြီး ဆင်ငါးရာတို့သည် မရှိကုန်သလောဟု မေးလတ်သော် မိဖုယားရှိ၏ဟု ဆိုပြီးလျှင် ကြင်းသောဆင်တို့ကား ဆင်ကြမ်း ဆင်ပျက်တို့ဖြစ်ကုန်၏ ထိုဆင်တို့သည် ရဟန်းတို့ကို မြင်လျှင်မြင်ခြင်း ဝေရမ္ဘာမည်သော လေနီကြမ်းကဲ့သို့ ကြမ်းတန်းကြကုန်၏ဟု ဆိုလေ၏ အရှင်မင်းကြီး အကျွန်ုပ်သည် တစီးသော ကြမ်းသော ဆင်ငယ်၏ ထီးကို ကိုင်လျက် ရပ်တည်သင့်သော နေရာဌာနကို သိပါ၏ဟု လျှောက်ဆိုလတ်သော် ထိုဆင်ကြမ်းကို အဘယ်နေရာဌာန၌ ထားရမည်နည်းဟု မေးပြန်လေ၏ အရှင်အဂ်ုလိမာလမထေရ်မြတ်၏ အထံတော်၌ ထားပါလေ့ဟု ဆိုလတ်သော် မင်းကြီးသည် မလွိကာမိဖုယားဆိုတိုင်း ပြုစေရလေ၏ ဆင်ငယ်သည် အမြီးကို ပေါင်ကြား၌သွင်း၍ နားနှစ်ဘက်တို့ကို ချပြီးလျှင် မျက်စိတို့ကို စုံမှိတ်လျက် တည်နေလေ၏ လူမျှားအပေါင်းသည် ဤသို့ သဘောရှိသည်မည်သော ဆင်ကြမ်းအား ကြောက်ဘွယ် ဘေးရန်မရှိအောင် ပြုလုပ်နိုင်ပေစ့တကားဟု ဆင်ကိုသာလျှင် ကြည့်ရှုကြလေကုန်၏။

တဆဲ့လေးကုဋေ့ အလှူကြီးဖြစ်သော်လည်း လေးပါဒမျှ ဟောခြင်း

မင်းကြီးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို ဆွမ်းလုပ်ကျွေးပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ ဤအလှူရုံမဏ္ဍပ်၌ အပ်သော ဘဏ္ဍာကိုဂုဏ်း မအပ်သော ဘဏ္ဍာ

ကိုဌင်း အလုံးစုံကို ရှင်တော်မြတ်ဘုရားတို့အား သာလျှင် လှူပါ၏ ဘုရားဟု လျှောက်လေ၏။

[ထိုအံ့လှူ၌ တနေ့ခြင်းဖြင့်သာလျှင် စွန့်အပ်သော ဥစ္စာကား တဆဲ့လေး ကုဋ္ဌေဖြစ်၏ မြတ်စွာဘုရားအလို့ငှါ လှူဒါန်းသော ထီးဖြူ ထိုင်တော်မူရာ ပလ္လင် သပိတ်ခြေ ခြေဆေးအင်းပျဉ် ဤလေးပါးသော အလှူဝတ္ထုတို့သည် အဘိုးမပြတ်နိုင်အောင် ထိုက်တန်ကုန်သည် သာလျှင်တည်း တဖန် ဤသို့ သဘောရှိသော အမှုကိုပြုလုပ်၍ မြတ်စွာဘုရားတို့အား လှူခြင်းငှါ စွမ်းနိုင် သောသူ မည်သည်မရှိပြီ တို့ကြောင့်သာလျှင် ဤအလှူသည် အတုမရှိသော အသဒိသ အလှူဟု ထင်ရှားလေ၏ ထိုအသဒိသအလှူသည် အလုံးစုံသော ဘုရားရှင်တို့အား တကြိမ်ဖြစ်မြဲဟူသတတ် ထိုအလုံးစုံသော အသဒိသ အလှူ တို့အားလည်း မိန်းမသည်သာလျှင် စီရင်သတတ်။

ထိုကောသလ မင်းကြီးအား ကာလအမတ် ဇုဏ္ဏအမတ်ဟူ၍ အမတ်နှစ် ယောက်ရှိကုန်၏ ထိုအမတ်နှစ်ယောက်တို့တွင် ကာလအမတ်သည် သြော်မင်း မျိုး၏ ဥစ္စာဆုတ်ယုတ်ခြင်းသာ ဖြစ်လေစွတကား တရက်ခြင်းဖြင့်သာလျှင် တဆဲ့ လေးကုဋ္ဌေသော ဥစ္စာသည် ကုန်ခန်းခြင်းသို့ ရောက်ရှိလေ၏ ဤရဟန်းတို့သည် ဤအလှူကို သုံးဆောင်ပြီးလျှင် သွား၍ လျောင်းကာ ကျိန်းစက်ကြကုန်လတ္တံ့ သြော်မင်းမျိုးသည် ပျက်စီးရရှာံလေစွ တကားဟု ကြံလေ၏။ ဇုဏ္ဏအမတ်သည် ကား မင်းကြီး၏ အလှူသည် သြော်ကောင်းစွာ ပေးလှူအပ်သော အလှူဖြစ်ပေစွ တကား မင်းအဖြစ်၌ မတည်သောသူသည် ဤသို့သဘောရှိသော အလှူကို ပေးလှူ ခြင်းငှါ မတတ်ကောင်း ခပ်သိမ်းသော သတ္တဝါတို့အား အလှူ၏အဘို့ကို မပေး သော မည်သည်မရှိ ငါသည်ကား ဤအလှူကို ဝမ်းမြောက်ရပေတော့အံ့ဟု ကြံလေ၏ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးစီးသောအဆုံး၌ မင်းကြီးသည် အနုမော ဒနာတရား ဟောကြားစိမ့်သောငှါ မြတ်စွာဘုရား၏ သပိတ်တော်ကို ယူလေ၏ ဘုရားရှင်သည် ဤမင်းကြီးကား ကြီးစွာသော ရေအလျဉ်ကို ဖြစ်စေသော ယောက်ျားကဲ့သို့ ကြီးစွာသော အလှူကို ပေးလှူဘိ၏ လူများအပေါင်းသည် စိတ် ကို ကြည်ညိုစေခြင်းငှါ တတ်နိုင်လေသလော ထိုသို့မဟုတ် မတတ်နိုင်လေသလော ဟု ကြံစည်တော်မူလေ၏ မြတ်စွာဘုရားသည် ထိုအမတ်နှစ်ယောက်တို့၏ စိတ်

အကြံကို သိတော်မူ၍ မင်းကြီး၏ အလှူဒါနအား လျောက်ပတ်သော အနုမောဒနာ တရားကို အကယ်၍ ပြုအပ်သည်ဖြစ်အံ့ ကာလအမတ်၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲလတ္တံ့ ဇုဏ္ဏအမတ်သည် သောတာပတ္တိဖိုလ်၌ တည်လတ္တံ့ဟု သိတော်မူရသဖြင့် ကာလအမတ်၌အစဉ်သနားခြင်းကိုစွဲ၍ ဤသို့သဘောရှိသော အလှူကို ပေးလှူ၍တည်သော မင်းကြီးအား လေးပါဒရှိသော ဂါထာကိုသာလျှင် မိန့်တော်မူပြီးလျှင် နေရာမှထ၍ ကျောင်းတော်သို့ ကြွသွားတော် မူလေ၏။

ဆင်ဆိုးကိုမကြောက်သော အဂ်ုလိမာလမထေရ်

ရဟန်းတို့သည် အဂ်ုလိမာလ မထေရ်ကို ငါ့ရှင် အသို့နည်း ထီးကိုကိုင်ဆောင်းလျက် တည်နေသော ဆင်ကြမ်းကို မြင်ရသောကြောင့် ကြောက်သလောဟု မေးကြလေကုန်၏ ငါရှင်တို့ မကြောက်ပါဟု ဆိုလတ်သော် ထိုရဟန်းတို့သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ မြတ်စွာဘုရား အဂ်ုလိမာလမထေရ်သည် အရဟတ္တဖိုလ်ကို ပြောကြားပါသည်ဘုရားဟု လျှောက်ကြားကြလေကုန်၏ ဘုရားရှင်သည် ချစ်သားရဟန်းတို့ အဂ်ုလိမာလသည် မကြောက် ရဟန္တာ ဥသဘတို့ အလယ်၌ ကြီးသော ဥသဘဖြစ်ကုန်သော ငါ့သားနှင့်တူသော ရဟန်းတို့သည် မကြောက်ကြကုန်ဟု မိန့်တော်မူပြီးလျှင် ဗြာဟ္မဏဝဂ်၌ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဥသဘံ ပဝရံ ဝီရံ၊ မဟေသိံ ဝိဇိတာဝိနံ။
အနေဇံ နှာတကံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဥသဘံ၊ မကြောက်ရွံ့ခြင်းကြောင့် ဥသဘနှင့် တူတော်မူထသော။ ပဝရံ မြတ်တော်မူထသော။ ဝီရံ၊ ခိုင်မြဲသော လို့လဝီရိယရှိတော်မူထသော။ မဟေသိံ သီလကွန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူး ရှာမှီးလေ့ရှိထသော။ ဝိဇိတာဝိနံ၊ အောင်အပ်သော [၁]မာရ်သုံးပါးရှိထသော။ အနေဇံ၊ ဇောမည်သော တဏှာကင်းထသော။နှာတကံ၊ဆေးကြော သုတ်သင်အပ်သော ကိလေသာ ရှိထသော၊ ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်ခြား ထင်ထင် သိမြင်တော် မူပြီးထသော၊ တံ၊ ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ ဗြာဟ္မဏဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ ဟောတော်မူ၏။

---

၁ သာဝကတို့ အရောမဟုတ်ဟု ဒေဝဒုတ္တမာရ်ကို ဖယ်၍ ကိလေသာနှင့် အဘိသခ်ါရက သဘောတူ တမာရ်တည်းပေါင်း၍ ခန္ဓ မစ္စုတို့နှင့် သုံးမာရ်ဟူလို။

ကာလနှင့် ဇုက္ခတို့ ဒိဋ္ဌမမ္မအကျိုး တမျိုးစီ ပေးပုံ

မင်းကြီးသည်လည်း နှလုံးမသာယာခြင်းသို့ ရောက်သည်ဖြစ်၍ ဤသို့သဘောရှိသည် မည်သော ပရိသတ်ဖြင့် အလူကို ပေးလူလျက် တည်သော ဒါအား လျောက်ပတ်သော အနုမောဒနာတရား ဟောကြားခြင်းကို မပြုမူ၍ ဂါထာ တခုမျှကိုသာ မိန့်တော်မူပြီးလျှင် ဘုရားရှင်သည် နေရာမှထ၍ ကွဲသွား ခတော်မူလေ၏ ငါသည် မြတ်စွာဘုရားအား လျောက်ပတ်သော အလူကို မပြုမူ၍ မလျောက်ပတ်သောအလူကို ပြုမိသည်ဖြစ်ပေလတ္တံ့ အပ်သောဘဏ္ဍာကို မပေးလူ၍ မအပ်သော ဘဏ္ဍာကိုပေးလူမိသည်လည်း ဖြစ်ပေလတ္တံ့ မြတ်စွာဘုရားသည် ဒါအား အမျက်ထွက်တော်မူသည် ဖြစ်တန်ရာ၏ဟူ၍ငင်း ဤသို့သော အသဒိသ အလူ မည်သည်ကား အလူအားလျော်စွာ အနုမောဒနာကိုပြုခြင်းငှါ သင့်လျော်၏ ဟူ၍ငင်း ကြံစည်ပြီးလျှင် ကျောင်းတော်သို့ သွားသဖြင့် ဘုရားရှင်ကို ရှိခိုး၍ မြတ်စွာဘုရား တကာတော်သည် လူအပ်သည်နှင့်စပ်သော အလူဒါနကို မလူမိ ပါသလော ထိုသို့မဟုတ် အလူအားလျော်စွာ အပ်သောဘဏ္ဍာကို မလူမူ၍ မအပ်သော ဘဏ္ဍာကို လူမိပါသလောဘုရားဟု ဤစကားကို လျောက်ကြားလေ၏ မြတ်သောမင်းကြီး ဤအကြောင်းကား အဘယ်နည်းဟု မေးတော်မူလတ်ခသော် ရှင်တော်ဘုရားတို့သည် တကာတော်အား အလူနှင့်လျော်စွာ တရား အနုမောဒနာကို မပြုပါဘုရားဟု လျောက်ကြားလေ၏။

မြတ်သောမင်းကြီး ပရိသတ် မစင်ကြယ်သည့် အဖြစ်ကြောင့် ပြုတော်မမူဟု မိန့်တော်မူလတ်သော် မြတ်စွာဘုရား ပရိသတ်၏ အပြစ်ကား အဘယ်ပါနည်း ဘုရားဟု လျောက်ပြန်လေ၏ ထိုအခါ ကောသလမင်းကြီးအား မြတ်စွာဘုရားသည် နှစ်ယောက်သော အမတ်တို့၏ စိတ်အကြံကို မိန့်ကြားတော်မူပြီးလျှင်

ကာလအမတ်၌ အစဉ်သနားသည်ကိုစွဲ၍ အနုမောဒနာပြုသည့်အဖြစ်ကိုမိန့်ကြား တော်မူလေ၏ မင်းကြီးသည်လည်း “အချင်းကာလအမတ် သင်ဤသို့ကြံစည် အောက်မေ့သောဟူသည် မှန်သလော”ဟု မေးတော်မူ၍ မှန်ပါသည်ဟု လျှောက် တင်လတ်သည်ရှိသော် သင်၏ဥစ္စာကို မယူမူ၍ ငါ့သားမယားတို့နှင့်တကွ ငါသည် မိမိဥစ္စာကို ပေးလှူရာ သင့်အား အဘယ်နှိပ်စက်ခြင်း ရှိသနည်း သင်သွားလေ လော့ အကြင်စည်းစိမ်ကို သင့်အား ငါပေးအပ်ပြီ ထိုစည်းစိမ်သည် ပေးပြီးတိုင်း သာလျှင် ဖြစ်စေဟူ၍ငင်း ငါ၏တိုင်းပြည်မှ ထွက်လော့ ဟူ၍ငင်း ဆို၍ ထိုကာလ အမတ်ကို တိုင်းပြည်မှ နှင်ထုတ်ပြီးလျှင် ဇကာအမတ်ကို ခေါ်စေသဖြင့် သင်ဤသို့ ကြံအောက်မေ့သောဟူသည် မှန်သလောဟု မေးတော်မူ၍ မှန်ပါသည်ဟု လျှောက်တင်လတ်သည်ရှိသော် ဦးရီး ကောင်းလှပေ၏ အကျွန်ုပ်သည် ကြည်ညို သောစိတ်ရှိ၏ သင်ဇကာ အမတ်သည် ငါ့ပရိသတ်ကိုယူ၍ ငါပေးလှူသောနည်း အားဖြင့်သာလျှင် ခုနစ်ရက်ပတ်လုံး အလှူကို ပေးလှူပါလော့ဟု ခုနစ်ရက် ပြည် စည်းစိမ်ကို ဆောင်နှင်းပေးအပ်ပြီးလျှင် မြတ်စွာဘုရား မလိမ္မာသောသူ၏ အမူ အရာကို ကြည့်တော် မူစမ်းကြပါဦးဘုရား တကာတော်သည် ဤသို့ပေးလှူအပ် သော အလှူ၌ ပုတ်ခတ်ခြင်းကို ပေးပါဘိသည့် ဘုရားဟု မြတ်စွာဘုရားကို လှဲ့ချော်ကြားလေ၏ မြတ်စွာဘုရားသည် မြတ်သောမင်းကြီး ဟုတ်မှန်ပေ၏ သူမိုက်တို့မည်သည်ကား သူတပါး၏အလှူကို နှစ်သက်ဝမ်းမြောက်ခြင်းကို မပြု နိုင်သဖြင့် ဒုဂ္ဂတိသို့သာ လားစရာ ရှိရှာကြလေကုန်၏ ပညာရှိတို့သည်ကား သူတပါးတို့၏ အလှူကိုသော်လည်း နှစ်သက် ဝမ်းမြောက်၍ နတ်ပြည်သို့သာ လားစရာ ရှိကုန်သည့်သာလျှင် ဖြစ်ကုန်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၇၇ နဂေ ကဒရိယာ ဒေဝလောကံ ဝဇ္ဇန္တိ၊
ဗာလာ ဟဂေ နပ္ပသံသန္တိ ဒါနံ။
ဓီရော၀ ဒါနံ အနုမောဒမာနော၊
တေနေ၀ သော ဟောတိ သုခီ ပရတ္ထ။

ဤဒရိယာ၊ ဝန်တိုကုန်သောသူတို့သည်။ ဂေ၊ စင်စစ်။ ဒေဝလောကံ၊ နတ် ပြည်သို့။ နဝဇ္ဇန္တိ၊ မရောက်နိုင်ကြကုန်။ ဗာလာ၊မျက်မှောက် တမလွန် နှစ်တန်

ဘဝ မသိကြကုန်သော သူတို့သည်။ ဟဝေ၊ စင်စစ်။ ဒါနံ၊ အလှူကို။ နပ္ပသံသန္တိ၊ မချီးမွမ်းနိုင်ကြကုန်။ ဓီရောဝ၊ ပညာရှိသည်သာလျှင်။ ဒါနံ၊ အလှူကို။ အနုမောဒမာနော၊ ဝမ်းမြောက်နိုင်၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ သောဓီရော၊ ထိုပညာရှိသည်။ ပရတ္ထ၊ တမလွန်ဘဝ၌။ သုခီ၊ ချမ်းသာခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ဇုဏ္ဏအမတ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဒေသနာဖြစ်တော်မူလေ၏ ဇုဏ္ဏအမတ်သည်လည်း သောတာပန်ပုဂ္ဂိုလ်ဖြစ်၍ ခုနစ်ရက်ပတ်လုံး မင်းကြီး အလှူလှူသော နည်းအားဖြင့်သာလျှင် အလှူကိုပေးလှူလေ၏။

အသဒိသဒါနဝတ္ထုပြီး၏။

၁၁—အနာထပိဏ်သူဌေး၏ သားဖြစ်သော ကာလသတ္ဂိသားဝတ္ထု

ပထဗျာ ဧကရဇွေန- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အနာထပိဏ် သူဌေးကြီး၏သားဖြစ်သော ကာလအမည်ရှိသော သတ္ဂိသားကို အကြောင်းပြု၍ ဟောတော်မူလေ၏။

အသပြာရလိုမှုဖြင့် ဥပုသ်အတု စောင့်ခြင်း

ထိုကာလ သတ္ဂိသားသည် ထိုသို့သဘောရှိသော သဒ္ဓါခြင်းနှင့် ပြည့်စုံသော သူဌေးကြီး၏ သားဖြစ်လျက် မြတ်စွာဘုရား၏ အထံတော်သို့ သွားခြင်းငှါလည်း အလိုမရှိ အိမ်သို့ ကြွလာသောအခါ၌ ဖူးမြင်ခြင်းငှါလည်း အလိုမရှိ တရားကို နာခြင်းငှါလည်း အလိုမရှိ သံဃာတော်၏ အမှုကြီးငယ်ကို ပြုခြင်းငှါလည်း အလိုမရှိလေသတတ် ဘခင်သူဌေးကြီးသည် ချစ်သား ဤသို့ မပြုလင့်ဟု ဆိုသော်လည်း သူဌေးကြီး၏စကားကို မနာမယူ ထိုအခါ ကာလသတ္ဂိသား၏ ဘခင်

အနာထပိဏ်သူဌေးကြီးသည် ဤသူကား ဤသို့သဘော ရှိသော အယူကိုယူ၍ လှည့်လည်နေလျှင် အဝီစိသို့သာ လားရာသည်ဖြစ်လတ္တံ့ ငါမြင်ရစဉ် ငါ့သားငရဲသို့ သွားရခြင်းဟူသည်ကား မလျောက်ပတ်လေစ့တကား ဤလောက၌ ဥစ္စာကိုပေးသဖြင့် မပျက်သော သတ္တဝါမည်သည်မရှိ ဥစ္စာဖြင့် ငါ့သားကို ဖြတ်အံ့ဟု ကြံလေ၏ထို့အခါ ကာလသတ္တိသားကို ချစ်သား ဥပုသ် ကျင့်သုံးသည်ဖြစ်၍ ကျောင်းတော်သို့ သွားသဖြင့် တရားနာပြီးမှ ပြန်လာခဲ့လော့ တရာသော အသပြာကို သင့်အားပေးအံ့ဟု ဆို၍ ဘခင် အမှန် ပေးကုန်ပါအံ့လော့ဟု ပြန်မေးလတ်သော် ချစ်သား ပေးပါအံ့ဟု ဆို၍ ထိုကာလသတ္တိသားသည် သုံးကြိမ်တိုင်အောင် ပဋိညာဉ် ဝန်ခံချက်ကို ယူပြီးလျှင် ဥပုသ်ကျင့်သုံးသည်ဖြစ်၍ ကျောင်းတော်သို့ သွားလေ၏ တရားနာခြင်းဖြင့်ကား ထိုကာလသတ္တိသားအား ပြုဘွယ်ကိစ္စသည်မရှိ ဲချမ်းသာရာအရပ် တခုခုတို့၌ အိပ်ပြီးလျှင် စောစောကတည်းက အိမ်သို့ ပြန်သွားလေ၏ ထိုအခါ ထိုကာလ သတ္တိသားအား ဘခင် သူဌေးကြီးသည် ငါ၏သားသည် ဥပုသ် ကျင့်သုံးခဲ့လေပြီ ငါ့သား၏ အလို့ငှါ လျှင်မြန်စွာ ယာဂု စသည်တို့ကို ဆောင်ယူ၍ လာကြကုန်လော့ဟုဆို၍ ပေးခိုင်းလေ၏ ထို ကာလသတ္တိသားသည် အသပြာတို့ကို မယူရသေးသောကြောင့် မစံးသေးအံ့ဟု ဆောင်ခဲ့တိုင်း ဆောင်ခဲ့တိုင်းသော ယာဂု စသည်ကိုပယ်လေ၏။

ထိုအခါ ကာလသတ္တိသား၏ ဘခင် သူဌေးကြီးသည် နှိပ်စက်ခြင်းကို သည်းမခံနိုင်သောကြောင့် အသပြာထုပ်ကို ပေးစေရလေ၏ ထိုကာလသတ္တိသား သည် ထိုအသပြာထုပ်ကို လက်ဖြင့် ယူပြီးမှသာလျှင် ယာဂုစသော အာဟာရကို စားလေ၏ ထိုအခါ ကာလသတ္တိသားကို တဖန် မိုးသောက်သောနေ့၌ သူဌေးကြီးသည် ချစ်သား တထောင်သော အသပြာကို သင့်အား ပေးဦးအံ့ မြတ်စွာဘုရား ရှေတော်၌ တည်နေလျက် တခုသော တရားအပိုဒ်ကို သင်ကြားမှတ်ယူခဲ့ပြီးလျှင် ပြန်လာခဲ့လော့ဟု စေလိုက်လေ၏ ထို ကာလသတ္တိသားသည် ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရား၏ရှေတော်၌ တည်နေလျက်သာလျှင် တခုသော တရားအပိုဒ်ကို သင်ကြားမှတ်ယူ၍ ပြန်ပြေးခြင်းငှါ အလိုရှိသည်ဖြစ်၏ ထိုအခါ ကာလသတ္တိသားအား မြတ်စွာဘုရားသည် မမှတ်သားနိုင်သော အခြင်း

---

၁ ပဌမာ အဗျယီဘာဝသမာသိ ဝိစ္ဆာအနက်ကြီ၍ ပြန်ဆိုထားခြင်း ဖြစ်သည်။

အရာကို ပြုတော်မူလေ၏ ထိုကာလ သတ္တိသားသည် ထိုအပိုဒ်ကို မမှတ်သားနိုင်ရကား အထက်အပိုဒ်ကို သင်ယူဦးအံ့ဟုဆို၍ နာကြားသည် သာလျှင်တည်း။

[သင်ယူအံ့ဟု နာကြားသော သူတို့သည်သာလျှင် ရှိသေစွာနာကြားကြသည် မည်ကုန်သတတ် ဤသို့သာလျှင် နာကြားကြကုန်သော သူတို့အား တရားတော်သည် သောတာပတ္တိမဂ် အစရှိသည်တို့ကို ပေးသတတ်]။

ဥပုသ်သည် အတုမှအစစ် ဖြစ်ခြင်း

ထိုကာလသတ္တိသားသည်လည်း သင်ယူဦးအံ့ဟု နာကြား၏ မြတ်စွာဘုရား သည်လည်း မမှတ်သားနိုင်သော အခြင်းအရာကို ပြုတော်မူလေ၏ ထိုကာလ သတ္တိသားသည်လည်း အထက်အပိုဒ်ကို သင်ယူဦးအံ့ဟုဆို၍ နာကြားစဉ်သာ လျှင် သောတာပတ္တိဖိုလ်၌ တည်လေ၏ ထို ကာလသတ္တိသားသည် တဖန် မိုးသောက်သောနေ့၌ ဘုရားအမှူးရှိသော ရဟန်းသံဃာနှင့် အတူတကွ သာလျှင် သာဝတ္ထိပြည်သို့ ဝင်လေ၏ သူဌေးကြီးသည် ထိုကာလသတ္တိသားကို မြင်လျှင် ယနေ့ ငါ့သား၏ အခြင်းအရာကား နှစ်သက်ဘွယ်ရှိပေစွတကား ကြံစည်လေ၏ ထိုကာလသတ္တိသားသည်လည်း ငါ့ဘခင်ကား ယနေ့ မြတ်စွာဘုရား၏ အံ့ထိတော်၌ (မျက်မှောက်တော်၌) အသပြာတို့ကို မပေးပါမူကား ကောင်းလေစွ အသပြာဟူသောအကြောင်းကြောင့် ငါ၏ ဥပုသ်ကျင့်သုံးသော အဖြစ်ကို မသိအောင် ဖုံးထားဘိပါမူကား ကောင်းလေစွ ဟူသော အကြံသည် ဖြစ်လေ၏ မြတ်စွာဘုရား သည်ကား ထိုကာလသတ္တိသား၏ ယမန်နေ့၌ အသပြာ၏ အကြောင်းကြောင့် ဥပုသ်ကျင့်သုံးသည့်အဖြစ်ကို သိတော်မူလေ၏ သူဌေးကြီး သည်လည်း ဘုရားအမှူးရှိသော ရဟန်းသံဃာအား ယာဂုကို လှူစေ၍ သားအား လည်း ပေးစေလေ၏ ထိုကာလသတ္တိသားသည် ထိုင်လျက် ဆိတ်ဆိတ်နေသည် ဖြစ်၍သာလျှင် ယာဂုကိုသောက်၏ ခဲဘွယ်ကိုခဲ၏ ထမင်းကိုစား၏ သူဌေးကြီး သည် မြတ်စွာဘုရား၏ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စအဆုံး၌ သား၏ရှေ့၌ တထောင် သောဥစ္စာထုပ်ကို ထားစေပြီးလျှင် ချစ်သား ငါသည် သင့်အား ဥစ္စာတထောင် ပေးအံ့ဆို၍ ဥပုသ်ကို ဆောက်တည်စေသဖြင့် ကျောင်းတော်သို့ စေလွှတ်၏ ဤကား သင့်အလို၌ အသပြာတထောင်တည်းဟုဆိုလျှင် ထိုကာလသတ္တိသား

သည် မြတ်စွာဘုရား၏ ရှေတော်၌ အသပြာပေးသည်တို့ကို မြင်ရလျှင် ရှက်နိုး လှသောကြောင့် ကျွန်တော်အား အသပြာတို့ဖြင့် အလိုမရှိပါဟု ဆိုလေ၏ ချစ်သား ယူသာယူလော့ဟု ဆိုသော်လည်း မယူဘဲသာ နေလေ၏ ထိုအခါ ကာလသတို့သား၏ ဘခင် အနာထပိဏ် သူဌေးကြီးသည် မြတ်စွာဘုရားကို ရှိခိုး၍ မြတ်စွာဘုရား ယနေ့ တပည့်တော်သား၏ အခြင်းအရာသည် နှစ်သက်ဘွယ် ရှိလှပါသည်ဘုရားဟု လျှောက်ဆိုလေသောကြောင့် သူဌေးကြီး အဘယ် အခြင်းအရာနည်းဟု မေးတော်မူသည်ရှိသော် တပည့်တော်သည် ဤသတို့သား ကို ရှေးဖြစ်သာအခါ၌ သင့်အား အသပြာတထောင်ကို ပေးအံ့ဟုဆို၍ ကျောင်း တော်သို့ စေလွှတ်အပ်ပါသည် တဖန် မိုးသောက်သောနေ့၌ အသပြာတို့ကို မယူ ရသေးသောကြောင့် စားခြင်းငှါ အလိုမရှိပါ ယနေ့ကား ပေးသော်လည်း အသပြာတို့ကို အလိုမရှိပါဘုရားဟု လျှောက်ကြားလေ၏ ဘုရားရှင်သည် သူဌေး ကြီး ဩော် ဟုတ်မှန်ပေ၏ ယနေ့ သင့်သား၏ သန္တာန်၌ စကြဝတေးမင်း စည်းစိမ်ထက်ဝင်း နတ်ပြည်စည်းစိမ် ဗြဟ္မာ့ပြည်စည်းစိမ်တို့ထက်ဝင်း သောတာ ပတ္တိဖိုလ်သည်သာလျှင် မြတ်လှပေပြီဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြား တော်မူလေ၏။

ဒေသနာတော်

၁၇၈ ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

ပထဗျာ ဧကရဇ္ဇေန၊ စကြဝတေးမင်း၏ စည်းစိမ်ထက်ဝင်း။ [1]သဂ္ဂဿဂမနေ နဝါ၊ နတ်ပြည် ဗြဟ္မာ့ပြည်စည်းစိမ်ကို ရခြင်းထက်ဝင်း။ သဗ္ဗလောကာဓိပစ္စေန၊ အလုံးစုံသော လောကကို အစိုးရခြင်းထက်ဝင်း။ သောတာပတ္တိဖလံ၊ သောတာ ပတ္တိဖိုလ်သည်။ ဝရံ၊ မြတ်၏။

[ဤမျှလောက်သော အရပ်၌ မင်းအဖြစ် ပြုစေရ သော်လည်း ငရဲ စသော အပါယ်လေးဘုံမှ မလွှတ်နိုင်သေး သောတာပတ္တိဖိုလ်ရသောသူကား

---

၁ စာဗြီသတ်ဝိရဿသဂ္ဂဿ အဓိဂမနေန-ဟု အဌကထာဖွင့်သည်။ နတ်ပြည်ခြောက်ထပ် ဗြဟ္မာနှစ်ဆယ်ကို ရခြင်းထက်ဟူလို။

အပါယ်တံခါးပိတ်ပြီဖြစ်၍ အညံ့ဆုံး အဖျင်းဆုံးဖြစ်စေကာမူ ရှစ်ခုမြောက် သောဘဝ၌ ပဋိသန္ဓေနေခြင်းမရှိ နိဗ္ဗာန်သို့ကူး၏ ထို့ကြောင့် သောတာပတ္တိဖိုလ်မြတ်၏ ဟူလို့]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

အနာထပိဏ်သူဌေး၏သား ဖြစ်သော
ကာလသတ္တိသား ဝတ္ထုပြီး၏

ဤတွင်ရွှေကားတဆဲ့သုံးခုမြောက်သော လောကဝဂ်အဖွင့်ပြီး၏။

၁၄—ဗုဒ္ဓဝဂ်

၁—မာဂဏ္ဍိယပုဏ္ဏားကြီး ဝတ္ထု

ယဿဇိတံ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်၌ နေတော်မူစဉ် မာရ်နတ်မင်း၏ တဏှာဟူသောသွီး အရတီဟူသောသွီး ရာဂါဟူသောသွီး ဤ သွီးသုံးယောက်တို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

[ဒေသနာတော်သည်ကား သာဝတ္ထိပြည်၌ဖြစ်လေ၏]။

သွီးနှင့်တန်သူ တွေ့ပြီဆိုခြင်း

တဖန် ၁ကုရုတိုင်း၌ မာဂဏ္ဍီအမည်ရှိသော ပုဏ္ဏားကြီး၏သွီးသည် မာဂဏ္ဍီအမည်ရှိသည်သာလျှင် ဖြစ်သတတ် မြတ်သော အဆင်းကို ဆောင်သော သတို့သွီးဖြစ်၏ ထိုမာဂဏ္ဍီအမည်ရှိသော သတို့သွီးကို တောင့်တကြကုန်သော များစွာကုန်သော များသောဥစ္စာရှိသော ပုဏ္ဏားမျိုးတို့သည်၎င်း များသော ဥစ္စာရှိသော မင်းမျိုးတို့သည်၎င်း သွီးကို အကျွန်ုပ်တို့အား ပေးပါလော့ဟု မာဂဏ္ဍီပုဏ္ဏားကြီး၏ အထံသို့ ပြောကြားစေလွှတ်ကြလေကုန်၏ ထိုမာဂဏ္ဍီ ပုဏ္ဏားကြီးသည်လည်း သင်တို့သည် ငါ၏သွီးနှင့် မလျောက်ပတ် မထိုက်တန်ကြကုန်ဟုဆို၍ အလုံးစုံသော သူတို့ကို ပယ်သည်သာလျှင်တည်း။ ထိုအခါ တနေ့သ၌ မြတ်စွာဘုရားသည် နံနက်စောစော မိုးသောက်သောအခါ လောကကို ကြည့်တော်မူလတ်သည်ရှိသော် ကိုယ်တော်မြတ်၏ သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော ကွန်ရက်အတွင်း၌ဝင်ရောက်လာသော မာဂဏ္ဍီအမည်ရှိသော ပုဏ္ဏားကြီးကိုမြင်တော်မူလျှင် အဘယ်သို့ဖြစ်လတ္တံ့နည်းဟု စူးစမ်း ဆင်ခြင်တော်မူသည်ရှိသော် ပုဏ္ဏားကြီး၏၎င်း ပုဏ္ဏေးမကြီး၏၎င်း သုံးပါးသော မဂ်ဖိုလ်တို့၏ အကြောင်း ဥပနိဿယပြည့်ဝစုံလင်ခြင်းကို မြင်တော်မူလေ၏ ပုဏ္ဏားကြီးသည်လည်း ရှာပ၌ အမြဲမပြတ် မီးကိုလုပ်ကျွေး၏ မြတ်စွာဘုရားသည် နံနက် စောစောကလျှင် သပိတ်သင်္ကန်းကို ယူတော်မူ၍ ပုဏ္ဏားကြီး၏ မီးလုပ်ကျွေးရာဖြစ်သော ထိုအရပ်သို့ ကြွသွားတော်

---

၁ မန္ဓာတုမည်သော စကြဝတေး မင်းကြီးနှင့် ပါလာကုန်သော မြောက်ကျွန်းသားတို့ မြို့ရွာတည်ထောင်၍ နေရာအရပ်ဖြစ်သောကြောင့် ကုရုတိုင်း၊ မည်သတတ်။

မူလေ၏ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ရုပ်အဆင်း အသရေကို ကြည့်ရှုလျက် ဤလောက၌ ဤသူနှင့်တူသော ယောကျ်ားမည်သည်မရှိ ငါသမီးနှင့် လျော်ကပ်ထိုက်တန်၏ ဤသူအား ငါသမီးကိုပေးအံ့ဟုကြံ၍ မြတ်စွာဘုရားကို အရှင် ရဟန်း အကျွန်ုပ်အား သမီးတယောက်ရှိပါသည် အကျွန်ုပ်သည် ထိုသတို့သမီးနှင့် လျော်ကပ်ထိုက်တန်သော ယောကျ်ားကို မမြင်ရသေးသောကြောင့် ထိုသတို့သမီးကို တစုံတယောက်သောသူအား မပေးရသေးပါ အရှင်ဘုရားသည်ကား ထိုသတို့သမီးနှင့် လျော်ကပ်ထိုက်တန်လှပါ၏ အကျွန်ုပ်သည် သင်ရဟန်းအား သမီးကို ခြေရင်းအလုပ်အကျွေး ပြုလုပ်၍ပေးခြင်းငှါ အလိုရှိပါ၏ အကြင် မျလောက် ထိုသတို့သမီးကို ဆောင်ဦးအံ့ ထိုမျလောက် ဤအရပ်၌သာလျှင် ဆိုင်းငံ့ရပ်တည်လင့်ပါဦးဟု ဆိုလေ၏ မြတ်စွာဘုရားသည် ထိုပုဏ္ဏားကြီး၏ စကားကို ကြားတော်မူရလျှင် နှစ်သက်ခြင်းကိုလည်းပြု၊ တော်မမူ တားမြစ်ခြင်းကိုလည်း ပြုတော်မမူ ပုဏ္ဏားကြီးသည်လည်း အိမ်သို့သွားသဖြင့် ပုဏ္ဏေးမကြီးအား အိုရှင်မ ယနေ့ ငါသမီးနှင့် လျော်ကပ်ထိုက်တန်သော ယောကျ်ားကို မြင်ရပြီ ထိုယောကျ်ားအား သတို့သမီးကို ထိမ်းမြား အပ်နှင်းအံ့ဟုဆို၍ သမီးကို တန်ဆာဆင်စေပြီးလျှင် ခေါ်ဆောင်၍ ပုဏ္ဏေးမကြီးနှင့် အတူတကွ ထိုအရပ်သို့ သွားလေ၏ လူများအပေါင်းသည်လည်း အုတ်အုတ် ကျက်ကျက် တခဲနက် ဖြစ်၍ ထွက်လေ၏။

မာဂဏ္ဍိပုဏ္ဏေးမကြီး ဗေဒင်ကျမ်းကျင်ပုံ

မြတ်စွာဘုရားသည် ပုဏ္ဏားကြီး မှာထားပြောကြားအပ်သော အရပ်၌ သီတင်းသုံးနေတော်မမူဘဲ ထိုအရပ်၌ ခြေတော်ရာ ပဒေတိကို ပြထားတော်မူခဲ့ပြီးလျှင် တပါးသောအရပ်၌ ရပ်တန့်တည်နေတော်မူလေ၏။

[ဘုရားရှင်တို့၏ ခြေတော်ရာ စေတီတော်သည် ဤခြေတော်ရာကို ဤမည်သောသူ ဖူးမြင်စေသတည်းဟု မိဋ္ဌာန်၍ နှင်းချတော်မူရာ အရပ်၌သာလျှင် ထင်သတတ် ကြွင်းသောအရပ်၌ ထိုခြေတော်ရာကို ဖူးမြင်ရသောသူမည်သည် မရှိလေသတတ်]။

ပုဏ္ဏားကြီးသည် မိမိနှင့်အတူတကွသွားသော ပုဏ္ဏေးမကြီးက ထိုယောကျ်ားကား အဘယ်မှာနည်းဟု မေးအပ်သည်ရှိသော် ဤအရပ်၌ ဆိုင်းငံ့ ရပ်တည်

ပါဠိးဟူ၍ ငါဆိုခဲ့သည်ဟု ပြောဆိုပြီးလျှင် ကြည့်ရှု ရှာဖွေလတ်သည်ရှိသော် ခြေတော်ရာကို မြင်ရသဖြင့် ဤခြေရာသည် ထိုးယောကျ်ား၏ ခြေရာပင်တည်းဟု ပြလေ၏ ထိုပုဏ္ဏားမကြီးသည် လက္ခဏာ ကြီးငယ်ကို သိကြောင်းဖြစ်သော ဗေဒင်၌ လိမ္မာလှသည်၏ အဖြစ်ကြောင့် ပုဏ္ဏားကြီး ဤခြေရာသည် ကာမစည်းစိမ်ကို ခံစားလေ့ရှိသောသူ၏ ခြေရာမဟုတ်ဟု ဆိုလတ်သည်ရှိသော် ပုဏ္ဏားကြီးသည် အိုရှင်မ သင်ကား ဇရခွက်၌ မိကျောင်းကို မြင်ဘိ၏ ငါကား ထိုရဟန်းကို မြင်အပ်သဖြင့် သင့်အား သို့မဟုတ် ပေးပါအံ့ဟု ဆိုအပ်ပေပြီ ထိုရဟန်းသည်လည်း ငါ့စကားကို ဝန်ခံလေပြီဟု ဆိုသည်ရှိသော် ပုဏ္ဏားကြီး သင်သည် ဤသို့ အကယ်၍ကား ဆိုဘိ၏ ထိုသို့ပင်ဖြစ်သော်လည်း ဤခြေရာသည် ကိလေသာ ကုန်ပြီးသောသူ၏ ခြေရာသာတည်းဟုဆို၍ ဤဂါထာကို ရွတ်ဆိုလေ၏။

[1] ရတ္တာဿ ဟိ ဥက္ကုဋ္ဌိကံ ပဒံ ဘဝေ၊
ဒုဋ္ဌဿ ဟောတိ သာဟသာနုပီဋ္ဌိတံ။

မူဠှဿ ဟောတိ အဝကုဋ္ဌိတံ ပဒံ၊
ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ။

ဗြာဟ္မဏ၊အရှင်ပုဏ္ဏားကြီး။ ရတ္တာဿ၊ ရာဂဖြင့်တပ်ခြင်းအလေ့ရှိသောသူ၏။ ပဒံ၊ ခြေရာသည်။ ဥက္ကုဋ္ဌိကံ၊ အလယ်ခွက်ငြားး ဆောင့်ကြွားကြွားရှိသည်။ ဘဝေ၊ ဖြစ်၏။ ဒုဋ္ဌဿ၊ အမျက်ထွက်ခြင်းဖြင့် ပြစ်မှားလေ့ ရှိသောသူ၏။ ပဒံ၊ ခြေရာသည်။ သာဟသာနုပီဋ္ဌိတံ၊ လျင်စွာနင်း၍ ဖနောင့်တွင်းနက်သည်။ ဟောတိ၊ ဖြစ်၏။ မူဠှဿ၊ မိုက်မဲစွာ တွေဝေလေ့ရှိသော သူ၏။ ပဒံ၊ခြေရာသည်။ အဝကုဋ္ဌိတံ၊ ဒရွတ်ကြောင်းထင် အပျင်းဝင်၍ ဆဲငင်အပ်သည်။ ဟောတိ၊ဖြစ်၏။ ဤဒိသံ၊ ဤသို့ ရွှေခြေနင်းရာ ပမာတူလှ ညီစွာကျလျက် တရှဉ့်ရှစ်ကွက် စက်တော်စုံလင် ကောင်းစွာထင်သော။ ဣဒံ၊ ဤခြေရာသည်ကား။ ဝိဝဋ္ဋစ္ဆဒဿ၊ တဏှာအမိုး ဖွင့်ခါုးထွင်းဖေါက် ဘုံသုံးထောက်မှ ထွက်မြောက်လွတ်ကူး ပဋိုလ် ထူး၏။ ပဒံ၊ တွေ့ကြုံခဲအပ် ခြေရာမြတ်ပေတည်း။

---

၁ သုတ္တနိပါတ် အဋ္ဌကထာ-မဟာနိဒ္ဒေသ အဋ္ဌကထာ မာဂဏ္ဍိယသုတ် အဖွင့် စသည်၌ လာ၏။

မာရ်နတ် နှလုံးမသက်သာပုံ

ထိုသို့ဆိုသောအခါ ပုဏ္ဏေးမကြီးကို ပုဏ္ဏားကြီးသည် အိုရှင်မ အသံပွက်ကြမ်းမမြည်တမ်းဗျမ်းပါလင့် အသံဆူတိတ် ဆိတ်ဆိတ်ဖြစ်၍သာလျှင် လာခဲ့ပါလော့ဟု ဆိုကာ သွားလတ်သည်ရှိသော် မြတ်စွာဘုရားကို မြင်တဲ့လျှင် ဤသူကား ထိုယောကျ်ားပင်တည်းဟု ပုဏ္ဏေးမကြီးအား ပြပြီးလျှင် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ရှင်ရဟန်း သို့မိုးကို သင့်အားပေးပါအံ့ဟု ဆိုလေ၏ ဘုရားရှင်သည် ငါ့အား သင့်သို့မိုးဖြင့် အလိုမရှိဟု မဆို့မူ၍ ပုဏ္ဏားကြီး စင်စစ်အားဖြင့် ဟုတ်မှန်သော အကြောင်းကို ငါဆိုဦးအံ့ သင်နားထောင်လတ္တံ့လောဟု မိန့်တော်မူသဖြင့် အိုရဟန်း ဆိုပါလော့ နာထောင်ပါအံ့ဟု နားတော်လျှောက်သည်ရှိသော် တောထွက်တော်မူသည်မှ စ၍ လွန်လေပြီးသော အကြောင်းကို ဆောင်ကာ ပြတော်မူလေ၏။

[ထိုသို့ ပြရာ၌ ဤဆိုလတ္တံ့သည်ကား အကျဉ်းစကားတည်း]။

ဘုရားအလောင်းတော်သည် ပြည် စည်းစိမ်ကို စွန့်ပယ်ပြီးလျှင် ကတ္တားကမြင်းကို စီးသဖြင့် ဆန္နအမတ်လျှင် အဘော်ရှိသည်ဖြစ်၍ တောထွက်လတ်စဉ် ပြည် တံခါး၌ ရပ်သဖြင့် မာရ်နတ်သားသည် ရှင်သိဒ္ဓတ် ပြန်လည် ဆုတ်နစ်ပါလေဦး လော့ သင့်အား ဤနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ စကြာရတနာသည် ထင်ရှားဖြစ်ပါလိမ့်မည်ဟုဆိုလတ်သည်ရှိသော် မာရ်နတ်သား ငါကား ဤစကြာရတနာ ရောက်အံ့သော အကြောင်းကို သိ၏ ထိုသို့သိသော်လည်း ငါ့အား ထိုစကြာရတနာဖြင့် အလိုမရှိဟု ဆိုလေ၏ ထိုသို့ဆိုသည်ရှိသော် အဘယ်အကျိုးဌါ တောထွက်ဘိသနည်းဟု မေးပြန်သဖြင့် သဗ္ဗညုတညာဏ်တော် တည်းဟူသော အကျိုးဌါ တောထွက်၏ဟုဆိုလျှင် ထိုသို့ဖြစ်မူ ယနေ့မှအစပြု၍ ကာမဝိတက် ကာမဂုဏ်နှင့် စပ်သော အကြံ အစရှိသည်တို့တွင် တခုသော အကြံကိုလည်း အကယ်၍ ကြံသည်ဖြစ်အံ့ အသင့်အား ပြုအပ်သောအမှုကို ငါသိရပေတော့အံ့ဟု ဆိုလေ၏ မာရ်နတ်သားသည် ထိုအခါမှစ၍ အကြားအပေါက် အခွင့်ကိုကြည့်ရှုလျက် ခုနစ်နှစ်တို့ပတ်လုံး ဘုရားလောင်းသို့ အစဉ်လိုက်လေ၏ မြတ်စွာဘုရားသည်လည်း ခြောက်နှစ်တို့ပတ်လုံး ပြုခြင်းဌါ ခဲယဉ်းသော အမှုသာလျှင်ဖြစ်သော ဒုက္ကရစရိယာကို ကျင့်၍ အသီးအခြားဖြစ်သော အားလုံးလ အစွမ်းဟု

ဆိုအပ်သော ယောကျ်ားမြတ်တို့၏ အပြုအမူကိုမှီ၍ ဗောဓိပင်ရင်း၌ သဗ္ဗညုတ ညာဏ်တော်ကို ထိုးထွင်း၍ သိတော်မူပြီးလျှင် အရဟတ္တဖိုလ် ချမ်းသာကို ခံစား တော်မူလျက် ၁ပဋ္ဌမသတ္တာဟ၌ ၂ဆိတ်ကျောင်း ညောင်ပင်ရင်း၌ နေတော်မူလေ ၏ ထိုအခါ မာရ်နတ်သားသည် ငါကား ဤမျှလောက်သော ကာလပတ်လုံး အစဉ်လိုက်၍ အကြား အပေါက် အခွင့်ကို ကြည့်ရှုသော်လည်း ဤသိဒ္ဓတ် မင်းသား၏ တစုံတခုသော ချွတ်ယွင်းမှုကို မမြင်ရ ယခုအခါ ဤသိဒ္ဓတ်မင်းသား သည် ငါ၏အရာကို လွန်မြောက် သွားခဲ့လေပြီဟူ၍ နှလုံး မသာယာခြင်းသို့ ရောက်သည်ဖြစ်၍ လမ်းခရီးမကြီး၌ နေလေ၏။

မာရ်နတ်သို့မီးသုံးယောက် ဖြားယောင်းပုံ

ထိုအခါ မာရ်နတ်မင်း၏ တဏှာမည်သောသို့မီး အရတီမည်သောသို့မီး ရာဂါ မည်သောသို့မီး ဤသုံးယောက်သော သို့မီးတို့သည် ငါတို့၏ခမည်းတော် နတ်မင်း သည် မထင် ယခုအခါ အဘယ်မှာ နေပါဘိသနည်း ဟု ကြည့်ရှုကြသည်ရှိသော် ထိုသို့သော အခြင်းအရာဖြင့်နေသော မာရ်နတ်မင်းကို မြင်ကြရလျှင် ချဉ်းကပ်၍ ခမည်းတော် အဘယ့်ကြောင့် နှလုံး ဆင်းရဲခြင်းရှိသည် နှလုံးမသာယာခြင်းရှိ သည် ဖြစ်ရပါသနည်းဟု မေးမြန်းကြလေကုန်၏ မာရ်နတ်သားသည် သို့မီးသုံး ယောက်တို့အား ထိုအကြောင်းကို ပြောကြားလေ၏ ထိုအခါ မာရ်နတ်မင်းကို သို့မီးသုံးယောက်တို့သည် ခမည်းတော် မကြံစည်ပါလင့် မပူပါလင့် ကျွန်မတို့သည် ထိုသိဒ္ဓတ်မင်းသား ဘုရားကို မိမိ၏အလိုဌ် ပါအောင် ပြု၍ ဆောင်ယူခဲ့ကြပါကုန် အံ့ဟု ဆိုကြလေကုန်၏ ချစ်သို့မီးတို့ ဤသိဒ္ဓတ်မင်းသား ၃မြတ်ဘုရားကား တစုံ တယောက်သောသူသည် အလိုဌ်ပါအောင် ပြုခြင်းငှါ မတတ်ကောင်းဟုဆိုလျှင် ဘခမည်းတော် ကျွန်မတို့ မိန်းမတို့ မည်သည်ကား ယခုပင်လျှင် ထိုဘုရား သိဒ္ဓတ်ကို ရာဂဟူသော ကျော့ကွင်း စသည်တို့ဖြင့် ဖွဲ့ချည်ကာ ဆောင်ယူခဲ့ကြ

---

၁ ပဋ္ဌမ+သတ္တာဟ-ငါးခုမြောက်သော ခုနစ်ရက်အဝတွင်းဟူလို။

၂ ဆင်တ်ကျောင်းညောင်ပင်ဟူသည် ဆိတ်တို့ကို မွန်းတည့်ချိန်တွင် အရိပ်အာဝက် ခိုစေ လျက် ထိန်းကျောင်းတတ်သော်ဖြစ်သော ညောင်ပင်။ ။တနည်းကား။ ဆိတ်ကျောင်း သားတို့ခိုကသော ညောင်ပင်ဖြစ်၏ဟူလို။

၃ ထိုအခါ၌ မာရ်နတ်ကြီးသည် သို့မီးသုံးယောက်တို့အား ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို များစွာ ချီးကျူးပြောဆိုသောဟူ၏။

ပါကုန်အံ့ သင် ဘခမည်းတော် တို့သည် မကြံစည် ပါကုန်လင့် ဟု မှာထား ပြောကြားခဲ့ပြီးလျှင် မြတ်စွာဘုရားသို့ ချည်းကပ်၍ ရှင်ရဟန်း သင်ရဟန်း၏ ခြေတော်ရင်း၌ လုပ်ကျွေးသမှု ပြုစုလိုကြပါကုန်၏ဟု ဆိုကြလေကုန်၏။

မြတ်စွာဘုရားသည် ထိုနတ်သမီး သုံးယောက်တို့၏စကားကို စိတ်တော်ဖြင့် အသိအမှတ် ပြုတော်မမူ။ ဝါ၊ နှလုံးသွင်းခြင်း ပြုတော်မမူ မျက်စိတို့ကို ဖွင့်၍မျှ ကြည့်ရှုတော်မမူ တဖန် မာရ်နတ်မင်း၏ သမီးတို့သည် ယောကျ်ားတို့၏ အလိုတို့ကား စင်စစ် အမြတ် အယုတ် အမျိုးမျိုး ဖြစ်ကြကုန်၏ အချို့သော ယောကျ်ား တို့အား သတို့သမီးပျိုတို့၌ ချစ်ခင် နှစ်သက်ခြင်း ဖြစ်ပေသည် အချို့သော ယောကျ်ားတို့အား ပဌမအရွယ်၌ တည်သော မိန်းမလတ်တို့၌ ချစ်ခင် နှစ်သက်ခြင်း ဖြစ်ပေသည် အချို့သော ယောကျ်ားတို့အား မဇ္ဈိမအရွယ်၌ တည်သော မိန်းမလတ်ကြီးတို့၌ ချစ်ခင် နှစ်သက်ခြင်း ဖြစ်ပေသည် အချို့သော ယောကျ်ားတို့အား ပစ္ဆိမအရွယ်၌ တည်သော မိန်းမအိုကြီးတို့၌ ချစ်ခင်နှစ်သက်ခြင်းဖြစ်ပေသည် အထူးထူးသော အခြင်းအရာတို့ဖြင့် ထိုသိဒ္ဓတ်ဘုရားကို ဖြားယောင်းကြကုန်အံ့ဟုကြံ၍ တယောက်တယောက်သည် မိန်းမပျို အဆင်းအရွယ် စသည်တို့၏အစွမ်းဖြင့် တရာတရာမျှလောက်သောကိုယ်တို့ကို ဖန်ဆင်းပြီးလျှင် သတို့သမီးပျိုတို့ကိုးရင်း တကြိမ်မျှ သားမဖွားသေးသော မိန်းမတို့ကိုးရင်း တကြိမ်မျှသာ သားဖွားခြင်းရှိသော မိန်းမငယ်တို့ကိုးရင်း မိန်းမလတ်တို့ကိုးရင်း မိန်းမကြီးတို့ကိုးရင်း ပြုလုပ်ဖန်ဆင်းလျက် ခုနစ်ကြိမ်တိုင်တိုင် ချည်းကပ်၍ မြတ်စွာဘုရားကို အိုရှင်ရှဟန်း သင်ရဟန်း၏ ခြေတော်ရင်း၌ လုပ်ကျွေးသမှု ပြုစုလိုကြပါကုန်၏ဟု ဆိုကြလေကုန်၏ ထိုစကားကိုလည်း မြတ်စွာဘုရားသည် စိတ်တော်ဖြင့် အသိအမှတ် ပြုတော်မမူ။ ဝါ၊ နှလုံးသွင်းခြင်း ပြုတော်မမူ အဘယ်ပုံ နေတော်မူသနည်းဟူမူကား အတုမရှိ မြတ်လှစွာသော [၁] ဥပဓိလေးပါးတို့၏ ကုန်ရာ အနုတ္တရ ဥပဓိသင်္ခယ နိဗ္ဗာန်မြတ်၌ နှလုံးသွင်းလျက်သာ နေတော်မူလေ၏ ထိုအခါ မြတ်စွာဘုရားသည် ထိုမျှလောက်ဖြင့်လည်း ပြန်မသွားကြကုန်သော

---

၁ ဥပဓိဟူသည် တည်ရာပင်တည်း။ ထိုဥပဓိသည် သုခံဒေဒနုဒ်၏ တည်ရာဟူသောကာမုပဓိ ခန္ဓမူလကဒုက္ခ၏ တည်ရာဟူသော ခန္ဓဥပဓိ၊ အပါယ်ဆင်းရဲ၏ တည်ရာဟူသော ကိလေသုပဓိ။ ဇာတိဒုက္ခဘဝဒုက္ခ၏တည်ရာကုသိုလ်ဧစတနာ(၂၉)ပါးဟူဆိုအပ်သော သင်္ခါရုပဓိအားဖြင့် ဧလေးပါးပြား၏။

ထိုမာရ်နတ်မင်း သို့မဟုတ် သူ့ယောက်တို့ကို ဖဲသွားကြကုန်လော့ အဘယ်အာရုံကို မြင်၍ ဤသို့ လုံလ ပြုကြကုန်ဘိသနည်း ဟူ၍ဂုင်း ဤသို့ သဘောရှိသော ဖြားယောင်းပုံ အမျိုးမျိုးကို ကင်းသော ရာဂရှိသော ဘုရား ရဟန္တာတို့၏ ရှေတော်၌ပြုခြင်းငှါ မထိုက်ဟူ၍ဂုင်း ဘုရားရှင်သည်ကား ရာဂ အစရှိသည်တို့ကို ပယ်အပ်ကုန်ပြီ အဘယ်သို့သော အကြောင်းဖြင့် ထိုဘုရားရှင်ကို မိမိအလိုသို့ ပါအောင် ဆောင်နိုင်ကြကုန်အံ့နည်း ဟူ၍ဂုင်းဆို၍ ဤဂါထာတို့ကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၇၉ ယဿ ဇိတံ နာဝဇီယတိ၊
ဇိတံ အဿ နောယာတိ ကောစိ လောကေ။
တံ ဗုဒ္ဓမနန္တဂေါစရံ၊
အပဒံ ကေန ပဒေန နေဿထ။

၁၈၀ ယဿ ဇာလိနီ ဝိသတ္တိကာ၊
တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ။
တံ ဗုဒ္ဓမနန္တဂေါစရံ၊
အပဒံ ကေနပဒေန နေဿထ။

ယဿ၊အကြင်မြတ်စွာဘုရား၏။ဇိတံ၊အောင်အပ်သော ကိလေသာအပေါင်းသည်။ ဝါ၊ ကိလေသာအပေါင်းကို ထိုထိုမဂ်ဖြင့် အောင်တော်မူခြင်းသည်။ နာဝဇီယတိ၊ မကောင်းသဖြင့် အောင်ခြင်းမဟုတ်။ လောကေ၊ လောက၌။ဇိတံ၊ အောင်အပ်ပြီးသော ကိလေသာ အပေါင်းသည်။ ကောစိ၊ တစုံတခုမျှ။ အဿ၊ ထိုမြတ်စွာဘုရား၏ နောက်သို့။ နောယာတိ၊ အစဉ်မလိုက်။ အနန္တဂေါစရံ၊ အဆုံးမရှိသော အာရုံကိုအာရုံပြုသော သဗ္ဗညုတညာဏ်တော် ရှိတော်မူထသော။ အပဒံ၊ ရာဂအစရှိသော ခြေမရှိထသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ ကေနပဒေန၊ အဘယ်ခြေဖြင့်။ နေဿထ၊ ဆောင်နိုင်ကြကုန်လတ္တံ့နည်း။

ယဿ၊ အကြင်မြတ်စွာဘုရားအား။ ကုဟိဉ္စိ၊ တစုံတခုသောဘဝသို့။ နေတဝေ၊ ဆောင်ခြင်းငှါ။ ဇာလိနီ၊ ထက်အောက် ချုပ်စပ် မှေးရှက်တတ်သော

ကွန်ရက်ရှိသော။ ဝါ၊ ကွန်ရက်ကို ပြုတတ်သော။ ဝါ၊ ကွန်ရက်နှင့်တူသော။ (တဏှာဟူလို) ဝိသတ္တိကာ၊ ရူပါရုံစသည်တို့၌ ကပ်ငြိတတ်သော။ ဝါ၊ ကပ်ငြိသောစိတ်၏ ဖြစ်ကြောင်းဖြစ်သော။ ဝါ၊ အဆိပ်ကို ဆောင်ယူလာတတ်သော။ ဝါ၊ အဆိပ်ပွင့် ပွင့်တတ် အဆိပ်သီး သီးတတ်သော။ ဝါ၊ အဆိပ်ကို သုံးဆောင်ဝံ့သော။ (တဏှာပင်တည်း) တဏှာ၊ တဏှာသည်။ နတ္ထိ၊ မရှိ။ အနန္တဂေါစရံ၊ အဆုံးမရှိသောအာရုံကို အာရုံပြုသော သဗ္ဗညုတ ညာဏ်တော် ရှိတော်မူထသော။ အပဒံ၊ ရာဂအစရှိသော ခြေမရှိထသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ တုမ္ဟေ၊ သင်တို့သည်။ ကေနပဒေန၊ အဘယ်ခြေဖြင့်။ နေဿထ၊ ဆောင်နိုင်ကြကုန်လတ္တံ့နည်း။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော နတ်တို့အား သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းသည်ဖြစ်လေ၏။ မာရ်နတ်မင်းသို့မူ သုံးယောက်တို့သည်လည်း ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်ကြလေကုန်၏။

မာဂဏ္ဍိတို့ အနာဂါမ်တည်ကြောင်း တရားတော်

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ မာဂဏ္ဍိအမည်ရှိသော ပုဏ္ဏားကြီး ငါဘုရားသည် ရှေးအခါ၌ ဤသုံးယောက်သော မာရ်နတ်မင်း သို့မဟုတ်ကို မြင်ရဘူးလေပြီ သလိပ် (ခဲ့ခန်း) အစရှိသည်တို့ဖြင့် မှေးရှက် ရွဲပ်ထွေးခြင်းမရှိသော အတ္တဘော ရွှေတုံးရွှေစိုင်နှင့်တူသော အတ္တဘောနှင့် ပြည့်စုံကြပေကုန်၏ ထိုအခါ၌သော်လည်း ငါဘုရားအား မေထုန အမှု၌ အလိုဆန္ဒသည် မဖြစ်လေပြီ သင့်သို့၏ ကိုယ်သည်ကား သုံးဆဲ့နှစ်ပါးသော အခြင်းအရာရှိသော အပုပ်ဖြင့် ဝန်းကျင်ပြည့်ဝ၏ အပဒ္ဓ ဆန်းကြယ်စွာပြုလုပ်၍ ထာဝအပ်သော မစင် အညစ်အကြေး အိုးနှင့် တူလှပေ၏ အဆုံးစကား ပြောကြားဦးအံ့ ငါ၏ခြေသည် မစင် အညစ်အကြေးဖြင့် လိမ်းကျံသည် အကယ်၍ ဖြစ်ငြားအံ့ ဤသတို့သို့မူ မာဂဏ္ဍိသည်လည်း တံခါးခုံတည်ရာအရပ်၌ တည်ငြားအံ့ ထိုသို့ပင် ဖြစ်စေကာမူ ထိုသတို့သို့မူ မာဂဏ္ဍိ၏ကိုယ်၌ ငါဘုရားသည် ခြေကို မထိလိုဟု ဆိုပြီးလျှင် ဤဂါထာကို မိန့်တော်မူလေ၏။

ဒိဿဒါန တဏှံ အရတိံ စ ရာဂံ၊ နာဟောသိ ဆန္နော အပိ.မေထုနသ်မိံ ။
ကိမေဝိဒံ မုတ္တကရီသ ပုဏ္ဏံ၊ ပါဒါပိ နံ သမ္ဖုသိတုံ နက္ခမ္ဆ။

တဏှံစ၊ တဏှာမည်သော နတ်သမီးကိုဎင်း။ အရတိံစ၊ အရတိ မည်သော နတ်သမီးကိုဎင်း။ ရာဂံစ၊ ရာဂါမည်သော နတ်သမီးကိုဎင်း။. ဒိဿဒါန၊ မြင်ရ၍။ မေထုနသ်မိံ၊ အချင်းချင်း နှစ်သက်ခြင်းတူသော သူတို့၏ အမှုဋ္ဌ။ ဆန္နောအပိ၊ လိုအင်ဆန္ဒ အနည်းငယ်မျှသည်လည်း။ နာဟောသိ၊ မဖြစ်ခဲ့ဘူးလေပြီ။မုတ္တကရီသပုဏ္ဏံ၊ ကျင်ငယ် ကျင်ကြီးတို့ဖြင့် အပြည့်ရှိသော။ ဣဒံ၊ ဤသတ္တိသမီး မာဂဏ္ဍီကို။ ဒိဿဒါန၊ မြင်ရ၍။ ကိမေဝ၊ အဘယ်မှာလျှင် လိုအင်ဆန္ဒ ဖြစ်နိုင်တော့အံ့နည်း။နံ၊ ထိုသတ္တိသမီး မာဂဏ္ဍီကို။ ပါဒါပိ၊ ခြေတို့ဖြင့်လည်း။ သမ္ဖုသိတုံ၊ထိခြင်းငှါ။ နက္ခမ္ဆ၊ ငါအလိုမရှိချေ။

ဒေဿနာတော်၏ အဆုံးဌ မာဂဏ္ဍိပုဏ္ဏားး ခင်ပွန်း လင်မယားး နှစ်ဦးစလုံး တို့သည် အနာဂါမိဖိုလ်ဌ တည်ကြလေကုန်၏။

မာဂဏ္ဍိယပုဏ္ဏားကြီးဝတ္ထုပြီး၏။

၂–နတ်ပြည်မှ သက်ဆင်းတော်မူသောဝတ္ထု

ယေ စျာနပ္ပသုတာ- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရား ဘုရားသည် ၁သက်ဿ နဂိုရ်ပြည် မြို့တံခါးဌ များစွာသော နတ်လူတို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

[ဒေသနာတော်သည်ကား ရာဇဂြိုဟ်ပြည်ဌ ဖြစ်လေ၏]။

ရာဇဂြိုဟ်သူဌေး စန္ဒကူးသပိတ် ဆွဲထားခြင်း

အခါတပါး ရာဇဂြိုဟ် သူဌေးသည် ဘေးရန်မှ လွတ်ကင်းစိမ့်သောဌါဌင်း မေ့လျော့ခြင်းဖြင့် လျှောကျွတ်ကျကုန်သော တန်ဆာစသည်တို့ကို စောင့်ရှောက်စိမ့်သောဌါဌင်း ပိုက်ကွန်ဖြင့် ပြုအပ်သော ပခုပ်အကာအရံကို ဝန်းရံစေ

---

၁ သက်ဿနဂရဖြစ်ရကား သက်ဿပြည်၊ သက်ဿမြို့ဟု ဤအနေမျှသာ အဆိုးပြုသင့်သော်သည်း သက်ဿနဂိုရ်ပြည် ဟူသော အဆိုးအနှုန်းမျာ တွင်ကျယ်လျက်ရှိပေ၏။

ပြီးလျှင်ဂင်္ဂါမြစ်၌ ရေကစားခြင်းကို ကစားလေ၏ ထိုအခါ တခုသော စန္ဒကူးနိ
ပင်သည် ဂင်္ဂါမြစ်ညာ အထက်ကမ်းနား၌ ပေါက်ရောက်လျက်ရှိရာ ဂင်္ဂါမြစ်ရေ
ဖြင့် တိုးဝှေ့တိုက်ပုတ်အပ်သော အမြစ် ရှိရကား လည်းပြိုသဖြင့် ထိုထိုအရပ်၌
ကျောက်ဆောင်တို့၌ တိုက်ခိုက် ချိုးဖဲ့အပ်သည်ဖြစ်၍ ဖရိုဖရဲ ကစင့်ကရဲ ပြန့်ကြဲ
လေ၏ ထိုနောင်မှ တခုသော အိုးစရည်းကြီးပမာဏ ရှိသော စန္ဒကူး အသားတုံး
သည် ကျောက်ခဲတို့ဖြင့် ထိခိုက် ပုတ်တိုက်လျက် ရေလှိုင်းတံပိုး ပုတ်ခတ်အပ်သည်
ဖြစ်၍ အစဉ်အတိုင်းအားဖြင့် မျောလတ်သည်ရှိသော် မျှော်သေး မျှော်ညှင်း
မှေးရှက်ကာ လာပြီးလျှင် ထိုသူဌေး၏ ကွန်ရက်၌ ငြိကပ်လေ၏ သူဌေးသည်
ဤအရာကား အဘယ်နည်းဟုဆိုသဖြင့် သစ်သားတုံးဟု ကြားသိရပြီးလျှင်
ထိုသစ်သားတုံးကို ဆောင်စေ၍ ဤသစ်သားသည် အဘယ်သစ်သားဖြစ်သနည်း
ဟု ဆိုသဖြင့် စူးစမ်းခြင်းငှါ ပဲခွပ်သွားအဖျားဖြင့် ရှေ့စေလေ၏ ထိုခဏ၌ပင်လျှင်
ချိတ်ရည် အဆင်းနှင့်ဟူသော အဆင်းရှိသော စန္ဒကူးနိသည် ထင်ရှားလေ၏။
သူဌေးကြီးသည်ကား သမ္မာဒိဋ္ဌိလည်းမဟုတ် မိစ္ဆာဒိဋ္ဌိလည်းမဟုတ် အလယ်
အလတ်၌တည်သော လျစ်လျူရှုခြင်း သဘောရှိ၏ ထိုသူဌေးသည် ငါ့အိမ်၌
စန္ဒကူးနိကား များလှပေ၏ ဤစန္ဒကူးနိဖြင့် အဘယ်အမှု ပြုရအံ့နည်းဟုကြံစည်
လေ၏ ထိုအခါ သူဌေးအား ဤသို့သော အကြံသည် ဖြစ်ပေါ်လာလေ၏
ဤလောက၌ ငါတို့ကား ရဟန္တာတို့တည်း ငါတို့ကား ရဟန္တာတို့တည်း ဟူ၍
ဆိုသော သူတို့သည် များလှကုန်၏ ငါကား တယောက်သော ရဟန္တာကိုမျှ
လည်း မမြင်ရ အိမ်၌ ပုတ်ခုံကို ယှဉ်စေ၍ သပိတ်ကို ပုတ်ခံစေပြီးလျှင် ဆိုင်း၌
ထားပြီးမှ ဝါးလုံးအဆက်ဆက်ဖြင့် အတောင်ခြောက်ဆယ်မျှ အတိုင်းအရှည်ရှိ
သော ကောင်းကင်၌ တွဲရဲ့ဆဲ့စေ၍ ရဟန္တာသည် အကယ်၍ ရှိသည်ဖြစ်အံ့
ဤစန္ဒကူးသပိတ်ကို ကောင်းကင်ဖြင့် ကြွလာ၍ ယူကြပါစေကုန်သတည်းဟု
ဆိုအံ့ အကြင်သူသည် ထိုသပိတ်ကို ယူနိုင်လတ္တံ့ ထိုသူအား သားမယားနှင့်တကွ
ကိုးကွယ်ရာ ဟူ၍ ဆည်းကပ် ပေအံ့ဟု အကြံ ဖြစ်လေ၏ ကြံစည်အပ်သော
နည်းအားဖြင့်သာလျှင် သပိတ်ကို ပုတ်ခံစေပြီးလျှင် ဝါးလုံး အဆက်ဆက်ဖြင့်
စိုက်ထောင်စေ၍ အကြင်ပုဂ္ဂိုလ်သည် ဤလောက၌ ရဟန္တာ ဟုတ်မှန်၏ ထို
ပုဂ္ဂိုလ်သည် ကောင်းကင်ဖြင့် ကြွလာပြီးလျှင် ဤသပိတ်ကို ခံယူပါစေသတည်း
ဟု ဆိုလေ၏။

(ခ) ၁၄၃–၃၀

စန္ဒကူးသပိတ်နှင့် တိတ္ထိဆရာကြီးတို့အကြောင်း

ခြောက်ယောက်သော တိတ္ထိဆရာကြီးတို့သည် ငါတို့အားသာလျှင် လျှောက်ပတ်၏ ငါတို့အားသာလျှင် ထိုစန္ဒကူးသပိတ်ကို ပေးလေ့ဟု ဆိုကြလေကုန်၏ ထိုသူဌေးသည် ကောင်းကင်ဖြင့် ကြွလာ၍ ခံယူတော်မူကြပါကုန်လေ့ဟု ဆိုလေ၏ ထိုအခါ ခြောက်ရက်မြောက်သောနေ့၌ နာဠပုတ္တ နိဂဏ္ဌ တက္ကတွန်းသည် တပည့်တို့ကို သွားကြကုန်လော သူဌေးကြီးကို ဤသို့ ဆိုကြကုန်လေ့ ငါတို့ဆရာအား လျှောက်ပတ်၏ အနည်းငယ်မျှသော ဝတ္ထု၏ အကြောင်းကြောင့် သာလျှင် ကောင်းကင်ဖြင့် ကြွလာခြင်းကို မပြုပါလင့် ဤသပိတ်ကို ငါ့အလို့ငှါ ပေးလှူပါဟူ၍ ဆိုချေလေ့ဟု စေခိုင်းလိုက်လေ၏ ထိုတက္ကတွန်း တပည့်တို့သည် သွားကြကုန်သဖြင့် သူဌေးကြီးကို ဆရာမှာကြားတိုင်း ပြောဆိုကြလေကုန်၏။

သူဌေးကြီးသည် ကောင်းကင်ဖြင့် ကြွလာ၍ ယူခြင်းငှါ စွမ်းနိုင်သောပုဂ္ဂိုလ်သည်သာလျှင် ယူပါစေသတည်းဟုဆိုလေ၏ နာဠပုတ္တတက္ကတွန်းသည် ကိုယ်တိုင် သွားလိုလတ်သည်ဖြစ်၍ အန္တေဝါသိက တပည့်တို့အား အမှတ်သညာ ပေးလေ၏ ငါသည် တဘက်သောလက်ကိုဌင်း ခြေကိုဌင်း ကြွချီမြောက်ပင့်၍ ပုံတက်ခြင်းငှါ အလိုရှိဘိ သကဲ့သို့ ဖြစ်ပေအံ့ သင်တို့သည် ငါ့ကို ဆရာ အဘယ်သို့ပြုကြကုန်အံ့နည်း သစ်သားဖြင့် ပြီးသော သပိတ်၏ အကြောင်းကြောင့် ဖုံးလွှမ်းအပ်သော ရဟန္တာ၏ ဂုဏ်ကျေးဇူးကို လူများအပေါင်းအား ပြတော်မူကြပါကုန်လင့်ဟုဆို၍ ငါ့ကို လက်တို့၌ဌင်း ခြေတို့၌ဌင်း ကိုင်ယူဆဲငင်လျက် မြေ၌လည်းစေကြကုန်လော့ (လည်းအောင် ပြုကြပါကုန်လော့)ဟုဆိုသဖြင့် ထိုနာဠပုတ္တတက္ကတွန်းသည် ထိုစန္ဒကူးသပိတ်ရှိရာ အရပ်သို့ သွား၍ သူဌေးကို သူဌေးကြီး ငါ့အား ဤသပိတ်သည် လျှောက်ပတ်၏ သူတပါးတို့အား မလျှောက်ပတ်သင့်အား အနည်းငယ်မျှသော ဝတ္ထု၏ အကြောင်းကြောင့် သာလျှင် ကောင်းကင်သို့ ပုံတက်ခြင်းကို မနှစ်သက်လင့် ငါ့အား သပိတ်ကို ပေးလော့ဟု ဆိုလေ၏ အရှင်ဘုရား ကောင်းကင်သို့ ပုံတက်၍သာ ခံယူတော် မူကြပါလော့ဟု လျှောက်ထားလေ၏။

ထို့နောင်မှ နာဠပုတ္တတက္ကတွန်းသည် ထိုသို့ဖြစ်မူ ဖဲကြကုန်လော့ဟု ဆိုသဖြင့် အန္တေဝါသိက တပည့်တို့ကို ဖဲစေပြီးလျှင် ကောင်းကင်သို့ ပုံတက်တော့အံ့ဟု

တဘက်သော လက်ကိုင်း ခြေကိုင်း ကြွခြံမြောက်ပင့်လေ၏ ထိုအခါ နာဠပုတ္တ တက္ကတွန်းကို တပည့်တို့သည် ဆရာ အဘယ့်ကြောင့် ဤကောင်းကင် ပုံခြင်း အမှုကို ပြုကြပါကုန်အံ့နည်း ၁အလွန်တရာယုတ်ညံ့လှစွာသော သစ်သားသပိတ်၏အကြောင်းကြောင့် ဖုံးလွှမ်းအပ်သော ရဟန္တာ၏ ဂုဏ်ကျေးဇူးတို့ကို လူများ အပေါင်းအား ပြတော်မူသဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟုဆို၍ နာဠ ပုတ္တ တက္ကတွန်းကို လက်ခြေတို့၌ ကိုင်ယူ ဆွဲငင်လျက် မြေ၌ လည်းစေကြလေကုန်၏ ထိုနာဠပုတ္တ တက္ကတွန်းသည် သူဌေးကို သူဌေးကြီး ဤတပည့်တို့သည် ပုံတက် ခြင်းငှါ မပေးကြကုန် ငါ့အား သပိတ်ကို ပေးလော့ဟု ဆိုလေ၏ အရှင်ဘုရား ကောင်းကင်သို့ ပုံတက်၍ ခံယူတော်မူကြပါဟုဆိုသဖြင့် ဤသို့လျှင် တိတ္ထိတို့ သည် ခြောက်ရက်တိုပတ်လုံး လှုံ့လပြုကြကုန်သော်လည်း ထိုစွန့်ကူး သပိတ်ကို မရကြကုန်သည်သာတည်း။

ရှင်ပိဏ္ဍောလ၏ တန်ခိုးတော်

ခုနစ်ရက်မြောက်သောနေ့၌ ရှင်မောဂ္ဂလာန်မထေရ်မြတ်၏ဂုဏ်း ရှင်ပိဏ္ဍောလ ၂ဘာရဒ္ဒါဇမထေရ်မြတ်၏ဂုဏ်း ရာဇဂြိုဟ်ပြည်၌ ဆွမ်းအလို့ငှါ လှည့်လည်ကြကုန် အံ့ဟု မြွက်ဆိုကာ ကြွသွားတော်မူပြီးလျှင် တခုသောကျောက်ဖျာအပြင်၌ရပ်၍ သက်ဦးကို ရုံသောကာလ၌ သေသောက်ကြူးတို့သည် စကားကို ဆိုကြကုန်၏ အိုအချင်းတို့ ရှေးကာလ၌ ခြောက်ဦးသော ဆရာကြီးတို့သည် လောကဝယ် ငါတို့ကား ရဟန္တာတို့ဖြစ်ကုန်၏ဟု ပြောဆို လှည့်လည် သွားလာကြကုန်၏ ရာဇဂြိုဟ် သူဌေး၏ သပိတ်ကို ဝါးအဆင့်ဆင့် စိုက်ထောင်လျက် ထားသောနေ့ သည် ယနေ့ခုနစ်ရက်မြောက်ရှိခဲ့ပြီ ရဟန္တာသည် အကယ်၍ရှိငြားအံ့ ကောင်း

---

၁ ဆဝဿလာမကဿ-ဟူသောပါဠိကို ကုဏပမှိ ဆဒေါ ဥပယျာ၊ လာမကော ဧသော တိလ်ကိုကော၊ ဟု ဒေဘိခေန် ဆိုသောဒေသကြောင့် ပရိယာယ်ဆင့်သဖြင့် (မြှင့်သဖြင့်) ပြန်ဆို ရေးသားခြင်းဖြစ်သည်။

၂ ပိဏ္ဍော်ဥလတိ ဂဓေသတိ်တိ ပိဂဏ္ဍောလော။ ပိဏ္ဍော်၊ ဆွမ်းကို။ ဥလတိ ဂဓေသတိ၊ ရှာဖွေတတ်၏။ ရှာတတ်၊ ထို့ကြောင့်။ ပိဂဏ္ဍောလော၊ ပိဂဏ္ဍောလမည်၏။ အမည်ရင်းကား ဘာရဒ္ဒါဇတည်း။ ထိုရဟန်းကား ဆွမ်းအစောများ၏ သပိတ်လည်းကြီး၏။ ဘုရားရှင်သည် ထိုရဟန်းအား သပိတ်အိတ်နှင့် ခွင့်မပြုသောကြောင့် ဥည်းဥစင်းဥအံ်းက် သမံတလင်းဥမြေအပြင်၌ မြောက်လှုက်ထားဖန် ယူဖန်များသဖြင့် နခဒ်းတံ်၍ ငယ်သွားမှ သပိတ်အိတ် ခွင့်ပြုသည်ဟု သံယုတ်အဋ္ဌကထာ၌ဆို၏။

ကင်ဖြင့် ကြွလာ၍ ခံယူစေသတည်း ဟုဆိုရာ တဦးတယောက်မျှလည်း ငါကား ရဟန္တာဟူ၍ ကောင်းကင်၌ ပျံတက်နိုင်သော ပုဂ္ဂိုလ်မရှိ ယခုအခါ လောက၌ ရဟန္တာတို့၏ မရှိသောအဖြစ်သည် ထင်ရှားပါ၏ဟု ပြောဆိုကြလေကုန်၏။

ထိုသေသောက်ကြူးတို့ ဆိုသောစကားကို ကြားတော်မူရလျှင် ရှင်မောဂ္ဂလာန်သည် ရှင်ပိဏ္ဍောလဘာရဒ္ဒါဇကို ငါ့ရှင် ဘာရဒ္ဒါဇ သင်သည် ဤသေသောက်ကြူးတို့ဆိုသော စကားကို ကြား၏လော ဤသေသောက်ကြူးတို့သည် မြတ်စွာဘုရား၏ သာသနာတော်ကို စုံစမ်းလိုကုန်သကဲ့သို့ ဆိုကြကုန်ဘိ၏ သင်သည်လည်း ကြီးသောတန်ခိုးရှိ၏ ကြီးသောအာနုဘော်ရှိ၏ ကြွသွားပါလော့ ထိုသပိတ်ကို ကောင်းကင်ဖြင့်သွား၍ ယူခဲ့လော့ဟု ဆိုလေ၏ ငါ့ရှင် မောဂ္ဂလာန် သင်သည် တန်ခိုးကြီးသော သူတို့တွင် အမြတ်ဆုံးသော့ ပုဂ္ဂိုလ် ဖြစ်ပေ၏ သင်သည် ဤသပိတ်ကို ယူလော့ သင်မယူလိုမူသာ အကျွန်ုပ်ယူပါအုံဟု ဆိုသဖြင့် ငါ့ရှင် သင်သာ ယူလော့ဟု ဆိုသည်ရှိသော် အရှင်ပိဏ္ဍောလ ဘာရဒ္ဒါဇသည် အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထစျာန်ကို ဝင်စား၍ ခြေမတော်ဖြင့် သုံးဂါဝုတ်ရှိသော ကျောက်ဖျာကို ယူပြီးလျှင် ခြေတော်ဖျားဖြင့် ဖုံးအုပ်တော်မူလျက် လဲဝါဂွမ်းစုကဲ့သို့ ကောင်းကင်၌ ၁တည်စေသဖြင့် ရာဇဂြိုဟ်မြို့၏ အထက်၌ ခုနစ်ကြိမ်ပတ်လည် လှည့်လည်တော်မူလေ၏ ထိုကျောက်ဖျာသည် သုံးဂါဝုတ် အတိုင်းအရှည်ရှိသော ရာဇဂြိုဟ်မြို့ကို ဖုံးအုပ်ဘိ၍ကဲ့သို့ ထင်လေ၏ ရာဇဂြိုဟ် မြို့သူ မြို့သားတို့သည် "ကျောက်ဖျာသည် ငါတို့အပေါ်၌ လွှမ်းမိုးကာယူဘိ၏" ဟု ကြောက်လန့်ကုန်သဖြင့် မန်း စကောစသည်တို့ကို ထိပ်ထက်၌ တင်လျက် ပုန်း အောင်းကြလေကုန်၏ ခုနစ်ခုမြောက်သောအကြိမ်၌ ပိဏ္ဍောလဘာရဒ္ဒါဇမထေရ်လည်း ကျောက်ဖျာကိုခဲ့၍ ကိုယ်တော်ကို ပြလေ၏ များစွာသော လူအပေါင်းသည် ပိဏ္ဍောလဘာရဒ္ဒါဇ မထေရ်ကိုမြင်လျှင် ပိဏ္ဍောလဘာရဒ္ဒါဇ အရှင်မြတ် ဘုရား အရှင်ဘုရား၏ ကျောက်ဖျာကို မြဲမြံစွာပြု၍ ယူတော်မူပါဘုရား အလုံး စုံသော တပည့်တော်တို့ကို မဖျက်ဆီးပါလင့်ဘုရားဟု လျှောက်ဆိုကြသဖြင့် ပိဏ္ဍောလ မထေရ်သည် ကျောက်ဖျာကို ခြေဖျားတော်ဖြင့် ပစ်ချကာ လွှတ်

---

၁ တန်ခိုးဒဟ်အရာဖြစ်သောကြောင့် အဘူးအထွေ အလွန်မကြီးစည်ရာ ခြေမ, တော်ဖြင့် ညှပ်သော်၎င်း မညှပ်သော်၎င်း ထိသော်၎င်း မထိသော်၎င်း တန်ခိုးရှင်၏ စိတ်အလို အတိုင်းသာ ဖြစ်ရလေသည်။

လိုက်လေ၏ ထိုကျောက်ဖျာသည် ကျသွား၍ တည်မြဲတိုင်းသောအရပ်၌သာလျှင် ဘည်လေ၏ မထေရ်သည် သူဌေးကြီး၏အိမ်ထက်၌ ရပ်တော်မူ၏ ထိုပိဏ္ဍောလ ဘာရဒ္ဓါဇမထေရ်ကို မြင်ရလျှင် သူဌေးကြီးသည် ရင်ဖြင့်ဝပ်လျက် အရှင်သူမြတ် ဘုရား သက်ဆင်းတော်မူကြပါဘုရားဟုဆို၍ ကောင်းကင်မှ သက်ဆင်းတော် မူသော ရှင်ပိဏ္ဍောလ မထေရ်ကို ထိုင်နေစေသဖြင့် စန္ဒကူး သပိတ်ကို ချယူစေ ပြီးလျှင် ၁စတုမဓူ အရသာဖြင့် ပြည့်သည်ကိုပြု၍ မထေရ်မြတ်အား သပိတ်ကို လှူဒါန်းလေ၏ မထေရ်မြတ်သည်လည်း သပိတ်ကိုယူ၍ ကျောင်းတော်သို့ ရှေးရှူ ကြွတော်မူလေ၏ ထိုအခါ အကြင်သူတို့သည် တောအုပ်သို့ သွားကြကုန်သည် ဖြစ်၍၎င်း ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ကြကုန်သည်ဖြစ်၍၎င်း မထေရ်မြတ်၏ ထိုတန်ခိုးပြာဋိဟာကို မဖူးမြင်လိုက်ကြရကုန် ထိုသူတို့သည် စည်းဝေးကြကုန် သဖြင့် အရှင်ဘုရား တပည့်တော်တို့အားလည်း တန်ခိုးပြာဋိဟာကို ပြတော်မူပါ ဘုရားဟု မထေရ်နောက်သို့ အစဉ်လိုက်ကြလေကုန်၏ မထေရ်မြတ်သည် ထိုလူ တို့အား တန်ခိုး ပြာဋိဟာကို ပြတော်မူ၍ကျောင်းတော်သို့ ကြွသွားတော် မူလေ၏။

သိက္ခာပုဒ်ပညတ်ခြင်းကြောင့် တိတ္ထိတို့ထကြွခြင်း

မြတ်စွာဘုရားသည် ထိုပိဏ္ဍောလမထေရ်သို့ အစဉ်လိုက်၍ အုတ်အုတ် ကျက် ကျက် ကြွေးကျော်လျက်ရှိသော လူများအပေါင်း၏ အသံကို ကြားတော်မူလျှင် ချစ်သားအာနန္ဒာ ဤအသံကား အဘယ်သူ၏ အသံနည်းဟု မေးတော်မူလတ် သဖြင့် မြတ်စွာဘုရား ပိဏ္ဍောလ ဘာရဒ္ဓါဇမထေရ်သည် ကောင်းကင်ဖြင့် ပျံတက် ၍ စန္ဒကူးသပိတ်ကို ယူအပ်ပါသည် ထိုပိဏ္ဍောလရဟန်း၏ အထံ၌ ဤအသံဖြစ်ပါ သည်ဘုရား ဟူသောစကားကို ကြားတော်မူလျှင် ပိဏ္ဍောလဘာရဒ္ဓါဇရဟန်းကို ခေါ်စေတော်မူ၍ သင်ဤသို့ပြု၏ ဟူသည် မှန်သလောဟု မေးတော်မူ၏ မြတ်စွာ ဘုရား မှန်လှပါသည် ဘုရားဟု လျှောက်သည်ရှိသော် ဘာရဒ္ဓါဇ အဘယ့်ကြောင့်

---

၁ စတု+မဓုရ-လေးပါးသော+အရသာကောင်း။ ထောပတ် ဆီ ပျားရည်တင်လဲဟူလို။ အချိုကား ထောပတ်-၁၉။ နှစ်းဆီ-၈။ နှစ်ရပ်ပေါင်းသတ္တဗီသဖြစ်၏။ ပျားရည်-၁၇။ တင်လဲ-၁၀။ နှစ်ရပ်ပေါင်းသတ္တဗီသဖြစ်၏။ ထောပတ်နှင့်ဆီကျက်စေပြီးလျှင် အဇေခံပြီးမှ ပျားရည်တင်လဲထည့်၍ မရပ်မနားကောလီကျအောင် မွှေလျက် မီးပေါ်၌ ဆူစေလျှင် စတုပညာသခာတ်ဖြစ်၏။ စမုန်မျိုးငါးပါး တမတ်သားစီထည့်၍ ညဉ့်နံနက်တဖွန်းစီ မှန်မှန်စားလျှင် အာယုဝမုနဟု ဆိုကြသေး၏။

သင်သည် ဤသို့ ပြုဘိသနည်းဟု ဘာရဒ္ဒါဇ မထေရ်အား ကဲ့ရဲ့ရှုံ့ချတော်မူပြီး လျှင် ထိုသပိတ်ကို အပိုင်းအပိုင်း ခွဲစိတ် စေတော်မူလျက် ရဟန်းတို့အား မျက် စဉ်းကြိတ် သွေးစိမ့်သောငှါ ပေးစေတော်မူ၍ တန်ခိုးမပြရဟု ၎သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏ တိတ္ထိတို့သည် ရဟန်းဂေါတမကား ထိုသပိတ်ကို ခွဲစိတ် စေ၍ တန်ခိုးပြာဋိဟာပြခြင်းကို မပြုစိမ့်သောငှါ သိက္ခာပုဒ်ကို ပညတ်တော် မူသတတ် ဟူသောစကားကို ကြားရလျှင် ရဟန်းဂေါတမ၏ တပည့်သားတို့သည် ပညတ်အပ်သော သိက္ခာပုဒ်တော်ကို အသက်ဟူသော အကြောင်းကြောင့်သော် လည်းမလွန်ကျူးကြကုန် ရဟန်းဂေါတမသည် မိမိပညတ်အပ်သော ထိုသိက္ခာပုဒ် ကို စောင့်ရှောက်လိမ့်မည်သာတည်း ယခုအခါ ငါတို့သည် အခွင့်ကို ရပေပြီဟု နှလုံးပြု၍ ထိုတိတ္ထိတို့သည် မြို့မလမ်းခရီးတို့၌ ပြောကြားကုန်လျက် သွားလာ လှည့်လည်ကြကုန်၏ ငါတို့သည် မိမိဂုဏ်ကျေးဇူးကို စောင့်ကုန်လျက် ရှေးအခါ၌ သစ်သားဖြင့်ပြီးသော သပိတ်၏ အကြောင်းကြောင့် မိမိဂုဏ်ကျေးဇူးကို လူများ အပေါင်းအား မပြကြကုန် ရဟန်းဂေါတမ၏ တပည့်တို့ကား သပိတ်၏ အကြောင်းကြောင့် မိမိဂုဏ်ကျေးဇူးကို လူများ အပေါင်းအား ပြကြကုန်ဘိ၏ ရဟန်းဂေါတမသည် မိမိ၏ ပညာရှိသည်အဖြစ်ကြောင့် သပိတ်ကို ခွဲစိတ်စေပြီး လျှင် သိက္ခာပုဒ်ကို ပညတ်တော်မူ၏ဟု ဆိုကြကုန်လျက် ယခုအခါ ငါတို့သည် ထိုရဟန်းဂေါတမနှင့်သာလျှင် အတူတက္ခ တန်ခိုးပြာဋိဟာပြခြင်းကို ပြုလိုကြ ကုန်၏ဟု ပြောဆိုကြလေကုန်၏။

တန်ခိုးပြအံ့ဟုပမာပြု၍ မိန့်တော်မူခြင်း

ဗိမ္မိသာရမင်းကြီးသည် ထိုစကားကိုကြားရလျှင် မြတ်စွာဘုရား၏အထံတော် သို့ သွား၍ မြတ်စွာဘုရား ရှင်တော်မြတ်ဘုရားတို့သည် တန်ခိုးပြာဋိဟာ ပြခြင်း ကို မပြုစိမ့်သောငှါ တပည့်သာဝကတို့အား သိက္ခာပုဒ်ကိုပညတ်တော်မူ၏ဟူသည် မှန်ပါသလော ဘုရားဟု လျှောက်လတ်သော် မြတ်သောမင်းကြီး မှန်ပေ၏ဟု မိန့်ဆိုတော်မူလေ၏ ယခုအခါ တိတ္ထိတို့သည် ရှင်တော်မြတ်ဘုရားတို့နှင့် အတူ တက္ခ တန်ခိုးပြာဋိဟာ ပြခြင်းကို ပြုလိုကြကုန်၏ဟု ဆိုကြပါသည် ယခုအခါ အာဘယ်သို့ ပြုတော်မူကြပါကုန်အံ့နည်းဘုရားဟု မေးလျှောက်ပြန်သော် မြတ် သောမင်းကြီး ထိုတိတ္ထိတို့သည် ပြုလိုကြကုန်သည်ရှိသော် ငါတို့လည်း ပြုကြကုန်

အံ့ ပြိုင်ကြကုန်အံ့ဟုမိန့်တော်မူလေ၏ ရှင်တော်မြတ်ဘုရားတို့သည် သိက္ခာပုဒ်ကို ပညတ်အပ်ပြီး မဟုတ်ပါလောဘုရားဟု မေးလျှောက်ပြန်သည်ရှိသော် မြတ်သောမင်းကြီး ငါဘုရားသည် ငါဘုရား၏ အလို့ငှါ သိက္ခာပုဒ်ကို မပညတ် ငါ၏တပည့်သာဝကတို့ အလို့ငှါသာ ပညတ်တော်မူပေ၏ဟု မိန့်တော်မူလေ၏ မြတ်စွာဘုရားတို့ကို ဖယ်ထား၍ တပါးသောသူတို့၌ သိက္ခာပုဒ်ကို ပညတ်ခြင်းမည်သည် ဖြစ်နိုင်ကောင်းပါအံ့လော ဘုရားဟု မေးပြန်သော် မြတ်သောမင်းကြီး ထိုသို့ဖြစ်မူ သင့်ကိုပင်လျှင် ဤအရာ၌တဖန် မေးဦးအံ့ မြတ်သောမင်းကြီး နိုင်ငံတော်တွင်း၌ သင်၏ဥယျာဉ်သည် ရှိသည်မဟုတ်လောဟု မေးတော်မူလေ၏ ရှိပါသည် မြတ်စွာဘုရားဟုလျှောက်လတ်သော် မင်းကြီး သင်၏ဥယျာဉ်၌ လူများအပေါင်းသည် သရက်သီး စသည်တို့ကို အကယ်၍ စားငြားအံ့ အဘယ်အမှုကို ပြုဘိသနည်းဟု မေးတော်မူလေ၏ မြတ်စွာဘုရား မင်းဒဏ်ပေးခြင်း အမှုကို ပြုရပါသည်ဘုရားဟု လျှောက်လတ်သော် သင်မင်းကြီးသည်ကား စားခြင်းငှါ ရလေတုံ သလောဟု မေးတော်မူပြန်လေ၏ မြတ်စွာဘုရား ရပါသည်ဘုရား တပည့်တော်အား မင်းဒဏ်မရှိနိုင်ပါ တပည့်တော်သည် မိမိ၏ဥစ္စာကို စားခြင်းငှါ ရနိုင်ပါသည်ဘုရားဟု လျှောက်လေသော် မြတ်သောမင်းကြီး ယူဇနာသုံးရာရှိသော နိုင်ငံတော်၌ သင်မင်းကြီး၏ အာဏာသည် လွှမ်းမိုး၍ ဖြစ်နိုင်ဘိ၏ မိမိ၏ဥယျာဉ်၌ သရက်သီး စသည်တို့ကို စားသော်လည်း မင်းဒဏ်မရှိနိုင် သူတပါးတို့အား မင်းဒဏ်ရှိနိုင်ဘိသကဲ့သို့ ထို့အတူ စကြဝဋ္ဌာ ကုဋ္ဌေတသိန်း၌ ငါဘုရား၏ အာဏာသည် လွှမ်းမိုး၍ ဖြစ်ဘိ၏ မိမိ၏သိက္ခာပုဒ် ပညတ်ခြင်းဖြစ်သောကြောင့် လွန်ကြူးသော မည်သည်မရှိနိုင်ပြီ တပါးသော သူတို့အားကား ရှိနိုင်ပေ၏ ငါဘုရားသည် တန်ခိုး ပြာဋိဟာပြခြင်းကို ပြုပေတော့အံ့ဟု မိန့်တော်မူလေ၏။

တိတ္ထိတို့သည် ထိုဘုရားရှင် မိန့်တော်မူသော စကားကို ကြားရလျှင် ယခုအခါ ငါတို့သည် ပျက်စီးသောသူတို့ ဖြစ်ကုန်ပြီ (ဒုက္ခရောက်ကုန်ပြီ) ရဟန်းဂေါတမသည် သာဝကတို့ အလို့ငှါသာလျှင် သိက္ခာပုဒ်ကို ပညတ်အပ်၏ မိမိအလို့ငှါ ပညတ်အပ်သည်မဟုတ် ကိုယ်တိုင်သာလျှင် တန်ခိုးပြာဋိဟာ ပြခြင်းကို

---

၁ သတ္တဝါတို့ရလတ္တံ့သော မင်ဖိုလ်စသော အကျိုးကို မြော်ကိုး၍ ပြိုင်စရာ အသက်မတန်သောတိတ္ထိတို့နှင့် ပြိုင်တော်မူရကား ဘုရားရှင်၏ မဟာကရုဏာတော်သည် ကြီးလေစွတကားဟု မြတ်နိုးသင့်၏။

ပြုခြင်းငှါ အလိုရှိသတတ် အာဘယ်သို့သော အမှုကို ငါတို့ပြုကြ ရပါကုန်အံ့နည်းဟု တိုင်ပင်ကြလေကုန်၏ မင်းကြီးသည်လည်း မြတ်စွာဘုရားကို မြတ်စွာဘုရား အာဘယ်အခါ၌ တန်ခိုးပြာဋိဟာပြခြင်းကို ပြုတော်မူကြပါကုန်အံ့နည်း ဘုရားဟု မေးလျှောက်လေ၏ မြတ်သောမင်းကြီး ဤနေ့မှ လေးလလွန်သောအခါ ဝါဆို လပြည့်နေ့၌ ပြုကုန်အံ့ဟု မိန့်ဆိုတော်မူလျှင် မြတ်စွာဘုရား အာဘယ်အရပ်၌ ပြုတော်မူကြပါကုန်အံ့နည်းဘုရားဟု မေးလျှောက်ပြန်သဖြင့် မြတ်သောမင်းကြီး သာဝတ္ထိပြည်ကိုမှီ၍ ပြုကုန်အံ့ဟု မိန့်ဆိုတော်မူလေ၏။

[အာဘယ့်ကြောင့်လျှင် မြတ်စွာဘုရားသည် ဤသို့ ဝေးကွာသောအရပ်ကို ညွှန်းပြတော်မူဘိသနည်း ဟူမူကား ထိုသာဝတ္ထိပြည်သည် အလုံးစုံသော ဘုရားရှင်တို့၏ မြတ်သော တန်ခိုးပြာဋိဟာပြခြင်းကို ပြုတော်မူရာ အရပ်ဖြစ်၏ ထို့ကြောင့် ဝေးကွာသောအရပ်ကို ညွှန်းပြတော်မူဘိ၏ ထို့မှတပါးလည်း မျှားစွာသော လူအပေါင်း၏ စည်းဝေးနိုင်စိမ့်သောငှါလည်း ဝေးကွာသောအရပ်ကိုသာ ညွှန်းပြတော်မူသတည်း]။

တန်ခိုးပြပဋိဟာရိယ် တိတ္ထိတို့ လှုံ့လပြုခြင်း

တိတ္ထိတို့သည် ထိုစကားကို ကြားရလျှင် ဤနေ့မှ လေးလတို့လွန်လတ်သော အခါ ရဟန်းဂေါတမသည် သာဝတ္ထိပြည်၌ တန်ခိုးပြာဋိဟာပြခြင်းကို ပြုလတ္တံ့ ယခုအခါ ထိုရဟန်းဂေါတမကို မလွတ်မူ၍သာလျှင် အစဉ်မပြတ် လိုက်ကြကုန်အံ့ လူမျှားအပေါင်းသည် ငါတို့ကိုမြင်ရလျှင် ဤသို့ပြုလုပ်ခြင်းသည် အာဘယ်အကြောင်းကြောင့်နည်းဟု မေးမြန်းလတ္တံ့ ထိုသို့ မေးမြန်းသောအခါ လူမျှားအပေါင်းအား ငါတို့သည် ရဟန်းဂေါတမနှင့် အတူတကွ တန်ခိုးပြာဋိဟာပြခြင်းကို ပြုကြကုန်အံ့ဟု ပြောပြီးဆိုပြီး ဖြစ်ကုန်၏ ထိုရဟန်းဂေါတမသည် ထွက်ပြေးလတ္တံ့ ငါတို့သည် ထိုရဟန်းဂေါတမအား ထွက်ပြေးစိမ့်သောငှါ မပေးလိုသောကြောင့် အစဉ်မပြတ် လိုက်ကြရကုန်အံ့ဟု ပြောဆိုကြကုန်အံ့ဟူ၍ တိုင်ပင်ကြကုန်၏ မြတ်စွာဘုရားသည် ရာဇဂြိုဟ်၌ ဆွမ်းအလိုငှါ ကြွတော်မူ၍ ထွက်တော်မူလေ၏ တိတ္ထိတို့သည်လည်း မြတ်စွာဘုရား၏ နောက်တော်မှ သာလျှင် ထွက်၍ ဆဲဆိုမ်းဘူဉ်းပေးခြင်းကို ပြုတော်မူရာအရပ်၌ နေကြကုန်၏ နေရာအရပ်၌ တဖန် မိုးသောက်သောအခါ နံနက်စာ စားခြင်းကိုပြုကြကုန်၏ လူတို့သည် ဤသို့ဘုရား

ရှင်၏နောက်တော်မှ လိုက်ရခြင်းကား အကြောင်း အသို့နည်းဟူ မေးကုန်လတ်သော် အောက်၌ ကြံစည်အပ်ပြီးသော နည်းအားဖြင့်သာလျှင် ပြောကြားကြလေကုန်၏ လူမျှားအပေါင်းသည်လည်း တန်ခိုးပြာဋိဟာ ပြခြင်းကို ဖူးမြင်ကြကုန်အံ့ဟု နှလုံးသွင်း၍ အမှိုလိုက်လေ၏ မြတ်စွာဘုရားသည် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်လေ၏ တိတ္ထိတို့သည်လည်း မြတ်စွာဘုရားနှင့် အတူတကွ သာလျှင် သွား၍ အလုပ် အကျွေး ဒါယကာတို့ကို နှိုးဆော်တိုက်တွန်းသဖြင့် တသိန်းသောဥစ္စာကိုရ၍ ရှား သည်တိုင်တို့ဖြင့် မဏ္ဍပ်တို့ကို ဆောက်လုပ်စေပြီးလျှင် ကြာညိုပန်းတို့ဖြင့် မိုးစေ၍ ဤမဏ္ဍပ်၌ တန်ခိုးပြာဋိဟာပြခြင်းကို ပြုကြကုန်အံ့ဟု နေထိုင်ကြလေကုန်၏ ပဿေနဒိ ကောသလ မင်းတရားကြီးသည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ မြတ်စွာဘုရား တိတ္ထိတို့သည် မဏ္ဍပ်ကို ဆောက်လုပ်အပ်ပြီ တကာတော်သည် ရှင်တော်မြတ်ဘုရားတို့ အလို့ငှါ မဏ္ဍပ်ကို ဆောက်လုပ်ပါမည် ဘုရားဟု လျှောက်လတ်သော် မြတ်သောမင်းကြီး သင့်တော်လောက်ပြီ ငါဘုရားအလို့ငှါ မဏ္ဍပ်ဆောက်လုပ်မည့် ဒါယကာရှိပြီဟု မိန့်တော်မူလေ၏ မြတ်စွာဘုရား တကာတော်ကို ဖယ်ထား၍ တကာတော်မှတပါး အဘယ်ဒါယကာသည် ဆောက်လုပ်ခြင်းငှါ တတ်စွမ်းနိုင် ကောင်းပါအံ့နည်း ဘုရားဟု လျှောက်ပြန်လတ်သော် သိကြားနတ်မင်း တတ်စွမ်းနိုင်ပေလတ္တံ့ဟု မိန့်တော်မူလေ၏ မြတ်စွာဘုရား အဘယ်အရပ်၌ တန်ခိုးပြာဋိဟာ ပြခြင်းကို ပြုပါအံ့နည်းဘုရားဟု လျှောက်ပြန်လတ်သော် မြတ်သောမင်းကြီး ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်၏ သရက်ပင်ရင်း၌ ပြုပေအံ့ဟု မိန့်တော်မူလေ၏ တိတ္ထိတို့သည် သရက်ပင်ရင်း၌ တန်ခိုးပြာဋိဟာ ပြခြင်းကို ပြုတော်မူလတ္တံ့ဟူသော စကားကို ကြားရလျှင် မိမိ၏ အလုပ်အကျွေး ဒါယကာတို့အား ပြောကြားပြီးလျှင် တယူဇနာအတွင်း ဖြစ်သော နေရာ၌ အယုတ်သဖြင့် ထိုနေ့ပေါက်သော သရက်ပင်ငယ်ကိုသော်လည်း နုတ်စေ၍ တောဋ္ဌပစ်စေကြလေကုန်၏။

ကဏ္ဍ၏သရက်ပင် အကြောင်း

မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့၌ သာဝတ္ထိမြို့တွင်းသို့ ဝင်တော်မူလေ၏ မင်းကြီး၏လည်း ဥယျာဉ်စောင့်ဖြစ်သော ကဏ္ဍအမည်ရှိသော သူသည် ခါချဉ်တို့သည် ပြုအပ်သော အထုပ်အတွင်း၌ အလုံးကြီးသော တခုသော သရက်သီး

(၈) ၁၄၃–၃၁

မှည့်ကိုမြင်၍ ထိုသရက်သီး၏ အနံ့အရသာ၌ တပ်မက်မောသဖြင့် ကျရောက်နားလာကုန်သော ကျီးတို့ကို ပြေးစေပြီးလျှင် မင်းကြီး သုံးဆောင်စိမ့်သော အကျိုးငှါ ယူ၍သွားလတ်သည်ရှိသော် လမ်းခရီးအကြား၌ မြတ်စွာဘုရားကို မြင်ရသဖြင့် မင်းကြီးသည် ဤသရက်သီးကိုစား၍ ငါ့အား ရှစ်သပြာတို့ကိုငှင်း တဆဲ့ခြောက်သပြာတို့ကိုငှင်း ဆုတော်ချရာ၏ ထိုမင်းကြီးပေးသော ဆုတော်အသပြာသည် ငါ့အား တခုသော ကိုယ်အဖြစ်၌သော်လည်း အသက်မွေးမြူခြင်းငှါ မစွမ်းနိုင် ငါသည် မြတ်စွာဘုရားအား ဤသရက်သီးကို အကယ်၍ လှူရသည်ဖြစ်အံ့ ထိုသို့ ပေးလှူရခြင်းသည် မချတ်မယွင်း ငါ့အားဖြစ်လေရာရာ သံသရာအဆက်ဆက် ရှည်မြင့်လှစွာသော ကာလပတ်လုံး အစီးအပွားကို ရွက်ဆောင်နိုင်သည် ဖြစ်ပေလတ္တံ့ဟုကြံ၍ ကဏ္ဍမည်သော ဥယျာဉ်စောင့်သည် ထိုသရက်သီးမှည့်ကို မြတ်စွာဘုရားအား ဆက်ကပ်လေ၏ မြတ်စွာဘုရားသည် ရှင်အာနန္ဒာမထေရ်ကို ကြည့်ရှုတော်မူလေ၏ ထိုအခါ ရှင်အာနန္ဒာ မထေရ်သည် နတ်မင်းကြီး လေးဦးတို့သည် လှူဒါန်းအပ်သော ၁သပိတ်ကို သပိတ်အိတ်မှ ထုတ်ယူ၍ မြတ်စွာဘုရားရှင်၏ လက်တော်၌ ထားလေ၏။

ဘုရားရှင်သည် သပိတ်တော်ကို အနီးသို့ညွှတ်၍ သရက်သီးကို ခံယူတော်မူပြီးလျှင် ထိုအရပ်၌ပင်လျှင် နေတော်မူလိုသော အခြင်းအရာကို ပြတော်မူလေ၏ ရှင်အာနန္ဒာမထေရ်သည် သင်္ကန်းကိုခင်း၍ ပေးလေ၏ ထိုအခါ ခင်းထားသော သင်္ကန်းနေရာ၌ နေတော်မူလတ်သည်ရှိသော် မြတ်စွာဘုရားအား ရှင်အာနန္ဒာမထေရ်သည် သောက်ရေကို စစ်၍ ထိုသရက်သီးမှည့်ကို နယ်လျက် အဖျော်ပြု၍ ဆက်ကပ်လေ၏ မြတ်စွာဘုရားသည် သရက်သီးအဖျော်ကို သုံးဆောင်တော် မူပြီးလျှင် ကဏ္ဍမည်သော ဥယျာဉ်စောင့်ကို ဤသရက်စေ့ကို ဤအရပ်၌သာလျှင် မြေမှုန့်ကို ယက်၍စိုက်ပျိုးလော့ဟု မိန့်တော်မူလေ၏ ဥယျာဉ်စောင့်သည် ထိုဘုရား မိန့်တော်မူတိုင်း စိုက်ပျိုးခြင်းကို ပြုလေ၏ ဘုရားရှင်သည် ထိုသရက်စေ့၏

---

၁ တောထွက်စ ဃဋိကာရဗြဟ္မာ လှူသောသပိတ်ကား သုဇာတာနိုဂဏာ ခံယူအံ့သော အခါ၌ ကွယ်ပျောက်လေ၏။ သုဇာတာလှူသောရွှေခွက်ကား ထိုနေ့၌ပင် နေရဋ္ဌရာမြစ်၌ မျှောအပ်လေ၏။ ဘုရားဖြစ်၍ ၄၉-ရက်လွန်ပြီးသောနေ့၌ တပုဿ ဘလ္လိကတို့လှူသော မုံ့ကို အလှူခံယူအံ့သောအခါ နတ်မင်းကြီး လေးဦးတို့ အသီးအသီး လှူသော သပိတ်လေးလုံးကို တပေါင်းတည်းနှိပ်သဖြင့် အနားရစ် လေးခုရှိသော သပိတ်ဖြစ်၏။ ထိုသပိတ်ကို ဆိုခြင်းဖြစ်သည်။

အထက်၌ လက်ကိုဆေးတော်မူလေ၏ လက်ကိုဆေးတော်မူအပ်ကာမျှပင် ထွန်တုံးမျှ အတိုင်းအရှည်ရှိသော ပင်စည်လုံးပတ် ရှိသည်ဖြစ်၍ အစောက်အား ဖြင့် အတောင် ငါးဆယ်ရှိသော သရက်ပင်သည် ပေါက်ရောက်လာလေ၏ အရပ်လေး မျက်နှာတို့၌ ကိုင်းမ တခုတခုစီ၌ ကိုင်းမ တခုရင်း ဤသို့ အကိုင်း ခက်မကြီးငါးခုတို့သည် အတောင်ငါးဆယ်စီ ရှိကြလေကုန်၏ ထိုသရက်ပင်သည် ထိုတခဏခြင်း၌သာလျှင် အပင့်အသီးတို့ဖြင့် ဖုံးလွှမ်းအပ်သည်ဖြစ်၍ တခုတခု သော အရပ်၌ မှည့်သော သရက်သီးအခိုင်ကို ဆောင်လျက် (သီးလျက်)ရှိသည် ဖြစ်လေ၏ နောက်တော်မှ လိုက်လာကြကုန်သော ရဟန်းတို့သည် သရက်သီးမှည့် တို့ကို စားကုန်လျက်သာလျှင် လိုက်လာကြရလေကုန်၏ ကောသလမင်းကြီး သည် ဤသို့သဘောရှိသော သရက်ပင် ပေါက်ရောက်ပေသတတ် ဟူသောစကား ကို ကြားရလျှင် ထိုသရက်ပင်ကို တစုံတယောက်သောသူသည် ချိုးဖဲ့ဖြတ်လှည်း ခြင်းမပြုရဟု အစောင့်အရှောက်ထားလေ၏ ထိုသရက်ပင်သည် ကဏ္ဍမည်သော ဥယျာဉ်စောင့် စိုက်အပ်သည် အဖြစ်ကြောင့် ကဏ္ဍသရက်ပင်ဟူ၍ သာလျှင် ထင်ရှား၏။

တိတ္ထိတို့မကျေပ် လေပွေမှုခြင်း

သေသောက်ကြွေးတို့သည်လည်း သရက်သီးမှည့်တို့ကို စားကြရသဖြင့် ဟယ် ယုတ်မာလှစွာသော တိတ္ထိပျက်တို့ ရဟန်းဂေါတမသည် ကဏ္ဍမည်သော သရက် ပင်ရင်း၌ တန်ခိုးပြာဋိဟာပြခြင်းကို ပြုတော်မူလိမ့်သတတ်ဟု ဆို၍ သင်တို့သည် တယူဇနာ၏အတွင်း၌ ထိုနေ့ပေါက်သည် ဖြစ်သော သရက်ပင်ငယ် တို့ကိုသော်လည်း နုတ်စေအပ်ကုန်၏ ဤသရက်ပင်သည်ကား ကဏ္ဍသရက်ပင်မည်သတည်းဟု ဆိုကြ၍ ထိုသေသောက်ကြွေးတို့သည် စားကြင်း စားဖတ်ဖြစ်သော သရက်စေ့ တို့ဖြင့် ပစ်ခတ်ကြလေကုန်၏ သိကြားမင်းသည် ဝါတ ဝလာဟက မည်သော လေနတ်သားကို တိတ္ထိတို့ မကျေပ်ကို လေတို့ဖြင့် တိုက်ခိုက် နုတ်ပစ်၍ မသန့်ပြန့်သော မြေအရပ်၌ ပစ်ချလေလော့ဟု စေခိုင်းလေ၏ လေနတ်သားသည် ထိုသိကြား မင်းဆိုတိုင်းပြု၏ နေနတ်သားကိုလည်း နေအဝန်းကို ဆဲ့ငင်နှိမ့်ချလျက် ပူလောင် စေလော့ဟု စေခိုင်းလေ၏ နေနတ်သားသည် ထိုသိကြားမင်း ဆိုတိုင်းပြု၏ တဖန် လေနတ်သားကို လေပွေထစေလျက် သွားလေလော့ဟု စေခိုင်းပြန်လေ

၏ လေနတ်သားသည် ထိုသိကြားမင်းဆိုတိုင်း ပြုသည်ဖြစ်၍ တိတ္ထိတို့၏ ယိုစိမ်းသောချွေးရှိသော ကိုယ်၌ မြူစုဖြင့် ဖြန့်ကြဲလေ၏ ထိုတိတ္ထိတို့ကိုယ်သည် နီသောမြေညက်စိုင်နှင့် တူကြကုန်၏ မိုးနတ်သားကိုလည်း ကြီးစွာသော မိုးပေါက်တို့ကို ကျစေလော့ဟု စေခိုင်းပြန်လေ၏ မိုးနတ်သားသည် သိကြားမင်းဆိုတိုင်းပြု၏ ထိုအခါ တိတ္ထိတို့၏ကိုယ်သည် အပြောက်အကွက်ရှိသော နွားကျားနှင့်အတူ ဖြစ်လေ၏။

ပူရဏကဿပ ရေ၌ဆင်း၍ သေခြင်း

ထိုတိတ္ထိတို့ တက္ကတွန်းတို့သည် ရှက်နိုးကြကုန်သည်ဖြစ်၍ ရှေးရှုရာ ရှေးရှုရာ အရပ်သို့သာလျှင် ပြေးလွှားကြရလေကုန်၏ ဤသို့ ပြေးလွှားကြရ ကုန်သည်ရှိသော် ပူရဏကဿပ အမည်ရှိသော တိတ္ထိ၏ အလုပ်အကျွေး လယ်ထွန်ယောကျ်ားတယောက်သည် ယခုအခါ ငါ့ဆရာဖြစ်သော အရှင်ကောင်းတို့၏ တန်ခိုးပြာဋိဟာပြသောအခါတည်း သွား၍ တန်ခိုးပြာဋိဟာပြခြင်းကို ဖူးမြင်ဦးအံ့ဟု နွားတို့ကို လွှတ်လိုက်၍ နံနက်စောစောကလျှင် ဆောင်ယူခဲ့သော ယာဂုအိုးကိုငင်း ကြိုးကိုငင်း ယူခဲ့သဖြင့် လာလတ်သည်ရှိသော် ထိုအခြင်းအရာဖြင့် ပြေးလွှားနေသော ပူရဏကဿပကိုမြင်ရလျှင် အရှင်ဘုရား ယနေ့ အရှင်ကောင်းတို့၏ တန်ခိုးပြာဋိဟာပြခြင်းကို ဖူးမြင်ဦးအံ့ဟု လာခဲ့ပါသည် အရှင်ဘုရားတို့ကား အဘယ်အရပ်သို့ သွားကြပါကုန်အံ့နည်းဟု မေးလျှင် သင့်အား တန်ခိုးပြာဋိဟာဖြင့် အဘယ်အကျိုးရှိအံ့နည်း ဤအိုးကိုငင်း ကြိုးကိုငင်း ပေးပါလော့ဟု ဆိုလေ၏ ထိုပူရဏကဿပသည် လယ်ထွန်သမား ပေးအပ်သော အိုးနှင့် ကြိုးတို့ကိုယူ၍ မြစ်ကမ်းနားသို့သွားပြီးလျှင် အိုးကို ကြိုးဖြင့် မိမိလည်ပင်း၌ ဖွဲ့ချည်လျက် ရှက်နိုးလှသောကြောင့် တစုံတခုန်းသော စကားကိုမျှ မဆိုတဲ့မူ၍ ရေနက်ရာ အရပ်၌ ခုန်ချပြီးလျှင် ရေပွက် ထစေလျက် သေ၍ အဝီစိ ငရဲ၌ ဖြစ်ရာလေ၏။

ဃရဏီဒါယိကာမ၏ တန်ခိုး

မြတ်စွာဘုရားသည် ကောင်းကင်၌ ရတနာစင်္ကြံကို ဖန်ဆင်းတော်မူလေ၏ ထိုရတနာစင်္ကြံ၏ တခုသော အစွန်းကား အရှေ့ စကြဝဠာ အနားရေး၌ ဖြစ်၏ တခုသော အစွန်းကား အနောက် စကြဝဠာအနားရေး၌ဖြစ်၏ မြတ်စွာဘုရား

သည် အညီအညွတ် စည်းဝေးရောက်လာသော သုံးဆဲ့ခြောက်ယူဇနာ အတိုင်း အရှည်ရှိသော ပရိသတ်၏ အလယ်၌ အရိပ်တိုးပုံးသော နေမွန်းလွဲသောအခါ ယခုအခါကား တန်ခိုးပြာဋိဟာကို ပြတော်မူအံ့သော အခါတည်းဟု ဂန္ဓကုဋီ တိုက်မှ ထွက်တော်မူ၍ ကျောင်းဦး၌ ရပ်တော်မူလေ၏ ထိုသို့ရပ်တော်မူသော အခါ မြတ်စွာဘုရားကို ဃရဏီ အမည်ရှိသော ကြီးသော တန်ခိုးနှင့် ပြည့်စုံသော အနာဂါမ် တည်သော သီတင်းသည် ဥပါသိကာမ တယောက်သည် ချဉ်းကပ်၍ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မ ကဲ့သို့သော သို့မဟုတ် ကောင်းရတနာ ရှိပါလျက် ရှင်တော်မြတ်ဘုရားတို့အား ပင်ပန်းစရာ ပြုဘွယ် ကိစ္စသည် မရှိသင့်ပါ တပည့်တော်မသည် တန်ခိုးပြာဋိဟာကို ပြုပါမည်ဘုရားဟု လျှောက်ကြားလေ၏။

ချစ်သမီးဃရဏီ သင်သည် အဘယ်သို့သော တန်ခိုးပြာဋိဟာပြခြင်းကို ပြုအံ့ နည်းဟု မေးတော်မူလျှင် မြတ်စွာဘုရား တခုသော စကြဝဠာတိုက်၌ မဟာပထဝီ မြေအပြင်ကြီးကို ရေပြုလုပ်၍ ရေကြက်မကဲ့သို့ ငုပ်၍ အရှေ့စကြဝဠာ နားခမ်း ရေး၌ ကိုယ်ကို ဖော်ပြပါမည် ထို့အတူ အနောက်စကြဝဠာ နားခမ်းရေး မြောက် စကြဝဠာ နားခမ်းရေး တောင်စကြဝဠာ နားခမ်းရေး၌ဌင်း ထို့အတူ အလယ်၌ ဌင်း ဖော်ပြပါမည် ဤသူကား အဘယ်သူနည်းဟု မေးအပ်သည်ရှိသော် ဤရေ ကြက်မကား ဃရဏီ မည်သော် ဥပါသိကာမတည်း ဤသည်လျှင် ရှေးဦးစွာ ဃရဏီ မည်သော ထို့မိန်းမ၏ အစွမ်းအာနုဘော်တည်း၊ဘုရားရှင်၏ တန်ခိုးတော် အာနုဘော်တော်သည်ကား အဘယ်သို့သဘောရှိသည် ဖြစ်လတ္တံ့နည်းဟု ဆိုကြ ရပါကုန်လတ္တံ့ ဤသို့လျှင် တိတ္ထိတို့သည် ရှင်တော်မြတ်ဘုရားတို့ကို မမြင်ဝံ့မူ၍ သာလျှင် ထွက်ပြေးကြပါလိမ့်မည်ဘုရားဟု လျှောက်ကြားလေ၏၊ ထို့အခါ ဃရဏီကို မြတ်စွာဘုရားသည် ချစ်သမီးဃရဏီ သင်သည် ဤသို့သဘောရှိသော တန်ခိုးပြာဋိဟာပြခြင်းကို ပြုခြင်းငှါ စွမ်းနိုင်သည့်အဖြစ်ကို ငါဘုရားသိတော်မူ၏ သို့ရာတွင် ဤ [1]ပန်းအစည်း ပန်းတိုင်မုန်းတိုင်ကို သင်၏အကျိုးငှါ ဖွဲ့စည်းအပ် သည် မဟုတ်ပေဟု မိန့်တော်မူလျက် ပယ်တော်မူလေ၏ ထိုဃရဏီသည် ငါ့အား

---

၁ သမင်ဇီဂုက်ရှိသော တင်စားခြင်းကို တင်စား၍ သုံးဆဲ့သော စကားဖြစ်သည်။ ရှေးစကားပုံ ဟူ၍လည်း ဆိုသင့်၏။

မြတ်စွာဘုရားသည် ခွင့်ပြုတော်မမူ မချတ်လျှင် ငါ့ထက်လွန်စွာ တန်ခိုးပြာဋိဟာ ပြခြင်းကို ပြုခြင်းငှါ စွမ်းနိုင်သော တပါးသောသူ ရှိသေး၏ဟုကြံလျက် တင့်အပ်လျောက်ပတ်သော အရပ်၌နေလေ၏။

စူဋ္ဌ အနာထပိဏ်၏ တန်ခိုး

မြတ်စွာဘုရားသည်လည်း ဤအတူသာလျှင် ထိုသူတို့၏ ဂုဏ်သည် ထင်ရှားသည် ဖြစ်လတ္တံ့ဟု သုံးဆဲ့ခြောက်ယူဇနာ အတိုင်း အရှည်ရှိသော ပရိသတ်၏ အလယ်၌ ခြသေ့်မင်း အသံနှင့်တူသော မကြောက်မရွံ့ရဲရင့်သော အသံကို ဆိုလတ္တံ့ဟု အောက်မေ့မှတ်သား နှလုံးထားတော်မူလျက် တပါးသော သူတို့ကို လည်း သင်တို့သည် အဘယ်သို့လျှင် တန်ခိုးပြာဋိဟာပြခြင်းကို ပြုကြကုန်အံ့နည်းဟု မေးမြန်းတော်မူလေ၏ မြတ်စွာဘုရား ဤသို့လျှင် ပြုကြပါမည်ဘုရားဟု ဘုရားရှင်၏ ရှေ့တော်၌သာလျှင် ခြသေ့်မင်း၏ အသံနှင့်တူသော အသံကို မကြောက်မရွံ့ မြွက်ဆိုလျောက်ကြား ကြလေကုန်၏ ထိုသူတို့တွင် စူဋ္ဌအနာထပိဏ် သူဌေးသည် ငါကဲ့သို့ သဘောရှိသော အနာဂါမ်တည်သော ဥပါသကာ သားကောင်းရတနာရှိပါလျက် မြတ်စွာဘုရားအား ပင်ပန်းစရာပြုဘွယ်ကိစ္စသည် မရှိသင့်စွတကားဟု ကြံပြီးလျှင် မြတ်စွာဘုရား တပည့်တော် တန်ခိုးပြာဋိဟာ ပြခြင်းကို ပြုပါမည်ဘုရားဟု လျောက်ထားသောကြောင့် အဘယ်သို့ ပြုမည်နည်းဟု မေးအပ်သည်ရှိသော် မြတ်စွာဘုရား တပည့်တော်ကား တဆဲ့နှစ်ယူဇနာ ရှိသော ဗြဟ္မာကြီး၏ သဏ္ဌာန် အတ္တဘောကို ဖန်ဆင်း၍ ဤပရိသတ်၏ အလယ်၌ မိုဃ်းကြီး ထစ်ချုန်းမြည်ဟီးသည်နှင့်တူသော အသံဖြင့် ဗြဟ္မာတို့၏ လက်ပန်းပေါက် ခတ်ခြင်းမည်သည်ကို လက်ပန်းပေါက် ခတ်ပါမည်ဘုရားဟု လျောက်ပြီးလျှင် လူများအပေါင်းသည် ဤအသံကား အဘယ်အသံဖြစ်သနည်းဟု မေးလတ်သော် စူဋ္ဌအနာထပိဏ်သူဌေး၏ ဗြဟ္မာတို့၏ လက်ပန်းပေါက် ခတ်သံ မည်သတတ် ဆိုကြပါလိမ့်မည် တိတ္ထိတို့သည်လည်း သူကြွယ်အားပင် ဤသို့သော အာနုဘော်ရှိသတတ် ဘုရားရှင်၏ အာနုဘော်ကား အဘယ်သို့ သဘောရှိသည် ဖြစ်လတ္တံ့နည်းဟုဆို၍ ရှင်တော်မြတ်ဘုရားတို့ကို မမြင်ဝံ့ဘဲ သာလျှင် ထွက်ပြေး ကြပါလိမ့်မည် ဘုရားဟု လျောက်ကြားလေ၏ မြတ်စွာဘုရားသည် သင်၏ အာနုဘော်ကို ငါဘုရား သိတော်မူ၏ဟု စူဋ္ဌအနာထပိဏ်

သူ့ဌေးအားလည်း ထိုဃရဏီအတူသာလျှင် မိန့်ဆို၍ တန်ခိုးပြာဋိဟာ ပြခြင်းကို ခွင့်ပြုတော်မမူ။

စိရမည်သော သာမဏေရိမ၏ တန်ခိုး

ထို့နောင်မှ ပဋိသမ္ဘိဒါ လေးပါးသို့ ရောက်ပြီးသော ခုနစ်နှစ် အရွယ်သာ ရှိသော စိရအာယုရှိသော သာမဏေရိမသည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မသည် တန်ခိုးပြာဋိဟာပြခြင်းကို ပြုပါမည်ဘုရားဟု လျှောက်ကြားလေ၏ ချစ်သမီးစိရ အဘယ်သို့ ပြုအံ့နည်းဟု မေးတော်မူလျှင် မြတ်စွာဘုရား မြင်းမိုရ်တောင်ကိုဌင်း စကြဝဠာတောင်ကိုဌင်း ဟိမဝန္တာကိုဌင်း ဆောင်ယူပြီးလျှင် ဤအရပ်၌ အစဉ်အတိုင်း ထား၍ တပည့်တော်မသည် ဟသ်ာမကဲ့သို့ ထိုဆိုအရပ်မှ ထွက်လျက် မငြိမကပ် ပျံသန်းခြင်းကို ပြုပါမည်ဘုရား လူမျှားအပေါင်းသည် တပည့်တော်မကို မြင်ရလျှင် ဤသူကား အဘယ်သူနည်းဟုမေးလတ်သော် စိရအာယုရှိသော သာမဏေရီ တပည့်တော်မတည်းဟု ဆိုကြပါကုန်လတ္တံ့ တိတ္ထိတို့သည် ခုနစ်နှစ်သမီးအရွယ်ရှိသော သာမဏေရိမ၏ ဤအာနုဘော်သည် ဤမျှလောက် ကြီးကျယ်ဘိ၏ ဘုရားရှင်၏ အာနုဘော်ကား အဘယ်သို့သဘောရှိသည် ဖြစ်လတ္တံ့နည်းဟု မြတ်စွာဘုရားတို့ကို မမြင်ဝံ့ဘဲသာလျှင် ထွက်ပြေးကြရပါလိမ့်မည် ဘုရားဟု လျှောက်ကြားလေ၏။

[ဤမှ နောက်၌ ဤသို့သဘောရှိသော စကားတို့ကို ဆိုအပ်ပြီးသည်ကို အစဉ်လျှောက်သဖြင့်သာလျှင် သိအပ်ကုန်၏]။

ထိုစိရမည်သော သာမဏေရိမ အားလည်း မြတ်စွာဘုရားသည် သင်၏ အာနုဘော်ကို ငါဘုရား သိတော်မူ၏ဟု မိန့်ဆို၍ တန်ခိုးပြာဋိဟာ ပြုခြင်းကို ခွင့်ပြုတော်မမူ။

စုန္ဒသာမဏေ၏ တန်ခိုး

ထို့နောင်မှ ပဋိသမ္ဘိဒါလေးပါးသို့ရောက်၍ ကုန်ပြီးသော အာသဝေါရှိသော့ ဖွားသည်မှ ခုနစ်နှစ်အရွယ်အားဖြင့် မှတ်သားအပ်သော စုန္ဒမည်သောသာမဏေသည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် မြတ်စွာဘုရား တပည့်တော်

သည် တန်ခိုးပြာဋိဟာကို ပြခြင်းကို ပြုပါမည်ဘုရားဟု လျှောက်ပြန်သည်ရှိသော် အဘယ်သို့ပြုအံ့နည်းဟု မေးအပ်သော စုန္ဒသာမဏေသည် မြတ်စွာဘုရား တပည့်တော်သည် ဇမ္ဗူဒီပါကျွန်း၏ တံခွန်သဘွယ်ဖြစ်၍ ဖြစ်သော ဇမ္ဗူသပြေပင်ကြီးကို ပခုံးထက်၌ ထမ်းယူကာ လှုပ်ပြီးလျှင် ဇမ္ဗူသပြေသီးကြီးတို့ကို ချေဆုတ်ဆောင်ယူလျက် ဤပရိသတ်အပေါင်းကို စားစေပါမည် ပင်လယ်ကသစ်ပင့်တို့ကိုလည်း ယူဆောင်၍ ရှင်တော်မြတ်ဘုရား တို့ကို ရှိခိုးလာပါမည် ဘုရားဟု လျှောက်ကြားလေ၏ ဘုရားရှင်သည် သင်၏ အာနုဘော်ကို ငါဘုရား သိတော်မူ၏ဟု စုန္ဒသာမဏေအားလည်း တန်ခိုးပြာဋိဟာပြခြင်းကို ပယ်တော်မူလေ၏။

ဥပုလဝဏ်ထေရိမ၏ တန်ခိုး

ထို့နောင်မှ ဥပုလဝဏ် အမည်ရှိသော ထေရိမသည် မြတ်စွာဘုရားကို ရှိခိုး၍ မြတ်စွာဘုရား တပည့်တော်မသည် တန်ခိုးပြာဋိဟာပြခြင်းကို ပြုပါမည်ဘုရားဟု လျှောက်ကြား ပြန်သောကြောင့် အဘယ်သို့ ပြုအံ့နည်းဟု မေးသည်ရှိသော် မြတ်စွာဘုရား တပည့်တော်မသည် ထက်ဝန်းကျင်မှ တဆဲ့နှစ်ယူဇနာ ရှိသော ပရိသတ်ကိုပြ၍ အဝန်းအားဖြင့် သုံးဆဲ့ခြောက်ယူဇနာ အတိုင်းအရှည်ရှိသော ပရိသတ်ဖြင့် ခြံရံလျက် စကြဝတေးမင်း၏အဖြစ်ဖြင့် လာလတ်၍ ရှင်တော်မြတ်ဘုရားတို့ကို ရှိခိုးပါမည်ဘုရားဟု လျှောက်ကြားလေ၏ ဘုရားရှင်သည် သင်၏ အာနုဘော်ကို ငါဘုရား သိတော်မူ၏ဟုဆို၍ ဥပုလဝဏ်ထေရိမ အားလည်း တန်ခိုးပြခြင်းကို ပယ်တော်မူလေ၏။

ရှင်မောဂ္ဂလာန်၏ တန်ခိုး

ထို့နောင်မှ ရှင်မောဂ္ဂလာန်မထေရ်သည် မြတ်စွာဘုရားကို ရှိခိုး၍ မြတ်စွာဘုရား တပည့်တော်သည် တန်ခိုးပြာဋိဟာပြခြင်းကို ပြုပါမည်ဘုရားဟု လျှောက်ကြားပြန်သောကြောင့် အဘယ်သို့ ပြုအံ့နည်းဟု မေးအပ်သည်ရှိသော် မြတ်စွာဘုရား တပည့်တော်သည် မြင်းမိုရ်တောင်မင်းကို သွားတို့၏ အကြားဌေးဝါး၍ ပဲနောက်စေ့ မုန်ညင်းစေ့ကဲ့သို့ ခဲပါမည် ဝါးပါမည် ဘုရားဟု လျှောက်ထားလေ၏ တပါးသော အဘယ်အမှုကို ပြုဦးမည်နည်းဟု မေးတော်မူပြန်သော် ဤမြင်းမိုရ်တောင်မင်းကို မဟာပထဝီမြေကြီးပြုပြီးလျှင် သပေါ့သင်းဖြူး ဖျာကဲ့သို့ လိပ်၍ လက်ချောင်းတို့၏ အကြားဌေး ထည့်ထားပါမည်ဘုရားဟု လျှောက်

ကြားလေ၏ တပါးသော အဘယ်အမှုကို ပြုဦးအံ့နည်းဟု မေးတော်မူပြန်သော် ဤမဟာပထဝီမြေကြီးကို အိုးထိန်းစက်ကဲ့သို့ လည်စေ၍ လူမျိုးအပေါင်းကို မြေဆီသြဇာ, စားစေပါမည်ဘုရားဟု လျှောက်ကြားလေ၏ ဤမှတပါး အဘယ်အမှုကို ပြုဦးအံ့နည်းဟု မေးဒတော်မူပြန်သော် လက်ဝဲလက်ပေါ်၌ ဤမြေကြီးကို တင်ထား၍ ဤသတ္တဝါတို့ကို လက်ျာလက်ဖြင့် တပါးသောကျွန်း၌ ထားပါမည်ဘုရားဟု လျှောက်ကြားလေ၏ ဤမှတပါး အဘယ်အမှုကို ပြုဦးအံ့နည်းဟု မေးတော်မူပြန်သော် မြင်းမိုရ်တောင်မင်းကို ထီးရိုး ပြုလုပ်၍ မဟာပထဝီ မြေကြီးကို မြောက်ပင့်သဖြင့် ထိုထီးရိုး၏ အထက်၌ တင်ထားပြီးလျှင် ထီးလက်စဲ့သော ရဟန်းကဲ့သို့ လက်တဘက်ဖြင့် ကိုင်စဲ့လျက် ကောင်းကင်၌ စကြံသွားပါမည်ဘုရားဟု လျှောက်ကြားလေ၏ မြတ်စွာဘုရားသည် သင်၏တန်ခိုး အာနုဘော်ကို ငါဘုရား သိတော်မူ၏ဟု မိန့်တော်မူ၍ ထိုရှင်မောဂ္ဂလာန် အားလည်း တန်ခိုးပြာဋိဟာကို ပြခြင်းကို ခွင့်ပေးတော်မမူ ထိုရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားကား ငါ့ထက်လွန်ကဲစွာ တန်ခိုးပြာဋိဟာပြခြင်းကို ပြုခြင်းငှါ စွမ်းနိုင်သောသူကို သိတော်မူယောင်တကားဟု ကြံလျက် တင့်အပ်လျောက်ပတ်သော အချပ်၌ နေလေ၏။

ဘုရားရှင်၏ဝန်ကို အခြားသူ မဆောင်နိုင်ခြင်း

ထို့နောင်မှ ရှင်မောဂ္ဂလာန်ကို မြတ်စွာဘုရားသည် ချစ်သားမောဂ္ဂလာန်[၁] ဤပန်းအစည်းကို သင်၏အကျိုးငှါ ဖွဲ့စည်းအပ်သည်မဟုတ် ငါဘုရားသည် အတုမရှိသောဝန်ကို ဆောင်တော်မူနိုင်၏ ငါဘုရား၏ဝန်ကို ရွက်ဆောင်ခြင်းငှါ စွမ်းနိုင်သော တပါးသောသူမည်သည်မရှိ ယခုအခါ ငါဘုရား၏ဝန်ကို ရွက်ဆောင်ခြင်းငှါ စွမ်းနိုင်သောသူမည်သည် အကြင်ကြောင့်ဖြစ်ရာ၏ ထိုဖြစ်ခြင်းသည် အဖန်တလဲလဲ အုံဩဘွယ်ရှိသည်သာလျှင်တည်း အဟိတ်တိရစ္ဆာန်မျိုး၌ ဖြစ်သော ကာလ၌သော်လည်း ငါ၏ဝန်ကို ရွက်ဆောင်ခြင်းငှါ စွမ်းနိုင်သော တပါးသောသူ မည်သည် မရှိသည် သာတည်းဟု မိန့်တော်မူသဖြင့် မြတ်စွာဘုရား အဘယ်အခါ၌ ဖြစ်ပါသနည်းဘုရားဟု ရှင်မောဂ္ဂလာန် မေးလျှောက်အပ်သည် ဖြစ်၍ မြတ်စွာဘုရားသည် လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၍—

---

၁ တင်စားသုံးစွဲသောစကားဖြစ်၍ သမားဒဂုဏ်ရောက်၏။

ယတောယတော ဂရုဓုရံ၊ ယတော ဂမ္ဘီရဝတ္တာနိ။
တဒါဿု ကဏ္ဌံ ယုဇ္ဇန္တိ၊ သောဿုတံ ဝဟတေ ဓုရံ။

ယတော ယတော၊ အကြင်အကြင်အရပ်၌။ ဓုရံ၊ ဝန်သည်။ ဂရု၊ လေးသည်။ ဟောတိ၊ ဖြစ်၏။ ယတော၊ အကြင်အရပ်မှ။ ဂမ္ဘီရဝတ္တာနိ၊ ရေညွှန်များသဖြင့် သွားခြင်းငှါ ခက်ခဲသော ခရီးသည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအရပ်၌။ ကဏ္ဌံ၊ ကဏ္ဌမည်သော နွားလား ဥသဘကို။ ယုဇ္ဇန္တိ၊ ကကုန်၏။ သော၊ ထိုကဏ္ဌမည်သော နွားလား ဥသဘသည်။ တံဓုရံ၊ ထိုလေးလံလှစွာသော ဝန်ကို။ ဝဟတော၊ ရွက်ဆောင်ရ၏။

ဟူသော ဤ ' ကဏ္ဌဥသဘဇာတ်ကို ခဲ့၍ တဖန် ထိုအကြောင်းကိုလျှင် အထူးပြု၍ ဟောတော်မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

မနာပမေဝ ဘာသေယျ၊ နာမနာပံ ကုဒါစနံ။
မနာပံ ဘာသမာနဿ၊ ဂရုံ ဘာရံ ဥဒဗ္ဗဟိ။
ဓနဉ္ဇနံ အလဒ္ဓေသိ၊ တေန စတ္တမနော အဟု။

မနာပမေဝ၊ နှစ်လိုဘွယ်သော စကားကိုသာလျှင်။ သာသေယျ၊ ဆိုရာ၏။ အမနာပံ၊ နှစ်လိုဘွယ် မရှိသောစကားကို။ ကုဒါစနံ၊ တရံတဆစ်မျှ။ နဘာသေယျ၊ မဆိုရာ။ မနာပံ၊ နှစ်လိုဘွယ်သော စကားကို။ ဘာသမာနဿ၊ ဆိုသော ပုဏ္ဏား၏။ ဂရုံ၊ လေးလံစွာသော။ ဘာရံ။ အလေးတင်သော လှည်းတရာဝန်ကို။ ဥဒဗ္ဗဟိ၊ ရွက်ဆောင်၏။ နံ၊ ထိုပုဏ္ဏားကို။ ဓနဉ္ဇ၊ ဥစ္စာကိုလည်း။ အလဒ္ဓေတိ၊ ရစေအပ်ပြီ။ တေန၊ ထိုဥစ္စာကို ရသောကြောင့်။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ အတ္တမနော၊ ဝမ်းမြောက်သည်။ အဟု၊ ဖြစ်ပြီ။

ဤ ' နန္ဒိဝိသာလဇာတ်ကို အကျယ်ခဲ့၍ ဟောတော်မူလေ၏ ဟောတော်မူပြီးလျှင်ကား မြတ်စွာဘုရားသည် ရတနာစင်္ကြံသို့ တက်တော်မူပြီးသော် ရှေးတော်၌ ပရိသတ်သည် တဆဲ့နှစ်ယူဇနာရှိလေ၏ အနောက်အရပ်၌ဌင်း မြောက်အရပ်၌ဌင်း တောင်အရပ်၌ဌင်း ထို့အတူသာလျှင် တဆဲ့နှစ်ယူဇနာစီ ရှိ၏ ဖြောင့်

---

၁ ငါးရွှေငါးဆယ်စာတင်၊ ဇကနိပါတ်-၃။ ကုရုဂ်ဝတ်။ ၉-ကဏ္ဍစာတင်ဖြစ်သည်။
၂ နန္ဒိဝိသာလဇာတ်ကား။ ဇကနိပါတ်-၃။ ကုရုဂ်ဝတ်။ ရှစ်ခုမြောက်စာတင်ဖြစ်၏။

ဖြောင့်သော်ကား နှစ်ဆဲလေးယူဇနာ အတိုင်းအရှည်ရှိသော ပရိသတ်၏ အလယ်၌ ဘုရားရှင်သည် ရေ မီး အစုံဖြစ်သော တန်ခိုးပြာဋိဟာ ပြခြင်းကို ပြုတော်မူလေ၏။

ရေမီးအစုံဖြစ်သော တန်ခိုးတော် ပြခြင်း

[၅]အစုံဖြစ်သော တန်ခိုးပြာဋိဟာပြခြင်းကို ပါဠိတော်အားဖြင့် ရှေးဦးစွာ ဤသို့သိအပ်၏ မြတ်စွာဘုရား၏ အစုံဖြစ်သော တန်ခိုးပြာဋိဟာပြခြင်း၌ ထိုဉာဏ်တော်ဟူသည် အဘယ်နည်း ဟူမူကား ဤလောက၌ မြတ်စွာဘုရားသည် တပည့်သားတို့နှင့် မဆက်ဆံသော အစုံဖြစ်သော တန်ခိုးပြာဋိဟာပြခြင်းကို ပြုတော်မူ၏ အထက်အဘို့ဖြစ်သော ကိုယ်တော်မှ မီးလျှံအစုသည်ဖြစ်၏ အောက်အဘို့ဖြစ်သော ကိုယ်တော်မှ ရေအယဉ်ဖြစ်၏ အောက်အဘို့ဖြစ်သော ကိုယ်တော်မှ မီးလျှံအစုသည် ဖြစ်၏ အထက် အဘို့သော ကိုယ်တော်မှ ရေအယဉ်သည် ဖြစ်၏ ရှေ့အဘို့ဖြစ်သော ကိုယ်တော်မှ မီး။ နောက်အဘို့ဖြစ်သော ကိုယ်တော်မှ ရေ။နောက်အဘို့ဖြစ်သော ကိုယ်တော်မှ မီး။ ရှေ့အဘို့ဖြစ်သော ကိုယ်တော်မှ ရေ။ လက်ျာမျက်စိတော်မှ မီး။ လက်ဝဲ မျက်စိတော်မှ ရေ။ လက်ဝဲ မျက်စိတော်မှ မီး။ လက်ျာ မျက်စိတော်မှ ရေ။ လက်ျာ နားတွင်းတော်မှ မီး။ လက်ဝဲ နားတွင်းတော်မှရေ။ လက်ဝဲ နားတွင်းတော်မှ မီး။ လက်ျာ နားတွင်းတော်မှ ရေ။ လက်ျာ နှာခေါင်းတွင်းတော်မှ မီး။ လက်ဝဲ နှာခေါင်းတွင်းတော်မှ ရေ။ လက်ဝဲ နှာခေါင်းတွင်းတော်မှ မီး။ လက်ျာ နှာခေါင်းတွင်းတော်မှ ရေ။ လက်ျာ ပခုံးစွန်းတော်မှ မီး။ လက်ဝဲ ပခုံးစွန်းတော်မှ ရေ။ လက်ဝဲ ပခုံးစွန်းတော်မှ မီး။ လက်ျာ ပခုံးစွန်းတော်မှ ရေ။ လက်ျာ လက်မောင်းတော်မှ မီး။ လက်ဝဲ လက်မောင်းတော်မှ ရေ။ လက်ဝဲ လက်မောင်းတော်မှ မီး။ လက်ျာ လက်မောင်းတော်မှ ရေ။ လက်ျာ နံပါးတော်မှ မီး။ လက်ဝဲ နံပါးတော်မှ ရေ။ လက်ဝဲ နံပါးတော်မှ မီး။လက်ျာ နံပါးတော်မှ ရေ။ လက်ျာ ခြေတော်မှ မီး။ လက်ဝဲ ခြေတော်မှ ရေ။ လက်ဝဲ ခြေတော်မှ မီး။ လက်ျာ ခြေတော်မှ ရေ။ လက်ချောင်း ခြေချောင်းတော်တို့မှ မီး။ လက်ချောင်း ခြေချောင်းတော်တို့မှ ရေ။လက်ချောင်းကြား ခြေချောင်းကြားတို့မှ မီး။လက်ချောင်း

ကြား ခြေချောင်းကြားတော်တို့မှ ရေ။ တခု တခုသော မွေးတွင်းတော်တို့မှ မီးလျှံအစုသည် ဖြစ်၏ တခု တခုသော မွေးတွင်းတော်တို့မှ ရေအယဉ်သည် ဖြစ်၏ အညို အရွှေ အနီ အဖြူ အမောင်း ပြိုးပြိုးပြက် ဟခဲနက်သော ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ပကတိ အစစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် စကြံ့ ကြွတော်မူ၏ [1]နိမ္မိတ ဘုရားသည် ရပ်မူလည်း ရပ်တော်မူ၏ ထိုင်မူလည်း ထိုင်တော်မူ၏ အိပ်ခြင်းကိုမူလည်း ပြုတော်မူ၏ ။လ။ နိမ္မိတဘုရားသည် အိပ်ခြင်းကို ပြုတော်မူ၏ ပကတိအစစ် ဖြစ်သော မြတ်စွာဘုရားသည် စကြံ့မူလည်း ကြွတော်မူ၏ ရပ်လည်း ရပ်တော်မူ၏ ထိုင်မူလည်း ထိုင်တော်မူ၏ ဤသည်လျှင် မြတ်စွာဘုရား၏ အစုံဖြစ်သော တန်ခိုးပြာဋိဟာပြခြင်း၌ ဉာဏ်တော်မည်၏]။

ဤတန်ခိုးပြာဋိဟာပြခြင်းကို မြတ်စွာဘုရားသည် ထိုရတနာစင်္ကြံ၌ စင်္ကြံကြွတော်မူလျက် ပြုတော်မူလေ၏။

[ထိုမြတ်စွာဘုရားအား တဇော်ကသိုဏ်းလျှင် အာရုံရှိသော သမာပတ်၏ အစွမ်းဖြင့် အထက်အဘို့ဖြစ်သော ကိုယ်တော်မှ မီးလျှံ အစုသည် ဖြစ်၏ အာပေါ ကသိုဏ်းလျှင် အာရုံရှိသော သမာပတ်၏ အစွမ်းဖြင့် အောက်အဘို့ဖြစ်သော ကိုယ်တော်မှ ရေအယဉ်သည် ဖြစ်၏ တဖန် ရေအယဉ် ဖြစ်ရာအရပ်မှ မီးလျှံအစုသည် ဖြစ်၏ မီးလျှံအစု ဖြစ်ရာ အရပ်မှ ရေအယဉ်သည် ဖြစ်၏ ဤသို့ပြခြင်းအကျိုးငှါ အောက်အဘို့ ဖြစ်သော ကိုယ်တော်မှ အထက်အဘို့ဖြစ်သော ကိုယ်တော်မှ အစရှိသော စကားရပ်ကို ဆိုအပ်၏၊ နောက် အလုံးစုံသော ပုဒ်တို့၌ ဤနည်းအတိုင်းသာဖြစ်၏ ဤရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာ ပြတော်မူရာ၌ မီးလျှံအစုသည် ရေအယဉ်နှင့် မရောမရှက် ဖြစ်လေ၏ ရေအယဉ်သည် မီးလျှံအစုနှင့် ထို့အတူ မရောမရှက်ဖြစ်လေ၏ ထိုနှစ်ပါးအစုံဖြစ်သော တန်ခိုးပြာဋိဟာသည်လည်း ပြဟ္မာ့ပြည်သို့တိုင်အောင်တုတ်၍ စကြဝဠာအနားရေး၌ ကျသတတ် ရောင်ခြည်တော် ခြောက်သွယ်ဟု ဆိုအပ်ကုန်သော ထိုမြတ်စွာဘုရား၏ ခြောက်သွယ်သော အဆင်းရှိသော ရောင်ခြည်တော်တို့သည် အိုးတိုဖြင့် သွန်း

---

၁ နိမ္မိတဘုရား ဟူသည်ကား ဘုရားရှင် ဖန်ဆင်းတော်မူအပ်သော ဘုရားတဆူဖြစ်၏။

လောင်းအပ်သော ဦးပြိုးလှော်ပြိုးသော ရွှေကဲ့သို့ဂုဏ်း စက်ယန္တရား ကျည် တောက်ပြန်မှ ယိုစီးကျထွက်သော ရွှေရည် အယဉ်ကဲ့သို့ဂုဏ်း တခုသော စကြဝဠာတိုက်မှ ပုံတက်၍ ဗြဟ္မာပြည်ကို ထိခိုက်ပြီးလျှင် ပြန်လည်၍ စကြဝဠာ နားခမ်းရေးကိုသာလျှင် ယူကြလေကုန်၏ စကြဝဠာတိုက် တတိုက်လုံးသည် ကောက်သော အခြင်း ရှိဘိသကဲ့သို့ဂုဏ်း တခုတည်းသော အလင်းရောင်ရှိသော ဗေဒိအိမ်ကဲ့သို့ဂုဏ်း ဖြစ်လေ၏]။

တရားသိခြင်းနှင့် နိမ္မိတဘုရား

ထိုနှစ်၌ မြတ်စွာဘုရားသည် စကြံကြွတော်မူ၍ တန်ခိုးပြာဋိဟာပြခြင်းကို ပြုတော်မူလျက် အကြားအကြား၌ လူမျှားအပေါင်းအား တရားဟောကြား တော်မူလေ၏ ထိုသို့ဟောကြားတော်မူသော်လည်း အားထုတ်ခြင်းကင်းသည်ကို ပြုတော်မမူဘဲ ထိုလူမျှားအပေါင်းအား သက်သာရာ နေထိုင်ရခြင်းကိုပေးတော် မူ၏ ထိုခဏ၌ လူမျှားအပေါင်းသည် ကောင်းချီးနုမော် သာဓုခေါ်ခြင်းကို ဖြစ်စေလေ၏ ထိုလူမျှားအပေါင်း၏ ကောင်းချီးနုမော် သာဓုခေါ်ခြင်းကို ဖြစ်စေသော ကာလ၌ မြတ်စွာဘုရားသည် ထိုမျှလောက် ကြီးစွာသော ပရိသတ်၏စိတ်ကို ကြည့်တော်မူလတ်သော် တယောက် တယောက်သော သူ၏ တဆဲ့ခြောက်ပါးသော အခြင်းအရာအစွမ်းဖြင့် စိတ်ဖြစ်ပုံကို သိတော်မူလေ၏။

[ဤသို့လျှင် မြတ်စွာဘုရားတို့၏ စိတ်တော်သည် လျင်မြန်သော ဖြစ်ခြင်း ရှိတော်မူ၏]။

အကြင် အံ့ကြင် ပုဂ္ဂိုလ်သည် အကြင်တရားတော်၌ဌာန်း အကြင် တန်ခိုး ပြာဋိဟာပြခြင်း၌ဌာန်း ကြည်ညိုခြင်းရှိ၏ ထိုထိုပုဂ္ဂိုလ်၏ အလိုအစွမ်းအားဖြင့် သာလျှင် တရားကိုလည်း ဟောတော်မူလေ၏ တန်ခိုးပြာဋိဟာ ပြခြင်းကိုလည်း ပြုတော်မူလေ၏ ဤသို့တရားဟောတော်မူအပ်သော်ဌာန်း တန်ခိုးပြာဋိဟာပြခြင်း ကို ပြတော်မူအပ်သော်ဌာန်း မျှားစွာသောလူအပေါင်းသည် သစ္စာလေးပါးကို ထိုးထွင်း၍ သိသည်ဖြစ်လေ၏ မြတ်စွာဘုရားသည်ကား ထိုအစည်းအဝေး၌ ကိုယ်တော်မြတ်၏ စိတ်တော်ကို ယူလျက် ပြဿနာ မေးခြင်းငှါ စွမ်းနိုင်သော တပါးသောသူကို မမြင်ရသောကြောင့် နိမ္မိတဘုရားကို ဖန်ဆင်းတော်မူလေ၏

ထိုနိမ္မိတဘုရားမေးတော်မူသော ပြဿနာကို မြတ်စွာဘုရားသည် ဖြေတော်မူလေ၏ မြတ်စွာဘုရားမေးတော်မူသော ပြဿနာကို နိမ္မိတဘုရားသည် ဖြေတော်မူလေ၏ မြတ်စွာဘုရား၏ စကြံကြွတော်မူသော ကာလ၌ နိမ္မိတ ဘုရားသည် ရပ်ခြင်းစသော ဣရိယာပုထ်တို့တွင် တပါးပါးသော ဣရိယာပုထ်ကို ပြုတော်မူလေ၏ နိမ္မိတဘုရား စကြံကြွသောကာလ၌ မြတ်စွာဘုရားသည် ရပ်ခြင်းစသော ဣရိယာပုထ်တို့တွင် တပါးပါးသော ဣရိယာပုထ်ကို ပြုတော်မူ၏ ထိုအနက်ကို ပြခြင်းအကျိုးငှါ နိမ္မိတဘုရားသည် စကြံမူလည်း ကြွတော်မူ၏ အစရှိသော စကားကို ဆိုအပ်၏ ဤသို့ပြုတော်မူသော မြတ်စွာဘုရား၏ တန်ခိုး ပြာဋိဟာ ပြခြင်းကို ဖူးမြင်ရသဖြင့်၎င်း တရားစကားကို နာကြားရသဖြင့်၎င်း ထိုအစည်းအဝေး၌ ကုဋေနှစ်ဆယ်ရှိသော သတ္တဝါတို့အား သစ္စာလေးပါးကို ထိုးထွင်း၍ သိသည်ဖြစ်လေ၏။

တာဝတိံသာ နတ်ပြည်သို့ကြွခြင်း

မြတ်စွာဘုရားသည် တန်ခိုးပြာဋိဟာ ပြခြင်းကို ပြုတော်မူလျက်သာလျှင် လွန်လေပြီးသော ဘုရားရှင်တို့ ဤတန်ခိုး ပြာဋိဟာပြခြင်းကို ပြုတော်မူပြီးလျှင် အဘယ်အရပ်၌ ဝါကပ်တော် မူကြကုန်ဘိသနည်းဟု ဆင်ခြင်တော်မူသည်ရှိသော် တာဝတိံသာနတ်ပြည်၌ ဝါကပ်၍ မယ်တော်အဒေါ် အဘိဓမ္မာပိဋကတ်ကို ဟောတော်မူကြကုန်၏ဟု မြင်တော်မူရလျှင် လကျိ၁ ခြေတော်ကိုကြွချီ၍ ယုဂန္ဓိုရ်တောင်ထိပ်၌ထားလျက် လက်ဝဲခြေတော်ကို ကြွချီ၍ မြင်းမိုရ်တောင်ထိပ်၌ ထားတော်မူလေ၏။ ဤသို့လျှင် ယူဇနာတသိန်း ခြောက်သောင်း ရှစ်ထောင် ရှိသော အရပ်၌ သုံးခုသော ဖဝါးအကြိမ် နှစ်ခုသော ခြေလှမ်းခြင်းတို့သည် ဖြစ်ကုန်၏။

[မြတ်စွာဘုရားသည် ခြေတော်ကို ဖြန့်ဆန့်၍ နင်းတော်မူ၏ဟု မမှတ်သားအပ် ထိုစကားမှန်၏ မြတ်စွာဘုရား၏ ခြေတော်ကို ချသောကာလ၌ သာလျှင် တောင်တို့သည် ခြေတော်ရင်းသို့ ကိုင်းညွှတ်ကာ လာတဲ့၍ ခံယူကြရလေကုန်၏ မြတ်စွာဘုရားသည် ခြေတော်နင်းပြီးသော ကာလ၌ ထိုတောင်တို့သည် ထ၍ မိမိနေရာ၌သာ တည်ကြလေကုန်၏]။

သိကြားမင်းသည် မြတ်စွာဘုရားကိုမြင်လျှင် ပဏ္ဏကမ္မလာ ကျောက်ဖျာ၌ မြတ်စွာဘုရားသည် ဤဝါတွင်း သုံးလပတ်လုံး နေထိုင်သီတင်းသုံးခြင်းသို့ ကပ်ရောက်တော် မူလိမ့်မည်တကား များစွာသော နတ်တို့အားလည်း ကျေးဇူးများခြင်းသည် ဖြစ်ပေလတ္တံ့ မြတ်စွာဘုရားသည် ဤပဏ္ဏကမ္မလာ ကျောက်နေရာ၌ ဝါတွင်းသုံးလပတ်လုံး နေခြင်းသို့ ကပ်ရောက်လတ်သည်ရှိသော် တပါးသော နတ်တို့သည် လက်ကိုမျှလည်း ထားခြင်းငှါ ၁ မတတ်နိုင်ကြကုန်လတ္တံ့ ဤပဏ္ဏကမ္မလာ ကျောက်နေရာသည်ကား အလျားအားဖြင့် ယူဇနာခြောက်ဆယ်ရှိ၏ အနံ အားဖြင့် ယူဇနာ ငါးဆယ်ရှိ၏ အထူအားဖြင့် တဆဲ့ငါးယူဇနာရှိ၏ မြတ်စွာဘုရား နေထိုင်တော်မူသော်လည်း ၂အချည်းနှီးကဲ့သို့ ဖြစ်လတ္တံ့ဟု ကြံစည်လေ၏ မြတ်စွာဘုရားသည် ထိုသိကြားမင်း၏ အလိုကို သိတော်မူ၍ မိမိ၏ ဒုကုဋ္ဌသင်္ကန်းတော်ကို ပဏ္ဏကမ္မလာ ကျောက်နေရာကို ဖုံးလွှမ်းမိစေလျက် ပစ်၏ (ခင်းတော်မူ၏) သိကြားမင်းသည် သင်္ကန်းတော်ကို ရှေးဦးစွာ ဖုံးလွှမ်းစေလျက် ခင်းတော်မူဘိ၏ ကိုယ်တော်သည်ကား အနည်းငယ်သော နေရာ၌ နေထိုင်တော်မူလတ္တံ့ဟု ကြံစည်ပြန်လေ၏ မြတ်စွာဘုရားသည် ထိုသိကြားမင်း၏ အလိုကို သိတော်မူ၍ နိမ့်သော အင်းပျဉ်ငယ်ကို ပံသုကူဧတင်ဆောင် မထေရ်ကြီးသည် အတွင်းသွင်း၍ ထိုင်ဘိသကဲ့သို့ ပဏ္ဏကမ္မလာ ကျောက်နေရာကို သင်္ကန်းတော်၏ အဘို့အတွင်း၌သာ သွင်းထား၍ နေထိုင်တော်မူလေ၏။

လူအများ ငိုကြွေးကြခြင်း

များစွာသော လူအပေါင်းသည်လည်း ထိုခဏ၌ပင်လျှင် မြတ်စွာဘုရားကို ကြည့်ရှုလတ်သည်ရှိသော် မမြင်ရလေပြီ လမင်းဝင်သော အခါကဲ့သို့ငင်း နေမင်းဝင်သောအခါကဲ့သို့ငင်း ဖြစ်လေ၏ များစွာသော လူအပေါင်းသည် ဤသို့သော ငိုကြွေးမြည်တမ်းသံကို ငိုကြွေးမြည်တမ်းလျက် ဤဂါထာကို ဆိုလေ၏။

ဂတောနု စိတ္တကူဋ္ဌံဝါ၊ ကေလာသံဝါ ယုဂန္ဓရံ။
နနော ဒက္ခေမု သမ္မုဒ္ဓံ၊ လောကဇေဋ္ဌံ နရာသဘံ။

---

၁ ဘုရားရှင် သီတင်းသုံးရာ ဖြစ်သဖြင့် ပရိဘောဂစေတီထိုက်သောကြောင့် လက်မျှမတင်ဝံ့ကုန်လတ္တံ့ဟူလို။

၂ ဤမျှလောက်ကုယ်ဝန်းသောနေရာ၌ တဆဲ့ရှစ်တောင်မျှ အရင်္ဂါးသာ ဘုရားရှင်နေထိုင်လျှင် နေရာဘွဲ့ အလကားဝိုနေလိမ့်မည်ဟု နှလုံးသွင်းခြင်းဖြစ်၏။

ဘော၊ အိုအချင်းတို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ စိတ္တကူဋ္ဌံဝါ၊ စိတ္တကူဋ္ဌ တောင်သို့မူလည်း။ ဂတောနု၊ ကြွသွားတော်မူလေသလော။ ကေလာသံဝါ၊ ကေလာသတောင်သို့မူလည်း။ ဂတောနု၊ ကြွသွားတော်မူလေသလော။ ယုဂန္ဓရံဝါ၊ ယုဂန္ဓရ တောင်သို့မူလည်း။ ဂတောနု၊ ကြွသွားတော်မူလေသလော။ နရာသဘံ၊ နတ်လူတို့ထက် မြတ်ခြင်းကြီးမြတ်တော်မူထသော။ လောကဇေဋ္ဌံ၊ လောကသုံးပါး၏ အကြီးအမှူးဖြစ်တော်မူတတ်ထသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ နော၊ ငါတို့သည်။ နဒကွေမု၊ မမြင်ကြရပါကုန်တကား။

ဤဂါထာကို ရွတ်ဆိုလျက် ငိုကြွေးမြည်တမ်းလေ၏ တပါးသောလူအပေါင်းသည် မြတ်စွာဘုရားတို့မည်သည်ကား ဆိတ်ငြိမ်ရာ၌မွေ့လျော်၏ ထိုငါတို့မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ပရိသတ်၌ ဤသို့သဘောရှိသော တန်ခိုးပြာဋိဟာပြခြင်းကို ပြုမိ၏ဟု ရှက်စနိုးတော်မူသည်ဖြစ်၍ တပါးသော တိုင်းသို့ဂုင်း ဇနပုဒ်သို့ဂုင်း ကြွသွားတော်မူသည်ဖြစ်လတ္တံ့ ယခုအခါ မြတ်စွာဘုရားကို ငါတို့သည် ဖူးမြင်ကြရတော့မည် မဟုတ်ဟု ဆို၍ ငိုကြွေးမြည်တမ်းလိုရကား ဤဂါထာကိုမိန့်ဆိုလေ၏။

ပဝိဝေကရတော ဓီရော၊ နိမံလောကံ ပုနေဟိတိ။
နဒော ဒကွေမု သမ္ဗုဒ္ဓံ၊ လော့ကဇေဋ္ဌံ နရာသဘံ။

ဓီရော၊ မြဲမြံသော သမာဓိ ရှိတော်မူသော မြတ်စွာဘုရားသည်။ ပဝိဝေကရတော၊ ဆိတ်ငြိမ်ရာ အရပ်၌ မွေ့လျော်တော် မူလေ့ရှိ၏။ ဣမံလောကံ၊ ဤလောကကို။ ပုန၊ တဖန်။ နဧဟိတိ၊ မကြွလာတော့လတ္တံ့။ နရာသဘံ၊ နတ်လူတို့ထက် မြတ်ခြင်းကြီး မြတ်တော်မူထသော။ လောကဇေဋ္ဌံ၊ လောက၏ အကြီးအမှူး ဖြစ်တော်မူထသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နော၊ ငါတို့သည်။ နဒကွေမု၊ မမြင်ကြရပါကုန် တကား။

ဘုရားကို ဖူးတွေ့လိုကြောင်းနှင့် ဇွဲကောင်းကြသော လူအပေါင်း

ထိုလူတို့သည် ရှင်မောဂ္ဂလာန်ကို အရှင်ဘုရား မြတ်စွာဘုရားသည် အဘယ် အရပ်၌ ရှိပါသနည်းဘုရားဟု မေးကြလေကုန်၏ ရှင်မောဂ္ဂလာန်သည် ကိုယ်တိုင်

သိသော်လည်း ဤသို့ပြုလတ်သော် တပါးသော ရဟန်းတို့၏လည်း ဂုဏ်ကျေးဇူးတို့သည် ထင်ရှားစွာဖြစ်ကြကုန်၏ဟု မြတ်သောအလိုတော်အားဖြင့် ရှင်အနုရုဒ္ဓါကို မေးမြန်းကြကုန်လေ့ဟု မိန့်တော်မူလေ၏ လူတို့သည် အနုရုဒ္ဓါမထေရ်ကို ရှင်မောဂ္ဂလာန်ဆိုတိုင်း အရှင်ဘုရား မြတ်စွာဘုရားသည်အဘယ်အရပ်မှာပါနည်း ဘုရားဟု မေးလျှောက်ကြလေကုန်၏ တာဝတိံသာနတ်ပြည်ဝယ် ပဏ္ဍုကမ္ဗလာကျောက်နေရာ၌ ဝါကပ်တော်မူလျက် မယ်တော်အား အဘိဓမ္မာ ပိဋကတ်ကို ဟောကြားတော်မူခြင်းငှါ ကြွသွားတော်မူ၏ဟု မိန့်ဆိုတော်မူလျှင် အရှင်ဘုရား အဘယ်ကာလ၌ ပြန်ကြွလာပါအံ့နည်း ဘုရားဟု မေးကြပြန်ကုန်၏ သုံးလတို့ပတ်လုံး အဘိဓမ္မာပိဋကတ်ကို ဟောကြားတော်မူပြီးလျှင် [၁] မဟာပဝါရဏာနေ့၌ ပြန်ကြွလာတော် မူလတ္တံ့ဟု မိန့်ဆိုလတ်သည်ရှိသော် လူတို့သည် မြတ်စွာဘုရားကို မဖူးမြင်ရသော် မသွားကြကုန်အံ့ဟု နှလုံးပြုလျက် ထိုဘဝတ္ထုပြည် တန်ခိုးပြရာ အရပ်၌သာလျှင် သစ်ခက်တပ်ကို ဖွဲ့ကြရကုန်၏ ကောင်းကင်သည် သာလျှင် ထိုသူတို့အား အမိုးဖြစ်သတတ် မျှားစွာသော ထိုပရိသတ်၏ကိုယ် အညစ်အကြေး မသန့်စင်သော အရာမည်သည် ထင်ရှားလာသည် ဖြစ်အံ့ မဟာပထဝီ မြေကြီးသည် ဟင်းလင်း အကြားအပေါက်ကို ပေးလေ၏ အလုံးစုံသော အရပ်၌ မြေအပြင်သည် ထက်ဝန်းကျင် စင်ကြယ်သည်သာ ဖြစ်လေ၏ မြတ်စွာဘုရားသည် ရှေးဦးစွာကပင်လျှင် ရှင်မောဂ္ဂလာန်မထေရ်ကို ချစ်သား မောဂ္ဂလာန် သင်သည် ဤပရိသတ်အား တရားဟောရစ်လော့ စူဠအနာထပိဏ်သူဌေးသည် အစာအာဟာရ ကျွေးမွေးလှူဒါန်းလတ္တံ့ဟု မိန့်တော်မူ၏ တို့ကြောင့် ထိုဝါတွင်းသုံးလ ပတ်လုံး စူဠအနာထပိဏ် သူဌေးသည်သာလျှင် ထိုပရိသတ်အား နံနက်စာ စားအံ့သောအခါ ယာဂုထမင်းကိုဌင်း ခဲဘွယ်, ကွမ်း, ဆီ, နှံသာ, ပန်း, ဆင်ယင်စရာတန်ဆာတို့ကိုဌင်း ပေးလေ၏ ရှင်မဟာမောဂ္ဂလာန်သည် တရားတော်ကို ဟောတော်မူလေ၏ တန်ခိုးပြာဋိဟာကို ဖူးမြင်ခြင်းငှါ ရောက်လာတိုင်း ရောက်လာတိုင်း ဖြစ်သောသူတို့သည် မေးအပ်သော ပြဿနာတို့ကိုလည်း ဖြေဆိုတော်မူလေ၏။

---

၁ မဟာ+ပဝါရဏာနေ့=များစွာသော ရဟန်းတို့သည်+အာရုဏ်းချင်း ဘိတ်ကြားသော နေ့ရက်။ (သီဘင်းကျွတ်သပြည့်နေ့) ဟူလို။

(၁) ၁၄၃-၂၃

ဘုရားအနီး နတ်တို့စည်းဝေးလာပုံ

မြတ်စွာဘုရားကိုလည်း မယ်တော်အား အဘိဓမ္မာတရား ဟောကြားတော်မူခြင်းငှါ ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ ဝါကပ်တော်မူလတ်သည်ရှိသော် တသောင်းသော စကြဝဠာ၌ နေကုန်သော နတ်ဗြဟ္မာတို့သည် ခြံရံကြလေကုန်၏ ထို့ကြောင့် ဤဂါထာအပေါင်း ကို မိန့်ဆိုအပ်၏။

တာဝတိံသေ ယဒါ ဗုဒ္ဓေါ၊ သိလာယံ ပဏ္ဍုကမ္ဗလေ။
ပါရိဆတ္တကမူလမ္ဗိ၊ ဝိဟာသိ ပုရိသုတ္တမော။
ဒသသု လောကဓာတူသု၊ သန္နိပတိတ္ဝာန ဒေဝတာ။
ပယိရုပါသန္တိ သမ္မုဒ္ဓံ၊ ဝသန္တံ နဂမုဒ္ဓနိ။
နကောစိ ဒေဝေါ ဝဏ္ဏေန၊ သမ္မုဒ္ဓဿ ဝိရောစတိ။
သဗ္ဗေဒေဝေ အတိက္ကမ္မ၊ သမ္မုဒ္ဓေါ ဝိရောစတိ။

ယဒါ၊ အကြောင်အခါ၌။ ပုရိသုတ္တမော၊ ယောကျိုး တကာတို့ထက် မြတ်တော်မူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ တာဝတိံသေ၊ တာဝတိံသာနတ်ပြည်၌။ ပါရိဆတ္တက မူလမ္ဗိ၊ ပင်လယ်ကသစ်ပင်ရင်း၌။ ပဏ္ဍုကမ္ဗလေ၊ ပဏ္ဍုကမ္ဗလာ အမည်ရှိသော။ သိလာယံ၊ ကျောက်ဖျာ၌။ ဝိဟာသိ၊ နေတော်မူ၏။

တဒါ၊ ထိုအခါ၌။ ဒသသုလောကဓာတူသု၊ တသောင်းသော လောကဓာတ်တို့၌။ ဒေဝတာ၊ နေကြကုန်သော နတ်တို့သည်။ သန္နိပတိတ္ဝာန၊ စည်းဝေးကြ၍။ နဂမုဒ္ဓနိ၊ မြင်းမိုရ်တောင်ထိပ်၌။ ဝသန္တံ၊ သီတင်းသုံး နေတော်မူသော။ သမ္မုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပယိရုပါသန္တိ၊ ဆည်းကပ်ကြလေကုန်၏။

ကောစိ၊ တစုံတယောက်သော။ ဒေဝေါ၊ နတ်ဗြဟ္မာသည်။ သမ္မုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သန္တိကေ၊ ထံတော်ပါးနား၌။ ဝဏ္ဏေန၊ အရောင်အဆင်းအား ဖြင့်။ နဝိရောစတိ၊ မတင့်တယ် မထွန်းပနိုင်။ တနည်းကား။ သမ္မုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဝဏ္ဏေန၊ အဆင်းအရောင်တော်ကြောင့်။ နဝိရောစတိ၊ မတောက်ပနိုင်။ သမ္မုဒ္ဓေါဝ၊ မြတ်စွာဘုရားသည်သာလျှင်။ သဗ္ဗေဒေဝေ၊ အလုံးစုံသော နတ်ဗြဟ္မာတို့ကို။ အတိက္ကမ္မ၊ လွန်၍။ ဝိရောစတိ၊ တင့်တယ်တော်မူပေ၏။

ဤသို့လျှင် အလုံးစုံသော နတ်ဗြဟ္မာတို့ကို ကိုယ်တော်မြတ်၏ ကိုယ်တော်ရောင်ဖြင့် နှိပ်နင်း လွှမ်းမိုး၍နေတော်မူသော မြတ်စွာဘုရား၏ အထံတော်သို့

မယ်တော်သည် တုသိတာနတ်ပြည်မှလာ၍ လက်ျာနံပါး၌ နေထိုင်လေ၏ ဣန္ဒ့ကနတ်သားသည်လည်း လာ၍ လက်ျာနံပါး၌သာလျှင် နေလေ၏ အာကုံရနတ်သားသည် လက်ဝဲနံပါး၌ နေလေ၏ ထိုအာကုံရနတ်သားသည် တန်ခိုးကြီးသော နတ်တို့စည်းဝေး ရောက်လာကြကုန်သည်ရှိသော် ဖဲသွားရ၍ တဆဲ့နှစ်ယူဇနာ ကွာလှမ်းသောအရပ်၌ နေရာကိုရလေ၏ ဣန္ဒ့ကနတ်သားသည်ကား ထိုလက်ျာနံပါး၌သာ နေလေ၏။

အာကုံရနတ်သား အကြောင်း

မြတ်စွာဘုရားသည် ထိုနတ်သားနှစ်ယောက်စလုံးတို့ကိုလည်း ကြည့်ရှုတော်မူ၍ ကိုယ်တော်မြတ်၏ သာသနာတော်၌ မြတ်သော အလှူကို ခံထိုက်သော ပုဂ္ဂိုလ်တို့အား ပေးလှူအပ်သောအလှူ၏ အကျိုးကြီးမြတ်သည်အဖြစ်ကို အပြားအားဖြင့် သိစေတော်မူလိုသည်ဖြစ်၍ အာကုံရနတ်သား သင်သည် ရှည်ကြာသော အသက် အပိုင်းအခြားရှိသော အနှစ်တသောင်း အတိုင်းအရှည်ရှိသော ကာလတို့ပတ်လုံး တဆဲ့နှစ်ယူဇနာရှိသော ခုံလောက်အစဉ်ကိုပြု၍ ကြီးစွာသောအလှူကိုပေးလှူဘိ၏ ယခုအခါ ငါဘုရား၏ အစည်းအငေးသို့ ရောက်လာသည်ရှိသော် တဆဲ့နှစ်ယူဇနာ အတိုင်းအရှည်ရှိသော အရပ်၌ နေရာကို ရဘိ၏ ဤအရာ၌ အကြောင်းကား အဘယ်နည်းဟု မိန့်တော်မူလေ၏ ထိုစကားမှန်၏ ဤဂါထာ အပေါင်းကိုလည်း ဆိုအပ်သည်သာတည်း။

သြလောကေတ္တာန သမ္မုဒ္ဓေါ၊ အာကုံရဋ္ဌာပိ ဣန္ဒ့ကံ။
ဒက္ခိဏေယျံ ဝိဘာဝေန္တော၊ ဣဒံ ဝစနမဗြဝိ။
မဟာဒါနံ တယာဒိန္နံ၊ အာကုံရ ဒိဃမန္တရေ။
အတိဒူရေ နိသိန္နောသိ၊ အာဂန္တွာ မမ သန္တိကေ။

သမ္မာသမ္မုဒ္ဓေါ၊မြတ်စွာဘုရားသည်။ အာကုံရဋ္ဌာပိ၊ အာကုံရ နတ်သားကိုဌင်း။ ဣန္ဒ့ကဋ္ဌ၊ ဣန္ဒ့က နတ်သားကိုဌင်း။ သြလောကေတ္တာန၊ကြည့်ရှုတော်မူလတ်၍။ ဒက္ခိဏေယျံ၊ မြတ်သော အလှူခံအား လှူရခြင်း၏အကျိုးကြီးသည် အဖြစ်ကို။ ဝိဘာဝေန္တော၊ ထင်ရှား ပြတော် မူလိုသည်ဖြစ်၍။ ဣဒံဝစနံ၊ ဤစကားကို။ အဗြဝိ၊ မိန့်ဆိုတော်မူလေ၏။

အာကုံရ၊ အကုံရနတ်သား။ တယာ၊ သင်သည်။ ဒီဃမန္တရ၊ ရှည်စွာသော အနှစ်တဒသောင်းတို့ပတ်လုံး။ မဟာဒါနံ၊ ကြီးစွာသော အလှူကို။ ဒိန္နံ၊ပေးလှူအပ်ပြီ။ မမသန္တိကေ၊ ငါ၏ ထံပါးအနီးသို့။ အာဂန္ဆာ၊ ရောက်လာသည် ရှိသော်။ အတိဒူရေ၊ အလွန်ဝေးသောအရပ်၌။ နိသိန္နော၊ နေရသည်။ အသိ၊ ဖြစ်လေဘိသလော။

ထိုမေးသော အသံတော်သည် မြေအပြင်သို့ ရောက်လေ၏ ထိုအသံတော်ကို အလုံးစုံသော ပရိသတ်တို့သည်လည်း ကြားသိကြရလေကုန်၏ ဤသို့ မိန့်တော်မူသည်ရှိသော်—

စောဒိတော ဘာဝိတတ္တေန၊ အကုံရော တေမဗြဝိ။
ကိံ မယ္ဟံ တေန ဒါနေန၊ ဒက္ခိဏေယျေန သုညတံ။
အယံ သော ဣန္ဒကော ယက္ခော၊ ဒဇ္ဇော ဒါနံ ပရိတ္တကံ။
အတိရောစတိ အမ္ဟေဟိ၊ စန္ဒော တာရဂဏေ ယထာ။

ဘာဝိတတ္တေန၊ ထင်ရှားပြခြင်းငှါ အလိုရှိတော်မူသော မြတ်စွာဘုရားသည်။ စောဒိတော၊ တိုက်တွန်းအပ်သည်ရှိသော်။ အကုံရော၊ အကုံရနတ်သားသည်။ တေံ၊ ဤစကားကို။ အဗြဝိ၊ လျှောက်ဆိုလေ၏။ ဘန္တေ၊ ရှင်ဘုန်းတော်သခင် ရှင်ပင်ဘုရား။ မယ္ဟံ၊ တပည့်တော်အား။ ဒက္ခိဏေယျေန၊ မြတ်သောအလှူခံ ပုဂ္ဂိုလ်မှ။ သုညတံ-သုညတေန၊ ကင်းဆိတ်သော။ တေနဒါနေန၊ ထိုအလှူကြီးဖြင့်။ ကိံ၊ အဘယ်အကျိုး ရှိပါအံ့နည်းဘုရား။

အယံသောဣန္ဒကောယက္ခော၊ ဤဣန္ဒကနတ်သားသည်။ ပရိတ္တကံ၊ အနည်းငယ်သော။ ဒါနံ၊အလှူကို။ ဒဇ္ဇောဒတ္ဝာ၊ ပေးလှူပြီး၍။တာရဂဏော-တာရဂဏောဟိ၊ ကြယ်အပေါင်းတို့ထက်။ စန္ဒော၊ လသည်။ အတိရောစတိယထာ၊ အလွန်တင့်တယ်သကဲ့သို့။ အမ္ဟေဟိ၊ တပည့်တော်တို့ထက်။ အတိရောစတိ၊ အလွန်တင့်တယ်ပါသည်ဘုရား။

ဣန္ဒကနတ်သား အကြောင်း

ဤသို့ အကုံရနတ်သား လျှောက်ဆိုလတ်သည်ရှိသော် မြတ်စွာဘုရားသည် ဣန္ဒကနတ်သားကို ဣန္ဒကနတ်သား သင်သည်ငါဘုရား၏ လက်ျာနံပါး၌ နေ

ထိုင်၏ အဘယ့်ကြောင့် မဖဲသွားမူ၍ သာလျှင် နေထိုင်ရာဘိသနည်းဟု မိန့်တော်မူလေ၏ မြတ်စွာဘုရားကို တပည့်တော်သည် ကောင်းသော လယ်တာမြေရာ၌ အနည်းငယ်သော မျိုးစေကို စိုက်ပျိုးသော လယ်ထွန်သမားကဲ့သို့ မြတ်သော အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်းကို ရပါသည်ဘုရားဟု မြတ်သော အလှူခံအား လှူရခြင်း၏ အကျိုးကြီးသည်အဖြစ်ကို ထင်ရှားပြလိုရကား ဤဂါထာအပေါင်းကို ဆိုလေ၏။

ဥဇ္ဇင်္ဂလေ ယထာ ခေတ္တေ၊ ဗီဇံ ဗဟုကံ ရောပိတံ။
န ဝိပုလံ ဖလံ ဟောတိ၊ နာပိ တောသေတိ ကဿကံ။

တထေဝ ဒါနံ ဗဟုကံ၊ ဒုဿီလေသု ပတိဋ္ဌိတံ။
န ဝိပုလံ ဖလံ ဟောတိ၊ နာပိ တောသေတိ ဒါယကံ။

ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပမ္ပိ ရောပိတံ။
သမ္မာခာရေ ပဝတ္တန္တေ၊ ဖလံ တောသေတိ ကဿကံ။

တထေဝ သီလဝန္တေသု၊ ဂုဏဝန္တေသု တာဒိသု။
အပ္ပကမ္ပိ ကတံ ကာရုံ၊ ပုညံ ဟောတိ မဟပ္ဖလံ။

ဥဇ္ဇင်္ဂလေ၊ ကြပ်တည်းမြေပြင် ဖြစ်သော။ ခေတ္တေ၊ လယ်၌။ ရောပိတံ၊ စိုက်ပျိုးအပ်သော။ ဗဟုကံ၊ များစွာသော။ ဗီဇံ၊ မျိုးစေ့သည်။ ဝိပုလံ၊ များစွာပြန့်ပြောသော။ ဖလံ၊ အသီးသည်။ နဟောတိ၊ မဖြစ်သကဲ့သို့။ ကဿကံ၊ လယ်လုပ်သမားကို။ နာပိတောသေတိယထာ၊ မနှစ်သက်စေသကဲ့သို့ဌင်း။

တထေဝ၊ ထို့အတူသာလျှင်။ ဒုဿီလေသု၊သီလမရှိသောပုဂ္ဂိုလ်တို့၌။ဗဟုကံ၊ များစွာ။ ပတိဋ္ဌိတံ၊ တည်သော။ ဝါ၊ ပေးလှူအပ်သော။ ဒါနံ၊ အလှူသည်။ ဝိပုလံ၊ များစွာပြန့်ပြောသော။ ဖလံ၊အကျိုးသည်။ နဟောတိ၊ မဖြစ်။ ဒါယကံ၊ အလှူရှင်ကို။ နာပိတောသေတိ၊ နှစ်သက်လည်း မနှစ်သက်စေတတ်။

ဘဒ္ဒကေ၊ ကောင်းသော။ ခေတ္တေ၊ လယ်၌။ ရောပိတံ၊ စိုက်ပျိုးအပ်သော။ အပ္ပံ၊ အနည်းငယ်မျှသော။ ဗီဇံ၊ မျိုးစေ့သည်။ သမ္မာခာရေ၊ မစဲမပြတ်ကောင်းသော ရေအယဉ်ရှိသော မိုးသည်။ ပဝတ္တန္တေ၊ ရွာလတ်သည်ရှိသော်။ ဖလံ၊ အသီးသည်။ ကဿကံ၊ လယ်ထွန်သမားကို။ တောသေတိယထာပိ၊ နှစ်သက်စေသကဲ့သို့ဌင်း။

တထေဝ၊ ထို့အတူသာလျှင်။ သီလဝန္တောသူ၊ သီလဝန် ဖြစ်ကုန်သော။ ဂုဏဝန္တောသူ၊ ဂုဏဝန်ဖြစ်ကုန်သော။ တာဒိသူ၊ သည်းခံခြင်း ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့၌။ ကတံ၊ ပြုအပ်သော။ အပွကံပိ၊ အနည်းငယ်မျှလည်း ဖြစ်သော။ ကာရံ၊ ကုသိုလ်ဟု ဆိုအပ်သော။ ပုညံ၊ ကောင်းမှုသည်။ မဟပ္ဖလံ၊ များသောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်ပါသည်ဘုရား။

ထိုဣန္ဒကနတ်သားရှေး၌ပြုအပ်သော ကောင်းမှုကံသည် အဘယ်နည်းဟူမူကား ထိုဣန္ဒကနတ်သား အလောင်းသည် အနုရုဒ္ဓါမထေရ် ရှာတင်းသို့ ဆွမ်းအလို့ငှါ ကြွဝင်လတ်သည်ရှိသော် မိမိအလို့ငှါဆောင်ယူလာခဲ့သော တယောက်မျှသောဆွမ်းကို ပေးလှူစေဘူးသတတ် ထိုအခါ၌ ပြုအပ်သော ထိုဣန္ဒကနတ်သား၏ ကောင်းမှုသည် အကုံရ နတ်သားသည် အနှစ်တသောင်းတိုပတ်လုံး တဆဲနှစ်ယူဇနာတိုင်တိုင် ခုံလောက်အစဉ်ကိုပြု၍ ပေးလှူအပ်သော အလှူထက် သာလွန်၍ အကျိုးကြီးမြတ်သည်ဖြစ်လေ၏ ထို့ကြောင့်ဤသို့လျှောက်ဆိုလေ၏။

ရွှေးချယ်၍ လှူသင့်ကြောင်း တရားတော်

ဤသို့ လျှောက်ဆိုလတ်သည်ရှိသော် မြတ်စွာဘုရားသည် အကုံရနတ်သား အလှူမည်သည်ကား ရွေးချယ်စိစစ်၍ လှူခြင်းငှါသင့်၏ ဤသို့ ရွေးချယ် စိစစ်၍ ပေးလှူသည်ရှိသော် ကောင်းသော လယ်မြေတို့၌ စိုက်ပျိုးအပ်သော မျိုးစေ့ကဲ့သို့မျှားသော အကျိုးရှိသည်ဖြစ်၏ သင်သည်ကား ထိုသို့သောအခြင်းဖြင့် မပြုဘိ ထို့ကြောင့် သင်၏ အလှူသည် မျှားသောအကျိုးရှိသည်မဖြစ်ဟု မိန့်တော်မူ၍ ဤအနက်ကို ထင်စွာပြလိုရကား။

ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထံ၊
ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။

ယတ္ထ၊ အကြင်ပုဂ္ဂိုလ်၌။ ဝါ အကြင်ပုဂ္ဂိုလ်အား။ ဒိန္နံ၊ ပေးလှူအပ်သော အလှူသည်။ယသ္မာ၊ အကြင်ကြောင့်။ မဟပ္ဖလံ၊ များသောအကျိုးရှိ၏။တသ္မာ၊

ဆို့ကြောင့်။ ဝိစေယျ၊ ရွေးချယ်စိစစ်၍။ တတ္ထ၊ ထိုပုဂ္ဂိုလ်၌။ဝါ၊ ထိုပုဂ္ဂိုလ်အား။. ဒါနံ၊ အလှူကို။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ ဝိစေယျ၊ ရွေးချယ်စိစစ်၍။ ဒါနံ၊လှူခြင်းကို။ သုဂတပပ္ပဿတ္ထံ၊ မြတ်စွာဘုရားတို့သည် ချီးမွမ်းအပ်၏။ ဣဓဇီဝလောကေ၊ ဤသတ္တလောကဌ်။ ယေဒက္ခိဏေယျာ၊ အကြင် မြတ်သော အလှူခံပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။။တေသု၊ ထိုမြတ်သော အလှူခံပုဂ္ဂိုလ်တို့၌။ဝါ:တို့အား။ ဒိန္နာနိ၊ ပေးလှူအပ်သော အလှူတို့သည်။ သုခေတ္တေ၊ လယ်တာမြေကောင်း၌။ ဝုတ္တာနိ၊ စိုက်ပျိုးအပ်ကုန်သော။ ဗီဇာနိယထာ၊ မျိုးစေ့တို့ကဲ့သို့။ မဟပ္ဖလာနိ၊ များသော အကျိုးရှိကုန်၏။

ဤသို့ မိန့်တော်မူပြီးလျှင် ထိုထက်အလွန်လည်း တရားစကား ဟောကြားတော်မူလိုသော သုံးလှုံ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်ကြားတော်မူလေ၏။

တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံ ပဇာ။
တသ္မာဟိ ဝိတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
တိဏဒေါသာနိ ခေတ္တာနိ၊ ဒေါသဒေါသာ အယံ ပဇာ။
တသ္မာဟိ ဝိတဒေါသေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
တိဏဒေါသာနိ ခေတ္တာနိ မောဟဒေါသာ အယံ ပဇာ။
တသ္မာဟိ ဝိတမောဟေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
တိဏဒေါသာနိ ခေတ္တာနိ၊ ဣစ္ဆာဒေါသာ အယံ ပဇာ။
တသ္မာဟိ ဝိဂတိစ္ဆေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

ခေတ္တာနိ၊ လယ်တို့သည်။ တိဏဒေါသာနိ၊ မြက်ပင် ပေါက်ရောက်ခြင်းကြောင့် အပြစ်ရှိကုန်၏။ အယံပဇာ၊ ဤသတ္တဝါအပေါင်းသည်။ ရာဂဒေါသာ၊ ရာဂကြောင့် အပြစ်ရှိကုန်၏။ တသ္မာဟိ၊ ထို့ကြောင့်သာလျှင်။ ဝိတရာဂေသု၊ ရာဂကင်းကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၌။ ဒိန္နံ၊ ပေးလှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ များမြတ်သော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

ခေတ္တာနိ၊ လယ်တို့သည်။ တိဏဒေါသာနိ၊ မြက်ပင် ပေါက်ရောက်ခြင်းကြောင့် အပြစ်ရှိကုန်၏။အယံပဇာ၊ ဤသတ္တဝါအပေါင်းသည်။ ဒေါသဒေါသာ၊ ဒေါသကြောင့် အပြစ်ရှိကုန်၏။ တသ္မာဟိ၊ ထို့ကြောင့်သာလျှင်။ဝိတဒေါသေသု၊

ဒေါသကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့၌။ ဒိန္နံ၊ ပေးလှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ များမြတ်သော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

ခေတ္တာနိ၊ လယ်တို့သည်။ တိဏဒေါသာနိ၊ မြက်ပင် ပေါက်ရောက်ခြင်းကြောင့် အပြစ်ရှိကုန်၏။ အယံပဇာ၊ ဤသတ္တဝါအပေါင်းသည်။ မောဟဒေါသာ၊ မောဟကြောင့် အပြစ်ရှိ၏။ တသ္မာဟိ၊ ထို့ကြောင့်သာလျှင်။ ဝီတမောဟေသု၊ မောဟကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့၌။ ဒိန္နံ၊ ပေးလှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ များမြတ်သော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

ခေတ္တာနိ၊လယ်တို့သည်။ တိဏဒေါသာနိ၊မြက်ပင်ပေါက် ရောက်ခြင်းကြောင့် အပြစ်ရှိကုန်၏။ အယံပဇာ၊ဤသတ္တဝါ အပေါင်းသည်။ဣစ္ဆာဒေါသာ၊မကောင်းသော အလိုရမ်းကြောင့် အပြစ်ရှိ၏။ တသ္မာဟိ၊ ထို့ကြောင့် သာလျှင်။ ဝိဂတိစ္ဆေသု၊ ကင်းသော အလိုရမ်းရှိကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့၌။ ဒိန္နံ၊ ပေးလှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ များမြတ်သော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

ဒေသနာတော်၏ အဆုံး၌ အကုံရနတ်သားသည်၎င်း ဣန္ဒကနတ်သားသည်၎င်း သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏ တဝတိံသာနတ်ပြည်၌ ဟောကြားတော်မူအပ်သော ဒေသနာတော်သည် များစွာသော လူအပေါင်းအားလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်တော်မူလေ၏။

လင်းနို့သား ရဟန်းငါးရာအကြောင်း

ထို့နောင်မှ မြတ်စွာဘုရားသည် နတ်ပရိသတ်၏အလယ်၌ နေတော်မူလျက်ပင် မယ်တော်ကို အကြောင်းပြု၍ ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ အစရှိသော အဘိဓမ္မာ ပိဋကတ်ကို ဖြစ်စေတော်မူ၏ (ဟောကြားတော်မူလေ၏) ဤသို့လျှင် သုံးလတို့ပတ်လုံး မပြတ် အဘိဓမ္မာပိဋကတ်ကို ဟောကြားတော်မူလေ၏ ထို့သို့ပင် ဟောတော်မူသော်လည်း ဆုမ်းခံလှည့်လည်သင့်သော အခါ၌ ငါဘုရားပြန်ကြွလာသည်တိုင်အောင် ဤမျှလောက်သော တရားဒေသနာတော်ကို ဟောရစ်စေသတည်းဟု နိမိတ ဘုရားကို ဖန်ဆင်းတော်မူပြီးလျှင် ဟိမဝန္တာသို့ ကြွသွားတော်မူ၍ နဂါးပြည်၌ဖြစ်သော နာဂ လတာမည်သော

နွယ်ချို့တန်ပူကို ခဲတော်မူသဖြင့် အနဝတတ်အိုင်၌ မျက်နှာသစ်တော်မူပြီးလျှင် မြောက်ကျွန်းမှ ဆွမ်းကို ၂ဆောင်ယူတော်မူ၍ အင်ကြင်းပင်ကြီး တည်းဟူသော တန်ဆောင်း၌ နေထိုင်တော်မူလျက် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုတော်မူလေ၏ ရှင်သာရိပုတြာမထေရ်သည် ထိုအရပ်သို့ ကြွသွား၍ မြတ်စွာဘုရားအား ဝတ်ကြီးဝတ်ငယ်ကို ပြုစုတော်မူ၏ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးခြင်း ကိစ္စ ပြီးဆုံးသော အခါ၌ ချစ်သား သာရိပုတြာ ယနေ့ငါဘုရားသည် ဤမျှလောက်သော အဘိဓမ္မာတရားကို ဟောအပ်ပြီ သင်သည် မိမိ၏တပည့်ဖြစ်သော ရဟန်းတို့အား ပို့ချလော့ဟု ရှင်သာရိပုတြာမထေရ်အား မိန့်ကြားတော်မူလေ၏။

[ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာပြတော်မူရာ၌ ကြည်ညိုသည်ဖြစ်၍ ငါးရာသော အမျိုးကောင်းသားတို့သည် ရှင်သာရိပုတြာ မထေရ်၏ အထံတော်၌ ရဟန်းပြုကြကုန်သတတ် ထိုငါးရာသောရဟန်းတို့ကို ရည်မှန်းတော်မူ၍ အရှင်သာပုရိတြာမထေရ်ကို ဤသို့မိန့်ကြားတော်မူလေ၏]။

မိန့်ကြားတော်မူပြီးသည်ရှိသော်ကား နတ်ပြည်သို့ ကြွသွားတော်မူ၍ နိမ္မိတဘုရားသည် ဟောအပ်သော နေရာမှစ၍ ကိုယ်တော်တိုင် တရားကို ဟောကြားတော်မူပြန်လေ၏ ရှင်သာရိပုတြာ မထေရ်သည်လည်း ကြွတော်မူ၍ ထိုငါးရာကုန်သော ရဟန်းတို့အား အဘိဓမ္မာ တရားကိုဟောကြားတော်မူလေ၏ ထိုငါးရာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားသည် နတ်ပြည်၌ နေတော်မူစဉ်သာလျှင် အဘိဓမ္မာ ခုနစ်ကျမ်းကို ဆောင်နိုင်သော ပုဂ္ဂိုလ်တို့ ဖြစ်ကြလေကုန်၏။

[ထိုငါးရာသော ရဟန်းတို့သည်ကား ကဿပ မြတ်စွာဘုရား၏ လက်ထက်တော်အခါ၌ လင်းနို့သားငယ် ငါးရာဖြစ်၍ တခုသော တိုက်ခန်း အတွင်း၌ တဲလျှားဆွဲကုန်လျက် မထေရ်နှစ်ပါးတို့သည် စကြံသွား၍ အဘိဓမ္မာတရားကို သရဇ္ဈာယ်ကြကုန်စဉ် ကြားနာရသဖြင့် အသံ၌ အာရုံကို ယူကြဘူးကုန်သတတ်]။

ထိုလင်းနို့သားငယ် ငါးရာတို့သည် ဤသည်တို့ကား ခန္ဓာတို့မည်ကုန်၏ ဤသည်တို့ကား ဓာတ်တို့မည်ကုန်၏ ဤသို့ အစရှိသည်တို့ဖြင့် မသိမူ၍ အသံ၌ အာရုံကို ယူခြင်းမျှဖြင့်သာလျှင် ထိုလင်းနို့အဖြစ်မှ စုတေသည်ရှိသော် နတ်ပြည်၌ ဖြစ်ကြလေကုန်၏ ထိုနတ်သားတို့သည်လည်း နှစ်ဆူသော ဘုရားရှင်တို့၏

တခုသော အကြားကာလပတ်လုံး နတ်စည်းစိမ်ကို အစဉ်အတိုင်း ခံစားပြီး၍ ထိုနတ်ပြည်မှ စုတေခဲ့ပြန်သော် သာဝတ္ထိပြည်ဝယ် အမျိုးကောင်းအိမ်တို့၌ ဖြစ်ကြကုန်၏ ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာ ပြတော်မူသော အခါ၌ ဖြစ်သော ကြည်ညိုခြင်း ရှိကုန်သည်ဖြစ်၍ အရှင်သာရိပုတြာ၏ အထံတော်၌ ရဟန်းပြုကြပြီးလျှင် အလုံးစုံသောသူတို့၏ ရှေးဦးစွာ အဘိဓမ္မာ ခုနစ်ကျမ်းကို ဆောင်နိုင်သော ပုဂ္ဂိုလ်တို့ဖြစ်ကြလေကုန်၏ မြတ်စွာဘုရားသည်လည်း ထိုသို့သော နည်းအားဖြင့် ထိုဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာ ဒေသနာကို ဟောကြားတော်မူလေ၏ ဤအဘိဓမ္မာ ဒေသနာတော်၏ အဆုံး၌ ကုဋ္ဌေ ရှစ်သောင်းသောနတ်တို့အား သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းသည်ဖြစ်လေ၏ မယ်တော်[၁] မဟာမာယာသည်လည်း သောတာပတ္တိဖိုလ်၌တည်လေ၏။

ရှင်မောဂ္ဂလာန် ဘုရားထံ တက်သွားပုံ

ထိုသုံးဆဲ့ခြောက်ယူဇနာ အဝန်းရှိသော ပရိသတ် သည်လည်း ယခုအခါ ခုနစ်ရက်မြောက်သောနေ့၌ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ ဖြစ်လတ္တံ့ ဟု နှလုံးသွင်းခြင်းကိုပြု၍ ရှင်မဟာမောဂ္ဂလာန်မထေရ်သို့ ချဉ်းကပ်လျက် အရှင်ဘုရား မြတ်စွာဘုရား၏ သက်ဆင်းတော် မူအံ့သော နေ့ကို သိစိမ့်သောငှါ သင့်လျော်ပါသည်ဘုရား တပည့်တော်တို့သည် မြတ်စွာဘုရားကို မဖူးမြင်ရဘဲ ပြန်သွားကြလိမ့်မည် မဟုတ်ပါ ဘုရားဟု လျှောက်ကြား လေ၏ ရှင်မဟာမောဂ္ဂလာန်မထေရ်သည် ထိုစကားကို ကြားရလျှင် ကောင်းပြီ ဒါယကာတို့ဟု ဆို၍ ထိုနေရာ၌ပင် မြေပြင်၌ ငုပ်လျှိုးလျက် မြင်းမိုရ်တောင် ခြေရင်းသို့ တက်သော ငါမောဂ္ဂလာန်ကို ပရိသတ်တို့သည် မြင်ကြပါစေကုန်သတည်းဟု ဓိဋ္ဌာန်တော်မူသဖြင့် ပတ္တမြားရတနာဖြင့် သီကုံးအပ်သော ဖြော့သောအဆင်းရှိသော ကမ္မလာကြိုးကဲ့သို့ ထင်ရှားသော သဘောရှိသည်ဖြစ်၍ သာလျှင် မြင်းမိုရ်တောင်၏ အူတိုင်သဖွယ် အလယ်နေရာဖြင့် တက်တော်မူလေ၏ လူတို့

---

၁ ဤဝတ္ထုဉ် မယ်တော်မာယာသည် နတ်ပြည်၌ နတ်သွီးအဖြစ်ဖြင့်သာ ဖြစ်လေသကဲ့သို့ ရှိလေတော့၏ (သတ္တတကျမ်းအချိုဉ်လည်း ဒုတ္တရစရိယာကျင့်ခဏ်း၌ မယ်တော်မာယာ နတ်သွီးလာ၍ ဝိုးကြွေးကြောင်း အဆိုရှိသောဟူ၏) ထေရီဂါထာအဋ္ဌကထာ၌ ဒေဝုပတ္တိ ပန်ပုရိသ ဘာဝေန စာတံ-ဟူ၍ဌင်း။ ဏိဒီပ၌ ဘုသိဘ ဘဝနေ ပုရိသဘာဝေ နေ ဝ နိဗ္ဗတ္တိ ဟူ၍ဌင်း။ အဘိဓမ္မာဝတာရဋီကာ၌ မာတုဒေဝုတ္တပမုခါနံ ဟူ၍ဌင်း။ စာတ်ဋီကာ၌ မာတုဒေဝုတ္တသ ဟူ၍ဌင်း။ အဋ္ဌကထာတခု၌ သန္တုသိဘဒေဝုတ္တော-ဟူ၍ဌင်း ရှိလေ၏။

သည်လည်း ထိုအရှင်မောဂ္ဂလာန်ကို တယူဇနာသို့ တက်ရောက်ပြီ နှစ်ယူဇနာသို့ တက်ရောက်ပြီဟု ကြည့်ရှု ကြလေကုန်၏ ရှင်မောဂ္ဂလာန် မထေရ် သည်လည်း မြတ်စွာဘုရားခြေတော်တို့ကို ဦးခေါင်းဖြင့် ရွက်ချီသကဲ့သို့ တက်ရောက်ပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပရိသတ်တို့သည် ရှင်တော်ဘုရား တို့ကို ဖူးမြင်ပြီးမှသာလျှင် သွားခြင်းငှါ အလိုရှိကြပါသည် အဘယ်ကာလ၌ သက်ဆင်းတော် မူကြပါကုန်အံ့နည်း ဘုရားဟု လျှောက်ကြားလေ၏ ချစ်သား မောဂ္ဂလာန် သင်၏ နောင်တော်ကြီးဖြစ်သော ရှင်သာရိပုတြာသည် အဘယ် အရပ်၌ ဝါကပ်ဘိသနည်းဟု မေးတော်မူပြီးလျှင် မြတ်စွာဘုရား သက်ဿနဂိုရ် ပြည်၌ ဝါကပ်ပါသည်ဘုရားဟု လျှောက်သဖြင့် ချစ်သားမောဂ္ဂလာန် ငါဘုရား သည် ဤနေ့မှ ခုနစ်ရက်မြောက်ဖြစ်သော သီတင်းကျွတ်လပြည့် မဟာပဝါရဏာ နေ့၌ သက်ဿနဂိုရ်ပြည် မြို့တံခါး၌ သက်ဆင်းပေအံ့ ငါဘုရားကို ဖူးမြင်လိုသော သူတို့သည် ထိုသက်ဿနဂိုရ်ပြည်သို့ လာကြစေကုန်သတည်း ဟူ၍ဌင်း သာဝတ္ထိ ပြည်မှ သက်ဿနဂိုရ်ပြည် မြို့တံခါးတိုင်အောင် ယူဇနာ သုံးဆယ်တို့ တိုင်တိုင် ရှိကုန်၏ ဤမျှအတိုင်းအရှည်ရှိသော လမ်းခရီး၌ တစုံတယောက်သောသူအား လမ်း၌ စားရိက္ခာ ဆောင်ဘွယ်ကိစ္စသည်မရှိ ဥပုသ်စောင့်သုံးကြကုန်သည်ဖြစ်၍ ၁အနီးဖြစ်သော ကျောင်းသို့ တရားနာခြင်းငှါ သွားကြကုန်ဘိသကဲ့သို့ လာကြ ကုန်ရာ၏ ဟူ၍ဌင်း ထိုပရိသတ်တို့ကို ပြောကြားလေလော့ဟု မိန့်တော်မူလေ၏ ရှင်မောဂ္ဂလာန်မထေရ်သည် မြတ်စွာဘုရား ကောင်းပါပြီဘုရားဟု ဝန်ခံပြီးလျှင် ဘုရားရှင် မိန့်တော်မူတိုင်း ပြောကြားလေ၏။

စောင်းတန်းသုံးသွယ်ဖြင့် သက်ဆင်းပုံ

သဗ္ဗညုမြတ်စွာဘုရားသည် ဝါကျွတ်လတ်သည်ဖြစ်၍ ၂ပဝါရဏာပြုပြီးသည် ရှိသော် သိကြားမင်းအား မြတ်သောသိကြားမင်း။လူ့ပြည် ခရီးသို့သွားတော့ အံ့ဟု ပြောကြားလေ၏ သိကြားမင်းသည် ရွှေဖြင့်ပြီးသော စောင်းတန်း လှေကား ပတ္တမြားဖြင့် ပြီးသော စောင်းတန်း ငွေဖြင့်ပြီးသော စောင်းတန်း

---

၁ အဋ္ဌကထာ၌ ရရဝိဟာရံ ဟု ရှိရကား။ ယုဂေ ဝိကာဝရ ဝိရိယေ၊ ပဓာနေ စန္တိကေရရော ဟု အဘိဓာန်၌ ရရသဒ္ဒါ အန္တိကအနက်ကို ဆိုသဖြင့် ဤသို့ပြန်ဆိုခြင်းဖြစ်သည်။

၂ မွေ့ဿရမွေ့သာဝိ ဖြစ်တော်မူရကား ပဝါရဏာပြု မပြု စိစစ်ဘွယ်မလို။ သုံးစွဲမပြာဆို နေကြ စကား အလျောက် သုံးစွဲခြင်းဖြစ်သည်။

ဤသုံးသွယ်သော စောင်းတန်းတို့ကို ဖန်ဆင်းလေ၏ ထိုသုံးသွယ်သော စောင်းတန်းတို့၏ အခြေတို့သည် သင်္ကဿနဂိုရ်ပြည် မြို့တံခါး၌ တည်ကြကုန်၏ စောင်းတန်းဦးတို့ကား မြင်းမိုရ်တောင်ထိပ်၌ တည်ကြလေကုန်၏ ထိုသုံးသွယ်သော စောင်းတန်း တို့တွင် လက်ျာနံပါး၌ ရွှေဖြင့် ပြီးသော စောင်းတန်းကား နတ်တို့အလို့ငှါ ဖြစ်လေ၏ လက်ဝဲနံပါး၌ ငွေဖြင့်ပြီးသော စောင်းတန်းကား ဗြဟ္မာကြီးတို့ အလို့ငှါ ဖြစ်လေ၏ အလယ်၌ ပတ္တမြားဖြင့် ပြီးသောစောင်းတန်းကား မြတ်စွာဘုရား၏ အလို့ငှါ ဖြစ်လေ၏ လူနတ်တို့ ဆရာ ဘုရားမြတ်စွာသည်လည်း မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူလျက် နတ်ပြည်မှ သက်ဆင်းတော်မူအံ့သောအခါ ရေမီး အစုံဖြစ်သော တန်ခိုးပြာဋ္ဌိဟာပြခြင်းကို ပြုတော်မူ၍ အထက်သို့ ကြည့်တော်မူလေ၏ ထိုအခါ ဗြဟ္မာ့ပြည်တိုင်အောင် တပြင်တည်းတို့သာ ဖြစ်ကြကုန်၏ ထို့နောက် အောက်သို့ ကြည့်တော်မူလေ၏ ထိုအခါ အဝီစိတိုင်အောင် တပြင်တည်းဖြစ်လေ၏ ထို့နောက် တူရူအရပ် အထောင့် အရပ်ကို ကြည့်တော်မူလေ၏ ထိုအခါ များစွာကုန်သော စကြဝဋ္ဌာ တသိန်းတို့သည် တပြင်တည်းတို့သာ ဖြစ်ကြလေကုန်၏ နတ်တို့သည် လူတို့ကိုမြင်ကြရကုန်၏ လူတို့သည်လည်း နတ်တို့ကို မြင်ကြရကုန်၏ အလုံးစုံသော သူတို့သည် မျက်မှောက်ထင်ထင် မြင်ကြရလေကုန်၏ မြတ်စွာဘုရားသည် ခြောက်သွယ်သော အဆင်းရှိသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူလေ၏ ထိုနေ့၌ မြတ်စွာဘုရားကြက်သရေတော်ကို ကြည့်ရှု ဖူးမျှော်ကြရလေသောကြောင့် သုံးဆဲ့ခြောက်ယူဇနာ အဝန်းရှိသော ပရိသတ်၌ တယောက်သောသူမျှလည်း ဘုရားအဖြစ်ကို မတောင့်တသောသူမည်သည်မရှိ ရွှေစောင်းတန်းဖြင့် နတ်တို့သက်ဆင်းကြကုန်၏ ငွေစောင်းတန်းဖြင့် ဗြဟ္မာကြီးတို့ သက်ဆင်းလာကြကုန်၏ ပတ္တမြားစောင်းတန်းဖြင့် မြတ်စွာဘုရား သက်ဆင်းမြန်းကြွလာတော်မူလေ၏။

နတ်တို့ပူဇော်ပုံ အမျိုးမျိုး

ဂန္ဓဗ္ဗနတ်သားဖြစ်သော [1]ပဉ္စသီခနတ်သားသည် ဥသျှစ်သီးမှည့် အဆင်းနှင့်တူသော ဗေဋ္ဌုဝမည်သော စောင်းကို ပိုက်ယူကာ လက်ျာနံပါး၌တည်၍ မြတ်စွာ

---

၁ ပဉ္စ+သီခ=ငါးခုသော+ဦးစွန်းရှိသော နတ်။ ဦးစွန်း ငါးခုရှိသော သတို့သားယေ်တယောက်သေ၍ ဖြစ်သောနတ်ဟူလို။ အတီးအမှုတ်၌ လေ့ကျက်သောနတ်မျိုးတည်း။

ဘုရားအား သာယာစွာသော အသံရှိသော ဂန္ဓဗ္ဗနတ်စောင်း၏ အသံဖြင့် ပူဇော်ခြင်းကိုပြုလျက် သက်ဆင်းလေ၏ သိကြားမင်း၏ ကူညီဘော် ကူညီဘက် ဖြစ်သော မာတုလိ နတ်သားသည် လက်ဝဲနံပါး၌တည်၍ နတ်၌ဖြစ်သော နံ့သာပန်း အထူးကို ကိုင်ကာ ရှိခိုးပူဇော်လျက် သက်ဆင်းလေ၏ မဟာဗြဟ္မာကြီးသည် ထီးကိုမိုး၏ သုယာမနတ်သားသည် ဲသားမြီးယပ်ကိုယပ်ခပ်၏ မြတ်စွာဘုရားသည် ဤသို့သော အခြံအရံနှင့်တကွ သက်ဆင်းတော်မူပြီးလျှင် သက်ဿနဂိုရ်ပြည် မြို့တံခါး၌တည်တော်မူလေ၏ အရှင်သာရိပုတြာမထေရ်သည်လည်း ကြွလာတော်မူ၍ ဘုရားရှင်ကို ရှိခိုးလျက် အကြင်ကြောင့် အရှင်သာရိပုတြာမထေရ်သည် ထိုသို့သဘောရှိသော ဘုရားရှင်၏ အသရေတော်ဖြင့် သက်ဆင်းတော်မူသော ဘုရားရှင်ကို ဤနေ့မှရှေး၌ မမြင်အပ်စဘူး ထို့ကြောင့်—

နံ မေ ဒိဋ္ဌော ဣတော ပုဗ္ဗေ၊ နံ သုတော ဥဒ ကဿစိ။
ဧဝံ ဝဂ္ဂုဂတော သတ္ထာ၊ တုဿိတာ ဂဏိမာ ဂတော။

တုဿိတာ၊တုဿိတာစံ မယ်တော်ထံမှ။ဝါ။ နတ်ပြည်မှ။ ဂဏိ ံ၊ လူပေါင်းစုံညီ သက်ဿနဂိုရ်ပြည်သို့။ အာဂတော၊ သက်ဆင်းကြွလာတော် မူသည်ဖြစ်၍။ ဧဝံဝဂ္ဂုဂတော၊ သို့စဉ်ကလောက် ထွန်းတောက်ပသော အသရေတို့ဖြင့် တင့်တယ်ကောင်းမြတ်သော။ သတ္ထာ၊ ငါတို့ဆရာ ဘုရားမြတ်စွာကို။ ဣတော၊ ဤနေ့မှ။ ပုဗ္ဗေ၊ ရှေး၌၊ မေမယာ၊ ငါသည်။ နဒိဋ္ဌော၊ မမြင်ရစဘူး။ ဥဒ၊ ထို့မှတပါး။ ကဿစိ၊ တစုံတယောက်သောသူ၏အထံမှ၊ နသုတော၊ မကြားရဘူးပါတကား။

ဤသို့ အစရှိသောစကားတို့ဖြင့် မိမိ၏နှစ်သက်ခြင်းကို ပြုပြီးလျှင် မြတ်စွာဘုရား ယနေ့ အံ့လုံးစုံသော နတ်လူတို့သည် ရှင်တော်မြတ်ဘုရားတို့အား ချစ်မြတ်နိုးကြပါကုန်၏ တောင့်တကြပါကုန်၏ ဘုရားဟူ လျှောက်ကြားလေ၏ ထို့အခါ ထို့အရှင် သာရိပုတြာကို မြတ်စွာဘုရားသည် ချစ်သား သာရိပုတြာ ဤသို့သဘောရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူကြကုန်သော ဘုရားရှင်တို့ကို ချစ်မြတ်နိုးကုန်သည်သာတည်းဟူ မိန့်တော်မူ၍ တရားဟောကြားလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

---

၁ အောင်းစသော တိရစ္ဆာန်သားကောင်၏ အမြီးဖြင့် ပြုအပ်သောခြင်္သန်ယပ်ကျိုးဖြစ်၏။ စာမရှိမည်သော သားကောင်သည်လည်း အောင်းသတ္တဝါပင်ဘည်း။

ဒေသနာတော်

၁၈၁ ယေ စျာနပ္ပသုတာ မီရာ၊ နေက္ခမ္မူပသမေ ရတာ။
ဒေဝါပိ တေသံ ပိဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ။

ယေမီရာ၊ အကြင်ပညာရှိတို့သည်။ စျာနပ္ပသုတာ၊ ၁စျန်နှစ်ပါးတို့၌ အာဝဇ္ဇနစသော ငါးပါးသော ဝသီဘော်တို့ဖြင့် လေ့လာခြင်း ရှိကုန်၏။ နေက္ခမ္မူပသမေ၊ ကိလေသာ ငြိမ်းရာနိဗ္ဗာန်ဟု ဆိုအပ်သော နေက္ခမ္မ၌။ (ပဗ္ဗဇ္ဇာ နိက္ခမကို ဤနေရာ၌ မယူအပ်) ရတာ၊ မ္ဆေလျော်ကြကုန်၏။ သတီမတံ၊ သတိရှိကြကုန်သော။ သမ္ဗုဒ္ဓါနံ၊ သစ္စာလေးပါး သိမြင်ပြီးကြ ကုန်သော။ တေသံမီရာနံ၊ ထိုပညာရှိတို့အား။ ဒေဝါပိ၊ နတ်တို့သည်လည်း(လူတို့ပါယူ)ပိဟယန္တိ၊ ချစ်မြတ်နိုးကုန်၏။

[ငါတို့သည် ဘုရားဖြစ်ရမူ ကောင်းလေစွဟု လိုလားတောင့်တ ကြကုန်၏ဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ကုဋ္ဌေသုံးဆယ် အတိုင်းအရှည်ရှိကုန်သော သတ္တဝါတို့အား သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိခြင်းသည်ဖြစ်လေ၏ ရှင်သာရိပုတြာမထေရ်၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်သော ငါးရာသော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်၏။

သက်ဿနဂိုရ်ပြည် အစလစေတီ၌ ပုစ္ဆာမေးခြင်း

[ရေမိး အစုံဖြစ်သော တန်ခိုးပြာဋိဟာ ပြခြင်းကို ပြုတော်မူပြီးလျှင် နတ်ပြည်၌ ဝါကပ်တော်မူသဖြင့် သက်ဿနဂိုရ်ပြည် မြို့တံခါး၌ သက်ဆင်းတော်မူခြင်းကို အလုံးစုံသော ဘုရားရှင်တို့သည် မစ္ဆန့်အပ်သည်သာလျှင် ဖြစ်သတတ် ထိုသက်ဿနဂိုရ်ပြည် မြို့တံခါး၌ လက်ျာခြေတည်ရာအရပ်သည် အစလစေတီ တည်ရာမည်သည် ဖြစ်သတတ်]။

မြတ်စွာဘုရားသည် ထိုသက်ဿနဂိုရ်ပြည် မြို့တံခါး အစလစေတီ နေရာ၌ ရှပ်တည်တော်မူလျက် ပုထုဇဉ် စသည်တို့၏ အရာ၌ ပြဿနာကို မေးတော်မူလေ

---

၁ ၂အနိစ္စ စသော လက္ခဏာကိုကပ်၍ ရှုတတ်သောချာန်၊ ကသိုဏ်းစသော အာရုံကိုကပ်၍ ရှုတတ်သောချာန်၊ ဤကား ချာန်နှစ်ပါးတည်း။ ဝိပဿနာနှင့်သမထဟူလို။

၏ ပုထုဇဉ်တို့သည် မိမိ၏အရာ၌ ပြဿနာကို ဖြေဆိုကြပြီးသည်ရှိသော် သောတာ. ပန်ပုဂ္ဂိုလ်၏အရာ၌ ပြဿနာကို ဖြေခြင်းငှါ မတတ်နိုင်ကုန် ထို့အတူ သကဒါဂါမ် ပုဂ္ဂိုလ် စသည်တို့၏အရာ၌ သောတာပန် စသော ပုဂ္ဂိုလ်တို့ မတတ်နိုင်ကြကုန် ရှင်မဟာ မောဂ္ဂလာန်၏အရာ၌ ကြွင်းသော မဟာသာဝကတို့ မတတ်နိုင်ကြကုန် ရှင်သာရိပုတြာ၏အရာ၌ ရှင်မောဂ္ဂလာန် မတတ်နိုင် ဘုရားရှင်၏ အရာ၌လည်း ရှင်သာရိပုတြာသည်လည်း ဖြေခြင်းငှါ မတတ်နိုင်သည် သာလျှင်တည်း ထို့မြတ်စွာဘုရားသည် အရှေ့အရပ် မျက်နှာကို အစပြု၍ ဒေလုံးစုံသော အရပ် မျက်နှာတို့သို့ ကြည့်ရှုတော်မူလေ၏ အလုံးစုံသော အရပ်မျက်နှာတို့၌ ဟင်းလင်း အပြင် တပြင်တည်းသာလျှင် ဖြစ်လေ၏ အရပ်ရှစ်မျက်နှာတို့၌ နတ်လူတို့သည် ၎င်း အထက်၌ ငြဟ္မာပြည်တိုင်အောင် နေကုန်သော ငြဟ္မာတို့သည်၎င်း အောက်၌ မြေ၌ တည်ကုန်သော နတ်ဘီလူး နဂါး ဂဠုန်တို့သည်၎င်း လက်အုပ်ချီ၍ မြတ်စွာဘုရား ဤတပည့်တော်တို့ နေရာအရပ်၌ ဤပြဿနာကို ဖြေစွမ်းနိုင် သောသူသည် မရှိပါ ထို့ဘုရားရှင် သီတင်းသုံးရာအရပ်၌သာလျှင် စူးစမ်း ရှာဖွေ တော်မူကြပါဘုရားဟု ဆိုကြလေကုန်၏ မြတ်စွာဘုရားသည် သာရိပုတြာကား ပင်ပန်းဘိ၏ ဤသာရိပုတြာသည်—

ယေစ သဒ်္ဓတမမ္မာသေ၊ ယေစ သေခါ ပုထူ ဣဓ။
တေသံ နိပကော့ ဣရိယံ၊ ပုဋ္ဌော မေ ဗြူဟိ မာရိသ။

မာရိသ၊ ငါ၏ သားကြီးဖြစ်သော သာရိပုတြာ။ ဣဓ၊ ဤလောက၌။ သဒ်္ဓတာ၊ သဒ်္ဓတမည်ကုန်သော။ ပုထူ၊ များစွာကုန်သော။ ယေစမမ္မာ၊ အကြင် တရားတို့သည်ဖြင်း။ (သေအနက်မရှိ) သေခါ၊ သေခမည်ကုန်သော။ ပုထူ၊ များစွာကုန်သော။ ယေစမမ္မာ၊ အကြင်တရားတို့သည်ဖြင်း။ သန္တိ၊ ရှိကုန်၏။ တေသံ၊ ထို့တရားတို့၏။ နိပကော၊ ရင့်ကျက်ခြင်းသည်။ ကော၊ အဘယ်နည်း။ ဣရိယံ၊ဖြစ်ခြင်းသည်။ ကိံ၊ အဘယ်နည်း။ ပုဋ္ဌော၊ မေးအပ်သော ငါ၏သား ကြီး သာရိပုတြာသည်။ မေ၊ငါ့အား။ ဗြူဟိ၊ ဖြေကြားဘိလော။

ဤသို့ ဘုရားရှင်အရာ၌ဖြစ်သော ဤဗုဒ္ဓပြဿနာကို ကြားရသဖြင့်မြတ်စွာ ဘုရားသည် ငါ့ကို သေက္ခ အသေက္ခပုဂ္ဂိုလ်တို့၏ မင်္ဂိုလ်သို့ ရောက်ကြောင်း ဖြစ်သော အကျင့်ကို မေးတော်မူ၏ဟု မေးသောပြဿနာ၌ အကယ်၍ကား

ယုံမှားမရှိ ထိုသို့ပင် ယုံမှားမရှိသော်လည်း ခန္ဓာ အစရှိသော တရားတို့တွင် အဘယ်တရားကို အဦးပြုသဖြင့် ဤအကျင့်ကို ဖြေဆိုရသော်လည်း ငါသည် မြတ်စွာဘုရား၏ အလိုကို ယူခြင်းငှါ မတတ်နိုင်ပေလတ္တံ့ဟု မြက်စွာဘုရား၏ အလိုတော်၌ ယုံမှားဖြစ်လျက် ရှိချေ၏ ထိုသာရိပုတြာသည် ငါဘုရား နည်းကို မပေးသည်ရှိသော် ဖြေခြင်းငှါ မတတ်နိုင်ပေလတ္တံ့ ထိုသာရိပုတြာအား နည်းကို ပေးဦးအံ့ဟု နည်းပြတော်မူလိုသည်ဖြစ်၍ ချစ်သား သာရိပုတြာ ဤဘူတရုပ်ကို ရှု၏လောဟု မိန့်တော်မူလေ၏။

[မြတ်စွာဘုရားအား သာရိပုတြာသည် ငါ၏အလိုကိုယူ၍ ဖြေဆိုသည် ရှိသော် ခန္ဓာ၏ အစွမ်းဖြင့် ဖြေဆိုပေလတ္တံ့ဟု အကြံ ဤသို့ ဖြစ်တော် မူသတတ်]။

ရှင်သာရိပုတြာအား နည်းပေးတော် မူသည်နှင့်တက္ခ ထိုပြဿနာသည် နည်းတရာအားဖြင့်၎င်း နည်းတထောင်အားဖြင့်၎င်း နည်းတသိန်းအားဖြင့်၎င်း ထင်လေ၏ ထိုရှင်သာရိပုတြာသည် မြတ်စွာဘုရား ပေးတော်မူအပ်သော နည်း၌ တည်၍ ထိုပြဿနာကို ဖြေဆိုလေ၏။

[မြတ်စွာဘုရားကို ဖယ်ထား၍ တပါးသောသူသည် ရှင်သာရိပုတြာ၏ ပြဿနာသို့ ရောက်ခြင်းငှါ စွမ်းနိုင်သောသူမည်သည် မရှိသတတ်]။

ရှင်သာရိပုတြာ သီဟနာဒကြုံးဝါးခြင်း

ထို့ကြောင့်သာလျှင် ရှင်သာရိပုတြာသည် မြတ်စွာဘုရား၏ ရှေ့တော်၌ မြတ်စွာဘုရား တပည့်တော်သည် တကမ္ဘာပတ်လုံး မိုဃ်းရွာသော်လည်း ဤမျှ လောက်သော မိုဃ်းရေ မိုဃ်းပေါက်တို့ကား မဟာသမုဒြာ၌ ကျကုန်၏ ဤမျှ လောက်သော မိုဃ်းရေ မိုဃ်းပေါက်တို့ကား မြေ၌ ကျကုန်၏ ဤမျှလောက်သော မိုဃ်းရေ မိုဃ်းပေါက်တို့ကား တောင်၌ကျကုန်၏ဟု ရေတွက်၍ ဂဏန်းသင်္ချာ ရေးသားခြင်းသို့ တင်ခြင်းငှါ စွမ်းနိုင်ပါသည် ဘုရားဟု ခြသေ့်မင်း၏ အသံနှင့် တူသော ရဲဝံ့သော အသံကို ရွတ်ဆိုကြုံးဝါးတော် မူလေသတတ် မြတ်စွာဘုရား သခင်သည်လည်း ရှင်သာရိပုတြာကို ချစ်သား သာရိပုတြာ သင်ရေတွက်ခြင်းငှါ စွမ်းနိုင်သည့်အဖြစ်ကို ငါဘုရားသိတော်မူ၏ဟု မိန့်တော်မူလေ၏ ထိုအရှင်

သာရိပုတြာ၏ ပညာတော်အား နှိုင်းယှဉ်စရာ ဥပမာမည်သည်မရှိ ထို့ကြောင့် ဤသို့မိန့်ဆိုတော်မူလေ၏။

ဂင်္ဂါယ ဝါလုကာ ခီယေ၊ ဥဒကံ ခီယေ မဟာဏ္ဏဝေ။
မဟီယာ မတ္တိကာ ခီယေ၊ နခီယေ မမဗုဒ္ဓိယာ။

ဂင်္ဂါယ၊ ဂင်္ဂါမြစ်၌။ ဝါလုကာ၊ သဲသည်။ ခီယေ၊ ကုန်မှုလည်းကုန်ရာ၏။ မဟာဏ္ဏဝေ၊ သမုဒ္ဒြာ၌။ ဥဒကံ၊ ရေသည်။ ခီယေ၊ကုန်မှုလည်းကုန်ရာ၏။ မဟီယာ၊ မြေ၌။ မတ္တိကာ၊ မြေမှုန့်သည်။ ခီယေ၊ ကုန်မှုလည်းကုန်ရာ၏။ မမ၊ တပည့်တော် သာရိပုတြာ၏။ ဝိဿဇ္ဇနေ၊ ဖြေဆိုရာ၌။ ယာဗုဒ္ဓိ၊ အကြင်ပညာသည်။ အတ္ထိ၊ ရှိ၏။ သာဗုဒ္ဓိ၊ ထိုပညာသည်။ နုခီယေ၊ မကုန်နိုင်ရာ။

[ဤသို့သော အနက်အဓိပ္ပါယ်ကို ဆိုလို၏ ပညာ အထုနှင့်ပြည့်စုံတော်မူ၍ လူသုံးပါးတို့၏ အားကိုးရာ စင်စစ် ဖြစ်တော်မူသော မြတ်စွာဘုရား တပည့်တော်သည် တခုသောပြဿနာကို ဖြေဆိုသည်ရှိသော် သဲတလုံးကိုငင်း ရေတပေါက်ကိုငင်း မြေမှုန့်ပိုင်း တဖဲ့ကိုငင်း ထည့်၍ ပြဿနာတို့၏ အရာဖြင့်ငင်း အထောင်ဖြင့်ငင်း အသိန်းဖြင့်ငင်း ဖြေဆိုပြီးသည်ရှိသော် ဂင်္ဂါ၌ သဲအစရှိသည်တို့တွင် တခုခုကို တခုသော အရပ်၌ အကယ်၍ ပစ်ငြားအံ့ အလွန်လျင်မြန်စွာ ဂင်္ဂါစသည်တို့၌ သဲစသည်တို့သည် ကုန်ခြင်းသို့ ရောက်ကုန်ရာ၏ တပည့်တော်၏ ပြဿနာတို့ကို ဖြေခြင်းသည် ကုန်ခြင်းသို့ မရောက်နိုင်သည်သာတည်း မြတ်စွာဘုရားဟု ဆိုလိုရင်းဖြစ်သည်]။

ပရောသဟဿ ဇာတ်အမြွက်

ဤသို့ ပညာကြီးသော ရဟန်းဖြစ်သော်လည်း ဘုရားအရာ၌ မေးအပ်သော ပြဿနာ၏ အဆုံးကိုငင်း အစွန်းကိုငင်း မမြင်သောကြောင့် မြတ်စွာဘုရားသည် ပေးအပ်သော နည်း၌တည်၍သာလျှင် ပြဿနာကို ဖြေဆိုတော်မူရလေ၏ ထိုစကားကို ကြားရလျှင် ရဟန်းတို့သည် စကားကို ဖြစ်စေကြသည်မှာ အကြင် ပြဿနာကို မေးအပ်သည်ရှိသော် အလုံးစုံသော် လူမျှားအပေါင်းသည်လည်း ဖြေဆိုခြင်းငှါ မစွမ်းနိုင် ထိုပြဿနာကို တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတြာ မထေရ် တပါးတည်းသာလျှင် ဖြေဆိုနိုင်ပေ၏ဟု စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသည် ထိုစကားကို ကြားတော်မူရလျှင် ယခုသာလျှင် သာရိပုတြာသည် လူများအပေါင်း ဖြေဆိုခြင်းငှါ မစွမ်းနိုင်သော ပြဿနာကို ဖြေဆိုသည်မဟုတ်သေး ရှေးဦလည်း ဤသာရိပုတြာသည် ဖြေဆိုဘူးသည် သာလျှင် တည်းဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူခြင်းငှါ—

ပရောသဟဿံပိ သမာဂတာနံ၊
ကန္ဒေယျုံ တေ ဝဿသတံ အပညာ။
ဧကောဝ သေယျော ပုရိသော သပညော၊
ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ။

သမာဂတာနံ၊ အညီအညွတ် စည်းဝေးကုန်သော သူတို့၏။ပရောသဟဿမ္ပိ၊ တထောင်ထက် အပိုအလွန်သည်လည်း။ စေသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ အပညာ၊ ပညာမရှိကုန်သော။ တေ၊ ထိုတထောင်ကျော်ဖြစ်သော သူတို့သည်။ ဝဿသတံ၊ အနှစ်တရာ ကာလပတ်လုံး။ ကန္ဒေယျုံ၊ ငိုကြွေးမူလည်း ငိုကြွေးကုန်ရာ၏။ ဘာသိတဿ၊ ဆိုအပ်သောစကား၏။ အတ္ထံ၊ အနက်ကို။ နဝိဇာနန္တိ၊ မသိနိုင်ကြကုန်။ ယောပုရိသော၊ အကြင်ယောကျ်ားသည်။ဘာသိတဿ၊ဆိုအပ်သောစကား၏။ အတ္ထံ၊ အနက်ကို။ဝိဇာနာတိ၊သိ၏။ သပညော၊ ပညာရှိသော။ ဧကောဝ၊ တယောက်ထည်းသာလျှင်ဖြစ်သော။ သောပုရိသော၊ ထိုယောကျ်ားသည်။ သေယျော၊ တထောင်မကသော ထိုသူတို့ထက်မြတ်၏။

[1]ဤဇာတ်ကို အကျယ်အားဖြင့် ဟောကြားတော်မူလေ၏။
နတ်ပြည်မှသက်ဆင်းတော်မူသောဝတ္ထုပြီး၏။

၃—ရေကပတ္တ နဂါးမင်းဝတ္ထု

ကိစ္ဆော မနုဿပဋိလာဘော- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဗာရာဏသီပြည်ကို အမှီပြု၍ ကုက္ကိုပင် ခုနစ်ပင်အနီး၌ နေတော်မူစဉ် ရေကပတ္တအမည်ရှိသော နဂါးမင်းကိုအကြောင်းပြု၍ ဟောတော်မူလေ၏။

---

၁ ဤဇာတ်ကား ကေနိပါတ်-၁၀။ လိန်ဝဂ်။ ၉-ပရောသဟဿဇာတ်ဖြစ်သည်။

ဘုရားပွင့်ခြင်းကို ရှာဖွေသော သီချင်း

နဂါးမင်းသည် ရှေးအခါ ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းငယ်တပါးဖြစ်၍ ဂင်္ဂါမြစ်၌ လှေကိုစီးသွားသည်ရှိသော် တခုသော ပြိတ်မြက်ချုံမှ ပြိတ်ရွက်ကို ဆွဲကိုင်ပြီးလျှင် လှေ၏အဟုန်ဖြင့် သွားသော်လည်း မလွတ်လိုက်မိ ပြိတ်ရွက်သည် ပြတ်သွားလေသတတ် ထိုရဟန်းငယ်သည် ဤပြိတ်မြက်ပြတ်သော အာပတ်ကား အနည်းငယ်သာတည်းဟု နှလုံးသွင်း၍ အာပတ်ကို ဒေသနာမကြားမိဘဲ အနှစ် နှစ်သောင်းတို့ပတ်လုံး တော၌ ရဟန်းတရားကို အားထုတ်သော်လည်း သေခါနီးကာလ၌ ပြိတ်ရွက်သည် လည်ပင်း၌ ဆွဲရစ်အပ်သကဲ့သို့ ဖြစ်ရကား အာပတ်ကို ဒေသနာကြား ကုစားလိုသော်လည်း တပါးရဟန်းကို မမြင်ရခြင်းကြောင့် ငါ၏ သီလသည် မစင်ကြယ်ဟု ဖြစ်သော နှလုံးမသာယာခြင်းရှိသဖြင့် ထိုရဟန်းအဖြစ်မှ စုတေမနေ ပျံလွန်လေသည်ရှိသော် တခုသော သစ်သားကျင်းဟု ဆိုအပ်သော တလုံးထွင်း လှေပမာဏရှိသော နဂါးမင်း၏ အဖြစ်ဖြင့် ဖြစ်လေ၏ ထိုနဂါးမင်း၏အမည်သည် ၁ရေကပတ္တဟူသောအမည်သာလျှင် ဖြစ်လေ၏ ထိုရေကပတ္တ နဂါးမင်းသည် နဂါးမင်းဖြစ်သော ခဏ၌သာလျှင် အတ္တဘောကို ကြည့်ရှုပြီးလျှင် ဤမျှလောက်သော ကာလပတ်လုံး ရဟန်းတရားကို အားထုတ်ပါလျက် အဟိတ် ပဋိသန္ဓေနေသော အမျိုးဖြစ်သော ဖါးလျှင် အစာရှိသော အရပ်၌ ဖြစ်ရလေသည်ဟု နှလုံး မသာယာသည် ဖြစ်လေ၏ ထိုနဂါးမင်းသည် နောက်အဘို့၌ သို့ဝေယောက်ရ၍ ဂင်္ဂါမြစ်လယ် ရေအပြင်၌ ကြီးစွာသော ပါးပျဉ်းကို ဖြန့်မိုးလျက် သို့ကို ထိုပါးပျဉ်း၌ထားပြီးလျှင် က,စေလျက် သီချင်းကို သီဆိုစေလေ၏။

[ထိုနဂါးမင်း၏ အကြံကား ဤအရပ်၌ ဤသို့သော အကြောင်းအားဖြင့် ဘုရားရှင် ပွင့်တော်မူသည်ရှိသော် ထိုဘုရားရှင်၏ ပွင့်တော်မူခြင်း အကြောင်းကို ငါမချွတ် ကြားရလတ္တံ့ဟု ဤသို့သောအကြံသည် ဖြစ်လေသတတ်]။

---

၁ ရေက + ပတ္တ-ပြိတ်မြက် + ရွက်။ ပြိတ်မြက်ရွက်ကို စွဲလမ်း၍သေပြီး နဂါးဖြစ်သောကြောင့် ရေကပတ္တမည်သော ဟူ၏။ ထိုမြက်မျိုးကား ကြမ်းသော မြက်တမျိုးဖြစ်၏ဟု ဝိနည်းအဋ္ဌကထာ၌ဆို၏။

အကြင်သူသည် ငါ၏သီချင်း၏ အဖြေသီချင်းတုံ့ကို ဆောင်နိုင်၏ ထိုသူအား၊ ကြီးစွာသော နဂါးစည်းစိမ်နှင့်တကွ သမီးကို ပေးအုံဟုဆို၍ လခွဲတကြိမ် ဥပုသ်နေ့၌ ထိုသမီးကိုပါးပျဉ်း၌ ထားလေ၏ ထိုသမီးသည် ပါးပျဉ်း၌ရပ်ကာ ကာ,ပြလျက်။

ကိုံသု အဓိပတိ ရာဇာ၊ ကိုံသု ရာဇာ ၁ရဇိဿရော။
ကထံသု ဝိရဇော ဟောတိ၊ ကထံ ဗာလောတိ ဝုစ္စတိ။

ကိုံသု၊ အဘယ်ကို။ အဓိပတိ၊ အစိုးရသောသူသည်။ ရာဇာ၊ မင်းမည်ပါသနည်း။ ကိုံသု၊ အဘယ်သို့လျှင်။ ရာဇာ၊ မင်းသည်။ ရဇိဿရော၊ မြို့ကိုသာ အစိုးရသောသူ ဖြစ်ပါသနည်း။ ဝါ၊ မြို့ကသာ အစိုးရခြင်းရှိသောသူ ဖြစ်ပါသနည်း။ ကထံသု-ကေန ကာရဏေန၊ အဘယ်သို့သော အကြောင်းဖြင့်။ ဝိရဇော၊ မြို့ကင်းသော သူမည်သည်။ ဟောတိ၊ ဖြစ်ပါသနည်း။ ကထံ၊ အဘယ်သို့သော အကြောင်းကြောင့်။ ဝါ၊ အဘယ်သူကို။ ဗာလောတိ၊ ဗာလဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါသနည်း။

ဟူသော ဤသီချင်းကို သီဆိုလေ၏။

ဘုရားရှင်နှင့် ဥတ္တရလုလင်

အလုံးစုံဇမ္ဗူဒီပါကျွန်း၌ နေကြကုန်သော သူတို့သည် နဂါးသတို့သမီးပျိုကို ယူကြကုန်အံ့ဟု သွား၍ မိမိ၏ ပညာအစွမ်းဖြင့် အဖြေသီချင်းတို့ကိုပြုလျက် သီဆိုကြကုန်၏ ထိုနဂါးသတို့သမီးပျိုသည် ထိုအဖြေ သီချင်းကိုပယ်၏ ထိုနဂါးပျိုမသည် လခွဲတကြိမ်ပါးပျဉ်း၌ ရပ်၍ ဤသို့ သီချင်းသီဆိုစဉ်ပင် နှစ်ဆူသော ဘုရားရှင်တို့ တခုသော အကြားကာလသည် ကုန်လွန်လေ၏ ထိုအခါ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၍ တနေ့သ၌ နံနက်စောစောအခါ လောကကို ကြည့်ရှုတော်မူလတ်သည်ရှိသော် ဧရကပတ္တနဂါးကို အစပြု၍ ဥတ္တရအမည်ရှိသော လုလင်ကို ကိုယ်တော်မြတ်၏ သဗ္ဗညုတညာဏ် ကွန်ရက်အတွင်းသို့ဝင်ရောက်လာသည်ကို မြင်တော်မူလေသဖြင့် အဘယ်သို့ ဖြစ်လတံ့နည်းဟု ဆင်ခြင်တော်မူပြန်သည်ရှိသော် ယနေ့ကား ဧရကပတ္တနဂါးမင်း၏သမီးကို ပါးပျဉ်း၌ ထား၍ က,စေသောနေ့ဖြစ်၏ ဤဥတ္တရလုလင်သည် ငါပေးအပ်သော အဖြေ

---

၁ ဧဇ္ဇိဿဇရာဟု မူကွဲ ရှိ၏သေး၏။ ထိုဒေလိုအဓိပ္ပာယ်ဖြင့် တင်္ဂနစ်သက်ခြင်း ဖေလက်ဆိုသော အဓိုးရသေးသူ။ ဝါ၊ တင်္ဂနစ်သက်ခြင်းဟူသော ဒေဇိုးရဒုဗ္ဗိုင်ခြင်း ခံရသေးသူ ဟူ၍လည်း ပြန်ဆိုရေးသားသင့်သေး၏။ နောက်နေရာတို့၌လည်း ထို့အတူပင်တည်း။

သီချင်းတုံ့ကို သင်ယူလျက်သာလျှင် သောတာပန်ဖြစ်၍ ထိုအဖြေသီချင်းတုံ့ကို ယူပြီးလျှင် နဂါးမင်း၏ အထံသို့သွားလတ္တံ့ ထိုရေကပတ္တ နဂါးမင်းသည် ထိုအဖြေသီချင်းတုံ့ကို ကြားရလျှင် ဘုရားပွင့်တော်မူပြီဟု သိသဖြင့် ငါဘုရား၏ အထံတော်သို့လာလတ္တံ့ ငါဘုရားသည် ထိုနဂါးမင်း လာသည်ရှိသော် မျှားစွာသော အစည်းအဝေးကြီး၌ ဂါထာကို ဟောကြားရပေအံ့ ဂါထာ၏အဆုံး၌ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့အား သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိခြင်းသည် ဖြစ်လတ္တံ့ဟု မြင်တော်မူလေ၏ မြတ်စွာဘုရားသည် ထိုအရပ်သို့ ကြွသွားတော်မူ၍ ဗာရာဏသီပြည်မှ မနီးမဝေးသောအရပ်၌ ကုက္ကိုပင် ခုနစ်ပင်ရှိ၏ ထိုကုက္ကိုပင်တို့၏ အနီး၌ သီတင်းသုံးနေတော်မူလေ၏။

ဇမ္မူဒီပါကျွန်း၌ နေကုန်သော သူတို့သည် သီချင်း၏ အဖြေသီချင်းတုံ့ကို ယူ၍ စည်းဝေးကြလေကုန်၏ မြတ်စွာဘုရားသည် မနီးမဝေးသောအရပ်၌ သွားသော ဥတ္တရလုလင်ကို မြင်တော်မူရလျှင် ဥတ္တရလုလင် လာဦးလော့ဟု မိန့်တော်မူလေ၏ မြတ်စွာဘုရား အဘယ်ပါနည်းဘုရားဟု မေးလျှောက်လတ်သော် ဤအရပ်သို့ ရှေးဦးစွာ လာလှည့်ဦးလော့ဟု မိန့်တော်မူလေ၏ ထိုအခါ လာ၍ ရှိခိုးလျက် ထိုင်နေသော ဥတ္တရလုလင်ကို အဘယ်သို့ သွားအံ့နည်းဟု မေးတော်မူလေ၏ ဧရကပတ္တနဂါးမင်းသို့၏ သီချင်းသီဆိုရာ အရပ်သို့ သွားပါအံ့ဘုရားဟု လျှောက်လတ်သော် သီချင်း၏ အဖြေ သီချင်းတုံ့ကို သင်သိ၏လော့ဟု မေးတော်မူလေ၏ မြတ်စွာဘုရား သိပါသည်ဘုရားဟု လျှောက်လတ်သော် ရှေးဦးစွာ ထိုသင်သိသောအဖြေ သီချင်းတုံ့ကို ရွတ်ဆိုဦးလော့ဟု မိန့်တော်မူလေ၏ ထိုအခါ ထိုအဖြေ သီချင်းတုံ့ကို မိမိသိသော အမှတ်ဖြင့်သာလျှင် လျှောက်တင်သောအခါ ဥတ္တရလုလင်ကို ချစ်သားဥတ္တရ ဤအဖြေသီချင်းတုံ့သည် မဟုတ်သေး ငါသည် သင့်အား အဖြေသီချင်းတုံ့ကို သင်ပေးဦးအံ့ ထိုအဖြေသီချင်းတုံ့ကိုယူ၍ သင်သွားလတ္တံ့လော့ဟု မိန့်တော်မူလေ၏။

ဘုရားရှင်သင်ပေးသော သီချင်း အဖြေမျှား

မြတ်စွာဘုရား ကောင်းပါပြီဘုရားဟု ဝန်ခံသဖြင့် ထိုအခါ ဥတ္တရလုလင်ကို မြတ်စွာဘုရားသည် ချစ်သား ဥတ္တရ သင်သည် နဂါးသတို့သမီးပျိုမ သီချင်းဆိုပြီးသောကာလ၌။

ဆဒ္ဒါရာဓိပတိ ရာဇာ၊ ရဇ္ဇမာနော ရဇိဿရော။
အရဇ္ဇံ ဝိရဇော ဟောတိ၊ ရဇ္ဇံ ဗာလော တိ ဝုစ္စတိ။

ဆဒ္ဒါရာဓိပတိ၊ ခြောက်ဒ္ဒါရကို အစိုးရသော သူသည်။ ရာဇာ၊ မင်းမည်၏။ ရဇ္ဇမာနော၊ တပ်ခြင်းရှိသော သူသည်။ ရဇိဿရော၊ မြူကိုသာ အစိုးရသော သူ ဖြစ်၏။ ဝါ၊ မြူကသာ အစိုးရခြင်းရှိသော သူ ဖြစ်၏။ အရဇ်ံ-အရဇ္ဇမာနော၊ တပ်ခြင်းမရှိသော သူသည်။ ဝိရဇော၊ မြူကင်းသော သူမည်သည်။ ဟောတိ၊ ဖြစ်၏။ ရဇ်ံ-ရဇ္ဇမာနော၊ ကာမဂုဏ်၌ တပ်သောကြောင့်။ ဝါ၊ တပ်သော သူကို။ ဗာလော တိ၊ ဗာလဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဟူသော ဤအဖြေ သီချင်းတုံကို သိဆိုလေလော့ဟု မိန့်တော်မူလေ၏။

[နဂါးပျိုမ၏ သီချင်း၏ အနက်အဓိပ္ပါယ်ကား—

၁ ကိုံသုအဓိပတိ ရာဇာဟူသည် အဘယ်ကို အစိုးရသော သူသည် မင်းမည်သော သူ ဖြစ်ပါသနည်း။

၂ ကိုံသုရာဇာ ရဇိဿရော ဟူသည် အဘယ်သို့လျှင် မင်းသည် မြူကို သာ အစိုးရသော သူမည်သည် ဖြစ်ပါသနည်း။ ဝါ၊ မြူကသာ အစိုးရ ခြင်းရှိသော သူ မည်သည် ဖြစ်ပါသနည်း။

၃ ကထံသု ဝိရဇော ဟောတိ ဟူသည် အဘယ် အကြောင်းကြောင့် ထိုမင်းသည် မြူကင်းသော သူ မည်သည် ဖြစ်ပါသနည်း။

၄ ကထံ ဗာလော တိ ဝုစ္စတိ ဟူသည် အဘယ်အကြောင်းကြောင့်၊ ဝါ၊ အဘယ်သူကို ဗာလဟူ၍ ဆိုအပ်ပါသနည်း။ ဤကား အနက် အဓိပ္ပါယ်တည်း။

အဖြေဖြစ်သော သီချင်းတုံ၏ အနက်အဓိပ္ပါယ်ကား—

၁ ဆဒ္ဒါရာဓိပတိ ရာဇာဟူသည် အကြင်သူသည် ခြောက်ပါးသော ဒ္ဒါရ တို့ကို အစိုးရသော အရှင်ဖြစ်၏ တခုသော ဒ္ဒါရဒ္ဒါသော်လည်း ရှုပါရုံ စသည်တို့သည် မနှိပ်စက်အပ် ဤသူသည် မင်းမည်၏။

၂ ရဇ္ဇမာနော ရဇိဿရော ဟူသည် အကြင်သူသည်ကား ထိုထိုအာရုံတို့၌ တပ်နှစ်သက်လေ့ရှိ၏ ထိုသို့ တပ်နှစ်သက်လေ့ရှိသော သူသည် မြို့ အငြစ်အကြေး ကိုသာ အစိုးရသောသူ မည်၏။ ဝါ၊ မြို့ကသာ အစိုးရခြင်းရှိသောသူမည်၏။

၃ အရဇ္ဇံဟူသည် တပ်ခြင်းမရှိသောသူသည် မြို့ကင်းသောသူ မည်သည် ဖြစ်၏။

၄ ရဇ္ဇံဟူသည် တပ်ခြင်းရှိသောကြောင့်။ ဝါ၊ တပ်ခြင်း ရှိသော သူကို ဗာလဟူ၍ ဆိုအပ်၏ ဤကား အနက်အဓိပ္ပါယ်တည်း]။

ဤသို့ ဥတ္တရလုလင်အား မြတ်စွာဘုရားသည် အဖြေသီချင်းတုံ့ကို သင်ပေး၍ ချစ်သား ဥတ္တရ သင်သည် ဤအဖြေသီချင်းကို သိဆိုသည်ရှိသော် ဤအဖြေသီချင်း၏ အတုံ့ဖြစ်သော ဤသီချင်းတပုဒ်ကို နဂါးပျိုမက သိဆိုလိမ့်ဦးမည် ဖြစ်လတ္တံ့။

ကေနဿု ဝုယ္ဟတိ ဗာလေ၊ ကထံ နုဒတိ ပဏ္ဍိတော။
ယောဂက္ခေမီ ကထံ ဟောတိ၊ တံမေ အက္ခာဟိ ပုစ္ဆိတော။

ဗာလေ၊ လူမိုက်ကို။ ကေန၊ အဘယ်တရားသည်။ ဝုယ္ဟတိ၊ မျောအပ်သနည်း။ ပဏ္ဍိတော၊ပညာရှိသောသူသည်။ ကထံ၊ အဘယ်သို့သောအကြောင်းဖြင့်။ နုဒတိ၊ မျောတတ်သော တရားကို ဖျက်ဆီးပယ်နုတ်ပါသနည်း။ ယောဂက္ခေမီ၊ ယောဂလေးပါး ကုန်ခြင်းရှိသောသူ မည်သည်။ ကထံဟောတိ၊ အဘယ်သို့ဖြစ်ပါသနည်း။ တံ၊ ထိုပြဿနာကို။ ပုစ္ဆိတော၊ မေးအပ်သော သင်သည်။ မေ၊ ငါ့အား။ အက္ခာဟိ၊ ဖြေကြားပါဦးလော့။

ဤသို့ သီဆိုအပ်သည်ရှိသော် ထိုနဂါးမင်းအား သင်သည် ဤအဖြေ သီချင်းတုံ့ကို သီဆိုလေလော့ဟု မိန့်တော်မူလေ၏။

ဩသေန ဝုယ္ဟတိ ဗာလေ၊ ယောဂါ နုဒတိ ပဏ္ဍိတော။
သဗ္ဗယောဂဝိသံယုတ္တော၊ ယောဂက္ခေမီတိ ဝုစ္စတိ။

ဗာလေ၊ သူမိုက်ကို။ ဩသေန၊ ဩသလေးပါးသည်။ ဝုယ္ဟတိ၊ မျော့အပ်၏။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ ယောဂါ-ယောဂေန၊ သမ္မပ္ပဓာန်ဟူသော

လုံလဖြင့်။ နုဒတိ၊ သြဃလေးပါးကို ဖျက်ဆီး ပယ်နုတ်၏။ သဗ္ဗညော ဝိသံယုတ္တော၊ အလုံးစုံသော ယောဂ လေးပါးနှင့် မယှဉ်သောပုဂ္ဂိုလ်ကို။ ယောဂကွေမိတိ၊ ယောဂလေးပါး ကုန်ခြင်းရှိသောသူဟူ၍။ ဝုစ္စတိ၊ ဆိုအံ့ပ်၏။

[ထိုအဖြေ သီချင်း ဂါထာ၏ အနက်အဓိပ္ပါယ်ကား ကာမော၀ အစရှိသော လေးပါးသော သြဃဖြင့် သူမိုက်ကိုမျှောအပ်၏ ထိုသြဃလေးပါးကို ပညာရှိသောသူသည် သမ္မပ္ပဓာန်ဟု ဆိုအပ်သော လုံလဖြင့် ပယ်နုတ်၏ အကြင်ပုဂ္ဂိုလ်သည် အလုံးစုံသော ကာမယောဂ စသည်တို့ဖြင့် ယှဉ်ခြင်းမရှိ ထိုပုဂ္ဂိုလ်ကို ယောဂလေးပါး ကုန်ခြင်းရှိသောသူ မည်၏ဟု ဆိုအပ်၏။ ဤကား အနက်အဓိပ္ပါယ်တည်း]။

နဂါးမင်း ဝမ်းမြောက်၍ လူအများ ရေနစ်ခြင်း

ဥတ္တရလုလင်သည် ဤအဖြေသီချင်းတုံ့ကို သင်ယူစဉ်ပင်လျှင် သော့တာပတ္တိဖိုလ်၌ တည်လေ၏ ထိုဥတ္တရလုလင်သည် သောတာပန်ဖြစ်၍ ထိုဂါထာကို ယူသွားပြီးလျှင် အိုအချင်းတို့ ငါကား သီချင်း၏ အဖြေသီချင်းတုံ့ကို ယူဆောင်ခဲ့၏ ငါ့အား အခွင့်ပေးကြပါကုန်လော့ဟုဆိုလျက် အကြားကွက်လပ်မရှိ တည်သော များစွာသော လူအပေါင်းအား ပုဆစ်ဒူးဖြင့်နင်းလျက် သွားလေ၏ နဂါးပျိုမသည် ဘခင် နဂါးမင်းကြီး၏ ပါးပျဉ်း၌ တည်လျက် က,စဉ် ကိံသုအဓိပတိ ရာဇာ ဟူသော သီချင်းကို သီဆို၏ ဥတ္တရ လုံလင်သည် ဆဒ္ဒါရာဓိပတိ ရာဇာ ဟူသော အဖြေသီချင်းကို သီဆိုလေ၏ တဖန် နဂါးပျိုမသည် ကေနသုဝုယ္ဟတိ ဟူ၍ ဥတ္တရလုလင်အား သီချင်းကို သီပြန်လေ၏ ထို့နောင်မှ နဂါးပျိုမအား အဖြေသီချင်းတုံ့ကို သီဆိုသော ဥတ္တရလုလင်သည် သြဃနဝုယ္ဟတိ ဟူသော ဤဂါထာကို ဆိုလေ၏ နဂါးမင်းသည် ထိုအဖြေသီချင်းတုံ့ကို ကြားရလျှင် ကြားရခြင်း ဘုရားရှင်၏ ပဋိတော်မူကြောင်းကို သိရ၍ ငါကား နှစ်ဆူသော ဘုရားရှင်တို့၏ တခုသော အကြားကာလ ပတ်လုံး ဤသို့သဘောရှိသော်သူ၏ စကားသံမည်သည်ကို မကြားရစဘူး အိုအချင်းတို့ စင်စစ် လောကဋ္ဌ ဘုရားရှင် ပဋိတော်မူပြီဟု နှစ်သက်သော်စိတ် ရှိသည်ဖြစ်၍ အမြီးဖြင့် ရေကို ပုတ်ခတ်လေ၏ ကြီးစွာသော လှိုင်းတံပိုးတို့သည် ထကြလေကုန်၏ ကမ်းနှစ်ဘက်တို့သည် ပြိုပျက်လေကုန်၏ ထိုမှာဘက်မှ၎င်း ဤမှာဘက်မှ၎င်း ဇာဉသဘ မျှလောက်

သော အရပ်၌ လူတို့သည် ရေ၌ နစ်မြုပ်ကြလေကုန်၏ နဂါးမင်းကြီးသည် ဤမျှ လောက်သော များစွာသော လူအပေါင်းကို ပါးပျဉ်း၌ထား၍ ဆယ်ယူလျက် ကြည်းကုန်း၌ တည်စေလေ၏။

ဘုရားထံ၌ နဂါးမင်းဝမ်းနည်းခြင်း

နဂါးမင်းသည် ဥတ္တရလုလင်သို့ ချဉ်းကပ်၍ အရှင် မြတ်စွာဘုရားသည် အဘယ်အရပ်၌ ရှိပါသနည်းဟု မေးလေ၏ မြတ်သောနဂါးမင်းကြီး တခုသော သစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူ၏ဟု ဆိုလတ်သော် နဂါးမင်းသည် အရှင် လာပါလော့ သွားကြကုန်စို့အံ့ဟု ဥတ္တရလုလင်နှင့်အတူတကွ သွားလေ၏ လူမျိုး အပေါင်းသည်လည်း နဂါးမင်းနှင့်အတူသာလျှင် လိုက်သွားလေ၏ နဂါးမင်းသည် သွားသဖြင့် ခြောက်သွယ်သောအဆင်းရှိသော ရောင်ခြည်တော်တို့၏ အတွင်းသို့ ဝင်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ငိုကြွေးမြည်တမ်းကာ နေလေ၏ ထိုအခါ နဂါးမင်းကို မြတ်စွာဘုရားသည် မြတ်သောနဂါးမင်းကြီး ဤသို့ နှလုံးကြည်ကဲ့ခြင်းကား အဘယ်နည်းဟု မိန့်ဆိုတော်မူလေ၏ မြတ်စွာဘုရား တပည့်တော်သည် ရှင်တော်မြတ်ဘုရားကဲ့သို့သော ကဿပ မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်၍ အနှစ်နှစ်သောင်းတို့ကာလပတ်လုံး ရဟန်းတရားကို အားထုတ်ပါသည် ဘုရား ထိုအားထုတ်အပ်သော ရဟန်းတရားသည် တပည့်တော်ကို အဟိတ် တိရစ္ဆာန်ဘဝမှ ထုတ်ဆောင်ခြင်းငှါ မတတ်နိုင်ပါဘုရား အနည်းငယ်မျှသော ပြိတ်မြက်ရွက်ကို ဖြတ်မိခြင်းမျှကိုမှီ၍ အဟိတ်ပဋိသန္ဓေကိုယူလျက် ရင်ဖြင့်တွား၍ သွားရာဖြစ်သော အရပ်၌ ဖြစ်ရပါသည်ဘုရား ဘုရားရှင်နှစ်ဆူတို့၏ တခုသော အကြား ကာလပတ်လုံး လူ၏အဖြစ်ကိုလည်း မရပါ သူတော်တရား ကြားနာ ရခြင်းကိုလည်း မရပါ ရှင်တော်မြတ်ဘုရားကဲ့သို့သော ဘုရားအား ဖူးမြင်ခြင်း ကိုလည်း မရခဲ့ပါဘုရားဟု လျှောက်ကြားလတ်သော် မြတ်စွာဘုရားသည် ထိုနဂါးမင်း၏ လျှောက်ချက်စကားကို ကြားနာရ၍ မြတ်သော နဂါးမင်းကြီး လူ၏ အဖြစ်မည်သည်ကား ရခဲသည်သာလျှင်တည်း သူတော်ကောင်းတရားကို နာကြားရခြင်းသည်လည်း ထို့အတူ ရခဲ၏ ဘုရားပွင့်တော်မူသော ကာလလည်း ထို့အတူ ရခဲ၏ ဤလူ၏အဖြစ် စသည်ကို ငြိုငြင်သံဖြင့် ပင်ပန်းသဖြင့် ရအပ်၏ဟု မိန့်တော်မူ၍ တရားစကား ဟောကြားတော်မူလိုရကား ဤဂါထာကို မိန့်တော်မူလေ၏။

(ခ) ၁၄၃–၃၆

ဒေသနာတော်

၁၀၂ ကိုစ္ဆော မနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာနဇီဝိတံ။
ကိစ္ဆံ သဒ္ဓမ္မသဝနံ၊ ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။

မနုဿပဋိလာဘော၊ လူ၏အဖြစ်ကို ရခြင်းသည်။ကိစ္ဆော၊ ခဲခြင်း၏။မစ္စာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ ကိစ္ဆံ၊ ခဲခြင်း၏။ ဝါ၊ ရခဲ၏။ သဒ္ဓမ္မသဝနံ၊ သူတော်ကောင်းတရားကို နာရခြင်းသည်။ ကိစ္ဆံ၊ ခဲခြင်း၏။ ဝါ၊ ရခဲ၏။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဥပ္ပါဒေါ၊ ပွင့်တော်မူခြင်းသည်။ ကိစ္ဆော၊ခဲခြင်း၏။ ဝါ၊ အလွန်တရာရခဲ၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့အား သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းသည်ဖြစ်လေ၏ နဂါးမင်းသည်လည်း ထိုနေ့၌ သောတာပတ္တိဖိုလ်ကို ရသင့်လေရာ၏ ထိုသို့ပင်ရသင့်သော်လည်း တိရစ္ဆာန်ဖြစ်သောကြောင့် မရရှာလေ ထိုရေကပတ္တာနဂါးမင်းသည် ပဋိသန္ဓေ နေခြင်း, အရေဟောင်း စွန့်ခြင်း, လွတ်လွတ်ကျတ်ကျတ် အိပ်ပျော်ခြင်း, ဇာတ်တူ နဂါးမ နှင့် မေထုန်မှီဝဲခြင်း, စုတိခြင်းဟု ဆိုအပ်သော အကြင်ငါးပါးသော အရာဌာနတို့၌ နဂါးတို့မည်သည် နဂါး၏ ကိုယ်ကိုသာလျှင် ယူရခြင်းကြောင့် ပင်ပန်းကြရကုန်၏ ထိုငါးပါးသော အရာဌာနတို့၌ မပင်ပန်းသောသူ၏ အဖြစ်သို့ ရောက်ရသဖြင့် လုလင်၏ အသွင်အားဖြင့်သာလျှင် လှည့်လည်သွားလာခြင်းငှါ ရလေ၏။

ရေကပတ္တာနဂါးမင်းဝတ္ထုပြီး၏။

၄–အာနန္ဒာမထေရ်၏ ဥပုသ် ပြဿနာဝတ္ထု

သဗ္ဗပါပဿ အကရဏံ- အစရှိသော ဤဂါထာများ ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အရှင်အာနန္ဒာမထေရ်၏ ပြဿနာမေးခြင်းကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ဘုရားရှင် ခုနစ်ဆူတို့၏ ဥပုသ်

ထိုပြဿနာကို ရှင်အာနန္ဒာမထေရ်သည် နေ့သန့်စင်ရာ အရပ်၌ နေလျက် မြတ်စွာဘုရားသည် ခုနစ်ဆူသော ဘုရားရှင်တို့၏ မယ်တော် ခမည်းတော်တို့ကိုလည်း အသက် အပိုင်းအခြားကိုလည်း ပဉ္စင်္ဂရာဗေဒမိပင်ကိုလည်း သာဝက အစည်းအဝေးကိုလည်း အဂ္ဂသာဝက အစည်းအဝေးကိုလည်း မြတ်သောတပည့် အလုပ်အကျွေးကိုလည်း ထိုအလုံးစုံကို ဟောကြားတော်မူ၏ ဥပုသ်ကိုကား ဟောတော်မမူသေး အဘယ်သို့နည်း ထိုဘုရားရှင်တို့၏ ဥပုသ်သည်လည်း ဤဥပုသ်ပင်ဖြစ်သလော တပါးသောဥပုသ်ဖြစ်သလောဟု ကြံစည်တော်မူလေသတတ် ထိုအာနန္ဒာမထေရ်သည် ဘုရားရှင်သို့ ချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်လေ၏ အကြင်ကြောင့် ထိုမြတ်စွာဘုရားတို့၏ ကာလ အပြားသည် သာလျှင်ရှိ၏ သုဝါဒ ဂါထာစကား အပြားကားမရှိ ခဲ့ဦးအံ့ ဝိပဿီမြတ်စွာဘုရားသည် ခုနစ်ခုမြောက် ခုနစ်ခုမြောက်ဖြစ်သော နှစ်၌ တကြိမ် တကြိမ် ဥပုသ် ပြုတော်မူ၏ ထိုဝိပဿီဘုရားရှင်၏ တနေ့ ပေးအပ်သော အဆုံးအမသည်သာလျှင် ခုနစ်နှစ်တို့ပတ်လုံး စွမ်းနိုင်သည် ဖြစ်လေ၏ သိခီမြတ်စွာဘုရား သည်ဌင်း ဝေဿဘူမြတ်စွာဘုရားသည်ဌင်း ခြောက်ခုမြောက် ခြောက်ခုမြောက် ဖြစ်သော နှစ်၌ ဥပုသ်ပြုတော်မူကြကုန်၏ ကကုသန် မြတ်စွာဘုရားသည်ဌင်း ကောဏာဂုံ မြတ်စွာဘုရားသည်ဌင်း နှစ်တိုင်း နှစ်တိုင်း ဥပုသ်ပြုတော်မူကြကုန်၏ ကဿပ မြတ်စွာဘုရားသည် ခြောက်ခုမြောက် ခြောက်ခုမြောက်ဖြစ်သောလ၌ တကြိမ် တကြိမ် ဥပုသ်ပြုတော်မူ၏ ထိုကဿပမြတ်စွာဘုရား၏ တနေ့ ပေးအပ်သော အဆုံးအမသည်သာလျှင်• ခြောက်လပတ်လုံး စွမ်းနိုင်သည်ဖြစ်လေ၏ ထို့ကြောင့် ငါတို့ မြတ်စွာဘုရားသည် ထိုရှေးဘုရားရှင်တို့၏ ဤကာလအထူးအပြားကို ဟောကြားတော်မူပြီးလျှင် ထိုရှေးဘုရားရှင်တို့၏ အဆုံးအမ ဂါထာသည်ကား ဤဂါထာသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အလုံးစုံသော ဘုရားရှင်တို့၏ တူသည်သာလျှင် ဖြစ်သော ဥပုသ်ကို ထင်ရှားပြတော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူလေ၏။

---

၁ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟူသော ဘုရားခုနစ်ဆူဟူလို။

ဒေသနာတော်

၁၀၃ သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

၁၀၄ ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
နသမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

၁၀၅ အနုပဝါဒေါ အနုပဃာတော၊ ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊ သန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။

သဗ္ဗပါပဿ၊ အလုံးစုံသော အကုသိုလ်ကို။ ယံအကရဏံ၊ အကြောင်မပြုခြင်းသည်ချင်း။ ကုသလဿ၊ ကုသိုလ်ကို။ ယာဥပသမ္ပဒါ၊ အကြောင်ပြည့်စုံစေခြင်းသည်ချင်း။ ယံသစိတ္တံပရိယောဒပနံ၊ အကြောင်မိမိစိတ်ကို ဖြူစင်စေခြင်းသည်ချင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤအလုံးစုံသည်။ [1] ဗုဒ္ဓါန-ဗုဒ္ဓါနံ၊ အလုံးစုံသော မြတ်စွာဘုရားတို့၏။ သာသနံ၊ အဆုံးအမတော်တည်း။

တိတိက္ခာ၊ သည်းခံခြင်းဟု ဆိုအပ်သော။ [2] ခန္တီ-ခန္တိ၊ သည်းခံခြင်း ခန္တိသည်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်တည်း။ နိဗ္ဗာနံ၊ ကိလေသာမှ ငြိမ်းခြင်းနိဗ္ဗာန်ကို။ ပရမံ၊ မြတ်၏ဟူ၍။ ဗုဒ္ဓါ၊ ဘုရားပစ္စေက, သာဝက, တို့သည်။ ဝဒန္တိ၊ ဟောကြားတော်မူကြကုန်၏ ပရူပဃာတီ၊ သူတပါးကို သတ်ဖြတ်ညှဉ်းဆဲလေ့ရှိသောသူသည်။ ပဗ္ဗဇိတော၊ ရဟန်းမည်သည်။ နဟိဟောတိ၊ မဖြစ်။ ပရံ၊ သူတပါးကို။ ဝိဟေဌယန္တော၊ ညှဉ်းဆဲသောသူသည်။ သာမဏော၊ ရဟန်းမည်သည်။ နဟောတိ၊ မဖြစ်။

အနုပဝါဒေါ၊ မစ္ပပ်စဲမကဲ့ရဲခြင်းသည်ချင်း။ အနုပဃာတော၊မညှဉ်းဆဲ မသတ်ဖြတ်ခြင်းသည်ချင်း။ ပါတိမောက္ခေ၊ အကြီးဖြစ်သော ပါတိမောက္ခသံဝရသီလ၌။

---

၁ ဆန်းကြောင့် နိဂ္ဂဟိတ်ကျနေသည် ဤနေရာမျိုးများ၏။

၂ တိတိက္ခာလည်း သည်းခံခြင်းပင်တည်း။ ခန္တီလည်း သည်းခံခြင်းပင်တည်း၊ ဝိပဿနာဉာဏ်ဟူသော အနုလောမခန္တီကို နှစ်စေလိုသောကြောင့် ထပ်၍ ဝိသေသနပြုသည်။

၃ ဆန်းကြောင့် ဒီဃရောက်နေသည်။

သံဝရောစ၊ စောင့်စည်း ပိတ်ပင်ခြင်းသည်၎င်း။ ဘတ္တာသို့၊ ဆွမ်းဘောဇဉ်၌။ မတ္တညုတာစ၊ အတိုင်းအရှည်ကိုသိသည်၏ အဖြစ်သည်၎င်း။ သန္တုဿယနာသနံ၊ ဆိတ်ငြိမ်ရာဖြစ်သော ကျောင်း၌နေခြင်းသည်၎င်း။ အဓိစိတ္တေ၊ ရှစ်ပါးသော သမာပတ်ဟုဆိုအပ်သော စိတ်ကို အစိုးရခြင်း အဓိစိတ္တသိက္ခာ၌။ အာယောဂေါစ၊ လုံ့လပြုခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤအလုံးစုံသည်။ ဗုဒ္ဓါနံ၊ အလုံးစုံသော မြတ်စွာဘုရားတို့၏။ သာသနံ၊ အဆုံးအမတော်တည်း။

[အနုပဝါဒဖြင့် နှုတ်၌ဖြစ်သော သီလကိုဟောအပ်၏ အနုပဃာတဖြင့် ကိုယ်၌ ဖြစ်သော သီလကို ဟောအပ်၏ ပါတိမောက္ခစ သံဝရောဖြင့် ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလကို ဟောအပ်၏ မတ္တညုတာဖြင့် အာဇီဝ ပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလကို ဟောအပ်၏။ သန္တုဿယနာသနဖြင့် လျောက်ပတ်သော အိပ်ရာနေရာကျောင်းကို ဟောအပ်၏ အဓိစိတ္တဖြင့် သမာပတ် ရှစ်ပါးကိုဟောအပ်၏ ဤသို့လျှင် ဤဂါထာဖြင့် သိက္ခာ သုံးပါးတို့ကိုလည်း ဟောအပ်ကုန်သည်သာလျှင်တည်း]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

အာနန္ဒာမထေရ်၏ ဥပုသ်ပြဿနာဝတ္ထုပြီး၏။

၅—မမ္မေလျှော်သော ရဟန်းဝတ္ထု

နကဟာပဏဝဿန - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် သာသနာတော်၌ မမ္မေလျှော်သော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ဌေတရာဖြင့် လူထွက်လိုသောရဟန်း

ထိုရဟန်းသည် သာသနာတော်၌ ရဟန်းပြုသဖြင့် ရအပ်သော ပဉ္စင်းအဖြစ်ရှိလတ်သည်ရှိသော် ဤမည်သော အရပ်သို့သွား၍ ပါဋိသင်ခြင်းကို သင်ယူချေ

လေ့ဟု ဥပဇ္ဈာယ်ဆရာ စေဒါပ်သည်ဖြစ်၍ ထိုအရပ်သို့ သွားသတတ် ထိုအခါ ထိုရဟန်း၏ ဘခင်အား အနာရောဂါသည် ကပ်ရောက်လေ၏ ဘခင်သည် သားရဟန်းကို ဖူးမြင်လိုသည်ဖြစ်လျက် ထိုသားရဟန်းကို ပင့်ခေါ်ခြင်းငှါ စွမ်းနိုင်သော တစုံတယောက်သောသူကို မရသောကြောင့် သားဌဲ့ဖြစ်သော စိုးရိမ်ခြင်းဖြင့် ယောင်ယမ်း မြည်တမ်းလျက်သာလျှင် သေခြင်းအနီးသို့ ရောက်လတ်သည်ဖြစ်၍ ဤအသပြာကား ငါ့သားရဟန်း၏ သပိတ်သင်္ကန်းဘိုးကို ပြုရစ်ပါလော ဟု အသပြာတရာကို ညီ၏လက်၌ ပေးခဲ့၍ စုတေမနေ သေလွန်ခြင်းကို ပြုလေ၏ ထိုဘခင်၏ညီသည် ပဉ္စင်းငယ် လာသောအခါ ခြေရင်း၌ဝပ်လျက် လူးလည်းကာ ငိုကြွေးပြီးလျှင် အရှင်ဘုရား အရှင်ဘုရား၏ ဘခင်သည် ယောင်ယမ်း မြည်တမ်းလျက်သာလျှင် စုတေမနေ သေလွန်ခြင်းကို ပြုရလေ၏ တပည့်တော်၏ လက်၌ ထိုဘခင် ဒါယကာကြီးသည် အသပြာတရာကို ထားခဲ့၏ ထိုအသပြာဖြင့် အဘယ်သို့ ပြုရပါအံ့နည်းဟု လျှောက်လေ၏။

ပဉ္စင်းငယ်သည် ငါ့အား အသပြာတို့ဖြင့် အလိုမရှိဟု ပယ်ပြီးလျှင် နောက် အဘို၌ ငါ့အား သူတပါးအိမ်ဝယ် ဆွမ်းအလိုငှါ လှည့်လည်၍ အသက်မွေးခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း ထိုအသပြာဘရာကိုမှီ၍ အသက်မွေးမှုခြင်းငှါ တတ်ကောင်း၏ လူထွက်တော့အံ့ဟု ကြံလေ၏ ထိုသို့ အကြံဖြစ်သော ပဉ္စင်းငယ်သည် မမ္မေလျော်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်ရကား စွန့်လွှတ်အပ်သော သရဏဂြိုဟ်ခြင်း ကမ္မဋ္ဌာန်း စီးဖြန်းခြင်းရှိသည်ဖြစ်၍ ဖြော့တော့သော အနာရောဂါရှိသော သူကဲ့သို့ ဖြစ်လေ၏ ထိုအခါ ပဉ္စင်းငယ်ကို ရဟန်းငယ် သာမဏေတို့သည် ဤသို့ညစ်နွမ်းသော ကိုယ်ရှိခြင်းသည် အဘယ်ပါနည်းဟု မေးကြသော ကြောင့် ငြီးငွေ့သည်ဖြစ်၏ဟု ဆိုလတ်သော် ဆရာဥပဇ္ဈာယ်တို့အား ပြောကြား ကြလေကုန်၏ ထိုဖအခါ ပဉ္စင်းငယ်ကို ထိုဆရာ ဥပဇ္ဈာယ်တို့သည် မြတ်စွာဘုရား၏ အထံတော်သို့ ဆောင်၍ မြတ်စွာဘုရားအား ပြကြကုန်၏ ဘုရားရှင်သည် သင်ကား ငြီးငွေ့၏ဟူသည် မှန်သလောဟု မေးတော်မူသောကြောင့် မြတ်စွာဘုရား မှန်ပါကြောင်းပါဘုရားဟု လျှောက်သည်ရှိသော် အဘယ့်ကြောင့် ဤသို့ ပြုဘိသနည်း သင့်အား အသက်မွေးမှုကြောင်း တစုံတခုရှိသလောဟု မိန့်တော်မူလေ၏ မြတ်စွာဘုရား ရှိပါသည်ဘုရားဟု လျှောက်သည်ရှိသော် သင့်အား

အဘယ်ပစ္စည်း ရှိသနည်းဟု မေးတော်မူပြန်၏ မြတ်စွာဘုရား အသပြာတရာ ရှိပါသည်ဘုရားဟု လျှောက်သည်ရှိသော် ထိုသို့ဖြစ်မူ ရှေးဦးစွာ တစုံတခုသော အရပ်၌ ကျောက်စရစ်ကို ဆောင်ခဲ့လော ထိုမျှလောက်ဖြင့် အသက်မွေးမြူခြင်း ငှါ တတ်နိုင်ကောင်းအံ့လော မတတ်နိုင်အံ့လောဟု ရေတွက်၍ သိကြရကုန်အံ့ ဟူ၍ မိန့်တော်မူလေ၏။

ဝေပုံချခြင်းနှင့် မန္ဒာတုဇာတ်အမြွက်

ထိုပဉ္စင်းငယ်သည် ကျောက်စရစ်ကို ဆောင်ယူခဲ့လေ၏ ထိုအခါ ပဉ္စင်းငယ်ကို မြတ်စွာဘုရားသည် ရှေးဦးစွာ အသုံးအဆောင် အလို့ငှါ အသပြာငါးဆယ်ကို ထားလော့ နွားနှစ်ကောင်တို့ အလို့ငှါ နှစ်ဆဲလေးအသပြာကို ထားလော့ ဤမျှ လောက်သော အသပြာကို မျိုးစေ့အလို့ငှါဌင်း ထမ်းပိုး ထွန်တုံး အလို့ငှါဌင်း ပေါက်တူး ပဲခွပ် ပုဆိန် အလို့ငှါဌင်း ထားလော့ ဤသို့ရေတွက်အပ်သည်ရှိသော် ထိုအသပြာတရာသည် မလောက်မမျှ ဖြစ်ခဲ့လေ၏ ထိုအခါ ရဟန်းငယ်ကို မြတ်စွာဘုရားသည် ချစ်သားရဟန်း သင်၏ အသပြာတို့သည် အနည်းငယ်သာ ဖြစ်ကုန်၏ ဤအသပြာတို့ကိုမှီ၍ တောင့်တခြင်း တဏှာလောဘကို အဘယ်သို့လျှင် ပြည့်စေနိုင်အံ့နည်းဟု မိန့်တော်မူပြီးလျှင် လွန်လေပြီးသောအခါ စကြဝဠတေးမင်း၏ မင်းအဖြစ်ကို ပြုစေ၍ လက်ပန်းပေါက်ခတ်ကာမျှ၌ တဆဲနှစ်ယူဇနာရှိသော အရပ်၌ ခါးအတိုင်းအရှည်မျှဖြင့် ရတနာမိုးကို ရွာစေခြင်းငှါ စွမ်းနိုင်ကြကုန်သော မင်းကြီးတို့သည် အကြင် ရွှေလောက် သုံးကျိပ် ခြောက်ယောက်သော သိကြားတို့သည် စုတေကုန်၏ ထိုမျှလောက်သောကာလပတ်လုံး နတ်မင်း အဖြစ်ကို ပြု၍သော်လည်း သေသောအခါ တောင့်တခြင်း တဏှာလောဘကို မပြည့်စေနိုင်မူ၍သာလျှင် သေခြင်းကို ပြုကြရ လေကုန်၏ ဟူ မိန့်တော်မူ၍ ထိုပဉ္စင်းငယ် တောင်းပန်အပ်ရကား လွန်လေပြီးသောအကြောင်းကို ဖော်ဆောင်တော်မူ၍ ဤမန္ဒာတုဇာတ်ကို ခဲ့တော်မူသဖြင့်။

ယာဝတာ စန္ဒိမသူရိယာ ပရိဟရန္တိ၊ ဒိသာ ဘန္တိ ဝိရောစမာနာ။
သပ္ပေဝ ဒါသာ မန္ဓာတု၊ ယေ ပါဏာ ပထဝိဿိတာ။

---

၁ မန္ဓာတုဇာတ်ကား ငါးရောငါးဆယ် တိကနိပါတ် ၁-သက်ပွင့် ၈-မန္ဓာတုဇာတ် ဖြစ်၏။

စန္ဒိမသူရိယာ၊ လ နေ တို့သည်။ ယာဝတာ၊ အကြင်မျှလောက်သော အရပ် ဒေသတို့ဖြင့်။ ပရိဟရန္တိ၊ မြင်းမိုရ်တောင်ကို လှည့်လည် သွားကြကုန်၏။ ဒီဃာ ဒီဃာသု၊ အရပ် ဆယ်မျက်နှာတို့၌။ ဝိဇရောစမာနာ၊ တင့်တယ်ကြကုန်လျက်။ ဘန္တိ၊ ထွန်းလင်း တောက်ပကြကုန်၏။ တွေ့ကေပဒေသေ၊ ဤမျှလောက်သော အရပ်ဒေသ၌။ ပထဝိနိဿိတာ၊ မြေပြင်ကိုမှီ၍ နေကြကုန်သော။ ယေပါဏာ၊ အကြင်သတ္တဝါတို့သည်။ သန္တိ၊ ရှိကြကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ ပါဏာ၊ ထိုသတ္တဝါတို့သည်။ မန္ဓာတု၊ မန္ဓာတ်မင်းကြီး၏။ ဒါသာဝေ၊ ကျေးကျွန် တို့ချည်းသာ ဖြစ်ကုန်၏။

ဟူသော ဤဂါထာကို ဟောတော်မူလေ၏ ဤဂါထာ၏ အခြားမဲ့၌ ဤနှစ်ခု သော ဂါထာတို့ကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၀၆ နကဟာပဏာဝေသေန၊ တိတ္တိ ကာမေသု ဝိဇ္ဇတိ။
အပ္ပဿာဒါ ဒုခါ ကာမာ၊ ဣတိ ဝိညာယ ပဏ္ဍိတော။

၁၀၇ အပိဒိဗ္ဗေသု ကာမေသု၊ ရတိ သော နာဓိဂစ္ဆတိ။
တဏှက္ခယရတော ဟောတိ၊ သမ္မာသမ္ဗုဒ္ဓ သာဝကော။

ကဟာပဏဝေသေန၊ အသပြာမိုဃ်း ရှာသဖြင့်လည်း။ ကာမေသု၊ ဝတ္ထု ကိလေ နှစ်ထွေသော ကာမတို့၌။ တိတ္တိ၊ ရောင့်ရဲခြင်းမည်သည်။ နဝိဇ္ဇတိ၊ မရှိ။ ကာမာ၊ ကာမဂုဏ်တို့သည်။အပ္ပဿာဒါ၊သာယာဘွယ် မရှိကြကုံန်။ ဝါ၊သာယာ ဘွယ်ကား နည်းပါးလှကုန်၏။ ဒုက္ခာ၊ ဆင်းရဲခြင်းသာ များလှကုန်၏။ ဣတိ၊ ဤသို့။ဝိညာယ၊သိ၍။ပဏ္ဍိတော၊ပညာရှိသော။ သောသမ္မာသမ္ဗုဒ္ဓ သာဝကော၊ ထိုဘုရားရှင်၏ တရားတော် နာကြား တပည့်သားသည်။ အပိဒိဗ္ဗေသု၊ နတ် စည်းစိမ်ပင် ဖြစ်ကုန်သော်လည်း။ ကာမေသု၊ ကာမဂုဏ်တို့၌။ ရတိ၊ မွေ့လျော် ခြင်းကို။ နာဓိဂစ္ဆတိ၊ မရနိုင်။ တဏှက္ခယရတော၊ တဏှာကုန်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်၌ လွန်စွာမွေ့လျော်သည်။ ဟောတိ၊ ဖြစ်၏။ (အရဟတ္တ ဖိုလ် နိဗ္ဗာန်ကို တောင့်တလျက်နေ၏ ဟူလို)။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ထိုငြိးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော ဒေသနာဖြစ်တော်မူလေ၏။

မမ္မေလျော်သော ရဟန်းဝတ္ထုပြီး၏။

၆—အင်္ဂိဒတ္တပုဏ္ဏားဝတ္ထု၊

ဗဟုံ ဝေ သရဏံ ယန္တိ - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် သဲပုံစု၌ [1]နေတော်မူလျက် အင်္ဂိဒတ္တာအမည်ရှိသော ကောသလမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားကို အကြောင်းပြု၍ ဟောဒေတော်မူလေ၏။

ကိုးကွယ်ရာအလဲ့ အဆုံးအမ ပေးသောပုဏ္ဏား

ထိုအင်္ဂိဒတ္တပုဏ္ဏားသည် မဟာကောသလ မင်းကြီး၏ ပုရောဟိတ် ပုဏ္ဏားဖြစ်ဘူးလေသတတ် ထိုအခါ ထိုပုရောဟိတ်ပုဏ္ဏားကြီးကို ခမည်းတော် မဟာကောသလမင်းကြီး နတ်ရွာစံလတ်သည်ရှိသော် ပဿေနဒီ ကောသလ မင်းကြီးသည် ငါ့ခမည်းတော်၏ ပုရောဟိတ်ပုဏ္ဏားတည်းဟု အလေးဂရုပြုသဖြင့် ထိုပုရောဟိတ်အရာ၌ပင်လျှင် ထား၍ ထို့အင်္ဂိဒတ္တ ပုဏ္ဏားကြီးအား မိမိထံသို့ ခစားခြင်းငှါ ရောက်လာသောအခါ၌ ခရီးဦးကြို့ဆိုခြင်းကို ပြုလုပ်၏ ပုရောဟိတ်ဆရာကျိအရပ်၌ နေထိုင်ကြပါလော့ဟု ဆို၍ မင်းကြီးနှင့် တူသောနေရာကို ပေးစေလေ၏ အင်္ဂိဒတ္တပုဏ္ဏားသည် ကျိမင်းကား ငါ၌ အလွန်လျှင် အလေးဂရု ပြုလုပ်ဘိ၏ ဘုရင်မင်းတို့၏စိတ်ကို အမြဲကာလ၌သာလျှင် ယူခြင်းငှါ မတတ်ကောင်းမင်း၌ စည်းစိမ်ချမ်းသာ မည်သည်ကား တူမျှသောအရွယ်ရှိသော သူနှင့်သာလျှင် အတူတကွ ချမ်းသာ၏ ငါသည်လည်း ကြီးရင့်ခဲ့လေပြီ ရဟန်းပြုခြင်းငှါ ငါ့အားသင့်၏ဟု ကြံစည်လေ၏ ထိုပုရောဟိတ် ပုဏ္ဏားသည် ပဿေနဒီကောသလမင်းကြီးကို ရဟန်း အဖြစ်ကို ခွင့်ပြုစေ၍ မြို့တော်၌ စည်လည်စေလျက် ခုနစ်

---

၁ ဇေတဝန်ကျောင်းတော်မှ ကြွသွား၍ အင်္ဂိဒတ္တတို့၏ နေရာ သဲပုံစု၌ နေတော်မူလျက် ဟောဒေတော်မူ၏ဟူလို။

ရက်ဖြင့် အလုံးစုံသော မိမိ၏ဥစ္စာကို အလှူဝဋ္ဌစွန့်ကြဲ လှူဒါန်းပြီးလျှင် သာသနာတော်မှ အပဖြစ်သော ရသေ့ ရဟန်းပြုလေ၏ ထိုအင်္ဂါဒတ္တ ပုဏ္ဏားကိုမှီ၍ တသောင်းသော ယောကျ်ားတို့သည် အတုလိုက်၍ ရဟန်းပြုကြလေကုန်၏ ထိုအင်္ဂါဒတ္တ ပုဏ္ဏားသည် တသောင်းသော ရသေ့ ရဟန်းတို့နှင့်အတူတကွ အင်္ဂ တိုင်း မဂဓတိုင်းတို့၏ဌင်း ကုရုတိုင်းတို့၏ဌင်း အကြားဌ နေခြင်းကိုပြု၍ ချစ်သားတို့ အကြင်သူအား ကာမဂုဏ်ကို ကြံစည်စိတ်ကူးသော ကာမဝိတက် အစရှိသော တရားတို့သည် ဖြစ်ကုန်ငြားအံ့ ထိုသူသည် မြစ်မှ သဲလက်ခုပ် တခုတခု ထုတ်ဆောင်၍ ဤအရပ်ဌ လောင်းစေသတည်းဟု ဤသို့သော အဆုံးအမကို ပေး၏။

ထိုတသောင်းသော ရသေ့ ရဟန်းတို့သည် ဓကာင်းလှပါပြီဟု ဝန်ခံကြပြီး လျှင် ကာမဝိတက် စသည်တို့ဖြစ်သောအခါ ထိုဩဝါဒအတိုင်း ပြုကြလေကုန်၏ တပါးသောအခါဌ ကြီးစွာသော သဲပုံစုသည်ဖြစ်လေ၏ ထိုသဲပုံကြီးကို အဟိဆတ္တမည်သော နဂါးမင်းသည် သိမ်းပိုက်လေ၏ အင်္ဂ်တိုင်း မဂဓတိုင်းဌ နေသောသူတို့ သည်ဌင်း ကုရုတိုင်းဌ နေကုန်သော သူတို့သည်ဌင်း လတိုင်းလတိုင်း ထိုရသေ့ ရဟန်း တသောင်းတို့အား များစွာသော ပုဇော်သက္ကာရကို ရှေးရှုဆောင်၍ အလှလှကြကုန်၏ ထိုအင်္ဂ်တိုင်းသား မဂဓတိုင်းသားနှင့် ကုရုတိုင်းသားတို့အား အင်္ဂါဒတ္တ ပုဏ္ဏားသည် တောင်တောအာရုံ သစ်ပင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်လော့ ဤသို့ကိုးကွယ်ရာဟု ဆည်းကပ်ခြင်းသည် အလုံးစုံသော ဝဋ္ဋဆင်းရဲမှ ကင်းလွတ်ကြကုန်လတ္တံ့ဟူသော ဤအဆုံးအမကိုပေး၏ မိမိ၏ အတွင်းနေ တပည့်တို့ကိုလည်း ဤအဆုံးအမဖြင့် ဆုံးမလေ၏။

အရှင်မောဂ္ဂလာန်ကို မခန့်လေးစား ပြောခြင်း၊

ငါတို့ဘုရားလောင်းသည်လည်း မြတ်သော တောထွက်ခြင်းကို ပြုသဖြင့် သာဗ္ဗညုတညာဏ်တော်သို့ ရောက်တော်မူပြီးလျှင် ထိုအခါသဝဝတ္ထိုပြည်ကို မှီ၍ ဇေတဝန်ကျောင်းတော်ဌ နေတော်မူလျက်နံနက်စောစောအခါဌ လူအပေါင်းကို ကြည့်ရှုတော်မူလတ်သည်ရှိသော် အတွင်းနေ တပည့်တို့နှင့်တကွ အင်္ဂါဒတ္တအမည်ရှိသောပုဏ္ဏားကို ကိုယ်တော်မြတ်၏ သဗ္ဗညုတညာဏ်တော်တည်းဟူသော ကွန်ရက်အတွင်းသို့ ဝင်ရောက်လာသည်ကို မြင်တော်မူလျှင် အလုံးစုံလည်းဖြစ်သော ဤသူတို့သည် အရဟတ္တဖိုလ်၏ ဥပနိဿယနှင့် ပြည့်စုံကြကုန်၏ဟု သိတော်မူ၍

ညချမ်းသောအခါ အရှင်မဟာ မောဂ္ဂလာန် မထေရ်ကို ချစ်သားမောဂ္ဂလာန် အဂ္ဂိဒတ္တပုဏ္ဏားသည် များစ္ဆာသော လူအပေါင်းကို ဆိပ်ကမ်းမဟုတ်သော အရပ် ဖြင့် သက်ဝင်စေသည်ကို မြင်ရ၏လော သွားတဲ့ချေ ထိုသူတို့အား အဆုံးအမကို ပေးချေလော့ဟု မိန့်တော်မူလေ၏ မြတ်စ္ဆာဘုရား ထိုသူတို့ကား များပြားလှပါ ကုန်၏ တယောက် အထီးတည်းဖြစ်သော တပည့်တော်အား ရဲဝံ့သော အရာ မဟုတ်ပါ ရှင်တော်မြတ်ဘုရားတို့ သည်လည်း အကယ်၍ ကြွလိုက်လာတော်မူ ကြကုန်သည်ဖြစ်အံ့ ရဲဝံ့ခြင်းတို့သည် ဖြစ်ကြပါလိမ့်မည်ဘုရားဟု လျှောက်ကြား လတ်သော် ချစ်သားမောဂ္ဂလာန် ငါဘုရားသည်လည်း ကြွလိုက်လာအံ့ သင်သည် ရှေက သွားနှင့်ချေလောဟု မိန့်တော်မူလေ၏။

ရှင်မောဂ္ဂလာန် မထေရ်သည် ရှေက သွားစဉ်သာလျှင် ကြံစည်ပုံကား ဤသူ တို့ကား အားလည်းကြီးကုန်၏ များလည်းများကုန်၏ အလုံးစုံသော သူတို့၏ တညီတညွတ်တည်း စည်းဝေးရာ အရပ်၌ တစုံတခုန်းသောစကားကို အကယ်၍ ဆိုချေငြားအံ့ အလုံးစုံသော သူတို့သည်လည်း အစုအစုအားဖြင့် ထကြကုန်ရာ ၏ဟု ကြံ၍ မိမိ၏ အာနုဘော်အားဖြင့် ကြီးသော မိုးယံးရေမိုးယံးပေါက်ရှိသော မိုးယံးကိုရွာစေလေ၏ ကြီးစွာသော မိုးယံးရေ မိုးယံးပေါက်တို့သည် ကျကုန်သံ့ည် ရှိသော် ထ၍ထ၍ မိမိ မိမိ၏ သစ်ရွက်မိုးသော ကျောင်းသို့ ဝင်ကြကုန်၏ ရှင်မောဂ္ဂလာန် မထေရ်သည် အဂ္ဂိဒတ္တ ပုဏ္ဏား၏ သစ်ရွက်မိုး ကျောင်းတံခါးဦးရပ် လျက် အဂ္ဂိဒတ္တဟု မိန့်ဆိုတော်မူလေ၏ ထိုအဂ္ဂိဒတ္တပုဏ္ဏားသည် ရှင်မောဂ္ဂလာန် မထေရ်၏ အသံကို ကြားရလျှင် ဤလောကဦး ငါ့ကို အမည်အားဖြင့် ခေါ်ခြင်း ဌါ စွမ်းနိုင်သော် သူမည်သည် မရှိ ငါ့ကို အမည်အားဖြင့် ခေါ်သော သူကား အဘယ်သူ ဖြစ်လေဘိသနည်းဟု ခက်ထန်သော မာန်မူခြင်း ရှိသည့်အဖြစ် ကြောင့် ငါ့ကိုခေါ်သော ဤသူကား အဘယ်သူ ဖြစ်ဘိသနည်းဟု ဆိုလေ၏ ပုဏ္ဏားကြီး အကျန်ပ်ပေတည်းဟု ဆိုလတ်သော် သင် အဘယ်စကားကို ပြောဆို သနည်းဟု ဆိုလေ၏ ယနေ့တည့်မျှ ငါ့အလို့ငှါ ဤအရပ်၌ နေစရာအရပ်ကို ပြောကြားစမ်းပါလောဟု ဆိုသည်ရှိသော် ဤအရပ်၌ နေစရာမရှိ တယောက် အား သစ်ရွက်မိုး ကျောင်းတဆောင်သာ ဖြစ်၏ဟု ဆိုလေ၏ အဂ္ဂိဒတ္တ လူတို့ မည်သည် လူတို့၏အထံသို့ နွားတို့သည် နွားတို့၏အထံသို့ ရဟန်းတို့သည် ရဟန်း

တို့၏ အထံသို့ သွားကြစမြဲ ဖြစ်ကုန်၏ ဤသို့ မပြုပါလင့် ငါ့အား နေစရာအရပ်ကို ပေးပါလော့ဟု ဆိုလတ်သော် အသို့နည်း သင်ကား ရဟန်းလောဟု မေးလေ၏ ရဟန်း ဟုတ်မှန်ပါ၏ဟု ဆိုလတ်သော် သင်အကယ်၍ ရဟန်းဖြစ်ခဲ့အံ့ သင်၏ ထမ်းပိုးပြာစစ်သည် အဘယ်မှာနည်း ရဟန်းပရိက္ခရာကား အဘယ်နည်း ဟု မေးလေ၏ ငါ့အား ပရိက္ခရာသည် ရှိပါ၏ ထိုပရိက္ခရာကို အသီးအခြား ယူ၍ လှည့်လည်သွားလာခြင်းငှါ ဆင်းရဲလှ၏ ထို့ကြောင့် ပုဏ္ဏားကြီး ကိုယ်တွင်းဖြင့် သာယူ၍ သွားလာလှည့်လည်ပါ၏ဟု ဆိုလတ်သော် ထိုအဂ်ိုဒတ္တ ပုဏ္ဏားသည် သင်ကား ယူ၍ လှည့်လည် သွားလာနိုင်လတ္တံ့လောဟု ဆိုတဲ့၍ မထေရ်မြတ်အား အမျက်ထွက်လေ၏။

အရှင်မောဂ္ဂလာန်၏ တန်ခိုး

ထိုအခါ အဂ်ိုဒတ္တပုဏ္ဏားကို ရှင်မောဂ္ဂလာန်သည် အဂ်ိုဒတ္တ ငါတို့ကို အမျက် မထွက်ပါလင့် ငါ့အား နေစရာအရပ်ကို ပြောကြားပါလော့ဟုဆိုလေ၏ ဤအရပ်၌ နေစရာအရပ် မရှိဟုဆိုလျှင် ဤသဲပုံစု၌ အဘယ်သူ နေသနည်းဟု မေးလေ၏ တခုသော နဂါးမင်း နေ၏ဟု ဆိုလျှင် ငါ့အား ဤနေရာကို ပေးပါလော့ဟုဆိုလေ၏ ပေးခြင်းငှါ မတတ်ကောင်း ထိုနေရာ၌ နဂါးမင်း၏ အမှုသည် ဝန်လေး၏ ဟုဆိုလျှင် ထိုသို့ ဝန်လေးသည် ဖြစ်ပါစေ ငါ့အား ပေးသာပေးပါလော့ဟု ဆိုလေ၏ ထိုသို့ဖြစ်မူ သင်သည်သာလျှင် သိလေလော့ဟု ဆိုလျှင် ရှင်မောဂ္ဂလာန် မထေရ်သည် သဲပုံစုသို့ ရှေးရှု ကြွသွားတော်မူလေ၏ နဂါးမင်းသည် ထိုကြွလာသော ရှင်မောဂ္ဂလာန်ကိုမြင်လျှင် ဤရဟန်းကား ဤအရပ်သို့လာ၏ ငါရှိသည် အဖြစ်ကို မသိဧလယောင်တကား အခိုးလွှတ်၍ ထိုရဟန်းကို သတ်အံ့ဟုကြံလျက် အခိုးလွှတ်လေ၏ ရှင်မောဂ္ဂလာန်သည် ဤနဂါးမင်းကား ငါသာလျှင် အခိုးလွှတ် ခြင်းငှါ စွမ်းနိုင်၏ တပါးသော သူတို့သည် မစွမ်းနိုင်ကြကုန်ဟု အောက်မေ့ မှတ်သားယောင်တကားဟု ကြံ၍ မိမိကိုယ်တိုင်လည်း အခိုးလွှတ်လေ၏။

နှစ်ဦးစလုံးဖြစ်သော သူတို့၏ကိုယ်မှ ထွက်သော အခိုးတို့သည် ဗြဟ္မာ့ပြည် တိုင်အောင် တက်လေကုန်၏ နှစ်ခုသော အခိုးတို့သည်လည်း ရှင်မောဂ္ဂလာန် မထေရ်ကို မည်ဥးဆဲ မနှိပ်စက်မူ၍ နဂါးမင်းကိုသာလျှင် ညှဉ်းဆဲနှိပ်စက်ကြကုန်၏ နဂါးမင်းသည် အခိုးအဟုန်ကို သည်းခံခြင်းငှါ မတတ်နိုင်ရကား အလျှံကို

လွတ်ပြန်လေ၏ ရှင်မောဂ္ဂလာန် မထေရ်သည်လည်း တေဇော ကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို ဝင်စားတော်မူ၍ ထိုနဂါးမင်းနှင့် အတူတကွသော လျှင် အလှုံလွှတ်လေ၏ မီးလျှံတို့သည် ဗြဟ္မာ့ပြည်တိုင်အောင် တက်လေကုန်၏ နှစ်ခုသော မီးလျှံတို့သည်လည်း ရှင်မောဂ္ဂလာန်ကို မညှဉ်းဆဲ မနှိပ်စက်မူ၍ နဂါးမင်းကိုသာလျှင် ညှဉ်းဆဲ နှိပ်စက်ကြကုန်၏ ထိုအခါ နဂါးမင်း၏ ကိုယ်အလုံးသည် မီးရှူးတို့ဖြင့် ထက်ဝန်းကျင် လောင်ကျွမ်းသော ကိုယ်ရှိသကဲ့သို့ ဖြစ်လေ၏ ရသေ့အပေါင်းကား ကြည့်ရှုလျက် နဂါးမင်းသည် ရဟန်းကို ရှိ့မြှုံက်လေ၏ ရဟန်းသည်ကား ကောင်းသော ရဟန်းဖြစ်ပေစ့ ငါတို့၏ စကားကို နားမထောင် ခြင်းကြောင့် ပျက်စီးရာရ၏ဟု ကြံကြကုန်၏ ရှင်မောဂ္ဂလာန်သည်လည်း နဂါးမင်းကို ဆုံးမပြီးလျှင် မာန်ဟူသော အဆိပ်အတောက် မရှိသည်ကိုပြု၍ သဲပုံစုဌ် အခွေတို့ဖြင့် ဝန်းရံ၍ စုလစ်မှန်းချွန်တပ်သော စရပ်ဝန်းပမာဏရှိသော ပါးပျဉ်းကို ဖန်ဆင်း၍ ရှင်မောဂ္ဂလာန်၏ ထိပ်တော်ထက်၌ ဆောင်လေ၏။

မြတ်စွာဘုရား ကြွသွားတော်မူခြင်း

ရသေ့အပေါင်းတို့သည် နံနက် စောစော သာ၍လျှင် ရဟန်း၏ သေသည့် အဖြစ်ကိုဌင်း မသေသည့် အဖြစ်ကိုဌင်း သိကြရကုန်အံ့ဟု မထေရ်၏ အထံသို့ သွားကြသဖြင့် သဲပုံ စုထက်၌ နေတော်မူသော မထေရ်ကို မြင်ကြရလျှင် လက်အုပ် ချီ၍ ချီးမွမ်းထောမနာကြကုန်လျက် ရှင်ရဟန်း အသို့နည်း နဂါးမင်းသည် မနှိပ်စက်အပ်လေသလော့ဟု မြွက်ဆိုကြလေကုန်၏ အသို့နည်း ငါ၏အထက်၌ ပါးပျဉ်းကို မိုးလျက် တည်နေသော နဂါးမင်းကို သင်တို့ မမြင်ကြကုန်ဘိသလော့ဟု မိန့်တော်မူလျှင် ရသေ့တို့သည် အချင်းတို့ ရဟန်း၏ အမှုသည်ကား အံ့ဩဘွယ်ရှိပေစ့တကား ဤသို့ သဘောရှိသည်မည်သော နဂါးမင်းကို ဆုံးမအပ်ပြီဟု ဆို၍ ရှင်မောဂ္ဂလာန် မထေရ်ကို ခြံရုံလျက်တည် နေကြကုန်၏ ထိုခဏ၌ မြတ်စွာဘုရားသည် ကြွလာတော်မူ၏ ရှင်မောဂ္ဂလာန် မထေရ်သည် မြတ်စွာဘုရားကို မြင်လျှင် နေရာမှ ထလျက် ရှိခိုးလေ၏ ထိုအခါ ရှင်မောဂ္ဂလာန်ကို ရသေ့တို့သည် ဤရဟန်းကြီးကား သင့်ထက် ကြီးမြတ်လေသလော့ဟု မေးမြန်းကြကုန်၏ ဤရဟန်းကြီးကား ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူသော ငါတို့၏ဆရာတည်း ငါသည် ဤရဟန်းကြီး၏ တပည့်တည်းဟု ဆိုလေ၏ ဘုရားရှင်သည် သဲပုံအစု

ဒ့အထက်၌ နေတော်မှူလေ၏ ရသေ့အပေါင်းသည် ရှေးဦးစွာ ဤသည်ကား တပည့်ဖြစ်သောသူ၏ တန်ခိုးအာနုဘော်တည်း ဤဆရာဖြစ်သောသူ၏ တန်ခိုးအာနုဘော်သည်ကား အဘယ်သို့ သဘောရှိသည်ဖြစ်လတ္တံ့ နည်းဟု လက်အုပ်ချီလျက် မြတ်စွာဘုရားကို အလွန်ချီးမွမ်းလေ၏။

ဘုရားရှင်သည် အဂ်ိဒတ္တ ပုဏ္ဏားကို ခေါ်တော်မူ၍ အဂ်ိဒတ္တ သင်သည် ရှေးဦးစွာ တပည့်တို့အားဖင်း အလုပ်အကျွေး ဒါယကာတို့အားဖင်း အဆုံးအမ ပေးသည်ရှိသော် အဘယ်သို့ ပြောဆို၍သာလျှင် ပေးဘိသနည်းဟု မိန့်တော်မူလေ၏ ဤတောင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်လော့ ဤတောကို ဤအာရုံမ်ကို ဤသစ်ပင်ကို ကိုးကွယ်ရာဟူ၍ဆည်းကပ်ကြကုန်လော့ ဤတောင်စသည်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းသို့ ရောက်သောသူသည် အလုံးစုံသော ဆင်းရဲမှလွတ်နိုင်၏ ဤသို့ သာဝကနှင့် ဥပါသကာတို့အား အဆုံးမပေးပါသည်ဟု လျှောက်ကြားလတ်သော် မြတ်စွာဘုရားသည် အဂ်ိဒတ္တ ဤတောင်စသည်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သောသူသည် ဆင်းရဲမှ မလွတ်နိုင် ဘုရား တရားသံဃာ ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းသို့ ရောက်သောသူတို့သည် အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ လွတ်နိုင်၏ဟု မိန့်တော်မူ၍ ဤဂါထာတို့ကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၈၈ ဗဟုံ ဓေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

၁၈၉ နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏမုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

၁၉၀ ယော စ ဗုဒ္ဓေ ဓမ္မေ၊ သံဃေ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မာပညာယ ပဿတိ။

၁၉၁ ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ အင္ဂ်ိကံ မဂ္ဂံ၊ ဒုက္ခူပ သမဂါမိနံ။

၁၉၂ ဧတံခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

မနုဿာ၊ လူတို့သည်။ ဘယတဇ္ဇိတာ၊ ဘေးဖြင့် ထိတ်လန့်ကုန်သည်ဖြစ်၍။ ပဟုံ-ဗဟူ၊ များစွာကုန်သော။ ပဗ္ဗတာနိစ၊ တောင်တို့ကိုဂုဏ်း။ ဝနာနိစ၊ တောတို့ကိုဂုဏ်း။ အာရာမရုက္ခစေတျာနိစ၊ အာရာမ် ဥယျာဉ် အဓိကရသစ်ပင် တည်းဟူသော စေတီတို့ကိုဂုဏ်း။ ဝေ၊ စင်စစ်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ယန္တိ၊ ဆည်းကပ်ကြကုန်၏။

တေသရဏံ၊ ဤအလုံးစုံသော ကိုးကွယ်ရာ တောတောင် အစရှိသည်သည်။ ခေါ၊ စင်စစ်။ ခေမံ၊ ဘေးကင်းကြောင်း ကိုးကွယ်ရာသည်။ နှ၊ မဟုတ်။ တေသရဏံ၊ ဤတောတောင် စသော အလုံးစုံသော ကိုးကွယ်ရာသည်။ ဥတ္တမံ၊ မြတ်သောကိုးကွယ်ရာသည်။ နှ မဟုတ်။ တေသရဏံ၊ ဤတောတောင်စသော ကိုးကွယ်ရာကို။ အာဂမ္မ၊စွဲ၍။ ဧကောပိ၊ တယောက်သော သူမျှသည်လည်း။ သဗ္ဗဒုက္ခာ၊ ဇာတိအစရှိသော ခပ်သိမ်းသောဝဋ်ဆင်းရဲမှ။ နပမုစ္စတိ၊ မလွတ်နိုင်။

ယောစ၊ အကြင်သူသည်ကား။ ဗုဒ္ဓဥ္စ၊ မြတ်စွာဘုရားကိုဂုဏ်း။ ဓဉ္စမ္မ၊ တရားတော်ကိုဂုဏ်း။ သံဃဥ္စ၊ သံဃာတော်ကိုဂုဏ်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်၏။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ပညာဖြင့်။ ပဿတိ၊ မြင်၏။

ဒုက္ခဥ္စ၊ ဒုက္ခသစ္စာကိုဂုဏ်း။ ဒုက္ခသမုပ္ပါဒဥ္စ၊ ဒုက္ခကို ဖြစ်စေတတ်သော သမုဒယသစ္စာကိုဂုဏ်း။ ဒုက္ခဿ အတိက္ကမဥ္စ၊ ဒုက္ခကိုလွန်မြောက်ရာဖြစ်သော နိရောဓသစ္စာကိုဂုဏ်း။ ဒုက္ခ။ပသမဂါမိနံ၊ ဒုက္ခ၏ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ အရိယံ၊ မြတ်သော။ အင္ဂဂိကံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ မဂ္ဂဥ္စ၊ မဂ္ဂသစ္စာကိုဂုဏ်း။ ပဿတိ၊ မြင်၏။

တဿ၊ ထိုသူ၏။ ဝါ၊ သစ္စာလေးပါး သိပြီးသောသူ၏။ တေသရဏံ၊ ဤဘုရားတရား သံဃာဟူသော ကိုးကွယ်ရာသည်။ ခေါ၊ စင်စစ်။ ခေမံ၊ ဘေးကင်းကြောင်းဖြစ်၏။ တေသရဏံ၊ ဤသုံးပါးသော ကိုးကွယ်ရာသည်။ ဥတ္တမံ၊ မြတ်၏။ သောစ ပဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်လည်း။ တေသရဏံ၊ ဤသုံးပါးသော ကိုးကွယ်

ရာကို။ အာဂမ္မ၊ စွဲ၍။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဝဋ်ဆင်းရဲမှု။ ပမုစ္စတိ၊ လွတ်နိုင်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ အလုံးစုံလည်း ဖြစ်ကုန်သော ထိုရဿေတို့သည် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ မြတ်စွာဘုရားကို ရှိခိုးလျက် ရဟန်းအဖြစ်ကို တောင်းပန်ကြလေကုန်၏ မြတ်စွာဘုရား သည်လည်း သက်ဒန်းတော် တည်းဟူသော တိုက်ခန်းမှ လကျိ လက်တော်ကို ဆန့်တန်းတော်မူ၍ "ထေ ဘိက္ခဝေါ သမ္မာစရထ ဇုဟ္မစရိယံ" ဘိက္ခဝေါ၊ ရဟန်းတို့။ထေ၊ရိုသေတုပ်ကွ လာကြကုန်လော။ ဇုဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ သမ္မာစရထ၊ ကောင်းစွာ ကျင့်ကြကုန်လော။ ဤသို့အစရှိသောစကားကို မိန့်မြွက်တော်မူ၏ ထိုရဿေတို့အား ထိုဓာတုခြင်း၌သာလျှင် ရှစ်ပါးသော ပရိက္ခရာတို့ကို ဆောင်ကုန်လျက် ဝါခြောက်ဆယ်ရပြီးသော မဒ္ဒရိကြီးတို့ကဲ့သို့ ဖြစ်ကြလေကုန်၏။

အဂ်ိဒတ္တမထေရ် တန်ခိုးပြခြင်း

ဂင်းနေ့သည်လည်း အလုံးစုံကုန်သော အဂ်တိုင်း မဂဓတိုင်း ကုရုတိုင်း၌ နေကုန်သော သူတို့၏ ပူဇော်သက္ကာရကိုယူ၍ လာသောနေ့ ဖြစ်လေ၏ ထိုသူတို့သည် ပူဇော်သက္ကာရကိုယူ၍ လာကြကုန်သည်ရှိသော် အလုံးစုံလည်း ဖြစ်ကုန်သော ထိုရဿေ ဖြစ်ဘူးသော ရဟန်းတို့ကိုဂင်း ဗုဒ္ဓသာဝကဖြစ်သော ရဟန်းတို့ကိုဂင်း မြင်ကြရလျှင် အသို့နည်း ငါတို့၏ အဂ်ိဒတ္တပုဏ္ဏားသည် မြတ်လေသလော ထိုသို့မဟုတ် ရဟန်းကြီးဂေါတမသည် မြတ်လေသလောဟု ကြံ၍ ရဟန်းဂေါတမ၏ လာရောက်ရခြင်းကြောင့် အဂ်ိဒတ္တပုဏ္ဏားသာလျှင် မြတ်၏ဟု အောက်မေ့မှတ်ထင်ကြလေကုန်၏ မြတ်စွာဘုရားသည် ထိုတိုင်းသူတိုင်းသားတို့၏ အလိုကို ကြည့်ရှုတော်မူ၍ အဂ်ိဒတ္တ ပရိဿတ်၏ ယုံမှားတွေးတောခြင်းကို ဖြတ်လေ့ဟု မိန့်တော်မူလေ၏ အဂ်ိဒတ္တသည် ငါသည်လည်း ဤယုံမှားဖြတ်ခြင်း မျှလောက်ကိုသာလျှင် တောင့်တရပေလတ္တံ့ဟု နှလုံးပြုသဖြင့် တန်ခိုးအာနုဘော် အစွမ်းအားဖြင့် ခုနစ်ကြိမ် ကောင်းကင်သို့ ပျံတက်၍ အဖန်တလဲလဲ သက်ဆင်းပြီးလျှင် ဘုရားရှင်ကို ရှိခိုးလျက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တပည့်

တော်၏ဆရာ ဖြစ်ပါသည်ဘုရား တပည့်တော်သည် တပည့်သာဝက ဖြစ်ပါသည် ဘုရားဟု လျှောက်ကြားသဖြင့် သာဝက အဖြစ်ကိုထင်ရှားစွာ ပြလေ၏။

အဂ်ိဒတ္တပုဏ္ဏားဝတ္ထုပြီး၏။

၇—အာနန္ဒာမထေရ်၏ပြဿနာဝတ္ထု

ဒုလ္လဘော- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် အရှင်အာနန္ဒာ မထေရ်၏ ပြဿနာ မေးလျှောက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ယောကျွံးအာဇာနည် ဖြစ်ရာအရပ်

ရှင်အာနန္ဒာမထေရ်သည် တနေ့သ၌ နေ့သန့်ရာအရပ်၌နေလျက် ဆင်အာဇာနည်သည် ဆဒ္ဒန်ဆင်မျိုး၌ဌင်း ဥပေါသထ ဆင်မျိုး၌ဌင်း ဖြစ်၏ မြင်းအာဇာနည်သည် သိန္ဓောမြင်းအမျိုး၌ဌင်း ဝလာဟကမြင်းမင်းအမျိုး၌ဌင်းဖြစ်၏ နွားလားဥသဘ အာဇာနည်သည် [1]ဒက္ခိဏာပထအရပ်၌ ဖြစ်၏ ဤသို့ အစရှိသည်တို့ကို ဟောကြားတော်မူသော မြတ်စွာဘုရားသည် ဆင်အာဇာနည် အစရှိသည်တို့၏ ဖြစ်ရာအရပ် စသည်တို့ကို ဟောကြားတော် မူအပ်ကုန်၏ ယောကျွံး အာဇာနည်သည်ကား အဘယ်အရပ်၌ ဖြစ်ဘိသနည်းဟု ကြံစည်မိလေ၏ ထို့ရှင် အာနန္ဒာမထေရ်သည် ဘုရားရှင်သို့ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တင့်အပ်လျောက် ပတ်သောအရပ်၌နေလျက် ဤသို့ ကြံစည်မိသော အကြောင်းကို မေးလျှောက်လေ၏ မြတ်စွာဘုရားသည် ချစ်သားအာနန္ဒာ ယောကျွံးအာဇာနည်သည်ကား အလုံးစုံသော အရပ်၌မဖြစ် အဖြောင့်အားဖြင့်ကား ယူဇနာသုံးရာ အလျားရှည်သော အပြန့်အားဖြင့် ယူဇနာနှစ်ရာငါးဆယ်ရှိသော အဝန်းအားဖြင့် ယူဇနာကိုးရာ အတိုင်းအရှည်ရှိသော မင်္ဂလမဒေသအရပ်၌ဖြစ်၏ ဖြစ်သော်လည်း ဟုတ်ဟုတ်ငြားငြားသော အမျိုး၌ ဖြစ်သည်မဟုတ် များသော ဥစ္စာနှစ်ရှိသော ခတ္တိယမဟာသာလမင်းမျိုး များသောဥစ္စာနှစ်ရှိသော ဗြာဟ္မဏမဟာသာလ ပုဏ္ဏားမျိုးတို့တွင် တပါးပါးသောအမျိုး၌သာလျှင် ဖြစ်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

---

၁ ဒက္ခိဏာပထ ဟူသည် ဂင်္ဂါမြစ် တောင်ဘိုးအရပ် ဖြစ်သတတ်။

ဒေသနာတော်

၁၉၃ ဒုလ္လဘော ပုရိသာဇညော၊ နသော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊ တံကုလံ သုခမေဓတိ။

ပုရိသာ ဇညော၊ ယောကျ်ားအာဇာနည်ကို။ ဒုလ္လဘော၊ ခဲယဉ်းသဖြင့် ရအပ်၏။ ဝါ၊ ရခဲ၏။ သော၊ ထိုယောကျ်ား အာဇာနည်သည်။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ် အလုံးစုံသောအမျိုး၌။ နဇာယတိ၊ မဖြစ်။ ဓီရော၊ မတုန်မလှုပ်ပညာရှိသော။ သော၊ ထိုယောကျ်ား ၁ အာဇာနည်သည်။ ယတ္ထ၊ အကြင်အမျိုး၌။ ဇာယတိ၊ ဖြစ်၏။ တံကုလံ၊ ထိုအမျိုးသည်။ သုခံ၊ ချမ်းသာခြင်းရှိသည်ဖြစ်၍။ ဧဓတိ၊ ကြီးပွား၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

အာနန္ဒာမထေရ်၏ပြဿနာဝတ္ထုပြီး၏။

၈—များစွာကုန်သော ရဟန်းတို့ဝတ္ထု

သုခေါဗုဒ္ဓါနံ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် များစွာကုန်သော ရဟန်းတို့၏စကားကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ချမ်းသာ သုခ ရွေးချယ်ကြခြင်း

တနေ့သ၌ ငါးရာသောရဟန်းတို့သည် ခစားလုပ်ကျွေး စည်းဝေးရာဖြစ်သောစရပ်၌ နေကြကုန်လျက် ငါ့ရှင်တို့ ဤလောက၌ ချမ်းသာခြင်းဟူသည် အဘုယ်နည်းဟူသောစကားကို ဖြစ်စေကြလေကုန်၏ ထိုစကားကို ပြောကြားရာ၌ အချိုသော ရဟန်းတို့သည် မင်းတို့၏ စည်းစိမ်ချမ်းသာနှင့်တူသော ချမ်းသာခြင်းမည်သည်မရှိဟု ဆိုကြကုန်၏ အချိုသော ရဟန်းတို့သည် ကာမဂုဏ် ငါးပါး၌ မွေ့လျော်သည့်အစွမ်းဖြင့် ဖြစ်သော ချမ်းသာခြင်းနှင့်တူသော ချမ်းသာခြင်း

---

၁ ဤ၌ယောကျ်ားအာဇာနည်ဟူသည် သဗ္ဗညုဘုရားရှင်ပင်တည်း။

မည်သည်မရှိဟု ဆိုကြကုန်၏ အချိုသော ရဟန်းတို့သည် သလေးဆန်ကောင်းကို သားပြွမ်းချက်၍စားရခြင်း စသည်တို့၌ သာယာခြင်းသုခနှင့် တူသော ချမ်းသာခြင်းမည်သည်မရှိဟု ဆိုကြလေကုန်၏ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ နေရာအရပ်သို့ကြွသွားတော်မူ၍ ချစ်သားရဟန်းတို့ ယခုငါလာဆဲအခါ၌ အဘယ်သောစကားဖြင့် တညီတညွတ်တည်း စည်းဝေးနေကြကုန်ဘိသနည်းဟု မေးတော်မူသောကြောင့် ဤမည်သောစကားဖြင့် စည်းဝေးနေကြပါသည် ဘုရားဟု နားတော်လျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ အဘယ်သို့ ပြောဆိုကြကုန်ဘိသနည်း ဤအလုံးစုံသော ချမ်းသာခြင်း သည်လည်း ဝဋ်ဆင်းရဲ၌ အကျွမ်းဝင်သည် သာတည်း ဤလောက၌ ဘုရားပွင့်တော်မူခြင်းသည်ရင်း သူတော်ကောင်းတရားကို နာရခြင်းသည်ရင်း သံဃာ၏ အညီအညွတ်ဖြစ်ခြင်းသည်ရင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သောသူ၏အဖြစ်သည်ရင်း ဤသဘောတရားသည်သာလျှင် သုခမည်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၉၄ သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃဿ သာမဂ္ဂိ၊ သမဂ္ဂါနံ တပေါ သုခေါ။

ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဥပ္ပါဒေါ၊ ပွင့်တော်မူခြင်းသည်။ သုခေါ၊ ချမ်းသာ၏။

[ဘုရားရှင်တို့ ပွင့်တော်မူကြကုန်သည်ရှိသော် ရာဂတည်းဟူသော ခရီးခဲစသည်တို့မှ ထုတ်ဆောင် တတ်သောကြောင့် ဟူလို]။

သဒ္ဓမ္မဒေသနာ၊ သူတော်ကောင်းတရားကို ဟောကြားခြင်းသည်။ သုခါ၊ ချမ်းသာ၏။

[တရားဟောခြင်းကို အကြောင်းပြု၍ ဇာတိစသည်မကင်းသော သတ္တဝါတို့သည် ဇာတိစသည်တို့မှ လွတ်မြောက်ကြကုန်သောကြောင့် ဟူလို]။

သံဃဿ၊ သံဃာ၏။ သာမဂ္ဂိ၊ စိတ်ညီညွတ်ခြင်းသည်။ သုခါ၊ ချမ်းသာ၏။ သမဂ္ဂါနံ၊ စိတ်ညီညွတ်ခြင်း ရှိကုန်သောသူတို့၏။ တပေါ၊ ခြိုးခြံသော အကျင့်သည်။ သုခေါ၊ ချမ်းသာ၏။

[အညီအညွတ် တူမျှသော စိတ်ရှိကြကုန်သော ပုဂ္ဂိုလ်တို့အား ဘုရား စကားတော်ကို သင်ကြားခြင်း ဓုတင်ဆောင်ခြင်း ရဟန်းတရား အားထုတ်ခြင်းငှါ ချမ်းသာလွယ်ကူသောကြောင့်တည်း ထို့ကြောင့် ချစ်သားရဟန်းတို့သည် အညီအညွတ် စည်းဝေးကြကုန်သည်ဖြစ်အံ့ အညီအညွတ် ထကြွကြကုန်သည်ဖြစ်၍ အညီအညွတ် သံဃအမှုကိစ္စတို့ကို ပြုကြကုန်သည်ဖြစ်အံ့ ချစ်သားရဟန်းတို့ ရဟန်းတို့အား ကြီးပွားခြင်းကိုသာ အလိုရှိအပ်၏ ဆုတ်ယုတ်ခြင်းကို အလိုမရှိအပ်ဟု ဟောကြားတော်မူလေ၏]။

ဒေဿနာတော်၏အကျိုး

ဒေဿနာတော်၏ အဆုံး၌ ထိုငါးရာသော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်၏ မျှားစွာသော လူအပေါင်းအား လည်း အကျိုးရှိသော် ဒေဿနာဖြစ်တော်မူလေ၏။

မျှားစွာကုန်သော ရဟန်းတို့ဝတ္ထုပြီး၏။

[ဤဆိုလတ္တံ့သော ဝတ္ထုကား မြန်မာအက္ခရာ စာမူတို့၌ မရှိသဖြင့် သီဟိုဠ် အက္ခရာစာမူတို့မှ ထုတ်နုတ်၍ ဗဟုဿုတ အကျိုးငှါ ပါဠိစာကိုယ်နှင့် တကွ ထည့်သွင်းဖော်ပြပါသည်]။

၉—ကဿပ ဒသဗလဿ သုဝဏ္ဏစေတိယဝတ္ထု

ပုဇ္ဇာရဟောတိ ဣမံ ဓမ္မဒေသနံ သတ္ထာ စာရိကံ စရမာနော ကဿပ ဒသဗလဿ သုဝဏ္ဏစေတိယံ အာရဗ္ဘ ကထေသိ။

တထာဂတော သာဝတ္ထိတော နိက္ခမိတ္ဝာ အနုပုဗ္ဗေန ဇာရာဏသိံ ဂစ္ဆန္တော အန္တရာမဂ္ဂေ တောဒေယျ ဂါမဿ သမိပေ မဟာဘိက္ခုသံဃပရိဝါရော အညတရံ ဒေဝဋ္ဌာနံ သမ္ပာပုဏိ၊ တတြ နိသိန္နော သုဂတော ဓမ္မဘဏ္ဍာဂါရိကံ ပေသေတ္ဝာ အဝိဒူရေ ကသိကမ္မံ ကရောန္တံ ဗြာဟ္မဏံ ပက္ကောသာပေသိ၊ သော ဗြာဟ္မဏော အာဂန္ဒ္ဝာ တထာဂတံ အနဘိဝန္ဒိတ္ဝာ တမေဝ ဒေဝဋ္ဌာနံ ဝန္ဒိတ္ဝာ အဋ္ဌာသိ၊ သုဂတောပိ ဣမံ ပဒေသံ ကိန္တိ မညသိ ဗြာဟ္မဏာတိ အာဟ၊ အမ္ဘာကံ

ပဝေဏိယာ အာဂတ စေတိယဌာနန္တိ ဝန္ဒာမိ ဘောဂေါတမာတိ၊ ဣမံ ဌာနံ ဝန္ဒန္တေန တယာ သာဓုကတံ ဗြာဟ္မဏာတိ သုဂတော တံ သမ္ပဟံသေသိ၊ တံ သုတ္ဝာ ဘိက္ခူ ကေနနုခေါ ကာရဏေန ဘဂဝါ ဧဝံ သမ္ပဟံသေသီတိ သံသယီ သဉ္ဇနေသုံ၊ တတော တထာဂတော တေသံ သံသယမပနေတုံ မဇ္ဈိမ နိကာယေ ဃဋိကာရ သုတ္တန္တံ ဝတ္ဝာ ဣဒ္ဓါနုဘာဝေန ကဿပ ဒသဗလသ ယောဇနုဗ္ဗေဓံ ကနကစေတိယံ အပရဉ္ဇ ကနကစေတိယံ အာကာသေ နိမ္မိနိတ္ဝာ မဟာဇနံ ဒသေတ္ဝာ ဗြာဟ္မဏ ဧဝံဝိဓာနံ ပူဇာရဟာနံ ပူဇာ ယုတ္တတရာဝါတိ ဝတ္ဝာ မဟာပရိနိဗ္ဗာနသုတ္တေ ဒသိတနယေနေဝ ဗုဒ္ဓါဒိကေ စတ္တာရော ထူပါရဟေ ပကာသေတ္ဝာ သရီရစေတိယံ ဥဒ္ဒိသစေတိယံ ပရိဘောဂစေတိယန္တိ တီဏိ စေတိယာနိ ဝိသေသတော ပရိဒီပေတ္ဝာ ဣမာ ဂါထာ အဘာသိ။

ပူဇာရဟေ ပူဇယတော၊ ဗုဒ္ဓေ ယဒိဝ သာဝကေ။
ပပဉ္ဇ သမတိက္ကန္တေ၊ တိဏ္ဏသောက ပရိဒ္ဒဝေ။
တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတော ဘယေ။
နသက္ကာ ပုညသခ်ါတုံ၊ ဣမေတ္တမပိ ကေနစီတိ။

တတ္ထ ပူဇိတုံ အရဟာ ပူဇာရဟာ၊ ပူဇိတုံ ယုတ္တာတိ အတ္ထော။ ပူဇာရဟေ ပူဇယတောတိ အဘိဝါဒနာဒီဟိ စတူဟိစ ပစ္စယေဟိ ပူဇေန္တသ ပူဇာရဟေ ဒသေတိ ဗုဒ္ဓေတိ အာဒိနာ။ ဗုဒ္ဓေတိ သမ္မာသမ္ဗုဒ္ဓေ။ ယဒီတိ ယဒိဝါ။ အထဝါ တိအတ္ထော။ တတ္ထ ပစ္စေက ဗုဒ္ဓေတိ ကထိတံ ဟောတိ။ သာဝကေစ ပပဉ္ဇသမ တိက္ကန္တေတိ သမတိက္ကန္တတဏ္ဟာ ဒိဋ္ဌိမာန ပပဉ္ဇေ။ တိဏ္ဏသောက ပရိဒ္ဒဝေတိ အတိက္ကန္တ သောက ပရိဒ္ဒဝေ။ ဣမေ ဒ္ဝေ အတိက္ကန္တေတိ အတ္ထော။ ဧတေဟိ ပူဇာရဟတ္တံ ဒသိတံ။ တေတိ ဗုဒ္ဓါဒယော။ တာဒိသေတိ ဝုတ္တဂဟဏဝသေန။ နိဗ္ဗုတေတိ ရာဂါဒိနိဗ္ဗုတိယာ။ နတ္ထိ ကုတောစိ ဘဝတောဝါ အာရမ္မဏတောဝါ ဧတေသံ ဘယန္တိ အကုတောဘယာ။ တေ အကုတောဘယေ။ နသက္ကာ ပုညသခ်ါတုန္တိ ပုညံ ဂဏေတုံ နသက္ကာ။ ကထန္တိစေ။ ဣမေတ္တမပိ ကေနစီတိ ဣမံ တ္တေကံ ဣမံ တ္တေကန္တိ ကေနစီတိ။အပိသဒ္ဒေါ ဣဓ'သမ္ဗန္ဓိတဗ္ဗော။ကေနစိ ပုဂ္ဂလေ နမာနေန ဝါ။ တတ္ထပုဂ္ဂလေနာတိ တေန ဗြဟ္မာဒိနာ။ မာနေနာတိ တိဝိဓေန် မာနေန တီရဏေန ဓာရဏေန ပူရဏေန ဝါ။ တီရဏံ နာမ ဣဒံ တ္တေကန္တိ နယ

တော တီရဏံ။ဓာရဏန္တိ တုလာယဓာရဏံ။ပူရဏံ နာမအဒ္ဓပ္ပသတပတ္ထနာဋ္ဌိကာ ဒိဝသေန ပူရဏံ။ ကေနစိ ပုဂ္ဂလေန ဣမေဟိ တီဟိ မာနေဟိ ဗုဒ္ဓါဒိကေ ပူဇယ တော ပုညံ ဝိပါကဝသေန ဂဏေတုံ န သက္ကာ။ ပရိယန္တရဟိတတောတိ ဒ္ဒိသု ဌာနေသု ပူဇယတော ကိံ ဒါနံ ပဌမံ ဓရမာနေ ဗုဒ္ဓါဒီ ပူဇယတော နသက္ကာ ပုညံ သင်္ခါတုံ၊ ပုန တေ တာဒိသေ ကိလေသပရိနိဗ္ဗာန နိမိတ္တေန ခန္ဓပရိနိဗ္ဗာနေန နိဗ္ဗုတေပိ ပူဇယတော န သက္ကာ သင်္ခါတုန္တိ ဘေဒါ ယုဇ္ဇန္တိ။ တေန ဟိ ဝိမာန ဝတ္ထုမှိ–

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမံ စိတ္တံ သမံ ဖလံ။
စေတောပသာဒဟေတုမှိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိန္တိ။

ဒေသနာဝသာနေ သော ဗြာဟ္မဏော သောတာပန္နော အဟောသိတိ။ ယောဇနိကံ ကနကစေတိယံ သတ္တာဟမာကာသေဝ အဋ္ဌာသိ၊ မဟန္တေန သမာ ဂမောစာ ဟောသိ၊ သတ္တာဟံ စေတိယံ နာနပ္ပကာရေန ပူဇေသုံ၊ တတော ဘိန္ဒ လဒ္ဓိကာနံ လဒ္ဓိဘေဒေါ ဇာတော၊ ဗုဒ္ဓါနုဘာဝေန တံ စေတိယံ သကဋ္ဌာန မေဝ ဂတံ၊ တတ္ထေဝ တင်္ခဏေ မဟန္တံ ပါသာဏစေတိယံ အဟောသိ၊ တသ္မိံ သမာဂမေ စတုရာသီတိယာ ပါဏသဟဿာနံ ဓမ္မာဘိသမယော အဟောသီတိ။

ကဿပဒသဗလဿ သုဝဏ္ဏစေတိယဝတ္ထု နဝမံ။
ဗုဒ္ဓဝဂ္ဂဝဏ္ဏနာ နိဋ္ဌိတာ။

၉–ကဿပဘုရား၏ ရွှေစေတီဝတ္ထု

ပူဇာရဟေ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဒေသစာရီကို ကြွချီတော်မူစဉ် ကဿပ မြတ်စွာဘုရား၏ ရွှေစေတီတော်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ရွှေစေတီ ပေါ်တော်မူခြင်း

ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော ဂေါတမန္ဒယ်ဘွား ငါတို့ မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှ ထွက်ခွါတော်မူခဲ့၍ အစဉ်အတိုင်း အားဖြင့် ဗာရာဏသီပြည်သို့ ကြွသွားတော် မူလတ်သည်ရှိသော် လမ်းခရီး အကြား

တောဒေယျပုဏ္ဏား ရွာအနီး၌ များစွာသော ရဟန်းသံဃာအပေါင်း ခြံရံတော်မူလျက် အမှတ်မရှိ တခုသော နတ်ကွန်းနေရာသို့ ကောင်းစွာရောက်တော်မူလေ၏ ထိုအရပ်၌ သီတင်းသုံး နေထိုင်တော်မူသော မြတ်စွာဘုရားသည် တရားဘဏ္ဍာစိုးဖြစ်သော ၁အရှင်အာနန္ဒာကို စေလွှတ်တော်မူ၍ မနီးမဝေးသော အရပ်၌ လယ်ထွန်ခြင်းအမှုကို ပြုလျက်နေသော ပုဏ္ဏားတယောက်ကို ခေါ်ခိုင်းတော်မူလိုက်လေ၏ ထိုလယ်ထွန်သမားပုဏ္ဏားသည် လာရောက်ပြီးလျှင် မြတ်စွာဘုရားကိုကား ရှိမခိုးမူ၍ ထိုနတ်ကွန်းနေရာကို သာလျှင် ရှိခိုးလျက် ရပ်တည်နေလေ၏ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်လည်း ပုဏ္ဏားကြီး ဤနေရာကို အဘယ်အရာဝတ္ထုဟူ၍ မှတ်ထင် အောက်မေ့ဘိ သနည်းဟု မိန့်တော်မူလေ၏ အရှင်ဂေါတမ ဤနေရာကား အကျွန်ုပ်တို့၏ အစဉ်အဆက်မှ လာသော စေတီနေရာဌာန ဟူ၍ အမှတ်ပြုကာ ရှိခိုးပါသည်ဟု ဖြေကြားလတ်သော် ပုဏ္ဏားကြီး ဤနေရာကို ရှိခိုးသော အသင်သည် ကောင်းသော အမှုကို ပြုအပ်ပေ၏ တကားဟု မြတ်စွာဘုရားသည် ထိုပုဏ္ဏားကြီးကို ကောင်းစွာ ရှင်လန်း ဝမ်းသာစေတော်မူလေ၏။

ထိုစကားကိုကြားရလျှင် ရဟန်းတို့သည် အဘယ်သို့သော အကြောင်းဖြင့် မြတ်စွာဘုရားသည် ဤသို့ကောင်းစွာ ရှင်လန်းဝမ်းသာ စေတော်မူဘိသနည်းဟု ယုံမှားသံသယကို ဖြစ်စေကြလေကုန်၏ ထို့နောင်မှ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ ယုံမှားသံသယကို ပယ်ဖျောက်ခြင်းငှါ ၂မဇ္ဈိမနိကာယ်၌လာသော ဃဋိကာရသုတ္တန်ကို ဟောတော်မူပြီးလျှင် တန်ခိုး အာနုဘော်တော်အားဖြင့် ကဿပမြတ်စွာဘုရား၏ တယူဇနာ အမြင့်ရှိသော ရွှေစေတီတော်ကိုငှင်း တပါးသော ရွှေစေတီတော်ကိုငှင်း ကောင်းကင်၌ ဖန်ဆင်းတော်မူ၍ ထုတ်ဆောင်တော်မူ၍ များစွာသော လူအပေါင်းကို ပြတော်မူလျက် ဖူးမြင်စေတော်မူလျက် ပုဏ္ဏားကြီး ဤသို့ သဘောရှိကုန်သော ပူဇော်ခြင်းငှါ ထိုက်ကုန်သော စေတီတော်တို့အား

---

၁ ဘုရားရှင်ထံတော်မှ မွေကွန္ဓာ ရှစ်သောင်း နှစ်ထောင်၊ ရှင်သာရိပုတ္တရာ ထံတော်မှ နှစ်ထောင်၊ ပေါင်း ရှစ်သောင်းလေးထောင်သော မွေကွန္ဓာတို့သည် တည်နေရာ အရှင်မြတ်ဖြစ်သောကြောင့် တရားဘဏ္ဍာစိုးဟု အရှင်အာနန္ဒာကို ခေါ်ငေါ်ကြသည်။

၂ မဇ္ဈိမ+နိကာယ-မရှည်လွန်း မတိုလွန်း အလယ်အလတ်ဖြစ်သော သုတ်ဘုရားကို၏+ပေါင်းစုရာဖြစ်သောကျမ်း။ဃဋိ+ကာရ+သုတ္တန်-အိုး+လုပ်သောကြောင့် ဃဋိကာရမည်သော အနာဂါမ် ဥပါသကာနှင့်စပ်၍ ဟောသောတရားဒေသနာ။

ပုဏ္ဏော်ရခြင်းသည် အထူးအားဖြင့် သင့်လျော်သည် သာတည်းဟူ မိန့်တော်မူသဖြင့် မဟာပရိနိဗ္ဗာနသုတ္တန်၌ ပြတော်မူအပ်သော နည်းအားဖြင့်သာလျှင် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာသာဝက စကြဝတေးမင်းဟူ ဆိုအပ်သော ဇလးဦး သော စေတီထိုက်သော ပုဂ္ဂိုလ်တို့ကို ဟောပြတော်မူပြီးလျှင် 'ကိုယ်တော် ဓာတ်တော် စသော သရီရ စေတီတော်ကိုဂုဏ်း ရုပ်ပွားဆင်းတု ဟူသော ဥဒ္ဒိဿ စေတီတော်ကိုဂုဏ်း သက်န်းစသော ပရိက္ခရာနှင့်တကွ သုံးဆောင်ရာ ဗောဓိပင် စသော ပရိဘောဂ စေတီတော်ကိုဂုဏ်း ဤသို့ စေတီတော် သုံးမျိုးတို့ကို အထူး အားဖြင့် ဟောပြတော်မူ၍ ဤဂါထာတို့ကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

ပုဇ္ဇာရဟော ပုဇ္ဇယတော၊ ဗုဒ္ဓေ ယဒိဝ သာဝကေ။
ပပဉ္စ သမတိက္ကန္တေ၊ တိဏ္ဏသောက ပရိဒ္ဒဝေ။
တေ တာဒိသေ ပုဇ္ဇယတော၊ နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုည သင်္ခါတုံ၊ ဣမေတ္တမပိ ကေနစိ။

ပုဇ္ဇာရဟော၊ ပုဇ္ဇော်ခြင်းငှါ ထိုက်ကုန်သော။ ပပဉ္စ သမတိက္ကန္တေ၊ တဏှာ ဒိဋ္ဌိ မာနု ဟူသော သံသရာနယ်ခွဲ၍ တရား သုံးပါးတို့ကို လွန်မြောက်ပြီးကုန်သော။ တိဏ္ဏသောကပရိဒ္ဒဝေ၊စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့ကို လွန်မြောက်ပြီးကုန်သော။ ဗုဒ္ဓေဝါ၊ သဗ္ဗညု ဘုရားရှင်တို့ကိုဂုဏ်း။ ယဒိဝါ၊ ထိုမှတဖြာ ပစ္စေကဗုဒ္ဓါတို့ကိုဂုဏ်း။ သာဝကေဝါ၊ ဘုရားတပည့်သား သာဝကတို့ကိုဂုဏ်း။ ပုဇ္ဇယတော၏၊ ပူဇော်သော သူ၏ဂုဏ်း။

တာဒိသေ၊ ထိုသို့ဆိုအပ်ပြီးသော သဘောရှိကုန်သော။ နိဗ္ဗုတေ၊ ကိလေသာမီး ငြိမ်းပြီးနိဗ္ဗာန် စံလွန်တော်မူကြကုန်သော။ အကုတောဘယေ၊ ဘဝ အာရုံ တစုံတခုမှ ဘေးရန်မခကြကုန်သော။ တေ၊ ထိုနိဗ္ဗာန်စံကြ ဘုရားပစ္စေက ဗုဒ္ဓါ သာဝက တို့ကို။ ပုဇ္ဇယတော၏၊ ပူဇော်သောသူ၏ဂုဏ်း။ ပုညံ၊ ကောင်းမှုကို။ ဣမံ၊ ဤကောင်းမှုသည်။ ဧတ္တံ၊ အကျိုးဤမျှရှိ၏။ ဣတိ၊ ဤသို့။ကေနစိအပိ၊ဖြဟ္မာနတ်လူ တစုံတယောက် ဖသာသူသည်လည်း။ တနည်းကား။ ကေနစိဒေပိ၊ တစုံတခုသော မှန်းဆခြင်း ချိန်ဖြင့်ချိန်ခြင်း ခွက်ဖြင့်ချင့်ခြင်း အားဖြင့်လည်း။ သင်္ခါတုံ၊ အကျိုးအာနိသင် အားဖြင့် ရေတွက်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။

[ထိုသို့ သက်တော် ထင်ရှားရှိသော ဘုရား စသည်တို့ကိုလည်း ပရိနိဗ္ဗာန်စံပြီးသော ဘုရား စသည်တို့ကိုလည်း ပူဇော်သော သူ၏ ကောင်းမှုအကျိုး မရရတွက်နိုင်သောကြောင့်သာလျှင် ဝိမာနဝတ္ထုပါဠိတော်၌—

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမံ စိတ္တံ သမံ ဖလံ။
စေတောပဿာဒဟေတုမ္ပိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေစ၊ သက်တော်ထင်ရှား ဘုရားစသည်၌ရင်း။ နိဗ္ဗုတေစာပိ၊ နိဗ္ဗာန်ယူသွား ဘုရားစသည်၌ရင်း။ စိတ္တံ၊ စိတ်သည်။ သမံ၊ ညီမျှသည် ရှိသော်။ ဖလံ၊ အကျိုးသည်။ သမံ၊ ညီမျှလေ၏။ စေတောပဿာဒ ဟေတုမ္ပိ၊ စိတ်ကြည်ညိုခြင်း အကြောင်းကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ သုဂ္ဂတိံ၊ သုဂတိဘဝသို့။ ဂစ္ဆန္တိ၊ လားကြ ရောက်ကြကုန်၏။
ဤသို့ ဟောတော်မူလေပြီ ဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ ထိုလယ်ထွန်သမား ပုဏ္ဏားကြီးသည် သောတာပန်ပုဂ္ဂိုလ် ဖြစ်လေ၏ တယူဇနာရှိသော ရှေစေတီတော်ကြီးသည် ခုနစ်ရက်ပတ်လုံး ကောင်းကင်၌ သာလျှင် တည်လေ၏ ကြီးကျယ်သောအားဖြင့် အစည်းအဝေးကြီးသည်လည်း ဖြစ်လေ၏ ခုနစ်ရက်ပတ်လုံး စေတီတော်ကြီးကို အထူးထူး အပြားပြားအားဖြင့် ပူဇော်ကြလေကုန်၏ ထိုအခါ ပျက်သောအယူဝါဒရှိသော မိစ္ဆာဒိဋ္ဌိတို့အား မိစ္ဆာအယူ ပျက်စီးခြင်းဖြင့် ဖြစ်လေ၏ ဘုရားရှင်၏ အာနုဘော်အားဖြင့် ထိုစေတီတော်ကြီးသည် မိမိနေရာသို့သာ ရောက်သွားလေ၏ ထိုနေရာ၌သာလျှင် ထိုခဏ၌ ကြီးကျယ်သော ကျောက်စေတီ တဆူ ဖြစ်ပေါ်လာတော်မူလေ၏ ထိုအစည်းအဝေး၌ ရှစ်သောင်း လေးထောင်သော သူတို့အား သစ္စာလေးပါး တရားကို ထိုးထွင်းရှု သိခြင်းသည် ဖြစ်လေ၏။

ကဿပဘုရား၏ ရှေစေတီဝတ္ထုပြီး၏။

ရှေစေတီဝတ္ထုကို နှိုင်းချိန်စရာပြခြင်း

[ရာဇဂြိုဟ်ပြည်၌ မထင်ရှားသော ပုဏ္ဏားတယောက်သည် ရဟန်းကြီး ဂေါတမ၏ အတိုင်းအရှည် ပမာဏကို ယူခြင်းငှါ မတတ်ကောင်းဟု ကြားသိ

(၁) ၁၄၃–၃၉

ရသဖြင့် မြတ်စွာဘုရား၏ ဆွမ်းအလို့ငှါ ကြွဝင်တော် မူသောအခါ အတောင် ခြောက်ဆယ်ရှိသော ဝါးလုံးကိုယူ၍ မြို့တံခါး၏အပဋ္ဌ ရပ်တဲ့ပြီးလျှင် ဘုရား ရှင် ကြွရောက်တော်မူလတ်သည်ရှိသော် ဝါးလုံးကိုင်လျက် အနီးဋ္ဌ ရပ်လေ၏ ဝါးလုံးသည် မြတ်စွာဘုရား၏ ပုဆစ် ဒူးခေါင်းတော်မျှလောက်သာ ရောက်လေ၏ တဖန်မိုးသောက် နောက်တနေ့ဋ္ဌ နှစ်ခုသော ဝါးလုံးတို့ကို ဆက်ပြီးလျှင် အနီးဋ္ဌရပ်တည်နေလေ၏ ဘုရားရှင်သည်လည်းနှစ်ခုသော ဝါးလုံးတို့၏ အဆက်ဋ္ဌခါးတော်မျှကိုသာလျှင် ထင်ရှားစွာ ပြတော်မူလျက် ပုဏ္ဏားအဘယ်အမှုကို ပြုဘိသနည်းဟု မိန့်တော် မူလေ၏ ရှင်တော်ဘုရား တို့၏ အတိုင်းအရှည် ပမာဏကို ယူပါသည်ဟု လျှောက်ကြားလတ်သော် ပုဏ္ဏားသင်သည် အလုံးစုံသော စကြဝဠာတိုက်ကို ပြည့်စေလျက် တည်ရှိကုန်သော ဝါးတို့ကို ဆက်စပ်ကာ အကယ်၍လည်း လာခဲ့ငြားအံ့ ငါဘုရား၏ အတိုင်းအရှည် ပမာဏကို ယူခြင်းငှါ သင်မတတ်နိုင်လတ္တံ့ ထိုစကားမှန်၏ ငါဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး အကြင်အခြင်းအရာဖြင့် ငါ၏ အတိုင်းအရှည် ပမာဏကို သူတပါး ယူနိုင်ရာ၏ ထိုအခြင်းအရာဖြင့် ပါရမီတော်တို့ကို ဖြည့်ကျင့်အပ်သည် မဟုတ်ကုန် ပုဏ္ဏား ရှေးဘုရားတို့ ကဲ့သို့ လာခြင်း ကောင်းတော်မူသော ဘုရားရှင်သည် အတုမရှိ မနှိုင်းယှဉ်အပ်ဟု မိန့်တော်မူ၍ ဓမ္မပဒဋ္ဌ—

တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုည သင်္ခါတုံ၊ ကေမေတ္တမပိ ကေနစိ။

ဟူ၍ ဂါထာကို ဟောကြားတော်မူလေ၏ ဂါထာ၏အဆုံးဋ္ဌ ရှစ်သောင်း လေးထောင်သော သူတို့သည် အမြိုက်နိဗ္ဗာန် တရားတော်ကို သောက်စုံကြရလေကုန်၏။ ဤကား သုတ်သီလကွန် အဋ္ဌကထာ ၄-သောဏဒဏ္ဍသုတ်ဋ္ဌ ပါရှိသောစကားရပ် ဖြစ်သည်။

ဤတွင်ရှေးကား တဆဲ့လေးခုမြောက်သော ဗုဒ္ဓဝင်အဖွင့်ပြီး၏။

၁၅—သုခဝင်

၁—ဉာတိကလဟ ဝူပသမနဝတ္ထု

သုသုခံဝတ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ၊သက္ကတိုင်းတို့၌ နေတော်မူစဉ် ခိုက်ရန်ဖြစ်သော အဓိကရဏ်းကို ငြိမ်းစေခြင်းငှါ ဆွေတော် မျိုးတော်တို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ဆွေတော်မျိုးတော်တို့ ရေလုရာ၌ ရန်ပွဲဖြစ်ခြင်း

သာကီဝင် မင်းသားတို့သည် ကပိလဝတ်ပြည်၏၎င်း ကောလိယပြည်၏၎င်း အကြား၌ ရောဟိနီ အမည်ရှိသော မြစ်တခုသည်ရှိ၏ ထိုမြစ်ကို တခုတည်းသာ ဖြစ်သော ကန်သင်း အဆီးအတားဖြင့် ဖဲ့စေ၍ ကောက်ပင်တို့ကို စိုက်ပျိုးလုပ် ဆောင်ကြကုန်သတတ် ထိုအခါ နယုန်လ၌ ကောက်ပင်တို့သည် ညှိုးနွမ်းကုန်သည် ရှိသော် နှစ်ပြည်ထောင်စလုံး၌နေကြကုန်သော သူတို့၏ လယ်ထွန်အမှုလုပ်သမား တို့သည် စည်းဝေးကြလေကုန်၏ ထိုနှစ်ပြည်ထောင်သားတို့တွင် ကောလိယ ပြည်၌ နေသောသူတို့သည် ဤရေကို နှစ်ပြည်ထောင်သားတို့ ဆောင်ယူအပ်သည် ရှိသော် သင်တို့အားလည်း မလုံလောက်လတ္တံ့ ငါတို့အားလည်း မလုံလောက် လတ္တံ့ ငါတို့၏ ကောက်ပင်သည်ကား ရေတကြိမ် သွန်းခြင်းဖြင့်သာလျှင် အောင် မြင်ပြည့်စုံလတ္တံ့ ဤရေကို ငါတို့အား ပေးကြပါကုန်လော့ဟု ဆိုကြလေကုန်၏ ကပိလဝတ်ပြည်သားတို့သည်လည်း သင်တို့သည် ကျိတ်၌ပြည့်စေ၍ နေကြကုန် သည်ရှိသော် ငါတို့သည် ဇမ္ဗူရာဇ်ရှေ့ နီလာ-သို့မဟုတ် အငြစ်အကြေးကင်းသော အသပြာ ပတ္တမြား မည်းနက်သော အသပြာတို့ကိုလည်း ယူ၍ တောင်း အိတ် ပခုံးပိုး စသည်တို့ကို လက်စဲ့လျက် သင်တို့၏ အိမ်တံခါး၌ လှည့်လည်ခြင်းငှါမတတ် နိုင်ကြကုန်လတ္တံ့ ငါတို့၏ ကောက်ပင်သည်လည်း ရေတကြိမ်သွန်းခြင်းဖြင့်သာ လျှင် အောင်မြင် ပြည့်စုံပေလတ္တံ့ ဤရေကို ငါတို့အား ပေးကြပါကုန်လောဟု ဆိုကြလေကုန်၏။

ငါတို့ကား မပေးနိုင်ကြကုန်ဟု ဆိုသော် ငါတို့လည်း မပေးနိုင်ကြကုန်ဟု ဆိုသဖြင့် ဤသို့စကားကို ကျယ်ပြားစေလျက် တယောက်သော သူသည် ထ၍ တယောက်သောသူအား ပုတ်ခတ်ခြင်းကို ပေးလေ၏ ထိုသူကလည်း ထိုသူအား

ပြန်လည် ပုတ်ခတ်ခြင်းကို ပေးလေ၏ ဤသို့အချင်းချင်း ပုတ်ခတ်ကြ၍ မင်းမျိုးတို့၏ ဇာတ်ရင်းကို ထိခိုက် ချုတ်ချယ်လျက် ခိုက်ရန် ငြင်းခုံခြင်းကို ပွားစေကြလေကုန်၏ ကောလိယပြည်သား လယ်အမှုလုပ်သမားတို့သည်, သင်တို့သည် ကပိလဝတ်ပြည်၌ နေကုန်သော သူငယ်တို့ကိုယူ၍ သွားကြကုန်လော အကြင် ကပိလဝတ်ပြည်သားတို့သည် အိမ်ခွေး တောခွေး စသောသတ္တဝါတို့ကဲ့သို့ မိမိ၏ နှမတို့နှင့် အတူတကွ ပေါင်းဘော်နေထိုင်ကြလေကုန်၏ ထိုကပိလဝတ်ပြည်သားတို့၏ ဆင်တို့သည်ရင်း မြင်းတို့သည်ရင်း ကာ ဒိုင်း လက်နက်တို့သည်ရင်း ငါတို့အား အဘယ်သို့ အန္တရာယ်ကို ပြုနိုင်ကြကုန်လတ္တံ့ နည်းဟုဆိုကြကုန်၏ ကပိလဝတ်ပြည်သား လယ်အမှုလုပ် သမားတို့သည်လည်း သင်တို့သည် ယခုအခါ နူနာစွဲသော သူငယ်တို့ကို ယူ၍ သွားကြကုန်လော့ အကြင် ကောလိယပြည်သားတို့သည် ကိုးကွယ်ရာမဲ့ နေစရာ အိုးအိမ်မဲ့ကုန်လျက် တိရစ္ဆာန်တို့ကဲ့သို့ ကလောပင်၌ နေကြရကုန်၏ ထိုကောလိယ ပြည်သားတို့၏ ဆင်တို့သည်ရင်း မြင်းတို့သည်ရင်း ကာ ဒိုင်း လက်နက်တို့သည်ရင်း ငါတို့အား အဘယ်သို့ အန္တရာယ် ပြုနိုင်ကြကုန်လတ္တံ့ နည်းဟု ဆိုကြကုန်၏ ထိုလယ်အမှုလုပ် သမားတို့သည် သွား၍ ထိုအမှု၌ စီရင်နိုင်ကုန်သော အမတ်တို့အား တိုင်ကြားပြောဆိုကြလေကုန်၏ အမတ်တို့သည် မင်းဆွေမင်းမျိုးတို့အား ပြောကြားကြကုန်၏ ထို့နောင်မှ သာကီဝင်မင်းမျိုးတို့သည် နှမတို့နှင့် အတူတကွ ပေါင်းဘော်ခြင်းကိုပြု၍ နေထိုင်ကုန်သော သူတို့၏ အစွမ်းကိုရင်း ခွန်အားကိုရင်း ပြကြကုန်စို့အံ့ဟု စစ်ရေးဆင်လျက် ထွက်ခဲ့ကြလေကုန်၏ ကောလိယ မင်းသားတို့သည်လည်း ကလောပင်၌ နေကုန်သော သူတို့၏ အစွမ်းကိုရင်း ခွန်အားကိုရင်း ပြကြကုန်စို့အံ့ဟု စစ်ရေးဆင်လျက် ထွက်ခဲ့ကြလေကုန်၏။

မြတ်စွာဘုရား ကြွသွားဆုံးမခြင်း

မြတ်စွာဘုရားသည်လည်း နံနက်စောစောအခါ၌ လောကကို ကြည့်ရှုတော်မူလတ်သည်ရှိသော် ဆွေတော်မျိုးတော်တို့ကို မြင်ရလျှင် ငါဘုရားကြွမသွားသည်ရှိသော် ဤသူတို့သည် ပျက်စီးကြကုန်လတ္တံ့ ငါဘုရားသည် သွားခြင်းငှါသင့်၏ ဟု ကြံ၍ တကိုယ်တော်တည်းသာလျှင် ကောင်းကင်ဖြင့် ကြွသွားတော်မူသဖြင့် ရောဟိနီ မြစ်၏အလယ် ကောင်းကင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေ၏ ဆွေတော် မျိုးတော်တို့သည် မြတ်စွာဘုရားကို မြင်တဲ့လျှင် လက်နက်တို့ကို စွန့်

လျက် ရှိခိုးကြလေကုန်၏ ထိုအခါ မင်းသားတို့ကို မြတ်စွာဘုရားသည် မြတ်သော မင်းကြီး ဤခိုက်ရန် ဖြစ်ခြင်းမည်သည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်း ဟု မိန့်တော်မူလေ၏ မြတ်စွာဘုရား မသိပါဘုရားဟု လျှောက်လတ်သော် အဘယ်သူ ယခုသိမည်နည်းဟု မေးတော်မူပြန်၏ အိမ်ရှေမင်း သိပါလတ္တံ့ စစ်သူကြီး သိပါလတ္တံ့ဟု ဤသို့သောနည်းဖြင့် ဤအမှုလုပ်တို့ တိုင်အောင်သော သူတို့ကို မေးတော်မူသောကြောင့် မြတ်စွာဘုရား ရေအတွက် ခိုက်ရန် ငြင်းခုံခြင်း အဓိကရုဏ်း ဖြစ်ပါသည် ဘုရားဟု လျှောက်ကြား ကြလေကုန်၏ မြတ်သောမင်းကြီး ရသည် အဘယ်မျှ ထိုက်တန်သနည်းဟု မေးတော်မူလျှင် မြတ်စွာဘုရား ရသည် အနည်းငယ်မျှသာ အဘိုး ထိုက်တန်ပါသည် ဘုရားဟု လျှောက်ကုန်၏ မြတ်သောမင်းကြီး မင်းမျိုးတို့သည် အဘယ်မျှ အဘိုး ထိုက်တန်ကြကုန်သနည်း ဟု မေးတော်မူပြန်လျှင် မြတ်စွာဘုရား မင်းမျိုးတို့မည်သည်ကား အဘိုး အတိုင်း မသိ ထိုက်တန်ကြပါသည် ဘုရားဟု လျှောက်ကြကုန်၏ သင်တို့အား အနည်းငယ်မျှသော ရေကိုမှီ၍ အဘိုး အတိုင်းမသိ ထိုက်တန်သော မင်းတို့ကို ဖျက်ဆီးခြင်းငှါ မသင့်လေစွတကားဟု မိန့်တော်မူလျှင် ထိုလူတို့သည် ဆိတ်ဆိတ်နေကြလေကုန်၏ ထိုအခါ ထိုလူတို့ကို မြတ်စွာဘုရားသည် ခေါ်တော်မူ၍ မြတ်သော မင်းကြီး ဤသို့ သဘောရှိသော အမှုကို အဘယ့်ကြောင့် ပြုကြကုန်ဘိသနည်း ငါဘုရား မရှိလတ်သည်ရှိသော် ယနေ့ သွေးသည် မြစ်ကဲ့သို့ စီးသည် ဖြစ်ရာပြီ သင်တို့ပြုသော အမှုသည် မသင့်လေစွတကား သင်တို့သည် ငါးပါးသောရန်ဖြင့် ရန်ရှိကြကုန်သည် ဖြစ်၍ နေကြကုန်ဘိ၏ ငါဘုရားသည် ရန်မရှိသည် ဖြစ်၍ နေတော်မူ၏ သင်တို့သည် ကိလေသာဖြင့် နာကျင်ခြင်း ရှိကုန်သည်ဖြစ်၍ နေကြကုန်ဘိ၏ ငါဘုရားသည် ကိလေသာဖြင့် နာကျင်ခြင်း မရှိသည်ဖြစ်၍ နေတော်မူ၏ သင်တို့သည် ကာမဂုဏ်ကို ရှာမှီးရာ၌ လုံ့လ ကြောင့်ကြပြုကြ၍ နေကြကုန်ဘိ၏ ငါဘုရားသည် လုံ့လ ကြောင့်ကြ မရှိသည်ဖြစ်၍ နေတော်မူ၏ဟု မိန့်တော်မူ၍ ဤဂါထာတို့ကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၉၅ သုသုခံ ဝတ ဇီဝါမ၊ ဝေရိနေသု အဝေရိနော။
ဝေရိနေသု မနုဿေသု၊ ဝိဟရာမ အဝေရိနော။

၁၉၆ သုသုခံ ဝတ ဇီဝါမ၊ အာဘုရေသု အနာဘုရာ။
အာဘုရေသု မနုဿေသု၊ ဝိဟရာမ အနာဘုရာ။

၁၉၇ သုသုခံ ဝတ ဇီဝါမ၊ ဥဿုက္ကေသု အနုဿုကာ။
ဥဿုက္ကေသု မနုဿေသု၊ ဝိဟရာမ အနုဿုကာ။

ယေမယံ၊ အကြင်ငါတို့သည်။ ဝေရိနေသု၊ ငါးပါးသော ရန်ရှိကုန်သော။ မနုဿေသု၊ လူတို့၌။ အဝေရိနော၊ ရန်မရှိကုန်သည်ဖြစ်၍။ ဝိဟရာမ၊ နေနိုင်ကြကုန်၏။ တေမယံ၊ ထိုငါတို့သည်။ ဝေရိနေသု၊ ရန်ငါးပါးရှိကုန်သော သူတို့၌။ အဝေရိနော၊ ရန်ကင်းကုန်လျက်။ သုသုခံ၊ အလွန်ချမ်းသာစွာ။ ဇီဝါမ ဝတ၊ အသက်ရှည်ကြရကုန်၏ တကား။

[အကြင် လူတို့သည် နံရံစပ် ဖေါက်ခြင်းစသည် အစွမ်းအားဖြင့်ဂင်း အကြင်ရဟန်းတို့သည် ဆေးကုခြင်း စသည် အစွမ်းဖြင့်ဂင်း အသက်မွေးခြင်းကိုဖြစ်စေကြလျက် ငါတို့ကား ချမ်းသာစွာ အသက်ရှည်ကြရကုန်၏ဟုဆိုကြကုန်၏ ထိုသူတို့ထက် ငါဘုရားတို့သာ အလွန်ချမ်းသာစွာ အသက်ရှည်ကြရကုန်၏ ဟူလို]။

ယေမယံ၊ အကြင်ငါတို့သည်။ အာဘုရေသု၊ ကိလေသာဖြင့် နာကျင်ခြင်း ရှိကြကုန်သော။ မနုဿေသု၊ လူတို့၌။ အနာဘုရာ၊ ကိလေသာဖြင့် နာကျင်ခြင်း မရှိကုန်သည် ဖြစ်၍။ ဝိဟရာမ၊ နေနိုင်ကြကုန်၏။ တေမယံ၊ ထိုငါတို့သည်။ အာဘုရေသု၊ ကိလေသာဖြင့် နာကျင်ခြင်းရှိကုန်သော သူတို့၌။ အနာဘုရာ၊ နာကျင်ခြင်း ကင်းကုန်လျက်။ သုသုခံ၊ အလွန် ချမ်းသာစွာ။ ဇီဝါမ ဝတ၊ အသက်ရှည်ကြရကုန်၏ တကား။

ယေမယံ၊အကြင်ငါတို့သည်။ဥဿုက္ကေသု၊ကာမဂုဏ် ရှာဖွေမှု လုံ့လ ကြောင့် ကြပြုကြကုန်သော။ မနုဿေသု၊ လူတို့၌။ အနုဿုက္ကာ၊ လုံ့လ ကြောင့်ကြ မပြုကုန်သည်ဖြစ်၍။ ဝိဟရာမ၊ နေနိုင်ကြကုန်၏။တေမယံ၊ ထိုငါတို့သည်။ဥဿုက္ကေသု၊ ကာမအရာ လွန်စွာ ကြောင့်ကြ အားထုတ်ခြင်း ရှိကြသော သူတို့၌။ အနုဿုက္ကာ၊ အားထုတ်ခြင်း ကင်းကုန်လျက်။ သုသုခံ၊ အလွန်ချမ်းသာစွာ။ ဇီဝါမ ဝတ၊ အသက်ရှည်ကြရကုန်၏တကား။

ဒေဿနာတော်၏အကျိုး

ဒေဿနာတော်၏ အဆုံးဌ် များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ဉာတိကလဟဂူပသမနဝတ္ထုပြီး၏။

---

၂ - မာရ်နတ်ဝတ္ထု

သုသုခံဝတ ဇီဝါမ - အစရှိသော ဤတရား ဒေဿနာကော်ကို မြတ်စွာဘုရား သည် [1] ပဉ္စသာလမြို့ ပုဏ္ဏားတို့ရွာဌ် နေတော်မူစဉ် မာရ်နှုတ်သားကို အကြောင်း ပြု၍ ဟောတော်မူလေ၏။

မြတ်စွာဘုရား ဆွမ်းမဘုဉ်းပေးရသောနေ့

တနေ့သဌ် မြတ်စွာဘုရားသည် ငါးရာကုန်သော သတို့သမီးတို့၏ သောတာ ပတ္တိမဂ် ရကြောင်း ဥပနိဿယကို မြင်တော်မူ၍ ထိုရွာကို အမှီပြုလျက် နေတော် မူလေ၏ ထိုသတို့သမီးတို့သည်လည်း တခုသောနက္ခတ် ပဲ့သဘင်နေ့ဌ် မြစ်သို့သွား၍ ရေချိုးပြီးလျှင် တန်ဆာ ဆင်ခြင်းနှင့် စပ်ကုန်သည်ဖြစ်၍ ရွာသို့ရှေးရှု။ သွားကြ လေကုန်၏ မြတ်စွာဘုရားသည်လည်း ထိုရွာသို့ဝင်၍ ဆွမ်းအလို့ငှါ လှည့်လည် တော်မူ၏ ထိုအခါ မာရ်နတ်သည် အလုံးစုံ ရွာဌ်နေသော သူတို့၏ ကိုယ်ဌ် ပူးဝင်၍ အကြင်အခြင်းအရာဖြင့်ပြုသည်ရှိသော် မြတ်စွာဘုရားသည် တယောက်မ မျသော ဆွမ်းကိုလည်း မရ ထိုသို့သော အခြင်းအရာဖြင့် ပြုသောကြောင့် အကြင် အကြင် ဆေးမြဲတိုင်းသော သပိတ်ဖြင့် ထွက်ကြွခဲ့သော မြတ်စွာဘုရားကို ရွာတံခါးဌ် ရပ်လျက် ရှင်ရဟန်း ဆွမ်းရပါ၏လော ဟု လျှောက်ဆိုလေ၏ ယုတ်မာ စွာသော မာရ်နတ် အသို့နည်း သင်သည် အကြင်အခြင်းအရာဖြင့် ပြုသည်ရှိသော် ငါဘုရားသည် ဆွမ်းကိုမရရာ ထိုသို့သော အခြင်းအရာဖြင့် ပြုသည်မဟုတ်လော ဟု မိန့်တော်မူလျှင် မြတ်စွာဘုရား ထိုသို့ဖြစ်မူ တဖန်ဝင်ကြွတော် မူကြပါလော့ဟု ဆိုလေ၏။

---

၁ ပဉ္စသာတဟု၍ မူကဲ့ရှိသည်။ စရင်ငါးဆောင်ရှိသော ဟု၍လည်း ပြန်ဆို ရေးသား ကြလေသည်။

[အကယ်၍ တဖန်ဝင်သည်ဖြစ်အံ့ အလုံးစုံသော သူတို့၏ကိုယ်၌ ပူးဝင်၍ ဤရဟန်းဂေါတမ၏ ရှေတော်၌ လက်ခုပ်တီးလျက် ရဟန်းဂေါတမအား ပျက်ရယ် ပြောင်လှောင်ခြင်းကို ပြုအံ့ဟု မာရ်နတ်အား ဤသို့အကြံ ဖြစ်သတတ်]။

ထိုခဏ၌ သတို့သမီး ငါးရာတို့သည် ရွာတံခါးသို့ ရောက်လာကြ၍ မြတ်စွာ ဘုရားကိုမြင်လျှင် ရှိခိုးလျက် တင့်အပ်လျောက်ပတ်သော အရပ်၌ တည်နေကြ ကုန်၏ မာရ်နတ်သည်လည်း မြတ်စွာဘုရားကို မြတ်စွာဘုရား ဆွမ်းမရကြ ကုန်သည်ရှိသော် ဆာလောင်ခြင်း ဟူသော ဆင်းရဲခြင်းဖြင့် နှိပ်စပ်အပ်ကုန် ပြီလောဟု လျှောက်ဆိုလေ၏ ဘုရားရှင်သည် မာရ်နတ်ယုတ် ငါတို့သည် ယနေ့ တစုံတခုကို မရသော်လည်း အာဘဿရဘုံ၌ မဟာဗြဟ္မာကြီးတို့ကဲ့သို့ ပီတိဟူ သော ချမ်းသာဖြင့်သာလျှင် လွန်စေကြကုန်အံ့ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၉၈ သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။
ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။

ပါပိမ၊ မာရ်နတ်ယုတ်။ ယေသံနော၊ အကြင်ငါတို့အား။ ကိဉ္စနံ၊ ရာဂစသော တစုံတခုသော ကြောင့်ကြခြင်းသည်။ နတ္ထိ၊ မရှိ။ တေမယံ၊ ထိုငါတို့သည်။ သုသုခံ၊ အလွန်ချမ်းသာစွာ။ ဇီဝါမဝတ၊ အသက်ရှည်ကြရကုန်၏ တကား။ အာဘဿရာ၊ အာဘဿရဘုံ၌ ဖြစ်ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ ပီတိ ဘက္ခာယထာ၊ ပီတိဟူသော အစာရှိကုန်သကဲ့သို့။ မယံပိ၊ ငါတို့သည်လည်း။ ပီတိဘက္ခာ၊ ပီတိဟူသော အစာရှိကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ ငါးရာစလုံးလည်း ဖြစ်ကုန်သော သတို့သမီးတို့သည် ဿောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

မာရ်နတ် ဝတ္ထုပြီး၏။

၃ - ကောသလမင်း စစ်ရှုံးဝတ္ထု

ဇယံဝေရံ - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌နေတော်မူစဉ် ကောသလမင်းကြီး၏ စစ်ရှုံးခြင်းကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ကောသလမင်း အစာဖြတ်၍ သေရန်ကြံရွယ်ခြင်း

ကောသလမင်းကြီးသည် ကာသိက မည်သော ရွာကိုမှီ၍ တူဖြစ်သော အဇာတသတ်မင်းနှင့် အတူတကွ စစ်ထိုးလတ်သည်ရှိသော် အဇာတသတ်မင်းမှ သုံးကြိမ်တိုင်တိုင်လည်း စစ်ရှုံးရှာရလေသတတ် သုံးကြိမ်မြောက် ရှုံးသောအခါ၌ ငါသည် ခံတွင်း နှိုရည်နှံမှ မစင်သေးသော သူငယ်ကိုသော်လည်း စစ်ရှုံးစေခြင်းငှါ မတတ်နိုင် ငါ့အား အသက်ရှင်ခြင်းဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်းဟု ကြံ၍ ကောသလမင်းကြီးသည် အစာဖြတ်ခြင်းကို ပြုလျက် ညောင်စောင်းထက်၌ စက်တော်ခေါ်လေ၏ ထိုအခါ ကောသလမင်းကြီး၏ ထိုအကြောင်းသည် မြို့အလုံးကိုလည်း ပုံ့နှံ့လေ၏ ရဟန်းတို့သည် မြတ်စွာဘုရားအား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကောသလမင်းကြီးသည် ကာသိက ရွာကိုမှီ၍ သုံးကြိမ်တိုင်တိုင် စစ်ရှုံးခဲ့လေသတတ် ထိုကောသလမင်းကြီးသည် ယခုအခါ စစ်ရှုံးသဖြင့် ပြန်လာ၍ ခံတွင်းနှိုရည်နှံမှ မစင်သေးသော သူငယ်ကို ရှုံးစေခြင်းငှါ မတတ်နိုင် ငါ့အား အသက်ရှင်ခြင်းဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်းဟု ကြံ၍ အာဟာရဖြတ်ခြင်းကို ပြုလျက် ညောင်စောင်းထက်၌ စက်တော်ခေါ်ပါသတတ် ဘုရားဟု လျှောက်ကြားကြလေကုန်၏ ဘုရားရှင်သည် ထိုရဟန်းတို့၏ စကားကို ကြားရလျှင် ချစ်သားရဟန်းတို့ နိုင်သောသူသည်လည်း ရန်ပွားခြင်းငှါ ရှုံးသောသူသည်ကား နှလုံးမသာမယာ ဆင်းရဲစွာ အိပ်စက်ရသည် သာလျှင်တည်းဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၉၉ ဇယံ ဝေရံ ပသဝတိ၊ ဒုက္ခံ သေတိ ပရာဇိတော။
ဥပသန္တော သုခံ သေတိ၊ ဟိတ္ဝာ ဇယပရာဇယံ။

ဇယံ-ဇယန္တော၊ သူတပါးကို အောင်သောသူသည်။ ဝေရံ၊ ရန်ကို။ ပသဝတိ၊ ပွားစေ၏။ ပရာဇိတော၊ ရှုံးသောသူသည်။ ဒုက္ခံ၊ ဆင်းရဲစွာ။ သေတိ၊နေရ၏။

(၈) ၁၄၃-၄၀

[အဘယ်အခါ ရန်သူ၏ ပျက်စီးခြင်းကို မြင်နိုင်ရပါအံ့နည်းဟု ကြံလျက် ဣရိယာပုထ် လေးပါးလုံး၌ ဆင်းရဲစွာ နေထိုင်ရ၏ဟူလို]။

ဥပသန္တော၊ ငြိမ်းပြီးသော ကိလေသာရှိသော ရဟန္တာသည်။ 'ဇယပရာဇယံ၊ အောင်ခြင်း ရှုံးခြင်းကို။ ဟိတွာ၊ စွန့်၍။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ကောသလမင်း စစ်ရှုံးဝတ္ထုပြီး၏။

၄—အညတရ ကုလဒါရိကာဝတ္ထု

နတ္ထိ ရာဂသမော- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရား သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အမှတ်မရှိသော သတို့သမီးငယ် ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မင်္ဂလာနေ့ သံဃာအား လုပ်ကျွေးခြင်း

ထိုသတို့သမီးငယ်အား မိခင်ဘခင်တို့သည် ထိမ်းမြားခြင်း မင်္ဂလာပြုလုပ်ပြီး လျှင် မင်္ဂလာပြုသောနေ့၌ မြတ်စွာဘုရားကို ပင့်ဘိတ်ကြကုန်သတတ် မြတ်စွာ ဘုရားသည် ရဟန်းအပေါင်း ခြံရံတော်မူလျက် ထိုအိမ်သို့ကြွ၍ နေထိုင်တော်မူ လေ၏ ထိုချွေးမငယ်သည်လည်း ရဟန်း သံဃာတော် အပေါင်း၏ အလို့ငှါ သောက်တော်ရေစစ် စသည်တို့ကို ပြုလုပ်လျက် ထိုမှဤမှ အဖန်ဖန် သွားလာ လျက်ရှိလေ၏ ထိုသူငယ်မ၏ ခင်ပွန်းယောကျ်ားသည်လည်း သူငယ်မကို ကြည့်ရှု ကာ ရပ်တည်နေလေ၏ ထိုယောကျ်ားသည် တပ်နှစ်သက်သော ရာဂ၏ အစွမ်း ဖြင့် ကြည့်ရှုနေစဉ် ကိုယ်တွင်း၌ ကိလေသာသည် အကြိမ်များစွာ ဖြစ်ပေါ်လေ ၏ ထိုသတို့သားသည် အဝိဇ္ဇာဟူသော မောဟမှောင်ဖြင့် နှိပ်စက်ခြင်းကြောင့် ဘုရားရှင်ကိုလည်း မလုပ်ကျွေးနိုင် ရှစ်ကျိပ်သော မဟာထေရ်ကြီးတို့ကိုလည်း မလုပ်ကျွေးနိုင်ရှာ လက်ကို ဆန့်တန်းကာ ဇနီးသတို့သမီး မိန်းမငယ်ကို ဆွဲကိုင် လိုက်အံ့ဟု ဤသို့သော စိတ်အကြံကိုကား ပြုလေဘိ၏ မြတ်စွာဘုရားသည်

ထိုသတ္တိသား၏ အလိုကို ကြည့်ရှုတော်မူပြီးလျှင် အကြင် အခြင်းအရာဖြင့် ပြုသည်ရှိသော် ထိုမိန်းမငယ်ကို မမြင်နိုင် ဤသို့သော အခြင်းအရာဖြင့် ပြုတော်မူလေ၏ ထိုသတ္တိသားသည် သတ္တိသို့မဲငယ်ကို မမြင်ရသည်ရှိသော် မြတ်စွာဘုရားကို ဖူးမျှော်လျက် ရပ်တည်နေလေ၏ ဘုရားရှင်သည် ထိုသတ္တိသား ဖူးမျှော်ကာတည်နေသောအခါ၌ သတ္တိသို့မဲငယ်ကို ရာဂဟူသော မီးနှင့်တူသော မီးမည်သည် မရှိ ဒေါသဟူသော အပြစ်နှင့်လည်း တူသော အပြစ်မည်သည်မရှိ ခန္ဓာဝန်ကို ဆောင်ရွက်ခြင်းကြောင့် ဖြစ်သော ဆင်းရဲခြင်းနှင့်လည်း တူသော ဆင်းရဲခြင်း မည်သည်မရှိ နိဗ္ဗာန်ချမ်းသာနှင့် တူသော ချမ်းသာခြင်းမည်သည်လည်း မရှိသည်သာလျှင်တည်းဟူ မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူလေ၏။

ဒေသနာတော်

၂၀၀ နတ္ထိ ရာဂသမော အဂ်ိ၊ နတ္ထိ ဒေါသသမော ကလိ။
နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ နတ္ထိ သန္တိပရံ သုခံ။

ရာဂသမော၊ရာဂနှင့်တူသော။အဂ်ိ၊မီးသည်။နတ္ထိ၊မရှိ။ဒေါသသမော၊ ဒေါသနှင့်တူသော။ ကလိ၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ခန္ဓသမာ၊အမြဲမပြတ်ရွက်ဆောင်ရသောခန္ဓာနှင့်တူကုန်သော။ ဒုက္ခာ၊ ဆင်းရဲခြင်းတို့သည်။ နတ္ထိနသန္တိ၊ မရှိကုန်။ သန္တိပရံ၊နိဗ္ဗာန်ထက်လွန်မြတ်သော။သုခံ၊ချမ်းသာခြင်းသည်။နတ္ထိ၊မရှိ။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ သတ္တိသို့မဲသည်ရင်း သတ္တိသားသည်ရင်း သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏ ထိုသောတာပန် တည်ပြီးသောအခါ၌ မြတ်စွာဘုရားသည် ထိုဇာတိသားသတ္တိသို့မဲတို့အား အချင်းချင်းမြင်သော အခြင်းအရာကို ပြုတော်မူလေ၏။

အညတရကုလဒါရိကာ ဝတ္ထုပြီး၏။

၅-နွားပျောက်သော ဥပါသကာဝတ္ထု

ဇီဃစ္ဆာ - အစရှိသော ဤတရားဒေသနာကို မြတ်စွာဘုရားသည် အာဠဝီပြည်၌ နေတော်မူစဉ် နွားပျောက်သော ဒါယကာတယောက်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

လူဆင်းရဲ၌ ဘုရားရှင်၏ကရုဏာတော်

တနေ့သ၌ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီ၌ နေတော်မူလျက် သာလျှင် နံနက်စောစောအခါ လောကကို ကြည့်ရှုတော်မူလတ်သည် ရှိသော် အာဋဝီပြည်၌ လူဆင်းရဲတယောက်ကို မြင်တော်မူရ၍ ထိုလူဆင်းရဲ၏ ဥပနိဿယနှင့် ပြည့်စုံခြင်းကို သိတော်မူသဖြင့် ငါးရာသော ရဟန်းခြံရုံလျက် အာဋဝီပြည်သို့ ကြွသွားတော်မူလေ၏ အာဋဝီပြည်သူ ပြည်သားတို့သည် မြတ်စွာဘုရားကို ပင့်ဘိတ်ကြကုန်၏ ထိုလူဆင်းရဲသည်လည်း မြတ်စွာဘုရား ကြွလာတော်မူသတတ်ဟု ကြားရ၍ မြတ်စွာဘုရား၏ အထံတော်၌ တရားနာအံ့ဟု စိတ်ကို ပြုလေ၏ ထိုနေ့၌ပင်လျှင် ထိုလူဆင်းရဲ၏ နွားတကောင်သည် ထွက်ပြေးလေ၏ ထိုလူဆင်းရဲသည် အသို့နည်း နွားကို ရှာဖွေရအံ့လော ထိုသို့ မဟုတ် တရားကို နာရအံ့လောဟု ကြံသည်ရှိသော် နွားကိုရှာပြီးမှ နောက်၌ တရားနာအံ့ဟု နှလုံးပြုလျက် နံနက်စောစောကပင်လျှင် အိမ်မှ ထွက်ခွါ သွားလေ၏ အာဋဝီပြည်၌ နေသောသူတို့သည်လည်း ဘုရားအမှူးရှိသော ရဟန်းသံဃာ အပေါင်းကို နေထိုင်စေ၍ ဆွမ်းလုပ်ကျွေးပြီးမှ အနုမောဒနာ ပြုစေခြင်း အကျိုးငှါ သပိတ်ကို ယူကြလေကုန်၏ မြတ်စွာဘုရားသည်လည်း ဤသူဆင်းရဲကို မြို၍ ငါသည် ယူဇနာ သုံးဆယ်ရှိသော ခရီးသို့ လာခဲ့၏ ထိုသူဆင်းရဲသည် နွားကို ရှာဖွေခြင်းငှါ တောသို့ ဝင်ဆဲဖြစ်သေး၏ ထိုလူဆင်းရဲ လာမှသာလျှင် တရားဟောအံ့ဟု ဆိတ်ဆိတ် နေတော်မူလေ၏ ထိုသူဆင်းရဲသည်လည်း နေ့လည်၌ နွားကို တွေ့မြင်ရလျှင် နွားအုပ်အတွင်း၌ ထည့်သွင်းခဲ့၍ တပါးသော အမှုသည် အကယ်၍ကားမရှိ ထိုသို့မရှိသော်လည်း မြတ်စွာဘုရားအား ရှိခိုးခြင်းမျှကိုသာလျှင် ပြုတော့အံ့ဟု နှလုံးပြုလျက် ဆာလောင်ခြင်းဖြင့် နှိပ်စက်အပ်သော်လည်း အိမ်သို့ သွားခြင်းငှါ စိတ်ကို မပြုတဲ့မူ၍ လျင်မြန်စွာဘုရား၏ အထံတော်သို့ လာသဖြင့် မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေလေ၏။

ဘုရားရှင်က ထမင်းကျွေးခိုင်းခြင်း

မြတ်စွာဘုရားသည် ထိုသူဆင်းရဲ၏ ၎တည်နေလာသော ကာလ၌ အလှူ၌ အမှူကြီးငယ် ရွက်ဆောင်သောသူကို သံဃာ၏ စိုးစဉ်း ကြွင်းကျန်သော ထမင်း

ရှိသလောဟု မိန့်တော်မူလေ၏ မြတ်စွာဘုရား အလုံးစုံ ရှိပါသေးသည်ဘုရားဟု လျှောက်ဆိုလတ်သည်ရှိသော် ဤသူကို ကျွးမွေးဦးလောဟု မိန့်တော်မူပြန်၏ ထိုအလျှဉ် ဆောင်ရွက်သောသူသည် မြတ်စွာဘုရား မိန့်ကြားသော နည်းဖြင့် သာလျှင် ထိုသူကို နေစေ၍ ယာဂုခဲဘွယ် ဘောဇဉ်တို့ဖြင့် ရိုသေစွာ ကျွးမွေးလေ၏ ထိုသူဆင်းရဲသည် ထမင်းစားပြီးသည်ရှိသော် ခံတွင်းကို ဆေးကြောလေ၏။

[သုံးပုံသော ပိဋကတ်တို့၌ ဤနေရာကိုဖယ်ထား၍ တပါးသောနေရာ၌ မြတ်စွာဘုရား၏ ထမင်းကျွေးရန် စီရင်ခြင်းမည်သည် မရှိလေသတတ်]။

ငြိမ်းပြီးသော ပူပန်ခြင်း ရှိသော ထိုသူဆင်းရဲ၏ စိတ်သည် တည်တည် ကြည်ကြည် ဖြစ်လေ၏ ထိုအခါ သူဆင်းရဲအား မြတ်စွာဘုရားသည် အစဉ် အတိုင်းဖြစ်သော တရားစကားကို ဟောကြားတော်မူသဖြင့် သစ္စာလေးပါး တို့ကို ပြတော်မူလေ၏ ထိုသူဆင်းရဲသည် ဒေသနာတော်၏ အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်လေ၏ မြတ်စွာဘုရားသည်လည်း အနုမောဒနာကို ပြုပြီးလျှင် နေရာမှထ၍ ဖဲကြိုတော်မူလေ၏ မျှားစွာသော လူအပေါင်းသည် မြတ်စွာဘုရားကို အစဉ်လိုက်ပို့ကာ ပြန်နစ်လေ၏ ရဟန်းတို့သည် မြတ်စွာဘုရားနှင့် အတူတကွ သွားကြကုန်စဉ်သာလျှင် ငါ့ရှင်တို့ မြတ်စွာဘုရား၏ အမှုကို ကြည့်ရှုကြစမ်းပါ ကုန်လော တပါးသောနေ့တို့၌ ဤသို့သော သဘောမရှိ ယနေ့၌မူကား ထိုလူကို မြင်လျှင် မြင်ခြင်း ယာဂု စသည်တို့ကို စီရင်၍ ပေးစေလေ၏ဟု ကဲ့ရဲ့ကြကုန်၏ မြတ်စွာဘုရားသည် ပြန်နစ်တော်မူ၍ ရပ်တော်မူလျက် ချစ်သားရဟန်းတို့ အဘယ်စကားကို ပြောဆိုကြကုန်ဘိသနည်းဟု မေးတော်မူသဖြင့် ထိုအကြောင်းကို ကြားသိတော်မူရလျှင် ချစ်သားရဟန်းတို့ ဟုတ်မှန်လှပေ၏ ယူဇနာသုံးဆယ် ရှိသော ခရီးခဲသို့ ကြွလာသော ငါဘုရားသည် ထိုဒါယကာ၏ ဥပနိဿယ အကြောင်းကို မြင်တော်မူ၍ ကြွလာခဲ့ပေ၏ ထိုသူဆင်းရဲသည် အလွန်လျှင် မွတ်သိပ် ဆာလောင်ဘိ၏ နံနက် စောစောမှစ၍ နွားကို ရှာဖွေလျက် တောဋ္ဌ လှည့်လည် သွားလာရ၏ မွတ်သိပ် ဆာလောင်ခြင်း ဟူသော ဆင်းရဲခြင်းဖြင့် တရားတော်ကို ဟောကြားအပ်သော်လည်း ထိုးထွင်း၍ သိခြင်းငှါ မတတ်နိုင်လတ္တံ့ဟု ကြံ၍ ဤသို့ စီရင်ခြင်းကို ပြုတော်မူရ၏ မွတ်သိပ် ဆာလောင်ခြင်း

တည်းဟူသော အနာရောဂါနှင့်တူသော အနာရောဂါမည်သည် မရှိဟု မိန့်တော်မူ၍ ကျွဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၀၁ ဇီဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရာ ပရမာ ဒုက္ခာ။
ဧတံ ဉ တ္ဝာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။

ဇီဃစ္ဆာ၊ မွတ်သိပ် ဆာလောင်ခြင်းသည်။ ပရမာ၊ လွန်ကဲသော။ ရောဂါ၊ အနာမည်၏။

[တပါးသော အနာရောဂါသည် တကြိမ် ကုသသော် ပျောက်မူလည်း ပျောက်၏ တခဏ အစွမ်းဖြင့် ကွာမူလည်းကွာ၏ ဆာလောင်မွတ်သိပ်ခြင်း ရောဂါကိုကား နေ့စဉ်အမြဲ ကုစားအပ်သည်သာတည်း ထို့ကြောင့် ဤရောဂါသည် ကြင်းသော ရောဂါတို့ထက် လွန်ကဲသည် မည်၏ဟူလို]။

သင်္ခါရာ၊ ခန္ဓာငါးပါး တည်းဟူသော သင်္ခါရတို့သည်။ ပရမာ၊ လွန်ကဲကုန်သော။ ဒုက္ခာ၊ ဒုက္ခတို့မည်ကုန်၏။ဧတံ၊ ဤသဘောကို။ယထာဘူတံ၊ဟုတ်သောအတိုင်း။ ဉတ္ဝာ၊ သိ၍။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပရမံ၊ ချမ်းသာတကာတို့ထက် လွန်မြတ်သော။ သုခံ၊ ချမ်းသာခြင်းမည်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

နွားပျောက်သော ဥပါသကာဝတ္ထုပြီး၏။

၆–ပဿေနဒိကောသလမင်းဝတ္ထု

အာရောဂျာ ပရမာလာဘာ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ပဿေနဒိကောသလမင်းကြီးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

အစားကြီးခြင်းသည် ဆင်းရဲခြင်း၏ အကြောင်း

အာခါတပါး၌ ပဿေနဒိ ကောသလမင်းကြီးသည် ဆန်တစ္ခရွတ် (တစိတ်) ချက်ထမင်းကို ထိုထမင်းအား လျောက်ပတ်သော စားမဲဟင်းလျာဖြင့် ပဲ့တော်တည်၏ တနေ့သ၌ နံနက်စာထမင်း ပဲ့တော်တည်ပြီးသည်ရှိသော် ထမင်းကြောင့် ဖြစ်သော ယစ်ခြင်းကို မပျောက်မီ မြတ်စွာဘုရား၏ အထံတော်သို့ သွား၍ ပင်ပန်းသော သဘောရှိလှသဖြင့် တပြောင်းပြန်ပြန် ထိုမှ့ဤမှ့ လူးလည်းလေ၏ ငိုက်မျည်းခြင်းဖြင့် နှိပ်စက်အပ်သည် ဖြစ်သော်လည်း ဖြောင့်ဖြောင့် အိပ်ခြင်းငှါ မတတ်နိုင်သောကြောင့် တင့်အပ်လျောက်ပတ်သော အရပ်၌ နေလေ၏ ထိုအခါ ကောသလမင်းကြီးကို မြတ်စွာဘုရားသည် မြတ်သောမင်းကြီး အသို့နည်း အပင်ပန်း မဖြေမိသာလျှင် လာခဲ့လေသလောဟု မိန့်တော်မူလေ၏ မြတ်စွာဘုရား ဟုတ်မှန်လှပါသည် ထမင်းသုံးဆောင်ပြီးသော အခါမှစ၍ တပည့်တော်အား ကြီးစွာသော ဆင်းရဲခြင်းသည် ဖြစ်ပါသည်ဘုရားဟု လျှောက်ကြားလတ်သော် ထိုအခါ ကောသလမင်းကြီးကို မြတ်စွာဘုရားသည် မြတ်သောမင်းကြီး အလွန်မျှားစွာ စားခြင်းသည် ဤသို့ ဆင်းရဲခြင်း ဖြစ်တတ်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူလေ၏။

မိဒ္ဓိ ယဒါ ဟောတိ မဟဉ္ဃသောစ၊ နိဒ္ဒါယိတာ သမ္မရိဉ္စတ္တသာယီ။
မဟာဝရာဟော၀ နိဝါပပုဋ္ဌော၊ ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒေါ။

ယဒါ၊ အကြောင်အခါဌ်။ ပုရိသော၊ ယောကျိုးသည်။ မိဒ္ဓိစ၊ ငိုက်မျည်းခြင်းရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ မဟဉ္ဃသောစ၊ အတိုင်းအရှည်မရှိ မျှားစွာ အစားကြူးသည်လည်း။ ဟောတိ၊ ဖြစ်၏။ နိဝါပပုဋ္ဌော၊ အစာကျွေး၍ မွေးမြူအပ်သော။ မဟာဝရာဟော၀၊ အိမ်ဝက်ကြီးကဲ့သို့။ နိဒ္ဒါယိတာ၁၊ ငိုက်မျည်းခြင်းအလေ့ရှိသည်။ သမ္မရိဝတ္တသာယီ၊ တပြောင်းပြန်ပြန် လူးလည်း၍ အိပ်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါဌ်။ လက္ခဏာနိ၊ အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာတို့ကို။ မနသိကာတုံ၊ နှလုံးသွင်းခြင်းငှါ။ နသက္ကောတိ၊မတတ်နိုင်။ အမနသိကရောန္တော၊နှလုံးမသွင်းနိုင်သည်ဖြစ်၍။မန္ဒေါ၊ပညာနည်းသော။

သောပုရိသော၊ ထိုယောကျ်ားသည်။ ပုနပ္ပုနံ၊ တဖန်တလဲလဲ။ ဂဇ္ဈံ၊ အမိဝမ်း တိုက်သို့။ ဥပေတိ၊ ကပ်ရောက်ရ၏။

အတိုင်းအရှည်ဖြင့် စားခြင်းသည် ချမ်းသာခြင်း၏အကြောင်း

ဤဂါထာဖြင့် ဆုံးမ၍ မြတ်သောမင်းကြီး စားခြင်းမည်သည်ကား အတိုင်း အရှည်အားဖြင့် စားခြင်းငှါ သင့်လျော်၏ အတိုင်းအရှည်ဖြင့် စားသောသူသည် ချမ်းသာစွာဖြစ်၏ဟု ဆုံးမတော်မူပြီးလျှင် ထို့ထက်အလွန် ဆုံးမတော်မူပြန်လို သည်ဖြစ်၍ ဤဂါထာကို မိန့်တော်မူလေ၏။

မနုဇဿ သဒါ သတိမတော၊ မတ္တံ ဇာနတော လဒ္ဓဘောဇနံ။
တနုကဿ ဘဝန္တိ ဝေဒနာ၊ သဏိကံ ဇီရတိ အာယုပါလယံ။

သဒါ၊ အခါခပ်သိမ်း။ သတိမတော၊ သတိရှိသော။ လဒ္ဓဘောဇနံ၊ ရအပ် သော ဘောဇဉ်ကို။ မတ္တံဇာနတော၊ အတိုင်းအရှည်ကို သိထသော။ အဿမနု ဇဿ၊ ထိုသူအား။ ဝေဒနာ၊ ဝေဒနာတို့သည်။ တနုကာ၊ ခေါင်းပါးကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ အာယုပါလယံ၊ အသက်ကို စောင့်ရှောက်လျက်။ သဏိကံ၊ နှေးနှေး။ ဇီရတိ၊ အစာကြေ၏။

ကောသလမင်းကြီးသည် ဂါထာကို သင်ယူခြင်းငှါ မတတ်နိုင် အနီးဌိတည်နေ သော နှမ၏သား တူတော်ဖြစ်သော သုဒဿနအမည်ရှိသော လုလင်ကို ချစ်သား ဤဂါထာကို သင်ယူလော့ဟု ဆိုလေ၏ ထိုလုလင်သည် ထိုဂါထာကို သင်ယူပြီး လျှင် မြတ်စွာဘုရား အဘယ်သို့ ပြုရပါမည်နည်းဘုရားဟု မေးလျှောက်လေ၏ ထိုအခါ လုလင်ကို မြတ်စွာဘုရားသည် မင်းကြီး ထမင်းသုံးဆောင်စဉ် နောက်ဆုံး ထမင်းဆုပ် ပြုသောကာလ ဤဂါထာကို ရွတ်ဆိုလေလော့ဟု မိန့်တော်မူ၍ မင်းကြီးသည် အနက်ကို မှတ်သားမိသဖြင့် အကြင်ထမင်းဆုပ်ကို စွန့်လတ္တံ့ ထိုထမင်းဆုပ်၌ ထမင်းလုံး အရေအတွက်အားဖြင့် မင်းကြီးအလို၌ ပဲ့တော် ဤထမင်းချက်သောကာလ ထိုမျှ အတိုင်းအရှည်ရှိသော ဆန်စေ့တို့ကို ပယ်နုတ်လေ လော့ဟု မိန့်တော်မူလေ၏ ထိုလုလင်သည် မြတ်စွာဘုရား ကောင်းလှပါပြီဘုရား ဟု ဝန်ခံ၍ ညချမ်းအခါ၌ဌင်း နံနက်အခါ၌ဌင်း မင်းကြီး ထမင်းပဲ့တော် တည်စဉ်

နောက်ဆုံး ထမင်းဆုပ် ပြုသောအခါ ထိုဂါထာကိုရွတ်၍ မင်းကြီးသည် စွန့်အပ်သော ထမင်းဆုပ်၌ ထမင်းလုံး ဒရေအတွက်အားဖြင့် ဆန်စေ့တို့ကို ယုတ်စေလေ၏ မင်းကြီးသည်လည်း ထိုတူ သုဒဿန လုလင်၏ဂါထာကို ကြားရလျှင် တထောင်တခုထောင်သော ဥစ္စာကို ပေးစေလေ၏ ထိုမင်းကြီးသည် နောက်အခါ၌ တကွမ်းစား (တစလယ်) ချက် ထမင်းအတိုင်း အရှည်ဖြင့် ကောင်းစွာတည်တံ့နိုင်၍ ချမ်းသာခြင်းသို့ ရောက်သဖြင့် ခေါင်းပါး ပိန်ကြုံသော ကိုယ်ရှိသည် ဖြစ်လေ၏ ထိုအခါ တနေ့သ၌ မြတ်စွာဘုရား၏ အထံတော်သို့သွား၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ယခုအခါ တပည့်တော်အား ချမ်းသာခြင်း ဖြစ်ပါပြီ သား သမင်ကိုငှင်း မြင်းကိုငှင်း လိုက်၍ ဖမ်းခြင်းငှါ စွမ်းနိုင်သော သဘော ရှိပါပြီဘုရား ရှေးအခါ၌ တပည့်တော်၏တူ အဇာတသတ်မင်းနှင့်တကွ စစ်ထိုးခြင်းသည်သာလျှင် ဖြစ်ရပါသည့် ယခုအခါ ဝဇီရ အမည်ရှိသော ချစ်သမီးကို တူအား ဆောင်နှင်း၍ ထိုကာသိကရွာကို သတို့သမီးအားသာလျှင် ရေချိုးကသယ်မှုံဘိုး ပေးလိုက်ပါပြီ ထိုတူ အဇာတသတ်နှင့်တကွ ခိုက်ရန် ဖြစ်ခြင်းသည် ငြိမ်းပေပြီ တပည့်တော်အား ဤအကြောင်းကြောင့်လည်း ချမ်းသာခြင်းသည် သာလျှင် ဖြစ်ရပါသည် ဘုရား အမျိုး၏ အမွေဥစ္စာဖြစ်သော မင်းသုံး နန်းစဉ် ပတ္တမြားရတနာသည် တကဲ့တော်၏ နန်းတော်တွင်း၌ ရှေးဖြစ်သော နေ့တွင် ပျောက်ဆုံး ခဲ့ပါသည် ထိုပတ္တမြား ရတနာ သည်လည်း ယခုအခါ လက်တွင်းသို့ ရောက်၍ လာပါပြီ ဤအကြောင်းကြောင့်လည်း တပည့်တော်အား ချမ်းသာခြင်းသည် သာလျှင် ဖြစ်ရပါသည်ဘုရား ရှင်တော်မြတ်ဘုရားတို့၏ တပည့်သား သာဝကတို့နှင့် အတူ တကွ အကျမ်းဝင်ခြင်းကို အလိုရှိသဖြင့် သာကီဝင် မင်းဆွေ မင်းမျိုး သတို့သမီး သည်လည်း တပည့်တော်၏ နန်းတော်သို့ ရောက်လာပါပြီ ဤအကြောင်းကြောင့်လည်း တပည့်တော်အား ချမ်းသာခြင်းသည်သာလျှင် ဖြစ်ရပါသည် ဘုရားဟု လျှောက်ထားလေ၏ ဘုရားရှင်သည် မြတ်သောမင်းကြီး အနာမဋ္ဌိခြင်းမည်သည် မြတ်သောလာဘ်မည်၏ ရရသမျှသော ပစ္စည်းဖြင့် ရောင့်ရဲ နှစ်သက်ခြင်းနှင့် တူသော ဥစ္စာသည်ဌင်း အကျမ်းဝင်ခြင်းနှင့် တူသည် သာလျှင် ဖြစ်သော မြတ်သော ဆွေမျိုးသည်ဌင်း နိဗ္ဗာန်နှင့် တူသော လွန်ကဲသော ချမ်းသာခြင်း မည်သည်ဌင်း မရှိဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

(၁) ၁၄၃–၄၁

ဒေသနာတော်

၂၀၂ ၁အရောဂျာ ပရမာ လာဘာ၊ သန္တုဋ္ဌီ ပရမံ ဓနံ။
ဝိဿာသာ ပရမာ ညာတိ၊ နိဗ္ဗာနံ ပရမံ သုခံ။

အာရောဂျာ၊ အနာကင်းခြင်းတို့သည်။ပရမာ၊ လွန်ကဲကုန်သော။ လာဘာ၊ လာဘ်တို့တည်း။

[ရောဂါသည်အား ရှိသော လာဘ်သည် လာဘ်မမည် ရောဂါကင်းသော သူအား လာဘ်အားလုံး ရောက်လာနိုင်ကြကုန်၏ဟူလို]။

သန္တုဋ္ဌီ၊ မိမိရအပ်သော ဥစ္စာဖြင့် ရောင့်ရဲ နှစ်သက်ခြင်းသည်။ ပရမံ၊လွန်ကဲသော။ ဓနံ၊ ဥစ္စာတည်း။ ဝိဿာသာ၊ အကျွမ်းဝင်ခြင်းသည်။ ပရမာ၊ ကောင်းမြတ်သော။ ညာတိ၊ အဆွေအမျိုးတည်း။

[မိရင်း ဘရင်း ဖြစ်စေကာမူ ခင်ခင် မင်မင် အကျွမ်းတဝင် မရှိလျှင် ဆွေမျိုးမဟုတ် သူစိမ်းသာမည်၏ အကျွမ်းတဝင်ရှိလျှင် မိဘက် ဘဘက်က မစပ်သော်လည်း ကောင်းမြတ်သော ဆွေမျိုးမည်၏ ဟူလို]။
နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပရမံ၊ လွန်ကဲသော။ သုခံ၊ ချမ်းသာတည်း။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

ပဿေနဒီကောသလမင်းကြီးဝတ္ထုပြီး၏။

၇– တိဿမထေရ်ဝတ္ထု

ပဝိဝေကရသံ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေသာလီပြည်၌ နေတော်မူစဉ် အမှတ်မရှိသော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

---

၁ အာရောဂျံ-ဟု ဧကဝုစ်ဖြင့် မူကွဲလည်းရှိသည်။ အာရောဂျ ပရမာလာဘာ- ဟူ၍လည်း မူကွဲရှိသေးသည်။ လာဘာ၊ ရအပ်သော လာဘ်တို့သည်။ အာရောဂျ ပရမာ၊ အနာကင်းခြင်းလျှင် အမြတ်ဆုံးရှိကြကုန်၏ ဟုအနက်ပေးသင့်၏။

ဘုရားအလိုတော်ကျ ပူဇော်နည်း

မြတ်စွာဘုရားသည် ချစ်သားရဟန်းများတို့ ငါဘုရားသည် ဤနေ့မှစ၍ လေးလတို့ဖြင့် လွန်သောအခါ ပရိနိဗ္ဗန် စံလွန်တော်မူပေအံ့ဟု မိန့်တော်မူသည် ရှိသော် မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းခုနစ်ရာတို့သည် ထိန့်လန့်ခြင်းသို့ ရောက်ကြလေကုန်၏ ရဟန္တာပုဂ္ဂိုလ်တို့အား ဓမ္မသံဝေဂဖြစ်လေ၏ ပုထုဇဉ်တို့သည် မျက်ရည်တို့ကို ဆည်းခြင်းငှါ မတတ်နိုင်ကြကုန် ရဟန်းတို့သည် အစုအစု ဖြစ်၍ အဘယ်သို့ ပြုကြရပါကုန်အံ့နည်းဟု တိုင်ပင်ကာသာ လှည့်လည်သွားလာကြကုန်၏ ထိုအခါ တိဿမထေရ် အမည်ရှိသော ရဟန်းတပါးသည် မြတ်စွာဘုရားသည် လေးလလွန်သောအခါ ပရိနိဗ္ဗာန် စံယူတော်မူလတ္တံ့ ငါသည်လည်း ရာဂမကင်းသေးသောသူဖြစ်၏ မြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိစဉ်သာလျှင် ငါသည် အရဟတ္တဖိုလ်ကို ယူခြင်းငှါ သင့်၏ဟု ဣရိယာပုထ် လေးပါးတို့၌ တယောက်အထီးတည်း နေထိုင်လေ၏ ရဟန်းတို့၏ အထံသို့ သွားခြင်းသည်၎င်း တစုံတယောက်သော ရဟန်းနှင့် အတူတကွ စကားပြောဆိုခြင်းသည်၎င်း မရှိ၊ ထိုအခါ တိဿ မထေရ်ကို ရဟန်းတို့သည် ငါ့ရှင်တိဿ အဘယ့်ကြောင့် ဤသို့ ပြုဘိသနည်းဟု မေးမြန်းကြလေကုန်၏ တိဿမထေရ်သည် ထိုရဟန်းတို့၏ စကားကို နားမထောင်ဘဲသာ နေလေ၏ ထိုရဟန်းတို့သည် တိဿ မထေရ် အကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားကြ၍ မြတ်စွာဘုရား ရှင်တော် မြတ်တို့အပေါ်၌ တိဿ မထေရ်အား ချစ်ခင်မြတ်နိုးခြင်းသည် မရှိပါဘုရားဟု လျှောက်ဆိုကြလေကုန်၏ မြတ်စွာဘုရားသည် တိဿ ရဟန်းကို ခေါ်စေတော်မူ၍ ချစ်သားတိဿ အဘယ့်ကြောင့် ဤသို့ပြုဘိသနည်းဟု မေးတော်မူလေ၏ ထိုတိဿ မထေရ်သည် မိမိအလိုကို လျှောက်ကြားလတ်သည်ရှိသော် ချစ်သား တိဿ ကောင်းပေစွ ကောင်းပေစွဟု ကောင်းချီးပေးတော်မူပြီးလျှင် ချစ်သား ရဟန်းတို့ ငါဘုရား၌ ချစ်ခင်မြတ်နိုးခြင်း ရှိသောသူသည် ဘုံတိဿ ရဟန်းနှင့် တူသည်သာလျှင် ဖြစ်ကြကုန်လော နှံသာပန်း စသည်တို့ဖြင့် ပူဇော်ခြင်းကို ပြုကြကုန်သော်လည်း ငါဘုရားကို ပူဇော်ကြသည် မမည်ကုန် လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်ကို ကျင့်ကုန်သော သူတို့သည်သာလျှင်

. ၁ ၁၂–ခုဖြောက်အတ္တဝဂ်၌လာသောအတ္တဒတ္တမထေရ်ဝတ္ထုနှင့်တူသော ဝတ္ထုဖြစ်၏။

ငါဘုရားကို ပူဇော်ကြသည် မည်ကုန်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၀၃ ပဝိဝေကရသံ ပိတ္ဝာ၊ ရသံ ဥပသမဿစ။
နိဒ္ဒရော ဟောတိ နိပ္ပါပေါ၊ ဓမ္မပီတိရသံ ပိဝံ။

ဓမ္မပီတိ ၁ တရားအရသာကို သောက်စို့ရသောသူသည်။ ပဝိဝေကရသ၌၊ ဆိတ်ငြိမ်ရာ၌ တယောက်ထည်းနေသဖြင့် ရအပ်သော ချမ်းသာခြင်း အရသာကို၎င်း။ ဥပသမဿ၊ ကိလေသာ ငြိမ်းခြင်း၏။ ဝါ၊ နိဗ္ဗာန်၏။ ရသ၌၊ အရသာကိုဟု၎င်း။ ပိတ္ဝာ၊ သောက်ရသောကြောင့်။ နိဒ္ဒရော၊ ရာဂစသော အပူကင်းသည်၎င်း။ နိပ္ပါပေါ၊ ယုတ်မာခြင်းကင်းသည်၎င်း။ ဟောတိ၊ ဖြစ်၏။ ရသံ၊ လောတ္တရာ တရားကိုးပါး၏ အစွမ်းဖြင့် ဖြစ်သော အရသာကို။ ပိဝံ ပိဝန္တောပိ၊ သောက်စို့ရသော်လည်း။ နိဒ္ဒရော၊ ရာဂစသော အပူကင်းသည်၎င်း။ နိပ္ပါပေါ၊ ယုတ်မာခြင်းကင်းသည်၎င်း။ ဟောတိ၊ ဖြစ်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ တိဿမထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်လေ၏ များစွာသော လူအပေါင်းအား လည်း အကျိုးရှိသော တရားဒေသနာ ဖြစ်တော်မူလေ၏။

တိဿမထေရ် ဝတ္ထုပြီး၏။

၈—သိကြားမင်း လုပ်ကျွေးသောဝတ္ထု

သာဟုဒဿန - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ၂ဝေဠုဝဂါမ၌ နေတော်မူစဉ် သိကြားမင်းကို အကြောင်းပြု၍ ဟောတော်မူလေ၏။

---

၁ ဘ လောကုတ္တရာဘာရား ကိုးပါးကို နာမကာယဖြင့် ဝေဒနာထိသေးသူ။ မျက်မှောက်အာရုံ ပြုသေးသူ သစ္ဆာလေးပါးကို ပိုင်းခြား၍ သိသေးသူ ဟူလို။

၂ ဤဝေဠုဝ ရွာဟူသည် ဝေသာလီပြည်၏အနီး၌ ဖြစ်၏။

ဘုရားရှင်၏ အညစ်အကြေး သိကြားမင်း ရွက်ဆောင်ခြင်း

မြတ်စွာဘုရားအား ၁အာယုသခ်ါရကို လွှတ်တော်မူပြီးသည်ရှိသော် သွေးသွန်သော အနာရောဂါ၏ ဖြစ်သည် အဖြစ်ကို သိရလျှင် သိကြားနတ်မင်းသည် ငါကား မြတ်စွာဘုရား၏ အထံတော်သို့ သွား၍ သူနာအလုပ်အကျွေး ပြုခြင်းငှါ သင့်၏ဟု ကြံ၍ သုံးဂါဝုတ် အတိုင်းအရှည်ရှိသော အတ္တဘောကို စွန့်သဖြင့် မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးလျှင် လက်တို့ဖြင့် ခြေတော်တို့ကို သုံးသပ်ဆုပ်နယ်ကာ နေလေ၏ ထိုအခါ သိကြားမင်းကို မြတ်စွာဘုရားသည် ဤသူကား အဘယ်သူနည်းဟု မိန့်တော်မူလေ၏ မြတ်စွာဘုရား တပည့်တော်ကား သိကြားနတ်မင်း ဖြစ်ပါသည် ဘုရားဟု လျှောက်လတ်သော် အဘယ့်ကြောင့် လာသနည်းဟု မိန့်တော်မူပြန်၏ မြတ်စွာဘုရား မကျန်းမမာ ဖြစ်ကုန်သော ရှင်တော်မြတ်ဘုရားတို့ကို လုပ်ကျွေးခြင်းငှါ လာပါသည် ဘုရားဟု လျှောက်သည်ရှိသော် သိကြားမင်း နတ်တို့အား လူတို့၏ အနှံ့သည် ယူဇနာတရာမှစ၍ လည်ပင်း၌ ဆွဲထားအပ်သော အကောင်ပုပ်ကဲ့သို့ ဖြစ်ဘိ၏ သင်သိကြားမင်းသည် ပြန်သွားလေလော ငါ့အား သူနာပြု အလုပ်အကျွေးဖြစ်သော ရဟန်းတို့သည် ရှိကုန်၏ဟု မိန့်တော်မူ လေ၏ မြတ်စွာဘုရား တပည့်တော်သည် ယူဇနာ ရှစ်သောင်းလေးထောင် မြင့်သော မြင်းမိုရ်တောင်ထိပ်၌ တည်နေလျက် ရှင်တော်မြတ်ဘုရားတို့၏ သီလဟူသော အနှံ့ကို နမ်းရှုပ်ရပါသောကြောင့် ရောက်လာပါသည် တပည့်တော် သာလျှင် လုပ်ကျွေးပါမည် ဘုရားဟု လျှောက်ကြား ပြီးလျှင် သိကြားမင်းသည် မြတ်စွာဘုရား၏ ကိုယ်လက်တော် သုတ်သင်ရာ အညစ်အကြေးအိုးကို သူတပါးအား လက်ဖြင့်သော်လည်း ထိစိမ့်သောငှါ မပေးဘဲ ဦးခေါင်း၌သာလျှင် ထားတဲ့၍ ထုတ်ဆောင်သဖြင့် မျက်နှာ၏ ရှုံ့ခြင်း တွန့်ခြင်း မျှကိုလည်းမပြု နှံ့သာအိုးကို ရွက်ဆောင်ရဘိသကဲ့သို့ ဖြစ်လေ၏ ဤသို့ မြတ်စွာ

---

၁ အာယု+သခ်ါရ-အသက်ကို+ပြုပြင်တတ်သော ဖလသမာပတ်။ နေရာအချို၌ အသက်ကိုပင် အာယုသခ်ါရဟု ခေါ်သေး၏ ဤနေရာ၌ အသက်ဟူသော အာယုသခ်ါရကိုမလို အသက် ပြုပြင်သော ဖလသမာပတ်ဟူသော အာယုသခ်ါရ ကိုသာ အလိုရှိအပ်၏။ နောက်ဆုံးဝါကို ၊ဝေဠုဝရွာ၌ ဝါကပ်စ ဝါဆိုလကစ၍ မကျန်းမမာဖြစ်ခဲ့လေရာ ဖလသမာပတ်ဟူသော အာယုသခ်ါရဖြင့် စောင့်ရှောက် လာခဲ့ပြန်လျှင် တပ္ပိတွဲလရောက်သောအခါ နောက်ဆုံးလထက်ပို၍ မဝင်စားဘောဝ့ပြီဟု ဖလမာပတ်ဟူသော အာယုသခ်ါရကို လွှတ်တော်မူလေသည် ဟူလို။

ဘုရားကို စောင့်ရှောက် သုတ်သင်၍ မြတ်စွာဘုရား ချမ်းချမ်းသာသာ ရှိသော အခါ၌သာလျှင် ပြန်သွားလေ၏ ရဟန်းတို့သည် မြတ်စွာဘုရား၌ သိကြားမင်း၏ ချစ်ကြည်မြတ်နိုးခြင်းကား အံ့ဩစဘွယ် ကြီးကျယ်လေစွ ဤသို့ သဘောရှိသည်မည်သော နတ်၌ဖြစ်သော စည်းစိမ်ကိုစွန့်၍ မျက်နှာရှုံ့ခြင်း ဘွန့်ခြင်းမျှ ကိုလည်း မပြုသဖြင့် နှံသာအိုးကို ထုတ်ဆောင်ဘိသကဲ့သို့ မြတ်စွာဘုရား၏ ကိုယ်လက်တော် သုတ်သင်ရာ အညစ်အကြေးအိုးကို ဦးခေါင်းဖြင့် ရွက်ဆောင်လျက် လုပ်ကျွေးခြင်းကို ပြုဘိ၏ဟု စကားကို ဖြစ်စေကြလေကုန်၏။

သောတာပန်တည်၍ သိကြားပျိုဖြစ်ခြင်း

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏စကားကို ကြားရလျှင် ချစ်သားရဟန်းတို့ အဘယ်သို့ ပြောဆို ကြကုန်ဘိသနည်း သိကြားနတ်မင်းသည် ငါဘုရား၌ အကြင် ချစ်ကြည်မြတ်နိုးခြင်းကိုပြု၏ ဤသို့ ချစ်ကြည်မြတ်နိုးခြင်းကို ပြုခြင်းသည် အံ့ဩဘွယ်မရှိ ဤသိကြားနတ်မင်းသည် ငါဘုရားကိုမှီ၍ အိုလေပြီးသော သိကြား၏ အဖြစ်ကို စွန့်လျက် သောတာပန်ဖြစ်သဖြင့် နုပျိုသော သိကြား၏ အဖြစ်သို့ ရောက်ပေ၏ ငါဘုရားသည် သဘေးမှ ထိတ်လန့် ကြောက်ရွံ့သည် ဖြစ်၍ ပဉ္စသီခမည်သော ဂန္ဓဗ္ဗနတ်သားကို ရှေ့ဆွးပြုသဖြင့် ရောက်လာသော အခါ ဤဒသလမည်သော လိုဏ်ဂူ၌ နတ်ပရိသတ်၏ အလယ်တွင် နေသော ထိုသိကြားမင်းအား။

ပုစ္ဆ ဝါသဝ မံ ပဉှံ၊ ယံကိဉ္စိ မနသိစ္ဆသိ။
တဿ တဿဝ ပဉ္ဉဿ၊ အဟံ အန္တံ ကရောမိ တေ။

ဝါသဝ၊ သိကြားနတ်မင်း။ မနသိ၊ သင်၏စိတ်၌။ ယံကိဉ္စိ၊ ဒဿမှတ်မရှိ တစုံတခုသော ပြဿနာကို။ ဤစ္ဆသိ၊ မေးမြန်းရန် အလိုရှိ၏။ မံ၊ ငါဘုရားကို။ တံပဉှံ၊ ထိုပြဿနာကို။ ပုစ္ဆ၊ မေးဘိလော့။ အဟံ၊ ငါဘုရားသည်။ တဿတေ၊ ထိုသင့်အား။ တဿဝပဉ္ဉဿ၊ ထိုပြဿနာ၏သာလျှင်။ အန္တံ၊ အဆုံးကို။ ကရောမိ၊ ပြုပေအံ့။

ဟူ၍ မိန့်တော်မူပြီးလျှင် ထိုသိကြားမင်း၏ ယုံမှားသံသယကို ပယ်ဖျောက်တော်မူလျက် တရားဟောကြားတော်မူလေပြီ တရားဒေသနာတော်၏ အဆုံး၌ တဆဲ့လေးကုဋေသော သတ္တဝါတို့အား သစ္စာလေးပါး တရားကို ထိုးထွင်း၍

သိခြင်းသည် ဖြစ်လေ၏ သိကြားမင်း သည်လည်း ထိုင်၍ နေမြဲတိုင်းသာလျှင် သောတာပတ္တိဖိုလ်သို့ရောက်၍ ၁ပျိုသော သိကြားငယ် ဖြစ်လေ၏ ဤသို့လျှင် ထိုသိကြားမင်းအား ငါဘုရားသည် များသောကျေးဇူးရှိဘူး၏ သိကြားမင်း၏ ငါဘုရား၌ ချစ်ကြည် မြတ်နိုးခြင်း မည်သည်အံ့ဩဘွယ်မရှိ ချစ်သား ရဟန်းတို့ အရိယာပုဂ္ဂိုလ်တို့အား ဖူးမြင်ရခြင်း သည်လည်း ချမ်းသာ၏ ထိုအရိယာပုဂ္ဂိုလ်တို့နှင့် အတူတကွ တခုတည်းသော အရပ်၌ အတူနေထိုင်ရခြင်းသည်လည်း ချမ်းသာ၏ မလိမ္မာကုန်သော သူမိုက်တို့နှင့်အတူတကွ ဖြစ်၍ကား ဤအလုံးစုံသည် ဆင်းရဲ၏ဟု မိန့်တော်မူ၍ ဤဂါထာအပေါင်းကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၀၄ သာဟု ဒဿန ၂မရိယာနံ၊ သန္ဒိဝါသော သဒါ သုခေါ။
အဒဿနေန ဗာလာနံ၊ နိစ္စမေဝ သုခီ သိယာ။

၂၀၅ ဗာလသံဂတ စာရီဟိ၊ ဒီဃမဒ္ဓါန သောစတိ။
ဒုက္ခော ဗာလေဟိ သံဝါသော၊ အမိတ္တေနေဝ သဗ္ဗဒါ။

၂၀၆ ဓီရောဝ သုခသံဝါသော၊ ဉာတီနံဝ သမာဂမော။
တသ္မာဟိ ဓီရံ ပညဉ္ဇ၊ ဗဟုဿုတဉ္ဇ ဓောရယှံ။

၂၀၇ သီလဓုတဝန္တ မရိယံ၊ တံတာဒိသံ သပ္ပုရိသံ။
သုမေဓံ ဘဇေထ၊ နက္ခတ္တပထံဝ စန္ဒိမာ။

အရိယာနံ၊ အရိယာဖြစ်သော သူတော်ကောင်းတို့ကို။ ဒဿနံ၊ ဖူးမြင်ရခြင်းသည်။ သာဟု၊ ကောင်း၏။ သန္ဒိဝါသော၊ သူတော်ကောင်းတို့နှင့် အတူတကွ နေရခြင်း ဝတ်ကြီးဝတ်ငယ်ကို ပြုခွင့်ရခြင်းသည်။ သဒါ၊ အခါခပ်သိမ်း။ သုခေါ၊ ချမ်းသာ၏။ ဗာလာနံ၊ သူမိုက်တို့ကို။ အဒဿနေန၊ မမြင်ရခြင်းကြောင့်။ နိစ္စမေဝ၊ အမြဲသာလျှင်။ သုခီ၊ ချမ်းသာခြင်းရှိသည်။ သိယာ၊ ဖြစ်ရာ၏။

---

၁ သိကြားမင်းသည် ရုတ်စိတ်ကျ၍ တဖန် သိကြားမင်းပင် ပြန်ဖြစ်၏ဟူလို။ အကျယ်ကို သုတ်မဟာဝါ သက္ကပဉ္ဇသုတ္တန်၌ ဟောတော်မူသည်။

၂ အရိယသဒ္ဒါ၊ ခရိယသဒ္ဒါ၊ ကိရိယသဒ္ဒါတို့ ရှိလျှင် ဂါထာ၌ တလုံး လွန်နိုင်သည်ဟု သဒ္ဒနီတိဆို၏။

ဟိ၊ ထို့စကားသင့်စ့။ ဗာလသံဂတစာရီ၊ မလိမ္မာသူ လူမိုက်နှင့် အတူတကွ လှည့်လည် သွားလာခြင်း ရှိသောသူသည်။ ဒီဃံ၊ ရှည်မြင့်စွာသော။ အဒ္ဓါနံ၊ ကာလပတ်လုံး။ သောစတိ၊ စိုးရိမ်ရ၏။ အမိတ္တောန၊ လက်နက်ရှိသော ရန်သူ မြေဆိုး စသော ရန်သူနှင့်။ သံဝါသော၊ အတူတကွ နေရခြင်းသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဒုက္ခောဂ္ဂဝ၊ ဆင်းရဲသကဲ့သို့။ ဧဝံ၊ ဤအတူ။ ဗာလေဟိ၊မလိမ္မာသောသူ လူမိုက်တို့နှင့်။ သံဝါသော၊ အတူတကွ နေရခြင်းသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဒုက္ခော၊ ဆင်းရဲ၏။

ဉာတိနံ၊ မိဘစသော ဆွေမျိုးတို့နှင့်။ သမာဂမော၊ အတူတကွ ပေါင်းဖော်ရခြင်းသည်။ သုခသံဝါသော၊ ချမ်းသာစွာ ပေါင်းဖော်ရခြင်း ရှိသကဲ့သို့။ဓီရော၀၊ ပညာရှိသော သူသည်သာလျှင်။ သုခသံဝါသော၊ ချမ်းသာစွာပေါင်းဖော်ရခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။

တသ္မာဟိ၊ ထို့ကြောင့်သာလျှင်။ ဓီရဉ္စ၊ တည်ကြည်သော သမာဓိလည်း ရှိထသော။ ပညဉ္စ၊ လောကုတ် လောကီ နှစ်လီသော ပညာလည်း ရှိထသော။ ဗဟုဿုတဉ္စ၊ အရအမြဲ ဗဟုဿုတလည်းရှိထသော။ ဓောရယှဉ္စ၊ အရဟတ္တဖိုလ်သို့ ရောက်စေတတ်သော ဝန်ကို ဆောင်လေ့လည်းရှိထသော်။ သီလဓုတဝန္တံ၊ သီလ အကျင့် ဓုတင်အကျင့်လည်း ရှိထသော။ အရိယံ၊ ကိလေသာတို့မှ ဝေးကွာသည် လည်းဖြစ်ထသော။ တံတာဒိသံ၊ ထိုသို့သဘောရှိသော။ သုမေဓံ၊ ကောင်းမြတ် တင့်တယ်သော ပညာရှိသော။ သပ္ပုရိသံ၊ သူတော်ကောင်းကို။ နက္ခတ္တပထံ၊ နက္ခတ်တာရာ ကြယ်တကာပုံသန်း ကောင်းကင်လမ်းသို့။ စန္ဒိမာ၊လမင်းသည်။ ဘဇတိက္ခဝ၊ ဆည်းကပ်သကဲ့သို့။ ဘဇေထ၊ ဆည်းကပ်ရာ၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံးဌ် များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

သိကြားမင်းလုပ်ကျွေးသောဝတ္ထုပြီး၏။

ဤတွင်ရွှေကားတဆဲ့ငါးခုမြောက်သော သုခဝဂ်အဖွင့်ပြီး၏။

၁၆—ပိယဝဂ်

၁—တယောဇနပဗ္ဗဇိတဝတ္ထု

အယောဂေ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် သုံးဦးသော ရဟန်းပြုသော သူတို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မခွဲနိုင်ကြသောသူ သုံးယောက်

သာဝတ္ထိပြည်၌ တဦးသောအမျိုးဝယ် အမိအဘတို့အား ချစ်ခင်အပ်သည်ဖြစ်၍ နှလုံးကို ပွားစေတတ်သော တယောက်ထည်းသော သတို့သားသည် ရှိသကတ် ထိုသတို့သားသည် တနေ့သ၌ အိမ်၌ပင့်ဘိတ်အပ်ကုန်သည်ဖြစ်၍ အနုမောဒနာ တရားဟောခြင်းကို ပြုကြကုန်သော ရဟန်းတော်တို့၏ တရားစကားကို ကြားနာရသဖြင့် ရဟန်းပြုလိုသည်ဖြစ်သောကြောင့် မိခင်ဘခင်တို့ကို ရဟန်းအဖြစ်ကို တောင်းပန်လေ၏ မိခင်ဘခင်တို့သည် ခွင့်မပြုကြလေကုန် ထိုသတို့သားအား ငါကား မိခင်ဘခင်တို့၏ မမြင်ကြကုန်စဉ်သာလျှင် အပ့သို့သွား၍ ရဟန်းပြုတော့အံ့ဟု ဤသို့သောအကြံဖြစ်လေ၏ ထိုအခါ သတို့သား၏ ဘခင်သည် ပြင်ပသို့ ထွက်သွားသည်ရှိသော် ဤသားကို စောင့်ရှောက်လေလော့ဟု မိခင်ကိုလက်ခံစေလေ၏ အပ်နှံခဲ့လေ၏ မိခင်သည် ပြင်ပသို့ ထွက်သွားသော်လည်း ဘခင်ကို လက်ခံစေလေ၏ ထိုအခါ တနေ့သ၌ ဘခင်ပြင်ပသို့သွားသည်ရှိသော် မိခင်သည် သားကိုစောင့်ရှောက်အံ့ဟု တံခါးပေါင် တဖက်ကို မှီပြီး တံခါးပေါင်တဖက်ကို ခြေတို့ဖြင့် ဖိကန်သဖြင့် မြေ၌ထိုင်လျက် ချည်ကိုငင်၏ ထိုသတို့သားသည် ဤမိခင်ကိုလှည့်စား၍ သွားအံ့ဟုကြံလျက် မိခင် အတန်ငယ်ဖယ်ပေးပါ ကိုယ်လက်သုတ်သင်ခြင်းကို ပြုပါရစေဦးဟု ဆိုခြင်းကြောင့် ထိုမိခင်သည် ခြေတို့ကို ကွေးလိုက်သည်ရှိသော် ထွက်၍ လျင်မြန်စွာ ကျောင်းသို့ သွားပြီးလျှင် ရဟန်းတို့၏အထံသို့ ချဉ်းကပ်သဖြင့် အရှင်ဘုရားတို့ တပည့်တော်ကို ရဟန်းပြုပေးတော်မူကြပါဘုရားဟု တောင်းပန်၍ ထိုရဟန်းတို့၏ အထံ၌ ရဟန်းပြုလေ၏ ထိုအခါ ထိုသတို့သား၏ ဘခင်သည် ပြန်လည်လာ၍ ငါ့သား အဘယ်မှာနည်းဟု မိခင်ကိုမေးလေ၏ အရှင် ဤအရှပ်၌ ရှိပါသည်ဟုဆိုလျှင် ဘခင်သည်

ငါ့သား အဘယ်မှာ ရှိသနည်းဟု လိုက်လံကြည့်ရှုရာ သတို့သားကို မတွေ့မြင်ရလေသောကြောင့် ကျောင်းသို့သွားသည် ဖြစ်လတ္တံ့ဟု နှလုံးပြုလျက် ကျောင်းသို့လိုက်သွားသည်ရှိသော် ရဟန်းဖြစ်နေသော သားကိုမြင်ရလျှင် ငိုကြွေး မြည်တမ်းလျက် ချစ်သား အဘယ်ကြောင့် ဘခင်ကိုနှိပ်စက် ဖျက်ဆီးဘိသနည်းဟု ဆို၍ ငါ့သား ရဟန်းပြုသည်ရှိသော် ယခုအခါ ငါသည် အိမ်ဌေးနေသဖြင့် အဘယ် အမှုကိုပြုလုပ်ရအံ့နည်း အဘယ်အကျိုး ရှိတော့အံ့နည်းဟု မိမိကိုယ်တိုင်လည်း ရဟန်းတို့၏အထံ၌ တောင်းပန်၍ ရဟန်းပြုလေ၏။

ထိုအခါ သတို့သား၏ မိခင်သည် ငါ၏သားသည်၎င်း လင်ယောကျ်ားသည်၎င်း အဘယ်ကြောင့် ကြာမြင့်ကြရကုန်ဘိသနည်းဟုတွေးတောလျက် အသို့နည်း ကျောင်းသို့သွား၍ ရဟန်းပြုလေသလောဟု ထိုသားအဘတို့ကို လိုက်လံကြည့်ရှုလိုသည်ဖြစ်၍ ကျောင်းသို့ လိုက်သွားသည်ရှိသော် သားအဘ နှစ်ဦးလုံးတို့ပင် ရဟန်းပြုနေကြသည်တို့ကိုမြင်ရလျှင် ဤသူတို့၏ ရဟန်းပြုသောအခါ ငါ့အား အိမ်ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟုကြံ၍ မိမိကိုယ်တိုင်လည်း ဘိက္ခုနီမကျောင်းသို့ သွားသဖြင့် ရဟန်းပြုလေ၏ ထိုသုံးဦးသော သူတို့သည် ရဟန်းပြုပြီးကြကုန်သော်လည်း တခြားစီဖြစ်ခြင်းငှါ ကင်း၍နေခြင်းငှါ မတတ်နိုင်ကြကုန် ရဟန်းတို့၏ ကျောင်းဌာနိုင်း ဘိက္ခုနီမတို့၏ ကျောင်းဌာနိုင်း တပေါင်းတည်းသာလျှင် နေကြ၍ စကားပြောကြားလျက် နေ့ကိုကုန်လွန်စေကြကုန်၏ ထိုသုံးဦးသော သူတို့သည် ရဟန်းယောကျ်ားတို့ကိုဌင်း ရဟန်းမိန်းမတို့ကိုဌင်း နှောက်ရှက်နှိပ်စက်ကြကုန်၏ ထိုအခါ တနေ့သ၌ ရဟန်းတို့သည် ထိုသုံးဦးသောသူတို့၏ ပြုပုံအမူအရာကို မြတ်စွာဘုရားအား လျှောက်ကြားကြလေကုန်၏ ဘုရားရှင်သည် ထိုသုံးဦးသော သူတို့ကို ခေါ်စေတော်မူပြီးလျှင် သင်တို့သည် ဤသို့ ပြုကြကုန်၏ဟူသည် မှန်သလောဟု မေးတော်မူသောကြောင့် မှန်လှပါသည်ဘုရားဟု နားတော်လျှောက်သည်ရှိသော် အဘယ့်ကြောင့် ဤသို့ ပြုကြကုန်ဘိသနည်း ဤအမှုအရာသည် ရဟန်းတို့ အားထုတ်သင့်သော အမှုအရာ မဟုတ်ဟု မိန့်တော်မူသဖြင့် မြတ်စွာဘုရား တပည့်တော်တို့သည် တခြားစီဖြစ်ခြင်းငှါ မတတ်နိုင်ကြပါဘုရားဟု လျှောက်ကြားကြလေကုန်၏ ရဟန်းပြုသော အခါမှစ၍ ဤသို့ ပြုခြင်းသည် မသင့် ချစ်အပ်သော သတ္တဝါ သခ်ၤါရတို့ကို မမြင်ရခြင်းသည်၎င်း

မချစ်အပ်ဘော သတ္တဝါသင်္ခါရတို့ကို မြင်ရခြင်းသည်၎င်း ဆင်းရဲခြင်းသာလျှင် ဖြစ်၏ ထို့ကြောင့် သတ္တဝါတို့၌၎င်း သင်္ခါရတို့၌၎င်း တစုံတခုကို ချစ်ခြင်းကို၎င်း မချစ်ခြင်းကို၎င်း ပြုခြင်းငှါ မသင့်ဟု မိန့်တော်မူ၍ ဤဂါထာတို့ကို ဟောကြား တော်မူလေ၏။

ဒေသနာတော်

၂၀၈ အယောဂေ ယုဥ္ဇမတ္တာနံ၊ ယောဂသ္မိံ စ အယောဇယံ။
အတ္ထံ ဟိတ္ဝာ ပိယဂ္ဂါဟီ၊ ပိဟေတတ္တာနုယောဂိနံ။

၂၀၉ မာ ပိယေဟိ သမာဂဉ္ဆိ၊ အပိယေဟိ ကုဒါစနံ။
ပိယာနံ အဒဿနံ ဒုက္ခံ၊ အပိယာနဉ္ဇ ဒဿနံ။

၂၁၀ တသ္မာ ပိယံ နကယိရာ၊ ပိယာ ပါယောဟိ ပါပကော။
ဂန္ထာ တေသံ နဝိဇ္ဇန္တိ၊ ယေသံ နတ္ထိ ပိယာပိယံ။

အယောဂေ၊ မသင့်သောအားဖြင့် နှလုံးသွင်းခြင်း၌။ ဝါ၊ ဝေသိယာဂေါစရ စသော အဂေါစရ ခြောက်ပါးကို မှီဝဲခြင်း၌။ အတ္တာနံ၊ မိမိကိုယ်ကို။ ယုဥ္ဇယုဥ္ဇန္တော၊ အားထုတ်လေ့ရှိထသော။ ယောဂသ္မိံ၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်း၌။ အယောဇယံအယောဇယန္တော၊ အားမထုတ်လေ့ရှိသော။ အတ္ထံ၊ အဓိသီလ စသော သိက္ခာသုံးပါးအကျိုးတရားကို။ ဟိတ္ဝာ၊ ပယ်စွန့်၍။ ပိယဂ္ဂါဟီ၊ ကာမဂုဏ် ငါးဖြာစုံမက်စရာကို လွန်ကဲစွာ စွဲလမ်းလေ့ရှိသောသူသည်။ အတ္တာနု ယောဂိနံ၊ မိမိကိုယ်ကို ကောင်းစွာ အားထုတ်လေ့ရှိသော ပုဂ္ဂိုလ်တို့အား။ [1]ပိဟေတိ၊ တောင့်တ၏။

[ကာမဂုဏ် စုံမက်၍ လူထွက်ပြီးသောအခါ မိမိကိုယ်ကို ကောင်းစွာ အားထုတ်သော အကျင့်ကောင်းရှိသော အကြင်ရဟန်းတို့သည် သီလ စသည် ပြည့်စုံခြင်းကြောင့် နတ်လူတို့အထံမှ ပူဇော်သက္ကာရ ရကြကုန်၏ ထိုရဟန်းတို့အား တောင့်တ၏ ငါသည်လည်း ဤသို့သဘောရှိသည် ဖြစ်မူ ကောင်းလေစွဟု အလိုရှိ၏ဟူလို]။

ပိယေဟိ၊ ချစ်အပ်ကုန်သောသတ္တဝါသင်္ခါရတို့နှင့်။ ကုဒါစနံ၊ တရံတဆစ်မျှ။ မာသမာဂဉ္ဆိ၊ မပေါင်းဘော်လင့်။ အပိယေဟိ၊ မချစ်အပ်သော သတ္တဝါသင်္ခါရ

---

၁ ပိဟခောက်အယှဉ်သမ္ပဒါန် ကစ္စည်းကျမ်းအလို။

တို့နှင့်။ ကုဒါစနံ၊ တရံတဆစ်မျှ။ မာသမာဂဉ္ဇိ၊ မပေါင်းဘော်လင့်။ ပိယာနံ၊ ချစ်အပ်သော သတ္တဝါ သင်္ခါရတို့ကို။ အဒဿနံ၊ ကွေကွင်းသဖြင့် မမြင်ရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ အပိယာနံ၊ မချစ်အပ်သော သတ္တဝါသင်္ခါရတို့ကို။ ဒဿနံ၊ ချဉ်းကပ်သဖြင့် မြင်ရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။

တသ္မာ၊ ထို့ကြောင့်။ ကိဉ္စိ၊ တစုံတစုသော သတ္တဝါသင်္ခါရကို။ ပိယံ၊ ချစ်ခြင်းကို။ နကယိရာ၊ မပြုရာ။ ဟိ၊ ထိုစကားသင့်စွ။ ပိယာပါယော၊ ချစ်သောသူတို့နှင့် ကွေကွင်းခြင်းသည်။ ပါပကော၊ ယုတ်မာ၏။ ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့အား။ ပိယာပိယံ၊ ချစ်ခြင်း မုန်းခြင်းသည်။ နတ္ထိ၊ မရှိ။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ဂန္ထာ၊ အဘဏ္ဍာစသော ကာယဂန္ထတို့သည်။ နဝိဇ္ဇန္တိ၊ မရှိကုန်။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏ ထိုသုံးဦးသော သူတို့သည်ကား ငါတို့ကား တသီးတခြားဖြစ်ခြင်းငှါ (ကင်း၍နေခြင်းငှါ) မဘတ်နိုင်ကြကုန်ဟု လူထွက်၍ အိမ်သို့သာလျှင် ပြန်သွားကြလေကုန်၏။

တယောဇနပဗ္ဗဇိတဝတ္ထုပြီး၏။

၂–မထင်ရှားသော သူကြွယ်ဝတ္ထု

ပိယတောဇာယတီ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အမှတ်မရှိသော သူကြွယ်တဦးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

သားသေသော ဒါယကာအား ဆုံးမခြင်း

ထိုသူကြွယ်သည်လည်း မိမိ၏သား သေဆုံးလတ်သော် သား၌ ဖြစ်သော စိုးရိမ်ခြင်းသည် လွန်စွာနှိပ်စက်အပ်သည် ဖြစ်၍ သင်းချိုင်းသို့သွားကာ ငိုကြွေး

၁ ကာယ+ဂန္ထ–နာမကာယ ရူပကာယ ဟူသော ကိုယ်ကို+ရစ်ပတ် ထုံးဖွဲ့ဘတ်သော တရား။

ရှာလေ၏ သားဦးဖြစ်သော စိုးရိမ်ခြင်းကို ကောင်းစွာတန့်ရပ်စေခြင်းငှါ မတတ်နိုင် မြတ်စွာဘုရားသည် နံနက်စောစောအခါ လောကကို ကြည့်ရှုသော်မူလတ် သည်ရှိသော် သူကြွယ်၏ သောတာပတ္တိမဂ်ရကြောင်း ဥပနိဿယကို မြင်တော်မူ၍ ဆုမ်းခံရာ့မှ ဖဲလျက် တယောက်သော နောက်လိုက်နောက်ပါ ရဟန်းကို ခေါ်တော်မူ၍ ထိုသူကြွယ်၏ အိမ်တံခါးသို့ ကြွသွားတော်မူလေ၏ သူကြွယ်သည် မြတ်စွာဘုရား၏ ကြွလာသည့်အဖြစ်ကို ကြားရလျှင် ငါနှင့် အစေ့အစပ်စကား ပြောကြားခြင်းကို ပြုလိုသည် ဖြစ်လတ္တံ့ဟု မြတ်စွာဘုရားကို ဝင်စေ၍ အိမ်၏ အလယ်၌ နေရာကို ခင်းစေပြီးမှ မြတ်စွာဘုရား ထိုင်နေတော်မူသည် ရှိသော်လာ၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေလေ၏ ထိုအခါ သူကြွယ်ကို မြတ်စွာဘုရားသည် ဒါယကာအသို့နည်း ဆင်းရဲဒုက္ခ ရရှိနေသလောဟု မေးတော်မူသောကြောင့် ထိုသူကြွယ်သည် သားနှင့် ကွေကွင်း ခြင်းကြောင့် ဖြစ်သော ဆင်းရဲကို လျှောက်ကြားလတ်သည်ရှိသော် ဒါယကာ ကြံစည် တွေးတောခြင်း မပြုလေလင့် ဤသေခြင်း မည်သည်ကား တံခုတည်းသော အရပ်၌သာလျှင် တယောက်ထည်းသော သူအားသာလျှင် ဖြစ်သည်မဟုတ် အကြင်မျှလောက် ဘဝ၏ ဖြစ်ခြင်းမည်သည် ရှိ၏ ထိုမျှလောက် ခပ်သိမ်းသော သတ္တဝါတို့အား ဖြစ်သည်သာလျှင်တည်း တခုသော သခ်ါရသည်လည်း မြဲသော မည်သည်မရှိ ထို့ကြောင့် သေခြင်း သဘောရှိသော အရာဝတ္ထု ဟူသမျှသည် သေတတ်၏ တကား ပျက်စီးခြင်း သဘောရှိသော အရာဝတ္ထုဟူသမျှသည် ပျက်စီးတတ်၏ တကားဟု အသင့်အားဖြင့် ဆင်ခြင်သင့်၏ စိုးရိမ် ပူဆွေးခြင်းကို မပြုသင့် ရှေးပညာရှိတို့သည်လည်း သား၏ သေဆုံးသော ကာလ၌ သေခြင်းသဘောရှိသော အရာဝတ္ထု ဟူသမျှသည် သေတတ်၏တကား ပျက်စီးခြင်း သဘောရှိသော အရာဝတ္ထုဟူသမျှသည် ပျက်စီးတတ်၏ တကားဟု နှလုံးပြုလျက် စိုးရိမ် ပူဆွေးခြင်းကို မပြုမူ၍ မရဏာနုဿတိ ကမ္မဋ္ဌာန်းကိုသာ ပွားများကြလေကုန်၏ဟု မိန့်တော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်သူတို့သည် ဤသို့ ပြုကြပါသနည်း အဘယ်အခါ၌ ပြုကြပါသနည်း တပည့်တော်အား ပြောကြားတော်မူကြပါ ဘုရားဟု လျှောက်ထား တောင်းပန်အပ်သောကြောင့် ထိုအကြောင်းကို ထင်ရှားစွာ ပြခြင်းငှါ လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၍။

ဥရဂဇာတ်အမြွက်

ဥရဂေါဝ တစံ ဇိဏ္ဏံ၊ ဟိတ္ဒာ ဂစ္ဆတိ သံတနုံ။
ဧဝံ သရီရေ နိဗ္ဗောဂေ၊ ၁ပေတေ ကာလက်တေ သတိ။
ဥယ္ဒမာနော နဇာနာတိ၊ဥာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ နသောစာမိ၊ ဂတော သော တဿ ယာဂတိ။

သာမိ၊ အရှင်။ မမပုတ္တော၊ အကျွန်ုပ်၏သားသည်။ဥရဂေါ၊မြွေသည်။ ဇိဏ္ဏံ၊ ဟောင်းသော။ တစံ၊ အရေကို။ ဟိတ္ဒာ၊ စွန့်ပယ်၍။ ဂစ္ဆေယျဣဝ၊ သွားသကဲ့သို့။ ဧဝံ၊ ဤအတူ၊ သံတနုံ၊ မိမိ၏ကိုယ်ကို။ဟိတ္ဒာ၊ စွန့်ပယ်၍။ ဂစ္ဆတိ၊ သွား၏။ သရီရေ၊ ဇီဝိန်ကင်းသော ကိုယ်ကောင်သည်။ဧဝံ၊ ဤသို့။နိဗ္ဗောဂေ၊ သုံးဆောင်ဘွယ် မဟုတ်လတ်သည် ရှိသော်။ ပေတေ၊ ဘဝတပါး တဖန် ပြန်သွားသည် ရှိသော်။ ကာလက်တေ၊ သေသည်ရှိသော်။ ကောအတ္ထော၊ သနားခြင်း ငိုကြွေးခြင်းဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း။

ဥယ္ဒမာနော၊ တံစူးထိုးစွပ် မီးရှို့အပ်သော ဤကိုယ်ကောင်သည်။သုခဒုက္ခံ၊ ချမ်းသာ ဆင်းရဲကို။ နဇာနာတိယထာ၊ မသိတတ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဥာတီနံ၊ ဆွေမျိုးတို့၏။ပရိဒေဝိတံ၊ ငိုကြွေးခြင်းကိုလည်း။နဇာနာတိ၊မသိတတ်။ တသ္မာ၊ ထို့ကြောင့်။ ဧတံ၊ ဤသေသော သား၏ ကိုယ်ကောင်ကို။ အဟံ၊ အကျွန်ုပ်သည်။ နသောစာမိ၊ မစိုးရိမ်နိုင်။ တဿ၊ ထိုသား၏။ ယာဂတိ၊အကြင်လားရာဂတိသည်။အတ္ထိ၊ရှိ၏။တံဂတိ ၊ ထိုလားရာ ဂတိသို့။သော၊ထိုသားသည်။ ဂတော၊ သွားလေသတည်း။

ဤသို့ပဥ္စကနိပါတ်၌ ၂ဥရဂဇာတ်ကို အကျယ်ခဲ့တော်မူပြီးလျှင် ဤသို့ရှေး၌ ပညာရှိတို့သည် ချစ်သောသား သေးဆုံးလတ်သည် ရှိသော် ယခုအခါ သင်ဒါယကာကြီးသည် အမှုတို့ကိုစွန့်လွှတ်၍ ကင်းသောအစာရှိသည်ဖြစ်၍ ငိုကြွေးလျက် သွားလာလှည့်ပတ်သကဲ့သို့ ထို့အတူ သွားလာလှည့်ပတ်ခြင်းကို မပြုမူ၍ မရဏာနုဿတိ ကမ္မဋ္ဌာန်းဘာဝနာ၏ အာနုဘော်အစွမ်းအားဖြင် စိုးရိမ်ခြင်းကို

---

၁ ဝုတ္တော-ဟု အချိုစာဌ်မူကွဲလျက် ရှိတတ်၏။ ဇာတ်အဋ္ဌကထာဌ်ကား ပေတေတိ ပရလောကံပတိဂတော-ဟု ဖွင့်လျက်ရှိ၏။

၂ ငါးရာငါးဆယ် ပဥ္စကနိပါတ်။ ၁–မဏိကုဏ္ဍလဝဂ်။ ၄–ဥရဂဇာတ်ဖြစ်သည်။

မပြုဘဲ အာဟာရကို သုံးဆောင် စားသောက်နိုင်ကြလေကုန်၏။ အမှုကိုလည်း စီရင်နိုင်ကြလေကုန်၏ ထို့ကြောင့် ချစ်လှစွာသော သား သေလေ့တကားဟု မကြံစည်လင့် စိုးရိမ်ခြင်းသည်၎င်း ဘေးရန်သည်၎င်း ဖြစ်လတ်သည်ရှိသော် ချစ်ခြင်းကိုသာမှီ၍ ဖြစ်တတ်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၁၁ ပိယတော ဇာယတီ သောကော၊ ပိယတော ဇာယတီ ဘယံ။
ပိယတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ပိယတော၊ ချစ်ခြင်းကြောင့်။ သောကော၊ စိုးရိမ်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ ပိယတော၊ ချစ်ခြင်းကြောင့်။ ဘယံ၊ ဘေးရန်သည်။ ဇာယတိ၊ ဖြစ်၏။ ပိယတော၊ ချစ်ခြင်းမှ။ ဝိပ္ပမုတ္တဿ၊ လွတ်သော သူအား။ သောကော၊ စိုးရိမ်ခြင်းသည်။ နတ္ထိ၊မရှိ။ ဘယံ၊ဘေးရန်သည်။ကုတော၊အဘယ်မှာရှိအံ့နည်း။

[ဝဋ်ဆင်းရဲလျှင် အကြောင်းရှိသော စိုးရိမ်ခြင်းသည်၎င်း ဘေးရန်သည်၎င်း ဖြစ်လတ်သည်ဖြစ်သော် ချစ်ခင်အပ်သော သတ္တဝါကိုဂင်း သင်္ခါရကိုဂင်း အမှီပြု၍ဖြစ်တတ်၏ ထိုချစ်ခင်ခြင်းမှ ကင်းလွတ်သောသူအား ထိုနှစ်ပါးစုံ မရှိဟူလို၏]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏ ရောက်လာသော ပရိသတ်တို့အားလည်း အကျိုးရှိသော ဒေသနာ ဖြစ်တော်မူလေ၏။

မထင်ရှားသောသူကြွယ်ဝတ္ထုပြီး၏။

၃–ဝိသာခါဝတ္ထု

ပေမတော ဇာယတိ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဝိသာခါ ဒါယိကာမကြီးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မြေးသေသော ဝိသာခါအား ဆုံးမခြင်း

ထိုဝိသာခါသည် သား၏သို့မြစ်သော သုဒတ္တာ အမည်ရှိသော သူတို့သို့မြေးမကို မိမိ၏အရာ၌ထား၍ အိမ်၌ ရဟန်းသံဃာအတွက် အမှုကြီးငယ်ကို ပြုလုပ်ဆောင်ရွက်စေသတတ် တပါးသောအခါ ထိုမြေး သုဒတ္တာသည် စုတေမနေ ကွယ်လွန်ရှာလေ၏ ဝိသာခါသည် သေပြီးသော သုဒတ္တာ၏အလောင်းကောင် ပစ်စွန့်မြှုပ်နှံခြင်းကို ပြုလုပ်စေပြီးလျှင် စိုးရိမ်ခြင်းကို တည်တံ့စိမ့်သောငှါ မတတ် နိုင်လေရကား ဆင်းရဲလှသဖြင့် နှလုံး မသာယာခြင်း ရှိလှသဖြင့် ဘုရားရှင်၏ အထံတော်သို့သွား၍ ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သော အရပ်၌ နေရှာ လေ၏ ထိုအခါ ထိုဝိသာခါကို မြတ်စွာဘုရားသည် ဝိသာခါ သင်သည် အဘယ့် ကြောင့် ဆင်းရဲသည်ဖြစ်၍ နှလုံး မသာယာသည်ဖြစ်၍ မျက်ရည်နှင့်မျက်ခွက် ငိုကြွေးလျက်နေဘိသနည်းဟု မိန့်တော်မူလေ၏ ဝိသာခါသည် ထိုအကြောင်းကို လျှောက်ကြားပြီးလျှင် မြတ်စွာဘုရား တပည့်တော်မ၏ချစ်ဘွယ်ကောင်းလှသော ထိုသတို့သို့မြီးငယ်သည် ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံသူ ဖြစ်ပါသည်ဘုရား ယခုအခါ ထိုသို့ သဘောရှိသောသူကို မမြင်ရတော့ပါဘုရားဟု လျှောက်ကြားပြန်လေ၏ ဝိသာခါ သာဝတ္ထိပြည်ကြီး၌ လူတို့သည် အဘယ်မျှ အရေအတွက်ရှိကုန်သည်းဟု မေးတော်မူလျှင် မြတ်စွာဘုရား လူဦးရေ ခုနစ်ကုဋေရှိကုန်၏ဟု ရှင်တော်မြတ် ဘုရားတို့သည်သာလျှင် တပည့်တော်မအား မိန့်မြွက်တော် မူဘူးပါသည်ဘုရားဟု လျှောက်ကြားလေ၏ ဤမျှလောက်သော ဤလူအပေါင်းသည် သင့်မြေးနှင့်တူ သည် အကယ်၍ဖြစ်ငြားအံ့ ထိုသင့်မြေးနှင့် တူသောသူကို အလိုရှိရာ သလောဟု မိန့်တော်မူလျှင် မြတ်စွာဘုရား မှန်လှပါ အလိုရှိပါသည် ဘုရားဟု လျှောက်ကြား လေ၏ အဘယ်မျှလောက်သော လူတို့သည် သာဝတ္ထိ ပြည်ကြီး၌ နေ့တိုင်း သေလွန်ကြကုန်ဘိသနည်းဟု မေးတော်မူလျှင် မြတ်စွာဘုရား များစွာသော သူတို့ပင် သေလွန်ကြပါသည် ဘုရားဟု လျှောက်ကြားလေ၏ ဤသို့ဖြစ်သည် ရှိသော် သင့်အား စိုးရိမ်ခြင်းကင်းသောအခါသည် မဖြစ်ရာသည် မဟုတ်တုံလော ညဉ့် နေ့တို့ပတ်လုံး ငိုကြွေး မြည်တမ်းလျက်သာလျှင် သွားလာ လှည့်လည်ရာ၏ ဟု မိန့်တော်မူလျှင် မြတ်စွာဘုရား ဟုတ်မှန်စေတော့ဘုရား တပည့်တော်မ သိပါ ပြီဘုရားဟု လျှောက်ကြားလေ၏ ထိုအခါ ဝိသာခါကို မြတ်စွာဘုရားသည် ထိုသို့

သိသည်ဖြစ်မူ မစိုးရိမ်လင့်တော့ စိုးရိမ်ခြင်းသည်၎င်း ဘေးရန်သည်၎င်း ချစ်ခြင်း တဏှာပေမကြောင့်သာ ဖြစ်တတ်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေဿနာတော်

၂၁၂ ပေမတော ဇာယတီ သောကော၊ ပေမတော ဇာယတီ ဘယံ။
ပေမတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ပေမတော၊ ချစ်ခြင်းကြောင့်။ **သောကော၊** စိုးရိမ်ခြင်းသည်။ **ဇာယတိ၊** ဖြစ်၏။ ပေမတော၊ ချစ်ခြင်းကြောင့်။ **ဘယံ၊** ဘေးရန်သည်။ **ဇာယတိ၊** ဖြစ်၏။ ပေမတော၊ ချစ်ခြင်းမှ။ **ဝိပ္ပမုတ္တဿ၊** လွတ်သောသူအား။ **သောကော၊** စိုးရိမ်ခြင်းသည်။ **နတ္ထိ၊** မရှိ။ **ဘယံ၊** ဘေးရန်သည်။ **ကုတော** အတ္ထိ၊ အဘယ်မှာရှိအံ့နည်း။

[ပေမ ဟူသည်ကား သားသမီး စသည်တို့၌ ပြုအပ်သော မြတ်နိုးခြင်း ချစ်ခင်ခြင်းပင်တည်း]။

ဒေဿနာတော်၏အကျိုး

ဒေဿနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ဝိဿာခါဝတ္ထုပြီး၏။

၄–လိစ္ဆဝိမင်းသားတို့ဝတ္ထု

ရတိယာ ဇာယတီ- အစရှိသော ဤတရား ဒေဿနာတော်ကို မြတ်စွာဘုရားသည် ဝေသာလီပြည်ကို အမှီပြု၍ စုလစ်မှန်းချွန်တပ်သော ကျောင်း၌ နေတော်မူစဉ် လိစ္ဆဝီ မင်းသားတို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မိန်းမကြောင့် ရိုက်ပုတ်ဖြစ်ခြင်း

ထိုလိစ္ဆဝီ မင်းသားတို့သည် တခုသော ပုံလမ်းသဘင် ကျင်းပသော နေ့၌ အချင်းချင်း မတူကုန်သော တန်ဆာတို့ဖြင့်တန်ဆာဆင်ကုန်သည် ဖြစ်၍ ဥယျာဉ်သို့ သွားခြင်းငှါ မြို့မှ ထွက်ကြလေကုန်သတတ် မြတ်စွာဘုရားသည် ဆွမ်းအလို့ငှါ

(၈) ၁၄၃–၄၃

ဝင်တော်မူသည်ရှိသော် လိစ္ဆဝီ မင်းသားတို့ကိုမြင်လျှင် ရဟန်းတို့ကို ဤသို့သိစေတော်မူလေ၏ ချစ်သားရဟန်းတို့ လိစ္ဆဝီ မင်းသားတို့ကို မြင်ကြကုန်၏လော အကြင်သူတို့သည် တာဝတိံသာ နတ်တို့ကို မမြင်ဘူးကြကုန် ၊ ထိုသူတို့သည် ဤလိစ္ဆဝီ မင်းသားတို့ကို ကြည့်ရှုကြကုန်လော့ဟု မိန့်တော်မူပြီးမှ မြို့သို့ဝင်တော်မူလေ၏ လိစ္ဆဝီ မင်းသားတို့သည်လည်း ဥယျာဉ်သို့ သွားကြကုန်သည်ရှိသော် ပြည့်တန်းဆာမ ဖြစ်သော မိန်းမတယောက်ကို ခေါ်၍ သွားကြပြီးလျှင် ထို ပြည့်တန်းဆာမကိုမှီ၍ ငြူစူခြင်းဖြင့် နှိပ်စက်ကုန်ရကား အချင်းချင်း ပုတ်ခတ် ကြကုန်သောကြောင့် သွေးတို့သည် မြစ် ရေအယာဉ်ကဲ့သို့ ဖြစ်ကုန်၏ ထိုအခါမှ လိစ္ဆဝီမင်းသားတို့ကို ညောင်စောင်းဖြင့်ယူ၍ ထမ်းဆောင်ကာ လာကြကုန်၏ မြတ်စွာဘုရားသည်လည်း ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြုအပ်ပြီးသည်ရှိသော် မြို့မှ ထွက်ခဲ့ကြောတ်မူလာ၏ ရဟန်းတို့ သည်လည်း လိစ္ဆဝီမင်းသားတို့ကို ထိုအခြင်း အရာဖြင့် ထမ်းဆောင် ယူလာသည်တို့ကို မြင်ရလျှင် ဘုရားရှင်ကို မြတ်စွာဘုရား လိစ္ဆဝီမင်းတို့သည် နံနက်စောစောကလျှင် တန်ဆာဆင်ခြင်းနှင့် စပ်ကုန်သည် ဖြစ်၍ တာဝတိံသာ နတ်တို့ကဲ့သို့ မြို့မှထွက်လျက် ယခုအခါ တယောက်သော မိန်းမကို အမှီပြု၍ ဤသို့သော ပျက်စီးခြင်းသို့ ရောက်ကြရပါကုန်ပြီ ဘုရားဟု လျှောက်ကြားကြလေကုန်၏ ဘုရားရှင်သည် ချစ်သား ရဟန်းတို့ စိုးရိမ်ခြင်း သည်၎င်း ဘေးရန်သည်၎င်း ဖြစ်သည်ရှိသော် မွေ့လျော်ခြင်းကိုမှီ၍ ဖြစ်တတ် သည်သာလျှင်တည်းဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၁၃ ရတိယာ ဇာယတီ သောကော၊ ရတိယာ ဇာယတီ ဘယံ။
ရတိယာ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ရတိယာ၊ မွေ့လျော်ခြင်းကြောင့်။ သောကော၊ စိုးရိမ်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ ရတိယာ၊ မွေ့လျော်ခြင်းကြောင့်။ ဘယံ၊ ဘေးရန်သည်။ ဇာယတိ၊ ဖြစ်၏။ ရတိယာ၊မွေ့လျော်ခြင်းမှ။ ဝိပ္ပမုတ္တဿ၊လွတ်သောသူအား။ သောကော၊ စိုးရိမ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဘယံ၊ ဘေးရန်သည်။ ကုတော၊အဘယ်မှာ ရှိအံ့နည်း။

[ရတိ-ဟူသည် ကာမဂုဏ် ငါးပါးတို့၌ မွေ့လျော်ခြင်းပင်တည်း]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ်စသည် တို့သို့ ရောက်ကြလေကုန်၏။

လိစ္ဆဝီမင်းသားတို့ ဝတ္ထုပြီး၏

၅--အနိတ္ထိဂန္ဓသတ္တိသား ဝတ္ထု

ကာမတော - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် 'အနိတ္ထိဂန္ဓ အမည်ရသောသတ္တိသားကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ရှေရုပ်လိုလှသော မိန်းမကို ရှာစေခြင်း

ထိုအနိတ္ထိဂန္ဓ သတ္တိသား ဗြဟ္မာ့ပြည်မှ စုတေသော သတ္တဝါဖြစ်၍ သာဝတ္ထိ ပြည်တွင် များစွာသော စည်းစိမ်ရှိသော အမျိုး၌ဖြစ်သတတ် ဖွားမြင်သောနေ့မှ စ၍ မိန်းမ၏ အနီးသို့ ကပ်ရောက်ခြင်းကို အလိုမရှိ မိန်းမယူခြင်သည်ရှိသော် ငို၏ အဝတ် ခေါင်းခု အခွေဖြင့်ယှက်၍ နှုတ်ကြရကုန်၏ ထိုအနိတ္ထိဂန္ဓ သတ္တိသားသည် အရွယ်သို့ ရောက်လတ်သည်ဖြစ်၍ မိခင်ဘခင်တို့သည် ချစ်သား သင့်အားထိမ်း မြားခြင်းပြုအံ့ဟုဆိုသည်ရှိသော် ကျွန်တော်အား မိန်းမဖြင့်အလိုမရှိပါဟု ပယ်ပြီး လျှင်အဖန်တလဲလဲတောင်းပန်အပ်သည် ဖြစ်ရကား ရှေပန်းထိမ်သည် ငါးရာတို့ကို ခေါ်စေသဖြင့် ရှေနီနီကွတထောင်ကိုပေးစေ၍ အလှန်လျှင် ကြည်လင်နှစ်သက် ဘွယ်ရှိသော တခဲနက်ထုလုပ်အပ်သော မိန်းမရုပ်ကိုပြုလုပ်စေပြီးလျှင် တဖန်မိခင် ဘခင်တို့သည် ချစ်သား သင်ချစ်သားသည် ထိမ်းမြားခြင်းကို မပြုသည်ရှိသော် အမျိုးအနွယ်သည် မတည်တံ့နိုင်လတ္တံ့ သင့်အလို၌ သတို့သမီးငယ်ကို ဆောင်ကုန်အံ့ဟု ဆိုလတ်သည်ရှိသော် ထိုသို့ဖြစ်မူ ကျွန်တော်အလို၌ ဤသို့ သဘောရှိသော သတို့သမီးကို အကယ်၍ ဆောင်နိုင်ကြကုန်သည်ဖြစ်အံ့ မိဘတို့၏ စကားကို လိုက်နာပါအံ့ဟုဆို၍ ရှေဖြင့်ပြီးသော မိန်းမရုပ်ကိုပြ၏ ထိုအခါ သတို့သား၏ မိခင် ဘခင်တို့သည် လိမ္မာသိကြား ထင်ရှားကုန်သော ပုဏ္ဏားတို့ကိုခေါ်စေ၍ ငါတို့၏

---

၁ အန+ဏ္ဍတ္ထိ+ဂန္ဓ-အလိုမရှိအပ်သော+မိန်းမ၏+အနံ့ရှိသော သတ္တိသား မိန်းမဟုသမျှ ကို စကဲ့ဆုံသော သတ္တိသားဟူလို။

သားသည် ကြီးသောဘုန်းကံရှိ၏ မချွတ် ဤသတ္တိသားနှင့် အတူတကွ ပြုဘူးသော ကုသိုလ်ရှိသော သတ္တိသ္မီးသည် ရှိသည်ဖြစ်လတ္တံ့ဟုဆို၍ သွားကြပါကုန်လော့ ဤရွှေဖြင့်ပြီးသော မိန်းမရုပ်ကိုယူ၍ ဤသို့သဘောရှိသော သတ္တိသ္မီးကို ဆောင်ယူခဲ့ကြပါကုန်လော့ဟု စေလွှတ်ကြလေကုန်၏။

ငရွရုပ်ထက်သာသော မိန်းမကို တွေ့ရှိခြင်း

ထိုပုဏ္ဏားတို့လည်း ကောင်းပါပြီဟု ဝန်ခံ၍ ခရီးဒေသစာရီ လှည့်လည်သွားလာကြသဖြင့် ၁မဒ္ဒတိုင်း သာဂလမြို့သို့ ရောက်ကြလေ၏ ထိုမြို့၌လည်း တယောက်သော တဆဲ့ခြောက်နှစ်ရွယ် တင့်တယ်လှပသော သတ္တိသ္မီးသည်ရှိသည်ဖြစ်လေ၏ ထိုသတ္တိသ္မီးကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်အပြင်၌ မိခင်ဘခင်တို့သည် ခြံရံလျက်နေစေကြကုန်၏ ထိုပုဏ္ဏားတို့သည်လည်း ဤမြို့၌ ဤသို့သဘောရှိသော သတ္တိသ္မီးသည် အကယ်၍ရှိသည်ဖြစ်အံ့၊ ဤရွှေဖြင့်ပြီးသော မိန်းမရုပ်ကို မြင်လျှင် ဤရွှေရုပ်သည် ဤအမည်ရှိသော အမျိုး၏ သ္မီးကဲ့သို့ အလွန်အဆင်း လှပ၏ဟူ၍ ဆိုကြကုန်လတ္တံ့ဟု ရွှေဖြင့်ပြီးသော မိန်းမရုပ်ကို ရေချိုးဆိပ်လမ်းခရီး၌ ထား၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေကြလေကုန်၏ ထိုအခါ ထိုသတ္တိသ္မီး၏အထိန်းတော်သည်၊သတ္တိသ္မီးကို ရေချိုးပေးပြီးမှ မိမိကိုယ်တိုင်လည်း ရေချိုးလိုသည်ဖြစ်၍ ရေဆိပ်သို့ လာခဲ့လေ၏ ထိုရွှေဖြင့်ပြီးသော မိန်းမရုပ်ကို မြင်လျှင် ငါ၏သ္မီးပါတကား ဟူသော အမှတ်အသားဖြင့် ဩော် ဆုံးမ ခက်လှချေ၏တကား ယခုပင်လျှင် ငါသည် ရေချိုးပေး၍ ထွက်လာခဲ့၏ နင်ကား ငါ့ထက် ရှေးဦးစွာ ဤရေဆိပ်သို့ ရောက်လာရ သလောဟု လက်ဖြင့် ပုတ်ခတ်ပြီးလျှင် ကြမ်းတန်း မာတင်းခြင်း ရှိသည် အဖြစ်ကိုငှင်း တုန်လှုပ်ခြင်းမရှိသည် အဖြစ်ကိုငှင်း သိရသဖြင့် ငါကား ငါ့သ္မီးဟူသော အမှတ်သညာကို ပြုမိချေပြီ ဤအရုပ်သည် အဘယ်သို့သော အရုပ်ဖြစ်လေဘိသနည်းဟု ဆိုလေ၏။

ထိုအခါ အထိန်းတော်ကို ထိုပုဏ္ဏားတို့သည် အမိ သင်၏ သ္မီးသည် ဤသို့သဘောရှိသလောဟု မေးကြလေကုန်၏ ဤရွှေရုပ်ကား ငါ့သ္မီးအထံ၌ အဘယ်မျှ

---

၁ မဒ္ဒတိုင်းကို မဒ္ဒရာဇ်ဘိုင်းဟူ၍လည်း ခေါ်ကြ၏။

အဘိုးထိုက်တန်အံ့နည်း ငါးသိမ်းလောက်မလှ ဟုဆိုလျှင် ထိုသို့ဖြစ်မူ သင့်သိမ်းကို အကျွန်ုပ်တို့အား ပြစမ်းပါလော့ဟု ပြောဆိုကြလေကုန်၏။

ထိုအထိန်းတော်သည် ပုဏ္ဏားတို့နှင့်အတူတက္ခ အိမ်သို့သွား၍ မိဘရှင်တို့အား ပြောကြား သိစေလေ၏ မိခင် ဘခင်တို့သည် ပုဏ္ဏားတို့နှင့် အတူတက္ခ ပြုအပ်သော ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်သည်ဖြစ်၍ သိမ်းကို သက်ဆင်းစေပြီးလျှင် ပြာသာဒ်အောက် ရွှေဖြင့်ပြီးသောမိန်းမရုပ်၏အနီးဌာ ယှဉ်ပြိုင်ကာ ထားကြလေကုန်၏ ရွှေရုပ်သည် အရောင်အဝါ ကင်းပျောက် မဲ့ခြောက်လျက် ရှိလေ၏ သတို့သိမ်းကား တောက်ဝင်း ထိန်ပြောင် အရောင်နှင့်တက္ခ ဖြစ်လေ၏ ပုဏ္ဏား တို့သည် ရွှေဖြင့်ပြီးသော မိန်းမရုပ်ကို မိဘတို့အား အပ်နှင်းခဲ့၍ သတို့သိမ်းငယ်ကို ဝန်ခံစေပြီးလျှင် အနိတ္ထိဂန္ဓသတို့သား၏ မိခင် ဘခင်တို့အား ပြောကြားကြလေကုန်၏ ထိုမိခင် ဘခင်တို့လည်း နှစ်သက်သော စိတ်ရှိကြကုန်သည်ဖြစ်၍ သွားကြလေကုန် ထိုသတို့သိမ်းငယ်ကို လျှင်မြန်စွာ ဆောင်ယူခဲ့ကြကုန်လော့ဟု မျှားစွာသော ပူဇော်သက္ကာရဖြင့် ကောင်းစွာ စေလွှတ်ကြလေကုန်၏။

ရွှေရုပ်ထက်လှသော သတို့သိမ်း သေဆုံးခြင်းနှင့် သတို့သား ဒုက္ခရောက်ခြင်း

သတို့သားသည်လည်း ထိုအကြောင်းအရာကို ကြားသိရလျှင် ရွှေဖြင့်ပြီးသောအရုပ်ထက်သော်လည်း လွန်စွာ အဆင်းလှပသော သတို့သိမ်းငယ်သည် ရှိသတတ်ဟု ကြားရ၍ ကြားရခြင်း၏ အစွမ်းဖြင့်သာလျှင် ချစ်ခင်ခြင်းကို ဖြစ်စေလျက် လျှင်မြန်စွာ ဆောင်ယူလာပါစေလော့ဟု ဆိုလေ၏ ထိုသတို့ သိမ်းငယ်သည် လည်းယာဉ်ထက်သို့ တင်၍ ဆောင်ယူလာအပ်သည်ရှိသော် အလွန်သိမ်မွေ့နူးညံ့လှသည် အဖြစ်ကြောင့် ယာဉ်တောက်သဖြင့် ဖြစ်စေအပ်သော အနာရောဂါကြောင့် လမ်းခရီးအကြားဌာသာလျှင် စုတေမနေ သေရှာခဲ့လေ၏ သတို့သား သည်လည်း လာပြီလော လာပြီလောဟု မပြတ် မေးမြန်းရှာ၏ အလွန်ပင် ချစ်ခင်ခြင်းဖြင့် မေးမြန်းသော ထိုသတို့သားအား အဆောတလျင် သာလျှင် မပြောကြားတဲ့သေးမူ၍ နှစ်ရက် သုံးရက် ပတ်လုံး ပြန့်လွင့် ခြင်းကို ပြုပြီးမှ ထိုသေရှာလေသော အကြောင်းကိုပြောကြားကြကုန်၏ သတို့သားသည် ထိုသို့

သဘောရှိသည်မည်သော မိန်းမနှင့် အတူတကွ ပေါင်းဖော်ခြင်းကို ငါမရလေ တကားဟု ဖြစ်သောနှလုံး မသာယာခြင်းရှိသည်ဖြစ်၍ တောင်ကြီး ဖိဘိသကဲ့သို့ စိုးရိမ်ခြင်းဟူသော ဆင်းရဲခြင်းသည် လွှမ်းမိုးကာ ဖိအပ်ရှာလေ၏။

သတို့သား ဘုရားကြောင့် သက်သာရာရခြင်း

မြတ်စွာဘုရားသည် ထိုသတို့သား၏ အကြောင်း ဥပနိဿယကို မြင်တော်မူ၍ ဆွမ်းအလို့ငှါ ကြွတော်မူသည်ရှိသော် ထိုအိမ်တံခါးသို့ ရောက်သွားတော်မူလေ၏ ထိုအခါ သတို့သား၏ မိခင် ဘခင်တို့သည် မြတ်စွာဘုရားကို အိမ်တွင်းသို့ ပင့်သွင်း၍ ရှိသေစွာ ဆွမ်းလုပ်ကျွေး ကြလေကုန်၏ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးခြင်းကံစွမ်း၏ အဆုံးဌာန အနိုတ္တိဂန္ဓ သတို့သားကား အဘယ်မှာနည်းဟု မေးတော်မူ၏ မြတ်စွာဘုရား သတို့သားသည် အစာအာဟာရ ဖြတ်ခြင်းကိုပြု၍ တိုက်ခန်းတွင်းဌာ နေပါသည်ဘုရားဟု လျှောက်ဆိုသည်ရှိသော် ထိုသတို့သားကို ခေါ်ကြကုန်လော့ဟု မိန့်တော်မူလေ၏ သတို့သားလာလတ်၍ ဘုရားရှင်ကို ရှိခိုးလျက် တင့်အပ်လျောက်ပတ်သော အရပ်ဌာ နေလေ၏ ဘုရားရှင်သည် သတို့သား အသို့နည်း အားကြီးသော စိုးရိမ်ခြင်း ဖြစ်ဘိသလောဟု မိန့်တော်မူလျှင် မြတ်စွာဘုရား စိုးရိမ်ခြင်းဖြစ်သည် မှန်ပါသည်ဘုရား ဤသို့ သဘောရှိသည်မည်သော မိန်းမသည် လမ်းခရီးအကြားဌာ ယေသည်ဟု ကြားရပါသောကြောင့် စိုးရိမ်ခြင်းကြီးစွာဖြစ်ရပါသည် ထို့ကြောင့် ထမင်းသည်လည်း တပည့်တော်အား မနှစ်သက် စေပါဘုရားဟု လျှောက်ကြားလေ၏ ထိုအခါ သတို့သားကို ဘုရားရှင်သည် သတို့သား အဘယ်ကိုမှီ၍ သင့်အား စိုးရိမ်ခြင်း ဖြစ်ရဘိနည်း သင်သိ၏လောဟု မေးတော်မူလျှင် မြတ်စွာဘုရား မသိပါဘုရားဟု လျှောက်ကြားလေ၏ သတို့သား ဝတ္ထုကာမကိုမှီ၍ အားကြီးသော စိုးရိမ်ခြင်း ဖြစ်ဘိသည် ဖြစ်ရတတ်၏ စိုးရိမ်ခြင်းသည်ရင်း ဘေးရန်သည်ရင်း ဝတ္ထုကာမကိလေသာကာမကိုမှီ၍ ဖြစ်တတ်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၁၄ ကာမတော ဇာယတီ သောကော၊ ကာမတော ဇာယတီ ဘယံ။
ကာမတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ကာမတော ၁ ဝတ္ထုကာမ ကိလေသာကာမကြောင့်။ သောကော၊စိုးရိမ်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ ကာမတော၊ ဝတ္ထုကာမ ကိလေသာ ကာမကြောင့်။ ဘယံ၊ ဘေးရန်သည်။ ဇာယတိ၊ ဖြစ်၏။ ကာမတော၊ ဝတ္ထုကာမ ကိလေသာ ကာမမှ။ ဝိမုမုတ္တဿ၊ လွတ်သောသူအား။ သောကော၊ စိုးရိမ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဘယံ၊ ဘေးရန်သည်။ ကုတောအတ္ထိ၊ အဘယ်မှာရှိအံ့နည်း

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ အနိတ္ထိဂန္ဓ သတ္ဂိသားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

အနိတ္ထိဂန္ဓသတ္ဂိသား ဝတ္ထုပြီး၏။

၆—မထင်ရှားသော ပုဏ္ဏားဝတ္ထု

တဏ္ဍာယဇာယတီ - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေတော်မူစဉ် အမှတ်မရှိသော ပုဏ္ဏားတယောက်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

လယ်ထွန်ရာသို့ ဘုရားရှင်နေ့စဉ်ကြွခြင်း

ထိုပုဏ္ဏားသည် မိစ္ဆာအယူရှိသော သူတယောက်ဖြစ်၍ တနေ့သ၌ မြစ်ကမ်းနားသို့သွား၍ လယ်ကို သုတ်သင်သတတ် မြတ်စွာဘုရားသည် ထိုပုဏ္ဏား၏ အကြောင်းဥပနိဿယ၏ ပြည့်စုံခြင်းကို မြင်တော်မူ၍ ထိုပုဏ္ဏား၏ အထံသို့ ကြွသွားတော်မူလေ၏ ပုဏ္ဏားသည် ဘုရားရှင်ကို မြင်သော်လည်း အရိုအသေ ပြုအပ်သောအမှုကို မပြုမူ၍ ဆိတ်ဆိတ်နေလေ၏ ထိုအခါပုဏ္ဏားကို ဘုရားရှင်သည် ရှေးဦးစွာ ခေါ်တော်မူလျက် ပုဏ္ဏား အဘယ်အမှုကို ပြုသနည်းဟု မိန့်မြွက်တော်မူလေ၏ အို အရှင် ဂေါတမ လယ်ကို သုတ်သင်၏ဟု, စကားတုံ ပြန်သဖြင့် ဘုရားရှင်သည် ဤမျှလောက်သော စကားကိုသာ မိန့်တော်မူ၍ ကြွသွားတော်မူလေ၏ တဖန် မိုးသောက်သော နေ့၌လည်း လယ်ထွန်ခြင်းငှါ

---

၁ ရူပါရုံစသော အာရုံ ငါးပါးသည် ဝတ္ထုကာမမည်၏။ ထိုအာရုံငါးပါး၌ နှစ်သက်စွဲလမ်းတတ်သော လောဘတဏ္ဍာသည် ကိလေသာကာမမည်၏။

လာသော ပုဏ္ဏားဏ်အထံသို့ ကြွသွားတော်မူ၍ ပုဏ္ဏား အဘယ်အမှုကို ပြုသနည်း ဟု မေးတော်မူသောကြောင့် အို အရှင် ဂေါတမ လယ်ကိုထွန်၏ဟု စကားတို့ ပြန်သည်ကို ကြားတော်မူရပြီးလျှင် ဖဲကြွတော်မူလေ၏ တဖန်မိုးသောက်သော နေ့၌လည်း ထိုအတူမေးမြန်းတော်မူပြန်လေ၏ အို အရှင်ဂေါတမလယ်ကိုစိုက်ပျိုး ၏ ရေသွန်း၏ စောင့်၏ ဤသို့အစရှိသည်ဖြင့် စကားတို့ ပြန်သည်ကို ကြားတော်မူရပြီးလျှင် ဖဲကြွသွားတော်မူလေ၏ ထိုအခါ မြတ်စွာဘုရားကို တနေ့သ၌ ပုဏ္ဏားသည် အို အရှင်ဂေါတမ အသင်ကား အကျွန်ုပ်၏လယ်ကိုသုတ်သင်သောနေ့မှစ၍ လာခဲ့ပေ၏ အကျွန်ုပ်၏ ကောက်ပင်သည် အကယ်၍ ပြည့်စုံအောင်မြင်သည် ဖြစ်ငြားအံ့ အသင့်အတွက်လည်း ခဲ့ဝေခြင်းကို ပြုပေအံ့ အသင့်အား မပေးမူ၍ ကိုယ်တိုင်မစားသောက်ပါအံ့ ယခုအခါ ဤနေ့မှစ၍ အသင်သည် အကျွန်ုပ်၏ အဆွေခင်ပွန်းတည်းဟု ဆိုလေ၏။

စိတ်ဆင်းရဲသော ပုဏ္ဏားအား စောင်မတော်မူခြင်း

ထိုမှ နောက်ဖြစ်သော အခါတပါး၌ ပုဏ္ဏား၏ ကောက်ပင်သည် ပြည့်စုံ အောင်မြင်လေ၏ ထိုပုဏ္ဏားကြီးသည်ငါ၏ပြည့်စုံအောင်မြင်သော ကောက်ပင်ကို ယခုအခါ နက်ဖြန်၌ ရိတ်ဖြတ် စေတော့အံ့ဟု ကြံ၍ ရိတ်ဖြတ် ခြင်းအကျိုးငှါ ပြုအပ်သော ကိစ္စကို ပြုပြီးသည်ရှိသော် ညဉ့်အခါ၌ မိုဃ်းကြိုးရွာ၍ အလုံးစုံသော ကောက်ပင်ကို ဆောင်ယူကာ မျောစေသောကြောင့် လယ်သည် အချည်းနှီး ပြု၍ ထားအပ်သည်နှင့်တူစွာ ဖြစ်ခဲ့လေ၏ မြတ်စွာဘုရားသည်ကား ရှေးဦးစွာ သောနေ့၌ပင်လျှင် ထိုကောက်ပင်သည် မပြည့်စုံလတ္တံ့ဟု သိတော်မူ၏ ပုဏ္ဏား သည် နံနက်စောစောက သာလျှင် လယ်ကို ကြည့်ရှုဦးအံ့ဟု သွားလတ်သည် ရှိသော် အချည်းနှီးသော လယ်မြေကို မြင်ရလျှင် အားကြီးစွာဖြစ်သော စိုးရိမ် ခြင်းရှိသဖြင့် ရဟန်းဂေါတမသည် ငါ၏လယ်ကို သုတ်သင်သောနေ့မှစ၍ လာခဲ့ ပေ၏ ငါသည်လည်း ထိုရဟန်းဂေါတမကို ဤကောက်ပင် ပြည့်စုံ အောင်မြင် သည်ရှိသော် အသင့်အတွက်လည်း ခဲ့ဝေခြင်းကို ပြုပေအံ့ အသင့်အား မပေးမူ၍ ကိုယ်တိုင်မစားသောက်ပါအံ့ ယခုအခါ ဤနေ့မှစ၍ အသင်သည် အကျွန်ုပ်၏ အဆွေခင်ပွန်းတည်းဟု ဆိုဘူး၏ ငါ၏ ထိုနှလုံး အလိုသည်လည်း အပြီးအဆုံးသို့ မရောက်ဟု ကြံစည်လေ၏ ထိုပုဏ္ဏားကြီးသည် အစာအာဟာရဖြတ်ခြင်းကိုပြု၍

ညောင်စောင်းဌ္ဌ အိပ်စက်လေ၏ ထိုအခါ ဘုရားရှင်သည် အိမ်တံခါးသို့ ကြွရောက်တော်မူလေ၏ ပုဏ္ဏားကြီးသည် ဘုရားရှင်ကြွလာခြင်းကို ကြားသိရလျှင် ငါ၏အဆွေခင်ပွန်းကို ဆောင်ယူခဲ့၍ ဤအရပ်ဌ နေစေကြပါကုန်လော့ဟု ဆိုလတ်သဖြင့် အခြံအရံ ပရိသတ်သည် ထိုပုဏ္ဏားဆိုတိုင်း ပြုလေ၏။

မြတ်စွာဘုရားသည် နေတော်မူပြီးလျှင် ပုဏ္ဏားကြီးသည် အဘယ်မှာနည်းဟု မေးမြန်းတော်မူသောကြောင့် တိုက်ခန်းဌ အိပ်နေပါသည် ဘုရားဟု လျှောက်ဆိုလတ်သည်ရှိသော် ထိုပုဏ္ဏားကို ခေါ်ကြကုန်လော့ဟု ခေါ်စေတော်မူပြန်သောကြောင့် ရောက်လာပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်ဌ နေသော ပုဏ္ဏားကို ပုဏ္ဏားကြီး အသို့ဖြစ်ဘိသနည်းဟု မိန့်တော်မူလေ၏ အို့အရှင်ဂေါတမ ရှင်တော်ဘုရားတို့သည် တပည့်တော်၏ လယ်ကို သုတ်သင်သော နေ့မှ စ၍ ကြွလာတော်မူပေ၏ တပည့်တော်လည်း ကောက်ပင် ပြည့်စုံ အောင်မြင်သည်ရှိသော် ရှင်တော်ဘုရားတို့အတွက် ခဲ့ဝေခြင်းကို ပြုပါအံ့ဟု ဆိုဘူး၏ တပည့်တော်၏ ထိုနွလုံးအလိုသည် မပြည့်မစုံ ဖြစ်ရပါသည် ထို့ကြောင့် တပည့်တော်အား စိုးရိမ်ခြင်းသည် ဖြစ်ရပါသည် ထမင်းသည်လည်း တပည့်တော်အား မနှစ်သက်ဖွယ်ပါဘုရားဟု လျှောက်ကြားလေ၏ ထိုအခါ ပုဏ္ဏားကြီးကို မြတ်စွာဘုရားသည် ပုဏ္ဏားကြီး အဘယ်ကိုမှီ၍ သင့်အား စိုးရိမ်ခြင်း ဖြစ်ရဘိသနည်း သင်သိ၏လောဟု မေးတော်မူလျှင် အို့အရှင် ဂေါတမ တပည့်တော် မသိပါ ရှင်တော်ဘုရား သိပါသလောဘုရားဟု လျှောက်ဆိုသည်ရှိသော် ပုဏ္ဏားကြီး ငါကား သိသည်မှန်၏ စိုးရိမ်ခြင်းသည်ငင်း ဘေးရန်သည်ငင်း ဖြစ်ပေါ်လတ်သည်ရှိသော် ခြောက်ဒွါရဌ္ဌ ဖြစ်သော တဏှာကိုမှီ၍ ဖြစ်တတ်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေဿနာတော်

၂၁၅ တဏှာယ ဇာယတီ သောကော၊ တဏှာယ ဇာယ္ဟတီ ဘယံ။
တဏှာယ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

တဏှာယ၊ ခြောက်ဒွါရဌ္ဌဖြစ်သော တဏှာကြောင့်။ သောကော၊ စိုးရိမ်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ တဏှာယ၊ ခြောက်ဒွါရဌ္ဌ ဖြစ်သော တဏှာကြောင့်။ ဘယံ၊ ဘေးရန်သည်။ ဇာယတိ၊ ဖြစ်၏။ တဏှာယ၊ ခြောက်ဒွါရဌ္ဌ ဖြစ်သော

တက္ကာမှု။ ဝိပ္ပမုတ္တာဿ၊ လဒ္ဓတ်သောသူအား။ သောဓကာ၊ စိုးရိမ်ခြင်းသည်။နတ္ထိ၊ မရှိ။ ဘယံ၊ ဘေးရန်သည်။ ကုတောအတ္ထိ၊ အဘယ်မှာ ရှိအံ့နည်း။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ပုဏ္ဏားကြီးသည် သောတာပတ္တိဖိုလ်၌ဖာည်လေ၏။

မထင်ရှားသောပုဏ္ဏားဝတ္ထုပြီး၏။

၇–သူငယ်ငါးရာတို့ဝတ္ထု၊

သီလဒဿနသမ္ပန္နံ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရား သည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် လမ်းခရီးအကြား၌ ငါးရာသော သူငယ်တို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

အရှင်မဟာကဿပ၏ ဘုန်းတော်ကံတော်

တနေ့သ၌ မြတ်စွာဘုရားသည် ရှစ်ကျိပ်သော မထေရ်တို့နှင့် အတူတကွ ရဟန်းငါးရာ ခြံရုံလျက် ရာဇဂြိုဟ်မြို့သို့ ဆွမ်းအလို့ငှါ ကြွဝင်တော်မူသည်ရှိသော် တခုသော ပဲ့လမ်းသဘင် ကျင်းပသောနေ့၌ ငါးရာသော သူငယ်တို့ကို မုံတောင်းတို့ကို ထမ်းဆောင်စေလျက် လွန်သွားကြကုန်သော သူငယ်တို့ကို မြင်ကြရကုန်သည် မဟုတ်လောဟု မိန့်တော်မူလေ၏ မြတ်စွာဘုရား ဤသို့သဘော ရှိကြပါကုန်သော်လည်း သူငယ်တို့သည် တစုံတယောက်သော ရဟန်းအား မုံကို မလှူဒါန်းကြပါ ဘုရားဟု လျှောက်ကြ ပြန်သည်ရှိသော် ချစ်သား ရဟန်းတို့ ထိုသူငယ်တို့သည် ငါဘုရားရှင်ကိုဂုဏ်း သင်တို့ကိုဂုဏ်း မုံတို့ဖြင့် အကယ်၍ကား မဘိတ်ကြားကြကုန် ထိုသို့ပင် မဘိတ်ကြားကြ

ကုန်သော်လည်း မုံရွှင်ဖြစ်သော ရဟန်းသည် နောက်မှလိုက်ပါလာ၏ မုံတို့ကို ဘဉ်းပေး သုံးဆောင်၍သာလျှင် ကြွသွားခြင်းငှါ သင့်၏ဟု မိန့်တော်မူလေ၏။

[မြတ်စွာဘုရားတို့အား တဦးတယောက်သော ပုဂ္ဂိုလ်၌ သော်လည်း ငြူစူ ဇော်စောင်းမြောင်းခြင်းသည်ရှင်း ပြစ်မှားခြင်းသည်ရှင်း အကြင်ကြောင့် မရှိ ထို့ကြောင့် ဤစကားကို မိန့်တော်မူပြီးလျှင် ရဟန်းသံဃာကို ခေါ်တော်မူပြီးလျှင် တခုသော သစ်ပင်ရင်း အရိပ်ထဲ၌ သီတင်းသုံး နေထိုင်တော်မူလေ၏]။

သူငယ်တို့သည် ရှင်မဟာကဿပ မထေရ်မြတ်ကို နောက်မှကြွလာသည်ကို မြင်ရလျှင် ဖြစ်သောချစ်ကြည်မြတ်နိုးခြင်း ရှိကြကုန်လျက် ပီတိ အဟုန်ဖြင့် ပြည့်သော ကိုယ်ရှိကြကုန်သည်ဖြစ်၍ မုံတောင်းတို့ကို ချတဲ့ပြီးလျှင် ရှင်မဟာကဿပမထေရ်ကို ၁ငါးပါးသောတည်ခြင်းဖြင့် ရှိခိုး၍ မုံတို့ကို တောင်းတို့နှင့် တကွသာ ချီကြွမြောက်ပင့်လျက် အရှင်ဘုရား ခံယူတော်မူပါဘုရားဟု ရှင်မဟာကဿပ မထေရ်ကို လျှောက်ဆိုကြလေကုန်၏ ထိုအခါ သူငယ်တို့ကို ရှင်မဟာကဿပ မထေရ်သည် ဤငါ့ကို ဆရာ ဘုရားမြတ်စွာသည် ရဟန်းသံဃာ အပေါင်းကို ခေါ်တော်မူ၍ သစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူ၏ သင်တို့၏ လှူဘွယ်ဝတ္ထု ကို ယူကာသွား၍ ရဟန်းသံဃာ အပေါင်းအား ခဲ့ခြမ်း ဝေဘန်ခြင်းကို ပြုကြကုန်လော့ လှူဒါန်းကြကုန်လော့ဟု မိန့်တော်မူလေ၏ ထိုသူငယ်တို့သည် အရှင် ဘုရား ကောင်းလှပါပြီဘုရားဟု ပြန်လည်ဆုတ်နစ်၍ ရှင်မဟာကဿပ မထေရ်နှင့် အတူတကွသာလျှင် သွားကြသဖြင့် မုံတို့ကိုလှူဒါန်းပြီးလျှင် ကြည့်ရှုကာ တင့်အပ် လျောက်ပတ်သော အရပ်၌ တည်လျက် ဘဉ်းပေး သုံးဆောင်တော်မူခြင်း၏ အဆုံး၌ ရေကို ဆက်ကပ် လှူဒါန်းကြလေကုန်၏ ရဟန်းတို့သည် သူငယ်တို့ကား ၂မျက်နှာကြည့်သဖြင့် ဆွမ်းလှူကုန်၏ မြတ်စွာဘုရားကိုဌင်း မထေရ်ကြီးတို့ကိုဌင်း မုံတို့ဖြင့် မပန်ကြားမူ၍ ရှင်မဟာကဿပမထေရ်ကိုမြင်လျှင် မုံတောင်းတို့နှင့် တကွသာလျှင် ယူ၍လာကြကုန်ဘိ၏ တကားဟု ကဲ့ရဲ့ရွဲတ်ချကြလေကုန်၏

---

၁ ပဉ္စမဘိဒ္ဒိတေနဘာဘိ ဒ္ဒိဓာဏုဒ္ဒိဟဇ္ဇနုလာဒုဇ္ဇဟိ ပဒ္ဓဟိ ပဘိဒ္ဒိတံကဘ္ဘာ။ ပဒိသဒ္ဓိဒါဒဂ် ဂဏ္ဍိ။ ဒုး လက် နဖူး ဟူသော ငါးပါးသောတည်ခြင်းဖြင့်ဟူလို။

၂ မျက်နှာကြည့်သဖြင့် ဆွမ်းလှူကုန်၏ ဟူသည် ထိုအခါ ကာလ–ဒေဝဿိုးစကားပုံ တခု တည်း။

မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကိုကြားတော်မူရသဖြင့် ချစ်သား ရဟန်းတို့ ငါ၏သားတော်ဖြစ်သော မဟာကဿပနှင့်တူသော ရဟန်းကို နတ်လူ တို့ချစ်မြတ်နိုးအပ်၏ ထိုရဟန်းအား ပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်းကို ပြုကြ ကုန်သည်သာတည်းဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၁၆ သီလဒဿနသမ္ပန္နံ၊ ဓမ္မဋ္ဌံ သစ္စဝါဒိနံ။
အတ္တနော ကမ္မကုဗ္ဗာနံ၊ တံ ဇနော ကုရုတေ ပိယံ။

သီလ ဒဿနသမ္ပန္နံ၊စတုပါရိသုဒ္ဓိသီလ မဂ်ညဏ်ဖိုလ်ညဏ်နှင့်ပြည့်စုံထသော။ ဓမ္မဋ္ဌံ၊ လောကုတ္တရာတရား ကိုးပါး၌ တည်ထသော။

[လောကုတ္တရာတရားကို မျှက်မှောက်ပြုပြီးသောသူ ဟူလို]။

သစ္စဝါဒိနံ၊ သစ္စာညဏ်ဖြင့် အမှန်ကို ဆိုလေ့ရှိထသော။ အတ္တနော ကမ္မ ကုဗ္ဗာနံ၊ သိက္ခာသုံးခု မိမိအမှုကို ပြုလုပ် ဖြည့်ကျင့် တတ်သော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဇနော၊ လူများအပေါင်းသည်။ ပိယံ၊ ချစ်ကြည်အားကိုး မြတ်နိုး ခြင်းကို။ ကုရုတေ-ကရောတိ၊ပြု၏။

[ဖူးမျှော်လို ရှိခိုးလို ပစ္စည်းလေးပါးဖြင့် ပူဇော်လိုသည်သာ ဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ အလုံးစုံလည်း ဖြစ်ကုန်သော ထိုသူငယ် ငါးရာတို့ သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

သူငယ်ငါးရာတို့ဝတ္ထုပြီး၏။

၈—အနာဂါမ် မထေရ်တပါးဝတ္ထု

ဆန္ဒဇာတော- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် အနာဂါမ် မထေရ်မြတ် တပါးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

အနာဂါမ်ပုဂ္ဂိုလ်နှင့် သုဒ္ဓါဝါသဘုံ

တနေ့သ၌ ထိုအနာဂါမ် မထေရ်ကို ဥပဇ္ဈာယ်ယူကြသော သဒ္ဓိဝိဟာရိက တပည့်တို့သည် အရှင်ဘုရား အရှင်ဘုရားအား တရားထူး ဝိသေသ ရခြင်းသည် ။ဝါ။ ရအပ်သော တရားထူးသည် ရှိပါသလောဘုရားဟု မေးမြန်းကြလေကုန်၏ မထေရ်သည် အနာဂါမိဖိုလ်သို့ လူတို့သော်လည်း ရောက်နိုင်ကြကုန်၏ အရဟတ္တ ဖိုလ်သို့ရောက်သော အခါ၌သာလျှင် ထိုရဟန်းတို့နှင့် အတူတကွ စကားပြောဆို ပေအံ့ဟု နှလုံးပြုပြီးလျှင် ရှက်နိုးလှသဖြင့် တစုံတခုသော စကားကို မပြောမဆို မူ၍ စုတေမနေ ပျံလွန်ခြင်းကို ပြုလေသည်ရှိသော် သုဒ္ဓါဝါသ ဗြဟ္မာပြည်၌ ဖြစ်လေ၏ ထိုအခါ အနာဂါမ်မထေရ်၏ သဒ္ဓိဝိဟာရိက တပည့်တို့သည် ငိုကြွေး ကြ၍ငင်း မြည်တမ်းကြ၍ငင်း မြတ်စွာဘုရား၏ အထံတော်သို့ သွားကြကုန် သဖြင့် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ငိုကြွေးကုန်လျက် သာလျှင် တင့်အပ် လျောက်ပတ်သော အရပ်၌ နေကြကုန်၏ ကိုအခါ ရဟန်းတို့ကို မြတ်စွာဘုရား သည် ချစ်သားရဟန်းတို့ အဘယ့်ကြောင့် ငိုကြွေးကြကုန်ဘိသနည်းဟု မိန့်တော် မူလေ၏ မြတ်စွာဘုရား တပည့်တော်တို့၏ ဥပဇ္ဈာယ်ဆရာသည် စုတေမနေ ပျံလွန် ခြင်းကို ပြုပါသည်ဘုရားဟု လျှောက်ကြကုန်သော် ချစ်သားရဟန်းတို့ ထိုသို့ စုတေသည်ပင် ဖြစ်စေကာမူ မကြံကြကုန်လင့် မပူဆွေးကြကုန်လင့် ဤသေခြင်း သည် မြဲသော သဘောတရားမည်ပေ၏ဟု မိန့်တော်မူလေ၏။

မြတ်စွာဘုရား ဟုတ်မှန်လှပါသည်ဘုရား တပည့်တော်တို့သည်လည်း သိကြ ပါကုန်၏ဘုရား စင်စစ်သော်ကား တပည့်တော်တို့သည် ဥပဇ္ဈာယ်ဆရာကို တရား ထူးရခြင်းကို မေးလျှောက်ကြပါသည်ဘုရား ထိုဥပဇ္ဈာယ်ဆရာသည် တစုံတခု သောစကားကို မဆိုမူ၍သာလျှင်. စုတေမနေ ပျံလွန်ခြင်းကို ပြုရရှာပါသည် ထို့ကြောင့် တပည့်တော်တို့သည် ဆင်းရဲ ဒုက္ခ ရောက်ကြရပါသည် ဘုရားဟု လျှောက်ကြားကြကုန်သည် ရှိသော် မြတ်စွာဘုရားသည် ချစ်သား ရဟန်းတို့ မကြံကြကုန်လင့် သင်တို့၏ ဥပဇ္ဈာယ်ဆရာသည် အနာဂါမိဖိုလ်သို့ ရောက်အပ် ၏ လူတို့သည်လည်း ဤအနာဂါမိဖိုလ်သို့ ရောက်နိုင်ကြ ကုန်ဘိ၏ ငါသည် အရဟတ္တဖိုလ်သို့ ရောက်မှသာလျှင် ရဟန်းတို့အား စကား ပြောကြားအံ့ဟု ထို သင်တို့ဆရာ ရှက်နိုးလှသဖြင့် သင်တို့အား တစုံတခုသောစကားကို မဆိုမူ၍

စုတေမနေ ပံ့လွန်ခြင်းကို ပြုပြီးလျှင် သုဒ္ဓါဝါသ ဗြဟ္မာ့ပြည်၌ ဖြစ်လေပြီ ထို့ကြောင့် ချစ်သားရဟန်းတို့ သင်တို့သည် သက်သာရာရကြကုန်လော့ သင်တို့၏ ဥပဇ္ဈာယ်ဆရာသည် ကာမ တဆဲ့တဘုံတို့၌ ဖဲ့ရွက်ခြင်းကင်းသောစိတ်ကို ရလေပြီဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၁၇ ဆန္ဒဇာတော အနက္ခာတော၊ မနသာ စေ ဖုဋ္ဌော သိယာ။
ကာမေသုစ အပဋိဗန္ဓစိတ္တော၊ ဥဒ္ဓံသောတောတိ ဝုစ္စတိ။

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဆန္ဒဇာတော၊ ဖြစ်သော ပြုလိုသောဆန္ဒ ရှိ၏။ ဝါ၊ အားထုတ်ခြင်းသို့ရောက်၏။ အနက္ခာတော၊ နိဗ္ဗာန်၌။

[ဤအမည်ရှိသောသူသည် ပြုအပ်၏ ဟူ၍ဂုဏ်း အညိုအဝါ စသည်တို့တွင် ဤသို့ သဘောရှိ၏ဟူ၍ဂုဏ်း မဆိုအပ်သောကြောင့် နိဗ္ဗာန်သည် အနက္ခာတ မည်၏ဟူလို]။

မနသာ၊ စိတ်ဖြင့်။ ဖုဋ္ဌော၊ အပြည့်အနှံ့ရောက်သည်။ စေသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ကာမေသု၊ ကာမတဆဲ့တဘုံတို့၌။ အပဋိဗန္ဓစိတ္တောစ၊ ဖဲ့ရွက်ကပ်ငြိသော စိတ်မရှိ သည်လည်း။ စေသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ သောဘိက္ခု၊ ထိုရဟန်းကို။ ဥဒ္ဓံသောတောတိ၊ ဥဒ္ဓံသောတဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

[ဤသို့သဘောရှိသော ရဟန်းသည် အဝိဟာ,အတပ္ပါ,သုဒဿာ,သုဒဿီ, အကနိဋ္ဌ-ဟူသော သုဒ္ဓါဝါသငါးဘုံတို့တွင်အောက်အောက်ဘုံ၌ဖြစ်၍ ပဋိသန္ဓိ အစွမ်းဖြင့် အကနိဋ္ဌဘုံသို့ရောက်အောင်သွားတတ်၏ ထို့ကြောင့် ဥဒ္ဓံသောတ ဟု ဆိုအပ်၏ ဥပဇ္ဈာယ်သည် ဤသို့သဘောရှိ၏ဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်၏ များစွာသော လူအပေါင်းအား‌လည်း အကျိုးရှိသော ဒေသနာ ဖြစ်တော်မူ၏လေ၏။

အနာဂါမ်မထေရ်တပါး ဝတ္ထုပြီး၏။

၉—နန္ဒိယဝတ္ထု

စိရပ္ပဝါသိ - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဂ္ဂသိပ္ပတနအရပ်၌ သီတင်းသုံး နေတော်မူစဉ် နန္ဒိယ အမည်ရှိသော သတ္တိသား ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

အသွင်တူမှ အိမ်သူ ဖြစ်ခြင်း

ဗာရာဏသီပြည်၌ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းတဦးအား နန္ဒိယ အမည်ရှိသော သားသည်ရှိသတတ် ထိုနန္ဒိယ သတ္တိသားသည် မိခင်ဘခင် တို့နှင့် လျောက်ပတ် သင့်တော်သောသတ္တိသား ဖြစ်၏။ ရတနာသုံးပါး၌ ကြည် ညိုခြင်း သဒ္ဓါတရားနှင့်လည်း ပြည့်စုံ၏ သံဃာအား လုပ်ကျွေး ခစားတတ်သော သူသည်လည်း ဖြစ်လေ၏ ထိုအခါ မိခင်ဘခင်တို့သည် နန္ဒိယသတ္တိသား၏ အရွယ် သို့ ရောက်လတ်သောကာလ၌ မျက်မှောက်ဖြစ်သော မျက်နှာချင်းဆိုင်အိမ်မှ ဦးရီး၏သွီး ရေဝတီအမည်ရှိသော သူငယ်မကို ယူဆောင်ခြင်းငှါ အလိုရှိကြကုန်၏ ထိုရေဝတီသည်ကား ရတနာ သုံးပါး၌ ကြည်ညိုယုံကြည်ခြင်းမရှိ ပေးကမ်း လှူဒါန်းခြင်း အလေ့လည်း, မရှိ နန္ဒိယသတ္တိသားသည် ထိုရေဝတီကို အလိုမရှိ ထိုအခါ နန္ဒိယသတ္တိသား၏ မိခင်သည် ရေဝတီကို ချစ်သွီးရေဝတီ သင်သည် ဤငါတို့အိမ်၌ ရဟန်းသံဃာ၏ နေရာအရပ်ကို နှံ့သာစသည်တို့ဖြင့် လိမ်းကျံ၍ နေရာတို့ကို ခင်းပါလေလော့ သပိတ်ခြေတို့ကို ထားပါလေလော့ ရဟန်းတို့ ကြွလာသောအခါ သပိတ်ကို လှမ်းယူစေ၍ နေထိုင်စေသဖြင့် ဓမ္မကရိုဏ်ဖြင့် သောက်ရေကို စစ်ပေးပြီးလျှင် ဆွမ်းစားပြီးသော အခါ၌ သပိတ်တို့ကို ဆေးပါ လော့ ဤအမှုကြီးငယ်ကို ရွက်ဆောင်သည်ရှိသော် ငါ၏သားအား နှစ်သိမ့်စေ တတ်သောသူ ဖြစ်ပေလတ္တံ့ဟု သွန်သင်စကား ပြောကြားလေ၏ ထိုရေဝတီ သည် နန္ဒိယသတ္တိသား၏ မိခင်ဆိုတိုင်း ပြုလုပ်လေ၏။

ထိုအခါ ရေဝတီကိုဆုံးမခြင်းငှါ ခံ့ပေသည် ချစ်သားဟု သားအားပြောကြား လတ်သည်ရှိသော် ထိုသို့ ဖြစ်မူကောင်းပါပြီဟု ဝန်ခံလေ၏ နေ့ရက်ကို ပိုင်းခြား

---

၁ ဂ္ဂသိ+ပတန - ဘုရားပခန္ဓကဗုဒ္ဓါရဟန္တာ တည်းဟူသော မြတ်သော ဂ္ဂသိတို့၏ ကောင်း ကင်ခရီးမှ သက်ဆင်းရာအရပ်ဟူလို။ ထိုအရင်သည် ဗာရာဏသီမြို့အနီးသားကောင်တို့ အား ဘေးမဲ့ပေးရာ ဓိဂဒါဝုန်တောဒ္ဒ ရှိ၏။

မှတ်သားစေ၍ ထိမ်းမြားခြင်း မင်္ဂလာကိုပြုလုပ်ကြလေကုန်၏ ထိုအခါ ရေဝတီကို နန္ဒိယ သတ္တိသားသည် ရဟန်းသံဃာကိုဂုဏ်း ငါ၏မိဘတို့ကိုဂုဏ်း အကယ်၍ သင်လုပ်ကျွေး ပြုစုနိုင်သည်ဖြစ်အံ့ ထိုသို့လုပ်ကျွေး ပြုစုနိုင်သည်ရှိသော် ဤအိမ်၌ နေခြင်းငှါ ရလတ္တံ့ မမေ့မလျော့သောသူ ဖြစ်ဘိလော့ဟု ဆိုလေ၏ ရေဝတီသည်လည်း ကောင်းပါပြီဟု ဝန်ခံ၍ နှစ်ရက်သုံးရက်တို့ပတ်လုံး ကြည်ညိုသော သဒ္ဓါတရားရှိသော သူကဲ့သို့ ဖြစ်၍ လင်ယောကျ်ားကို လုပ်ကျွေးပြုစုကာ နေထိုင်စဉ် သားနှစ်ယောက်တို့ကို ဖွားမြင်လေ၏ နန္ဒိယလုလင်၏ မိဘတို့သည်လည်း စုတေမနေ ကွယ်လွန်ကြလေကုန်၏ အိမ်၌ အလုံးစုံသော စည်းစိမ် ချမ်းသာသည် ထိုရေဝတီအား သာလျှင်ဖြစ်လေ၏။

ကောင်းမှုရှင်မသေမီ နတ်ဗိမာန် ပေါ်ပေါက်ခြင်း

နန္ဒိယ သတ္တိသားသည်လည်း မိခင်ဘခင်တို့၏ စုတေမနေ ကွယ်လွန်လေသောအခါမှစ၍ မြတ်သော အလှဴရှင်ကြီးတယောက် ဖြစ်လျက် ရဟန်း သံဃာအား အလှူကို ဖြစ်စေလေ၏ အထီးကျန်သောသူ ခရီးသွားသော သူတို့အား လည်း အိမ်တံခါး၌ ပြကတော့ ပေးလှူမြဲဖြစ်သောဝတ်ကို ဖြစ်စေလေ၏ ထိုနန္ဒိယ သတ္တိသားသည် နောက်အဘို့၌ မြတ်စွာဘုရား၏ တရား ဒေသနာတော်ကို ကြားနာရသဖြင့် ကျောင်းလှူခြင်း၌ ရအပ်သော အကျိုးကို မှတ်သားလျက် ဣသိပတန မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ တိုက်ခန်း လေးဆယ်တို့ဖြင့် တန်ဆာဆင်းအပ်သော မုခ်ဇုတ် လေးခုရှိသော ကျောင်းကို ဆောက်လုပ်စေပြီးလျှင် ညောင်စောင်း အင်းပျဉ်စသည်တို့ကို ခင်းစေသဖြင့် ထိုကျောင်းကို ပြီးစေလျက် ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းအား အလှူကိုပေးလှူ၍ မြတ်စွာဘုရားအား မြတ်သော အလှူရေစက်ကို သွန်းချ လှူဒါန်း ပူဇော်လေ၏ မြတ်စွာဘုရား၏ လက်တော်၌ မြတ်သော အလှူရေစက် ကျရောက် တည်ရှိသည်နှင့်တပြိုင်နက်သာလျှင် တာဝတိံသာ နတ်ပြည်ဝယ် အလုံးစုံသော အရပ်မျက်နှာတို့၌ တဆဲ့နှစ်ယူဇနာရှိသော အထက်သို့ ယူဇနာတရာ အစောက်မြင့်သော ရတနာခုနစ်ပါးဖြင့် ပြီးသည်ဖြစ်၍ နတ်သမီးအပေါင်းနှင့် ပြည့်စုံသော နတ်၏ ပြာသာဒ်ဟုသည် ပေါ်ပေါက်နှင့်လေ၏ ထိုအခါ တနေ့သ၌ ရှင်မဟာ မောဂ္ဂလာန်မထေရ်သည် ဒေသစာရီ ကြွခရီတော်မူလတ်သည်ရှိသော် ထိုပြာသာဒ်၏အနီး၌ ရပ်လျက်

မိမိထံမှောက်သို့ ရောက်လာကုန်သော နတ်သားတို့ကို နတ်သားတို့ နတ်သမီး အပေါင်း ခြံရုံလျက်ရှိသော အဘယ်သူအား ဤနတ်ပြာသဒ်သည် ပေါ်ပေါက်နေသနည်းဟု၊ မေးမြန်းတော်မူလေ၏ ထိုအခါ ရှင်မောဂ္ဂလာန်အား နတ်သားတို့သည် ဗိမာန်ရှင်ကို ကြားလိုကုန်သည်ဖြစ်၍ အရှင်ဘုရား နန္ဒိယအမည်ရှိသော အကြင် သူကြွယ်သည် ဣသိပတန အရပ်၌ မြတ်စွာဘုရားအား ကျောင်းကို ဆောက်လုပ်၍ လှူဒါန်းပါသည် ထို နန္ဒိယသူကြွယ်၏ အလိုဌာ ဤဗိမာန်သည် ပေါ်ပေါက်နှင့်ပါသည်ဘုရားဟု လျှောက်ကြားကြလေကုန်၏။

ကောင်းမှုရှင်ထံ နတ်သမီးတို့ မှာကြားပုံ

နတ်သမီး အပေါင်းသည်လည်း ထိုရှင်မောဂ္ဂလာန်ကို မြင်ရလျှင် ပြာသာဒ် ထက်မှ သက်ဆင်းတဲ့၍ အရှင်ဘုရား တပည့်တော်မတို့ကား နန္ဒိယ သတို့သား၏ ခြေရင်း အလုပ်အကျွေးတို့ ဖြစ်ကြပါကုန်အံ့ဟု၊ ဤပြာသာဒ်၌ ဖြစ်နှင့်ရပါကုန်၏ ထိုဗိမာန်ရှင် နန္ဒိယ သတို့သားကို မမြင်ရပါသောကြောင့် အလွန်လျှင် ပျင်းရိငြီးငွေ့လှပါပြီဘုရား လူ့စည်းစိမ်ကိုစွန့်၍ နတ်စည်းစိမ်ကို ယူရခြင်းသည် မြေခွက်ကိုခဲ၍ ရွှေခွက်ကို ယူရခြင်းနှင့် တူပါသည်ဘုရား ဤနတ်ပြည်သို့ လာရောက်ခြင်း အကျိုးငှါ ထိုနန္ဒိယ သတို့သားကို အမိန့်ရှိတော်မူပါ ဘုရားဟု လျှောက်ကြားကြ လေကုန်၏ ရှင်မောဂ္ဂလာန် မထေရ်သည်လည်း ထိုတာဝတိံသာ နတ်ပြည်မှ ပြန်လာ၍ မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရား လူ့ပြည်၌ တည်နေကြကုန်သည်သာလျှင် ဖြစ်ကုန်သော ပြုအပ်သော ကောင်းမှုရှိသော သူတို့အလိုဌာ နတ်ပြည်၌ စည်းစိမ်သည် ဖြစ်နှင့်ကောင်းပါသလော ဘုရားဟု မေးလျှောက်လေ၏ ချစ်သားမောဂ္ဂလာန် နတ်ပြည်၌ နန္ဒိယသူကြွယ်၏ အလိုဌာ ဖြစ်သော နတ်စည်းစိမ်ကို သင်ကိုယ်ထိုင် မြင်ခဲ့ပြီမဟုတ်လော အဘယ့်ကြောင့် ငါဘုရားကို မေးမြန်းဘိသနည်းဟု မိန့်တော်မူလျှင် မြတ်စွာဘုရား ဤအတိုင်း ဖြစ်ပါသည်ဘုရားဟုလျှောက်လေ၏ ထိုအခါ မြတ်စွာဘုရားသည် ရှင်မောဂ္ဂလာန် မထေရ်ကို ချစ်သား မောဂ္ဂလာန် အဘယ့်ကြောင့် ဤစကားကို သင်ဆိုဘိသနည်း ကြာမြင့်စွာ ကွေကွင်းခြင်းရှိသော သားသမီးကို၎င်း ညီအစ်ကိုကို၎င်း ကွေကွင်းရာအရပ်မှ ရောက်လာသော သူကို၎င်း ရှာတံခါး၌ တည်သော 'တစုံတယောက်သောသူသည် မြင်ရလျှင် လျင်မြန်စွာ အိမ်သို့သွား၍ ဤမည်သော

သူသည် ရောက်လာပြီဟု ပြောကြားရာ၏ ထိုအခါ ထိုသူ၏ အဆွေအမျိုးတို့သည် အလွန် ရှင်လန်းဝမ်းမြောက်ကြကုန်သည်ဖြစ်၍ လျင်မြန်စွာ ထွက်လာခဲ့ပြီးလျှင် ချစ်သား လာရောက်ခဲ့ပြီလား ချစ်သား အနာရောဂါကင်း၍ ကျန်းကျန်းမာမာရှိပါ၏လား စသည်ဖြင့် နှုတ်ဆက်ခြင်းကို ပြုလျက် ထိုကွေ့ကွင်းနေသော သူ့ကို အလွန်နှစ်သက် ဝမ်းမြောက်ကုန်သကဲ့သို့ ဤအတူသာလျှင် ဤလူ့ပြည်၌ ပြုအပ်သော ကောင်းမှုရှိသော မိန်းမကိုဂုဏ်း ယောကျ်ားကိုဂုဏ်း ဤလောကကို စွန့်၍ တမလွန်ဘဝသို့ သွားသည်ရှိသော် ဆယ်ပါး အပြားရှိသောနတ်၏ လက်ဆောင်ကိုယူ၍ ငါရှေးဦးစွာ ငါရှေးဦးစွာဟု ခရီးဦးကြိုဆိုလျက် နတ်တို့သည် လွန်စွာ ဝမ်းမြောက်ကြ ကုန်၏ဟု မိန့်တော်မူ၍ ဤဂါထာတို့ကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၁၈ စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။
ဉာတိမိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။

၂၁၉ တထေဝ ကတပုညမ္ပိ၊ အသ္မာလောကာ ပရံဂတံ။
ပုညာနိ ပဋိဂ္ဂဏှန္တိ၊ ပိယဉာတီဝ အာဂတံ။

စိရပ္ပဝါသိံ၊ ကြာမြင့်စွာ ကွေ့ကွင်းခြင်း ရှိသော။ သောတ္ထိံ၊ ရအပ်သော စည်းစိမ်ချမ်းသာရှိသည်ဖြစ်၍။ ဒူရတော၊ ဝေးစွာသော အရပ်မှ။ အာဂတံ၊ ချမ်းသာစွာ ရောက်လာသော။ ပုရိသံ၊ ယောကျ်ားကို။ ဉာတိစ၊ မိမျိုးဘမျိုး ဖြစ်သော သူတို့သည်၎င်း။ မိတ္တာစ၊ အဆွေခင်ပွန်းတို့သည်၎င်း။ သုဟဇ္ဇာစ၊ နှလုံး အကျမ်းဝင်သူတို့သည်၎င်း။ အာဂတံ၊ ရောက်လာပြီတကား ဟူ၍။ အဘိနန္ဒန္တိ၊ အလွန်နှစ်သက် ဝမ်းမြောက်ကြကုန်၏။

တထေဝ-တောနကာရဏတ္ထေန၊ ထိုအကြောင်းဖြင့် သာလျှင်။ ကတပုညမ္ပိ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသော ပုဂ္ဂိုလ် ကိုလည်း။ အသ္မာလောကာ၊ ဤ

---

၁ နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အဇ္ဈတ္တအရုံ အစိုးရခြင်း။ နတ်၌ဖြစ်သော
၂ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဤဆယ်ပါးကား နတ်ပြည် လက်ဆောင် မည်၏ဟူလို။

လောကမှ။ ပရံ လောကံ၊ တမလ္ဘန်ဘဝသို့။ ဂတံ၊ ရောက်သွားသည်ရှိသော်။ ပုညာနိ၊ ကောင်းမှုတို့သည်။ ပိယညာတိ၊ ချစ်ခင်သော အဆွေအမျိုးတို့သည်။ ပိယညာတိံ၊ ချစ်ခင်အပ်သော အဆွေအမျိုးကို။ ပဋိဂ္ဂဏှန္တိဣဝ၊ ဝမ်းမြောက်စွာ ကြိုဆိုကြကုန်သကဲ့သို့။ အာဂတံ၊ ရောက်လာပြီတကားဟူ၍။ ပဋိဂ္ဂဏှန္တိ၊ အာယုဝဏ္ဏ စသော သမ္ပတ္တိကို ပေးသောအားဖြင့် ဝမ်းမြောက်စွာ ကြိုဆိုကြကုန်၏။

[ကုသိုလ်တို့သည် မိဘဆွေမျိုးအရာ၌ တည်၍ ကြိုဆိုကြကုန်၏ ဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ မျှားစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

နန္ဒိယဝတ္ထုပြီး၏။

ဤတွင်ရွှေကား တဆဲ့ခြောက်ခုမြောက်သော

ပိယဝဂ်အဖွင့်ပြီး၏။

၁၇-ကောဓဝဂ်

၁—ရောဟိနီမင်းသျီးဝတ္ထု

ကောဓံဇဟေ- အစရှိသော ဤဟရား ဒေသနာတော်ကို မြတ်စွာဘုရားသည် နိဂြောဓာရုံ ကျောင်းတော်၌ နေတော်မူစဉ် ရောဟိနီမည်သော မင်းသျီးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ရောဟိနီ၏ နူနာရောဂါနှင့် ဆွမ်းစားကျောင်းအလှူ

တပါးသောအခါ အရှင်အနုရုဒ္ဓါ မထေရ်သည် ငါးရာသော ရဟန်းတို့နှင့် အတူတကွ ကပိလဝတ်ပြည်သို့ ကြွသွားတော်မူသတတ် ထိုအခါ အရှင်အနုရုဒ္ဓါ မထေရ်၏ ဆွေတော်မျိုးတော်တို့သည် အနုရုဒ္ဓါမထေရ်မြတ်ကြွလာပြီ ဟူသော စကားကို ကြားရလျှင် မထေရ်မြတ်၏ နှမဖြစ်သော ရောဟိနီမည်သော မင်းသျီးကို ထားခဲ့၍ မထေရ်မြတ်၏ အထံ့ဖြစ်သော ကျောင်းတော်သို့ သွားရောက်ကြလေကုန်၏ ရှင်အနုရုဒ္ဓါမထေရ်သည် ဆွေတော် မျိုးတော်တို့ကို ရောဟိနီကား အဘယ်မှာနည်းဟု မေးတော်မူလေ၏ အရှင်ဘုရား အိမ်၌ ရှိပါသည်ဘုရားဟု လျှောက်ကြကုန်သော် အဘယ့်ကြောင့် ဤကျောင်းသို့ မလာဘိသနည်းဟု မေးတော်မူပြန်လေ၏ အရှင်ဘုရား ထိုရောဟိနီ၏ကိုယ်၌ ဆဝိရောဂါမည်သော အရေ၌ဖြစ်သော အနာရောဂါ ဖြစ်နေသည်ဟု ရှက်နိုးလှသဖြင့် မလိုက်လာပါ ဘုရားဟု လျှောက်ကြကုန်သည်ရှိသော် ထိုအနုရုဒ္ဓါ မထေရ်သည် ရောဟိနီကို ခေါ်ချေကြကုန်လော့ဟု ခေါ်စေတော် မူသောကြောင့် အဝတ် သင်တိုင်းကို ဝတ်ဆင်၍ ရောက်လာသော ရောဟိနီကို ရောဟိနီ အဘယ့်ကြောင့် မလာဘိသနည်းဟု မိန့်တော်မူလေ၏ အရှင်ဘုရား တပည့်တော်မ၏ ကိုယ်၌ အရေ၌ ဖြစ်သော အနာရောဂါသည် ဖြစ်နေပါသည့် ထို့ကြောင့် ရှက်နိုးလှသဖြင့် မလာရပါဘုရားဟု လျှောက်ကြားလတ်သော် အသို့နည်း သင်သည် ကောင်းမှုပြုခြင်း ငှါ မသင့်လေသလော်ဟု မေးတော်မူလေ၏ အရှင်ဘုရား အဘယ်ကောင်းမှုကို ပြုရပါမည်နည်း ဘုရားဟု မေးလျှောက် လတ်သည် ရှိသော် ဆွမ်းစား စရပ်ကို ဆောက်လုပ်လေလော့ဟု မိန့်တော်မူလေ၏ အဘယ်ဥစ္စာကိုယူ၍ ဆောက်လုပ်

---

၁ ဆဝိ + ရောဂါ—အဝရပေါ်၌ + ဖြစ်သောအနာရောဂါ။ နူနာတို့ဘွင် အတွင်းငင်သောအနာ ဖြစ်သောဟူ၏။

ရပါအံ့နည်း ဘုရားဟု မေးလျှောက်ပြန်လတ်သော် သင့်အား ဝတ်ဆင်သော တန်ဆာသည် မရှိလေပြီလော၊ မိန့်တော်မူလေ၏ အရှင်ဘုရား ရှိပါသည် ဘုရားဟု လျှောက်ကြားလတ်သော် အဘိုးမည်မျှထိုက်တန်အံ့နည်းဟု မေးတော်မူလေ၏ အဘိုးတသောင်း ထိုက်တန်ပါလိမ့်မည် ဘုရားဟု လျှောက်ကြားလတ်သော် ထိုသို့ဖြစ်မူ ထိုတန်ဆာကိုစွန့်၍ ရောင်း၍ ဆွမ်းစားစရပ် ဆောက်လုပ်လေလော့ဟု မိန့်တော်မူပြန်လေ၏ အရှင်ဘုရား အဘယ်သူသည် တပည့်တော်မ အတွက် ဆောက်လုပ်ပေးပါလိမ့်မည်နည်း ဘုရားဟု လျှောက်ပြန်လတ်သော် အနုရုဒ္ဓါမထေရ်မြတ်သည် အနီး၌ တည်နေကုန်သော ဆွေတော်မျိုးတော်တို့ကို ကြည့်ရှု၍ သင်တို့၏ တာဝန် ဖြစ်စေလော့ဟု မိန့်တော်မူလေ၏ အရှင်ဘုရား အရှင်ဘုရားတို့သည်ကား အဘယ်အမှုကို ပြုလုပ်တော်မူကြပါအံ့နည်း ဘုရားဟု လျှောက်ကြားလတ်သည်ရှိသော် ငါသည်လည်း ဤအရပ်၌ ရှိသည်ဖြစ်လတ္တံ့ဟု မိန့်ဆိုတော် မူပြီးလျှင် ထိုသို့ဖြစ်မူ ထိုဆွမ်းစား စရပ်၏ အလို့ငှါ သစ်သား အဆောက်အဦးတို့ကို ဆောင်ယူကြကုန်လော့ဟု မိန့်တော်မူလေ၏။

ကုသိုလ်ပြုခြင်းကြောင့် ဝေဒနာသက်သာခြင်း

ဆွေတော်မျိုးတော်တို့သည် ကောင်းပါပြီ အရှင်ဘုရားဟု ဝန်ခံ၍ ဆောင်ယူကြလေကုန်၏ ရှင်အနုရုဒ္ဓါ မထေရ်မြတ်သည် ဆွမ်းစားစရပ်ကို စီရင်တော်မူလျက် ရောဟိနီကို အမိန့်ရှိသည်မှာ ဘုံနှစ်ဆင့်ရှိသော ဆွမ်းစားစရပ်ကို ဆောက်လုပ်စေသဖြင့် အထက်၌ ပျဉ်ချပ်တို့ကို ခင်းသောကာလမှစ၍ စရပ်၏ အောက်ထပ်ကို အမြဲမပြတ် တံမြက်လှည်း၍ နေရာတို့ကို ခင်းကျင်းလေလော့ အမြဲမပြတ် သောက်ရေအိုးတို့ကို တည်ထားလေလော့ဟု မိန့်ဆိုတော်မူလေ၏ ရောဟိနီသည် အရှင်ဘုရား ကောင်းလှပါပြီဘုရားဟု ဝန်ခံ၍ ဆင်မြန်းသော တန်ဆာကိုရောင်းပြီးလျှင် ဘုံနှစ်ဆင့်ရှိသော ဆွမ်းစား စရပ်ကို ဆောက်လုပ်စေ၍ အထက်၌ ပျဉ်ချပ်ခင်းသော ကာလမှစ၍ စရပ်၏ အောက်ထပ်ကို တံမြက်လှည်းခြင်း စသည်တို့ကို ပြုလုပ်လေ၏ ရဟန်းတို့သည် အမြဲမပြတ် နေထိုင်ကြရကုန်၏ ထိုအခါ ရောဟိနီအား ဆွမ်းစားစရပ်ကို တံမြက်လှည်းစဉ် သာလျှင် အရေဒ္ဓဖြစ်သော အနာရောဂါသည် ညှိုးနွမ်းလာလေ၏ ဆွမ်းစားစရပ် ပြီးလတ်သည်ရှိသော် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာတော် အပေါင်းအား ပင့်ဘိတ်

၍ ဆွမ်းစားစရပ်ကို ပြည့်စေသဖြင့် သီတင်းသုံး နေထိုင်တော်မူသော မြတ်စွာဘုရားအမှူးရှိသော ရဟန်း သံဃာတော်အပေါင်းအား မွန်မြတ်သော ခဲဘွယ်ကို လှူဒါန်း ဆက်ကပ်လေ၏။

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးသည်ရှိသော် ဤစကားလှူသည် အဘယ်သူ၏ အလှူနည်းဟု မေးတော်မူလေ၏ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ နှုမဖြစ်သော ရောဟိနီမင်းသွီး၏ အလှူဖြစ်ပါသည် ဘုရားဟု လျှောက်ကြားလတ်သော် ထိုရောဟိနီသည်ကား အဘယ်မှာနည်းဟု မေးတော်မူပြန်၏ မြတ်စွာဘုရား အိမ်၌ ရှိပါသည်ဘုရားဟု လျှောက်ကြားလတ်သော် ထိုရောဟိနီကို ဖခါ ချေလော့ဟု မိန့်တော်မူလေ၏ ရောဟိနီသည် လာခြင်းငှါ အလိုမရှိဘဲနေလေ၏ ထိုအခါ ရောဟိနီကို မြတ်စွာဘုရားသည် အလိုမရှိသော်လည်း ခေါ်စေတော်မူသည် သာလျှင်တည်း ရောက်လာပြီးသည်ရှိသော် ရှိခိုးလျက်နေသော ရောဟိနီကို ရောဟိနီ အဘယ်ကြောင့် မလာဘဲနေဘိသနည်းဟု မိန့်တော်မူလေ၏ မြတ်စွာဘုရား တပည့်တော်မ၏ကိုယ်၌ အရေခွံဖြစ်သော အနာရောဂါသည် ရှိနေပါသည်ဘုရား ထို့ကြောင့် ရှက်နိုးလှသဖြင့် မလာဘဲ နေရပါသည်ဘုရားဟု လျှောက်ကြားလတ်သော် အဘယ်ကိုမှီ၍ သင့်အား ဤအနာရောဂါ ဖြစ်ဘိသနည်း သိ၏လောဟု မေးတော်မူလေ၏ မြတ်စွာဘုရား မသိပါဘုရားဟု နားတော် လျှောက်လတ်သော် သင်၏ အမျက်ထွက်ခြင်းကို မှီ၍ ဤအနာရောဂါဖြစ်၏ဟု မိန့်တော်မူလေ၏ မြတ်စွဲဘုရား တပည့်တော်မသည် အဘယ်မကောင်းမှုကို ပြုမိပါသနည်း ဘုရားဟု နားတော် လျှောက်ပြန်သော် ထိုသို့ဖြစ်မူ နားထောင်လေလော့ဟု မိန့်တော်မူလေ၏ ထိုအခါ ရောဟိနီအား မြတ်စွာဘုရားသည် လွန်လေပြီးသော အကြောင်းကို ဤသို့ ဆောင်တော်မူလေ၏။

ရောဟိနီ၏ ရှေးအတိတ် မကောင်းမှု

လွန်လေပြီးသော်အခါ၌ ဗာရာဏသီပြည်ရှင် မင်းကြီး၏ မိဖုယားကြီးသည် မင်းကြီး၏ တယောက်သော ကနေ့ချသည်မအား ရန်ငြိုးဖွဲ့ပြီးလျှင် ထိုကချေသည်မအား ဆင်းရဲခြင်းကို ဖြစ်စေအံ့ဟု ကြံ၍ များစွာသော [1]ခွေးလေးသီးတို့

၁ ခွေးခေါလေးသီးဟူ၍၎င်း ခွေးငယ်သီးဟူ၍၎င်း ခေါ်ဝေါ်ကြ၏။ ယားယံခြင်းကို ဖြစ်စေတတ်သော အသီးတမျိုးဖြစ်၏။

ကို ဆောင်ယူစေပြီးလျှင် ထိုကချေသည်မကို မိမိအထံသို့ ခေါ်စေ၍ အကြင်အခြင်းအရာဖြင့် ကချေသည်မသည် မသိ ထိုအခြင်းအရာဖြင့် ကချေသည်မ၏ အိပ်ယာ၌ရှင်း အပေါ်လွှမ်း စုလျား ကော်ဇော အခင်း စသည်တို့ အကြားတို့၌ ရှင်း ခွေးလေးသီးမှုန့်တို့ကို ထားစေလေ၏ ပျက်ရယ်မှု ပြုသကဲ့သို့ ထိုကချေသည်မ၏ကိုယ်၌ ဖြန့်ကြဲလေ၏ ထိုခဏခြင်း ပင်လျှင် ကချေသည်မ၏ ကိုယ်သည် မီးလောင်ဖုနှင့်တူသော ယားနာဖု အပေါင်း ဖြစ်ရှာလေ၏ ကချေသည်မသည် ယားယံလှသဖြင့် အိပ်ယာ၌ သွား၍ အိပ်လေ၏ ထိုအိပ်ယာ၌လည်း ကချေသည်မအား ခွေးလေးသီးမှုန့်တို့သည် ကိုက်ခဲဘိသကဲ့သို့ ပြင်းပြသော ဝေဒနာသည် ဖြစ်ရရှာလေ၏ ထိုအခါ ရောဟိနီသည် မိဖုယားကြီး ဖြစ်ဘူးလေသတည်း မြတ်စွာဘုရားသည် ဤလွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၍ ရောဟိနီ ထိုအခါ သင်ရောဟိနီသည် ထိုသို့သော မကောင်းမှုကံကို ပြုဘူးလေပြီ အနည်းငယ်မျှလည်း ဖြစ်သော အမျက်ထွက်ခြင်းကို လည်းကောင်း ငြူစူခြင်းကိုလည်းကောင်း ပြုခြင်းငှါ မသင့်သော သဘောရှိသည် သာလျှင်တည်းဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၂၀ ကောဓံ ဇဟေ ဝိပ္ပဇဟေယျ မာနံ၊
သံယောဇနံ သဗ္ဗမတိက္ကမေယျ။
တံ နာမရူပသ္မိံ အသဇ္ဇမာနံ၊
အကိဉ္စနံ နာနုပတန္တိ ဒုက္ခာ။

ကောဓံ၊ အမျက်ဒေါသကို။ ဇဟေ၊ စွန့်ရာ၏။ မာနံ၊ မာန်မာနကို။ ဝိပ္ပဇဟေယျ၊ ပယ်စွန့်ရာ၏။ သဗ္ဗံသံယောဇနံ၊ အလုံးစုံသော သံယောဇဉ်ကို။ အတိက္ကမေယျ၊ လွန်မြောက်ရာ၏။ နာမရူပသ္မိံ၊ နာမ်ရုပ်၌။ အသဇ္ဇမာနံ၊ တွယ်တာကပ်ငြိခြင်းမရှိသော။ အကိဉ္စနံ၊ ရာဂစသော ကြောင့်ကြခြင်းမရှိသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဒုက္ခာ၊ ဆင်းရဲတို့သည်။ နာနုပတန္တိ၊ မကျနိုင်ကြကုန်။

ဒေသနာတော်၏အံကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏ ရောဟိနီသည်လည်း သောတာပတ္တိဖိုလ်၌

တည်သည်ဖြစ်၍ ထိုခဏခြင်းဌာသလျင် ရောဟိနီ၏ကိုယ်သည် ရှေအဆင်းနှင့် တူသော အဆင်းရှိသောကိုယ် ဖြစ်လေ၏။

ရောဟိနီကို နတ်သားလေးဦး လုခြင်းနှင့် သိကြားမင်း ဆုံးဖြတ်ပုံ

ထိုရောဟိနီသည် ထိုကိုယ်အဖြစ်မှ စုတေမနေ ကွယ်လွန်လေသည်ရှိသော် တာဝတိံသာ နတ်ပြည်ဝယ် နတ်သား လေးယောက်တို့၏ နယ်နိမိတ် အပိုင်း အခြားဌာဖြစ်၍ ကြည်လင် နှစ်သက်ဘွယ် တင့်တယ်သော ရုပ်အဆင်း အထူးသို့ ရောက်သည်ဖြစ်လေ၏ နတ်သား လေးယောက်တို့သည်လည်း ထိုရောဟိနီနတ်သမီး ကိုမြင်လျင် ဖြစ်သော ချစ်ခင်ခြင်း ရှိကုန်သည်ဖြစ်၍ ငါ၏အပိုင်းအခြား အတွင်း ဌာ ဖြစ်၏ဟု ပြောဆိုကြကုန်လျက် သိကြားနတ်မင်း၏ အထံသို့ သွားပြီးလျင် ဤနတ်သမီးကိုမှု၍ တရားတော့ခြင်း ဖြစ်ရပါသည် ထိုတရားကို စီရင်ဆုံးဖြတ်တော် မူပါဟု လျှောက်ကြားကြ လေကုန်၏ သိကြားမင်း သည်လည်း ထိုရောဟိနီ နတ်သမီးကို ကြည့်ရှု၍သာလျင် ဖြစ်သော ချစ်ခင်ခြင်း ရှိသည်ဖြစ်၍ ဤနတ်သမီး ကို မြင်ရသောကာလမှစ၍ အသင်တို့၏ စိတ်သည် အဘယ်သို့ ဖြစ်ကြကုန်ဘိ သနည်းဟု မေးစစ်လေ၏ ထိုအခါ နတ်သားတယောက်သည် အရှင်မင်းကြီး ကျွန်တော်မျိုး၏ သန္ဓာန်ဌဌဖြစ်သော စိတ်ကား စစ်မြေပြင်ဌဌ စည်ကြီးကဲ့သို့ ငြိမ်သက်ခြင်းငှါ မတတ်နိုင်ပါဟု လျှောက်လေ၏ နှစ်ယောက်မြောက် ဖြစ်သော နတ်သားသည် ကျွန်တော်မျိုး၏စိတ်ကား တောင်ကျ မြစ်ကဲ့သို့ လျင်မြန်စွာဖြစ် လျက်ရှိပါသည်ဟု လျှောက်လေ၏ သုံးယောက်မြောက်ဖြစ်သော နတ်သားသည် ကျွန်တော်မျိုး၏ မျက်စိတို့သည် ဤနတ်သမီးကို မြင်ရသောကာလမှစ၍ ပုဇွန်၏ မျက်စိကဲ့သို့ ထွက်ကုန်ပါသည်ဟု လျှောက်လေ၏ လေးယောက်မြောက်ဖြစ်သော နတ်သားသည်ကား ကျွန်တော်မျိုး၏ စိတ်သည် ဧစတီဌဌ စိုက်အပ်သော တံခွန်ကဲ့သို့ မတုန်မလှုပ် တည်တံ့ခြင်းငှါ မတတ်နိုင်ပါဟု လျှောက်လေ၏ ထိုအခါ နတ်သားတို့ကို သိကြားမင်းသည် အမောင်နတ်သားတို့ ရှေးဦးစွာ သင်တို့၏ စိတ်တို့သည် နှိမ်နင်းနိုင်သော သဘောရှိကြကုန်သေး၏ ငါသည်ကား ဤနတ်သမီး ကို ရသည်ရှိသော် အသက်ရှင်အံ့ မရချေသည်ရှိသော် ငါ့အား သေရခြင်း ဖြစ်ပေ လိမ့်တံ့ဟု ဆိုလေ၏ နတ်သားတို့သည် အရှင်မင်းကြီး အရှင်မင်းကြီးတို့၏ သေခြင်းဖြင့် အလိုမရှိပါဟု ဆိုကုန်၍ ထိုရောဟိနီ နတ်သမီးကို သိကြားမင်းအား.

စွန့်၍ ဖဲသွားကြလေကုန်၏ ထိုရောဟိနီနတ်သွီးသည် သိကြားမင်း၏ လွန်စွာ ချစ်ခင် မြတ်နိုးအပ် နှစ်လိုခြင်းကို ပွားစေတတ်သော နတ်သွီးဖြစ်လေ၏ ဤမည်သော ကုစားဖွဲ့သို့ ကျွန်မတို့ သွားချင်ကြပါသည်ဟု ဆိုသည်ရှိသော် သိကြားမင်းသည် ထိုနတ်သွီး၏စကားကို ပယ်ရှားခြင်းငှါ မတတ်နိုင်ရှာလေသတည်း။

ရောဟိနီမင်းသွီးဝတ္ထုပြီး၏။

၂—မထင်ရှားသော ရဟန်းဝတ္ထု

ယောဝေ ဥပ္ပတိတံ- အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ၁အဂ္ဂါဋ္ဌဝစေတီ၌ နေတော်မူစဉ် အမှတ်မရှိသောရဟန်းကို အကြောင်းပြု၍ ဟောတော်မူလေ၏။

သစ်ပင်စောင့်နတ် စိတ်ချုပ်တည်းပုံ

မြတ်စွာဘုရားသည် ရဟန်းသံဃာအား ကျောင်းကို ခွင့်ပြုတော်မူလတ်သည်ရှိသော် ။ဝါ။ ခွင့်ပြုတော်မူခြင်းကြောင့် ရာဇဂြိုဟ်ပြည်၌ သူဌေး စသော သူတို့သည် ကျောင်းတို့ကို ဆောက်လုပ်ကြကုန်သည်ရှိသော် အာဋ္ဌဝီတိုင်းသား ရဟန်းတပါးသည် မိမိအလို့ငှါ ကျောင်းကို ဆောက်လုပ်လိုသောကြောင့် နှစ်လိုဘွယ်ကောင်းသော သစ်ပင်တပင်ကိုမြင်လျှင် ဖြတ်ခြင်းငှါ အားထုတ်လေ၏ ထိုသစ်ပင်၌ဖြစ်သော နေသော ငယ်ရွယ်နုပျိုသော တဦးသော နတ်သည် နုပျိုသော သားငယ်ကို ရင်ခွင်ဖြင့် ပိုက်ချီကာ ရပ်လျက် အရှင်မြတ် တပည့်တော်၏ ၂ဗိမာန်ကို မဖြတ်ပါလင့် သားငယ်ကို ပိုက်ချီလျက် နေစရာမရှိသဖြင့် သွားလာလှည့်လည်ခြင်းငှါ မတတ်နိုင်ပါဘုရားဟု လျှောက်ထားတောင်းပန်ရှာလေ၏ ထိုရဟန်းသည် တပါးသော အရပ်၌ ဤသို့သဘောရှိသော သစ်ပင်ကို မရနိုင်လတ္တံ့ဟု ထိုနတ်၏စကားကို နားမထောင်ရကား နတ်သည် ဤသားငယ်ကိုလည်း ရှေးဦး

---

၁ အဂ္ဂါဋ္ဌဝ+စေတီ—အဂ္ဂါဋ္ဌဝဘီလူး သိမ်းဆည်းစောင့်ရှောက်၍ နေရာ=လူတို့ ပူဇော်ရာ စေတီဟု သမုတ်အပ်သော သစ်ပင်တည်း။

၂ ဗိမာန်ဟူသည် သစ်ပင်၏ အထက်၌ သစ်ပင်နှင့် စပ်၍တည်၏။ ဤဝတ္ထု၌ကား သစ်ကိုင်းနှင့်စပ်၍တည်သော ဗိမာန်ဖြစ်သည်။ ထိုစကားမှန်၏။ ရုက္ခဋ္ဌကဗိမာန်သည် သစ်ပင်၏ အမြစ်မျှ တည်သေးသော်လည်း မပျက်နိုင်။ သာဋ္ဌက ဗိမာန်ကား သစ်ကိုင်းတို့မရှိလျှင် ပျက်၏ဟု သာရတ္ထဒီပနီဋီကာ၌ဆို၏။

စွာ ကြည့်ရှုရလျှင် ရှောင်ကြဉ်ပေလတ္တံ့ဟု နှလုံးပြု၍ သားငယ်ကို သစ်ကိုင်း၌ ထားလေ၏ ထိုရဟန်းသည်လည်း မြောက်ချီအပ်သော ပုဆိန်ကို တည်တံ့စိမ့် သောငှါ မတတ်နိုင်ရကား နတ်သူငယ်၏ လက်ရုံးကို ဖြတ်မိလေ၏ နတ်သည် အားကြီးစွာဖြစ်သော အမျက်ဒေါသ ရှိခြင်းကြောင့် ပုတ်ခတ်၍ ထိုရဟန်းကို သတ်တော့အံ့ဟု လက်နှစ်ဘက်တို့ကို မြောက်ချီပြီးမှ ရှေးဦးစွာ ဤသို့ ကြံလေ၏ ဤရဟန်းသည်လည်း သီလရှိသော ရဟန်းဖြစ်၏ ငါသည် ဤရဟန်းကို အကယ်၍ သတ်မိငြားအံ့ ငရဲသို့လားရပေတော့အံ့ ကြွင်းသော နတ်တို့သည်လည်း မိမိ၏ သစ်ပင်ကို ဖြတ်ကုန်သော ရဟန်းတို့ကိုမြင်လျှင် ဤမည်သောနတ်သည် ရဟန်းကို ဤသို့သတ်လေ၏ဟု ငါ့ကို နှိုင်းယှဉ်ခြင်းကိုပြု၍ ရဟန်းတို့ကို သတ်ကြကုန်လတ္တံ့ ၂ဤရဟန်းသည်လည်း အရှင်သခင်ရှိသော ရဟန်းဖြစ်၏ အရှင်သခင်ဖြစ်သော မြတ်စွာဘုရားအား သာလျှင် လျှောက်ကြားတော့အံ့ဟု ကြံပြီးလျှင် မြောက်ချီသောလက်တို့ကို ပယ်၍ ငိုကြွေးလျက် မြတ်စွာဘုရား၏ အထံတော်သို့သွားသဖြင့် ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌ ရပ်တည်နေလေ၏ ထိုအခါ နတ်ကို မြတ်စွာဘုရားသည် နတ် အဘယ်သို့ ဖြစ်ဘိသနည်းဟု မိန့်တော်မူလေ၏ နတ်သည် ဘုန်းတော် ကြီးစတော်မူသော မြတ်စွာဘုရားရှင်တော် မြတ်ဘုရားတို့၏ တပည့် ရဟန်းသည် တပည့်တော်အား ဤမည်သော အမှုကို ပြုပါသည်ဘုရား တပည့်တော်သည် ထိုရဟန်းကို သတ်ခြင်းငှါ အလိုရှိသည်ဖြစ်လျက် ဤမည်သော အကြောင်းကို ကြံစည်ပြီးလျှင် မသတ်မူ၍သာလျှင် ဤဘုရားရှင်ရှိတော်မူရာ အရပ်သို့ လာပါသည် ဘုရားဟု အလုံးစုံသော ထိုအကြောင်းကို အကျယ်အားဖြင့် လျှောက်ကြားလေ၏ မြတ်စွာဘုရားသည် ထိုလျှောက်ချက်စကားကို ကြားတော်မူရလျှင် နတ် ကောင်းပေစွ ကောင်းပေစွ သင်သည် ကောင်းသော အမှုကို ပြုအပ်ပေ၏ ပြေးသော ရထားကို ရပ်တားနှိပ်နင်း နိုင်ဘိသကဲ့သို့ ဤသို့ထွက်သော အမျက်ဒေါသကို ရပ်တား နှိပ်နင်းလျက် လာခဲ့ပေသည် ဇကားဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

---

၁ ရုက္ခစိုးနတ် စသည်တို့၏ ကိုယ်တို့သည် ပြတ်ကောင်းကုန်၏။ စတုဟောရာဇ် စသော နတ်တို့၏ ကိုယ်တို့ကား မပြတ်ကောင်းကုန်။

၂ နတ်တို့သည် ရုက္ခခမ်ဘရား၌ တည်ရသည်။ ခုတ်ဖြတ်ခြင်းကြောင့် သစ်ပင်ကဲ့သို့ စိတ်ဆိုးခြင်း မဖြစ်ရဟူ၍လည်း ဝိနည်း၌ ဆိုသေး၏။

ဒေသနာတော်

၂၂၁ ယောဝေ ဥပ္ပတိတံ ကောဓံ၊ ရထံ ဘန္တံဝ ဝါရယေ။
တမဟံ သာရထိံ ဗြူမိ၊ ရသ္မိဂါဟော ဣတရော ဇနော။

ယော၊ အကြင်သူသည်။ ဝေ၊ စင်စစ်။ ဥပ္ပတိတံ၊ ဖြစ်သော။ ကောဓံ၊အမျက်ဒေါသကို။ ဘန္တံ၊အဟုန်ဖြင့် လျင်စွာပြေးသွားသော။ ရထံ၊ ရထားကို။ ဝါရယေ ဣဝ၊ တားမြစ်နိုင်ဘိသကဲ့သို့။ဝါရယေ၊ တားမြစ်နိုင်ရာ၏။တံ၊ထိုသူကို။သာရထိံ၊ လိမ္မာသောရထားထိန်းဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။ ဣတရော၊ ဤသူမှတပါးသော။ ဇနော၊ ပြည့်ရှင်မင်း အိမ်ရှေမင်းစသည်တို့၏ ရထားထိန်းသည်။ ရသ္မိဂါဟော၊ ကြိုးဆွဲသမား ကြိုးကိုင်သမားသာ မည်၏ (မြတ်သော ရထားထိမ်းမမည်ဟူလို)။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ၁နတ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော ဒေသနာ ဖြစ်တော်မူ၏။

ဘုရားသခင်သည် နတ်အား သစ်ပင်ကို ညွှန်ပြတော်မူခြင်း

နတ်သည် သောတာပန် ဖြစ်ပြီးသော်လည်း ငိုကြွေး မြည်တမ်းလျက်သာ နေလေ၏ ထိုအခါ ထိုနတ်ကို မြတ်စွာဘုရားသည် နတ် အကြောင်းကား အသို့နည်းဟု မေးတော်မူလျှင် မြတ်စွာဘုရား တပည့်တော်၏ ဗိမာန်သည် ပျက်စီးခဲ့ပါပြီ ယခုအခါ အဘယ်သို့ ပြုရပါအံ့နည်းဘုရားဟု လျှောက်လတ်သော် နတ်မကြံစည်လင့် မစိုးရိမ်လင့် ငါဘုရားသည် သင့်အား ဗိမာန်ကို ပေးအံ့ဟု မိန့်တော်မူ၏ ဇေတဝန်ကျောင်းတော် ဂန္ဓကုဋ္ဌိအနီး ရှေးဖြစ်သောနေ့၌ စုတေလေပြီးသော နတ်ရှိသော သစ်ပင်တပင်ကို ညွှန်ပြတော်မူလျက် ဤမည်သော့ အရပ်၌ ရှိသော သစ်ပင်သည် နတ်သားမှ ဆိတ်၏ ထိုသစ်ပင်သို့ ချဉ်းကပ်ချေလောဟု မိန့်တော်မူလေ၏ နတ်သည် သစ်ပင်သို့ ချဉ်းကပ်လေ၏ ထိုနေ့မှစ၍ ဤနတ်၏ ဗိမာန်သည်

---

၁ ဤနတ်ကား ဤအဌကထာ၌ဂုင်း ဝိနည်းပါဠိအဌကထာ၌ဂုင်း နတ်သွီးဖြစ်သည် နတ်သားဖြစ်သည်ဟု တိုက်ရိုက်အဆိုအဓိန့်မရှိ ဝိနည်းဋီကာ၌ကား နတ်သွီးဟု တိုက်ရိုက် အဆိုအဓိန့်ရှိ၏။

ဘုရားရှင်ပေးအပ်သော ဗိမာန်တည်းဟု တန်ခိုးကြီးသော နတ်တို့သော်လည်း လာ၍ ထိုနတ်ကို တုန်လှုပ်စေခြင်းငှာ မတတ်နိုင်ကြ မြတ်စွာဘုရားသည် ထိုအကြောင်းကို အကြောင်းရင်းပြု၍ ရဟန်းတော်တို့အား ဘူတဂါမ် သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

မထင်ရှားသော ရဟန်း ဝတ္ထုပြီး၏။

၃–ဥတ္တရာဥပါသိကာမဝတ္ထု

အကောဓေန ဇိနေကောဓံ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဌုဝန်ကျောင်းတော်၌ နေတော်မူစဉ် ဥတ္တရာ၏ အိမ်၌ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စကို ပြုတော်မူပြီးသည်ရှိသော် ဥတ္တရာမည်သော ဒါယိကာမကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ဆင်းရဲသား မောင်ပုဏ္ဏ လယ်ထွန်သွားခြင်း

ထိုဂါထာကို ဟောတော်မူရာ၌ ဤဆိုလတ္တံ့သည်ကား စကား အစဉ်တည်း ရာဇဂြိုဟ်ပြည်၌ သုမနအမည်ရှိသော သူဌေးကိုမှီ၍ ပုဏ္ဏ အမည်ရှိသော သူဆင်းရဲသည် အခစားအမှုပြုလျက် အသက်မွေးသတတ် ထိုပုဏ္ဏအား မယားသည်ဌင်း ဥတ္တရာအမည်ရှိသော သမီးသည်ဌင်း ဤသို့နှစ်ယောက်ကုန်သော အိမ်၌ နေသောသူတို့သည် ရှိကုန်၏ ထိုအခါ တနေ့သ၌ ခုနစ်ရက်ပတ်လုံး နက္ခတ်သဘင် ကစားရမည်ဟု ရာဇဂြိုဟ်ပြည်၌ ကြွေးကြော်ခြင်းကို ပြုကြကုန်၏ ထိုစကားကို ကြားရလျှင် သုမနသူဌေးသည် နံနက်စောစောကသာလျှင် ရောက်လာသော ပုဏ္ဏကိုခေါ်၍ အမောင် ငါတို့၏ ထက်ဝန်းကျင် အမှုလုပ် လူအပေါင်းသည် နက္ခတ်သဘင်ကို ကစားခြင်းငှါ အလိုရှိ၏ အမောင်ကား အသို့နည်း နက္ခတ်သဘင်ကို ကစားအံ့လော သို့တည်းမဟုတ် အခစားအမှုကို ပြုလုပ်အံ့လောဟု ဆိုလေ၏ အရှင်သူဌေးကြီး နက္ခတ် သဘင် ပျော်ရွှင် ကစားခြင်းမည်သည် ဥစ္စာရှိသူတို့ အလိုငှါ ဖြစ်ပေါ်ရပါသည် ကျွန်တော်၏အိမ်၌ကား နက်ဖြန်အလိုငှါ

---

၁ သို့ဘာ + ဂါမ် + သိက္ခာပုဒ် – ကြီးပွားဆဲ ကြီးပွားပြီးဖြစ်သော + သစ်ပင်အပေါင်းကို ဖုက်ဆီးခြင်းကြောင့် + ပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူသော သိက္ခာပုဒ်ဟူလို။

ယာဂုကြိုစရာ ဆန်မျှလည်း မရှိသေးပါ ကျွန်တော်အား နက္ခတ်သဘင် ကစား ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း ဒွဲးတို့ကို ရသည်ရှိသော် လယ်ထွန်ခြင်းငှါ သွားပါမည်ဟု, ဆိုရက၌း ထိုသို့ဖြစ်မူ ဒွဲးတို့ကို ယူခဲလာ့ဟု ဆိုခဲလေ၏ ထိုပုဏ္ဏ သည် အားရှိသော ဒွဲးတို့ကိုရင်း ထွန်ကိုရင်း ယူခဲ့ပြီးလျှင် နွမ မြို့သူမြို့သား တို့သည် နက္ခတ်သဘင်ကို ပျော်ရွှင်စွာ ကစားကြကုန်၏ ငါကား ဆင်းရဲခြင်း ကြောင့် အခစားအမှု ပြုလုပ်ခြင်းငှါ သွားပေအံ့ ငါ၏ အလိုဥာလည်း ယနေ့ များများနှစ်ဆဖြစ်သော ရိက္ခာကို ချက်၍ ထမင်းကို ဆောင်ခဲ့လေလော့ဟု ဆိုလျက် မယားအား မှာထား၍ လယ်တောသို့ သွားလေ၏။

ရှင်သာရိပုတြာအား ရေဒန်ပူလှူခြင်း

ရှင်သာရိပုတြာ မထေရ်သည်လည်း ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားတော်မူသည်ဖြစ်၍ ထိုနေ့၌ ထပြီးလျှင် ငါသည် အဘယ်သူအား ယနေ့ ချီးမြှောက်ခြင်းကို ပြုသင့်ပေသနည်းဟု ကြည့်ရှုလတ်သည်ရှိသော် မိမိ၏ ဉာဏ် တည်းဟူသော ကွန်ရက်အတွင်းသို့ ဝင်ရောက်လာသော ပုဏ္ဏကို မြင်တော်မူလျှင် ဤပုဏ္ဏသည် သဒ္ဓါ တရားရှိအံ့လော ငါ့အား ချီးမြှောက်ခြင်းကို ပြုခြင်းငှါ တတ် နိုင်ကောင်းအံ့လောဟု ကြည့်ရှုပြန်သည်ရှိသော် ထိုပုဏ္ဏ၏ သဒ္ဓါတရားရှိသည် အဖြစ်ကိုရင်း ချီးမြှောက်ခြင်းငှါ စွမ်းနိုင်သည်အဖြစ်ကိုရင်း ထိုချီးမြှောက်ခြင်း ဟူသောအကြောင်းကြောင့်သာလျှင် ပုဏ္ဏအား များစွာသော စည်းစိမ်ချမ်းသာ ရအံ့သည်ကိုရင်း သိတော်မူသဖြင့် သပိတ် သင်္ကန်းကို ယူတော်မူလျက် ထိုပုဏ္ဏ၏ လယ်ထွန်ရာအရပ်သို့ သွားပြီးလျှင် ရေတွင်း၏ ကမ်းပါး၌ ချုံတခုကိုကြည့်ရှုကာ ရပ်တော်မူလေ၏ ပုဏ္ဏသည် ရှင်သာရိပုတြာမထေရ်ကိုမြင်လျှင်မြင်ခြင်း လယ်ထွန် ခြင်းကို ရပ်ထား၍ ငါးပါးသော တန့်ခြင်းဖြင့် ရှင်သာရိပုတြာမထေရ်ကို ရှိခိုး ပြီးလျှင် ဒန်ပူဖြင့် အလိုတော်ရှိသည်ဖြစ်လတ္တံ့ဟု နှလုံးပြု၍ ဒန်ပူကို ဖြတ်တောက် ခြင်းကို ပြု၍ ပေးလှူလေ၏ ထိုအခါ ပုဏ္ဏအား မထေရ်မြတ်သည် သပိတ်ကိုရင်း ရေစစ်ကိုရင်း ထုတ်၍ပေးတော်မူလေ၏ ပုဏ္ဏသည် သောက်ရေဖြင့် အလိုတော် ရှိသည်ဖြစ်လတ္တံ့ဟု သပိတ်နှင့်ရေစစ်ကို ယူပြီးလျှင် သောက်ရေကိုစစ်၍ လှူဒါန်း ဆက်ကပ်လေ၏ ရှင်သာရိပုတြာမထေရ်သည် ဤသူကား သူတပါးတို့၏ အိမ် နောက်၌ နေရရှာ၏ ထိုအိမ်တံခါးသို့ အကယ်၍ ငါဝင်ခဲ့ငြားအံ့ ဤသူ၏

မ့ယားသည် ငါ့ကိုဖူးမြင်ခြင်းငှါ မရနိုင်လတ္တံ့ အကြင်မျှလောက် ကာလပတ်လုံး ဤပုဏ္ဏ၏အလိုငှါ ထမင်းကိုယူ၍ ခရီးလမ်းမသို့ ရောက်လာ၏ ထိုမျှလောက် ကာလပတ်လုံး ဤအရပ်၌သာလျှင် ဖြစ်ဦးအံ့ ဆိုင်းငံ့ကာ နေဦးအံ့ဟု ကြံစည်တော်မူလေ၏။

မောင်ပုဏ္ဏ၏ မယား ဆွမ်းလှူခြင်း

ထိုရှင်သာရိပုတြာသည် ထိုအရပ်၌သာလျှင် အတန်ငယ်ကာလကို လွန်စေတော်မူပြီးလျှင် သူဆင်းရဲမ၏ခရီးလမ်းမသို့ တက်သည်အဖြစ်ကို သိတော်မူသဖြင့် မြို့တွင်းသို့ ရှေးရှု ကြွသွားတော်မူလေ၏ သူဆင်းရဲမသည် ခရီးလမ်းမအလယ်၌ ရှင်သာရိပုတြာမထေရ်ကိုမြင်ရလျှင် ဤသို့ကြံမိလေ၏ ငါသည် တရံတခါ လူဘွယ်ဝတ္ထုရှိလျက် အရှင်မြတ်ကိုမမြင် တရံတခါ ငါ၏အရှင်မြတ်ကို မြင်ရပါ၏ လူဘွယ်ဝတ္ထုမရှိ ယနေ့မူကား ငါသည် အရှင်မြတ်ကိုလည်း မြင်ရ၏ ဤလူဘွယ်ဝတ္ထုသည်လည်း ရှိခဲ့၏ ငါ့အား ချီးမြှင့်ခြင်း ပြုပါလိမ့်မည်လောဟု ကြံပြီးလျှင် ထိုသူဆင်းရဲမသည် ထမင်းခွက်ကိုချ၍ မထေရ်မြတ်ကို ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးပြီးလျှင် အရှင်ဘုရား ဤဆွမ်းကို ညှဲဖျင်း၏ဟူ၍ငင်း မှန်မြတ်၏ ဟူ၍ငင်း ကြံစည်တော် မမူပါဘဲ အရှင်ဘုရားတို့၏ ကျေးကျွန် တပည့်မဲ့အား ချီးမြှောက်ထောက်ပံ့ခြင်းအမှုကို ပြုတော်မူကြပါ ဘုရားဟု လျှောက်ကြားလေ၏ မထေရ်မြတ်သည် သပိတ်ကို ညွတ်တော်မူပြီးလျှင် ထိုသူ့ဆင်းရဲမသည် လက်တဘက်ဖြင့် ထိုထမင်းခွက်မှ (ထမင်းကို) ဆွမ်းကို လှူဒါန်းစဉ် ထက်ဝက်သောဆွမ်းကို လှူအပ်သည်ရှိသော် တန်ပြီဟူ၍ လက်တော်ဖြင့် သပိတ်ကို ပိတ်တော်မူ၏။

ထိုသူဆင်းရဲမသည် အရှင်ဘုရား တယောက်စာအတွက် တခုသောအဘို့ကို နှစ်ဘို့ ပြုခြင်းငှါ မတတ်ကောင်းပါဘုရား အရှင်ဘုရားတို့၏ ကျေးကျွန်အား ဤပစ္စုပ္ပန်လောကအတွက် ချီးမြှောက်သင့်ဟိုခြင်းကို ပြုတော်မမူပါဘဲ တမလွန်လောကအတွက် ချီးမြှောက်သင့်ဟိုခြင်းကို ပြုတော်မူကြပါဘုရား အကြွင်းမဲ့သာလျှင် လှူခြင်းငှါ အလိုရှိပါသည်ဘုရားဟု လျှောက်ကြားပြီးလျှင် အလုံးစုံသော ဆွမ်းကိုသာလျှင် ရှင်သာရိပုတြာ မထေရ်မြတ်၏ သပိတ်တော်၌ လောင်းထည့်သဖြင့် အရှင်ဘုရားတို့ သိမြင်အပ်သော တရား၏သာလျှင် အဘို့ရှိသည် ဖြစ်ပါ

စေသောဟု ၁ ပတ္ထနာအမှု ၊ ဆုတောင်းခြင်းကို ပြုလေ၏ ရှင်သာရိပုတြာမထေရ်သည် ဤသို့ တောင်းသည့် ဆုအတိုင်း ပြည့်စုံစေသောဟု မိန့်တော်မူပြီးလျှင် ရပ်တော်မူလျက်သာလျှင် အနုမောဒနာကိုပြု၍ ရေ ရလွယ်၍ ချမ်းသာရာအရပ်တခု၌ နေထိုင်ကာ ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုတော်မူလေ၏။

မောင်ပုဏ္ဏ၏မယား ကုသိုလ်ပွားအောင် ပြောပြပုံ

သူဆင်းရဲမသည်လည်း အိမ်သို့ ပြန်လည်၍ ဆန်တို့ကို ရှာပြီးလျှင် ထမင်းကို ချက်ရပြန်လေ၏ ပုဏ္ဏသည်လည်း ရှစ်မင်းပယ်မျှ လောက်သော အရပ်ကို လယ်ထွန်ပြီးလျှင် မွတ်သိပ် ဆာလောင်ခြင်းကို သည်းခံခြင်းငှါ မတတ်နိုင်ရကား နွားတို့ကို လွှတ်လိုက်၍ တခုသော သစ်ပင်ရိပ်သို့ ဝင်သဖြင့် လမ်းခရီးကိုမျှော်ကြည့်ကာ နေရှာလေ၏ ထိုအခါ ပုဏ္ဏ၏မယားသည် ထမင်းကိုယူ၍ သွားသည်ရှိသော် ထိုပုဏ္ဏကို မြင့်လျှင်မြင်ခြင်း ဤပုဏ္ဏသည် မွတ်သိပ် ဆာလောင်ခြင်းဖြင့် နှိပ်စက်ခြင်းကြောင့် လမ်းခရီးကို မျှော်ကြည့်ကာ နေရှာလေ၏ ငါ့ကို အလွန်လျှင် ကြာမြင့်လှတိ၏ဟု မောင်းမဲ၍ နှင်တံရိုးဖြင့် အကယ်၍ ပုတ်ခတ်သည်ဖြစ်အံ့ ငါပြုအပ်သော ကောင်းမှုသည် အကျိုးမရှိ ဖြစ်တော့အံ့ ထိုခင်ပွန်းသည် ပုဏ္ဏအား ရှေးဦးမဆွ ကြိုတင်၍သာလျှင် ပြောကြားပေတော့အံ့ဟုကြံ၍ အရှင်ယနေ့ တနေ့ပတ်လုံး စိတ်ကို ကြည်ဖြူစေပါလော့ ကျွန်မပြုအပ်သော ကောင်းမှုကို အကျိုးမဲ့ မပြုပါလင့် ကျွန်မသည် နံနက်စောစောက သာလျှင် ထမင်းကို ဆောင်ယူခဲ့လေရာ လမ်းခရီးအကြား၌ တရားစစ်သူကြီး ဖြစ်သော ရှင်သာရိပုတြာကို ဖူးမြင်ရ၍ ထိုထမင်းကို ထိုရှင်သာရိပုတြာအား လှူဒါန်းပြီးမှ တဖန်ပြန်သွား၍ ထမင်းချက်ပြီး လာရပါသည် စိတ်ကို ကြည်ဖြူစေပါလော့ဟု တင်ကြိုကာ ဆိုရှာလေ၏။

ထိုသူဆင်းရဲပုဏ္ဏသည် ချစ်နှမ သင်သည် အဘယ်စကားကို ဆိုသနည်းဟု မေးလေသောကြောင့် တဖန် ထိုအကြောင်းကို ကြားပြန်လတ်သော် ချစ်နှမ ငါ့အလို့ငှါ ဆောင်ခဲ့သော ထမင်းကို ရှင်သာရိပုတြာအား ပေးလှူခြင်းအားဖြင့်

---

၁ အရှင်မြတ်ဘုရားတို့သည် နိဗ္ဗာန်ကို မဂ်ဥာဏ် ဖိုလ်ဥာဏ်ဖြင့် သိမြင်တော်မူကြသကဲ့သို့ တပည့်တော်မ သည်လည်း နိဗ္ဗာန်ကို မဂ်ဥာဏ် ဖိုလ်ဥာဏ်ဖြင့် သိမြင် ရပါလို၏ဟု ဆုတောင်းခြင်းပင်တည်း။

သင်ပြုအပ်သောအမှုသည် ကောင်းလေစွတကား ငါသည်လည်း ရှင်သာရိပုတြာအား ယနေ့ နံနက်စောစောကပင်လျှင် ဒန်ပူနှင့် မျက်နှာသစ်တော်ရေကိုလည်း လှူရလေပြီဟု ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ထိုမယား ဆိုသော စကားကို အလွန်နှစ်သက် ဝမ်းမြောက်လေ၏ အလွန်နေမြင့်သော အခါကာလ၌ ရအပ်သော ထမင်းရှိသောကြောင့် ပင်ပန်းသောကိုယ် ရှိသည်ဖြစ်ရကား ထိုမယား၏ ရင်ခွင်၌ ဦးခေါင်းထားသည်ကိုပြု၍ အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

ရှုံမှ ရွှေ ဖြစ်ခြင်း

ထိုအခါ မောပုဏ္ဏ၏ နံနက်စောစောကပင်လျှင် လယ်ထွန်သော နေရာအရပ်တခုလုံးသည် မြေမှုံ့ကို အစပြု၍ နီသောရွှေဖြစ်၍ မဟာလှေကားပန်းပွင့် အစုကဲ့သို့ တင့်တယ်လျက် တည်လေ၏ မောင်ပုဏ္ဏနိုးလတ်သဖြင့် ကြည့်ရှုပြီးလျှင် မယားကို ချစ်နှမ ထိုလယ်ထွန်ရာ အရပ်တခုလုံးသည် ငါ့အားရွှေဖြစ်၍ထင်၏ဟု ဆိုပြီးလျှင် အသို့နည်း အလွန်နေမြင့်သော အခါကာလ၌ ရအပ်သော ထမင်းရှိသည်အဖြစ်ကြောင့် ငါ၏မျက်စိတို့သည် ၁လည်လေကုန်သလောဟု ဆိုလေ၏ မယားသည်လည်း အရှင် ကျွန်မအားသည်း ဤအတူယာလျှင် ထင်၏ဟု ဆိုလတ်သော် မောင်ပုဏ္ဏသည် ထတဲ့၍ ထိုလယ်ထွန်ထားရာ အရပ်သို့ သွားပြီးလျှင် တခုသော အဆိုင်အခဲကို ယူသဖြင့် ထွန်တုံးစွန်း၌ ပုတ်ခတ်လိုက်သည်ရှိသော် ရွှေ၏အဖြစ်ကို သိရသောကြောင့် သြော် အံ့ဘွယ်ရှိလှပေ၏ တကား တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတြာအား ပေးလှူအပ်သော အလှူဒါနသည် ယနေ့ပင်လျှင် အကျိုးကိုပြအပ်ပေပြီ ဤမျှလောက်သော ဥစ္စာကို ဖုံးလွှမ်း၍ သုံးဆောင်ခြင်းငှါ မတတ်ကောင်းပေတကားဟု နှလုံးပြုလျက် မယားသည်ဆောင်ယူခဲ့သော ထမင်းခွက်ကို ရွှေဖြင့်ပြည့်စေ၍ မင်းအိမ်သို့ သွားပြီးလျှင် မင်း၏ပြုအပ်သော အခွင့်ရရှိလတ်သည်ရှိသော် ဝင်သွားသဖြင့် မင်းကြီးကို ရှိခိုးလေသောကြောင့် အမောင်တို့အကြောင်းအဘယ်သို့ ရှိသနည်းဟု မိန့်ဆိုလတ်သည်ရှိသော် အရှင်မင်းကြီး ယနေ့ အရှင့်ကျွန်တော်မျိုး လယ်ထွန်ရာအရပ်တခုလုံးသည် ရွှေဖြင့် ပြည့်သည်သာလျှင်ဖြစ်၍ တည်နေပါသည် ဤရွှေကို ဆောင်ယူစေခြင်းငှါ သင့်လျော်ပါသည်ဆုရားဟု သံတော်ဦး တင်လေ၏။

---

၁ မျက်စိတို့သည် အထင်မှားအောင် ပြာကုန်သလော ဝေကုန်သလောဟူလို။

သင် အဘယ်သူ ဖြစ်သနည်းဟု မိန့်လတ်သော် ကျွန်တော်မျိုးသည် ပုဏ္ဏမည် သောသူ ဖြစ်ပါသည်ဘုရားဟု လျှောက်တင်လေ၏ သင်သည် ယနေ့ အဘယ်သို့ သော့ ကောင်းမှုကို ပြုလေဘိသနည်းဟု မေးပြန်လတ်သော် ကျွန်တော်မျိုးသည် ယနေ့ နံနက်စောစောကပင်လျှင် ရှင်သာရိပုတြာအား ဒန်ပူကိုဌင်း မျက်နှာသစ် တော်ရေကိုဌင်း လှူဒါန်းပါသည် ကျွန်တော်မျိုး၏ မယားသည်လည်း ပို့ဆောင် လာသော ထမင်းကို ရှင်သာရိပုတြာအားသာလျှင် လှူဒါန်းရပါသည်ဘုရားဟု လျှောက်တင်လေ၏ ထိုစကားကို ကြားရလျှင် မင်းကြီးသည် အချင်းတို့ ယနေ့ ပင်လျှင် တရားစစ်သူကြီး ဖြစ်တော်မူသော ရှင်သာရိပုတြာအား ပေးလှူအပ် သော အလှူသည် အကျိုးကို ပြလေသတတ်ဟု မိန့်ဆိုတော်မူ၍ အမောင်ပုဏ္ဏ ငါ အဘယ်သို့ ပြုရအံ့နည်းဟု မေးလေ၏ များစွာသော လှည်းအထောင်တို့ကို စေလွှတ်၍ ရွှေကိုဆောင်ယူစေကော် မူကြပါဘုရားဟု လျှောက်တင်သဖြင့် မင်းကြီးသည် လှည်းတို့ကို စေလွှတ်တော်မူလေ၏။

မောင်ပုဏ္ဏ သူဌေးရာထူး ရရှိခြင်း

မင်းချင်းယောကျ်ားတို့သည် မင်းကြီး၏ဥစ္စာဟုဆို၍ ယူကြကုန်သည်ရှိသော် ယူတိုင်းယူတိုင်းသောရွှေသည် မြေစိုင်ခဲသာလျှင်ဖြစ်၏ မင်းချင်းယောကျ်ားတို့ သည် ပြန်သွား၍ မင်းကြီးအား လျှောက်ကြားခြင်းကြောင့် သင်တို့သည် အဘယ်သို့ဆို၍ ယူဘိသနည်းဟု မေးမြန်းအပ်သည်ရှိသော် အရှင်မင်းကြီးတို့၏ ဥစ္စာဟုဆို၍ ယူပါသည်ဟု လျှောက်တင်ကြလေကုန်၏ အမောင်တို့ ငါသည် အဘယ်အရပ်မှ ရလတ္တံ့နည်းဟု မိန့်ဆိုပြီးလျှင် မောင်ပုဏ္ဏ၏ ဥစ္စာဟုဆို၍ ယူကြ ကုန်လော့ဟု မိန့်တော်မူလိုက်သည်ရှိသော် ထိုမင်းချင်း ယောကျ်ားတို့သည် မင်းကြီးဆိုတိုင်းပြုကြလေကုန်၏ ယူတိုင်းယူတိုင်းသော ဥစ္စာသည် ရွှေသာလျှင် ဖြစ်လေ၏ အလုံးစုံသော ရွှေတို့ကို ဆောင်ယူပြီးလျှင် မင်းယင်ပြင်၌ အစုအပုံ ပြုကြကုန်၏ အတောင်ရှစ်ဆယ်မြင့်သော အစုအပုံသည်ဖြစ်လေ၏ မင်းကြီး သည် မြို့သူမြို့သားတို့ကို စည်းဝေးစေပြီးလျှင် ဤမင်းနေပြည်တော်၌ တစုံ တယောက်သောသူအား ဤမျှလောက်သော ရွှေသည် ရှိသလောဟု မေးလေ၏ အရှင်မင်းကြီး မရှိပါဟု လျှောက်တင်လတ်သော် ထိုသူအား အဘယ်ရာထူးကို ပေးကမ်းချီးမြှောက်ခြင်းငှါ သင့်မည်နည်းဟု မေးတော်မူပြန်လေ၏ အရှင်မင်း

(၁) ၁၄၃–၄၇

ကြီး သူဌေးတို့ ဆောင်းသောထီးကို ပေးကမ်းချီးမြှောက်ခြင်းငှါ သင့်လျော်လျောက်ပတ်ပါသည်ဟု လျှောက်တင်လတ်သော် မင်းကြီးသည် များသောဥစ္စာရှိသည်ကို အစွဲပြု၍ ဗဟုဓန သူဌေးမည်သောသူ ဖြစ်စေဟု များစွာသောစည်းစိမ်နှင့်တကွ ထိုပုဏ္ဏအား သူဌေးဆောင်းသောထီးကို ပေးသနားတော်မူ၍ သူဌေးရာထူးဖြင့် ချီးမြှောက်လေ၏။

ရွှေအိုးများစွာရခြင်းနှင့် သောတာပန် တည်ခြင်း

ထိုအခါ မင်းကြီးကို သူဌေး မောင်ပုဏ္ဏက အရှင်မင်းကြီး ကျွန်တော်မျိုးတို့သည် ဤမျှလောက်သော ကာလပတ်လုံး သူတပါးအိမ်၌ နေကြ ပါကုန်၏ ကျွန်တော်မျိုးအား နေရာအရပ်ကို သနား ကယ်မတော်မူကြပါဦးဟု လျှောက်တင်လေ၏ ထိုသို့ဖြစ်မူ ကြည့်ရှုစမ်းလော့ ထိုချုံသည် ထင်ရှား၏ ထိုချုံကို သုတ်သင် ရှင်းလင်း ပြီးလျှင် အိမ်ဆောက်ချေလော့ဟု ရှေးသူဌေး တဦး၏ အိမ်နေရာအရပ်ကို ညွှန်ကြားတော်မူလေ၏ ထိုပုဏ္ဏ သူဌေးသည် ထိုအရပ်၌ နှစ်ရက် သုံးရက်ဖြင့် သာလျှင် အိမ်ရာကို သုတ်သင်စေသဖြင့် ထိုအိမ်နေရာ၌ ရွှေအိုး အပေါင်းသည် တအိုးနှင့်တအိုး ထိခိုက်လျက်ရှိ၏ ထိုရွှေအိုးအပေါင်းကို ထုတ်ဘော်၍ မင်းကြီးကို ၁အရှင်မင်းကြီး ရွှေအိုးအပေါင်းကို ယူငင် သိမ်းပိုက်တော်မူပါဘုရားဟု သိသာအောင် လျှောက်တင်လေ၏ သင်၏ ကောင်းမှုကြောင့် ရအပ်သော ရွှေအိုးအပေါင်းကို သင်သာ ယူလေလော့ဟု မိန့်တော်မူပြန်သဖြင့် များစွာသော ဥစ္စာကိုရ၍ အိမ်ကို ဆောက်လုပ်စေပြီးလျှင် အိမ်တက်မင်္ဂလာကို ၎င်း ထီးဆောင်းမင်္ဂလာကို၎င်း တပြိုင်နက်တည်းသာလျှင် ပြုလုပ်လျက် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာတော် အပေါင်းအား အလှူကို လှူဒါန်းလေ၏ ထိုအခါ ပုဏ္ဏ သူဌေးအား မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူလျက် အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူလေ၏ တရားစကား ဟောကြားတော်မူပြီးသည့် အဆုံး၌ ပုဏ္ဏသူဌေးသည်၎င်း ပုဏ္ဏသူဌေး၏ မယားသည်၎င်း သို့ ဥတ္တရာသည်၎င်း ဤသုံးယောက်သော သူတို့သည် သောတာပန်ဖြစ်ကြလေကုန်၏။

---

၁ ဤဝတ္ထုဒ္ဒ မင်းကြီးဟု သာမညဆိုသော်လည်း ဗိမ္ဗိသာရမင်းကြီးဟုသိအပ်၏။

သမီးဥတ္တရာ မိစ္ဆာဒိဋ္ဌိအိမ်၌ စိတ်ဆင်းရဲရခြင်း

နောက်အဆို၌ ရာဇဂြိုဟ် သူဌေးကြီးသည် ပုဏ္ဏာသူဌေး၏ သမီး ဥတ္တရာကို မိမိ၏သားအား ပေးစိမ့်သောငှါ အလိုရှိသည်ဖြစ်၍ ပုဏ္ဏာသူဌေးအား ဘိတ်ကြား တောင်းရမ်းလေ၏ ပုဏ္ဏာသူဌေးသည် အကျွန်ုပ်ကား မပေးနိုင်ပါဟု ဆိုလတ်သော် ဤသို့ မပြုစေချင်ပါ ဤမျှလောက်သော ကာလပတ်လုံး ငါတို့ကိုမှီ၍နေသဖြင့် သာလျှင် သင်သည် စည်းစိမ်ချမ်းသာကို ရအပ်ပေ၏ ငါ့သားအား သမီး ဥတ္တရာကို ပေးစေချင်ပါသည်ဟု ဆိုလေ၏ ထိုသူဌေးမင်း၏ သားသည် မှားသော အယူရှိသော မိစ္ဆာဒိဋ္ဌိဖြစ်ပါသည် အကျွန်ုပ်၏သမီးသည် ရတနာသုံးပါးတို့နှင့် ကင်း၍ နေခြင်းငှါ မတတ်နိုင်ပါ ထို့ကြောင့် ထိုသူဌေးမင်း၏ သားအား သမီး ဥတ္တရာကို မပေးနိုင်ပါဟု ဆိုလေ၏ ထိုအခါ ပုဏ္ဏာသူဌေးကို များစွာသော သူဌေးအပေါင်း စသော အမျိုးကောင်းသားတို့သည် ရာဇဂြိုဟ်သူဌေးကြီးနှင့် ချစ်ကျမ်းဝင်ခြင်းကို မဖျက်ပါလင့် (မိတ်မဖျက်ပါလင့်) ထိုသူဌေးသားအား သမီး ဥတ္တရာကို ပေးပါလော့ဟု တောင်းပန်စကား ပြောကြားကြလေကုန်၏ ထိုပုဏ္ဏာ သူဌေးသည် သူဌေးအပေါင်းစသော အမျိုးကောင်းသားတို့၏ စကားကို ဝန်ခံပြီးလျှင် ဝါဆိုလပြည့်နေ့၌ သမီးကို ပေးရလေ၏ ထိုသမီးဥတ္တရာသည် လင့်အိမ်သို့ ရောက်သွား သောအခါမှစ၍ ရဟန်းယောကျ်ားကိုလည်း ရဟန်းမိန်းမကိုလည်း ဆည်းကပ်ခြင်း ဌာနလည်း အလှူပေးခြင်းဌာနလည်း တရားနာခြင်းဌာနလည်း မရရှာခဲ့လေပြီ ဤသို့လျှင် နှစ်လခဲတို့သည် လွန်လတ်ကုန်သည်ရှိသော် အနီးအပါး၌ နေသော အလုပ်အကျွေးကို ယခုအခါ ဝါတွင်းကာလ၏ အကြင်းဖြစ်သော နေ့ရက်သည် အဘယ်မျှရှိသေးသနည်းဟု မေးလေ၏ အရှင်မ တဆဲ့ငါးရက် ရှိပါသေး၏ဟု ပြောဆိုလတ်သော် ဥတ္တရာသည် ဘခင်၏ အဆံသို့ အဘယ့်ကြောင့် သမီးဖြစ်သူ ကျွန်တော်မကို ဤသို့ သဘောရှိသော နှောင်အိမ်၌ ထည့်သွင်းထားကြ ပါကုန်သနည်း သံပူကပ်ခြင်းဖြင့် တံဆိပ်ခတ်သည်ကိုပြု၍ သူတပါး၏ကျေးကျွန်မဟု ပြောကြားခြင်းသည် သမီးအား မြတ်ပါသေး၏ ဤသို့သဘော်ရှိသော မိစ္ဆာဒိဋ္ဌိအမျိုးအားပေးခြင်းသည် မသင့်လှပါ ရောက်လာသော အခါမှစ၍ ရဟန်းတော်ကို ဖူးမြင်ရခြင်း စသော ကုသိုလ်ကောင်းမှုတို့တွင် တခုမျှလည်းဖြစ်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်းငှါ မရပါဟု သတင်းစကားကို စေလွှတ်လိုက်လေ၏။

ဥတ္တရာခွင့်ပန်၍ ကုသိုလ်ရေး အားထုတ်ခြင်း

ထိုအခါ ဥတ္တရာ၏ဘခင်ဖြစ်သော ပုဏ္ဏသူဌေးသည် ငါ့သမီးကား ဆင်းရဲလေစွ တကား၊ဟု နှလုံးမသာယာသည်အဖြစ်ကို ပြောကြား သိစေလျက် တဖန်သောင်း ငါးထောင်သော အသပြာတို့ကို ဖို့လိုက်လေ၏ အဘယ်သို့ဆို၍ ဦးသနည်းဟူမူကား ဤရာဇဂြိုဟ်ပြည်၌ သိရိမာ အမည်ရှိသော ပြည့်တန်ဆာမသည် ရှိ၏ နေ့တိုင်း တဖထောင်သော ဥစ္စာကို ယူလေ့ရှိ၏ ဤအသပြာတို့ဖြင့် ထိုသိရိမာကို ခေါ်စေပြီးလျှင် လင်ယောကျ်ား၏ အလိုဥ ခြရင်းစောင့် အလုပ်အကျေး ပြုလုပ်ထားပြီးမှ မိမိကိုယ်တိုင် ကုသိုလ်ကောင်းမှုတို့ကို ပြုစေသတည်းဟု ဆို၍ ဖို့လိုက်လေ၏ ထိုဥတ္တရာသည် သိရိမာကို ခေါ်စေပြီးလျှင် သူငယ်ချင်းမ ဤအသပြာတို့ကို ယူ၍ တဆဲ့ငါးရက် ပတ်လုံး ညီး၏ မိတ်ဆွကို အလေးဂရုလုပ်ကျေးမှုဖြင့် ပြုစုစမ်းပါလေလော့ဟု ဆိုလေ၏ သိရိမာသည် ကောင်းပါပြီဟု ဝန်ခံလေ၏ ဥတ္တရာသည် သိရိမာကို ခေါ်ဆောင်လျက် လင်ယောကျ်ား၏ အထံသို့ သွားရောက်လတ်သော် လင်ယောကျ်ားက သိရိမာကို မြင်ရလျှင် ဤကား အဘယ်သို့သော အကြောင်းအရာနည်းဟု ဆိုလတ်သော် အရှင်သား ဤတဆဲ့ငါးရက်ပတ်လုံး ကျွန်မ၏သူငယ်ချင်း သိရိမာသည် အရှင့်သားတို့ကို လုပ်ကျေးသမှုပြုစုပါစေ ကျွန်မသည်ကား ဤတဆဲ့ငါးရက်ပတ်လုံး အလှူဒါန ကိုလည်း လှူဒါန်းလိုပါသည် တရားတော်ကိုလည်း နာကြားလိုပါသည်ဟု ခွင့်ပန်စကား ပြောကြားလေ၏ သူဌေးသားသည် အလွန်အဆင်း လှသော သိရိမာ ဟူသော မိန်းမကို မြင်ရလျှင်ဖြစ်သော ချစ်ခင်နှစ်သက်ခြင်းရှိသည်ဖြစ်၍ ကောင်းပေပြီဟု၊ ဝန်ခံလေ၏။

ဥတ္တရာသည်လည်း ဘုရား အမှူးရှိသော ရဟန်း သံဃာတော် အပေါင်းကို ပင့်ဘိတ်ပြီးလျှင် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဤတဆဲ့ငါးရက် ပတ်လုံး တပါးတံသာ အရပ်သို့ မကြွမူ၍ ဤအိမ်၌သာလျှင် ဆွမ်းကို ခံယူတော်မူအပ်ပါသည်ဘုရားဟု လျှောက်ကြား၍ မြတ်စွာဘုရား၏ ဝန်ခံခြင်း ပဋိညာဉ်ကိုယူသဖြင့် ယခုအခါ ဤနေ့မှစ၍ အကြင်ရွာလောက် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့သည် ရှိ၏ ထိုရွာလောက် သဗ္ဗညုဘုရားကို ဆည်းကပ်ခြင်းငှါ ၎င်း တရားတော်ကို နာခြင်းငှါ၎င်း ရပေတော့အံ့ဟု ဝမ်းမြောက်သောစိတ်

ရှိလျက် ဤသို့ ယာဂုကို ကြိုကြပါကုန်လော့ ဤသို့ သဘောရှိသော မှုံတို့ကို ကြော်ချက်ကြပါကုန်လော့ဟု စဖို့အိမ်၌ အလုံးစုံသော ကိစ္စတို့ကို စီရင်လျက် လှည့်လည် သွားလာနေ၏ ထိုအခါ ဥတ္တရာ၏ လင်သည် နံက်ဖြန် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ ဖြစ်လတ္တံ့ဟု စဖို့အိမ်သို့ ရှေးရှုလျက် လေသာပြူတင်း၌ ရပ်၍ အဘယ်အမှုကိုပြုလျက် ထိုအမိုက်မဥတ္တရာသည် လှည့်လည်နေဘိသနည်းဟု ကြည့်ရှုလတ်သည်ရှိသော် ခွေးအလိမ်းလိမ်းကပ်လျက် ပြာဖြင့် ပြမ်းလျက် မီးသွေး အိုးမဲတို့ဖြင့် လိမ်းကျံလျက် ထိုအခြင်းအရာဖြင့် စီမံလျက် သွားလာလှည့်လည်နေသော ပုဏ္ဏသူဌေး၏သမီး ထိုဥတ္တရာကို မြင်ရလျှင် သြော် အလွန်မိုက်စွတကား ဤသို့သဘောရှိသော အရပ်၌ ဤစည်းစိမ်ချမ်းသာကို မခံစားဦးပြည်းရဟန်းတို့ကို လုပ်ကျွေးအံ့ဟု ဝမ်းမြောက်သောစိတ်ရှိလျက် သွားလာလှည့်လည်ဘိ၏ဟု ရယ်လျက် ဖဲသွားလေ၏။

သိရိမာ၏ ဒေါသနှင့် ဥတ္တရာ၏ မေတ္တာဓာတ်

ထိုဥတ္တရာ၏ လင်ယောကျ်ား ဖဲသွားသည် ရှိသော် ထိုလင်ယောကျ်ား၏ အထံ၌ နေသော သိရိမာသည် အဘယ်ကို ကြည့်ရှု၍ ဤသူဌေးသား ရယ်ရွှင်ဘိသနည်းဟု ထိုလေသာ ပြူတင်းဖြင့်သာလျှင် ကြည့်ရှုလတ်သည်ရှိသော် ဥတ္တရာကို မြင်ရ၍ ဤဥတ္တရာကို ကြည့်လျက် ဤသူဌေးသား ရယ်ဘိ၏ မချတ်လျှင် ဤသူဌေးသားအား ဤဥတ္တရာနှင့်တကွ အကြွမ်းတဝင် ပေါင်းဘော် ယဉ်ပါးခြင်းရှိ၏ဟု ကြံမိလေ၏။

[ထိုသိရိမာသည် တဆဲ့ငါးရက်မျှ ထိုအိမ်၌ သူစိမ်း ပြင်ပဖြစ်သော မိန်းမဖြစ်၍ နေရသော်လည်း ထိုစည်းစိမ်ကို ခံစားလျက် မိမိ၏ သူစိမ်း ပြင်ပ မိန်းမ၏ အဖြစ်ကို မသိမူ၍ ဧါသည် အိမ့်ရှင်မတည်းဟူသော အမှတ်သညာ ပြုမိရှာသတတ်]။

ထိုသိရိမာသည် ဥတ္တရာအပေါ်၌ ရန်ငြိုးဖွဲ့လျက် ဥတ္တရာအား ဆဲဆိုခြင်းကို ဖြစ်စေအံ့ဟု ပြာသာဒ်မှ ဆင်းသက်၍ စဖို့အိမ်သို့ ဝင်ပြီးလျှင် မှုံကြော်ရာ၌ ကျိုက်ကျိုက်ဆူသော ထောပတ်ကို ယောက်မ (ယောက်ချို) ဖြင့် ခပ်ယူ၍ ဥတ္တရာရှိရာသို့ ရှေးရှုသွားလေ၏ ဥတ္တရာသည် လာသော ထိုသိရိမာကို မြင်ရ

လျှင် ငါ့သူငယ်ချင်းမသည် ငါ့အား မျှားစ့ဉာကျေးဇူးရှိသောသူ ဖြစ်ပေ၏ စကြဝဠာသည် အလွန်ကျဉ်းမြောင်းလှသေး၏ ပြဟ္မာ့ပြည်သည် အလွန်နိမ့်လှသေး၏ ငါ၏ သူငယ်ချင်းမ၏ ဂုဏ်ကျေးဇူးကား မျှားလှပေ၏ ငါသည် ဤသိရိမာကိုမှီ၍ အလှကိုလှဒါန်းခြင်းငှါငင်း တရားကို နာခြင်းငှါငင်း ရဘိလေ၏ ဤသိရိမာအပေါ်၌ ငါ၏အမျက်ထွက်ခြင်း အကယ်၍ ရှိသည်ဖြစ်အံ့ ဤထောပတ်သည် ငါ့ကို ပူလောင်ပါစေသတည်း အကယ်၍မရှိသည်ဖြစ်အံ့ မပူလောင်ပါစေသတည်းဟု သိရိမာကို မေတ္တာဖြင့် ပံ့နှံ့စေလေ၏ သိရိမာသည် ဥတ္တရာ၏ ဦးခေါင်းထိပ်ထက်၌ သွန်းလောင်းအပ်သော ကျိုက်ကျိုက်ဆူလှသော ထောပတ်သည် အေးသောရေကဲ့သို့ ဖြစ်လေ၏။

သိရိမာအား ဝိုင်းရိုက်ကြခြင်း

ထိုအခါ ထိုထောပတ်ကို ဤထောပတ်သည် ပြီးသောထောပတ် ဖြစ်လတ္တံ့ဟု အောက်မေ့၍ ယောက်မကို ပြည့်စေလျက် ယူလာပြန်သော သိရိမာကို ဥတ္တရာ၏ ကျွန်မတို့ မြင်ကြလျှင် မိမဆုံးမ ဘမဆုံးမ ဟယ်သူယုတ်မ ဖဲလေလော့ နှင်သည် ငါတို့၏သခင်မအား ကျိုက်ကျိုက်ဆူသော ထောပတ်ကို သွန်းလောင်းခြင်းငှါ မလျော်ပါတကားဟု ကြိမ်းမောင်းကုန်လျက် ထိုမှဤမှထ၍ လက်တို့ဖြင့်ရင်း ခြေတို့ဖြင့်ရင်း ကန်ကျောက် ပုတ်ခတ်ပြီးလျှင် မြေ၌လဲစေကြလေကုန်၏ ဥတ္တရာသည် တားမြစ်ပါသော်လည်း တားမြစ်ခြင်းငှါ မတတ်နိုင်ရှာ ထိုအခါ ဥတ္တရာသည် သိရိမာ၏ အထက်၌နေလျက် အလုံးစုံသော ကျွန်မတို့ကို တားမြစ်ပြီးလျှင် အဘယ့်ကြောင့်သင်သည် ဤသို့သဘောရှိသော ဝန်လေးသော အမှုကို ပြုဘိသနည်းဟု သိရိမာကို ပြောဆိုဆုံးမ၍ ရေနွေးဖြင့် ရေချိုးစေသဖြင့် အကြိမ်တရာ ချက်ပြီးသော ဆီဖြင့် ဆုတ်နယ်ပေးလေသောကြောင့် ထိုခဏ၌ သိရိမာသည် မိမိ၏သူစိမ်းပြင်ပ မိန်းမ၏အဖြစ်ကို သိရသဖြင့် ငါကား သူဌေးသား လင်ယောကျ်ားး၏ ပြုံးရယ်ခြင်းမျှဟူသောအကြောင်းကြောင့် ဤဥတ္တရာ၏ အထက်၌ ကျိုက်ကျိုက်ဆူသော ထောပတ်ကို သွန်းလောင်းခြင်းအားဖြင့် ဝန်လေးသောအမှုကို ပြုမိချေပြီ ဥတ္တရာသည် ထိုသိရိမာကို ဖမ်းဆီးကြဟဲ့ဟု ကျွန်မတို့ကို မစေခိုင်းပါတကား ငါ့ကိုညှဉ်းဆဲခြင်းပြုသော ကာလ၌လည်း အလုံးစုံသော ကျွန်မတို့ကို တားမြစ်ပြီးလျှင် ငါ့အား ပြုသင့်ပြုထိုက်သော အမှုကို

သာလျှင် ပြုပေ၏ ငါသည် ဤဥတ္တရာကို အကယ်၍ မကန်တော့ မတောင်းပန်သည်ဖြစ်အံ့ ငါ၏ဦးခေါင်းသည် ခုနစ်စိတ်ကဲ့ရာ၏တကားဟု ကြံ၍ ထိုဥတ္တရာ၏ ခြေရင်းဌ ဝမ်းလျက် အရှင်မ အကျွန်ုပ်အား သည်းခံပါလော့ဟု ဆိုရှာလေ၏။

ဘုရားရှင်ကို ကန်တော့ရမည် ဆိုခြင်း

ငါကား ဘခင်ရှိသော သို့ဖြစ်သည်။ ဘခင် သည်းခံသည်ရှိသော် ငါလည်း သည်းခံပါ၏ဟု ဆိုလတ်သော် သခင်မ ထိုသို့ဖြစ်ပါစေ သင်၏ဘခင်ဖြစ်သော ပုဏ္ဏသူဌေးကိုလည်း တောင်းပန် ကန်တော့ပါမည်ဟု ဆိုလေ၏ ပုဏ္ဏသူဌေးကား ငါ၏သံသရာဝဋ်၌ ဖြစ်စေတတ်သော ဘခင်ဖြစ်၏ သံသရာဝဋ်ပြတ်ခြင်းကို ဖြစ်စေတတ်သောဘခင် သည်းခံသည်ရှိသော်ကား ငါသည်းခံအံ့ဟုဆိုလျှင် သံသရာဝဋ်ပြတ်ခြင်းကို ဖြစ်စေတတ်သော သင်၏ဘခင်ကား အဘယ်သူနည်းဟု မေးလေ၏ သစ္စာလေးပါးကိုသိသော သဗ္ဗညုမြတ်စွာဘုရားတည်းဟု ဆိုလတ်သော် အကျွန်ုပ်အား ထိုဘုရားရှင်နှင့်အတူတကွ အကျမ်းဖင်ခြင်းမရှိပါဟု ဆိုလေ၏ ငါပြုလုပ်ပေးမည် မြတ်စွာဘုရားသည်နက်ဖြန် ရဟန်းသံဃာအပေါင်းကိုခေါ်၍ ဤအိမ်သို့ ကြွလာလတ္တံ့ သင်သည် အကြင်အကြင်ရအပ်သော ပူဇော်သက္ကာရကိုယူ၍ ဤအိမ်သို့သာလာပြီးလျှင် ဘုရားရှင်ကိုတောင်းပန်ကန်တော့ပါလော့ဟု ဆိုလတ်သော် ထိုသိရိမာသည် သခင်မ ကောင်းပါပြီဟု ဝန်ခံပြီးမှထ၍ မိမိအိမ်သို့ သွားပြီးလျှင် အခြံအရံဖြစ်သော ငါးရာသောမိန်းမတို့ကို စေခိုင်းသဖြင့် အထူးထူး အပြားပြားသော ခဲဘွယ်တို့ကိုဌင်း ဟင်းလျာတို့ကိုဌင်း ပြည့်စုံစေ၍ တဖန် မိုးသောက်သောနေ့၌ ထိုပူဇော်သက္ကာရကိုယူလျက် ဥတ္တရာ၏အိမ်သို့ လာတဲ့၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတော် အပေါင်း၏သပိတ်၌ ထည့်ခြင်းငှါမဝံ့ဘဲ ရပ်နေလေ၏ ထိုအလုံးစုံသော လူဘွယ်ဝတ္ထုကိုယူ၍ ဥတ္တရာသည်သာလျှင် စိမ်ပြုလုပ်လေ၏ သိရိမာသည် ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြီးသောအဆုံး၌ အခြံအရံနှင့်တကွ ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်လျက်နေရှာလေ၏။

ဥတ္တရာ၏ မေတ္တာ

ထိုအခါ သိရိမာကို မြတ်စွာဘုရားသည် သင်၏အပြစ်ကား အဘယ်နည်းဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား တပည့်တော်မသည် ယမန်နေ့က ဤမည်သောအမှုကို ပြုမိပါသည်ဘုရား ထိုအခါ တပည့်တော်မ၏

သူငယ်ချင်းမ ဥတ္တရာသည် တပည့်တော်မကို ပုတ်ခတ်ညှဉ်းဆဲကုန်သော ကျွန်မတို့ကို တားမြစ်၍ တပည့်တော်မအား ကျေးဇူးဥပကာရကိုသာလျှင် ပြုပါသည် ထိုတပည့်တော်မသည် ဤဥတ္တရာ၏ ဂုဏ်ကျေးဇူးကိုသိ၍ ဥတ္တရာကို တောင်းပန်ကန်တော့ပါသည်ဘုရား ထိုအခါ တပည့်တော်မကို ဤဥတ္တရာသည် ရှင်တော်မြတ်ဘုရားတို့ သည်းခံ ကုန်သည်ရှိသော် သည်းခံပါမည်ဟူ၍ ဆိုပါသည်ဘုရားဟု လျှောက်ထားလေ၏ ချစ်သီမ်းဥတ္တရာ ဤသို့သိရိမာ လျှောက်ချက်အတိုင်း ဟုတ်မှန်လေသလောဟု မေးတော်မူလျှင် မြတ်စွာဘုရားဟုတ်မှန်ပါသည် တပည့်တော်မ၏ ဦးခေါင်း၌ သူငယ်ချင်းမ သိရိမာသည် ကျိုက်ကျိုက်ဆူသော ထောပတ်ကို သွန်းလောင်းပါသည် ဘုရားဟု လျှောက်ကြားလေ၏ ထိုအခါ သင်သည် အဘယ်သို့ကြံစည်ဘိသနည်းဟု မေးတော်မူလျှင် မြတ်စွာဘုရား စကြဝဋ္ဌာသည် အလွန်ကျဉ်းမြောင်းလှသေး၏ ဗြဟ္မာ့ပြည်သည် အလွန်နိမ့်လှသေး၏ ငါ၏သူငယ်ချင်းမ သိရိမာ၏ ဂုဏ်ကျေးဇူးသည်သာလျှင် များလှပေ၏ ဟူ၍ရင်း ငါကား ဤသိရိမာကိုမှီ၍ အလူ လှူဒါန်းခြင်းငှါရင်း တရားတော်ကို နာကြားခြင်းငှါရင်း ရခဲ့ပေ၏။

ဤသိရိမာ၏ အပေါ်၌ ငါ၏အမျက်ထွက်ခြင်းသည် အကယ်၍ ရှိသည်ဖြစ်အံ့ ဤထောပတ်သည် ငါ့ကို ပူလောင်ပါစေသတည်း အကယ်၍ မရှိသည်ဖြစ်အံ့ မပူလောင်ပါစေသတည်းဟူ၍ရင်း ကြံစည်ပြီးလျှင် ဤသိရိမာကို မေတ္တာဖြင့် ပျံ့နှံ့စေပါသည်ဘုရားဟု လျှောက်ကြားလေ၏ မြတ်စွာဘုရားသည် ချစ်သီမ်းဥတ္တရာ ကောင်းပေစွ-ကောင်းပေစွ ဤသို့အမျက်ဒေါသကို အောင်ခြင်းငှါ သင့်လျော်ပေ၏ဟု မိန့်တော်မူပြီးလျှင် အမျက်ထွက်သောသူမည်သည်ကို အမျက်မထွက်ခြင်းဖြင့် အောင်အပ်ပေ၏ ဆဲရေးရေရွတ်သောသူကို မဆဲရေးခြင်း မရေရွတ်ခြင်းဖြင့် အောင်အပ်ပေ၏ မပေးကမ်းလို လွန်စွာဝန်တိုသောသူကို မိမိ၏ ဥစ္စာကို ပေးကမ်းခြင်းဖြင့် အောင်အပ်ပေ၏ မမှန်စကား မုသား ဆိုတတ်သောသူကို အဟုတ်အမှန် မဖေါက်ပြန်သော သစ္စာစကား ပြောကြားခြင်းဖြင့် အောင်အပ်ပေ၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၂၂ အကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလီက ဝါဒိနံ။

ကောဓံ၊ အမျက်ထွက်သောသူကို။ အကောဓေန၊ အမျက်မထွက်ခြင်းဖြင့်။ ဇိနေ-ဇိနာတိ၊ အောင်မြင်နိုင်၏။ အသာဓုံ၊ မကောင်းသောသူကို။ သာဓုနာ၊ ကောင်းခြင်းဖြင့်။ ဇိနေ-ဇိနာတိ၊ အောင်မြင်နိုင်၏။ ကဒရိယံ၊ မပေးကမ်းလို လွန်စွာဝန်တို့သောသူကို။ ဒါနေန၊ ပေးကမ်းခြင်းဖြင့်။ ဇိနေ-ဇိနာတိ၊ အောင်မြင်နိုင်၏။ အလိကဝါဒိနံ၊ မမှန်ချုတ်ယွင်း ပြောဆိုခြင်းရှိသောသူကို။ သစ္စေန၊ မှန်သော စကားကို ဆိုခြင်းဖြင့်။ ဇိနေ-ဇိနာတိ၊ အောင်မြင်နိုင်ရာ၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ သိရိမာသည် ငါးရာသော မိန်းမတို့နှင့်အတူတကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဥတ္တရာဥပါသိကာမဝတ္ထုပြီး၏။

၄–မဟာမောဂ္ဂလာနတ္ထေရပဥ္စာဝတ္ထု

သစ္စံဘဏေ - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်စဉ် ရှင်မောဂ္ဂလာန်မထေရ်၏ မေးလျှောက်အပ်သော ပြဿနာကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မှန်သောစကားမျှဖြင့် နတ်ပြည်ရောက်ခြင်း

တနေ့သ၌ ရှင်မောဂ္ဂလာန်မထေရ်သည် နတ်ပြည်သို့ ဒေသစာရီ ကြွချီခြင်းကို ကြွသွားတော်မူပြီးလျှင် တန်ခိုးကြီးသော နတ်တဦး၏ ဗိမာန်တံခါးဝ၌ ရပ်တော်မူလျက် မိမိ၏အထံသို့လာ၍ ရှိခိုးလျက် ရပ်တည်လာသော ထိုနတ်ကို ဤသို့ မိန့်တော်မူလေ၏ နတ် သင်နတ်၏ စည်းစိမ်ချမ်းသာသည် ကြီးကျယ်လှ၏ အဘယ်ကောင်းမှုကို ပြုခဲ့၍ ဤနတ်စည်းစိမ်ကို ရဘိသနည်းဟု မိန့်တော်မူလျှင် အရှင်ဘုရား တပည့်တော်ကို မေးတော်မမူကြပါနှင့် ဘုရားဟု လျှောက်ကြားတောင်းပန်လေ၏။

[နတ်သည် နည်းပါးလှသော ကောင်းမှုကံဖြင့် ရှက်နိုးလှသောကြောင့် ဤသို့ ဒွလျှောက်လေသတတ်]။

(၃) ၁၄၃–၄၈

ရှင်မောဂ္ဂလာန် မထေရ်သည် မလျှောက်ဘဲ မရှိစေရ လျှောက်ဆိုရမည်သာ တည်းဟု မိန့်ဆိုအပ်သည်ရှိသော် ထို ၁နတ်သည် အရှင်ဘုရား တပည့်တော်သည် အလှူကိုလည်း မလှူစဘူးပါ ပူဇော်ခြင်းကိုလည်း မပြုစဘူးပါ သူတော်ကောင်း တရားကိုလည်း မကြားနာစဘူးပါ သက်သက်မှန်သော စကားမျှကို ကောင်းစွာ စောင့်ရှောက်ဘူးပါသည် ဘုရားဟု လျှောက်ကြားလေ၏။

လင်ဆိုး၏ မယားလိမ္မာ နတ်ပြည်ရောက်ခြင်း

ရှင်မောဂ္ဂလာန်မထေရ်သည် တပါးသော ဗိမာန်တံခါးဝတို့သို့လည်း ကြွသွားတော်မူ၍ တပါးသော နတ်သမီးတို့ကိုလည်း မေးမြန်းတော်မူလေ၏ ထိုနတ်သမီးတို့သည်လည်း ထိုရှေးနည်း အတူသာလျှင် လျှိုဝှက်ကြသဖြင့် ရှင်မောဂ္ဂလာန်မထေရ်ကို တားမြစ်ခြင်းငှါ မတတ်နိုင်ကြကုန်သည် ရှိသော် တယောက်သော နတ်သမီးသည် ရှေးဦးစွာ လျှောက်ထားပုံကား အရှင်ဘုရား တပည့်တော်မသည် အလှူဒါန အစရှိသော ကောင်းမှုတို့တွင် ပြုဘူးသော ကောင်းမှုမည်သည် မရှိပါဘုရား တပည့်တော်မသည်ကား ကဿပ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူသောကာလ၌ သူတပါးကျွန်မ ဖြစ်ခဲ့ရဘူးပါသည်ဘုရား ထိုတပည့်တော်မ၏ လင်ယောကျ်ားသည် အလွန်လျှင် ရက်စက် ကြမ်းကြုတ်လှပါသည် ဆွဲကိုင်မိတိုင်း ဖြစ်သော သစ်သား ထင်းချောင်းဖြင့်သော်ငင်း သစ်သား ထင်းတုံးဖြင့်သော်ငင်း ဦးခေါင်းကို အပေါက်အပြဲ ရိုက်ခွဲတတ်ပါသည်ဘုရား ထိုတပည့်တော်မသည် အမျက် ဒေါသ ဖြစ်လတ်သည် ရှိသော် ဤယောကျ်ားကား နင့် အရှင်သခင် ဖြစ်သည် သံပူကပ်၍ တံဆိပ်ခတ်ခြင်းကို ပြုခြင်းငှါငင်း နှာခေါင်း စသည်တို့ကို ဖြတ်ခြင်းငှါငင်း အစိုးရပေ၏ အမျက်မထွက်နှင့်ဟု မိမိကိုယ်ကိုသာ အနည်းနည်း အဖုံဖုံ ဖြောင်းဖြောင်းဖြဖြ ပြောဆိုဆုံးမလျက် အမျက်ထွက်ခြင်းမည်သည် မပြုရစဘူးပါဘုရား ထိုသို့ အမျက် မထွက်ဘူးသောကြောင့် တပည့်တော်မသည် ဤနတ်၏ စည်းစိမ်ချမ်းသာကို ရပါသည်ဘုရားဟု လျှောက်ကြားလေ၏။

အနည်းငယ် ကုသိုလ်မျှဖြင့် နတ်ပြည်ရောက်ခြင်း

တယောက်သော နတ်သမီး လျှောက်ထားပုံကား အရှင်ဘုရား တပည့်တော်မသည် ကြံခင်းကို စောင့်ရှောက်၍နေစဉ် ရဟန်းတော်တပါးအား ကြံချောင်းကို

---

၁ ဤနတ်အကြောင်း ဤအဋ္ဌကထာ၌ အထီးအမ ခွဲခြားရှိ မပြ။

လွှခဲ့ပါသည်ဘုရား တယောက်သော နတ်သမီးသည်ကား တလုံးသော တည်သီးကို လွှခဲ့ဘူးပါသည်ဘုရား တယော်က်သော နတ်သမီးသည်ကား တလုံးသော သခွါးသီးကို လွှခဲ့ဘူးပါသည်ဘုရား တယောက်သော နတ်သမီးသည်ကား တလုံးသော ဖက်သက်တရော်သီးကို လွှခဲ့ဘူးပါသည်ဘုရား တယောက်သော နတ်သမီးသည် သစ်မြစ်တဆုပ်ကို လွှခဲ့ဘူးပါသည်ဘုရား တယောက်သော နတ်သမီးသည်ကား တမာရွက်တဆုပ်ကို လွှခဲ့ဘူးပါသည်ဘုရား ဤသို့အစရှိသော နည်းဖြင့် မိမိတို့ ပြုခဲ့ဘူးသော အနည်းငယ်မျှသော အလှူကို လျှောက်ကြားပြီးလျှင် ဤသို့သော အကြောင်းကြောင့် တပည့်တော်မတို့သည် ဤနတ်၏ စည်းစိမ်ချမ်းသာကို ရအပ်ပါသည်ဘုရားဟု လျှောက်ကြားကြလေကုန်၏။။

ရှင်မောဂ္ဂလာန်မထေရ်သည် ထိုနတ်သမီးတို့ ပြုအပ်သော ကောင်းမှုကံကို ကြားသိတော်မူရ၍ မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မှန်သောစကားကို ဆိုကာမျှဖြင့်ရင်း အမျက်ထွက်ခြင်းကို ငြိမ်းစေကာမျှဖြင့်ရင်း အလွန်နည်းပါးသော တည်သီး အစရှိသည်ကို လှူကာမျှဖြင့်ရင်း နတ်စည်းစိမ် ချမ်းသာကို ရခြင်းငှါ တတ်နိုင်ကောင်းပါမည်လောဘုရားဟု နားတော်လျှောက်လေ၏ ချစ်သားမောဂ္ဂလာန် အဘယ့်ကြောင့် ငါဘုရားကို မေးလျှောက်ဘိသနည်း သင့်အား နတ်တို့သည် ဤအကြောင်းအရာကို ဆိုအပ်ပေပြီ မဟုတ်ကုံလောဟု မိန့်တော်မူလတ်သော် မြတ်စွာဘုရား ဟုတ်မှန်လှပါသည်ဘုရား ဤမျှလောက်သော အနည်းငယ်သော ကောင်းမှုဖြင့် နတ်စည်းစိမ်ကို ရသင့်ရထိုက်သည်ဟူ၍ မှတ်ထင်ရပါသည်ဘုရားဟု နားတော်လျှောက်လေ၏ ထိုအခါ ရှင်မောဂ္ဂလာန်ကို မြတ်စွာဘုရားသည် ချစ်သားမောဂ္ဂလာန် မှန်သောစကားမျှကို ဆိုသောကြောင့်ရင်း အမျက်ထွက်ခြင်းမျှကို ပယ်စွန့်သောကြောင့်ရင်း အနည်းငယ်မျှသော အလှူကို ပေးလှူရသောကြောင့်ရင်း နတ်ပြည်သို့ ရောက်နိုင်ပေသည်သာလျှင်တည်းဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။။

ဒေသနာတော်

၂၂၃ သစ္စံ ဘဏေ နကုဇ္ဈေယျ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော။
ဧတေဟိ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါန သန္တိကေ။

သစ္စံ၊ 'မှန်သောစကားကို။ ဘဏေ၊ ဆိုရာ၏။

[မှန်ကန်သော သစ္စာကို ပြရမည် ပြောရမည် သစ္စာ၌ တည်စေရမည် ဟူလို]။

နကုဇ္ဈယျ၊ သူတပါးအား အမျက်မထွက်ရာ။ ယာစိတော၊ တောင်းအပ်သည်ရှိသော်။ အပ္ပမို၊ အနည်းငယ်ကိုသော်လည်း ဒဇ္ဇော-ဒဒေယျ၊ ပေးလှူရာ၏။

[သီလရှိသော ရဟန်းမြတ်တို့သည် ပေးကြပါဟု မတောင်းရမ်းမူ၍သာလျှင် အိမ်တံခါး၌ ရပ်ရုံသာ ရပ်ကုန်သော်လည်း အနက်သဘောအားဖြင့် တောင်းရမ်းသည် မည်ကုန်၏ ဤသို့ သီလ ရှိသော ရဟန်းမြတ်တို့သည် ရပ်လာ တောင်းခံအပ်သည်ရှိသော် လှူစရာ အနည်းငယ်မျှရှိလျှင် အနည်းငယ်မျှကိုလည်း လှူရမည်ဟူလို]။

ဧတေဟိ တီဟိ ဌာနေဟိ၊ ဤသုံးပါးသော အကြောင်းတို့ဖြင့်။

[ဤသုံးပါးတို့တွင် တပါးပါးသော အကြောင်းဖြင့် ဟူလို]

ဒေဝါနံ၊ နတ်တို့၏။ သန္တိကေ၊ အထံသို့။ ဂစ္ဆေ၊ ရောက်ရာ၏။

ဒေဿနာတော်၏အကျိုး

ဒေဿနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

မဟာမောဂ္ဂလာနတ္ထေရပဥ္စဝတ္ထုပြီး၏။

၅—ဘုရားခမည်းတော်ပုဏ္ဏားဝတ္ထု

အဟိံသကာယ - အစရှိသော ဤတရားဒေဿနာတော်ကို၊ မြတ်စွာဘုရားသည် သာကေတမြို့ကို အမှီပြု၍ [1]အဉ္ဇနမည်သော တောအုပ်၌ နေတော်မူစဉ် ရဟန်းတို့ မေးလျှောက်အပ်သော၊ ပြဿနာကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ဘုရားရှင် မိဟောင်း ဘဟောင်းနှင့်တွေ့ခြင်း

မြတ်စွာဘုရားသည် ရဟန်း သံဃာအပေါင်း ခြံရံတော်မူလျက် သာကေတမြို့သို့ ဆွမ်းအလို့ငှါကြွဝင်တော်မူသောအခါ သာကေတမြို့၌နေလေ့ရှိသော အာသက်

---

၁ ဧကနိပါတ်သာကေတဒွာဒသကဝဏ္ဏနာ အစဉ်အတိုင်း ဟုဆို၏။

အရွယ်အားဖြင့် ကြီးရင့်သော ပုဏ္ဏားကြီးတယောက်သည် သာဒကတမြို့မှ ထွက်လတ်သည်ရှိသော် မြို့တံခါးအတွင်း၌ မြတ်စွာဘုရားကို ဖူးမြင်ရလျှင် ခြေတော် တို့၌ဝပ်၍ ဖမျက်တို့၌ မြဲစွာ ဘက်လျက် ချစ်သား သားသမီးတို့မည်သည် အိုမင်း သောကာလတို့၌ မိခင်ဘခင်တို့ကို စောင့်ရှောက်လုပ်ကျွေးအပ်သည် မဟုတ်ပါ လော့ အဘယ့်ကြောင့် ဤမျှလောက်သော ကာလပတ်လုံး ခမည်းတော် မယ်တော်ဖြစ်သော တပည့်တော်တို့အား ကိုယ်တော်ကိုမျှ မပြုလေဘိသနည်း ခမည်း တော်ကား ရှေးဦးစွာ ဖူးမြင်အပ်သည်ဖြစ်ပြီ မယ်တော်ကြီးကိုလည်း တွေ့ရ မြင်ရလေအောင် ကြွတော်မူပါဦးဟု မြတ်စွာဘုရားကို ပင့်၍ မိမိ၏အိမ်သို့ သွားလေသတတ် မြတ်စွာဘုရားသည် ထိုအိမ်သို့ ကြွသွားတော်မူ၍ ခင်းထား အပ်သောနေရာ၌ ရဟန်းသံဃာအပေါင်းနှင့်တကွ နေတော်မူလေ၏ ပုဏ္ဏားမကြီး သည်လည်း လာလတ်၍ ဘုရားရှင်၏ ခြေတော်တို့၌ဝပ်၍ ချစ်သား ဤမျှလောက် သော ကာလပတ်လုံး အဘယ်အရပ်သို့ ကြွသွားနေဘိသနည်း အိုမင်းသော ကာလ၌ မိခင်ဘခင်တို့ကို လုပ်ကျွေး မွေးမြူအပ်ကုန်သည် မဟုတ်ပါလောဟု ဆိုပြီးလျှင် သားသမီးတို့ကို လာကြကုန်လော့ နောင်တော်ကြီးကို ရှိခိုးကြကုန် လော့ဟုဆို၍ ရှိခိုးစေလေ၏ ထိုနှစ်ယောက်ကုန်သော သူတို့သည်လည်း နှစ်သက် သော စိတ်ရှိကုန်သည်ဖြစ်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းလုပ်ကျွေး ပြီးလျှင် ဘုန်းတော်ကြီးမား သားတော်ဘုရား ဤအိမ်၌သာလျှင် အမြဲမပြတ် ဆွမ်းခံတော်မူကြပါ ဘုရားဟု ‘လျှောက်ကြား လေသောကြောင့် ဘုရားရှင်တို့ မည်သည် တခုသော အရပ်၌သာလျှင် အမြဲမပြတ် ဆွမ်းမရပ်မခံ ကြကုန်ဟု မိန့်တော်မူလတ်သည် ရှိသော် ထိုသို့ဖြစ်မူ မြတ်စွာဘုရား အကြင်သူတို့သည် ရှင်တော်ဘုရားတို့ကို ဆွမ်းပင့်ဘိတ်ခြင်းငှါ လာကြကုန်၏ ထိုသူတို့ကို တပည့် တော်တို့၏ အထံသို့ စေလွှတ်တော်မူပါဘုရားဟု လျှောက်ကြားကြလေကုန်၏ မြတ်စွာဘုရားသည် ထိုနေ့မှစ၍ ပင့်ဘိတ်ခြင်းငှါ လာကုန်သော သူတို့ကို သွား၍ ပုဏ္ဏားကြီးအား ပြောကြားကြကုန်လော့ဟု စေလွှတ်တော်မူလေ၏ ထိုသူတို့ သည် သွား၍ ကျွန်တော်တို့သည် နက်ဖြန် ကောင်းမှုအလို့ငှါ မြတ်စွာဘုရားကို ပင့်ဘိတ်ကြပါကုန်၏ဟု ပုဏ္ဏားကြီးကို ပြောဆိုကြကုန်၏ ပုဏ္ဏားကြီးသည် တဖန် မိုးသောက်သောနေ့၌ မိမိ၏အိမ်မှ ထမင်းခွက် ဟင်းခွက်တို့ကို ယူ၍ မြတ်စွာ ဘုရား နေတော်မူရာအရပ်သို့သွား၏ တပါးသောအရပ်၌ ပင့်ဘိတ်ခြင်း မရှိလျှင်

ဘုရားရှင်သည် ပုဏ္ဏားကြီး၏ အိမ်၌သာလျှင် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုတော်မူ၏ ထိုနှစ်ယောက်သော သူတို့သည်လည်း မိမိ၏ လူဘွယ်ဝတ္ထုကို အမြဲမပြတ် မြတ်စွာဘုရားအား လှူဒါန်းကြ၏။ ရဟန်းကြွတုန်လျက် တရားစကားကို နာကြားကြရကုန်သောကြောင့် အနာဂါမိဖိုလ်သို့ ရောက်ကြရလေကုန်၏။

အတိတ်အကြောင်း ပြန်ပြောင်း၍ ဟောခြင်း

ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ခမည်းတော်ကား သုဒ္ဓေါဒန မင်းကြီး ဖြစ်၏ မယ်တော်ကား မဟာမာယာ မိဖုယားကြီး ဖြစ်၏ဟု သိ၏ ဤသို့ သိလျက်သာလျှင် ပုဏ္ဏားမကြီးနှင့်တကွ မြတ်စွာဘုရားကို ငါတို့၏သားဟု ဆိုဘိ၏ မြတ်စွာဘုရားသည်လည်း ထိုသူတို့ ဆိုတိုင်းသာလျှင် သည်းခံတော်မူလေ၏ အကြောင်းကား အဘယ်သို့နည်းဟု စကားကို ဖြစ်စေကြလေကုန်၏ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကို ကြားတော်မူရလျှင် ချစ်သားရဟန်းတို့ နှစ်ဦးစလုံး ဖြစ်ကုန်သော ထိုသူတို့သည် မိမိ၏သားကိုသာလျှင် သားဟူ၍ ဆိုကြကုန်၏ဟု မိန့်တော်မူ၍ လွန်လေပြီးသော အတိတ်အကြောင်းကို ဆောင်တော်မူလေ၏။

ချစ်သား ရဟန်းတို့ လွန်လေပြီးသောအခါ ဤပုဏ္ဏားကြီးသည် အကြား အပြတ်မရှိ ဘဝငါးရာတို့ ကာလပတ်လုံး ငါဘုရား၏ ဘခင်ဖြစ်ခဲ့ဘူး၏ ဘဝငါးရာတို့ကာလပတ်လုံး ဘထွေးဖြစ်ခဲ့ဘူး၏ ဘဝငါးရာတို့ကာလပတ်လုံး ဘကြီးဖြစ်ခဲ့ဘူး၏ ထိုပုဏ္ဏားမကြီးသည်လည်း အကြားအပြတ်မရှိသည် ဖြစ်၍သာလျှင် ဘဝငါးရာတို့ ကာလပတ်လုံး ငါဘုရား၏ မိခင် ဖြစ်ခဲ့ဘူး၏ ဘဝငါးရာတို့ ကာလပတ်လုံး မိထွေးဖြစ်ခဲ့ဘူး၏ ဘဝငါးရာတို့ ကာလပတ်လုံး မိကြီးဖြစ်ခဲ့ဘူး၏ ဤသို့ ငါဘုရားသည် ဘဝတထောင့်ငါးရာ[1] ကာလပတ်လုံး ပုဏ္ဏားကြီး၏ လက်ဦးကြီးခဲ့ရ၏ ဘဝတထောင့်ငါးရာ ကာလပတ်လုံး ပုဏ္ဏေးမကြီး၏ လက်ဦးကြီးခဲ့ရ၏ ဤသို့ ဘဝ သုံးထောင်တို့ ပတ်လုံး ထိုပုဏ္ဏားကြီး ပုဏ္ဏေးမကြီးတို့၏ သားအဖြစ်ကို ပြတော်မူ၍ ဤဂါထာတို့ကို ဟောကြားတော်မူလေ၏။

---

၁ အားလုံးပေါင်း ဘဝသုံးထောင် ဖြစ်၏။ သာဂေတစာတ်ဦးလည်း ဤအဝတ္ထု ဆို၏။ ထို့ကြောင့် ထိုဘဝ သုံးထောင်ပတ်လုံး ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့ တခြားစီဟု မှတ်ယူအပ်၏။

ဳယသ္မိ မနော နိဝိသတိ၊ စိတ္တဉ္စာပိ ပသီဒတိ။
အဒိဋ္ဌပုဗ္ဗကေ ပေါသေ၊ ကာမံ တသ္မိ ပိ ဝိဿသေ။
ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေနဝါ။
ဧပံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ အဒိဋ္ဌပုဗ္ဗကေ၊ ဤဘဝ၌ ရှေးကမမြင်ဘူးသော။ ယသ္မိံ ပေါသေ၊ အကြင်ပုဂ္ဂိုလ်၌။ မနော၊ စိတ်နှလုံးသည်။ နိဝိသတိ၊ သက်ဝင်၍တည်၏။ စိတ္တံ၊ စိတ်သည်။ပသီဒတိစာပိ၊ကြည်ညိုလည်း ကြည်ညိုး၏။ တသ္မိံ ပေါသေ၊ ထိုပုဂ္ဂိုလ်၌။ကာမံ၊ စင်စစ်။ ပုဗ္ဗသိနေဟေနဝ၊ ရှေး၌ဖြစ်သော ချစ်ခြင်းဖြင့်သာလျှင်။ ဝိဿသေ၊ ချစ်ကျမ်းဝင်၏။၊

ပုဗ္ဗေ၊ ရှေးဘဝ၌။ သန္နိဝါသေနဝါ၊ အတူမကင်း နေဘူးခြင်းကြောင့်၎င်း။ ပစ္စုပ္ပန္နဟိတေနဝါ၊ မျက်မှောက် စီးပွား တိုးပွား လွန်မင်း ဆောင်ရွက်ခြင်းကြောင့်၎င်း။ ဧဝံ၊ ဤဗို့ အကြောင်းနှစ်ပါးကြောင့်။ တံပေမံ၊ ထိုချစ်ခင်ခြင်းသည်။ ဇာယတေ၊ ဖြစ်၏။ ကိမိဝ၊ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား။ ဥဒကေ၊ ရေ၌။ ဥပ္ပလံဝါ၊ ဥပ္ပလကြာသည်၎င်း။ ပဒုမံဝါ၊ပဒုမာကြာသည်၎င်း။ဇာယတေ ယထာ၊ ရေနှင့်ညှိပျော်ငြင်း အကြောင်းနှစ်ပါးကြောင့် ဖြစ်သကဲ့သို့တည်း။

မိဟောင်း ဘဟောင့်း သင်္ဂိုဟ်ရာ၌ ဇရာသုတ်ဟောခြင်း

မြတ်စွာဘုရားသည် သုံးလပတ်လုံးသာလျှင် ထိုအမျိုးကိုမှီ၍ နေတော်မူလေ၏ ထိုနှစ်ဦးသော သူတို့သည်လည်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ပရိနိဗ္ဗာန်ပြုကြလေကုန်၏ ထိုအခါ ထိုပရိနိဗ္ဗာန်စံသောသူတို့အား များစွာသော ပုဇော်သက္ကာရကို ပြု၍ နှစ်ဦးစလုံးတို့ကို တခုသောအထုတ် စုလစ်မှန်းချန်ရှိသော တလားကြီးသို့သာလျှင် တင်၍ ဆောင်ယူကြလေကုန် မြတ်စွာဘုရားသည်လည်း ငါးရာသော ရဟန်းအပေါင်းခြံရုံလျက် ထိုဆောင်ယူကြကုန်သော သူတို့နှင့်အတူ တကွသာလျှင် သုသာန်သို့ ကြွတော်မူလေ၏ မြတ်စွာဘုရားတို့၏ မယ်တော် ခမည်းတော်တို့တည်းဟု များစွာသော လူအပေါင်းသည် လိုက်ပို့ရန် ထွက်လေ၏ မြတ်စွာဘုရားသည်လည်း သုသာန် အနီး တဆောင်သော စရပ်သို့ဝင်၍ နေတော်

---

၁ ဖကနိပါတ် ၇-ဇရာဝဂ်ဆိုင်ရာ ၈-သာကေတာဇာတ်၌ ပေါသော ဂါထာဖြစ်သည်။

မှူလေ၏ လူတို့သည် မြတ်စွာဘုရားသို့ ရှိခိုးရှိ၍ တင့်အပ်လျောက်ပတ်သော အရပ်၌ တည်နေကြကုန်လျက် မြတ်စွာဘုရား ရှင်တော်မြတ်ဘုရားတို့သည် မယ်တော် ခမည်းတော်တို့ စုတေမနေ ကွယ်လွန်ကြချေပြီဟု ကြံစည် ဤအောက်မေ့ခြင်း ပြုတော်မမူကြပါကုန်လင့် ဘုရားဟု မြတ်စွာဘုရားနှင့်တကွ ပဋိသန္ဓေရ အစေ့ အစပ် ပြုကြကုန်၏ မြတ်စွာဘုရားသည် သင်တို့ကျိသို့မဆိုကြကုန်လင့်ဟု ပယ်မြစ် တော်မမူဘဲ ပရိသတ်၏ အလိုဟူသော အာသယကိုကြည့်ရှုတော်မူ၍ ထိုခဏအား လျော်စွာ တရားဟောကြားတော်မူလိုသော မြတ်စွာဘုရားသည်။

အပ္ပံ ဝတ ဇီဝိတံ ဣဒံ၊ သြဂံ ဝဿသတာပိ မီယတိ။
ယောစေပိ အတိစ္စဇီဝတိ၊ အထခေါ သော ဇရသာပိ မီယတိ။

ဣဒံ ဇီဝိတံ၊ ဤအသက်ရှင်ခြင်းသည်။ အပ္ပံဝတ၊ နည်းပါးလေစွတကား။ ဝဿသတာပိ၊ အနှစ်တရာမှ သော်လည်း။ သြဂံ၊ အတွင်း၌။ မီယတိ၊ သေရ၏။ ယော၊ အကြင်သူသည်။ အတိစ္စ၊ လွန်၍။ စေပိဇီဝတိ၊ ဒီဃကယ်၍လည်း အသက်ရှည်ခဲ့ငြားအံ့။ အထခေါ၊ ထိုသို့ရှည်သော်လည်း။ သော၊ ထိုသူသည်။ ဇရသာပိ၊ ရင့်ရော်မှည့်ဝင်း အိုမင်းခြင်းဖြင့်လည်း။ မီယတိ၊ သေရ၏။

ဤဇရာသုတ္တန်ကို ဟောကြားတော်မူလေ၏ ဒေသနာတော်၏ အဆုံး၌ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့အား သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိခြင်းသည် ဖြစ်လေ၏ ရဟန်းတို့သည် ပုဏ္ဏားကြီး၏ဌင်း ပုဏ္ဏေးမကြီး၏ဌင်း ပရိနိဗ္ဗာန်ပြုသည့်အဖြစ်ကိုမသိကြသောကြောင့် မြတ်စွာဘုရားထိုပုဏ္ဏားပုဏ္ဏေးမကြီးတို့၏ တမလွန်ဘဝလားရာအရပ်သည် အဘယ်ပါနည်းဘုရားဟု မေးလျောက်ကြလေကုန်၏ ဘုရားရှင်သည် ချစ်သား ရဟန်းတို့ ဤသို့သဘောရှိကုန်သော အသေခမူနိတို့၏ တမလွန်ဘဝ လားရာအရပ်မည်သည်မရှိ ဤသို့သဘောရှိသော သူတို့သည် ရွှေလျောခြင်း မရှိသော သေခြင်းကင်းသော မြတ်သောနိဗ္ဗာန်သို့ သာလျှင် ရောက်ကြကုန်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

---

၁ ဤဒုရာသုတ်ကား သုဇွန်မပါဒိ–၄–အဋ္ဌကဝဂ်–၆–ဇရာသုတ်ဖြစ်၏။ ဂါထာတစ်ဆယ်ရှိသည်။

၂ ဘ+ဧသ+မုနိ–ပြီးစီးသော+ အကျင့်ရှိ၍–နိဗ္ဗာန်မြင်သိပြီးသောမုနိလို။

ဒေသနာတော်

၂၂၄ အဟိံသကာယာ မုနယော၊ နိစ္စံ ကာယေန သံဝုတာ။
တေ ယန္တိ အစ္စုတံ ဌာနံ၊ ယတ္ထ ဂန္ത്വာ န သောစရေ။

မုနယော၌၊ အသေခ မုနိတို့သည်။ အဟိံသ ကာယာ၊ မည်း‌ဆဲသောကိုယ်ရှိကြကုန်၏။ နိစ္စံ၊ အမြဲ။ ကာယေန၊ ကာယဒွါရဖြင့်။ သံဝုတာ၊ လုံခြုံအောင် စောင့်ရှောက်ကြကုန်၏။

[ကာယဒွါရဟူသည် ဒေသနာမျှသာဖြစ်သည် ဒွါရသုံးပါးစလုံး စောင့်ရှောက်ကြကုန်၏ဟူလို]။

တေ၊ ထိုအသေခမုနိတို့သည်။ ယတ္ထဌာနေ၊ အကြင်နိဗ္ဗာန်အရပ်သို့။ ဂန္ത്വာ၊ သွားရောက်၍။ နသောစရေ၊ မစိုးရိမ် မပင်ပန်းကြကုန်။ အစ္စုတံ၊ ရွေ့လျော်ခြင်းမရှိသော။ တံဌာနံ၊ ထိုနိဗ္ဗာန်အရပ်သို့။ ယန္တိ၊ ရောက်ကြကုန်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာသောလူတို့သည် သောတာပတ်တိုဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

ဘုရားခမည်းတော် ပဋ္ဌာဝဝတ္ထုပြီး၏။

၆-ရာဇဂြိုဟ်သူဌေး၏ ပဋ္ဌာမည်သော အိမ်ကျွန်မဝတ္ထု

သဒါဇာဂရမာနာနံ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ၂ကိဋ္ဌကုဋ္ဌိတောင်၌ နေတော်မူစဉ် ရာဇဂြိုဟ်သူဌေးကြီး၏ ပဋ္ဌာမည်သော ကျွန်မကို အကြောင်းပြု၍ ဟောတော်မူလေ၏။

အိမ်ကျွန်မပဋ္ဌာ ဆန်ကဲ့မှုံ လူဒါန်းခြင်း

တနေ့သ၌ ထိုပဋ္ဌာ အမည်ရှိသော ကျွန်မအား များစွာသော စပါးကို ထောင်းစိမ့်သောငှါ ပေးကြကုန်သတတ် ထိုကျွန်မသည် ညဉ့်၌ပင်လျှင် မီးထွန်း

---

၁ သာကေတပုဏ္ဏားဝတ္ထု ဟူ၍လည်း ခေါ်သည်။

၂ ဂိဋ္ဌ+ကူဋ-လင်းတန့်ဂူသော + အတွင်ရှိသောတောင်။ တနည်းကား လင်းတို့နေစရာ=အတွင်ရှိသောတောင်။

(၈) ၁၄၃-၄၆

ကာ စပါးထောင်းရသည်ဖြစ်၍ အပင်အပန်း ဖြေခြင်းငှါ ချေးစွတ်သောကိုယ်ဖြင့် အပြင်ဘက် လေလာရာအရပ်၌ တည်နေလေ၏ ထိုအခါ မလ္လာမင်းသားဖြစ်သော ရှင်ဒဗ္ဗသည် ရဟန်းတို့အား အိပ်ယာနေရာကို ညွှန်းပြ နေရာချထားတတ်သော ရဟန်းဖြစ်၏ ထိုရှင်ဒဗ္ဗသည် တရားနာပြီး၍ မိမိကျောင်းသို့ သွားကြကုန်သော ရဟန်းတို့အား လက်ချောင်းကို မီးတိုင်ကဲ့သို့ ထွန်းလင်း တောက်ပစေလျက် ရှေ့မှ ရှေ့မှ ခရီးညွှန်ပြခြင်းအကျိုးငှါ သွားသဖြင့် ရဟန်းတို့ အလို့ငှါ အရောင်အလင်းကို ဖန်ဆင်းတော်မူလေ၏ ပုဏ္ဏာအမည်ရှိသော ကျွန်မသည် ထိုအလင်းရောင်ဖြင့် လှည့်လည် ကြွသွားကြကုန်သော ထိုအလုံးစုံသော ရဟန်းတို့ကို မြင်ရလျှင် ငါကား မိမိ၏ဆင်းရဲခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဤအချိန်အခါ၌သော်လည်း အိပ်ခြင်းသို့ မကပ်ရောက်ရသေး အရှင်ကောင်း တို့သည် အဘယ့်ကြောင့် ကျိန်းစက်တော်မမူကြသေးကုန်ဘိသနည်းဟု ကြံ၍ မချတ်လျှင် တပါးသော ရဟန်းအား မကျန်းမမာ မချမ်းသာခြင်းသည်ငင်း ဖြစ်လတ္တံ့ မြွေတို့ကြောင့် ဘေးရန် ဥပဒ္ဒဝေါသည် မူလည်း ဖြစ်လတ္တံ့ဟု အမှတ်သညာ ပြုပြီးလျှင် နံနက်စောစောကလျှင် ဆန်ကွဲကိုယူ၍ ရေဖြင့်ဆွတ်လျက် လက်ဝါးပြင်၌ မှုံပြုလုပ်သဖြင့် မီးကျီးစုတို့၌ ကင်၍ဖုတ်၍ ခါးပိုက်ရင်ခွင်၌ ထည့်ပြီးလျှင် ရေဆိပ်လမ်းခရီး၌ စားအံ့ဟု အကြံပြု၍ ရေခတ်အိုးကိုယူကာ ရေဆိပ်သို့ ရှေးရှုထွက်သွားလေ၏ မြတ်စွာဘုရားသည်လည်း ရှာသို့ကြွဝင်တော်မူခြင်းငှါ ထိုခရီးသို့သာ ကြွသွားတော်မူလေ၏ ပုဏ္ဏာအမည်ရှိသော ကျွန်မသည် မြတ်စွာဘုရားကိုမြင်တဲ့လျှင် အကြံဖြစ်သည်မှာ တပါးသောနေ့တို့၌ မြတ်စွာဘုရားကို ဖူးမြင်ရသော်လည်း ငါ့အား လှူဘွယ်ဝတ္ထုမရှိ လှူဘွယ်ဝတ္ထု ရှိသော်လည်း မြတ်စွာဘုရားကို မဖူးမြင်ရ ယခုမူကား လှူဘွယ်ဝတ္ထုလည်း ငါ့အားရှိ၏ မြတ်စွာဘုရားသည်လည်း မျက်မှောက်ထင်ထင် ဖြစ်တော်မူ၏ ကြမ်းတန်းညှံဖျင်း၏ ဟူ၍ငင်း မွန်မြတ်၏ဟူ၍ငင်း ကြံစည်တော်မမူဘဲ အကယ်၍ အလှူခံပါမူကား ငါသည် ဤမှုံကို လှူလိုပါ၏ဟု ကြံပြီးလျှင် ရေခတ်အိုးကို တခုသော အရပ်၌ ချထား၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် မြတ်စွာဘုရား ကြမ်းတန်းသော ဤမှုံအလှူကို ခံတော်မူလျက် တပည့်တော်မအား ချီးမြှင့်ခြင်းကို ပြုတော်မူကြပါ ဘုရားဟု လျှောက်ကြားလေ၏ မြတ်စွာဘုရားသည် ရှင်အာနန္ဒာမထေရ်ကို ကြည့်ရှုတော်မူသဖြင့် ထိုရှင်အာနန္ဒာသည် ထုတ်ဆောင်၍ ဆက်ကပ်အပ်သော နတ်မင်းကြီး

လေးဦးလူသော သပိတ်ကို ညှတ်တော်မူ၍ မုံကို ခံယူတော်မူလေ၏ ပဋ္ဌာဝမည်သော ကျန်မသည်လည်း မုံကို မြတ်စွာဘုရား၏ သပိတ်၌ လောင်းထည့်ပြီး၍ သာလျှင် ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးလျက် မြတ်စွာဘုရား ရှင်တော်မြတ် ဘုရားတို့ သိမြှင်အပ်သော တရားသည်သာလျှင် တပည့်တော်မအား ပြည့်စုံပါစေသား ဘုရားဟု လျှောက်ကြားလေ၏ ဘုရားရှင်သည် ဤသို့ တောင်းသည့်ဆုအတိုင်း ပြည့်စုံစေသတည်းဟု ရပ်လျက်သာလျှင် အနုမောဒနာ ပြုတော်မူလေ၏။

အလှူရှင်မျက်မှောက် ဘုရားရှင် ဘဉ်းပေးတော်မူခြင်း

ပဋ္ဌာဝမည်သော ကျွန်မသည်လည်း ငါ့အား မြတ်စွာဘုရားသည် ချီးမြှောက်ခြင်းကို ပြုတော်မူသဖြင့် မုံကိုအကယ်၍ကား ခံယူတော်မူ၏ ထိုသို့ပင် ခံယူသော်လည်း ဤမုံကို ဘဉ်းပေးတော်မူလိမ့်မည်မဟုတ် မချတ်လျှင်ရှေးနား၌ ကျိုးအား၊ ၎င်း ခွေးအား၊၎င်း စွန့်ကြဲခဲ့၍ မင်းကြီး၏၎င်း၊ မင်းသား၏၎င်း အိမ်သို့ကြွတော်မူ၍ မွန်မြတ်သော ဘောဇဉ်ကို ဘဉ်းပေးသုံးဆောင်တော် မူလတ္တံ့ဟု ကြံစည်ရာလေ၏ မြတ်စွာဘုရားသည်လည်း ဤပဋ္ဌာဝမည်သော ကျွန်မသည် အဘယ်သို့ ကြံစည်လေဘိသနည်းဟု ဆင်ခြင်တော်မူလတ်သည်ရှိသော် ပဋ္ဌာ၏ စိတ်အကြံကို သိတော်မူရလျှင် ရှင်အာနန္ဒာမထေရ်ကို ကြည့်တော်မူလျက် နေထိုင်အံ့သော အခြင်းအရာကို ပြလေ၏ ရှင်အာနန္ဒာမထေရ်သည် သင်္ကန်းကို ခင်း၍ပေးလေ၏ မြတ်စွာဘုရားသည် မြို့ပတ်သာလျှင် နေတော်မူလျက် ဆွမ်းဘဉ်းပေးခြင်း ကိစ္စကို ပြုတော်မူလေ၏ နတ်တို့သည် အလုံးစုံသော စကြဝဠာတိုက်၌ နတ်လူတို့အား၊ သုံးဆောင်ခြင်းငှါ လျောက်ပတ်သော ဩဇာအရသာကို ပျားလဘိုကဲ့သို့ ညှစ်၍ ထိုဆန်ကဲ့မုံ၌ ထည့်သွင်းကြလေကုန်၏ ပဋ္ဌာမည်သော ကျွန်မသည်လည်း ကြည့်ရှုလျက်သာလျှင် ရပ်နေလေ၏ မုံဆွမ်းဘဉ်းပေးပြီးသော အဆုံး၌ ရှင်အာနန္ဒာသည် ရေကို ဆက်ကပ်လေ၏။

မြတ်စွာဘုရားသည် မုံဆွမ်းဘဉ်းပေးတော် မူပြီးသည်ဖြစ်၍ ပဋ္ဌာဝမည်သော ကျွန်မကို ခေါ်တော်မူပြီးလျှင် ပဋ္ဌာ အဘယ့်ကြောင့် သင်သည် ငါ၏ တပည့်တော်သား သာဝကတို့ကို ရေရွတ်ပြောဆိုဘိသနည်းဟု မိန့်တော်မူလေ၏ မြတ်စွာဘုရား ရေရွတ်ပြောဆိုခြင်း မပြုမိပါဘုရားဟု လျှောက်လတ်သော် ထိုသို့ဖြစ်လျှင်

သင်သည် ငါ၏ တပည့်သား သာဝကတို့ကိုကြည့်၍ အဘယ်သို့ဆိုဘိသနည်းဟု မိန့်တော်မူပြန်လေ၏ မြတ်စ္စာဘုရား တပည့်တော်မသည် ငါ့မှာမူကား ဤဆင်းရဲဒုက္ခ နှိပ်စက်ခြင်းကြောင့် အိပ်ခြင်းသို မကပ်ရောက်ရသေး အရှင်ဂေါဝင်းတို့သည် အဘယ်အကျိုးငှါ ကျိန်းစက်တော်မူခြင်းသို မကပ်ရောက်ကြ ကုန်ဘိသနည်းဟု ကြံပြီးလျှင် မချွတ်လျှင် တစုံတယောက်သော ရဟန်းအား မကျန်းမမာ မချမ်းသာခြင်းသည်ရင်း ဖြစ်လတ္တံ့ မြေကြောင့် ဘေးရန် ဥပဒ္ဒဝေါသည် မူလည်း ဖြစ်လတ္တံ့ဟု ဤမျှလောက်ကိုသာ ကြံစည် မိပါသည်ဘုရားဟု လျှောက်ကြား လေသောကြောင့် ဘုရားရှင်သည် ထိုပုဏ္ဏာမည်သော ကျွန်မ၏ စကားကို ကြား သိတော်မူ၍ ချစ်သိမ်း ပုဏ္ဏာ သင်သည် ထိုရွှေလောက်ဆင်းရဲဒုက္ခ နှိပ်စက်ခြင်း ကြောင့် မအိပ်နိုင် ငါ့ဘုရား၏ တပည့်သား သာဝကတို့ကား အခါ ခပ်သိမ်း နှိုးကြားခြင်းကို အဖန်ဖန်လေ့လာအားထုတ်ကြခြင်းကြောင့် မအိပ်နိုင်ကြကုန်ဟု မိန့်တော်မူ၍ ဤဂါထာကို ဟော၊ကြားတော်မူလေ၏။

ဒေသနာတော်

၂၂၅ သဒါ ဇာဂရမာနာနံ၊ အဟောရတ္တာနုသိက္ခိနံ။
နိဗ္ဗာနံ အဓိမုတ္တာနံ၊ အတ္ထံ ဂစ္ဆန္တိ 'အာသဝါ။

သဒါ၊ အခါခပ်သိမ်း။ ဇာဂရမာနာနံ၊ နှိုးကြားတတ်ကြကုန်သော။ အဟောရတ္တာနုသိက္ခိနံ၊ နေ့ည၌ ပတ်လုံး သိက္ခာ သုံးပါးကို ကျင့်ကြကုန်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အဓိမုတ္တာနံ၊ အလိုရှိခြင်းနှလုံးသွင်းခြင်း ရှိကြကုန်သော ပုဂ္ဂိုလ်တို့ အား။ အာသဝါ၊ အာသဝေါတရားလေးပါးတို့သည်။ အတ္ထံ၊ ချုပ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ ရပ်မြဲတိုင်းသံသာလျှင် ဖြစ်သော ပုဏ္ဏာ အမည်ရှိသော ကျွန်မသည် သောတာပတ္တိဖိုလ်၌ တည်လေ၏ ရောက်လာသော ပရိသတ် အားလည်း အကျိုးရှိသော ဒေသနာ ဖြစ်တော်မူလေ၏။

ဆန်ကဲ့စား သိန္ဓောမြင်းငယ် ဇာတ်အမြွက်

မြတ်စ္စာဘုရားသည် ဆန်ကဲ့မီးဖုတ် မုံ့ဖြင့် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုပြီး၍ ကျောင်းတော်သို့ ကြွသွားတော်မူလေ၏ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင့်တို့

မြတ်စွာဘုရားသည် ပုဏ္ဏာအမည်ရှိသော အိမ်ကျွန်မလှူဒါန်းအပ်သော ဆန်ကွဲ မီးဖုတ် မုံ့ဖြင့် ဆွမ်းဘုဉ်းပေးခြင်း ကိစ္စကို ပြုတော်မူသဖြင့် ပြုနိုင်ခဲသော အမှုကို ပြုတော်မူပါပေ၏ တကားဟု စကားကို ဖြစ်စေကြလေကုန်၏ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ချစ်သားရဟန်းတို့ ယခု ငါလာဆဲဖြစ်သော အခါ၌ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်ဘိသနည်းဟု မေးတော်မူသော ကြောင့် ဤမည်သောစကားဖြင့် စည်းဝေးကြပါသည်ဘုရားဟု နားတော် လျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ ယခုသာလျှင် မဟုတ်သေး ရှေး၌လည်း ငါဘုရားသည် ဤပုဏ္ဏာမည်သော ကျွန်မပေးအပ် ကျွေးအပ်သော ဆန်ကွဲကို သုံးဆောင် စားသောက်ဘူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူသဖြင့်—

ဘုတ္ဓာ တိဏပရိဃာသံ၊ ဘုတ္ဓာ အာစာမကုဏ္ဍကံ။
ဧတံ တေ ဘောဇနံ အာသိ၊ ကသ္မာ ဒါနိ နဘုဥ္ဇသိ။
ယတ္ထ ပေါသံ နဇာနန္တိ၊ ဇာတိယာ ဝိနယေနဝါ။
ပဟု တတ္ထ မဟာဗြဟ္မေ၊ အပိ အာစာမကုဏ္ဍကံ။
တ္ဌဥ္ဇခေါ ဓံ ပဇာနာသိ၊ ယာဒိသာယံ ဟယုတ္တမော။
ဇာနန္တော ဇာနမာဂမ္မ၊ နတေ ဘက္ခာမိ ကုဏ္ဍကံ။

အဿပေါတက၊ အိုမြင်းငယ်။ တွံ၊ သင်သည်။ တိဏပရိဃာသံ၊ သူတပါး စားကြွင်း မြက်ငုတ်ကို။ ဘုတ္ဓာ၊ စား၍။ အာစာမကုဏ္ဍကံ၊ အမယ်အိုကျွေး သော ထမင်းချိုးနှင့် ဆန်ကွဲမှုန့်ကို။ ဘုတ္ဓာ၊ စား၍။ ဝစိုတော၊ ကြီးပွားရ၏။ ဧတံ၊ ဤယခု ငါကျွေးသော အစာသည်။ တေ၊ သင်၏။ ဘောဇနံ၊ စားနေကျ အစာသည်။ အာသိ၊ ဖြစ်၏။ ဣဒါနိ၊ ယခုအခါ၌။ ကသ္မာ၊ အဘယ့်ကြောင့်။ နဘုဥ္ဇသိ၊ မစားဘိသနည်း။

မဟာဗြဟ္မေ၊ [1]မြတ်သော ပုဏ္ဏားကြီး။ ယတ္ထ၊ အကြင်အရပ်၌။ ပေါသံ၊ သတ္တဝါတဦးကို။ ဇာတိယာဝါ၊ အမျိုးဇာတ်အားဖြင့်ဌင်း။ ဝိနယေနဝါ၊ အကျင့် အာစာရ အားဖြင့်ဌင်း။ နဇာနန္တိ၊ ပြည့်စုံ မပြည့်စုံဟု မသိကြကုန်။ တတ္ထ၊

---

၁ မဟာဗြဟ္မေ-ဟူသော အာလုပ်ဝုဒ်ကား အလေးအမြတ် ခေါ်ဝေါ်သော အာလုပ်ဝုဒ် ဖြစ်သည်။

ထိုအရပ်၌။ အာစာမကုဏ္ဍကံအပိ၊ ထမင်းချိုး ဆန်ကွဲမှုန့်ကိုသော်လည်း။ ဘကွိတုံ၊ စားခြင်းငှါ။ ပဟု၊ စွမ်းနိုင်၏။

တွဥ၊ သင်သည်ကား။ မံ၊ အကျွန်ုပ်ကို။ အယံဟယော၊ ဤမြင်းသည်။ ယာဒိသော၊ အကြင်သို့ သဘောရှိသော။ ဟယုတ္တမော၊ အဘိုးတန် မြင်းကောင်းဖြစ်၏ဟူ၍။ ပဇာနာသိခေါ၊ သိသည် သာလျှင်တည်း။ ဇာနန္တော၊ အားစွမ်းကို သိသော အကျွန်ုပ်သည်။ ဇာနံ၊ အားစွမ်းကို သိသောသင့်ကို။ အာဂမ္မ၊ စွဲ၍။ တေ၊ သင်၏။ သန္တိကေ၊ အထံ၌။ ကုဏ္ဍကံ၊ ဆန်ကွဲမှုန့်ကို။ နဘက္ခာမိ၊ မစားအံ့ဟူ၍ ၁ဤဆန်ကွဲစား သိန္ဓောမြင်းငယ် ဇာတ်ကို အကျယ်ချဲ၍ ဟောတော်မူလေ၏။

ရာဇဂြိုဟ်သူဌေး၏ ပုဏ္ဏာမည်သော အိမ်ကျွန်မဝတ္ထုပြီး၏။

၇—အတုလျ ဥပါသကာဝတ္ထု

ပေါရာဏမေတံ - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အတုလျမည်သော ဥပါသကာကို အကြောင်းပြု၍ ဟောတော်မူလေ၏။

စိတ်တိုင်းကျ တရားမနာရသဖြင့် ကဲ့ရှဲခြင်း

ထိုဥပါသကာသည် သာဝတ္ထိပြည်၌ နေလေ့ရှိသော ဥပါသကာဖြစ်၍ ငါးရာသော ဥပါသကာအပေါင်း အခြံအရံရှိသဖြင့် တနေ့သ၌ ထိုဥပါသကာတို့ကိုခေါ်၍ တရားနာခြင်း အကျိုးငှါ ကျောင်းတော်သို့ သွားရောက်ပြီးလျှင် ရေဝတမထေရ်၏ အထံတော်၌ တရားနာလိုသည်ဖြစ်၍ ရေဝတ မထေရ်ကို ရှိခိုးကာ နေလေ၏ ထိုရေဝတ မထေရ်ကား ခြသေ့်ကဲ့သို့ တယောက် ထည်းတည်း ကိန်းအောင်းခြင်း၌ မွေ့လျော်လေ့ရှိ၏ တပါးတည်း နေထိုင်လေ့ရှိ၏ ထို့ကြောင့်

---

၁ ဤဇာတ်ကား၊ သုတ်ပါထေယျ အဋ္ဌကထာ၌လာသော ရှဉ့်မင်း ဇာတ်ကဲ့သို့ ငါးရာငါးဆယ် သင်္ဂါယနာ တင်တော်မူစဉ်က အကြောင်းအရာ တစုံတခုကြောင့် ချန်ထားခဲ့သည်ဟု အောက်ဖေ့ မှတ်ထင်မိ၏။ အနည်းငယ်မျှ ကွဲလွဲ၍ တွေ့မြင်ရသော ဇာတ်ကား တိကနိပါတ် ၁-သက်ပွဝဂ် ၄-ကုဏ္ဍကသိန္ဓဝ ဇာတ်ဖြစ်၏။ ဇာတ်ပေါင်းရာ၌ ထိုအခါက အမယ်အိုသည် ယခုအခါ ရှင်သာပုတြာအား ဆွမ်းကပ်သော အမယ်အိုဖြစ်လာ၏။ သိန္ဓောမြင်းသည် ရှင်သာရိပုတြာပြည့်ရှင်မင်း ရှင်အာနန္ဒာ မြင်းကုန်သည်ကား ငါဘုရားဖြစ်တော်မူလာ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

အတုလ္ပဒါယကာနှင့်တကွ တစုံတခုသော စကားကိုမျှ မိန့်ဆိုတော်မမူ အတုလ္ပ ဥပါသကာသည် ဤမထေရ်ကား တစုံ တခွန်းသော စကားကိုမျှ မဆိုဟု အမျှော်ထွက်သဖြင့် ရှင်သာရိပုတြာ၏ အထံတော်သို့သွား၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ရပ်နေလေ၏ ရှင်သာရိပုတြာ မထေရ်သည် အဘယ်အကြောင်းကြောင့် လာကြကုန်သနည်းဟု ဆိုအပ်သည်ရှိသော် အရှင်ဘုရား တပည့်တော်သည် ဤသီတင်းသည် ဥပါသကာတို့ကိုခေါ်၍ တရားနာခြင်း အကျိုးငှါ ရေဝတမထေရ် အထံသို့ ချဉ်းကပ်ပါသည်ဘုရား ရေဝတ မထေရ်သည် တပည့်တော်အား တစုံတခွန်းသော စကားကိုမျှ မဆိုပါဘုရား ထို့ကြောင့်တပည့်တော်သည် ထိုရေဝတမထေရ်အား အမျက်ထွက်သဖြင့် ဤအရပ်သို့ ရောက်လာပါသည် တပည့်တော်တို့အား တရားဟောတော်မူကြပါဘုရားဟု လျှောက်ကြားသည်ရှိသော် ဒါယကာတို့ ထိုင်ကြကုန်လော့ဟု မိန့်တော်မူပြီးလျှင် မျှားစွာပြု၍ အဘိဓမ္မာ တရားတော်ကို ဟောကြားတော်မူလေ၏ အတုလ္ပ ဥပါသကာ သည်လည်း တရားစကားမည်သည်ကား အလွန်သိမ်မွေ့လှ၏ ရှင်သာရိပုတြာသည် မျှားစွာသော အဘိဓမ္မာတရားကိုသာလျှင် ဟောတော်မူလေ၏ ငါတို့အား ဤအဘိဓမ္မာတရားဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု အမျက်ထွက်သဖြင့် ပရိသတ်ကိုခေါ်၍ ရှင်အာနန္ဒာ မထေရ်၏ အထံတော်သို့ သွားရောက်ပြန်လေ၏။

ရှင်အာနန္ဒာမထေရ်သည်လည်း ဒါယကာတို့ အဘယ်အကြောင်းရှိသနည်းဟု ဆိုလတ်သည်ရှိသော် အရှင်ဘုရား အကျွန်ုပ်တို့သည် တရားနာခြင်း အကျိုးငှါ ရေဝတမထေရ်သို့ ချဉ်းကပ်ကြပါကုန်သည်ဘုရား ရေဝတမထေရ်အထံ၌ [1]အာလာပ သလ္လာပ စကားပြောဟောခြင်းမျှကိုလည်း မရမူ၍ အမျက်ထွက်သဖြင့် ရှင်သာရိပုတြာမထေရ်၏ အထံတော်သို့ ရောက်သွားကြပါသည်ဘုရား ရှင်သာရိပုတြာသည်လည်း တပည့်တော်တို့အား အလွန်သိမ်မွေ့လှသော မျှားစွာသော အဘိဓမ္မာ တရားတော်ကိုသာလျှင် ဟောတော်မူပါသည်ဘုရား ဤအဘိဓမ္မာတရားဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု အမျက်ထွက်သဖြင့် ပရိသတ်ကိုခေါ်၍ ရှင်အာနန္ဒာ မထေရ်၏ အထံတော်သို့ သွားရောက်ပြန်လေ၏။

ရှင်အာနန္ဒာမထေရ်သည်လည်း ဒါယကာတို့ အဘယ်အကြောင်းရှိသနည်းဟု ဆိုလတ်သည်ရှိသော် အရှင်ဘုရား အကျွန်ုပ်တို့သည် တရားနာခြင်း အကျိုးငှါ ရေဝတမထေရ်သို့ ချဉ်းကပ်ကြပါကုန်သည်ဘုရား ရေဝတမထေရ်အထံ၌ [1]အာလာပ သလ္လာပ စကားပြောဟောခြင်းမျှကိုလည်း မရမူ၍ အမျက်ထွက်သဖြင့် ရှင်သာရိပုတြာမထေရ်၏ အထံတော်သို့ ရောက်သွားကြပါသည်ဘုရား ရှင်သာရိပုတြာသည်လည်း တပည့်တော်တို့အား အလွန်သိမ်မွေ့လှသော မျှားစွာသော အဘိဓမ္မာတရားတော်ကိုသာလျှင် ဟောတော်မူပါသည်ဘုရား ဤအဘိဓမ္မာတရားဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု အမျက်ထွက်သဖြင့် ပရိသတ်ကိုခေါ်၍ ရှင်အာနန္ဒာ မထေရ်၏ အထံတော်သို့ သွားရောက်ပြန်လေ၏။

---

၁ အာ+လာပ—အစစ္ဆာ+ပြောဆိုသောစကား။ သံ+လာပ—နေးကွေးထပ် ဖန်ဖန်+ပြောဆို ခြင်းစကား။

ကြားလေ၏ ထိုသို့ဖြစ်မူ ထိုင်၍နာကြကုန်လော့ဟု မိန့်တော်မူပြီးလျှင် ရှင်အာနန္ဒာမထေရ်သည် ထိုသီတင်းသည် ဥပါသကာတို့အား အလှန်သိလွယ်အောင် ပြု၍ အနည်းငယ်သော တရားစကားကို ဟောကြားမိန့်မြွက်တော်မူလေ၏။။

ကဲ့ရဲ့အပ်သူ ချီးမွမ်းအပ်သူ အစစ်မရှိ

ထိုသီတင်းသည် ဥပါသကာတို့သည် ရှင်အာနန္ဒာ မထေရ်အားလည်း အမျက်ထွက်ပြန်သဖြင့် ဘုရားရှင်၏ အထံတော်သို့ သွားပြီးလျှင် ရှိခိုးလျက် တင့်အပ်လျောက်ပတ်သော အရပ်၌ နေကြလေကုန်၏ ထိုအခါ ထိုဒါယကာတို့ကို မြတ်စွာဘုရားသည် ဥပါသကာတို့ အဘယ်အကြောင်းကြောင့် ရောက်လာကြကုန်သနည်းဟု မိန့်တော်မူလေ၏ မြတ်စွာဘုရား တရားနာခြင်းအကျိုးငှါ ရောက်လာကြပါသည်ဘုရားဟု လျှောက်ကြားလတ်သော် သင်တို့သည်တရားကို နာကြားရပြီလောဟု မိန့်တော်မူပြန်လေ၏ မြတ်စွာဘုရား တပည့်တော်တို့သည် အစဦးစွာ ရေဝတမထေရ်သို့ ချဉ်းကပ်ကြပါသည်ဘုရား ထိုရေဝတ မထေရ်သည် တပည့်တော်တို့နှင့် အတူတကွ တစုံတခုန်းသော စကားကိုမျှ မဆိုပါဘုရား ထိုရေဝတမထေရ်အား အမျက်ထွက်သဖြင့် ရှင်သာရိပုတြာမထေရ်သို့ ချဉ်းကပ်ကြပါသည် ထိုရှင်သာရိပုတြာ မထေရ်သည် တပည့်တော်တို့အား မျှားလှစွာသော အဘိဓမ္မာ တရားကို ဟောကြားပါသည်ဘုရား ထိုအဘိဓမ္မာ တရားကို မမှတ်သားနိုင် ပါသောကြောင့် အမျက်ထွက်သဖြင့် ရှင်အာနန္ဒာမထေရ်သို့ ချဉ်းကပ်ကြပါသည်။

ရှင်အာနန္ဒာမထေရ်သည် တပည့်တော်တို့အား အနည်းငယ်မျှသော တရားကိုသာလျှင် ဟောကြားပါသည်ဘုရား ထိုရှင်အာနန္ဒာမထေရ်အားလည်း အမျက်ထွက်သဖြင့် ဤအရပ်သို့ ရောက်လာကြပါသည် ဘုရားဟု လျှောက်ဆိုလတ်သည် ရှိသော် မြတ်စွာဘုရားသည် အတူလျှ ဥပါသကာ၏ စကားကို ကြားတော်မူရလျှင် ဒါယကာ အတူလျှ ထိုကဲ့ရဲ့ခြင်းသည် ရှေးအခါမှစ၍ အလေ့အလာဖြစ်သည်သာတည်း ဆိတ်ဆိတ်နေသောသူကိုလည်း မျှားမျှားပြောဆိုတတ်သော သူကိုလည်း နည်းနည်းပြောဆိုတတ်သော သူကိုလည်း ကဲ့ရဲ့ကြကုန် စမြဲသာတည်း စင်စစ် ကဲ့ရဲ့အပ်သည်သာလျှင် ဖြစ်သောသူသည်လည်း စင်စစ်ချီးမွမ်းအပ်သည်သာလျှင် ဖြစ်သောသူသည်လည်း မရှိ ပြည့်ရှင်မင်းကြီးတို့ကိုလည်း အချို့သော

သူတို့သည် ကဲ့ရဲ့ကြကုန်၏ အချိုသောသူတို့သည် ချီးမွမ်းကြကုန်၏ မဟာပထဝီမြေကြီးကိုဝင်း လနေတို့ကိုဝင်း အချိုသောသူတို့သည် ကဲ့ရဲ့ကြကုန်၏ အချိုသောသူတို့သည် ချီးမွမ်းကြကုန်၏ ပရိသတ်လေးပါး၏ အလယ်၌ နေတော်မူလျက် တရားစကား ဟောကြားတော်မူသော မြတ်စွာဘုရားကိုသော်လည်း အချိုသောသူတို့သည် ကဲ့ရဲ့ကြကုန်၏ အချိုသော သူတို့သည် ချီးမွမ်းကြကုန်၏ [1]အန္ဓဗာလဖြစ်သော သူမိုက်တို့၏ ကဲ့ရဲ့ခြင်းသည်ဝင်း ချီးမွမ်းခြင်းသည်ဝင်း ပမာဏမဟုတ်လျင်စွာ သိနိုင်မှတ်နိုင်သော ပညာရှိသောသူ၏ ကဲ့ရဲ့ခြင်းသည် ကဲ့ရဲ့ခြင်းမည်၏ ချီးမွမ်းခြင်းသည် ချီးမွမ်းခြင်းမည်၏ဟုမိန့်တော်မူ၍ ဤဂါထာတို့ကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၂၆ ပေါရာဏမေတံ အတုလျ၊ နေတံ အဇ္ဇတနမိဝ။
နိန္ဒန္တိ တုဏ္ဍိမာသီနံ၊ နိန္ဒန္တိ ဗဟုဘာဏိနံ။
မိတဘာဏိမ္ပိ နိန္ဒန္တိ၊ နတ္ထိ လောကေ အနိန္ဒိတော။

၂၂၇ နစာဟု နစ ဘဝိဿတိ၊ နစေတရဟိ ဝိဇ္ဇတိ။
ဧကန္တံ နိန္ဒိတော ပေါသော၊ ဧကန္တံဝါ ပသံသိတော။

၂၂၈ ယဉ္ဇေ ဝိညူ ပသံသန္တိ၊ အနုဝိစ္စ သုဝေသုဝေ။
အစ္ဆိန္နဝုတ္တိံ မေဓာဝိံ၊ ပညာသီလ သမာဟိတံ။

၂၂၉ နိက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတုမရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။

အတုလျ၊ [1]အတုလျမည်သော ဒါယကာ။ ဧတံ၊ ဤကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းသည်။ ပေါရာဏံ၊ ရှေးမှစ၍ ဖြစ်၏။ ဧတံ၊ ဤကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းသည်။ အဇ္ဇတနမိဝ၊ ယခုမှ ဖြစ်သကဲ့သို့။ နဟောတိ၊ မဟုတ်။ တုဏ္ဍိမာသီနံပိ၊ ဆိတ်ဆိတ်နေလေ့ရှိသော သူကိုလည်း။ နိန္ဒန္တိ၊ ကဲ့ရဲ့ကြကုန်၏။

[ဤပုဂ္ဂိုလ်ကား အသို့နည်း အအ ကဲ့သို့ နားပင်းကဲ့သို့ ဘာတခုမျှ မသိတတ်သကဲ့သို့ ဆိတ်ဆိတ်သာ နေဘိ၏ဟု ကဲ့ရဲ့ကြကုန်၏ဟူလို]။

---

၁ အန္ဓ+ဗာလ- ညဏ်ရောင်မရှိ မှောင်အဘိကျလျက် + မသိမိုက်ဲသောသူ။ (ပရိယာယ်သဒ္ဒါနှစ်ချက်ဆင့် မြင့်သောအနက်ထွက်)။

(၁) ၁၄၃-၅၀

ဗဟုဘာဏီနံပိ၊ များများ ပြောဆိုလေ့ရှိသော သူကိုလည်း။ နိဒ္ဒေါ့၊ ကဲ့ရဲ့ကုန်၏။

[ဤပုဂ္ဂိုလ်ကား လေခပ်သော့ ထန်းရွက်ကဲ့သို့ တဖြစ်ဖြစ် ၊ကတောက်တောက် အသံပြုနိုင်၏ ဤပုဂ္ဂိုလ်အား စကားကုန်သည်ဟူ၍ပင်မရှိဟု ကဲ့ရဲ့ကြကုန်၏ဟူလို]။

မိတဘာဏီမို့၊ နည်းနည်း ပြောဆိုလေ့ရှိသော သူကိုလည်း။ နိဒ္ဒေါ့၊ ကဲ့ရဲ့ကြကုန်၏။

[ဤပုဂ္ဂိုလ်ကား ရွှေ ငွေ အလား မိမိ၏ စကားကို အမှတ်ထားသောကြောင့် တခွန်း နှစ်ခွန်းလောက်သာပြောပြီး ဆိတ်ဆိတ် နေလေတော့သည်ဟု ကဲ့ရဲ့ကြကုန်၏ ဟူလို]။

လောကေ၊ လောကဋ္ဌေ။ အနိဒ္ဓိတော၊ မကဲ့ရဲ့အပ်သောသူ မည်သည်။ ဝါ၊ အကဲ့ရဲ့လွတ်သောသူ မည်သည်။ နတ္ထိ၊ မရှိ။

ကေန္တံ၊ စင်စစ်အားဖြင့်။ နိဒ္ဒိတော၊ကဲ့ရဲ့အပ်သော။ ပေါသော၀ါ၊ယောကျိုးသည်ထင်း။ ကေန္တံ၊ စင်စစ် အားဖြင့်။ ပသံသိတော၊ ချီးမွမ်း အပ်သော။ ပေါသော၀ါ၊ ယောကျိုးသည်ထင်း။ နစအဟု၊ ရှေးအတိတ်ဋ္ဌလည်း မဖြစ်စဘူး။ နစဘဝိဿတိ၊ နောင် အနာဂတ်ဋ္ဌလည်း မဖြစ်လတ္တံ့။ ဇေရဟိစ၊ ယခုပစ္စုပ္ပန်ဋ္ဌလည်း။ နဝိဇ္ဇတိ၊ မရှိ။

အစ္ဆိန္နဝုတ္တိ၊ မကျိုးမပြတ်သော အကျင့်သိက္ခာ ရှိသော။ ဝါ၊ မပျက်စီးသော အသုက်မွှေးခြင်းရှိသော။ မေဓာဝိ၊ ထက်မြက်သော ဓမ္မောဇ ပညာဖြင့် ပညာရှိသော။ ပညာသီလသမာဟိတံ၊ လောကီ လောကုတ္တရာပညာ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသော။ ယံဘိကङ္ခုံ၊ အကြင်ရဟန်းကို။ ဝိညူ၊ပညာရှိတို့သည်။ သုဝေ ဿုဝေ၊ နေ့တိုင်း နေ့တိုင်း။ အနုဝိစ္စ၊ ချီးမွမ်းသင့် ကဲ့ရဲ့သင့်ကို သိရှိ၍။ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏။

တံဘိက္ခုံ၊ ထိုရဟန်းကို။ ဇမ္မောနဒဿ၊ ဇမ္မူရာဇ်ရွှေ၏။ နိက္ခံဣဝ၊ ၁တနိက္ခ ကဲ့သို့။ ကော၊ အဘယ်သူသည်။ နိန္ဒိတုံ၊ ကဲ့ရဲ့ခြင်းငှါ။ အရဟတိ၊ ထိုက်အံ့နည်း။ နံဘိက္ခုံ၊ ထိုရဟန်းကို။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏။

[လူပညာရှိတို့လည်း ချီးမွမ်းကြကုန်၏ ဟူလို]။

သောဘိက္ခု၊ ထိုရဟန်းကို။ ဗြဟ္မုနာပိ၊ စကြဝဋ္ဌာတိုက်တသောင်း မဟာဗြဟ္မာ အပေါင်းသည်လည်း။ ပသံသိတော၊ ချီးမွမ်းအပ်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ ငါးရာသော ဥပါသကာတို့သည်လည်း သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

အတုလျ ဥပါသကာဝတ္ထုပြီး၏။

၈—ဆဗ္ဗဂ္ဂီရဟန်းတို့ ဝတ္ထု

ကာယပ္ပကောပံ - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဋ္ဌုဝန် ကျောင်းတော်၌ နေတော်မူစဉ် ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ခုံဘိနပ်စီးသော ရဟန်းများအကြောင်း

တနေ့သ၌ မြတ်စွာဘုရားသည် ဝေဋ္ဌုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လက်နှစ်ဘက်တို့ဖြင့် တောင်ဝှေးတို့ကို ကိုင်လျက် သစ်သားခြေနင်းခုံဘိနပ်ကို စီး၍ ကျောက်ဖျာ၌ စင်္ကြံသွားကြကုန်သော ထိုဆဗ္ဗဂ္ဂီ ရဟန်းတို့၏ ၂ခဋ္ဌ-ခဋ္ဌ ဟူသောအသံကို ကြားတော်မူရလျှင် ချစ်သားအာနန္ဒာ ဤအသံကား အဘယ်မည်သော အသံနည်းဟု မေးတော်မူသောကြောင့် ခြေနင်းကိုစီး၍ စင်္ကြံသွားကုန်သော ဆဗ္ဗဂ္ဂီရဟန်းတို့ကို အစွဲပြု၍ မြည်သော ခဋ္ဌ-ခဋ္ဌ ဟူသော အသံ

---

၁ တနိက္ခဟူသည်ကား- စပါးလေးလုံး တချင်ရွေး။ နှစ်ချင်ရွေး မာသကတခု။ ငါးမာသက နှစ်အက္ခ (ဆယ်ရွေး) ၂ရှစ်အက္ခခာရဏတခု (ရွေးလေးဆယ်) ငါးခာရဏ (၁) သုဝဏ် (ရွေးနှစ်ရာ) ငါးသုဝဏ် တနိက္ခ (ရွေးတထောင်)။

၂ ခေါက်ခေါက်၊ ခတ်ခတ်စသည်ဖြင့် မြည်သောအသံဟူလို။

ဖြစ်ပါသည် ဘုရားဟု လျှောက်ကြားသဖြင့် ၁သိက္ခာပုဒ်တော်ကို ပညတ်တော်မူပြီးလျှင် ရဟန်းမည်သည်ကား ကိုယ်စသည်တို့ကို စောင့်ရှောက်ခြင်းငှါ သင့်၏ဟု မိန့်တော်မူ၍ တရားဟောကြားတော် မူလိုရကား ဤဂါထာတို့ကို ဟောတော်မူလေ၏။

ဒေသနာတော်

၂၃၀ ကာယပ္ပကောပံ ရက္ခေယ္ယ၊ ကာယေန သံဝုတော သိယာ။
ကာယဒုစ္စရိတံ ဟိတ္ဝာ၊ ကာယေန သုစရိတံ စရေ။

၂၃၁ ဝစီပကောပံ ရက္ခေယ္ယ၊ ဝါစာယ သံဝုတော သိယာ။
ဝစီဒုစ္စရိတံ ဟိတ္ဝာ၊ ဝါစာယ သုစရိတံ စရေ။

၂၃၂ မနောပကောပံ ရက္ခေယ္ယ၊ မနသာ သံဝုတော သိယာ။
မနောဒုစ္စရိတံ ဟိတ္ဝာ၊ မနသာ သုစရိတံ စရေ။

၂၃၃ ကာယေန သံဝုတာ ဓီရာ၊ အထော ဝါစာယ သံဝုတာ။
မနသာ သံဝုတာ ဓီရာ၊ တေဝေ သုပရိသံဝုတာ။

ကာယပ္ပကောပံ၊ ကာယ ဒုစရိုက်ကို။ ရက္ခေယ္ယ၊ စောင့်ရှောက်ရာ၏။ ကာယေန၊ ကာယဒွါရဖြင့်။ သံဝုတော၊ စောင့်ရှောက်သည်။ သိယာ၊ ဖြစ်ရာ၏။

[ကာယဒွါရ၌ ဒုစရိုက်ဝင်လာခြင်းကို မြစ်တားကာ စောင့်ရှောက်လျက် ပိတ်အပ်သော တံခါးရှိသောသူ ဖြစ်ရမည်ဟူလို့]။

ကာယဒုစ္စရိတံ၊ ကာယဒုစရိုက်ကို။ ဟိတ္ဝာ၊ စွန့်၍။ ကာယေန၊ ကာယဒွါရဖြင့်။ သုစရိတံ၊ ကောင်းသောအကျင့်ကို။ စရေ၊ ကျင့်ရာ၏။

ဝစီပကောပံ၊ ဝစီဒုစရိုက်ကို။ ရက္ခေယ္ယ၊ စောင့်ရှောက်ရာ၏။ ဝါစာယ၊ ဝစီဒွါရဖြင့်။ သံဝုတော၊ စောင့်ရှောက်သည်။ သိယာ၊ ဖြစ်ရာ၏။ ဝစီဒုစ္စရိတံ၊ ဝစီဒုစရိုက်ကို။ ဟိတ္ဝာ၊ စွန့်၍။ ဝါစာယ၊ ဝစီဒွါရဖြင့်။ သုစရိတံ၊ ကောင်းသော အကျင့်ကို။ စရေ၊ ကျင့်ရာ၏။

မနောပကောပံ၊ မနောဒုစရိုက်ကို။ ရက္ခေယ္ယ၊ စောင့်ရှောက်ရာ၏။ မနသာ၊ မနောဒွါရဖြင့်။ သံဝုတော၊ စောင့်ရှောက်သည်။ သိယာ၊ ဖြစ်ရာ၏။ မနောဒုစ္စရိတံ၊

---

၁ သမ်သားခြေနင်းဗီးလျှင် ဒုက္ကဋ်အာပတ်သင့်စေဟု ဝိနည်းမဟာဝါစမွက္ခန္ဓက၌ မည်တော်သော သိက္ခာပုဒ်။

မနောဒုစရိုက်ကို။ ဟိတ္ဝာ၊ စွန့်၍။ မနသာ၊ မနောဒ္ဒါရဖြင့်။ သုစရိတံ၊ ကောင်းသော အကျင့်ကို။ စရေ၊ ကျင့်ရာ၏။

မိရာ၊ ပည်ာရှိတို့သည်။ ကာယေန၊ ကာယဒ္ဒါရဖြင့်။ သံဝုတာ၊ လုံခြုံစွာ ပိတ်ဆို့ကြကုန်၏။ အထေဝ၊ ထိုမှတပါး။ ဝါစာယ၊ ဝစီဒ္ဒါရဖြင့်။ သံဝုတာ၊ လုံခြုံစွာ ပိတ်ဆို့ကြကုန်၏။ မနသာ၊ မနောဒ္ဒါရဖြင့်။ သံဝုတာ၊ လုံခြုံစွာ ပိတ်ဆို့ကြကုန်၏။ တေမိရာ၊ ထိုပည်ာရှိတို့သည်။ ဝေကေန္တေန၊ စင်စစ်အားဖြင့်။ သုပရိသံဝုတာ၊ ကောင်းစွာ ထက်ဝန်းကျင် လုံခြုံစွာ ပိတ်ဆို့နိုင်ကြသောသူတို့ ဖြစ်ကုန်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံးဌ် များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ဆဗ္ဗဂ္ဂိရဟန်းတို့ဝတ္ထုပြီး၏။

ဤတွင်ရွှေကျောင်း တဆယ့်ခုနစ်ခု မြောက်သော ကောဓဝဂ်အဖွင့်ပြီး၏။

၁၈-မလဝဂ်

၁-နွားသတ်သမား၏သားဝတ္ထု

ပဏ္ဍုပလာသောဝ ဒါနိသိ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် တယောက်သော နွားသတ်သော ယောကျ်ား၏သားကို အကြောင်းပြု၍ ဟောတော်မူလေ၏။

အသားမပါ မစားနိုင်ဟု ဆိုခြင်း

သာဝတ္ထိပြည်၌ တယောက်သော နွားသတ်ယောကျ်ားသည် နွားတို့ကိုသတ်သဖြင့် ကောင်းမြတ်သော အသားတို့ကိုယူ၍ ချက်စေပြီးလျှင် သားမယားတို့နှင့်အတူတကွ နေထိုင်လျက် အသားကိုလည်းစား၏ အဘိုးအားဖြင့် ရောင်းချ၍လည်း အသက်မွေးခြင်းကို ပြုသတတ် ထိုနွားသတ် ယောကျ်ားသည် ဤသို့ငါးဆဲ့ငါးနှစ်တို့ ကာလပတ်လုံး နွားသတ်ခြင်း အမှုကိုပြုလျက် အနီးဖြစ်သော ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားအား တနေ့သ၌မျှလည်း တယောက်မ တဇွန်းမျှသော ယာဂုကိုဌင်း ဆွမ်းကိုဌင်း မလှူဒါန်းစဘူး ထိုနွားသတ်ယောကျ်ား သည်ကား အမဲသားနှင့် ကင်း၍ ထမင်းစားလေ့မရှိ ထိုနွားသတ် ယောကျ်ားသည် တနေ့သ၌ နွားသားကို ရောင်းချပြီးလျှင် မိမိအတွက် ချက်စရာ အလို့ငှါ တခုသောအသားတုံးကို မယားအားပေး၍ ရေချိုးခြင်းငှါ သွားလေ၏ ထိုအခါ နွားသတ်ယောကျ်ား၏ အဆွေခင်ပွန်းသည် အိမ်သို့လာ၍ နွားသတ်သမား၏ မယားကို ငါ့အား ရောင်းအပ်သော နွားသားကို အနည်းငယ်ပေးပါ ငါ၏အိမ်၌ ဧည့်သည် ရောက်လာပါသည်ဟု ဆိုလေ၏ ရောင်းအပ်သော နွားသားမရှိပြီ သင်၏ အဆွေခင်ပွန်းသည် အမဲသား အားလုံးရောင်းပြီးသဖြင့် ယခု ရေချိုးခြင်းငှါ သွားပါသည်ဟု ဆိုလတ်သော် ဤသို့မပြုပါလင့် အမဲသားတုံး အကယ်၍ ရှိသေးသည်ဖြစ်အံ့ ပေးပါဦးဟု ဆိုလေ၏ သင်၏ အဆွေခင်ပွန်း အလို့ငှါ ထားအပ်သော အမဲသားကို ဖယ်ထား၍ တပါးသော အမဲသားမရှိပါဟု ဆိုလတ်သော် ထိုအမဲသား အလိုရှိသောသူသည် ငါ၏သူငယ်ချင်းအလို့ငှါ ထားအပ်သော အမဲသားမှတပါး အခြားသော အမဲသားမရှိ ထိုငါ၏ သူငယ်ချင်းသည်လည်း အမဲနှင့်ကင်း၍ ထမင်းမစားနိုင် ဤနွားသတ်

သမား၏ မယားသည် ပေးဝံ့လိမ့်မည်မဟုတ်ဟု ကြံ၍ ကိုယ်တိုင်သာလျှင် ထိုအမဲသားကိုယူ၍ ဖဲသွားလေ၏ နွားသတ်ယောကျ်ားသည်လည်း ရေချိုးပြီး၍ပြန်လာသည်ရှိသော် မယားသည် မိမိချက်အပ်သော ဟင်းရွက် ကျက်နှင့်တကွ ခူးထည့်၍ ထမင်းကိုဆောင်ယူလာသောအခါ အမဲသား အဘယ်မှာနည်းဟု မေးလေ၏ အရှင့်သား မရှိပြီဟု ဆိုလတ်သော် ငါကား ချက်စိမ့်သောငှါ ကိုယ်တိုင် ပေးခဲ့၍ သွားသည်မဟုတ်လောဟု ဆိုလေ၏ သင်၏ အဆွေခင်ပွန်း ဖြစ်သော သူသည်လာလတ်၍ ငါ၏အိမ်၌ ဧည့်သည် ရောက်လာပါသည် ရောင်းအပ်သော အမဲသားကို ပေးပါဟုဆိုသဖြင့် အကျွန်ုပ်သည် သင်၏ အဆွေခင်ပွန်း အလို့ငှါ ထားအပ်သော အမဲသားမှ တပါးသော အမဲသားမရှိပါ ထိုသင်၏သူငယ်ချင်းသည်လည်း အမဲသားနှင့်ကင်း၍ မစားနိုင်ဟု ဆိုပါလျက်လည်း အနိုင့်အထက် ပြုသဖြင့် ထိုအမဲသားကို ကိုယ်တိုင်သာယူကာ သွားပါသည်ဟု ဆိုလတ်သော် ငါကား အမဲသားနှင့်ကင်း၍ ထမ့င်းကိုမစားနိုင် ထိုအမဲကိုပြန်၍ ယူဆောင်ချေလော့ဟု ဆိုလေ၏။

နွားရှင် လျှာပြတ်စား၍ ချက်ခြင်း မကောင်းကျိုးရပုံ

အရှင့်သား ပြန်၍ ဆောင်ယူခြင်းငှါ အဘယ်သို့ တတ်နိုင်ပါတော့အံ့နည်း စားပါအရှင်ဟု ဆိုလတ်သည်ရှိသော် နွားသတ်ယောကျ်ားသည် ငါ့ကား မစားနိုင်ဟုဆို၍ ထိုထမင်းကို ယူသိမ်းစေပြီးလျှင် ဓားကိုယူလျက် အိမ်နောက်ဖေး၌ ရပ်တည်နေသော နွားသည်ရှိလေ၏ ထိုနွား၏ အထံသို့ သွားပြီးလျှင် ခံတွင်းမှ လက်ကိုထည့်သွင်း၍ လျှာကိုငင်ထုတ်လျက် ဓားဖြင့် လျှာအရင်းမှ ဖြတ်ယူကာလာ၍ မီးကျီးတို့၌ ဖုတ်ကင်စေသဖြင့် ထမင်းအထက်၌ထား၍ ထိုင်နေလျက် ထမင်းတဆုပ်ကို စားပြီးလျှင် တခုသော အမဲ့သားပိုင်းကို ခံတွင်း၌ ထားလေ၏ ထိုခဏခြင်းသာလျှင် နွားသတ်ယောကျ်ား၏လျှာသည် ပြတ်၍ ထမင်းခွက်၌ ကျလေ၏ ထိုအခါ၌သာလျှင် ကံနှင့် တူစွာသော အကျိုးဝိပါက်ကို ရရှာလေ၏ ထိုနွားသတ်ယောကျ်ားသည်လည်း နွားကဲ့သို့ သွေးအလျဉ်သည် ခံတွင်းမှ ယိုစီးလျက် အိမ်တွင်းသို့ဝင်၍ ပုဆစ်ဒူးတို့ဖြင့် လှည့်ပတ်သွားလာကာ အော်ဟစ်မြည်တမ်းရှာလေ၏ ထိုအခါ၌ နွားသတ်ယောကျ်ား၏သားသည် အဘကိုကြည့်ရှုလျက် အနီး၌ရပ်လျက်ရှိ၏ ထိုအခါ ထိုသားကိုမိခင်သည် ချစ်သားနွားကဲ့သို့

အိမ်၏အလယ်၌ ပုဆစ်ဒူးတို့ဖြင့် သွားလာ လှည့်ပတ်ကာ အော်ဟစ် မြည်တမ်းရှာသော ဤသင့်ဘခင် နွားသတ်ယောကျ်ားကို ကြည့်ရှုလော့ ဤဆင်းရဲခြင်းသည် သင်၏ဦးခေါင်းထက်၌ ကျလတ္တံ့ ငါမိခင်ကိုလည်း ·မကြည့်မူ၍ မင့်မူ၍ မိမိ၏ချမ်းသာခြင်းကို ပြုလုပ်ကာ ထွက်ပြေးပေတော့ဟု ဆိုလေ၏ ထိုသားသည် သေဘေးမှ ကြောင့်လှသောကြောင့် မိခင်ကို ရှိခိုး၍ ထွက်ပြေးလေ၏ ထွက်ပြေးသွားသည်ရှိသော်ကား တက္ကသိုလ်ပြည်သို့ ရောက်သွားလေ၏ နွားသတ်ယောကျ်ားသည်လည်း နွားကဲ့သို့ အိမ်၏အလယ်၌ အော်ဟစ်မြည်တမ်းလျက် သွားလာ လှည့်ပတ်၍ အသက်သေဆုံးသည်ရှိသော် အဝီစိငရဲ၌ ဖြစ်ရှာလေ၏ နွားသည်လည်း သေဆုံးရှာလေ၏။

သားဖြစ်သူသည် တက္ကသိုလ်သို့ရောက်၍ ကြီးပွားခြင်း

နွားသတ်ယောကျ်ား၏ သားသည်လည်း တက္ကသိုလ်ပြည်သို့ သွား၍ ရှေပန်းထိမ်သည်အမှု အတတ်ကို သင်ယူလေ၏ ထိုအခါ ထိုသူငယ်၏ ဆရာသည် ရှာတခုသို့ သွားသည်ရှိသော် ဤသို့သဘောရှိသော တန်ဆာမည်သည်ကို ပြုလုပ်ရမည်ဟု ဆို၍ဖဲသွားလေ၏ ထိုသူငယ်သည်လည်း ထိုသို့သဘောရှိသော တန်ဆာကို ပြုလုပ်လေ၏ ထိုအခါ ထိုသူငယ်၏ ဆရာသည် ပြန်လာ၍ တန်ဆာကို မြင်ရလျှင် ဤသူငယ်ကား အမှတ်မရှိ တစုံတခုသော အရပ်သို့သွား၍ အသက်မွေးခြင်းငှါ စွမ်းနိုင်လောက်ပြီဟု အရွယ်သို့ရောက်သောမိမိ၏သမီးကို ထိမ်းမြားအပ်နှင်းလေ၏ ထိုနွားသတ် ယောကျ်ားသား သည် သားသမီးတို့ဖြင့် ကြီးပွားစည်ပင်လေ၏။

သာဝတ္ထိသို့ ပြန်ရောက်၍ ဘုရားနှင့် တွေ့ခြင်း

ထိုနောင်မှ ထိုသူ၏သားတို့သည် အရွယ်သို့ရောက်ကုန်သည်ဖြစ်၍ အတတ်ပညာကို သင်ကြားတတ်မြောက်ပြီးလျှင် နောက်အဘို့၌ သာဝတ္ထိပြည်သို့သွားကြသဖြင့် ထိုသာဝတ္ထိပြည်၌ အိမ်ရာတည်ထောင်၍ နေကြကုန်သည်ရှိသော် သဒ္ဓါပသန္နနှင့်ပြည့်စုံကြလေကုန်၏ထိုသူတို့၏ အဘသည်လည်း တက္ကသိုလ်ပြည်၌ တစုံတခုသောကုသိုလ်ကောင်းမှုကို မပြုမူ၍သာလျှင် အိုခြင်းသို့ရောက်လေ၏ ထိုအခါ နွားသတ်ယောကျ်ား သား၏ သားတို့သည် ငါတို့အဘကား အိုမင်းပြီဟု မိမိ၏အထံသို့ခေါ်စေ၍ အဘ၏ နတ်ရွာနိဗ္ဗာန် မင်္ဂိုလ်အကျိုးငှါ အလှူကို ပေးလှူကြကုန်စို့အံ့ဟု ဘုရား အမှူးရှိသော ရဟန်းသံဃာ အပေါင်းကို ပင့်ဘိတ်ကြကုန်၏

ထိုသားတို့သည် တဖန်မိုးသောက်သောနေ့တွင် အိမ်တွင်း၌ ဘုရားအမှူးရှိသော ရဟန်းသံဃာကို နေထိုင်တော်မူစေလျက် ရှိသော်လည်း လုပ်ကျွေးပြီးလျှင် ဆွမ်းဘုဉ်းပေးပြီးသော•အဆုံး၌ မြတ်စွာဘုရားကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့သည် ဘခင်အတွက် ဤ ဇီဝဘတ်ကိုလှူဒါန်းပါသည်ဘုရား တပည့်တော်တို့၏ ဘခင်အလို၌ အနုမောဒနာပြုတော်မူကြပါဘုရားဟု လျှောက်ကြားကြလေကုန်၏ မြတ်စွာဘုရားသည် ထိုနွားသတ်ယောကျ်ား၏သားကို ခေါ်တော်မူပြီးလျှင် ဒါယကာ သင်သည်ကား အသက်အရွယ် ကြီးရင့်လေပြီ မှည့်ရင့်သောကိုယ်ရှိပြီ ဖြောတော့သော အဆင်းရှိသော. ဖက်ရက်လျော်နှင့်တူပြီ သင့်အားတမလွန်ဘဝသို့ သွားခြင်းငှါကုသိုလ်ဟူသော ရိက္ခာထုပ်မရှိသေး မိမိတည်ရာကိုပြုလော့ ပညာရှိဖြစ်လော့ မိုက်မဲ တွေဝေသောသူ မဖြစ်လင့်ဟု အနုမောဒနာပြုတော်မူလျက် ဤနှစ်ဂါထာတို့ကို ဟောကြားတော်မူလေ၏။

ပဌမနွေ့ ဒေသနာတော်

၂၃၄ ပဏ္ဍုပလာသော၀ ဒါနိသိ၊ ယမပုရိသာပိစ တေ ဥပဋ္ဌိတာ။
ဥယျောဂမုခေစ တိဋ္ဌသိ၊ ပါထေယျံပိစ တေ နတ္ထိတံ။

၂၃၅ သော ကရောဟိ ဒီပမတ္တနော၊ ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘ၀။
နိဒ္ဓန္တမလော အနင်္ဃော၊ ဒိဗ္ဗံ အရိယဘူမိံ ဥပေဟိသိ။

ဘောဥပါသက၊ အိုဒါယကာ။ တုံ၊ သင်သည်။ ဤဒါနိ၊ ယခုအခါ၌။ ပဏ္ဍုပလာသော၀၊ ဖြောတော့သော အဆင်းရှိခဲသော ဖက်ရက်လျော်ကဲ့သို့။ အသိ၊ ဖြစ်ခဲ့ပြီတကား။ ယမပုရိသာပိစ၊ သေမင်း၏တမန် ယောကျ်ားတို့သည်လည်း။ တေ၊ သင်၏။ ဥပဋ္ဌိတာ၊ အနီး၌ တည်လာကုန်၏။ တုံ၊ သင်သည်။ ဥယျောဂမုခေစ၊ ဆုတ်ယုတ်ခြင်း၏ အဝ၌သာလျှင်။ တိဋ္ဌတိ၊ တည်၏။ တေ၊ သင်အား။ ပါထေယျံပိစ၊ ကုသိုလ်ဟူသော ရိက္ခာထုပ်သည်လည်း။ နတ္ထိတံ၊ မရှိသေး။

[ခရီးသွားသူအား ဆန်စသော ရိက္ခာထုပ်ကဲ့သို့ တမလွန် ခရီးသွားအံ့သော သင့်အား ကုသိုလ်ရိက္ခာထုပ် မရှိသေးပါတကား ဟူလို]။

သောတုံ၊ ထိုသင်သည်။ အတ္တနော၊ မိမိ၏။ ဒီပံ၊ ကျွန်းကြီးနှင့် တူသော့ ကုသိုလ်ဟူသော မှီခိုရာကို။ ကရောဟိ၊ ပြုလော။

---

၁ ဇီ၀+ဘတ်–အသက်ရှင်လျက်ရှိသော့သူအတွက်+လှူဒါန်းသောဆွမ်း။

(ခ) ၁၄၃–၅၁

[သမုဒြာ၌ လှေပျက်လတ်သော် ကျွန်းဟူသော မြို့ခိုရာကဲ့သို့ ကုသိုလ်ဟူသော မြို့ခိုရာကို ပြုရမည်ဟူလို]။

ခိပ်ပံ၊ လျင်စွာ။ ဝါယမ၊ လုံ့လပြုလော့။ ပဏ္ဍိတော၊ ပညာရှိသည်။ ဘဝ၊ ဖြစ်လော့။

[မိမိအတွက် ကုသိုလ် မြို့ခိုရာပြုသဖြင့် ပညာရှိ ဖြစ်စေရမည် သေဝသို့ မရောက်မီ ပြုစုမ်းနှိုင်သောအခါ ကုသိုလ်ပြုသော သူသည် ပညာရှိမည်၏ ထိုသို့သော ပညာရှိဖြစ်စေရမည် အန္ဓဗာလလူမိုက်ကြီး မဖြစ်စေလင့်ဟူလို]။

ဧဝံ၊ ဤသို့ပြုသည်ရှိသော်။ နိဒ္ဒန္တမလော၊ ထုတ်အပ်ပြီးသော ရာဂစသော အညစ်အကြေး ရှိသည်ဖြစ်၍။ အနင်္ဃော၊ ကိလေသာညို့ မရှိသည်ဖြစ်၍။ အရိယဘူမိ၊ အရိယာတို့၏ ဖြစ်ရာဖြစ်သော။ဒိဗ္ဗံ၊သုဒ္ဓါဝါသငါးဘုံသို့။ဥပေဟိသိ၊ ရောက်ရလတ္တံ့။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ နွားသတ်သမား၏ သားဖြစ်သော ထိုဒါယကာအဘိုးကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏ ရောက်လာသော ပရိသတ်တို့အားလည်း အကျိုးရှိသော ဒေသနာတော် ဖြစ်တော်မူလေ၏။

သောတာပန်တည်ပြီး နောက်တနေ့ တရားနာရခြင်း

ထိုဥပါသကာ၏ သားသမီးတို့သည် တဖန် နောက်တနေ့ ကောင်းမှုအကျိုးငှါလည်း မြတ်စွာဘုရားကို ပင့်ဘိတ်ပြီးလျှင် အလှူလှူ၍ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြီးစီးသော မြတ်စွာဘုရားကို အနုမောဒနာတရား ဟောကြားတော် မူသော အခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤဆွမ်းသည်လည်း တပည့်တော်တို့၏ ဘခင်အတွက် အသက်ရှင်စဉ် ရည်မှန်း၍ လှူအပ်သော ဆွမ်းသည် သာလျှင် ဖြစ်ပါသည်ဘုရား ဤဘခင်အားသာလျှင် အနုမောဒနာ ပြုတော်မူကြပါဟုရားဟု လျှောက်ကြားကြကုန်၏ ဘုရားရှင်သည် ထိုသူအား အနုမောဒနာ ပြုလိုသည်ဖြစ်၍ ဤနှစ်ဂါထာတို့ကို ဟောကြားတော်မူလေ၏။

ဒုတိယနေ့ ဒေသနာတော်

၂၃၆ ဥပနီတဝယောစ ဒါနိသိ၊ [၁]သံပယာတော ယမဿသန္တိကေ။
ဝါသောပိစ တေ နတ္ထိ အန္တရာ၊ ပါထေယျံ တေ နဝိဇ္ဇတိ။

၂၃၇ သော ကရောဟိ ဒီပမတ္တနော၊ ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘဝ။
နိဒ္ဓန္တမလော အနင်္ဂဏော၊ နပုန ဇာတိဇ္ဇရံ ဥပေဟိသိ။

ဘော ဥပါသက၊ အိုဒါယကာ။ တွံ၊ သင်သည်။ ဒါနိ၊ ယခုအခါ၌။ [၂]ဥပနီတဝယောစ၊ လွန်လေပြီးသော အရွယ်ရှိသည်လည်း။ အသိ၊ ဖြစ်၏။

[အရွယ်သုံးပါးစလုံးတို့ကိုလွန်၍ သေဝ၌တည်ပြီဟူလို]။

ယမဿ၊ သေမင်း၏။ သန္တိကေ၊ အထံ၌။ ဝါ၊ အထံသို့။ သံပယာတော၊ သွားအံ့သောငှါ စီရင်လျက် တည်သည်။ အသိ၊ ဖြစ်၏။

[သေဝသို့ ဝင်ရန် အသင့် ပြင်ပြီးပြီဟူလို]။

တေ၊ သင်အား။ အန္တရာ၊ အကြား၌။ ဝါသောပိစ၊ နေရခြင်းသည်လည်း။ နတ္ထိ၊ မရှိလတ္တံ့။

[ခရီးသွားသူတို့သည် ထိုထိုကိစ္စပြုလုပ်ကြလျက် ခရီးအကြား၌ နေကြသကဲ့သို့ ဤအတူ တမလွန်သွားသူတို့ မနေနိုင်ကြ တမလွန်သွားမည်သည် နှစ်ရက်သုံးရက် ဆိုင်းငံ့ပါဦး အလှူလှူပါဦးအံ့ တရားနာကြားပါဦးအံ့ စသော စကားတို့ကို ပြောဆိုခြင်းငှါ မတတ်ကောင်း ဤလူ့ပြည်မှ သေလျှင်ပင် တမလွန်၌ ဖြစ်ရသည်သာတည်း ထို့ကြောင့် အကြားနေခြင်း မရှိလတ္တံ့ဟု ဆိုအပ်သည်ဟူလို]။

တေ၊ သင်အား။ ပါထေယျံပိစ၊ ကုသိုလ်ဟူသော ရိက္ခာထုပ်သည်လည်း။ နဝိဇ္ဇတိ၊မရှိသေး။

---

၁ သမ္ပရာတော ဟူ၌လည်း ပါဠိရှိ၏။ ခေတ်နက်မထူး။ ဤဂါထာသည် ဝေတာလီဂါထာတည်း။ သို့ရာတွင် တတိယပါဒနှင့် စတုတ္ထပါဒပြန်နေသည်။

၂ ဥပါတိ နိဟိတမတ္တံ–ဟု အဋ္ဌကထာဖွင့်၏။ ဤ၌ နိပါတ်ဟူသည် ခေတ်အနက်ကို ထူးအောင်လည်းမပြု တားလည်းမတားမြစ်ဘဲ ကျလာရုံမျှသာဟူလို။ ခေတ္တတ္တ အနိုဝတ္တက ဥပသာရပုဒ်မဟုတ်။

[ကျွန်စတုတ္ထ ပါဒကို အောက်၌ ဆိုပြီးသော်လည်း ဥပါသကာကြီးအား အဖန်ဖန် မြဲမြံစိမ့်သောငှါ ထပ် ဟောအပ်၏ဟူလို]။

သောတံ့၊ ထိုသင်္ဘသည်။ အတ္တနော၊ မိမိ၏။ ဒီပံ၊ ကျွန်းကြီးနှင့် တူသော ကုသိုလ်ဟူသော မှီခိုရာကို။ ကရော်ဟိ၊ ပြုလော့။ ခိပ္ပံ၊ လျင်စွာ။ ဝါမယ၊ လှုံလပြုလော့။ ပဏ္ဍိတော၊ ပညာရှိသည်။ ဘဝ၊ ဖြစ်လော့။ နိဒ္ဒန္တမလော၊ ထုတ်အပ်ပြီးသော ရာဂစသော အညစ်အကြေး ရှိသည်ဖြစ်၍။ အနင်္ဃော၊ ကိလေသာညစ်မရှိသည်ဖြစ်၍။ ပုန၊ တဖန်။ ဇာတိဇရံ၊ ပဋိသန္ဓေနေခြင်း အိုခြင်း သို့။နဥပေဟိသိ၊ မကပ်ရလတ္တံ့။

[ဇာတိနှင့်ဇရာကိုဆိုသဖြင့် ဗျာဓိနှင့် မရဏလည်း ပါဝင်ပြီးဖြစ်၏ဟူလို]။

နွားသတ်သမား၏သား အနာဂါမ် တည်ခြင်း

[အောက် နှစ်ဂါထာတို့ဖြင့် အနာဂါမိမဂ်ကို ဟောတော်မူအင်၏ ကျွန် အထက် နှစ်ဂါထာတို့၌ အရဟတ္တမဂ်ကို ဟောတော်မူအပ်၏ ကျွန်သို့ပင် ဟောတော်မူသော်လည်း ပြည့်ရှင်မင်းကြီးသည် မိမိ၏ခံတွင်း အတိုင်းအရှည် ပမာဏဖြင့် ထမင်းလုပ်ဆုပ်၍ သားတော်အား ပေးကျွေးပါသော်လည်း ထိုမင်းသားငယ်သည် မိမိ၏ခံတွင်း အတိုင်းအရှည် ပမာဏ တန်လောက်ရုံကို သာ ယူနိုင်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည် အထက်မဂ်၏ အစွမ်းဖြင့် တရားဟောကြားတော် မူသော်လည်း ဒါယကာသည် မိမိ၏ အကြောင်း ဥပနိဿယ၏ အစွမ်းဖြင့် အောက်သောတာပတ္တိဖိုလ်သို့ ရောက်၍ ကျွန်နောက် အနုမောဒနာတရား၏ အဆုံး၌ အနာဂါမိဖိုလ်သို့ ရောက်လေ၏ ကြွင်းသော ပရိသတ်အားလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်တော်မူလေ၏]။

နွားသတ်သမား၏ သားဝတ္ထုပြီး၏။

၂—မထင်ရှားသော ပုဏ္ဏားဝတ္ထု

အနုပုဗ္ဗေန - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အမှတ်မရှိသော ပုဏ္ဏားတယောက်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မြက်ပေါက်ရာမှ စရပ်တကာ ဖြစ်ခြင်း

ထိုပုဏ္ဏားသည် တနေ့သ၌ နံနက် စောစောကသာလျှင် ထွက်၍ ရဟန်းတို့၏ သက်နိုးရုံရာ အရပ်၌ သက်နိုး ရုံတော်မူကြကုန်သော ရဟန်းတို့ကို ကြည့်ရှုကာ ရပ်တည် ဖနလေသတတ် ထိုနေရာအရပ်သည်ကား စည်ပင် ပေါက်ပွါးသော မြက်ပင်ရှိနေရာ ဖြစ်လေ၏ ထိုအခါ တပါးသော ရဟန်းသည် သက်နိုးကို ရုံစဉ် သက်နိုးအနားသည် မြက်ပင်တို့၌ ဖြစ်သဖြင့် ထိသဖြင့် ဆီးနှင်းပေါက်တို့ဖြင့် စိုစွတ်၏ ပုဏ္ဏားသည်လည်း ဤနေရာအရပ်ကို မြက်ပင် မရှိအောင် ပြုခြင်းငှါ သင့်၏ဟု ကြံ၍ တဖန်မိုးသောက် နောက်တနေ့၌ ပေါက်တူးကို ယူသွား၍ ထိုနေရာအရပ်ကို ရွှေပေါက်သဖြင့် ကောက်နယ်တလင်းဝန်းနှင့် တူသော နေရာ ဖြစ်လေ၏ တဖန် မိုးသောက် နောက်တနေ့၌ ထိုအရပ်သို့ သွားသဖြင့် ရဟန်းတို့သည် သက်နိုး ရုံတော်မူကြကုန်သည်ရှိသော် တပါးသော ရဟန်း၏ သက်နိုး အနားသည် မြေ၌ကျ၍ မြေမှုန့်၌ ဖြစ်သည်ကို ထိခိုက် လူးလည်းသည်ကို မြင်ပြန်လျှင် ဤအရပ်၌ သဲဖြန့်ကြဲခြင်းငှါ သင့်၏ဟုကြံ၍ သဲကိုဆောင်ယူကာ ကြဲဖြန့်လေ၏ ထိုအခါ တနေ့သ၌ နံနက်ဆွမ်းမစားမီ ။၀။ မွန်းမတည့်မီ နေပူသည် ပြင်းပြစွာ ဖြစ်လေ၏။

ထိုအခါ၌လည်း သက်နိုးရုံသော ရဟန်းတို့၏ကိုယ်မှ ချေးယိုစီးသည်တို့ကို မြင်ပြန်လျှင် ဤအရပ်၌ ငါကား မဏ္ဍပ်ဆောက်လုပ်ခြင်းငှါ သင့်၏ဟုကြံ၍ မဏ္ဍပ်ကိုဆောက်ပြန်လေ၏ တဖန်မိုဃ်းသောက်နောက်တနေ့၌ နံနက်စောစောက ပင်လျှင် မိုဃ်းရွာလေ၏ မိုဃ်းစွေလျက်ရှိ၏ ထိုအခါ၌လည်း ပုဏ္ဏားသည် ရဟန်းတို့ကို ကြည့်ရှုလျက်သာလျှင် ရပ်နေသဖြင့် မိုဃ်းရေစွတ်သော သက်နိုးရှိသော ရဟန်းတို့ကို မြင်ပြန်၍ ဤအရပ်၌ ငါသည် စရပ်ဆောက်လုပ်ခြင်းငှါ သင့်၏ဟု ကြံ၍ စရပ်ဆောက်လုပ်စေပြီးလျှင် ယခုအခါ စရပ်သာဓုခေါ်ခြင်းကို ပြုဦးအံ့ဟု အကြံပြု၍ ဘုရားအမှူးရှိသောရဟန်းသံဃာအပေါင်းကိုပင့်ဘိတ်၍ အတွင်း၌ဝင်း

---

၁ ပါဋ္ဌိ၌ (ပုရေဘတ္တ) ဟုဆိုဏ်။ ထိုပုရေဘတ္တသည် ပင့်ဘိတ်သောဆွမ်း မစားရသေးမီ အချိန်ဖြစ်သော ပုရေဘတ္တ။ မွန်းတည့်ချိန်မတိုင်မီ အချိန်ဖြစ်သော ပုရေဘတ္တဟု နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် ဤ၌ မွန်းတည့်ချိန်မတိုင်မီ အချိန်ကို ယူအင်၏။ ပုရေ+ဘတ္တ-ဘိတ်သော ဆွမ်းစားခြင်းမှ။ ၀။ ဆွမ်းနောက်ဆုံးချိန် ဖြစ်သော မွန်းတည့်မှ+ရှေးဖြစ်သောအချိန်။ နံနက်ပိုင်းဟူလို။

အပဋ္ဌင်း ရဟန်းတို့ကို နေစေတော်မူလျက် အလှူပေး၍ ဆွမ်းဘဉ်းပေး ပြီးသော အဆုံး၌ အနုမောဒနာ ပြုစိမ့်သောငှါ မြတ်စွာဘုရား၏ သပိတ်တော်ကို ယူပြီးလျှင် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် ရဟန်းတော်တို့၏ သက်ဦးရုံသောကာလ၌ ဤအရပ်၌ ကြည့်ရှုကာ ရပ်နေလျက် ဤအမှုကိုငှင်း ဤအမှုကိုငှင်း ပြဦးအံ့ဟု ကံစည်ပုံ ပြုလုပ်ပုံကိုအစမှစ၍ ဖြစ်ဖြစ် သမျှ အလုံးစုံသော ထိုအကြောင်းအရာကို လျှောက်ကြားလေ၏ မြတ်စွာဘုရား သည် ထိုပုဏ္ဏား၏ လျှောက်ကြားသောစကားကို ကြားတော်မူရလျှင် ပုဏ္ဏား ပညာရှိသောသူတို့ မည်သည်ကား ခဏတိုင်း ခဏတိုင်း အနည်းငယ်မျှ အနည်း ငယ်မျှသော ကုသိုလ်ကို ပြုလုပ်ကြကုန်လျက် အစဉ်အတိုင်း အားဖြင့် မိမိ၏ အကုသိုလ်ဟူသော အညစ်အကြေးကို ထုတ်ပစ်ကြကုန်သည် သာလျှင်တည်းဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၃၈ အနုပုဗ္ဗေန မေဓာဝီ၊ ထောကံထောကံ ခဏေခဏေ။
ကမ္မာရော ရဇတသ္ဿေဝ၊ နိဒ္ဓမေ မလမတ္တနော။

ကမ္မာရော၊ ရွှေပန်းထိမ်သည်သည်။ ရဇတဿ၊ ရွှေငွေ၏။ မလံ၊ အညစ် အကြေးကို။ နိဒ္ဓမတိ ဣဝ၊ ထုတ်သကဲ့သို့။ မေဓာဝီ၊ ထက်မြက်သော ပညာရှိသော သူသည်။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ ခဏေခဏေ၊ အခွင့်ရတိုင်း အခွင့်ရတိုင်း။ ထောကံ ထောကံ၊ အနည်းငယ် အနည်းငယ်သော ကုသိုလ်ကို။ ကရောန္တော၊ ပြုလျက်။ အတ္တနော၊ မိမိ၏။ မလံ၊ ရာဂအစရှိသော အညစ်အကြေးကို။ နိဒ္ဓမေ၊ ထုတ်ရာ၏။

[ရွှေကို တကြိမ်မျှ မီးချ၍ ဟူဖြင့်ထု၍ အညစ်အကြေးထုတ်၍ တန်ဆာ အထူးပြုလုပ်ခြင်းငှါ မရစကောင်း အကြိမ်ကြိမ်မီးချကာ တူဖြင့်ထု၍ အညစ် အကြေးကို ထုတ်ရသည် ထို့နောင်မှ တန်ဆာအထူး ပြုလုပ်ရသကဲ့သို့ အဖန် ဖန် ကုသိုလ်ပြုလျက် ပညာရှိသည် မိမိ၏ ရာဂစသော အညစ်အကြေးကို ထုတ်ပစ်ရမည် ဤသို့ အညစ်အကြေး ထုတ်ပြီးသည်ရှိသော် ကိလေသာ ကင်းသော ရဟန္တာဖြစ်၏ဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏ များစွာသော လူအပေါင်းအားလည်း အကျိုးရှိသော တရားဒေသနာဖြစ်တော်မူလေ၏။

မထင်ရှားသောပုဏ္ဏားဝတ္ထုပြီး၏။

၃—တိဿမထေရ်ဝတ္ထု

အယသာဝမလံ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် တိဿမထေရ် အမည်ရှိသော ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

သက်နှ်း၌ စွဲလမ်းသောကြောင့် သန်းဖြစ်ခြင်း

ထိုတိဿမထေရ်သည် သာဝတ္ထိပြည်၌ နေသော အမျိုးသား တယောက်ဖြစ်၍ ရဟန်း ပြုပြီးလျှင် ရအပ်သော ပဥ္စင်းအဖြစ် ရှိရကား တိဿမထေရ်ဟု ထင်ရှားတော်မူ သတတ် ထိုတိဿ မထေရ်သည် နောက်အဘို၌ ဇနပုဒ်ကျောင်း၌ ဝါဆိုသည်ဖြစ်၍ ရှစ်တောင်ရှိသော ထူထဲသော သက်နှ်းလျာပုဆိုးကို ရသဖြင့် ဝါကျွတ်လတ်သည်ရှိသော် ထိုသက်နှ်းလျာပုဆိုးကိုယူကာ ပြန်သွား၍ အစ်မ၏ လက်၌ထားလေ၏ ထိုအစ်မသည် ဤပုဆိုးကား ငါ့မောင်တော်အား မလျောက်ပတ်ဟု ထိုပုဆိုးကို ထက်လှစွာသောပဲခွပ်ဖြင့် ခုတ်စင်း၍ အမျှင်အမျှင် ပြုပြီးလျှင် ဆုံငယ်၌ထောင်း၍ သိပ်သွင်း၍ ပုတ်ခတ်၍ လုံး၍ သိမ်မွေ့သော ချည်ဖြစ်အောင်ငင်၍ ပုဆိုးကို ရက်စေလေ၏ တိဿမထေရ်သည်လည်း ချည်ကိုငှင်းအပ်တို့ကိုငှင်း စီရင်ပြီးလျှင် သက်နှ်းချုပ်တတ်သော ပဥ္စင်းပျိုသာမဏေတို့ကို စည်းဝေးစေလျက် အစ်မ၏ အထံသို့ သွား၍ ငါ့ပုဆိုးကို ပေးကြကုန်လော့ သက်နှ်းချုပ် စေတော့အံ့ဟုဆိုလေ၏ ထိုအစ်မသည် ကိုးတောင်ရှိသော ပုဆိုးကို ထုတ်ဆောင်၍ မောင်ငယ်ဖြစ်သော တိဿမထေရ်၏ လက်၌ ထားလေ၏ တိဿမထေရ်သည် ထိုပုဆိုးကိုယူကာ ဖြန့်လျက် ကြည့်ရှုပြီးလျှင် ငါ့ပုဆိုးသည်ထူ၏ ရှစ်တောင်ရှိ၏ ဤပုဆိုးကာသိမ်မွေ့၏ ကိုးတောင်ရှိ၏ ဤပုဆိုးသည်

ငါ့ပုဆိုးမဟုတ် ဤပုဆိုးသည် သင်တို့ပုဆိုးသာတည်း ငါ့အား ဤသင်တို့ပုဆိုးဖြင့် အလိုမရှိ ငါ့အားထိုပုဆိုးကိုသာ ပေးကြပါလော့ဟု ဆိုလေ၏ အရှင်ဘုရား ဤပုဆိုးသည် အရှင်ဘုရားတို့၏ ပုဆိုးသာတည်း ထိုပုဆိုးကိုသာယူတော်မူကြပါ ဘုရားဟု လျှောက်ကြားလတ်သော် တိဿမထေရ်သည် အလိုမရှိသည်သာ ဖြစ်လေ၏ ထိုအခါ တိဿ မထေရ်အား မိမိပြုအပ်သော ကိစ္စ အလုံးစုံကို ပြောကြားလျှောက်ထားပြီးလျှင် အရှင်ဘုရား ဤပုဆိုးသည် အရှင်ဘုရားတို့၏ ပုဆိုးသာတည်း ထိုပုဆိုးကိုသာ ယူတော်မူကြပါ ဘုရားဟု ဆက်ကပ်လေ၏ ထိုတိဿမထေရ်သည် ပုဆိုးကိုယူ၍ ကျောင်းသို့ သွားပြီးလျှင် သင်္ကန်းချုပ်ခြင်း အမှုကို ဖြစ်စေလေ၏ ထိုအခါ တိဿမထေရ်၏ အစ်မသည် သင်္ကန်းချုပ်သော ပုဂ္ဂိုလ် တို့အလို၌ ယာဂုဆွမ်း စသည်တို့ကို ပြည့်စုံစေလေ၏ သင်္ကန်းချုပ်၍ ပြီးသော နေ့၌ကား ပိုလွန်သော ပူဇော်သက္ကာရကို ပြုစေလေ၏ တိဿမထေရ်သည် သင်္ကန်းကို ကြည့်ရှုလျက် ထိုသင်္ကန်း၌ဖြစ်သော နှစ်သက်စုံမက်ခြင်း ရှိသည်ဖြစ်၍ ယခုအခါ နက်ဖြန်၌ ထိုသင်္ကန်းကို ရုံတော်အံ့ဟု နှလုံးသွင်းလျက် ခေါက်၍ သင်္ကန်းတန်းဝါး၌ ထားပြီးလျှင် ထိုညဉ့်အခါ၌ နံနက်က သုံးဆောင်အပ်သော အာဟာရကို အစာကြေစခြင်းငှါ မတာဘ်နိုင်ရကား ``စုတေမနေ ပျံလွန်လေ၍ ထိုသင်္ကန်း၌ သန်း အဖြစ်ဖြင့် ဖြစ်ရရှာလေ၏။

သန်းဘဝမှ တုသိတာဘုံ၌ ဖြစ်ခြင်း

တိဿမထေရ်၏ အစ်မသည်လည်း တိဿမထေရ်ပျံလွန်တော်မူခြင်းကို ကြားရလျှင် ရဟန်းတို့၏ ခြေတော်ရင်းတို့၌ လူလည်းလျက် ငိုကြွေးရှာလေ၏ ရဟန်းတို့သည် ထိုတိဿ မထေရ်၏ အလောင်းကောင်ကို သင်္ဂြိုဟ် ဖုတ်ကြည်းခြင်း ကိစ္စကိုပြု၍ သူနာပြုအလုပ်အကျွေးမရှိခြင်းကြောင့် ထိုသင်္ကန်းသည် သံဃာအားသာလျှင်ရောက်၏ ထိုသင်္ကန်းကို ဝေဘန်ကြကုန်စို့အံ့ဟု ထုတ်ယူကြလေကုန်၏ ထိုသန်းသည် ဤရဟန်းတို့ကား ငါ့ဥစ္စာကို လုယက် ဖျက်ဆီးကုန်၏ဟု ဟစ်အော်မြည်တမ်းလျက် ထိုမှ ဤမှ ပြေးသွားလေ၏ မြတ်စွာဘုရားသည် ဂန္ဓကုဋီ၌နေတော် မူလျက်သာလျှင် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ထိုအသံကို ကြားတော်မူရ၍ ဤစ်သားအာနန္ဒာ တိဿရဟန်း၏ သင်္ကန်းကို ခုနစ်ရက်ထားခြင်းငှါ ဆိုချေဦးလော့ဟု မိန့်တော်မူလေ၏ ရှင်အာနန္ဒာမထေရ်သည် ဘုရား မိန့်တော်မူတိုင်း.

ပြုစေလေ၏ ထိုသန်း သည်လည်း ခုနစ်ရက်မြောက်သောနေ့၌ စုတေခြင်းကိုပြု၍ တုသိတာ နတ်ပြည်၌ ဖြစ်လေ၏ မြတ်စွာဘုရားသည် ရှစ်ရက်မြောက်သောနေ့၌ တိဿရဟန်း၏ သင်္ကန်းကိုဝေဘန်၍ ယူကြကုန်လေ၃ဟု အမိန့်ပေးတော်မူလေ၏ ရဟန်းတို့သည် ဘုရားမိန့်တော်မူတိုင်း ပြုကြကုန်လေ၏ ရဟန်းတို့သည် တရားသဘင်၌ အဘယ်ကြောင့် မြတ်စွာဘုရားသည် တိဿရဟန်း၏ သင်္ကန်းကို ခုနစ်ရက်တိုပတ်လုံး ထားစေ၍ ရှစ်ရက်မြောက်သောနေ့၌ ယူခြင်းငှါ ခွင့်ပြုတော်မူပါသနည်းဟု စကားကို ဖြစ်စေကြလေကုန်၏ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ချစ်သားရဟန်းတို့ ယခု ငါလာဆဲဖြစ်သောအခါ၌ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်ဘိသနည်းဟု မေးတော်မူသောကြောင့် ဤမည်သောစကားဖြင့် စည်းဝေးကြပါသည်ဘုရားဟု နားတော်လျှောက်သည်ရှိသော် ချစ်သားရဟန်းတို့ တိဿရဟန်းသည် မိမိ၏ သင်္ကန်း၌ သန်းတိရစ္ဆာန်အဖြစ်ဖြင့် ဖြစ်လေ၏ သင်တို့သည် သင်္ကန်းကိုဝေဘန်အပ်သည်ရှိသော် ဤရဟန်းတို့သည် ငါ့ဥစ္စာကို လုယက်ဖျက်ဆီးကြကုန်၏ဟု ဟစ်အော် မြည်တမ်းလျက် ထိုမှဤမှ ပြေးသွားလေ၏။

သန်းဖြစ်ရှာသော ထိုတိဿရဟန်းသည် သင်တို့ သင်္ကန်းကို ယူအပ်သည်ရှိသော် သင်တို့၌ စိတ်ပြစ်မှား၍ ငရဲ၌ဖြစ်ရာ၏ ထို့ကြောင့် ငါဘုရားသည် သင်္ကန်းကို ဆိုင်းထားစေ၏ ယခုအခါ၌ကား ဤတိဿရဟန်းသည် တုသိတာနတ်ပြည်၌ ဖြစ်ပြီ ထို့ကြောင့် သင်ချစ်သားတို့အား ငါဘုရားသည် သင်္ကန်းကို ယူခြင်း၌ ခွင့်ပြုတော်မူ၏ဟု မိန့်တော်မူ၍ တဖန် ရဟန်းတို့က မြတ်စွာဘုရား ဤတဏှာ, မည်သည် ဝန်လေးလှပါသည်တကားဟု လျှောက်ပြန်လတ်သော် ချစ်သားရဟန်းတို့ ဤသတ္တဝါတို့၏ တဏှာမည်သည်ကား ဝန်လေးသည် မှန်ပေ၏ ဥပမာကား သံမှဖြစ်သော အညစ်အကြေး သံချေးသည် တက်၍ သံကိုသာလျှင် စား၏ ဖျက်ဆီး၏ မသုံးဆောင်ကောင်းအောင် ပြု၏ ဤအတူလျှင် ဤတဏှာသည် ဤသတ္တဝါတို့၏ ကိုယ်တွင်း သန္တာန်၌ ဖြစ်၍ ထိုသတ္တဝါတို့ကို ငရဲ စသည်တို့၌ ဖြစ်စေလေ၏ ပျက်စီးခြင်းသို့ ရောက်စေဘိ၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၃၉ အယသာဝ မလံ သမုဋ္ဌာယ၊ တတုဋ္ဌာယ တမေဝ ခါဒတိ။
ဧဝံ အတိဓောန စာရိနံ၊ သာနိကမွာနိ နယန္တိ ဒုဂ္ဂတိံ ။

(၈) ၁၄၃–၅၂

မလံ၊ အညစ်အကြေး သံချေးသည်။ အယသာဝ၊ သံမှဿာလျှင်။သမုဋ္ဌာယ၊ ဖြစ်၍။ တဇော၊ ထိုသံမှ။ဥဋ္ဌာယ၊ ထ၍။ တမေဝ၊ထိုသံကိုပင်လျှင်။ခါဒတိဂ္ဂဝ၊ စားသကဲ့သို့။ ဧဝံတထာ၊ဤအတူ။ အတိဓောနစာရိနံ၊ ပစ္စည်းလေးပါးကို မဆင်ခြင်မှု၍ သုံးဆောင်သော ရဟန်းကိုသာ။ သာနိ ကမ္မာနိ၊ မိမိ၌ဖြစ်၍ မိမိဥစ္စာဖြစ်ကုန်သော ထိုအကုသိုလ်ကံတို့သည်။ ဒုဂ္ဂတိံ၊ဒုဂ္ဂတိဘဝသို့။နယန္တိ၊ဆောင်ကြကုန်၏။

[ပစ္စည်းလေးပါးကို ဓောန ဟုခေါ်သည် ဤအကျိုးငှါ ဤပစ္စည်း မှီဝဲပါ၏ဟု ဆင်ခြင်၍ သုံးဆောင်ခြင်း အမှတ်သညာကို ပြုရသည် ထိုအမှတ်သညာကို မပြုဘဲ လွန်၍ ကျင့်သော ရဟန်းသည် အတိဓောနစာရိရဟန်းမည်၏ ပစ္စည်းလေးပါးတို့ကို မဆင်ခြင်ဘဲ သုံးဆောင်သော ရဟန်းဟူလို]။

ဒေဿနာတော်၏အကျိုး

ဒေဿနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

တိဿမထေရ်ဝတ္ထုပြီး၏။

၄–လာဠုဒါယိမထေရ်ဝတ္ထု၊

အသဇ္ဈာယမလာ - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် လာဠုဒါယိမထေရ်ကိုအကြောင်းပြု၍ ဟောတော်မူလေ၏။

တရားမဟောတတ်ဘဲ ဝါကြွားမိခြင်း

သာဝတ္ထိပြည်၌ ငါးကုဋေမျှ အတိုင်းအရှည် ရှိသော အရိယာ သာဝကဖြစ်သော လူတို့သည် နေကြကုန်သတတ် နှစ်ကုဋေမျှ အတိုင်းအရှည်ရှိသော ပုထုဇဉ်တို့လည်း နေကြကုန်သည်သာတည်း ထိုလူတို့တွင် မဂ်ဖိုလ်ကို ရပြီးကုန်သော အရိယာ သာဝကတို့သည် နံနက်အခါ အလှူကို ပေးလှူ၍ နေလွဲသောအခါ ထောပတ် ဆီပျား တင်လဲ သကြန်းလျှာပုဆိုး စသည်တို့ကိုယူလျက် ကျောင်း

တော်သို့သွား၍ တရားစကားကို ကြားနာကြကုန်၏ တရားနာပြီး၍ ပြန်သွား သောအခါ၌လည်း ရှင်သာရိပုတြာ ရှင်မောဂ္ဂလာန်တို့၏ဂုဏ်ကျေးဇူးနှင့်စပ်သော စကားကို ပြောဆိုကြကုန်၏ ဥဒါယီမထေရ်သည် ထိုသူတို့၏ စကားကိုကြားလျှင် သင်တို့သည် ရှေးဦးစွာ ဤရှင်သာရိပုတြာ ရှင်မောဂ္ဂလာန်တို့၏ တရားကိုနာရ၍ ဤသို့ပြောဆိုကြကုန်သေး၏ ငါ၏တရားစကားကို နာရလျှင် အဘယ့်ကြောင့် မပြောဆိုဘဲ နေနိုင်ကြကုန်လတ္တံ့နည်းဟု ပြောဆို၏ လူတို့သည် ထိုဥဒါယီ မထေရ်၏စကားကို ကြားရလျှင် ဤမထေရ်သည် တရားဟောသော ဓမ္မကထိက ပုဂ္ဂိုလ်တပါးဖြစ်တော်မူလတ္တံ့ဟု မှတ်ထင်၍ ဤမထေရ်မြတ်၏အထံတော်၌ ငါတို့ သည်တရားစကား နာကြားခြင်းငှါ သင့်၏ဟု နှလုံးပြု၍ ထိုလူတို့သည် တနေ့သ၌ ဥဒါယီ မထေရ်ကို တောင်းပန်ပြီးလျှင် အရှင်ဘုရား ယနေ့ တပည့်တော်တို့၏ တရားနာအံ့သောနေ့ ဖြစ်ပါသည်ဘုရား ထို့ကြောင့် အရှင်ဘုရား သံဃာအား အလှူကို ပေးပြီးနောက် အရှင်ဘုရားတို့သည့် တပည့်တော်တို့အား နေ့အခါ တရားဟောတော် မူကြပါဘုရားဟု လျှောက်ကြားကြလေကုန်၏ ထိုဥဒါယီ မထေရ်သည်လည်း ထိုလူတို့အား သည်းခံတော်မူလိုက်လေ၏။

အကြားလွန်၍ မစင်တွင်း လိမ့်ကျခြင်း

လူတို့တရားနာအံ့သောအခါ၌ လာရောက်ကြပြီးလျှင် အရှင်ဘုရား တပည့် တော်တို့အား တရားဟောတော် မူကြပါဘုရားဟု လျှောက်လတ်သည်ရှိသော် ဥဒါယီမထေရ်သည် တရားဟောနေရာ၌ နေထိုင်တော်မူသဖြင့် ဆန်းကြယ်သော ယပ်ကို ကိုင်ပြီးလျှင် တုန်တုန်လှုပ်လှုပ်ဖြစ်လျက် တပုဒ်တပါဒ တပိုဒ်မျှသော တရားကိုလည်း ဟောစရာ မမြင်ခြင်းကြောင့် ငါကားပါဋ္ဌိကိုသာ အသံဖြင့် ထင် ရှားအောင် ဖေါင်ဖေါင် ရွတ်ဆို၍ ဟောပြောအပ်သော သရဘညဝတ်ကို ရွတ်ဆို ပေအံ့ဟု ဆိုပြီးလျှင် တပါးသော [၂]ဓမ္မကထိကပုဂ္ဂိုလ်သည် တရားစကားကို ဟောကြားပါစေဦးလော့ဟုဆို၍ သက်ဆင်းတော်မူလေ၏ ထိုလူတို့သည် တပါး သော ဓမ္မကထိက ပုဂ္ဂိုလ်ကို တရားစကားကို ဟောကြားစေပြီးလျှင် အသံဖြင့် ပါဋ္ဌိသက်သက် ရွတ်ဆိုစိမ့်သောငှါ တဖန် ထိုဥဒါယီမထေရ်ကို တရားဟော ပလ္လင်

---

၁ ဟောပါမည်ဟု ဝန်ခံလိုက်သည်ဟူလို။

၂ ဓမ္မ+ကထိက–တရားကို+(နားလည်အောင်) ပြောပြတတ်သောပုဂ္ဂိုလ်။

နေရာသို့ တက်စေကြပြန်ကုန်၏ ထိုဥဒါယီသည် တဖန်လည်း တစုံတခုသော တရားကို မမြင်ခြင်းကြောင့် ငါကား ညဉ့်အခါ၌ ဟောပေအံ့ ၊ တပါးသော သရဘာဏက ပုဂ္ဂိုလ်သည် အသံဖြင့် ပါဠိတော်သက်သက် ရွတ်ဆိုပါစေဦးလော့ ဟုဆို၍ တရားဟော ပလ္လင်နေရာထက်မှ ဆင်းသက်ပြန်လေ၏ ထိုလူတို့သည် တပါးသော သရဘာဏက ပုဂ္ဂိုလ်ကို အသံဖြင့် ပါဠိရွတ်ခြင်းကို ရွတ်ဆိုစေပြီးလျှင် တဖန်ညဉ့်အခါ၌ ဥဒါယီမထေရ်ကို ပင့်ဆောင်ကြပြန်ကုန်၏ ထိုဥဒါယီ မထေရ်သည် ညဉ့်၌လည်း တစုံတခု ဟောစရာတရားကို မမြင်ခြင်းကြောင့် ငါကား နံနက်စောစော မိုးသောက်သောအခါ၌ ဟောပေအံ့ ညဉ့်၌ တပါးသော တရားဟော ပုဂ္ဂိုလ်ကို ဟောကြား ပါစေဦးလော့ဟုဆို၍ ဆင်းသွားပြန်လေ၏။

ထိုဒါယကာတို့သည် တပါးသော တရားဟောပုဂ္ဂိုလ်ကို ညဉ့်၌ ဟောကြားစေ၍ တဖန် နံနက်စောစော မိုးသောက်ခဲ့သောအခါ ဥဒါယီ မထေရ်ကို ပင့်ဆောင်ကြပြန်ကုန်၏ ထိုဥဒါယီ မထေရ်သည် တဖန်လည်း တစုံတခုသော ဟောစရာတရားကို မမြင်ပြန်ဘဲ ရှိရှာလေ၏ မျှားစွာသော လူအပေါင်းသည် အုတ်ခဲလုံတံ စသည်တို့ကို ကိုင်စွဲပြီးလျှင် အမိုက်မဲကြီး အရှင်သည် ရှင်သာရိပုတြာ ရှင်မောဂ္ဂလာန်တို့၏ ဂုဏ်ကျေးဇူးကို ဆိုအပ်သည်ရှိသော် ဤသို့ဤသို့ ပြောဆိုဘိ၏ ယခုအခါ အဘယ့်ကြောင့် မဟောကြားနိုင်ဘိသနည်းဟု ခြိမ်းချောက်ခြင်းကြောင့်ထွက်ပြေးသော ဥဒါယီမထေရ်ကို အစဉ်လိုက်ကြလေကုန်၏ ထိုဥဒါယီမထေရ်သည် ထွက်ပြေးလတ်စဉ် တခုသော အိမ်သာ၌ လိမ့်ကျသွားရှာလေ၏ မျှားစွာသော လူအပေါင်းသည် ယနေ့ ဥဒါယီမထေရ်သည် ရှင်သာရိပုတြာမထေရ်၏ ဂုဏ်တော်ကျေးဇူးတော်နှင့် စပ်သောစကားကို ဖြစ်စေလတ်သည်ရှိသော် ငြူစူလှသဖြင့် မိမိ၏ တရားဟောပုဂ္ဂိုလ်၏ အဖြစ်ကို ထင်ရှားပြပြီးလျှင် လူတို့သည် ပုဇော်သက္ကာရပြု၍ တရားကို နာကြကုန်အံ့ဟု ဆိုသည်ရှိသော် လေးကြိမ်တိုင်တိုင် တရားဟော ပလ္လင်နေရာ၌ နေလျက် ဟောအပ်သည်နှင့်စပ်ယှဉ်သော တစုံတခုသော တရားစကားကို မမြင်ရခြင်းကြောင့် အရှင်သည် တပည့်တော်တို့၏ အရှင်ဖြစ်သော ရှင်သာရိပုတြာမထေရ်နှင့် အတူတကွ [၁]အစုံ

---

၁ သရ + ဘာဏက—အသံမြည်မြည်ဖြင့် + (ပါဠိသက်သက် နားထောင်ကောင်းအောင်) ရွတ်ဆိုတော်သောပုဂ္ဂိုလ်။

၂ အစုံယူခြင်းဟူသည်-အဝှာပြုခြင်းပင်တည်း။

ယူခြင်းကိုယူဘိ၏ဟု အုတ်ခဲ လုံတံစသည်တို့ကို ကိုင်စွဲ၍ ခြိမ်းချောက်ခြင်းကြောင့် ထွက်ပြေးစဉ် အိမ်သာ၌ လိမ့်ကျ . သွားရှာလေ၏ဟု စကားကို ဖြစ်စေကြလေကုန်၏။

ခြသေ့ကို ပြိုင်သော၀က် ဇာတ်အမြွက်

မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ချစ်သားရဟန်းတို့ ယခု ငါလှောဆဲဖြစ်သောအခါ အဘယ်စကားဖြင့် . စည်းဝေးကြကုန်ဘိသနည်းဟု မေးတော်မူသောကြောင့် ဤမည်သော စကားဖြင့် စည်းဝေးကြပါသည်ဘုရားဟု နားတော်လျောက်သည်ရှိသော် ချစ်သားရဟန်းတို့ ယခုသာလျှင် မဟုတ်သေး ရှေး၌လည်း ဤလာဋ္ဌဒါယီသည် မစင်တွင်း၌ နစ်မြုပ်ကာ နေရဘူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ လွန်လေပြီးသော အတိတ်ကို ဆောင်တော်မူလျက်—

စတုပ္ပဒေါ အဟံ သမ္မ၊ တုံပိ သမ္မ စတုပ္ပဒေါ။
ဟေ သမ္မ နိ၀တ္တာဿု၊ ကိံ နု ဘီတော ပလာယသိ။

အသုစိပူတိလောမော သိ၊ ဒုဂ္ဂန္ဓော ၀ါသိ သူကရ။
သစေ ယုဇ္ဈိတုကာမော သိ၊ ဇယံ သမ္မ ဒဒါမိ တေ။

သမ္မ၊ အချင်း ခြသေ့မင်း။ အဟံ၊ ငါကား။ စတုပ္ပဒေါ၊ အခြေလေးချောင်းရှိ၏။ သမ္မ၊ အချင်း ခြသေ့မင်း။ တုံပိ၊ သင်သည်လည်း။ စတုပ္ပဒေါ၊ အခြေလေးချောင်းရှိ၏။ သမ္မ၊ အချင်း ခြသေ့မင်း။ ဟေ၊ လာလှည့်ပါလော့။ နိ၀တ္တာဿု၊ ပြန်နစ်ခဲ့ပါဦးလော့။ ဘီတော၊ ငါ့ကို ကြောက်သောကြောင့်။ ပလာယသိ ကိုးနု၊ ထွက်ပြေး တိမ်းရှောင်ဘိသလော။

သူကရ၊ ဝက်ယုတ်မာ။ တုံ၊ သင်သည်။ အသုစိ၊မစင်ကြယ်။ ပူတိလောမော၊ ပုပ်နံ့ထောင်းထောင်း အနံ့မကောင်းသောအမွှေးရှိသည်။အသိ၊ဖြစ်၏။ ဒုဂ္ဂန္ဓော၊ စက်ဆုပ်ဖွယ်ကောင်းသော အနံ့ရှိသည်ဖြစ်၍။ ဝါသိ၊ လှိုင်၏။ ယုဇ္ဈိတုကာမော၊ စစ်ထိုးလိုသည်။ သစေအသိ၊ အကယ်၍ ဖြစ်ငြားအံ့။ သမ္မ၊ အချင်း၀က်မိုက်။ တေ၊ သင့်အား။ ဇယံ၊ အောင်ခြင်းကို။ ဒဒါမိ၊ ငါပေး၏။

ဤ ၁ဇာတ်ကို အကျယ်ချဲ၍ ထိုအခါ ခြသေ့်သည် ရှင်သာရိပုတြာ ဖြစ်လာ၏ ဝက်သည် လာဋ္ဌုဒါယီဖြစ်လာ၏ဟု ဟောတော်မူလေ၏ မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဆောင်တော်မူပြီးလျှင် ချစ်ဆားရဟန်းတို့ လာဋ္ဌုဒါယီအမည်ရှိသော ရဟန်းသည် အနည်းငယ်မျှသာလျှင် ဖြစ်သော တရားကို သင်ယူအပ်၏ သရဇ္ဈာယ်ခြင်းကိုကား မပြု အမှတ်မရှိ အလုံးစုံသော ပရိယတ်ကို သင်ယူပြီးလျှင် သရဇ္ဈာယ်ခြင်းကို မပြုခြင်းသည် ထိုသင်ယူအပ်သော ပရိယတ်၏ အညစ်အကြေးသာလျှင် ဖြစ်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၄၀ အသဇ္ဈာယမလာ မန္တာ၊ အနုဋ္ဌာနမလာ ဃရာ။
မလံ ဝဏ္ဏဿ ကောသဇ္ဇံ၊ ပမာဒေါ ရက္ခတော မလံ။

မန္တာ၊သင်အပ်ကုန်သော ပရိယတ် အတတ် အစရှိသည်တို့သည်။အသဇ္ဈာယမလာ၊ မသရဇ္ဈာယ်ခြင်းလျှင် အညစ်အကြေးရှိကုန်၏။

[အလုံးစုံ သင်ယူအပ်သော ပရိယတ်သည်၎င်း အတတ်ပညာ သည်၎င်း သရဇ္ဈာယ်ခြင်း အားထုတ်ခြင်း မပြုသောသူအား ပျောက်ပျက်၏ အကုန်မမှတ်မိနိုင်သောကြောင့် ဟူလို]။

ဃရာ၊ အိမ်တို့သည်။ အနုဋ္ဌာနမလာ၊ ထကြွလုံလ မပြုခြင်းလျှင် အညစ်အကြေးရှိကုန်၏။

[အိုးအိမ်ထူထောင်၍နေသောသူအား ထထကြွကြွလုံ့လ ရှိ၍ပြုပြင်ခြင်းစသည်တို့ကို မပြုပြင်လျှင် အိမ်မည်သည် ပျက်စီးတတ်သောကြောင့်ဟူလို]။

ကောသဇ္ဇံ၊ ပျင်းရိခြင်းသည်။ ဝဏ္ဏဿ၊ ကိုယ်အဆင်း၏။ မလံ၊ အညစ်အကြေးတည်း။

---

၁ ဒုကနိပါတ်။ ၁–ဒဋ္ဌဝဂ်။ ၃–သူကရဇာတ်ဖြစ်၏။ သို့ရာတွင် ဧါးရာဝါးဆယ် ဇာတ်၌ ထိုဇာတ်ကို မထေရ်အိုတပါးကို အကြောင်းပြု၍ ဟောတော်မူ၏။ မထေရ်အို ဝက်ဖြစ်ဘူးပြီဟု ဇာတ်ပေါင်း၏။ ဥဒါယီရဟန်းလည်း ထို အဘူဖြစ်၍ ဇာတ်တော်၌ အသီးအခြားသင်္ဂါယနာမတင်ဟု ယူဆရန်သင့်၏။ မထေရ်အိုသည် ဥဒါယီပင်ဘည်းဟု ဆိုလိုမူလည်း ဆိုနိုင်ကြ၏။

[ရဟန်းဖြစ်စေ လူဖြစ်စေ ပျင်းရိသည့်အစွမ်းဖြင့် ကိုယ်ကို ပူပြင် သုတ်သင်ခြင်းကိုငင်း အသုံးအဆောင်ကို ပူပြင် သုတ်သင်ခြင်းကိုငင်း မပူပြင်လေ့ရှိသော်သူ၏ ကိုယ်သည် အဆင်းမလှသောကြောင့် ဟူလို]။

ပမာဒါ၊ မေ့လျော့ခြင်းသည်။ ရက္ခတော၊ စောင့်ရှောက်ခြင်း၏။ မလံ၊ အညစ်အကြေးတည်း။

[နွားတို့ကို ထိန်းကျောင်းသော်သူ မေ့လျော့သဖြင့် အိပ်ပျော်နေသံ့ရှိသော် သို့မဟုတ် ကစားနေသည်ရှိသော် နွားတို့သည် ဆိပ်ကမ်း မဟုတ်သည်၌ ကူးခြင်းစသည်ကြောင့်ငင်း သားရဲခိုးသူ စသည်တို့၏ ဘေးကြောင့်ငင်း သူတပါး၏ လယ်ယာသို့ဝင်၍ စားခြင်းကြောင့်ငင်း ပျက်စီးခြင်းသို့ရောက်တတ်ကုန်၏ မိမိသည်လည်း ဒဏ်ထားခြင်း အပြောအဆို ခံရခြင်းသို့လည်း ရောက်တတ်၏ ရဟန်းကိုသော်လည်း စက္ခုစသော ခြောက်ဒွါရတို့ကို စောင့်ရှောက်ခြင်းမှ မေ့လျော့ခြင်းကြောင့် ကိလေသာရန်သူတို့သည် သက်ဝင်၍ သာသနာတော်မှ ရွေ့လျောစေတတ်ကုန်၏ ထို့ကြောင့်ဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

လာဠုဒါယိမထေရ် ဝတ္ထုပြီး၏။

၅—မထင်ရှားသော အမျိုးသားဝတ္ထု

မလိတ္ထိယာ ဒုစ္စရိတံ - အစရှိသော ဤဂါထာများ ဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌နေတော်မူစဉ် အမှတ်မရှိသော အမျိုးသားတယောက်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မိန်းမတို့၏ အညစ်အကြေး

ထိုအမျိုးသား အလို့ငှါ တူသောအမျိုးရှိသော သတို့သမီးငယ်ကို ဆောင်ယူကုန်သတက် ထိုသတို့သမီးငယ်သည် ဆောင်ယူလာသောနေ့မှစ၍ လင်ကိုလွန်၍

ကျင့်လေ့ရှိ၏ ထိုအမျိုးသားသည် ထိုသတ္တိသ္မီး၏ အလွန်ကျင့်ခြင်းဖြင့် ရှက်နိုးသောကြောင့် တစုံတယောက်သောသူ၏ မျက်မှောက်အဖြစ်သို့ ကပ်ရောက်ခြင်းငှါ မတတ်နိုင်ရကား ဘုရားအား ဆည်းကပ်ခြင်း စသည်ဘို့ကိုဖြစ်၍ နှစ်ရက်သုံးရက်လွန်မှ မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တင့်အပ်လျောက်ပတ်သော အရပ်၌နေလျက် ဒါယကာ အဘယ့်ကြောင့် မထင်ဘိုသနည်းဟု မိန့်တော်မူလတ်သော် ထိုအကြောင်းကို လျှောက်ကြားလေ၏ ထိုအခါ ထိုအမျိုးသားကို မြတ်စွာဘုရားသည် ဒါယကာ ရှေးအခါ၌လည်း ငါဘုရားသည် မိန်းမတို့မည်သည်ကား မြစ်အစရှိသည်တို့နှင့် တူကုန်၏ ပညာရှိသောသူသည် ထိုမိန်းမတို့၌ အမျက်ထွက်ခြင်းကို မပြုအပ်ဟု မိန့်ဆိုဘူးပြီ သင်သည်ကား ထိုအကြောင်းကို ဘဝဖြင့် ဖုံးလွှမ်းသောကြောင့် မမှတ်သားနိုင်ဟု မိန့်တော်မူလတ်သော် ထိုဒါယကာ တောင်းပန်အပ်သည်ဖြစ်၍—

ယထာ နဒီစ ပန္ဆောစ၊ ပါနာဂါရံ သဘာ ပပါ။
ဧဝံ လောကိတ္ထိယော နာမ၊ ဝေလာ တာသံ နဝိဇ္ဇတိ။

လောကေ၊ လောက၌။ နဒီစ၊ မြစ်သည်ငှင်း။ ပန္ဆောစ၊ လမ်းခရီးသည်ငှင်း။ ပါနာဂါရဉ္စ၊ သေတင်းကုပ်သည်ငှင်း။ သဘာစ၊ သဘင် ဘုံစရပ်သည်ငှင်း။ ပပါစ၊ ရေတွင်းသည်ငှင်း။ ဝါ၊ရေအိုးစင်သည်ငှင်း။ဣတိဣမေ၊ ဤအရာတို့သည်။ သဗ္ဗသာဓာရဏာ ယထာ၊ သူခပ်သိမ်းတို့နှင့် ဆက်ဆံကုန်သကဲ့သို့။ ဧဝံ၊ဤအတူ။ လောကေ၊ လောက၌။ ဣတ္ထိယောနာမ၊ မိန်းမတို့မည်သည်။ သဗ္ဗသာဓာရဏာ၊ သူခပ်သိမ်းတို့နှင့် ဆက်ဆံကြကုန်သည်သာတည်း။ တာသံ၊ ထိုမိန်းမတို့အား။ ဝေလာ၊ စည်းကမ်း အပိုင်းအခြားသည်။ နဝိဇ္ဇတိ၊ မရှိ။

ဤသို့ [1]ဇာတ်ကို အကျယ်ချဲ၍ ဒါယကာ မိန်းမအား လင်ကိုလွန်၍ ကျင့်ခြင်းအားဖြင့် အညစ်အကြေးဖြစ်၏ အလှူကို ပေးလှူသော သူအား ဝန်တိုခြင်းသည် အညစ်အကြေးဖြစ်၏ ဤပစ္စုပ္ပန်လောက တမလွန်လောက၌ သတ္တဝါတို့အား အကုသိုလ်ကံသည် ဖျက်ဆီးတတ်သော အနက်သဘောကြောင့် အညစ်အကြေးဖြစ်၏ အဝိဇ္ဇာသည်ကား အလုံးစုံသော အညစ်အကြေးတို့ထက် လွန်ကဲ

[1] ဆောနိပါတ် ၇–ဣတ္ထိဝဂ် အနဘိရတိဇာတ် ဟူလို။ သို့ရာတွင် ထိုဇာတ်လာ ဂါထာ၌ စတုတ္ထပါဒဝယ်(နာသံ ကုဇ္ဈိဒ္ဓိ ပဏ္ဍိဘာ)ဟု ကွဲပြားလျက်ရှိ၏။အာသံ၊ထိုမိန်းမတို့အား။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ နကုဇ္ဈိဒ္ဓိ၊ အမျက်မထွက်ကြကုန်ဟု အနက်ပေး။

သော အညစ်အကြေးဖြစ်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူ လေ၏။

ဒေသနာတော်

၂၄၁ မလိတ္ထိယာ ဒုစ္စရိတံ၊ မစ္ဆေရံ၊ ဒဒတော မလံ။
မလာ ဝေ ပါပကာ ဓမ္မာ၊ အသ္မိံ လောကေ ပရမ္ဝိစ။

၂၄၂ တတော မလာ မလတရံ၊ အဝိဇ္ဇာပရမံ မလံ။
ဧတံ မလံ ပဟန္ဒာန၊ နိမ္မလာ ဟောထ ဘိက္ခဝေါ။

ဒုစ္စရိတံ၊ လင်ကို လွန်ကြူး၍ ကျင့်သော အကျင့်သည်။ ဣတ္ထိယာ၊မိန်းမ၏။ မလံ၊ အညစ်အကြေးမည်၏။

[အလွန် ကျင့်လေရှိသော မိန်းမကို လင်ယောကျ်ားက သော်လည်း အိမ်မှ ထုတ်ပစ်တတ်၏ မိဘတို့ထံ သွားပြန်လျှင် နင်သည် ဆွေမျိုးဂုဏ် မရှိ မသေ ဖျက်ဆီး၏ မျက်စိတို့ဖြင့် မရှုအပ်သော မိန်းမတယောက် ဖြစ်၏ဟု ထိုမိန်းမကို နှင်ထုတ်ပစ်တတ်၏ ထိုမိန်းမသည် ခိုကိုးရာမဲ့ ဒုက္ခကြီးစွာရောက် ရရှာ၏ ထို့ကြောင့်ဟူလို]။

မစ္ဆေရံ၊ ဝန်တိုခြင်းသည်။ ဒဒတော၊ ပေးကမ်းသော သူ၏။ မလံ၊ အညစ်အကြေးမည်၏။

[အကြင်သူအား လယ်ထွန်သောအခါ ဤလယ်ပြည့်စုံလျှင် သလာက ဘတ်စသည် လှူဒါန်းမည်ဟု ကြံပြီးလျှင် လယ်ပြည့်စုံသော်လည်း ဝန်တို သောစိတ် ဖြစ်ခြင်းကြောင့် လှူလိုသောစိတ်ကို တားမြစ်၏ ထိုသူသည် ဝန်တိုသဖြင့် လှူလိုသောစိတ် မကြီးပွားလတ်သော် လူနတ်နိဗ္ဗာန် သုံးတန် သော ချမ်းသာကို မရနိုင် ထို့ကြောင့် ဟူလို]။

ပါပကာ၊ ယုတ်မာကုန်သော။ ဓမ္မာ၊ အကုသိုလ်တရား တို့သည်။ အသ္မိံ လောကေစ၊ ဤလောက၌ဌင်း။ ပရမ္ဝိစ၊ တမလွန်လောက၌ဌင်း။ ဝေ၊ စင်စစ်။ မလာ၊ အညစ်အကြေးတို့ မည်ကုန်၏။

တတောမလာ၊ ထိုသို့ ဆိုအပ်ခဲ့ပြီးသော အညစ်အကြေး အပေါင်းထက်။ မလတရံ၊ လွန်ကဲစွာသော အညစ်အကြေးကို။ ကထေမိ၊ငါဟောဦးအံ့။ အဝိဇ္ဇာ၊

(၁) ၁၄၃-၅၃

မှသိတတ်သော အဝိဇ္ဇာသည်။ ပရမံ၊ လွန်ကဲစွာသော။ မလံ၊ အညစ်အကြေး မည်၏။ ဘိက္ခဝေါ၊ ငါ၏ချစ်သား ရဟန်းများဘို့။ တုမှေ၊ သင်ချစ်သားတို့သည်။ တေံမလံ၊ ဤအဝိဇ္ဇာဟူသော အညစ်အကြေးကို။ ပဟာန္တွာန၊ ပယ်သတ် စွန့်ခွါ၍။ နိမ္မလာ၊ အညစ်အကြေး မရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံးဌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

မထင်ရှားသော အမျိုးသားဝတ္ထုပြီး၏။

၆–စုဠသောရိမည်သော ရဟန်းဝတ္ထု၊

သုဇီဝံ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်ဌ နေတော်မူစဉ် စုဠသောရိအမည်ရှိသော ရှင်သာရိပုတြာမထေရ်၏ ဥပဇ္ဈာယ်ယူ အဘူနေ တပည့်ရဟန်းကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ဆေးကုခြင်း အားထားသော ရဟန်း

ထိုစုဠသောရိမည်သော ရဟန်းသည် တနေ့သဌ္ဌ ဆေးကုသော အမှုကို ပြုခြင်းကြောင့် မှန်မြတ်သော ဘောဇဉ်ကို ရသဖြင့် ယူ၍ ထုတ်လတ်သည် ရှိသော် လမ်းခရီးအကြားဌ ရှင်သာရိပုတြာ မထေရ်ကို မြင်လေလျှင် အရှင်ဘုရား ဤမှန်မြတ်သော ဘောဇဉ်ကို တပည့်တော်သည် ဆေးကုသောအမှု ပြုခြင်းကြောင့် ရအပ်ပါသည်ဘုရား အရှင်ဘုရားတို့သည် တပါးသော နေရာတို့ဌ် ဤသို့သဘော ရှိသော မှန်မြတ်သော ဘောဇဉ်ကို မရနိုင်ကြကုန် လတ္တံ့ ဤဘောဇဉ်ကို ဘုဉ်းပေးတော် မူကြပါဘုရား တပည့်တော်သည် အရှင်ဘုရားအား ဆေးကုသော အမှုပြုလုပ်၍ မြဲသော ကာလပတ်လုံး ဤသို့သဘောရှိသော အစာအာဟာရကို ဆောင်ပို့ပါမည်ဘုရားဟု လျှောက်ကြားလေ၏ ရှင်သာရိပုတြာမထေရ်သည် ထိုစုဠသောရိရဟန်း၏ စကားကို ကြားတော်မူရ၍ ဆိတ်ဆိတ်နေ၍သာလျှင် ဖဲသွားခဲ့လေ၏ ရဟန်းတို့သည်လည်း ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ကြားကြလေကုန်၏ ဘုရားရှင်သည်လည်း ချစ်သား

ရဟန်းမျှားတို့ အရှက်မရှိသော ရဟန်းမည်သည်ကား ကိုယ်နှုတ်နှလုံး ကြမ်းကြုတ်၏ ကျိုးနွံ့တူသည်ဖြစ်၍ နှစ်ဆဲ့တပါး အပြားရှိသော မရှာမှီးအပ်သည်ကို ရှာမှီးခြင်းဟူသော အနေသနဒု် တည်လျက် ချမ်းသာစွာ အသက်မွေးရပေ၏ အရှက်အကြောက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်ကား ဆင်းရဲခြင်းငြင်စွာ အသက်မွေးရပေ၏ဟု မိန့်တော်မူ၍ ဤဂါထာတို့ကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၄၃ သုဇီပံ အဟိရိကေန၊ ကာကသူရေန ဓံသိနာ။
ပက္ခန္ဒိနာ ပဂဗ္ဘေန၊ သံကိလိဋ္ဌေန ဇီဝိတံ။
၂၄၄ ဟိရိမတာ စ ဒုဇ္ဇီဝံ၊ နိစ္စံ သုစိဂဝေသိနာ။
အလီနေနာ ပဂဗ္ဘေန၊ သုဒ္ဓာဇီဝေန ပဿတာ။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ အဟိရိကနေန၊ အရှက်အကြောက် မရှိသော ရဟန်းသည်။သုဇီဝံ၊ အသက်မွေးလွယ်လှပေ၏။ကာကသူရေန၊ ရဲဒသာကျိုးကန်းစသည်အစွမ်းဖြင့်ဝင်း။ ဓံသိနာ၊ သူတပါး၏ ဂုဏ်ကျေးဇူးကို ဖျက်ဆီးသဖြင့်ဝင်း။ ပက္ခန္ဒိနာ၊သူတပါးပြုသည်ကို မိမိပြုသကဲ့သို့ ပြသဖြင့်ဝင်း။ ပဂဗ္ဘေန၊ ကိုယ်ကြမ်းနှုတ်ကြမ်း နှလုံးကြမ်းဖြင့် ကြမ်းတန်းသဖြင့်ဝင်း။ သုဇီဝံ၊ လွယ်ကူစွာ အသက်မွေးအပ်၏။ ဝေံ၊ ဤသို့။ သံကိလိဋ္ဌေန-သံကိလိဋ္ဌဘာဝေန၊ ညစ်ညူးသောသူ၏ အဖြစ်ဖြင့်။ ဇီဝိတံ၊ ယုတ်မာသော အသက်မွေးခြင်းမည်သည်။ ဟောတိ၊ ၏။

ဟိရိမတာစ၊ အရှက်အကြောက်ရှိသော ရဟန်းသည်ကား။ ဒုဇ္ဇီဝံ၊ အသက်မွေး ခဲယဉ်းလှပေ၏။ နိစ္စံ၊ အမြဲ။ သုစိဂဝေသိနာ၊ စင်ကြယ်သော ကာယကံမှုစသည်ကို ရှာမှီးသဖြင့်ဝင်း။ အလီနေန၊ အသက်မွေးခြင်းကို မကပ်ငြိသဖြင့်ဝင်း။ အပဂဗ္ဘေန၊ မကြမ်းတန်းသဖြင့်ဝင်း။ ဒုဇ္ဇီဝံ၊ ခဲယဉ်းစွာ အသက်ကိုမွေးအပ်၏။ ဝေံ၊ ဤသို့။ သုဒ္ဓာဇီဝေန၊ စင်ကြယ်သော အသက်မွေးခြင်းရှိသော ရဟန်းသည်။ ပဿတာ၊ အမြတ်ဟူ၍သဖြင့်။ ဒုဇ္ဇီဝံ၊ ခဲယဉ်းစွာ အသက်မွေးအပ်၏။

ဒေသနာတော်၌ မှတ်ဘွယ်

[ရှက်ကြော ကြောက်ကြော ပြတ်သောရဟန်းသည် အမိမဟုတ်သော သူကိုဆွဲသကဲ့သို့ ငါ့အမိဟူ၍ဝင်း အဘ မဟုတ်သော သူကိုသာလျှင် ငါ့အဘ

ဟူ၍ဂုဏ်း ဤသို့ စသည်ပြောဆိုလျက် နှစ်ဆဲ့တပါးသော အာနေသန အမှု၌ တည်၍ လွယ်ကူစွာ အသက်မွေးခြင်းငှါ တတ်နိုင်လေ၏ ကျိုးရဲသော်ဘောကား ရဲတင်းလှသောကျိုးသည် အမျိုးအိမ်တို့၌ ယာဂုစ်သည်တို့ကို ယှဉ်လိုသည် ရှိသော် နံရံ-စသည်တို့၌ နားတဲ့၍ မိမိအားကြည့်ရှုသည် အဖြစ်ကို သိလျှင် မကြည့်ယောင် တခြားနှလုံးသွင်းယောင် အိပ်ငိုက်ယောင် ဟန်ပန်ဆောင်လျက် လူတို့၏ အလစ်ကို မှတ်သားကာ ပုံချပြီးလျှင် "သုသု" ရွေးရွေးဟူ၍မောင်းနှင် ကုန်စဉ်သာလျှင်၊ ခွက်မှ နှုတ်သီးအပြည့်ယူ၍ ပုံပြေးလေ၏ ဤအတူ အရှက်အကြောက်ကင်းသော ပုဂ္ဂိုလ်သည်လည်း ရဟန်းတို့နှင့် အတူ ရှာသို့ဝင်၍ ယာဂုဆွမ်းရှိရာ အရပ်စသည်တို့ကို မှတ်သားထားလေ၏ ထို့ရှာ၌ ရဟန်းတို့သည် ဆွမ်းခံပြီး မျှလောက်ရုံယူ၍ ဆွမ်းစားကျောင်းသို့ သွားသဖြင့် ဆင်ခြင်ကာ ယာဂုသောက်ပြီးလျှင် ကမ္မဋ္ဌာန်းစီးဖြန်းကြသရဇ္ဈာယ်ကြ ဆွမ်းစားကျောင်းကို တံမြက်လှည်းကြကုန်၏ ဤရဟန်းကား တစုံတခုမပြုဘဲ ရှာသို့သာ ရှေးရှု့သွားလေ၏ ရဟန်းတို့က ဤရဟန်းကို ကြည့်ကြပါကုန်လော့ဟုဆို၍ ကြည့်ရှုသော်လည်း ထို့ရဟန်းသည် မကြည့်ရှုယောင် တခြားနှလုံးသွင်းယောင် အိပ်ငိုက်ယောင် သင်္ကန်း ကမ္ပတ်သီးဖြုတ်ယောင် သင်္ကန်းကို ပြုပြင်ယောင် ဟန်ပန်ဆောင်လျက် ငါ့အား ဤမည်သော ကိစ္စရှိ၏ဟု ပြောဆိုကာ နေရာမှထ၍ ရှာသို့ဝင်ပြီးလျှင် နံနက်အခါက မှတ်သားထားသော အိမ်တို့တွင် တအိမ် အိမ်သို့ ချဉ်းကပ်သဖြင့် အိမ်သားတို့က အနည်းငယ် တံခါးရွက် ပိတ်လျက် တံခါးဝ၌ နေလျက် မြည်တမ်း ပြောဆိုကြကုန် သော်လည်း လက်တဘက်ဖြင့် တံခါးရွက်ကို တွန်း၍ အတွင်းဝင်ထိုင်၏ ထို့အခါ ထို့ရဟန်းကို မြင်ရလျှင် အလိုမရှိကြကုန်သော်လည်း နေရာ၌ နေစေ၍ ယာဂုစသည်တို့တွင် ရှိရာကို ဆက်ကပ်ကြကုန်၏ အလိုရှိတိုင်း သုံးဆောင်၍ အကြွင်းကိုသပိတ်ဖြင့်ယူ၍ဖဲ့သွား၏ ဤရဟန်းကား ရဲတင်းသော ကျိုးမည်၏ ဤသို့ အရှက်မရှိသောရဟန်းသည် အသက်မွေး ခြောင်၏ဟူလို သူတပါးဂုဏ်ဖျက်ဆီးပုံကား ဤမည်သော မထေရ်ကြီးတို့သည် အလိုနည်းလှကုန်၏ အစရှိသည်တို့ကို ဆိုခြင်းဖြင့်၊ ဂုဏ်ကြီးသော မထေရ်ကြီးတို့၏ ဂုဏ်ကို ဖျက်ဆီးခြင်းဖြင့် ဖျက်ဆီး၏ ထို့သို့ ဂုဏ်ကြီးသူတို့၏ဂုဏ်ကို ဆိုလေ့ရှိသော ရဟန်း၏ စကားကို ကြားရလျှင် ဤရဟန်းလည်း

အလိုနည်းခြင်း စသောဂုဏ်နှင့် ပြည့်စုံ၏ဟု မှတ်ထင်လျက် ဒါယကာတို့က လှူသင့်သည်ဟု မှတ်ထင်ကြရကုန်၏။

ထိုရဟန်းကား ထိုလာဘ်ရသော အခါမှစ၍ ပညာဖြင့် ဆင်ခြင်တိုင်း ထွာတတ်ကုန်သော ယောကျ်ား ပညာရှိတို့၏ စိတ်နှစ်သက်လောက်အောင် အလိုနည်းခြင်း ဂုဏ်ကို ဆောင်ခြင်းငှါ မတတ်နိုင်ရကား ထိုရနေကျလာဘ်မှ သော်လည်း ဆုတ်ယုတ်တတ်၏ ဤသို့ ဂုဏ်ဖျက်ပုဂ္ဂိုလ်သည် မိမိ၏လာဘ်ကို ၎င်း သူတပါး၏ လာဘ်ကို၎င်း ဖျက်ဆီးတတ်သည် သာတည်း သူတပါး ပြုသည်ကို မိမိပြုသကဲ့သို့ ပြခြင်းကား သူတပါးတို့ပြုအပ်သော အမှုကိစ္စတို့ ကိုသော်လည်း မိမိပြုအပ်သော အမှုကိစ္စကဲ့သို့ ပြလိုသော ရဟန်းသည် နံနက်စောစော၌ ရဟန်းတော်တို့သည် စေတီယင်ပြင် စသည်တို့၌ ဝတ်ကြီး ဝတ်ငယ်ပြု၍ ကမ္မဋ္ဌာန်း နှလုံးသွင်းခြင်းဖြင့် အနည်းငယ် ထိုင်နေပြီးလျှင် ထ၍ ရွာသို့ဝင်ကြကုန်သည်ရှိသော် မျက်နှာသစ်၍ ဖြော့တော့သောသက်နး ဝတ်ရုံခြင်း မျက်စိ ဆေးကွင်းခြင်း ဦးခေါင်း လိမ်းကျံခြင်း စသည်တို့ဖြင့် ကိုယ်ကို တန်ဆာဆင်လျက် တံမြက်လှည်းသကဲ့သို့ နှစ်ချက်သုံးချက် တံမြက် ခတ်ပြီးလျှင် တံခါးမုခ်သို့ ရှေးရှု သွားလေ၏ လူဒါယကာတို့သည် နံနက် စောစော စေတီဖူးမြင်ကုန်အံ့ ပန်းပူဇော်ကုန်အံ့ဟု လာကြကုန်သည်ရှိသော် ထိုရဟန်းကို မြင်ရလျှင် ဤကျောင်းတိုက်ကြီးသည် ဤရဟန်းငယ်ကို မှီ၍ သုတ်သင်ခြင်းရ၏ ဤရဟန်းကို မမေ့ကြပါလင့်ဟု ဆို၍ ထိုရဟန်းအား လှူသင့်သည်ဟု မှတ်ထင်ကြကုန်၏ ဤသို့သော သူတပါး ပြုသည်ကို မိမိပြု သကဲ့သို့ ပြတတ်သော ရဟန်းသည်လည်း အသက်မွေး ချောင်လေ၏ ကိုယ် နှုတ် စိတ်ကြမ်းတန်းသဖြင့်လည်း အသက်မွေး ချောင်သေး၏ ဤသို့အသက် မွေးသဖြင့် အသက်ရှည်သော ရဟန်းသည် ညစ်နွမ်းသော ရဟန်းဖြစ်လျက် အသက်ရှည်သည်မည်၏ ထိုအသက်မွေးခြင်းသည် ယုတ်မာ၏ဟူလို။

အရှက်အကြောက်နှင့် ပြည့်စုံသော ရဟန်းကား အသက်မွေးကျပ်၏ ထိုရဟန်းသည် အမိစသည် မဟုတ်သောသူတို့ကို ငါ၏အမိ စသည်တို့ဟု မဆို မူ၍ မတရားသဖြင့်ရသော ပစ္စည်းတို့ကို မစင်ကဲ့သို့ စက်ဆုပ်လှဖြင့် တရားနှင့် အညီ ရှာမှီးလျက် အိမ်စဉ်အတိုင်း ဆွမ်းခံကာ အသက်မွေးရကား အသက်

မွေးကျပ်လှ၏ဟူလို စင်ကြယ်သော ကာယကံမှု စသည်တို့ကို ရှာမှီးသဖြင့် ၎င်း အသက်မွေးခြင်းကို မကပ်ငြို မငဲ့ကွက်သဖြင့်၎င်း ကျပ်တည်းစွာ အသက်မွေးရကား အသက်မွေးစင်ကြယ်သော ပုဂ္ဂိုလ်မည်၏ ဤသို့ အသက်မွေးစင်ကြယ်သော ရဟန်းဖြစ်သော်ကြောင့် ထိုသို့ အသက်မွေးခြင်းကိုသာလျှင် မြင့်မြတ်လှပေသည်ဟု မြင်သိတော်မူရကား ဆင်းရဲ ခေါင်းပါးသော အသက်မွေးခြင်း၏ အစွမ်းဖြင့် ငြိုငြင်စွာ အသက်မွေးခြင်းသာဖြစ်လေ၏ ဟူလို့]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံးဌ မျှားစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

စူဠသာရိမည်သောရဟန်းဝတ္ထုပြီး၏။

၇-ငါးရာသော သီတင်းသည်တို့ဝတ္ထု

ယော ပါဏံ - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ငါးရာသော သီတင်းသည်တို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

သီလအငြင်းအခုံ အကြောင်း

ထိုငါးရာသော သီတင်းသည် ဥပါသကာတို့တွင် အခြို့သော ဥပါသကာတို့က သူ့အသက်ကို လျင်စွာချခြင်းမှ ကြဉ်ရှောင်ကြောင်း ဖြစ်သော စေတနာဟူ ဆိုအပ်သော သိက္ခာပုဒ်ကိုသာလျှင် စောင့်ရှောက်ကြကုန်၏ ထိုမှတပါးကုန်သော ဥပါသကာတို့သည် ထိုမှတပါးကုန်သော သိက္ခာပုဒ်တို့ကို စောင့်ရှောက်ကြကုန်၏ ထိုဥပါသကာတို့သည် တနေ့သ၌ ငါကားပြုနိုင်ခဲသော အမှုကိုပြု၏ စောင့်နိုင်ခဲသော အကျင့်ကို စောင့်ရှောက်၏ ဤသို့ အငြင်းအခုံတို့သည် ဖြစ်ကုန်ရကား မြတ်စွာဘုရား၏ အထံတော်သို့ သွား၍ ရှိခိုးလျက် ထိုအကြောင်းကို လျှောက်ကြားရာ လေကုန်၏ ဘုရားရှင်သည် ထိုသူတို့၏စကားကို ကြားတော်မူရလျှင် တခုသောသီလကိုသော်လည်း ညစ်နွမ်းခြင်း ရှိသည်ကို မပြုမူ၍ အလုံးစုံသော

သီလတို့သည်သာလျှင် စောင့်ရှောက်နိုင်ခဲသော သီလတို့ဖြစ်ကြကုန်၏ဟု မိန့်တော်မူ၍ ဤဂါထာတို့ကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၄၅ ယော ပါဏမတိပါတေတိ၊ မုသာဝါဒဉ္စ ဘာသတိ။
လောကေ အဒိန္နံ အာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ။

၂၄၆ သုရာမေရယပါနဉ္စ၊ ယောနရော အနုယုဉ္ဇတိ။
ဣဓေဝပေသော လောကသ္မိံ၊ မူလံ ခဏတိ အတ္တနော။

၂၄၇ ဧပံ ဘောပုရိသ ဇာနာဟိ၊ ပါပဓမ္မာ အသညတာ။
မာ တံ လောဘော အဓမ္မောစ၊ စိရံ ဒုက္ခာယ ရန္ဓယုံ။

ယောနရော၊ အကြင်သူသည်။ ပါဏံ၊ သူ့အသက်ကို။ အတိပါတေတိ၊ လျင်စွာချ၏။ မုသာဝါဒဉ္စ၊ မဟုတ်မမှန်သော စကားကိုမူလည်း။ ဘာသတိ၊ သူတပါးအကျိုး ပျက်လောက်အောင် ပြောဆို၏။ လောကေ၊ သတ္တလောက၌။ အဒိန္နံ၊,အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို။ အာဒိယတိ၊ ခိုးယူ၏။ပရဒါရဉ္စ၊ သူတပါး၏ မယားကိုမူလည်း။ ဂစ္ဆတိ၊ သွားလာလွန်ကြူး၏။

ယောနရော၊ အကြင်သူသည်။ သုရာမေရယ ပါနဉ္စ၊ [၂]သုရာငါးပါး မေရယ ငါးပါးတို့ကို သောက်ခြင်းကိုလည်း။ အနုယုဉ္ဇတိ၊ အားထုတ်၏။ ဧသောနရော၊ ဤသူသည်။ ဣဓေဝ လောကသ္မိမိ၊ ဤပစ္စုပ္ပန် လောက၌ပင်လျှင်။ အတ္တနော၊ မိမိ၏။ မူလံ၊ လယ်ယာစသော ပစ္စည်းရင်းကို။ ခဏတိ၊ တူးဖြိုဖျက်ဆီး၏။ (အရက်သမားမွဲတတ်၏ဟူလို။)

---

၁ အစေတသာဟူ၍လည်း ပါဠိရှိ၏။ စိတ်မရှိကုန်ဟုသမ္မန်။

၂ သုရာငါးပါးကား။ ၁–ဝိဋ္ဌသုရာ၊ မုံ့ညက်ဖြင့် ပြုသောသေ။ ၂–ပူဝသုရာ၊ မုံ့ဖြင့်ပြုသောသေ။ ၃–သြဒနသုရာ၊ ထမင်းဖြင့် ပြုသောသေ။ ၄–ကိဏ္ဏပက္ခိဖ္ဘာ၊ တဆေးထည့်၍ ပြုသောသေ။ ၅–သမ္ဘာရသံယုတ္တာ၊ သဖန်းခါးစသော အဆောက်အဦးနှင့် ယှဉ်သောသေ။(ဝိဋ္ဌပူဝ၊ သြဒန၊ ကိဏ္ဏ သမ္ဘာရာ)။

မေရယငါးပါးကား။ ၁–ပုပ္ပါသဝ၊ ပန်းပွင့်ရည်ဖြင့် ပြုသောအရက်။ ၂–ဖလာသဝ၊ သုစ်သီးရည်ဖြင့် ပြုသောအရက်။ ၃–မဓွာသဝ၊ ဟုားရည်ဖြင့် ပြုသောအရက်။ ၄–ဂုဋ္ဌာသဝ၊ ကြံရည်စသည်ဖြင့် ပြုသောအရက်။ ၅–သမ္ဘာရသံယုတ္တာ၊ တိဖလစသော အဆောက်အဦးနှင့် ယှဉ်သောအရက်။ (ပုပ္ပဖလာ၊ မဓွာဂုဋ္ဌ၊ သမ္ဘာရ၊ ပဉ္စမေရယာ။)

ဘောပုရိသ၊ အိုငါးပါးသီလ မလုံသော ယောက်ျား။ ဧဝံ၊ ဤသို့။ တွံ၊ သင်သည်။ ဇာနာဟိ၊ သိလေလော့။ ပါပဓမ္မာ၊ ယုတ်မာသော တရားတို့သည်။ အသညတာ၊ကိုယ်ကိုစောင့်စည်းခြင်း စသည်တို့မှ ကင်းကြကုန်၏။ လောဘောစ၊ လောဘသည်ရင်း။ အခ့မ္မောစ၊ ဒေါသသည်ရင်း။ ဣမေ၊ ဤအကုသိုလ် တရားတို့သည်။ စိရံ၊ ကြာမြင့်စွာ။ ဒုက္ခာယ၊ ငရဲဒုက္ခစသည် အကျိုးငှါ။ တံ၊ သင့်ကို။ မာရန္ဓယုံ၊ မရစ်ပတ် မညှဉ်းဆဲကြပါစေကုန်လင့်။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ငါးရာကုန်သော သီတင်းသည် ဥပါသကာတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏ ရောက်လာကုန်သော သူတို့အားလည်း အကျိုးရှိသော တရားဒေသနာဖြစ်တော်မူလေ၏။

ငါးရာသောသီတင်းသည်တို့ဝတ္ထုပြီး၏။

၈– တိဿရဟန်းငယ်ဝတ္ထု

ဒဒန္တိဝေ - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် တိဿအမည်ရှိသော ရဟန်းငယ်တပါးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

အလှူ့ရှင်တို့ကို ကဲ့ရဲ့သော ရဟန်း

ထိုတိဿရဟန်းငယ်သည် အနာထပိဏ်သူဌေးကြီး၏ရင်း ဝိသာခါ ဒါယိကာမကြီး၏ရင်း ဤသို့ အစရှိကုန်သော ငါးကုဋေ အတိုင်းအရှည် ရှိသော အရိယာသာဝကတို့၏ အလှူကို ကဲ့ရဲ့လျက် သွားလာ လှည့်လည်သတတ် ကောသလမင်းတရားကြီး၏ အတုမရှိသော အသဒိသဒါန အလှူကြီးကိုသော်လည်း ကဲ့ရဲ့သည် သာလျှင်တည်း ထိုထိုအလှူ့ရှင်တို့၏ အလှူပေးလှူရာ၌အေးသော ခဲဘွယ်ဘောဇဉ်ကို ရသည်ရှိသော်အေးအေးကြီးဟုကဲ့ရဲ့၏ ပူသော ခဲဘွယ်ဘောဇဉ်ကိုရသော် ပူပူကြီးဟု ကဲ့ရဲ့၏ အနည်းငယ်ကို ပေးလှူရာ၌လည်း အဘယ့်ကြောင့် ဤသူတို့သည် နည်းနည်းကလေး, လှူကုန်ဘိသနည်းဟု ကဲ့ရဲ့၏ အများကို လှူရာ၌လည်း ဤသူတို့၏အိမ်၌ ထားစရာနေရာ မရှိယောင်တကား ဟူ၍ရင်း ရဟန်းတို့အား မျှတ

လောက်ရုံဖြစ်သော ခဲဘွယ် ဘောဇဉ်ကို လူအပ်သည် မဟုတ်တုံလော ဤမျှ လောက်သော် ယာဂုဆွမ်းကို အံကျိုးမဲ့သာလျှင် စွန့်ကြဲဘို့၏ ဟူ၍ငင်း ကဲ့ရဲ့၏ မိမိ၏၊အဆွေအမျိုးတို့ကို အကြောင်းပြု၍သော်ကား ငါတို့၏ ဆွေမျိုးတို့အိမ်၌ အရပ်လေးဖျက်နှာ တို့မှ ကြွရောက်လာကြကုန်သော၊ ရဟန်းတို့၏ ရေတွင်း သဘွယ်ဖြစ်၍ ဖြစ်၏ အုံသြဘွယ်ရှိပေ၏ ဤသို့ စသော စကားတို့ကို ဆိုလျက် ချီးမွမ်းခြင်းကို ဖြစ်စေလေ၏။

ကဲ့ရဲ့သောရဟန်းငယ်၏ မျိုးရိုးဇာတိကို စုံစမ်းကြခြင်း

[ထိုရဟန်းငယ်သည်ကား တယောက်သော တံခါးစောင့်၏ သားဖြစ်၍ ဇနပုဒ်သို့သွားလာလှည့်လည်ကြကုန်သောလက်သမားတို့နှင့်အတူတကွလှည့် လည်လတ်သည်ရှိသော် သာဝတ္ထိပြည်သို့ရောက်၍ ရဟန်းပြုသောသူဖြစ်၏]။

ထိုအခါ ရဟန်းတို့သည် ဤသို့ လူတို့၏ အလှူစသည်တို့ကို ကဲ့ရဲ့သော ထို ရဟန်းငယ်ကိုမြင်ရလျှင် ထိုရဟန်းငယ်ကို စူးစမ်းဆင်ခြင်ကြကုန်စို့အံ့ဟု ကြံပြီး လျှင် ငါ့ရှင် သင်၏အဆွေအမျိုးတို့သည် အဘယ်အရပ်၌ နေကြကုန်သနည်းဟု မေးပြီး၍ ဤအမည်ရှိသော်ရှာ၌ နေ၏ ဟူသောစကားကို ကြားသိရ၍သာလျှင် နှစ်ပါးသုံးပါးကုန်သော ပဉ္စင်းငယ်တို့ကို စေလွှတ်ကြလေကုန်၏ ထိုပဉ္စင်းငယ်တို့ သည် ထိုရွာသို့သွား၍ ရွာသူရွာသားတို့သည် ဆွမ်းစားစရပ်၌ နေစေကြကုန် လျက် ပြုစုအပ်သော ပူဇော်သံကြားရ ရရှိကြကုန်သည်ရှိသော် ဤရွာမှထွက်၍ ရဟန်းပြုသော ထိသဿအမည်ရှိသော ပဉ္စင်းငယ်တပါးသည် ရှိ၏ ထိုပဉ္စင်းငယ် တိဿ၏ အဆွေအမျိုးတို့သည် အဘယ်သူတို့ပေနည်းဟု မေးကြလေကုန်၏ လူတို့ သည် ဤရွာ၌ အမျိုးသားတို့အိမ်မှထွက်၍ ရဟန်းပြုသော သူငယ်သည် မရှိရပါ ဘုရားဟု လျှောက်၍ ဤအရှင်တို့သည် အဘယ်သူကိုပြောဆိုကြပါကုန်သနည်းဟု ကြံပြီးလျှင် အရှင်ဘုရား တယောက်သော တံခါးစောင့်၏သားသည် လက်သမား တို့နှင့် အတူတကွ လှည့်လည်၍ ရဟန်းပြုသော တိဿ အမည်ရှိသော သူတ ယောက်ရှိပါသည် ထိုသူကို ရည်စူး၍ ဆိုကြကုန်ယျောင်တကားဟု လျှောက်ကြား လတ်သော် ပဉ္စင်းငယ်တို့သည် ထိုရွာ၌ တိဿရဟန်း၏ ကုံလုံကြွယ်ဝ အစိုးရ သော အဆွေအမျိုးတို့၏ မရှိသည်အဖြစ်ကို သိရလျှင် သာဝတ္ထိပြည်သို့ ပြန်သွား ကြ၍ အရှင်ဘုရားတို့ အကြောင်းမဲ့သက်သက် သာလျှင် တိဿရဟန်းသည်

မြည်တမ်းလျက် သွားလာလှည့်လည်ဘိ၏ဟု ဆို၏ ထိုအကြောင်းကို ရဟန်းတို့အား လျှောက်ကြားကြ လေကုန်၏ ရဟန်းတို့ သည်လည်း ထိုဖခြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားကြလေကုန်၏။

ကဠာဟကဇာတ်အမြွက်

မြတ်စွာဘုရားသည် ချစ်သား ရဟန်းတို့ ယခုအခါ၌သာလျှင် ကဲ့ရဲ့ရွဲတ်ချသော စကားကိုဆိုလျက် လှည့်လည်သွားလာသည် မဟုတ်သေး ရှေး၌လည်း ကဲ့ရဲ့ ရွဲတ်ချသော စကားကို ဆိုဘူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ ရဟန်းတို့ တောင်းပန်သောကြောင့် လွန်လေပြီးသောအတိတ်အကြောင်းကို ဆောင်တော်မူလျက်—

ဗဟုံပိ သော ဝိကတ္ထေယျ၊ အညံ ဇနပဒံ ဂတော။
အန္ဓာဂန္ဓာန ဒုဿေယျ၊ ဘုဉ္ဇ ဘောဂေ ကဠာဟက။

သော၊ ထိုသူသည်။ အညံ၊ တပါးသော။ ဇနပဒံ၊ ဇနပုဒ်သို့။ ဂတော၊ သွားသည်ရှိသော်။ ဗဟုံပိ၊ များစွာလည်း။ ဝိကတ္ထေယျ၊ ကဲ့ရဲ့ရွဲတ်ချရာ၏။ ကဠာဟက၊ ကဠာဟက အမည်ရှိသောသူ။ အန္ဓာဂန္ဓာန၊ နောက်တဖန် လာလတ်သည်ရှိသော်။ ဒုဿေယျ၊ ဖျက်ဆီးရာ၏။ ဘောဂေ၊ စည်းစိမ်ချမ်းသာတို့ကို။ ဘုဉ္ဇ၊ သုံးဆောင်ခံစားလော့။

ဟူ၍ ဤကဠာဟကဇာတ်ကို အကျယ်ခဲ့၍ ဟောတော်မူလေ၏ ချစ်သား ရဟန်းတို့ အကြင်ပုဂ္ဂိုလ်သည် တပါးသောသူတို့သည် အနည်းငယ်ကိုဂုဏ်း အများကိုဂုဏ်း ကြမ်းတန်းသော ခဲဘွယ်ဘောဇဉ်ကိုဂုဏ်း မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ကိုဂုဏ်း ပေးလှူသည်ရှိသော် ထိုသူအားဂုဏ်း တပါးသော သူတို့အဲ့ဂုဏ်း ပေး၍ မိမိအား မပေးလှူသည်ရှိသော် မျက်နှာ မသာမယာဖြစ်တတ်၏ ထိုပုဂ္ဂိုလ်အား စျာန်သည်ဂုဏ်း ဝိပဿနာသည်ဂုဏ်း မဂ်ဖိုလ်စသည်တို့သည်ဂုဏ်း မဖြစ်နိုင်ကြကုန်ဟု မိန့်တော်မူ၍ တရားဟောလိုရကား ဤဂါထာတို့ကို ဟောကြားတော်မူလေ၏။

---

၁ ဤဂါထာသည် ဧကနိပါတ်။ ၁၃–ကုသနာဠိဝဂ်။ ၅–ကဠာဟကဇာတ်လာ ဂါထာဖြစ်၏။ သူဌေးသားယောင်ဆောင်၍ ကဲ့ရဲ့ရွဲတ်ချလေ့ရှိသော အိမ်ကျွန်မသား ကဠာဟကို ကဲ့ရဲ့ခါနီး သူဌေးသို့ဆိုသော နှုတ်ဝိဒ်ဂါထာဖြစ်သည်။ ဒဗ္ဗိပ္ပါယ်ကို ဆိုသူမသိ ဒေဆိုခံရသူသာသိ၍ နေးကွေးကဲ့ရဲ့ ရွဲတ်ချခြင်း မဖြုံဝံ့လေ။

ဒေသနာတော်

၂၄၈ ဒဒန္တိ ဝေ ယထာသဒ္ဓံ၊ ယတ္ထ ပသာဒနံ ဇနော။
တတ္တ ဟောစ မံကု ဟောတိ၊ ပရေသံ ပါနဘောဇနေ။
နသော ဒိဝါဝါ ရတ္တိံဝါ၊ သမာဓိံ အဓိဂစ္ဆတိ။

၂၄၉ ယဿစေတံ သမုစ္ဆိန္နံ၊ မူလဃစ္ဆံ သမူဟတံ။
သ ဝေ ဒိဝါဝါ ရတ္တိံဝါ၊ သမာဓိံ အဓိဂစ္ဆတိ။

ယတ္ထ၊ အကြင်အမှတ်မရှိသော ပုဂ္ဂိုလ်၌။ ပသာဒနံ၊ ကြည်ညိုခြင်းသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဇနော၊ လူအပေါင်းသည်။ ယထာသဒ္ဓံ၊ ကြည်ညိုသည် အားလျော်စွာသာလျှင်။ ဝေ၊ စင်စစ်။ ဒဒန္တိ၊ ပေးလှူကြကုန်၏။ ပရေသံ၊ သူတပါးတို့၏။ တတြ ပါနဘောဇနေ၊ ထိုအဖျော်ဘောဇဉ် စသည်လှူရာ၌။ ယောစ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ မံကု၊ နည်းပါးလေခြင်း ကြမ်းတန်းလေခြင်းဟု မျက်နှာ မသာသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဒိဝါဝါ၊နေ့၌ဌင်း။ ရတ္တိံဝါ၊ညဉ့်၌ဌင်း။သမာဓိံ၊သမာဓိကို။ အနဓိဂစ္ဆတိ၊မရနိုင်။

ယဿစ၊ အကြင်ပုဂ္ဂိုလ်အားကား။ ဧတံ၊ ဤမျက်နှာ မသာခြင်းဟူသော အကုသိုလ်ကို။ သမုစ္ဆိန္နံ၊ ကောင်းစွာဖြတ်အပ်ပြီ။ မူလဃစ္ဆံ၊ အမြစ်ဖြတ်ခြင်းကို။ ကတွာ၊ ပြု၍။ သမူဟတံ၊ အကြွင်းမရှိ နုတ်အပ်ပြီ။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ ဒိဝါဝါ၊ နေ့၌ဌင်း။ ရတ္တိံဝါ၊ ညဉ့်၌ဌင်း။ သမာဓိံ၊ သမာဓိကို။ အဓိဂစ္ဆတိ၊ ရနိုင်၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

တိဿ ရဟန်းငယ် ဝတ္ထုပြီး၏။

၉–ဥပါသကာ ငါးယောက်ဝတ္ထု

နတ္ထိရာဂသမောအဂ္ဂိ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ငါးယောက်သော ဥပါသကာတို့ကို အကြောင်းပြု၍ ဟောတော်မူလေ၏

တရားနာစဉ် အိပ်ပျော်ခြင်း စသည်အကြောင်း

ထိုငါးယောက်သော ဒါယကာတို့သည် တရားတော်ကို နာလိုကုန်သည်ဖြစ်၍ ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တင့်အပ် လျောက်ပတ်သော အရပ်၌ နေကြလေကုန်သာတ် ဘုရားရှင်တို့အားလည်း ဤသူကား မင်းတည်း ဤသူကားပုဏ္ဏားတည်း ဤသူကားကြွယ်ဝသောသူတည်း ဤသူကား ဆင်းရဲသားတည်း ဤသူအား မွန်မွန်မြတ်မြတ်ပြု၍ တရားဟောအံ့ ဤသူအား မဟောအံ့ ဤသို့စိတ်တော်သည်မဖြစ် အမှတ်မရှိတယောက်ယောက်သောသူကို အကြောင်းပြု၍ တရားဟောတော် မူသည်ရှိသော် တရားတော်၌ ရိုသေခြင်းကို ရှေသွားပြုတော်မူ၍ ကောင်းကင် မြစ် ရေတံခွန် စီးကျဘိသကဲ့သို့ ဟောကြား တော်မူလေ၏ ဤသို့ဟောကြားတော် မူတတ်သောမြတ်စွာဘုရား၏ အထံတော်၌ နေကြကုန်သော ထိုသူတို့တွင် တယောက်သောသူသည် ထိုင်လျက်သာလျှင် အိပ်ပျော်လျက် နေလေ၏ တယောက်သော သူသည် လက်ချောင်းဖြင့် မြေ၌ ရေးခြစ်လျက်နေလေ၏ တယောက်သောသူသည် သစ်ပင်တပင်ကို လှုပ်လျက် နေလေ၏ တယောက်သောသူသည် ကောင်းကင်သို့ တမော့မော့ ကြည့်လျက် နေလေ၏ တယောက်သောသူသည်ကား ရိုသေစွာနာကြားရလေ၏ ရှင်အာနန္ဒာ မထေရ်မြတ်သည် မြတ်စွာဘုရားကို ယပ်ခတ်လျက် ထိုဒါယကာငါးဦးတို့၏ အမူ အရာကို ကြည့်ကာ မြတ်စွာဘုရားကို မြတ်စွာဘုရား ရှင်တော်ဘုရားတို့သည် ဤငါးဦးသော သူတို့အား ကြီးစွာသောမိုဃ်းသည် ခြိမ်းသံ ခြိမ်းဘိသကဲ့သို့ တရားတော်ကို ဟောတော်မူကြပါ၏ ဤသူတို့ကား ရှင်တော်ဘုရားတို့သည် တရားဟောတော်မူကြကုန်သော်လည်း ဤမည်သော အမှုကိုဝင်း ဤမည်သော အမှုကိုဝင်း ပြုလုပ်ကာ နေကြပါသည်ဘုရားဟု လျှောက်ကြားလေ၏။

တရားနာငါးဦးတို့၏ အတိတ်အကြောင်း

ချစ်သားအာနန္ဒာ သင်သည် ဤဒါယကာ ငါးဦးတို့ကို မသိလေသလောဟု မေးတော်မူလျှင် မြတ်စွာဘုရား မှန်လှပါ မသိပါဘုရားဟု လျှောက်ကြားလေ၏ ထိုဒါယကာ ငါးဦးတို့တွင် အကြင် ဒါယကာသည် အိပ်ပျော်လျက် နေ၏ ထိုဒါယကာသည် ဘဝငါးရာတို့ပတ်လုံး မြွေအမျိုး၌ဖြစ်၍ အခွေတို့၌ ဦးခေါင်းထား လျက်သာ အိပ်ပျော်လေ့ရှိဘူး၏ ယခုအခါ၌လည်း ထိုဒါယကာအား အိပ်ခြင်း

အလေ့ရှိ၏ အိပ်ပျော်နေဆဲဖြစ်၏ ထို့ကြောင့် ထိုဒါယကာ၏ နားတွင်းသို့ ငါဘုရားဟောသော တရားသံသည် မဝင်နိုင်ဟု မိန့်တော်မူလတ်သော် မြတ်စွာ ဘုရား အသို့ပါနည်း အစဉ်အတိုင်းအားဖြင့် ဟောကြားတော်မူကြပါသလား ထိုသို့မဟုတ်မူ အကြားအကြားအားဖြင့် ဟောကြားတော်မူကြပါသလား ဘုရား ဟု လျှောက်ကြားပြန်သဖြင့် ချစ်သား အာနန္ဒာ ထိုဒါယကာ၏ ရံခါလူအဖြစ်ကို ၎င်း ရံခါနတ်အဖြစ်ကို၎င်း ရံခါနဂါးအဖြစ်ကို၎င်း ဤသို့ အကြားအကြား၌ ဖြစ်သောသူ၏ ဘဝတို့ကို ၁သဗ္ဗညုတ ညဏ်တော်ဖြင့် သော်လည်း ပိုင်းခြားခြင်း ငှါမတတ်နိုင် အစဉ်အတိုင်း အားဖြင့်သာလျှင် ဤဒါယကာသည် ဘဝငါးရာတို့ ပတ်လုံး နဂါးမျိုး၌ဖြစ်၍ အိပ်ပျော်နေရသော်လည်း အိပ်ခြင်း၌ မရောင့်ရဲနိုင် သေးသည်သာလျှင်တည်း။ လက်ချောင်းတို့ဖြင့် မြေကို ရေးခြစ်လျက်နေသော ယောက်ျားသည်လည်း ဘဝငါးရာတို့ပတ်လုံး တီမျိုး၌ဖြစ်၍ မြေကိုတူးနေရလေ၏ ယခုအခါ၌လည်း မြေကိုတူးလျက်သာလျှင် ငါဘုရား ဟောတော်မူသော တရားသံကို မကြားရနိုင်ရှာ သစ်ပင်ကို လှုပ်လျက်နေသော ထိုယောက်ျားသည် လည်း အစဉ်အတိုင်းအားဖြင့် ဘဝငါးရာတို့ပတ်လုံး မျောက်မျိုး၌ ဖြစ်ဘူးလေ၏ ယခုအခါ၌လည်း ရှေး၌ လေ့ကျက်ဘူးသည် အစွမ်းဖြင့် သစ်ပင်ကို လှုပ်နေသည် သာလျှင်တည်း ထိုယောက်ျား၏ နားတွင်းသို့ ငါဘုရား ဟောတော်မူသော တရားသံသည် မဝင်နိုင်ရှာ။ကောင်းကင်သို့ မော့ကြည့်၍နေသော ထိုပုဏ္ဏားသည် လည်း ဘဝငါးရာတို့ပတ်လုံး၊ ၂နက္ခတ်ဘတ်တတ်သောသူ၏ အဖြစ်ဖြင့် ဖြစ်ဘူး ၃လေ၏ ယခုအခါ ရှေး၌ လေ့ကျက်ဘူးသည်အစွမ်းဖြင့် ယနေ့၌လည်း ကောင်း ကင်သို့သာလျှင် မော့ကြည့်နေ၏ ထိုပုဏ္ဏား၏ နားတွင်းသို့ ငါဘုရား ဟောတော် မူသော တရားသံသည် မဝင်နိုင်ရှာ ရိုသေစွာ တရားနာလျက် ထိုင်နေသောဤသူ ကား အစဉ်အတိုင်းအားဖြင့် ဘဝငါးရာတို့ပတ်လုံး ဗေဒင်သုံးပုံတို့၏ ကမ်းတဘက်

---

၁ သဗ္ဗ+ညူ+တာ+ညဏ်–ကြွင်းမဲ့ချက်ကုန် တရားအလုံးစုံကို+သိတော်မူသော မြတ်စွာ ဘုရား၏+ဖြစ်ကြောင်း ဖြစ်သော+မဟာကြိယာ အသိညဏ်တော်၊ ပုဒ်ပေါင်းသောအခါ သဗ္ဗညုတညဏ်–ဟုဖြစ်သည်။

၂ နက္ခတ္တ+ပါဌက–နက္ခတ်ဖြင့်+အကျိုးအပြစ် ဟောကြားသောသူ။ နက္ခတ်ယှဉ်ခြင်းကို ကြည့်၍ ကောသဓိပြည် ပူရနှိုပွမင်း နတ်ရွာစံသည်ဟု တောအုပ်တွင်းနေသော အလွှကပွ ရသေ့ကြီးသိရှိကြောင်း။ အပွမာဒဝက် သားမာဝတီဝတ္ထု၌ ဆိုဘူးပြီ။ ပါဌိခာတ်ရင်းသို့ မလိုက်ဘဲ (နက္ခတ်ဘတ်) ဟု ရေးကြသည်။

သို့ရောက်သည်ဖြစ်၍ ဗေဒင်ကို သရဇ္ဈာယ်သော ပုဏ္ဏား၏အဖြစ်ဖြင့် ဖြစ်ဘူးလေ၏ ယခုအခါ၌လည်း ဗေဒင်ကို ရှေနောက် နှီးနှောသကဲ့သို့ ရိုသေစွာနာကြားဘိ၏ဟု မိန့်တော်မူလေ၏။

တရားနာရန် လွယ်သလော ခက်သလော

မြတ်စွာဘုရား ရှင်တော်ဘုရားတို့၏ ဟောတော်မူအပ်သော တရားဒေသနာတော်သည် အရေစသည်တို့ကို ဖြတ်လျက် ရိုးတွင်းချဉ်ဆီကိုထိခိုက်၍ တည်ပါသည်ဘုရား အဘယ်ကြောင့် ဤဒါယကာတို့သည် ရှင်တော်ဘုရားတို့ တရားဟောတော် မူကြပါကုန်သော်လည်း ရိုသေစွာ မနာနိုင်ကြပါသနည်း ဘုရားဟု လျှောက်ကြားလေ၏ ချစ်သားအာနန္ဒာ ငါဘုရား၏ တရားတော်ကို ချမ်းသာစွာနာအပ်သော အလွန်တရာ နာချင်စရာကောင်းလှသော တရားဟု အမှတ်ကို ပြုဘိယောင်တကားဟု မိန့်တော်မူလတ်သော် မြတ်စွာဘုရားအသို့ပါနည်း ဆင်းရဲစွာနာအပ်သော အလွန်ဟရာနာချင်စရာ မကောင်းလှသော် တရားဖြစ်ပါသလား ဘုရားဟု လျှောက်ကြားလေ၏ ချစ်သားအာနန္ဒာ ဩော် ဆင်းရဲစွာနာအပ်သော တရားဟူသည် ဟုတ်မှန်၏ဟု မိန့်တော်မူလတ်သော် မြတ်စွာဘုရား အဘယ်အကြောင်းကြောင့် ပါနည်းဘုရားဟု လျှောက်ပြန်လေ၏ ချစ်သားအာနန္ဒာ ဘုရားဟူ၍ရင်း တရားဟူ၍ရင်း သံသာဟူ၍ရင်း ဤသို့သောပုဒ်ကို ဤသတ္တဝါတို့သည် များစွာသော ကမ္ဘာကုဋ္ဌေ တသိန်းတို့၌သော်လည်း မကြားအပ်စဘူး ထို့ကြောင့် ဤတရားတော်ကို နာခြင်းငှါ မတတ်နိုင်ကြကုန် မသိအပ်သော အစရှိသော သံသရာ၌ ဤသတ္တဝါတို့သည် တပါးမက များသော အပြားရှိသော မဂ်ဖိုလ်မှ ဖီလာတိရိစ္ဆာနကထာ ဖြစ်သော စကားကိုသာလျှင် ကြားရနာရကုန်လျက် လာကြရကုန်၏ ထို့ကြောင့် သေသောက်ရာ ပျော်ရွှင်စွာ ကစားရာ တလင်းဝန်း စသည်တို့သို့ သီဆိုကြကုန်လျက် ကခုန်ကြကုန်လျက် သွားလာလှည့်လည့်နိုင်ကြကုန်၏ တရားတော်ကိုနာခြင်းငှါ မတတ်နိုင်ကြကုန်ဟု မိန့်တော်မူလတ်သော် မြတ်စွာဘုရား အဘယ်တရားကိုမှီ၍ ထိုသူတို့သည် မတတ်နိုင်ကြပါကုန်သနည်း ဘုရားဟု မေးလျှောက်ပြန်လေ၏။

ထိုအခါ ရှင်အာနန္ဒာအား မြတ်စွာဘုရားသည် ချစ်သား အာနန္ဒာ ရဲဂကိုမှီ၍ ဒေါသကိုမှီ၍ မောဟကိုမှီ၍ တဏှာကိုမှီ၍ မတတ်နိုင်ကြကုန် ရဲဂမီးနှင့်

တူသော မိုးမည်သည်မရှိ ထိုရာဂမိုးသည် ပြာကို မကြွင်းစေမူ၍ သတ္တဝါတို့ကို လောင်၏ မနခုနစ်စင်း ထင်ရှားစွာ ထွက်ခြင်းကို မှီ၍ဖြစ်သော ကမ္ဘာဖျက်မိုး သည်လည်း စာစုံတခုကို မကြွင်းစေမူ၍လျှင် လောကကို အကယ်၍ကား လောင်၏ ထိုသို့ပင်လောင်သော်လည်း ထိုကမ္ဘာဖျက်မိုးသည် ရုံခါလောင်သည်သာတည်း ရာဂဟူသောမိုး၏ မလောင်သောကာလမည်သည်မရှိ ထို့ကြောင့်ရာဂနှင့်တူသော မိုးသည်ဌာန်း ဒေါသနှင့်တူသော ဖမ်းယူတတ်သော သူသည်ဌာန်း မောဟနှင့် တူသော ကွန်ယက်သည်ဌာန်း တဏှာနှင့်တူသော မြစ်သည်ဌာန်း မရှိဟု မိန့်တော် မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေါသနာတော

၂၅၀ နတ္ထိ ရာဂ သမော အဂ်ိ၊ နတ္ထိ ဒေါသ သမော ဂါဟော။
နတ္ထိ မောဟ သမံ ဇာလံ၊ နတ္ထိ တဏှာ သမာ နဒီ။

ရာဂသမော၊ ရာဂနှင့်တူသော။ အဂ်ိ၊ မိုးသည်။ နတ္ထိ၊ မရှိ။

[အခိုးအလျှံ စသည်တို့တွင် တစုံတခုကိုမျှ မပြမူ၍ ကိုယ်တွင်းဌ်သာ ထဲလောင်ခြင်း၏ အစွမ်းအားဖြင့် ရာဂနှင့်တူသော မိုးမည်သည် မရှိ]။

ဒေါသသမော၊ ဒေါသနှင့်တူသော။ ဂါဟော၊ ဖမ်းယူတတ်သော သူသည်။ နတ္ထိ၊ မရှိ။

[ဘီလူးဖမ်းခြင်း စပါးကြီးမြေဖမ်းခြင်း မိကျောင်း လပိုင် ဖမ်းခြင်း အစရှိသည်တို့သည် တခုသော အကွာဘောဌ်သာလျှင် ဖမ်းယူခြင်းဌ၊ စွမ်း နိုင်ကြကုန်၏ ဒေါသဖမ်းခြင်းကား အလုံးစုံသော ဘဝတို့ဌ် တဖမ်းတည်းသာ ဖမ်းသောကြောင့် ဒေါသနှင့်တူသော ဖမ်းယူတတ်သောသူ မရှိဟူလို]။

မောဟသမံ၊ မောဟနှင့်တူသော်။ ဇာလံ၊ ကွန်ယက်သည်။ နတ္ထိ၊ မရှိ။

[ဖွဲတတ် ရစ်ပတ်တတ်သော အနက်သဘောကြောင့် မောဟနှင့်တူသော ကွန်ယက်မရှိဟူလို]။

တဏှာသမာ၊ တဏှာနှင့်တူသော။ နဒီ၊ မြစ်သည်။ နတ္ထိ၊ မရှိ။

[ဂင်္ဂါစသောမြစ်တို့အား ပြည့်သောကာလသည်ဌင်း ယုတ်သောကာလ သည်ဌင်း ချောက်သွေ့သော ကာလသည်ဌင်း ထင်ရှားသေး၏ တဏှာအား

ပြည့်သောကာလသည်ရင်း ချောက်သွေ့သော ကာလသည်ရင်းမရှိ အမြဲ ယုတ်လျော့သည် ဖြစ်၍သာလျှင် ထင်ရှား၏ ပြည့်နိုင်ခဲသော အနက် သဘောကြောင့် တဏ္ဍာနှင့်တူသော မြစ်မည်သည်မရှိဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ ရိုသေစွာတရားတော်ကို နာကြားသော[1] ဥပါသကာသည် သောတာပတ္တိဖိုလ်၌ တည်လေ၏ ရောက်လာသော သူတို့အားလည်း အကျိုးရှိသော ဒေသနာဖြစ်တော်မူလေ၏။

ဥပါသကာငါးယောက်ဝတ္ထုပြီး၏။

၁၀—မေဏ္ဍကသူဌေးကြီးဝတ္ထု

သုဒဿဝဇ္ဇ - အစရှိသော ဤဟရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့ကို အမှီပြု၍ မြလေးတော၌ နေတော်မူစဉ် ၎မေဏ္ဍက သူဌေးကြီးကို အကြောင်းပြု၍ ဟောတော်မူလေ၏။

မေဏ္ဍကသူဌေးကြီးအမည်တွင်ကြောင်း

မြတ်စွာဘုရားသည် အင်္ဂတိုင်း ဥတ္တရတိုင်းတို့၌ ဒေသစာရီ ကြွချီတော်မူလတ်သည်ရှိသော် မေဏ္ဍက သူဌေးကြီး၏ရင်း ထိုသူဌေးကြီး၏ စန္ဒပဒုမာ အမည်ရှိသော သူဌေးကတော်ကြီး၏ရင်း သားဖြစ်သော ဓနဥယ သူဌေး၏ရင်း ချေးမဖြစ်သော သုမနဒေဝီ၏ရင်း ထိုမေဏ္ဍကသူဌေးကြီး၏ မြေးဖြစ်သော ဝိသာခါ၏ရင်း ကျွန်ဖြစ်သော ပုဏ္ဏ၏ရင်း ဤသူတို့၏ သောတာပတ္တိဖိုလ်၌ တည်အံ့သော အကြောင်း ဥပနိဿယကို မြင်တော်မူ၍ ဘဒ္ဒိယမြို့သို့ ကြွသွားတော်မူပြီးလျှင် မြလေးတော၌ နေတော်မူသတတ် မေဏ္ဍကသူဌေးကြီးသည် မြတ်စွာဘုရား၏ ကြွလာတော်မူခြင်းကို ကြားရလေ၏ အဘယ့်ကြောင့် ဤသူဌေးကြီးသည် မေဏ္ဍက သူဌေးမည်သနည်း ဟူမူကား ထိုသူဌေးကြီး၏ အိမ်နောက်ဘေး၌ ရှစ်မင်းပယ်စားမျှလောက်သော အရပ်၌ ဆင် မြင်း နွားလားဥသဘ အတိုင်း

---

၁ မေဏ္ဍက + သူဌေး = ဆိတ်ရှိသော + သူဌေး (လိုရာခပ်သိမ်း ပေးနိုင်သော ရွှေဆိတ်ရုပ်များစွာရှိသော သူဌေးကြီးဟူလို)။

အရှည်ရှိကုန်သော ရှေဖြင့်ပြီးသော ဆိတ်ရုပ်တို့သည် မြေကို ဖေါက်ခဲ့ပြီးလျှင် ကျောက်ကုန်းဖြင့် ကျောက်ကုန်းကို ထိခိုက်ကုန်လျက် အိမ်နောက်ဖေးမှ ပေါ် ပေါက်လာကြကုန်သတဲ့တ် ထိုရှေဆိတ်ရုပ်တို့၏ ခံတွင်းတို့၌ ငါးပါးသော အဆင်း ရှိသော ချည်ထွေး ချည်ခင်တို့ကို ထည့်ထားအပ်ကုန်၏ ထောပတ်ဆီပျော် တင်လဲ စသည်တို့ဖြင့်၎င်း အ၀တ် ပုဆိုး ရှေ ငွေ စသည်တို့ဖြင့်၎င်း အလိုရှိသည်ရှိသော် ထိုရှေဆိတ်ရုပ်တို့၏ ခံတွင်းမှ ချည်ထွေး ချည်ခင်တို့ကို နုတ်ပယ်လိုက်သည်ဖြစ်အံ့ တခုသော ရှေဆိတ်ရုပ်၏ ခံတွင်းမှသော်လည်း ဇမ္ဗူဒီပါကျွန်း၌ နေကုန်သော သူတို့အား သုံးဆောင်ခြင်းငှါလောက်သော ထောပတ်ဆီ ပျော်တင်လဲ အ၀တ် ပုဆိုး ရှေ ငွေတို့သည် ထွက်ကျလာကုန်၏ ထိုအခါမှစ၍ မေဏ္ဍကသူဋ္ဌေးကြီး ဟူ၍ ထင်ရှား ကျော်စောလေ၏။

မေဏ္ဍကသူဋ္ဌေးကြီး၏အတိတ်အကြောင်း

ထိုမေဏ္ဍကသူဋ္ဌေးကြီး၏ ရှေးဦး ပြုအပ်သော ကောင်းမှုကံဘာသည် အဘယ် နည်းဟူမူကား ဝိပဿီဘုရားရှင်လက်ထက်တော်၌ ဤသူဋ္ဌေးကြီးသည် အ၀ရောဇ အမည်ရှိသော သူကြွယ်၏တူဖြစ်၍ ဦးရီးနှင့်တူသော အမည်ရှိသော အ၀ရောဇ မည်သောသူ ဖြစ်လေ၏ ထိုအခါ ထိုသူ၏ ဦးရီးသည် မြတ်စွာဘုရား၏ ဂန္ဓကုဋီကို ဆောက်လုပ်ခြင်းငှါ အားထုတ်လေ၏ ထိုတူ အ၀ရောဇသည် ဦးရီး၏ အထံ သို့သွား၍ ဦးရီး ကျွန်တော်တို့ နှစ်ယောက်စလုံးတို့သည် အတူတကွသာလျှင် ဆောက်လုပ်ကြကုန်စို့အံ့ဟု ဆိုလတ်သော် ငါကား သူတပါးတို့နှင့် အတူတကွ ဆက်ဆံသည်ကို မပြုမူ၍ တယောက်အထည်းတည်းသာလျှင် ဆောက်လုပ်ပေအံ့ ဟု ဆိုလေ၏ ဦးရီးသည် ပယ်သောအခါကာလ၌ ဤအရပ်၌ ဂန္ဓကုဋီကို ဆောက် လုပ်သည်ရှိသော် ဤအရပ်ဝယ် ကုဋ္ဌရအမည်ရှိသော စရပ်ကို ရခြင်းငှါ သင့်၏ဟု ကြံပြီးလျှင် တောအုပ်မှ သစ်သား အဆောက်အဦးတို့ကို ဆောင်ယူစေ၍ သည်တိုင်တခုကို ရှေဖြင့် ခြယ်စီ၏ သည်တိုင်တခုကို ငွေဖြင့်ခြယ်စီ၏ သည်တိုင် တခုကို ပတ္တမြားဖြင့် ခြယ်စီ၏ သည်တိုင်တခုကို ရွှတနာ ခုနစ်ပါးဖြင့် ခြယ်စီ၏ ထုတ်လျောက် တံခါးပေါင် တံခါးမ တံခါးရွက် လေသာပြူတင်း အခြင် ရနယ် အမိုး အုံ၌ဟု ဆိုအပ်သော အလုံးစုံတို့ကိုလည်း ရှေစသည်တို့ဖြင့် ခြယ်စီ မှမ်းမံ အပ်သည်တို့ကိုသာလျှင် ပြုလုပ်စေသဖြင့် ဂန္ဓကုဋီတိုက်၏ မျက်မှောက် ရှေးရှုရာ

အရပ်၌ မြတ်စွာဘုရားအလို့ငှါ ရတနာ ခုနစ်ပါးဖြင့်ပြီးသော ကုဋ္ဌရအမည်ရှိသော စရပ်ကို ဆောက်လုပ်စေလေ၏ ထိုစရပ်၏ အထက်၌ တခဲနက် ရွှေနှံဖြင့် ပြီးကုန်သော ကမ္မလာ သန္ဓာဖြင့် ပြီးကုန်သော အခွန်အတုတ် ထုပိကာတို့သည်ဖြစ်ကုန်၏ ကုဋ္ဌရစရပ်၏ အလယ်ဖြစ်သော အရပ်၌ ရတနာ မဏ္ဍပ်ကိုဆောက်လုပ်စေလေ၏ တရားဟော ပလ္လင်နေရာကို တည်ထားစေလေ၏ ထိုတရားဟောပလ္လင်နေရာ၏ အခြေတို့သည် တခဲနက် ရွှေနှံဖြင့် ပြီးသည်သာလျှင်ဖြစ်ကုန်၏ လေးခု သောအပေါင်တို့သည် ထိုအတူ ရွှေနှံတခဲနက်ဖြင့်ပြီးကုန်၏ လေးခုသော ရွှေဆိတ်ရုပ်တို့ကိုလည်း ပြုလုပ်စေ၍ တရားဟော ပလ္လင်နေရာ၏ အခြေလေးခုတို့၏ အောက်၌ထားလေ၏ နှစ်ခုသော ရွှေဆိတ်ရုပ်တို့ကို ပြုလုပ်စေ၍ ခြေတော်ချရာ ခြေနင်းပျဉ်၏ အောက်၌ထားလေ၏ ခြောက်ခုသော ရွှေဆိတ်ရုပ်တို့ကို ပြုလုပ်စေပြန်၍ မဏ္ဍပ်ကိုထက်ဝန်းကျင်မှ ဝန်းရံစေလျက် ထားလေ၏ တရားဟော ပလ္လင်နေရာတော်ကို ရှေးဦးစွာ ချည့်ဖြင့် ပြီးကုန်သောကြိုးတို့ဖြင့် ရက်လုပ်စေပြီးလျှင် အလယ်၌ ရွှေချည်ဖြင့် ပြီးကုန်သော အထက်၌ပုလဲဖြင့်ပြီးကုန်သော ချည်တို့ဖြင့် ရက်လုပ်စေ၏ တရားဟောပလ္လင်နေရာတော်၏ နောက်မှီတံကဲပျဉ်ကား စန္ဒကူးဖြင့်ပြီးသော တံကဲ ဖြစ်လေ၏ ဤသို့လျှင် ကုဋ္ဌရစရပ်ကို ပြီးစေပြီးလျှင် စရပ်ပူဇော် သာဓုခေါ် ပဲ့ကြိုးသဘင်ကို ဆင်ယင် ကျင်းပလတ်သည်ရှိသော် ခြောက်သန်း ရှစ်သိန်းကုန်သော ရဟန်းတော်တို့နှင့်အတူတကွ ဝိပဿီ မြတ်စွာဘုရားကို ပင့်ဘိတ်၍ လေးလတို့ပတ်လုံး အလှူကြီးကို ပေးလှူလေ၏ အဆုံးဖြစ်သောနေ့၌ တိစီဝရိက် သင်္ကန်းသုံးထည်ကို လှူလေ၏ ထိုရဟန်းတို့တွင် အငယ်ဖြစ်သော သံဃာအား အဘိုးတသိန်း ထိုက်သော သင်္ကန်းသည် ရောက်လေ၏။

ငတ်မွတ်သော ဘေးကြီး တွေ့ကြုံရပုံ

ဤသို့လျှင် ဝိပဿီဘုရားထင်ရှား ပွင့်တော်မူသောအခါ ကောင်းမှုကို ပြုလုပ်စေပြီးလျှင် ထိုဒေဝမှစုတေမနေ သေလွန်သည်ရှိသော် နတ်ပြည်လူ့ပြည်၌ သာလျှင် ကျင်လည်သဖြင့် ဤဘဒ္ဒကပ်၌ ဗာရာဏသီပြည်ဝယ် မျိုးသော ဥစ္စာရှိသောအမျိုး၌ဖြစ်၍ ဗာရာဏသီသူဌေးကြီး အမည်ရှိသောသူ ဖြစ်လေ၏။

ထိုသူဌေးကြီးသည် တနေ့သ၌မင်းအား ခစားခြင်းသို့ သွားလတ်သည်ရှိသော် ပုရောဟိတ်ပုဏ္ဏားကိုမြင်လျှင် ဆရာပုဏ္ဏား အသို့နည်း နက္ခတ်ကို တခဏမျှ စူးစမ်း

ဆင်ခြင်ကြ ပါကုန်၏လောဟု ဆိုလေ၏ ဩော် စူးစမ်းဆင်ခြင်ပါ၏ ဟူ၍ဌင်း ငါတို့အား တပါးသော အမှုအဘယ်မှာ ရှိအံ့နည်း ဟူ၍ဌင်း ဆိုလတ်သော် ထိုသို့ ဖြစ်မူ ဇနပုဒ်၌ အဖြစ်အပျက်သည် အဘယ်သို့ ဖြစ်အံ့နည်းဟု မေးလေ၏ တခု သောဘေးသည် ဖြစ်လတ္တံ့ဟု ဆိုလတ်သော် ဘေးမည်သည် အဘယ်ဘေးနည်း ဟု မေးပြန်လေ၏ သူဌေးကြီး ငတ်မွတ်ခေါင်းပါးသောဘေးဟု ဆိုပြန်လတ်သော် အဘယ်အခါ ဖြစ်အံ့နည်း မေးပြန်လေ၏ ဤနေ့မှ သုံးနှစ်လွန်သောအခါ ဖြစ်လတ္တံ့ဟု ဆိုလတ်သော် ထိုစကားကို ကြားရလျှင် ဗာရာဏသီ သူဌေးသည် များစွာသော လယ်ထွန်ခြင်းအမှုကိုပြုစေ၍ အိမ်၌ရှိသော ဥစ္စာဖြင့်လည်း စပါးကို သာလျှင် ဝယ်ယူသဖြင့် နှစ်ရာ့ငါးဆယ်ကုန်သော ကျီတို့ကို ဆောက်လုပ်စေပြီး လျှင် အလုံးစုံသော ကျီတို့ကို စပါးတို့ဖြင့် ပြည့်စေလေ၏ ကျီတို့သည် မဆန့်ကုန် သည်ရှိသော် အိုးထုပ်ကြီးစသည်တို့ကို ပြည့်စေ၍ ကြွင်းသော စပါးကို မြေ၌ တွင်းတို့ကိုတူး၍ မြှုပ်ထားလေ၏ မြှုပ်ပြီး သိုမှီးပြီးသည်မှ ကြွင်းသော စပါးကို မြေနှင့်တကွနယ်၍ နံရံတို့ကို လိမ်းကျံစေ၏ ထိုသူဌေးကြီးသည်, အခါတပါး၌ ငတ်မွတ်ခြင်းဘေး ရောက်လတ်သည်ရှိသော် အကြင်အကြင် ထားအပ်သော စပါးကို သုံးဆောင် စားသောက်လျက် ကျီတို့၌ဌင်း အိုးထုပ်ကြီးစသည်တို့၌ဌင်း ထားအပ်သော စပါးကုန်လတ်သည်ရှိသော် ကျေးကျွန်အခြွေအရံတို့ကိုခေါ် စေ၍ အမောင်တို့ သွားကြလေကုန်လော့ တောင်ခြေရင်းသို့ဝင်၍ အသက်မွေးကြကုန် လျက် ဝပြောသော ကာလ၌ ငါ၏အထံသို့ လာလိုကုန်သော သူတို့သည် လာကြ ကုန်လော့ မလာလိုကုန်သော သူတို့သည် ထိုတောင်ခြေရင်း၌ပင် အသက်မွေး ကြကုန်လော့ဟု ဆိုလေ၏။

ထိုကျေးကျွန်း အခြွေအရံတို့သည် ငိုကြွေးကုန်လျက် မျက်ရည်နှင့် မျက်ခွက် ရှိကုန်သည်ဖြစ်၍ သူဌေးကြီးကို ရှိခိုးသဖြင့် တောင်းပန် ကန်တော့ကြကုန်သော ကြောင့် ခုနစ်ရက်ပတ်လုံး နေစေပြီးလျှင် ထိုသူဌေးဆိုတိုင်း ပြုကြရကုန်၏ ထိုသူဌေးကြီး၏ အထံ၌ကား အမှုကြီးငယ်ကို ပြုတတ်သော ပုဏ္ဏအမည်ရှိသော ကျွန်တယောက်သည်သာလျှင် ကျန်ရစ်ခဲ့လေ၏ ထိုပုဏ္ဏ အမည်ရှိသော ကျွန်နှင့် အတူတကွသူဌေးကတော်သည်ဌင်း သူဌေးသားသည်ဌင်း သူဌေးချွေးမသည်ဌင်း ဤငါးယောက်သော သူတို့သည်သာလျှင် ရှိကုန်၏ ထိုငါးယောက်သော သူတို့

သည် မြေ၌ တွင်းတို၌ သိုမှီးသိမ်းဆည်း၍ ထားအပ်သော စပါးသည်ပင် ကုန်ပြန်သည်ရှိသော် နံရံ၌ကပ်၍ ထားအပ်သော မြေကို ခွါပြီးလျှင် ရေဖြင့် ဆွတ်လျက် ထိုနံရံမှရအပ်သော စပါးဖြင့် မျှတကြလေကုန်၏။

စားခါနီး ပစ္စေကဗုဒ္ဓါ ကြွလာခြင်း

ထိုစဉ်အခါ ထိုဟာရာဏသီသူဌေးကြီး၏ဇနီး အိမ်ရှင်ဖြစ်သော သူဌေးကတော် ကြီးသည် ငတ်မွတ်ခြင်းဘေး လွှမ်းမိုးစဉ် နံရံ၌ ကပ်ထားသော စပါးရှိသော မြေလည်းကုန်ခဲ့ပြန်သောကြောင့် နံရံအခြေတို၌ ကြွင်းသောမြေကို ခွါပြီးလျှင် ရေဖြင့်ဆွတ်၍ တစလယ်ခဲ့မျှလောက်သော စပါးကိုရသဖြင့် ထောင်းဖွပ် ပြီးလျှင် တစလယ်သောဆန်ကို ရလတ်သည်ရှိသော် ငတ်မွတ် ခေါင်းပါးသော ကာလ သူခိုးတို့သည် များပြားလှကုန်၏ဟု ခိုးသူဘေးမှကြောက်သဖြင့် တခုသောအိုး ၌ထည့်၍ ပိတ်လျက် မြေ၌ မြှုပ်ထားလေ၏ တိုအခါ၌ သူဌေးကတော်ကြီးကို သူဌေးကြီးသည် မင်းဇား ခစားရာ်မှ ပြန်လာ၍ ရှင်မ မဲ့တ်သိပ် ဆာလောင်လှပါ၏ တစုံတခုသော စားဘွယ် သောက်ဘွယ် ရှိပါသလောဟု ဆိုလေ၏ သူဌေးကတော်ကြီးသည် ရှိသည်ကို မရှိဟု မဆိုတဲ့မူ၍ ဆန်တစလယ်ရှိပါသည်ဟု ဆိုလေ၏ ထိုဆန်တစလယ်သည် အဘယ်မှာနည်းဟု မေးလျှင် ခိုးသူဘေးမှ ကြောက်သောကြောင့် ကျွန်တော်မ မြှုပ်နှံ၍ ထားပါသည်ဟု ပြောဆိုလေ၏ ထိုသို့ဖြစ်မူ ထိုဆန်တစလယ်ကိုထုတ်၍ တစုံတခု ချက်ပါလေ့ဟု ဆိုလတ်သော် အရှင်သူဌေးကြီး ယာဂုကို အကယ်၍ ကြိုရသည်ဖြစ်အံ့ နှစ်ခါ နှစ်ကြိမ် သုံးဆောင်ရလတ္တံ့ ထမင်းကို အကယ်၍ ချက်ရသည်ဖြစ်အံ့ တခါတကြိမ်သာလျှင် သုံးဆောင်ရလတ္တံ့ အဘယ်ကို ချက်ရပါအံ့နည်းဟု မေးလေ၏ ငါတို့အား တပါးသော အကြောင်း အထောက်အပံ့သည် မရှိလေပြီ ထမင်းကိုစား၍ သေကြပါစို့ ထမင်းကိုသာ ချက်ပါလော့ဟုဆိုလျှင် သူဌေးကတော်ကြီးသည် ထမင်းကိုချက်၍ ငါးခုသော အဘို့အစုဖို့ကိုပုံလျက် သူဌေးကြီး၏အဘို့ ထမင်းတို့ကိုခူး၍ ရှေ့ဦးထားလေ၏ ထိုခဏ၌ ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါ တဆူသည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားရာမှ ထတော်မူ၏။

[သမာပတ်အတွင်း၌ကား သမာပတ်အစွမ်းဖြင့် မွတ်သိပ်ခြင်းသည် မနှိပ်စက်နိုင်သတတ် သမာပတ်မှ ထလတ်ကုန်သော အရှင်မြတ်တို့အားသော်

ကား မှတ်သိပ်ခြင်း အားကြီးသည်ဖြစ်၍ ၀မ်းရေအပြင်ကို လောင်ကျွမ်းကုန်သကဲ့သို့ဖြစ်၏ ထိုပစ္စေကဗုဒ္ဓါ စသော အရိယာတို့သည် ဆုမ်းရရာအရပ်ကို ကြည့်ရှု၍ ကြွသွားကြရကုန်၏ ထိုနေ့၌လည်း ထိုအရှင်မြတ်တို့အား အလှူပေးလူကြရကုန်သည် ရှိသော် စစ်သူကြီးအရာ ရသည်တိုင် အမှတ်မရှိတပါးမျိုးသော အရာဌာနနှင့် ပြည့်စုံခြင်းကို ရနိုင်ကြကုန်၏]။

ထို့ကြောင့် ထိုရှင်ပစ္စေကဗုဒ္ဓါသည်လည်း ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ကြည့်ရှုတော်မူလတ်သည်ရှိသော် အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ မှတ်သိပ်သောဘေးသည် ဖြစ်၏ သူဋ္ဌေးကြီး၏အိမ်၌လည်း ငါးယောက်သော သူတို့အလို၌ ဆန်တစလယ်ထမင်းကိုလည်း ချက်အပ်၏ ဤသူတို့ သဒ္ဓါတရား ရှိကုန်အံ့လော ငါ့အား သင်္ဂဟ ထောက်ပံ့ခြင်းကို ပြုခြင်း၌ စုမ်းနိုင်ကြကုန်အံ့လောဟု ကြည့်ရှုတော်မူလတ်သော် ထိုသူတို့၏ သဒ္ဓါတရားရှိသည့် အဖြစ်ကိုရင်း သင်္ဂဟထောက်ပံ့ခြင်းကိုပြုခြင်း၌ စုမ်းနိုင်သည်အဖြစ်ကိုရင်း မြင်ဖော်မူရလျှင် သပိတ် သင်္ကန်းကိုယူ၍ သူဋ္ဌေးကြီး၏ ရွှေတူရူအရပ် တံခါး၀ဠ္ဍ ရပ်တော်မူလျက်သာလျှင် မိမိကိုယ်တော်ကို ပြတော်မူလေ၏။

မေဇ္ဈက သူဋ္ဌေးကြီးအလောင်း ဆုတောင်းပုံ

သူဋ္ဌေးကြီးသည် ထိုရှင်ပစ္စေကဗုဒ္ဓါကို မြင်ရလျှင် ကြည်လင်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ရွှေးအခါဠ္ဍလည်း ငါသည် အလှူဒါနကို မလှူလေသောကြောင့် ဤသို့သဘောရှိသော ငတ်မွတ်သောဘေးကို တွေ့မြင်ရ၏ စင်စစ်အားဖြင့် ဤထမင်းဿည် ငါ့ကို တရက်မျှသာလျှင် စောင့်နိုင်ရာ၏ ရှင်ပစ္စေကဗုဒ္ဓါအား လှူအပ်သော အလှူသည် မျှားစွာကုန်သော ကမ္ဘာကုဋေတို့၌ ငါ၏ စီးပွားချမ်းသာကို ဆောင်နိုင်သည်ဖြစ်လတ္တံ့ဟု နှလုံးသွင်း၍ ထိုထမင်းခွက်ကို ပယ်သဖြင့် အရှင်ပစ္စေကဗုဒ္ဓါသို့ ချဉ်းကပ်ပြီးလျှင် ငါးပါးသော တည်ခြင်းဖြင့် ရှိခိုး၍ အိမ်သို့ပင့်ဆောင်လျက် နေရာ၌နေထိုင်သော ပစ္စေကဗုဒ္ဓါ၏ခြေတို့ကို ဆေးကြော ပြီးလျှင် ရွှေခြေဆေးအင်းပျဉ်၌ ထားသဖြင့် ထမင်းခွက်ကို ယူလျက် ရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်၌ ဆုမ်းကိုလောင်းလှူလေ၏ ဆုမ်းသည် ထက်ဝက်မျှကြွင်းကျန်လတ်သည်ရှိသော် ရှင်ပစ္စေကဗုဒ္ဓါသည် လက်ဖြင့် သပိတ်ကို ပိတ်တော်မူလေ၏ ထိုအခါထိုရှင်ပစ္စေက ဗုဒ္ဓါကို အရှင်ဘုရား ဤဆုမ်းသည် တစလယ်သော ဆန်ဖြင့်

ငါးယောက်သော သူတို့အလို့ငှါ ချက်အပ်သော ထမင်း၏ တခုသောအဘို့မျှသာ ဖြစ်ပါသည် ဤငါးဘို့တဘို့မျှဖြစ်သော ထမင်းကို နှစ်ဘို့ပြုခြင်းငှါ မဟာတ်ကောင်း ပါဘုရား တပည့်တော်အား ဤပစ္စုပ္ပန်ဘဝ၌ သင်္ဂြိဟ်ထောက်ပံ့ခြင်းကို ပြုပေတော် မမူကြပါလင့် တပည့်တော်သည် အကြင်းမဲ့ လူလိုပါသည်၊ ဘုရားဟု လျှောက်ကြား၍ အလုံးစုံသောဆွမ်းကို လှူဒါန်းလေ၏ လှူဒါန်းပြီး၍ သေဘ်ကား အရှင်ဘုရား တဖန်ဖြစ်လေရာ ဖြစ်လေရာအရပ်၌ ဤသို့သဘောရှိသော ငတ်မွတ်သော ဘေးကိုမမြင်ရပါလို ဤအခါမှစ၍ အလုံးစုံ ဇမ္မူဒီပါကျွန်း၌ နေကုန်သော သူတို့အားမျိုးထမင်းကို ပေးခြင်းငှါ စုမ်းနိုင်သောသူ ဖြစ်ရပါလို၏ မိမိလက်ဖြင့် အမှုကို ပြု၍အသက်မမွေးရပါလို နှစ်ရှာငါးဆယ်သောကျိုတို့ကို သုတ်သင်စေ၍ ဦးခေါင်းကို ရေချိုးပြီးလျှင် ထိုကျိုတို့၏တံခါး၌ ထိုင်လျက် အထက်သို့ကြည့်သော ခဏ၌ သာလျှင် တပည့်တော်အား သလေးနှံ မိုးသဲအယာဥတို့သည်ကျ၍ အလုံးစုံသော ကျိုတို့၌ ပြည့်ပါစေကုန်သတည်း ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌လည်း ဤမယား သည်ရင်း ဤသားသည်ရင်း ဤချွေးမသည်ရင်း ဤကျွန်သည်ရင်း ဖြစ်ပါစေ ဘုရားဟု ပတ္ထနာအမှု ဆုတောင်းခြင်းကို ပြုလေ၏။

သူဌေးကတော် စသည်တို့၏ ဆုတောင်းပုံ

ထိုသူဌေးကြီး၏ဇနီး သူဌေးကတော်ကြီးသည်လည်း ငါ၏ လင်ယောကျ်ားသည် မှတ်သိပ်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်ပါလျက် ငါသည် စားသောက်ခြင်းငှါ မတတ်ကောင်းဟု ကြံ၍ မိမိအဘို့ကို ရှင်ပစ္စေကဗုဒ္ဓါအား လှူ၍ အရှင်ဘုရား ယခုအခါ၌ ဖြစ်လေရာ ဖြစ်လေရာ သံသရာဘဝ အဆက်ဆက်၌ ဤသို့သဘောရှိသော ငတ်မွတ်သော ဘေးကိုမမြင်ရပါလို ထမင်းအိုးကို ငဲ့ရှောင်ထား၍ အလုံးစုံသောဇမ္မူဒီပါကျွန်း၌ နေသော သူတို့အား ထမင်းကိုပေးဝေသော်လည်း တပည့်တော်မ၏ မထသေးသမျှ ကာလပတ်လုံး ခွေးယူရာအရပ်သည် ပြည့်မြဲတိုင်း ပြည့်သည်သာလျှင် ဖြစ်ပါစေသတည်း ဤလင်ယောကျ်ား သည်ရင်း ဤသားသည်ရင်း ဤချွေးမသည်ရင်း ဤကျွန်သည်ရင်း ဖြစ်ပါစေဘုရားဟု ပတ္ထနာအမှု ဆုတောင်းခြင်းကို ဖြစ်စေလေ၏။

ထိုသူဌေးကြီး၏သားသည်လည်း မိမိ၏အဘို့ ထမင်းကို ရှင်ပစ္စေကဗုဒ္ဓါအား လှူ၍ အရှင်ဘုရား ဤနေ့မှစ၍ ဤသို့ သဘောရှိသော ငတ်မွတ်သော် ဘေးကို

မတွေ့မမြင်ရပါလို တပည့်တော်သည် အသပြာတထောင်ရှိသော အိတ်တလုံးကို လွယ်၍ အလုံးစုံသော ဇမ္မူဒီပါကျွန်းဌ်နေသော သူတို့အား အသပြာကိုပေး သော်လည်း ဤအသပြာတထောင်ရှိသော အိတ်သည် ပြည့်မြဲတိုင်းသာ ပြည့်ပါ စေသတည်း ဤအမိအဘတို့သည်သာ ဖြစ်ကြပါစေဘုန်သတည်း ဤမယား ဤကျွန်သည်သာ ဖြစ်ပါစေဘုရားဟု ဆုတောင်းခြင်းကို ဖြစ်စေလေ၏။

ထိုသူဌေးကြီး၏ ချွေးမသည်လည်း မိမိ၏အဘို့ ထမင်းကို ရှင်ပစ္စေကဗုဒ္ဓါ အား ပေးလှူ၍ အရှင်ဘုရား ဤဘ၀မှစ၍ ဤသို့သဘောရှိသော ငတ်မွတ်သော ဘေးကို မတွေ့မမြင်ရပါလို တပည့်တော်မသည် စပါးတောင်းတခုကို ရွှေတွင် တည်ထား၍ အလုံးစုံသော ဇမ္မူဒီပါကျွန်းဌ် နေသော သူတို့အား မျိုးထမင်းကို ပေးကမ်းသော်လည်း ကုန်သောအဖြစ်သည် မထင်ပါစေသတည်း ဖြစ်လေတိုင်း ဖြစ်လေတိုင်းသောဘ၀၌ ဤယောကျွမ ယောကျ်ားသူ ယောကျွမ မိန်းမသူတို့ သည်သာ ဖြစ်ကြပါစေကုန်သတည်း ဤလင်သည်သာလျှင် ဤကျွန်သည်သာ လျှင် ဖြစ်ပါစေဘုရားဟု ပတ္ထနာအမှု ဆုတောင်းခြင်းကို ဖြစ်စေလေ၏။

ထိုသူဌေးကြီး၏ ပဏ္ဏာအမည်ရှိသော ကျွန်သည်လည်း မိမိ၏အဘို့ထမင်းကို ရှင်ပစ္စေကဗုဒ္ဓါအား ပေးလှူ၍ ဤကိုယ် အဖြစ်မှစ၍ ဤသို့ သဘောရှိသော ငတ်မွတ်ခြင်းဘေးကို မကြုံမတွေ့ မမြင်ရပါလို အလုံးစုံသော ဤသခင်တို့သည် သာ ဖြစ်ကြပါစေကုန်သတည်း တပည့်တော်သည် လယ်ထွန်သည် ရှိသော် ဤ လက်ျာဘက်၌ သုံးခု ဤလက်ဝဲဘက်၌ သုံးခု အလယ်၌တခု ဤသို့ အားဖြင့် သစ်သားကျင်းမျှ အတိုင်းအရှည်ရှိကုန်သော ခုနစ်ခု ခုနစ်ခုသော အရေအသား တို့သည် ဖြစ်ပါစေကုန်သတည်း ဘုရားဟု ဆုတောင်းခြင်းကို ဖြစ် စေလေ၏။

[ထိုပဏ္ဏာမည်သောကျွန်သည် ထိုနေ့၌ စစ်သူကြီးအရာကို တောင့်တ၍ ရခြင်းငှါ စွမ်းနိုင်သော်ငြားလည်း သခင်တို့၌ ချစ်ခင်လှသဖြင့် ဤသခင်တို့ သည်သာလျှင် ဖြစ်ကြပါစေကုန် သတည်းဟု ပတ္ထနာအမှု ဆုတောင်းခြင်းကို ပြုရာ၏လေသတည်း]။

ပစ္စေကဗုဒ္ဓါ ဆုပေး၍ ပြန်ကြွခြင်း

ရှင်ပစ္စေကဗုဒ္ဓါသည်အလုံးစုံသောသူတို့၏လည်း ပတ္ထနာအမှုဆုတောင်းခြင်းကို ပြုသောအဆုံး၌ ဤသို့ဆုတောင်းတိုင်းပြည့်စေသတည်းဟု မိန့်တော်မူ၍—

ဣစ္ဆိတံ ပတ္ထိတံ တုယ္ဘံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။

ဣစ္ဆိတံ ပတ္ထိတံ တုယ္ဘံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ။

ဣစ္ဆိတံ၊ အလိုရှိအပ်သော။ ပတ္ထိတံ၊ တောင့်တအပ်သော စိုးပွားချမ်းသာမဂ်လာ အပေါင်းသည်။ တုယ္ဘံ၊သင်အား။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။သမိဇ္ဈတု၊ ပြည့်စုံစေသတည်း။ သဗ္ဗေ၊ အလုံးစုံသော။ သင်္ကပ္ပါ၊ အကြံအစည်တို့သည်။ စန္ဒောပန္နရသေါယထာ၊ ဆဲငါးရက် တက်ထွန်းသော လပြည့်ဝန်းကဲ့သို့။ ပူရေန္တု၊ ပြည့်စုံစေကုန်သတည်း။

ဣစ္ဆိတံ၊ အလိုရှိအပ်သော။ ပတ္ထိတံ၊ တောင့်တအပ်သော စိုးပွားချမ်းသာမဂ်လာအပေါင်းသည်။တုယ္ဘံ၊သင်အား။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံစေသတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သင်္ကပ္ပါ၊ အကြံအစည်တို့သည်။ မဏိဇောတိရသောယထာ၊ အလိုဟူသမျှကို ပြီးစေနိုင်သော မဏိဇောတိရသ် ကျောက်မြတ်ရတနာကဲ့သို့။ ပူရေန္တု၊ ပြည့်စုံစေကုန်သတည်း။

ဤသို့လျှင် ရှင်ပစ္စေကဗုဒ္ဓါသည် ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုတော်မူလျှင် ငါသည် ဤသူတို့၏ စိတ်ကို ကြည်ညိုစိမ့်သောငှါ သင့်၏ဟု ကြံတော်မူလျက် ဂန္ဓမာဒန တောင်သို့ ရောက်သည်တိုင်အောင် ဤသူတို့သည် ငါ့ကို ဖူးမြင်ကြရပါစေကုန်သတည်းဟု ဓိဋ္ဌာန်တော်မူ၍ ဖဲကြိုးသွားတော်မူလေ၏ ထိုသူတို့သည်လည်း ဖူးမြင်ကြကုန်လျက်သာ တည်နေကြလေကုန်၏ ထိုပစ္စေကဗုဒ္ဓါသည် ကြိုးသွားတော်မူ၍ ထိုဆွမ်းကို ငါးရာသော ပစ္စေက ဗုဒ္ဓါတို့နှင့် အတူတကွ ခဲခြမ်း ဝေဘန်တော်မူလေ၏ ထိုဆွမ်းသည် ရှင်ပစ္စေကဗုဒ္ဓါ၏ အာနုဘော်ကြောင့်

အလုံးစုံသော ပစ္စေကဗုဒ္ဓါ ငါးရာတို့အားလည်း လောက်လောက် ၄၄ ဖြစ်၏ ထိုလူဒါန်းသော သူတို့သည် ကြည့်ရှုလျက်သာလျှင် တည်နေကြလေကုန်၏။

ဆေးပြီးသောအိုး ထမင်း ပြည့်နေခြင်း

မွန်းတည့်သောကာလကို လွန်လတ်သည်ရှိသော်ကား သူဌေးကတော်ကြီးသည် ထမင်းအိုးကို ဆေး၍ စလောင်း အုပ်လျက် ထားလေ၏ သူဌေးကြီးသည်လည်း မွတ်သိပ်ဆာလောင်ခြင်းဖြင့် နှိပ်စက်ခြင်းကြောင့် တုံးလုံးလှည်း၍ အိပ်ပျော်ခြင်းသို့ ရောက်ရှာလေ၏ ထိုသူဌေးကြီးသည် ၎င်းညချမ်းသော အခါနိုး၍ မယားကို ရှင်မငါသည်အလွန်လျှင် မွတ်သိပ် ဆာလောင်လှ၏ ထမင်းအိုး အပြင်၌ ချိုးကပ်သော ထမင်းလုံးတို့သည် ရှိသေးသည် မဟုတ်လောဟု ဆိုရှာလေ၏ သူဌေးကတော်ကြီးသည် ထမင်းအိုးကိုဆေး၍ ထားသည် အဖြစ်ကို သိပါလျက်လည်း မရှိဟူသောစကားကိုမဆိုတဲ့မူ၍ ထမင်းအိုးကိုဖွင့်ပြီးမှ ပြောကြားပေအံ့ဟု ထ၍ ထမင်းအိုးအနီးသို့ သွားပြီးလျှင် ထမင်းအိုးဖွင့်လိုက်သည်ရှိသော် ထိုမျှလောက်သာလျှင် မြလေးငုံ အဆင်းနှင့် တူသော အဆင်းရှိသော ထမင်းဖြင့် ပြည့်လျက် ရှိလေ၏ ထမင်းအိုး စလောင်းဖုံးသည် ကြွလျက် တည်လေ၏ သူဌေးကတော်ကြီးသည်လည်း ထိုထမင်းကို မြင်လျှင်မြင်ခြင်း နှစ်သက်ဝမ်းမြောက်ခြင်းဖြင့် ပျံ့နှံ့သောကိုယ်ရှိသည်ဖြစ်၍ သူဌေးကြီးကို အရှင်သူဌေးကြီး ထဦးလော့ ကျွန်တော်မသည် ထမင်းအိုးကို ဆေး၍ ပိတ်ထားပါသည် ထိုထမင်းအိုးသည်ကား မြလေးငုံ အဆင်းနှင့်တူသော အဆင်းရှိသော ထမင်းဖြင့် ပြည့်နေပြီ ကောင်းမှုတို့မည်သည်ကားပြုအပ်သော သဘောရှိကုန်၏ အလှူမည်သည်ကား ပေးအပ်သည်နှင့် ယှဉ်၏ အရှင်သူဌေးမင်း ထဦးလော့ သုံးဆောင်ပါဦးလော့ဟု ဆိုလေ၏ သူဌေးကတော်ကြီးသည် နှစ်ယောက်သော သားအဘတို့အားလည်း ကျွေးမွေးပေးကမ်းလေ၏ ထိုသားအဘ နှစ်ယောက်တို့သည်စားပြီး၍ ထကြကုန်သည်ရှိသော် ချေးမနှင့်တကွ အတူထိုင်လျက် ကျွန်ပုဏ္ဏအား ထမင်းကိုပေးလေ၏ ခူး၍ ယူရာယူရာ အရပ်သည် မကုန်နိုင် ယောက်မဖြင့် တကြိမ် ခူး၍ယူသော အရာ၌သာလျှင် ထင်၏ ထိုနေ့၌ပင်လျှင် ကျီစသည်တို့သည် ရှေး၌ပြည့်ဘူးသော နည်းအားဖြင့် သာလျှင် ပြည့်ကြလေကုန်၏ သူဌေးကြီး၏ အိမ်၌ ထမင်းဖြစ်၏ မျိုးထမင်းတို့ဖြင့် အလိုရှိကြကုန်သော သူတို့သည် လာ၍ ယူကြပါစေ

(၁) ၁၄၃–၅၆

ကုန်သတည်းဟု မြို့ဌေကြွေးကြော်ခြင်းကို ပြုစေလေ၏ လူတို့သည် ထိုသူဌေးကြီး၏အိမ်မှ မျိုးထမင်းကို ယူကြွလေကုန်၏ ဇမ္မူဒီပါ ကျွန်းတကျွန်းလုံး၌ နေကြကုန်သောသူတို့သည် ထိုဗာရာဏသီသူဌေးကြီးကိုမှီ၍ အသက်ရှင်ခြင်းကို ရကြလေကုန်သည်သာတည်း။

မေဏ္ဍကသူဌေးကြီး၏ ဘုန်းကံ

ထိုဗာရာဏသီသူဌေးကြီးသည့် ဤဘဝမှ စုတေမနေ သေလွန်သည်ရှိသော် နတ်ပြည်၌ဖြစ်၍ နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်လျက် ဤငါတို့ဘုရား ထင်ရှားပွင့်တော်မူသောအခါ ဘဒ္ဒိယမြို့ဝယ် သူဌေးအမျိုး၌ ဖြစ်လေ၏ ထိုသူဌေးကြီး၏ သူဌေးကတော်ကြီးသည်လည်း များသော စည်းစိမ်ဥစ္စာ ရှိသော အမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သည်ရှိသော် ထိုသူဌေးကြီး၏အိမ်သို့သာ ရောက်သွားလေ၏ ထိုသူဌေးကြီး၏ ရှေးကောင်းမှုကံကို မှီ၍ အိမ်၏ နောက်ဘေး၌ ဆိုအပ်ပြီးသော အပြား ရှိကုန်သော ဆိတ်ရုပ်တို့သည် ပေါ်ပေါက် လာကြကုန်၏ သားသည်လည်း ထိုသူတို့၏ သားသည်သာလျှင် ခွေးမသည် ခွေးမသည်သာလျှင် ကျွန်သည် ကျွန်သည်သာလျှင် ဖြစ်လေ၏ ထိုအခါ တနေ့သ၌ မေဏ္ဍကသူဌေးကြီးသည် မိမိ၏ကောင်းမှုကို စုံစမ်းလိုသည်ဖြစ်၍ နှစ်ရှဉ်းဆယ်သော ကျီတို့ကို သုတ်သင်စေပြီးလျှင် ဦးခေါင်းကို ရေချိုးလျက် တံခါး၌ ထိုင်နေ၍ အထက်သို့ ကြည့်ရှုလေ၏ အလုံးစုံသော ကျီတို့ကို ဆိုအပ်ခဲ့ပြီးသော အပြားရှိသော သဓလေးနီ စပါးတို့သည် ပြည့်စေကြလေကုန်၏ ထိုသူဌေးကြီးသည် ကြွင်းသောသူတို့၏ ကောင်းမှုတို့ကိုလည်း စူးစမ်းလိုသည်ဖြစ်ရကား မယ္ယဒေးကို ၎င်း သားစသော သူတို့ကိုဌင်း သင်တို့၏ ကောင်းမှုတို့ကိုလည်း စူးစမ်းကြကုန်ဦးလော့ဟု ဆိုလေ၏။

စန္ဒပဒုမာ သူဌေးကတော်ကြီး၏ ဘုန်းကံ

ထိုအခါ သူဌေးကြီး၏ဇနီး သူဌေးကတော်ကြီးသည် အလုံးစုံသော တန်ဆာကိုဆင်လျက် များစွာသောလူအပေါင်း၏ ကြည့်ရှုစဉ်ပင်လျှင် တစုံလယ် မျှသောဆန်ကိုယူ၍ ထိုဆန်တို့ဖြင့် ထမင်းကို ချက်စေပြီးမှ တံခါးမုခ်၌ ခင်းအပ်သောနေရာ၌ နေထိုင်လျက် ရှေယောက်မကိုကိုင်ပြီးလျှင် ထမင်းဖြင့် အလိုရှိကုန်သော

သူတို့သည် လာကြစေကုန်သတည်းဟု ကြွေးကြော်စေသဖြင့် လာတိုင်းလာတိုင်း ကုန်သော ယူတို့၏ ဆောင်ယူခဲ့သော ခွက်တို့ကို ပြည့်စေလျက် ပေးလေ၏ တနေ့ ပတ်လုံးပင် ပေးသော်လည်း ယောက်မဖြင့် ခူးခြ၍ ယူရာအရပ်သည်သာ ထင်၏ ရွေးဘုရားမှင်တို့အားလုံး ရဟန်းသံဃာတော် အပေါင်းအားလုံး လက်ဝဲလက် ဖြင့် ထမင်းအိုးကို လက်ျာလက်ဖြင့် ယောက်မကိုကိုင်လျက် ဤအတူသာလျှင် သပိတ်၌ ပြည့်စေသဖြင့် ဆွမ်းကို လှူဒါန်းဘူးသည် အဖြစ်ကြောင့် ထိုသူဋ္ဌေး ကတော်ကြီး၏ လက်ဝဲ လက်ဘ၀ါးအပြင်၌ ပြည့်စေလျက် ပဒုမာကြာလက္ခဏာ ဖြစ်ပေါ်လေ၏ လက်ျာလက်ဘ၀ါးအပြင်၌ ပြည့်စေလျက် လ၀န်း လက္ခဏာ ဖြစ်ပေါ်လေ၏ အကြင်ကြောင့် ဓမကရိုဏ် ရေစစ်ကို ကိုင်လျက် ရဟန်းသံဃာ တော်အပေါင်းအား ရေကိုစစ်၍ လှူဒါန်း ဆက်ကပ်ကာ ထိုမှ ဤမှ အဖန်ဖန် လှည့်လည်ခဲ့ဘူး၏ ထို့ကြောင့် သူဋ္ဌေးကတော်ကြီး၏ လက်ျာခြေဘ၀ါး အပြင်၌ ပြည့်စေလျက် လ၀န်းလက္ခဏာ ဖြစ်ပေါ်လေ၏ လက်၀ဲခြေဘ၀ါးအပြင်၌ ပြည့်စေ လျက် ပဒုမာကြာ လက္ခဏာ ဖြစ်ပေါ်လေ၏ ထိုသူဋ္ဌေးကတော်ကြီးအား ဤ လက္ခဏာပါရှိသော အကြောင်းကြောင့် စန္ဒပဒုမာ ဟူသောအမည်ကို မှည့်ခေါ် ကြလေကုန်၏။

သားချွေးမနှင့် ကျွန်တို့၏ ဘုန်းကံ

ထိုသူဋ္ဌေးကြီး၏ သားသည်လည်း ဦးခေါင်းကို ရေချိုးပြီးလျှင် အသပြာ တထောင်ရှိသော အိတ်ကိုယူ၍ အသပြာဖြင့် အလိုရှိကုန်သောသူတို့သည် လာကြ ပါစေကုန်သတည်းဟု ဆိုလျက် လာကုန်လာကုန်သော သူတို့၏ ယူလာခဲ့သော ခွက်တို့ကို ပြည့်စေသဖြင့် ပေးကမ်းလေ၏ အိတ်၌ အသပြာ တထောင်သည် ဖြစ်မြဲတိုင်းပင်ဖြစ်လေ၏။

ထိုသူဋ္ဌေးကြီး၏ ချွေးမသည်လည်း ဦးခေါင်းကို ရေချိုးပြီးလျှင် အသပြာ တထောင်ရှိသော အိတ်ကိုယူ၍ အသပြာဖြင့် အလိုရှိကုန်သောသူတို့သည် လာကြ ပါစေကုန်သတည်းဟု ဆိုလျက် လာကုန်လာကုန်သော သူတို့၏ ယူလာခဲ့သော ခွက်တို့ကိုပြည့်စေလျက် ပေး ကမ်းလေ၏ တောင်းသည် ပြည့်မြဲတိုင်းသာလျှင် ပြည့်သည်ဖြစ်လေ၏။

ထိုသူဌေးကြီး၏ ပုဏ္ဏအမည်ရှိသော ကျွန်သည်လည်း အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ရွှေထမ်းပိုးတို့၌ ရွှေကြိုးတို့ဖြင့်နွားတို့ကို ကံစေပြီးလျှင် ရွှေနှင်တံကို ကိုင်၍ နွားနှစ်ကောင်းတို့အား နံ့သာလက် ငါးချောင်းရာတို့ကို ပေးသဖြင့် ဦးချိုတို့၌ရွှေအစွပ်တို့ကိုစွပ်ပြီးလျှင် လယ်သို့သွား၍ မောင်နှင်လေ၏ ဤလက်ျာဘက်၌ သုံးခု ဤလက်ဝဲဘက်၌သုံးခု အလယ်၌တခု ဤသို့ ခုနစ်ခုကုန်သော အရေးအသားတို့သည်ကွဲ၍ သွားကြလေကုန်၏ ဇမ္ဗူဒီပါကျွန်း၌ နေသော သူတို့သည် ထမင်း၊ မျိုးစပါး၊ ငွေ၊ရွှေ စသည်တို့တွင် အကြင်အကြင် အလိုရှိရာကို မေဏ္ဍက သူဌေးကြီး၏ အိမ်မှံသာလျှင် ယူကြရလေကုန်၏။

ဘုရားထံတော်၌ မဂ်ဖိုလ် ရကြခြင်း

ဤငါးယောက်သော သူတို့သည် ကြီးမြတ်သော ဘုန်းကံရှိကြကုန်၏ ဤသို့ အာနုဘော် ကြီးမြတ်သော သူဌေးကြီးသည် မြတ်စွာဘုရား ကြွလာတော်မူသတတ်ဟု ကြားသိရလျှင် မြတ်စွာဘုရားအား ခရီးဦးကြိုဆိုခြင်းကို ပြုဦးအံ့ဟု ထွက်လာလတ်သည်ရှိသော် လမ်းခရီး အကြား၌ တိတ္ထိတို့ကိုမြင်ရသဖြင့် ထိုတိတ္ထိတို့က သူဌေးကြီး သင်သည် ကုသိုလ်ကောင်းမှုပြုအပ်၏ဟု အယူရှိသောသူ ဖြစ်ပါလျက် ကုသိုလ်ကောင်းမှုမပြုအပ်ဟု အယူရှိသော ရဟန်းဂေါတမ၏ အထံသို့ အဘယ့်ကြောင့် သွားရဘိသနည်းဟု ဆို၍ တားမြစ်အပ်သော်လည်း ထိုတိတ္ထိတို့၏ စကားကို မနာမယူမူ၍ သွားပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တင့်အပ်လျောက်ပတ်သော အရပ်၌ နေလေ၏ ထိုအခါ မေဏ္ဍက သူဌေးကြီးအား မြတ်စွာဘုရားသည် အစဉ်အတိုင်းဖြစ်သော တရားစကားကို ဟောကြားတော်မူလေ၏ မေဏ္ဍက သူဌေးကြီးသည် ဒေသနာတော်၏ အဆုံး၌ သော့တာပတ္တိဖိုလ်သို့ ရောက်၍ မြတ်စွာဘုရားအား တိတ္ထိတို့သည် ကျေးဇူးမဲ့ကိုဆို၍ မိမိအား တားမြစ်သော အဖြစ်ကို လျှောက်ကြားလေ၏ ထိုအခါ သူဌေးကြီးကို မြတ်စွာ ဘုရားသည် သူဌေးကြီး ဤသတ္တဝါတို့ မည်သည်ကား ကြီးကျယ်များမြောင် သော်လည်း မိမိ၏ အပြစ်ကို မမြင်နိုင်ကြကုန် ထင်ရှားမရှိသော်လည်း သူတပါး တို့၏ အပြစ်ကို ထင်ရှားရှိသည်ဟု ပြုလုပ်၍ ထိုထို အရပ်တို့၌ ဖွဲ့ကိုကဲ့သို့ လွင့်ကြဲတတ်ကြကုန်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၅၀ သုဒဿံ ဝဇ္ဇမညေသံ၊ အတ္တနော ပန ဒုဒ္ဒသံ။
ပရေသံ ဟိ သော ဝဇ္ဇာနိ၊ သြဖုဏာတိ ယထာဘုသံ။
အတ္တနောပန ဆာဒေတိ၊ ကလိံဝ ကိတဝါ သဌော။

အညေသံ၊ သူတပါးတို့၏။ ဝဇ္ဇံ၊ အပြစ်ကို။ သုဒဿံ၊ မြင်လွယ်၏။

[အဏုမြူမျှလောက် သေးငယ်သော ချွတ်ချော်ခြင်း ဖြစ်စေကာမူ လွယ်ကူစွာမြင်နိုင်၏ဟူလို]။

အတ္တနော၊ မိမိ၏။ ဝဇ္ဇံပန၊ အပြစ်ကိုကား။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲ၏။

[အလွန်ကြီးစေကာမူ မြင်ရန်ခဲယဉ်း၏ဟူလို]။

ဟိ၊ ထိုစကားသင့်စွ။ သော၊ ထိုသူတပါး၏အပြစ်သာမြင် မိမိအပြစ် မမြင်လေ့ရှိသောသူသည်။ ဘုသ၊ ဖွဲ့ကို။ သြဖုဏာတိ ယထာ၊ လွင့်သကဲ့သို့။ ပရေသံ၊ သူတပါးတို့၏။ ဝဇ္ဇာနိ၊ အပြစ်တို့ကို။ သြဖုဏာတိ၊ လွင့်တတ်၏။

[မြင့်သောနေရာ၌ထား၍ ဖွဲ့လွင့်ကြဲ သကဲ့သို့ ထိုသူသည် သံဃာ့အလယ်စသည်တို့၌ သူတပါးတို့၏ အပြစ်တို့ကို လွင့်ကြဲတတ်၏ဟူလို]။

သဌော၊ စဉ်းလဲသော ငှက်မူဆိုးသည်။ ကလိံ၊ အပြစ်ရှိသော မိမိကိုယ်ကို။ ကိတဝါဝ၊ သစ်ခက်ကျိုးစသည်တို့ဖြင့် ဖုံးလွှမ်းဘိသကဲ့သို့။ အတ္တနော၊ မိမိ၏။ ဝဇ္ဇံပန၊ အပြစ်ကိုကား။ ဆာဒေတိ၊ ဖုံးလွှမ်း၏။

[ငှက်တို့၌ ပြစ်မှားသည့် အစွမ်းဖြင့် ကိုယ်သည် ကလိမည်၏ သစ်ခက်ကျိုးစသည်ကို ဖုံးလွှမ်းခြင်းသည် ကိတဝါမည်၏ ငှက်မူဆိုးသည် သဌ မည်၏ ငှက်မူဆိုးသည် ငှက်တို့ကို ဖမ်းသတ်လိုသည်ရှိသော် သစ်ခက်ကျိုးစသည်ကို ဖုံးလွှမ်းခြင်းကဲ့သို့(မိမိကိုယ်ကို ဖုံးလွှမ်းဘိသကဲ့သို့) ထို့အတူ မိမိအပြစ်ကို ဖုံးလွှမ်းထား၏ဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြလေကုန်၏။

မေဏ္ဍကသူဌေးကြီးဝတ္ထုပြီး၏။

၁၁–ဥဏ္ဍာနသညီ မထေရ်ဝတ္ထု

ပရဝဇ္ဇာနုပသိုသ - အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ၁ဥဏ္ဍာနသညီ အမည်ရှိသော မထေရ်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ကဲ့ရဲ့ရန် အပေါက်ရှာလေ့ ရှိခြင်း

ထိုဥဏ္ဍာနသညီမထေရ်သည် ဤသူသည် ဤသို့ဝတ်ဘိ၏ ဤသို့ ရုံဘိ၏ဟု ကဲ့ရဲ့ရှုတ်ချလျက် ရဟန်းတို့၏ အကြားအပေါက် ချုတ်ယွင်းခြင်းကိုသာ ရှာဖွေလျက် လှည့်ပတ် သွားလာလေ့ရှိသတတ် ရဟန်းတို့သည် အုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤမည်သော မထေရ်သည် ဤသို့ပြုလုပ်တတ်ပါသည် ဘုရားဟု မြတ်စွာဘုရားအား လျှောက်ကြားကြလေကုန်၏ ချစ်သားရဟန်းတို့ ဝတ်ကို အဦးပြုခြင်း၌ တည်၍ ဤသို့ပြောဆို ဆုံးမတတ်သော ရဟန်းကို စွပ်စွဲအပြစ်တင်ခြင်းငှါ မထိုက်ပေ အကြင်ပုဂ္ဂိုလ်သည်ကား အမြဲမပြတ် ကဲ့ရဲ့လိုသော အမှတ်သညာ ရှိသည်၏ အဖြစ်ဖြင့် သူတပါးတို့၏ အကြားအပေါက်ကို ရှာမှီးလျက် ဤသို့ဆို၍သာ သွားလာ လှည့်ပတ်ဖော့ရှိ၏ ထိုပုဂ္ဂိုလ်အား စျာန်စသော တရားထူးတို့တွင် တခုသော အရားအထူးသည်လည်း မဖြစ်နိုင်လတ္တံ့ သက်သက် အာသဝေါတရားတို့သည် သာလျှင် တိုးပွားကြကုန်၏ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၅၁ ပရဝဇ္ဇာနုပသိုသ၊ နိစ္စံ ဥဏ္ဍာနသညိနော။
အာသဝါ တသ ဝဇ္ဇန္တိ၊ အာရာ သော အာသဝက္ခယာ။

---

၁ ဥဏ္ဍာန+သညီ–ကဲ့ရဲ့လိုသော+အမှတ်သညာရှိသော ရဟန်း။

ပရဝဇ္ဇာနုပဿိဿ၊ သူတပါး၏ အပြစ်ကို အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍။ နိစ္စံ၊ အမြဲ။ ဥဇ္ဈာနသညိနော၊ ကဲ့ရဲ့ရှုတ်ချလိုသော အမှတ်သညာရှိသော။ တဿ၊ ထိုရဟန်းအား။ အာသဝါ၊ အာသဝေါတရားတို့သည်။ ဝစုန္တိ၊ တိုးပွားကုန်၏။

[စျာန်စသောတရားထူးကား မတိုးပွားဟူလို]။

သော၊ ထိုရဟန်းသည်။ အာသဝက္ခယာ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာအရဟတ္တမက်မ။ အာရာ၊ လွန်စွာဝေး၏။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

ဥဇ္ဈာနသညီမထေရ်ဝတ္ထုပြီး၏။

၁၂–သုဘဒ္ဒ ပရိဗိုဇ်ဝတ္ထု

အာကာသေ - အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ကုသိနာရုံပြည့်ဝယ် အကွေ့ဖြစ်သော မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုအံ့သော ညောင်စောင်းထက်၌ လျောင်းစက်တော်မူစဉ် သုဘဒ် ပရိဗိုဇ်ကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ကုသိုလ်ပြု နောက်ကျ၍ နောက်ဆုံးမှ ဘုရားနှင့် တွေ့ရခြင်း

ထိုသုဘဒ်ပရိဗိုဇ်ကား လွန်လေပြီးသော အခါ၌ ညီနှင့် အစ်ကို နှစ်ယောက်သည် တကြိမ်စိုက်ပျိုးသော စပါး၌ ကိုးကြိမ် တိုင်တိုင် အဦး အဖျားဟူသော အလှူကို ပေးလှူလတ်သည်ရှိသော် အလှူ ပေးလှူခြင်းငှါ အလိုမရှိခြင်းကြောင့်

---

၁ သုဘဒ်+ပရိဗိုဇ်–သုဘဒ္ဒဟု ဝယ်မည်ရှိသော+အဝတ်ရှိသော ပရိဗိုဇ်ဖြစ်၏။ ပရိဗိုဟု မဘတ်မလင့်–ပရဗိုက်ဟုဘတ်လေ။

ဆုတ်နစ်ကာ ချန်နေခဲ့၍ အဆုံး၌ ပေးလှူလေ၏ ထို့ကြောင့် ၁ပဌမ ဗောဓိ၌ရင်း မဇ္ဈိမဗောဓိ၌ရင်း မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ မရခဲ့ရှာလေသတတ် ပစ္ဆိမ ဗောဓိ၌ကား မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုရန်ကာလ ရောက်လတ်သော် ငါသည် သုံးပါးသော ပြဿနာတို့၌ မိမိ၏ ယုံမှားခြင်းကို အသက်အရွယ် ကြီးရင့်ကုန်သော ပရိဗိုဇ်ရဟန်းတို့ကို မေးမြန်းပြီးလျက် ရဟန်းဂေါတမကို့ကား ငယ်၏ဟူသော အမှတ်သညာဖြင့် မမေးမိ ရဟန်းဂေါတမ အားလည်း ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူအံ့သော အခါဖြစ်၏ နောင်သောအခါ ငါ့အား ရဟန်းဂေါတမကို မမေးလိုက်မိသော အကြောင်းကြောင့် နှလုံးမသာယာခြင်းသည် ဖြစ်ရာ၏ဟု နှလုံးပြုလျက် မြတ်စွာဘုရားသို့ ချဉ်းကပ် လေသောကြောင့် ရှင်အာနန္ဒာမထေရ်သည် တားမြစ်အပ်သော်လည်း မြတ်စွာဘုရားသည် အခွင့်ပေးခြင်း ပြုတော်မူသဖြင့် ချစ်သား အာနန္ဒာ သုဘဒ်ပရိဗိုဇ်ကို မတားမြစ်လင့် ငါဘုရားကို ပြဿနာ မေးပါစေဟု မိန့်တော်မူလတ်သော် တင်းတိမ်၏ အတွင်းသို့ ဝင်စေ၍ ညောင်စောင်းအောက်၌ နေလျက် အိုအရှင် ရဟန်းဂေါတမ အသို့ပါနည်း ကောင်းကင်၌ ခြေရာမည်သည် ရှိပါသလော ဤသာသနာတော်မှ အပ၌ ရဟန်းမည်သည် ရှိပါသလော မြဲသော သင်္ခါရတို့မည်သည် ရှိကုန်သလောဟု ဤပြဿနာတို့ကို မေးမြန်းလေ၏ ထိုအခါ သုဘဒ်ပရိဗိုဇ်အား မြတ်စွာဘုရားသည် ထိုခြေရာ စသည်တို့၏ မရှိခြင်းကို မိန့်ကြားတော်မူလိုလျက် ဤဂါထာတို့ဖြင့် တရားဟောကြားတော်မူလေ၏။

ဒေသနာတော်

၂၅၂ အာကာသေ၁ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
ပပဉ္စာဘိရတာ ပဇာ၊ နိပ္ပပဉ္စာ တထာဂတာ။

၂၅၃ အာကာသေ၀ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
သင်္ခါရာ သဿတာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါနမိဉ္ဇိတံ။

အာကာသေ၊ ကောင်းကင်၌။ ပဒံ၊ ခြေရာမည်။ နတ္ထိဧ၀၊ မရှိသည်သာလျှင်တည်း။ ဗာဟိရေ၊ ငါ၏ သာသနာတော်မှ အပ၌။ သမဏော၊ မဂ်ရ ဖိုလ်ရရဟန်း

---

၁ မြတ်စွာဘုရား၏ ဝါတော်လေးဆဲ့ငါးဝါကို သုံးပုံပုံ၍ တဆဲ့ငါးဝါစီသည် ပဌမဗောဓိ မဇ္ဈိမဗောဓိ ပစ္ဆိမဗောဓိမည်သောဟူ၏။

မည်သည်။ နတ္ထိဇေဝ၊ မရှိသည်သာလျှင်တည်း။ ဟဇာ၊ သတ္တဝါ အပေါင်းသည်။ ပပဉ္စာဘိရတာ၁၊ သံသရာစက်ကို ခဲ့ျတတ်ကုန်သော ၁ပပဉ္စ တရားတို့၌သာ အလွန်မွေ့လျော်ကြကုန်၏။ တထာဂတာ၁၊ ဘုရားရှင်တို့သည်။ နိပ္ပပဉ္စာ၊ သံသရာစက်ကို ခဲ့ျတတ်သော ပပဉ္စတံရား မရှိကြကုန်။

အာကာ၁သေ၊ ကောင်းကင်၌။ ပဒံ၊ ခြေရာသည်။နတ္ထိဇေဝ၊ မရှိသည်သာလျှင်တည်း။ ဗာဟိရေ၊ ဤသာသနာတော်မှ အပ၌။ သမဏော၊ မဂ်ရဖိုလ်ရ ရဟန်းမည်သည်။ နတ္ထိ၊ မရှိ။ သဿတာ၊ မြဲကုန်သေ၁။ သခ်ါရာ၊ ခန္ဓာငါးပါး သခ်ါရတရားတို့သည်။ နတ္ထိ မရှိကုန်။ ပဋ္ဌါနံ၊ ဘုရားရှင်တို့အား။ ဣဇ္ဈတံ၊ တကျာ မာန ဒိဋ္ဌိတို့ဖြင့် တုန်လှုပ်ခြင်းသည်။ နတ္ထိ၊ မရှိ။

[တကျာ မာန ဒိဋ္ဌိဟူသော တုန်လှုပ်ကြောင်း တရားသုံးပါး တို့တွင် သခ်ါရတရား မြဲသေး၏ဟု ယူနိုင်ကြောင်း ဇာရားတခုမျှ ဘုရားရှင်အား မရှိဟူလို]။

ဒေသနာတော်၏အကျိုး

ဒေသနာတော်၏ အဆုံး၌ သုဘဒ်ပရိဗ္ဗိုဇ်သည် အနာဂါမိဖိုလ်၌ တည်လေ၏ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်တော်မူလေ၏။

သုဘဒ္ဒပရိဗ္ဗိုဇ်ဝတ္ထုပြီး၏။

ဤတွင်ရွှေကား၊ တဆယ့်ရှစ်ခု မြောက်သော မလဝဂ်အဖွင့်ပြီး၏။

---

၁ ပပဉ္စတံရားဟူသည် သံသရာကို ခဲ့ျဘတ်သော တရားမည်၏။ ထိုတရားတို့သည် တကျာ မာန ဒိဋ္ဌိဟူ၍ သုံးပါးအပြား ရှိကုန်၏။
(၁) ၁၄၄–၅၇

တတိယတွဲ နိဂုံး

မဟာမိတ္တကုလေ ဇာတော၊ ပန်းမောင် တိ ဒန္တစာရိကော။
မနောရမံ ဓမ္မပဒ၊ ဌကထံ ပါဋိဘာသိတံ။
မြန်မာ့ဘာသာ ဝတ္ထုဘာဝါ၊ ကုမာရကဿပါ ယတိ။
ပုညထာဝရ လာဘာယ၊ မဉ္ဇ ဗုဒ္ဓဃုသီယတိ။

မဟာမိတ္တကုလေ၊ သာသနာကပ်ညောင်း သူတော်မြတ် အပေါင်းတို့၏ လမ်းကြောင်းသဘာဝ ကလျာဏမိတ်စစ် ဂုဏ်သနစ်ဖြင့် ထွန်းသစ်ကျော်ဟီး ကောင်းမြတ်သော မျိုးရိုးကြီး၌။ ဇာတော၊ ပါရမီညွှန့်ဖူး ကောင်းမှုထူးကို ဖြည့်ဘူးသည် အလျောက် ထွန်းပေါက်သန့်စင် ကောင်းစွာဖွားမြင်သော။ ဒန္တစာရိကော၊ ကိုယ်နှုတ်နှလုံး ယဉ်ယဉ်ဆုံးလျက် ဆုံးမချက်ပိုက် ကိုယ်၌စာနာ ဝါသနာဖြင့် ညီညာတင့်အောင် ပြုကျင့်လေ့ရှိသော။ ပန်းမောင် တိ၊ ယုတ်မာကျင့်ညံ့ မပြုဝံ့ဘဲ နူးညံ့လေအောင် မောင်ပန်းမောင်ဟု ခေါ်တွင်စေမှုဖြင့် ညစ်ကျုဖီလာ အမည်သာသော ဥပါသကာသည်။ မနောရမံ၊ သူမြတ်တို့နှုန်း အမြိုက်ထုံးဟု နှလုံးထွတ်မြတ် မွေ့လျော်အပ်သော။ ပါဋိဘာသိတံ၊ ဘာသာထက်ဖျား ပါဋိအားဖြင့် ထင်ရှားရှိသော။ ဓမ္မပဒဌကထံ၊ နိဗ္ဗာန်ပေးကြောင်း ဂုဏ်ပေါင်းကြို့ခ ဓမ္မပဒ အဌကထာ ကျမ်းကြီးစွာကို။ မြန်မာ့ဘာသာ ဝတ္ထုဘာဝါ၊ သာသနာမြတ်နိုး မြန်မာမျိုးတို့၏ အကျိုးများစွာ ဖြစ်စိမ့်ငှါဟု မြန်မာ့သနစ် ဝတ္ထုသွား စကားပြေ ဖြစ်စေသော အဖြစ်ဖြင့်။ ပုညထာဝရ လာဘာယ၊ ငါးထောင်နှစ်စွဲ တည်မလွဲဟု အမြဲထာဝရ မြတ်ပုညကို လက်ရသိမ်းချုပ် ထိန်းအုပ်နိုင်ပါစေခြင်း အကျိုးငှါ။ ကုမာရကဿပါယတိ၊ သီဟိုဋ္ဌ်ဘာသာ ဓမ္မပဒမှ မာဂဓဘာသာ ဓမ္မပဒ ဖြစ်အောင် ပြန်ဆို ရေးသားစိမ့်သောငှါ အရှင်ဗုဒ္ဓဃောသကို တောင်းပန်သော အရှင်ကုမာရကဿပ ကဲ့သို့ မိမိကိုယ်ကို အတူပြုကျင့်ပေ၏။ မဉ္ဇ၊ များစွာရာကျော် သံဃာတော်၏ နှစ်ဘော်ဓုရ ဖြည့်ကြသိပ်သည်း ညောင်လေးပင်တောရကျောင်း တိုက်ကြီး၌ ဦးစီးဖြစ်ခိုက် ကြုံကြိုက် ပဓာန ဥက္ကဋ္ဌအနေ ငါမထေရ်ကိုလည်း။ ဗုဒ္ဓဃုသီယတိ၊ မာဂဓဘာသာ ဓမ္မပဒမှ မြန်မာ့ဘာသာ ဓမ္မပဒဝတ္ထုတော်ကြီး ဖြစ်ပေါ်လာစိမ့်သောငှါ အရှင်ဗုဒ္ဓဃောသ မဟုတ်ဘဲ အရှင်ဗုဒ္ဓဃောသမထေရ်မြတ်ကို ကဲ့သို့ အတူပြုကျင့်ပေ၏။

ဣတိ အရိယောတိ နာမဓေယ္ယေန ထေဒရန ဝိရစိတေ မြန်မာ့ဘာသာ ဓမ္မပဒဝတ္ထု ပကရဏော ဒသသု ဝဂ္ဂေသု အဋ္ဌနဝုတိယာ ဝတ္ထူဟိ ပဋိမဏ္ဍိတော တတိယဘာဂေါ သုဋ္ဌိဝံ ဂတော။

ဣတိ၊ ဤဆိုအပ်ပြီးသော အစိအစဉ်အားဖြင့်။ အရိယော့တိနာမဓေ့ယျေန၊ ဥပဇ္ဈာယ် ဆရာသခင် ကျေးဇူးရှင်တို့က အရိယ ဟု မှည့်ခေါ်အပ်သော အမည်ရှိသော။ ထေရေန၊ ညောင်လေးပင်တောရ ကျောင်းတိုက်ကြီး၌ သံတင်းသုံးနေထိုင်လေ့ရှိသော မထေရ်သည်။ ဝိရစိတော၊ အထူးသဖြင့် စိရင် ရေးသားအပ်သော။ မြန်မာ့ ဘာသာ ဓမ္မပဒဝတ္ထု ပကရဏော၊ မြန်မာ ဘာသာပြန် ဓမ္မပဒဋ္ဌကထာတော်မည်ပြီး စကားပြေ ကျမ်းကြီး၌။ ဒသသု၊ ဆယ်ခုကုန်သော။ ဝဂ္ဂေသု၊ ဂုဏ်တို့၌။ ပရိယာပန္နေဟိ၊ အကျုံးဝင်ကုန်သော။ အဋ္ဌနဝုတိယာ၊ ၉၈ကိုးဆဲ့ရှစ်ခုသော။ ဝတ္ထူဟိ၊ ဝတ္ထုကြီးတို့ဖြင့်။ ပဋိမဏ္ဍိတော၊ တန်ဆာဆင်အပ်သော။ တတိယဘာဂေါ၊ တတိယတွဲသည်။ သိဝံ၊ ဘေးကင်းငြိမ်းချမ်းပြီးဆုံးခဏ်းသို့။ ဂတော၊ ရောက်ခဲ့ပြီ။

ဓမ္မပဒဝတ္ထုတော်ကြီး—လေးတွဲအနက်

တတိယတွဲ ဤကွင်းပြီး၏။



---

၁ ၁၄–ဗုဒ္ဓဒင်။ ၉–ရွှေဒေစော် ငယ်ထူးနှင့်သော်ကဒေး ကိုးဆဲ့ကိုးငယ်ထူး ဖြစ်သော်းလည်း ကျော်းပြီးအဆုံး နိဂုံး၌ (ဗုဒ္ဓဒဂ္ဂဒဏ္ဍ)နှင့် ညီစွဲဖွံ့ဒေသငှါ ဒေရေအဘွက်၌ မထည့်ဘဲ ချန်ထားခဲ့သည်။